www.burmeseclassic.com



www.burmeseclassic.com

# သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုး

## ပါဠိ-အနက်



သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။

ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။

တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။

အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

BURMESE CLASSIC

**အဋ္ဌဝီသံ**-သုံးပါးဘဝ သုံးလောကတွင် ဉာဏရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေစ**-တန်ခိုးတော်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြပ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရှိသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

**ဂင်္ဂါ ဂင်္ဂါယ**-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နှောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွှယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန**-အာဒရံ-ရှိသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

**နမက္ကာရာနုဘာဝေန**-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတွာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



[illegible]

ဒိုဒီး(နိုကျွန်)စိစစ်တည်းဖြတ်သည့်

မဂ္ဂဇင်း

အကြံပေး

ဦးစိန်မျိုးမြင့်

ဆရာရန်အောင်မင်းနိုး(B.Sc)

အယ်ဒီတာ

ဖမောင်မောင်လတ်

အမှတ်(၂၆၀)၊ ၂၀၁၇ မတ်လ



၆။ ဗိုလ်တထောင် ကိုဦး

မြတ်ဗုဒ္ဓဆံတော်ရှင် ကိန်းဝပ်ရာ သန်လျင်မြို့

ဒိုးပွန်းတောင် ကျိုက်ခေးယျံစေတီတော်

၁၆။ ကိုမိုး(ရွှေပြည်သာ)

ကျွန်စစ်သားမင်းကြီး၏ ကောင်းမှုတော်

အလိုတော်ပြည့်ဘုရား

၂၂။ ကျော်မင်းညွန့်(လှည်းကူး)

လှည်းကူးမြို့ ကျက်သရေဆောင်

နိဗ္ဗာန်ဆိပ်ဦးမြတ်စွာဘုရား

၂၆။ ရွှေတလေး(လှိုင်လင်)

ကိုးဘွဲ့ရဆရာတော်၏

မိဘကျေးဇူးဆပ် သိမ်စေတီတော်

၃၀။ သစ္စာမင်းခေါင်

သံသရာကိုကြောက်လို့ လောကီလူ့ဝတ်ကြောင်ကို

စွန့်ခဲ့သူ ပြင်ဦးလွင်မြို့ နောင်ခမ်းကြီးတောင်ခြေ

မဟာမြိုင်တောရကျောင်းက

ဆရာလေး ဒေါ်ပညာသီရိ

၃၆။ ယောအုကာဘိုးထောင်

ရွှေတိဂုံပန်းချီအနုပညာ

၄၁။ ရဲနွယ်မောင်(သုံးဆယ်)

မီးလျှံကြားက ဗုဒ္ဓရွှေကြာ

၄၈။ သုတေသီမြင့်ထွန်း

ဘုရားကိုးဆူ ပူဇော်ပွဲ

၅၆။ နန္ဒာစိုး(ဆင်ဖြူကျွန်း)

သုမိတ္တာနိဒါန်းအစ အန္တိမ ယသော်ဓရာ(၈)

၆၆။ နန္ဒာမိုးကြယ်

သမုဒယအရင်းခံ

၇၂။ ဓမ္မာစရိယ ဦးစောဝင်း

ငါပဲ့ ယောက်ျား သိပြီလား

၇၇။ မောင်ညာဏ်စိန်

သံသရာခရီးသည်

၈၀။ ထွန်းအားရှင်

ဘဝနိဂုံး ဆည်းဆာအပြုံး

၈၄။ မုံရွာ နေဇာ

ရက္ခစိုးနဲ့ညားတဲ့ လူသားမယား

၈၈။ ဝမ်းဇော်ဦး(ကူမဲ)

ပထမံဝိစ္စာရှင်းတမ်းနှင့် ကျင့်စဉ်



www.burmeseclassic.com

www.burmeseclassic.com




၉၄။ ရန်နိုင်
ခေတ်အဆက်ဆက် အဖြည့်ခံ မိဖုရား
၁၀၁။ ကိုရွှေမြသန်း(သမိုင်း)
ရတုသဘင်အထိမ်းအမှတ်
အလေ့အထ သိမှတ်စရာ
၁၀၄။ သိန်းထွန်းသစ်
ဒေးစွန်ပါသိုက်နှင့် ဆရာညီနောင်
၁၁၈။ စကြာကောင်းစံ
ဓမ္မပါလ ရှာပုံတော်
၁၂၂။ ဆရာကံထူး(ဝေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ
၁၂၉။ ဆရာရန်အောင်ဟိန်း(B.Sc)
ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်
၁၃၄။ ဆရာရန်အောင်ဟိန်း(B.Sc)
နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လက်နှင့် မွန်းတည့်မျဉ်းဖြတ်ဇယား
၁၃၆။ ဆရာရန်အောင်ဟိန်း(B.Sc)
အဆင့်မြင့်ပညာရေးနှင့် ကေ·ပီ စနစ်
၁၄၀။ မင်းမပျော်ညွန့်
နက္ခတ်ကောဇာ ရက်မြတ်ကောင်း အချိန်အခါ
၁၄၆။ ဆရာကံထူး(ဝေဒသုတေသီ)
သမီး စာမေးပွဲ အောင်မလား
၁၅၀။ ဂမ္ဘီရဆရာလှမျိုး(B.Sc)
နဝင်းညွန့်ပက်ဖျန်း လာဘ်ရွှင်လန်း
၁၅၄။ ဂမ္ဘီရဆရာလှမျိုး(B.Sc)
ကောင်းကျိုးဝေဆာ ပေးဝေဝေးချေ
နဝင်းတွဲယတြာ
၁၅၈။ မင်းနေထွန်း(ကန့်ဘလူ)
တံစက်မြိတ်ရေသည်
မုရှက်ဆိတ်တို့အတွက် သမုဒ္ဒရာ
၁၆၆။ စောယုနန္ဒာ(မေ့ရင်ခွင်)
ပုန်းသောသူ ရှာလျှင် တွေ့နိုင်ပါစေ


BURMESE CLASSIC





www.burmeseclassic.com

www.burmeseclassic.com


၁၇၀။ **စိုးယဉ်ထွန်း**
လူ့စရိုက်သိ အိပ်နေမှုကိုကြည့်

၁၇၃။ **သာထက်ဇော်(မကွေး)**
အရောင်များက ပြောသော စိတ်နေစရိုက်

၁၇၆။ **ဟိန်း(ဘူမိ)**
ရှောက်သီး၊ သံပရာသီးများ၏
ကျန်းမာရေး အကျိုးကျေးဇူးများ

၁၈၀။ **တင်နိုင်ဝင်း(ထမင်းရေးမြို့)**
ဦးနှောက်ကို ထိခိုက်စေသော
အစားအသောက်များ

၁၈၆။ **အောင်ချိန်ဘွား**
ခေါ်သံ

၁၉၂။ **အေးမောင်မောင်ဆန်း**
ဂမ္ဘီရဆံရာကျော်နှင့် သစ္စာမြတ်ချစ်

၂၀၀။ **အာကာသ(သာစည်)**
ညဦးအမှောင်ထဲ တစ်ယောက်တည်း သွားနေသော
အင်းပေါင်ပေါ်က မိန်းကလေး

၂၀၈။ **မောင်လှယဉ်(မော်လမြိုင်)**
ကျွန်ုပ်နေခဲ့တဲ့ ဘုန်းတော်ကြီးကျောင်းမှ
ထူးခြားဖြစ်ရပ်ဆန်းများ

၂၂၂။ **ဆောင်းဝင်းလတ်**
လောကမာယာ



၂၂၆။ **မောင်မြင့်မား(ဗိုလ်ကလေး)**
ကျွန်ုပ်နှင့် ကိုတင်ဆံနီ

၂၃၂။ **ဘုန်းရဲထွဋ်(တောင်ငူစွန်း)**
ဆန်းပြားတဲ့ ဖူးစာ

၂၄၄။ **သတိုးချာလီဆွေ**
ဒိုင်

၂၅၁။ **ပန်းတနော် နောင်လတ်**
သရဲစည်း

၂၅၆။ **ဒါရိုက်တာမျိုးဇော်အောင်**
ကျွန်တော်နှင့် ဂမ္ဘီရမှော်ကြက်ခြေခတ်

၂၆၄။ **တင့်ထူး(ဧရာဝတီ)**
ကျတ်ငယ်များနှင့်အတူ
ဆော့ခဲ့သော သားငယ်

၂၇၀။ **ရှစ်ခွင်ကျော်(ဖောင်တော်သီ)**
ရွှေလက်စွပ်ရဲ့ သမိုင်းကြောင်း

၂၇၆။ **ချစ်မင်းသူ**
လူယောင်ဆောင်သော ခွေးနက်ကြီး

၂၈၁။ **ဆန်းဝင်း(အောင်မြေ)**
စည်းရိုး

၂၈၆။ **ကောင်းသော်**
လူ့ဘဝရောက် ဒေသဲ့အကျဉ်းသား

၂၉၄။ **ကျော်ကျော်**
အစုအဆောင်း ဝါသနာရှင်

၂၉၈။ **ကျော်ဇေ(စားကုန်)**
ချစ်စိတ်ဇောဖြင့် ပြိတ္တာတောသို့ တိုးသွားသူ

၃၀၄။ **မျိုးထက်နွေ**
စင်ကာပူညများရဲ့ ဘယာနကရသ



**ထုတ်ဝေသူ** – ဦးသန်းဦး(မြဲ–၀၀၅၃၆) ၊ **ဂမ္ဘီရ Logo** – မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** – ဇေဖြိုး
**အတွင်းသရုပ်ဖော်** – မောင်မောင်သိုက်၊ ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ညွှန့်နိုင်လှ၊ ဇော်ညွှန့်ဖေ၊ မိုးကျော်၊
ကျော်စိုးညိန်း။ **အတွင်းသားဖလင်**–STARS။ **စာအုပ်ချုပ်**–အဂျေး။ **စောင်ရေ**–၅၀၀။ **တန်ဖိုး**–၂၀၀၀ ကျပ်
**မျက်နှာဖုံးပုံနှိပ်**–ဦးတိုးဝင်း(မြဲ–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**–ဦးကျော်စိုး(မြဲ–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
**အယ်ဒီတာအဖွဲ့ရုံး** ✱ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၄၄၅ ၊ 📱 ၀၉၂၆၀၀၈၅၈၆၀




www.burmeseclassic.com

www.burmeseclassic.com

# မြတ်ဗုဒ္ဓဆံတော်ရှင်ကိန်းဝပ်ရာ သန်လျင်မြို့ ဒိုးယွန်းတောင် ကျိုက်ဒေးယျုစေတီတော်

ဗိုလ်တာထောင် ကိုဦး



ကျိုက်ဒေးယျုစေတီတော်အား ဖူးတွေ့ရစဉ်

ကျိုက်ခေါက်စေတီတော်သမိုင်း ဆောင်းပါးရေးသားရန် သန်လျင်သို့ ရောက်ရှိနေစဉ် တာဝန်ရှိသူ တစ်ဦးက ကျိုက်ခေါက်စေတီအကြောင်းရေးလျှင် ကျိုက်ဒေးယျုစေတီအကြောင်းကိုလည်း ရေးသားပါရန် ပြောလေသည်။ ကျိုက်ခေါက်နှင့် ကျိုက်ဒေးယျုစေတီတို့သည် တစ်ဆူနှင့်တစ်ဆူ ဆက်စပ်နေသောကြောင့် ရေးဖြစ်အောင် ရေးသားရန်လည်း တိုက်တွန်းလေ၏။

အကြောင်းသင့်သော တစ်နေ့တွင် ကျိုက်ဒေးယျုစေတီထံမှောက် ရောက်ရှိလာခဲ့သည်။ စေတီတော်အား ဖူးမြော်ပြီးနောက် လှည့်ပတ်ကြည့်ရှုရင်း ဂေါပကရုံးခန်းသို့ လာခဲ့ရာ ရုံးခန်းအတွင်း၌ အတွင်းရေးမှူး ဦးသော်ဝင်းကြည်၊ ဘဏ္ဍာရေးမှူး ဦးခင်စိန်တို့နှင့်တွေ့ကာ ငှင်း




www.burmeseclassic.com

တို့က ဝမ်းမြောက်စွာကြိုဆို၍ စေတီတော်၏ ဩဝါဒါ စရိယဆရာတော် ဘဒ္ဒန္တဥတ္တရ(ဓမ္မကထိက ဗဟုဇနဟိတ ခေ)ထံသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသည်။

ဆရာတော်သည် ဝမ်းမြောက်ဝမ်းသာကြိုဆို၍ စေတီ တော်သမိုင်းကြောင်းနှင့် ဆရာအဆက်ဆက် ပြောပြခဲ့ သော အတွေ့အကြုံ ဗဟုသုတများ၊ လက်ရေးမူဖြင့် ရေး သားခဲ့သော ပဉ္စမမြောက်ဆရာတော်၏ စာမူကို အကြောင်း ပြု၍ ရေးသားတော်မူခဲ့သည့် ကျိုက်ဒေးယျုံစေတီတော် သမိုင်း စာအုပ်ကို လက်ဆောင်အဖြစ် ပေးတော်မူ၏။ ဆရာတော်၏ အာသီသဆန္ဒကိုလည်း ပွင့်လင်းစွာ ပြော ပြခဲ့၏။

ဒိုးယွန်းတောင်မှ ကျိုက်ဒေးယျုံစေတီတော်သမိုင်း ဆောင်းပါး ရေးသားရာ၌ ကူညီကြပါသော ဆရာတော် ဘဒ္ဒန္တဥတ္တရ(ဓမ္မကထိက ဗဟုဇနဟိတခေ)၊ ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦး၊ ကိုယ်တိုင် လိုက်လံပြသ ရှင်းလင်း ပြောကြားပေးခဲ့ကြသော ဂေါပကအတွင်းရေးမှူး ဦးသော် ဝင်းကြည်နှင့် ဘဏ္ဍာရေးမှူး ဦးခင်စိန်တို့အား ကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။



ကျိုက်ဒေးယျုံစေတီတော်ကြီး

**သထုံနယ်သမိုင်းဦးအစ**

ယိုးဒယားနယ်ရှိ ရှမ်း၊ ယွန်းတို့သည် ဒေါနတောင် တန်းကြီးကို ဖြတ်ကျော်ကာ ကရင်လူမျိုး၊ မွန်လူမျိုးများ ရှိရာဒေသသို့ မကြာခဏ ကျူးကျော်ဝင်ရောက် တိုက်ခိုက် လေ့ရှိသည်။ အိန္ဒိယတောင်ပိုင်း မဒရပ်နယ်မှ တေလဂူ လူမျိုးများကလည်း အာရှတိုက်တောင်ပိုင်း ကမ်းခြေဒေသ များဖြစ်သည့် ပုသိမ်၊ ဒဂုံ၊ သထုံ နယ်များသို့ ကုန်ကူးသန်းရောင်း ဝယ်ဖောက်ကားရင်း ဘာသာရေး အလေ့အထအဖြစ် ရသေ့များ ရောက်ရှိလာ၏။ ထို့ပြင် ပုသိမ်၊ ဒဂုံ၊ သထုံနယ်များသို့ အတင်းဝင် ရောက် အခြေစိုက် နေထိုင်ရန် ကြိုးစားလာကြ၍ တိုင်းရင်းသား လူမျိုးများနှင့် မကြာခဏ တိုက် ခိုက်နေကြရ၏။ မွန်နှင့် ကရင်တို့ သည်လည်းနယ်မြေလုရင်း အချင်း ချင်း တိုက်ခိုက်နေကြသည်။


ထိုအချိန်က မွန်သုံးမျိုး ရှိလေ၏။

၁။ မုတ္တမသထုံမွန်ကို မွန်ည(သထုံမွန်)၊

၂။ ဟံသာဝတီ ဒဂုံမွန်ကို မွန်တီ(ဒဂုံမွန်)၊

၃။ ပုသိမ်မွန်ကို မွန်စ(ပုသိမ်မွန်)ဟူ၍ ခေါ်ကြ၏။

မွန်စနယ်ကို ပုသိမ်(၃၂)မြို့ဖြင့် သီဟနန္ဒမင်းကြီးက ကာကွယ်စောင့်ရှောက်၏။ မွန်တီနယ် ဟံသာဝတီ(၃၂)မြို့ ကို ဥက္ကလာပမင်းကြီးက ကာကွယ်စောင့်ရှောက်လေ





www.burmeseclassic.com

သည်။ မွန်ညနယ်ကို တိဿဓမ္မသီဟရာဇာမင်းကြီးက အုပ်စိုးခဲ့သည်။ တိဿဓမ္မသီဟရာဇာမင်းကြီးသည် မွန်ညနယ်ကို ကာကွယ်စောင့်ရှောက်နိုင်ရန် အရံမြို့များ ထားရှိရန်အတွက် သားတော် တိဿဘောဂသေန၊ တိဿနာဂသေန၊ တိဿနရသီဟနှင့် သမီးတော် နန်းစောတို့အား ပညာရှိအမတ်ကြီး ကဝိစိန္တာ နောက်ပါအင်အား လူသုံးသောင်းဖြင့် မြို့တော်၏ အနောက်တောင်ထောင့် ပင်လယ်ကမ်းရိုးတန်း အရပ်ဒေသများဆီသို့ စေလွှတ်တော်မူခဲ့သည်။

ကျန်သမီးတော် သုဝဏ္ဏဒေဝီအား မိမိအပိုင်စားရသော ဒလမြို့ဟောင်းနေရာ စကားကျွန်းအား ပေးတော်မူကာ အငယ်ဆုံးသားတော် ဝိဇယကုမ္မာ မင်းသားငယ်မှာ ဝိဇ္ဇာမိုရ်ရှိများ ခေါ်ဆောင်ခြင်း ခံရလေသည်။

မင်းကြီးသည် ပုရောဟိတ်အမတ်ကြီး၏ သားနှစ်ဦးအား မွေးစားကာ နန်းရံအဖြစ် ထားရှိသော်လည်း ၄င်းသူငယ်နှစ်ဦးမှာ အရွယ်ရောက်သောအခါ မင်းစည်းစိမ်ကို အလိုမရှိဘဲ ရသေ့ပြုခဲ့ကြ၏။ နောင်တော် တိဿရသေ့






စနေတောင့်တွင် တည်ရှိသည့်
အောင်မြေသုခ ကျိုက်ဒေးအောင်စေတီ

သည် ဂဏ္ဍာဂီရိ(ဇင်းကျိုက်)တောင်တွင်နေ၍ ညီတော် သီဟရသေ့ကား ဇနဝဂီရိ(ခွဲကပင်)တောင်၌ အသီးသီး နေထိုင် တရားကျင့်ကြံခဲ့ရာ လောကီရျာန်သမာပတ်ကို ရရှိခဲ့ကြလေ၏။

ဝိဇ္ဇာတို့ ခေါ်ခြင်းခံရသော ဝိဇယကုမ္မာမင်းသားမှာ ဝိဇ္ဇာမိုရ်ရှိဖြစ်သွားပြီး ဇင်းကျိုက် ခွဲကပင်တောင်တို့၌ လှည့်လည်သွားလာရင်း နဂါးမတစ်ဦးနှင့် တွေ့ဆုံချစ်ကြိုက်ရာမှ နဂါးမတွင် ကိုယ်ဝန်အရင့်အမာ ဖြစ်လာချိန်၌ ဇင်းကျိုက်တောင်ခြေရင်း သဲသောင်ခုံပေါ်ရှိ ဒိုက်သရောများအကြား ဥနှစ်လုံးကို ထားခဲ့ပြီး နဂါးပြည် ပြန်ခဲ့လေ၏။

ဇင်းကျိုက်တောင်နေ တိဿရသေ့ကြီးက ထိုဥနှစ်လုံးကိုတွေ့ရ၍ ညီတော်သီဟရသေ့အား မီးအချက်ပြခေါ်လျက် ညီနောင်အချင်းချင်း တိုင်ပင်ကာ ဥတစ်လုံးစီကို ကောင်းစွာစောင့်ရှောက်ကြလေ၏။ များမကြာမီ တိဿရသေ့ရသောဥက ပထမ၊ သီဟရသေ့ရသောဥက ဒုတိယ အသီးသီး လူယောကျ်ားနှစ်ဦးကို မွေးဖွားလာ၏။ တိဿရသေ့ရသော သားယောကျ်ားမှာ နောင်အခါ သာသနာပြု

www.burmeseclassic.com



ဗေဒါကြာဒေသောင်တွင် တည်ရှိသော
ရှုတောင်းမြည့် ရုပ်ပွားတော်

မင်း စူဠသီရိမာသောကမင်း ဖြစ်လာ၏။ သီဟရသေ့ရသော သားယောက်ျားမှာ နောင်အခါ အရှင်ဂဝံပတိရဟန္တာအရှင်မြတ် ဖြစ်လာ၏။


<u>သုဝဏ္ဏဘူမိသို့ ဘုရားရှင် ကြွရောက်လာခြင်း</u>

ဂေါတမမြတ်စွာသည် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်တွင် ဘုရားစင်စစ် ဧကန်ဖြစ်တော်မူလေသည်။ ရှစ်ဝါအရ မဟာသက္ကရာဇ်(၁၁၁)ခုနှစ်၌ ဂဝံပတိရဟန္တာအရှင်မြတ်၏ ပင့်လျှောက်မှုကြောင့် ရာမညတိုင်း သုဝဏ္ဏဘူမိသို့ နောက်ပါရဟန္တာ(၅၀၀)ဖြင့် ဒေသစာရီ ကြွချီလာ၏။ မင်းနှင့်တကွ ပြည်သူအပေါင်းမှာ သောင်းသောင်းဖျဖျ ကြိုဆိုခဲ့ကြသည်။ ဘုရားရှင်သည် မင်းနှင့်တကွ ရသေ့ကြီးများ၊ ပြည်သူများအား တရားရေအေး တိုက်ကျွေးခဲ့ရာ ဒေသနာတော်ကို နာယူကြရသောသူတို့မှာ သရဏဂုံသီလ သုစရိုက်တရား၌ တည်ကြကုန်၏။

ဦးစွာရောက်ရှိလာသော အကြီးအမှူး ရသေ့ကြီးခြောက်ဦးတို့က ကိုးကွယ်ရန် ကိုယ်စားတောင်းခံကြသောအခါ ဘုရားရှင်သည် ဦးခေါင်းတော်အား ယာလက်တော်ဖြင့်သပ်၍ ပါရှိလာသည့် ဆံတော်ခြောက်ဆူကို ရသေ့ကြီးတို့အား တစ်ဆူစီ ပေးအပ်လေ၏။ ထိုရသေ့ခြောက်ဦးတွင် တိဿရသေ့နှင့် သီဟရသေ့တို့၏ ဖခင်ရင်း ပုရောဟိတ်အမတ်ကြီး ဖြစ်ခဲ့သူ ကျိုက်ထီးရိုးတောင်နေ ဗုဒ္ဓဉာဏတိဿရသေ့ကြီးလည်း ပါဝင်လေ၏။

နောက်ထပ်ရောက်ရှိလာကြသော ပုဂ္ဂိုလ်ကိုးဦးတို့ကလည်း မြတ်ဘုရားထံ ဆံတော်များ တောင်းခံကြရာတွင် သီဟဒီပကျွန်း ဥတ္တရဂံတောင်နေ ဣသိဝက်တိဿရသေ့နှင့် ဒိုးယွန်းတောင် ယခုစာတိုက်ကုန်းရှိ ကျိုက်ဒေးယျူတညင်တောင်နေ ဒိုးယွန်းရသေ့တို့လည်း ဆံတော်မြတ်တစ်ဆူစီ ရရှိတော်မူလေသည်။

ဗုဒ္ဓမြတ်စွာသည် နောက်ဆုံးမှ သုဝဏ္ဏဘူမိပြည့်ရှင်သီရိမာသောက တိဿဓမ္မရာဇာမင်းကြီးအား ဆံတော်နှစ်ဆူကို ချီးမြှင့်တော်မူလေ၏။ ထိုသို့ ဆံတော်နှစ်ဆူချီးမြှင့်ရခြင်းမှာ မင်းကြီးသည် မြတ်ဗုဒ္ဓရှင်တော်အား သုဝဏ္ဏဘူမိသို့ ပင့်ဆောင်ပေးရန် ညီတော်ဖြစ်သော ဂဝံပတိရဟန္တာမြတ်အား ပင့်လျှောက်ထားရာတွင် ပဓာနကျသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် ဖြစ်၏။



အဂ္ဂါဓေတာင့်တွင်ရှိသည့်
နဂါးရုံပတ္တမြားဘုရားနှင့် ပလ္လင်တော်



www.burmeseclassic.com

www.burmeseclassic.com




တည်လေ၏။ စေတီတော်ကို ကျိုက်ဣသိခေါက်ဟု ခေါ်ရာမှ နောင်အခါ ဣသိ မပါတော့ဘဲ ကျိုက်ခေါက်စေတီဟူ၍ အမည်တွင်လေ၏။


ဒိုးယွန်းတောင်ရသေ့ကြီး ရရှိလာသော ဆံတော်ကို ရသေ့ကြီး နေထိုင်ရာ ဒိုးယွန်းတောင်ထိပ်၌ ကျောက်တုံးကျောက်ခဲများကို ဌာပနာတိုက်ပြုလုပ်ကာ ဆံတော်ကို ဌာပနာထည့်သွင်း၍ အထက်၌ ကျောက်အုတ်၊ မြေအုတ်တို့ရောစပ်ကာ ဖိနပ်တော်(၁၀)တောင်ခန့်ရှိ စေတီတော်တစ်ဆူကို မဟာသက္ကရာဇ်(၁၁၉)ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည်။ စေတီတော်ကို ဖူးမြော်ရန် လာကြသူတို့သည် စေတီတော်ရောက်ခါနီး၌ အလွန်အသွားအလာခက်သော ချောက်ကမ်းပါးစွန်းကို ဖြတ်သန်းသွားလာရ၍ ၄င်းစေတီကို ကျိုက်ဒိုးယွန်းဟု ခေါ်ကြလေ၏။ မြန်မာဘာသာအားဖြင့် ချောက်ကမ်းပါးတောင်ဘုရား ဟူ၏။ မြို့ပျက်သောအခါ စေတီတော်မှာလည်း ဘုရားငုတ်တိုအဖြစ်နှစ်ပေါင်းများစွာ စံပယ်တော်မူခဲ့ရာမှ သာသနာသက္ကရာဇ်(၂၄၁)ခုနှစ်တွင် သထုံဘုရင် ရှင်ဥသီရိမာသောကကို အကြောင်းပြု၍ ထိုစေတီငုတ်တိုအား ပြန်လည်ပြီး စေတီတော်တည်ခဲ့ပြီးနောက် ကျိုက်ဒိုးယွန်းစေတီမှ ကျိုက်ဒေးယျုံစေတီဟူ၍ ခေါ်ဆိုကြကုန်၏။

## သာသနာပြုမင်း ကောင်းမှုဖြင့် ဗုဒ္ဓဆံတော်များ သီဟဒီပသို့ ရောက်ရှိလာခြင်း

သာသနပြုမင်းဖြစ်သော သုဝဏ္ဏဘူမိ သထုံပြည့်ရှင် သီရိမာသောကမင်းကြီး၏ ကောင်းမှုကြောင့် ဗုဒ္ဓမြတ်စွာသည် သထုံသို့ ကြွရောက်လာခဲ့ရာ သီဟဒီပနိုင်ငံသို့ ဗုဒ္ဓဆံတော်များကို တိဿရသေ့နှင့် ဒိုးယွန်းရသေ့တို့က ပင့်ဆောင်နိုင်ခဲ့ကြသည်။ ဣသိဝက်တိဿရသေ့ကြီးသည် ခါးကုန်းနေသောသူဖြစ်ခြင်းကြောင့် ဣသိခေါက်ဟု ခေါ်ကြ၏။ ဣသိ-ရသေ့၊ ခေါက်-ခါးကုန်း ဣသိခေါက်ရသေ့ကြီး ရရှိလာသော ဆံတော်တစ်ဆူကို ဥဏ္ဏရဂ်ကုန်း၌ ဂဝံကျောက်အုတ်တို့ဖြင့် ဌာပနာတိုက်ဆောက်လုပ်ကာ ဆံတော်ကို ဌာပနာထည့်သွင်း၍ တိုက်စေတီ

## သာသနာပြုရဟန်းတော်များ ရောက်ရှိလာခြင်း


မဟာသက္ကရာဇ်(၁၄၈)ခုနှစ်တွင် ဂေါတမမြတ်စွာသည် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ သာသနာသက္ကရာဇ်(၂၃၅)ခုနှစ်တွင် သုဝဏ္ဏဘူမိသထုံပြည်သို့ အရှင်သောဏ၊





www.burmeseclassic.com

www.burmeseclassic.com



အောင်မြေသုခ ကျိုက်ဒေးအောင်စေတီအနီးရှိ နဂါးရုံဘုရား


အရှင်ဥတ္တရ၊ အရှင်အနုရုဒ္ဓါ၊ အရှင်တိဿဂုတ္တနှင့် အရှင်သောမာယျတို့သည် သာသနာပြုရန် ရောက်ရှိလာခဲ့သည်။ သထုံပြည်၌ (၁၆)နှစ်ကျော် (၁၇)နှစ်တိုင်တိုင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို ပို့ချတော်မူ၏။

ထိုစဉ်က သုဝဏ္ဏဘူမိသထုံပြည်၌ သီဟရာဇာမင်းမှ စ၍ရေတွက်သော် ရှစ်ဆက်မြောက်သော ရာဇစောဝေမင်းသည် စူဠသီရိမာသောကမင်းကြီးအဖြစ် စိုးစံတော်မူနေ၏။ သထုံမင်းဆက်ဖြစ်သော သီဟဒီပနိုင်ငံသို့ ရဟန္တာအရှင်မြတ်တို့သည် လက်ထောက်သာသနာပြု ရဟန်းတော်အရှင်သောမာယျကို စေလွှတ်၍ ပေါက္ခရဝတီနေပြည်တော်နှင့် သန်လျင် သီဟဒီပကျွန်း၌ သီတင်းသုံးကာ သာသနာတော်ကို ပြန့်ပွားစေသည်။

ဥတ္တရဂိကုန်း၌နေသော ခေါလက မည်သော ရသေ့သည် အရှင်သောမာယျပို့ချသော ဗုဒ္ဓတရားတော်မြတ်ကို ကောင်းစွာနာယူပြီးနောက် သာသနာတော်ကို သက်ဝင်ယုံကြည်ပြီး ရဟန်းပြုလေ၏။

**ဝေပုလ္လပတ္တမြားနှင့် ဗုဒ္ဓဓာတ်တော်များ**

သာသနာသက္ကရာဇ်(၂၃၉)ခုနှစ်၌ သီဟိုဠ်တွင် ကြောက်မက်ဖွယ် ရေဘေးကြုံတွေ့ရ၍ သီဟိုဠ်ဘုရင်ဒေဝါနံပိယတိဿမင်းကြီးသည် အရှင်ယသ၊ အရှင်သောဏ စသော ရဟန္တာအရှင်မြတ် ရှစ်ပါးတို့အား သုဝဏ္ဏဘူမိ သထုံပြည်သို့ ရေဘေးကို တားဆီးနိုင်သော ဝေပုလ္လပတ္တမြားရတနာ ရရှိရန်အတွက် မွေ့လက်ဆောင်အဖြစ် ဗုဒ္ဓ၏ ဆံတော်နှင့် ဓာတ်တော်(၂၄)ဆူနှင့်တကွ စေလွှတ်တော်မူ၏။ ထိုပတ္တမြားရတနာသည် သထုံပြည်၌ မရှိတော့ဘဲ သီဟဒီပကျွန်းသို့ ပြန်လည်ရောက်ရှိနေကြောင်း သိရ၍ ရဟန္တာအရှင်မြတ်များသည် သန်လျင်ဘုရင်မင်းမြတ်ထံ ရောက်ရှိလာပြီးနောက် အကြောင်းစုံလျှောက်ထားကာ သီဟိုဠ်ဘုရင်၏ မွေ့လက်ဆောင် ဓာတ်တော်(၂၄)ဆူကို ပေးလှူတော်မူလေ၏။



စောင်းတန်းမုခ်ဦးဝထိပ်၌ စေတီတော်အား ဖူးမြော်နေသော နဂါးညီနောင်

မင်းကြီးသည် ဝမ်းမြောက်စွာဖြင့် ဝေပုလ္လပတ္တမြားရတနာကို ပေးအပ်ကာ ရဟန္တာအရှင်မြတ်တို့အား သန်လျင်သို့ တစ်ဖန်ကြွရောက်၍ သာသနာပြုရန် လျှောက်ထားလေ၏။ ရဟန္တာတို့လည်း ကောင်းပြီဟု ဝန်ခံကတိပြုကာ သီဟိုဠ်သို့ ပြန်ကြွသွားပြီးနောက် ကတိစကားအတိုင်း ရဟန္တာအရှင်မြတ်တို့သည် သီဟဒီပသို့ ပြန်

www.burmeseclassic.com



(၁၂၉၅)ခုနှစ်က သွန်းလုပ်ခဲ့သော ကြေးခေါင်းလောင်း

လည်ရောက်ရှိ သာသနာပြုလေ၏။

ဤသို့ဖြင့် သထုံဘုရင်မင်းမြတ်၏ ကောင်းမှုဖြင့် သထုံ၊ သီဟဒီပ စသော နိုင်ငံတို့တွင် ဗုဒ္ဓဘာသာသာသနာ ထွန်းလင်းလာခဲ့သည်။ ကျိုက်ခေါက်စေတီတော်တွင် ဓာတ်တော်(၆)ဆူရရှိခဲ့ရာ သုံးဆူကို ကျိုက်ခေါက်စေတီတွင် ထပ်မံဌာပနာလျက် နှစ်ဆူကို ကျိုက်ဗောမိစေတီနှင့် ကျန်တစ်ဆူကို ကျိုက်ဒေးယျုံစေတီတော်၌ ဌာပနာခဲ့ကြောင်း အဆိုရှိလေ၏။

**ကုန်းတော်ထက်က စေတီပျက်**

ကောဇာသက္ကရာဇ်(၁၂၉၅)ခုနှစ်တွင် သန်လျင်မြို့ စတိုက်ကုန်းတွင်နေထိုင်သော ဗုဒ္ဓဘာသာကိုးကွယ်သည့် ပန်ချာပီတစ်ဦးသည် သစ်ပင်ချုံနွယ်များ ထူထပ်စွာပေါက်ရောက်နေသည့် ကုန်းမို့မို့တွင် ညဥ့်အခါ၌ ထူးဆန်းစွာ အလင်းရောင်များ ဖြာထွက်နေသည်ကို တွေ့ရလေ၏။

ပတ်ဝန်းကျင်ရှိ မြန်မာတို့အား ပြောပြကာ ထိုကုန်းထက်ရှိ ချုံနွယ်တို့အား ဖယ်ရှားရှင်းသင်းကြလေသည်။ ချုံနွယ်တို့ကို ဖယ်ရှားရှင်းလင်းပြီးသောအခါ ထိုတောင်ကုန်းထိပ်၌ ရှေးဟောင်းခေါင်းလောင်းကြီး တစ်လုံးနှင့် တကွ ရှေးဟောင်းအုတ်ချပ်ပြားများ၊ ကျောက်တုံးကျောက်ခဲများကို တွေ့ကြရ၏။

ယခင်က ဘုရားပြိုပျက်ခဲ့သော အနေအထားတို့ကို မြင်တွေ့ရ၍ မဏ္ဍလာရာမကျောင်းတိုက် မူလပထမဆရာတော် ဦးမာနိတအား လျှောက်ထားကြရာ ဆရာတော်မှ ဦးဆောင်ပြီး ဗုဒ္ဓဘာသာဝင်များ စုပေါင်းကာ အသစ်တစ်ဖန် စေတီတော်တည်ထားကြလေ၏။

ခေါင်းလောင်းကြီးအားလည်း ဌာပနာထည့်သွင်းပြီးနောက် စေတီတော်ကို ဉာဏ်တော်အမြင့်(၇၂)ပေရှိ ဆူးလေစေတီ ပုံစံမျိုးဖြင့် တည်ကြလေသည်။ ဘွဲ့တော်ကိုလည်း ရှေးကအတိုင်းပင် ကျိုက်ဒေးယျုံစေတီဟု ခေါ်တွင်ကြသည်။ စေတီတော်တွင် ခေါင်းလောင်းတစ်လုံးကို ကြေးဖြင့်သွန်းလုပ်၍ ရာဟုထောင့်တွင် ထားရှိပြီး (၁၂၉၅)ခုနှစ်တွင် စေတီတော်တည်ထားကြောင်း ကမ္ပည်းမော်ကွန်း ရေးထိုးထားခဲ့သည်။



[illegible]

**ခြောက်ဆက်မြောက်**

**ဆရာတော်နှင့်**

**ယနေ့ ကျိုက်ဒေးယျုံစေတီတော်**

ဆရာတော်အဆက်ဆက် စေတီတော်သမိုင်းကြောင်းအား နှုတ်အားဖြင့် လက်ဆင့်ကမ်းသယ်လာ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရာ ငါးဆက်မြောက် ဆရာတော်ဖြစ်သော ဘဒ္ဒန္တမဏ္ဍာလာ လက်ထက်တွင် ဆရာတော်သည် ရှေးဆရာတော်ကြီးများ ပြောပြခဲ့သော ဘုရားသမိုင်းမှတ်တမ်းကို လက်ရေးမူဖြင့် ရေးကူးထားလေ၏။

ဆယ်နှစ်ခန့် အတူနေထိုင်လာသည့် တပည့်ရင်း အရှင်ဥတ္တရကိုလည်း စေတီသမိုင်းကြောင်းနှင့် ထူးခြားမှုအတွေ့အကြုံတို့ကို အခါအားလျော်စွာ မိန့်ကြားတတ်လေသည်။ ဆရာတော်သည် (၁၃၆၀)ပြည့်နှစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ရာ တပည့်ရင်း အရှင်ဥတ္တရသည် မဏ္ဍာလာရာမ ကျောင်းတိုက်ကြီး၏ ဆဋ္ဌမမြောက် ပဓာနနာယကဆရာတော်အဖြစ် ရောက်ရှိခဲ့ရာ ယနေ့တိုင်ဖြစ်လေသည်။


မိမိ၏ဆရာရင်း ပျံလွန်တော်မူပြီးနောက်မှ ကျောင်းတိုက်တွင်းမှ ဆရာတော်ကြီး လက်ရေးမူဖြင့် ရေးသားထားသော ကျိုက်ဒေးယျံစေတီတော်သမိုင်းကြောင်းသည် မိမိအား မကြာခဏ ပြောပြတတ်သော စေတီသမိုင်းနှင့် တိုက်ဆိုင်စွာ တူညီနေကြောင်း တွေ့ရလေ၏။

ဆရာတော် ဘဒ္ဒန္တဥတ္တရသည် မဏ္ဍာလာရာမ ကျောင်းတိုက်သို့ ကြွရောက်သီတင်းသုံးချိန်မှစ၍ နေ့စဉ် မေတ္တာပို့၊ ဆုတောင်း၊ ဂုဏ်တော်ပွားများအားထုတ်ရင်း ကျောင်းထိုင်ဆရာတော် ဖြစ်လာသည့်အခါ မိမိကျောင်းတိုက်အနီးရှိ ကျိုက်ဒေးယျံစေတီကုန်းတော်ထက်၌ ညဥ့်အချိန် လွှမ်းခြုံတိတ်သည့်အခါ မိဋ္ဌာန်ပုတီးစိပ်ရင်း ခန္တီစေတီတည်လေ၏။ ဗုဒ္ဓနုဿတိဂုဏ်တော်ပုဒ်ရေ (၁၆၀) ခေါက်လျှင် ပုတီးတစ်လုံးချ၍ စေတီတစ်ဆူတည်ခဲ့ရာ စေတီပေါင်း(၁၀၈)ဆူပြည့်မြောက်သည်အထိ ဝါတွင်းသုံးလအတွင်း နှစ်ဝါတိတိကြာအောင် မိဋ္ဌာန်ဝင်ခဲ့ရသည်။

ကျိုက်ဒေးယျံစေတီတော်သည် ဆရာတော်အတွက်မဟုတ်စေဘဲ ဆရာတော်သည်သာ ကျိုက်ဒေးယျံစေတီအတွက်ဖြစ်ရမည်ဟူသောစိတ်ဖြင့် မိမိကိုယ်ကို ဘုရားကျွန်အဖြစ် ခံယူကာ လုံ့လစိုက်ထုတ် ကြိုးစားခဲ့ရသော ဆရာတော်၏ စိတ်ဓာတ်ခံယူချက်နှင့် ယနေ့မြင်တွေ့နေရသော စေတီတော်ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို မြင်တွေ့ရသောအခါ စာရေးသူမှာ အကြိမ်ကြိမ်သာဓုခေါ်မိပါသည်။

**ဓာတ်ဗျူဟာမြောက်ကုန်းတော်**

စေတီတော်ကုန်းမြေသည် ထူးခြား၏။ ဘုရားရှင်လက်ထက်၌ ဒိုးယွန်းတောင်ရသေ့ကြီး နေထိုင်တရားကျင့်ကြံခဲ့ရာတောင် ဖြစ်ရုံမက ဘုရားရှင်ဆံတော် ကိန်းဝပ်ရာတောင်လည်း ဖြစ်၏။



ရာဟုထောင့်တွင်ရှိသည့် ရုပ်တော်မူဘုရားအား ဖူးတွေ့ရစဉ်

ဤတောင်ကုန်း၌ ရသေ့သူတော်စင်များ လာရောက်မိဋ္ဌာန်ဝင် တရားကျင့်ခဲ့ကြ၏။ ရှေးမင်းတို့သည်လည်း ဤကုန်းတော်ထက်၌ စစ်မဟာဗျူဟာချမှတ်၍ စစ်ပွဲများတိုက်ကြရာတွင်လည်း အောင်မြင်ခဲ့သောကြောင့် စေတီတော်အား ပြုပြင်မွမ်းမံ တည်ဆောက်လှူဒါန်းခဲ့ကြ၏။ ရာဇဝင်မှတ်တမ်းအရ အင်္ဂလိပ်တို့သည်လည်းကောင်း၊ ဂျပန်တို့သည်လည်းကောင်း ဤကုန်းတော်ထက်၌ပင် စစ်မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း ဆိုလေ၏။

ဗုဒ္ဓ၏ သာသနာ့နယ်မြေဖြစ်သော ဤတောင်ကုန်းထက်၌ ကောင်းသောအစောင့်အရှောက်များရှိခြင်း၊ သူတော်စင်များ ကိန်းအောင်းပျော်မွေ့ခြင်း၊ စေတီတော်အား ထောက်ပံ့ကူညီရန် ဥစ္စာသိုမှီးထားခြင်းနှင့် အစောင့်အရှောက်များရှိနေခြင်း၊ ကုန်းတော်ထက်၌ နေထိုင်သူတို့သည် လောဘ၊ ဒေါသ၊ မောဟကင်းစင်၍ သူတော်

www.burmeseclassic.com


ဝေလျှင်ဒက်ကြောင့် ပျက်စီးသွားသော ကျိုက်ဒေးယျုစေတီတော်အဟောင်း၏ ကုန်းတော်မြေနေရာ

စွာ သာသနာပြုနိုင်မှုတို့ကြောင့် ဤကုန်းတော်ထက်တွင် အတိုက်အခိုက်များကြားက အောင်မြင်စွာ စေတီတော်ကြီးကို ထင်ရှားစွာ စွမ်းဆောင်နိုင်လေသည်။

မိမိ၏ စေတနာသည် မိမိကို ရောင်ပြန်ဟပ်ခဲ့၏။ နိုင်ငံတော်အစိုးရမှ (၂၀၀၇)ခုနှစ်၊ ဇန်နဝါရီလ (၁၄)ရက်နေ့တွင် ဓမ္မကထိက ဗဟုဇနဟိတာရေ ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခြင်း ခံရသည်။ ယခုအခါ ဓမ္မကထိက ဆရာတော် တစ်ပါးဖြစ်ကာ ဆရာတော်သည် ကျိုက်ဒေးယျုဆရာတော်အဖြစ် ထင်ရှားလာ၏။

ကောင်းတရားနှင့် ပြည့်စုံမှသာ ချမ်းသာစွာ နေထိုင်နိုင်ပေမည်။

မိမိ၏ ကိုယ်ကျင့်တရား၊ တည်ကြည်သော နှလုံးရည်နှင့် မှန်ကန်သော ဆုံးဖြတ်ချက်ဖြင့် သာသနာ့အကျိုးဆောင်ရွက်ခြင်း၊ သစ္စာကတိတည်ပါက အလိုဆန္ဒပြည့်စုံနိုင်သည့် ကုန်းတော်မြတ် ဖြစ်ပေသည်။


မကောင်းသောအကျင့်ရှိသူတို့သည် ဤကုန်းတော်မြတ်ထံ ရောက်ရှိလာပါက လက်ငင်းဒိဋ္ဌ ဘေးဒုက္ခကြုံရတတ်လေ၏။ လူအများကြားတွင်လည်း မကောင်းသောအကျင့်သီလသရှိသူ တစ်ဦးတစ်ယောက် ပါဝင်လာပါက စိမ်ဝမ်းကွဲပြားကာ ပျက်စီးတတ်လေ၏။

ဆရာတော်ဘဒ္ဒန္တဥတ္တရသည် တစ်ဖက်၌ ပရိယတ္တိသာသနာတော်ကို ထမ်းဆောင်ရင်း အခြားတစ်ဖက်၌ ပဋိပတ်အကျင့်များ မှန်စွာကျင့်နိုင်ခဲ့မှု၊ စိတ်ထားမှန်ကန်

## ရင်ပြင်ပေါ်ရှိ သာသနိကအဆောက်အအုံများ

မြောက်ဘက်စောင်းတန်းတွင် နှစ်ပေါင်းကြာရှည်ခဲ့ပြီဖြစ်သော မဟာဗောဓိညောင်ပင်မှာ စိမ်းလန်းစိုပြည်လျက်ရှိ၏။ ထိုညောင်ပင်အား စောင့်ရှောက်နေသော ရုက္ခစိုးဘိုးဘိုးကြီးကို ရုပ်တုအဖြစ် ထားရှိပေ၏။ တနင်္လာထောင့်တွင် အမိဋ္ဌာန်မေတ္တာသစ္စာ ဆုတောင်းပြည့်တန်ဆောင်း ရှိလေသည်။ တနင်္ဂနွေထောင့်တွင် ထီးတော်ဟောင်းနှင့် အောင်မြေရှိ၏။ အောင်မြေတွင် ဗုဒ္ဓပွင့်ရာ ဗုဒ္ဓဂယာမှ ပင့်ဆောင်ယူလာသော အောင်မြေကို ဌာပနာထားလေသည်။

ပတ္တမြားဘုရားနှင့် ပလ္လင်တော် သပ္ပာယ်စွာဖြင့် အင်္ဂါထောင့်တွင်ရှိ၏။ ဗုဒ္ဓဟူးထောင့်တွင် ထိုင်တော်မူဘုရား တစ်ဆူနှင့် ဧဲယာတို့၌ အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်တို့ရှိသော တန်ဆောင်းရှိလေ၏။ စနေထောင့်တွင်မှု အောင်မြေသုခ ကျိုက်ဒေးအောင်စေတီတော်အား အမတော်မြနန်းနွယ် ဆန္ဒအရ ဘုရားဒါယကာ ဦးခင်စိန်၊ ဘုရားဒါယိကာမ ဒေါ်တင်တင်ရီ မိသားစုတို့က (၂၀၁၂)ခုနှစ်တွင် တည်ထားလေ၏။ အနီးတွင် ဂါးရုံဘုရား တစ်


ဂေါပကအတွင်းရေးမှူး ဦးသော်ဝင်းကြည်မှ လိုက်လံရှင်းလင်းပြသစဉ်

www.burmeseclassic.com

ဆူရှိသည်။ ရာဟုထောင့်တွင် နောင်တော်ကြီးစေတီ၊ ရပ်တော်မူဘုရားနှင့် (၁၂၉၅)ခုနှစ်က သွန်းလုပ်ခဲ့သော ကြေးသွန်းခေါင်းလောင်း ရှိလေ၏။

မုခ်လေးမုခ်လုံး၌ တန်ဆောင်းများ ဆောက်လုပ်ကာ ရုပ်ပွားတော်မြတ်များ ထားရှိပူဇော်ထားလေသည်။ စေတီတော်တွင် ထူးခြားသည်မှာ မုခ်ဦးလှေကားအတက်များ၌ နဂါးနှစ်ကောင်စီတို့သည် စေတီတော်အား ဖူးမြော်ပူဇော်နေဟန်ပင်ဖြစ်သည်။ ရှေးရှေးကပင် ထိုနဂါးများ ရှိခဲ့ကြောင်း ဆရာတော်က ရှင်းပြခဲ့၏။

သောကြာထောင့်တွင် ဆုတောင်းပြည့်ရုပ်ပွားတော် တန်ဆောင်း ရှိလေသည်။ ဂေါပကရုံးခန်းသည် ထိုတန်ဆောင်းအတွင်း၌ရှိ၏။ စေတီတော်အတွက် အခမ်းအနားများ၊ ယောဂီများ နားနေရန်နေရာလည်းဖြစ်သည်။ တန်ဆောင်းအတွင်း၌ ရှေးဟောင်းဘုရားများနှင့် နှစ်ကျိပ်ရှစ်ဆူသော ဘုရားများ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။

**ဆရာတော် အာသီသ**

ဆရာတော်ဘဒ္ဒန္တဥတ္တရ(ဓမ္မကထိက ဗဟုဇနဟိတရေ)သည် သက်တော်(၅၅)နှစ်၊ ဝါတော်(၃၅)ဝါ ရှိလေသည်။ ကျိုက်ဒေးယျုံစေတီတော်၏ အနီးကပ်ဩဝါဒါစရိယ ဆရာတော် ဖြစ်၏။ (၁၈)နှစ်တာ ကာလတစ်လျှောက်လုံး စေတီတော်အတွက် ပေးဆပ်ကာ စေတီတော် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ပြုပြင်မွမ်းမံခြင်းနှင့် အသစ်တည်ဆောက်ခဲ့သော သာသနိကအဆောက်အအုံများသည် ထင်ရှားစွာ ပေါ်လာခဲ့ကြသည်။ ဤမျှနှင့် ဆရာတော်သည် မတင်းတိမ် မရောင့်ရဲနိုင်ဘဲ ရှိနေ၏။

ဆုတောင်းပြည့်ရုပ်ပွားတော် တန်ဆောင်းနေရာ၌ ကြံ့ခိုင်းအောင်ရုပ်ပွားတော်ကြီးအား (၁၈)ပေအမြင့်ရှိ ထိုင်တော်မူဘုရားတစ်ဆူ တည်ထားလိုသော အာသီသဆန္ဒပြင်းပြလျက် ရှိတော်မူနေလေသည်။

ဗုဒ္ဓဘာသာဝင် ခုနစ်နေ့သားသမီး ဘုရားဒါယကာ၊ ဘုရားဒါယိကာမ အပေါင်းတို့သည် ဆရာတော်၏ အာသီသဆန္ဒတော်အား ဖြည့်ဆည်းတော်မူနိုင်ရန် အလှူဒါနထက်နဲ့မကွာ လှူဒါန်းနိုင်ရန်အတွက် ဖုန်းနံပါတ် (၀၉ ၅၁ ၃၇၇၃၄)နှင့် (၀၉ ၇၉၃ ၂၄၈ ၉၀၁) ဆရာတော်ထံ ဆက်သွယ်နိုင်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၊ သန်လျင်မြို့ စာတိုက်ကုန်းအောင်မင်္ဂလာရပ်ကွက်၌



ကျိုက်ဒေးယျုံဆရာတော် ဘဒ္ဒန္တဥတ္တရမှ ရှင်းလင်းမိန့်ကြားစဉ်

ရှိသော ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ဒေးယျုံစေတီတော်ထံမှောက် လာရောက်ဖူးမြော်ကြည်ညိုရင်း မြတ်ဗုဒ္ဓဆံတော်ရှင်ရှိရာအရပ်၌ ဆုတောင်းဆုယူပြုကြလျက် ဂေါပကအဖွဲ့ထံ တစ်နိုင်တစ်ပိုင် လှူဒါန်းနိုင်ကြစေရန် နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။

(သန်လျင်မြို့အဝင် မီးပွိုင့်မှတ်တိုင်မှ ရှေ့တစ်မှတ်တိုင်တွင်ရှိသော ကျိုက်ဒေးယျုံလမ်းဆုံမှတ်တိုင်တွင် ဆင်းကာ တစ်ဖက်ကားလမ်းကူးတွင် စေတီတော်ရှိပါသည်)

ခုနစ်နေ့သားသမီးအပေါင်း ဘေးဘယာကင်းဝေးကြပါစေ။

**ဗိုလ်တထောင် ကိုဦး**

**ကိုးကား**

- * ဘုံပျံဆရာတော် ဘဒ္ဒန္တပညာသာမိ ပြုစုသည့် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်သမိုင်း။
- * ကျိုက်ဒေးယျုံဆရာတော် ဘဒ္ဒန္တဥတ္တရ ရေးသားတော်မူသော ကျိုက်ဒေးယျုံစေတီတော်သမိုင်း။



www.burmeseclassic.com

www.burmeseclassic.com

# ကျန်စစ်သားမင်းကြီး၏ ကောင်းမှုတော် အလိုတော်ပြည့်ဘုရား

ကိုမိုး(ရွှေပြည်သာ)

သက္ကရာဇ်(၃၇၉)ခုနှစ်၌ အရိမဒ္ဒနာပေါက္ကံပြည်ကြီးကို အစိုးရတော်မူခဲ့သော အနော်ရထာမင်း နတ်ရွာစံသောအခါ သားတော်(စောလူးမင်း)နန်းတက်ခဲ့သည်။ စောလူးမင်းက ခမည်းတော်အနော်ရထာကဲ့သို့ စွမ်းရည်သတ္တိမရှိဘဲ အပျော်များနှင့်သာ အချိန်ဖြုန်းနေခဲ့သည်။ နန်းတက်ဘုရင်၏ ချို့ယွင်းချက်ကို လက်အောက်ဘုရင်ခံ ဥသာပဲခူးစား ငရမန်ကန်းမှ ပုန်ကန်ခဲ့၍ စစ်မက်ဖြစ်ပွားခဲ့ရသည်။

အနော်ရထာမင်း လက်ထက်မှာကတည်းက ကျန်စစ်သားက စစ်သူကြီးတစ်ဦးအဖြစ် အမှုတော်ထမ်းခဲ့သည်။ ပုန်ကန်သူ ငရန်မန်ကန်းက ဥဿာပဲခူးမှ ရဲမက်ဗိုလ်ပါ ဆင်မြင်းတပ်များနှင့် စစ်ချီလာခဲ့ပြီး ပြည်တော်သာကျွန်းတွင် စခန်းတစ်ထောက် နားနေခဲ့သည်။ ထိုသို့နားနေခြင်းတွင် စောလူးမင်းနှင့် ကျန်စစ်သားက တပ်ဖြန့်၍ ငရန်မန်ကန်းတပ်ကို ခုခံတိုက်ခိုက်ခဲ့ကြသည်။ စစ်ရေးကျွမ်းကျင်သော ကျန်စစ်သား၏ တပ်ကိုရှောင်၍ ငရမန်ကန်းက စောလူးမင်းတပ်ကို ဝင်တိုက်သည်။ စောလူးမင်းစစ်ရှုံး၍ ဆင်ပေါ်မှ ဆင်းပြေးရကာ ငရမန်ကန်း ဖမ်းဆီးမှုကို ခံရရှာသည်။

ပုဂံပြည်၌ မင်းမဲ့ကာလ။ ပုဂံပြည်သူပြည်သားအားလုံးက ကျန်စစ်သားမင်းအား မင်းအာဏာ အရယူရန် တညီတညာတည်း အပ်နှင်းကြသည်။ မင်းမြှောက်တန်ဆာငါးပါးကိုလည်း ဆက်သခဲ့ကြသည်။

ငါ့အရှင် စောလူးမင်းမှတစ်ပါး ဤတိုင်းပြည်ကို အုပ်စိုးထိုက်သူ မရှိ။ ငါ့အရှင် ရှိ,မရှိ စုံစမ်းဦးမည်ဟုဆိုကာ စောလူးမင်း၏ သတင်းကို ကျန်စစ်သားမင်း နားစွင့်နေခဲ့ပါ၏။

ငရမန်ကန်း၏လက်တွင် သုံ့ပန်းအဖြစ် အဖမ်းခံထားရကြောင်း သိသောအခါ ကျန်စစ်သားက လျှို့ဝှက်ထောက်လှမ်းရန် ရန်သူများ၏တပ်များ အထပ်ထပ်ဝန်းရံနေသည့်ကြားမှ အသက်စွန့်ကာ ဝင်ရောက်ကယ်တင်ခဲ့သည်။

စောလူးမင်းကို ပခုံးထမ်းလျက် ရန်သူတို့ကို ထိုးဖောက်ခဲ့ကာ ပုဂံသို့ ယူဆောင်ရန် ကြိုးစားခဲ့သော်လည်း စောလူးမင်း၏ အော်ဟစ်ငြင်းဆန်မှုကြောင့် အကြံမအောင်မြင်ဘဲ ဖြစ်ခဲ့ရပါသည်။ ကျန်စစ်သား ကိုယ်လွတ်ရုန်း၍ မိတ္ထီလာ ထီးလှိုင်အရပ်သို့ ပြန်လည်ထွက်ပြေးခဲ့ရသည်။ စောလူးမင်းသည်ကား ငရမန်ကန်း၏ လုပ်ကြံမှုကြောင့် အနိစ္စရောက် ကံကုန်ရရှာပါသည်။

ထို့နောက် အင်းဝအရပ်နှင့် မြင်းကပါအရပ်တို့တွင် ငရမန်ကန်း၏ ခံတပ်များနှင့် ကျန်စစ်သား၏ စစ်တပ် တိုက်ပွဲများ ဖြစ်ခဲ့ပြီး ငစဉ်ကူးအရပ်တွင် ငရမန်ကန်း အသက်ဆုံး၍ သူပုန်များအရေး ကင်းစင်ခဲ့ရပါသည်။

ကျန်စစ်သားမင်းကို သီရိတြိဘုဝနဒိကျစမ္မရာဇာ၊ ထီးလှိုင်မင်း၊ ထီးလှိုင်ရှင်၊ ကလန်စစ်သားဟူ၍ ဘွဲ့အမည်အမျိုးမျိုးဖြင့် ခေါ်ဆိုခဲ့ကြပါသည်။ စစ်ပွဲတိုင်း မကျရှုံးဘဲ ကျန်ရစ်သောကြောင့် ကျန်ရစ်သားဟုလည်း ခေါ်ဆိုကြောင်း မှန်နန်းရာဇဝင်၌ ပြဆိုထားပါသည်။ ချင်းတွင်းမြစ်ဝအနီး လက်ဝဲကမ်းရှိ ပရိမ္မအရပ်တွင် သက္ကရာဇ် (၃၈၂)ခုနှစ်လောက်က ဝေသာလီမင်း၏သမီးတော် ပဉ္စကလျာဏီ မင်းသမီးမှ ဖွားမြင်တော်မူခဲ့ပြီး သက္ကရာဇ် (၄၂၆)ခုနှစ်တွင် ပုဂံ၌ မင်းအဖြစ်ကို ရရှိခဲ့၍ (၂၈)နှစ်တိုင် အုပ်စိုးခဲ့ပြီး ပုဂံနိုင်ငံတော်ကို အနှစ်(၂၀၀)မျှ ဆက်လက်တည်တံ့ခိုင်မြဲအောင် နန်းစံသက်ကာလအတွင်း စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့ပါသည်။ အနော်ရထာမင်းလက်ထက်က ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးဟူ၍ စစ်သူကြီး(၄)ဦးရှိခဲ့ပြီး ထိုလေးဦးတွင်မှ ကျန်စစ်သားက စစ်သေနာပတိချုပ်အဖြစ် တာဝန်ယူရသူဖြစ်သည်။

ဥဿာပဲခူးမှ ဋ္ဌန်းစစ်သည်များ လာရောက်တိုက်ခိုက်ခဲ့စဉ် ကျန်စစ်သားမှ ပြောင်မြောက်စွာ တိုက်ခိုက်အောင်မြင်ခဲ့သည်။ အနော်ရထာမင်းကြီး၏ သနိုသာသနာ့စစ်



www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့ ဆင်နွှဲစဉ်တွင်လည်း ရှုပ်ရှပ်ချုံချုံ တိုက်ခိုက်အောင်မြင်ခဲ့လေသည်။

စစ်တိုက်စဉ်ကာလများက ပုဂံနန်းမြို့တော်မှ ထွက်ခွာလာခဲ့ပြီး တောင်ကုန်းငယ်တစ်ခုသို့ ကျန်စစ်သားစစ်သူကြီး ရောက်ရှိခဲ့စဉ်တွင် ထိုတောင်ကုန်းဒေသက ထူးဆန်းသော ဖြစ်ရပ်များ စိတ်သန္တာန်၌ ဖြစ်ပေါ်လာခဲ့ရသည်။ ဖြစ်ပေါ်လာရခြင်းတွင် စိတ်ထဲ လေးလံထိုင်းမှိုင်းလာခြင်း၊ မှူးဝေခြင်း၊ စစ်ဖြစ်ရန်ကို မလိုလားခြင်းတို့ ဖြစ်ပေါ်ရသည်။


ဤနေရာ ဤဒေသသည် မိမိအတွက် ထူးကဲလွန်မြတ်သော အလိုဆန္ဒများကို ပြည့်စေနိုင်သော အောင်မြေအမှန်ပင်ဖြစ်သောကြောင့် နတ်ကောင်းနတ်မြတ်များက မဖြစ်စဖူး ထူးကဲသော စိတ်ခံစားမှုများကို ဖြစ်စေခဲ့ခြင်းဟူ၍ ထင်မြင်လာခဲ့ရပါသည်။ ကျန်စစ်သားစစ်သူကြီး ထိုနေရာမှာပင် ဘုရားရှင်၏ အရဟံအစ ဘဂဝါအဆုံးရှိသော (၉)ပါးသော ဂုဏ်တော်တို့ကို အထပ်ထပ်အခါခါ ရွတ်ဖတ်အာရုံပြု၍ လိုအပ်သော လိုအင်ဆန္ဒများကို ဆုတောင်းပတ္ထနာမှုပြုခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရှိရပါသည်။

ကျန်စစ်သားမင်းသည် ရှင်အရဟံမထေရ်မြတ်၏ ဩဝါဒကိုခံယူကာ ခမည်းတော် အနော်ရထာမင်း ဆောင်ရွက်တော်မူခဲ့သော သာသနာရေး ကိစ္စများကို နောင်တမလွန်အတွက်သာမက မျက်မှောက်ပစ္စုပ္ပန်တွင်လည်း ဉာဏ်ပညာ၊ စာရိတ္တများ တိုးတက်ရေး၊ ကုသိုလ်တရားများ အမြဲမပြတ် တိုးပွားစေမှုကို ရှေးရှု၍ စေတီပုထိုးတော်များကို ဆက်လက်ကုသိုလ်ပြု တည်ထားခဲ့ပါသည်။

ပိဋကတ်တော် စာပေများကို ပြန်လည်စုဆောင်းတည်းဖြတ် သုတ်သင်တော်မူခဲ့၍ အနော်ရထာမင်း တည်ခဲ့သော ရွှေစည်းခုံစေတီတော်ကို ဆက်လည်တည်ထားတော်မူခြင်း ပုဂံတွင် အာနန္ဒာနှင့် မင်းအိုချမ်းသာဘုရားတို့ကိုလည်း တည်ထားတော်မူခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိနိုင်ကြမည် ဖြစ်သည်။

အေဒီ(၁၁)ရာစု စတုတ္ထပုဂံအလယ်ပိုင်းခေတ်တွင် အလိုတော်ပြည့်ဘုရားကိုလည်း တည်ထားကိုးကွယ်ခဲ့သည်ဟု သိရပါသည်။

ကျန်စစ်သားစစ်သူကြီး အလိုတော်ပြည့်ဘုရားမတည်


အလိုတော်ပြည့်ဘုရားဆင်းတုတော်

မီ တောင်ကုန်းတွင် တောင်းဆိုခဲ့သော ဆုများမှာ-

(၁) ပုဂံနေပြည်တော်မှ စစ်သည်တော်အမြောက်အမြားနှင့် စစ်သူကြီးများ၊ လူစွမ်းကောင်းများ စစ်ချီလာကြောင်း သတင်းစကားကြားရရုံမျှနှင့် တစ်ဖက်ရန်သူ စစ်သည်များ ဆုတ်ခွာထွက်ပြေးခြင်း ဖြစ်ပါစေသတည်း။


(၂) ရန်အပေါင်းမှ အေးငြိမ်းလွတ်မြောက်ရပါစေသတည်း။

(၃) ပုဂံနေပြည်တော်မှ ရွှေထီးဆောင်းဘုရင်စကြာစံ ဖြစ်ခွင့်ရသည်တွင် ခက်ခဲနက်နဲသော ပြဿနာဟူသမျှကို လွယ်ကူစွာ ကျော်လွှားဖြတ်သန်းပြီး အလိုဆန္ဒဟူသမျှ ပြည့်ဝရပါစေသတည်း။

ထိုဆုသုံးဆုနှင့်အတူ ဤနေရာ၌ ဘုရားရှင်၏ ဂုဏ်တော်ကို အထပ်ထပ်အခါခါ အာရုံပြု၍ လေးလေးနက်နက် ဆုတောင်းခဲ့ခြင်း ဖြစ်ပါသည်။ ထို့အတူ ဆုသုံးဆုလုံး ပြည့်စုံခဲ့ပါက မိမိသည် ပုဂံနေပြည်တော်ကို ဘုရင်ဖြစ်ခွင့်ရခဲ့လျှင် မိမိနှင့်အတူ အများပြည်သူတို့ အပူဇော်ခံနိုင်ရန် ဘုရားတစ်ဆူ တည်ထားကိုးကွယ်ပါမည်ဟူ၍ သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြောင်း အစဉ်အဆက်လူကြီးများ၏ ပြောစကားများအရ သိရှိရပေသည်။

သစ္စာအဓိဋ္ဌာန်ပြုခဲ့သည့်အတိုင်း ပုဂံပြည့်ရှင်မင်း ဖြစ်

www.burmeseclassic.com



အလိုတော်ပြည့်စေတီတော်အား အဝေးမှ ရှုမြင်ရပုံ

လာခဲ့ချိန်တွင် အလိုတော်ပြည့်ဘုရားကို တည်ထားကိုးကွယ်ခဲ့ကြောင်း သိရှိရသည်။

အာလိုဝ်-အလို၊ အလိုဆန္ဒ

ပြည့်-ပြည့်စုံခြင်း၊ အစစအရာရာပြည့်စုံခြင်း၊ အောင်မြင်ခြင်း၊ အလုံးစုံအပြီးအစီးသို့ရောက်ခြင်း၊ ပေါက်မြောက်ခြင်း၊ ပြီးစီးခြင်းဟူသော အဓိပ္ပာယ်များကို ဖော်ဆောင်ပါသည်။

ယခုအခါ ကာလရွေ့လျောလာခဲ့က အာလိုဝ်ပြည့်မှ အလိုတော်ပြည့်ဟူ၍ တွင်ရစ်ကြောင်းသိရပါသည်။ အလိုတော်ပြည့်ဘုရား၏ ဗိသုကာလက်ရာများကို ထောက်ဆ၍ ကျန်စစ်သားမင်းကြီး လက်ထက်က တည်ခဲ့သော ဘုရားဖြစ်ကြောင်းကို သုတေသီများကလည်း မှတ်ချက်ချပေးခဲ့ကြပါ၏။

အလိုတော်ပြည့်ဘုရားကို ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့ပြီး နှစ်ပေါင်း(၁၀၀)ကျော်တွင် ရာသီဥတုဒဏ်၊ ငလျင်ဒဏ်၊ မသမာသူတို့၏ ဖျက်ဆီးမှုဒဏ်များကြောင့် ပျက်စီးခဲ့ရသည်။ ဤအပျက်အစီးတို့ကို နောင်သောအခါ အစဉ်သဖြင့် တည်တံ့ခိုင်မြဲရန် သင်ကြီး ငါတုတ်သင် အမည်ရှိ ရဟန်းတော်တစ်ပါးက ပြုပြင်တော်မူခဲ့သည်။

သင်ကြီး(ဘုန်းကြီး) ငါတုတ်သင်က အာလိုဝ်ပြည့် မည်သော ဂူဘုရားနှင့် စဉ့်ပုထိုးတော်အား ကောဇာသက္ကရာဇ်(၅၅၆)ခုနှစ်၊ နယုန်လဆန်း (၁၁)ရက်နေ့တွင် ပြုပြင်ပြီးစီးပါကြောင်းဟူသော ဂန္ထကုဋိတိုက်အတွင်း၌ အခိုင်အမာရေးထိုးထားသော နံရံမင်စာအရ သိရှိရပါသည်။

အလိုတော်ပြည့်ဘုရား၏ လိုဏ်ဂူတော်မှ ရှေးပုဂံလက်ရာ အမိုးစောင်း ပြာသာဒ်ပုံတော်ဖြစ်သည်။ အပြင်မှကြည့်ပါက လိုဏ်ဂူတစ်ခုလုံး ဘိလပ်မြေအသားနှင့်ကင်းနေခဲ့ပြီး နီရဲသော အုပ်ချပ်များနှင့် ခိုင်ခံ့အောင် ပြုပြင်တည်ဆောက်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ဘုရားလိုဏ်ဂူတော်အထဲသို့ ဝင်ရောက်ဖူးမြော်နိုင်ရန် အရှေ့ဘက်တွင် တန်ဆောင်းမုခ်ဦးတစ်ခု ရှိသည်။ ဘုရားလိုဏ်ဂူတော်၏ ဉာဏ်တော်အမြင့်မှာ ဖိနပ်မှ ငှက်ပျောဖူးအထိ (၄၅)ပေဖြစ်သည်။

ပစ္စယာ(၃)ဆင့်ရှိပြီး အလယ်ပစ္စယာ၌ အရံစေတီတော်(၄)ဆူကို ထောင့်လေးထောင့်၌ တည်ထားလျက်ရှိပါသည်။ ကြာအိုး၊ ကြာမှောက်၊ ကြာလန်၏ အထက်တွင် စိန်တန်းများ စီခြယ်ထားသည်ကို တွေ့မြင်နိုင်သည်။ လိုဏ်ဂူမုခ်ဦး၏ ဘေးတစ်ဖက်တစ်ချက်စီတို့တွင် ဆေးရေးပန်းချီများက မှေးမှိန်နေခဲ့ပြီပင်ဖြစ်ပါသည်။ ဘုရားလိုဏ်ဂူ အလယ်တည့်တည့်တွင် လေးထောင့်ပုံသဏ္ဌာန် အလယ်မဏ္ဍိုင်ကြီး တည်ရှိသည်။ အလယ်မဏ္ဍိုင်၏ လေးဖက်လေးတန်တွင် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူစီ သီတင်းသုံးလျက် တည်ရှိနေပါသည်။

အလိုတော်ပြည့်ဘုရားကို သက္ကရာဇ်(၅၅၆)ခုနှစ်တွင် သင်ကြီးငါတုတ်သင်မှ ပြုပြင်ခဲ့ပြီး နှစ်ပေါင်း(၈၀၀)ကျော် သဘာဝဘေးဒဏ်များ ခံခဲ့ရသည်။ တန်ခိုးကြီးစေတီဘုရားများကြားတွင် လူအဝင်အထွက် မရှိသလောက် နည်းပါးလာခဲ့ပြီး ချုံနွယ်မြက်ပေါင်းများ လွှမ်းခြုံနေခဲ့ကာ မထင်မရှားဖြစ် ပျောက်ကွယ်နေသကဲ့သို့ ဖြစ်ခဲ့ရပါသည်။

(၁၉၇၅)ခုနှစ် ငလျင်ဒဏ်ခံရသည့် ဘုရားစေတီများ၌ ပျက်စီးခဲ့သည့် ဘုရားပုထိုးများ စာရင်းထဲတွင် အလိုတော်ပြည့်ဘုရား ပါရှိခဲ့ပြီး အနည်းငယ်ကွဲအက်ပျက်စီးမှု ရှိခဲ့ပါသည်။ ရှေးဟောင်းသုတေသနမှ ဖာထေးပြုပြင်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်ခဲ့ပြီး (၁၉၉၂)ခုနှစ်တွင် ညောင်ဦးမြို့၊ အောင်မြေဗောဓိဓမ္မရိပ်သာကျောင်း၊ ကြက်မောက်တောင်ဆည်အနီး တောင်နီတောရ ဓမ္မရိပ်သာကျောင်း၏ ပဓာနနာယက နယ်လှည့်ဓမ္မကထိက၊ နယ်စပ်ဒေသသာသနာပြုအလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တအရိယဝံသမဟာထေရ်မှ တရားကျင့်ကြံတော်မူခဲ့ရာ အဓိဋ္ဌာန်အရ လိုအပ်ချက်များ ပြုပြင်တည်ဆောက် ဖော်ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ရဟန္တာအရှင်မြတ်တို့၏ အဓိဋ္ဌာန်ခြင်းကြောင့်ဖြစ်စေ၊ နတ်ဗြဟ္မာတို့၏ အဓိဋ္ဌာန်ခြင်းကြောင့်ဖြစ်စေ၊ သဒ္ဓါတရားရှိသူ လူပညာရှိတို့၏ အဓိဋ္ဌာန်ခြင်းကြောင့်ဖြစ်စေ ဘုရားစေတီတော်မှာ တန်ခိုးပြာဋိဟာ ပြတတ်သည်ဟု မိလိန္ဒပဉှာ (၂၉၇-၈)၌ ဖော်ပြထားရှိပါသည်။ ထို့အတူ စေတီတော်သည် ကုန်မျိုးစုံဖြန့်ခင်းထားသော လောကီဈေးရုံကုန်တိုက်ကြီးအလား ဇာတိ၊ သမ္ပတ္တိ စသောအကျိုးများကို ဖြန့်ခင်းထားရာ သာသနာဈေးရုံကုန်တိုက်ကြီး ဖြစ်ပေသည်။ အမျိုးဇာတ်၊ စည်းစိမ်ဥစ္စာ၊ အသက်ရှည်ခြင်း၊ အနာမဲ့၍ အဆင်းလှခြင်း၊ ပညာကြီးခြင်း စသော မာနုသိကသမ္ပတ္တိ၊ ဒိဗ္ဗသမ္ပတ္တိများကို သာသနာ့ဈေးရုံကုန်တိုက်ကြီးအဖြစ် ဖြန့်ခင်းထားရှိသည်။ ယင်းအကျိုးသမ္ပတ္တိများကို လိုလားတောင့်သူ ပုဂ္ဂိုလ်ဟူသမျှသည် အနည်းငယ်မျှသာ ကုသိုလ်ကံအဖိုးကို ပေးရုံမျှနှင့် ဝယ်ယူရရှိနိုင်သည်ဟူ၍ (မိလိန္ဒ ၃၂၃-၄)တွင် ဖော်ပြထားပါသည်။

အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တအရိယဝံသသည် ရဟန်း(၇)ဝါ စာသင်ခြင်းကိစ္စပြီး၍ အမရပူရမြို့၊ အဂ္ဂမဟာဏ္ဍိတ မိုးကုတ်ဆရာတော်၊ မူလမင်းကွန်းဆရာတော်၊ မုံရွာမြို့နယ် ရွှေသိမ်တော်တောရဆရာတော်၊ ဝေဘူဆရာတော်၊ တောင်ပုလုဆရာတော် စသော ပဋိပတ်အကျော်အမော် ဆရာတော်ကြီးများထံတွင် ပဋိပတ်ကျင့်စဉ်များကို နည်းနာခံယူ၍ တရားဘာဝနာများ စတင်ပွားများအားထုတ်ခဲ့သည်။

သထုံမြို့ မြောက်ဘက် မြသပိတ်တောင်၊ နေမိန္ဒရတောင်တို့တွင် သပိတ်တစ်လုံး၊ သုံးထည်သော သင်္ကန်းတို့ကိုဆောင်ကာ တစ်ပါးတည်း ရူတင်အကျင့်မြတ်ဆောက်တည်ခြင်း၊ ဧကစာရီတရားကျင့်ကြံတော်မူခြင်းတို့ဖြင့် တစ်တောဝင် တစ်တောထွက် ဗုဒ္ဓသာသနာတော်၏ တရားအသိပညာများကို အဖတ်တကုတ် ရှာဖွေကျင့်ကြံတော်မူခဲ့ပါသည်။

ထိုမှတစ်ဖန် ပုဂံသို့ ကြွရောက်သီတင်းသုံးခဲ့ကာ တန့်ကြည်တောင်တွင် တရားအားထုတ်ခဲ့ခြင်း၊ ပုဂံမြို့ ကျွန်စစ်သားဥမင်(ကျွန်စစ်သားဂူ)တွင် သုံးနှစ်လုံးလုံး အဓိဋ္ဌာန်ဆောက်တည်ကာ ကသိုဏ်းကုသိုလ် ရှုမှတ်ပွားများအားထုတ်တော်မူခဲ့ပါသည်။

ဆရာတော်၏ အဓိဋ္ဌာန်ပြီးစီးအောင်မြင်ပြီး နောက်တစ်ရက်တွင် ထင်ရှားသော အိပ်မက်တစ်ခု သုံးရက်ဆက်တိုက် မြင်မက်ခဲ့သည်။

သတ္တဝါများ အလိုဆန္ဒပြည့်အောင် ဤဘုရားကို သာသနာပြုရန် တိုက်တွန်းပါကြောင်း၊ အလိုဆန္ဒပြည့်ဝလိုသူများကိုလည်း သစ်သီးကိုးမျိုး၊ ပန်းကိုးမျိုး၊ ဆွမ်းကိုးခွက်၊ ရေကိုးခွက်၊ အလင်းတိုင်ကိုးတိုင်တို့ကို ဆက်ကပ်လှူဒါန်းပူဇော်ခိုင်းစေပါ။ ထို့နောက် ငါးပါးသီလ ခံယူဆောက်တည်စေ၍ ဂုဏ်တော်ကိုးပါးအဓိဋ္ဌာန်အဖြစ် ပုတီး (၉)ပတ်စိပ်ပြီး လိုအပ်သော ဆုတစ်ခုကို ဆန္ဒပြင်းပြစွာ တောင်းဆိုပါဟူ၍ သူတော်စင် ဝတ်ဖြူစင်ကြယ် ဘိုးတော်တစ်ဦးမှ အိပ်မက်ပေးခဲ့ခြင်း ဖြစ်သည်။

သို့ပါ၍ ကြီးမားသော ဆန္ဒတော်ဖြင့် ဦးစီး ကမ


အလိုတော်ပြည့်ဘုရား၊ဆင်းတုတော်

www.burmeseclassic.com

www.burmeseclassic.com



အလိုတော်ပြည့်ကျောင်းတိုက်၏
မဟာနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအရိယဝံသ

ကထပြုကာ အလိုတော်ပြည့်ဘုရား ဗုဒ္ဓပူဇနီယမင်္ဂလာပွဲတော်ကို (၁၃၅၄)ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် သစ်သီးငါးထောင်၊ ပန်းငါးထောင်၊ ဆွမ်းခွက်ပေါင်းငါးထောင်၊ ရေချမ်းငါးထောင်၊ ဆီမီးငါးထောင်တို့ဖြင့် ဘုရားရှင်အား ကပ်လှူပူဇော်ပြီး ဗုဒ္ဓဘိသေကအနေကဇာတင် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ခဲ့ပါသည်။

ထိုသို့ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပနေစဉ် ဖူးမြင်ရသူ လူထုပရိသတ်အပေါင်း အံ့ဩရလောက်အောင် လိုဏ်ဂူတော်တစ်ခုလုံး အရောင်အဆင်းအမျိုးမျိုးတို့ဖြင့် အထက်သို့ လျှံတက်၍ ဓာတ်တော်ကွန့်မြူးတော်မူပါသည်။

အလိုတော်ပြည့်ဘုရားသည် ညောင်ဦးမြို့ တောင်ဘက် တစ်မိုင်ခန့်အကွာ သီရိပစ္စယာလမ်းမကြီး အရပ်သူအရပ်သားတို့အခေါ် ဆူပာတိုလမ်း၏ မြောက်ဘက်ဘေးတွင် အလိုပြည့်ဂူဘုရားဟူသော ဆိုင်းဘုတ်နှင့်အတူ တွေ့မြင်နိုင်ကြမည် ဖြစ်ပါသည်။

**အလိုတော်ပြည့်ဘုရားရှိခိုး**

အလိုတော်ပြည့် မဟာနာမော
ဒေဝမာနုသ ပူဇိတော
သောရဟော ပစ္စယာဒီဟိ
မဟာလာဘံ ဒဒါတုမေ။

အလိုတော်ပြည့် မဟာနာမော-အလိုရှိတိုင်း မဆိုင်းမတွပြီးစီးရလျက် တောင်းတိုင်းပြည့်စုံ ကြံတိုင်းပြီးမြောက်အလိုတော်ရောက်၍ အလိုပြည့်(အာလိုဝ်ပြည့်)ဟု နာမည်ရတော်မူထားသော (ဝါ) ပုဂံခေတ်ရာဇ် မင်းကျန်စစ်သည်စစ်သူကြီးဖြစ်စဉ် ဆုပန်ခြွေ၍ ထိုပန်ခဲ့သမျှ ဆုဆန္ဒတို့ပြည့်စုံလုံလောက် အလိုတော်ရောက်၍ အလိုပြည့်(အာလိုဝ်ပြည့်)ဟု နာမည်ရတော်မူထသော ဒေဝမာနုသပူဇိတော-လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအများ သောင်းထိုက်သာတို့၏ ညွတ်တွားဦးခိုက် ပူဇော်အထူးကိုလည်း ခံယူတော်မူထိုက်ထသော၊ သောမုနိ-ဣဒ္ဓိရှင် သိဒ္ဓိရှင် တန်ခိုးတော်ရှင်ဖြစ်တော်မူသော၊ အကြင်အလိုတော်ပြည့် မြတ်စွာဘုရားရှင်သည်၊ ပစ္စယာဒီဟိ-ဒကာ ဒကာမ သဒ္ဓါကြွ၍ ထာဝရလှူဒါန်း သစ်သီးဆွမ်းနှင့် ရေချမ်း၊ ဆီမီး စသည့် ဥသပုံအလုံးစုံတို့ဖြင့်၊ ရဟောပူဇာရဟော-လေးမြတ်ကော်ရော် ပူဇော်ထိုက်လှပါပေ၏၊ သောမုနိ-ဣဒ္ဓိရှင် သိဒ္ဓိရှင် တန်ခိုးတော်ရှင် ဖြစ်တော်မူသော ထိုအလိုတော်ပြည့် မြတ်စွာဘုရားရှင်သည်၊ မေ အမှာကံ-အလိုပြည့်ရန် ဆန္ဒမွန်ဖြင့် ဆန္ဒပြည့်ကြောင်း အောင်ဆုတောင်းကြသည့် ဘုရားတပည့်တော် တပည့်တော်မတို့အား၊ မဟာလာဘံ-ကြီးကျယ်များလှ ဇောတိကနယ် ချမ်းသာကြွယ်ပြီး သီဝလိအလား စံမူထား၍ များပြားလှစွာ လာဘ်ချမ်းသာကို၊ ဒဒါတုဒေတု-ခုနှစ်ရက်အတွင်း စိတ်ဝယ်ရှင်း၍ လျှင်မြန်စွစွာ လက်ဝယ်ရအောင် ပေးသနားတော်မူပါ အလိုတော်ပြည့် မြတ်စွာဘုရား။

အလိုတော်ပြည့်ဘုရား၌ ဆုတောင်းအဓိဋ္ဌာန်ပြုလိုသူများ ဆရာတော် ညွှန်ပြထားသည့်အတိုင်း သစ်သီး၊ ပန်းတို့ကို ပြည့်စုံအောင်ကပ်လှူ၍ ပုတီးစိပ်လျှင် အပိုအလိုမရှိတိတိကျကျ ပုတီး(၉)ပတ်စိပ်၍ အဓိဋ္ဌာန်ပြုဆုတောင်းကြရန် ဖြစ်ပါသည်။ နံနက်(၆)နာရီမှ (၉)နာရီထိအချိန်သည် အကောင်းဆုံးအချိန် ဖြစ်သည်ဟု ဆရာတော်မှ အကြံပြုထားကြောင်း ဤစာစုနှင့်အတူ ဖော်ပြလိုက်ရပါသည်။ [သစ်သီး(၉)မျိုးတွင် ရှောက်သီး၊ သံပရာသီး၊ စပျစ်သီး၊ မာလကာသီးများ မပါဝင်ရပါ။]

ကိုမိုး(ရွှေပြည်သာ)

**စာကိုး**

* အရှင်ဝံသပါလ၏ အလိုတော်ပြည့်ဘုရားသမိုင်း။

www.burmeseclassic.com

www.burmeseclassic.com


# ကျားကဗ္ဗာ

佳葛巴　男性补药

# အမျိုးသားအားဆေး

အိမ်ထောင်ရှင် အမျိုးသားများ အကြောနှင့် ပတ်သက်၍ ထုံခြင်း၊ တျဉ်ခြင်း၊ ကိုက်ခြင်း၊ ညှို့ခြင်း၊ သေခြင်း၊ မြန်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောတက်ခြင်း၊ လေဖြတ်ပြီးသူများ လေမပြန်နိုင်ခြင်း၊ အိပ်မပျော်၊ စားမဝင်၊ ကျောက်ကပ်၊ နှလုံးအားနည်း၍ နှလုံးတုန်ခြင်း စသည့် ရောဂါများအတွက် ဆေးတစ်ဘူးမျှ ပုံမှန် သုံးစွဲခြင်းဖြင့် ထူးခြားသော ဆေးအာနိသင်ကို သိရှိရပါလိမ့်မည်။

**စိတ်သွားတိုင်းကိုယ်ပါ လိုအင်ဆန္ဒ ပြည့်ဝပါစေ**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR011424(0615) ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း)၀၅၆/၀၉၁၄

အမြို့မြို့ဆိုင်တိုင်းတွင် မေးဝယ်ပါ။

# ဆင်ကဘို ®

## ဆီးဝမ်းလေမှန် အကြောဖြေဆေးပြား

**သုံးစွဲနိုင်သောရောဂါများ**

ဤဆေးသည် ကျား/မ မရွေးဖြစ်သော အညောင်းအကိုက်၊ ပွေး၊ ဝဲ၊ ယားနာ၊ ဝက်ခြံ၊ အပူ၊ အပိမ့်များ၊ ဒူလာပါဒရက်၊ မီးယပ်ရောဂါ၊ ဆီးရောဂါ၊ လိပ်ခေါင်းရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ရန်ကုန်ဖြန့်ချိရေး - ကိုဝင်းမြင့်၊ မဘောဇီ၊ အမှတ်(၄၈၂)၊ (၁၅)လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။
☎ ၀၁-၂၂၆၃၈၂ ၊ ၀၁-၂၂၇၉၃၅
လှူထုံမေတ္တာစတိုး၊ အမှတ်(၁၂၁)၊ (၂၄)လမ်း၊ လသာမြို့နယ်။ ☎ ၀၁-၂၄၁၇၀၃
သိမ်ကြီးဈေး D ရုံ အတွင်းရှိ ဆေးမျိုးစုံဆိုင်များ၊ ရွှေပြည့်စုံဈေးနှင့် မင်္ဂလာဈေးရှိ ဆေးမျိုးစုံဆိုင်များ။

မန္တလေးဖြန့်ချိရေး - ကောင်းသန့်ဆေးဆိုင်၊ ၂၉ လမ်း(၈၃×၈၄ ကြား)၊ ရှင်ဘို့မယ်အရှေ့ဘက်ဝင်း၊ မန္တလေးမြို့။ ☎ ၀၂-၆၈၉၁၃
အောင်ရတနာဆေးမျိုးစုံဆိုင်၊ (၂၈×၈၃)လမ်းထောင့်၊ ☎ ၀၂-၃၅၀၆၁
မထွေး၊ မစုး ဆေးမျိုးစုံဆိုင်၊ (၂၇×၂၈)လမ်းကြား၊ (၈၇)လမ်းမကြီး၊ ☎ ၀၂-၃၁၄၇၇
ဈေးချို E ရုံ (မြေညီထပ်)နှင့် F ရုံ (ပထမထပ်)ရှိ ဆေးမျိုးစုံဆိုင်များမှတစ်ဆင့် မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိနေပါသည်။


ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၈/၂၀၁၄(တဆထလ)(၂၆၂၆)
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR- ၀၁၀၄၂၃(၀၆၀၅)

**ပင်ရင်း - ကျားကဗ္ဗာဘယဆေးဆိုင် - ၄၀၂(ဒေ)ရုံ၊ ကုန်ဈေးတန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။**
**ဖုန်း ၀၄ ၃၃၀၆၁၈၉၊ ၀၄ ၂၅၀၅၀၄၉၆၁၊ ၀၁-၃၇၁၁၈ ၂၂(လိုင်းခွဲ)၁၁၃**




www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုဖွယ်ဖူးမြော်ရသည့် လှည်းကူးမြို့ နိဗ္ဗာန်ဆိပ်ဦးမြတ်စွာဘုရား

## လှည်းကူးမြို့ ကျက်သရေဆောင်

ကျော်မင်းညွန့်(လှည်းကူး)

# နိဗ္ဗာန်ဆိပ်ဦးမြတ်စွာဘုရား

ဗုဒ္ဓမြတ်စွာသာသနာတော်သည် မြန်မာနိုင်ငံသို့ ပုဂံခေတ် အနော်ရထာမင်းနှင့် ရှင်အရဟံမထေရ်မြတ်တို့၏ ကောင်းမှုတော်ကြောင့် စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာအဖြစ် စတင်ကိုးကွယ်ခဲ့ရပါသည်။ ထေရဝါဒသာသနာတော်မြတ် မထွန်းကားမီကာလက ပုဂံသူပုဂံသားတို့သည် ဘယာအရဲ၊ တောတောင်သစ်ပင် မီးလျှံ၊ နေလနှင့် အရည်းကြီးတို့၏ ဆန္ဒအရ ဂါထာတော်များ မန်းမှုတ်ခြင်း၊ နတ်၊ နဂါး၊ ဘီလူး စသည့် ရုပ်တုများကို သာသနာအဖြစ် လွဲမှားစွာ ကိုးကွယ်ခဲ့ကြရသည်။ အနော်ရထာမင်းမြတ်နှင့် ရဟန္တာရှင်အရဟံသူမြတ်တို့၏ ကုသိုလ်ကောင်းမှုကြောင့်သာ ယနေ့ထိ ဗုဒ္ဓသာသနာတော် တည်ရှိထွန်းကားနေရခြင်း ဖြစ်သည်။

လက်ရှိယနေ့ ကမ္ဘာတွင် စစ်မှန်သော ထေရဝါဒအထွန်းကားဆုံး နိုင်ငံအဖြစ် အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံကိုသာ ကမ္ဘာတစ်ဝှမ်းလုံးက အသိအမှတ်ပြုထားပြီး ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင် နိုင်ငံတိုင်းမှ ထေရဝါဒနှင့် မဟာယာန ကိုးကွယ်သည့် နိုင်ငံတိုင်း ရဟန်း၊ ရှင်၊ လူများ မြန်မာနိုင်ငံသို့ လာရောက်လေ့လာ ပညာဆည်းပူး သင်ကြားနေကြရသည်။

နိုင်ငံအဝှမ်းရှိ တိုင်းနှင့်ပြည်နယ် (၁၄)ခုစလုံးတွင် သာသနာတော်ထွန်းကားပြီး နေရာအနှံ့ လက်ညှိုးထိုးမလွဲ စေတီပုထိုးများ ဖူးတွေ့နိုင်သဖြင့် ရွှေရောင်သာသနာလွှမ်းသော နိုင်ငံအဖြစ် GOLDEN LAND ဟု ထင်ရှားကျော်ကြားလျက်ရှိသည်။

ထင်ရှားကျော်ကြားသည့် GOLDEN LAND နိုင်ငံအဖြစ် နိုင်ငံတော်၏ မြို့ရွာတိုင်းဟု ဆိုရမတတ်။ ထင်ရှားသော၊ တန်ခိုးကြီးမားလှသော ဘုရား၊ စေတီ၊ ပုထိုးတော်များကလည်း နေရာအနှံ့ ကိန်းဝပ်စံပယ်လျက် ရှိသည်။

ဥပမာ–ရန်ကုန်တိုင်းဒေသကြီးတွင် ရွှေတိဂုံဘုရား၊ မန္တလေးတိုင်းဒေသကြီးတွင် မဟာမြတ်မုနိ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကောင်းမှုတော်၊ ပဲခူးတိုင်းဒေသကြီးတွင် ရွှေမော်ဓော၊ မွန်ပြည်နယ်တွင် ကျိုက်ထီးရိုးဆံတော်ရှင်၊



www.burmeseclassic.com

www.burmeseclassic.com

ကချင်ပြည်နယ်တွင် အင်းတော်ကြီးဘုရား၊ ရခိုင်ပြည်နယ်တွင် မဟာကျုန်ရုပ်ပွားတော်၊ မကွေးတိုင်းဒေသကြီးတွင် မကွေးမြသလွန်၊ ရှမ်းပြည်နယ်တွင် အင်းလေးဖောင်တော်ဦး၊ ကယားပြည်နယ်တွင် တောင်ကွဲစေတီ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဇလွန်ပြည်တော်ပြန် စသည်ဖြင့် ထင်ရှားသော ဘုရား၊ စေတီ၊ ပုထိုးတော်များ ရှိကြသည်။ ဖူးမြော်ကြရနိုင်သည်။

အမြို့မြို့အရွာရွာတွင်လည်း မြို့၏ကျက်သရေဆောင်ဘုရား၊ စေတီတော်များ ထင်ရှားစွာ တည်ရှိနေကြပြီး ဗုဒ္ဓသာသနာ ရောင်ဝါနေထက် ထွန်းလင်းပြန့်ပွားလျက် ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့တွင်လည်း သာသနာ့အလင်းဆောင် နေတစ်ဆူ လတစ်စင်းပမာ ထင်ရှားလှသော မြို့၏ကျက်သရေဆောင် မဟာအတုလသကျမာရ်အောင် ငါးထပ်ကြီးဘုရားနှင့် နိဗ္ဗာန်ဆိပ်ဦးဘုရားတို့ ထင်ရှားပါသည်။ မဟာအတုလသကျမာရ်အောင် ငါးထပ်ကြီးဘုရား သမိုင်းကိုမူ (၂၀၀၃)ခုနှစ်၊ မတ်လ ဓမ္မရုပ်စုံမဂ္ဂဇင်းတွင် ဖော်ပြပြီးဖြစ်၍ ယခု သာသနာ့ရိပ်သာ ဓမ္မာရုံကြီးတွင် ကိန်းဝပ်စံပယ်တော်မူသည့် နိဗ္ဗာန်ဆိပ်ဦး မြတ်စွာဘုရား သမိုင်းကြောင်းကို အကျဉ်းချုပ်မျှ တင်ပြလိုပါသည်။

**(တစ်)**

လွန်ခဲ့သော နှစ်ပေါင်း(၇၀)ခန့်က။

တိတိကျကျ ဆိုရပါလျှင် (၁၃၁၂)ခုနှစ်၊ (၁၉၅၀)ပြည့်နှစ်။

လောကမာရဇိန် ရွှေဘိုဆရာတော် ဘဒ္ဒန္တမုလိန္ဒ မဟာထေရ်အား လှည်းကူးမြို့ မင်းလမ်းမနေ ကျောင်းဒါယကာကြီး ဦးသက်ရှည်နှင့် ဦးထွန်းရင်တို့၏ ပင့်လျှောက်ချက်အရ ဆရာတော်၏ မယ်တော်ကြီးမှာ လှည်းကူးမြို့နယ် ဂျုံးဂျုံးကျကျေးရွာ ဇာတိဖြစ်၍ မယ်တော်ကြီးအား ကျေးဇူးဆပ်သည့်အနေဖြင့် ဆရာတော်ကြီးမှ ဒါယကာ ဦးသက်ရှည်၏ လျှောက်ထားချက် နောင်အခါ လှည်းကူးမြို့နယ်တွင် သာသနာတော် ထွန်းကားပြန့်ပွားလာမည်ကို သိမြင်တော်မူ၍ လက်ခံတော်မူပြီးလျှင် လှည်းကူးမြို့ပေါ်၌ မြတ်ဗုဒ္ဓ၏ တရားတော်များ ဟောပြောတော်မူပြီးလျှင် မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော် ပြန့်ပွားစေရေးအတွက် ဆရာ၊ ဒကာ ညှိနှိုင်းကာ အချိန်ပိုင်း တရားအားထုတ်ပုံကို လက်တွေ့သင်တန်းဖွင့်လှစ် သင်ပြဟောကြားတော်မူပါသည်။

(၁၃၁၂)ခုနှစ်တွင် လှည်းကူးမြို့မှ မဟာသတိပဋ္ဌာန်တရားတော်ကို ရှုမှတ်ပွားများကြသည့် ယောဂီများ၏ ပင့်လျှောက်ချက်အရ လှည်းကူးမြို့သို့ ကြွချီတော်မူကာ ကျောင်းဒါယကာကြီး ဦးထွန်းရင်၏ စီမံဆောင်ရွက်ချက်အရ သာသနာ့ရိပ်သာရပ်ကွက်၊ ရုံးဟောင်းလမ်း (ရုံးကြီးလမ်း)ရှိ ဓမ္မနန္ဒကျောင်းတိုက်အတွင်း၌ ယာယီရိပ်သာ ဖွင့်လှစ်ကာ မဟာသတိပဋ္ဌာန် တရားတော်ကို လက်တွေ့ဟောကြား ညွှန်ပြတော်မူခဲ့သည်။

ဤကဲ့သို့ ဆရာတော်ကြီး၏ ကျေးဇူးကြီးလှစွာသော ဝိပဿနာတရားပွဲများကို လှည်းကူးမြို့မှ သာသနာ့အကျိုးတော်ဆောင်များဖြစ်ကြသည့် ဦးထွန်းရင်၊ ဦးထွန်းခင်၊ ဦးထွန်းလှိုင်၊ ဦးဘငြိမ်း၊ ဦးမောင်လှ စသည့် မြို့မိမြို့ဖများက သာသနာပြုလုပ်ငန်းများအတွက် လိုအပ်သည်တို့ကို ဝိုင်းဝန်းထောက်ပံ့ ဖြည့်ဆည်းလှူဒါန်းခဲ့ကြသည်။

ဆရာတော်ဦးမုနိန္ဒ၏ ညွှန်ပြတိုက်တွန်းတော်မူချက်အရ လှည်းကူးမြို့ မြို့ပိုင် ဦးအောင်ခင်၊ ဒေါ်ရင်ရင်နှင့်



နိဗ္ဗာန်ဆိပ်ဦးဘုရားကြီး ကိန်းဝပ်ရာ ... ကျေးဇူးရှင် မဟာစည်ဆရာတော် ... ဓာတ်ပုံတော်နှင့် ...

www.burmeseclassic.com

မြို့နယ်လုံးဆိုင်ရာ ပဋိပတ္တိသာသနာ့နုဂ္ဂဟာအဖွဲ့ကြီးမှ ကြီးမှူး၍ သာသနာ့ရိပ်သာ မြေနေရာအတွက် ရှာဖွေကြရာ (၂၂.၂၄)ဧကရှိသည့် မြေနေရာကို တန်ဖိုးငွေ(၇၂၀၀)(ခုနစ်ထောင့်နှစ်ရာ)ကျပ်ဖြင့် စုပေါင်းဝယ်ယူပြီး (၁၃၁၂)ခုနှစ်အတွင်းမှာပင် ကမ္မဋ္ဌာန်းကျောင်း စသော သာသနာ့အဆောက်အအုံများ စတင်ဆောက်လုပ်ကြတော့သည်။

(၁၃၁၄)ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၄)ရက် (၂၂-၅-၁၉၅၂)ခုနှစ်၊ ကြာသပတေးနေ့တွင် လှည်းကူးမြို့၊ သာသနာ့ရိပ်သာဖွင့်ပွဲကြီးကို ဆရာတော်ကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်တော်မူကာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ကြွရောက်ချီးမြှောက် ဖွင့်လှစ်ပေးတော်မူခဲ့သည်။

## သာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်ချပွဲ

ဆရာတော်ကြီးမှ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးအဖွဲ့ကြီးကို ဖွဲ့စည်းတော်မူပြီးလျှင် သာသနာ့ဗိမာန်တော် အုတ်မြစ်ချပွဲတော်ကို (၁၃၂၅)ခုနှစ်၊ နတ်တော်လဆန်း (၈၊ ၉)ရက်နေ့ ညများတွင် ဆရာတော်ကြီး၏ တရားပွဲ၊ (၁၀)ရက်မှ (၁၄)ရက်နေ့တိုင် ရုပ်ရှင်နှင့်ပြဇာတ်၊ (၁၂)ရက်နေ့တွင် ဓာတ်တော်များနှင့် ရတနာအုတ်များ လှည့်လည်အပူဇော်ခံပွဲနှင့် လှင်းရောင်ခြည်အငြိမ့်၊ (၁၃)ရက်နေ့တွင် လူထုစိန်ဇာတ်နှင့် ဝင်းမေဗွာ အငြိမ်၊ (၁၄)ရက် (၂၄-၁၁-၁၉၆၄)ရက်၊ သောကြာနေ့တွင် အလျား(၁၉၄)ပေ အနံ(၈၀)ပေရှိ ကျပ်ငွေ(၅၀၀၀၀၀)ကျပ် ကုန်ကျမည့် နှစ်ထပ်တိုက် သာသနာ့ဗိမာန်တော် အုတ်မြစ်ချပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ညဘက်တွင် လူထုစိန်ဇာတ်အဖွဲ့ဖြင့် ဧည့်ခံခဲ့သည်။

## နိဗ္ဗာန်ဆိပ်ဦးဘုရားကြီး ပင့်ဆောင်ပွဲ

ထိုသာသနာ့ဗိမာန်တော်ကြီးတွင် တည်ထားကိုးကွယ်ရန်အတွက် ဉာဏ်တော်(၇)ပေ (၆)လက်မရှိသည့် ကြေးဆင်းတုရုပ်ပွား နိဗ္ဗာန်ဆိပ်ဦး မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို (၁၃၂၅)ခုနှစ်၊ တပို့တွဲလဆန်း (၄)ရက် (၁၇-၁-၁၉၆၅)ရက်၊ သောကြာနေ့တွင် မန္တလေးမြို့ (၄၅)တာ (၂၅၀၀)သာသနာ့ဗိမာန်တော်ကြီး၌ ယာယီသီတင်းသုံးနေတော်မူစဉ် ဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာတော်မူလျက် (၅)ရက်နေ့ အရုဏ်တက်အချိန်တွင် ဗုဒ္ဓဘိသေက မင်္ဂလာအခမ်းအနား ကျင်းပပူဇော်ပြီးလျှင် မန္တလေးမြို့မှတစ်ဆင့် ယာယီစံကျောင်းတော် မော်တော်ယာဉ်ဖြင့် ကျောက်ဆည်၊ မြစ်သား၊ ဝမ်းတွင်း၊ မိတ္ထီလာ၊ ရမည်းသင်းမြို့များသို့ ကြွချီတော်မူခဲ့သည်။

ရမည်းသင်းမြို့အရောက်တွင် ဆရာတော် သံဃာတော်များက ဒုတိယအကြိမ် ဗုဒ္ဓဘိသေက မင်္ဂလာအခမ်းအနား ကျင်းပပူဇော်ပြန်ပြီး တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေး၊ ရေတာရှည်၊ တောင်ငူမြို့များသို့ ဆွက်လက်ကြွချီတော်မူခဲ့သည်။

တောင်ငူမြို့တွင် ဆရာတော် သံဃာတော်များက တတိယအကြိမ် ဗုဒ္ဓဘိသေကမင်္ဂလာအခမ်းအနား ကျင်းပပူဇော်ပြန်သည်။ ပဲခူးမြို့အရောက်တွင် ပဲခူး ကြခတ်ဝိုင်းဆရာတော်နှင့် သံဃာတော်များမှ စတုတ္ထအကြိမ် ဗုဒ္ဓဘိသေက မင်္ဂလာအခမ်းအနား ပြုလုပ်ပူဇော်ကြပြန်သည်။ ရန်ကုန်မြို့ အရောက်တွင် ဆူးလေဘုရားကို ဦးခိုက်ပူဇော်ပြီး လှည်းကူးမှ ဆိုက်ကားတပ်ဖွဲ့၊ မြင်းလှည်း၊ နွားလှည်း၊ စက်ဘီး၊ မော်တော်ယာဉ်များဖြင့် ကြက်ပျံမကျ ကြိုဆို ပင့်ဆောင်ကြပြီး ကိန်းဝပ်စံမြန်းတော်မူမည့် လှည်းကူးမြို့ သာသနာ့ရိပ်သာဝင်းတွင်းရှိ ယာယီစံကျောင်းတော်သို့ စည်ကားသိုက်မြိုက်စွာ ထူးထူးကဲကဲ မြို့



နိဗ္ဗာန်ဆိပ်ဦးမြတ်စွာဘုရားကြီး ကိန်းဝပ်စံတော်မူသည့် နှစ်ထပ်စံကျောင်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com




ကျေးဇူးတော်ရှင် လောကမာရဇိန်
ရွှေဘိုဆရာတော် ဦးမုနိန္ဒ

နယ်လုံးကျွတ် ကြက်ပျံမကျ ပင့်ဆောင်တော်မူကြပါသည်။

ဘုရားကြီး စတင်ပင့်ဆောင်တော်မူလာသည့်(၁၃၂၅) ခုနှစ်၊ တပို့တွဲလဆန်း (၅)ရက်နေ့မှစ၍ နိဗ္ဗာန်ဆိပ်ဦးဘုရားပွဲတော်ကြီးအား စည်ကားသိုက်မြိုက်စွာ နှစ်စဉ် ယနေ့တိုင် (၁၃၇၈)ခုနှစ်တိုင် အစဉ်အလာမပျက် ကျင်းပမြဲ ဖြစ်ပါသည်။

နိဗ္ဗာန်ဆိပ်ဦး မြတ်စွာဘုရားသည် မန္တလေးမြို့ရှိ ထင်ရှားလှသော မဟာမြတ်မုနိဘုရားကြီး၏ ရုပ်ပွားတော်အဖြစ် သာသနာ့ရိပ်သာ ယာယီစံကျောင်းတော်တွင် (၃) နှစ်တိတိ သီတင်းသုံးစံပယ်တော်မူပြီးလျှင် လက်ရှိအလျား (၁၉၄)ပေ အနံ(၈၀)ပေရှိ နှစ်ထပ်တိုက်ကျောင်းတော်ပေါ်သို့ (၁၃၂၈)ခုနှစ်တွင် ပင့်ဆောင်ကိုးကွယ်ခဲ့ခြင်း ဖြစ်ပါသည်။

ဘုရားကြီး၏ သက်တမ်းတော်မှာ (၁၃၇၈-၁၃၂၅ = ၅၃) (ငါးဆယ့်သုံး)နှစ် ရှိတော်မူပြီး ယခုအချိန်တွင် ဘုရားကြီး၏ ဝေယျာဝစ္စကိစ္စအရပ်ရပ်ကို ရိပ်သာဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မလင်္ကာရမှ




တာဝန်ယူ စောင့်ရှောက်ထားလျက်ရှိပြီး လှည်းကူးမြို့သို့ ရောက်ခဲ့ပါလျှင် သက်ရှည် ကျန်းမာ ချမ်းသာ ဘေးရန်ကင်း လိုအင်ဆန္ဒများ ပြည့်ဝစေရန်အတွက် နိဗ္ဗာန်ဆိပ်ဦး ဆုတောင်းပြည့် မြတ်စွာဘုရားကြီးအား လာလှည့် ဖူးမြော်လှည့်ပါစေရန် ဆန္ဒပြုလျက်။

**ကျော်မင်းညွှန့်(လှည်းကူး)**

**စာကိုး**

၁။ လှည်းကူးမြို့ ရိပ်သာကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မလင်္ကာရထံမှရရှိနှင့်
၂။ လှည်းကူးမြို့ သာသနာပြုမှတ်တမ်း ဦးဖေမြင့် (သာသနာ့အလင်းရောင်)။
၃။ လှည်းကူးမြို့ ဓမ္မနန္ဒကျောင်းဒါယကာကြီး ဦးထွန်းရင်၏သမီး၊ အ.ထ.က(ငြိမ်း) လသာမြို့နယ်နှင့်
၄။ ခင်ပွန်း စာရေးဆရာ စိန္တိတ [ကျောင်းအုပ်ကြီး(ငြိမ်း)] ရန်ကင်း ဆရာအတတ်သင်ကောလိပ်တို့အား လေးစားလျက်။

www.burmeseclassic.com



ကိုးဘွဲ့ရဆရာတော် တည်ထားသော မိဘကျေးဇူးဆပ် သိမ်စေတီတော်အား အနီးကပ်ဖူးမြင်ရစဉ်

ရွှေတာလေး(လှိုင်သင်)

# ကိုးဘွဲ့ရဆရာတော်၏ မိဘကျေးဇူးဆပ် သိမ်စေတီတော်

(၁)

ကျွန်တော်သည် အကြောင်းကိစ္စတစ်ခုဖြင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ်ဘက်သို့ ရောက်ရှိသွားတိုင်း ဗိုလ်မှူးဗထူးလမ်းမကြီး၊ (၄၂)ရပ်ကွက်ထဲရှိ စံပယ်နေတော်မူကြသော နဂါးရုံဘုရားကို မိမိစီးလာသည့် လိုင်းကားပေါ်မှပင် လှမ်း၍ ဖူးမြော်ကြည်ညိုမိသည်။ ယင်းနောက်တစ်ဆက်တည်းဆိုသလို ကျောင်းတိုက်ပရိဝုဏ်ထဲတွင် တည်ထားကိုးကွယ်ထားသည့် ရွှေရောင်တဝင်းဝင်းနှင့် ကြည်ညိုသပ္ပာယ်ဖွယ်ကောင်းသော စေတီတော်တစ်ဆူကိုလည်း ဖူးမြော်လိုက်ရသည်။

စေတီတော်၏ ဘွဲ့အမည်ကား မိဘကျေးဇူးဆပ် သိမ်စေတီတော်ဟူ၍ မည်တွင်လေသည်။ ကျွန်တော်သည် (၂၀၁၁)ခုနှစ်၊ ဧပြီလထဲမှာပင် ကိုးဘွဲ့ရဆရာတော်၏ သာသနာပြုကျောင်းတိုက်တွင် ခုနှစ်ရက်တရားစခန်း ဝင်ရောက်ခဲ့ဖူးလေရာ ဆရာတော်နှင့် အတော်အတန် ရင်းနှီးဖူးမြော်ခွင့်ရခဲ့သဖြင့် စကနဦးက ဆရာတော်အား ထိုသိမ်စေတီအကြောင်းကို မေးမြန်းလျှောက်ထားချင်သော်လည်း ထိုစဉ်က တရားစခန်းရှိနေ၍ ဆရာတော် မအားမလပ်ဖြစ်နေသည့်အတွက် အသာလက်လျှော့နေခဲ့ရသည်။

သို့နှင့် တစ်ခါသော် မြောက်ဒဂုံသို့ ရောက်ရှိသွားပြီး လမ်းကြုံသည်နှင့် ဆရာတော်အား ဝင်ရောက်ဖူးမြော်စကားလက်ဆုံကျရင်း စာရေးဆရာပီပီ စေတီတော်အကြောင်းကို မေးမြန်းလျှောက်ထား စပ်စုလိုက်မိ၏။

ဆရာတော်သည် ကျွန်တော်သိချင်နေသော စေတီတော်အကြောင်းကို သဘောကောင်းစွာဖြင့် ရှင်းလင်းပြောပြရှာသမက စေတီတော်မှတ်တမ်း ဒီဗီဒီတစ်ချပ်နှင့် (၁၄-၈-၂၀၁၁)မှ (၂၈-၈-၂၀၁၁)အထိတိုင်အောင် ဒေသဂီတရားနာ ပရိသတ်များအတွက် ဆရာတော်ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

ဟောကြားတော်မူခဲ့သော လူတိုင်းအတွက် မေတ္တာတရား အပါအဝင် တရား(၆)ပုဒ်ပါ စစ်ကိုင်းတောင်ရိုး ပုဂ္ဂိုလ်ထူးကြီးများ ဒီဗီဒီ အခွေ သုံးချပ်တို့ကို ချီးမြှင့်တော်မူ၏။


စေတီတော်ကို နဂါးရုံဘုရားနှင့်အတူ ဖူးမြင်ရစဉ်

ထို့အပြင် ဆုတောင်းပြည့်စေလိုက ဆုတောင်းပြည့်စေတီတို့တွင် အဓိဋ္ဌာန်ဝင်လိုက လိုက်နာရမည့် အချက်များကိုလည်း ဆရာတော်က ထပ်မံရှင်းပြထားသည်။

**စကားချပ်**

ထိုစဉ်က ကျွန်တော်သည် ဆရာတော် ရှင်းလင်းပြောပြသော မိဘကျေးဇူးဆပ် သိမ်စေတီတော်အကြောင်းကို စာဖတ်ပရိသတ်ထံ ရေးသားတင်ပြချင်သော်လည်း အကြောင်းကြောင်းကြောင့် အလုပ်များနေသည့်အပြင် ကျန်းမာရေးပါ ချို့ယွင်းလာသဖြင့် ရေးသားတင်ပြရန် နောက်ကျခဲ့ခြင်း ဖြစ်ပါသည်။

(စာရေးသူ)

သို့ကြောင့် စာဖတ်ပရိသတ်များ ကြည်ညိုသဒ္ဒါပွားကြစေရန်အလို့ငှာ ဆရာတော်၏ မိဘကျေးဇူးဆပ် သိမ်စေတီနှင့် ဆုတောင်းပြည့်စေရန် လိုက်နာရမည့်အချက်များကို ဆက်လက်ရေးသား တင်ပြလိုက်ရပေတော့သည်။

◆◆◆

မိဘကျေးဇူးဆပ် သိမ်စေတီတော်ကို ဆရာတော်၏ မယ်တော် ဆန္ဒအရလည်းကောင်း၊ ဆရာတော် ကိုယ်တိုင်ကလည်း မိဘနှစ်ပါးစလုံးကို ရည်ရွယ်၍ ကျေးဇူးဆပ်သည့်အနေနှင့် စေတီတည်ထား ကိုးကွယ်လိုသောကြောင့်လည်းကောင်း တည်ထားခဲ့ခြင်းဖြစ်သည်။

စေတီတော် စတည်ရန် (၁၃၇၂)ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင် ပန္နက်ရိုက်ခဲ့ပြီး (၁၃၇၂) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ရွှေထီးတော် တင်လှူပြီးစီးခဲ့၏။ စေတီတော်၏ ဉာဏ်တော်မှာ (၄၅)ပေ အမြင့်ရှိပြီး (၉)တောင်ပြည့်စေတီရံ(၄)ဆူ တည်ထားသည်။ စေတီတော်၏ ပုရိဝုဏ်အကျယ် (၁၀၈)ပေပတ်လည် ရှိသည့်အပြင် လိုဏ်ပေါက်(၄)ပေါက် ဖွင့်ထားကာ အထဲတွင် ဗုဒ္ဓရုပ်ပွားတော်(၉)ဆူ စံပယ်တော်မူနေ၏။

ဆရာတော်၏ မယ်တော်ကြီး ဒေါ်ညိုညိုမှာ ဗုဒ္ဓဟူးသမီးဖြစ်သည့်အတွက် စေတီပလ္လင်တော် ပတ်ပတ်လည်၌ ဆင်တော်များက ကြာပန်း၊ ကြာခိုင်ငါးခိုင်နှင့် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ပူဇော်နေတန် နံရံမျက်နှာစာတစ်ဖက်လျှင် ဆင်တော်(၆)ကောင် ရုပ်လုံးကြွများ ပုံဖော်ထားရှိသဖြင့် မျက်နှာစာ(၄)ဘက် စုစုပေါင်းဆင်တော်(၂၄)ကောင်ကို


မိဘကျေးဇူးဆပ်သိမ်စေတီတော်အား အဝေးမှ ဖူးမြင်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရှိနိုင်ပေသည်။

ထို့အပြင် စေတီတော်ပေါ်သို့ အတက်အဆင်းလှေကားလက်ရန်း နံရံများတွင်လည်း ဆရာတော် ပညာသင်ကြားခဲ့သော စစ်ကိုင်း ရွှေဟသာ်္ဂတိုက်သစ်ကျောင်းတိုက်ကို အမှတ်ရစွာဖြင့် ရွှေဟသာ်္ဂရုပ်လုံးကြွများကိုလည်း ပုံဖော်ထားရှိသည်ကို တွေ့မြင်ရ၏။

စေတီတော်တည်ရာတွင် စုစုပေါင်းကုန်ကျငွေ သိန်း (၇၅၀)ကျပ်ရှိပြီး စေတီတော် စတည်ရာ၌-

(၁) ကိုးဘွဲ့ရဆရာတော်နှင့် မယ်တော်ဒေါ်ညိုညိုတို့က သိန်းတစ်ရာကျပ်၊

(၂) မြောက်ဒဂုံရှိ မူလမိဘဂုဏ်ရှိန် သစ်စက်မှ ဦးအေးသိန်းနှင့် ဒေါ်ငွေးမိသားစုတို့က သိန်းတစ်ရာကျပ်၊

(၃) မြောက်ဥက္ကလာပနေ ဦးကြည်မြင့်က သိန်းတစ်ရာကျပ် စသဖြင့် အသီးသီး မ,တည်လှူဒါန်းကြခြင်း ဖြစ်လေသည်။


<u>ဆုတောင်းပြည့်စေတီ ခေါ်မည်တွင်</u>

'အခု ဘုန်းကြီးတို့ တည်ထားတဲ့ မိဘကျေးဇူးဆပ်သိမ်စေတီက ဆုတောင်းပြည့်စေတီပဲ။ အမှန်တကယ်လည်း ဆုတောင်းပြည့်တယ်။ ဒီစေတီကို လာရောက်ဖူးမြော်ကြတဲ့ ဒကာ,ဒကာမတွေက ဆုတောင်းပြည့်တယ်လို့လည်း ဘုန်းကြီးဆီ လာလျှောက်ကြတယ်'

ဤသည်ကား စေတီတော်က ဆုတောင်းပြည့်ကြောင်းကို ဆရာတော် မိန့်တော်မူလိုက်ခြင်း ဖြစ်သည်။

ယင်းနောက် ဆရာတော်ကပင် ဆက်၍-

'ဆုတောင်းပြည့်စေတီတွေမှာ ဆုတောင်းရင် ငါးပါးသီလ လုံခြုံတဲ့သူတွေသာ ဆုတောင်းပြည့်နိုင်တယ်ဆိုတာလည်း မှတ်ထားဦး။ ငါးပါးသီလ မလုံက ဆုတောင်းမပြည့်နိုင်။ ဘာဖြစ်လို့လဲဆိုတော့ သီလရှိတဲ့သူဟာ စိတ်သီလ ဖြူစင်နေတာကြောင့် စိတ်ကြံစည်တိုင်း ပြည့်စုံနေလို့ပဲ။ တို့များဘုရားရှင်က အင်္ဂုတ္တိုရ် အာကင်္ခေယျသုတ္တန်မှာ ဣစ္ဆိတဗ္ဗိကမ္မဝေ သီလဝတော၊ စေဝေဘပဏိဓိဝိသုဒ္ဓတ္တာလို့ ဟောထားတယ်။ အဓိပ္ပာယ်ကတော့ ချစ်သားတို့.. သီလရှိ၊ သီလနှင့် ပြည့်စုံတဲ့သူဟာ ကြံစည်ကောင်း တရားမှန်သမျှ လိုတိုင်းတလို့ ဆုတောင်းပြည့်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ စိတ်နှလုံးသား ဖြူစင်သန့်ရှင်း အပြစ်ကင်းနေခြင်းကြောင့်ဖြစ်တယ်လို့ ဆိုတယ်'ဟု မိန့်တော်



ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ

မူပြီး ဆုတောင်းပြည့်စေတီတို့တွင် ဆုတောင်းပြည့်စေရန် အဓိဋ္ဌာန်ဝင်လိုက လိုက်နာပြုလုပ်ရမည့်အချက် ငါးချက်တို့ကိုပါ ဆက်လက်ရှင်းပြတော်မူ၏။

ထိုအချက် ငါးချက်တို့သည်ကား-

(၁) လှူဖွယ်ပစ္စည်းတစ်ခုခု ပါရှိရမည်။

(၂) သရဏဂုံသုံးပါး၊ ငါးပါးသီလ ဆောက်တည်ရမည်။

(၃) ဘုရားဂုဏ်တော်ပွားပြီး မေတ္တာပို့ရမည်။

(၄) နတ်ဒေဝတာတို့ကို အမျှဝေရမည်။

(၅) နတ်ဒေဝတာတို့ကို တိုင်တည်၊ လိုရာဆုတစ်ခုတည်းသာ တောင်းဆိုရမည် စသည်တို့ပင် ဖြစ်လေသတည်း။

**သုခီအတ္တာနံ ပရိဟရန္တု**

**ရွှေတလေး(လွယ်သင်)**

*(ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် လိုအပ်သည်များကို ဟောပြောမိန့်ကြားတော်မူသော ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအား ထာဝစဉ်ဦးခိုက်သတိရစွာဖြင့် ကျေးဇူးဥပကာရ တင်ရှိမိကြောင်း။)*



www.burmeseclassic.com

www.burmeseclassic.com

# သံသရာကိုကြောက်လို့ လောကီလူ့ဝတ်ကြောင်ကိုစွန့်ခဲ့သူ

## ပြင်ဦးလွင်မြို့ နောင်ခမ်းကြီးတောင်ခြေ မဟာမြိုင်တောရကျောင်းက

# ဆရာလေးဒေါ်ပညာသီရိ

သစ္စာမင်းခေါင်

ပြင်ဦးလွင်မြို့၊ နောင်ခမ်းကြီးတောင်ခြေက မဟာမြိုင်တောရကျောင်းတွင် သံသရာကိုကြောက်လို့ လောကီလူ့ဝတ်ကြောင်ကို စွန့်ပြီး သာသနာ့ဘောင်အတွင်းသို့ ရောက်ရှိလာခဲ့သူ သီလရှင်ဆရာလေးတစ်ပါးကို ထူးခြားစွာ တွေ့ရှိခဲ့ရ၏။ ဆရာလေး၏ ဘွဲ့မှာ ဒေါ်ပညာသီရိ ဖြစ်ပြီး သက်တော်(၆၈)နှစ်၊ ဝါတော်(၁၁)ဝါ ရှိပြီဖြစ်၏။ ရှမ်း-မြန်မာကပြား တစ်ဦးဖြစ်ပြီး ပြင်ဦးလွင်ဇာတိဖြစ်၏။

ယခင်က မန္တလေးမြို့၊ ရန်ကင်းတောင်ခြေ၊ ခလရ (၄)မှ တိုင်းလက်ရွေးစင်ဂိုးသမား ရဲဘော်သန်းလွင်၏ဇနီး ဖြစ်ပြီး သားသမီး(၄)ဦး ထွန်းကားခဲ့၏။ မိမိအသက် (၃၈)နှစ်အရွယ်တွင် ခင်ပွန်းဖြစ်သူ ရဲဘော်သန်းလွင်မှာ နိုင်ငံ့တာဝန် ထမ်းဆောင်ရင်း ကျဆုံးသွားခဲ့၏။ မုဆိုးမဘဝနှင့် သားသမီး(၄)ဦး လူလားမြောက်စေရေးအတွက် ဘဝကို ရိုးသားစွာ ရုန်းကန်လှုပ်ရှားခဲ့ရ၏။ ခင်ပွန်းဖြစ်သူ ငယ်ငယ်ရွယ်ရွယ်နှင့် ဆုံးပါးသွားခဲ့ရသည်ကိုလည်း ပူဆွေးငိုကြွေးမနေတော့ဘဲ ရုပ်နာမ်ခန္ဓာကိုယ်ကြီး၏ မမြဲသော သဘောကိုသာ ဆင်ခြင်၍ ပူဆွေးသောကတို့ကို ပယ်ဖျောက်ခဲ့၏။ ထိုမှအစပြု၍ ဆရာလေး၏ စိတ်အစဉ်တွင် ရုပ်နာမ်ခန္ဓာကိုယ်ဆိုတာ ဘာမျှအနှစ်သာရမရှိတဲ့ သူ့ဟာသူ ဖြစ်ပျက်နေတဲ့ ဒုက္ခအစုကြီးပါလား ဆိုတာကို နားလည်သဘော ပေါက်စပြုခဲ့၏။ သို့ဖြင့် သားသမီး(၄)ဦးသည်လည်း လူလားမြောက်ကာ အရွယ်ရောက် ကြီး



ဆရာလေးဒေါ်ပညာသီရိ ပြင်ဦးလွင်မြို့ ပါရမီမြတ်ကုန်းတော် တောရစခန်းမှ
သက်တမ်းနှစ်ပေါင်း(၃၀၀)ခန့်ရှိ ညောင်ပင်ကြီးအောက်၌ တရားဘာဝနာများ ပွားများအားထုတ်…



www.burmeseclassic.com

www.burmeseclassic.com

ပြင်းလာခဲ့ကြလေ၏။

ဆရာလေးသည် လူဝတ်ကြောင်ဘဝနှင့် လောကီလူ့ဘောင်တွင် နေထိုင်ရင်း မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားစခန်းများသို့ အကြိမ်ကြိမ်ဝင်ရောက်ခဲ့၏။ ထိုအခါ တဖြည်းဖြည်းနှင့် ရုပ်၊ နာမ်၊ ခန္ဓာကိုယ်ကြီး၏ မတည်မြဲသော၊ ဆင်းရဲသော၊ မိမိမပိုင်စိုးသော သဘောတို့ကို အထူးသိမြင် သဘောပေါက်လာခဲ့ပြီး သံသရာဆိုတာကိုလည်း ကြောက်လာခဲ့၏။ မမြဲသောရုပ်၊ နာမ်၊ ခန္ဓာကိုယ်ကြီးနှင့် အသစ်တစ်ဖန် ဘဝစပြီး သံသရာတွင် ကျင်လည်ရမှာကိုလည်း လွန်စွာထိတ်လန့်လာခဲ့၏။ သို့အတွက် လက်ရှိ ရပ်တည်နေရသော လူဝတ်ကြောင်ဘဝကိုလည်း ရွံမုန်းလာခဲ့၏။ လူဝတ်ကြောင်ကို စွန့်လွှတ်လိုစိတ် ဖြစ်ပေါ်လာခဲ့၏။ သို့ဖြင့် ဆရာလေးသည် မိမိအသက် (၅၈) နှစ်အရွယ်တွင် သားသမီးသံယောဇဉ်၊ သွေးချင်းမောင်နှမ သံယောဇဉ်၊ ဥစ္စာပစ္စည်းသံယောဇဉ်တို့ကို လုံးဝဖြတ်တောက် စွန့်ပယ်ကာ ပြင်ဦးလွင်မြို့ မိုးညိုသီလရှင်စာသင်တိုက်၌ သီလရှင်ဆရာလေးအဖြစ် သာသနာ့ဘောင်သို့ အပြီးအပိုင် ဝင်ရောက်ခဲ့လေ၏။ ထိုသီလရှင်စာသင်တိုက်၌ (၁)ဝါသီတင်းသုံးပြီးနောက် ပြင်ဦးလွင်၊ ဒိုးပင်တောင်တောရစခန်း၌ (၇)လကြာ သီတင်းသုံးပြီး ဝိပဿနာတရားကို ပြင်းပြင်းထန်ထန် ကြိုးပမ်းအားထုတ်ခဲ့၏။ ယင်းနောက်ပိုင်းတွင် ပြင်ဦးလွင်မြို့၊ နောင်ခမ်းကြီးတောင်ခြေ မဟာမြိုင်တောရကျောင်းက ဆရာတော် ဦးဣန္ဒက (ယခု ပျံလွန်)၏ တိုက်တွန်းခွင့်ပြုချက်အရ မဟာမြိုင်တောရကျောင်း၌ နေထိုင်သီတင်းသုံးခဲ့လေ၏။

## တစ်ပါးကျောင်းသခ်မ်းလေး ဆောက်လုပ်နေထိုင်သီတင်းသုံးခြင်း

ထို့နောက် မဟာမြိုင်တောရကျောင်း၏ ဆရာတော် ဦးဣန္ဒက,က သဘောတူခွင့်ပြုသဖြင့် အဆိုပါ မဟာမြိုင်တောရကျောင်း ပရိဝုဏ်အတွင်းတွင် မိမိလူဝတ်ကြောင်ဘဝတုန်းက ရန်းကန်စုဆောင်းထားခဲ့သော ငွေကြေးများကို မ,တည်ပြီး မိမိဒါနဆန် အလှူခံထွက်ရာမှ အလှူခံရရှိခဲ့သော ငွေကြေးများ၊ အသိမိတ်ဆွေ ဒကာ,ဒကာမတို့၏ ထည့်ဝင်လှူဒါန်းငွေများကို စုပေါင်းကာ သပ်ရပ်နိုင်ခဲ့သော သီလရှင် တစ်ပါးကျောင်းသခ်မ်းလေးတစ်ဆောင်ကို ဆောက်လုပ်ပြီး နေထိုင်သီတင်းသုံးခဲ့လေ၏။ ယင်း



ပြင်ဦးလွင်မြို့ သာသနာ့ရိပ်သာ တရားစခန်း၌ တရားပြဆရာတော်များနှင့်အတူ ဆရာလေး ဒေါ်ပညာသီရိ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်

တစ်ပါးကျောင်းသခ်မ်းလေးအတွင်း၌ ပါရှိသော တင့်တယ်သပ္ပာယ်သည့် ဘုရားခန်းကလည်း မြင်ရသူတို့အား လွန်စွာပင် နှလုံးစိတ်ဝမ်းကို အေးချမ်းစေ၏။ ဘုရားခန်းတွင် ပန်းမျိုးစုံကို နေ့စဉ် မညှိုးမနွမ်းရအောင် ကပ်လှူပူဇော်ထား၏။ အမယ်စုံသော သစ်သီးတို့ကိုလည်း နေ့စဉ်မပြတ် ကပ်လှူထား၏။ ရောင်စုံဖြာသော လျှပ်စစ်မီးဆိုင်းတို့ဖြင့်လည်း ကြည်ညိုသပ္ပာယ်စွာ ပူဇော်ထား၏။ နံနက်အရုဏ်ဦးအချိန်တွင် ပရိတ်တော်ရွတ်ဖတ်သံ၊ လိုက်လှဲသော မေတ္တာပို့သံများသည် ထိုဘုရားခန်းအတွင်း ဆွတ်ပျံ့ကြည်နူးဖွယ် ထွက်ပေါ်လာလေ့ရှိ၏။


## တစ်ပါးကျောင်းသခ်မ်းလေးအား ရေစက်ချလှူဒါန်းထားခြင်း

ဆရာလေး ဒေါ်ပညာသီရိသည် လက်ရှိ မိမိနေထိုင်သီတင်းသုံးလျက်ရှိသော တစ်ပါးကျောင်းသခ်မ်းလေးကို မဟာမြိုင်တောရကျောင်း ဆရာတော်ကြီး ဦးဣန္ဒက ပျံလွန်တော်မမူမီကတည်းကပင် မိမိ သံသရာမှ လွတ်မြောက်ရေး ကြိုးပမ်းအားထုတ်ရာတွင်, အထောက်အပံ့



www.burmeseclassic.com

www.burmeseclassic.com



ဆရာလေး ဒေါ်ပညာသီရိအား မိမိ၏ပစ္စယာနုဂ္ဂဟဖြင့် သာသနာ့ဘောင်သို့ ရောက်ရှိခဲ့သော ရဟန်းနှစ်ပါးနှင့်အတူ တွေ့မြင်ရစဉ်

ကောင်းတစ်ခု ဖြစ်စေရန် ရည်ရွယ်လျက် မိမိကွယ်လွန်သွားပြီးပါက ဤမဟာမြိုင်တောရကျောင်း၏ သာသနာ့ပစ္စည်းတစ်ခုအဖြစ် အသုံးပြုရန်အတွက် အပြီးအပိုင် ရေစက်ချ လှူဒါန်းထားခဲ့လေ၏။

**ဆရာလေး ဒေါ်ပညာသီရိ၏ တစ်ပိုင်တစ်နိုင်ဒါန**

ဆရာလေး ဒေါ်ပညာသီရိသည် မိမိ ဒါနခေါင်း အလှူခံရရှိသည့် ငွေကြေးများကို စုဆောင်းကာ မဟာမြိုင်တောရကျောင်း၏ လက်ရှိကျောင်းထိုင်ဆရာတော် ဦးဝဏ္ဏသာမိနှင့်တကွ ရဟန်းသာမဏေ၊ သီလရှင်တို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းတို့ကို အခါအားလျော်စွာ ကုသိုလ်ယူကာ တစ်ပိုင်တစ်နိုင် ဒါနပြုလျက်ရှိ၏။ ထို့ပြင် မဟာမြိုင်တောရကျောင်းရှိ ဝေးလံသော ရခိုင်ပြည်နယ်မှ ကိုရင်လေးများ နေထိုင်မကောင်း ဖြစ်သည့်အခါ လိုအပ်သည့်ဆေးဝါးများကိုလည်း ကုသိုလ်ယူ လှူဒါန်း၏။ အေးချမ်းလှသော ပြင်ဦးလွင်၏ ဆောင်းရာသီ အအေးဒဏ်ကို ကာကွယ်နိုင်ရန်အတွက် သာမဏေလေးများ လိုအပ်သော ခေါင်းစွပ်၊ အပေါ်ရုံ အနွေးထည်တို့ကိုလည်း ဝယ်ယူလှူဒါန်း၏။ မဟာမြိုင်တောရကျောင်း၏ မဟာရာမ်တံတိုင်း (၂) ခန်းစာနှင့် ကုဋီ(၂)လုံးအတွက်လည်း ဆရာလေး ဒေါ်ပညာသီရိက တာဝန်ယူလှူဒါန်းခဲ့၏။

ယင်းသို့သော လှူဒါန်းမှုများနှင့်ပတ်သက်၍ ဆရာလေး ဒေါ်ပညာသီရိက 'ဒီကုသိုလ်ကောင်းမှုတွေဟာ ဆရာလေး ကြောက်တဲ့ သံသရာက လွတ်မြောက်ဖို့အတွက် တစ်စုံတစ်ရာ အထောက်အပံ့ ဖြစ်လိမ့်မယ်လို့ ဆရာလေး ယုံကြည်ပါ‌တယ်' ဟု ဆို၏။

**ရဟန်းအမကြီး ဒေါ်ပညာသီရိ**

ဆရာလေး ဒေါ်ပညာသီရိသည် ဘဝများစွာနှင့် သံသရာလည်မှုကို အလွန်တရာ ကြောက်ရွံ့ထိတ်လန့်ပြီး ဘဝတိုတိုနှင့် သံသရာကို ကင်းပြတ်စေရန်အတွက် ဝိပဿနာတရားများ အပတ်တကုတ် ကြိုးပမ်းအားထုတ်လျက် ရှိသည့်အပြင် အလှူဒါနများကိုလည်း အခါအားလျော်စွာ ပြုလုပ်လျက်ရှိ၏။ (၂၀၀၃)ခုနှစ်ကလည်း ပြင်ဦးလွင်မှ ရဟန်းလောင်းနှစ်ပါးကို မြင့်မြတ်သော သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပြီး သာသနာ့အမွေ



ဆရာလေး ဒေါ်ပညာသီရိအား ပြင်ဦးလွင်မြို့ သာသနာ့ရိပ်သာ တရားစခန်း၌ တွေ့မြင်ရစဉ်

www.burmeseclassic.com



ဆရာလေး ဒေါ်ပညာသီရိ ဗုဒ္ဓဂယာသို့ ဘုရားဖူးရောက်ရှိစဉ် (ရှေ့တန်းမှ ၆)

ခံယူကာ ရဟန်းအမကြီး ဒေါ်ပညာသီရိ ဖြစ်လာခဲ့၏။

ဤကောင်းမှုကုသိုလ် အပါအဝင် မိမိပြုခဲ့သမျှသော၊ ပြုလုပ်ဆဲဖြစ်သော၊ ပြုလုပ်လတ္တံ့သော ကုသိုလ်ကောင်းမှု အဝဝအတွက် မိမိအလိုချင်ဆုံးသောအရာမှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ဘဝမျိုးကိုလည်း မလိုချင်ပါ။ မိမိလွန်စွာ ကြောက်ရွံ့ထိတ်လန့်သော ဘဝထိုထိုနှင့် သံသရာလည်ခြင်းမှ လွတ်မြောက်ခြင်းကိုသာ လိုချင်ပါသည်ဟု ဆရာလေးက ပြော၏။

## နှစ်စဉ်မပျက် ဆွမ်းသပိတ်အလှူရှင် ဒေါ်ပညာသီရိ

ဆရာလေး ဒေါ်ပညာသီရိသည် သံသရာကို ကြောက်လန့်သူပီပီ သံသရာမှကင်းလွတ်ဖို့ အထောက်အပံ့ကောင်းများ ရရှိစေရန်ရည်ရွယ်လျက် ဆွမ်းသပိတ် လောင်းလှူခြင်းကိုလည်း နှစ်စဉ်မပျက် ဆောင်ရွက်လျက် ရှိ၏။ ပျံလွန်တော်မူပြီးဖြစ်သည့် မဟာမြိုင်တောရကျောင်း၏ ဆရာတော်ကြီး ဦးဣန္ဒကအတွက် ရည်စူးပြုလုပ်သည့် ဆွမ်းသပိတ်လောင်းလှူပွဲကို နှစ်စဉ် တော်သလင်းလတွင် ကျင်းပ၏။ ဆွမ်းသပိတ်ဟူသည်မှာ အသစ်ဝယ်ယူထားသော သပိတ်ထဲတွင် ဆွမ်း၊ ဆွမ်းဟင်းများကို အဆင်သင့်ထည့်ပြီး သပိတ်အဖုံးပေါ်တွင် ဝတ္ထုငွေကြေးများ၊ ဆပ်ပြာ၊ ဗလာစာအုပ်၊ ဘောပင်၊ မျက်နှာသုတ်ပဝါ စသည့်လှူဖွယ်ပစ္စည်းများ တင်ဆောင်ကာ ကြွရောက်လာသော ရဟန်းသာမဏေတို့အား လှူဒါန်းခြင်းပင်ဖြစ်၏။ ထိုဆွမ်းသပိတ် လောင်းလှူပွဲတွင် ဆရာလေး ဒေါ်ပညာသီရိသည် နှစ်စဉ် ဆွမ်းသပိတ်(၇)လုံးကို တာဝန်ယူလှူဒါန်း၏။


ပြင်ဦးလွင်မြို့ နောင်ခမ်းကြီးတောင်ခြေရှိ
မဟာမြိုင်တောရကျောင်း ဝန်ရုံတော်၌
ကျင်းပသော ဆွမ်းသပိတ်လောင်းလှူပွဲတွင် မိမိလှူဒါန်းသည့်
ဆွမ်းသပိတ်(၇)လုံးနှင့်အတူ ဆရာလေးဒေါ်ပညာသီရိအား
တွေ့မြင်ရစဉ်

## ဆရာလေးဒေါ်ပညာသီရိ၏ ဗုဒ္ဓဂယာသို့ ဘုရားဖူးခရီး

ဆရာလေး ဒေါ်ပညာသီရိသည် သီလရှင်ဘဝသို့ ရောက်သည့်နေ့မှစ၍ မြတ်ဗုဒ္ဓပွင့်တော်မူရာ ဗုဒ္ဓဂယာသို့ ဘုရားဖူးခရီးသွားလိုသည့် ရည်ရွယ်ချက် ထားရှိခဲ့၏။ သို့ဖြင့် ဆရာလေး ဒေါ်ပညာသီရိသည် (၅-၁၁-၂၀၁၄) ရက်နေ့တွင် ဗုဒ္ဓဂယာသို့ သွားရောက်နိုင်ခဲ့ပြီး ဘုရားရှင်ဖွားတော်မူရာ၊ ပွင့်တော်မူရာ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ၊ ပရိနိဗ္ဗာန်စံတော်မူရာ နေရာဌာနများအပါအဝင် မြတ်ဗုဒ္ဓနှင့်စပ်လျဉ်းသည့် နေရာဌာနအများအပြားကို ဖူးမြော်ကြည်ညို ရောက်ရှိခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဂယာခရီးနှင့် ပတ်သက်၍ ဆရာလေး ဒေါ်ပညာသီရိက 'ဗုဒ္ဓဂယာကို ရောက်ခဲ့ရတော့ မြတ်ဗုဒ္ဓကို ပိုမိုကြည်ညိုစိတ် ဖြစ်ပေါ်ခဲ့ရပါတယ်။ တခြားသော ရဟန်း၊ ရှင်၊ လူတို့အနေနှင့်လည်း ဗုဒ္ဓဂယာကို ရောက်နိုင်ကြပါစေလို့ ဆရာလေး မေတ္တာပို့ပါတယ်' ဟု ဆို၏။



ဆရာလေး ဒေါ်ပညာသီရိ ဗုဒ္ဓဂယာ ရောက်ရှိစဉ်က မြန်မာကျောင်း ဆောက်ရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်

**အေးငြိမ်းသော ဆရာလေး ဒေါ်ပညာသီရိ၏ဘဝ**

ဆရာလေး ဒေါ်ပညာသီရိတွင် တစ်စုံတစ်ရာသော စိုးရိမ်သောက ပူပန်မှုများ ကင်းရှင်း၏။ စိုးရိမ်ပူပန်မှု၊ ဒေါသ၊ မောဟဖြစ်မှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါကလည်း ရုပ်၊ နာမ်၊ ခန္ဓာကိုယ်ကြီး၏ ဖြစ်ပျက်မှုကိုရှုကာ စိုးရိမ်သောက၊ ဒေါသ၊ မောဟတို့ကို ပယ်ဖျောက်လိုက်သည်ဟု ဆို၏။ ဆရာလေး ဒေါ်ပညာသီရိ၏ ဘဝသည် ပကတိအေးချမ်းမှု ရှိသည်ကိုလည်း သတိပြုမိခဲ့၏။

နံနက်အရုဏ်ဦးတွင် ဆရာလေးသည် ဆွမ်းနှင့်တကွသော ဆွမ်းဟင်းတို့ကို ဘုရားရှင်အား ကပ်လှူ၏။ မြတ်ဗုဒ္ဓ၏ သုတ်တော်၊ ပရိတ်တော်တို့ကို ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုပူဇော်၏။ မိမိ၏ ကျောင်းသခ်မ်းပတ်လည်တွင် တံမြက်စည်းလှည်း၏။ မြက်ရိုင်းချုံနွယ်တို့ကို ရှင်းလင်း၏။ ဤသည်မှာ ဆရာလေး ဒေါ်ပညာသီရိ၏ အာစိဏ္ဏကံ နေ့စဉ် ပြုလုပ်နေကျပင်ဖြစ်၏။ ဆရာလေး ဒေါ်ပညာသီရိ၏ ကျောင်းသခ်မ်းပတ်လည်သည် ရှင်းသန့်နေ၏။ ကျောင်းသခ်မ်းပတ်လည်တွင် ဆရာလေး စိုက်ပျိုးထားသော ရောင်စုံပန်းခင်းများကလည်း မျက်စိပသာဒကို အေးမြစေ၏။ ဆရာလေးသည် မိမိကျောင်းသခ်မ်းအနီးတွင် မြက်ရိုင်းချုံနွယ်များကို ရှင်းလင်းပြီး စိုက်ခင်းလေးတစ်ခုကိုလည်း ဖန်တီးစိုက်ပျိုးထား၏။ ထိုစိုက်ခင်းမှ ထွက်ရှိသော ဘူး၊ ဖရုံ၊ သခွား၊ ပြောင်း၊ ပဲသီး စသည့် ဟင်းသီးဟင်းရွက်များကို မိမိ၏ အရုဏ်ဆွမ်း၊ နေ့ဆွမ်းအတွက် ခူးဆွတ်ချက်ပြုတ်၏။ ဤသို့ဖြင့် ဆွမ်းကိစ္စအတွက် စီစာချုပ်စရာ မလိုတော့ဘဲ ကိစ္စပြီးစေသည်ဟု ဆို၏။ ထို့ပြင် ထိုစိုက်ခင်းမှရရှိသော ဟင်းသီးဟင်းရွက်များကို မဟာမြိုင်ကျောင်းရှိ ရဟန်းသာမဏေများအတွက် အရုဏ်ဆွမ်း ချက်ပြုတ်ရန်လည်း အခါအားလျော်စွာ ဆရာလေးက ပေးပို့လှူဒါန်း၏။

သံသရာကိုကြောက်သော ဆရာလေး ဒေါ်ပညာသီရိ၏ မျက်မှောက်ဘဝ အခြေအနေသည်ကား လွန်စွာငြိမ်းချမ်းပါ၏။ လောဘ၊ ဒေါသ၊ မောဟတို့ကို အတတ်နိုင်ဆုံး ပယ်ဖျောက်ကာ သံသရာကင်းပြတ်စေရန် တရားဘာဝနာများကိုသာလျှင် အပတ်တကုတ် ကြိုးပမ်းအားထုတ်နေသော ဆရာလေး ဒေါ်ပညာသီရိ၏ ဘဝပုံရိပ်များသည် လေးစားအတုယူဖွယ်ပင် ဖြစ်ပါ၏။

◆◆◆

သံသရာကိုကြောက်လို့ သံသရာက လွတ်မြောက်ရန် ကြိုးပမ်းအားထုတ်နေသော ပြင်ဦးလွင်မြို့ နောင်ခမ်းကြီးတောင်ခြေ မဟာမြိုင်တောရကျောင်းက ဆရာလေး ဒေါ်ပညာသီရိ၏ ဘဝသည်ကား ဤဘဝ၏နိဂုံးတိုင် ချမ်းမြေ့ခြင်း၊ ငြိမ်သက်အေးချမ်းခြင်းတို့နှင့် လုံးဝဥဿုံ ပြည့်စုံနေလိမ့်မည်ဖြစ်ပြီး ကြောက်မက်ဖွယ် သံသရာမှလည်း ဆောလျှင်စွာ လွတ်မြောက်နိုင်လိမ့်မည်ဟု ယုံကြည်ပါ၏။

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။

**မေတ္တာညီ၍**
**သစ္စာခင်းခေါင်**

www.burmeseclassic.com

# ရွှေတိဂုံပန်းချီအနုပညာ

ယောနကာဘိုးထောင်

ရွှေတိဂုံပန်းချီအနုပညာကို စတင်ခံစားရေးဆွဲသူများမှာ အင်္ဂလိပ်၊ ဒတ်(ချ်)၊ ပြင်သစ်၊ ရှုမေနီးယား ကုန်သည်များ ဖြစ်သည်။ ရွှေတိဂုံ အံ့ဘနန်းရုပ်ပုံလွှာကို သူတို့နိုင်ငံ၊ သူတို့နေရပ်သို့ ပုံတူကူးဆွဲကာ ယူဆောင်သွားကြသည်။ မင်၊ ခဲ၊ ဆေးရောင်တို့ဖြင့် သူတို့ တွေ့ရှိသမျှ မြင်ကွင်းအစုံကို မှတ်တမ်းတင် ရေးဆွဲခဲ့ကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်သော Soctt O. Corner ဆိုသူ အင်္ဂလိပ်လူမျိုး စာရေးဆရာ တစ်ဦးက သူ၏ The Slilen East ဟူသော စာအုပ်တွင် မြန်မာနိုင်ငံတော်၌ ရှိရှိသမျှသော အခြားဝတ္ထုများ အကယ်၍ ပျက်စီးဆုံးရှုံးသွားသည့်တိုင် ရွှေတိဂုံစေတီတော်မြတ်ကြီးကိုသာ အထင်အရှား ကျန်ရစ်အောင် ထိန်းသိမ်းထားမည်ဆိုပါက မြန်မာလူမျိုးတို့ ဓလေ့စရိုက်၊ အမူအရာများအကြောင်းကို ကမ္ဘာသို့ ပြောပြရန် လုံလောက်သောအကြောင်းအရာများ ကျန်ရစ်နေပေလိမ့်ဦးမည် ဖြစ်ပေသည်ဟူ၍ ရွှေတိဂုံစေတီတော်ပုံ ပန်းချီခြစ်ကောက်ကြောင်း ရေးဆွဲမှတ်တမ်းတင် ထားရစ်ခဲ့သည်။

ကမ္ဘာကျော် စာရေးဆရာကြီး ရုဒ်(ဒ်)ယာ့(ဒ်)ကစ်ပလင်းသည် (၁၉)ရာစု ဆယ်စုနှစ်တစ်ခုတွင် ရန်ကုန်ကို ရောက်လာခဲ့သည်။ သူသည် ပင်လယ်ဝမှ ရန်ကုန်မြစ်ကြောင်းအတိုင်း ရေကြောင်းခရီးနှင့် ရောက်ရှိလာခဲ့သည်။ ရန်ကုန်ဆိပ်ကမ်း မရောက်မီ အဝေးမှ လှမ်းမြင်ရသော မြင်ကွင်းကို သူ၏ အရှေ့တိုင်းမှ ပေးစာများတွင် ဤသို့ ဤနှယ် ဖော်ပြထားပါသည်။

"The a golden Mystery Upheaved itself on the horizon a beautiful, Winking wonder that blare in the sun, of a shape that was neither muslim doon nor Hindu temple spire, It stood upon a green knoll"

" There's the old shway Dagon" said my companion. The golden doom said, " This is Burma, and it will be quite Un like any you Know about".

Rudyard Kipling

Letters from the East (1889)

အဲဒီနောက် မိုးကုပ်စက်ဝိုင်းမှာ ရွှေရောင်တောက်ပနေတဲ့ အခြင်းအရာကြီးတခု ပေါ်ထွက်လာပါတယ်။ စိတ်နှလုံးကြည်နူးစရာကောင်းကောင်းနဲ့ ဝင်းခနဲ လက်ခနဲ အရောင်ထွက်နေတယ်။ နေရောင်ထဲမှာ တောက်ပနေတဲ့ အခြင်းအရာကြီးတစ်ခု ဖြစ်ပါပေတယ်။ ပုံသဏ္ဌာန်အမိုးခုံးခုံးလည်း မဟုတ်ပါ။ ဘုရားကျောင်း ချွန်ချွန်လည်း မဟုတ်ပါ။ အဲဒီအရာဟာ တောင်ကုန်းစိမ်းစိမ်းပေါ်မှာ တည်နေပါတယ်။ အဲဒါက ရွှေတိဂုံစေတီတော်ကြီးလို့ ကျွန်တော့်အဖော်က ပြောပါတယ်။ ရွှေရောင်ခုံးခုံးကြီးကတော့ ဒါဟာ မြန်မာပြည်ဖြစ်တယ်။ သင်တို့သိတဲ့ ဘယ်နိုင်ငံနဲ့မှမတူဘဲ လုံးဝကွဲပြားခြားနားလိမ့်မယ်လို့ ညွှန်းဆိုရေးသားထားပါသည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်း(ဘုံဘေ)မြို့မှာ မွေးသော ကစ်ပလင်းသည် မြန်မာပြည်ကို ရောက်လာခဲ့သည်။ သူ အသက်(၂၀)ကျော်ကျော်မှာ ဖြစ်သည်။ သူရေးဖွဲ့ခဲ့သော Road To Mandalay ကဗျာကြီးသည် အနောက်တိုင်းမှာ မကြာခဏ ကိုးကားဖော်ပြခံရပါသည်။ ရန်ကုန်မြို့ကို ကစ်ပလင်း ရောက်လာချိန်မှာ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲနဲ့ အင်္ဂလိပ်က ရန်ကုန်အပါအဝင် အောက်မြန်မာပြည်ကို သိမ်းပိုက်အပြီး နှစ်ပေါင်း(၃၅)နှစ်ကျော်ကျော်မှာ ဖြစ်ပါသည်။ ရန်ကုန်မြို့ကိုအဝင် ရန်ကုန်မြစ်အတွင်းကနေ ကစ်ပလင်း မြင်တွေ့ခဲ့ရသည်မှာ နှစ်ပေါင်း(၁၀၀)ကျော်ကျော် ဖြစ်နေပါပြီ။ သို့ပေမယ့် ရွှေရောင်ဝင်းလက်နေဆဲ



www.burmeseclassic.com

www.burmeseclassic.com


ရွှေတိဂုံစေတီတော်မြတ်ကြီးကတော့ ရန်ကုန်မြို့ကြီးကို အပေါ်က အုပ်မိုးထားဆဲ ဖြစ်သည်။ ကမ္ဘာမှာ အခြား အရေးပါလှသော တခြားမြို့ကြီး တစ်မြို့ကို တစ်ခုတည်းသော တခြားဘယ်အရာကမှ အခုလို ရွှေတိဂုံစေတီတော်ကြီးကို မိုးထားတာ မရှိပါလို့ မြန်မာပြည်လမ်းညွှန်စာအုပ် ရေးထားသော ခရီးသွားလုပ်ငန်းပညာရှင်အဖွဲ့ တစ်ဖွဲ့က ဆိုခဲ့ပါသည်။

ရွှေတိဂုံစေတီတော်ကြီးဟာ ထုထည်ကြီးမားထည်ဝါနေတာကြောင့် ထူးကဲဗိသုကာလက်ရာ ကောင်းချီးမင်္ဂလာကြီးတစ်ခု ဖြစ်နေသည်သာ မဟုတ်ပါ။ ဗုဒ္ဓဝါဒက လူတွေရဲ့ ဘဝအထွေထွေမှာ ပျံ့နှံ့သက်ရောက်နေတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အဖြစ်အနေအဆောက်အအုံကြီး ပြည့်စုံနေတဲ့ သင်္ကေတအမှတ်အသားတစ်ခုလည်း ဖြစ်နေပါတယ်။

အဲဒါ အမှန်ပါပဲ။ စေတီတော်ကြီးရဲ့ တောက်ပနေတဲ့ ရွှေပြားတွေအပေါ် ကျရောက်ရာက ပြန်ခုန်ထွက်လာပြီး ကန်တော်ကြီးရဲ့ ကြည်လင်တည်ငြိမ်နေတဲ့ရေပြင်မှာ ရောင်မြန်ဟပ်နေတဲ့ အရုဏ်ဦး ပထမဆုံး ရောင်ခြည်ဝန်းတွေကို စောင့်ကြည့်ရတာထက် ပိုပြီးအံ့မခန်း စွဲမက်ဖွယ်ကောင်းတဲ့ မြင်ကွင်းတစ်ခုကိုတွေ့ရဖို့ မခိုထားနဲ့၊ စိတ်ကူးကြည့်ရတာတောင် ခက်ခဲနေမှာ အမှန်ပါပဲ။

ဒါပေမဲ့ တစ်ချိန်က ရန်ကုန်မြို့ရဲ့ ဗဟိုအချက်အချာကနေ မြောက်ဘက် သုံးကီလိုမီတာ အကွာမှာရှိတဲ့ သိင်္ဂုတ္တရကုန်းတော်ပေါ်ကနေ ရွှေတိဂုံစေတီတော်ကြီးကတော့ ရန်ကုန်မြို့ကြီးကို မိုးထားနိုင်တယ် ဆိုတာကလည်း တကယ်တော့ အပြည့်အဝပါရှိတဲ့ ပြကွက်မဟုတ်သေးပါ။ မပြည့်စုံတဲ့ မြင်ကွင်းတစ်ခုသာ ဖြစ်နေပါသေးတယ်။

ရန်ကုန်မြို့ရဲ့ အဆောက်အအုံအများစုရဲ့ ဗြိတိသျှကိုလိုနီခေတ် ဗိသုကာလက်ရာတွေဟာ ယိုယွင်းပျက်စီးနေပါပြီ။ အဲဒီဗိသုကာလက်ရာတွေကိုကျော်ပြီး ကြည့်လိုက်ရင် (၁၉)ရာစုခေတ်ကတည်းက စွဲမက်နှစ်လိုဖွယ်ကောင်းတဲ့ လူမျိုးစုံနေထိုင်ကြတဲ့ မြို့ကြီးတစ်မြို့ကို မြင်တွေ့ရပါလိမ့်မယ်။ အဲဒီမြို့မှာ အေးငြိမ်းတိတ်ဆိတ်ပြီး သစ်ပင်တွေ သွယ်တန်းပေါက်ရောက်နေတဲ့ ရိပ်သာလမ်းတွေ၊ မေတ္တာ ကရုဏာရှိပြီး ပျော်ပျော်နေရတာကို ခုံမင်တပ်မက်တဲ့ လူတွေကို ပြန်ပြီးမြင်ယောင်နိုင်ပါတယ်လို့ ရေးသားမှတ်တမ်းတင်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

ဥရောပတိုက်သား ခရီးသည်များက ဒဂုံရွှေစေတီကြီး တည်ထားသောမြို့လို့ (၁၆)ရာစုမှာ ရေးသားပန်းချီအနုပညာနှင့် ရေးဆွဲထားခဲ့သည်။ ဟံသာဝတီ(ပဲခူး)တွင် ဘုရင့်နောင်သား နန္ဒဘုရင် ထီးနန်းစိုးစံစဉ် အချိန်မှာ (၁၅၈၆)ခုနှစ် အင်္ဂလိပ်လူမျိုး စွန့်စားရေးသမား ရယ်(လ်)ဖစ်ချ်ဟာ ဟံသာဝတီကို ရောက်လာသည်။ သူမြင်တွေ့ခဲ့သမျှကို မှတ်တမ်းတင်ပန်းချီ ရေးဆွဲခဲ့ပါသည်။ ရွှေတိဂုံစေတီကြီးအကြောင်းကို ဖစ်(ရှ်)က သေသေချာချာ တင်ပြထားသည်။

ထို့ပြင် ပဲခူးကနေ နှစ်ရက်လောက် ခရီးသွားခဲ့ရပြီးနောက်မှာ ပဲခူးသားတွေ ဘုရားဖူးသွားတဲ့ စေတီကြီးရှိပါတယ်။ တိဂုံလို့ ခေါ်ပါတယ်။ စေတီကြီးဟာ အံ့ဖွယ်ကောင်းလောက်အောင် ကြီးမားပြီး ဖိနပ်တော်ကနေ ထိပ်ဆုံးအထိ အပြည့်ရွှေချထားပါတယ်။ စေတီကြီးဟာ ကမ္ဘာပေါ်မှာ အလှပဆုံးနေရာ ဖြစ်တယ်လို့ ကျွန်တော် ယူဆပါတယ်။ စေတီကြီးဟာ အလွန်မြင့်မားပြီး စေတီကြီးဆီသွားရာ လမ်းလေးသွယ် ရှိပါတယ်။ လမ်းတွေတစ်လျှောက်မှာ သစ်ပင်၊ ပန်းပင်တွေ စိုက်ထားပါတယ်။ လူတစ်ယောက်ဟာ နှစ်မိုင်လောက် ရှည်လျားတဲ့ခရီးကို သွားရပါတယ်။ အင်္ဂလိပ်အင်ပါယာကြီးရဲ့ နောက်ဆုံးကိုလိုနီနယ်မြေဟာ မြန်မာပြည်ဖြစ်ပါတယ်။ မြန်မာပြည်ရဲ့ နောက်ဆုံး အင်္ဂလိပ်ဘုရင်ခံက ဆာဟူးဘတ်အဲ(လ်)ဗင်ရန့်(စ်) ဖြစ်ပါတယ်။ အင်္ဂလိပ်ကိုလိုနီအဖြစ်ကနေ မြန်မာတို့ဟာ (၁၉၄၈)ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့မှာ လွတ်လပ်ရေးရရှိခဲ့ပါတယ်။

အဲဒီနေ့ လင်းအားကြီးအချိန်မှာ အင်္ဂလိပ်ယူနီယံဂျက်အလံကိုချ၊ လွတ်လပ်သောပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်ထူပြီးနောက် အင်္ဂလိပ်ဘုရင်ခံ ရန့်(စ်) (Hubert Elvin Rance) ဟာ အိမ်တော်က ထွက်ပါတယ်။ ရန်ကုန်ဆိပ်ကမ်းမှာ အသင့်စောင့်ဆိုင်းနေတဲ့ အင်္ဂလိပ် စစ်သင်္ဘောပေါ်ကို တက်ပါတယ်။ ဘိလပ်ကို ပြန်ပါတော့တယ်။

ဘုရင်ခံ ရန့်(စ်)သည် မြန်မာပြည်ကနေ မထွက်ခင် နှစ်ရက်အလို (၁၉၄၈)ခုနှစ်၊ ဇန်နဝါရီလ (၂)ရက်မှာ ရွှေတိဂုံစေတီတော်ကြီးကို သွားရောက်ဖူးမြော်ပါသည်။ အထက်ပစ္စယာပေါ်မှနေ၍ စေတီတော်ကြီးကို လက်ယာရစ် လှည့်ပတ်ကြည့်ရှုပါသည်။ ရွှေတိဂုံစေတီတော်ကြီးကို အင်္ဂလိပ်ဘုရင်ခံဘဝနဲ့ နောက်ဆုံးဖူးမြော်ရင်း သူ၏ခံစားမှုကို ဘုရင်ခံရန့်(စ်)က အခုလို ဖော်ထုတ်ရေးသားခဲ့ပါသည်။

"It's beauty and serenity delights the eye. May I hope that it's peaceful antmosphere is maintained to the fullness of time. The memory of this day will be forever. May peace and friendship forever be maintained between Burma and Great Britain."

*'စေတီတော်ကြီးရဲ့ သပ္ပာယ်မှုနဲ့ တည်ငြိမ်အေးချမ်းမှုတို့က မျက်စိပသာဒ ဖြစ်စေပါတယ်။ စေတီတော်ကြီးရဲ့ ငြိမ်းချမ်းတဲ့ဝန်းကျင်၊ အငွေ့အသက်ကို နောက်ဆုံးအချိန်အထိ ထိန်းသိမ်းပေးတာကို မျှော်လင့်ပါစေ။ ဒီနေ့ ဒီရက်ကို ကျွန်တော်ရဲ့စိတ်ထဲမှာ ထာဝရသတိရနေပါလိမ့်မယ်။ မြန်မာပြည်နဲ့ ဗြိတိန်နိုင်ငံတို့အကြား ငြိမ်းချမ်းမှုနဲ့ ချစ်ခင်ရင်းနှီးမှုများ ထာဝရတည်တံ့ပါစေသော်'*

*ဟူးဘတ်အဲ(လ်)ဗင်ရန့်(စ်)*

မြန်မာပြည် နောက်ဆုံး အင်္ဂလိပ်ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)က ရွှေတိဂုံစေတီတော်ကြီးရဲ့ တည်ငြိမ်အေးချမ်းမှု ခံစားပြီး မြန်မာနိုင်ငံနဲ့ ဗြိတိန်နိုင်ငံတို့ ခင်မင်ရင်းနှီးမှုကို ဆုတောင်းပေးသွားခဲ့သည်။

မြန်မာပြည်လွတ်လပ်ရေးမရခင် (၁၉၄၇)ခုနှစ်၊ ဒီဇင်ဘာလအတွင်း မြန်မာပြည်ကို ရောက်လာခဲ့သော မဟာဝန်ရှင်တော်မင်းကြီး ဂျိမ်း(စ်)ဘောင်ကာမှလည်း ရွှေတိဂုံစေတီတော်ကြီး ဖူးမြော်ရတာ အတိတ်ကောင်း နိမိတ်ကောင်း ဖြစ်သည်လို့ ယုံကြည်နေခဲ့ပါသည်။

သူရဲ့ ရင်တွင်းဖွင့်ဆို ရေးသားချက်မှာ-

"I have been told of the shwedagon Pagoda. I have read of the Shwedagon Pagoda. Now I have seen the Shwedagon Pagoda and that the best of all."

*ရွှေတိဂုံစေတီတော်ကြီးအကြောင်း ကျွန်တော့်ကို ပြောပြကြပါတယ်။ ရွှေတိဂုံစေတီတော်ကြီးအကြောင်း ကျွန်တော်ဖတ်ဖူးပါတယ်။ အခုတော့ ရွှေတိဂုံစေတီတော်ကြီးကို ကျွန်တော်ဖူးမြင်ရပါပြီ။ ဒါဟာ အားလုံးထဲမှာ*



www.burmeseclassic.com

www.burmeseclassic.com

အကောင်းဆုံး ဖြစ်နေပါတယ်။ ရန်ကုန်ကို ကျွန်တော် ရောက်လာပြီးနောက်မှာ ကျွန်တော့်ရဲ့ ပထမဆုံး လုပ်ဆောင်မှုတစ်ခုအဖြစ် ဒီအံ့သြဖွယ် စေတီတော်ကြီးကို သွားရောက်ဖူးမြော်လိုက်ရတာကိုပဲ အတိတ်ကောင်း နိမိတ်ကောင်းအဖြစ် ကျွန်တော်မှတ်ယူပါတယ်။

ဂျိမ်း(စ်)ဘောင်ကာ

ရွှေတိဂုံစေတီတော်ကြီးအရိပ်ကို ခိုဝင်လိုက်ရင် စိတ် အေးချမ်းသာမှုကို ရရှိသွားသည်။ ကြည်နူးပီတိဖြစ်သွားရသည်လို့ ဘုရင်ခံရန်န့(စ်)က ဆိုသည်။ ထို့အတူပင် မဟာဝန်ရှင်တော်မင်းကြီး ဘောင်ကာကလည်း အတိတ်ကောင်း နိမိတ်ကောင်းလို့ပင် ယူဆထားခဲ့သည်။



အင်္ဂလိပ်ကိုလိုနီဘဝ မြန်မာပြည် လွတ်လပ်ရေးရဖို့ လေးလအလိုတွင် ဗြိတိသျှကာကွယ်ရေးမစ်ရှင်အဖွဲ့တစ်ဖွဲ့ မြန်မာပြည်ကို ရောက်လာခဲ့သည်။ ဦးဆောင်လာသူမှာ စစ်ရေးဒုတိယဝန်ကြီး ဂျွန်ဖရီမင်းဖြစ်သည်။ သူတို့အဖွဲ့က (၁၉၄၇)ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်မှာ မြန်မာ့ရွှေတိဂုံစေတီတော်ကြီးကို သွားရောက်ဖူးမြော်ခဲ့သည်။ မစ္စတာဂျွန်ဖရီးမင်း(Gun Freeman) က စေတီတော်ကြီးသည် မြန်မာတို့ စည်းလုံးညီညွတ်မှုသင်္ကေတ အထိမ်းအမှတ်လို့ ရေးသားခဲ့သည်။

"We have looked forword since our arrival in Burman to paying this Visit not only because the Pagoda is, as a work of art, one Wonders of the World. but also because of its particular Significance as a symbol of Burmese Unity."

*'စေတီတော်ကြီးဟာ အနုပညာလက်ရာတစ်ခု၊ ကမ္ဘာ့အံ့ဖွယ်တစ်ခုဖြစ်နေရုံတင်မကပါ။ မြန်မာတို့ရဲ့ စည်းလုံးညီညွတ်မှုသင်္ကေတ အမှတ်တံဆိပ်အဖြစ် အရေးပါ အရာရောက်နေတာကြောင့် မြန်မာပြည်ကို ရောက်လာကတည်းက စေတီတော်ကြီးကို သွားရောက်ဖူးမြော်ဖို့ ကျွန်တော်တို့က စိတ်စောနေကြပါတယ်' (ဂျွန်ဖရီးမင်း)*

နိုင်ငံခြားသားများသည် သူတို့တတ်စွမ်းသော ပညာရပ်တို့နှင့် စာပန်းချီ ရေးဆွဲမှတ်တမ်းပြုခဲ့ကြသည်။ မင်၊ ခဲ၊ စုတ်တံ၊ ဆေးရောင်များဖြင့် ရွှေတိဂုံပုံတူပန်းချီ ရေးဆွဲခဲ့ကြသည်။ ကမ္ဘာ့တစ်ခွင်ဝယ် သူတို့၏ စာပန်းချီနှင့် ရောင်စုံ၊ မင်၊ ခဲပန်းချီတို့ကလည်း မြတ်ဘုရားရွှေတိဂုံအကြောင်း ပေါ်လွင်ထင်ရှားခဲ့သည်။

ရွှေတိဂုံစေတီတော်ကြီးကို မြန်မာပန်းချီဆရာများ ရေးဆွဲခဲ့ကြသည်။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးမှာ မြင်ကွင်းမျိုးစုံ၊ ရှုထောင့်အမြင်အမျိုးမျိုးဖြင့် ဆေးပန်းချီ ရေးခြယ်ကြသည်။ စာပန်းချီအလှမြင်ကွင်းစုံ ရေးကြ၊ တွေးဖွဲ့ကြ၊ နှဲ့ကြသည်။ ရွှေတိဂုံပြတိုက်အတွင်းမှ ရွှေတိဂုံစေတီတော် (ဆီဆေး) အရွယ်အစား (၃)ပေ×(၄)ပေ ပန်းချီကားကြီး ဖြစ်သည်။ ရွှေတိဂုံစေတီတော် ရောင်စုံဆီဆေးပန်းချီကားကြီးကို ပန်းချီဆရာကြီး ဦးထွန်းလှ (M.T. Hla) က ရေးဆွဲခဲ့သည်။ မြန်မာနိုင်ငံ ရွှေတိဂုံစေတီတော် ပန်းချီကားကို ကြည်ညိုသဒ္ဓါပွားနိုင်အောင် ရေးဆွဲရာတွင် ဦးဘညွန့်နှင့် ဦးထွန်းလှ နာမည်ကြီးလှသည်။ မြန်မာပန်းချီပညာရပ်မှာ မြန်မာလူမျိုးတို့နှင့်အတူ ယဉ်ကျေးမှုအနုသုခုမ ပညာရပ်ဖြစ်သည်။ ပုဂံခေတ်မှသည် ယနေ့ခေတ်အထိ မြန်မာပန်းချီ တော်ဝင်ပန်းကားဝေဝေ

www.burmeseclassic.com

ဆာဆာ ပွင့်လန်းလျက် ရှိသည်။

ဆရာကြီး ဦးလှထွန်း ရွှေတိဂုံစေတီတော် ဆီဆေးကားကြီးမှာ ခြေတော်ရင်းမှ ရွှေတိဂုံစေတီတော်ကြီးကို ပင့်တင်ရေးဆွဲထားသည်။ ရွှေတိဂုံရင်ပြင်တော်ပေါ်ဝယ် ဘုရားဖူး ပြည်သူလူထု အရွယ်စုံကို ရေးခြယ်ထားသည်။ စစ်ကြိုခေတ် ပန်းချီလက်ရာမှန်း သိသာလှသည်။ မြန်မာအမျိုးသားများ ခေါင်းပေါင်းကိုယ်စီနှင့် တွေ့ရသည်။ ရင်ပြင်တော်ပေါ်ဝယ် တန်ဆောင်း၊ ပြာသာဒ်၊ စုလစ်မွမ်းချွန်၊ အာရုံခံများကို ရေးထား၏။ ရွှေတိဂုံစေတီတော် စေတီရံများကိုလည်း အဝေးမြင်ကွင်းဖြင့် တွေ့ရသည်။ ရွှေတိဂုံစေတီတော်ကြီးကို ဖိနပ်တော်မှ ရွှေထီးတော် မိုးကောင်းကင်တစ်ခွင်တစ်ပြင်ကြီးကို မြင်ရသည်။

ရွှေတိဂုံစေတီတော်ကြီး ပန့်တင့်စေရန် ပြာသာဒ်များက အလှပေါ် အယဉ်ဆင့်ထားနိုင်သည်။ လက်ယာဘက်ဝယ် တိမ်လှိုင်း၊ တိမ်တောင်၊ တိမ်လိပ်များက ရွှေတိဂုံစေတီတော်ကို ဦးညွှတ်ဝပ်တွားနေသလို ဆေးခြယ်ထားသည်။ လက်ဝဲဘက်တွင်မူ ကြည်လင်တောက်ပသော ကောင်းကင်ပြင်ကြီးကို အနားသတ်ထားသည်။ အလင်းအမှောင်၊ အဖွင့် အပိတ် မျှမျှတတ ရေးဆွဲထားသည်။ ရွှေတိဂုံစေတီတော်ကြီးမှာ ရွှေတောင်ကြီး ပေါက်သကဲ့သို့ ဝင်းဝင်းဝါဝါ လင်းရောင်ဖြာအောင် ဆေးခြယ်နိုင်သည်။

အိန္ဒိယလူမျိုး ပန်းချီဆရာများသည် ရွှေတိဂုံစေတီတော် ကျားတက်ပုံ ပန်းချီမှာ မြန်မာပြည်တစ်ခုလုံးက အုတ်အုတ်ကျက်ကျက် ဝယ်ယူပူဇော်ထားကြသည်။ ခေတ်မီသူတိုင်း ရွှေတိဂုံစေတီတော် ကျားတက် ပန်းချီကားအိမ်တိုင်း ထားခဲ့ကြဖူးသည်။ ပန်းချီဆရာ၊ ပန်းချီကားပုံနှိပ်ထုတ်ဝေသူတို့ သူဌေးသူကြွယ် ဖြစ်သွားခဲ့ဖူးပါသည်။ ပန်းချီအနုပညာသည် မြန်မာ့ရင်တွင်းဝယ် ထင်ပေါ်သတင်းကြီးစွာ ကိန်းဝပ်ဖူးပါသည်။

ဆရာကြီး ဦးထွန်းလှ၏ ဆီဆေးရွှေတိဂုံပန်းချီကားကြီးကို ဂေါပကအဖွဲ့ အထိန်းအသိမ်း ကောင်းမှုကြောင့် ပြတိုက်ထဲတွင် ကြည့်ရှုလေ့လာခွင့် ရရှိနေပါသည်။ ပန်းချီဆရာကြီး ဦးလှထွန်းကို ရန်ကုန်မြို့ အလုံတစ်ဖက်ကမ်းရှိ ချောင်ဝိုင်းကြီးရွာတွင် မွေးဖွားပါသည်။ အဖ ဦးဖိုးဖေ၊ အမိ ဒေါ်မိတို့မှ ဖွားမြင်သည်။ ငယ်စဉ်က ဘုန်းကြီးပျံများရှိသည့်အခါ လောင်တိုက်တလား ပြာသာဒ်များ ဆေးရောင်ခြယ်၍ အဆန်းတကြယ် ပန်းချီခြယ်ကြသည်ကိုမြင်၍ သင်ယူလေ့လာ တတ်မြောက်ခဲ့သည်။

ငယ်စဉ်က မငေးရွာဘုန်းကြီးကျောင်းတွင်သာ ပညာသင်ကြားခဲ့ရသူ ဖြစ်သည်။ ထိုစဉ်မှာပင် ဘုန်းကြီးပျံလောင်တိုက်စပ် ပန်းချီလုပ်ငန်းများကို တတ်မြောက်ခဲ့သည်။ ဆရာဦးထွန်းလှ အသက်မွေးဝမ်းကျောင်း ပညာရပ်မှာ စပ်ပန်းချီဖြစ်သည်။ ရန်ကုန်တွင် ပန်းချီပညာဆက်လက်လိုက်စားခွင့်ရသည်။ ထိုအချိန်က ဩဘာဝင်ရွှေစော်ဘွားကြီး၏ ပုံတူရေးဆွဲရာမှစ၍ ဦးထွန်းလှ ပန်းချီလုပ်ငန်းများ တိုးတက်လာခဲ့သည်။

*ဦးထွန်းလှသည် စမတ်အင်မူကာဒင် စာအုပ်ဆိုင်ကြီးတွင် ပန်းချီကားများ တင်ရောင်းနိုင်လာသည်။ သူ့ အဓိကဆွဲသော လက်ရာမှာ ရေဆေးရှုခင်းများ၊ တိုင်းရင်းသားလူမျိုးစုံပုံများ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံခြားသားများအလွန်ကြိုက်ကြသည်။ ဆရာကြီး ရေးဆွဲသော ရှုခင်းကားများတွင် မန္တလေးမြို့ရိုး၊ ကန်တော်ကြီးမှ ရွှေတိဂုံကိုမြင်ရသော ရှုခင်းကားများ၊ အညာလေ၊ အင်းလေးရှုခင်းပုံများ၊ ပုဂံ ဖူးဘုရား၊ အာနန္ဒာ ဘုရားပန်းချီကားများ ဖြစ်သည်။ ထိုခေတ်က လူကြိုက်များလှသည်။ အထက်မြန်မာပြည်၊ အောက်မြန်မာပြည်အနှံ့ ခရီးထွက်၍ အောက်ဒိုးဆွဲလေ့ရှိပါသည်။ ရှမ်းပြည်နယ် ရှုခင်းကားများ ရေးဆွဲခဲ့သည်။

လန်ဒန်မှ ထုတ်ဝေသော စာအုပ်များတွင် ဆရာကြီး လက်ရာများ ဖော်ပြခံရသည်အထိ အောင်မြင်ခဲ့သည်။ ယခု ဆရာကြီး၏ ရွှေတိဂုံဘုရား ဆီဆေးကားကြီးမှာ လူသိများ ကျော်ကြားခဲ့သော ပန်းချီကားကြီးဖြစ်သည်။ အင်္ဂလန်နိုင်ငံမှ အာ(ရ်)ဂေဘွဲ့ ရထိုက်သောလက်ရာဟူ၍ ဆရာဦးငွေကိုင်နှင့် ဆရာဦးစံဝင်းတို့က မှတ်ချက်ပေးခဲ့သည်။ အမျိုးသားပြတိုက်တွင်လည်း ဆရာကြီးလက်ရာ တိုင်းရင်းသား ဆီဆေးပန်းချီကားများကို တွေ့မြင်နိုင်သည်။ မြန်မာ့ရွှေတိဂုံ ပန်းချီအနုပညာရပ်မှာ နှ၍၊ သစ်၍ ဖူးပွင့်ဝေဆာနေဦးမည် ဖြစ်ပါသည်။

ယောနက ဘိုးထောင်


စာကိုး

* မြတ်ဘုရားရွှေတိဂုံ [မောင်ဆုရှင်(စာပေဗိမာန်)]။


www.burmeseclassic.com



## မီးလျှံကြားမှ

### ဗုဒ္ဓရွှေကြာ

'ကိုယ့်လူတို့ မြန်မြန်ပြီးအောင် တူးကြပါဟ။ ဟိုဘက်က ကောင် ပေါက်တူးကြီးကိုင်ပြီး ဘယ်ငေးနေတာလဲ'

'နန္ဒနဲ့ ဝဏ္ဏတို့က ကိုယ့်အဖွဲ့ကို ကြီးကြပ် ခိုင်းကြကွာ။ ငါကချည်း လိုက်ပြောမနေနိုင်ဘူး'

ဂရုဟာဒိန္န အသံက ခြံဝင်းတစ်ခုလုံး ဖုံးလွှမ်းနေသည်။ အလုပ်လုပ်နေကြသူတို့ကို အားမရသဖြင့် ကိုယ်တိုင် ကြပ်မတ်ခိုင်းစေနေခြင်း ဖြစ်၏။ ခြောက်ကေမျှ ကျယ်ဝန်းသည့် ခြံဝင်းကျယ်ကြီးအတွင်း ထည်ဝါခန့်ညားလှသည့် ထုထည်ကြီးလှသည့် နှစ်ထပ်တိုက်ကြီးတစ်လုံး၊ တံခါးမကြီး

www.burmeseclassic.com

နှင့် ပြတင်းပေါက်တို့ကို အဝါနှင့် အစိမ်းရောင် ရောစပ်ခြယ်သထားသည်။ တိုက်အိမ်ကြီး၏ နောက်ဘက်တွင်မူ ကျွဲနွားများထားရာ တင်းကုပ်များ၊ ပဲစပါး သိုလှောင်ရာ ဂိုဒေါင်များနှင့် အလုပ်သမား တန်းလျားတို့က နေရာယူထား၏။ ခြံဝင်းကြီးကို လူတစ်ရပ်ကျော် မြင့်မားသည့် အုတ်တံတိုင်း ပတ်လည်ကာရံထားသည်။ ခြံဝင်းသံတံခါးကို အမြဲပိတ်ထားလေ့ရှိသည်။

ဂရဟာဒိန္နကား သာဝတ္ထိမြို့ လူကုံထံစာရင်းဝင် သူကြွယ်ကြီးဖြစ်သည်။ ကျေးကျွန်ပေါင်းများစွာနှင့် လယ်ကော ထောင်ချီပြီး ပိုင်ဆိုင်သည်။ ဒေသအနှံ့ ကုန်စည်ကူးသန်းရောင်းဝယ်နေသည့် ကုန်သည်ကြီးလည်းဖြစ်သည်။ ခုလည်း စံအိမ်တော်ကြီးရှေ့မျက်နှာစာတွင် မြေကျင်းကြီးတစ်ခုကို ကျေးကျွန်တို့အား တူးခိုင်းနေခြင်း ဖြစ်၏။ အလျားပေသုံးဆယ်၊ အနံဆယ်ပေရှိ ထောင့်မှန်စတုဂံပုံ မြေကျင်းကြီးအနက်က ခြောက်ပေမျှရှိသည်။ နံနက်လင်းချိန်မှစပြီး တူးနေကြရသည်။ နေ့လယ်ချိန်ထိ မပြီးသေး။

'ဒီကနေ့ တစ်ရက်တည်းနဲ့ ပြီးအောင် တူးရမှာနော်။ မပြီးရင်တော့ အသေပဲ'

'မီးသွေးနဲ့ ထင်းတုံးသယ်တဲ့ အဖွဲ့တွေက တူးပြီးတဲ့ ကျင်းနေရာမှာ လိုက်ထည့်ကြ'

သူကြွယ်ကြီး အမိန့်အရ ကျေးကျွန်တို့က တူးဖော်ပြီးသွားသည့် ကျင်းမြေနေရာထဲသို့ မီးသွေးနှင့် ထင်းတုံးတို့ကို ထည့်ကြသည်။ မီးသွေးနှင့် ထင်းကို တစ်ကန့်စီ ထပ်၍ သုံးပေအနက်ထိ ပုံပေးကြရ၏။ ခြံဝင်းကြီး တစ်ခုလုံး ပျားအုံကို တုတ်နှင့်ထိုးသလို ဟစ်အော်ဆူညံသံ၊ ကျင်းထဲ ပစ်ချသံတို့ဖြင့် ပွက်လောရိုက်နေသည်။ ခါတိုင်းလည်း ကုန်တင်ကုန်ချ လုပ်ငန်းတို့ဖြင့် ဆူညံနေသည်မို့ ခြံဝင်းပြင်ပ လမ်းသွားလမ်းလာများအဖို့ ထူးခြားသည်ဟု မထင်မိကြချေ။

'ကိုယ့်လူတို့၊ နေချင်းပြီးအောင် လုပ်နိုင်ရင် သခင်ကြီး ဆုချမယ်ဟေ့'

သည်စကားကြောင့် ကျေးကျွန်တို့ အားကြိုးမာန်တက် လုပ်ကြသည်။ ညနေစောင်းချိန်မှာတော့ လိုချင်သည့်ပုံစံအတိုင်း လုပ်ငန်းပြီးခဲ့သည်။ ဂရဟာဒိန္နက ညစာထမင်းကို ပဲ၊ ဆိတ်သားဟင်းနှင့် ချက်ကျွေးသည်။ ပုံမှန်ဆိုလျှင် ပဲဟင်း၊ ငရုတ်သီး၊ ဆားတို့ဖြင့်သာ စားကြရ၏။

'ဒီကျင်းကို ဘာဖြစ်လို့ တူးခိုင်းနေတာလဲကွာ။ ငါတော့ နားမလည်တော့ဘူး'

'အေးကွ၊ မီးသွေးနဲ့ ထင်းတုံးတွေလည်း ထည့်ခိုင်းသေးတယ်'

ထမင်းစားရင်း ကျေးကျွန်တို့ဆီက တီးတိုးသံများ ထွက်လာသည်။ အမှန်လည်း သူတို့ ဘာမျှမသိရှာကြပါ။ သူတို့အတွက် အကြောင်းပြချက် ရှိစရာမလို။ ကျွေးတာစား၊ ခိုင်းတာလုပ်ရသည့် တိရစ္ဆာန်သာသာ ကျွန်များပင် မဟုတ်ပါလား။

'ထမင်းစားပြီးရင် အားလုံး နားကြတော့။ နန္ဒနဲ့ ဝဏ္ဏတို့က မင်းတို့အဖွဲ့ထဲက ဆယ်ယောက်လောက် ရွေးထားလိုက်'

သခင်ကြီး စေခိုင်းချက်အရ နန္ဒနှင့် ဝဏ္ဏတို့အဖွဲ့ ကျန်ရစ်သည်။

'မင်းတို့ ညဦးနက်ပိုင်းမှာ ထင်းနဲ့ မီးသွေးပုံတွေကို မီးတိုက်ရမယ်။ မီးညွန့်မတက်အောင် ထင်းတုံးတွေ ကြားခံစီထားတယ်။ မနက်မလင်းခင် မီးကျီးခဲတွေဖြစ်အောင် လုပ်ရမယ်'

ခြံကြီးတည်နေရာက သာဝတ္ထိမြို့၏ သီးခြားနေရာ၊ လူနေအိမ်ခြေတို့နှင့် အတန်ငယ်ဝေးသည်။ ခြံဝင်းပတ်လည်ရှိ သစ်ကြီးဝါးပင်ကြီးတို့ကြောင့်လည်း သူတို့လျှို့ဝှက်လုပ်ဆောင်နေမှုကို ပြင်ပလူများ မသိနိုင်။ အချိန်တန်တော့ ကျေးကျွန်တို့က မီးသွေးနှင့် ထင်းတုံးကြားသို့ ကညင်ဆီမီးတုတ်များ ထိုးစိုက်လိုက်ကြ၏။ ကောက်ရိုးမီးလို တောက်လောင်သည် မဟုတ်။ တငွေ့ငွေ့လောင်ကျွမ်းရင်း ထင်းတုံးမီးနှင့်အတူ မီးသွေးခဲတို့ တဖျစ်ဖျစ်မြည်လာသည်။ ရဲရဲနီလာကြပြီ။ မီးကျီးခဲအရောင်တို့က ကျင်းနှုတ်ခမ်း ပတ်လည်အထိသာ ဖြာထွက်နေသည်။ ကျင်းအတွင်း မီးကျီးခဲတို့မှ ခုန်ပေါက်ထွက်လာသည့် မီးပန်းမီးဝတ်မှုန်လေးတို့သာ ဆင်းချည်တက်ချည် ဖြစ်နေတော့၏။

အရှေ့ဘက်ဆီမှ ရောင်နီဖျိုလာချိန်။ ဂရဟာဒိန္န တစ်ယောက် မီးကျီးခဲတွင်းကြီးကို ကျေနပ်စွာ လှည့်ပတ်ကြည့်သည်။ သူ့ရင်ထဲက အစိုင်အခဲကို ချေပစ်ရတော့မှာပေါ့။ ခဏအကြာ အားပါးတရ ရယ်မောကြိမ်းမောင်းသံသံလှိုင်းကြီးက မီးကျီးခဲကျင်းကို ဖြတ်ကျော်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

'ဟား..ဟား..ဟား..ဂရဟာဒိန္နတဲ့ကွ။ ငါ့အကြောင်းခင်းတို့ ကောင်းကောင်းသိရမှာပေါ့ကွာ'

◆◆◆

'ဘုရားရှင်နှင့် သံဃာတော်များ ကြွတော်မူလာပါပြီ'

ခြဝင်းတံခါးထိပ်မှ အိမ်တော်ထိန်း အသံက ကြည်လင်ပြတ်သားစွာ ထွက်ပေါ်လာသည်။ စံအိမ်တော်ရှိရာသို့ ဘုရားရှင်နှင့် ရဟန်းတော်များ ကြည်ညိုဖွယ်ရာ ကြွလှမ်းလာနေကြပါပြီ။ သီရိဂုတ္တနှင့် မိသားစုတို့က လက်အုပ်ချီမိုး ခရီးဦးကြိုပြုရင်း လိုက်ပါလာကြသည်။ စံအိမ်တော်တံခါးမကြီးအဝင် လှေကားဦးအနီးတွင် စားပွဲကြီးငယ်တို့ဖြင့် ဆွမ်းဟင်းများ အသင့်ပြင်ဆင်ထား၏။

'ဆွမ်းအလှူခံတော်မူပါဘုရား'

သီရိဂုတ္တ မိသားစုတို့က ဘုရားရှင်နှင့် သံဃာတော်တို့၏ သပိတ်တော်ထဲသို့ ဆွမ်းဟင်းများ လောင်းလှူကြသည်။ စံအိမ်တော်ခန်းမတွင်း ခင်းအပ်သော နေရာတွင် သီတင်းသုံးရင်း ဆွမ်းဘုဉ်းပေးတော်မူကြ၏။ ဖိတ်ကြားထားသည့် ဧည့်သည်တော်များတွင် မှူးမတ်၊ သူကြွယ်အစုံပါဝင်ကြရာ ဂရဟာဒိန္နလည်း ပါလာ၏။ သူနှင့် သီရိဂုတ္တတို့က ခင်မင်ရင်းနှီးကြသည့် စီးပွားဖက် သူငယ်ချင်းများဖြစ်သည်။ ဆက်ဆက်လာပါ သူငယ်ချင်းရယ်ဆိုလို့သာ သူ လာခဲ့ရသည်။ စိတ်တော့မပါလှ။

'သူက ဗုဒ္ဓကို ကိုးကွယ်တာ။ သူ့ရှင်ကြီးဂေါတမတို့ဘုရားတွေလောက် တန်ခိုးကြီးတာ မဟုတ်ဘူး'

မိတ်ဆွေချင်း ဆိုသော်လည်း ကိုးကွယ်ရာဘာသာတွေကြ။ သီရိဂုတ္တက ဗုဒ္ဓမြတ်စွာနှင့် တပည့်သံဃာတော်တို့ကို ကိုးကွယ်သည်။ ဂရဟာဒိန္နက နိဂဏ္ဌာတက္ကတွန်းတို့ကို ဆည်းကပ်သူ၊ ဗုဒ္ဓပွင့်တော်မမူခင်ကပင် ရှိနှင့်ပြီးဖြစ်သည်။ နိဂဏ္ဌနာဋပုတ္တ(မဟာဝီရ) ဂိုဏ်းဘာသာကိုးကွယ်သူ။ နောက်မှ ပွင့်ထွန်းလာသည့် ဗုဒ္ဓကို အထင်မကြီး။ ဗုဒ္ဓနှင့် ဝေးဝေးနေသည်။ ရတနာသုံးပါးကို မကြားဖူးသည့်ပုဂ္ဂိုလ်။

'အမျှ..အမျှ..အမျှ..ယူတော်မူကြပါ'

'သာဓု..သာဓု..သာဓု'

ဆွမ်းဘုဉ်းပေးပြီး ဘုရားရှင်က အနုမောဒနာ ချီးမြှင့်သည်။ အလှူရှင်မိသားစုနှင့် ဧည့်ပရိသတ်အပေါင်းတို့က ကြည်ကြည်နူးနူး သာဓုခေါ်ကြပြီ။ ဂရဟာဒိန္နကတော့ ခန်းမဆောင်ထဲ မဝင်။ အပြင်ဘက်တွင် မယောင်မလည် ကျွန်ရစ်နေရင်း သီရိဂုတ္တအပေါ် အတွေးဝင်နေခြင်းသာ။

ဘုရားရှင်နှင့် သံဃာတော်များ ပြန်လည်ကြွတော်မူရာ လှမ်းမျှော်ကြည့်ပြီး–

'ဟင်း..သကိန်းတွေက ညှိုညစ်ညစ်၊ အဆက်အဖာတွေနဲ့ အမိုက်ပုံ၊ သုသာန်တွေက ကောက်ထားတဲ့ အဝတ်စုတ်တွေ။ ဒါတွေ ဝတ်ရုံပြီး ဟန်ရေးပြနေတဲ့ဂိုဏ်းပဲ'

မနောက်ဖြင့် ဘုရားရှင်နှင့် တပည့်တို့ကို ပြစ်မှားနေသည်။ သီရိဂုတ္တကို အားမရပါ။ ဒီကောင်တော့ ကိုးကွယ်ရာမှားပြီး မိစ္ဆာဒိဋ္ဌိဖြစ်နေတာပဲ။ ခေါင်းတခါခါနှင့် စိတ်မကောင်းဟန် တွေးနေပြန်၏။ သီရိဂုတ္တနှင့် ဆုံလေတိုင်း နိဂဏ္ဌာတက္ကတွန်းတို့ကို ယုံကြည်ကိုးကွယ်ရန် သွေးဆောင်လေ့ရှိသည်။

မကြာခဏ ပြောဖန်များလာတော့–

'ဒိန္နရယ်..ရောင်းရင်းတို့ တက္ကတွန်းပရိဗိုဇ်တွေက တကယ်ပဲ တန်ခိုးကြီးသလားကွယ့်'

'သူတို့က ထိုးထွင်းသိမြင်တတ်တဲ့ ဉာဏ်မျက်လုံးရှိတာ အမှန်ပဲ။ သံသရာလွတ်ကြောင်း တရားတွေကို ပင်ပန်းဆင်းရဲခံကြီး ကျင့်ကြံပွားများနေကြတော့ တန်ခိုးအာနုဘော်လည်း ကြီးတာပေါ့'

ဂရဟာဒိန္န အဖြေက အားပါးတရရှိလှ၏။ နိဂဏ္ဌာတို့က ဗုဒ္ဓတပည့်တွေလို ခေါင်းတုံးကြသည်။ သင်္ကန်းမဝတ်ကြ။ အရှက်လုံရုံ ခါးအောက်ပိုင်း ရှေ့ဘက်တွင်သာ အဝတ်တစ်ထည် ပတ်ထား၏။ အဆောက်အအုံတွင် နေလေ့မရှိ။ ဝတ်လစ်စလစ်နေသူလည်း ရှိ၏။ မြေကြီးပေါ်တွင် အိပ်သည်။ အဆင်ပြေသလို ဆွမ်းခံစားရင်း ခြိုးခြံခေါင်းပါးစွာ ကျင့်ကြသည်။ ထိုခေတ်က ဤအကျင့်မျိုးကျင့်သည့် သမဏပရိဗိုဇ်တို့ကို ရဟန္တာဟု ထင်ကြသည့်ကာလ ဖြစ်သည်။

တစ်ခါတော့ သီရိဂုတ္တနှင့် ဂရဟာဒိန္နတို့ နှစ်ဦးဆုံကြရာ–

'ရောင်းရင်းရဲ့ တက္ကတွန်းဆရာကြီးတွေက အနာဂတ်၊ ပစ္စုပ္ပန်၊ အတိတ် ကာလတို့ကို သိမြင်နိုင်ရဲ့လား'

'ဟာ..သိနိုင်တာပေါ့။ ကာလသုံးပါးကို မြင်တော်မူလို့လည်း ဝေနေယျတွေကို တရားပြနေတာပေါ့ သီရိရဲ့'

'ကောင်းပြီလေ။ ဒါဆိုရင် နိဂဏ္ဌာဘုန်းကြီးတွေကို

www.burmeseclassic.com

ခုလာမယ့် လပြည့်နေ့မှာ ဆွမ်းကျွေးချင်ပါတယ်။ ရောင်းရင်းက ကိုယ်စားပင့်လျှောက်ပေးပါနော်'

◆◆◆

'သူငယ်ချင်း သီရိဂုတ္တတော့ ခုမှပဲ သစ္စာဒိဋ္ဌိဝင်ဖြစ်တော့တယ်။ သူ့လို သူကြွယ်ကြီးတစ်ဦးက ယုံကြည်ကိုးကွယ်လာရင် နိဂဏ္ဌသာသနာ စည်ပင်တိုးတက်ပြီပေါ့'

ဂရဟဒိန္နက သူ့အတွေးနှင့်သူ ခြေတကြွကြွ ဖြစ်နေ၏။ သူ့စည်းရုံးသိမ်းသွင်းမှုကြောင့် သီရိဂုတ္တမိသားစု၊ ကျေးကျွန်မကျန် နိဂဏ္ဌတို့၏တပည့်များ ဖြစ်လာပြီဟု ယုံကြည်နေသည်။ သူ့ဆရာ တဏ္ဍတွန်းတို့ စုဝေးရာသို့ အပြေးသွားလျှောက်သည်။

'လပြည့်နေ့ကျမှ ဆရာဘုန်းကြီးတွေနဲ့အတူ မိတ်ဆွေကြီးအိမ်မှာ ဆွမ်းစားတော့မယ်'

သည်လိုနှင့် လပြည့်နေ့ ရောက်လာသည်။ ဆွမ်းစားချိန် နီးလာသဖြင့် ဂရဟဒိန္နကိုယ်တိုင် ဦးဆောင်ပြီး တဏ္ဍတွန်းဘုန်းကြီးတို့ကို ပင့်ဆောင်လာ၏။ နိဂဏ္ဌတို့က တစ်ပါးစီ ကြည်ညိုဖွယ်ရာ ကြွလာသည်မဟုတ်။ မြင်ရသည်က မနှစ်မြို့စရာ။ ကတုံးပြောင်ပြောင်၊ ကိုယ်ရောင်မည်းမည်း၊ ဝတ်လစ်စလစ် ကိုယ်တော်တွေ။ သာမန်လူတွေလို အစုအဝေးနှင့် တိုးခွေ့လာကြသည်။

'ကြွတော်မူပါ အရှင်တို့'

သီရိဂုတ္တက ခြံဝင်းအတွင်း သီးသန့်ဆောက်လုပ်ထားသည့် အဆောင်တစ်ခုရှေ့မှ ဆီးကြိုသည်။ အဆောင်က စံအိမ်တော်ကြီးနှင့် ဘေးချင်းယှဉ်လျက် နှစ်ထပ်တိုက်ကြီးကြားတွင်ရှိ၏။ ရောင်စုံရွက်ဖျင်စတို့ဖြင့် မိုးကာထားလျက် နံရံသုံးဘက်ကို ပိတ်ဆို့ထား၏။ ရှေ့မျက်နှာစာ ဝင်ပေါက်တံခါး တစ်ပေါက်တည်းရှိ၏။ အဆောင်ရှေ့တွင် အဝတ်စဖြင့် ဖုံးအုပ်စည်းနှောင်ထားသည့် စဥ့်အိုးငယ်များ၊ အိုးနှုတ်ခမ်းပတ်လည်၌ ယာဂုအစအနများ၊ ဆွမ်းဟင်းအဆီကွက်များ ဖိတ်စဥ်ကျနေ၏။ ဂရဟဒိန္န ပျော်သွားပြီ။ သီရိဂုတ္တက သဒ္ဒါစိတ်ဖြင့် ပြင်ဆင်ထားသည်လေ။

'အရှင်ဘုရားတို့··ခေတ္တသည်းခံတော်မူပါ။ ဆွမ်းဟင်းပြင်ဆင်မှု အသင့်ရှိ၊မရှိ တပည့်တော် ဝင်ကြည့်လိုက်ပါဦးမယ်ဘုရား'

အဆောင်ရှေ့မှ လက်အုပ်ချီ ရှိခိုးရင်း လျှောက်ထားသည်။ ပြီးသည်နှင့် အဆောင်တွင်း ဝင်သွား၏။ အတွင်းမှာတော့ ကတ္တီပါဖုံး နောက်မှီကုလားထိုင်များ စီတန်းချထားသည်။ ကြွလာသည့် တဏ္ဍတွန်းဦးရေနှင့်အညီ မျှတအောင် စီစဥ်ထားပြီး ဖြစ်နေသည်။ ထိုင်ခုံများ အောက်ဘက်တွင် ရောင်စုံကော်ဇောများ ဖြန့်ခင်းထား၏။ သူ့ကျေးကျွန် အချို့တစ်ဝက်က လိုအပ်သလို ဆောင်ရွက်ရန် စောင့်ဆိုင်းနေကြသည်။ စိတ်တိုင်းကျပြီဆိုတော့မှ သီရိဂုတ္တ ပြန်ထွက်လာ၏။

ဂရဟဒိန္နက မကျေမနပ် လေသံဖြင့်-

'သီရိရယ်··ကြာလိုက်တာကွာ။ ဒီမှာ အရှင်တို့ကို အားနာစရာ ဖြစ်နေပြီ'

'သည်းခံပါ ရောင်းရင်းရယ်။ အဆောင်တွင်း ကြွတော်မူပါ အရှင်တို့ဘုရား'

သီရိဂုတ္တက တောင်းပန်စကားဆိုပြီး တဏ္ဍတွန်းတို့ကို ပင့်ဆောင်သွားသည်။ ဂရဟဒိန္နက နောက်ပါးမှ ကပ်လျက်ပါလာသည်။

'အရှင်ဘုရားတို့၊ ထိုင်ခုံတွေရှေ့မှာ တစ်ပါးစီ တစ်ပါးစီ နေရာယူပေးပါ။ ပြီးလျှင် တစ်ပြိုင်တည်း ဝင်ထိုင်တော်မူပါ။ တပည့်တော် ဆွမ်းဟင်းများကို တစ်ပါးစီ ကြည်ညိုစွာ ကပ်လှူချင်ပါတယ်ဘုရား'

လက်အုပ်လေး တချီချီနှင့် လေးလေးမြတ်မြတ် လျှောက်ထားနေသည့် သီရိဂုတ္တကို ဂရဟဒိန္န ကြည့်ပြီး သဘောကျနေ၏။ ဘာသာမတူသူ တစ်ဦးက သူ့ဘုန်းဘုရားတွေကို ဆွမ်းလုပ်ကျွေးမှုအတွက် ဂုဏ်ယူမဆုံး အပြုံးတွေဝေလျက်။ အစီအစဥ်အတိုင်း နိဂဏ္ဌတို့ နေရာယူပြီး ထိုင်ခုံများပေါ်သို့ ညီညီညာညာ ထိုင်လိုက်ကြသည်။ ဤတွင် မမျှော်လင့်သော ဖြစ်စဥ်ကို မြင်လိုက်ရ၏။

'အယ်မယ်လေး··အလာလာ··အလိုလေးလေး'

အထိတ်တလန့် အော်ဟစ်သံတို့နှင့်အတူ တဏ္ဍတွန်းတို့ ကုလားထိုင်နှင့်တွဲလျက် နောက်ပြန်လန်ကျကုန်ကြပြီ။ ခင်းထားသော ကော်ဇောချပ်ကြီးများ နိမ့်ခနဲ လှုပ်ခါသွားပြီး နိဂဏ္ဌတို့အား အောက်ဘက်ကျင်းကြီးထဲသို့ ဝရုန်းသုန်းကား ဆွဲခေါ်သွားသည်။ ကျင်းကြီးထဲမှ အသင့်စောင့်နေကြသည့် ရေချိုးထားသော နွားချေးမစင်တို့က ဆွဲမြှုပ်လိုက်ကြ၏။ ပက်လက်မှောက်ခုံ ဘေးစောင်းပုံစံမျိုးမျိုးဖြင့် မြင်မကောင်းအောင် နွားချေးမစင်များ ပေကျံကုန်



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။ တကယ်တော့ ကုလားထိုင်ရှေ့ ခြေထောက်နှစ်ချောင်းကို ကျင်းနှုတ်ခမ်းပေါ်တွင် နောက်ခြေထောက်တို့ကို ကြိုးတန်းပြေး၍ မှေးတင်ထားသည်။ ဤနည်းဖြင့် ဖြစ်စေချင်သည့်ပုံစံကို သီရိဂုတ္တ ဖန်ဆင်းလိုက်ခြင်းပင်ဖြစ်၏။

ကျင်းက သိပ်မနက်လှ။ ခါးစောင်းတိုက်သာသာရှိသည်။ ကိုယ်တုံးလုံး ကိုယ်တော်တို့ မစင်ဖတ်များ လိမ်းကျံလျက် ကျင်းပေါ်သို့ အလူးအလဲ တွယ်တက်နေကြ၏။ ရုတ်တရက် မထင်မှတ်သည့် မြင်ကွင်းကြောင့် ဂရဟာဒိန္န တစ်ယောက် တုန်လှုပ်သွားသည်။

'ဟာ··အရှင်တို့၊ ဘယ်လိုဖြစ်ကုန်တာလဲ။ သီရိဂုတ္တ··မင်း··မင်း··ယုတ်မာလှချည်လား'

ဒေါသတကြီး ဟစ်အော်ပြီး သီရိဂုတ္တဆီ ပြေးလာသည်။ အနီးရှိ ကျေးကျွန်တို့က ဖမ်းချုပ်ထားကာ ခြံဝင်းတံခါးအပြင်သို့ ပို့လိုက်ကြ၏။ ကျင်းပေါ်မှတက်လာသော တက္ကတွန်းတို့ကို ကျေးကျွန်တို့က ကြိမ်လုံးငယ်များဖြင့် ရိုက်နှက်ကြသည်။ နာနာကြည်းကြည်းတော့ မဟုတ်၊ ခြောက်လှန့်ရုံသက်သက်သာ ရိုက်ကြခြင်း ဖြစ်သည်။

'ကြောက်ပါပြီဟ၊ တော်ပါတော့'

ခြေကားရား လက်ကားရား တွန့်လိမ်ကွေးကောက် ထွက်ပေါက်ရှာရင်း ခြံဝင်းအပြင်သို့ ထွက်ပြေးကြတော့သည်။

တက္ကတွန်းတို့ ဖြစ်ပုံကိုကြည့်ရင်း သီရိဂုတ္တနှုတ်မှ-

'ဂရဟာဒိန္နရေ··မင်းတို့ တက္ကတွန်းတွေက ကာလသုံးပါးကို သိမြင်တယ်ဆိုလို့ ငါ စမ်းသပ်လိုက်တာပါကွာ။ ငါ့ကို ခွင့်လွှတ်ပါ'

♦ ♦ ♦

'နေနှင့်ဦးပေါ့ သီရိဂုတ္တရယ်၊ တို့အရှင်ကြီးတွေကို ရက်ရက်စက်စက် အရှက်ခွဲခဲ့တာ။ မင်းကို တစ်သက်မေ့ဘူး။ ဟင်း··ဟင်း··ဟင်း'

ဂရဟာဒိန္န ရင်ထဲ ဆူးစူးခဲ့လေပြီ။ ပြန်တွေးတိုင်း ဒေါသလှိုင်းတို့က တုန်ခါလာစမြဲ။ ခက်နေသည်က ဘာမျှလုပ်မနိုင်။ သူ့ဆရာ တက္ကတွန်းတို့လည်း ဘယ်လိုမှမကြံဆောင်။ နိဂဏ္ဌတို့အတွက် သာဝတ္ထိတွင် နေရာကျဉ်းမြောင်းခဲ့သည်မှာ ကြာခဲ့ပါပြီ။ နိဂဏ္ဌဂိုဏ်းသာမဟုတ်၊ အိန္ဒိယမြောက်ပိုင်း တစ်ဝှမ်းလုံးရှိ ဝါဒရှင်များ၊ ဘာသာရေးဂိုဏ်းများ၊ ပြဟ္မဏအယူဝါဒများပါ မှေးမှိန်နေပြီ ဖြစ်သည်။ ယခင်ကလို လာဘ်လာဘ မပေါများတော့၊ ကိုးကွယ်ယုံကြည်သူ နည်းပါးလာခဲ့သည်။

ဗုဒ္ဓရှင်တော် ပေါ်ထွန်းလာပြီးနောက် သူတို့အားလုံး ဘာသာရေးလောကတွင် အရောင်ကင်းမဲ့လာကြခြင်းပင်တည်း။ မြို့ပြနိုင်ငံအသီးသီးက ဘုရင်တို့ ဗုဒ္ဓကို ဆည်းကပ်ယုံကြည်လာသည်။ သာဝတ္ထိပြည့်ရှင် ကောသလမင်းကြီးကိုယ်တိုင် ဗုဒ္ဓနှင့် တပည့်များကို ယုံမှတ်ကိုးကွယ်သူ၊ နိဂဏ္ဌတို့ကို အားမပေး။ သည်တော့ ဂရဟာဒိန္နနှင့် ဆရာရှင်တို့ အားကိုးရာပုဂ္ဂိုလ် နတ္ထိ။

'ရှင်ကြီးဂေါတမကြောင့် ဒီလိုဖြစ်နေတာ'

အခဲမကျေ မရှုဆိတ်နိုင်သော ဣဿာမစ္ဆရိယတို့က သူ့တစ်ကိုယ်လုံး ဝါးမျိုထားသည်။ ဗုဒ္ဓနှင့် ယှက်နွယ်နေသည့် အသိုင်းအဝိုင်းအားလုံးကို ရန်သူလို မြင်လာ၏။ ဖြစ်ပြီးခဲ့သည့် အကြောင်းကြောင့် သူနှင့် သီရိဂုတ္တတို့ နှစ်ဦး လ,အတန်ကြာအောင် မခေါ်မပြောဘဲ နေခဲ့၏။ သည်ကြားထဲ သီရိဂုတ္တကို တုံ့ပြန်ရန် နည်းလမ်းကို အမြဲတွေးနေမိ၏။ ဝေးဝေးနေသည်ထက် အနီးကပ် ပူးသတ်လျှင် ဆိုသည့်အတွေး။

'သီရိရယ်··တို့ဘုန်းဘုရားတွေက ကာလသုံးပါးကို တကယ်မသိဘူးဆိုတာ သိပါပြီကွာ။ သူတို့ဉာဏ်နဲ့ ကြိုတင်မြင်ရင် ခုလို ဘယ်ဖြစ်ပါ့မလဲ။ မင်းကို စိတ်မဆိုးတော့ပါဘူး'

သည်းခံခွင့်လွှတ်သည့် ဟန်အမူအရာဖြင့် အပြုံးပန်းဆင်ပြီး သီရိဂုတ္တနှင့် ပြန်ဆက်ဆံသည်။ ဘာမျှမဖြစ်ခဲ့သလို နေပြ၏။ ဂရဟာဒိန္န ရန်ငြိုးမထားဘဲ တရင်းတနှီး ပြောဆိုဖော်ရလာသည်မို့ သီရိဂုတ္တ ကျေနပ်နေမိပါသည်။

တစ်နေ့မှာတော့-

'သူငယ်ချင်းရေ··ရှင်ကြီးဂေါတမနဲ့ သံဃာတော်တွေကို ဆွမ်းကပ်လှူချင်တယ်ကွာ။ ဗုဒ္ဓရဲ့ တရားကိုလည်း နာကြားချင်တယ်။ လာမယ့်လပြည့်နေ့ အရုဏ်ဆွမ်းပေါ့။ ကိုယ်စား ပင့်လျှောက်ပေးပါကွာ'

ဂရဟာဒိန္န စကားသံကြောင့် သီရိဂုတ္တ အံ့သြသွားရသည်။ စိတ်ထဲမှာတော့ သံသယရှိနေ၏။ တကယ်ပဲ ဆွမ်းလုပ်ကျွေးချင်တာလား။ ငါ့ကို ကလဲ့စားချေချင်တာနဲ့

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်ကို ဒုက္ခပေးလိုတာလား။ ဘယ်လိုယုံစားရပါ့မလဲ။ အတွေးတို့က ဦးနှောက်ထဲ ဖြတ်ပြေးနေကြသည်။

တစ်ချိန်တည်းမှာပင် ဘုရားရှင်၏ တုနှိုင်းမဲ့ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်တို့ကို လေးမြတ်ယုံကြည်သည့် သဒ္ဓါတရားတို့က သွေးနှလုံးသားတွင် စွဲထင်လာ၏။ ပု၊ ဒီ၊ အာ ဉာဏ်တော်သုံးပါးဖြင့် သဗ္ဗညုတဉာဏ်တော်ပိုင်ရှင် ဘုရားရှင်ကို မည်သူမျှ ဒုက္ခမပေးနိုင်ဆိုသည့် ယုံကြည်အားကိုးစိတ်။ ချက်ချင်းပင် ဇေတဝန်ကျောင်းတော် ဘုရားရှင်ရှေ့မှောက် အရောက်သွားပြီး ဆွမ်းပင့်လျှောက်ထားလိုက်ပေသည်။ သတ်မှတ်သည့် လပြည့်နေ့ရောက်ခဲ့ပြီ။ နံနက်ခင်းနေရောင်ခြည်မွှန်ပျပျအချိန် ဘုရားရှင်နှင့် ရဟန္တာငါးရာတို့ ဂရဟာဒိန္နစံအိမ်တော်သို့ ဆွမ်းအလှူခံ ကြွရောက်တော်မူလာသည်။ ဘုရားရှင်နှင့်အတူ သီရိဂုတ္တ ပါလာသည်။

'ဒိန္န ဘယ်လိုများ ပြင်ဆင်ထားပါလိမ့်'

သီရိဂုတ္တ ခြံဝင်းအတွင်း ရောက်လျှင်ရောက်ချင်း အကဲခတ်လိုက်၏။ စံအိမ်တော်ရှေ့၌ ကတ္တီပါအနီရောင်ခင်း လျှောက်လမ်းတစ်ခုက အတော်အသင့် ကျယ်ဝန်းသော စင်မြင့်ဆီသို့ ဦးတည်နေသည်။ စင်မြင့်ပေါ်တွင် ကတ္တီပါ အစိမ်းစများ ခင်းထား၏။ ကညင်ဆီမီးတိုင်တို့က မငြိမ်းသေး။ စင်မြင့်နှင့် မလှမ်းမကမ်းတွင် စဥ့်အိုးကြီးငယ်တို့ စီတန်းလျက် ပိတ်ပါးစနှင့် ဖုံးအုပ်ထားသော်လည်း ယာဂု၊ ဆွမ်းဟင်းအစအနများ မြင်နေရသည်။ မြင်ကွင်းက အရှင်းကြီး၊ ဘာတစ်ခုမျှ မသင်္ကာစရာမရှိ။ ဂရဟာဒိန္နက ဘုရားရှင်ကို လက်အုပ်ချီမိုး ရှိခိုးပြီး လျှောက်လမ်းဆီသို့ ဦးဆောင်ပင့်သွားသည်။

'တပည့်တော်အား ချီးမြှောက်သောအားဖြင့် ကတ္တီပါလျှောက်လမ်းပေါ်မှ တစ်ပါးချင်း ကြွတော်မူသည်ပါဘုရား'

ထိပ်ဆုံးမှ ဘုရားရှင်တစ်ပါးတည်း ကြွတော်မူသည်။ လျှောက်လမ်းအစပ် ဘုရားရှင် ခြေတော်လှမ်းရန် ဟန်ပြင်သည်နှင့်တစ်ပြိုင်နက် ကတ္တီပါအခင်းနှင့် အောက်ခံဝါးစပျဥ်စတို့ မြေကျင်းထဲသို့ ပြုတ်ကျကုန်သည်။ ဂရဟာဒိန္နစီစဥ်ထားသော မီးကျီးခဲတွင်းထဲမှ လှည်းဘီးပမာဏရှိ ပဒုမ္မာကြာပွင့်ကြီးများ ပေါ်ထွက်လာ၏။ ဘုရားရှင် ခြေလှမ်းချတိုင်း ပဒုမ္မာကြာပွင့်ကြီးတို့က အောက်မှ ခံပေးနေကြပြီ။ ရဟန္တာအရှင်မြတ်တို့လည်း ကြာပွင့်ကြီးများပေါ် တစ်ပါးချင်း လျှောက်လှမ်းပြီး စင်မြင့်ပေါ်ရှိ ခင်းအပ်သော နေရာတို့တွင် သီတင်းသုံးတော်မူကြတော့သည်။

'ဟာ..ထူးဆန်းလှချည်လား။ ဘုရားရှင် ဘုန်းတန်ခိုးတော် ကြီးမားလှချည့်လား'

မြင်ရသူအပေါင်း လက်အုပ်ချီမိုး ပူဇော်ကြလေပြီ။ ဂရဟာဒိန္နနှင့် ကျေးကျွန်တို့ တုန်လှုပ်ချောက်ချားကုန်သည်။ ဂရဟာဒိန္နကိုယ်တိုင် တစ်ကိုယ်လုံး ပူလောင်ပြင်းပြသည့်ဒေဝနာ ခံစားလာရ၏။ မရှုနိုင် မကယ်နိုင် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ ပျာယီးပျာယာ ကတုန်ကယင်ပြေးလာပြီး သီရိဂုတ္တထံ အကူအညီတောင်းသည်။

'သီရိရေ..ငါ့ကို ကယ်ပါဦးကွာ၊ မင်းကို ကလဲ့စားချေချင်တာနဲ့ ဘုရားရှင်ကို မီးကျီးခဲတွင်း ထောင်ထားတာ၊ အိုးတွေထဲမှာလည်း ဘာဆွမ်းဟင်းမှ မရှိဘူး'

ဂရဟာဒိန္န ဒုက္ခတွေ့လေပြီ။ သီရိဂုတ္တက ဣန္ဒြေမပျက် တည်ငြိမ်သော အသံဖြင့် –

'မစိုးရိမ်ပါနဲ့ ဒိန္နရ၊ ဘုရားရှင်ရဲ့ ဘုန်းတော်ကြောင့် စဥ့်အိုးတွေထဲမှာ ဆွမ်းဟင်းတွေ အပြည့်ရှိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဘာ..ဘာပြောတယ်၊ ငါ့ကို ဒီလိုတော့ မကျီစား နဲ့ကွာ'

'မင်း မယုံရင် အိုးတွေ ဖွင့်ကြည့်လေ'

ဂရုဟာဒိန္နကိုယ်တိုင် အိုးတွေကို အပြေးအလွှား ဖွင့်ကြည့်သည်။ မကြုံစဖူး ထူးကဲလှပါဘိ။ ယာဂုဆွမ်းဟင်းလျာတို့ကအပြည့်၊ မွှေးကြိုင်သင်းပျံ့ ရနံ့ပေါင်းစုံ ထုံမွှမ်းလျက် ဂရုဟာဒိန္န မိသားစုတို့ ချက်ချင်းပြင်ဆင်ခူးခပ်ပြီး ဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်တို့အား ကြည်ညိုသဒ္ဓါ အပြည့်ဖြင့် ဆွမ်းကပ်လှူကြတော့သည်။

ဘုရားရှင်ကိုယ်တော်တိုင် ဉာဏ်တော်ဖြင့် ရှုမျှော်ပြီး ဂရုဟာဒိန္န၏ ဆွမ်းပင့်လျှောက်မှုကို လက်ခံတော်မူခဲ့ခြင်း ဖြစ်သည်။ ဤဆွမ်းကို အကြောင်းပြု၍ သူကြွယ်နှစ်ဦး သောတာပန်တည်မည့် အကျိုးကို မြင်တော်မူခဲ့ပါသည်။

ဘုရားရှင်က ဆွမ်းဘုဉ်းပေးအပြီး အနုမောဒနာ တရား ချီးမြှင့်တော်မူရာ-

'သတ္တဝါတို့သည် ပညာမျက်စိ မရှိခြင်းကြောင့်၊ ရတနာသုံးပါး ဂုဏ်ကျေးဇူးကို မသိနိုင်ကြကုန်။ ပညာမျက်စိ ကင်းသံဖြင့် သူကန်းမည်ကုန်၏။

ပညာမျက်စိ ကန်းကုန်သော ပုထုဇဉ်လူမိုက်တို့ အလယ်၌ ဗုဒ္ဓ၏ တပည့်သာဝကသည် ပညာဖြင့် လွန်စွာ တောက်ပတင့်တယ်လှပေ၏'

ဒေသနာတော်အဆုံးတွင် သီရိဂုတ္တနှင့် ဂရုဟာဒိန္နတို့ နှစ်ဦးလုံး သောတာပတ္တိမဂ်သို့ ဆိုက်ရောက်ကြသည်။ ဂရုဟာဒိန္နအဖို့ကား ဘုရားရှင်အား ပြစ်မှားမိသည့် အန္တရာယ်ကြီးမှ လွတ်မြောက်ခဲ့လေပြီ။ ဗုဒ္ဓရှင်တော်မြတ်၏ ဓမ္မရေစင်တို့ဖြင့် နိဗ္ဗာန်အဝင်စခန်းပေါ်သို့ မျက်မှောက်ပြုခွင့်ရခဲ့သည်။ သူတို့နှစ်ဦး မျက်ဝန်းတို့မှာ ပီတိမျက်ရည်တို့ဖြင့် ပြည့်လျှမ်းလျက်။

မီးလျှံကြားမှ ဗုဒ္ဓ၏ ဓမ္မရှေ့ကြာပန်းတို့ ပွင့်လန်းခဲ့ပြီ ဆိုလျှင်..။

**ရဲနွယ်မောင်(သုံးဆယ်)**

*(ဓမ္မပဒ၊ ပုပ္ဖဝဂ်၊ ဂရုဟာဒိန္နသူကြွယ်ဝတ္ထုကို မှီး၍ ခံစားရေးဖွဲ့ပါသည်။)*


မှတ်ပုံတင်ပြီး

'အဖေဖေ့ဆေး'
အမှတ်တံဆိပ်

ဆီးချို၊ သွေးချို
သောက်ဆေး

သုံးစွဲရန် ဆေးပမာဏ
နံနက် အစာမစားမီ (၃) ပြား
နေ့လယ် အစာမစားမီ (၃) ပြား
ည အစာမစားမီ (၃) ပြား

ပင်ရင်း အမှတ် (၃၀)၊ (၀၂၂)လမ်း။
ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၁ - ၃၇၆၇၀၁၊ ၀၁ - ၃၇၆၇၀၂၊ ၀၉ - ၇၃၂၀၀၉၇၀

အမြို့မြို့အနယ်နယ်ရှိသော
ဆေးမျိုးစုံဆိုင်များတွင် ရရှိနိုင်ပါသည်။

[illegible]လုပ်ခွင့်လိုင်စင်အမှတ် - ၂၂၂၀၁၃ တဆတထလ (၂၉၉၈)
[illegible]မှတ်ပုံတင်အမှတ် - TMR ၁၁၁၀၇၆(၁၁၁၄)
[illegible]အမှတ် - တဆဝက (စာနယ်ဇင်း) ၀၀၃/၀၃၁၃



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကိုးဆူပူဇော်ပွဲဆိုလျှင် မြန်မာမှန်သမျှ တွေ့ဖူး၊ မြင်ဖူး၊ ယုတ်စွအဆုံး ကြားဖူးကြမည်။ ထိုပူဇော်ပွဲသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ အလေ့အလာ တစ်ခု ဖြစ်သောကြောင့် တောရော မြို့ပါ မြန်မာပြည်အနှံ့တွင် ကျင်းပလေ့ရှိ၏။

ထိုပူဇော်မှုကိုပြုလျှင် အန္တရာယ်ကင်းစင်သည်ဟူသော အစဉ်အလာ ယုံကြည်ချက်ကြောင့် နာမကျန်းဖြစ်သော ကာလ ဂြိုဟ်စီးဂြိုဟ်နင်း ညှို့ဖျင်းသည်ဟု ယူဆကြသော ကာလတို့တွင် အထူးသဖြင့် ပူဇော်သမှုပြုလေ့ရှိ၏။

ထိုပူဇော်ပွဲ၏ ထူးခြားချက်တို့မှာ ညဦးမှ မိုးသောက်အထိ ညလုံးပေါက် ပူဇော်ရခြင်း၊ ပူဇော်မှုကို အလှူရှင်ကိုယ်တိုင် တိုက်ရိုက်မပူဇော်ဘဲ ကြားလူ ဘုရားကိုးဆူဆရာမှတစ်ဆင့် ပူဇော်လေ့ရှိခြင်းနှင့် ပူဇော်ရာတွင် စည်းကမ်းကလနား ကြီးကျယ်များပြားခြင်းတို့ ဖြစ်ကြ၏။

ပူဇော်ရာတွင် အစိုကပ်ပွဲ၊ အခြောက်ကပ်ပွဲဟူ၍ နှစ်မျိုး ကွဲပြားလျက်ရှိသည်။ အစိုကပ် ဟူသည်မှာ ပူဇော်ပွဲကို စိုစို ပြည်ပြည်၊ စည်စည်ကားကား၊ ခမ်းခမ်းနားနားဖြစ်အောင် ပရိသတ်များစွာအား အကျွေး အမွေး တည်ခင်းကာဖြင့် ထည်ထည်ဝါဝါ ကျင်းပသော ပွဲမျိုးကို ဆိုလိုသည်။ အခြောက် ကပ်ပွဲဟူသည်ကား မကင်းရာ မကင်းကြောင်းဖြစ်သော လူအနည်း ငယ်ခန့်ကိုသာ ဖိတ်ကြားကာ ခြောက်ကပ် ကပ် ကျင်းပတတ်သော ပွဲမျိုးပင်ဖြစ်၏။



### (က) ပူဇော်ရာတွင် ပါဝင်သည့် ပုဂ္ဂိုလ်များ

ဘုရားကိုးဆူပူဇော်ပွဲဟူသော အမည်ကို ကြည့်ကာ မသိသူတို့က ရုတ်တရက် ကိုးပါးသောဘုရားတို့ကို ပူဇော် ပ,သမှုပြုခြင်းဟု ထင်မှတ်ကြ သည်။ သို့သော် ဤသို့ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ပါးတည်းသော ဘုရားနှင့် ရဟန္တာအရှင်သူမြတ် ရှစ်ပါးတို့ကို အမျူးပြုသည့် ပူဇော်သမှုသာ ဖြစ်သည်။ ရဟန္တာအရှင်သူမြတ်တို့သည်လည်း ပူဇော်ခံထိုက်သူများ ဖြစ်ကြသဖြင့် ဘုရားရှင်နှင့် တန်းတူပြု၍ ဘုရားကိုးဆူဟု ရေတွက်ကြခြင်းသာ ဖြစ်၏။

ထိုဘုရားကိုးဆူပွဲတွင် ပါဝင်သော ရဟန္တာအရှင်သူမြတ်ရှစ်ပါးတို့ကား-

(၁) ရှင်သာရိပုတ္တရာ၊
(၂) ရှင်မဟာမောဂ္ဂလာန်၊
(၃) ရှင်အာနန္ဒာ၊
(၄) ရှင်ဂဝံပတိ၊
(၅) ရှင်ရေဝတ
(၆) ရှင်ရာဟုလာ၊
(၇) ရှင်ဥပါလိ၊
(၈) ရှင်ကောဏ္ဍည
တို့ ဖြစ်ကြ၏။

ရဟန္တာအရှင်သူမြတ်များစွာရှိသော်လည်း အရပ်ရှစ်မျက်နှာနှင့် အပ်စပ်သည်ဆိုကာ ဤရဟန္တာရှစ်ပါးကိုသာ ရွေးချယ်ပူဇော်ကြ၏။

(၁) __ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်__

ထိုအရှင်သူမြတ် နှစ်ပါးသည် မြတ်စွာဘုရားရှင်၏ လယ်ယာတော်ရံနှင့် လက်ဝဲတော်ရံ အဂ္ဂသာဝကကြီးများ ဖြစ်၏။

တစ်နေ့တည်းတွင် အတူမွေးကြသည်။ အလွန်ချစ်ခင်ရင်းနှီးကြသော သူငယ်ချင်းများလည်း ဖြစ်ကြသည်။ သူတို့နှစ်ဦးသည် သိဥ္စည်းဆရာကြီးထံတွင် ဦးစွာ တပည့်ခံကြသည်။ အမှန်တရားကို အရပ်တကာလှည့်၍ စူးစမ်းရှာဖွေကြသည်။ သို့သော် ကျေနပ်မှုကို မရကြပါ။ ပဥ္စဝဂ္ဂီငါးဦးထဲတွင် အငယ်ဆုံးဖြစ်သော ရှင်အဿဇိထံမှတစ်

# ဘုရားကိုးဆူ ပူဇော်ပွဲ

## သုတေသီမြင့်ထွန်း





www.burmeseclassic.com

ဆင့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ တရားစစ် တရားမှန်ကို ကြားနာရသောအခါမှ ကျေနပ်မှုရကြသကဲ့သို့ သောတာပန်လည်း ဖြစ်ကြသည်။ နောင်တွင် အရှင်သူမြတ်နှစ်ပါးသည် ဘုရားရှင်နှင့် တွေ့ကြကာ သာသနာတွင် ထင်ရှားလှသော အဂ္ဂသာဝကကြီးများ ဖြစ်လာကြ၏။

ရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားရှင်၏ လက်ယာတော်ရံ အဂ္ဂသာဝကကြီးဖြစ်ကာ ပညာအရာတွင် မြတ်စွာဘုရားရှင်ကလွဲလျှင် အကြီးဆုံး ဖြစ်လာ၏။

ရှင်မဟာမောဂ္ဂလာန်ကမူ မြတ်စွာဘုရားရှင်၏ လက်ဝဲတော်ရံ အဂ္ဂသာဝကကြီး ဖြစ်ပြီးလျှင် တန်ခိုးဣဒ္ဓိပါဒ်အရာတွင် မြတ်စွာဘုရားရှင်ကလွဲလျှင် သူသာလျှင် အကြီးဆုံး ဖြစ်၏။

## (ဂ) ရှင်အာနန္ဒာ

ဤအရှင်သူမြတ်ကား အခြားမဟုတ်၊ မြတ်စွာဘုရားရှင်၏ တစ်ဝမ်းကွဲသည့် ညီချစ်ဖြစ်သည်။ မြတ်စွာဘုရားရှင်နှင့် တစ်ချိန်တည်းတွင် ဖွားမြင်သော ဖွားဖက်တော်လည်း ဖြစ်သည်။ မြတ်စွာဘုရားရှင်ကို အလွန်ချစ်မြတ်နိုးကာ နှစ်ဆယ့်ငါးနှစ်တိုင်တိုင် ရေပူရေချမ်း ကမ်းလှမ်း၍ ပြုစုရုံမျှမက အသက်စွန့်ကာပင် စောင့်ရှောက်ခဲ့သူလည်း ဖြစ်၏။

ဒေဝဒတ်က နာဠာဂီရိဆင်ကို အရက်ကိုးမောင်းတိုက်ကာ မြတ်စွာဘုရားရှင်ကို တိုက်သတ်စေသောအခါ အရှင်အာနန္ဒာသည် မိမိအသက်ကို ပဓာနမထားဘဲ တိုးဝေ့ကာ ဘုရားရှင်ရှေ့မှ မားမားမတ်မတ်ရပ်၍ ဆင်ရိုင်းကြီးကို ရင်ဆိုင်ခဲ့သည်။ မြတ်စွာဘုရားရှင်က ရှင်အာနန္ဒာကို သူ့ရှေ့မှ ဖယ်ပေးရန် သုံးကြိမ်တိုင်တိုင် အမိန့်ပေးသော်လည်း ခါတိုင်း ဘုရားရှင် စကားကို မြေဝယ်မကျ နားစိုက်ထောင်ကာ ကျိုးနွံလှစွာသော ရှင်အာနန္ဒာသည် ဤတစ်ကြိမ်တွင် လုံးဝဂရုမထားခဲ့လေသဖြင့် မြတ်စွာဘုရားရှင်က တန်ခိုးတော်ဖြင့်သာ သူ့ကို ဖယ်ရှားခဲ့ရ၏။

ထိုအရှင်သူမြတ်သည် မြတ်စွာဘုရားရှင်၏ အကျိုးကိုသာ သယ်ပိုးသည်မဟုတ်၊ အများအကျိုးကိုလည်း မညည်းမညူ စိတ်ရှည်လက်ရှည် ပြေပြေပြစ်ပြစ် ဆောင်ရွက်တတ်သူဖြစ်သဖြင့် ချစ်သူခင်သူလည်း ပေါများလှသည်။ မြတ်စွာဘုရားရှင်ကို နည်းလမ်းအမျိုးမျိုးဖြင့် တောင်းပန်ကာ ဘိက္ခုနီသာသနာဖြစ်အောင်လည်း ဆောင်ရွက်ပေးခဲ့သည်။ မြတ်စွာဘုရားရှင်နှင့်တကွ အများအကျိုးကိုလည်း ဆောင်ရွက်လွန်းရသဖြင့် တရားအားထုတ်ချိန်မရသောကြောင့် မြတ်စွာဘုရားရှင် ရှေ့မှောက်တွင် ရဟန္တာမဖြစ်ခဲ့ရရှာဘဲ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးမှသာ ရဟန္တာဖြစ်ရရှာသည်။ ထိုအရှင်သူမြတ်သည် ဗဟုသုတ၊ သတိ၊ ဝီရိယ၊ အပြုအစုနှင့် ဉာဏ်ကောင်းသူတို့ထဲတွင် အကြီးမြတ်ဆုံးအဖြစ် ဧတဒဂ်ငါးတန် ရခဲ့၏။

## (ဃ) ရှင်ဂဝံပတိ

ထိုအရှင်သူမြတ်သည် ယခုဘဝ မရောက်မီဘဝ၌ နဂါးမနှင့် ဝိဇ္ဇာဓိုရ်တစ်ဦးကို သင့်မြတ်ကြသဖြင့် ဥ,အဖြစ် ပေါက်ဖွားကာ လူယောက်ျားအဖြစ် မွေးဖွားလာခဲ့သည်။ သို့သော် အသက်ဆယ်နှစ်တွင် ကွယ်လွန်ခဲ့ပြီးနောက် မိတ္ထီလာတွင် ဂဝံပတိအဖြစ် မွေးဖွားလာသည်။ သူသည် အသက်ခုနစ်နှစ်အရွယ်တွင် ဗုဒ္ဓသာသနာတွင်းသို့ဝင်ပြီး ဆယ်နှစ်အရွယ်တွင် ရဟန္တာဖြစ်လာသည်။ ထိုအရှင်သူမြတ်သည် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသူလည်းဖြစ်သည်။

တစ်ခါက တက်လာသော ဒီရေကို တားမြစ်ကာ သဲသောင်ပြင်တွင် အိပ်ပျော်နေကြသော ရဟန်းတော်တို့ကို ရေနစ်မည့်ဘေးမှ ကယ်တင်ခဲ့၏။

ထိုအရှင်သူမြတ်နှင့် ပတ်သက်၍ မှတ်ကွဲအမျိုးမျိုးရှိသည်။ အချို့က ဤအရှင်သူမြတ်သည် မြတ်စွာဘုရားရှင်၏ ရှေးဦးသံဃာဖြစ်သော သူဌေးသားယသ၏ သူငယ်ချင်း ဂဝံပတိဖြစ်သည်ဟု ဆို၏။

## (င) ရှင်ရေဝတ

ထိုအရှင်သူမြတ်သည် ရှင်သာရိပုတ္တရာ၏ ညီအငယ်ဆုံးဖြစ်သည်။ မင်္ဂလာဆောင်သည့်နေ့တွင် သတို့သမီးကို စွန့်ကာ ရဟန်းကျောင်းသို့ ထွက်ပြေးလာခဲ့သူလည်းဖြစ်သည်။ သားကြီးများ တစ်ယောက်ပြီးတစ်ယောက် ရဟန်းဘဝသို့ ရောက်သွားကြသည်ကို စိတ်ပျက်လှသော မိခင်သည် သားအငယ်ဆုံးဖြစ်သော ရေဝတကို ရဟန်း မဖြစ်စေလိုသောကြောင့် နုနုငယ်ငယ် ခုနစ်နှစ်အရွယ်ကပင် လက်ထပ်ပေးခဲ့သည်။ သို့သော် ပါရမီရင့်သန်နေပြီဖြစ်သော ထိုအရှင်သူမြတ်သည် သတို့သမီးကိုစွန့်ကာ သာသနာ့ဘောင်သို့သာ ရောက်လာခဲ့၏။

ရဟန်းဘဝတွင် အရညဝါသီ တောရပ်မှီရသည်ကို အလွန်နှစ်သက်ခြိုက်လှသဖြင့် ဘုရားရှင်သည် သူ့ကို

www.burmeseclassic.com

တောရပ်မှီသူတို့ထဲတွင် အကောင်းဆုံးဖြစ်သော ဧတဒဂ်ဘွဲ့ကို ပေးတော်မူ၏။

**(စ) ရာဟုလာ**

ထိုအရှင်သူမြတ်ကား မြတ်စွာဘုရားသခင်၏ တစ်ဦးတည်းသော သားတော်ဖြစ်သည်။ ကလေးသူငယ်ခုနစ်နှစ်အရွယ်ကပင် ဘုရားသာသနာတော်သို့ ရောက်လာခဲ့သည်။ ဇာတိဂုဏ်၊ မိဘဂုဏ်၊ ဆွေမျိုးဂုဏ်၊ စည်းစိမ်ဂုဏ် အစုံစုံနှင့် ပြည့်စုံသူဖြစ်သော်လည်း မာန်မာနမရှိ သိမ်မွေ့လွန်းသူ ဖြစ်သည်။

တစ်ခါတွင် ရဟန်းကြီးများက သာမဏေနှင့် ရဟန်းတို့ အမိုးတစ်ခုတည်းအောက်တွင် အတူသိတင်းမသုံးရဟုဆိုကာ နေရာသစ်ရှာရန် သူ့ကိုပြောကြရာ ရှင်ရာဟုလာသည် ဘုရားရှင်၏ အပေါ့အလေးစွန့်ရာ ကုဋီအိမ်သို့ သွားကာ အိပ်ရှာသည်။ မနက်စောစော ဘုရားရှင်ကုဋီအိမ်ဝင်တော့မှ သူ့ကိုတွေ့လေရာ ထိုပညတ်ချက်ကို ပြင်ဆင်လိုက်ရ၏။

အရှင်သူမြတ်သည် ရဟန္တာဖြစ်ပြီးနောက်တွင် ဘုရားရှင်၏ သာဝကကြီး ဖြစ်လာခဲ့ပြီးလျှင် သိက္ခာသုံးပါးလိုလားသူတို့အထဲတွင် အကြီးမြတ်ဆုံးအဖြစ် ဧတဒဂ်ရတော်မူခဲ့၏။

**(ဆ) ရှင်ဥပါလိ**

ထိုအရှင်သူမြတ်သည် ဆတ္တာသည်ဖြစ်၍ အရှင်အနုရုဒ္ဓါ စသူတို့ကို အကြောင်းပြုကာ မြတ်စွာဘုရားသာသနာသို့ ရောက်လာသူဖြစ်သော်လည်း အလွန်ထင်ရှားခဲ့သည်။ ဝိနည်းအရာတွင် မြတ်စွာဘုရားရှင်မှတစ်ပါး အားလုံးထဲတွင် အကျွမ်းကျင်ဆုံးဖြစ်သည်။ ပထမသင်္ဂါယနာတင်ပွဲတွင်လည်း ဝိနည်းနှင့်ပတ်သက်၍ ရှင်မဟာကဿပ၏ မေးမြန်းသည်တို့ကို ဒိုင်ခံ၍ ဖြေကြားကာ သာသနာတော် ခိုင်မြဲသန့်စင်အောင် ဆောင်ရွက်ခဲ့သူဖြစ်၏။

**(ဇ) ရှင်ကောဏ္ဍည**

ထိုအရှင်သူမြတ်သည် မြတ်စွာဘုရားရှင်၏ တရားကို အဦးဆုံး နာကြားရသော ပဉ္စဝဂ္ဂီငါးဦးထဲမှ တစ်ဦးဖြစ်သည်။ သူသည် ဘုရားရှင်၏ တရားတော်ကို အဦးဆုံး နာကြားရသည်သာမဟုတ်၊ အဦးဆုံး သဘောပေါက် နားလည်သူလည်း ဖြစ်သည့်အပြင် မြတ်စွာဘုရားရှင် သာသနာတွင် အဦးဆုံးသော ရဟန္တာလည်း ဖြစ်၏။

ထို့ကြောင့်ပင်လျှင် ဘုရားရှင်ကိုယ်တိုင် အညာသိကောဏ္ဍညဟူ၍ သူ့ကို ထုတ်ဖော်ချီးကျူးသဖြင့် ယင်းအမည်ပင် တွင်လာခဲ့သည်။ ညဉ့်ယံအပိုင်းအခြားကို သိသူများထဲတွင် အကြီးမြတ်ဆုံးအဖြစ် ဧတဒဂ်ဘွဲ့ကိုလည်း ဘုရားရှင်က ပေးတော်မူခဲ့၏။

ဗုဒ္ဓလောင်းလျာကို ဖွားမြင်ခါစတွင် သုဒ္ဓေါဒနမင်းကြီးက သားငယ်၏ ရှေ့ရေးကို ဗေဒင်မေးရန် နာမည်ကျော် ပုရောဟိတ်ရှစ်ဦးကို ဖိတ်ကြားခဲ့ရာတွင် သူပါဝင်ခဲ့သည်။ အခြားသော ပုရောဟိတ်ခုနစ်ဦးတို့က ကလေးငယ်ကို စကြဝတေးမင်း (သို့မဟုတ်) ဘုရား ဖြစ်မည်ဟု မတင်မကျ နှစ်ခုဟောခဲ့ကြသော်လည်း ထိုအရှင်သူမြတ်က ကေန် ဘုရားဖြစ်ရမည်ဟု တစ်ထစ်ချဟောခဲ့၏။

ထိုအရှင်သူမြတ်သည် တောကြီးမျက်မည်း ဆင်ရိုင်းများကြားထဲတွင် သီတင်းသုံးကာ တောထဲမှာပင် ပရိနိဗ္ဗာန် စံဝင်ခဲ့၏။

ဘုရားကိုးဆူ ပူဇော်ရာတွင် အထက်ဖော်ပြပါဘုရားရှင်နှင့် ရဟန္တာအရှင်သူမြတ် ရှစ်ပါးအပြင် ဂြိုဟ်များလည်း ပါဝင်သေးရာ ယင်းဂြိုဟ်များမှာ-

(၁) တနင်္ဂနွေဂြိုဟ်၊
(၂) တနင်္လာဂြိုဟ်၊
(၃) အင်္ဂါဂြိုဟ်၊
(၄) ဗုဒ္ဓဟူးဂြိုဟ်၊
(၅) ကြာသပတေးဂြိုဟ်၊
(၆) သောကြာဂြိုဟ်၊
(၇) စနေဂြိုဟ်၊
(၈) ရာဟုဂြိုဟ်၊
(၉) ကိတ်ဂြိုဟ်တို့ ဖြစ်ကြ၏။

ယင်းဂြိုဟ်တို့တွင်စီးနင်းသော တိရစ္ဆာန်ယာဉ်အသီးသီးရှိကြရာ-

(၁) တနင်္ဂနွေဂြိုဟ်၏ယာဉ်သည် နဂါး၏ ကမ္ဘာ့ရန်ဘက် ဂဠုန်ငှက် ဖြစ်သည်။ စင်စစ် ယင်းငှက်သည် လောကတွင် တကယ်မရှိသည့် စိတ်ကူးယဉ်ငှက်သာ ဖြစ်၏။
(၂) တနင်္လာဂြိုဟ်၏ယာဉ်သည် ကျားဖြစ်၏။
(၃) အင်္ဂါဂြိုဟ်၏ယာဉ်သည် ခြင်္သေ့ဖြစ်၏။
(၄) ဗုဒ္ဓဟူးဂြိုဟ်၏ယာဉ်သည် အစွယ်ပါသည့်ဆင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

၏။
(၅) ကြာသပတေးဂြိုဟ်၏ယာဉ်သည် ကြွက်ဖြစ်၏။
(၆) သောကြာဂြိုဟ်၏ယာဉ်သည် ပူးဖြစ်၏။
(၇) စနေဂြိုဟ်၏ယာဉ်သည် နဂါးဖြစ်၏။
(၈) ရာဟုဂြိုဟ်၏ယာဉ်သည် အစွယ်မပါသည့်ဆင် ဖြစ်၏။
(၉) ကိတ်ဂြိုဟ်၏ယာဉ်သည် နဂါး၏ကိုယ်တွင် သမင်၏ချို၊ ဆင်၏အစွယ်နှင့် နှာမောင်း၊ ခြင်္သေ့၏ လည်ဆံမွေးနှင့် ငါး၏အမြီးတို့ကို တပ်ဆင်ထားသည့် စိတ်ကူးယဉ်သတ္တဝါဆန်း ဖြစ်၏။

ပူဇော်ပွဲတွင် အထက်ပါ ဘုရား၊ ရဟန္တာများ၊ ဂြိုဟ်များအပြင် နတ်များလည်း ပါဝင်သေးရာ ယင်းတို့မှာ-
(၁) သူရဿတီ၊
(၂) စန္ဒီ၊
(၃) ပရမေသွာ၊
(၄) မဟာပိန္နဲ၊
(၅) ဗိသုံနိုးတို့ ဖြစ်ကြ၏။

သူရဿတီသည် အများသိကြသည့် ပိဋကတ်သုံးပုံနှင့် နှုတ်ကိုစောင့်သော နတ်သမီးဖြစ်၏။

စန္ဒီသည် ပထဝီမြေကြီးကို စောင့်သည့်နတ်သမီးဖြစ်သည်။ သီဝနတ်မင်း၏ ကြင်ရာတော် ဖြစ်၏။

ပရမေသွာသည် အခြားမဟုတ်၊ သီဝနတ်မင်းပင်ဖြစ်၏။

မဟာပိန္နဲသည် ရန်သူကို ကာကွယ်သည့်နတ် ဖြစ်သည်။ ဆင်ခေါင်းနှင့် နတ်ကိုယ်ရှိသောသူ ဖြစ်၏။

ဗိသုံနိုး (ဝါ) ယောရမန္တသည် ရန်သူကို တိုက်ခိုက်သောနတ် ဖြစ်၏။

**(၅၂) ဘုရားကိုးဆူပူဇော်ပွဲ ကျင်းပပုံ**

ထိုပူဇော်ပွဲသည် အလှူရှင်ကိုယ်တိုင် မပူဇော်ဘဲ ကိုးဆူဆရာမှတစ်ဆင့် ပူဇော်လေ့ရှိကြသည်။ ဦးစွာကိုးဆူဆရာကို ရှာဖွေငှားရမ်းရသည်။ ပွဲကျင်းပမည့်နေ့တွင် ထိုဆရာသည် တစ်နေ့လုံး အလုပ်လုပ်ရတော့သည်။ ဦးစွာဘုရားကျောင်းဆောင်ကို ဝါးဖြင့်ဖြစ်စေ၊ ငှက်ပျောပင်ဖြင့်ဖြစ်စေ ပြုလုပ်ရသည်။ တချို့ဆရာတို့တွင် သစ်သားကျောင်းဆောင် အသင့်ထားရှိတတ်သဖြင့် ကျောင်းဆောက်လုပ်ရန် မလိုတော့ပါ။ ထို့နောက် ထီး၊ ကုက္ကား၊ တံခွန်၊ ကြက်လျှာ၊ ယပ်၊ ဖယောင်းတိုင်တို့ကို တစ်မျိုးလျှင် (၉)ခုစီ စည်းကမ်းတကျ စီစဉ်ပြုလုပ်ရ၏။

ညနေတွင် ဆရာသည် အိမ်ရှေ့ခန်း (ဝါ) ဧည့်ခန်း၏ အရှေ့ဘက်တွင် ဘုရားကျောင်းဆောင်ကို စိုက်ထူပြီးလျှင် အသင့်ယူလာသော ရုပ်ပွားတော်များကို ကျောင်းဆောင်ထဲတွင် နေသားချရ၏။

ကျောင်းဆောင်၏ အလယ်တည့်တည့်တွင် ဘုရားရုပ်ပွားတော်မြတ်ကို တည်ထားရသည်။ ထို့နောက် ရဟန္တာရှစ်ပါး၏ ရုပ်ပွားတော်တို့ကို သတ်မှတ်ထားသော နေရာအသီးသီးတို့တွင် ဘုရားရှင်ဘက်ကို မျက်နှာမူ၍ တည်ထားရ၏။

ရှင်သာရိပုတ္တရာသည် ဘုရားရှင်၏ လက်ယာတော်ရံဖြစ်သဖြင့် တောင်အရပ်၌လည်းကောင်း၊

ရှင်မဟာမောဂ္ဂလာန်သည် ဘုရားရှင်၏ လက်ဝဲတော်ရံဖြစ်သဖြင့် မြောက်အရပ်၌လည်းကောင်း၊

ရှင်ဥပါလိသည် ဝိနည်းကို ဆုံးဖြတ်ရသော ဝိနည်းဓိုရ် ဖြစ်သဖြင့် ရှေးအခါက တရားသူကြီးဖြစ်ဖူးသော စနေဂြိုဟ်၏ တည်နေရာ အနောက်တောင်အရပ်၌လည်းကောင်း၊

ရှင်ရာဟုလာသည် ရဟန္တာရှစ်ပါးထဲတွင် သိက္ခာ (ဝါ) အသက်အငယ်ဆုံးဖြစ်သဖြင့် တနင်္ဂနွေဂြိုဟ် တည်နေရာ အရှေ့မြောက်အရပ်၌လည်းကောင်း၊

ရှင်အာနန္ဒာသည် ဘုရား၏ အလုပ်အကျွေး နောက်တော်ပါးဖြစ်သောကြောင့် အနောက်အရပ်၌လည်းကောင်း၊

ရှင်ကောဏ္ဍညသည် သိက္ခာဝါ အကြီးဆုံးဖြစ်သဖြင့် အရှေ့အရပ်၌လည်းကောင်း၊

ရှင်ရေဝတသည် ရှင်သာရိပုတ္တရာ၏ ညီတော်ဖြစ်သောကြောင့် ရှင်သာရိပုတ္တရာ၏အနီး အရှေ့တောင်အရပ်၌လည်းကောင်း၊

ရှင်ဂဝံပတိသည် ရာဟုမွေးနေ့သာဖြစ်ပြီးလျှင် ရာဟု၏ အရှင်ဖြစ်သဖြင့် ရာဟုဂြိုဟ်တည်ရာ အနောက်မြောက်အရပ်၌လည်းကောင်း အသီးသီး တည်ထားရ၏။

ဘုရား၊ ရဟန္တာအရှင်သူမြတ် ရုပ်ပွားတော်မြတ်များကို နေသားချပြီးနောက် ဆရာသည် ဂြိုဟ်နတ်များ၏ ရုပ်ပွားတော်များကို တစ်ဖန် နေသားချရပြန်၏။

ကိတ်ဂြိုဟ်သည် ဂြိုဟ်အားလုံးထဲတွင် အကြီးမြတ်



www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြစ်သဖြင့် ဘုရားရှင်၏ နောက်တော်ပါးတည့်တည့်တွင်လည်းကောင်း၊

တနင်္ဂနွေဂြိုဟ်နတ်ကို တနင်္ဂနွေသား အရှင်ရာဟုလာ၏ နောက်တော်ပါး၌လည်းကောင်း၊

တနင်္လာဂြိုဟ်နတ်ကို တနင်္လာသား အရှင်ကောဏ္ဍည၏ နောက်တော်ပါး၌လည်းကောင်း၊

အင်္ဂါဂြိုဟ်နတ်ကို အင်္ဂါသား အရှင်ရေဝတ၏ နောက်တော်ပါး၌လည်းကောင်း၊

ဗုဒ္ဓဟူးဂြိုဟ်နတ်ကို ဗုဒ္ဓဟူးသား ရှင်သာရိပုတ္တရာ၏ နောက်တော်ပါး၌လည်းကောင်း၊

ကြာသပတေးဂြိုဟ်နတ်ကို ကြာသပတေးသား ရှင်အာနန္ဒာ၏ နောက်တော်ပါး၌လည်းကောင်း၊

သောကြာဂြိုဟ်နတ်ကို သောကြာသား ရှင်မဟာမောဂ္ဂလာန်၏ နောက်တော်ပါး၌လည်းကောင်း၊

စနေဂြိုဟ်နတ်ကို စနေသား ရှင်ဥပါလိ၏ နောက်တော်ပါး၌လည်းကောင်း၊

ရာဟုဂြိုဟ်နတ်ကို ရာဟုသား ရှင်ဂဝံပတိ၏ နောက်တော်ပါး၌လည်းကောင်း ဘုရားရှင်ဘက်ကို အားလုံး မျက်နှာမူကာ နေသားချရ၏။

ဘုရား၊ ရဟန္တာ၊ ဂြိုဟ်နတ်များကို နေသားချပြီးသောအခါ နောက်ဆုံးအုပ်စု နတ်ကြီးငါးပါးကို တစ်ဖန် နေသားချရပြန်သည်။ နတ်ကြီးငါးပါး ရုပ်ပွားတို့ကို ဘုရားကျောင်းဆောင်၏ရှေ့တွင် သီဝနတ်မင်းကို ဗဟိုပြုကာ စီတန်းလျက် နေသားချရ၏။

ရုပ်ပွားတော်များအားလုံးကို နေသားချပြီးသော် ဆရာသည် အားလုံးထဲတွင် အကြီးဆုံးသော တံခွန်၊ ကုက္ကား၊ ယပ်၊ ထီး တစ်ခုစီကို ဘုရားရှင်ပေါ် အုပ်မိုးပေးရသည်။ ကျန်အရွယ်တူ တံခွန်၊ ကုက္ကား၊ ယပ်၊ ထီး၊ ရှစ်ခုစီကို ရဟန္တာရှစ်ပါးနှင့် ဂြိုဟ်နတ်တို့အပေါ် အုပ်မိုးပေးရ၏။

ထို့နောက် ပန်းသုံးမျိုးစီ ပါဝင်သော ပန်းအိုးကိုးလုံးတွင် အကြီးဆုံးကို ဘုရားရှေ့တွင်လည်းကောင်း၊ အရွယ်တူ ကျန်ရှစ်အိုးကို ရဟန္တာရှစ်ပါးရှေ့တွင်လည်းကောင်း တည်ထားရသည်။ သပိတ်ကိုးလုံးကိုလည်း ထိုနည်းအတိုင်း တည်ထားရသည်။ ဂြိုဟ်နတ်များရှေ့တွင် ခွက်ရှစ်ခွက်တို့ကို တည်ထားပေးရသည်။ နောက်ဆုံးတွင် ဖယောင်းတိုင် ကိုးတိုင်ကိုလည်း အဆိုပါနေရာတွင် ထွန်းညှိပူဇော်ရ၏။

ထို့နောက်တွင် ဆရာသည် ဘုရားကိုပင့်၍ သက်ဆိုင်ရာ ဂါထာ၊ မန္တန်တို့ကို ရွတ်ဖတ်ရ၏။

ထိုအချိန်တွင် အိမ်ရှင်များက ကြွရောက်လာကြသော ဧည့်ပရိသတ်တို့ကို ဧည့်ခံရသည်။ ဧည့်သည်များသည် ပျော်ပျော်ရွှင်ရွှင် လှပစွာ ဝတ်ဆင်ကာ ဘုရား၊ ရဟန္တာများကို ဦးစွာ ဝတ်ပြုကြ၏။

ကိုးဆူဆရာမူကား ညသန်းခေါင်အထိ ရွတ်ဖတ်စရာ ရှိသည်တို့ကို ရွတ်ဖတ်ပြီးနောက် တစ်နာရီခန့် နားသည်။ နံနက်တစ်နာရီခန့်တွင် တစ်ဖန် ဆရာသည် ဘုရား၊ ရဟန္တာ၊ ဂြိုဟ်၊ နတ်များကို ပင့်ဖိတ်ရသည်။ ထိုအချိန်တွင် အိမ်ရှင်တို့က ဘုရားကိုးဆူ ပူဇော်ရန် ဆွမ်းခဲဖွယ်များ ကပ်လှူပူဇော်ရန် ပြင်ဆင်ရသည်။ ဆွမ်းချက်သောအခါ အောက်ပါစည်းကမ်း (၁၂)ချက်ကို ကျင့်သုံးရ၏။

(၁) ဆွမ်းဆန်မှာ အကျိုးအကြေ မပါစေရ။ ဆန်ရှင်းသားကို ကိုးနဝင်းကျေ ပြုလုပ်ရ၏။

(၂) ဆွမ်းအိုးသည် တစ်ခါတစ်ရံမျှ မချက်ဖူးသော အိုးသန့် ဖြစ်ရမည်။

(၃) ယောက်မသည် ဆီးသား၊ သို့မဟုတ် ယောက်မအသစ် ဖြစ်ရမည်။

(၄) ထင်းသည်လည်း ဆီးသား (သို့မဟုတ်) ထင်းသန့်ထင်းကောင်း ဖြစ်ရမည်။

(၅) ဖိုခုံလောက်သည် နဂါး၊ ဂဠုန်၊ ကုမ္ဘဏ် ပြုလုပ်စီရင်ရမည်။

(၆) ဆန်ကို ကိုးကြိမ်ထိ ဆေးရမည်။

(၇) ဆွမ်းချက်သောနေရာ၌ အလှူရှင်၏ အတောင်ဖြင့် လေးတောင်၊ ဖောက်နှစ်တောင်ရှိ ရာဇမတ်လေးချပ် ဝန်းရံကာ ငှက်ပျောရှင်လေးပင်ကို ထောင့်လေးထောင့်တွင် စိုက်ပြီးလျှင် အပေါ်က ဗိမာန်၊ မျက်နှာကြက် ပြုလုပ်ပြီးမှ ဆွမ်းချက်ရမည်။

(၈) မင်းကိုချည်သို့ ဆွမ်းချက်သူဝင်ပြီး အသက်မှုတည်၍ ရစ်ပတ်ရမည်။

(၉) သဲဖြူကို ရာဇမတ်အတွင်းမှာ သန့်ပြန့်စွာ ခင်းထားရမည်။

(၁၀)ဆွမ်းချက်ရန် ကိရိယာအစုံကို အသင့်ယူထားပြီး၍ ဆွမ်းချက်ရမည်။ ဆွမ်းချက်စဉ် ဆီမီးငါးတိုင်ကို ထောင့်

www.burmeseclassic.com

www.burmeseclassic.com

လေးထောင့်နှင့် အလယ်ဗဟိုတွင် ထွန်းညှိရမည်။

(၁၁)ကာရံထားသော ရာဇမတ်တွင် တံခွန်၊ ကုက္ကား၊ ကြက်လျှာ စိုက်ထားရမည်။

(၁၂)ဆွမ်းချက်သူသည် ညဦးကပင် ခေါင်းဆေး ရေချိုးကာ သန့်ပြန့်အောင် ပြုပြင်ပြီးလျှင် အဝတ်သန့်ကိုလည်း ဝတ်ရမည်။ သရဏဂုံနှင့် ငါးပါးသီလကိုလည်း တည်ဆောက်ထားနှင့်ရမည်။ ဆွမ်းမနပ်မီလည်း အပြင်သို့ လုံးဝ မထွက်ရပါ။

ဂြိုဟ်နတ်များအတွက် ထမင်းကိုမူ သီးသန့်အိုးသစ်နှင့် ချက်ပြုတ်ရ၏။

ဆွမ်းကျက်သောအခါ အောက်ပါအတိုင်း ဆွမ်းပွဲ (၂၇)ပွဲ ပြင်ရ၏။

(၁) ဘုရား၊ ရဟန္တာ (၉)ပွဲ၊
(၂) နတ်ကြီးငါးပါး (၅)ပွဲ၊
(၃) ရက္ခဇိုင်း (၁)ပွဲ၊
(၄) အာကာသဇိုင်း (၁)ပွဲ၊
(၅) ဘုမ္မဇိုင်း (၁)ပွဲ၊
(၆) အိမ်စောင့်နတ် (၁)ပွဲ၊
(၇) ဂြိုဟ်စောင့်နတ် (၉)ပွဲ။

နံနက်သုံးနာရီခန့်တွင် ကိုးဆူဆရာသည် ညဦးက ရုပ်ပွားတော်များရှေ့တွင် တည်ထားသော သပိတ်၊ ခွက်တို့ထဲတွင် အသင့်ချက်ပြီးသော ဆွမ်း၊ အသင့်စီမံထားသော ယိုသုံးမျိုး၊ သစ်သီးသုံးမျိုး၊ အုန်း၊ ငှက်ပျောနှင့် အခြားသစ်သီးတစ်မျိုး၊ ကောက်ညှင်းဖြင့် ပြုလုပ်ထားသော မုန့်ဆီကြော်သုံးမျိုး အဖြူ၊ အနီ၊ အဝါတို့ကို ဖြည့်တင်း၍ ကပ်လှူရန် ပြင်ဆင်ရသည်။ အချို့ကမူ ကွမ်းယာ၊ လက်ဖက်အစုံတို့ကို ထည့်သွင်းကပ်လှူလေ့ရှိကြသည်။ သို့သော် လှူဖွယ်အားလုံး သက်သတ်လွတ်ချည်း ဖြစ်ရ၏။

ဘုရား၊ ရဟန္တာတို့ကို ဦးစွာကပ်လှူပြီးနောက် ဆုတောင်းရသည်။ ထို့နောက် နတ်ကြီးငါးပါးနှင့် ဂြိုဟ်နတ်တို့ကို ဗလိနတ်စာ၊ ဂြိုဟ်စာကျွေးရသည်။ ထို့နောက် ဆုတောင်းရ၏။

ဆုတောင်းသမှု ပြုပြီးသောအခါ ပင့်ထားသောအခါ ပင့်ထားသော နတ်ကြီးငါးပါးနှင့် ဂြိုဟ်နတ်များကို ပြန်လွှတ်ရသည်။ ဂြိုဟ်နတ်တို့ကို ပြန်ပို့ရာတွင် ပါပဂြိုဟ် (၄)ပါးကို အလျင်ပြန်ပို့ပြီးမှ သောမဂြိုဟ်(၄)ပါး ပြီးမှ ကိတ်ဂြိုဟ်ကို ပြန်ပို့ရ၏။

ထို့နောက် ရေစက်ချ အမျှပေးဝေသော ကိုးဆူပွဲတော်သည် နံနက်ငါးနာရီခန့်တွင် ပြီးစီးလေ့ရှိ၏။

**(ည) ဘုရားကိုးဆူပူဇော်ပွဲ ပေါ်ပေါက်လာပုံ**

တချို့က ထိုပူဇော်ပွဲသည် မြတ်စွာဘုရားရှင် လက်ထက်တော်ကပင် စတင်ပေါ်ပေါက်သည်ဟု ယူဆကြသည်။ ဓမ္မပဒ၊ အဋ္ဌကထာလာ အာယုဝဍ္ဎနကုမာရ ဝတ္ထုကို အထောက်အထားပြု၍ ဤသို့ယူဆကြခြင်းဖြစ်၏။

အာယုဝဍ္ဎနကုမာရ ဝတ္ထုတွင် ဘုရားရှင်သည် ဒီဃလမ္ဗိကမြို့ကို အမှီပြု၍ တောကျောင်း၌ သီတင်းသုံးတော်မူစဉ် ယင်းမြို့သား ဒွိစိအမည်ရှိ ပုဏ္ဏားဇနီးမောင်နှံသည် တစ်နေ့တွင် မိမိတို့၏ သားငယ်ကိုပါ ခေါ်၍ သူတို့ကိုးကွယ်သော ရသေ့ထံမှောက် အဖူးမြော် ရောက်သွားကြသည်။ ထိုအခါ ဆရာရသေ့သည် ကလေးငယ်ကို ဝကွက်ချန်ကာ သူတို့မောင်နှံကိုသာ အသက်ရှည်ရာ အနာကင်းရေး ဆုခြွေပေးသည်။ ပုဏ္ဏားလင်မယားသည် သားငယ်အတွက် ရတက်ပွေကာ ထိတ်ထိတ်ပျာပျာနှင့် ဆရာရသေ့ကို မေးမြန်းစုံစမ်းကြ၏။

ဆရာရသေ့က ကလေးငယ်၏အသက် ခုနစ်ရက်သာ ရှည်တော့မည့်အဖြစ်ကို ရှင်းပြသည်။ ပုဏ္ဏားမောင်နှံသည် ဆောက်တည်ရာမရ ပူလုံးကြွကာ ဆရာရသေ့ကို သားငယ် အသက်ရှည်ရေးအတွက် အကြံပေးရန် တောင်းပန်ကြပြန်သည်။ ဆရာရသေ့က ဘုရားရှင်ထံသို့ စုံစမ်းရန် ညွှန်ကြားလိုက်၏။

ပုဏ္ဏားမောင်နှံသည် ဘုရားရှင်ထံမှောက်သို့ ရောက်ရှိသွားကြသောအခါ ဘုရားရှင်သည်လည်း ရသေ့နည်းတူ ကလေးငယ်ကိုချန်ကာ သူတို့မောင်နှံကိုသာ ဆုပေးပြန်သည်။ အကျိုးအကြောင်းကို စုံစမ်းပြန်သောအခါလည်း ရသေ့နည်းတူ ကလေးငယ်၏ အသက်သည် ခုနစ်ရက်သာ ရှည်တော့မည့်အဖြစ်ကို သိရပြန်သည်။ ထိုမောင်နှံသည် ဖြေမဆည်နိုင် မျက်ရည်ဖြိုင်ဖြိုင်နှင့် ဘုရားရှင်ကို သားငယ်အသက်ရှည်ရေးအတွက် နည်းပေးရန် အသနားခံကြပြန်၏။

ဘုရားရှင်က နည်းပေးလိုက်သည်။ သူတို့သည် ဘုရားရှင် နည်းပေးသမျှအားလုံး ဆောင်ရွက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိတို့ အိမ်ရှေ့တွင် မဏ္ဍပ်တစ်ခု ချက်ချင်းဆောက်ကာ သံဃာတော်များကို ဖိတ်ကြားသည်။ သံဃာတော်များကလည်း ထိုမဏ္ဍပ်သို့ကြွကာ ကလေးငယ်ကို အလယ်၌ထား၍ ခုနစ်ရက် ခုနစ်ညတိုင်တိုင် အန္တရာယ်ကင်း ပရိတ်တော်များကို ရွတ်ဖတ်ကြသည်။ ဘုရားရှင်ကိုယ်တော်တိုင်လည်း ခုနစ်ရက်မြောက်သောနေ့တွင် ထိုမဏ္ဍပ်သို့ ကြွချီတော်မူလာပြီးလျှင် အန္တရာယ်ကင်း ပရိတ်တော်များကို တစ်ညလုံး ရွတ်ဖတ်တော်မူသည်။

ထိုအချိန်တွင် ဝေဿဝဏာ၏တပည့် အဝရုဒ္ဓက အမည်ရှိသော ဘီလူးသည် ကလေးငယ်ကို ဖမ်းယူရန် ရောက်လာသည်။ ဘုရားနှင့် ပရိတ်တရားတော်ကြောင့် အနားသို့ မချဉ်းကပ်နိုင်တော့ပါ။ ထို့ကြောင့် ကလေးငယ်သည် သက်တော်ရာကျော် ရှည်ခွင့်ရကာ အာယုဝဍ္ဍန (ဖိုးသက်ရှည်)ဟူသော အမည်ပင် ရရှိလာခဲ့၏။

ထိုဝတ္ထုကို အထောက်အထားပြု၍ ဘုရားကိုးဆူပွဲသည် ဘုရားရှင်လက်ထက်တော်အခါကပင် စတင်ပေါ်ပေါက်နေပြီဟု ယူဆကြသည်။ ထို့နောက် ဗုဒ္ဓသာသနာ မြန်မာနိုင်ငံသို့ ပျံ့နှံ့လာသောအခါ သာသနာနှင့်အတူ ထိုပူဇော်မှုသည် ပါလာသည်ဟု ဆိုရိုးပြုကြ၏။

တချို့ကမူ ထိုပူဇော်ပွဲသည် သက္ကရာဇ်(၇၆၇)ခုနှစ်၊ ဇင်းမယ်ပြည်မှ စတင်ပေါ်ပေါက်သည်ဟု ခန့်မှန်းကြ၏။ သက္ကရာဇ်(၇၆၇)ခုနှစ်တွင် ဇင်းမယ်ပြည်သားတို့သည် တရုတ်သူပုန်ဘေးနှင့် ရင်ဆိုင်တွေ့ကြရသည်။ ထိုအခါ ရှင်သီလဝံသထေရ်သည် ဥပ္ပါတသန္တိကျမ်းကို စီစဉ်ရေးသား၍ ရွတ်ဖတ်နာယူစေခြင်းဖြင့် ယင်းဘေးကြီး ငြိမ်းအေးသွားခဲ့သည်။ ယခင်အခါ ဘုရားကိုးဆူ ပူဇော်ရာမှာ ဥပ္ပါတသန္တိကျမ်းကို ရွတ်ဖတ်လေ့ရှိသဖြင့် ထိုကျမ်း ပေါ်သည်ကစ၍ ဘုရားကိုးဆူပွဲ စတင်ပေါ်ပေါက်သည်ဟု ကောက်ချက်ချကြ၏။

တချို့ကမူ သက္ကရာဇ်(၉၁၅)ခုနှစ်ခန့်တွင် ဇင်းမယ်တွင် စတင်ပေါ်ပေါက်သည်ဟု ထင်ကြေးပေးကြပြန်သည်။ သက္ကရာဇ်(၉၁၅)ခုနှစ်တွင် ဟံသာဝတီပြည်တွင် နန်းတက်သော ဘုရင့်နောင် ဆင်ဖြူများရှင်သည် ဇင်းမယ်ကို အောင်နိုင်ခဲ့သည်။ သူသည် သားတော်နော်ရထာအား ဇင်းမယ်ကို အုပ်ချုပ်စေ၏။

ထိုအချိန်တွင် ဇင်းမယ်၌ လောကီပညာ၊ လောကုတ္တရာ ပညာ၌ ကျွမ်းကျင်လိမ္မာကြသော ရဟန်းပညာရှိ၊ လူပညာရှိများ ထွန်းကားလျက် ရှိကြသည်။ ကိုးကွယ်ကြသော ဘာသာတို့မှာလည်း မဟာယာန၊ ထေရဝါဒ၊ ဗြာဟ္မဏ စသည်ဖြင့် ရောထွေးလျက်ရှိကြသည်။ ဂြိုဟ်ကြီးကိုးလုံးကို ပူဇော်သော အလေ့အထလည်း ပေါ်ပေါက်နှင့်၏။ ဤတွင် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံသားဖြစ်သော ဘုရင်နော်ရထာနှင့် ရဟန်းရှင်လူတို့ တိုင်ပင်ကာ ဂြိုဟ်ကြီးကိုးလုံးကို ပူဇော်မည့်အစား ဘုရား၊ ရဟန္တာများကို ပူဇော်ရန် စီမံဖန်တီးကြရာမှ ဘုရားကိုးဆူပူဇော်ပွဲကို စတင်ပေါ်ပေါက်လာသည်ဟု ခန့်မှန်းကြသည်။ ဂြိုဟ်ကြီးကိုးလုံးကို အသည်းစွဲနေပြီဖြစ်သော ပြည်သူပြည်သားအချို့၏ဆန္ဒလည်း ပြည့်ဝစေရန်၊ ဘုရား၊ ရဟန္တာများကို ပူဇော်မှုလည်း ဖြစ်မြောက်စေရန် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဟူသော သဘောဖြင့် ဘုရား၊ ရဟန္တာနှင့်တွဲကာ ဂြိုဟ်ကြီးကိုးလုံးကိုပါ ပူဇော်ရာမှာ ထည့်သွင်းထားခြင်း ဖြစ်ဟန်တူသည်ဟု ယူဆကြသည်။ ထိုပူဇော်မှုသည် ဇင်းမယ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ ပျံ့နှံ့ကူးစက်လာသည်ဟု ယုံကြည်ကြ၏။

တချို့ကလည်း ထိုပူဇော်မှုကို မြန်မာတို့ကပင် တီထွင်ခဲ့သည်ဟု ခန့်မှန်းကြသည်။ မြန်မာနိုင်ငံတွင် ရှေးယခင် ဗုဒ္ဓဘာသာ မထွန်းကားခင်ကပင် နဂါး စသည်များကို ကိုးကွယ်ခဲ့ကြသည်။ ဗုဒ္ဓဘာသာ ထွန်းကား၍ ယင်းဘာသာသည် ဘုရင်ကိုယ်တိုင် သဘောကျ ချီးမြှောက်သည့် တရားဝင်ဘာသာ ဖြစ်လာသောအခါ နတ်၊ နဂါးဘက်တော်သားတို့သည် ဘုရင့်အကြိုက်ကို မလွန်ဆန်ရဲသကဲ့သို့ အသည်းစွဲနေပြီဖြစ်သော နတ်နဂါးတို့ကိုလည်း မပယ်ရှားနိုင်သဖြင့် စပ်ပြိုင်ကိုးကွယ်မှုဖြစ်သော ထိုဘုရားကိုးဆူ ပူဇော်မှုကို တီထွင်ခြင်းဖြစ်သည်ဟု ခန့်မှန်းကြသည်။ သို့သော် စပ်ပြိုင်ကိုးကွယ်ရာတွင် ပြဿနာ မဝင်နိုင်စေရန် မိမိတို့၏ ချစ်လှစွာသောနတ်များကို ဘုရားရှင်၏ တပည့်သားအဖြစ် ဖန်တီးပစ်လိုက်ကာ ဘုရားရှင်ကိုသာ ရိုကျိုးဝပ်တွားခစားစေခဲ့ကြသည်ဟု ယူဆကြ၏။

မည်သို့ပင်ဖြစ်စေ ဘုရားကိုးဆူပူဇော်မှုသည် မျက်မှောက်ခေတ်တွင် ပြန်မြန်မာ၏ ဓလေ့အစဉ်အလာပွဲပမာ ခိုင်မာစွဲမြဲစွာ အမြစ်တွယ်လျက်ရှိ၏။

**သုတေသီမြင့်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com



(ယခင်လမှအဆက်)

(၂၄)

အလောင်းတော်

သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုတဉာဏ်တော်ကို ရရှိကာ ဂေါတမဗုဒ္ဓဘုရားရှင် အဖြစ်သို့ ရောက်ရှိတော်မူလေပြီ။ အလောင်းတော်သည် ဘုရားရှင် အဖြစ်သို့ ရောက်တော်မူပြီးနောက် ခုနစ်ရက်ခုနစ်လီ သတ္တသတ္တာဟ စံနေတော်မူ၏။ မဟာဗောဓိပင်၏ ပတ်ဝန်းကျင်၌ (၄၉)ရက်တိုင်တိုင် ဝိမုတ္တိသုခကို ခံစားတော်မူနေခြင်း ဖြစ်၏။ သို့ရာတွင် ထိုရက်များအတွင်း၌ အချည်းနှီးအချိန်ဖြုန်း နေထိုင်ခြင်းမဟုတ်။

မိမိရရှိလာခဲ့ပြီဖြစ်သော ဓမ္မကို မည်သို့ဖြန့်ချိမည်နည်း၊ မည်သူတွေကို စတင်ဟောကြား ဝေငှရအံ့နည်းဟု ဆင်ခြင်တော်မူသောအခါ ဘုရားရှင်၏ ဉာဏ်တော်ကွန်ရက်၌ ပဉ္စဝဂ္ဂီငါးဦးတို့သည် ရှေ့ဆုံးမှ ပေါ်ထွင်းလာခဲ့ကြ၏။ ဟုတ်သည်၊ ပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားရှင် လျှောက်လှမ်းခဲ့သော ဓမ္မခရီး၌ တစ်နည်းတစ်ဖုံ ကျေးဇူးပြုခဲ့ကြ

သုမိတ္တာနိဒါန်းအစ

အန္တမယသော်ရော



www.burmeseclassic.com

www.burmeseclassic.com



လည်မှီဝဲသုံးဆောင်ပြီးမှ ကျင့်သည်ဆိုသော် ဘုရားဖြစ်ရန် လုံးဝလမ်းစပျောက်ပေပြီဟု ယုံကြည်စွဲမှတ်ထားခဲ့ကြသောကြောင့် ဖြစ်လေသည်။ ဘုရားရှင်က အမေးပုစ္ဆာ ပြုရ၏။

'ပဥ္စဝဂ္ဂီတို့..သင်တို့သည် ငါ ဒုက္ကရစရိယာအကျင့်ကို ကျင့်စဉ်က ငါ့အပါး၌နေ၍ အလုပ်အကျွေးပြုခဲ့ကြတယ်။ သည်တုန်းက ငါဘုရားအဖြစ်ကို ရတော်မူပြီဟု ဝန်ခံခဲ့ဖူးသလား။ ပြောဆိုခဲ့ဖူးသလား'

'မပြောဆို ဝန်မခံခဲ့ဖူးပါဘုရား'

'ကောင်းပြီ။ ယခုအချိန်တွင် ငါသည် ဘုရားအဖြစ်ကို ရရှိခဲ့ပြီဟု ဝန်ခံပြောဆိုတယ်။ ငါသည် အနှိုင်းအတုမဲ့သော သဗ္ဗညုတဉာဏ်တော်ကို ရခဲ့ပြီဖြစ်လို့ ဘုရားအဖြစ်ကိုရပြီဟု ဝန်ခံခြင်းဖြစ်တယ်။ ငါရရှိခဲ့သော တရားကို သင်တို့အား ဟောကြားပြသတော်မူမည်။ အသင်တို့ ကောင်းစွာနာယူကြပါလော့'

ထိုအခါ ပဥ္စဝဂ္ဂီငါးဦးတို့က ပြန်တွေးဆကြ၏။ ရဟန်းဂေါတမသည် ငါတို့နှင့်ရှိစဉ် တစ်ချိန်လုံးက ဘုရားဖြစ်တော်မူပြီဟု တစ်ကြိမ်မျှ ဝန်ခံခဲ့ဖူးသည်မရှိ။ ယခုတော့ သဗ္ဗညုတဉာဏ်တော်ကို ရသဖြင့် ဘုရားဖြစ်တော်မူပြီဟု ဝန်ခံလာသည်။ ဤဝန်ခံချက်သည် အကြောင်းယုတ္တိသင့်၏။ တရားရှာနေသော ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် လိမ်လည်ပြောဆိုခြင်း မပြုတန်ရာ။ အမှန်ပင် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့၍သာ ဤသို့ ရဲရဲဝံ့ဝံ့ ထုတ်ဖော်ပြောဆိုခြင်း ဖြစ်တန်ရာသည်ဟု တွေးခေါ်ဆင်ခြင်မိလာကြကာ ဘုရားရှင်အား ယုံကြည်စပြုလာကြတော့၏။

ဤတွင်မှ ဘုရားရှင်သည် မဟာသက္ကရာဇ်(၁၀၃) ခုနှစ်၊ ဝါဆိုလပြည့်နေ့ နေက အဝင် လ,က အထွက်

သူများဖြစ်သည်။ မိမိ ဒုက္ကရစရိယာအကျင့်ကို အသည်းအသန် ကျင့်နေတော်မူခဲ့စဉ်က ထိုငါးဦးသည် မိမိအနီး၌နေခံ့လျက် ရေပူ ရေချမ်း ကမ်းလှမ်းကာ အလုပ်အကျွေးပြုခဲ့ကြသည် မဟုတ်လော။ ထိုဓမ္မကျေးဇူးကို ဓမ္မဖြင့်သာ ပြန်လည်ပေးဆပ်ရပေမည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ဝါဆိုလပြည့်နေ့ တိုင်မီကပင် ကြိုတင်၍ ပဥ္စဝဂ္ဂီငါးဦးတို့ နေထိုင်ရာမိဂဒါဝုန်တောအုပ်သို့ ကြွချီတော်မူခဲ့သည်။ ပဥ္စဝဂ္ဂီငါးဦးသည် ဘုရားရှင် ကြွလာတော်မူသော်လည်း ရဟန်းဂေါတမဟုသာ ဆီးကြိုနှုတ်ဆက်ကြ၏။ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးဖြစ်ကြောင်းကို ရုတ်တရက် လက်မခံနိုင်ကြ။ ပဲပြုတ်ရည် တစ်လက်ခုပ်စာမျှ အစာအာဟာရမှီဝဲ၍ ဒုက္ကရစရိယာအကျင့်ကို ကျင့်စဉ်ကပင် ဘုရားမဖြစ်တော်မမူခဲ့။ သည့်နောက်မှတော့ အာဟာရကို ပြန်



www.burmeseclassic.com

www.burmeseclassic.com

ညဦးအစမှာပင် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစက္ကပဝတ္တနသုတ်ကို စတင်ဟောကြားတော်မူ၏။ ဓမ္မစက္ကပဝတ္တနသုတ်ကို ဓမ္မစကြာဒေသနာဟုလည်း တစ်နည်းခေါ်ဆိုသည်။ ဤဓမ္မစကြာတရားဦးသည် ကမ္ဘာလောကအတွက် ပထမဦးစွာ ရိုက်ခတ်လိုက်သော ဓမ္မစည်တော်ရွမ်းသံပင် ဖြစ်ပေတော့သည်။

ဓမ္မစကြာတရားတော်၏ အနှစ်ချုပ်တရားများကား ပဋိပဒါတည်းဟူသော အကျင့်သုံးပါး၊ သစ္စာလေးပါး၊ ဉာဏ်တော်(၁၂)ပါးနှင့် ဤသို့ သစ္စာ(၄)ပါးတို့၌ ဉာဏ်(၁၂)ပါးမဖြစ်ပေါ်မီက သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်ပြီဟု ဝန်မခံသေးဘဲ ဉာဏ်(၁၂)ပါးဖြင့် သစ္စာ(၄)ပါးကို သိတော်မူခဲ့ပြီးမှသာ ဘုရားဖြစ်တော်မူပြီဟု ဝန်ခံတော်မူခြင်းအကြောင်းတို့ ဖြစ်ကြလေသည်။

အကျင့်သုံးပါးဟူသည်မှာ ကာမသုခလ္လိကာနုယောဂ (ချမ်းသာသုခကို ရှာဖွေရာတွင် မိမိစိတ်ကို ထိန်းချုပ်နှိပ်ကွပ်ခြင်းမပြုဘဲ အလိုရှိသမျှ အစွမ်းကုန် လွှတ်ပေးထားကာ ရှာဖွေသောအကျင့်)၊ အတ္တကိလမထာနုယောဂ (ချမ်းသာခြင်းကို ရှာဖွေရာတွင် မိမိစိတ်ကို အတင်းအဓမ္မနှိပ်ကွပ်ထားပြီး ရှာဖွေသည့် ပြင်းထန်သော တပအကျင့်နှင့် ထိုအစွန်းနှစ်ပါးမှ လွတ်ကင်းသော အလယ်အလတ် လမ်းကျင့်စဉ် မဇ္ဈိမပဋိပဒါ)တို့ ဖြစ်ကြသည်။ ဘုရားရှင်သည် ပဉ္စဝဂ္ဂီငါးဦးတို့အား အရိယာသစ္စာကို ရရန်အတွက် မဇ္ဈိမပဋိပဒါ လမ်းစဉ်ဖြင့်သာ ကျင့်ကြံအားထုတ်ရန် လမ်းမှန်ကို ညွှန်ပြတော်မူ၏။

တစ်ဆက်တည်းပင် မဇ္ဈိမပဋိပဒါ လမ်းစဉ်တွင် ပါဝင်သည့် အယူအဆရှစ်မျိုးကို ရှင်းလင်းတော်မူ၏။

ယင်းတို့မှာ သမ္မာဒိဋ္ဌိ-ကောင်းစွာ အယူမှန်စွာ မြင်ခြင်း၊ သမ္မာသင်္ကပ္ပ-ကောင်းစွာ အပြစ်ကင်းစွာ ကြံစည်ခြင်း၊ သမ္မာဝါစာ-ကောင်းစွာ မှန်စွာ ပြောဆိုခြင်း၊ သမ္မာကမ္မန္တ-သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ သူ့အိမ်ရာကို ကျူးလွန်ခြင်း စသော ဒုစရိုက်မှုတို့ကို ရှောင်ရှားကာ ကောင်းသောကိစ္စများကိုသာ ပြုလုပ်ခြင်း၊ သမ္မာအာဇီဝ-ငါးပါးသီလ မပျက်ယွင်းသော ကောင်းစွာသော အလုပ်ဖြင့် အသက်မွေးခြင်း၊ သမ္မာဝါယမ-တရားသော နည်းလမ်းဖြင့် ကောင်းစွာ အားထုတ်ခြင်း၊ သမ္မာသတိ-ကောင်းစွာ အောက်မေ့သတိရခြင်း၊ သမ္မာသမာဓိ-ကောင်းစွာ တည်ကြည်ခြင်း စသည်တို့ ဖြစ်ကြ၏။

ဤအယူအဆရှစ်မျိုးကို တစ်နည်းအားဖြင့် မဂ္ဂင်ရှစ်ပါးဟု ဆို၏။ ဤမဂ္ဂင်ရှစ်ပါးအတိုင်း ကျင့်ကြံအားထုတ်ရာတွင်လည်း မိမိစိတ်ကို နှိပ်ကွပ်ရသည့်သဘောနှင့် မကင်းလွတ်။ သို့သော် အစွန်းနှစ်ဖက် ကျင့်စဉ်များကဲ့သို့ စိတ်ကို ပုဂ္ဂိုလ်(အတ္တ)အနေဖြင့် နှိပ်ကွပ်ခြင်းမျိုးမဟုတ်။ ဓမ္မ(အနတ္တ)အနေဖြင့် သူ့အလိုအလျောက် နှိပ်ကွပ်ခြင်းဖြစ်၍ ပြဿနာမရှိ။ ဤမဇ္ဈိမပဋိပဒါနည်းသည် မြတ်စွာဘုရားရှင်တို့သာ တွေ့ရှိတော်မူသော နည်းလမ်းဖြစ်ကြောင်း ရှင်းလင်းတော်မူ၏။

ဝါဆိုလပြည့်ည၏ လမင်းသည် ကောင်းကင်ယံသို့ တရွေ့ရွေ့မြင့်တက်လာခဲ့သည်။ မိဂဒါဝုန်တောအုပ်သည်လည်း မြင့်တက်လာသော လမင်းနှင့်အတူ ပို၍ ပို၍ လင်းချင်းလာ၏။ ထိုအလားတူပင် ပဉ္စဝဂ္ဂီငါးဦးတို့၏ အသိဉာဏ်စဉ်သည်လည်း ဘုရားရှင် ဟောကြားရှင်းလင်းတော်မူချက်များနှင့်အတူ ဓမ္မအလင်းကို ဝင်းဖြာလာခဲ့ပေပြီ။ ဘုရားရှင်၏ တရားရေအလျဉ်ကား ဂင်္ဂါမြစ်ရေအလျဉ်ကဲ့သို့ တသွင်သွင် ဆက်လက်စီးသွန်ဆဲ။

'ပဉ္စဝဂ္ဂီတို့..အကျင့်သုံးပါးအနက် လွတ်မြောက်ရာ နိဗ္ဗာန်သို့ အရောက်လှမ်းနိုင်သော အလယ်အလတ်ကျင့်စဉ် မဇ္ဈိမပဋိပဒါနှင့် ထိုကျင့်စဉ်တွင်ပါဝင်သော မဂ္ဂင်ရှစ်ပါး အင်္ဂါရှစ်မျိုးကို ငါဘုရား ဟောကြားညွှန်ပြတော်မူခဲ့ပြီး တစ်ဖန် ဆက်လက်၍ ငါရှာဖွေတွေ့ရှိခဲ့သော သစ္စာလေးပါး တရားကို နာယူမှတ်သားကြပေဦးတော့'

ပဉ္စဝဂ္ဂီငါးဦးတို့သည် တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်သက်စွာ စူးစိုက်နာယူနေကြကုန်၏။ ဘုရားရှင်သည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတည်းဟူသော သစ္စာလေးပါးကို ဖော်ထုတ်၍ တစ်ပါးချင်းစီ၏ အဓိပ္ပာယ်နှင့် သက်ရောက်မှု။ ယင်းတို့၏ ကြောင်းကျိုးဆက်သွယ်မှုတို့ကို ဆက်လက်ဟောကြားတော်မူပါလေသည်။

'ပဉ္စဝဂ္ဂီတို့..သတ္တဝါတို့၏ ဆင်းရဲကြောင်း အမှန်တရားဟာ ဒုက္ခသစ္စာပဲ။ သတ္တဝါတိုင်းသည် ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း စတဲ့ ခန္ဓာကိုယ်ဆင်းရဲခြင်းနဲ့တကွ မုန်းသူတွေနဲ့အတူ ယှဉ်တွဲနေရခြင်း၊ ချစ်သူတို့နဲ့ ကွဲကွာနေရခြင်း၊ တောင့်တသာတိုင်းမရ



www.burmeseclassic.com

www.burmeseclassic.com

လိုချင်တာမရခြင်း စတဲ့ စိတ်၏ဆင်းရဲခြင်းတွေကို အမှန်ရင်ဆိုင်တွေ့ကြုံ ခံစားကြရတယ်။ အဲဒါဟာ စွဲလမ်းခြင်းဆိုတဲ့ အာရုံကိုဖြစ်စေတဲ့ ဒီခန္ဓာကိုယ်ကြီး ရှိနေလို့ပဲ။ ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးက ဘယ်လိုကြောင့် ဖြစ်လာသလဲဆိုတော့ အဖန်ဖန် ပဋိသန္ဓေနေရလို့ပဲဖြစ်တယ်။ အဖန်ဖန် ပဋိသန္ဓေနေရခြင်း၏ ဒုက္ခသစ္စာကိုဆိုက်အောင် ပို့ဆောင်ပေးတဲ့ လက်သည်တရားခံကတော့ စွဲလမ်းခြင်း၊ တပ်မက်ခြင်း၊ နှစ်သက်ခြင်းဆိုတဲ့ တဏှာပဲ။ အဲဒီတဏှာဟာ သဘောသုံးမျိုးသုံးပါးနဲ့ ရှိနေတာကို တွေ့ရတယ်။ လူနှင့်တကွ အခြားသတ္တဝါတို့ရဲ့ ဖြစ်ရိုးဖြစ်စဉ်အတိုင်း သားသမီး၊ ဇနီး၊ ခင်ပွန်းနဲ့ ဥစ္စာပစ္စည်း စတဲ့ ကာမဂုဏ်အာရုံတွေကို စွဲလမ်းတွယ်တာတဲ့ ကာမတဏှာက တစ်မျိုးဖြစ်တယ်။ တစ်ခါ သည်ဘဝ သည်ခန္ဓာကိုယ်ဟာ မြဲတယ်လို့ ယူဆလို့ သဿတဒိဋ္ဌိ အယူမှားကို ဘဝဒိဋ္ဌိလို့ခေါ်တယ်။ ဒါကြောင့် အဲဒီ ဘဝဒိဋ္ဌိနဲ့ အတူဖြစ်တဲ့ တဏှာကို ဘဝတဏှာလို့ ဒုတိယတစ်မျိုး ဆိုရမယ်။

တစ်ဖန် သည်ဘဝ သည်ခန္ဓာကိုယ်ကိုပဲ သေရင် ပြတ်ပြီလို့ ယူဆတဲ့ ဥစ္ဆေဒဒိဋ္ဌိ အယူမှားကို ဝိဘဝဒိဋ္ဌိလို့ခေါ်တယ်။ ထိုသို့ ဝိဘဝဒိဋ္ဌိနဲ့ အတူဖြစ်တဲ့ တဏှာကို ဝိဘဝတဏှာလို့ တတိယတစ်မျိုး ရှိလာပြန်တယ်။ သည်တဏှာသုံးပါးကို အရင်းခံပြီး ကောင်းကောင်း,ဆိုးဆိုး ကံအမျိုးမျိုး ပြုမိလေတော့ ထိုကံကြောင့် ဘဝသစ်မှာ ဇာတိပြန်ဆိုက်ပြီး ပဋိသန္ဓေနေရခြင်း အစရှိ ဒုက္ခသစ္စာဝဲဂယက်ထဲ ပြန်ကျရောက်ရပြန်တော့တယ်။ ဒါကြောင့် ဒုက္ခဖြစ်ကြောင်း ဟူသမျှတို့ရဲ့ အရင်းခံအုတ်မြစ်ဟာ တဏှာဖြစ်ကြောင်း မှန်တယ်။ အဲဒါကို သမုဒယသစ္စာလို့ ဆိုရခြင်း ဖြစ်တယ်'

မိဂဒါဝုန်တောအုပ်သည် ညဉ့်နက်လာသည်နှင့်အမျှ သစ်ပင်သစ်ခက် သစ်ရွက်တို့အကြား ဖြတ်ပြေးသွားသော လေပြည်ညင်း၏ ခြေသံမှတစ်ပါး တော၏ တိတ်ဆိတ်ခြင်းဖြင့် တစ်စ,တစ်စ ငြိမ်သက်တိတ်ဆိတ်လာ၏။ တောအလုံးကို ဖြန့်ကြက်ထားသော လပြည့်ည လမင်း၏ အလင်းစက် အလင်းရည်တို့ကား သစ်ရွက်အကြိုအကြားမှ မကျန် ရွှဲရွဲစိုအောင် ပက်ဖျန်းလျက်။ ညဉ့်ဦးအစက တစီစီအသံပြုနေခဲ့သော ပုစဉ်းရင်ကွဲတို့၏ အော်မြည်သံတို့ပင် တိုးတိတ်ပါးလျခဲ့ပြီ။ သို့ရာတွင် ထိုမိဂဒါဝုန်၏ တိတ်ဆိတ်ခြင်း အတွင်းသားထဲ၌ပင် ဘုရားရှင်၏ တည်ငြိမ်ကြည်မြသော တရားစည်ရိုက်ဟည်းသည့် အသံတော်လေညင်းခသော ကန်ရေပြင်မှ လှိုင်းအိများသဖွယ် သက်ဝင်လှုပ်ရှားနေလေသည်။ မိဂဒါဝုန်တောအုပ်ထဲတွင် သံသရာမှ လွတ်မြောက်ရာ ထွက်ရပ်လမ်းအတွက် အရိယာသစ္စာတံခါးတို့ တစ်ချပ်ပြီးတစ်ချပ် ပွင့်ဟလာခဲ့ပေပြီ။

'ပဉ္စဝဂ္ဂီတို့... နောက်ထပ် သစ္စာတစ်ပါးကတော့ နိရောဓသစ္စာလို့ ဆိုရမယ်။ နိရောဓရဲ့ အနက်အဓိပ္ပာယ်က ချုပ်ငြိမ်းရာ၊ ကုန်ခန်းရာပဲ ဖြစ်တယ်။ ရှေ့က ဟောကြားခဲ့တဲ့ သစ္စာနှစ်ပါးကို ပြန်သုံးသပ်ဆင်ခြင်ကြည့်မယ်ဆိုရင် သမုဒယတဏှာဟာ ဒုက္ခဖြစ်ဖို့ အကြောင်းသစ္စာဖြစ်တယ်။ ဒါကြောင့် သူတို့ချင်း ဆက်သွယ်မှုကို ခြေရာကောက်လိုက်တော့ ဒုက္ခဟူသမျှကလည်း တဏှာအရင်းခံကြောင့် ဖြစ်လာရတဲ့ အကျိုးသစ္စာပဲ ဖြစ်တယ်ဆိုတာ ထင်ထင်ရှားရှားကြီးပေါ်လာတယ်။ သည်တော့ အကြောင်းတဏှာသမုဒယသစ္စာ ချုပ်ငြိမ်းရင် အကျိုးဒုက္ခသစ္စာ အားလုံးလည်း ချုပ်ငြိမ်းပြီးဆုံးသွားရမှာ အမှန်ပဲဖြစ်တယ်။ ဒါကိုပဲ နိရောဓသစ္စာလို့ ဆိုခြင်းဖြစ်တယ်။

ကမ္မဋ္ဌာန်းကို ပွားရှုအားထုတ်သူဟာ မဂ္ဂင်ရှစ်ပါးအခြေခံတဲ့ ကမ္မဋ္ဌာန်းလမ်းစဉ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် တက်သွားတဲ့အခါ နိရောဓခေါ်တဲ့ နိဗ္ဗာန်ကို ဉာဏ်ဖြင့် အထင်အရှား တွေ့မြင်လာကြရတယ်။ အကျိုးကျေးဇူးတွေကို အဆင့်အလိုက် တိုင်းတာသတ်မှတ် ပြောဆိုရရင် ပထမတစ်ကြိမ် မြင်လိုက်ရင်ပဲ သောတာပန်ဖြစ်သွားပြီလို့ ဆိုရမယ်။ သောတာပန်ဖြစ်ပြီဆိုတာနဲ့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ နှစ်မျိုးနဲ့ တွဲပြီးဖြစ်တဲ့ ဘဝတဏှာ၊ ဝိဘဝတဏှာ နှစ်မျိုးလုံးက ထိုပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကင်းစင်သွားခဲ့ပြီ။ ဆက်ပြီး အားထုတ်လို့ ထိုနိဗ္ဗာန်တရားကို ဒုတိယအကြိမ် မြင်လာရင် သကဒါဂါမိ ဖြစ်ပြီ။ ဒီအချိန်မှာ ကာမတဏှာ အတော်လျော့ပါးသွားပြီ။ တတိယအကြိမ် မြင်လာပြီဆိုရင်တော့ အနာဂါမိဖြစ်ပြီး ကာမတဏှာအားလုံးနီးပါး ကင်းသွားပါပြီ။ သို့ပေမယ့် အနာဂါမိအဆင့်ရောက်တာ မှန်ပါလျက်နဲ့ပဲ ဗြဟ္မာဘဝကို နှစ်သက်နေသေးတဲ့ ဘဝတဏှာက ကုတ်ကတ်ကျန်ရစ်နေတတ်သေးတော့ စိတ်မချရသေးဘူး။ စတုတ္ထအကြိမ် မြင်ပြီဆိုတော့မှ ရဟန္တာဖြစ်ပြီး ဗြဟ္မာဘဝကိုသော်မှ မနှစ်မြို့က်တော့ဘဲ တဏှာအားလုံး

www.burmeseclassic.com



ကင်းစင်တယ်။ ဒါကြောင့် တဏှာသုံးမျိုးသုံးပါးလုံး အကြွင်းအကျန်မရှိ ကင်းရာကုန်ရာ အမှန်ကို နိရောဓသစ္စာလို့ ခေါ်တွင်အပ်ခြင်း ဖြစ်တယ်'

တတိယမြောက် သစ္စာတံခါးသည်လည်း ဟင်းလင်းပွင့်လေပြီ။ ပဉ္စဝဂ္ဂီငါးဦးတို့သည် သူတို့ ဘဝတစ်သက်တာ၌ တစ်ကြိမ်တစ်ခါမှ မနာကြားခဲ့ရဖူးသေးသော တရားတော်များဟု၍ ဓမ္မပီတိဖြင့် နစ်မျောနေကြ၏။ ထိုအချိန်မှာပင် ဘုရားရှင်သည် မဂ္ဂသစ္စာကို ဆက်လက်ဖွင့်ဆိုဟောကြားတော်မူလေသည်။

'ပဉ္စဝဂ္ဂီတို့··မဂ္ဂသစ္စာဆိုတာကတော့ ရှေးက ဟောခဲ့ပြီးဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးတို့ရဲ့ မှန်ကန်ခြင်းကို ဆိုလိုတာပဲဖြစ်တယ်။ မဂ္ဂ-နိဗ္ဗာန်သို့ရောက်ကြောင်းလမ်း + သစ္စ-အမှန်လို့လည်း ဆိုနိုင်တယ်။ သမ္မာဒိဋ္ဌိကစတဲ့ ထိုတရားရှစ်ပါးဟာ မိမိသန္တာန်မှာ စွဲမြဲဖြစ်ပေါ်လာတာနဲ့အမျှ အရိယာအဆင့်ကို တဖြည်းဖြည်းတိုးတက်လာရတော့တာပဲ။ သမ္မာဒိဋ္ဌိဆိုရာမှာ ကံနဲ့ ကံ၏အကျိုးလောက်ကိုသာ ကြည့်မြင်နိုင်တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရုပ်နာမ်တရားကို ရှုနိုင်သိမြင်နိုင်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိအပြင် အဆင့်အမြင့်ဆုံး မဂ္ဂသစ္စာ အဆင့်အတန်းကိုရောက်တဲ့ မဂ္ဂသမ္မာဒိဋ္ဌိလည်း ရှိနေသေးတယ်။ ရုပ်၊ နာမ်၊ ခန္ဓာကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါးတင်ပြီး ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ ရှုဖန်များလာတဲ့အခါ မဂ်ဉာဏ်အဖြစ်သို့ရောက်တဲ့ မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်လာတယ်။ နိဗ္ဗာန်ကို ထင်ထင်ရှားရှား မြင်နိုင်လာပါတယ်။ ဆက်လက်ပွားများအားထုတ်လို့ ရင့်သန်လာတဲ့အခါ မဂ္ဂင် ရှစ်ပါးဟာ နိဗ္ဗာန်သို့ အရောက်ပို့ပေးနိုင်တဲ့ လမ်းကြောင်းအမှန်အစစ်ဖြစ်ကြောင်း ထင်ရှားလာတာမို့ မဂ္ဂသစ္စာလို့ ထည့်သွင်းရခြင်း ဖြစ်တယ်'

မြတ်စွာဘုရားရှင်၏ သစ္စာလေးပါး တရားတော်သည် ပဉ္စဝဂ္ဂီတို့၏ ဉာဏ်နယ်မြေတွင် ပန့်းကိစိုက်ထူလိုက်လေပြီ။ အရှင်ကောဏ္ဍညသည် မလှုပ်မယှက် ငြိမ်သက်စွာ နာယူနေပါလျက် ကျောရိုးတစ်လျှောက်မှသည် ဖျန်းခနဲ စိမ့်တက်လာသော ကြက်သီးအေးခဲတို့ကြောင့် ဆတ်ခနဲ တစ်ချက်တုန်သွားရ၏။ (၃၅)နှစ်ကျော်တိုင်တိုင် ရှာဖွေစူးစမ်းခဲ့ပါလျက် မတွေ့ခဲ့၊ မကြားနာဖူးခဲ့သော တရားတော်များပါကလား။

ရဟန်းဂေါတမသည် သူတို့ငါးဦး အတူနေထိုင်အလုပ်အကျွေးပြုနေခဲ့ကြစဉ်ကလို သာမန်ရဟန်းတစ်ပါးမဟုတ်တော့။ သူ၏ မိန့်မြွက်ချက်နှင့်အညီ ဘုရားစင်စစ်ကေန်ဖြစ်တော်မူခဲ့ပြီးဖြစ်သော တရားပိုင်ရှင်စစ်စစ်ကြီးပါလား။ သူရှာဖွေတွေ့ရှိခဲ့သော တရားတို့ကို ငါတို့ နာကြားနေကြရပါပြီရောလားဟူသော ဓမ္မပီတိဖြင့် ရင်ဝယ်တသိမ့်သိမ့် လှိုက်ခုန်နေလေသည်။

'ပဉ္စဝဂ္ဂီတို့··ဆက်လက်ပြီး ရရှိလာတဲ့ ဉာဏ်တော်(၁၂)ပါးအကြောင်းကို ရှင်းလင်းပါ့မယ်။ ဒီဉာဏ်တော်(၁၂)ပါးဟာ သစ္စာလေးပါးကို အခြေပြုပြီး ရရှိပေါ်ပေါက်လာခဲ့ခြင်းဖြစ်တယ်။ ပမာဆိုပါစို့။ ဒုက္ခသစ္စာနဲ့ပတ်သက်လို့ ရှင်းလင်းရမယ်ဆိုရင် ဤတရားစုဟာ ဒုက္ခသစ္စာပဲလို့ ဒုက္ခသစ္စာကိုသိသော သစ္စဉာဏ်၊ ဒီဒုက္ခသစ္စာဟာ ပယ်ရှားစွန့်ပစ်စရာမဟုတ်ဘဲ ကွဲကွဲပြားပြား သိနားလည်စရာသာ ဖြစ်တယ်လို့ ဒုက္ခသစ္စာအပေါ် ဖြစ်ထိုက်တဲ့ကိစ္စကိုသိတဲ့ ကိစ္စဉာဏ်၊ တစ်ဖန် ဒီဒုက္ခသစ္စာကို ငါဘုရားဟာ ကွဲကွဲပြားပြား ခွဲခြား၍ ထိုးထွင်းသိမြင်ခဲ့ပြီးပြီဟု ပြုပြီးကိစ္စကိုသိတဲ့ ကတဉာဏ်၊ ဆိုခဲ့တဲ့ ဉာဏ်သုံးပါးဟာ အစဉ်လိုက် ပေါ်ပေါက်လာတယ်။

သစ္စာတစ်ပါးမှာ ဉာဏ်သုံးပါးပေါ်ပေါက်တော့ သစ္စာလေးပါးနဲ့ တွဲယှဉ်လိုက်တဲ့အခါမှာ ဉာဏ်တော်(၁၂)ပါးရှိလာပါတယ်။ ဒီလိုသစ္စာ(၄)ပါးတို့မှာ ဉာဏ်(၁၂)ပါးမဖြစ်မီက ငါသည် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ဖြစ်ပြီလို့

www.burmeseclassic.com

www.burmeseclassic.com

ခန့်မခံခဲ့ဘူး။ ယခု အဲဒီဉာဏ်တော်(၁၂)ပါးနဲ့ သစ္စာလေးပါးကို ပိုင်းပိုင်းခြားခြား သိမြင်ခဲ့ပြီးပြီဖြစ်လို့ ငါသည် ဘုရားဖြစ်ပြီလို့ ဝန်ခံတော်မူခြင်း၊ ဥဒါန်းကျူးရင့်ခြင်း ဖြစ်တယ် ပဉ္စဝဂ္ဂီတို့'

မြတ်စွာဘုရားရှင်၏ ဓမ္မစကြာတရားဦး ဟောပြောပြီးသည်နှင့် အရှင်ကောဏ္ဍညမထေရ်မြတ်ကြီးသည် ထိုညမှာပင် သောတာပန်အဖြစ်သို့ ဆိုက်ရောက်လေသည်။

စင်စစ်၌ သောတာပန်ဖြစ်သွားကြသူများက အရှင်ကောဏ္ဍညတစ်ပါးတည်းမဟုတ်။ ထိုတရားကို နာယူနေကြသော ဗြဟ္မာပေါင်း တစ်ဆယ့်ရှစ်ကုဋေသည်လည်း အရှင်ကောဏ္ဍညနှင့် အတူတကွပင် သောတာပန်ဖြစ်ကြလေသည်။ ဘုရားရှင်သည် ထိုဓမ္မစကြာသုတ်တရားတော်ကို ပင် ထပ်ကာ,ထပ်ကာ ဟောလေသည်။ အကြောင်းမူ ပဉ္စဝဂ္ဂီငါးဦးလုံးကို သောတာပန်ဖြစ်စေလိုသောကြောင့် ဖြစ်၏။

ထို့ကြောင့် ပထမနေ့တွင်သာ ငါးပါးလုံးကို တစ်ပြိုင်နက်တည်း ဟောကြားခြင်းဖြစ်သော်လည်း နောက်နေ့များတွင် လေးပါးက ဆွမ်းခံထွက်ကြရ၏။ တရားနာရန်မှာ တစ်ပါးသာ ကျန်ခဲ့၏။ ဤတွင် လေးပါး ခံယူလာသော ဆွမ်းကိုပင် ဘုရားရှင်နှင့် တရားနာ၍ ကျန်ရစ်ခဲ့သော တစ်ပါးအပါအဝင် ခြောက်ပါးက မျှတဘုဉ်းပေးသည်။ ဤနည်းအားဖြင့် နေ့ဆက်မပြတ် ဟောကြားတော်မူခဲ့ရာ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့တွင် အရှင်ဝပ္ပ၊ (၂)ရက်နေ့တွင် ဘဒ္ဒိယ၊ (၃)ရက်နေ့တွင် အရှင်မဟာနာမ်၊ (၄)ရက်နေ့တွင် အရှင်အဿဇိတို့လည်း အသီးသီး သောတာပန်ဖြစ်လာကြတော့၏။ ဤသို့ဖြစ်လာစေရန်အတွက်လည်း ဘုရားရှင်က ဓမ္မစကြာသုတ်ကို တစ်ပါးချင်းစီ ရက်ဆက်ဟောကြားတော်မူခြင်း ဖြစ်သည်။

ပဉ္စဝဂ္ဂီငါးဦးတို့ သောတာပန်ဖြစ်ကြပြီ။ သူတို့သန္တာန်၌ ဘဝတဏှာ၊ ဝိဘဝတဏှာတို့ ကင်းစင်သွားကြပြီဟု သိမြင်သည်နှင့် နောက်တစ်နေ့ဖြစ်သော မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၅)ရက် ဗုဒ္ဓဟူးနေ့၌ အနတ္တလက္ခဏသုတ်တော်ကို ဟောကြားတော်မူတော့သည်။ စင်စစ်၌ အနတ္တလက္ခဏသုတ် တရားတော်မှာ ဘုရားရှင်အဖြစ် ပွင့်တော်မမူခဲ့သေးခင် ပဝေသဏီကာလ တစ်လျှောက်လုံး၌ ယုံကြည်ကိုးစား အားထားနေခဲ့ကြ

သော အတ္တဝါဒကြီးကို အလဲထိုးပစ်လိုက်သော တရားတော်သာ ဖြစ်တော့သည်။ လွဲမှားသော သတ္တဝါဒကို အမြစ်မှ ကျွတ်ထွက်သွားအောင် နုတ်သိမ်းပစ်လိုက်သော တရားတော်လည်း ဖြစ်သည်။

'ဘိက္ခုတို့..ငါ ရှာဖွေတွေ့ရှိခဲ့သော အနတ္တဝါဒကို ရှင်းလင်းဟောကြားအံ့။ ဤရုပ်နာမ်ခန္ဓာသည် အများထင်မြင်မှန်းဆနေကြသကဲ့သို့ အတ္တမဟုတ်။ အတ္တဟုတ်ရိုး မှန်ခဲ့လျှင် ငါ၏ခန္ဓာသည် အစဉ်ကျန်းမာနုပျို လှပလျက်သာ ရှိပါစေ။ အိုခြင်း၊ နာခြင်း၊ ရောဂါဝေဒနာခံစားရခြင်းတို့ မဖြစ်ပါစေနှင့်ဟု တောင့်တ၍ ရကောင်းရာသည်။ ယခုမူ ထိုသို့တောင့်တတိုင်းမရဘဲ ယိုယွင်းဖောက်ပြန် ပျက်စီးလျက်ရှိသောကြောင့် မြဲလည်းမမြဲ၊ ဆင်းရဲလည်း ဆင်းရဲ၊ ဖောက်ပြန်ခြင်းသဘောလည်း ရှိသော ဤအရာကို ဤဟာသည် ငါ့ဟာ၊ ငါ၏အတ္တဟု စွဲလမ်းသင့်ပါသေးသလော'

'မစွဲလမ်းသင့်တော့ပါဘုရား'

'ဘိက္ခုတို့..ငါဟာ ငါ့ဥစ္စာဟု စွဲလမ်းခြင်းသည် တဏှာစွဲ ဖြစ်တော့၏။ ငါဟု စွဲလမ်းခြင်းသည် မာနစွဲ ဖြစ်တော့၏။ ငါ၏အတ္တဟု စွဲလမ်းခြင်းသည် ဒိဋ္ဌိစွဲ ဖြစ်တော့သည်။ ဤရုပ်ခန္ဓာကိုယ်သည် ယခုဆိုခဲ့သည့်အတိုင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ခြင်းကြောင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၌ ဖြစ်လာလေသမျှ ရုပ်တွေ၊ ကိုယ်တွင်း,ကိုယ်ပဖြစ်လေသမျှရုပ်တွေ၊ အောက်တန်းစား အထက်တန်းစား ရုပ်ကြမ်း,ရုပ်နုတွေ၊ မိမိ၏ အဝေးအနီးမှာရှိသော ရုပ်တွေကို ဤရုပ်အားလုံးသည် ငါ့ဟာ မဟုတ်၊ ငါဆိုတာလည်း မဟုတ်၊ ငါ၏ အတ္တလည်း မဟုတ်ဟု မှန်ကန်စွာသိသော ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်ပွားများကြရမယ်။ သည်လို ဉာဏ်စက္ခုဖြင့် ကြည့်ရှုလာတဲ့ အရိယာပုဂ္ဂိုလ်ဟာ ရုပ်ခန္ဓာ၌လည်း ငြီးငွေ့လာတယ်။ ဝေဒနာ၌လည်း ငြီးငွေ့လာတယ်၊ သညာ၌လည်း ငြီးငွေ့လာတယ်၊ သင်္ခါရတို့၌လည်း ငြီးငွေ့လာတယ်၊ ဝိညာဉ်၌လည်း ငြီးငွေ့လာတော့တယ်။ အဲလိုငြီးငွေ့ခြင်း ပြင်းပြလာတာနဲ့အမျှ ထိုခန္ဓာ(၅)ပါး ရုပ်နာမ်တရား၌ တပ်မက်တွယ်တာမှု၊ နှစ်သက်မှု ကင်းရှင်းသွားတယ်။ ဒါကိုပဲ မဂ်ရပြီ၊ မဂ်ဆိုက်ပြီလို့ ဆိုခြင်းဖြစ်တယ်။ သည်လို တွယ်တာမှုကင်းရှင်းပြီး မဂ်ကို ရပြီဆိုတာနဲ့ မိမိစိတ်ဟာ ထိုခန္ဓာငါးပါးအပေါ်



www.burmeseclassic.com

www.burmeseclassic.com

တွယ်တာနေခြင်းမှ လွတ်မြောက်သွားတော့တယ်။ ဒါကိုပဲ ဖိုလ်ကို ရပြီလို့ ဆိုခြင်းဖြစ်တယ်။

မဂ်ဖိုလ်ကို ဆိုက်ပြီဆိုတာနဲ့ ငါသည် ကိလေသာတို့မှ လွတ်ပြီဟု ကိုယ်တိုင် သိလာတယ်။ အဲဒီအသိရဲ့နောက်မှာ ငါသည် နောက်တစ်ဖန် ပဋိသန္ဓေနေရခြင်း မရှိပြီ။ မြတ်သောအကျင့်ကို ကျင့်ပြီးပြီ၊ ပြုဖွယ်ကိစ္စဟူသမျှကို ပြုပြီးပြီ။ နောက်ထပ်ကျင့်ဖွယ် ပြုဖွယ် မလိုတော့ပြီဆိုတဲ့ အလင်းဓာတ်အသိဉာဏ်က လိုက်ပါလာတယ်။ ဒါကြောင့် ရုပ်နာမ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ပိုင်နိုင်စွာရှုမှတ်ခြင်းဖြင့် သောတာပန် စသော အရိယာအဖြစ်သို့ရောက်ရှိပြီး နောက်ဆုံး ရဟန္တာအဖြစ်သို့ ရောက်ရှိတယ်။ ခန္ဓာငါးပါးကို အတ္တဟု မှတ်ယူနေသေးသမျှ ခန္ဓာငါးပါးမှ မလွတ်လပ်၊ မလွတ်မြောက်။ ထိုသို့မလွတ်မြောက်သမျှ အနတ္တဖြစ်သော နိဗ္ဗာန်ဓာတ်သို့ မကူးမြောက်နိုင်ဟု စေန်မုချ မှတ်သားအားထုတ်ကြရမယ် ဘိက္ခုတို့'

ပဥ္စဝဂ္ဂီ ငါးဦးတို့သည် ဘုရားရှင်၏ ထိုအနတ္တလက္ခဏသုတ္တန်ဒေသနာ ဟောကြားခြင်းအဆုံး၌ အာသဝေါ ကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူကြ၏။ ထို့ကြောင့် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၅)ရက်နေ့သည် လူသားငါးဦးတို့ ရှေးဦးစွာ ရဟန္တာဖြစ်ခဲ့ကြသောနေ့ဟု မော်ကွန်းတင်ရမည် ဖြစ်တော့၏။

သို့ရာတွင် မြတ်စွာဘုရားရှင်သည် ထိုပထမဝါ၌ပင် သံဃာအဖွဲ့အစည်းကို ထူထောင်တော်မူနိုင်ခဲ့လေသည်။ ထိုမိဂဒါဝုန်တော၌ပင် နောက်ထပ် တရားနာရောက်ရှိလာကြသော ယသသူဌေးသားနှင့် အပေါင်းပါ(၅၄)ဦးတို့ကို ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ စသည်တို့ဖြင့် ဟောကြားသွန်သင်တော်မူရာ ထို(၅၅)ဦးလုံးသည်လည်း ရဟန္တာဖြစ်လာကြ၏။ ပဥ္စဝဂ္ဂီငါးဦးနှင့်ပေါင်းသော် ရဟန္တာစုစုပေါင်း အပါး(၆၀)တိတိ ဝိမုတ္တိသုခကို ခံစားကြရလေပြီ။

ဘုရားရှင်သည် ထိုရဟန္တာပေါင်း(၆၀)သော အင်အားဖြင့်ပင် မဇ္ဈိမဒေသတစ်ခွင်တွင် မိမိ၏ဓမ္မကို ဖြန့်ကြက်တော်မူဖို့ အစပြု အားထုတ်လေတော့သည်။

'ရဟန်းတို့၊ လူအများ၏ ချမ်းသာသုခနှင့် အစီးအပွားအလို့ငှာ တစ်ပါးလျှင် တစ်ကြောင်းသော ခရီးဖြင့် မဇ္ဈိမဒေသတွင်းခွင်သို့ လှည့်လည်ကာ တရားဟောကြရမည်။ ဓမ္မကို ဖြန့်ချိရမည်။ တစ်ကြောင်းတည်းသော ခရီးကို နှစ်ပါးအတူ မသွားကြပါကုန်နှင့်။ သတ္တဝါဝေနေယျတို့အား သင်တို့ ရရှိခဲ့ကြပြီးသကဲ့သို့ ယထာဘူတဉာဏ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ကိုရရှိအောင် ဟောပြောညွှန်ပြကြပါကုန်လော့'

ဘုရားရှင်သည် ရဟန္တာ(၆၀)တို့အား ဤသို့စေလွှတ်ရာတွင် အကယ်၍ မိမိတို့ ဟောကြားချက်ကြောင့် ဤသာသနာတော်၌ ထိုထိုပုဂ္ဂိုလ်တို့က ရဟန်းပြုလိုပါကြောင်း တောင်းပန်လာခဲ့ပါလျှင် သရဏဂုံသုံးပါးဖြင့် ရှင်ရဟန်း ပြုပေးပိုင်ခွင့်ကိုပါ တစ်ပါတည်း အပ်နှင်းလိုက်၏။ ရဟန္တာ(၆၀)ကိုသာ ဤသို့သောသာသနာပြု ဒေသစာရီခရီးကို စေလွှတ်နေသည်ကားမဟုတ်။ ဘုရားရှင်သည် မိမိကိုယ်တော်တိုင်လည်း ကြောင့်ကြမဲ့ စံနေတော်မူသည်မဟုတ်။ ရဟန္တာ(၆၀)ကို ဒေသစာရီ ဓမ္မခရီးနှင့်စေသကဲ့သို့ ကိုယ်တော်တိုင်သည်လည်း ငြိမ်မနေဘဲ ဥရုဝေလတောသို့ ကြွချီတော်မူလေသည်။

ထိုဥရုဝေလတော၌ ကဿပညီနောင် သုံးဦးတို့သည် အခြွေအရံတစ်ထောင်နှင့်အတူ ပြင်းထန်သော တပအကျင့်ကို လမ်းလွဲကြီးမှန်း မသိသေးဘဲ သဲသဲမဲမဲ ကျင့်နေကြဆဲ ဖြစ်၏။ အစ်ကိုကြီးဖြစ်သူ ဥရုဝေလ ကဿပက အခြွေအရံ(၅၀၀)၊ အလတ် နဒီကဿပက အခြံအရံ(၃၀၀)၊ အငယ်ဆုံး ဂယာကဿပက အခြံအရံ(၂၀၀) ရှိကြ၏။ သုံးဦးပေါင်းသော် အခြွေအရံ(၁၀၀၀)ရှိသော ဆံကျစ်ထုံး ရသေ့များကို ဦးဆောင်ကာ တပအကျင့်ကို ကျင့်နေကြသော ထိုညီနောင်သုံးဦးသည် နယ်နယ်ရရတော့ မဟုတ်ချေ။ မဂဓတိုင်းနှင့် အင်္ဂတိုင်း နှစ်တိုင်းလုံး၌ ရဟန္တာအဖြစ် ထင်ရှားကျော်ကြားကြကာ ရာဇဂြိုဟ်ပြည်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးနှင့်တကွ အများပြည်သူတို့၏ အကိုးကွယ်ခံ ဆရာကြီးများ၊ ရသေ့ကြီးများ ဖြစ်ကြ၏။ ခက်နေသည်က ထိုရသေ့ညီနောင်သုံးဦး ကိုယ်တိုင်တို့ကရော၊ ထိုသုံးဦးကို ကိုးကွယ်သူ အများစုကရော တပကျင့်စဉ်အရ သူတို့ရရှိထားသော တရားမှာ မဂ်ဖိုလ်နိဗ္ဗာန်နှင့် လားလားမျှ မပတ်သက်နိုင်ကြောင်းကို မသိရှိကြခြင်းပင် ဖြစ်တော့သည်။ သူတို့၏ ကျင့်စဉ်သည် ပဥ္စဝဂ္ဂီငါးဦးတို့ ကျင့်ခဲ့ဖူးသော နည်းလမ်းဟောင်းကြီးသာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားသည် ကဿပတို့အုပ်စု ပါရမီရင့်ကြပြီကို ဉာဏ်တော်ဖြင့် သိတော်မူပြီးဖြစ်၏။ သို့ရာတွင် ဣန္ဒြေရင့်ချိန်ကိုစောင့်၍ ဥရုဝေလတောသို့ အချိန်ကိုက်ကြွချီတော်မူ၏။ ဤတွင် တရားနာသူဘက်က ပါရမီရင့်ရုံ၊ ဣန္ဒြေရင့်ရုံနှင့်လည်း ပြည့်စုံသည်ဟု မဆိုနိုင်သေး။ ဟောကြားသူဘက်မှလည်း ထိုပုဂ္ဂိုလ်တို့၏ အဇ္ဈာသယကို ခွဲခြားသိရန် လိုပြန်၏။ အနာတခြား ဆေးတခြားဆိုလျှင် ရောဂါမပျောက်။ အဘယ်ပုဂ္ဂိုလ်ကို အဘယ်မည်သော တရားဖြင့် ရွေးချယ်ဟောကြားမှ ကျွတ်တမ်းဝင်မည်ကို ခွဲခြားသိသောဉာဏ်သည် ဘုရားရှင်တို့၏ သဗ္ဗညုတဉာဏ်တော်ထဲ၌ တစ်စိတ်တစ်ပိုင်း ပါဝင်လျက်ရှိသည်။

ထို့ကြောင့် ဘုရားရှင်သည် ဥရုဝေလတောသို့ရောက်၍ ကဿပ ရသေ့ညီနောင်တို့နှင့် ဆုံတွေ့သည်တွင် ၄င်းတို့၏ကျင့်စဉ်သည် မှားယွင်းနေကြောင်း၊ ထိုကျင့်စဉ်ဖြင့် ရဟန္တာမဖြစ်နိုင်ကြောင်း ဦးစွာအသိပေးလိုက်ပြီးနောက် ထိုအုပ်စုနှင့် အံဝင်ခွင်ကျဖြစ်သော အာဒိတ္တပရိယာယသုတ် တရားတော်ကို ဟောကြားတော်မူလေတော့သည်။ ကဿပတို့အုပ်စုအတွက် ရွေးချယ်လိုက်သော အာဒိတ္တပရိယာယသုတ်သည် ဘဝဟူသည် ပဋိစ္စသမုပ္ပါဒ်၏ အနုလောမနည်းဖြင့်ကြည့်လျှင် မီးဆယ့်တစ်မျိုး၏ အမည်သာဖြစ်ကြောင်းဖြင့် ချဉ်းကပ်ဖြေရှင်းသော တရားတော်ဖြစ်လေသည်။

'ကဿပ ရသေ့တို့. လူသားတို့နဲ့တကွ သတ္တဝါတို့ရဲ့ ရုပ်ခန္ဓာကို ပြန်ခွဲဖြာစဉ်းစားရင် အာရုံနဲ့ ဒွါရတို့ရဲ့ တိုက်ဆိုင်မှုတို့ကြောင့် သိစိတ်ဆိုတာ ဖြစ်ပေါ်လာရတယ်။ အကယ်၍ အာရုံက ချစ်စရာဖြစ်နေရင် သိစိတ်မှာ ချစ်စိတ် ပေါ်လာတယ်။ အာရုံက မုန်းစရာဖြစ်နေရင် သိစိတ်မှာ မုန်းစိတ် ပေါ်လာတယ်။ အာရုံက တွေဝေစရာ ဖြစ်နေပြန်ရင် သိစိတ်မှာ မောဟစိတ် ပေါ်လာပြန်တယ်။ သည်တော့ ချစ်စရာ ဖြစ်နေပြန်ရင် လက်လွှတ်သွားမှာ စိုးရိမ်သလို မုန်းစရာ ဖြစ်နေပြန်ရင်လည်း ကိုယ့်ကို တွယ်ကပ်နေမှာ စိုးရိမ်ပြန်တယ်။ တွေဝေစရာ ဖြစ်နေပြန်တော့လည်း ဘာမုန်းညာမုန်း မသိလိုက်တဲ့အတွက် စိတ်မချင့်မရဲ ချမ်းမသာ ဖြစ်ရပြန်တယ်။ သည်ခံစားမှုတွေဟာ သတ္တဝါတိုင်း လူသားတိုင်းမှာ ဖြစ်ပေါ်နေကြတယ်ဆိုတာ သေချာရဲ့လား'

'သေချာပါတယ် အရှင်ဘုရား'

'ကောင်းပြီ။ သည်တော့ အာရုံ(၆)ပါး၊ ဒွါရ(၆)ပါး၊ ဝိညာဉ်(၆)ပါးတို့ ပေါင်းဆုံမှုကြောင့် ထိတွေ့မှု ဖဿဖြစ်လာရတယ်။ အဲဒီတွေ့ထိမှု ဖဿကြောင့် ခံစားမှုဝေဒနာဖြစ်လာတယ်။ ဝေဒနာက သာယာဖွယ်ဖြစ်ရင် တဏှာဖြစ်လာပြီး မသာယာဖွယ်ဆိုရင် ဒေါသဖြစ်လာတယ်။ ဘာရယ်လို့ သေသေချာချာ မသိလိုက်ရင် မောဟဖြစ်ပြန်တယ်။ သို့သော်လည်း လူနှင့် သတ္တဝါတို့မှာ အဲဒီအာရုံ၊ ဒွါရ၊ သိစိတ်တွေ ဆက်စပ်ဖြစ်ပေါ်မှုနဲ့ပတ်သက်လို့ မဖြစ်ချင်ပြန်လည်း မရဘဲ ဖြစ်ကြရတယ်။ အဲဒီဖြစ်ခြင်းကို ဇာတိလို့ ဆိုတာပဲ။ တစ်ခါ မရင့်ရော်ချင်ပြန်လည်း ရင့်ရော်ကြရတာပဲ။ အဲဒီရင့်ရော်ခြင်းကို ဇရာလို့ ဆိုရတာပဲ။ အဲဒီနောက် မပျက်စီးချင်ဘဲလည်းမရ ပျက်စီးရပြန်တယ်။ ပျက်စီးခြင်းဆိုတာ မရဏာပါပဲ။ သည်တော့ သည်အာရုံ၊ ဒွါရ၊ သိစိတ်တို့ ပေါင်းဆုံမှု ဖဿကို အကြောင်းပြုပြီး ပေါ်လာတဲ့ ဝေဒနာတို့ သာယာဖွယ်၊ မသာယာဖွယ်၊ တွေဝေဖွယ်တွေကြောင့် တဏှာ၊ ဒေါသ၊ မောဟ ဆိုတဲ့ မီးသုံးပါး ဖြစ်ပေါ်လာတယ်။ တစ်ခါ အဲဒီဖဿကြောင့်ပဲ ဇာတိ၊ ဇရာ၊ မရဏာဆိုတဲ့ နောက်ထပ် မီးသုံးပါးလည်း အညွန့်လူလာပြန်တယ်။ အဲဒီနှစ်ရပ်ပေါင်း မီးခြောက်ပါးကို အကြောင်းခံပြီး စိုးရိမ်မှုသောက၊ ငိုကြွေးမှုပရိဒေဝ၊ ဆင်းရဲမှုဒုက္ခ၊ နှလုံးမသာယာမှု ဒေါမနဿ၊ ပူဆွေးမှု ဥပါယာသ ဆိုတဲ့ မီးငါးပါး ထပ်တိုးလာပြန်တယ်။ အဲဒီမီးဆယ့်တစ်ပါး တောက်လောင်နေခြင်းဟာပဲ ဘဝဖြစ်တယ်။ ဒီမီး(၁၁)ပါးကို ငြိမ်းသတ်နိုင်ဖို့က ဘဝကို ဖြစ်ပေါ်မလာအောင် လုပ်ဖို့နည်းပဲရှိတယ်။ ဘဝမဖြစ်လာတော့ ဇာတိမဖြစ်တော့ဘူး။ ဇာတိမရှိတဲ့အတွက် ဇရာတို့၊ မရဏာတို့လည်း ဖြစ်မလာနိုင်တော့ဘူး။ သူတို့နောက်ကလည်း ဘယ်မီးလျှံ





www.burmeseclassic.com

www.burmeseclassic.com

မီးတောက်မှ လိုက်မလာနိုင်တော့ဘူး'

ဤသို့လျှင် မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်၏ အနုလောမနည်းဖြင့် ဘဝဟူသည် မီး(၁၁)မျိုး၏ အမည်သာဖြစ်ကြောင်း ချဉ်းကပ်ဟောကြားသောအခါ ကဿပတို့အုပ်စုသည် ယထာဘူတဉာဏ်ကို ရရှိကြ၏။ ဘဝနှင့် ပတ်သက်၍ အမှန်အတိုင်းသိသောဉာဏ်ဖြစ်၏။ တစ်ဖန် ဆက်လက်၍ ဘဝဖြစ်မလာရေးအတွက် ပဋိစ္စသမုပ္ပါဒ်၏ ပဋိလောမနည်းဖြင့် ဟောကြားတော်မူသောအခါ ကဿပတို့သည် ထိုနည်းအားဖြင့် နိဗ္ဗိဒါဉာဏ်နှင့် ဝိရာဂဉာဏ်တို့ကို ရရှိကြလေသည်။ နိဗ္ဗိဒါဉာဏ်ဟူသည်မှာ ဘဝနှင့်ပတ်သက်၍ ငြီးငွေ့သောဉာဏ်ဖြစ်ပြီး ဝိရာဂဉာဏ်ဟူသည်မှာ မဂ်ဉာဏ်ဖြစ်၏။ မဂ်ဉာဏ်ရလျှင်ပင် နောက်ဆက်တွဲ ဖိုလ်ဉာဏ်သည် မဝေးတော့ပြီ။ ဤနည်းအားဖြင့်ပင် ကဿပရသေ့အုပ်စုကြီးသည် အာသဝေါကုန်ခန်းသော ရဟန္တာများ ဖြစ်သွားကြလေတော့သည်။ ဝိမုတ္တိသုခ အမှန်ကို သူတို့ ရရှိခံစားနိုင်ကြပေပြီ။

မဂဓတိုင်း၊ အင်္ဂတိုင်း (၂)တိုင်းလုံးနှင့် ရာဇဂြိုဟ်ပြည်ရှိ ဗိမ္ဗိသာရမင်းကြီးနှင့်တကွ တိုင်းသူပြည်သားများကြားတွင် ဥရုဝေလကဿပ ကြီးမှူးသော ရသေ့ တစ်ထောင်လုံးသည် ဂေါတမဗုဒ္ဓ၏ တပည့်တွေ ဖြစ်သွားကြပြီတဲ့ဟူသော သတင်းစကားက တောမီးနှယ် ပျံ့နှံ့သွားသည်။ သူတို့အားလုံးက အလေးအမြတ်ပြု ကိုးကွယ်ဆည်းကပ်ခဲ့ကြရ သော ရသေ့ဆရာကြီး သုံးပါးနှင့်တကွ အခြွေအရံအားလုံးပင် ဂေါတမဗုဒ္ဓ၏ တပည့်တွေ ဖြစ်သွားသည်ဆိုသည်မှာ အံ့သြကုန်နိုင်ဖွယ်သော သတင်းထူးကြီးတစ်ရပ် ဖြစ်နေသည်မဟုတ်လော။ ဘုရားရှင်၏ ကျော်စောမှုသည် ထိုတိုင်းဒေသ တစ်ဝှမ်းလုံးသို့ လှိုင်းတံပိုးတို့နှယ် ရိုက်ခတ်သွားရလေတော့သည်။

ဗိမ္ဗိသာရမင်းကြီးသည် ထိုသတင်းကို ကြားသိရသောအခါ အထူးကျေနပ်အားရလျက် မျှော်လင့်တော်မူ၏။ တစ်နန်းတွင်းလုံးကိုလည်း အသင့်ရှိနေကြရန် ကြိုတင် သတိပေးထားလိုက်၏။

'ဂေါတမဗုဒ္ဓဘုရားရှင်ဟာ ဘုရားဖြစ်တော်မမူသေးခင် ရဟန်းဂေါတမဘဝက ငါနှင့် တွေ့ဆုံဖူးသည်။ ငါက ပြည်တစ်ဝက်ပေး၍ မင်းစည်းစိမ်ခံစားစေသည်ကို ငြင်းပယ်၍ ဘုရားဖြစ်ရန် တရားရှာဖွေဖို့သာ မိန့်ဆိုခဲ့၏။ ဘုရားဖြစ်တော်မူလျှင် ရာဇဂြိုဟ်ပြည်သို့ ကြွရောက်၍ တရားဟောကြား ချီးမြှင့်ပါရန် ငါက လျှောက်ထားတောင်းပန်သောအခါ ကြွချီခဲ့မည်ဟု ပဋိညာဉ်ပေးခဲ့သည်။ သို့ဖြစ်၍ ဘုရားရှင်သည် ငါတို့ ရာဇဂြိုဟ်ပြည်သို့ သူထားခဲ့သော ကတိနှင့်အညီ ကေန်ကြွချီလာလိမ့်မည်။ ကြွရောက်လာလျှင် တရားနာကြရန် အသင့်ပြင်ဆင်ထားနှင့်ကြစေ'

ရာဇဂြိုဟ်မှ မင်းနှင့် ပြည်သူအပေါင်းတို့ကမူ ဘုရားရှင် ကြွချီလာမည့် မမွခင်္ဂ ကို မျှော်လင့်စောင့်စားနေခဲ့ကြပေပြီ။ ဘုရားရှင်ကလည်း ဗိမ္ဗိသာရမင်းကြီးကို ရဟန်းဘဝက ပေးထားခဲ့သော ကတိကိုမမေ့။ ထို့ကြောင့် ကဿပ ညီနောင်တို့နှင့် အခြံအရံ နောက်ပါရဟန္တာစုစုပေါင်း(၁၀၀၀)တို့နှင့်အတူ ရာဇဂြိုဟ်ပြည်သို့ ကြွချီတော်မူလေရာ ဘုရားရှင်နှင့် ရဟန္တာတို့အား ဆီးကြိုဖူးမြော်ကြသော ပြည်သူအများတို့သည် သုံးဂါဝုတ်မျှ ရှည်လျားသော ခရီးတစ်လျှောက် ပြည့်လျှံနေလေတော့၏။

'အရှင်မင်းကြီး..မြတ်စွာဘုရားရှင်ဟာ နောက်ပါရဟန္တာ(၁၀၀၀)တို့ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ကြွချီတော်မူလာခဲ့ပါပြီ။ အခု မြို့အပြင်က သုပ္ပတိဋ္ဌပညောင်ပင်အရိပ်ဆာယာ၌ သီတင်းသုံးနေတော်မူပါသတဲ့ဘုရား'

နန်းတော်ပြင်ပမှ အထောက်တော်တစ်ဦးက လာရောက်သတင်းပို့ လျှောက်ထားလာ၏။ ဗိမ္ဗိသာရမင်းကြီး လက်ပမ်းပေါက်ခတ်မိတော့မတတ် ဝမ်းမြောက်ကျေနပ်သွား၏။ မင်းကြီးက သည်သတင်းကိုပဲ စောင့်မျှော်နေခဲ့သူမဟုတ်ပါလော။ ယခု သူမျှော်လင့်ချက် ပြည့်မြောက်လေပြီ။

'အိမ်း..ဝမ်းသာအားရရှိလိုက်ပါဘိကွယ်။ သည်လိုဖြင့် မနက်ဖြန်ကို ဘုရားရှင် သီတင်းသုံးရာ နေရာကို အရောက်သွားပြီး ဖူးမြော်ကြမယ်။ ဘုရားရှင် ဟောကြားမယ့် တရားတော်တို့ကို အထူးနာကြားကြမယ်။ ဘုရားရှင်နဲ့ နောက်တော်ပါ ရဟန္တာတွေကို လှူဒါန်းဆက်ကပ်ဖို့ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တွေက ဒီနေ့ ဒီအချိန်ကစပြီး အကောင်းအမွန်ဆုံး စီစဉ်ကြစမ်းဟဲ့။ မနက်ဖြန်ကို တရားနာလိုက်ပါကြမယ့်သူများကိုလည်း ယနေ့ကတည်းက နှိုးဆော်အသိပေးထားကြ။ ငါနဲ့ပတ်သက်တဲ့ မိဖုရားတွေ၊ မောင်းမမိဿံတွေ၊ ဆွေတော်မျိုးတော်တွေ၊ နန်းတွင်းအမှု



www.burmeseclassic.com

www.burmeseclassic.com

လုပ်တွေ၊ မှူးမတ်စစ်သူကြီးပါမကျန် အားလုံးလိုက်ပါကြရမယ်ဆိုတာ ကြိုတင်ဆော်ဩထားကြကွယ်'

မင်းကြီးသည် ဝမ်းမြောက်လွန်းလှသဖြင့် လှူဒါန်းဆက်ကပ်ရန် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များစီမံရာနေရာများသို့ ကိုယ်တိုင်သွားရောက်ကာ ကြီးကြပ်ပြင်ဆင်နေပေတော့သည်။ ဥရုဝေလတောမှသည် ရာဇဂြိုဟ်သို့ ဘုရားရှင် ရောက်ရှိတော်မူလာသော နေ့ရက်မှာ မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ပြာသိုလပြည့်နေ့ ဖြစ်သည်။ ထိုနေ့၌ ရာဇဂြိုဟ်တစ်မြို့တော်လုံး လေးပြင်လေးရပ်သာမက နန်းတော်ရာအတွင်း၌ပင် အုံးအုံးကျွက်ကျွက် ဖြစ်နေသည်။ သူ့ထက်ငါ ဆိုသလို ပန်းနံ့သာပျောင်းမှအစ အဖုံဖုံသော လှူဖွယ်တို့ကို ဉာဏ်ရှိသမျှ မနားစတမ်း ပြုပြင်စီရင် ပြင်ဆင်နေကြလေသည်။

နောက်တစ်နေ့၌ ဗိမ္ဗိသာရမင်းကြီးသည် နောက်ပါပရိသတ်စုစုပေါင်း တစ်သိန်းနှစ်သောင်းနှင့်အတူ လှူဖွယ်အစုစုကိုပါ သယ်ဆောင်လျက် မြတ်စွာဘုရားထံ သွားရောက်ဖူးမြော်လေသည်။ ဘုရားရှင်သည် မိမိ၏ ကတိရှိသည့်အတိုင်း ရာဇဂြိုဟ်ပြည်သို့ ကြွချီလာခဲ့ခြင်းဖြစ်ကြောင်းကို မြွက်ဟပြီးနောက် မင်းကြီးနှင့် ပရိသတ်တို့အား သစ္စာလေးပါး တရားတော်ကို ဟောကြားတော်မူ၏။ တရားတော် ပြီးဆုံးသောအခါ ဗိမ္ဗိသာရမင်းကြီးနှင့် ပရိသတ် တစ်သိန်းတစ်သောင်းတို့သည် သောတာပတ္တိမဂ်ကို ရ၍ သောတာပန် ဖြစ်သွားကြ၏။ ကျန်ပရိသတ်တစ်သောင်းမှာ သရဏဂုံ၌တည်သော ဥပါသကာများအဖြစ်သို့ ရောက်ကြလေသည်။ ရာဇဂြိုဟ်ပြည်အဝှမ်းတွင်လည်း ဗုဒ္ဓ၏မွှေရနံ့တို့ သင်းပျံ့ကြိုင်လှိုင်ပါလေပြီ။

'အရှင်ဂေါတမမြတ်စွာဘုရား·· တပည့်တော်တို့အား အသက်ထက်ဆုံး သရဏဂုံတည်သော ဥပါသကာများအဖြစ် မှတ်ယူတော်မူပါဘုရား။ ထို့အပြင် တပည့်တော်သည် ရတနာမြတ်သုံးပါးကို မပြတ်ဆည်းကပ်ကိုးကွယ်၍ ဘုရားရှင်၏ အဆုံးအမတရားမွှေများကို ဆက်လက်နာယူလိုပါသောကြောင့် အရှင်ဘုရားအား နန်းတော်နှင့် မနီးမဝေးလွန်းသော ဝေဠုဝန်ဥယျာဉ်တော်တွင် ကျောင်းတော် ဆောက်လုပ်လှူဒါန်းလိုပါသည်။ သီတင်းသုံးရန် အလှူခံတော်မူပါဘုရား။ တစ်ဖန် တပည့်တော်အား အရှင်ဘုရား၏ ပစ္စည်းလေးပါးဒါယကာအဖြစ် သတ်မှတ်ပေးတော်မူပါဘုရား'

ဗိမ္ဗိသာရမင်းကြီးသည် သူ၏ ရင်တွင်းဆန္ဒအတိုင်း လျှောက်ထားလိုက်သော် ဘုရားရှင်သည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ ထို့ကြောင့် မင်းကြီးသည် နန်းတော်သုံး လက်သမားကျော်အဖွဲ့များစွာကို ခေါ်ယူ၍ ဝေဠုဝန်ဥယျာဉ်တော်အတွင်း၌ ခံ့ညားစည်ပါလှသော ကျောင်းတော်ကြီးတစ်ဆောင်ကို အလျင်အမြန်ပြီးစီးအောင် နေ့ညမနား ဆောက်လုပ်စေ၏။ ကျောင်းတော်ကြီး အောင်မြင်ပြီးစီးသောအခါ မြတ်စွာဘုရားအား ရေစက်ချ၍ လှူဒါန်း၏။ ထိုသို့ ရေစက်ချသောအချိန်၌ပင် ဤမဟာပထဝီမြေကြီးသည် ငလျင်တော်လဲတို့ဖြင့် ယိမ်းနွဲ့တုန်လှုပ်လေသည်။ ဤအခြားအရာသည်ပင် ဤကမ္ဘာလောက၏ မဟာပထဝီမြေပြင် နှစ်သိန်းလေးသောင်းသောအထုတွင် ဂေါတမမြတ်စွာဘုရား၏ သာသနာတော် အမြစ်တွယ် ပန္နက်စိုက်ခဲ့ပြီဟု ဆိုရန်ရှိတော့၏။

ထိုဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးနေဆဲ ကာလအတွင်းမှာပင် အရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့လည်း ဘုရားရှင်ထံ ရောက်ရှိလာကြကာ သူတို့၏ နောက်ပါတပည့်(၂၅၀)နှင့်အတူ ရဟန္တာဖြစ်ကြ၏။ ဘုရားရှင်သည် တပို့တွဲလပြည့်နေ့တွင် ဝေဠုဝန်ကျောင်းတော်၌ ရဟန္တာပေါင်း(၁၂၅၀)ဖြင့် သာဝကသန္နိပါတ ခေါ် သာဝကအစည်းအဝေးကြီးကို ပြုလုပ်၏။ ထိုရဟန္တာ(၁၂၅၀)မှာ အားလုံးအဘိညာဉ်(၆)ပါးရ ဆဋ္ဌာဘိညချည်း ဖြစ်တော်မူကြသည်။ အားလုံး ဧဟိဘိက္ခုရဟန္တာများချည်း ဖြစ်ကြ၏။

ဘုရားရှင်သည် ထိုအစည်းအဝေး၌ ဂါထာပေါင်းသုံးဂါထာရှိသော ဩဝါဒပါတိမောက်ကို ကိုယ်တိုင်ပြဋ္ဌာန်းတော်မူ၏။ ထို့အပြင် ထိုအစည်းအဝေး၌ပင် ရဟန္တာအများရှေ့၌ အရှင်သာရိပုတ္တရာမထေရ်ကို လက်ယာတော်ရံ၊ အရှင်မောဂ္ဂလာန်မထေရ်ကို လက်ဝဲတော်ရံ အဂ္ဂသာဝကကြီးများအဖြစ် ခန့်အပ်တော်မူသည်။ မြတ်စွာဘုရား၏ သာသနာတော်သည် ရာဇဂြိုဟ်၌ပင် အခြေစိုက်ပျံ့နှံ့ ဖွံ့ဖြိုးလာကာ ထိုရာဇဂြိုဟ်၌ပင် လက်ယာတော်ရံ၊ လက်ဝဲတော်ရံ အဂ္ဂသာဝကကြီးများ စုံညီခဲ့ပြီ ဖြစ်တော့သည်။

(ဆက်လက်ဖော်ပြပါမည်)

**နန္ဒာစိုး(ဆင်ဖြူကျွန်း)**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဂယာဆိုသည့်ရွာသည် မဇ္ဈိမဒေသ၊ အိန္ဒိယနိုင်ငံ၊ မဟာဗောဓိပင်အနီး၌ တည်ရှိ၏။ ရွာဟု ဆိုလင့်ကစား မြို့ကြီးတစ်မြို့နှင့်မခြား စည်ကားဝေဆာ သာယာလှပါဘိတော့။

သို့ပါသော်ငြား ရွာတံခါးမှအထွက် ရွာအပြင်ဘက်မှာတော့ တစ်ရွာလုံးက စွန့်ပစ်ထားသည့် အမှိုက်ပုံကြီးမှာမူ ဟည်းထလျက် ရှိချေ၏။ ရွံစဖွယ်၊ စက်ဆုပ်စဖွယ် အနိဋ္ဌာရုံတို့ စုဝေးရာဟုဆိုလျှင် မမှား။ ခွေးသေကောင်ပုပ်များ ပစ်ထားသည့်အတွက် အနံ့အသက်တွေက အော်ဂလီဆန်ဖွယ် ကောင်းလှသလို ယင်တွေကလည်း တလှောင်းလှောင်း။ ဖြတ်သွားဖြတ်လာများအဖို့ ထိုအမှိုက်ပုံဝန်းကျင်အပါး ရောက်ပြီဆိုမှဖြင့် နှာခေါင်းတို့ကို စည်းနှောင်ပိတ်ဆို့ သွားကြရချေ၏။

အဆိုပါ အမှိုက်ပုံကြီး၏ နံဘေးမှာတော့ ကြီးမားလှစွာသော သစ်ပင်ကြီးတစ်ပင်ရှိပြီး ၄င်းသစ်ပင်ကို ဗိမာန်ပြုကာ သုစိလောမနှင့် ခရလောမ အမည်ရ ဘီလူးနှစ်ကောင်တို့ နေထိုင်ကြလေသည်။ ၄င်းတို့သည် တစ်ကောင်နှင့် တစ်ကောင် ချစ်ခင်ရင်းစွဲရှိကြသော သူငယ်ချင်းများလည်း ဖြစ်ကြသည်။ သည့်အတွက်ကြောင့်လည်း ဗိမာန်တစ်ခုတည်း၌ အတူတကွ နေထိုင်ကြခြင်း ဖြစ်ပေသည်။

သုစိလောမဟု အမည်တွင်ရခြင်းကား ၄င်း၏ ခန္ဓာကိုယ်ပေါ်၌ အပ်သွားကဲ့သို့ ချွန်ထက်လှသော အမွေးအမှင်များ ပေါက်နေခြင်းကြောင့်ဖြစ်ပြီး ခရလောမမှာမူ ဖွတ်ကျောကုန်း၊ မိကျောင်းကျောကုန်းနှင့်မခြား ကြမ်းတမ်းခက်ထရော်လှစွာသော အမွေးအမှင်များ ပေါက်ရောက်နေခြင်းကြောင့် ဖြစ်သည်။

◆◆◆

တစ်နေ့မှာတော့ ဘုရားရှင်သည် ဒေသစာရီ ကြွချီလာရင်း ယင်တလှောင်းလှောင်းနှင့် စက်ဆုပ်စရာကောင်းလှသော၊ အနံ့အသက်တွေ တထောင်းထောင်းထနေသော အမှိုက်ပုံထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူခဲ့သည်။

သည်မြင်ကွင်းကို ခရလောမ မြင်တော့ သူငယ်ချင်းဖြစ်သူ သုစိလောမအား–

'သူငယ်ချင်း..ကြည့်လိုက်စမ်းပါဦး။ တို့များဗိမာန်ရှေ့မှာ အခန့်သားထိုင်နေတာ ဘယ်သူများပါလိမ့်'ဟု စကားဆိုလိုက်၏။

'ဟာ..ဟုတ်ပါရဲ့ကွာ။ ရဟန်းတစ်ပါး ထိုင်နေတာကွ။ ဘယ့်နှယ်ကွာ၊ ကိုယ့်ကျောင်းသင်္ခမ်းမှာ ကိုယ်မနေဘဲ တို့ရှိရာကို ရောက်လာတာဟာ ရဟန်းတု ရဟန်းယောင်ပဲ ဖြစ်ရမယ်။ ဒါ တို့ကို မလေးမစား လာလုပ်တာပဲ။ တို့ရဲ့ တန်ခိုးစွမ်းအားကို မသိသေးဘူးနဲ့ တူတယ်။ ကျောင်းမှန်းကန်မှန်း သိသွားအောင် လုပ်ပြရသေးတာပေါ့ကွာ'

ပြောပြောဆိုဆိုနှင့်ပင် သုစိလောမ ဘီလူးလည်း ဘုရားရှင်၏ ရှေ့တော်မှောက်သို့ သွားရပ်လိုက်သည်။ ပြီးတော့ သစ်ပင်တမျှ ကြီးမားလှစွာသော ခန္ဓာကိုယ်ကြီးကို ဖန်ဆင်းလျက် ဗူးဗူးဝါးဝါးနှင့် ခြောက်လှန့်တော့သည်။

ဘုရားရှင်ကား တုန်လှုပ်မှု အလျှင်းမရှိ။

သည်တော့ စားတော့မယောင် ဝါးတော့မယောင် အစွယ်ကြီးများထုတ်ကာ ပါးစပ်ကြီးကို ဖြဲပြသည်။ ဒါလည်း ဘုရားရှင်အဖို့ နကမွှတ်။ ထိုအခါ သုစိလောမလည်း သပိတ်လုံးခန့်ရှိသော မျက်လုံးကြီးများဖြင့် ပြူးပြူးပြဲပြဲ လုပ်ပြပြန်သည်။ ဒါလည်း မထူးခြား။ သည်တွင် လျှာကြီးကို အလိပ်လိုက် အောက်သို့ ထုတ်ချ၍ တရွရွ လှုပ်ပြပြန်သည်။ ဒါလည်း မည်သို့မျှ ပြောင်းလဲမသွား။

'ဒါလောက်တောင်ဖြစ်လှတာ ကိုင်း..လာလေရော့'

သုစိလောမလည်း ဒေါသအကြီးအကျယ်ထွက်ကာ ဘုရားရှင်အား မိမိ၏ ကိုယ်လုံးဖြင့် တိုက်တော့ တွန်းတော့ လှဲတော့မယောင် ပြုပြန်၏။ သည်သို့သည်ပုံ အမျိုးမျိုး အဖုံဖုံ ခြောက်လှန့်ပါသော်ငြား ဘုရားရှင်ကား စိုးစဉ်းငယ်မျှပင် တွန့်တုန်ထိတ်လန့်ခြင်းမရှိခဲ့။ သည်တော့ သုစိလောမ လည်း ဘုရားရှင်ထံပါး ချဉ်းကပ်လာခဲ့သည်။

'အသင်ရဟန်း..ငါ့ကို မကြောက်ဘူးလား'

သည်လိုအမေး ရှိလာသည့်အခါ ဘုရားရှင်လည်း တည်ငြိမ်စွာဖြင့်ပင် အဖြေပေးတော်မူခဲ့သည်။

'အသင်ဘီလူး၊ သင့်ကို ငါက ဘာကြောင့်ကြောက်ရမှာတဲ့တုံး။ သင့်ရဲ့ အတွေ့ဟာ အင်မတန်မှ ယုတ်မာကြမ်းတမ်းလှပေတယ်။ မစင်ပုပ်နဲ့မခြား စပ်ဆုပ်ဖွယ်လည်း ကောင်းသလို သံဆူးလိုလည်း ချွန်ထက်လှခဲ့သည့်အတွက် ငါ့ရဲ့ နူးညံ့တဲ့ ခန္ဓာကိုယ်နဲ့ ထိတွေ့ဖို့ရာ မသင့်လို့ ဖယ်ရှားနေတာပဲ အသင်ဘီလူး'



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး။ ခန္ဓာကိုယ်အတ္တဘောကြီး ရှိလို့ပဲပေါ့'

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ထပ်မေးချင်ပါသေးတယ်။ ဒါကတော့ ကလေးသူငယ်တွေဟာ ကျီးငှက်တစ်ကောင်ကို ဖမ်းယူကြကာ ကြိုးရှည်ရှည်နဲ့ ချည်နှောင်ပြီး စွန့်ပစ်ထားကြတယ်။ အဲသည်လိုမျိုး တွေထူးဆန်းပြားလှတဲ့ ဝိတက်တရားတွေကို ဘယ်တရားက အကြောင်းကိစ္စနဲ့ ဘုသိုလ်စိတ်တွေ စွန့်ခွာရပါသလဲ ရဟန်း'

'အသင်ဘီလူး..ကာမဂုဏ်အပေါ် စိတ်ကူးယဉ်မှုဆိုတဲ့ ကာမဝိတက်၊ စိုးရိမ်ကြောင့်ကြဖွယ်ကို တွေးခေါ်တဲ့ ဗျာပါဒဝိတက်၊ ညှင်းဆဲသတ်ပုတ်ဖို့ရာ ကြံစည်တဲ့ ဝိဟိံသဝိတက် အဲသည်ဝိတက် သုံးပါးတွေဟာ ယောသည် ခန္ဓာကိုယ်ဆိုတဲ့ အတ္တဘော ရှိနေတဲ့အတွက်ကြောင့်ပဲ ဘုသိုလ်စိတ်တွေ စွန့်ခွာကြတာပါ ဘီလူး'

သုစိလောမ၏ စိတ်အာရုံမှာတော့ ယုက်ဖြာကျနေခဲ့သော အမိုက်မှောင်ထုတို့ တဖြည်းဖြည်း ပါးလျှမှန်းမသိပါးလျှသွားကြပေပြီ။ အဖို့ ဘုရားရှင်အပေါ် အထင်အမြင်လွဲမှားနေမိခဲ့သမျှ တက်တက်စင်အောင် လွဲရချေပြီဟူသော အတွေးတို့ ဝင်ရောက်လာသည်နှင့်အမျှ ခက်ထရော်နေခဲ့သော စိတ်နှလုံးတို့ ပျော့ပျောင်းနူးညွတ်လာခဲ့ပေပြီတော။

သည်အနေထားကို ဘုရားရှင် သိစွမ်းနေပြီမို့-

'အသင်ဘီလူး..ငါ့စကား၊ ငါ့တရားကို သေချာစွာနာယူရစ်ပါ။ သင်နားလည်နိုင်မယ့်တရားကို အကျယ်ချဲ့ပြီး ငါဟောကြားပါဦးမယ်'ဟု မိန့်တော်မူလိုက်သည်။

'အသင်ဘီလူး..ငါဟာ သင်ယူဆခဲ့တဲ့ ရဟန်းတုဧာန်ယောင် မဟုတ်ပါဘူး။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးရဲ့ ပူဇော်အထူးကို ခံယူထိုက်တဲ့ သုံးလောကထွတ်ထား ဘုရားရှင်ပဲ'

'အို..ဘုရားရှင်၊ ဟုတ်လား။ ဘုရား..ဘုရား'

'တိုင်း..ငါဟောမယ့်တရားကို အာရုံစိုက်ပါ'

သည်အခါမတော့ သုစိလောမအဖို့ အမူအရာတွေပြောင်းလဲသွားခဲ့ပါပြီ။ ဘုရားရှင်၏ ရှေ့တော်မှောက်၌ ရှိခိုးကာ လက်အုပ်အစုံကိုချီလျက်သား ဖြစ်သွားခဲ့ပါပြီ။ ဘီလူးသာဓတင်လားဆိုတော့ မဟုတ်၊ သူ့ချစ်သူငယ်ချင်း ခရလောမလည်း သူနည်းတူ လက်အုပ်ချီလျက်သား။

'အသင်ဘီလူးတို့..စွဲလမ်းခြင်းဆိုတဲ့ ရာဂ၊ စိတ်ဆိုးအမျက်ထွက်ခြင်းဆိုတဲ့ ဒေါသ၊ မွေ့လျော်ခြင်းဆိုတဲ့ ရတိ၊ မပျော်ခြင်း၊ မွေ့လျော်မှုမရှိခြင်းဆိုတဲ့ အရတိ၊ ကြက်သီးမွေးညင်းထခြင်းဆိုတဲ့ လောမဟံသန၊ တွေးကြံခြင်းဆိုတဲ့ ဝိတက်တရားတွေ ဆိုတာဟာ တဏှာဆိုတဲ့ အစေးအညှိကြောင့် ဖြစ်ပေါ်လာရတာတွေပါပဲ။

ပမာဆိုရရင် သစ်မြစ်တွေဟာ ညောင်ပင်ကြီးကိုပွားစီးစေကုန်ကြသလို ခန္ဓာကိုယ်အတ္တဘောကို အစွဲပြုပြီးတော့ ရာဂစိတ်တွေ ပွားစီးလာကြရတာပါ။ ပင်စည်အခက်၊ အောက်၊ ထက်လွှမ်းအုပ်၊ မြွေးယှက်ချုပ်ကြတဲ့ မာလောနွယ်တွေလို ကိလေသာဆိုတာဟာလည်း ကာမဝတ္ထုတွေအပေါ်မှာ အရှုပ်ရှုပ်အထွေးထွေး မြွေးယှက်လွှမ်းမိုးလာကြပါတော့တယ်။

အသင်ဘီလူးတို့..နာယူကြပါဦး။

အကြင်ပညာရှိတဲ့ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ဟာ အတ္တဘောကြောင့် ရာဂအစရှိတာတွေ ဖြစ်ပေါ်လာရတယ်ဆိုတာကို သိကြပါလေရဲ့။

သည်လိုသိတဲ့အတွက်ကြောင့်ပဲ ဒုက္ခဖြစ်ရခြင်းရဲ့ အကြောင်းရင်း ရေသောက်မြစ်ဖြစ်တဲ့ သမုဒယသစ္စာကို ပယ်ဖျောက်ကြပါတယ်။ သမုဒယကို ပယ်စွန့်ပြီးကုန်တဲ့သူတွေ ကူးဖြတ်ဖို့ရာ သိပ်ကိုခက်ခဲတဲ့ တစ်ခါတစ်ခေါက်မျှတောင် မကူးမြောက်ဖူးသေးတဲ့ သံသရာဝဲဩဃကို ကူးမြောက်နိုင်ကြပါတယ်။ ဒါတင်မက ဘဝသစ်ကိုလည်း တစ်ဖန်ပြန်ပြီး မဖြစ်တော့ပါဘူး'

'သာဓု..သာဓု..သာဓုပါဘုရား'

သုစိလောမ၊ ခရလောမတို့ကား ဘုရားရှင်၏ တရားဒေသနာတော်ကို ကြားနာပြီးလေသည့်သမယ ၎င်းတို့တွင်ရှိနေသော မာန်စွယ်တွေကို ချလိုက်ကြပေပြီ။ ဒါတင်မက ဘုရားရှင်၏ အဆုံးအမ ဩဝါဒတို့ကိုလည်း ခံယူလိုက်ကြပါကုန်၏။

ထိုအခါဝယ် သူတို့နှစ်ဦးသား၏ ငေါထွက်နေသော အစွယ်တို့ ကျွတ်ကုန်ကြ၏။ ကြမ်းတမ်းခက်ထရော်သော အမွေးတို့ ပျောက်ကွယ်ကုန်ကြ၏။ ထိုမှ ဘီလူးအသွင် ကွယ်ပျောက်ကာ ဘုမ္မစိုးနတ်များအဖြစ်သို့ ရောက်ရှိသွားကြပါကုန်သတည်း။

နန္ဒာမိုးကြယ်

ကျမ်းကိုး ✱ ယက္ခသုတ်တော်။

www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူလို့ ခေတ်တော်များ ခွဲဝေယူကြတဲ့ခါ အဇာတသတ်ဘုရင်ဟာ သူရလာတဲ့ ခေတ်တော်တွေကို (၇)နှစ် (၇)လ (၇)ရက်တိုင်တိုင် ဘုရားဂုဏ်တော်တွေ အာရုံပြုပြီးတော့ အသေ အချာ မွန်မြတ်စွာ ပူဇော်ခဲ့ပါသည်။



## မဟာစရိယ
# ဦးဓောဝင်း
## ဝါဟုဖြောကျူး သိပြီလား



www.burmeseclassic.com

www.burmeseclassic.com

ထိုဓာတ်တော်ပူဇော်ပွဲ၌ ကြည်ညိုသဒ္ဓါစိတ် ပေါ်ပေါက်ကြတဲ့ မရေတွက်နိုင်တဲ့ ယောကျ်ား၊ မိန်းမ ကြီး၊ ငယ်၊ ရွယ်၊ လတ် လူပေါင်းများစွာတို့သည် ဓာတုပူဇာကုသိုလ်ထူးကြောင့် နတ်ပြည်လောက၊ နတ်ဘဝသို့ ရောက်သွားကြပါသည်။

ရှစ်သောင်းခြောက်ထောင် အရေအတွက် ရှိကုန်သော ယောကျ်ားတို့သည်ကား ကာလရှည်ကြာ ပွားများလာခဲ့တဲ့ မိမယုံကြည်မှု-အသဒ္ဓိယ၊ မှားယွင်းဖောက်ပြန်စွာ ရှုမြင်ခြင်း-မိစ္ဆာဒဿနများကြောင့် ပြောင်းပြန်ဖြစ်နေတဲ့စိတ် ရှိနေကြပါသည်။ ကြည်ညိုသင့်တဲ့အရာကို မကြည်ညိုနိုင်၊ မကြည်ညိုသင့်တဲ့ အရာကျတော့ ကြည်ညိုနေပြန်၏။

ထိုသို့ ပြောင်းပြန်ဖြစ်နေသောကြောင့်ပင် ဓာတ်တော်ပူဇော်ရာ ယခုအခါ၌လည်း ကြည်ညိုဖွယ်ရာလို့ မမြင်နိုင်ကြ။ အလကားအလုပ်လို့ မြင်နေကြပါသည်။ ထိုအမြင်တိုင်းပင် အလကားအလုပ်ဟု ထင်ပြီး ပြစ်မှားခဲ့ကြပါသည်။ ထို့ကြောင့် ပြိတ္တာဘုံဘဝမှာ စုန်ဆန်လူးလာ ဖြစ်နေကြပါသည်။

ဓာတ်တော်ပူဇော်ပွဲနှင့် ဆက်စပ်ဖြစ်ပျက်တဲ့ အခြား အကြောင်းအရာတစ်ခု ရှိသေး၏။

ဓာတုပူဇာသဘင် ဆင်ယင်ကျင်းပရာ ထိုရာဇဂြိုဟ်မြို့၌ပင် သူဌေးကြီးတစ်ဦးရဲ့ ဇနီး၊ သမီးနှင့် ချွေးမတို့လည်း ဓာတ်တော်ကို သွားပူဇော်မယ်ဆိုပြီး အမွှေးနံ့သာ၊ ပန်းမန်တို့ကို ကိုင်ဆောင်ပြီး ဓာတ်တော်ပူဇော်ရာဌာနသို့ သွားမလို့ လုပ်နေကြပါသည်။

အသဒ္ဓိယ-ကြည်ညိုသဒ္ဓါမဲ့ခြင်း၊ မိစ္ဆာဒဿန-အမြင်မှားခြင်း ဆိုတဲ့ အပေါင်းအသင်းဆိုးများနှင့် ပေါင်းသင်းနေထိုင်လာတာ ကြာမြင့်နေပြီဖြစ်တဲ့ လင်ဖြစ်သူ သူဌေးကြီးကတော့ အလကားအလုပ်လို့ပဲ မြင်နေပါသည်။ ထို့ကြောင့် သူ့အထင် သူ့အမြင်အတိုင်းပင် 'ဒီအရိုးတွေကို ပူဇော်နေလို့ ဘာအကျိုးရှိမှာလဲ' လို့ ပြောလိုက်ပါသည်။ 'နင်တို့ ရူးနေပြီလား' လို့ ပြောလိုက်သည်နှင့် အတူတူပင် ဖြစ်ပါသည်။

ထိုသို့ ကဲ့ရဲ့စကား ပြောငြားသော်လည်း သူ့စကားကို [illegible] အကျိုးမဲ့စကားဟု လက်မခံဘဲ ဓာတုပူဇာသဘင် [illegible] အရောက်သွားကာ တကယ့်မွန်မွန်မြတ်မြတ် ပူဇော် [illegible]ပါသည်။ အိမ်ပြန်ရောက်ပြီးနောက် ကာလအတော် ကြာမှ သူ့ရောဂါနှင့်သူ အသီးသီး ကွယ်လွန်ခဲ့ကြပါသည်။

ကွယ်လွန်ပြီးတဲ့နောက် အသီးသီး နတ်ပြည်သို့ ရောက်သွားကြ၏။ အသဒ္ဓိယ၊ မိစ္ဆာဒဿန အခိုးမှုတ်ပြီး ဒေါသတွေ၊ ကောဓတွေ ရှုပ်ယှက်ခတ်နေတဲ့ စိတ်ဖြင့် အကျိုးမရှိတဲ့ အလကားအလုပ်လို့ ပြောခဲ့သူ သူဌေးကြီးလည်း သိပ်မကြာခင် သေသွားပါသည်။ သေသွားတော့ ပြောစရာကိုမလို၊ ပါပဆိုတဲ့ အကုသိုလ်က ပြိတ္တာဘုံသို့ ဆွဲခေါ်သွားပါသည်။

ဤကား အဇာတသတ်မင်းကြီး ဓာတ်တော်ပူဇော်ရာ ရာဇဂြိုဟ်မြို့တော်က တကယ့်ဖြစ်ရပ်မှန် ဖြစ်ပါသည်။ သို့သော် သာမန်လူတို့ကား မည်သူမျှ မသိလိုက်ကြပေ။ တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းပင် ဖြစ်သော်လည်း လူအများ မသိမြင်တဲ့အတွက် ဆင်ခြင်စရာ မဖြစ်သလို အတုယူစရာလည်း မဖြစ်ခဲ့ပေ။

အဖြစ်အပျက် အကြောင်းအရာ တစ်ခုကို တိတိကျကျ သိမြင်ခွင့်ရလျှင် ဆင်ခြင်တုံတရား ဖြစ်သင့်ရာ၌ ဆင်ခြင်တုံတရားသည် မလွဲမသွေ ဖြစ်၏။ ထိုဆင်ခြင်တုံတရားက သတိသံဝေဂကိုဖြစ်စေကာ မကောင်းမှု ဒုစရိုက်မှ ရှောင်ရှားကြလေသည်။ ထိုသို့ ရှောင်ရှားခြင်းကြောင့် ဒုဂ္ဂတိဘုံဘဝ ဆိုးကျိုးဒုက္ခများနှင့် ဝေးသထက် ဝေးသွားပေသည်။

အတုယူ အတုပြုသင့်တဲ့ ကောင်းမှုကုသိုလ် ဆိုပါကလည်း အတုယူ အတုပြုကြကုန်၏။ အတုယူ အတုပြုခြင်းက ကောင်းမှုကုသိုလ်ကို တိုးပွားစေပါသည်။ တိုးပွားလာတဲ့ ထိုကုသိုလ်ကောင်းမှုက သုဂတိဘုံဘဝသို့ ရောက်အောင် ပို့ဆောင်ပြီး ကောင်းကျိုးချမ်းသာများကို ယူဆောင်ပေးလေသည်။

ဤသဘောကို အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီး ကောင်းစွာ သိတော်မူ၏။ ထို့ကြောင့် အဇာတသတ်မင်း ဓာတုပူဇာသဘင်၌ တကယ့်တကယ် ဖြစ်သွားခဲ့တဲ့ မိသားစု တစ်စုရဲ့ ကောင်းမှု၊ မကောင်းမှုနှင့် ကောင်းကျိုးဆိုးပြစ်ကို လူအပေါင်းတို့ မျက်ဝါးထင်ထင် သိမြင်စေလို စိတ် ဖြစ်လာပါသည်။

ထိုစိတ်စေတနာကြောင့် အဆိုပါ နတ်ဒေဝါများနှင့် ပြိတ္တာများကို လူတို့မြင်နိုင်အောင် တန်ခိုးတော်ဖြင့် ဖန်ဆင်း စီရင်လိုက်ပါသည်။ ခုခေတ်စကားနှင့် ပြောလျှင် [illegible]

www.burmeseclassic.com

တာများ တပ်ဆင်လိုက်ပါသည်။ ဟိုဘက်ကလူလည်း နတ်ရော ဗြဟ္မာပါမြင်၊ ဒီဘက်ကလူလည်း နတ်ရော ဗြဟ္မာပါမြင်။ စေတီရင်ပြင်ပေါ် ရှိသမျှ အရပ်လေးမျက်နှာက လူတွေအားလုံး မြင်ရအောင် တန်ခိုးဖြင့် စီရင်လိုက်ပါသည်။

ထိုသို့ တန်ခိုးဖြင့် ပရိဂျက်တာများ ပြုပြင်စီရင်ပြီး စေတီရင်ပြင်ပေါ်တွင် ငြိမ်သက်စွာ ထိုင်နေတော်မူပါသည်။ လူတို့လည်း တစ်ယောက်မြင် တစ်ယောက်ကိုပြ၊ တစ်ယောက်က တစ်ယောက်ကိုပြော၊ တစ်ဆင့်စကား တစ်ဆင့်နား၊ အဆင့်ဆင့်ကြားကာ အားလုံး သိမြင်သွားပါသည်။

ဝတ္ထုကြောင်းလေးကို ဖတ်ရင်း၊ဖတ်ရင်း ဒီနားလေးရောက်တော့ ဆောင်းပါးကို 'ပရိဂျက်တာ တပ်ဆင်ထားတဲ့ အရှင်မဟာကဿပ တရားပွဲ'လို့ ခေါင်းစီးထားလိုက်ချင်ပါသည်။ သို့သော် မထားဖြစ်ခဲ့ပါ။ တန်ခိုးတော် ပရိဂျက်တာဖြင့် လူတို့အား ဗြဟ္မာနှင့် နတ် နှစ်ရပ်လုံးကို မြင်အောင် ပြသတော်မူပြီးမှ သူဌေးဘဝက ပြောင်းလာတဲ့ ဗြဟ္မာကောင်းကြီးကို ဂါထာသုံးဂါထာဖြင့် အင်တာဗျူးလိုက်ပါသည်။

အန္တလိက္ခသ္မိံ တိဋ္ဌန္တော၊
ဒုဂ္ဂန္ဓော ပူတိ ဝါယသိ။
မုခဉ္စ တေ ကိမယော ပူတိဂန္ဓံ၊
ခါဒန္တိ ကိံ ကမ္မမကာသိ ပုဗ္ဗေ။

လိုတိုရှင်း ဘာသာပြန်ရင် 'ကောင်းကင်၌ တည်လျက် အပုပ်နံ့ထွက်ပြီး အဲဒီ အပုပ်နံ့ထွက်နေတဲ့ ပါးစပ်ကို ပိုးလောက်တွေ စားနေတာ ရှေးဘဝက ဘယ်လိုကံကိုများ သင်ပြုခဲ့ပါသနည်း'လို့ မေးလိုက်ခြင်း ဖြစ်ပါသည်။

တတော သတ္ထံ ဂဟေတွာန၊
ဩက္ကန္တန္တိ ပုနပ္ပုနံ။
ခါရေန ပရိပ္ပေါသိတွာ၊
ဩက္ကန္တန္တိ ပုနပ္ပုနံ။

'အပုပ်နံ့ လှိုင်ထွက်နေတဲ့ အဲဒီပါးစပ်ကို ပိုးလောက်တွေ စားနေရုံတင်မက ဓားထက်ထက်ဖြင့် အဖန်ဖန် အထပ်ထပ် တူးဆွဲလှီးဖြတ်နေတာ၊ ပြတ်ထွက်သွားတဲ့ နေရာမှာ ဆားရေလောင်းပြီး အဆက်မပြတ် လှီးဖြတ်နေတာကကော ဘာ့ကြောင့်လဲ'လို့ မေးလိုက်ပါသည်။

ကိံ နု ကာယေန ဝါစာယ၊
မနသာ ဒုက္ကဋံ ကတံ။
ကိဿကမ္မဝိပါကေန၊
ဣဒံ ဒုက္ခံ နိဂစ္ဆသိ။

'ကိုယ်ဖြင့် မကောင်းမှုကို ပြုခဲ့လေသလား။ နှုတ်ဖြင့် ပြုခဲ့လေသလား။ စိတ်ဖြင့် ပြုခဲ့လေသလား။ ဘယ်လိုကံရဲ့ အစွမ်းသတ္တိကြောင့် အခုလို ဒုက္ခမျိုးကို ခံစားနေရပါသနည်း'လို့ အကျိုးဖြစ်ခြင်း အကြောင်းရင်းကို မေးခွန်းထုတ်လိုက်ခြင်း ဖြစ်ပါသည်။

နေတာက ကောင်းကင်မှာ၊ တစ်ကိုယ်လုံး လှိုင်ထွက်နေတာက ကောင်းကင်နှင့် မတူမတန်တဲ့ အနံ့ဆိုး။ အနံ့ဆိုးတဲ့ ပါးစပ်ကြီးကို ပိုးလောက်တွေက ကိုက်ဖဲ့ထိုးဆွကာ စားကြသောက်ကြ။ ကံကြောင့် ဖြစ်ပေါ်လာတဲ့ ဓားထက်ထက်ကို ကိုင်ပြီး အပေါက်ဝကို အထပ်ထပ် လှီးဖြတ်ထိုးဖောက်၊ လှီးဖြတ်ရာကို ဆားရေလောင်း၊ ထပ်လှီး ထပ်လောင်း၊ ဒုက္ခပေါင်း ကုဋေကုဋာ သင့်ကံကြမ္မာက ဘယ်လိုကံကြမ္မာလဲ။

ဒါက အရှင်မဟာကဿပရဲ့ အင်တာဗျူး မေးခွန်းအနှစ်ချုပ်ပါ။ အလွန် စိတ်ဝင်စားစရာ ကောင်းသည်ဟု ဆိုရမည်လော။ အလွန် ထိတ်လန့်စရာ ကောင်းသည်ဟု ပြောရမလား။ ကြားတဲ့အတိုင်းပါပဲ၊ တန်ခိုးတော် ပရိဂျက်တာ တပ်ဆင်ထားတဲ့ စေတီရင်ပြင်ပေါ်က တရားပွဲမှာ လက်တွေ့နာယူနေကြတဲ့ တရားနာပရိသတ်များကတော့ နားရွက်မခတ်၊ တုတ်တုတ်မျှ မလှုပ်ကြပေ။ ဗြဟ္မာကြီး ဘယ်လိုများ ဖြေလာမလဲဆိုတာကို အလွန်အမင်း စိတ်ဝင်စားနေကြပါသည်။

အဟံ ရာဇဂဟေ ရမ္မေ၊
ရမဏီယေ ဂိရိဗ္ဗဇေ။
ဣဿရော ဓနဓညဿ၊
သုပဟူတဿ မာရိသ။

'တပည့်တော် ရှေးဘဝက ရာဇဂြိုဟ်မြို့မှာ အလွန်ကြွယ်ဝချမ်းသာတဲ့ သူဌေးကြီး တစ်ယောက်ပါ အရှင်ဘုရား'လို့ ကိုယ့်ဘဝကို ပရိသတ်အား အသိပေးလိုက်ပါသည်။ တစ်နည်းပြောရင် ကိုယ့်ကို မိတ်ဆက်လိုက်ခြင်း ဖြစ်ပါသည်။

ဆက်လက်၍-



www.burmeseclassic.com

www.burmeseclassic.com

တသာယံ မေ ဘရိယာ စ၊
မိတ္တာ စ သုဏိသာ စ မမ။-
တာ မာလံ ဥပ္ပလဥ္စာပိ၊
ပစ္စဂ္ဃဥ္စ ဝိလေပနံ။
ထူပံ ဟရန္တိယော ဝါရေသိ၊
တံ ပါပံ ပကတံ မယာ။

ဆိုပြီး သူပြုခဲ့တဲ့ သူ့အကုသိုလ်ကို ထုတ်ဖော်ဝန်ခံလိုက်ပါသည်။ 'အဲဒီတုန်းက တပည့်တော်ရဲ့ ဇနီး၊ သမီး၊ ပြီးတော့ ချွေးမ သုံးယောက်သား စေတီတော်ကို ပူဇော်ဖို့ ပန်းနံ့သာတွေနှင့် သွားကြပါတယ် အရှင်ဘုရား။ စေတီအသစ်အား ပူဇော်သွားကြအံ့ဆဲဆဲမှာ တပည့်တော်တားမြစ်ဖူးပါတယ်။ အဲဒီ အရိုးကို သွားပူဇော်နေလို့ ဘာအကျိုးရှိမှာလဲလို့ ကဲ့ရဲ့စကား ဆိုခဲ့ဖူးပါတယ် အရှင်ဘုရား' တဲ့။

ဆဠာသီတိ သဟဿာနိ၊
မယံ ပစ္စတ္တဝေဒနာ။
ထူပပူဇံ ဝိဝဏ္ဏေတွာ၊
ပစ္စာမ နိရယေ ဘုသံ။

'ပြိတ္တာပေါင်း ခြောက်သောင်း ရှစ်ထောင်ကုန်သော တပည့်တော်တို့သည် အမျိုးမျိုးသော ဒုက္ခဝေဒနာတို့ကို အသီးသီး ခံစားကြရပါတယ် အရှင်ဘုရား။ ဓာတုပူဇာကို ကဲ့ရဲ့မိတဲ့ ဝစီကံကြောင့် ငရဲမှာ အပြင်းအထန် ခံစားရပါတယ် အရှင်ဘုရား' လို့ ဖြေကြားလျှောက်ထားလိုက်ပါသည်။

ငရဲကျခြင်း မဟုတ်သော်လည်း ခံစားရတဲ့ ဒုက္ခက အလွန်ကြီးမားသောကြောင့် ငရဲတမျှ ငရဲနှင့် ထပ်တူပြုတာ လျှောက်ဆိုလိုက်ခြင်း ဖြစ်ပါသည်။

ဆက်လက်၍ အဲလိုမျိုး တပည့်တော်တို့လို မခံစားရလေအောင် ဓာတုပူဇာအား ကဲ့ရဲ့ခြင်းမှ ရှောင်ရှားကြဖို့ ရာ လူတို့ မှတ်သားစံရာ သံဝေဂစကားလည်း တစ်ဂါထာ လျှောက်ထားပါသည်။ ထို့နောက်-

ဣမာ စ ပဿ အာယန္တိယော၊
မာလဓာရီ အလင်္ကတာ၊
မာလာဝိပါကံနုဘောန္တိယော၊
သမိဒ္ဓါ စ တာ ယသဿိနိယော။

ဟူ၍ ကောင်းကျိုးခံစားရတဲ့ ဇနီးမယား၊ သမီး၊ ချွေးမတို့ဘက် လှည့်ပြီး တစ်ဂါထာစကား လျှောက်ထားပါသည်။

အဓိပ္ပာယ်ကတော့-

နတ်ဝတ်တန်ဆာ အလင်္ကာဖြင့် ပန်းမန်နံ့သာ ဆင်ယင်ကာလျှင် ကောင်းကင်ခရီးဖြင့် လာကြကုန်သော ဤနတ်မိမယ်တို့ကို ရှုပါလော့။ အခြံအရံ များလိုက်ပါဘိ။ ဆင်ထားတဲ့ ပန်းတွေကလည်း ဓာတုပူဇာသဘင်တုန်းက ပူဇော်ခဲ့ကြတဲ့ပန်းနှင့် အလားတူစွာ တကယ့်အကျိုးတူ ခံစားရပါဘိလို့ အားရကျေနပ်စွာ ချီးမွမ်းလိုက်ခြင်း ဖြစ်ပါသည်။

သောဟံ နူန ဣတော ဂန္တွာ၊
ယောနိံ လဒ္ဓါန မာနုသိံ။
ထူပပူဇံ ကရိဿာမိ၊
အပ္ပမတ္တော ပုနပ္ပုနံ။

ဒါကတော့ လူမိုက်တို့ ထုံးစံအတိုင်း နောက်မှရတဲ့ နောက်ဆုံး/ နောင်တစကားပါ။

'တပည့်တော် ဒီဘဝကလွတ်ပြီး လူ့ပြည်လောက လူ့ဘဝကို ရောက်ခဲ့ ရခဲ့ရင် မမေ့မလျော့ မပေါ့မဆဘဲ အကြိမ်ကြိမ်အခါခါ စေတီတော်ကို ပူဇော်မှာပါ အရှင်ဘုရား' လို့ ငရဲရောက်မှ ကျောင်းဆောက်ချင်ကြောင်း လျှောက်ထားလိုက်ခြင်း ဖြစ်ပါသည်။

နောင်တသံဝေဂ အားလျော်စွာပြောတဲ့ စကားမို့ ဒီစကားက အနာဂတ်ဘဝကို အလှဆင်နိုင်မှာကတော့ သေချာပါသည်။

ဇာတ်လမ်းကတော့ ဤတွင် ပြီးပါပြီ။ ပရိဂျက်တာ တပ်ဆင်ထားတဲ့ အရှင်မဟာကဿပရဲ့ တရားပွဲလည်း အကျိုးရှိရှိ ပြီးဆုံးသွားပါသည်။ ကိုယ်စီကိုယ်င အသိတရားရ၊ သတိသံဝေဂ ဖြစ်ကြမှာလည်း သေချာပါသည်။

နတ်နှင့် ပြိတ္တာ၊ ကုသိုလ်နှင့် အကုသိုလ်ကို လက်တွေ့ နှိုင်းယှဉ်ပြတဲ့ တရားပွဲပေမို့ မယုံပါဘူးလို့ စောဒကတက်စရာလည်း ရှိမည်မထင်တော့ပါ။ တစ်ဆင့်ခံ ပြန်ပြောပြတဲ့ အဆင့်ဆိုလျှင် ဆောင်းပါးလည်း အပြီးသတ်ရပေတော့မည်။ သို့သော် အဆုံးမသတ်ချင်သေး၊ အဆုံးမသတ်နိုင်သေးပါ။

အရှင်မဟာကဿပ နည်းလမ်းထက် ငါမိုကောင်းမွန်တဲ့ နည်းလမ်းတစ်မျိုးပြကာ ဟောပြောလို့၍ကား မဟုတ်

www.burmeseclassic.com

ပါ။ ဘဝဇာတ္တ ယောက်ျားသားများကို သတိပေးစကား အနည်းငယ် ပြောကြားလို၍ ဖြစ်ပါသည်။ ဇာတ်နိပါတ်ဝတ္ထုတော်များတွင် ယေဘုယျအားဖြင့် ယောက်ျားများ အလျှုဒါန နည်းပါးကြောင်း၊ မိန်းမများနှင့် နှိုင်းယှဉ်ကာ ဟောပြလေ့ ရှိပါသည်။

အချို့က 'ဒါ့ကြောင့် နတ်သားတစ်ပါးမှာ နတ်သမီး ငါးရာ စံနေရတာပေါ့' လို့လည်း အားရဝမ်းသာ ထောက်ခံစကား ဆိုလေ့ရှိကြပါသည်။ ငါတို့ယောက်ျားတွေ အပျော်အပါး လိုက်စားတာများပြီး ကုသိုလ်ကောင်းမှုကို မိန်းကလေးတွေလောက် မပြုဖြစ်ဘူးဆိုတဲ့ သဘောကို အလိုလို နားလည်ပြီး ဖြစ်သောကြောင့် အထူးပြောစရာ မရှိခဲ့ပါ။

သည်တစ်ခါတော့ စိတ်ထဲက သိပ်ပြီးတော့ မထောက်ခံချင် ဖြစ်နေပါသည်။ ဘာ့ကြောင့်လဲဆိုရင် အသိဉာဏ်နှင့် ပတ်သက်နေသောကြောင့်ဟု ဖြေချင်ပါသည်။ ဒါန တော့ ဒါနပါပဲ။ သို့သော် အသိဉာဏ်နှင့် ပတ်သက်နေပါသည်။

မှန်၏။ အရိုးဟု သာမန်ရှုမြင်ခြင်းသည် အသိဉာဏ် မရှိလို့ မြင်ခြင်းသာ ဖြစ်ပါသည်။ အသိဉာဏ်ရှိလျှင် အရိုးဟု မြင်မည် မထင်ပါ။ အရိုးဆိုလျှင် ဘုရင် အဇာတသတ်က အရှုးမို့လို့ ခုနစ်နှစ် ခုနစ်လ ခုနစ်ရက်တိုင်တိုင် ကိုးကွယ်ပူဇော်နေမှာလားလို့ ပေါ့ပေါ့လေး တွေးကြည့်နိုင်ရင်တောင် 'ဒါ သာမန်အရိုးတော့ မဟုတ်လောက်ဘူး' ဆိုတဲ့ အတွေးလေး ရလောက်ပါသည်။

ယောက်ျားလုပ်ပြီး ထိုမျှလောက်ပင် မတွေးတောနိုင်ဘဲ ဇနီးမယား၊ သမီးသားနှင့် ချွေးမတို့၊ သမက်တို့ကို ဆရာလုပ်ကာ ခပ်တည်တည်နှင့် ဟောက်နေတာ မရှက်ပေဘူးလားလို့ပင် စာရေးသူစိတ်ထဲ မေးခွန်းထုတ်နေမိပါသည်။ အရိုးသာမန် ဟုတ်၊ မဟုတ်ကိုလည်း လင်ယောက်ျားဖြစ်တဲ့ အိမ်ထောင်ဦးစီးက အလျင်ဦးစွာ သိသင့်၏။ အကျိုးရှိ၊ မရှိကိုလည်း အိမ်ထောင်ဦးစီး အလျင် သိသင့်၏။

အိမ်ထောင် (သို့မဟုတ်) မိသားစုတစ်ခုရဲ့ ဦးစီးနာယကဖြစ်တဲ့ လင်ယောက်ျားသည် မိသားစုအား နေမင်း၏ အလင်းနှင့်တူသော အလင်းကို ပေးနိုင်ရပေမည်။ အကယ်၍ မသွားသင့်မှန်လျှင် သွားကို မသွားရ၊ အတင်းတားရပေမည်။ ခုတော့ ဘာမှကို မသိ မလေ့လာဘဲ ခပ်တည်တည်နှင့် 'အရိုးကို သွားပူဇော်ရအောင် နင်တို့က ရှူးနေလား' လို့ ကဲ့ရဲ့စကား ပြောရုံသာ ပြောနိုင်၏။

ရှည်လျားလှတဲ့ ကာလတစ်ခုမှာ တကယ့်တကယ် ဘဝနှင့်ရင်းပြီး အသိတရား ရလိုက်ချိန်မှာတော့ ငါ မှားခဲ့တာပါလို့ မရှက်မကြောက် ဝန်ခံနေရ၏။ လူပုံအလယ်မှာ ဝန်ခံနေရပြီ မဟုတ်ပေလော။ စဉ်းစားကြည့်လျှင် အဆုံးကြီးဆုံး၊ အရှုံးကြီး ရှုံးပါသည်။ ထိုသို့ မဖြစ်သင့်ပေ။

အိမ်ထောင်ရေး၊ စီးပွားရေး ရှေ့ဆုံးက ရှိနေရမည်။ သိနေရမည်။ ရပ်ရေးရွာရေး၊ ဘာသာရေး၊ သာသနာရေးလည်း ထိပ်ဆုံးက ပြေးနေရမည်။ သို့မှသာ အိမ်ထောင်ဦးစီး ပီသပေမည်။ ဗုဒ္ဓဘာသာ လုပ်နေပြီးတော့ 'အရိုးကို ပူဇော်နေလို့ ဘာအကျိုးရှိမှာလဲ' လို့ ကဲ့ရဲ့စကား ဆိုနေခြင်းသည် ဘုရား၊ တရားအကြောင်း ဘာမှမသိလို့ ဖွင့်ဟဝန်ခံလိုက်သည်နှင့် အတူတူပင် ဖြစ်ပါသည်။

ဤကား စာရေးသူ ခံယူချက် (သို့မဟုတ်) စာဖတ်သူအား ဖြစ်စေချင်တဲ့ စေတနာကို မဆီမဆိုင် ထည့်ပြောလိုက်ခြင်းသာ ဖြစ်ပါသည်။

ခံယူချက်ကို ဘေးဖယ်ပြီး ခပ်တင်းတင်း ပြောရလျှင်-

ကျွန်တော်တို့ ယောက်ျားတွေ အလှူဒါန ကောင်းမှုကုသိုလ်မှာ မပါချင်ရင်နေပါ။ မနှောင့်ယှက်၊ မတားမြစ်ပါနှင့်လို့။

အဘယ့်ကြောင့်ဆိုသော် ပြိတ္တာ မဖြစ်ကြစေလိုသောကြောင့် ဖြစ်ပါသည်။ မှန်၏၊ ပြိတ္တာဖြစ်ရခြင်း အကြောင်းရင်းမှာ ကိုယ်တိုင် မလှူဖြစ်ခြင်းနှင့် သူတစ်ပါး လှူသည်ကို တားမြစ်ခြင်းပင် ဖြစ်ပါသည်။

ဤအကြောင်းနှစ်မျိုး တစ်မျိုးမျိုးကြောင့် ပြိတ္တာဖြစ်ကြရပါသည်။ ထို့ကြောင့် 'မလှူချင် နေပါ၊ မတားမြစ်မိပါစေနှင့်' လို့ စေတနာစကား ခပ်ခါးခါးလေး ဆိုလိုက်ပါရစေ။

အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ

မွှာစရိယ ဦးစောဝင်း


<u>ကျမ်းကိုး</u>

* ဓာတုဝိဝဏ္ဏပေတဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



# မောင်ဉာဏ်ဝိန့်
# သံသရာခရီးသည်

ဆရာ ဒါရိုက်တာကြီးဦးသုခ၏ အကျော်ကြားဆုံးသော သီချင်း၏ အမည်မှာ ဘဝသံသရာဟူ၍ ဖြစ်သေသည်။

ဗုဒ္ဓဘာသာဝင်တိုင်းနှင့် ရင်းနှီးနေသော ဝေါဟာရတစ်ခုမှာ သံသရာဟူသော ဝေါဟာရပင်ဖြစ်သည်။ ဗုဒ္ဓကျမ်းစာများကို လေ့လာဖတ်ရှုလျှင် သံသရာဟူသော ဝေါဟာရကို တွေ့မိလေ့ရှိကြသည်။ တရားပွဲများ၊ အလှူပွဲများ၊ ရေစက်ချပွဲများ၌လည်း ဆရာတော်သံဃာတော်များက တရားဟောပြောကြရာတွင် သံသရာအကြောင်းကို ထည့်သွင်းဟောပြောလေ့ရှိကြသည်။

အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက မိမိ၏ ထေရုပ္ပတ္တိကို ရေးသားရာတွင် တစ်ဘဝသံသရာဟု အမည်ပေးခဲ့သည်။ ထင်ရှားသော စာရေး



www.burmeseclassic.com

www.burmeseclassic.com

အဆိုတော် မာမာအေး၏ ထင်ရှားသော သီချင်းတစ်ပုဒ်တွင် **သံသရာ မဆုံးသရွေ့ ဘယ်လောက်ပင်ရှည်ရှည်**ဟူ၍ အစချီထားသည်ကို တွေ့ရသည်။ နားဝင်ပီယံ ရှိလှဘိသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များအဖို့ သံသရာဟူသော ဝေါဟာရမှာ အရှုယ်သုံးပါးမရွေး ကြီးကြီးငယ်ငယ် အားလုံးနှင့်သက်ဆိုင်၊ အားလုံးနှင့် ရင်းနှီးအကျွမ်းဝင်လျက်ရှိပေသည်။ စာဖတ်သူ ဗုဒ္ဓဘာသာဝင်များအနေဖြင့် သံသရာအကြောင်း ကျင်လည်ရမည့် ဘဝသံသရာခရီးအကြောင်း၊ ဘဝသံသရာကျင်လည်ရာ (၃၁)ဘုံအကြောင်းကို အကျဉ်းမျှ သိထားသင့်သည်ဟု ယူဆသည်။

**<u>သံသရာဟူသည် အဘယ်နည်း</u>**

ဤမေးခွန်းမျိုးကို မိလိန္ဒမင်းကြီးက ရဟန္တာအရှင်နာဂသေနအား မေးလျှောက်ခဲ့ဖူးသည်။ အရှင်နာဂသေနက အောက်ပါအတိုင်း ဖြေကြားခဲ့သည်။

'မင်းမြတ်..ဤအရပ်၊ ဤဘုံ၌ဖြစ်၍ ဤအရပ်၊ ဤဘုံ၌ပင် သေ၏။ ဤအရပ်၊ ဤဘုံ၌ပင် သေ၍ တစ်ပါးသောအရပ်၊ တစ်ပါးသောဘုံ၌ ဖြစ်ပြန်၏။ ထိုအရပ်၊ ထိုဘုံ၌ဖြစ်၍ ထိုအရပ်၌၊ ထိုဘုံ၌ပင် သေပြန်၏။ ထိုအရပ်၊ ထိုဘုံ၌ သေ၍ တစ်ပါးသောအရပ်၊ တစ်ပါးသောဘုံ၌ ဖြစ်ပြန်၏။ မင်းမြတ်..ဤကား သံသရာပင်ဖြစ်၏'

အဋ္ဌသာလိနီ အဋ္ဌကထာ၌လည်း ခန္ဓာ၊ အာယတန၊ ဓာတ်တရားတို့၏ အဆက်မပြတ်သော ဖြစ်စဉ်သည် သံသရာမည်၏ဟု ဖော်ပြထားပေသည်။

သံသရာဟူသည် တစ်ဘဝမှ တစ်ဘဝ တပြောင်းပြန်ပြန် အဖန်ဖန်အထပ်ထပ် အဆက်မပြတ် ဖြစ်ပျက်ခြင်းပင် ဖြစ်သည်။ သတိပြုစရာ တစ်ခုမှာ သတ္တဝါတို့သည် ဤသို့ သံသရာလည်ပတ်ကြရာ၌ ဤဘဝ၊ ဤဘုံမှ ရုပ်နာမ်ကပင် ထိုဘုံ ထိုဘဝ၌ ပြောင်းရွှေ့ဖြစ်ပျက်၏ဟု မစွဲယူသင့်ခြင်းဖြစ်၏။ ထိုသို့စွဲယူက သဿတဒိဋ္ဌိ မြဲ၏ဟူသော အယူမှားဖြစ်လိမ့်မည်။ တစ်ဖန် ဤဘဝ၊ ဤဘုံမှ ရုပ်နာမ်သည် ဤဘဝ၊ ဤဘုံ၌ပင် သေကျေကင်းပြတ်၏။ နောက်ဘဝ၊ နောက်ဘုံနှင့် ဘာမျှမသက်ဆိုင်ဟု စွဲယူခဲ့ပြန်လျှင်လည်း ဥစ္ဆေဒဒိဋ္ဌိ-သေလျှင် ပြတ်၏ဟူသော အယူမှား ဖြစ်လိမ့်မည်။

မြတ်ဗုဒ္ဓသည် ယင်းအယူနှစ်ခုတို့၏ အကြားတွင် အကြောင်းကြောင့် အကျိုးဖြစ်ပေါ်ခြင်းကိုသာ ညွှန်ပြတော် မူလေသည်။

ဤဘဝ၊ ဤဘုံမှ ရုပ်နာမ်တစ်စုံတစ်ရာက မပြောင် ရွှေ့ဘဲ ဟိုဘဝ၊ ဟိုဘုံ၌ ပဋိသန္ဓေနေနိုင်ပုံကို မိလိန္ဒပဥ္ တွင် အောက်ပါအတိုင်း ရှင်းပြထားပေသည်။

**အရှင်နာဂသေန**-မင်းမြတ်..ဥပမာကား တစ်စုံတ ယောက်သော ယောက်ျားသည် မီးတိုင်တစ်ခုမှ မီးတို တစ်ခုသို့ ညှိထွန်း၏။ မင်းမြတ်..အသို့နည်း။ ထိုမီး သည် ထိုမီးတိုင်မှ ပြောင်းရွှေ့ ားသလော။

**မိလိန္ဒမင်း**-အရှင်ဘုရား..မပြောင်းရွှေ့ပါ။

**အရှင်နာဂသေန**-မင်းမြတ်..ဤအတူပင် ဤဘဝ တစ်စုံတစ်ရာ မပြောင်းရွှေ့ဘဲ ပဋိသန္ဓေဖြစ်၏။

**မိလိန္ဒမင်း**-ထို့ထက် ဥပမာပြုပါဦးလော့။

**အရှင်နာဂသေန**-မင်းမြတ်..သင်မင်းမြတ်သည် ငယ် စဉ်က ကဗျာဆရာထံမှ တစ်စုံတစ်ခုသော ကဗျာ သင်ဖူးကြောင်း မှတ်မိပါ၏လော။

**မိလိန္ဒမင်း**-အရှင်ဘုရား..မှတ်မိပါ၏။

**အရှင်နာဂသေန**-မင်းမြတ်..အသို့နည်း။ ထိုကဗျ သည် ဆရာထံမှ ပြောင်းရွှေ့လာပါသလော။

**မိလိန္ဒမင်း**-အရှင်ဘုရား..မပြောင်းရွှေ့ပါ။

**အရှင်နာဂသေန**-မင်းမြတ်..ဤအတူသာလျှင် ဤ ဘဝမှ တစ်စုံတစ်ရာ မပြောင်းရွှေ့ဘဲ ဟိုဘဝ၌ ပဋိသ စွဲယူ၏။

ထို့ကြောင့် တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းရွှေ သံသရာလည်ပတ်ရာတွင် ဤဘဝ၊ ဤဘုံမှ ရုပ်နာမ် ဟိုဘဝ၊ ဟိုဘုံမှ ရုပ်နာမ်သည် ထပ်တူထပ်မျှ လုံးဝ သည်လည်း မဟုတ်၊ တကွဲတပြား လုံးဝခြားနားသ လည်း မဟုတ်။ နွားနို့မှ နို့မမ်းစသည်ဖြစ်ရာတွင် နို့မ သည် နွားနို့မဟုတ်သော်လည်း နွားနို့အကြောင်းမထ သကဲ့သို့ ဤဘဝ၊ ဤဘုံမှ ရုပ်နာမ်အကြောင်းကြေ ဟိုဘဝ၊ ဟိုဘုံမှာ ရုပ်နာမ်အကျိုးတရား ဖြစ်ပေါ်ရခြ ဖြစ်သည်။

သံသရာဟူသည် တစ်ဘဝမှ တစ်ဘဝသို့ အဖန် ပြောင်းရွှေ့ဖြစ်ပျက်ခြင်းဖြစ်ကြောင်း သိခဲ့ပြီ။ ထို သ ခရီးတစ်လျှောက် သတ္တဝါအများ ရောက်ကြရသော ဌာနတို့ကား အဘယ်နည်း။ မြတ်ဗုဒ္ဓ၏ ဝါဒအရ ထို

www.burmeseclassic.com

www.burmeseclassic.com

ဌာနများသည် (၃၁)ဘုံရှိပေသည်။ ယင်း(၃၁)ဘုံကား အောက်ပါအတိုင်း ဖြစ်ပေသည်။

၁။ အပါယ်ဘုံ ၄
၂။ လူ့ဘုံ ၁
၃။ နတ်ဘုံ ၆
၄။ ရုပ်နာမ်နှစ်ပါးရှိ (ရူပ)ဗြဟ္မာဘုံ ၁၅
၅။ ရုပ်သက်သက်သာရှိ (အသညသတ်)ဗြဟ္မာဘုံ ၁
၆။ နာမ်သက်သက်သာရှိ (အရူပ)ဗြဟ္မာဘုံ ၄
စုစုပေါင်း ၃၁ ဘုံ

မြတ်ဗုဒ္ဓသည် (၃၁)ဘုံရှိကြောင်း သုတ်၊ ဝိနည်း၊ အဘိဓမ္မာ သုံးမျိုးလုံးမှာပင် ဟောခဲ့ပေသည်။ ယင်း(၃၁)ဘုံ၌ အပါယ်(၄)ဘုံ၊ လူ့ဘုံ(၁)ဘုံ၊ နတ်ဘုံ(၆)ဘုံကို ပေါင်း၍ ကာမ(၁၁)ဘုံဟူ၍ ပြန်ဆိုနိုင်သည်။ ရူပဗြဟ္မာဘုံ (၁၅)ဘုံ၊ အသညသတ်ဗြဟ္မာဘုံ (၁)ဘုံနှင့် အရူပဗြဟ္မာဘုံ (၄)ဘုံတို့ကိုပေါင်း၍ ဗြဟ္မာဘုံ(၂၀)ဟူ၍လည်း ခေါ်ဆိုနိုင်ပေသည်။ လူ့ဘုံ (၁)ဘုံနှင့် နတ်ဘုံ (၆)ဘုံတို့ကို သီးသန့်အားဖြင့် ကာမသုဂတိ(၇)ဘုံဟူ၍လည်း ခေါ်ဆိုနိုင်ပေသေးသည်။

ပုထုဇဉ်တို့အနေဖြင့် နိဗ္ဗာန်သို့ မရောက်သေးသရွေ့ ကာလပတ်လုံး (၃၁)ဘုံ၌ ကျင်လည်ကြရပေဦးမည်ဖြစ်သည်။ ဗြဟ္မာပြည်မှာ တဝင်းဝင်း ဝက်စားကျင်းမှ တရှုံ့ရှုံ့ ကြုံတွေ့ကြရဦးမည် ဖြစ်သည်။ ပါရမီမရင့်ကြသေးသဖြင့် နိဗ္ဗာန်သို့ မရောက်နိုင်ကြသေးဟုဆိုလျှင်ပင် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်များသို့သာ ရောက်ကြစေရန် အပါယ်လေးဘုံသို့ မရောက်ကြစေရန် ဒါန၊ သီလ၊ ဘာဝနာတို့ကို မပျက်မကွက် အားထုတ်သင့်ကြပေသည်။

ကျွန်ုပ်တို့ အားလုံးသည် သံသရာခရီးသည်များပင် ဖြစ်ကြပေသည်တကား။


**မောင်ဉာဏ်စိန်**

<u>ရည်ညွှန်းစာအုပ်</u>

* ဗုဒ္ဓဘာသာကောင်းတစ်ယောက်
(သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)။


နှလုံးတုန်၊ ရင်ခုန်၊ မူးမောသူများအတွက်

**နန်းထိပ်တင်**



နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှ နိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ဝိန်လိုခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၃၀၀၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(တနယ်ဖင်း)]

**နှလုံးအားတိုးဆေး**

ပင်ရင်း နန်းထိပ်တင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
၀၉၂၀၀၀၉၉၇၊ ☎(၀၁)၂၁၁၈၈၃
ရန်ကုန် မြစ်ဖြိုးမြန်မာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ်(B-50, 51) ရွှေပြည်သိုဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀
မန္တလေး ဦးအောင်မြင့် မြန်မာဆေးမျိုးစုံဆိုင် - ရောင်းဝယ်ရေး/E ရုံ (သဖင်ရုံ)၊ အမှတ်-၉၆(မြေညီထပ်)၊ ဈေးချိုမန္တလေးမြို့ ☎(၀၂)၃၀၁၈၀

www.burmeseclassic.com

လူ့ဘဝဇာတ်ခုံတွင် လူဟူ၍ဖြစ်လာလျှင် ဆင်းရဲချမ်းသာမရွေး ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတို့ ဖြစ်ကြရသည်မှာ မည်သူမျှ ရှောင်လွှဲ၍မရသော ကိစ္စပင် ဖြစ်သည်။ အကြောင်းသော်ကား ဘဝသစ်ဟူသော ဇာတိ ရလာလျှင် အိုခြင်း၊ သေခြင်းဟူသော ဇရာမရဏ၊ စိုးရိမ်ပူဆွေးခြင်း သောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခ၊ စိတ်ဆင်းရဲခြင်း ဒေါမနဿ၊ စိတ်နှလုံးပြင်းစွာပူပန်ခြင်း ဥပါယာသတို့ ဖြစ်ကြရသည်ဟု ဗုဒ္ဓမြတ်စွာဘုရားရှင်က ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ တိကျစွာ ဖွင့်ဆိုထားသည်။ သို့ရာတွင် ထိုထိုသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန်အတွက် တစ်ခုတည်းသော နည်းလမ်းမှာ ဝိပဿနာတရား အားထုတ်ခြင်းပင် ဖြစ်သည်။

# ထွန်းအားချို

## ဘဝနိဂုံး ဆည်းဆာအဖြိုး



ဤကိစ္စနှင့်ပတ်သက်၍ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ခြောက်ရာခန့်က ဤကမ္ဘာမြေပြင်ဝယ် အမှန်တကယ် ဖြစ်ပျက်ခဲ့သော ထားစရာမရှိ ကျိုကျိုတက်မျှ ချမ်းသာကြွယ်ဝပြီး သားသမီးဆယ်ယောက်ရှိသော မိခင်ကြီးမှာ အသက်အရွယ် အိုမင်းရင့်ရော်နေချိန်မှာပင် သားသမီးတို့၏ အထောက်အကူ

ကို မရရှိဘဲ

ကိုယ်,စိတ်



www.burmeseclassic.com

www.burmeseclassic.com

ဆင်းရဲခြင်းများကို ခံစားခဲ့ရပုံနှင့် ထိုဒုက္ခများမှ လွတ်မြောက်ခဲ့ပုံမှာ ဤသို့ဖြစ်သည်။

သောဏာထေရီအလောင်းမှာ ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တွင် ဟံသာဝတီမင်းနေပြည်တော်၌ သူဌေးသမီး ဖြစ်ခဲ့သည်။ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရစဉ် မြတ်စွာဘုရားက ဘိက္ခုနီမတစ်ပါးကို တရားအားထုတ်ရာတွင် လုံ့လ၊ ဝီရိယ ထက်သန်သောအရာ၌ ဧတဒဂ်ဘွဲ့ထူး ချီးမြှင့်သည်ကို မြင်တွေ့လိုက်ရသည်။ ထိုအခါ သောဏာမှာ ထိုဘိက္ခုနီ ထေရီမကို အလွန်နှစ်သက် အားကျမိသည်။ ထို့ကြောင့် ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား ပင့်ဖိတ်ကာ အလှူကြီး ပေးလှူခဲ့သည်။ ထိုအလှူတွင် သောဏာသည် နောင်ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့၏ လက်ထက်တော်၌ ဤထေရီကဲ့သို့ ဧတဒဂ်ဘွဲ့ထူး ရရှိစေရန် ဆုတောင်းခဲ့သည်။

ပဒုမုတ္တရမြတ်စွာဘုရားက အနာဂတံသဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူပြီး ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ သောဏာထေရီ ဘိက္ခုနီဖြစ်ပြီးလျှင် အာရဒ္ဓဝီရိယ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခံရမည်ဟု ဗျာဒိတ်စကား မိန့်ကြားခဲ့သည်။ ထေရီလောင်းလျာမှာ ထိုစကားကို ကြားရသောအခါ ယနေ့ မနက်ဖြန်ပင် အကျိုးပေးခံရလောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရသည်။ ထိုနေ့မှစ၍ အသက်ထက်ဆုံးတိုင်အောင် ပဒုမုတ္တရမြတ်စွာဘုရားအား ကြည်ညိုသော စေတနာသဒ္ဓါ ထက်သန်စွာဖြင့် ဆည်းကပ်ကိုးကွယ်ခဲ့လေသည်။

သောဏာထေရီလောင်းလျာမှာ ထိုဘဝမှ ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ ကြီးကျယ်ခမ်းနားသော စည်းစိမ်ချမ်းသာဖြင့် နတ်သမီးဖြစ်ခဲ့သည်။ ဂေါတမမြတ်စွာဘုရားလက်ထက်တွင် သာဝတ္ထိပြည်၌ သူဌေးသမီးဖြစ်လာသည်။ အမည်မှာ သောဏာဟုခေါ်တွင်သည်။ သောဏာမှာ ကောင်းခြင်းငါးရပ် မိန်းမမြတ် ဂုဏ်အင်္ဂါနှင့်ပြည့်ဖြိုးသဖြင့် အမျိုးမျိုးသော သူဌေးသားတို့က ထိုလားနှစ်သက် တပ်မက်ကြသည်။ ချစ်သူ ခင်သူ ကြင်နာသူများ ဝိုင်းဝိုင်းလည်လျက်ရှိသည်။ သို့ရာတွင် မိဘများ သဘောကျသော သူဌေးသားတစ်ဦးနှင့် လက်ထပ်ထိမ်းမြားခဲ့ရပြီး သျှောင်နောက် ဆံထုံးပါ ဆိုသကဲ့သို့ လင်ယောကျ်ားနောက်သို့ တကောက်ကောက် လိုက်ပါသွားလေသည်။

သောဏာမှာ သူဌေးသားယောကျ်ားနှင့် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဖြင့် နေထိုင်လာကြသည်။ သားသမီး ဆယ်ယောက် ထွန်းကားခဲ့သည်။ ထိုသို့ သားသမီးများသဖြင့် ဗဟုမုတ္တိကသောဏာဟု ထင်ရှားလေသည်။ ခင်ပွန်းဖြစ်သူ သူဌေးကြီးမှာ မြတ်စွာဘုရားထံ သွားရောက် တရားနာခဲ့သည်။ ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝပြီး အစစအရာရာ အဆင်ပြေသော်လည်း မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသောအခါ ဒုက္ခများမြောင် လူတို့ဘောင်တွင် လူဝတ်ကြောင်ဖြင့် မနေချင်စိတ် ပေါ်လာခဲ့သည်။ ထို့ကြောင့် မြတ်စွာဘုရားထံတွင် သွားရောက်ပြီး ရဟန်းပြုခွင့် တောင်းခံသည်။ မြတ်စွာဘုရားက ရှေးပါရမီစုံညီ ပြည့်ဝခဲ့သူ ဖြစ်သည်ကို သိမြင်တော်မူ၍ မဆိုင်းမတွဘဲ ရဟန်းပြုခွင့် ပေးလိုက်သည်။ သူဌေးကြီးမှာ သားမယားကိုပင် မတိုင်ပင်ဘဲ ထိုနေ့မှာပင် ချက်ချင်း ရဟန်းဝတ်လိုက်တော့သည်။

သောဏာသည် မယားကို မကြင်၊ သားသမီးကို မခင်၊ မိမိကို မတိုင်ပင်ဘဲ ရဟန်းပြုသွားသော သူ့ခင်ပွန်းအပေါ်တွင် မကျေနပ်ဖြစ်ကာ နှလုံးအိမ်၌ ကြိမ်မီးအုံးသကဲ့သို့ ပူပန်သောက ဖြစ်ရတော့သည်။ သို့ရာတွင် သောကဖြစ်ရုံမှလွဲပြီး ဘာမှမတတ်နိုင်ပါချေ။ သားသမီး ဆယ်ယောက် အရွယ်ရောက်အောင် ကျွေးမွေးပြုစုကာ မိခင်တာဝန်ကို ကျေပွန်ခဲ့သည်။ သားသမီးတို့ အရွယ်ရောက်၍ လူလားမြောက်လာသည့်အခါ မိဘတို့ ဝတ္တရားရှိသည့်အတိုင်း အသီးသီး အိမ်ထောင်ချပေးလိုက်တော့သည်။ မိမိတွင်ရှိသည့် ပစ္စည်းဥစ္စာများကို မိမိအတွက် အနည်းငယ်မျှတောင် ချန်မထား၊ ရှိရှိသမျှသော ပစ္စည်းဥစ္စာများကို သားသမီးဆယ်ယောက်တို့အား အညီအမျှ ခွဲဝေပေးလိုက်သည်။

သားသမီးတို့မှာ ဝမ်းမြောက်ဝမ်းသာ အမှုအရာဖြင့် ကြည်လင်ရွှင်ပြုံးကာ မိခင်ကြီး တရားဘက်ကို လိုက်စားပြီး အေးအေးဆေးဆေးနေပါ။ မိခင်ကြီးကို တစ်လ, တစ်လစီ အလှည့်ကျ ပြုစုလုပ်ကျွေး တာဝန်ယူကြပါမည်ဟု ပြောကြသည်။ ထို့နောက် မိခင်ကြီးအား သားအကြီးဆုံး အိမ်က စပြီး ပြုစုကျွေးမွေးကြသည်။ တစ်လစေတောင်



www.burmeseclassic.com

www.burmeseclassic.com

မပြည့်သေး၊ နေထိုင်စားသောက်ရေးမှာ အဆင်မပြေမှုတွေ ရှိလာတော့သည်။ သို့ရာတွင် မိခင်မှာ သည်းခံပြီး သားသမီးတို့အိမ်တွင် တစ်လှည့်စီ နေထိုင်ခဲ့သည်။ မိခင်မှာ ပစ္စည်းဥစ္စာ မရှိတော့သည်ကို သိသောအခါ သားသမီးတို့၏ ဆက်ဆံရေးမှာ ယခင်နှင့်ယခု မတူတော့ပါ။

ရေသည် အစုန်သာရှိ အဆန်မရှိ ဟူသည့် ဆိုရိုးစကားအတိုင်း မိဘတို့ ပစ္စည်းဥစ္စာများကသာ သားသမီးတို့အပေါ်မှာ စုန်လေ့ရှိသည်။ သားသမီးတို့၏ ပစ္စည်းဥစ္စာများမှာ မိဘများဘက်သို့ ဆန်တက်လေ့မရှိ ဟူသည်ကို သောဏာ ကောင်းကောင်း သဘောပေါက်သွားသည်။ သမုဒ္ဒရာကြီးထဲတွင် အလွန်များပြားသောရေကို မြင်ရသော်လည်း သောက်ဖို့ ရေချိုကို မရနိုင်သကဲ့သို့ သားသမီး မည်မျှပင် များသော်လည်း ဝတ္တရားသိသိနှင့် လိမ္မာယဉ်ကျေး ပြုစုသူ သားသမီးများမှ လွန်စွာရှားနိုင်ခဲသည်မှာ လောကတံထွာ ဓမ္မတာပင်ဖြစ်သည်။ သို့ဖြင့် နောက်ဆုံးတွင် ဘိက္ခုနီကျောင်းသို့သွားကာ ရဟန်းဝတ်ခဲ့လေသည်။

သောဏာထေရီ ဘိက္ခုနီကြီးမှာ အသက်အရွယ်ကြီးမှ ရဟန်းဝတ်လာသူဖြစ်၍ အချို့ဘိက္ခုနီများက အလုပ်အမျိုးမျိုးကို အရွယ်နှင့်မမျှအောင် ခိုင်းကြသည်။ သို့ရာတွင် သူက ဗွေမယူဘဲ သူတို့ခိုင်းသမျှကို မခိုမကပ်ပြုလုပ်ပေးခဲ့ပါသည်။ မတော်မဆ မှားယွင်းသည့်အခါ ဘိက္ခုနီတို့၏ ကျင့်ဝတ်ကို မသိရကောင်းလောဟု အပြစ်ဒဏ်လုပ်ခိုင်း၏။ သူ အပြစ်ဒဏ် ထမ်းဆောင်နေသည်ကို မြင်သူတို့က သူ့ကို ကဲ့ရဲ့ကြ၏။ ပြက်ရယ်ပြုကြ၏။

သောဏာထေရီမကြီးသည် မိမိဘဝကို တွေးတောပြီး သံဝေဂကြီးစွာရ၏။ မိမိသည် ဤကဲ့သို့ ကဲ့ရဲ့သံ၊ ပြက်ရယ်ပြုသံတို့ကို မကြားလို၊ မသိလိုတော့။ မိမိမှာ အသက်အရွယ်ကြီးပြီးမှ ရဟန်းဘဝသို့ ရောက်ရှိလာသူဖြစ်လင့်ကစား တရားကို မလျှော့သော ဇွဲလုံ့လဖြင့် ကြိုးစားအားထုတ်တော့မည်ဟု အောင်စိတ်မွေးကာ ဆုံးဖြတ်ချက်ချလိုက်တော့သည်။ ထို့နောက် လျှောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးသော ဣရိယာပုထ်တိုင်းတွင် သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို စီးဖြန်းသည်။ ဘိက္ခုနီတို့၏ ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုလုပ်နေရင်းပင် ညဥ့်သုံးယံပတ်လုံး ရဟန်းတရားကို ပွားများအားထုတ်နေလေတော့သည်။

ကျောင်းအတွင်း ပြာသာဒ်၏ တိုင်လုံးကို လက်ဖြင့်မလွတ်စတမ်းကိုင်ပြီး တရားအားထုတ်၏။ စင်္ကြံလျှောက်လျှင်လည်း မှောင်မိုက်ထဲ၌ မမြင်မစမ်းနှင့် မိမိဦးခေါင်းနှင့် သစ်ပင်တို့ကို တိုက်မိမည်စိုး၍ သစ်ပင်တို့ကို လက်မှစမ်းသပ်ကိုင်တွယ်လျက် စင်္ကြံလျှောက်ကာ ရဟန်းတရားကို အားထုတ်၏။ မအိပ်မနေ လုံ့လဝီရိယကြီးစွာ ရဟန်းတရားကို ပွားများအားထုတ်သည့်အတွက် လုံ့လဝီရိယထက်သန်ပြင်းထန်သော သောဏာထေရီ၊ အာရဒ္ဓဝီရိယသောဏာထေရီဟုပင် ထင်ရှားလာခဲ့သည်။

တစ်ခုသော နေ့တစ်နေ့တွင် အခြားဘိက္ခုနီများသည် ဇေတဝန်ကျောင်းတော်သို့ သွားရောက်ကြမည်ဖြစ်သည်။ ထိုအခါ သောဏာထေရီမကြီးအား ဘိက္ခုနီမတို့အတွက် ရေနွေးကျိုထားရန် မှာထားခဲ့သည်။ ရေကလည်း အလွယ်တကူရှိသည်မဟုတ်။ ရေတွင်းမှ ရေခပ်ရဦးမည်။ အရွယ်ကလည်း အိုမင်း ရေတွင်းကလည်းနက်နက် ရှက်ရသော ရေအိုးကလည်း လေးသောကြောင့် မောဟိုက်ပင်ပန်းကာ ခြေမလှမ်းနိုင်တော့သဖြင့် ရေချိုးခန်းထဲမှာပင် လဲကျသွားတော့သည်။

ထိုအခါ သောဏာထေရီက စဉ်းစားမိသည်။ ဤခန္ဓာဝန်ကြီးနှင့် သတ္တဝါဖြစ်နေသည်မှာ လွန်စွာဆင်းရဲပါကလား။ ခန္ဓာဝန်ကြီးကလည်း လေးရသည့်အထဲ ကိစ္စအမျိုးမျိုးကို သယ်ပိုးဆောင်ရွက်နေရပြန်သေးသည်။ သည်ခန္ဓာဝန်ကြီးနှင့် မကင်းသမျှ ဘယ်အခါမှာမျှ ချမ်းသာခြင်းကို ရနိုင်တော့မည်မဟုတ်ဟု စိတ်၌ ခံစားလာရသည်။

သောဏာထေရီသည် ရေနွေးကျိုရန် မီးမမွေးမီ ရေအိုးကို မီးဖိုပေါ် တင်ထားလိုက်ပြီး လှုးလာခေါက်ပြန် စင်္ကြံလျှောက်ရင်း သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ရှုတ်၍ ဝိပဿနာကမ္မဋ္ဌာန်း ပွားများနေလေသည်။ ထိုစဉ် မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်အတွင်း နေထိုင်တော်မူရင်း အသက်တစ်ရာ ရှည်ပင်ရှည်ငြားသော်လည်း ထိုသူသည် လောကုတ္တရာတရားကို မသိသူ ဖြစ်အံ့။ ထိုသူထက် လောကုတ္တရာတရားကို သိပြီး တစ်ရက်တာမျှ နေထိုင်ရသောသူက ပို၍မြတ်၏ဟူ၍ ဟောကြားတော်မူလေသည်။

ထိုတရားအဆုံး၌ သောဏာထေရီကြီးသည် ရဟန္တာဖြစ်သွားလေပြီ။ ထိုအခါ သောဏာထေရီကြီးသည် မိမိ

www.burmeseclassic.com

www.burmeseclassic.com

ရဟန္တာဖြစ်သွားသည်ကို အခြားသော ဘိက္ခုနီမများ မသိဘဲ မထီမဲ့မြင် ပြောကြားလျှင်သော်လည်းကောင်း၊ ခိုင်းစေလျှင်သော်လည်းကောင်း အကုသိုလ်ဖြစ်သွားမည်ကို စိုးရိမ်သောကြောင့် သူတစ်ပါး သိသာစေရန် လုပ်ဆောင်လေသည်။ သို့ဖြစ်၍ မကြာမီက အခြားဘိက္ခုနီမငယ်တို့က ရေနွေးကျိုရန် ခိုင်းစေခဲ့သည့် ရေအိုးကို မီးဖိုခုံပေါ်၌သာ တင်ထားပြီး မီးမမွေးဘဲ ပကတိအတိုင်းသာ ထားလေသည်။

မကြာမီမှာ ဘိက္ခုနီမငယ်တို့သည် ဇေတဝန်ကျောင်းတော်မှ ပြန်ရောက်လာကြသည်။ ထိုအခါ မီးဖိုပေါ်၌ မီးမွေး၍ ရေနွေးကျိုသည်ကို မမြင်ရသောကြောင့် ဤအသွားကြီးကို ဘိက္ခုနီများအတွက် ရေနွေးကျိုထားပါဟု မှာထားလျက် မလုပ်ဆောင်ပါတကားဟု အပြစ်တင်ကြလေသည်။

ထိုအခါ သောဏာထေရီအိုကြီးက "ရှင်မတို့ မီးဖြင့် ဘာကိုလုပ်ဆောင်မည်နည်း။ ရေနွေးဖြင့် ရေချိုးလိုသော ဘိက္ခုနီမတို့သည် ရေအိုးထဲမှရေကို ခပ်ယူ၍ ချိုးကြလော့"ဟု ပြောကြားသောအခါ ဘိက္ခုနီမတို့သည် အလွန်အံ့သြသွားကြလေသည်။

ထိုသို့ပြောသည်မှာ အကြောင်းထူး ရှိရမည်ဟု တွေးတောလျက် ရေအိုးရှိရာသို့သွား၍ လက်ဖြင့် စမ်းကြည့်သောအခါ ပူနွေးသောရေတို့ကို တွေ့ရလေသည်။

ထို့နောက် အခြားသော အိုးလွတ်ဖြင့် ဖိုခုံပေါ် တင်ထားသည့် အိုးထဲမှ ရေကို ခပ်ယူကြသည်။ ထိုသို့ ခပ်ယူသော်လည်း ရေသည် နဂိုအတိုင်း ပြည့်မြဲ ပြည့်နေသည်ကို တွေ့ရသောအခါမှသာ သောဏာထေရီအိုကြီးသည် ရဟန္တာဖြစ်သွားပြီကို သိသွားကြသည်။

ထိုအခါ ကျောင်းတိုက်အတွင်း ရှိရှိသမျှသော ဘိက္ခုနီများကို ခေါ်ယူစည်းဝေးစေလျက် "အို သီတင်းသုံးဖော်အပေါင်းတို့၊ အရွယ်ကြီးရင့်မှ ရဟန်းဘောင်သို့ ခိုဝင်လာသော သောဏာထေရီ ဘိက္ခုနီမကြီးသည် ရဟန်းကိစ္စ ပြီးဆုံးပေပြီ။ လက္ခဏာပါဒ်တန်ခိုးတော်နှင့်လည်း ပြည့်စုံတော်မူလေပြီ။ သက်ရွယ်ယိုယွင်း အိုမင်းလေပြီးသော သောဏာထေရီ ဘိက္ခုနီ၏ ဝီရိယအစွမ်းကို ကြည့်ရှုကြပါကုန်။ နှိုင်းမြတ်နိုးစွာ ရှိခိုးပူဇော်လိုက်ကြပါကုန်"ဟု အကြီးအမှူး ဘိက္ခုနီကြီးက မိန့်ကြားပြောဆိုသည်။

ထိုအခါ ပုထုဇဉ် ဘိက္ခုနီအပေါင်းတို့က သောဏာထေရီ၏ အရဟတ္တဖိုလ်ဂုဏ်ကို ယုံကြည်လေးမြတ်စွာ ရှိခိုးပူဇော်ကြသည်။

ထိုအချိန်မှစ၍ အသက်အရွယ် ကြီးရင့်သောအခါမှ ရဟန်းပြုသော်လည်း လုံ့လပြင်းထန် ထက်သန်သော ဝီရိယကြောင့် မကြာမြင့်မီပင် သောဏာထေရီမကြီးသည် အရဟတ္တဖိုလ်၌ တည်လေပြီဟု ထင်ရှားကျော်ကြားလာလေသည်။ နောက်အဖို့၌ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူကာ ဘိက္ခုနီထေရီမတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး၌ ခန့်ထား၍ ထားတော်မူသည့်အခါ သောဏာထေရီ ဘိက္ခုနီမကြီးကို အာရဒ္ဓဝီရိယ ဧတဒဂ် ဝီရိယထက်သန် ပြင်းထန်သောအရာ၌ အသာဆုံး၊ အမြတ်ဆုံးရာထူး၌ ထားတော်မူလေသည်။

ဤအကြောင်းတို့ကို ရဟန်းပြုနေသူ သားသမီးဆယ်ယောက်တို့၏ ဖခင်ကိုယ်တော်မြတ်ကြီးက ကြားသိသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်လေသည်။ တရားမွေ့ဆွေးနွေးရန် တွေ့ဆုံလိုသဖြင့် တောင်ဝှေးကိုထောက်ကာ သောဏာထေရီ ဘိက္ခုနီမကြီးထံသို့ ကြွတော်မူလာသည်။ ဤကိုယ်တော်မြတ်ကြီးသည်လည်း ကိလေသာကုန်ခန်း ရဟန္တာအစစ်ပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရသော် သောဏာထေရီဘိက္ခုနီမှာ အသက်အရွယ်ကြီးပြီးမှ ရဟန်းဝတ်ခဲ့သော်လည်း မလျှော့သော ဇွဲ၊ ထက်သန်သော ဝီရိယဖြင့် မနေမနား ကြိုးစားကာ တရားအားထုတ်ခဲ့သဖြင့် ဝီရိယထက်သန် ပြင်းထန်သော အရာ၌ အသာဆုံး၊ အမြတ်ဆုံး အာရဒ္ဓဝီရိယ ဧတဒဂ်ဘွဲ့ထူးကို ဆွတ်ခူးရရှိခဲ့သည်။

သောဏာထေရီမှာ လူ့ဘဝ၏ ဆည်းဆာနေဝင်ချိန်နီးမှာ အမျှင်မပြတ် တရစပ်ဖြင့် အဆက်မပြတ် လည်ပတ်နေသော သံသရာဝဲဩဃမှ လွတ်မြောက်ခဲ့ရသည်မှာ ဘဝနိဂုံး ဆည်းဆာအပြုံးဟု ဆိုရမည်ပင်။

**တွန်းအားရှင်**

**ကျမ်းကိုးစာရင်း**

* မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ (ဒုတိယပိုင်း)
(မင်းကွန်းတိပိဋကဓရ ဆရာတော်)။

* ထေရီအပါဒါန် ဝတ္ထုတော်ကြီး
(အရှင်မဓုသာမိဘိဝံသ)။

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

**အချစ်လွဲများ မိဘနှစ်ပါး**

တင်ပြရလျှင် ဇာတ်လမ်းကတော့ အတော်ရှည်ပါသည်။

ရာဇဂြိုဟ်ပြည်က စခဲ့သည်။ ရာဇဂြိုဟ်ပြည်သား သူဌေးသား၏ ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ပင်ဖြစ်သည်။

သူဌေးသား၏ မိဘနှစ်ပါး သူဌေးကြီးလင်မယားကတော့ စီးပွားဥစ္စာခနေ အလွန်ကြွယ်ဝချမ်းသာသည်။ ကျိုကျိုတက် ကြွယ်ဝချမ်းသာသူများဟု ပြောရမည်။ သို့အတွက် တစ်ဦးတည်းသော သားကလေးကို တစ်သက်တာ စားလို့သုံးလို့ မကုန်နိုင်ဟု ယူဆထားကြသည်။ ကျောင်းသားအရွယ် ပညာသင်ပေးရန် အချိန်တန်သော်လည်း သားလေးကို သူတို့မျက်စိအောက်မှ အပျောက်မခံနိုင်၍ ကျောင်းမထားကြ။ နောက်တစ်ချက်က သူတို့သားလေး ပညာသင်ရလျှင် ဦးနှောက်ဉာဏ်ကို သုံးရမည်။ ဂဏန်းသင်္ချာတွေ တွက်ရချက်ရမည်။ စာတွေ ကျက်မှတ်ရမည်။ ထိုအခါ ငါတို့သားလေး ဦးနှောက်ခြောက်မည်။ ဦးနှောက်ရှုပ်မည်။ ပင်ပန်းမည်။ သူတို့သားလေး ပင်ပန်းမှာကို စိုးရိမ်ကာ ကျောင်းထားရမည့်အရွယ်မှာ ကျောင်းမထားခဲ့ကြပေ။

'သားသမီးကို ငယ်စဉ်က မဆုံးမလျှင် မိဘတစ်လီ ရန်သူမည်၏' ဆိုတာကို ဂရုမစိုက်ခဲ့ကြချေ။ သားသမီးကို ချစ်ရာမရောက်ဘဲ နှစ်ရာရောက်မည်ကို သတိမထားမိခဲ့ကြ။

**သေဝနာစဗာလာနံ**

သည်လိုနှင့် မဟာဓနသူဌေး၏သား အချိန်တန် အရွယ်ရောက်ကာ လူပျိုပေါက် ဖြစ်လာပါပြီ။ အရွယ်ရောက်လာသော တစ်ဦးတည်းသော သားကို ထိမ်းမြားခြင်းဆိုတဲ့ မိဘဝတ္တရားအတိုင်း သူတို့သဘောကျ အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ထိမ်းမြားပေးကြ၏။

သူဌေးသားက မိန်းမရလာသော်လည်း စီးပွားရေးကိစ္စ ဘာတစ်ခုမျှမလုပ်။ အိမ်ထောင်ရေးတာဝန် ဘာမျှမသိချင်။ သူငယ်ချင်း အပေါင်းအသင်းများနှင့် မူးယစ်သောက်စား အပျော်ပါးများနှင့်သာ အချိန်ဖြုန်းလေသည်။ မိမိကိုယ်တိုင်က ပညာမတတ် သူ၏ အပေါင်းအသင်းတွေကလည်း အသေဝနာစဗာလာနံ မပေါင်းဖော်ထိုက်သော ဒုစရိုက်သမား လူမိုက်များသာ ဖြစ်လေသည်။ သေဝနာစဗာလာနံ - လူမိုက်နှင့်ပေါင်းခြင်းပင် ဖြစ်သည်။

**သူတောင်းစားဘဝရောက်သွားသူ**

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့ကို ကိုးကွယ်ရကောင်းမှန်း မသိ။ လူကြီးသူမ ပညာရှိများကိုလည်း ဆည်းကပ်ခြင်းမရှိ။ ရှိသေလေးစားရကောင်းမှန်း မသိသော မဟာဓနသူဌေးသား ငမိုက်သား ကိုဗာလပေတည်း။

ထိုအခါ ငယ်စဉ်က သံယောဇဉ်အမျှင်ဖုံး၍ လုံးလုံးလျားလျား အလိုလိုက်ထားခဲ့မိသော မိဘနှစ်ပါး ရင်ကျိုးရလေပြီ။ ဒုစရိုက်သမား ပညာမဲ့သား ဖြစ်သွား၍ ကြီးမားသော သံဝေဂရနေလေပြီ။ သားမိုက်၏ဒဏ် မခံနိုင်တော့ဘဲ သောကမီး လောင်မြိုက်ကာ မိဘနှစ်ပါးလုံး အသက်ဆုံးပါးသွားခဲ့ရလေသည်။

မိဘမရှိတော့ သားမိုက် ကိုဗာလလည်း သူ့စိတ်ကြိုက် အိမ်၌ပင် လောင်းကစားမှုနှင့်သမျှ ကြွေအန်၊ ဖဲကတ် အကုန်လုပ်သည်။ အရက်ဝိုင်းဖွဲ့သည်။ နေ့ရှိသမျှ အချိန်ကိုဖြုန်း၊ ငွေတွေသုံးသောအခါ မိဘလက်ထက်က ပိုင်ဆိုင်ခဲ့သော လယ်မြေများ၊ ခြံများ၊ တိုက်တာအဆောက်အအုံများ အကုန်ပြောင်လေတော့သည်။ ပေါင်တာတွေလည်း ပေါင်၊ အပေါင်ဆုံး၊ ရောင်းရငွေတွေလည်း အားလုံး ဖြုန်းပစ်သောအခါ သူဌေးသားဘဝမှ ဆင်းရဲသားဘဝသို့ ရောက်သွားရုံမျှမက တောင်းရမ်းစားသောက်ရသည့် သူတောင်းစားဘဝသို့ ရောက်သွားလေတော့သတည်း။

**လူဆိုးလူမိုက်များထံ ရောက်သွားပြီ**

ထိုအချိန်က ရာဇဂြိုဟ်ပြည်မှာ သူခိုးသူဝှက် လုယက်ရမ်းကား ဒုစရိုက်သမားများ သောင်းကျန်းလျက်ရှိ၏။ မြို့သူမြို့သား ပြည်သူများမှာ နိုးနိုးကြားကြား သတိထားကာ နေရလေ၏။

တစ်နေ့သ၌ သူဌေးသားတစ်ဖြစ်လဲ သူတောင်းစား ကိုဗာလသည် တောင်းရမ်း၍ ရလာသော စားသောက်ဖွယ်ရာများကို စားသောက်ပြီး ဇရပ်ပေါ်မှာ အိပ်နေလေ၏။ ထိုစဉ် သူခိုးမိုးမှောင် ဒုစရိုက်ကောင်တို့အဖွဲ့ ရောက်လာကြပြီး ကိုဗာလကို ခြေထောက်ဖြင့် ကန်ကျောက်ကာ နှိုး၏။

'မင်းက ဘာကောင်လဲ'

'ကျွန်တော် သူတောင်းစားပါခင်ဗျာ'

'မင်းနှယ်ကွာ··အရွယ်ကလည်းကောင်းတုန်း၊ လက်တွေ ခြေတွေကလည်း အပြည့်အစုံနဲ့ တောင်းရမ်းရတယ်လို့။ လာ··တို့နဲ့ လိုက်ခဲ့။ မင်းကို အလုပ်ပေးမယ်'

'ကျွန်တော်ဘာလုပ်ရမှာလဲ'

'ခိုးမယ်၊ လုမယ်၊ တိုက်မယ်ကွာ'

'ကျွန်တော် ဒီအလုပ်ကို မလုပ်တတ်ဘူး'

'စကားမရှည်နဲ့။ ဒီပညာကို တတ်အောင် သင်ပေးမယ်။ လိုက်ခဲ့တော့'

သို့ဖြင့် သူတောင်းစား ကိုဗာလ သူခိုးမိုးမှောင်တို့၏နောက်လိုက်ဘဝသို့ ရောက်သွားလေပြီ။

တစ်ညသည် သူခိုးမိုးမှောင်တို့အဖွဲ့ သူဌေးအိမ်ကြီးတစ်အိမ်သို့ ဝင်ရောက်ထိုးဖောက်စဉ် ကိုဗာလက အိမ်အောက်ထပ်မှနေပြီး တင်းပုတ်လက်နက်ကိုင်ကာ စောင့်ရသည်။ အိမ်ရှင်များ နိုးလာသဖြင့် မိုးမှောင်တို့အဖွဲ့ ခွေးပြေးဝက်ပြေး ပြေးရစဉ် မပြေးနိုင်သော ကိုဗာလကို မိသွားကြသည်။ တစ်ယောက်တစ်ချက်နှုန်းဖြင့် ရိုက်နှက်ဆုံးမကြမှုကို မခံရသော်လည်း ဖမ်းဆီးခေါ်ဆောင်ကာ ဘုရင့်ရှေ့တော်မှောက်သို့ ခေါ်သွားကြသည်။ ရှင်ဘုရင်က လူအများကို ဒုက္ခပေးနေတဲ့ လူမိုက်ကို ဦးခေါင်းဖြတ်သတ်ကာ အပြတ်ရှင်းလိုက်ကြဟု အမိန့်တော်ချမှတ်လိုက်လေသတည်း။

__ကံကြမ္မာ၏ ဆန်းကြယ်ပုံ__

ကိုဗာလကို ခေါင်းဖြတ်သတ်ရန် ခေါ်ဆောင်လာစဉ် အုံးအုံးကျွက်ကျွက် လူသံသူသံ ဆူညံသံတွေကြောင့် သုလသာဆိုတဲ့ အမျိုးသမီးသည် လေသာပြတင်းကိုဖွင့်ကြည့်လိုက်သည်။ သုလသာသည် ခန္ဓာကိုယ်ကိုရင်း၍ စီးပွားရှာရသော ပြည့်တန်ဆာမတစ်ဦးဖြစ်၏။ သို့ရာတွင် ကြင်နာတတ်သော နှလုံးသားရှိသည်။ ချစ်ခင်သနားတတ်သော စိတ်ထားရှိသူဖြစ်ရာ ကြိုးတွေတုပ်နှောင်ကာ ခေါ်ဆောင်လာသော လူဆိုး ကိုဗာလကို မြင်လိုက်ရသည့်အခါ သူမ၏ နှလုံးသားများ လှုပ်ရှားသွားသည်။ ရင်ခုန်သွားလေသည်။

သုလသာ ရင်ခုန်လှုပ်ရှားသွားသည်ကား မဆန်းပြားချေ။ အဘယ်ကြောင့်ဆိုသော ရာဇဝတ်သား ဖြစ်သွားရှာသူ ကိုဗာလသည် အတိတ်ဘဝက သူမ၏ ခင်ပွန်းယောက်ျား ဖြစ်နေသောကြောင့်ပေတည်း။ စာပေတွင် ပုဗ္ဗေ သန္နိ ဝါသေန-ရှေးဘဝက အတူတကွ ပေါင်းဖော်တွဲဖက် ရှေး ရေစက်ရှိခဲ့လျှင် မြင်မြင်ချင်း တွေ့တွေ့ချင်း ရင်းနှီးချစ်ခင် သွားတတ်ပေသည်။ ယခုလည်း သုလသာ ခင်ပွန်း ယောင်း တော်စပ်ခဲ့ဖူးသော ရှေးရေစက်ကြောင့် ကိုဗာလ ကို သနားချစ်ခင်သွားလေပြီ။

သို့ကြောင့်ပင် သုလသာသည် ကိုဗာလ စားသုံးရန် ကတွတ်မုန့်လေးခုနှင့် သောက်ရေတစ်ခွက်ကို အာဏာ ပါးကွက်သားများမှတစ်ဆင့် အပေးခိုင်းလိုက်လေသည်။ ရှေးရေစက်၏ ခိုင်မြဲပုံနှင့် ကံကြမ္မာ၏ ဆန်းကြယ်ပုံပင် ဖြစ်ပါသည်။

__ကယ်တင်မည့်အရှင် ပေါ်သွားပြီ__

ကိုဗာလ သေရအံ့မူးမူး အချိန်တွင် တန်ခိုးရှင် အရှင် မောဂ္ဂလာန်၏ ဒိဗ္ဗစက္ခုအဘိဉာဉ်ကွန်ရက်တွင် ကယ်တင် ရမည့်သူအဖြစ် တွေ့မြင်သွားလေပြီ။

ဤယောက်ျားကား သနားဖွယ်ကောင်းလေစွ။ သူ မှာ ပြုထားသော ကုသိုလ်ကောင်းမှု တစ်စုံတစ်ခုမျှမရှိခဲ့။ အကုသိုလ်သာ များခဲ့ချေ၏။ သေသော် ငရဲသို့ မုချကျ ရောက်လတ္တံ့။ ငါ ကယ်တင်မှဖြစ်မည်။ သူ စားသောက် မည့်ဆဲဆဲ ကတွတ်မုန့်နှင့် သောက်ရေကို အလှူခံကာ ကုသိုလ်ဒါန ဖြစ်စေအံ့။ ဤကုသိုလ်ဒါနကြောင့် သူသည် သေပြီးနောက် ရုက္ခစိုးနတ် ဖြစ်လတ္တံ့။

သုလသာ ပေးလိုက်သည့် မုန့်နှင့် သောက်ရေကို သေရအံ့မူးမူး ကိုဗာလတစ်ယောက် စားသောက်မည်ပြု နေစဉ် အရှင်မောဂ္ဂလာန် ကြွရောက်လာသဖြင့် မစား မသောက်တော့ဘဲ ငါသည် ဤစားသောက်ဖွယ်များကို စားသောက်ရသော်လည်း အကျိုးမထူး။ မစားသောက် တော့ဘဲ တမလွန်ဘဝ ကောင်းကျိုးချမ်းသာရဖို့အတွက် အရှင်မြတ်ကြီးအား လှူဒါန်းလိုက်မည်ဟု ဆုံးဖြတ်ကာ လှူဒါန်းလိုက်လေ၏။

အရှင်မြတ်ကြီးကလည်း ကိုဗာလ ရှေ့မှာပင် ဘုဉ်း ပေးတော်မူ၏။

ကိုဗာလသည် သူ၏ ကုသိုလ်ဒါနကို ဝမ်းမြောက် ပီတိ ဖြာလျှက်ရှိ၏။ သုလသာကိုလည်း ကျေးဇူးတင်ကာ သတိရလျှက်ရှိလေ၏။ သို့ဖြင့် တောင်စွယ်နေကွယ်ခါနီး အချိန်တွင် မတုန်မလှုပ် မချောက်မချား စဉ်းတီးတုံးပေါ် တွင် တင်ပေးလာသော ကိုဗာလ၏ လည်ပင်းကို အာဏာ

www.burmeseclassic.com

ဝါးကွက်သားက ထက်လှစွာသော ဓားဖြင့် တိခနဲ ဖြတ်လိုက်လေတော့သတည်း။

**ရက္ခစိုးဖြစ်ရ ကိုဗာလ**

သုလသာ··သုလသာဟု သုလသာကို စွဲလမ်းသွားသော ကိုဗာလတစ်ဖြစ်လဲ ရက္ခစိုးသည် ရက္ခစိုးနတ်ဖြစ်သွားသည့်တိုင် သုလသာကို မမေ့နိုင်ချေ။ တွေ့ချင်မြင်ချင်နေပေသည်။

သစ်ပင်ကို စောင့်ရသောနတ်ကို ရက္ခစိုးနတ်ခေါ်၏။ မြေကြီးကို စောင့်ရသောနတ်ကို ဘုမ္မစိုးနတ်ဟု ခေါ်သည်။ အာကာဝေဟင် ကောင်းကင်ပြင်ကြီးကို စောင့်ရသောနတ်ကို အာကာသစိုးနတ်ဟု ခေါ်လေ၏။

ရက္ခစိုးနတ်သည် သုလသာကို ငါ ဘယ်မှာတွေ့ရပါမည်နည်း တမ်းတလျက်ရှိ၏။ ရဂုံလျှိုမြောင် တောတောင်အရပ်သို့ လှည့်ပတ်သွားလာရင်း သုလသာကို ရှာပုံတော် ဖွင့်လေသည်။

ဖူးစာရေစက် မကုန်သေးပါ ဆိုရပေတော့မည်။ ဥယျာဉ်ကြီး တစ်ခုထဲတွင် သုလသာကို တွေ့ရလေပြီ။ ရက္ခစိုးနတ်သည် အချိန်ဆိုင်းမနေဘဲ သူ၏တန်ခိုးဖြင့် မိုးမှောင်ကြီးကျကာ သုလသာကို ပွေ့ချီကာ သူ၏ဗိမာန်သို့ ခေါ်ဆောင်သွား၏။

◆◆◆

ရက္ခစိုးနတ်သည် သူ၏ဆန္ဒ ပြည့်ဝသဖြင့် သုလသာနှင့် မခွဲနိုင်မခွာရက် ချစ်ရမ္မက် အကြင်နာများဖြင့် ချစ်မိုးတွေ ဖြိုင်ဖြိုင်ရွာလျက် ရှိချေတော့သည်။

သုလသာ၏ အမေကတော့ သမီးပြန်မရောက်လာသဖြင့် ဒေါင်းတောက်အောင် ရှာဖွေလျက် ရှိလေသည်။ သောကလွှမ်းသောရင်ဖြင့် သုလသာရှာဖွေခန်းကို မောပန်းကြီးစွာ ဖြတ်သန်းနေရလေပြီ။

သုလသာအမေသည် ကံကောင်းထောက်မစွာ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီး တွေ့ဆုံကာ မေးမြန်းလျှောက်ထားသောအခါ–

"ဒါယိကာမကြီး··ဤနေ့မှထောက် (၇)ရက်မြောက်သောနေ့တွင် မြတ်စွာဘုရားရှင် ဝေဠုဝန်ကျောင်းဆောင်သို့ တရားဟောရန် ကြွရောက်လာလိမ့်မည်။ ထိုတရားပွဲသို့ သင်၏သမီးသည် လာလိမ့်မည်။ သွားရောက်ရှာပါလော့"ဟု မိန့်တော်မူလိုက်၏။

**သမီးနှင့်အမေ တွေ့ဆုံပြီ**

ထိုအချိန်တွင် သူဌေးသား ရက္ခစိုးနှင့် ဇနီးဟောင်းဖြစ်ခဲ့သူတို့နှစ်ဦးမှာ အချစ်ဟောင်းကို ပြန်လည်တွေ့ဆုံရသူနှစ်ဦးပီပီ ချစ်၍မဝ ကြည်နူး၍အားမရ ဖြစ်နေခဲ့ကြသည်။

သို့ရာတွင် (၇)ရက်ကြာသွားသောအခါ သုလသာသည် အိမ်တွင် ကျန်ရစ်ခဲ့သော မိခင်ကြီးကို သတိပြန်ရလေသည်။ သို့ဖြင့် လင်တော်မောင်ရက္ခစိုးကို သူ့ကို မိခင်ထံ ပြန်ပို့ပေးရန် တောင်းပန်လေတော့သည်။ တပူဆာဆာ တောင်းပန်ရာသဖြင့် သုလသာကို ဝေဠုဝန်ကျောင်းတော် တရားပွဲအစွန်အဖျားသို့ ပို့ပေးလိုက်လေသည်။

သုလသာသည် သူ့ရှေ့မှောက်မှ ရက္ခစိုးလည်း ပျောက် သူသည်လည်း တရားပွဲသို့ ရောက်သွားသည်ကို အံ့ဩနေလေသည်။ သုလသာသည် တရားပွဲမှာ သူမ၏ မိတ်ဆွေများနှင့်တွေ့ကာ ဘယ်သွားနေတာလဲ၊ သင့်မိခင်ကြီးကတော့ သင့်ကို လိုက်ရှာနေတာ။ အပူမီးတောက်နေပြီဟု ပြောကြသည်။

သုလသာကလည်း သူမ၏ဘဝ ဖြစ်ကြောင်းကုန်စင်ကို ဖွင့်ပြောလိုက်သည်။ ကြားရသူများ တအံ့တဩဖြစ်သွားကြသည်။

ဤအကြောင်းအရာများကို ရဟန်းများမှတစ်ဆင့် ဘုရားရှင်၏ ရွှေနားတော်အထိ ပေါက်ကြားသွားပေပြီ။

ထိုအခါ မြတ်ဗုဒ္ဓဘုရားရှင်က–

(၁) ရဟန္တာပုဂ္ဂိုလ် အရှင်မောဂ္ဂလာန်အား လှူဒါန်းရခြင်းသည် လယ်ယာမြေဟောင်းနှင့် တူ၏။

(၂) လှူဒါန်းခွင့်ရလိုက်သူ ရာဇဝတ်သား ကိုဗာလသည် စိုက်ပျိုးရေးသမားကောင်းနှင့် တူ၏။

(၃) လှူဖွယ်ပစ္စည်းသည်ကား မျိုးစေ့ကောင်းနှင့်တူ၏ဟု ဟောကြားတော်မူလိုက်လေသတည်း။

သမီးပျောက်ရှာသူ မိခင်ကြီးသည်လည်း ဤတရားပွဲမှာပင် သုလသာ ချစ်သမီးနှင့် တွေ့ဆုံသွားကာ အမေနှင့်သမီး ခွဲထွက်သွားမှာ စိုးရိမ်သည့်အလား တစ်ဦးနှင့်တစ်ဦး တင်းကျပ်စွာ ဖက်ထားကြလေသတည်း။

**မုံရွာ နေစွေ**

*(ပေတဝတ္ထု အဋ္ဌကထာ၊ ဥရဂဝဂ်၊ ခေတ္တူပမပေတဝတ္ထုကို ရေးဖွဲ့ခြယ်မှုန်းပါသည်။)*

www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းပျော်ဦး (ကျူမိ)

## ပထမံဝိဇ္ဇာရှင်းတမ်းနှင့် ကျင့်စဉ်

ဝိဇ္ဇာဆိုသည်မှာ နတ်မဟုတ်ချေ။ ထွက်ရပ်ပေါက်ကျင့်စဉ်ကို ကျင့်ကြံအားထုတ်ခဲ့သော မနုဿလူသားပင် ဖြစ်သည်။ ၎င်းဝိဇ္ဇာတို့မှာ အသက်ရှည်စွာ နေနိုင်ကြသည့် ပုဂ္ဂိုလ်များပင်ဖြစ်သည်။ ထိုကြောင့် ဝိဇ္ဇံ ဓရတီတိ ဝိဇ္ဇာဓရောဟုလည်း ပါဠိလို ဆိုကြသည်။

ဝိဇ္ဇံ-အတတ်ကို၊ ဓရတီ-ဆောင်တတ်၏။ ဣတိတသ္မာ-ထို့ကြောင့်၊ ဝိဇ္ဇာဓရော-ဝိဇ္ဇာဓရမည်၏ဟူသော စကားကို ထောက်ထားခြင်းအားဖြင့် အတတ်ပညာကို ဆောင်နိုင်သောယောကျ်ားဖြစ်သည်ဟု ဆိုကလည်း မမှားနိုင်ချေ။

<u>ဝိဇ္ဇာမိုရ်များနှင့် စွမ်းရည်သတ္တိ</u>

လောကီကျမ်းတို့ အလိုအားဖြင့် (၅)ပါးရှိ၏။

(၁) အင်္ဂဝိဇ္ဇာမိုရ်
(၂) ဇော်ဂျီဝိဇ္ဇာမိုရ်
(၃) ဂဝပသီဝိဇ္ဇာမိုရ်
(၄) သေသဝိဇ္ဇာမိုရ်
(၅) ဂါထာဝိဇ္ဇာမိုရ်··တို့ ဖြစ်သည်။

အင်္ဂဝိဇ္ဇာမိုရ်ဆိုသည်မှာ ဆေးဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာ၊ သုတ ပြာစားဝိဇ္ဇာများ ဖြစ်ကြလေ၏။

ဇော်ဂျီဝိဇ္ဇာမိုရ် ဆိုသည်မှာ ဆေးမျက်လှည့်ဝိဇ္ဇာမိုရ်၊ မန္တန် ဆေးစုတ်ဝိဇ္ဇာမိုရ်၊ သုတပြာစား ဝိဇ္ဇာမိုရ်များ ဖြစ်သည်။

တပသီဝိဇ္ဇာမိုရ် ဆိုသည် မှာ ပြဒါးသေကို ပျံသော ဝိဇ္ဇာမိုရ်တစ်ပါးသာ ရှိ၏။

သေသဝိဇ္ဇာမိုရ် ဆိုသည်မှာ သံသေ ငုံသော ဝိဇ္ဇာမိုရ်၊ သံသေးပြာစားဟူ၍ နှစ်ပါးရှိ၏။

◆◆◆



<u>ပညာထက်မြက်ဆုံးသော ဝိဇ္ဇာမိုရ်များ</u>

ဂါထာဝိဇ္ဇာမိုရ်၊ အင်းဝိဇ္ဇာမိုရ်တို့ကား ဝိဇ္ဇာတကာတို့ထက် တဏှာရာဂ အလွန် နည်း၏။ သံသေကိုငုံ၍ ပျံသော် စတုမဟာရာဇ်မှ စ၍ နတ်ပြည်ခြောက်ထပ်ရောက်အောင် ပျော်ပါး၏။ ပထမဈာန်၊ ဒုတိယဈာန်တိုင်အောင် ရောက်ကြောင်း မဏိသာရကျမ်း၌ ဖော်ပြပါရှိ၏။

<u>ဝိဇ္ဇာမိုရ်တို့ရရှိသော သိဒ္ဓိများ</u>

အင်္ဂဝိဇ္ဇာမိုရ်ကား စနသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ ဝိဇ္ဇာမန္တန်



www.burmeseclassic.com

www.burmeseclassic.com

သိဒ္ဓိအားဖြင့် သုံးပါးကိုသာ ပြီးစေနိုင်၏။ အနုလောမသိဒ္ဓိ၊ ဝိဇ္ဇာမယသိဒ္ဓိကိုကား မပြီးစေနိုင်။ သေသဝိဇ္ဇာမိုရ်ကား သိဒ္ဓိအမျိုးမျိုးတို့ကို ပြီးစေနိုင်၏။ ဇော်ဂျီဝိဇ္ဇာတို့ကား အင်္ဂဝိဇ္ဇာတို့နှင့် တူမျှကြကုန်၏။ တပသီဝိဇ္ဇာတို့ကား ဓနသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ အနုလောမ သိဒ္ဓိကိုသာ ပြီးစေနိုင်၏။ ဝိဇ္ဇာမယသိဒ္ဓိကိုကား မပြီးစေနိုင်၏။

ထိုဆိုခဲ့ပြီးသော ဝိဇ္ဇာတို့တွင် အင်္ဂဝိဇ္ဇာမိုရ်၊ ဇော်ဂျီဝိဇ္ဇာမိုရ်ဆရာတို့ကား လူသူမနီးသော တောကြီးအရပ်၌ သေလေပြီးသော လူမိန်းမတို့၏ အကောင်အရိုးတို့ကို အသက်သွင်း၍လည်းကောင်း၊ နတ်မိဈ္ဆာစသော နတ်မိန်းမတို့နှင့်လည်းကောင်း၊ တစ်ဖက်လျှင် အရန်(၅၀၀၀)နှင့်တကွ စံစား၍ နေလေ၏။

ဆင်၊ မြင်း၊ ကျွဲ၊ နွား စသော သတ္တဝါ တိရစ္ဆာန်တို့၏ အရိုးအကောင်များကိုလည်း ရှင်စေနိုင်၏။ ရွှေ၊ ငွေ ဖြစ်စေလိုသော်ကား တံထွေးထွေးကာမျှဖြင့် ဖြစ်၏။ ရွှေ၊ ငွေ ဖြစ်စေသော စည်းစိမ်တို့ကို အလိုမရှိပြီ။ သေလေပြီးသော လူစသော သတ္တဝါတို့၏ အကောင်အရိုးတို့ကို ရှင်စေလိုသော်လည်းကောင်း၊ နာဖျားသော သတ္တဝါတို့ကို ရှင်စေလိုသော်လည်းကောင်း၊ နာဖျားသော သတ္တဝါတို့ကို ဘာစေလိုသော်လည်းကောင်း ရေငုံထွေးကာမျှဖြင့် ရှင်စေနိုင်၏။

## တပသီဝိဇ္ဇာမိုရ်

တပသီဝိဇ္ဇာတို့ကား ရွှေငွေစည်းစိမ်ကို ပယ်ပြီးသော် လူမနီးသော တောကြီးအရပ်၌ ကျောက်ရုပ်၊ ရွှံ့ရုပ်၊ သစ်သားရုပ်တို့ကို အလိုရှိသလို ထုလုပ်ပြီးလျှင် တစ်ဖက်လျှင် အရန်(၅၀၀၀)စီနှင့် ခံစား၏။ လူစသော သတ္တဝါတို့၏ အကောင်အရိုးတို့ကိုလည်းကောင်း၊ အနာရောဂါတို့ကို ပျောက်စေလို၍သော်လည်းကောင်း၊ ကျောက်သစ်သားရုပ်တို့ကိုလည်းကောင်း၊ ပြဒါးသေကို ရေစိမ်ဖျန်းပက်ကာမျှဖြင့် ရှင်စေ၊ ပျောက်စေနိုင်၏။ ရွှေ၊ ငွေကို အလိုရှိသော်ကာလေးပါး လင်းရာတွင် ပြဒါးသေကို ပစ်ချကာမျှဖြင့် အပြီးတိုင်လေ၏။ ဤကား တပသီဝိဇ္ဇာတို့၏ ရရှိသော သိဒ္ဓိများပေတည်း။

## သံသေဝိဇ္ဇာမိုရ်သိဒ္ဓိ

သံသေဝိဇ္ဇာမိုရ်ဆရာတို့ကား ဟိမဝန္တာတောမှာ သူယောင်သီးကို ဆွတ်၍ အသက်သွင်းပြီးသော် တစ်ဖက် (၅၀၀၀)ထား၍ စံစားကုန်၏။ အသက်ရှည်စွာ နေထိုင်၏။ အထက်ကို ယူဇနာ(၆၀) ပျံနိုင်၊ သွားနိုင်၏။ ဝိဇ္ဇာမျိုးသုံးပါးသည် တစ်ယူဇနာ ကွင်းရှောင်ရ၏။

## ရူပနိကာယ်အဆင်းသဏ္ဌာန်

သံသေဝိဇ္ဇာမိုရ်ဘဝသို့ ရောက်သောသူ၏ ရူပနိကာယ် အဆင်းသဏ္ဌာန်ကား အသားအရေတို့က ရွှေအဆင်းနှင့်တူ၏။ ဝိဇ္ဇာသုံးပါးအတတ်၊ ရက္ခစိုး၊ ဘုမ္မစိုး အတတ်တို့ကို တတ်ကုန်၏။ ပိဋကတ်သုံးပုံ၊ ဗေဒင်လေးပုံတို့ကို အကုန်တတ်၏။ မိမိဘဝကို ရှေ့(၇)ဆက်၊ နောက်(၇)ဆက် သိမြင်နိုင်၏။ အသက်ငါးသောင်း နေနိုင်၏။ နတ်သက်နှင့် တူမျှသော အသက်ရှိကုန်၏။ ဘုရားတစ်ဆူနှင့် တစ်ဆူစပ်ကြား နေရ၏။ သံဝိဇ္ဇာမိုရ် (၂)ပါးတို့တွင် သံပြာဝိဇ္ဇာ၊ သံသေလုံးကို ငုံသောဝိဇ္ဇာဟူ၍ နှစ်ပါးသာရှိသည်။ တန်ခိုးအာဘော် တူမျှကုန်၏။ သူယောင်တော၌ ပျော်ပါးကြကုန်၏။

## သူယောင်သီးသဏ္ဌာန်

ထိုသူယောင်သီးသဏ္ဌာန်ကား လူမိန်းမ(၁၅)နှစ်ခန့် အရွယ် အသွင်အပြင် အင်္ဂါကြီးငယ်နှင့်တကွ ပြည့်စုံ၏။ အညှာပေါက်ကုန်လျက် တင့်တယ်စွာ သီးကုန်၏။ သူယောင်ကြွေ၍ ပုပ်သော အနံ့ကဲ့သို့ပင် ပုပ်၏။ အပင်အောက်တွင် ပုပ်ကြွေသော အသီးတို့ကို ဆန္ဒန်ဆင်မင်းတို့ စားကုန်၏။ ထိုသူယောင်တော၌ကား သေသဝိဇ္ဇာမိုရ်တို့ နေထိုင်ကြကုန်၏။

လောကီချာန်ရသော ရှင်ရသေ့တို့ ထိုသူယောင်တောသို့ မသွားဝံ့ကုန်ချေ။ အကြောင်းသော်ကား ထိုသူယောင်သီးတို့သည် လေပြည်လေညင်း သုတ်သွင်းဖျန်းပက်သည်ရှိသော် ကိန္နရီ၊ ကိန္နရာတို့ ကခုန်သီမြူး ပျော်ရွှင်သကဲ့သို့ ပြုံးတုံ၊ ရယ်တုံ ရှိလေသကဲ့သို့ မြူးထွယ်ကြကုန်သတည်း။ ထိုသို့သော အရောင်အဆင်းတို့ကို မြင်မိလျှင် ရာဂစိတ်တို့ကိုဖြစ်စေ၍ ဈာန်လျှောရတတ်၏။ အသစ်တစ်ဖန် ပရိကံဖြင့် ဈာန်ကိုဖြစ်စေ ပြန်ရသောကြောင့်တည်း။ ထိုဝိဇ္ဇာမိုရ်တို့သည် ရောဂါကို ပယ်စေနိုင်၏။ အသက်မှာကား ဘုရားတစ်ဆူနှင့်တစ်ဆူကြား စံစားကြာမြင့်စွာ နေကြရကုန်၏။

## အင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာတို့ သိဒ္ဓိ

ထိုဝိဇ္ဇာတို့သည် သံဝိဇ္ဇာတို့ထက် တန်ခိုးအာနုဘော်



www.burmeseclassic.com

www.burmeseclassic.com

ကြီးတတ်ကြကုန်၏။ ဝိဇ္ဇာလေးမျိုးတို့သည် ဂါထာဝိဇ္ဇာကို (၃)ယူနေရာက ရှောင်ခွာ၍ သွားကြလေကုန်၏။ ဝိဇ္ဇာတကာတို့ထက် ပိဋကတ်သုံးပုံတို့ကိုလည်း တတ်နိုင်၏။ ရှေ့တစ်ဆယ့်နှစ် ဖြစ်စဉ်တို့နှင့် နောက်တစ်ဆယ့်နှစ် ဖြစ်စဉ်တို့ကို သိမြင်နိုင်ကုန်၏။

**ဂါထာဝိဇ္ဇာ၏အဆင်းသဏ္ဌာန်**

ဂါထာဝိဇ္ဇာ၏ အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာကို ရရှိသော ကိုယ်သားတို့ကား သိင်္ဂီလျှံဝင်း ရွှေအဆင်းလို ထွန်းလင်းရောင်ဝါ ရှိကုန်သည်။ ခြေသည်း၊ လက်သည်းတို့မှာလည်း ရွှေမင်ကွပ်ထားသကဲ့သို့ ပြောင်လက်ကုန်၏။ မျက်လုံးတို့မှာလည်း မျက်ရှင်ပတ္တမြားအသွင် ကြည်လင်နေကုန်၏။ ဘုံတစ်ခွင်တွင် ရှင်ရာမဲ့ရှား ရှည်ပြွားအာယု၊ စတုမဟာ၊ နတ်ဒေဝါနှင့် ကာမာဝစရ၊ ခြောက်ဌာနဘုံ၊ လွှမ်းခြုံပေါလျှံ၊ ပထမစျာန်သုံး၊ ဒုတိယစျာန်သုံးဘုံ၊ အာကာစုံဝယ်၊ တင့်တယ်ကျော်ကြား၊ ဂါထာအားကြောင့်၊ ပျော်ပါးစံရ၊ လူမမျှသည့်၊ နတ်ကမမီ၊ ဗြဟ္မာပြည်တွင်၊ ကြီးအင်အာဏာ၊ ရောင်ဝင်းဖြာလျက်၊ တန်ဆာနတ်ဝယ်၊ ဘုံတမွတ်တွင်၊ လူထွင့်ဝိဇ္ဇာ၊ ကျော်စောဖြာသည်၊ ဂါထာတန်ခိုး လိုက်ဆုကြိုးသတည်း။

**ဂန္ဓာရီဝိဇ္ဇာ**

လောကုတ္တရာရောလမ်းဟောင်း ပါဠိတော်ကြောင်းများ ၌လာသော ဝိဇ္ဇာဓိုရ်မှတ် ယောက်ျားမြတ်တို့တွင် ဝေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ လောကီယဝိဇ္ဇာဟူ၍ (၄)ပါး အပြားရှိလေသည်။ ဂန္ဓာရီ၊ ဂန္ဓာရီနှင့် မြန်မာပြည်တွင် ကျော်ကြားနေသော ဝိဇ္ဇာမျိုးတွေက ပြဒါးဂုဏ်၊ သံဂုဏ် လုံခြုံပေါက်ရောက် အထမြောက်၍ မိုးအောက်စကြဝဠာ သူရိန္ဒာနတ် တန်ခိုးမြတ်ကဲ့သို့ နိုင်းစပ်ယှဉ်ကာ တူမျှစွာ ရှိသည့်အတွက် ဂန္ဓာရီဝိဇ္ဇာဟု ခေါ်တတ်ကြသည်။ ၄င်း ဂန္ဓာရီဝိဇ္ဇာ ဖြစ်ချင်ကြသူများ ဦးအောင်လမ်း၊ ရှင်မထီးလမ်း၊ ရေတိမ်းဆရာတို့ လမ်းစဉ်ကို သုံးသပ်ဆင်ခြင် အဆုံးအဖြတ်ယူ၍ ကျင့်ကြံအားထုတ် ဝီရိယ၊ ဇွဲတို့ကို အားထုတ်တတ်ကြသည်။

**ဝိဇ္ဇာတို့၏ ရည်ရွယ်ချက်**

စူဠဂန္ဓာရီမှအပ မဟာဂန္ဓာရီအတတ်ကို လိုက်ကြသော ပုဂ္ဂိုလ်များက ဘယ်နည်းဖြင့်တက်တက် နောက်ဆုံး လောကီယဝိဇ္ဇာလမ်းကို လိုက်တတ်ကြသည်။ လောကီယဝိဇ္ဇာမျိုးက သုနေတ္တရသေ့၊ အာရာဘရသေ့ အစရှိသော ရသေ့မြတ်တို့မှာ ကသိုဏ်းစျာန်ရပြီးနောက် တစ်ဖန်အားထုတ်၍ ရရှိအပ်သော ဣဒ္ဓိဝိဇအဘိညာဉ်၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသ၊ ယထာကမ္မူပဂအနာဂတသ အဘိညာဉ်ဟု ဆိုအပ်ထင်ရှားသည့် အဘိညာဉ်တရားတို့ကို ရယူအားထုတ်နိုင်သူ ပုဂ္ဂိုလ်ကို လောကီယဝိဇ္ဇာဟု ပါဠိတော်မြတ်တို့၌ ပြဆိုထားပေသည်။

ထိုဝိဇ္ဇာဓိုရ် ရသေ့မြတ်တို့သည် လောကီဈာတ်အဘိညာဉ်ရရှိသဖြင့် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကတို့ ရရှိအပ်၊ ရောက်အပ်သော ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ ဤတရားများ ရရှိထားသည်။ ထိုလောကီဝိဇ္ဇာ အရှင်မြတ်တို့က နောင်လာနောက်သား ဝေနေယျတို့ကို ဒုက္ခမီးသောကမီးတို့ကို ဖယ်ရှားပေးတတ်ကြသည်။ ငါတို့ကဲ့သို့ တမူ တရားကိုယူ အတူသွားစေခြင်းငှာ လောကမွေ့အမွေကို ပေးဝေတတ်ကြလေသည်။ ဤပုဂ္ဂိုလ်များမှာ ရသေ့အောင်၊ ရေတိမ်းဆရာ၊ အစ္စဂေါဏ၊ ဣန္ဒာစရိယ၊ ဓမ္မစေတီ၊ သံထုံဝိဇ္ဇာဓိုရ် သမုဒ္ဒရာဇ်၊ ဥတ္တမ အစရှိသူတို့က ဂန္ဓာရီလမ်းတွေကို လက်ာမှတ်တမ်းတင်ခဲ့ကြလေသည်။

ရသေ့ဆရာတို့ ရေးခဲ့သော စာတွေသည် ဟိုတစ်ပုဒ်၊ ဤတစ်ကျမ်းထဲတွင် အဓိပ္ပာယ်ကနက်၊ အယူအဆက ခက်လှသည်။ လျှို့ဝှက်စွာဖြင့် ရေးခဲ့လေရာ သံသေတပြည်ဝ ပြဒါးသေတော့ တဆွေဝဟု မြွက်ကြားခဲ့သော်လည်း သံကိုမဆိုထားနှင့်၊ ပြဒါးသေဖို့ပင် ခက်လှသည်။

ထို့ကြောင့် -

'မိုးကရတနာ၊ ကြိုဝါရွှာသို့၊ လိုရာမတ၊ ပြည့်စုံကြအောင်၊ လုံ့လဆောင်၍၊ လူ့ဘောင်ကျော်ကြား၊ ကျောက်နဂါးဟု၊ ပြဒါးသေပြီး၊ ပြောင်ညီးညီးကို၊ ဆင်ကြီးဆဒ္ဒန်၊ ဇရာဝဏ်ထက်၊ အလွန်စုံမက်၊ ကြုံးဝါးလျက်လျှင်၊ လက်ဖြင့်ပင်လယ်၊ ကူးခတ်ရွယ်သို့၊ အံ့ဖွယ်သရဲ၊ အဆက်အောင်၊ ခဲပေသူများ၊ လူတလွားတို့၊ ဘုရားသခင်၊ ဉာဏ်တော်မြင်လျှင်၊ မြိုးရွှင်ရယ်ယောင်၊ လုံလခေါင်ဖြင့်၊ လုပ်ဆောင်သူများ၊ ခဲငါးပါးတွင်၊ ပြဒါးသေခဲ၊ ငါ့ထက်ကဲ၍၊ ခဲခြင်းခြောက်ပါး၊ ပွင့်ကားဆင့်ပို၊ အင်္ဂုတ္တိုရ်တွင်၊ ဘုန်းမိုဘုရား၊ ထင်ရှားရှိလျှင်၊ ဟောသိမြင်မည်၊ ဆင်ခြင်ပြုံးရယ် ယောင်မိတည်း' ဟု ရေးမှတ်ခဲ့ကြသည်။

အထက်ဖော်ပြပါ အလင်္ကာစာကဗျာ၏ အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com

ထား ပြဒါးသေလမ်းမှာ အလွန်မှ သိနိုင်ခဲ၊ ဖြစ်နိုင်ခဲသည့် ဂမ္ဘီရအတတ်ပညာများသာဖြစ်သည်။ ထို့ကြောင့် တစ်ဖက် ထမ်း ကြည့်၍မမြင်၊ မဟာသမုဒ္ဒရာကိုပင် လက်လှမ်း ထူးနေသူနှင့်တူသည်။ အလွန်တရာမှ ရနိုင်ခဲ၊ ဖြစ်နိုင်ခဲမှ ဒုလ္လဘတရား ငါးပါးထဲမှတစ်ဖန် ပြဒါးသေခဲခြင်းကို ပြဆိုထားသည့် အင်္ဂုတ္တိုရ်ကျမ်းငယ်အား ကိုးကား၍ ကြိုး စားတင်ပြပါမည်။ ရှေးဆရာတို့ ရေးသားထားခြင်း ဖြစ် သည်။ မြန်မာပြည်တစ်လွှား ဂမ္ဘီရပညာရပ်များကို စိတ် ဝင်စားသူများအတွက် ဂန္ထာရီလမ်း (သို့မဟုတ်) ဝိဇ္ဇာရှင်း တမ်းနှင့် ဝိဇ္ဇာကျင့်စဉ် အကြောင်းများ ဆက်လက်တင်ပြ သွားပါမည်။ ပုဂ္ဂိုလ်အရ ဦးစွာတင်ပြချင်သောသူမှာ ပထမံ ဂိုဏ်းတော်ကြီး၏ ဘိုးဘိုးအောင်အကြောင်းပင် ဖြစ်သည်။

**ပထမံဘိုးဘိုးအောင် ထွက်ရပ်ပေါက်,မပေါက်**

စတောယ-မန္တန် မန္တရား စသည့်၊ သိပ္ပကမ္မ-ကရိယ ဖြင့်၊ ဝိန္ဒိတဗ္ဗံ-ရအပ်ရထိုက်သည်ကို၊ ဝိန္ဒတိ ပဋိလဘတိ-ရတော်၏။ ဣတိတသ္မာ-ထို့ကြောင့် မန္တန် မန္တရား စသည့် သိပ္ပကမ္မကရိယတို့သည် ဝိဇ္ဇနာမ ဝိဇ္ဇာမည်၏။

ယောနယော-အကြင်သူသည်၊ ဝိဇ္ဇာသိပ္ပ-ရသင့်ရ ထိုက်ရာ အကြောင်းဖြစ်သော ဝိဇ္ဇာကို၊ ဓာရေတိ-ဆောင် တတ်၏။ ဣတိတသ္မာ-ထို့ကြောင့်၊ သော-ထိုသူသည်၊ ဝိဇ္ဇာဓရောနာမ-ဝိဇ္ဇာဓိုရ် မည်၏။

စသော အကြောင်းတွေနှင့်တကွ ဝိဇ္ဇာဆိုတာ ရှိသည် ဟု ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားခဲ့သော နိပါတ် တော်၊ သုတ္တန်၊ ကျမ်းဂန်တွေမှာ ပြဆိုထားသည့်အတွက် ကျွန်ုပ်တို့ ငြင်းဆန်ရန်မရှိချေ။ ထို့ကြောင့်လည်း ယနေ့ ပွားတောင်ကလပ်ပေါ်တွင် အဘအောင်မင်းခေါင် ထွက် ရပ်အောင်ပွဲ ပူဇော်ပွဲများ ကျင်းပနေကြသည်မှာ (၆၄) ကြိမ်မြောက်ပင် ရှိခဲ့လေပြီ။ စာရေးသူတို့ သက်တမ်းထက် ပင် ကြီးရင့်နေသဖြင့် ဘိုးဘွားအရွယ်များ လုပ်ဆောင် ကျင်းပပေးခဲ့ကြသောကြောင့် နောင်လာနောက်သား ဘိုး တော်လိုင်းလိုက်စားနေကြသူများ ယနေ့ထိ နှစ်စဉ် ပုပ္ပား သို့ အရောက်သွားနေကြလေသည်။

မန္တလေးတိုင်းဒေသကြီး အထက်ပိုင်းတွင် ထူးခြား ထင်ကြီးကျယ်လွန်းသည့် ဂမ္ဘီရပွဲတော်များဟု ဆိုရမည့် ဆင်ပြူနတ်ပွဲ၊ နွားထိုးကြီးနယ်မှ အမေဂျမ်းနှင့် ဦးမင်း ကျော်ပွဲတို့တွင် နတ်ကိုးကွယ်သူများနှင့် နတ်ဓာတော် အစုံအလင်ကို မြင်တွေ့ရတတ်သည်။ ပုပ္ပား အဘထွက်ပွဲ နေ့တွင်လည်း မြန်မာပြည်အရပ်ရပ်မှ ဝိဇ္ဇာ ဘိုးတော်လိုင်း လိုက်စားယုံကြည်သူများ၊ ဗေဒင်ဆရာများအချို့ကို တွေ့ မြင်ရတတ်သည်။ ထို့အတူ တစ်ဆက်တည်း ထည့်သွင်း တင်ပြချင်သည့် ပဥ္စမြောက်စွယ်တော် ပြက္ခဋ္ဌေတောင်မှ ဒိုးပတ်ပြိုင်ပွဲနှင့် ကျောက်ဆည်မြို့ ဆင်ပွဲတော်မှာလည်း ထူးခြားမှုများ ရှိနေလေသည်။

ဆက်လက်၍ စာရေးသူ ကျွန်ုပ်အနေဖြင့် ဝိဇ္ဇာလိုင်း တွင် ဘိုးတော်အဖြစ် ထင်ရှားကျော်ကြားခဲ့သည့် ဘိုးဘိုး အောင် (ခေါ်) ပထမံဘိုးဘိုးအောင်၏ အတ္ထုပ္ပတ္တိဆန်းနှင့် ကျင့်စဉ်လမ်းများကို လေ့လာသိရှိသမျှ တင်ပြချင်ပါသည်။

ဦးစွာ ပထမံဟု ခေါ်တွင်ရသည့် ရှင်းလင်းချက်ပင် ဖြစ်သည်။ (ပဌမေ ဇာတော ပဌမော)ဟူသော ပါဠိအရ ပထမဦးစွာဖြစ်သော ပညာအတတ်တို့ဖြင့် ထွက်ရပ်ပေါက် သွားသည့်အတွက် ပထမံဟု ခေါ်တွင်ဟန်ရှိပေသည်။ ၄င်းပထမံဂိုဏ်းမှ ပထမံဆရာ (၃၇)ပါးရှိခဲ့ကြောင်း ပေမူ အရ တင်ပြပါမည်။

**ပထမံဆရာ(၃၇)ပါး၏အမည်များ**

(၁) သက္ကမာရဇိန်
(၂) ဂေါဝိန္ဒရာဇာ
(၃) ဘိုးတော်အဋ္ဌနရာဇာ
(၄) ဘိုးတော်ဇိနဒေဝ
(၅) လက်ျာကိုးသိန်း
(၆) လက်ဝဲကိုးသိန်း
(၇) နေထွက်ဘုရင်
(၈) နေထွက်လုင်
(၉) ဒေဝဒေဝံ
(၁၀) နန္ဒဒေဝ
(၁၁) သုန္ဒဒေဝ
(၁၂) မနောရက္ခရာဇာ
(၁၃) ဝိဇ္ဇာရက္ခရာဇာ
(၁၄) သုနောမဒေဝရာဇာ
(၁၅) ဒေဝကုမ္ဘရာဇာ
(၁၆) ဟာသရာဇာဒေဝ
(၁၇) သတာဂီရဒေဝိန္ဒ
(၁၈) မိန္ဒာလဒေဝရာဇာ



www.burmeseclassic.com

www.burmeseclassic.com

(၁၉) ပထမံ ဆံရှည်ရသေ့ (အဠာရသသစာမ)
(၂၀) ဒုတိယဆံရှည်ရသေ့(ဝိဋ္ဌာရသသစာစ)
(၂၁) တတိယဆံရှည်ရသေ့ (မနောမယစာမ)
(၂၂) စတုတ္ထဆံရှည်ရသေ့ (အာဘောဂစာမ)
(၂၃) ပဥ္စမဆံရှည်ရသေ့ (အာဏာတေရစာမ)
(၂၄) အဋ္ဌမဆံရှည်ရသေ့ (ပမိတံရောပဟာနစာမ)
(၂၅) သတ္တမဆံရှည်ရသေ့ (ဣဋ္ဌာသယစာမ)
(၂၆) ပထမဝိဇ္ဇာပြန်ဆရာ (ပထဝီစာမ)
(၂၇) ဒုတိယဝိဇ္ဇာပြန်ဆရာ (အာပေါစာမ)
(၂၈) တတိယဝိဇ္ဇာပြန်ဆရာ (တေဇောစာမ)
(၂၉) စတုတ္ထဝိဇ္ဇာပြန်ဆရာ (ဝါယောစာမ)
(၃၀) ပဥ္စမဝိဇ္ဇာပြန်ဆရာ (အာဟာရစာမ)
(၃၁) ဆဋ္ဌမဝိဇ္ဇာပြန်ဆရာ (ပရိဘောဂစာမ)
(၃၂) သတ္တမဝိဇ္ဇာပြန်ဆရာ (သိဒ္ဓိစာမ)
(၃၃) ပထမဇင်္ဂလဆံတိုရသေ့
(၃၄) ဒုတိယဇင်္ဂလဆံတိုရသေ့
(၃၅) တတိယဇင်္ဂလဆံတိုရသေ့
(၃၆) စတုတ္ထဇင်္ဂလဆံတိုရသေ့
(၃၇) ပဥ္စမဇင်္ဂလဆံတိုရသေ့ ..တို့ ဖြစ်ကြသည်။

**မှတ်ချက်** - ဤပထမံ(၃၇)ပါး၏ ဘိုးတော်ပုဂ္ဂိုလ်များ အမည်မှာ ပေမူအမှတ်အသားတွင် တွေ့ရသော အမည်များဟု ဖော်ပြပါရှိခဲ့သည်။ နှစ်အတန်ကြာ ပေမူဟု ယူဆရသည်။ စာရေးသူအနေဖြင့် ဝန်ခံရလျှင် ပထမံဘိုးဘိုးအောင်နှင့် ပထမံဆရာလှိုင်၊ ပထမံဆရာဝိဇ္ဇာမောင်တို့ကိုသာ ကြားဖူးခဲ့ပါသည်။ ပထမံဝိဇ္ဇာမောင်၏ ဘုရားရှိခိုးစာအုပ်လည်း ရှိပါသည်။ ထို့ကြောင့် ဘိုးတော်သိကြားပင့်နည်း၊ အထက်ထွက်ရပ်ပေါက်ဝိဇ္ဇာပင့်နည်း၊ ပထမံဂါထာတော်ကြီးလေးပုဒ်၊ ပထမံဂိုဏ်းတော်ကြီးပွဲအစီအစဉ်၊ ပထမံပူဇော်စိပ်အပါအဝင် ကျင့်စဉ်များအကြောင်း ဆက်လက်ဖော်ထုတ်ရေးသားပါဦးမည်။

**စိတ်အကြံပေါက်၍ နည်းမှန်ရောက်နိုင်ကြပါစေ**

**ဝမ်းဇော်ဦး(ကူမဲ)**

<u>ကျမ်းကိုး</u>

* ရှေးပေမူ


မန္တလေး-နေပြည်တော် ဆရာလှ၏ မြေးတပည့်

**ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)**

**B.A (History)**

**ဗေဒင် လက္ခဏာ ဝေဒပညာရှင်**

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ပိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ☎ ၀၉ ၇၃ ၂၄၀ ၇၉၆ ၊ ၀၉ ၃၂ ၂၂ ၇၇ ၈၇




www.burmeseclassic.com

www.burmeseclassic.com

# ရနိုင်

## ခေတ်အဆက်ဆက် အဖြည့်ခံမိဖုရား

ပြောချင်သည့် ခေါင်းစဉ်က မြန်မာဘုရင်နှင့် မိဖုရားများ။

အရပ်သုံးစကား မိဖုရားဆိုသည်မှာ ဘုရင်၏ ဇနီးမယား၊ ဘုရင်မင်းများ၏ ကြင်ရာတော်၊ မြန်မာမှုနယ်ပယ်၌ မိဖုရားဟူ၍လည်းကောင်း၊ ကိုယ်လုပ်တော်ဟူ၍လည်းကောင်း၊ မောင်းမဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်။ ထိုဝေါဟာရတွင် အပျိုတော်၊ ရံရွေတော်များသည်လည်း အကျုံးဝင်မည် ထင်သည်။





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်လုပ်တော်ကို ဘုရင်၏ မိဖုရားငယ်များ၊ အစေအပါးခံ မိဖုရားငယ်များဟု အနက်ဖွင့်သည်။ မောင်းမသည်လည်း ကိုယ်လုပ်တော်နှင့် အဓိပ္ပာယ်အတူတူ။ မောင်းမလယ် ဆိုသည်မှာ မိဖုရားငယ်များ လှည့်လည်သည့်နေရာ၊ မိဿံဆိုသည်ကလည်း ဝန်းရံသည့်အနက်။ ရံရွေကိုမူ အခြွေအရံ အခြံအရံ အပေါင်းအစုဟု ပြန်ဆိုသည်။ မိဖုရားဟူသော ဝေါဟာရနှင့် ဆက်နွယ်နေသော အသုံးအနှုန်းများမို့ စိတ်ဝင်စားစရာ။

ကမ္ဘောဇသာဒီ နန်းတော်ကို ပြန်လည်ဖော်ထုတ်စဉ်က လေ့လာကြားသိဖူးသည်။ နန်းတော်ရာ မြေပုံတွင် အဆောင်ရ မိဖုရားအဆောက်အအုံများစွာကို တွေ့ရသည်။ နောက်ပိုင်းအဆောင်ကြီးများတွင် ကိုယ်လုပ်တော် မောင်းမမိဖုရားငယ်များ စုဝေးနေထိုင်ကြသည်။ ထိုအဆောင်များကို ယနေ့ ပြန်လည်ဖော်ထုတ်ရာတွင် မပါ။ အကြောင်းများစွာ ရှိမည်ထင်သည်။ ထိုအထဲမှ တစ်ချက်မှာ ထိုမိဖုရားငယ်များ စုစည်းနေထိုင်ရာ အဆောင်ကြီးများ၏ အကျယ်အဝန်းက ပဲခူးမြို့၊ နန်းတော်ကုန်းရပ်ကွက်တစ်ခုလုံးစာ နေရာဖယ်ပေးရမည့် အနေအထား။

◆◆◆

မွန်သမိုင်းမှ စတင်လိုသည်။

အထူးသဖြင့် သုရှင်ရာဇာဓိရာဇ်နှင့် လဂွန်းအိမ်တို့အကြောင်း သစ္စာဖောက်မဂြိုင်း၏ခေါင်းကို ဖြတ်ခဲ့သည့်အမှုကြီးအတွက် လဂွန်းအိမ်အား ဂုဏ်ပြုမြှောက်စားသည့်မှု။

"စိတ်ကို ထိန်းတော်မူပါ မောင်တော်၊ မစိုးရိမ်ကြောင့်ကြပါနှင့်။ သုရှင်က မောင်တော့်အား တိုက်ဘုလားမြို့ကို အပိုင်စားစေပါသည်။ မောင်တော်၏ ရွှေနားနည်းကို ကြည့်ပါဦးဘုရား။ ရွှေပြားလွှာတွင် လဂွန်းအိမ်ဟူသော ဘွဲ့တော်ကိုလည်း သုရှင်က သနားတော်မူခဲ့ပါသည်။ လှမ်းမြင်တော်မူရသော တိုက်ဆင်ငါးစီးကိုလည်း သုရှင်က ဆုလာဘ်တော်ချမှတ်ခဲ့ပါသည်။ သည်အိမ်တော်ကြီးကလည်း မောင်တော့်အတွက်ပါတဲ့ဘုရား။ ကျွန်တော်တို့ကိုလည်း မောင်တော့်အလိုကျ ကတော်မယားအဖြစ် ဆောင်နှင်းတော်မူပါ။ မောင်တော်ပိုင်ဆိုင်ပါသည်' မိန့်များကိုပင် ကိုယ်မယုံကြည်ချင်

သေံလုံ ခေါ် လဂွန်းအိမ်သည် ကြမ်းသို့ ဆင်းထိုင်လျက် ကျေးဇူးရှင်အား ရှည်မြှော်ကန်တော့ပန်းဆင်သည်။ သူနှင့်အတူ မေနှင်းကေသရာနှင့် မောင်းမငယ်က လိုက်ပါကန်တော့သည်။

မေနှင်းကို သူ ရွှန်းရွှန်းစားစားကြည့်သည်။ မေနှင်းကေသရာက မခို့တရို့ကလေး မော့ကြည့်သည်။ ထိုစဉ် မောင်းမငယ်က အသာကလေး ခေါင်းငုံ့လျက် တစ်ဖက်ဆီသို့ လျှိုထွက်ရန် ဟန်ပြင်သည်။ လဂွန်းအိမ်၏ သန်မာသော လက်များက လှမ်းတားဆွဲယူလိုက်သည်။

အမျိုးသမီးနှစ်ယောက် သူ့အပေါ် ပြိုလဲကျလာသည်။ ထိုမိန်းကလေးနှစ်ဦးမှာ သုရှင်၏ မိဖုရားငယ်နှင့် ကိုယ်လုပ်တော် မောင်းမငယ်။ သူရဲကောင်းအား ဂုဏ်ပြုရာတွင် မိဖုရားများကိုပင် ဤသို့ စွန့်လွှတ်ဆုချခဲ့ဖူးကြောင်း သက်သေအထောက်အထား။

◆◆◆

နောက်အတွေ့အကြုံတစ်ခု။

သူရဲကောင်းကို စိတ်ဓာတ်မြှင့်တင်သောအားဖြင့် သုရှင်အသုံးပြုသော ရွှေကွမ်းအစ်တော်တွင် ကွမ်းထည့်စေလျက် မိဖုရားငယ် မွေ့သင် ခေါ် ဒလသုဒ္ဓမာယာအား လဂွန်းအိမ်သို့ ကမ်းစေသည်။

မိဖုရားငယ်က ကွမ်းတော်ကို လှမ်းအပေး။ ခေါင်းကို နှိမ့်ချလိုက်သည့်အခိုက် ရင်စည်းအဝတ်တန်ဆာက လျှောအကျ ပဒုမ္မာကြာအလုစ်တွင် စနေရတနာနှစ်ခိုင်၏အလှက မျက်ဝါးထင်ထင် မြင်လိုက်သူက လဂွန်းအိမ်။ မိဖုရားထံမှ ကွမ်းကိုလှမ်းယူသော လဂွန်းအိမ်၏ လက်က တုန်တုန်၊ ရင်က ခုန်ခုန်။

စိတ်ကို ထိန်းချုပ်တုပ်နှောင်ခြင်းငှာ မစွမ်းသာ။ စိတ်အာရုံတွင် စွဲငြိသည်။ အမြင်သည် ဖျောက်ဖျက်၍ မရနိုင်။ တစိမ့်စိမ့် မြင်ယောင်သည်။ မသောက်နိုင်၊ မစားနိုင်၊ မအိပ်စက်နိုင်။ စိတ်တွင် မပျော်ပိုက်။ သေများပင် သေလိုက်ချင်ပါရဲ့။ စစ်ထွက်လျှင်လည်း သေရမည်။ စစ်မထွက်လျှင်လည်း သေရမည့်အရေး လဂွန်းအိမ် မထူးဇာတ် ခင်းသည်။

ထိုအဖြစ်ကို သုရှင်ရာဇာဓိရာဇ်သိသွားသော် မိဖုရားကို ငါ မနှမြော။ သင်းကိုသာ ငါ နှမြောသည်။ သုရှင်၏ စိတ်ရင်းအမှန် မိဖုရားဒလသုဒ္ဓမာယာအား ဆင့်ခေါ်သည်။ မိဖုရားအား ကောင်းစွာပြုပြင်မွမ်းမံလျက် ရွှေလောင်းတော်

www.burmeseclassic.com

သို့ တင်သည်။ လဂွန်းအိမ်ထံ အပို့လွှတ်သည်။ မိဖုရားက သုရှင်အား ဦးခိုက်သည်။ ဝမ်းနည်းလှိုက်မောစွာ ငိုသည်။ မောင်ဘုရားအတွက် ပါရမီဖြည့်ဆည်းနိုင်ရန် ရွှေလောင်းတော် ရွှေကန့်လန့်ကာအတွင်းသို့ သက်ဆင်းသည်။

လဂွန်းအိမ်၏ အလိုဆန္ဒပြည့်ဝအောင် မိဖုရားကို ငါပို့သည်။ ဆန္ဒပြည့်ဝပြီးသော် စစ်ချီရာ၌ အောင်မြင်စေကြောင်း ငါဆုတောင်းသည်ဟု သုရှင်က အမှာပါးသည်။

သည်ဖြစ်ရပ်ကလေးကလည်း မှတ်မှတ်ထင်ထင် သုရှင်ကိုယ်တော်တိုင် စစ်ချီစစ်တက်ရာတွင် မိဖုရားမောင်းမမိဿံ အစုံအလင် ပါခဲ့ကြောင်း သိသာသည်။ လဂွန်းအိမ်သူရဲကောင်းအား ဒုတိယအကြိမ်မြောက် ဂုဏ်ပြုရာတွင် မိဖုရားအား ဆုအဖြစ် သတ်မှတ်ခဲ့ပြန်သည်။

◆◆◆

မင်းခေါင်ဘုရင်ကို လုပ်ကြံရန် လဂွန်းအိမ် တာဝန်ယူသည်။ သူ့ရဲဆယ့်နှစ်ယောက် ပါဝင်သည်။ မြောက်ဘက်တွင် အစောင့်လူသူ နည်းသည်။ သစ်ပင်တစ်ပင် အသုံးချနိုင်သည်။ ဝင်ပေါက်တွင် သူရဲသုံးယောက် စစ်ကဲအိမ်တွင်နှစ်ယောက် အသီးသီးခွဲဝေချထားသည်။ ဘုရင်မင်းခေါင်၏စံနန်းကို ကြမ်းပြင်မှဖောက်လျက် လဂွန်းအိမ်ကိုယ်တိုင် အထဲသို့ ဝင်သည်။

ဘုရင်မင်းခေါင်က စက်တော်ခေါ်နေသည်။ သို့သော် ကိုယ်လုပ်တော်တစ်ယောက်က လဂွန်းအိမ်ကို လှမ်းမြင်သည်။ အော်ဟစ်အကူအညီတောင်းသည်။ နိုးကုန်သည်။ အလျင်အမြန် ပြန်ထွက်ခဲ့ကြရသည်။ ဘုရင်မင်းခေါင်၏ တပ် ရှုတ်ရှုတ်သဲသဲ ဖြစ်သွားသည်။ လဂွန်းအိမ်သည် သူ ယူခဲ့သော ဘုရင်မင်းခေါင်၏ ရွှေကွမ်းခွက်နှင့် လက်သုံးတော်ဓားကို သုရှင်အား ဆက်သသည်။

သည်ဖြစ်ရပ်တွင် မြန်မာဘုရင် မင်းခေါင်သည်လည်း စစ်ချီတက်ရာတွင် မိဖုရား၊ ကိုယ်လုပ်တော်များ ပါဝင်ခဲ့ကြောင်း သတိထားမိနိုင်သည်။

◆◆◆

ကုန်းဘောင်ဆက်၏အစ အလောင်းဘုရား ဦးအောင်ဇေယျ၏ မိဖုရားများ။

သူ့အမည်က မယ်ယွန်းစံ၊ ဖိုးအောင်ဇေယျနှင့် ငယ်လင် ငယ်မယား။ သူတို့ အိမ်ထောင်ကျစဉ်က ဖိုးအောင်ဇေယျက ဆယ့်ကိုးနှစ်သားနှင့် မယ်ယွန်းစံက ဆယ့်ခုနစ်နှစ်သမီး။

သူတို့နှစ်ဦးက မောင်နှမတစ်ဝမ်းကွဲ။ ဖိုးအောင်ဇေယျ၏မယ်တော် ဒေါ်စောငြိမ်းဦးနှင့် မယ်ယွန်းစံ၏ဖခင် ဦးဖြိုးမြတို့က မောင်နှမအရင်း။ သာကီဝင် မင်းမျိုးမင်းနွယ်တို့ကဲ့သို့ ဆွေချင်းထပ်မြတ်၊ မျိုးချင်းခြံ လုံသည်ဟူသော စကားနှင့်အညီ။

သားခြောက်ဦးနှင့် သမီးသုံးဦး မွေးဖွားပြီးဖြစ်သည်။ ဖိုးအောင်ဇေယျတစ်ယောက် ရှင်ဘုရင် မဖြစ်သေးမီ ခြေလှမ်းက စတင်ပျက်လာသည်။ စစ်ကိုင်းတွင် မယားငယ်တစ်ယောက် တိုးပွားလာသည်။ နုနုငယ်ငယ် အရွယ်တော်ကလေးမို့ ဖိုးအောင်ဇေယျ ချစ်မြတ်နိုးသည်။ သူမ၏အမည်က ရှင်ရွှေငယ်။ တစ်ကြိမ်တွင် စစ်ကိုင်းသို့ ခရီးသွားရန်ပြင်ဆင်စဉ် မယ်ယွန်းစံက ပိုးခါးစည်းကြိုးတစ်ချောင်း ဝယ်ခဲ့ရန် မှာလိုက်သည်။

စစ်ကိုင်းတွင် တစ်ထောက်နားသည်။ စစ်ကိုင်းဈေးတွင်ရှာဖွေရာ ခါးစည်းကြိုးကိုမရ။ အင်းဝသို့ ခရီးဆက်သည်။ ရှင်ရွှေငယ်လေးကလည်း ခါးစည်းကြိုးအပို တစ်ချောင်း ဝယ်ခဲ့ရန် ထပ်မံမှာကြားသည်။ အင်းဝဈေးအနှံ့ရှာဖွေရာ ပိုးခါးစည်းကြိုး တစ်ချောင်းသာ အနိုင်နိုင်ရှာတွေ့သည်။ လိုချင်သည်က မယားနှစ်ယောက်အတွက် နှစ်ချောင်း။ ထို့ကြောင့် ချည်ခါးစည်းကြိုး တစ်ချောင်းကို ဖြည့်ဝယ်လိုက်ရသည်။

စစ်ကိုင်းသို့အရောက် ရွှေငယ်တို့က ခြေသွက်လက်သွက် ပိုးခါးစည်းကြိုးကို ယူလိုက်သည်။ ဖိုးအောင်ဇေယျကလည်း မယားငယ်ဘက် ခပ်ပါပါ။ ခရီးရောက်မဆိုက် ပိုးခါးစည်းကြိုးအကြောင်းကို မယ်ယွန်းစံက မေးသည်။

သည်တစ်ခေါက် အဆင်မသင့်၍ ပိုးစည်းကြိုး မရခဲ့ပါ။ ယာယီအနေနဲ့ ချည်ခါးစည်းကြိုး ဝယ်ခဲ့မိသည်ဟု ပြောလာသူ၏ မျက်နှာကို မယ်ယွန်းစံ သကာမကင်း စေ့စေ့ကြည့်သည်။ သံသယတို့ ပိုမိုဝင်ရောက်လာသည်။ ဖိုးအောင်ဇေယျက မလိမ်တတ် ပညာတတ်။ သူ့မျက်နှာက သိသိသာသာ။

"ရှင်··ကျွန်မအတွက် ခါးစည်းကြိုး တစ်ချောင်းလောက်မျှ မကြည်ဖြူနိုင်ပါကလား။ ရှင့်အား ကျွန်မ နှောင်ရေးကို မျှော်တွေးလျက် အရှင်သခင်တစ်ဦး

www.burmeseclassic.com

သဘောထား ပြုစုခဲ့သည်။ ရှင်ကမူ စိတ်အဆင့်အတန်းက မြင့်။ ဆင်းရဲသူ ဆင်းရဲသားများကဲ့သို့ ပေါ့ပေါ့ဆဆ ပြုကျင့်သည်။ နောင်အတွက်အထိပ်သို့ရောက်လျှင် ဆို ခွယ်ရာ ရှိတော့မည်မဟုတ်။ ရှင့်အရိပ်ကို ကျွန်မ မခိုလှုံ လိုတော့' ဟု ပြောပြောဆိုဆို ချည်ခါးစည်းကြိုးကိုလည်း လက်မခံ။ မည်သည့်ကိစ္စမျှလည်း မဆက်ဆံ။ နှုတ်ဆိတ် လျက် သမီး သုံးဦးနှင့်အတူ စည်ပုတ္တရာမြို့သို့ သွား ရောက်နေထိုင်သည်။ လယ်ယာလုပ်ကိုင် စားသောက်နေ သည်။

ငယ်လင်နှင့် ငယ်မယားတို့ လမ်းခွဲခဲ့ကြသည့်အဖြစ်။

အလောင်းဘုရား ဦးအောင်ဇေယျ ထီးနန်းရသော် လည်း မယ်ယွန်းစံက မလိုက်ပါ။ စိတ်နာဆဲ စိတ်ဆိုးဆဲ။ အလောင်းဘုရားက ပရိယာယ်ဆင်သည်။ စည်ပုတ္တရာ နယ်တစ်ခွင် အခွန်အခတိုးမြှင့်ကောက်ခံသည်။ ပြည်သူ တို့ ထိခိုက်စေသည်။ ဒေသခံတို့၏ တိုက်တွန်းမေတ္တာရပ် ခံချက်အရ မယ်ယွန်းစံ မနေသာ။ အလောင်းဘုရားထံ အရောက်မြန်းခဲ့ရသည်။ သို့သော်-

'ဒီမယ်..ကိုအောင်ဇေယျ၊ ရှင့်မြောက်နန်းကို ရည် မှန်း၍ ကျူပ်လာခဲ့သည် မဟုတ်။ ယခု စည်ပုတ္တရာနှင့် ညီသာတစ်ခွင်မှာ မင်းတိုင်းမင်းကြေး အခွဲအခန့်များ ချွန်းသည်။ ပြည်သူဆင်းရဲသားတို့ အလုပ်အကိုင်မှာ ယခင် အခါများနှင့်မတူ မိုးကခေါင် ရေက ရှားသည်က တစ် ကြောင်း၊ စစ်မက်အရေးကြောင့် ပြေးရလွှားရ ရှောင်ရတိမ်းရ သည်က တစ်မျိုး၊ ခိုးသားဓားပြရန်ကို ကြောက်ကြရ သည်ကလည်း တစ်ဖုံ၊ သည်ကြားထဲမှာ ရှင်က အခွန် တော် မဆောင်နိုင်သူများကို မောင်းတီးလေလံပစ်ကာ ကြမ်းလိုက် ခြောက်လိုက် သိမ်းလိုက် လုပ်နေသည်မှာ အမှုတော်သဖြင့် ပြည်သူများအကျိုးအတွက် ကျူပ်ပြော ဆိုလိုသဖြင့် လာရောက်ခဲ့ရခြင်း ဖြစ်သည်။ ပြောစရာ ပြောပြီးလျှင် ကျူပ်ပြန်မည်။

ပြန်မည်ဆိုသော်လည်း အလောင်းဘုရားက ခွင့်မပြု။ မိဖုရားအရာ ထားသည်။

◆◆◆

ဘိုးတော်ဦးဝိုင်း လက်ထက်တော်ကာလမှ မင်း၊ မိဖုရားများ။

'မောင်ဝိုင်းရဲ့ အခုလို ရှင်ဘုရင်ဖြစ်မှ မိဖုရားကြီးနဲ့ မယားတွေ ဘယ်နှစ်ယောက် ရှိတုန်းကွယ့်'

ဘိုးတော်ဦးဝိုင်းအား ငယ်ပေါင်းသူငယ်ချင်း တော သားကြီး ဦးမှော်၏ မေးပုံက ရင်းရင်းနှီးနှီး။ များများမရှိ ပေါင်ကွယ်၊ တစ်ကျိပ်ကျော် နှစ်ကျိပ်ခန့်လောက်ပါပဲ။

ဘိုးတော်၏စကားက လွှော့လွှော့ပေါ့ပေါ့ ရောရော ထွေးထွေးကလေး။ အမှန်ကို ဖုံးကွယ်လိုသည့်သဘော။ ကုန်းဘောင်ခေတ်တွင် နန်းသက်အရှည်ဆုံး ဘိုးတော်မင်း တရား။ (၁၁၄၃)ခုနှစ် နန်းတက်သည်။ အိမ်နိမ့်စံ (၃၈) နှစ်၊ နန်းစံ (၃၇)နှစ်၊ မွေးဖွားစဉ်ကာလက အင်းဝကို မွန်တို့ ဝန်းရံတိုက်ခိုက်နေသဖြင့် လူအမည် မောင်ဝိုင်းဟု အမည်တွင်သူ။ တဘောင်အဆိုအရလည်း ခေသူမဟုတ်။

ရွှေလရယ်သာ ဘုရားတကာ ဘယ်ကိုသွား၊ ဆေးတံ နဲ့များလျား၊ အပျိုကလေးအိမ် စည်းစိမ်ခံ၊ အဖေသွားမယ် ဆေးတံနဲ့များလျား'

အဆိုပါ တဘောင်အရ မိဖုရား၊ မောင်းမမိသံများ လည်း စံချိန်ချိုးနိုင်သည်။ စာရင်းအရ မိဖုရားကိုယ်လုပ် တော်ပေါင်း(၅၄)ဦးဟု အတိအကျဝိုင်းဝိုင်းလည်း။ သို့သော် ဦးမှော်ကို ဖြေကြားစဉ်က နှစ်ကျိပ်ခန့်မျှ။

'များလှချည်လား ဝိုင်းရယ်။ တတ်ပဲ တတ်နိုင်ပါပေ့ ကွယ်'

ဦးမှော်တစ်ယောက် အထိတ်တလန့် တအံ့တသြ၊ ဘိုးတော်က ရှင်းပြသည်။

'ကာမဂုဏ်စည်းစိမ် ခံစားချင်လို့ မိဖုရား များများ ယူတာ မဟုတ်ရပါဘူးကွယ်။ အဝေးအနီး ဝန်စု၊ မှူးစုနဲ့ အခြားသစ္စာတော်ခံ တိုင်းနိုင်ငံများမှ ဘုရင်များ၊ စော်ဘွား များ၊ မြို့စားများ၊ နယ်စားများက ပဏ္ဏာတော်အဖြစ်နဲ့ သမီးကညာ ဆက်သကြသည်ကို လက်ခံတော်မူရတာပါ။ သင်းတို့ကို အလေးထား မိဖုရားအရာ မြှောက်စားရတာ ပါ'

'သူတို့သမီးကို မိဖုရားစည်းစိမ်အဆောင်အယောင် ဖြင့် စောင့်ရှောက်ထားတဲ့အတွက် သူတို့ကလည်း ရန် ဆူးရန်ငြောင့် မပေါ်ပေါက်အောင် ပြန်လည်ကြည့်ရှုစောင့် ရှောက်ပေးတတ်ကြတယ်။ တိုင်းပြည်အေးချမ်းတာပေါ့ ကွယ်'

'ဆက်သသော သမီးကညာများကို လက်ခံခြင်းအ ကဲ၊ အဆိုက်အလျောက် ရာထူးဌာနန္တရ ချီးမြှောက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

က ဉာဏ်၊ အရာရာကို သတိပြုဆင်ခြင်ခြင်းက ဝီရိယ၊ ဒါတွေဟာ နိုင်ငံရေးရာ ကိစ္စတွေပဲပေါ့'

သည်စကားပြောခန်းကလေးက မြန်မာဘုရင်များ မိဖုရားများရခြင်းအတွက် မှတ်သားဖွယ် အကြောင်းပြချက်။

♦♦♦

'ပုဂံခေတ် အနော်ရထာမင်းလက်ထက် ရှမ်းစော်ဘွားက ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သမီးတော် စောမွန်လှကို ဆက်သသည်'

'ဥဿာမင်းသည် လွန်စွာအားရတော်မူသည်ဖြစ်၍ ကြီးစွာသော ဆုလာဘ်သပ်ပကာပေး၍ အနော်ရထာမင်းစောအားလည်း ဥဿမင်းအဆက်ဆက်တို့ ရွှေကြုတ်တွင် ထည့်၍ ကိုးကွယ်သော ဓာတ်တော်နှင့်တကွ ချစ်လှစွာသော ရွှေကဲ့သို့အဆင်းရှိသော မဏိစန္ဒာ အမည်ရှိသော သမီးတော်ကိုလည်း ဆက်၏'

'တစ်ရံရောအခါ ပဋိက္ကရားမင်းက သမီးတော်ကို ဆက်လာ၏။ အလောင်းစည်သူမင်းကြီးလည်း အလွန်သနားတော်မူဖြစ်၍ ပဘာဝတီဟူသော အမည်ဖြင့် အခြွေအရံ ကိုယ်လုပ်မောင်းမအများ ပေးတော်မူ၏'

'အခါတစ်ပါး မြင်စိုင်း ဝက်ဝင်အရပ်၌ ကြီးစွာသော ဝါး၏အထဲတွင် အဆင်းအင်္ဂါလက္ခဏာကြီးငယ်နှင့် ပြည့်စုံသော သံသေဒဇဖြစ်သော သတို့သမီးငယ်ကိုရ၍ အရွယ်ရောက်လျှင် မင်းယဉ်နရသိင်္ခအား ဆက်လေ၏။ အမည်မှာ ဝေဠုဝတီဟု တွင်သည်'

အထက်ပါ ကောက်နုတ်ချက်များက ရှေးဘုရင်များထံ လက်ဆောင်ပဏ္ဏာအဖြစ် သမီးတော်များ ဆက်သခြင်း ဓလေ့ကို ထောက်ခံနေသယောင်။ သို့မဟုတ် ကျွန်တော်တို့၏ ရှင်ဘုရင်များ မိဖုရား များရခြင်းအကြောင်းရင်းခံ အချက်အတွက် သက်သေ။

♦♦♦

မင်းတုန်းမင်းကြီးက ယောမင်းကြီးဦးဘိုးလှိုင်နှင့် တိုင်ပင်သည်။

'ငါ၏ အမှုတော်ထမ်းများ ဝန်စု၊ မှူးစုတို့သည် အလုပ်အကျွေးတစ်ယောက်၊ နှစ်ယောက်မက မယားငယ်များစွာ ယူနေကြသဖြင့် လစာရိက္ခာတော် မလောက်ကြ။ ထိုအခါ မတရားသဖြင့် ကြေးပိုလာဘ်များ ယူကြသောကြောင့် ပြည်သူ ဆင်းရဲရသည်။ ထို့ကြောင့် ဝန်ကြီးစုတွင် မယားမည်မျှ၊ ဝန်စုတွင် မယားမည်မျှ၊ မှူးစုတွင် မယားမည်မျှသာ ယူစေရမည်။ ပိုမိုယူသောသူရှိပါက ရာထူးမှ ထုတ်ပယ်ရန် ဥပဒေစီရင်တော်မူမည်။ သည်အစီအစဉ်ကို ပခန်းမင်းကြီးအား လျှောက်ချေဦး'ဟု ဦးဘိုးလှိုင်အား တာဝန်ပေး တိုင်ပင်တော်မူသည်။

ပညတ်တော်မူသော ဥပဒေပုံရပိုက်ကိုယူ၍ ပခန်းမင်းကြီးထံ ဝင်သည်။

ဥပဒေကို ဖတ်ကြားပြီးနောက် ပခန်းမင်းကြီး ဦးရန်ဝေးက–

'အင်း··ကောင်းပါတယ်၊ တယ်ကောင်းပေ့။ သို့သော် ရှင်ဘုရင် မယားများများ ယူတာတော့ ပညတ်ချက် မပါသေးဘူး။ အဲဒါ လိုသေးတယ်။ မင်းရှင်ဘုရင်ကို လျှောက်လေဦး'ဟု အမိန့်ရှိလိုက်သည်။

သည်ဖြစ်စဉ်ကလေးကလည်း မိဖုရားများများ ယူမိသော ရှင်ဘုရင်များအား သရော်နေသည့်အလား။

♦♦♦

မိဖုရားများသော စံချိန်စံညွှန်းအကြောင်း စဉ်းစားလျှင် မင်းတုန်းမင်းကြီးကို ချန်ထားခဲ့၍မရ။ ဖြစ်စဉ်တစ်ခုက မှတ်မှတ်ရရ။ မင်းကြီးသည် သူ၏ဆံပင်ကို မိဖုရားကြီး စကြာဒေဝီမှတစ်ပါး အခြားမည်သူကိုမျှ အကိုင်မခံ။ စကြာဒေဝီ ကွယ်လွန်လေသောအခါ ဘုရင်ကြီးအား မည်သူကမျှ ခေါင်းဖြီးသင် ဆီလိမ်းခြင်းအမှု ပြုခွင့်မရ။ အတန်ကြာသော် ဦးခေါင်း၌ သန်းများ ပွားဈေက် ယားယံလိုက်သည်မှာ နေ၍မရ။

သမီးတော် တစ်ပင်တိုင်မင်းသမီး စလင်းမြို့စားအား သန်းရှာ ခေါင်းဖြီးစေ၏။ ဘာသာတရား ကိုင်းရှိုင်းသူ မင်းတရားကြီးမို့ သန်းများကို မသတ်စေရ။ မိဖုရားတစ်ဦးလျှင် သန်းတစ်ကောင်စီယူ၍ မွေးစေလိုကြောင်း မင်းတုန်းမင်းကြီးက ဆန္ဒပြုတော်မူ၏။

မိဖုရား၊ မောင်းမမိဿံ ဦးရေက ဘုရင်၏ဦးခေါင်းမှ ရရှိသော သန်းအရေအတွက်ထက် ပိုမိုများပြားသည်ဟု သက်သေပြလိုက်သလို။

♦♦♦

မြတိုက်တော်တွင် ကျင်းပသော အစည်းအဝေး။

သီပေါမင်းလက်ထက် လေးနှစ်တာ ကာလအတွင်း



www.burmeseclassic.com

www.burmeseclassic.com

ဘုရင်နှင့် မိဖုရားများ၏ အသုံးစရိတ်က ကြောက်ခမန်း လိလိ သိန်းလေးဆယ်၊ သမီးတော်များ နားသမင်္ဂလာ စရိတ်ချည်းသက်သက် သိန်းနှစ်ဆယ်ကျော်။ ဘုရင်နှင့် မိဖုရားများသည် နိုင်ငံတော်ပိုင်ငွေကို ကိုယ်ပိုင်ငွေပမာ သုံးစွဲနေကြသည်က မဆင်မခြင်။

ယောမင်းကြီးဦးဘိုးလှိုင်က ရာဇဓမ္မသင်္ဂဟကျမ်းကို ပြုစုတင်လျှောက်သည်။

ရှင်ဘုရင်၊ မိဖုရား၊ သားတော်၊ သမီးတော်များအား လစာဖြင့် ထားရန်၊ ဝန်စု၊ မှူးစု၊ အရာထမ်း၊ အမှုထမ်း တို့ကိုလည်း လစာရိက္ခာဖြင့် ထားရှိရန် ဥပဒေတစ်ခု ပြုလုပ်ရန် လိုသည်။ ပိုသောငွေကို ရန်ပုံငွေအဖြစ် စု ဆောင်းထားရန် နယ်ခြားတပ် ခိုင်ခံ့ရန်၊ လက်နက်များ စုဆောင်းရန်၊ စစ်ရေးအင်အားဖြည့်ရန်၊ သို့မှသာ တစ်ပါး သူတို့ မစော်ကားကြမည်ဟု ရဲရဲတောက် အကြံပြုသည်။

သည်စကား တစ်ခွန်းက အတွင်းဇော်ကို လှုပ်ခါ စေသည်။ ရှင်ဘုရင် ကိုယ်တော်တိုင်က သဘောမတူ။

"သယ်..ဘိုးလှိုင်က ရာရာသသ သူက မုန့်ဖိုးပေး မှ ငါတို့က စားရမှာလား" ဟု အော်ဟစ်ငေါက်ငမ်းသည်။

မိဖုရားများကလည်း ဘုရင်၏ အမိန့်စကားနောက်မှ သံယောင်လိုက်၍-

"ခက်ကုန်ပြီ။ ငါတို့ပိုင်တဲ့ငွေကို ငါတို့ သဘောအတိုင်း မသုံးရ၊ သုံးလိုလျှင် ရွှေပြည် ...ကြီးထံ အမိန့်ခံ၍ သုံးရတော့မည်။ သည် အတိုင်း မှန်လျှင် ငါတို့အရှင်ကို ဘုရင်အဖြစ်မှ ဖြုတ်ချတာပဲ" ဟု မျက်တော်မူကြသည်။

သာဓကအဆိုအရ ရှင်ဘုရင်တွင် မိဖုရား များခြင်း၏ အကြောင်းကို ထင်ရှားစေသည်။

◆ ◆ ◆

ရှင်ဘုရင်များက မိဖုရားများစွာ ထားရှိခဲ့ သည့် အစဉ်အလာကို တော်လှန်လိုက်သူ တစ်ယောက်။ ဘုရင်နှင့် မိဖုရားအား ဖြေဖျော်နေသော သဘင် ...၏ ဆိုင်းပညာရှင်များက စကားတစ်ခွန်း ဆိုမိလိုက် ...။ သည်စကားကို ကြားဖူးကြပါလိမ့်မည်။

ညောင်သည့်ဆိုင်းအဖွဲ့မဆို ပတ်မကြီးတစ်လုံးသာ ...သည် ဟူသောစကား။ မိဖုရား၏ရင်သို့ တိုးဝှေ့ ...စေသောစကား။ ဆိုင်းအဖွဲ့ကို ချက်ချင်းလက်ငင်း

ဆုတော်ငွေ ချသည်။ ငွေသားကျပ်တစ်ထောင်တိတိ။ နောက်နေ့မှစ၍ ရှင်ဘုရင်၏အပါးသို့ မည်သည့်မိဖုရား ကိုမျှ အကာပ်မခံ။ သူမတစ်ကိုယ်တည်းသာ ခစားသည်။ ဘုရင်၏ အဆောင်သို့ပင် ပြောင်းရွှေ့စံစားသည်။ သူမ သည် အခြားသူ မဟုတ်။

စုဖုရားလတ်။ မျိုးရိုးကိုစောင့်ရှောက်သူ မိဖုရားဟု ဆိုရမည်။ စုဖုရားလတ်၏ မျိုးနွယ်ကို လှမ်းကြည့်လျှင် နန်းမတော်မယ်နုကို တွေ့မြင်နိုင်သည်။ မယ်နုက မင်းမျိုး မင်းနွယ်မဟုတ်၊ အရပ်သူ။ အချို့က ရေဦးမြို့တွင် ငါး စိမ်းသည်ဟုပင် ပြောသည်။ အချို့က ဖက်စိမ်းလိပ် ရောင်းသည်ဟု ဆိုကြသည်။ အလွန်ချောမောသည့်အချက် ကိုကား ညီညီညွတ်ညွတ် ဆိုကြသည်။

မယ်နု၏ထဘီကို လေပွေမွှေ့သဖြင့် နန်းတော်ထိပ် ဖျား ပြာသာဒ်သို့ ရစ်ပတ်သည်ဟု ဆိုကြသည်။ အချို့က ထဘီကို စွန်ချီ၍ နန်းတော်ထိပ်ဖျားသို့ ရောက်သွားသည် ဟု ဆိုသူလည်း ရှိသည်။ ဖလံခုံဆရာတော်ကမူ တစ်မျိုး။ နန်းတော်တိုင်မဟုတ်၊ စွန်က ဆရာတော်ကျောင်း ခေါင် မိုးသို့ ချီလာသည်ဟု ဆိုသည်။ သမိုင်းအထောက်အထား မရှိသော်လည်း ထူးထူးခြားခြား ကောလာဟလ။ မယ်နု



www.burmeseclassic.com

အား ပြည်သူတို့ စိတ်ဝင်စားကြောင်း ထင်ရှားသည်။

ဘကြီးတော်ဘုရား ဘီသိက်ခံရာတွင် မင်းတိုင်ပင်များက မိဖုရားအဖြစ် ပန်းတောင်မင်းသမီးကို တောင်ညာတင်ရန် ဝိုင်းပြောသော်လည်း ဘုရင်က မလိုက်နာ၊ သူထင်ရာ သူစိုင်းတော့မည့်အနေအထား။ မင်းကြီး သီရိမဟာနန္ဒသင်္ကြံက ကြက်မှာအရိုး၊ လူမှာအမျိုးဟု ကိုးကား ဆုံးမတားမြစ်သည်။

ထိုအခါ မယ်နုက "သည်နေရာမှာ ဆရာကြီးပြောချက် မှားနေတယ်။ ကြက်မှာအရိုး လူမှာအမျိုး မဟုတ်ဘူး။ ကြက်မှာအမြစ် လူမှာအချစ်" ဟု ဝင်ပြောသည်။

ဘုရင်လုပ်သူကလည်း သဘောကျ ကျေနပ်စွာ ခေါင်းတညိတ်ညိတ်။ ထိုစကားလေး တစ်ခွန်းဖြင့် နန်းမတော်မယ်နု မိဖုရားခေါင်ကြီး ဖြစ်သွားသည်။

မယ်နုတို့ကလည်း ဘုန်းကြီးသည်၊ အာဏာထက်သည်။

ယခု ရွှေလက်ထက်တော်၌ မိဖုရားကြီး ဖုံးလွှမ်းနေသဖြင့် အပြောအဆိုကအစ ဆင်ခြင်နေကြရတယ်။ နု ဆိုတဲ့ စကားကိုတောင် ပြောရေးဆိုခွင့် မရှိဘူး။ မန်ကျည်းရွက်နု၊ ကင်ပွန်းရွက်နု စတဲ့စကားကို နုထည့်မပြောရ။ မန်ကျည်းရွက်ထွတ်၊ ကင်ပွန်းရွက်ထွတ်လို့သာ ဆိုကြရတယ်။ ငါးနုသန်းကို ငါးထွတ်သန်း၊ နုနုနယ်နယ်ကို ထွတ်ထွတ်နယ်နယ်လို့ ပြောင်းရှုတ်နေကြရတယ်ဟူသော တီးတိုးစကားများက တစ်နည်းအားဖြင့် ရယ်စရာ။ သို့သော် မိဖုရားကြီး၏ အာဏာစက်အနေအထားက သိသိသာသာ။

ယုတ်သောအမျိုးမှ အထွတ်အထိပ် ဖြစ်လာသော် စိတ်ထင်တိုင်း ကျင့်တတ်ကြသည်။ ရမ်းရမ်းကားကား စီမံတတ်ကြသည်။ ပြည်သူတို့ စိတ်ဆင်းရဲကြရသည်။ ထဘီဖုံးလွှမ်းသဖြင့် အတောင်နှစ်ဆယ်ရှိတဲ့ ပုဆိုးဟာ ကွယ်ပျောက်ရတော့တယ်ဟု ပြောကြဆိုကြသည်။

မယ်နု ဆယ့်သုံးနှစ်သမီးတွင် နန်းတော်သို့ အပျိုတော်အဖြစ် စတင်ခေါ်ယူသည်။ နောက်မှ မိဖုရားဖြစ်သည်ဟု ဆိုသည်။

ဘကြီးတော်ဘုရားနှင့် မယ်နုမှ သမီးတော်တစ်ပါး ဖွားမြင်သည်။ ထိုသမီးတော်က ဆင်ဖြူမရှင်။ မင်းတုန်းမင်းကြီး၏ အလယ်နန်းမိဖုရား။ တစ်နည်းအားဖြင့် ဒုတိယမြောက် မိဖုရား။ ဆင်ဖြူမရှင်က သမီးတော်သုံးပါး ဖွားမြင်သည်။ စုဖုရားကြီး၊ စုဖုရားလတ်၊ စုဖုရားလေး သီပေါမင်း၏ မိဖုရားများ ဖြစ်သည်။

နန်းမတော်မယ်နု၏မြေး စုဖုရားလတ်သည် အစ်မတော်၊ ညီမတော်များသာမက ကျန်မိဖုရား၊ ကိုယ်လုပ်တော် မောင်းမမိဿံ အားလုံး၏လက်မှ သီပေါကိုယ်တော်ကို သိမ်းပိုက်လိုက်သည်။ တစ်ပွင့်ပန်အချစ် (သို့မဟုတ်) တစ်လုံးတည်းသော ပတ်မကြီးစနစ်ကို ထူထောင်လိုက်သည်။

"ထိုစဉ်ကတည်းက သီပေါမင်းက စုဖုရားလတ်နောက်သို့ ပါတော်မူခဲ့ပြီးဖြစ်သည်။ ကုန်းဘောင်နောက်ဆုံးမင်းဆက်တွင် မိဖုရားများစွာထားရှိခြင်း အစဉ်အလာဓလေ့တစ်ခုကို တော်လှန်ဖျက်သိမ်းလိုက်သည်။ သီပေါရှင်ဘုရင်အား ကျေးဇူးတင်ရမည်လား၊ စုဖုရားလတ်ကိုပင် ဂုဏ်ပြုချီးကျူးလိုက်ရမည်လား။

ရှင်ဘုရင်နှင့် မိဖုရားများအပေါ် ခေတ်အဆက်ဆက် ပြည်သူတို့၏အတွေး ပြည်သူတို့၏အမြင်က အမျိုးမျိုး။ မိဖုရားများကြောင့် သောကဒုက္ခပင်လယ် ဝေခဲ့ရသည်လည်း ရှိ၏။ မိဖုရားများ၏ ထောက်ပံ့ကူညီ အကြံပေးမှုကြောင့် အဆင်ပြေ ချောမွေ့မှုများလည်း ရှိသည်။

ကောင်းခြင်းနှင့် ဆိုးခြင်းက ဒွန်တွဲလျက်။

လောဘ၊ ဒေါသ၊ မောဟ၏ အတက်အကျများကိုလည်း တွေ့နိုင်သည်။ သံသရာ၏ အနက်အကျယ်ကိုလည်း မြင်ရသည်။ ဤတင်ပြချက်သည် ဗဟုသုတအလို့ငှာ စနစ်အလိုက် ခေတ်အလိုက်ကို လေ့လာသိရှိထားရန်သာ အဓိက။ သင်ခန်းစာတစ်ခုခု ရယူနိုင်လျှင် တင်ပြရကျိုးနပ်သည်။

ရန်နိုင်

<u>ကျမ်းကိုးစာရင်း</u>


၁။ မှန်နန်းရာဇဝင်တော်ကြီး။

၂။ ကုန်းဘောင်ရာပုံတော် (ဆရာညိုမြ)။

၃။ မော်ဘီဆရာသိန်း သိမီသော ပုဂ္ဂိုလ်များ (ဦးခင်မောင်ကြီး)။

၄။ ပါးစပ်ရာဇဝင် (မော်ဘီဆရာသိန်း)။

၅။ ပေါ်ရာဇာကထာ (ဦးတင့်ဆွေ)။


www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်ပြည့်အထိမ်းအမှတ် စသော ပွဲသဘင်များကို ရတုသဘင်ဟု ခေါ်ဆိုသည်။ ထိုရတုသဘင် အလေ့အထ အား အနောက်ဥရောပနိုင်ငံများ၏ အလေ့အထဖြစ်သည်။

ထိုရတုသဘင်များမှာ (၁)နှစ်မှ (၁၅)နှစ်၊ (၂၀)နှစ်မှ (၂၅)နှစ်၊ (၃၀၊ ၃၅၊ ၄၀၊ ၄၅၊ ၅၀၊ ၅၅၊ ၆၀)အထိ ရတုသဘင်(၂၄)မျိုး စသည်ဖြင့် တွေ့ရှိပါသည်။

သဘောအစီပွာယ် ဆိုရပါချေသော်-

**(၁)နှစ်မြောက် စက္ကူနှင့် စာရွက်စာတမ်းရတုသဘင်**

သက်ရှိသက်မဲ့အရာဝတ္ထု တစ်နှစ်ပြည့်မြောက်သော အခါ စုပေါင်းစားသောက် ပျော်ပွဲရွှင်ပွဲကျင်းပသည်။ စာရွက်စာတမ်း၊ စက္ကူဖိုင်များကို လက်ဆောင်ပေးကြသည်။ ထို့ကြောင့် စက္ကူရတုသဘင်ဟု ခေါ်ဆိုသည်။

**(၂)နှစ် ချည်ထည်ပစ္စည်းရတုသဘင်**

အရာဝတ္ထု၊ ပုဂ္ဂိုလ်သတ္တဝါ (၂)နှစ်ပြည့်မြောက်သော အခါ စားသောက်ပျော်ရွှင် စုပေါင်းကျင်းပပြီး ဖျင်၊ ပိတ်၊ ရှမ်းသား အဝတ်အထည်များကို လက်ဆောင်ပေးကမ်းကြသည်။ ထို့ကြောင့် ချည်ထည်ရတု၊ ဖျင်ရတု၊ ပိတ်ရတု ဟု ခေါ်ဆိုကြသည်။

**(၃)နှစ် သားရေပစ္စည်းရတုသဘင်**

(၃)နှစ်ပြည့် အခါတော်သဘင်ကို ရွှေနည်းကျင်းပပြီးလျှင် သားရေအိတ်၊ သားရေလက်အိတ်၊ သားရေအင်္ကျီ၊ သားရေခါးပတ်၊ သားရေလွယ်အိတ်၊ လက်ဆွဲအိတ် စသော သားရေနှင့်ပတ်သက်သော ပစ္စည်းအထူးအဆန်းများကို လက်ဆောင်ပေးကြသည်။ ထို့ကြောင့် သားရေပစ္စည်း

## ကိုရွှေမြသန်း(သမိုင်း)

## ရတုသဘင်အထိမ်းအမှတ် အလေ့အထ သိမှတ်စရာ



www.burmeseclassic.com

ရတု၊ သားရေရတုသဘင်ဟု ခေါ်ဆိုသည်။

**(၄)နှစ် စာအုပ်ရတုသဘင်**

(၄)နှစ်မြောက် သဘင်အခမ်းအနားတွင် ဘာသာမျိုးစုံ၊ စာအုပ်မျိုးစုံ လက်ဆောင်ပေးကြသည်။ ဂျာမနီနိုင်ငံ၌ ဗမာပြည်မှ စာပေထုပ်ကြီးတစ်ထုပ် လက်ဆောင်အဖြစ် ပါဝင်ကြောင်း ဆိုသည်။

**(၅)နှစ် နာရီရတုသဘင်**

(၅)နှစ်မြောက် မင်္ဂလာသဘင် အခမ်းအနား၌ ခါးပိုက်ဆောင်နာရီအမျိုးမျိုး လက်ပတ်နာရီအမျိုးမျိုး၊ တိုင်ကပ်နာရီအမျိုးမျိုး၊ စားပွဲတင်နာရီအမျိုးမျိုး၊ ချိုးကူသံ၊ ကြက်တွန်သံ၊ ဘုရားရှိခိုးခေါင်းလောင်းသံ၊ ကြည်လင်သော ဖလားသံ စသောအသံအမျိုးမျိုးမြည်သော နာရီအထူးအဆန်းတို့ကို လက်ဆောင်ပေးကြသည်။ ရှေးခေတ်အင်္ဂလန်တွင် ဣန္ဒိယရသေ့ကြီးများ နေနာရီ၊ အာရှမှ နေနာရီများကို အထူးအဆန်းပေးကြောင်း သိရသည်။ ထို့ကြောင့် နာရီရတုသဘင်ဟု ခေါ်ဆိုသမုတ်သည်။

**(၆)နှစ်မြောက် သံထည်ပစ္စည်းရတုသဘင်**

(၆)နှစ်မြောက် သဘင်အခမ်းအနား၌ သံဖြင့်ပြုလုပ်ထားသော ပစ္စည်းများကို လက်ဆောင်ပေးကြသည်။ ဓား၊ ပေါက်တူး၊ ပေါက်ပြား၊ ပုဆိန်၊ အပ်၊ သံခွက်၊ သံဘူး၊ သံသေတ္တာ စသော သံထည်ပစ္စည်းများကို လက်ဆောင်ပေးကြသည်။ ထို့ကြောင့် သံထည်ရတုသဘင်ဟု ဆိုသည်။

**(၇)နှစ်မြောက် ကြေးဝါ၊ ကြေးနီရတုသဘင်**

(၇)နှစ်မြောက် သဘင်အခမ်းအနား၌ ကြေးလင်ပန်း၊ ကြေးပန်းကန်၊ ကြေးဇွန်း၊ ကြေးဖလားများနှင့် စားသောက်ဖွယ်ကို ကျွေးမွေးကြသည်။ ကြေးဖြင့် ထုလုပ်ထားသော အထည်ဝတ္ထုမျိုးစုံကို လက်ဆောင်ပေးကြသည်။ အိန္ဒိယ ကြေးပစ္စည်း၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ စသော အပြည်ပြည်မှထွက်သော ကြေးဝါပစ္စည်း၊ ကြေးနီပစ္စည်းမျိုးစုံကို လက်ဆောင်ပေးကြသည်။ ထို့ကြောင့် ခုနစ်နှစ်မြောက် သဘင်ကို ကြေးဝါရတု၊ ကြေးနီရတု သဘင်ဟုဆိုသည်။

**(၈)နှစ်မြောက် လျှပ်စစ်ပစ္စည်းရတုသဘင်**

(၈)နှစ်မြောက် မင်္ဂလာအခမ်းအနား၌ လျှပ်စစ်ပစ္စည်း လက်ဆောင်ပေးကြသည်။ ဤသဘင်သည် လျှပ်စစ်အသုံးပြုသောခေတ်ကျမှ ပေါ်ပေါက်လာဟန် တူပါသည်။ ထို့ကြောင့် ထိုနှစ်ကို လျှပ်စစ်ပစ္စည်းရတုသဘ ဟု ဆိုသည်။

**(၉)နှစ်မြောက် အိုးခွက်ရတုသဘင်**

(၉)နှစ်မြောက်သဘင်တွင် မြေ၊ ကြွေ၊ ကြေး၊ အ သတ္တု၊ အိုးအမျိုးမျိုး၊ ခွက်ယောက်အမျိုးမျိုးကို လ ဆောင်ပေးကြသည်။ ထို့ကြောင့် ထိုနှစ်ပွဲကို အိုးရတု ခွက်ရတုသဘင်ဟု ဆိုသည်။

**(၁၀)နှစ်မြောက် သံဖြူ၊ အလူမီနီယံပစ္စည်းရတုသဘ**

ထိုနှစ်၌ ပွဲသဘင်ကျင်းပရာတွင် သံဖြူဖြင့် ပြုလု အပ်သော ပစ္စည်းများ၊ အလူမီနီယံဖြင့် ပြုလုပ်အပ်သေ ပစ္စည်းများကို လက်ဆောင်ပေးကြသည်။ ထို့ကြောင့် ထို အမည်ဖြစ်သည်။

**(၁၁)နှစ်မြောက် သံမဏိရတုသဘင်**

ထိုနှစ်သဘင်ပွဲတော်၌ သံမဏိဖြင့် ပြုလုပ်အပ်သော ဓားအလှများ၊ လက်ကောက်အမျိုးမျိုး၊ လက်စွပ်အမျိုးမျိုး သံမဏိဖြင့် ပြုလုပ်အပ်သော ပစ္စည်းများကို လက်ဆောင် ပေးကြသည်။ ထို့ကြောင့် ထိုနှစ်ကို ထိုအမည်မှည့်ခေါ် သည်။

**(၁၂)နှစ်မြောက် ပိုးထည်ရတုသဘင်**

ထို(၁၂)နှစ်မြောက်သဘင်၌ ပိုးဖြင့် ရက်လုပ်အပ် သော အဝတ်အထည်၊ ရုပ်ပုံကား၊ ခါးစည်းတဘက် ခေါင်းစည်းဦးထုပ် စသောပစ္စည်းများကို လက်ဆောင်ပေ ကြသည်။ ထိုအဝတ်ကိုလည်း ဝတ်ဆင်ကြသည်။ ထို ကြောင့် ထိုနှစ်သဘင်ကို ပိုးထည်ရတုသဘင်ဟု ဆိုသည်။

**(၁၃)နှစ်မြောက် ဇာထည်ရတုသဘင်**

ထိုနှစ်သဘင်၌ ဇာအဝတ်အထည်များကို လက် ဆောင်ပေးကြသည်။ ထို့ကြောင့် ထိုနှစ်ကို ထိုအမည် မှည့်ခေါ်သည်။

**(၁၄)နှစ်မြောက် ဆင်စွယ်ပစ္စည်းရတုသဘင်**

ထိုနှစ်ပွဲတွင် ဆင်စွယ်ဖြင့် ပြုအပ်သော ပစ္စည်းများ ကို လက်ဆောင်ပေးကြသည်။ ဆင်စွယ်လက်ကောက် ပုတီး၊ ဆံထိုး၊ ဆင်စွယ်အရုပ်၊ လှည်း၊ လှေ စသော ပစ္စည်းများကို လက်ဆောင်ပေးသည်။ ထို့ကြောင့် ထိုနှ ပွဲကို ထိုအမည်ဖြင့် ခေါ်ဆိုသည်။

**(၁၅)နှစ်မြောက် ဖန်ထည်ရတုသဘင်**

ထိုနှစ် ပွဲ၌ ဖန်ထည်ပစ္စည်းအမျိုးမျိုးကို လက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

ပေးသည်။ ဖန်အုပ်၊ အစ်၊ ဘူး၊ အိုး၊ မီးအိမ်၊ ပန်းအိုး၊ အလောင်းစိုက်အိုး၊ စက္ကူဖြီဖန်လုံး၊ ပုတီး၊ လက်ကောက်၊ အကျီကြယ်သီး အစရှိသော ဖန်ပစ္စည်းများကို လက်ဆောင်ပေးသည်။ ထို့ကြောင့် ထိုနှစ်သဘင်ကို ထိုအမည်ဖြင့် ခေါ်ဆိုသည်။

**(၂၀)နှစ်မြောက် ကြွေထည်ရတုသဘင်**

ထိုနှစ်သဘင်ပွဲ၌ ကြွေထည်ပစ္စည်း အမျိုးမျိုးကို လက်ဆောင်ပေးသည်။ အာရှ၊ ဥရောပနိုင်ငံတို့မှ ထွက်သော ကြွေထည်ပစ္စည်းများကို လက်ဆောင်ပေးကြသည်။ ထို့ကြောင့် ထိုပွဲကို ထိုအမည်ဖြင့် ခေါ်ဆိုသည်။

**(၂၅)နှစ်မြောက် ငွေရတုသဘင်**

ထိုနှစ်ပွဲ၌ ငွေထည်ပစ္စည်းမျိုးစုံကို လက်ဆောင်ပေးသည်။ ထို့ကြောင့် ထိုအမည်တွင်သည်။

**(၃၀)နှစ်မြောက် ပုလဲရတုသဘင်**

ထိုပွဲ၌ ပုလဲလက်ဝတ်ရတနာများကို ဝတ်ဆင်၍ အလှပြိုင်ကြသည်။ ပုလဲသွယ်၊ ပုတီး၊ လက်ကောက်သော ပုလဲပစ္စည်းများကို ဝတ်ဆင်ကြသည်။ တတ်နိုင်သူတို့ကား လက်ဆောင်ပေးကြသည်။ ဘုရင်နှင့် သူဌေးကြီး အရာရှိကြီးများကား ပုလဲလက်ဆောင်ကို များစွာရရှိကြသည် ဟူ၏။ ထို့ကြောင့် ထိုအမည်တွင်သည်။

**(၃၅)နှစ်မြောက် ကျောက်စိမ်း၊ သန္တာရတုသဘင်**

ထိုပွဲ၌ကား ကျောက်စိမ်းလက်ဝတ်ရတနာ၊ သန္တာတန်ဆာများကို ဝတ်ဆင်၍ အမျိုးသမီးကို ပွဲထုတ်ကြသည်။ မြစိမ်းရောင်မင်းသမီးများပွဲ၊ သန္တာရောင်သမီးရတနာများပွဲတော်ဟု ခေါ်ရလောက်အောင် လှပထင်ရှားသည်။ ချစ်သူများ၊ ဇနီးများ၊ သမီးရတနာများအား ကျောက်စိမ်း သန္တာရတနာပစ္စည်းများကို အမှတ်တရလက်ဆောင်ပေးသည်။ ထို့ကြောင့် ထိုအမည်တွင်သည်။

**(၄၀)နှစ်မြောက် ပတ္တမြားရတုသဘင်**

ထိုနှစ်၌ ပတ္တမြားအလှမယ်များ ပေါ်လွင်ထင်ရှားသည်။ အသားလေးကဝါဝါ၊ ပတ္တမြားသွေးကဖြာဖြာဖြင့် အလှမယ်များ အလှချစ်သူများသည် ထိုပွဲ၏ အလှရိပ်၊ အလှယောင်များ ဖြစ်နေသည်။ ထို့ကြောင့် ထိုပွဲကို ထိုအမည်ဖြင့် ခေါ်တွင်သည်။

**(၄၅)နှစ်မြောက် နီလာရတုသဘင်**

ခရမ်းရောင်နီလာပွဲတော်ဟု ဆိုရလောက်အောင် နီလာလက်ဝတ်ရတနာတို့ဖြင့် အလှမယ်များ တင့်ကြွားလှပါသည်။ နီလာလက်ဝတ်ရတနာ မင်္ဂလာလက်ဆောင်ကို လူကုံထံတို့ ပေးကြသည်။ ထို့ကြောင့် ထိုအမည်တွင်သည်။

**(၅၀)နှစ်မြောက် ရွှေရတုသဘင်**

ထိုပွဲသဘင်၌ ရွှေရောင်လွှမ်းနေသည့် ရွှေမင်းသမီး၊ ရွှေဇနီး၊ ရွှေချစ်သူများ မိုးမွှန်နေသည်။ ရွှေလက်ဝတ်ရတနာများကို အထက်တန်းလွှာတွင် လက်ဆောင်ပေးကြသည်။ ထို့ကြောင့် ထိုအမည်တွင်သည်။

**(၅၅)နှစ်မြောက် မြရတုသဘင်**

ထိုနှစ်၌ မြရတနာဝတ်ဆင်၍ ပွဲဝင်ကြသည်။ မြရောင်လွှမ်းသောသဘင်ဟု ဆိုရန်ရှိသည်။ မြလက်စွပ်၊ လက်ကောက်၊ ဆွဲကြိုး စသော အမြတ်ရတနာလက်ကောက်ပစ္စည်းများကို မင်းစိုးရာဇာနှင့် သူဌေးသူကြွယ်များ အပြန်အလှန်ပေးကြသည်။ ထို့ကြောင့် ထိုအမည်တွင်သည်။

**(၆၀)နှစ်မြောက် စိန်ရတုသဘင်**

ထိုပွဲတွင် ကိုယ်ပိုင်စိန်လက်ဝတ်ရတနာ၊ အငှားစိန်လက်ဝတ်ရတနာများကို အမျိုးသမီးများ ဝတ်ဆင်ကြသည်။ ထူးသောနှစ်ဖြစ်၍ ထူးသောရတနာများကို ဝတ်ဆင်ကြသည်။ စိန်ရတနာကိုမူ အလွန်အဆင့်မြင့်သော အထက်တန်းလူတို့သာ လက်ဆောင်ပေးနိုင်ကြသည်။ ထို့ကြောင့် ထိုနှစ်ကို ထိုပွဲသဘင်ကို စိန်ဖြင့် ဘွဲ့တပ်၍ စိန်ရတုသဘင်ဟု ခေါ်ဆိုသည်။

မြန်မာနိုင်ငံမှာမူ (၂၅)နှစ်မြောက် ငွေရတု၊ (၅၀)နှစ်မြောက် ရွှေရတု၊ (၇၅)နှစ်မြောက် စိန်ရတု၊ (၈၀)နှစ်မြောက် ပတ္တမြားရတုဟု ခေါ်ဆိုကြသည်။ ပွဲသဘင်များ ကျင်းပကြသည်။ ထိုအမည်သည်လည်း ဂုဏ်ပြုအမည်သာဖြစ်သည်။ ထိုရတနာဝတ်ဆင်ခြင်း၊ လက်ဆောင်ပေးခြင်းမျိုး မဟုတ်ပါ။

ငွေစန္ဒာ၊ ရွှေလမင်း၊ ရွှေနန်းတော်၊ စိန်ဗေဒါ၊ မြသီတာ စသောအမည်များကဲ့သို့ ဂုဏ်ပြုအမည်သာ ဖြစ်ပါကြောင်းဟု ဟူ၍သာ။

**ကိုရွှေမြသန်း**

**မှီငြမ်း** * မဟာသုတဒီပနီကျမ်း
(၂၉-၆-၇၃) ကြေးမုံသတင်းစာ။



www.burmeseclassic.com

www.burmeseclassic.com



# ဒေးစွန်ပါသိုက်နှင့်... ဆရာညီနောင်

(၁)

(၁၉၇၇)ခုနှစ်ကာလများ ဖြစ်ပါသည်။ ဆရာကြီး ပညာရွှေ၏ ဒေးစွန်ပါ တောင်တော် အဓိဋ္ဌာန်ခရီးသို့ ကျွန်တော် လိုက်ပါခဲ့သည်။ ဝတ်ကြီးဝတ်ငယ်ပြုရင်း ဆရာကြီးထံမှ ပညာသင်ယူနေခဲ့သည်။ မြန်မာ့လောကီပညာရပ်များဖြစ်သည့် ဗေဒင်၊ လက္ခဏာ၊ အင်း၊ ဆေး၊ စံမ ပညာများကို ဆရာကြီးက ကျွန်တော့်အား ပညာတစ်ဆင့်ချင်း သင်ပေးပါသည်။

'လူလေးရ..မြန်မာ့လောကီပညာရပ်ဆိုတာ ခက်ခဲနက်နဲလွန်းတယ်။ ရှေးဆရာကြီးတွေက သစ္စာရှိ၊ ကတိတည်၊ ရိုးသားဖြောင့်မတ်တဲ့ တပည့်တွေကိုသာ သင်ကြား ပေးကြတာ။

www.burmeseclassic.com

www.burmeseclassic.com

မင်းရဲ့ ပညာအစဉ်အဆက်က ငါနဲ့ မပြီးဘူးကွ။ မင်းမှာ ဘဝပဋိသန္ဓေဆက်၊ အကြောင်းဆက် ဆရာတွေ တွေ့ရဦးမှာ။ ငါပေးသလောက် ငါ့ဆီက ပညာယူ။ ပညာဆိုတာ ထိုက်သလောက်ပဲ ရတာကွ။ ဟဲ··ဟဲ·· ဟဲ··ဆရာရှူး၊ ပညာရှူး,ရှူးတဲ့ ပုထုဇ္ဇနော ဥမ္မတ္တကော ဖြစ်နေဦးမယ်'

ဆရာကြီး ပြောကြားခဲ့သော စကားများကို ကြားယောင်ရင်း ရှေ့ဝါးတစ်ရိုက်အကွာမှ ခပ်သွက်သွက်သွားနေသော ဆရာကြီးကို ကျွန်တော် မီအောင် လိုက်ရသည်။ ဆရာကြီး၏ အထုပ်အပိုးများကို သယ်ဆောင်လာရ၍ ကျွန်တော် မောဟိုက်နေမိသည်။



ဝမ်းဘဲအင်းရွာမှ ဒေးစွန်ပါတောင်သို့ သုံးမိုင်ကျော်ခရီး ကွာဝေး၏။ ဝမ်းဘဲအင်းရွာအလွန် တစ်မိုင်ခန့် ခရီးပေါက်လာသည့်အခါ ခင်တန်းလေးများနှင့် သစ်တောသစ်အုပ်များဖြင့် တောတောင်စခန်း ပီပြင်လာ၏။ လူသူတစ်ဦးတစ်ယောက်မျှ မတွေ့ရတော့။ တောလမ်းမှာ လှည်းလမ်းကြောင်း ဖြစ်၏။ ရှေ့ရောက်နေသော ဆရာကြီးက ကျွန်တော့်အား လှမ်းပြော၏။

'မောနေပြီလား လူလေးရ။ ဒါလောက်တော့ ခံနိုင်ရည်ရှိရမှာပေါ့။ ရှေ့တောအုပ်ကလေးလွန်ရင် တစ်ထောက်နားကြတာပေါ့'

ကျွန်တော်တို့ တောအုပ်ကလေး လွန်လိုက်သည်နှင့် စခန်းတစ်ခုကို တွေ့လိုက်ရသည်။ စေတီငယ်လေးများ၊ ဂူဘုရားနှင့် ပေ(၁၅၀)ကျော် ရှည်လျားသော ကွန်ကရစ်စကြံလမ်းကြီးကို တွေ့မြင်လိုက်ရသည်။ အဆောက်အအုံများမှာ ပြိုပျက်နေကြသည်။ လူတစ်ဦးတစ်ယောက်မျှ မတွေ့ရချေ။ ယင်းစခန်းအနီး၌ ညောင်ကြတ်ပင်ကြီးရှိနေ၏။ မြင့်မားထွားကျိုင်းလှသော ညောင်ကြတ်ပင်ကြီး၏ အမြစ်များမှာ မုတ်ဆိတ်မွေး ဖားလျားချထားသည့်နှယ် ပင်စည်မှ တွဲရရွဲကျနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးပညာရှေ့က ဂူဘုရားအား ကန်တော့နေသည်ကို တွေ့မြင်လိုက်ရသည်။ ဆရာကြီးနောက်နားမှနေ၍ ကျွန်တော်လည်း ဂူဘုရားအား ဦးချကန်တော့လိုက်ပါသည်။

'လူလေးရ၊ ဒီစခန်းက ဘိုးတော်ဦးဖိုးဦး တည်သွားတာကွ။ ဦးဖိုးဦးစခန်းလို့ ခေါ်တယ်။ သာသနာပြုအမိကရ ပုဂ္ဂိုလ်တစ်ဦးပေါ့။ ဦးဖိုးဦး မရှိတော့ စခန်းပျက် ခတ်ပျက်ပေါ့ကွာ။ သူ့ကိစ္စ ပြီးတော့လည်း အထွက်စခန်းကို သွားရတော့တာပဲ။ နောက်ဆက်ခံမယ့်သူက အရည်အချင်း မမီရင် ဆက်ခံလို့ မရဘူးကွ။ ပုဂ္ဂိုလ်ခံင်မှ တရားမင်ကြတာကိုး။ လူလေး..ငါတို့စားဖို့ ညောင်ကြတ်ပင်ကြီးရဲ့ နတ်ကွန်းမှာ စားစရာတွေ ရှိတယ်။ သွားယူလိုက်'

ဆရာကြီးခိုင်းသည့်အတိုင်း ညောင်ကြတ်ပင်ကြီး၏ နတ်ကွန်းကို ရှာရ၏။ နတ်ကွန်းမှာ ညောင်ကြတ်ပင်ကြီးကို အမှီသဟဲပြု ဆောက်လုပ်ထားသော်လည်း အမိုးအကာများ ပျက်စီးနေကြပြီး နတ်ရုပ်တုများ မရှိကြတော့ချေ။ တောအုပ်ဘက်ခြမ်းမှာရှိ၍ ညောင်ကြတ်ပင်ကြီး၏ ယောက်ျားကြီးတစ်ဖက်စာ ကြီးမားလှသော ပင်စည်ကြီးကြောင့် စကြီလမ်းမှကြည့်လျှင် မမြင် မတွေ့ရ၊ နတ်ကွန်းပေါ်၌ ငှက်ပျောဖက်ခင်းပြီး ထမင်းပူပူနွေးနွေး အခွံနွှာပြီး ငှက်ပျောသီးနှစ်လုံး၊ ဗယာကြော်နှစ်ခုကို တွေ့လိုက်ရ၏။ ကျွန်တော့်အား ဆရာကြီး မှာလိုက်သည့်အတိုင်း ဆိုင်ရာပိုင်ရာများထံ မေတ္တာပို့ ခွင့်တောင်းပြီး ထမင်းနှင့်စားစရာများ ယူဆောင်လိုက်သည်။ ဆရာကြီးအား အရင်ဦးစွာ စားဖို့ရန် ပေးလိုက်၏။ ဆရာကြီးမှုကား ထမင်းတစ်လုတ် နှစ်လုတ်နှင့် ငှက်ပျောသီးတစ်လုံးသာ စား၏။ လက်ကျန်ထမင်းနှင့် ဗယာကြော်(၂)ခု၊ ငှက်ပျောသီး(၁)လုံးကို ကျွန်တော် စားလိုက်ရသည်။ ထမင်းများမှာ ပူပူနွေးနွေးဖြင့် ကောက်ညှင်းကဲ့သို့ စီးထန်းထန်း ရှိလှ၏။ အနံ့မှာ မွှေးနံ့ပြီး စားကောင်းလှ၏။ ငှက်ပျောသီးမှာ အခွံနွှာထား၍ ရွှေငှက်ပျောသီးလို သီးမွှေးငှက်ပျောသီးလို ကြီးမားလှ၏။ ကျွန်တော် စားစရာများကို အဝအပြဲ စားလိုက်ရ၍ ဗိုက်တင်းသွားပြီး ငိုက်မျဉ်းလာ၏။

'လူလေး..မင်း နတ်သုဒ္ဓါ စားရလို့ စည်းစိမ်ယစ်သွားပြီထင်တယ်။ ခဏမှေးလိုက်ဦး။ လမ်းတစ်လျှောက် အထုပ်အပိုး ထမ်းလာရလို့ ပင်ပန်းလာတာပဲ။ ညောင်ကြတ်ပင်ကြီးအောက်က အုတ်ခုံမှာ သွားနေလိုက်၊ ငါ အလုပ် လုပ်လိုက်ဦးမယ်'

ကျွန်တော် ညောင်ပင်ကြီး၏ အေးမြလှသော အရိပ်အာဝါသအောက်ရှိ အုတ်ခုံပေါ်၌ ဆရာကြီးလွယ်အိတ်ကို ခေါင်းအုံးပြီး ကျောဆန့်လိုက်၏။ ကျွန်တော့်မျက်ခွံများ လေးလံလာပြီး ကျွန်တော် အိပ်ပျော်သွားခဲ့သည်။

(၂)

ကျွန်တော် အိပ်မက်,မက်နေသည်။ အိပ်မက်ထဲမှာ ရှမ်းဆရာကြီး တစ်ဦးက ကျွန်တော့်ကို အပေါ်မှမိုးပြီး ကြည့်နေသည်။ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ဥပဓိရုပ် ကောင်းလှသည်။ ရှမ်းတိုက်ပုံ၊ ဘောင်းဘီဝတ်ထားပြီး ရှမ်းလွယ်အိတ် လွယ်ထား၍ ပဝါဖြင့် အစနှစ်စထောင် ဦးပေါင်း ပေါင်းထား၏။ ခိုင်ခံ့သော မေးရိုး၊ သပ်ရပ်လှသော နှုတ်ခမ်းမွေး၊ စေ့စေ့တင်းထားသော နှုတ်ခမ်း၊ ဖြောင့်စင်းသော နှာတံ၊ တောက်ပသော မျက်လုံးအစုံ၊ မဟာနဖူးနှင့် ထိုရှမ်းဆရာကြီးကိုကြည့်၍ ကျွန်တော် ကြောက်ရွံ့လာ၏။ ကြက်သီးမွေးညင်းထလာ၏။ အိပ်မက်ဆိုသော်လည်း ပကတိဖြစ်စဉ်လို ခံစားနေရ၏။ တောတောင်များစွာသို့ ဆရာကြီးပညာရှေ့နောက် လိုက်၍ အမိန့်နာခံကျင့်ခဲ့ပြီး ကြောက်မက်ဖွယ်ရာ ပရလောက၊ နာမ်လောကသားကို တွေ့ကြုံရဖူး၏။ ကျွန်တော် မတုန်လှုပ်၊ ကြောက်ရွံ့ခြင်း မရှိခဲ့။

'လူလေး..တစ်ခါတစ်ရံမှာ မင်းကို အကာအကွယ်လုပ်ပေးထားပေမယ့် မင်းထက် ကမ္မဇိဒ္ဓိအားကောင်းတဲ့ စွမ်းအားရှိတဲ့ ပုဂ္ဂိုလ်တွေကိုကြုံရရင် ကြောက်လန့်စိုးရွံ့စိတ်ဖြစ်တတ်တယ်။ သတိတရား လက်ကိုင်ထားပြီး သရဏဂုံတည်အောင် ကျင့်ထားရင် ခံနိုင်ရည်ရှိလာလိမ့်မယ်'

ဆရာကြီး အမှာစကားကို ကြားယောင်လာ၍ ကျွန်တော် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာ၊ သံဃံ သရဏံ ဂစ္ဆာမိ သရဏဂုံ(၃)ပါး ရွတ်လိုက်မိ၏။

ရှမ်းဆရာကြီး နောက်ကို ခြေတစ်လှမ်း ဆုတ်ခွာသွားပြီး-

'မောင်ရင်လေးကို ဒုက္ခပေးဖို့ လာတာမဟုတ်ဘူး။ ကျုပ်က တောင်ပိုင်ကြီးပဲ။ မောင်ရင်လေးရဲ့ ဆရာကြီး နှိုးခိုင်းလိုက်လို့ အိပ်ရာက ထပေတော့'

ကျွန်တော် အိပ်မက်က လန့်နိုးလိုက်၏။ ရှမ်းဆရာ



www.burmeseclassic.com

www.burmeseclassic.com

ကြီးကို မတွေ့ရပေ။ ဆရာကြီးပညာရွှေ ရှိရာသို့အရောက် ရဟန်းတော် တစ်ပါးနှင့် ဆရာကြီးတို့ စကားပြောနေကြသည်ကို တွေ့လိုက်ရ၏။

ရဟန်းတော်မှာ သစ်ခေါက်ဆိုးသင်္ကန်း ရုံထားပြီး ဝင်းဝါစိုပြည်သော အသားအရေ၊ ကြည်လင်လှသော မျက်နှာ၊ ဦးပြည်းစိမ်းစိမ်းနှင့် ကျက်သရေရှိလှသည်။

ကျွန်တော် ရဟန်းတော်အား ဦးချဝတ်ဖြည့်လိုက်စဉ်-

'ဦးသူတော်သားလား။ ပညာပြည့်ဝအောင် ပေးထားဦးဗျ'

ပြောပြောဆိုဆို ရဟန်းတော်မှာ ညောင်ကြတ်ပင်ကြီးရှေ့ တောလမ်းလေးအတိုင်း တောအုပ်ထဲသို့ ကြွသွားတော့သည်။

'လူလေး··သွားကြစို့။ ဒေးစွန်ပါတောင်တော်ကို နေ့မွန်းမတည့်မီ (၁၂)နာရီတိတိ အရောက်သွားရမယ်ကွယ့်'

ဆရာကြီးက ပြောပြောဆိုဆို ဦးဖိုးဦးစခန်းမှ စတင်ထွက်ခွာတော့သည်။

ကျွန်တော် ဆရာကြီးကို အမီလိုက်ရင်း-

'ဆရာကြီး··ကျွန်တော် အိပ်ပျော်သွားတုန်း ရှမ်းဆရာကြီးကို အိပ်မက်,မက်ပြီး မြင်ရတယ်။ ကျွန်တော့်ကို ဆရာကြီးက နှိုးခိုင်းလိုက်လို့ လာနှိုးတာလို့ ပြောတယ်။ ကျွန်တော် အိပ်မက်ထဲ မြင်လိုက်ရတဲ့ ရှမ်းဆရာကြီးကို ကြောက်နေမိတယ်။ ဒီလိုအကြောက်အလန့်မျိုး ကျွန်တော် ထထမဆုံး ကြုံရတာပဲ ဆရာကြီး'

ကျွန်တော့်စကားကြောင့် ဆရာကြီးက ရယ်မောလိုက်သည်။

'လူလေး··မင်းက သာမညကောင်တော့ မဟုတ်ဘူး။ ဆရာကိုယ်ခံပညာ ပြည့်ထားတဲ့သူပါ။ ဒါပေမဲ့ မင်းထက် အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်တွေကို တွေ့ကြုံလိုက်ရတော့ မင်းက အလိုလိုသိမ်ငယ်သွားရတာပဲ။ နာမ်လောက၊ ရုပ်လောကမှာရှိနေတဲ့ ပုဂ္ဂိုလ်အချို့ဟာ လူ့လောကမှာ ကတည်းက သီလ၊ သမာဓိ၊ ပညာ ပြည့်စုံကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြတယ်။ ပညာမာန်နဲ့ တစ်ဖက်ကလူကို အထင်သေး အမြင်သေး ဖြစ်သွားတဲ့အခါ ကိုယ့်ထက် ပညာအဆင့်မြင့်တဲ့ ပုဂ္ဂိုလ်နဲ့ ယှဉ်လိုက်တဲ့အခါ ရှုံးနိမ့်သွားကြရတယ်။ ဒီအရှုံးဟာ သံသရာတစ်လျှောက်လုံး ဒုက္ခခံရတဲ့ မကျွတ်မလွတ်တဲ့ဘဝကို ရောက်သွားကြရတယ်။ မင်း အိပ်မက်ထဲ မြင်ရတဲ့ တောင်ပိုင်ကြီးတာဝန် ယူထားရတဲ့ ပုဂ္ဂိုလ်ဟာ ရှမ်းဆရာကြီး ဆရာသိန်းပေါ့။

ဒေးစွန်ပါတောင်တော်ဟာ မြတ်စွာဘုရားရဲ့ ဆံတော်ဓာတ်တော်ဓာတ်ဘုရား ခြောက်ဆူထဲက တစ်ဆူဖြစ်တယ်ကွယ့်။ အလွယ်တကူပြောရရင် ဘုရားသိုက်ရှိတဲ့ တောင်တော်မြတ်ဖြစ်တယ်။ မြတ်စွာဘုရားရဲ့ ဓာတ်တော်၊ မွေတော်တွေ ဌာပနာတဲ့ စေတီကွယ့်။ သည်စေတီတော်ရဲ့ ဌာပနာတိုက်ကို စောင့်နေရတဲ့ ပုဂ္ဂိုလ်တွေ၊ ဥစ္စာစောင့်လို့ အလွယ်တကူ ပြောကြတဲ့ ဘုမ္မိယနတ်တွေ၊ ဂန္ဓဗ္ဗပနတ်တွေ၊ တောင်စောင့်နတ်၊ တောစောင့်နတ်တွေ စောင့်ရှောက်နေကြရတာ သည်ဌာပနာတိုက်ထဲမှာ ရှေးဆရာကြီးတွေ (ထွက်ရပ်ပေါက်)ရဲ့ ပေပုရပိုက်တွေ အစီအရင်တွေ၊ ပြဒါးရှင်ဓာတ်လုံးတွေ ရှိတယ်ကွယ့်။ ရှမ်းပြည်နယ်ဘက်က ပညာစွမ်းထက်တဲ့ ဆရာသိုင်းနဲ့ ဆရာကြိုင်းဆိုတဲ့ ဆရာညီနောင် ရှိကြတယ်။ သည်ဆရာနှစ်ဦးက လောကီပညာဖြစ်တဲ့ အင်းအတတ်၊ မန္တန်အဂဒတ်၊ ဆေးအတတ်တွေမှာ တစ်ဖက်ကမ်းခပ် တတ်မြောက်ကြတဲ့ ပုဂ္ဂိုလ်တွေပေါ့။ အစ်ကိုကြီးဖြစ်တဲ့ ဆရာကြိုင်က သိက္ခာသမာဓိကြီးသလောက် အေးဆေးတည်ငြိမ်ပြီး သူတို့လုပ်ရပ် အောင်မြင်ရေးအတွက် အခွင့်အခါကို စောင့်နေသလို ပညာမာန်မာန နှိမ့်ချပြီး နေတယ်။ ညီဖြစ်သူ ဆရာသိုင်းကတော့ ပညာထက်သလောက် အပြိုင်အဆိုင်နဲ့ အနိုင်ယူပြီး မာန်မာနခက်ထန်သကွယ့်။ သိုက်စာအရ ဒေးစွန်ပါတောင်တော်ရဲ့ သိုက်ထဲမှာ ထွက်ရပ်ပေါက်ဆရာကြီးတွေ စီရင်ထားတဲ့ ထွက်ရပ်လမ်းအညွှန်းစာတွေ ရေးထားတဲ့ ပေပုရပိုက်တွေ ရှိကြတယ်။ ပြဒါးရှင်လုံးနှင့် ပေပုရပိုက်ကို ယူဖို့ ဆရာသိုင်းက ပြင်ဆင်တော့တယ်။ အစ်ကိုကြီး ဆရာကြိုင်းက အချိန်မတန်သေးဘူး။ ဘုရားသိုက်ဖြစ်တဲ့ အတွက် သီလ၊ သမာဓိ၊ ပညာတိုးတက်ဖို့ ကြိုးစားအားထုတ်ရန် လိုသေးကြောင်း ပြောဆိုတားမြစ်ပေမယ့် ညီဖြစ်သူ ဆရာသိုင်းက မနာခံဘဲ သိုက်တူးဖို့ ထွက်လာခဲ့တယ်။

ဒေးစွန်ပါတောင်လည်းရောက်ရော သူတပည့် စွမ်းနှင့် သိုက်တံခါးကို ဖွင့်တဲ့အခါ သိုက်တံခါးကြီး ဖွင့်ပေးလိုက်ရတယ်။ သိုက်ချုပ်ဘိုးတော်ခေါ်တဲ့ သိုက်စောင့်အကြီးအကဲ ဖြစ်သူက ပြဒါးရှင်လုံးနှင့် ပေပုရပိုက်တွေ

www.burmeseclassic.com

ဟာ ဆုထူးပန်မုဂ္ဂိုလ်တွေအတွက် ပါရမီစခန်း၊ ပညာလမ်းမှာ အသုံးချဖို့အတွက် ထားတာဖြစ်ကြောင်း ပြောဆိုတားမြစ်ပေမယ့် မရဘူးကွယ့်။ ဆရာသိုင်းက သိုက်ထဲဖွတ်ဝင်တော့တာ။ ဆရာသိုင်းရဲ့ အမှားဟာ သူ့ကိုယ်ပွားတစ်ခုခု သိုက်အပြင်ဘက်မှာ ထားခဲ့ရမှာကို ပညာမာန်မာနနဲ့ သတိမေ့လျော့ပြီး မထားခဲ့လို့ သိုက်ထဲ ရောက်တဲ့အခါ သိုက်စောင့်ဖြစ်တဲ့ မိန်းကလေးတွေက မာယာနဲ့ချော့မြှူပြီး အာရုံမနှောတွေ မေ့အောင်လုပ်လိုက်ပြီး သိုက်တံခါးကြီးကို ပိတ်လိုက်ကြတယ်။ သိုက်ထဲ အပိတ်ခံလိုက်ရတဲ့ ညီဖြစ်သူကို အစ်ကိုကြီး ဆရာကြိုင်းက ချက်ချင်းပဲ သိလိုက်ရတယ်။ သူ့လောကီအစီအမံနှင့် လုပ်ထားတဲ့ ဆေးနွားရုပ်ဟာ အသက်ဝင်နှာမှုတ်ပြီး တွန်ပြလို့ သူ့ညီ ဒုက္ခရောက်နေမှန်း သိလိုက်ရတယ်။

ဆရာကြိုင်းက သူ့ပညာအစွမ်းနှင့် တစ်မနက်တည်း ရှမ်းပြည်နယ်ကနေ ဒေးစွန့်ပါတောင်တော်ကို အရောက်လာခဲ့တယ်။ သူ့ညီကို သိုက်ထဲက ပြန်လွှတ်ပေးဖို့ တောင်းဆိုပေမယ့် မရဘူးကွယ့်။ သိုက်ချုပ်ဘိုးတော် ဖြစ်သူက ဘုရားသိုက်ဖြစ်လို့ ပဥ္စာနန္တယက် ထိုက်နိုင်ကြောင်း ပြောဆိုပေမယ့် ဆရာကြိုင်းက သူ့ဆေးနွားကို သူ့ပညာနှင့် စီရင်ပြီး သိုက်တံခါးပွင့်ဖို့ တောင်ကြီးကို တိုးဝှေ့ခိုင်းတော့တာပဲ။ ဆေးနွားရဲ့ အစွမ်းဟာ ဘယ်လောက်ထက်သလဲဆိုရင် ဒေးစွန့်ပါတောင်တော်ကြီး နှစ်ခြမ်းကွဲသွားရတယ်။ သိုက်တံခါးကြီးလည်း ပွင့်သွားပြီး သိုက်ကြီးလည်း နှစ်ခြမ်းကွဲသွားရတော့တယ်။



ဆရာကြိုင်းကို လိုချင်တာ ယူပါလို့ သိုက်စောင့်တွေက တောင်းပန်ပြီး သူတို့ သိုက်ကြီးကို မဖျက်ဆီးဖို့ တောင်းပန်ကြတယ်။ ညီဖြစ်သူအတွက် ကလဲ့စားချေဖို့ သူ့ညီ အသက်ရှင်လျက် သိုက်ထဲက ပြန်မထွက်နိုင်မှန်း သိလျက်သားနဲ့ သူ့ညီကို အသက်ရှင်လျက် ပြန်လိုချင်တယ်လို့ တောင်းခံတယ်။ ဆရာသိုင်းကို လူစင်စစ်ဘဝနဲ့ ပြန်လွှတ်ပေးလို့ မရတော့ပေမယ့် သူတို့ ဖျက်ဆီးခံရမယ့်ဘေးကိုကြောက်ပြီး ဆရာကြိုင်းရဲ့ ပညာကို မယှဉ်နိုင်တာကြောင့် ဆရာသိုင်းရဲ့ နာနာရုပ်ကို ဖန်တီးပြီး လူ့အသွင်သဏ္ဌာန်နဲ့ ပြန်လွှတ်ပေးလိုက်ကြတယ်။

ဆရာကြိုင်းဟာ ညီဖြစ်သူကို တွေ့လိုက်ရလို့ အားရဝမ်းသာဖြစ်ပြီး ပြေးပွေ့ဖို့အလုပ်မှာ သူ့ညီဟာ တောဝက်ကြီးတစ်ကောင်အသွင် ပြောင်းသွားပြီး မာန်စွယ်ဖွေးဖွေးနဲ့ သူ့ကိုပက်ဖို့ အားကုန်ပြေးလာတော့တယ်။ ဆရာကြိုင်းရဲ့ အမှားဟာလည်း သူစည်းချထားတဲ့ နေရာကထွက်ပြီး ညီဖြစ်သူကို တွေ့ချင်တဲ့စိတ်ကြောင့် စည်းပေါက်သွားပြီး သူ့ဆေးနွားကိုလည်း သိုက်စောင့်တွေက သိမ်းယူလိုက်ကြတယ်။ ဆရာကြိုင်းရဲ့ ပညာကို မယှဉ်နိုင်လို့ အဆင့်မြင့်အစွမ်းထက်တဲ့ သာသနာစောင့် နတ်ကြီးတွေက ဝင်ကူပေးလို့ ဆရာကြိုင်း ရှုံးသွားရပြန်တယ်။ ညီဖြစ်သူရဲ့ နာနာရုပ်ကို တောဝက်ကြီးအဖြစ် မြင်လိုက်ရလို့ သူ့ကိုအန္တရာယ်ပေးမယ်ထင်ပြီး သူ့အဆောင်ဓားနဲ့ အားကုန်ထိုးချလိုက်တော့တယ်။ တောဝက်ကြီး လဲကျသေဆုံးသွားတဲ့အခါ မူလခါတ်ခံ ပြန်ပေါ်လာပြီး ဆရာသိုင်းဟာ ဓားတန်းလန်းနဲ့ သေဆုံးသွားရတယ်။

ဆရာသိုင်းနှင့် ဆရာကြိုင်းတို့ ညီအစ်ကိုနှစ်ယောက်ဟာ ပညာတွေ ထက်သလောက်၊ တော်သလောက် ဘုရားသိုက်ကို ပြစ်မှားမိလို့ ပဥ္စာနန္တယက် ထိုက်သွားကြတာကွယ့်။ ဆရာကြိုင်းကတော့ သံဝေဂရသွားပြီး သူ့ပညာတွေ စွန့်လွှတ်လိုက်ပြီး ရှမ်းပြည်နယ်ဘက် ပြန်တက်သွားတော့တယ်။ ရှေ့ကမြင်ရတဲ့ တောအုပ်ညိုညိုနဲ့ တောင်လေးဟာ ဓားထိုးတောင်လို့ခေါ်တယ်။ ဆရာကြိုင်း သူ့ညီ နာနာရုပ်ကို ဆေးဓားနဲ့ ထိုးလိုက်တဲ့ နေရာပေါ့။ မှတ်သား စရာတွေပေါ့ကွယ့်။ သည်နေ့ခေတ်အချိန်မှာတော့ ဒဏ္ဍာရီ လိုလို ပြောစမှတ်ပြုနေကြတုန်းပေါ့။ ညီအစ်ကိုနှစ်ဦးရဲ့ ကြေကွဲစရာ ဖြစ်ရပ်လေးတွေပေါ့

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးစကားအဆုံး၌ ကျွန်တော်တို့ ဒေးစွန်ပါ ဘောင်တော် မုခ်ဦးဝသို့ ရောက်လာကြသည်။

(၃)

ရန်ကုန်-မန္တလေး ကားလမ်းမကြီးရှိ ဝမ်းဘဲအင်းရွာမှ လှမ်းကြည့်လျှင် ဒေးစွန်ပါတောင်တော်သို့ လှမ်းမြင်ရ၏။ ဒေးစွန်ပါစေတီတော်နှင့် တောအုပ်ညိုညိုလေးမှာ မြင့်မားလှသော တောင်တော်ဟု ထင်မြင်ရပြီး ဒေးစွန်ပါတောင်တော် မုခ်ဦးဝရောက်မှ တောင်တော်မှာ မြင့်မားလှသည် မဟုတ်ဘဲ ပေ(၅၀၀)ခန့်မြင့်သော တောင်လေးတစ်လုံးဖြစ်ကြောင်း တွေ့မြင်ရ၏။ ဒေးစွန်ပါစေတီရှိရာဌာပနာထားသော ဘုရားရှင်၏ ဓာတ်တော် မွေတော်၊ ဆံတော်များ၏ တန်ခိုးတော်မှာ ကြီးမားမြင့်မြတ်လှ၏။

ဆရာကြီးက 'လူလေး..မင်းကို ရှင်းလင်းပြောပြရတာ ငါလည်း မောလှပြီ။ အချိန်သိပ်မရှိဘူး။ ဒေးစွန်ပါစေတီရှိရာတောင်ထိပ်ကို နေမွန်းတည့်အချိန် အရောက်သွားရမယ်ကွယ့်။ မင်း ငါ့နောက်က မီအောင်လိုက်ခဲ့ပေတော့'

ဆရာကြီးက ပြောပြောဆိုဆို မုခ်ဦးဝသို့ လှမ်းအဝင် ဆရာကြီးရှေ့၌ ခွေးကလေး နှစ်ကောင်က တားဆီးထားကြသည်။ ကျွန်တော် လှမ်းကြည့်လိုက်တော့ ဝဝကစ်ကစ် နှစ်စရာခွေးလေးနှစ်ကောင် ဖြစ်နေ၏။ တစ်ကောင်မှာ အဖြူရောင်ဖြစ်ပြီး အခြားတစ်ကောင်မှာ အမည်းရောင်ဖြစ်၏။ ခွေးကလေးနှစ်ကောင်စလုံး ပတတ်ရပ်ပြီး ရှေ့ခြေနှစ်ချောင်းကိုစုံး၍ လက်အုပ်သဏ္ဌာန်ပြုလုပ်ပြီး ဆရာကြီးကို ကန်တော့ကြသည်။ လိမ္မာလှသော ခွေးကလေးနှစ်ကောင်၏ အပြုအမူကို အံ့အားသင့်စွာဖြင့် ကျွန်တော် ကြည့်နေမိ၏။ ဆရာကြီးက ခွေးကလေး နှစ်ကောင်၏ ခေါင်းကို လက်တင်ပြီး မေတ္တာပို့ပေးနေ၏။

ကျွန်တော်က ဆရာကြီးအား 'ကျွန်တော်တို့ ပြန်ရင် ဒီခွေးကလေး နှစ်ကောင်ကို ခေါ်သွားပြီး မွေးထားရင် ဆရာကြီးရပ်မှာ အစောင့်ရမှာပဲ'

ကျွန်တော့်စကားကို ဆရာကြီးက 'လူလေး..သည်ခွေးလေးတွေက သာမန်ခွေးလေးတွေ မဟုတ်ဘူး။ ဘုရားကျောင်းနီး နေနေကြတဲ့ ခွေးသူတော်ကောင်းလေးတွေပါ။ သူတို့ ကျွတ်ချိန်မတန်သေးလို့ ခွေးဘဝနဲ့ နေနေကြတာ'

ခွေးလေးနှစ်ကောင်မှာ ကျွန်တော်တို့နောက်သို့ ဆက်မလိုက်ဘဲ ကျန်နေခဲ့ကြသည်။ ကျွန်တော်နှင့် ဆရာကြီးတို့ ဒေးစွန်ပါတောင်တော်ခြေရင်း တောင်ပေါ်တက်ရန် မတ်စောက်သော တောင်လှေကားထစ်ကားများ ပြုလုပ်ထား၏။ တောင်ခြေရင်း၌ သဲချောင်းလေး ရှိနေသည်။ တောင်ပေါ်တက်ရန် လမ်းမှာ နှစ်လမ်းရှိနေ၏။

ကျွန်တော် ရေဆာလာတော့သည်။

'ဆရာကြီး..ကျွန်တော် ရေငတ်လို့ ရေသောက်ချင်တယ်'

'အရေးထဲ လူလေးရ၊ တောင်ပေါ်ရောက်ရင် ဆရာတော် ဦးမာဃကျောင်းရှိတယ်။ အဲဒီကျမှ ရေအဝသောက်ပါလား။ နေမွန်းတည့်တော့မှာ'

'ဆရာကြီး..ကျွန်တော် ရေငတ်လွန်းလို့ပါ။ ရေသောက်ခွင့်ပေးပါ'

ကျွန်တော် ပူဆာလွန်း၍ ဆရာကြီးက-

'ဒါဆိုရင် ရေသောက်ချင်ရင် ဟိုမှာ သဲချောင်းလေးထဲက ရေကို လက်နဲ့ယက်ပြီး သောက်ပေတော့။ တောင်ပေါ်ကို (၁၂)နာရီ အရောက်လာခဲ့နော်'

ဆရာကြီးက ပြောပြောဆိုဆို တောင်ပေါ် တက်သွားတော့သည်။ ကျွန်တော် သဲချောင်းလေးရှိရာ လာခဲ့သည်။ သဲချောင်းနားအရောက် လှမ်းမြင်ရသော ရေများ သဲချောင်းထဲ၌ မရှိကြတော့ချေ။ တံလျှပ်ထသည်ဟု ပြောရလောက်အောင်လည်း သစ်ရိပ်ဝါးရိပ် ကောင်းလှသော တောတောင်ဖြစ်၍ တံလျှပ်ကို မမြင်ရပါ။ ကျွန်တော် သဲချောင်းထဲ လက်ဖြင့်ယက်၍ တူးဆွရင်း ရေထွက်လာနိုး ရှာကြည့်လိုက်သည်။ ရေထွက်မလာပါ။

ထိုအချိန်တွင် ဝါးရုံတောထဲမှ ကရင်အဘိုးအိုတစ်ဦး ထွက်လာပြီး ကျွန်တော့်အား-

'ကောင်လေး..မင်း ဆရာကြီးထံ အချိန်မီရောက်အောင် လိုက်ရမှာ။ ဒီမှာ ရေမရှိဘူး။ သဲချောင်းထဲ ရေမြင်ရတာ အတုအယောင်တွေကွ။ ရှေ့ကတောင်ကုန်းလေးပေါ်တက်သွား၊ အဲဒီမှာ ဗားသီဒွိစခန်းရှိတယ်။ အဲဒီကျမှ ရေသောက်ပေတော့'

ကရင်အဘိုးအိုမှာ တောတိုး ထင်းခုတ်လာဟန်တူ၏။ သျှောင်တစောင်းနှင့် နှုတ်ခမ်းမွေးကြီးများ ရှည်လျား ကော့တက်နေကြသည်။ မျက်လုံးအစုံမှာ နီရဲနေပြီး ခန္ဓာ

www.burmeseclassic.com

ကိုယ်အထက်ပိုင်း ဗလာကျင်းကျင်း၍ ရင်ဘတ်၌ အင်းစမများ ရေးထိုးထားသည်။ ခါးတောင်းမြှောင်အောင်ကျိုက်၍ ရင်ဘတ်၌ ထိုးကွင်းများ အပြည့်ထိုးထားသည်။ သူ့ခါးကြား၌ ဓားမတိုတစ်ချောင်း ထိုးထားသည်။ ကျွန်တော့်အား လမ်းညွှန်ပြောကြားပြီး ဝါးရုံတောထဲသို့ ဝင်သွားတော့သည်။ ရုတ်တရက် ကျွန်တော် အံ့အားသင့်သွားမိ၏။ ဝင်ရောက်ရန် ခက်ခဲသော၊ ထူထဲသိပ်သည်းလှပြီး ဆူးများရှိသော ကြခတ်ဝါးရုံတောထဲသို့ သူ့လက်ဖြင့် အသာဖြဲပြီး ဝင်ရောက်ပျောက်ကွယ်သွားသော ကရင်အဘိုးအိုကို ကျွန်တော် ငေးကြည့်နေမိသည်။ ဝါးရုံကိုင်းပေါ်မှ ငှက်ကလေးတစ်ကောင်အော်သံကြောင့် ကျွန်တော် သတိပြန်ရလာပြီး ကုန်းတန်းလေးပေါ်သို့ ပြေးတက်လိုက်ရသည်။

ကုန်းတန်းလေးပေါ် လျှောက်လာပြီး မကြာမီ ဂူဘုရား တစ်ဆူကို တွေ့လိုက်ရသည်။ ဂူပုံသဏ္ဌာန်မှာ အရှည်ပြုလုပ်ထားပြီး ဂူအမိုးပေါ်၌ စေတီပေါက် ထားသည်။ အံဆောက်အအုံ တည်ထားပုံမှာ တောင်စောင်း၌ ရှိနေ၏။ ဂူထိပ်၌ ဗားသိဒ္ဓိစခန်းဟု ကမ္ပည်းထိုးထား၏။ ဂူပေါက်ဝနားတွင် ရေအိုးစင်လေး စိုက်ထူထား၏။ လူသံမကြားဘဲ တိတ်ဆိတ်လှ၏။

ထိုလိုဏ်ဂူလေးထဲ ကျွန်တော် ဝင်လိုက်မိသည်။ ဂူထဲတွင် ပိတ်ဖြူဝတ် ဆရာတစ်ဦး အဓိဋ္ဌာန်ဝတ် တည်ဆောက်နေသည်ကို မြင်လိုက်ရ၏။ အခြား ဆရာနှစ်ဦးမှာ အင်းစမများ ရေးသားခြင်းဖြင့် အလုပ်စခန်း ဝင်နေကြ၏။ ဆရာကြီးပညာရွှေ ပြောထားသော ဩဝါဒစကားများကို ကြားယောင်လာမိ၏။

အင်းချတာ စည်းကမ်းကြီးတယ်။ အင်းပေါက်ခြင်း၊ အင်းကျိုးခြင်း၊ အင်းကန်းခြင်း (၇)ပါးစီရှိတယ်။ ပေါင်းလိုက်ရင် (၂၁)ပါးရှိတယ် လူလေးရ။ အင်းချနေချိန် စကားမပြောရဘူး

ထိုဆရာများကို ရေသောက်ခွင့်ပြုရန် အမှုအရာဖြင့် ခွင့်တောင်းလိုက်ရသည်။ ထိုဆရာနှစ်ဦးက ခေါင်းညိတ်ပြပြီး ခွင့်ပြုလိုက်ကြသည်။ ရေအိုးစင်မှရေကို တစ်ဝကြီး ခပ်သောက်လိုက်ရ၏။ ရေမှာ အေးမြနေပြီး ရင်ထဲ အေးချမ်းသွား၏။ အားအင်ပြည့်ဖြိုးလာသလို ခံစားလိုက်ရ၏။

ကျွန်တော် ရေသောက်ပြီး၍ အမောပြေသွားချိန် ဂူထဲသို့ လှမ်းကြည့်ရှုမိလိုက်၏။ ဂူနံရံ၌ ကပ်ချိတ်ထား သောနာရီမှာ မွန်းတည့်(၁၂)နာရီ (၁၀)မိနစ်အချိန်ကို ပြ နေသည်။ ကျွန်တော့်ကို ဆရာကြီး မှာထားသည့်အချိ နေ့မွန်းတည့်(၁၂)နာရီတိတိတွင် ဒေးစွန်ပါတောင်ပေါ် အရောက်သွားရပေမည်။ သတ်မှတ်ချိန်ထက် (၁၀)မိနစ် လွန်နေပြီ ဖြစ်သည်။ ဆရာကြီးပညာရွှေ ကျွန်တော့်ကို ဆူပူပေတော့မည်။ ကျွန်တော် ဂူထဲမှ ထွက်လာပြီး ကုန် တန်းလေးပေါ်အရောက် လုံချည်ကို ခါးတောင်းကျိုက်ပြီ အထုပ်အပိုးများကို လက်ဖြင့်ပွေ့ပိုက်၍ အားကုန်ပြေးလာ ခဲ့ရသည်။ ဒေးစွန်ပါတောင်တော်ရောက်ရှိချိန် စေတီတော် ၏ခြေရင်း ဇရပ်လေးထဲ၌ ဒေးစွန်ပါတောင် သာသနာပြ ဦးစီးဆရာတော် ဦးမာဃနှင့် ဆရာကြီးပညာရွှေတို့ နှစ်ဦ စကားပြောနေသည်ကို တွေ့လိုက်ရ၏။

လူလေးရ၊ မင်း ဝင်ဒါမီယာ အင်းယားလမ်း တ ပတ် အောင်မင်းခေါင်စေတီတော်ကြီးကို မာရသွန်ပြိုင် ဝင်ပြေးဖို့ ပတ်ပြေးပြီး လေ့ကျင့်ထားတဲ့ အကျိုးတရာ ကြောင့် ထင်ပါရဲ့။ အချိန်မီ ရောက်လာတာပဲ။ နာရီ ကြည့်လိုက်စမ်း လူလေး

ဆရာကြီးနှင့် ဆရာတော်ဦးမာဃကို ဦးချကန်တော့ လိုက်ပြီး ဇရပ်ထဲရှိ နာရီကို လှမ်းကြည့်လိုက်မိ၏။ ကျွ တော် များစွာအံ့အားသင့်ရ၏။ နာရီ(၂)လုံးရှိနေ၏။ တ လုံးမှာ နေမွန်းတည့်(၁၂)နာရီတိတိ ပြနေပြီး နောက်တ လုံးမှာ (၁၂)နာရီ (၁၅)မိနစ်ကို ပြနေ၏။ ကျွန်တော် ရု တရက် အသိဉာဏ်ပေါက်သွား၏။ ဝိဇ္ဇာမယပညာရပ် သည်မှာ ပဉ္စလက်၊ လက်လှည့်၊ မျက်လှည့်တို့ထက် သ လွန်မှန်ကန် တိကျခြင်းပင်ဖြစ်ကြောင်း လက်တွေ့ကျ သိခွင့်ရလိုက်၏။ ဆရာကြီးပညာရွှေ ကျွန်တော့်ကို ပည ပြလိုက်ပြီ ဖြစ်သည်။

လူလေး ဇရပ်ထဲမှာ သက်သတ်လွတ်ထမင်း ဖို့ ချန်ထားပါတယ်။ သွားစားလိုက်ချေဦး။ ညဘက် စရာ မရှိဘူးနော်။ အဝအပြစားထား။ ငါ ဘုရားပေါ် စောင့်နေမယ်။ ထမင်းစားပြီး ဘုရားပေါ် တက်လာ

ဆရာကြီးက ပြောပြောဆိုဆို ဘုရားပေါ် တက်သွ ၏။

ဆရာတော်ကြီး ဦးမာဃက-

ဦးသူတော်တို့ အလိုရှိတာတွေ ကပ္ပိယကြီးကို



www.burmeseclassic.com

www.burmeseclassic.com

ပြီး ယူခိုင်း၊ ကျုပ်လည်း အဓိဋ္ဌာန်ဝတ် တည်ဆောက်ရမယ့်အချိန် ကျနေပြီ။ သွားလိုက်ဦးမယ်'

ဆရာတော်ကြီးဦးမာဃ ကျောင်းထဲသို့ ပြန်လည်ကြွရောက်သွားတော့သည်။ ကျွန်တော် ကပ္ပိယကြီး တည်ခင်းကျွေးမွေးသော သက်သတ်လွတ်ထမင်းစားပြီး ဒေးစွန်ပါစေတီ ရင်ပြင်ပေါ်သို့ တက်သွားရသည်။ ကျွန်တော် စေတီတော်အား ဝတ်ဖြည့်ဦးချကန်တော့ပြီး ဆရာကြီး မေတ္တာပို့သံကို ကြားနေရ၏။

ဒေးစွန်ပါတောင်တော်၏ ပရိဝုဏ်မှာ ကျဉ်းလှ၏။ စေတီတော်ရှိရာတောင်ထိပ်မှ ဘေးပတ်ဝန်းကျင်ကိုကြည့်လျှင် ချောက်ကြီးဖြစ်နေသည်ကို မြင်ရ၏။ တစ်ဖက်တောင်ကြီးနှင့် ထက်ခြမ်းကွဲနေ၏။ ကျွန်တော့်အတွေးထဲ ဆရာကြိုင်း၏ဆေးနွား တောင်ကြီးကို ထက်ခြမ်းကွဲအောင် တိုးဝှေ့ဖြိုချနိုင်သည်မှာ တကယ်ပင် ဖြစ်နေရှောသလားဟု ဆင်မြင်ယူဆမိ၏။ မြန်မာ့ဂမ္ဘီရပညာစွမ်းအားများ ကျွန်တော်သည် မီအောင်မလိုက်နိုင်၍ ယုံနိုင်ဖွယ်မရှိ ဖြစ်နေရသည်။

'လူလေး…စနေထောင့်မှာ ငါအဓိဋ္ဌာန်ဝင်မယ်။ တစ်ညလုံး မေတ္တာပို့ အဓိဋ္ဌာန်ပြုရမှာ။ ဆရာသိုင်းအတွက် အကျွတ်အလွတ်ဖြစ်စေဖို့ ဆောင်ရွက်ပေးရမယ်။ မင်း အချင်နားထား။ ငါ ဘုရားကန်းပတ်လည် မေတ္တာပို့သတဲ့ ကိစ္စလုပ်ပေးဖို့ သွားမယ်။ မင်း ငါ့နားမှာနေပြီး လိုအပ်တဲ့ ကိစ္စ၊ ငါခိုင်းတဲ့ကိစ္စ တစ်ညလုံး လုပ်ပေးရမှာနော်'

ဆရာကြီး စေတီပေါ်မှ ဆင်းသွားချိန် ကျွန်တော် လွယ်အိတ်ကြီးကို ခေါင်းအုံးပြီး စနေထောင့်မှာ တစ်ရေး နားလိုက်တော့သည်။

(၄)

ကျွန်တော် အိပ်နေသည်ကို တစ်ဦးတစ်ယောက်က လှုပ်နှိုးလိုက်၏။ ကျွန်တော် ထထိုင်လိုက်တော့ ကပ္ပိယကြီး ဖြစ်နေ၏။

'မိုးချုပ်တော့မယ်။ မောင်ရင်လေး စားဖို့ ငှက်ပျောသီး ယူထား။ ဆရာကြီးအတွက် ရေနွေးကြမ်းအိုး အိုး ယူလာတယ်။ ညဘက် လျှပ်စစ်မီး မရှိတော့ ဖယောင်းတိုင်မီးပဲ ပူဇော်ရမှာ။ အမွှေးတိုင်တွေ၊ ဖယောင်းတိုင်တွေ ပါလာတယ်။ ဆရာတော်ကြီးက လိုတာရှိရင် ပြောပါလို့ မှာထားတယ်'

ကပ္ပိယကြီးက ကြိမ်ခြင်းတောင်းထဲသို့ ပစ္စည်းများ အပြည့် ထည့်ယူလာသည်။ ကပ္ပိယကြီးထံမှ ပစ္စည်းများ လက်ခံထားလိုက်ပြီး ဇရပ်ဘက်သို့ ကပ္ပိယကြီးနှင့် လိုက်ပါသွားပြီး မျက်နှာသစ်၊ အလေးအပေါ့သွား၊ ရေချိုးပြီး ဒေးစွန်ပါစေတီတော်သို့ ပြန်လည်တက်ရောက်ခဲ့ရသည်။

တောတောင်စခန်းဖြစ်၍ ညအချိန် မှောင်မည်းမည်းထဲ ကျွန်တော် မသွားရဲပါ။ အိမ်သာတက်ရသည့်ကိစ္စကို တစ်နေ့ တစ်ကြိမ်တည်းနှင့် နံနက်စောစော အိပ်ရာထအကျင့်လုပ်ထား၍ တစ်နေ့တာအတွက် အဆင်ပြေနေရသည်။ ဆရာကြီး ဒေးစွန်ပါတောင်ပတ်လည် မေတ္တာပို့လုပ်ငန်း လှည့်လည်ဆောင်ရွက်နေ၍ ဆရာကြီး ပြန်လာလျှင် အဆင်သင့်ဖြစ်အောင် နေရာထိုင်ခင်း ပြင်ဆင်ပေးထားရသည်။ ကပ္ပိယကြီးက ကမ္ဘာစစ်လက်ကျန် လက်ဆွဲမှန်မီးအိမ်လေးတစ်လုံး ယူလာပေးသည်။ ယင်းမှန်အိမ်လေးမှာ ကညင်ဆီဖြင့် မီးထွန်းညှိလို့ရအောင် ပြုလုပ်ထားသည်။ တောတောင်ထဲ၌ ဓာတ်ဆီ၊ ရေနံဆီ မရှိပါ။ (၃၂)တိုင် ဘီအိုစီဖယောင်းတိုင်ထုပ် (၉)ထုပ်၊ အမွှေးတိုင် (၉)ပါကင် ပါလာ၍ ဒေးစွန်ပါစေတီတော်အား ဖယောင်းတိုင်(၉)တိုင်၊ အမွှေးတိုင်(၉)တိုင် ပူဇော်ပြီး ဘုရားဝတ်ပြုနေလိုက်ရသည်။

ကျွန်တော်နှင့် ဆရာကြီးပညာရှေ့တို့ ဒေးစွန်ပါတောင်တော်သို့ ရောက်ရှိနေသည့် အချိန်ကာလမှာ တပေါင်းလဆန်း (၇)ရက်ဖြစ်နေ၍ လရောင်ကို ထင်ထင်ရှားရှား မတွေ့ မမြင်ရသေးပါ။ ဆရာကြီးပညာရှေ့ အဓိဋ္ဌာန်ဝင်လျှင် လဆန်း(၇)ရက်နေ့မှ စတင်ပြီး လပြည့်နေ့အထိ အဓိဋ္ဌာန်(၉)ရက် ရ၏။ နိစ္စဘတ်ဝတ်မှာ အမြဲရှိနေပြီး တောတောင်စခန်း၊ ဂန္ဓာရီသွားလျှင် အထူးဝတ် တည်ဆောက်ရ၏။ ဒေးစွန်ပါတောင်တော်၌ (၉)ရက်အဓိဋ္ဌာန်ဝင်မည်မဟုတ်ဘဲ ပဲခူးတိုင်းတစ်ကြော သာသနာ့နယ်မြေများသို့ (၉)ရက်တည်းနှင့် လှည့်လည်ပြီး အဓိဋ္ဌာန်ဝတ် တည်ဆောက်ရမည် ဖြစ်သည်။ ဆရာကြီး ပုဂံမြို့ ဂန္ဓာရီခရီးထွက်စဉ်က မနူဟာမင်းကောင်းမှုဘုရားမှာ ကျွန်တော့်ကို ပြောဖူးသည်။

'လူလေး…ပုဂံရေချိုး ပဂိုးမှာပေါ် ဆိုတဲ့ တဘောင်စကားရှိတယ်ကွယ့်။ ပဂိုးတိုင်းဟာ တစ်ချိန်ချိန်မှာ သာသနာ့ဓာတ်ကြီး ပွင့်လင်းထွန်းတော့မယ့် ဘူမိနက်သန်

www.burmeseclassic.com

နေရာမှန် ဖြစ်တယ်'

ကျွန်တော် ခြေသံလိုလို ကြားလိုက်ရသည်။ ဆရာကြီး ပြန်လည်ရောက်ရှိလာပြီထင်၍ ဝတ်ပြုရာမှ ထလိုက်သည်။ ဆရာကြီး မရောက်သေးပါ။ စေတီတော်ပတ်လည် လှည့်ပတ်၍ ရှာကြည့်လိုက်မိသည်။ လူသူတစ်ဦးတစ်ယောက်မျှ မတွေ့ရပါ။ ကျွန်တော် ကြောက်လန့်လာမိ၏။ စေတီတော် စနေထောင့်မှာ ကျွန်တော်တစ်ယောက်တည်း ရှိနေ၏။ ညမှောင်မှောင်၌ လေတဟူးဟူး တိုက်နေပြီး လက်ဆွဲမှန်အိမ်လေးမှာ လှုပ်ယမ်းနေသည်။ ကျွန်တော် မျက်စိကို စုံမှိတ်ထားပြီး သုတ်ပရိတ်များကို အသံထွက်အောင် ရွတ်ဆိုနေလိုက်မိသည်။ ခြေသံမှာ ကျွန်တော့်နား ရောက်မှ ရပ်သွားသည်။ မျက်စိမှိတ်ထားရာမှ ဆရာကြီး ပြန်ရောက်လာပြီထင်၍ ဖွင့်ကြည့်လိုက်ရာ ရသေ့တစ်ပါးကို မြင်လိုက်ရ၏။ ကျွန်တော့်အား ကြည့်၍ ရသေ့မှာ အံ့အားသင့်နေပုံရသည်။

'ကိုသိန်းထွန်းပါလား။ ဘယ်ကနေ ရောက်လာတာလဲ။ ကျွန်တော့်ကို နှုတ်ဆက်စကားပြောသော ရသေ့မှာ ရသေ့ဒေါက်ချာ၊ သစ်ခေါက်ဆိုးသင်္ကန်းနှင့် မုတ်ဆိတ်မွေးများ ဖြူဖွေးရှည်လျားနေပြီး မေးရိုးကား၍ ကျစ်လျစ်သန်မာသော ကိုယ်လုံးနှင့် ရသေ့ကိုကြည့်ရင်း ကျွန်တော် စဉ်းစားနေမိသည်။ ထိုရသေ့မှာ ကျွန်တော့်မိတ်ဆွေရင်းတစ်ဦး ဖြစ်နေ၏။ ဝင်ဒါမီယာ အောင်မင်းခေါင်ရပ်ကွက်၌ နေထိုင်သော ကိုရွှေထွန်း ဖြစ်နေသည်။ ကျွန်တော်နှင့် ဓာတ်ပေါင်းစုံ အောင်မင်းခေါင်စေတီ၌ အဓိဋ္ဌာန်ဝင်ရင်းခင်မင်ရင်းနှီးကြသူများ ဖြစ်သည်။ ကိုရွှေထွန်းမှာ ဂိုဏ်းဆရာတစ်ဦးဖြစ်၍ သီလ၊ သမာဓိ ပြည့်စုံသူဖြစ်သည်။ လွန်ခဲ့သော (၂)နှစ်ခန့်က ဇနီးဖြစ်သူ ကွယ်လွန်သွား၍ တောထွက်သွားသည်ဟု ကြားရဖူး၏။ သားသမီးငယ်များရှိသော်လည်း မရီးနှင့် ခယ်မ အပျိုကြီးများက ကူညီထိန်းသိမ်းစောင့်ရှောက်ပေးကြ၏။

ကျွန်တော် ဆရာကြီးပညာရွှေထံ တပည့်ခံရင်းပညာယူနေသည်ကို အားပေးထောက်ခံ၏။

'ဆရာကောင်းတပည့် ပန်းကောင်းပန်ပေါ့ဗျာ။ ခင်ဗျား ဘဝပါရမီဆက်ကိုက ဆရာသမားကောင်းတွေနဲ့ ဆုံစည်းရတာ ကျွန်တော်ကတော့ ကိုယ့်ဂိုဏ်းဆရာတွေနဲ့ပဲ လမ်းစဉ်အတိုင်း သွားနေရတာ။ လောကီကိစ္စတွေက မပြတ်သေးဘူးဗျ။ ကျွန်တော် ဓာတ်ကစားနေတာ (ဖိုထို[illegible] ခြင်းဖြစ်သည်။)'

ဓာတ်ပေါင်းစုံစေတီမှာ ကျွန်တော်နှင့် ကိုရွှေထွန်[illegible] နောက်ဆုံးတွေ့စဉ်က ပြောသွားသောစကား ဖြစ်သည်[illegible] ကျွန်တော် ဝမ်းသာသွားမိသည်။ ဒေးစွန်ပါတောင်တော်မှာ[illegible] မမှုမိတ်ဆွေတစ်ဦးနှင့် ပြန်ဆုံကြရခြင်းဖြစ်သည်။ ကိုရွှေ[illegible] ထွန်းသည် ကျွန်တော့်ထက် မြင့်မြတ်သောဘဝကို ပိုင်ဆိုင်[illegible] သူ ဖြစ်နေသည်။

'ခင်ဗျားဆရာကြီးက ကျွန်တော့်အတိုင်စခန်းဖြစ်တဲ့[illegible] ပါစွန်ပါတောင်ကို ရောက်လာတာ။ အင်ကြင်းတောင်က[illegible] ပြန်လာတာလို့ ပြောတယ်။ ဆရာကြီးက ထူးဆန်းလွန်း[illegible] တယ်။ တစ်ညနေတည်းနဲ့ ရိုးမတောထဲက အင်ကြင်း[illegible] တောင်ကို ရောက်အောင် သွားနိုင်တယ်။ ဒေးစွန်ပါတော[illegible] ကနေ (၁၀)မိုင်လောက်ဝေးပြီး တောလမ်း တောင်လမ်[illegible] ဖြစ်လို့ သွားဖို့ခက်လှတယ်။ ကျွန်တော် တစ်ခေါက်ရောက်[illegible] ဖူးတယ်။ သစ်တင်တဲ့ကားနဲ့ လိုက်သွားလို့ လွယ်ကူချော[illegible] မောတာ။ တစ်နေ့တာခရီး သွားရတာဗျ။ အင်ကြင်းတော[illegible] မှာ တောရဆောက်တည်နေတဲ့ ဆရာတော်ကြီးတစ်ပါး[illegible] တည်း ရှိတာ။ ဘယ်လိုသွားပြီး ဘယ်လိုပြန်ခဲ့တယ် မပြေ[illegible] တတ်ဘူး။ ဓာတ်ပေါင်းစုစေတီမှာ တွေ့စဉ်ကပင် ထူးခြာ[illegible] တဲ့ ပုဂ္ဂိုလ်လို့ ထင်ထားတာ မှန်နေပြီ'

'ကိုသိန်းထွန်း မနက်ဖြန်ကျရင် စခန်းဘက် လာ[illegible] ဗျာ။ ကျွန်တော် ပြန်လိုက်ဦးမယ်'

ရသေ့ကိုရွှေထွန်း ဘုရားဦးချကန်တော့ပြီး ရင်ပြ[illegible] တော်မှ ဆင်းသွားသည်။ အမှောင်ထဲ လက်နှိပ်ဓာတ်[illegible] တစ်လက်တည်းနှင့် ကိုရွှေထွန်း ပြန်သွားသည်။ မကြာ[illegible] ဆရာကြီးပညာရွှေ ပြန်ရောက်လာသည်။

'လူလေး..ငါ ည(၉)နာရီတိတိမှာ အဓိဋ္ဌာန်စဝ[illegible] မယ်။ ဖယောင်းတိုင်နဲ့ အမွှေးတိုင်ကို မပြတ်လပ်ရအော[illegible] ထွန်းညှိပူဇော်ပေး'

ဆရာကြီး အဓိဋ္ဌာန်စတင်သည်နှင့် ဆရာကြီး မှ[illegible] ထားသည့်အတိုင်း ကျွန်တော် ဖယောင်းတိုင်၊ အမွှေးတို[illegible] များကို မပြတ်ထွန်းညှိပူဇော်ပေးနေသည်။ ဒေးစွန်[illegible] တောင်တော်၏ ညဉ့်ကာလသည် တိတ်ဆိတ်ငြိမ်သက်[illegible] ပြီး သူတော်ကောင်းများ၊ ပုဂ္ဂိုလ်ထူးများ၊ ဂန္ဓာရီပုဂ္ဂို[illegible] များ ကျင့်ကြံအားထုတ်ရာ နေရာထူးဖြစ်၍လည်း ဒေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ချမ်းလှသည်။ လေမှာ တဟူးဟူး တိုက်ခတ်နေသည်။ တစ်ခါတစ်ရံလည်း ညဥ့်ငှက်လေးများအော်သံ ကြားရသည်။ လဆန်းရက်မို့ လခြမ်းကွေးလေးလည်း အနောက်အရပ်သို့ တဖြည်းဖြည်း ရွေ့လျားနေလေပြီ။ ကောင်းကင်ပြင်၌ ကြယ်လေးများ မှိတ်တုတ်၊မှိတ်တုတ်ဖြင့် လင်းလက်နေကြသည်။

ဆရာကြီး နောက်ကျောမှ ကပ်လျက် ကျွန်တော် ဘုရားဂုဏ်တော်များ ရွတ်ဖတ်လျက်နေမိသည်။ အချိန်ကာလအားဖြင့် ညမွန်းတည့်ခါရမည့် ည(၁၂)နာရီအချိန်ရောက်လေပြီ။ ကောင်းကင်ယံ၌ လခြမ်းကွေးလေး မရှိတော့၊ ခုနစ်စဥ်ကြယ်ပြောင် အမြီးထောင်နေလေပြီ။ ကျွန်တော် တစ်ခါတစ်ရံ ငိုက်မျဉ်းသွားမိသည်။ ဆရာကြီး အဓိဋ္ဌာန်ဝင် တည်ဆောက်နေတုန်းရှိသည်။ ဒေးစွန်ပါတောင်ခြေဘက်ဆီက နွားတစ်ကောင်၏ နှာမှုတ်သံ၊ မြေပြင်ကို ခွာဖြင့် ရုပ်နေသံ ကြားရသည်။ ရွာနီးချုပ်စပ်မှ နွားများ လွတ်ကျောင်းထားပြီး ပြန်မသိမ်း၍ ကျန်ရှိနေသော နွားတစ်ကောင်၏ သွားလာလှုပ်ရှားသံဟု ထင်မိသည်။ စေတီရင်ပြင်ပေါ်သို့ လှေကားမှတက်လာသော ခြေသံများ ကြားနေရသည်။ အချိန်မတော် သန်းခေါင်ကြီးမှ ဒေးစွန်ပါတောင်ခြေရှိ ဇရပ်များမှ အဓိဋ္ဌာန်သမားများ ပုတီးစိပ်ရန် လာကြသည်ဟု ထင်မိသည်။

ပိတ်ဖြူဝတ် ပုဂ္ဂိုလ်တစ်ဦး၊ ယောဂီဝတ် ပုဂ္ဂိုလ်တစ်ဦးနှင့် ရဟန်းတော် တစ်ပါးတို့ ဖြစ်ကြသည်။ ဒေးစွန်ပါစေတီတော်အား ဦးချကန်တော့လိုက်ပြီး ကျွန်တော့်ကို လှမ်းကြည့်လိုက်ကြသည်။ ကျွန်တော် မြင်တွေ့လိုက်ရသော ပုဂ္ဂိုလ်(၃)ဦးမှာ ထူးဆန်းလှ၏။ ယခုခေတ် မြင်နေရသော ယောဂီဝတ် ပုဂ္ဂိုလ်များလို မဟုတ်ကြ။ မုတ်ဆိတ်ရှည်ကြီးများနှင့် အရပ်အမောင်း မြင့်မားပြီး ကိုယ်ခန္ဓာများ ထွားကျိုင်းလှသည်။ လက်ထဲ၌ တောင်ဝှေးကိုယ်စီနှင့် လွယ်အိတ်တစ်လုံးစီ လွယ်ထားကြသည်။ ကျွန်တော့်စိတ်ထဲ ထိုပုဂ္ဂိုလ်များကို ကြည်ညိုစိတ် ပေါ်လာပြီး ကန်တော့လိုက်မိသည်။

ထိုပုဂ္ဂိုလ်ကြီး(၃)ဦး ဖြိုင်တူ သာဓုသုံးကြိမ်ခေါ်ကြသည်။

ယောဂီဝတ်ပုဂ္ဂိုလ်ကြီးက ကျွန်တော့်အား-

'မင်းဆရာကြီးကို ပြောလိုက်၊ အချိန်ကျပြီ။ တနင်္ဂနွေထောင့်ကို လာခဲ့လို့'

ထိုပုဂ္ဂိုလ်ကြီးသုံးပါး တနင်္ဂနွေထောင့်ဆီ ကြွသွားကြသည့်အခါ ဆရာကြီးထံမှ သက်ပြင်းချသံ ကြားလိုက်သည်။ ဆရာကြီးက အာနာပါနကမ္မဋ္ဌာန်း ဝင်စားနေရာမှ အဓိဋ္ဌာန်ထလိုက်ပြီ ဖြစ်သည်။

'လူလေး..သည်နေရာမှာ မင်းနေခဲ့။ ဘယ်လိုထူးထူးဆန်းဆန်းတွေ့တွေ့ သည်နေရာက မထနဲ့။ ဖယောင်းတိုင်၊ အမွှေးတိုင် မပြတ်ထွန်းပေး။ ငါကိစ္စပြီးတာနဲ့ ပြန်လာခဲ့မယ်'

ဆရာကြီးပညာရှေ့ ပြောပြောဆိုဆို ထသွားတော့သည်။ ကျွန်တော် ဆရာကြီးမရှိမှ ကြောက်အားပိုသွားပြီး စောင်ခေါင်းမြီးခြုံ၍ လှဲချလိုက်သည်။ ကျွန်တော့်နားထဲ တောင်ခြေမှ သီချင်းဆိုသံ၊ အိုးစည်သံ၊ မောင်းသံများ ကြားနေရသည်။ မနက်ဖြန်မနက် အလှူအတန်းရှိ၍ သီလရှင်ကျောင်းများ၊ ယောဂီများ နေထိုင်သည့် ဇရပ်များမှ သီချင်းဖွင့်နေကြသည်ဟု ထင်မိသည်။ ကျွန်တော် ခေါင်းမြီးခြုံထား၍ စေတီရင်ပြင်၌ သွားလာနေသော ခြေသံများ ကြားနေရသည်။ စောင်ကိုဖယ်၍ မကြည့်မိ။ ကျွန်တော့် မျက်လုံးများ လေးလံပြီး အိပ်ချင်လာမိ၏။ စေတီ၏ အရှေ့အရပ် တနင်္ဂနွေထောင့်မှ ယောကျ်ားလေးနှင့် မိန်းကလေးတစ်ဦး စကားပြောသံ ကြားနေရသည်။ ကျွန်တော် ကြောက်အားပိုနေရာမှ အားတက်သွားမိသည်။

ဘုရားဆွမ်းတော်ကပ်သူများ ရောက်လာကြသည် ထင်မိသည်။ ခေါင်းမြီးခြုံအား ဖယ်လိုက်သောအခါ လူပုဂ္ဂိုလ်များကို မမြင်ရဘဲ အသံကိုသာ ဆက်ကြားနေရသည်။ ကျွန်တော် အားတက်ပြီး ထထိုင်လိုက်မိသည်။ ဖယောင်းမီးကို ဆက်လက်ပူဇော်ပြီး အမွှေးတိုင်များပါ ထွန်းညှိလိုက်သည်။ ဒေးစွန်ပါတောင်တော်၏ ညသန်းခေါင်ကျော်အချိန် စေတီတော်ရင်ပြင် အရပ်ရှစ်မျက်နှာ၌ သူတော်စင်အပေါင်းတို့ အဓိဋ္ဌာန်ဝတ် လာရောက်တည်ဆောက်သည်ကို မြင်တွေ့နေရ၏။ တိတ်ဆိတ်လွန်းသော ညချမ်းအချိန်မှ အဓိဋ္ဌာန်စခန်း ဝင်ကြဟန်တူ၏။

ကျွန်တော်လည်း ထိုပုဂ္ဂိုလ်ကြီးများကိုကြည့်၍ အားကျလာမိသည်။ မေတ္တာသုတ်များ ရွတ်ဆိုရင်း မေတ္တာပို့လုပ်ငန်းကို လုပ်ကိုင်နေမိသည်။ တစ်ခါတစ်ရံ တောင်ခြေရင်းမှ ထိုးမောင်းသံများ ကြားရတတ်၏။ မကြာမီတော

www.burmeseclassic.com

ကြက်တွန်သံများနှင့် ကုလားတက်ခေါက်သံ ကြားရ၏။ ဆရာတော် ဦးမာဃကျောင်းဇရပ်မှ ကပ္ပိယကြီး ဆွမ်းထချက်ပြီး အရုဏ်ဆွမ်း ကပ်လှူရန် နိုးဆော်သည့်အသံဖြစ်၏။

ဒေးစွန်ပါစေတီ ရင်ပြင်မှ ဆင်းသွားကြသော ခြေသံများ ကြားနေရ၏။ ကျွန်တော် ကောင်းကင်ယံကို မော့ကြည့်လိုက်မိ၏။ အနီရောင်၊ အဝါရောင်များ ယှက်သန်းနေကြသည်ကို မြင်လိုက်ရ၏။ ထိုအရောင်များသည် ရောင်ပြန်များဖြစ်နေပြီး ရဟန်းပုဂ္ဂိုလ်၊ ဇော်ဂျီလိုလို ပုဂ္ဂိုလ်များ၏ ပုံရိပ်များကို မြင်လိုက်ရ၏။ ကျွန်တော် အိပ်ချင်မူးတူးဖြင့် မျက်လုံးများ ဇဝေဇဝါဖြစ်ပြီး မြင်နေရသည်ထင်မိ၏။

ဒေးစွန်ပါတောင်တော်၏ အရှေ့အရပ်မှ ရောင်နီပေါ်လာ၏။ အရုဏ်တက်၍ မိုးလင်းပေတော့မည်။ ဖယောင်းတိုင်မီးသည်လည်း ငြိမ်းလုဆဲဆဲရှိနေ၍ ဆက်ပြီးထွန်းညှိလက်စ ဖယောင်းတိုင်ထုပ်ကို ယူလိုက်ရသည်။ ဖယောင်းတိုင်(၉)ထုပ်ရှိ ဖယောင်းတိုင်များ ကုန်သွားပြီဖြစ်သလို အမွှေးတိုင်(၉)ထုပ်မှာလည်း ကုန်နေပြီဖြစ်သည်။ နံနက်ခင်း၏ ထွန်းသစ်စနေရောင်သည် ပုစွန်ဆီများ ဖျန်းပက်လိုက်သလို စေတီတော်အား ဦးခိုက်ပူဇော်နေပြီး ရင်ပြင်ပေါ် ထွန်းလင်းတောက်ပလာသည်။

မိုးလင်းပေတော့မည်။ ကျွန်တော် မတ်တတ်ရပ်ရင်းခါးဆန့်လိုက်ရ၏။ တစ်ညလုံး ငုတ်တုတ်ထိုင်လိုက် လဲလျောင်းလိုက်ဖြင့် ညောင်းညာကိုက်ခဲနေ၏။ ဒေးစွန်ပါစေတီတော်တစ်ပတ် လျှောက်ကြည့်လိုက်မိ၏။ အရပ်ရှစ်မျက်နှာ စေတီတော်၏ ဂြိုဟ်ခွင်ထောင့်များ၌ မာလကာသီး၊ သြဇာသီး၊ ငှက်ပျောသီး၊ သရက်သီးများ ဆွမ်းတော်ကပ်လှူထား၏။ ဆရာကြီး ပြန်ရောက်လာလျှင် စွန့်၍စားရန် ကြံလိုက်မိ၏။

ထိုအချိန်မှာပင် စေတီတော်၏ခြေရင်းမှ ဆရာကြီး ကျွန်တော့်ကို လှမ်းခေါ်လိုက်၏။

'လူလေး…ဆင်းခဲ့တော့။ မနက်စာ ကပ္ပိယကြီး ပြင်ထားတယ်။ လာစားလှည့်။ ပစ္စည်းတွေပါ သိမ်းခဲ့လိုက်တော့။ ခရီးဆက်ရဦးမှာ'

ကျွန်တော် စေတီတော်ရင်ပြင်မှ ဆင်းလာခဲ့သည်။ ကပ္ပိယကြီး ကျိုချက်ထားသော ဆန်ပြုတ်ပူပူနွေးနွေးကို တစ်ဝကြီးသောက်လိုက်ရ၏။ ကျွန်တော် သာနေသည်က တစ်ကြောင်း၊ တောတောင်စခန်းများ၌ အစားအသောက်ချေးများနေ၍ မရပါ။ ကြုံသလို စားရ၏။ ဆန်ပြုတ်မှာ ဆားပင် ထည့်မထား၍ ပေါ့ရွှတ်ရွှတ်ဖြစ်နေ၏။ ကျွန်တော် ဆန်ပြုတ်အရသာကို မခံစားနိုင်။ ဗိုက်ဝအောင်ပင် သောက်လိုက်မိ၏။ ဆရာကြီး အဓိဋ္ဌာန်ခရီးနောက် လိုက်နေ၍ အတွေ့အကြုံရနေပြီ ဖြစ်၏။

ဆရာကြီးက-

'မင်းစားဖို့ ကျောက်ထီးကြီးရှိတဲ့ တောထဲက ရွှေငှက်ပျောသီးတစ်လုံး ယူလာတယ်။ စားလိုက်ဦး'

ကျွန်တော် အံ့အားသင့်သွားမိ၏။ ကျောက်ထီးကြီးရှိရာ နေရာသည် အင်ကြင်းတောင်သွားရာ လမ်းခုလတ်တွင် ရှိနေ၏။ တောထူထပ်၏။ ဆရာကြီး ညက ကျောက်ထီးကြီးရှိရာ တောထဲသွား၍ ပုဂ္ဂိုလ်ထူးများနှင့် တွေ့ဆုံခဲ့ဟန် တူ၏။ ဆရာကြီးပေးသော ရွှေငှက်ပျောသီးကားတစ်ပေခန့်ရှည်လျားပြီး ဝဝတုတ်တုတ်ကြီးဖြစ်၏။ မစားခင်ကပင် အနံ့မှာ မွှေးကြိုင်နေ၏။ ကျွန်တော် ထိုရွှေငှက်ပျောသီးကြီးကို အခွံခွာပြီး အဝအပြဲစားလိုက်မိ၏။ ကျွန်တော် ငှက်ပျောသီး စားနေသည်ကိုကြည့်၍ ဆရာကြီး ရယ်မောလိုက်၏။

'လူလေး…မင်း တော်တော်အစားကျူးတဲ့ကောင်ပဲ။ အေးလေ၊ ပုထုဇဉ်နော ဥမ္မတ္တကော ဆိုမှတော့ အစားကြီးတာလည်း အရူးတစ်မျိုးလို့ ခေါ်လို့ရတာပေါ့ကွာ'

(၅)

ဆရာကြီးနှင့် ကျွန်တော်တို့နှစ်ဦး ဆရာတော်ကြီး ဦးမာဃကို ကန်တော့လိုက်ကြသည်။

'ဒကာကြီး…ဘယ်အချိန်လောက် ပြန်လာဦးမလဲ'

'တပည့်တော် လာချင်ပေမယ့် အလာခက်သလို တောင်တော်က ပြန်မယ်လုပ်တော့လည်း အပြန်ခက်လှတယ်ဘုရား'

'တွေ့ကြုံဆုံကွဲ ဓမ္မတာပဲလေ ဒကာကြီး။ သံသရာခရီးသည်တွေပဲ၊ ဆုတောင်းမပြည့်ခင် ကြုံရဆုံရဦးမှာပဲလေ။ နောက်တစ်ခေါက် ရောက်လာရင် ဒကာကြီး ဘုန်းကြီးကို ကန်တော့ခွင့်ရမှာ မဟုတ်တော့ဘူး။ အရင်သွားနှင့်မယ်လို့ မှတ်ပါ'

ဆရာကြီး၏ မျက်ဝန်းအိမ်မှာ အရောင်ဖျော့နေသည်။



www.burmeseclassic.com

www.burmeseclassic.com

တောက်ပစူးရှသော မျက်လုံးအစုံတို့ အရောင်မှေးမှိန်နေကြသည်။

'ခွင့်ပြုပါဦးဘုရား'

ဆရာကြီးနှင့် ကျွန်တော် ဒေးစွန်ပါတောင်တော်မှ ထွက်လာကြသည်။ ကျွန်တော့်ရင်ထဲ လွမ်းမောရသော ဝေဒနာတစ်ရပ် ခံစားရသည်။

'လူလေး..ဆရာတော်ကြီး ဦးမာဃကို နောက်တစ်ကြိမ် ဖူးခွင့်မရတော့ဘူး။ ဘဝပြောင်းတော့မယ်။ တို့ ပါစွန်ပါတောင်ဘက် သွားကြရအောင်'

ဒေးစွန်ပါတောင်တော်၏ အရှေ့မြောက်အရပ်ဟုထင်ရသော ပါစွန်ပါတောင်ဘက် ခရီးဆက်ကြရ၏။ ဒေးစွန်ပါတောင်နှင့် ပါစွန်ပါတောင် တစ်ဆက်စပ်တည်း ရှိနေသော်လည်း လူတစ်ဦးစာ တောင်ကြားလမ်းလေးသာရှိနေ၍ ထိုလမ်းလေးတစ်ဖက်တစ်ချက်မှာ ချောက်ကြီးဖြစ်၏။ တောင်နှစ်လုံးဆက်သည့် တောင်ကူးလမ်းထိပ် ဒေးစွန်ပါတောင်ဘက်၌ ကညင်ပင်ကြီးရှိ၏။ ထိုကညင်ပင်ကြီးကား မြင့်မားထွားကျိုင်းလှ၏။ ကညင်ပင်ကြီး၏ သန်မာထွားကျိုင်းလှသော အကိုင်းအခက်များ၌ လူစီးဒန်းများ ချိတ်ဆွဲထား၏။ ဒန်းကြီးတစ်ခုမှာ ထီးတည်းမားမား ရှိနေ၏။ ကျွန်တော် ပြောလိုက်မိ၏။

'ဆရာကြီး.. ဒန်းကြီးက စီးချင်စရာ။ ကျွန်တော် တက်စီးချင်လိုက်တာ'

ကျွန်တော့်စကား အဆုံးတွင် ဒန်းလေးများနှင့် ဒန်းကြီးသည် လှုပ်ယမ်းလျက် ရှေ့နောက်လွှဲယမ်းနေသည်မှာ လူများ တက်စီးသကဲ့သို့ မြင်နေရ၏။

'လူလေး..ဒန်းတွေက သူ့ပိုင်ရှင်နှင့်သူကွ။ လာလှူထားတဲ့သူတွေက သူတို့အစွဲနဲ့ သူတို့ပုဂ္ဂိုလ်တွေကို လှူထားကြတာ။ သည်ဒန်းတွေက သိုက်နန်းရှင်ဒန်းတွေကွ'

ဆရာကြီးစကားကြောင့် ဒန်းတွေ လှုပ်ယမ်းရာက ရပ်သွားကြသည်။

'လူလေး..မင်း နှုတ်လွန်သွားပြီကွ။ ပါစွန်ပါတောင်ဘက်ကူးရင် ငါ့ခြံထည်စကို ကိုင်ထား။ မင်း ချောက်ထဲ ချော်ကျနေဦးမယ်'

ဆရာကြီးစကားကြောင့် ကျွန်တော် တုန်လှုပ်သွားမိသည်။

'ဆရာကြီး..ကျွန်တော် ကြောက်လှတယ်။ ဒေးစွန်ပါတောင်ဘက်ဆင်းပြီး ပါစွန်ပါတောင်ဘက် ပြန်တက်ခဲ့ပါမယ်'

'လာပါကွာ။ ငါတစ်ယောက်လုံးရှိနေတာ ကြောက်ဖို့ မလိုပါဘူး။ ဒန်းတွေ ပိုင်ရှင်ရှိကြောင်း ပြလိုက်ပါဦး'

ဆရာကြီး စကားကြောင့် ဒန်းများ လူစီးသကဲ့သို့ တကျွီကျွီမြည်ပြီး လှုပ်ယမ်းသွားကြသည်။ ကျွန်တော် ဆရာကြီးခြုံထည်စကိုကိုင်ရင်း ပါစွန်ပါတောင်ဘက်သို့ လိုက်ပါခဲ့ရသည်။

ပါစွန်ပါတောင်မှာ ဒေးစွန်ပါတောင်တော်ထက် နိမ့်နေသော်လည်း တစ်ဆက်စပ်တည်းရှိနေသော တောင်ဖြစ်သည်။ ပါစွန်ပါတောင်ထိပ်သည် အကျယ်အဝန်းသေးလှသည်။ တောင်ပေါ်၌ အင်ဖက်မိုး အင်ဖက်ကာ ဝါးခင်းတဲလေး တစ်လုံးသာ ရှိသည်။ ထိုတဲသည် ရသေ့ကိုရွှေထွန်း၏ တဲကျောင်းလေး ဖြစ်သည်။ ဆရာကြီးနှင့်ကျွန်တော် ရောက်သွားသည်နှင့် ရသေ့ကိုရွှေထွန်းကို တဲကျောင်းရှေ့ရှိ တောင်ကြီးပင်အောက် ဝါးကွပ်ပျစ်လေးမှာ ထိုင်နေသည်ကို တွေ့လိုက်သည်။

'ဘယ့်နှယ် ကိုရသေ့၊ ရသမျှသွတ်နေလို့ ရသွတ်ဖြစ်နေပြီလား'

ဆရာကြီးပြောစကားကြောင့် ကျွန်တော် အံ့အားသင့်သွားမိသည်။ ရသေ့ကိုရွှေထွန်းမှာ ပါစွန်တောင်သို့ ရောက်ရှိပြီး တရားကျင့်ကြံ အားထုတ်နေသည်မှာ သုံးနှစ်ခန့်ရှိပြီ ဖြစ်သည်။ တောရဆောက်တည်ခြင်းသည် ပါရမီဆယ်ပါး၌ အိမ်၊ ကျောင်းကိုစွန့်ခွာ၍ တောတောင်အရပ်၌ တရားအားထုတ်ခြင်းသည် နိက္ခမပါရမီဖြစ်သည်ဟု ကျမ်းဂန်များတွင် ပြဆိုထားသည်။ ကိုရွှေထွန်းသည် လူသာမန်တို့ လုပ်ကိုင်နိုင်ခြင်းမရှိသော မိသားစုကိုစွန့်ခွာ၍ နိက္ခမ



www.burmeseclassic.com

ပါရမီမြောက် ကျင့်ကြံအားထုတ်နေခြင်းဖြစ်သည်။ ကိုရွှေထွန်းသည် ဆရာကြီးကို ထိုင်ကန်တော့ရင်း ခရီးဦးကြို ပြုသည်။

'ကိုသိန်းထွန်းရေ..ခင်ဗျားကို သည်တောင်မှာ တွေ့ရလိမ့်မယ်လို့ မျှော်လင့်မထားဘူး။ ဝမ်းသာလိုက်တာဗျာ။ ခင်ဗျားရဲ့အတွေ့အကြုံတွေ ကျွန်တော့်ကို ပြောပြပေးပါဦး'

ကိုရွှေထွန်းနှင့်ကျွန်တော် စကားလက်ဆုံကြနေစဉ် ဆရာကြီးပညာရွှေ တဲပေါ် တက်သွားသည်။ ဆရာကြီးအတွက် နေရာထိုင်ခင်း ပြင်ဆင်ပေးရန် တဲထဲသို့ ဆရာကြီးနောက်မှ လိုက်ဝင်ရသည်။ တဲပေါ်မှာ ဦးပဥ္စင်းတစ်ပါး ရှိနေသည်။

'အပုပ်ကောင် ရုပ်ဆောင်နေပါလား။ တွေ့လိုက်ရမှဖြင့် မသာတွေချည်းပဲ'

ဆရာကြီးပညာရွှေ တစ်ခါတစ်ရံ စကားပြောလျှင် ဘုကန့်လန့်ကြီး ပြောတတ်သည်။ ဦးပဥ္စင်းမှာ သင်္ကန်းကို ခေါင်းမြီးခြုံပြီး အိပ်နေသည်ကို တွေ့ရသည်။

'မသာဆိုတော့မှ လက်ဖက်ရေးပေးနိုင်ပါဦးမလား။ လက်ဖက်ရေးပေးစေချင်ရင် ကျုပ်ကို ကန်တော့ဦးဗျ'

ဦးပဥ္စင်းက ခေါင်းမြီးခြုံသင်္ကန်းကို ဖယ်လိုက်ပြီး ထထိုင်လိုက်သည်။ ဦးပဥ္စင်း၏ ဥပဓိရုပ်သည် လွန်စွာမှ ကောင်းလှသည်။ မျက်နှာမှာ ကြည်လင်နေပြီး မျက်လုံးအစုံမှာ စူးရှတောက်ပြောင်လှသည်။

ဆရာကြီးက 'သံဃာ့ဂုဏ်ကို ရည်စူး၍ ကန်တော့ပါသည်'ဟုဆိုပြီး ဦးသုံးကြိမ်ချသည်။ ကျွန်တော်လည်း ဦးသုံးကြိမ်ချ ကန်တော့လိုက်ရ၏။

'ဦးသူတော် ဆင်ပြောင်ကြီး အမြီးတစ်နေပါလား။ ယောင်ချာချာ လုပ်မနေနဲ့၊ ထွက်ဖို့ လုပ်ပေတော့'

ဦးပဥ္စင်းက တိုတောင်းလှသော စကားကိုပြောပြီး ထ၍ တဲကျောင်းပေါ်မှ ဆင်းသွားတော့သည်။ ရသေ့ကိုရွှေထွန်း၏ တဲကျောင်းဘေးမှာ တောင်ဆင်းလမ်းလေးရှိသည်။ ပါစွန်ပါတောင်မှ ဒေးစွန်ပါတောထဲသို့သွားသော လမ်းလေးဖြစ်သည်။

'ဓာတ်ရှုးရသေ့လေး၊ ဓာတ်ရှုးဆိုတာ ကိုယ့်ကိုယ်ကိုယ် အရင်ထူးအောင် လုပ်ရတယ်။ ကိုယ်က မထူးရင် ဓာတ်က လူနဲ့ မနေတော့ဘူး။ လူထွက်ရင်ထွက်၊ မထွက်ရင် ဓာတ်ထွက်သွားတတ်တယ်။ မှတ်ထားပေတော့'

ကိုရွှေထွန်း တွေပြီး ကျန်နေခဲ့သည်ကို မြင်လိုက်ရသည်။ ကျွန်တော် တဲထဲမှ ထွက်လိုက်သည်။ ဆရာကြီး အေးချမ်းစွာ အနားယူနိုင်ရန် ဖြစ်သည်။

'ကိုသိန်းထွန်းရေ၊ ပြန်ကြွသွားတဲ့ ဦးပဥ္စင်းဟာ ခင်ဗျားတို့မရောက်ခင် နံနက်အစောကြီး ကျွန်တော့်ဆီရောက်လာပြီး တဲပေါ် တက်လာတာဗျ။ ကျွန်တော့်ကို တဲပေါ်က အပြင်ထွက်ခိုင်းပြီး သင်္ကန်းခေါင်းမြီးခြုံပြီး အိပ်နေတာ၊ ခင်ဗျားတို့ ရောက်လာမှ နိုးတော့တာ။ ကျွန်တော့်ကို တစ်ယောက်မှ အကောင်းမပြောကြဘူး'

ကိုရွှေထွန်းစကားကြောင့် ကျွန်တော် ရယ်မောပစ်လိုက်ရသည်။

'ကိုရွှေထွန်း ခင်ဗျားကို ပညာပေးတာနေမှာပေါ့'

ကျွန်တော်နှင့် ကိုရွှေထွန်းတို့ ဓာတ်ပေါင်းစုစေတီ၌ အဓိဋ္ဌာန်ဝင်ခဲ့ကြပုံများ၊ ပါစွန်ပါတောင်မှ သူ့အတွေ့အကြုံများကို စကားလက်ဆုံကျနေမိကြသည်။

'ကိုသိန်းထွန်းရ၊ ကျွန်တော်က ဝိပဿနာတရား လာကျင့်တာဗျ။ ခင်ဗျားလည်း ကျွန်တော့်ဘဝအကြောင်း သိနေတာပဲ။ ကျွန်တော့်ဇနီး ကွယ်လွန်သွားတော့ ကလေးတွေနဲ့ ယောင်ချာချာဖြစ်နေတာ။ သမီးကြီးက အလုပ်ရသွားပြီး ကျန်တဲ့ကလေးသုံးယောက်ကို သူ့တို့ကြီးဒေါ်ကြီးက တာဝန်ယူထားပြီး စိတ်တည်ငြိမ်အောင် တရားစခန်းဝင်ခိုင်းလိုက်တာ ကျွန်တော် ပါစွန်တောင်ကို ရောက်လာရတော့တာ။ သည်တောင်မှာ ရောက်ခါစအချိန်က ဝိပဿနာတရားပဲ အားထုတ်နေတာ။ ရက်အနည်းငယ်ကြာလာတော့ ထူးဆန်းတာတွေ တွေ့လာရတယ်။ ကျွန်တော်က ကြောက်တတ်တဲ့သူ မဟုတ်တော့ ခြောက်လှန့်တာတွေကို ဂရုမစိုက်ဘဲနေနေတာ မဟုတ်ဘူးဗျို့။ လပြည့်လကွယ်ညဆို သပိတ်လုံးလောက်ရှိတဲ့မီးလုံးတွေ ကောင်းကင်ယံမှာ ပျံတက်နေကြတာ မီးပုံးပျံတွေလား ထင်ရတယ်။ ကျိုက်ဇကောရွာကို ရောက်နေတဲ့ ဆရာကြီးဦးလှမောင် ပါစွန်ပါတောင်မှာ ရှိနေတုန်းအချိန်က ကဝေလို့ ခေါ်တဲ့ ဇော်ဂနီ၊ ဇော်ဂနက်၊ မောက်လုံး၊ မောက်ပြား၊ ဇနပဒဂန္ဓာရီ ပညာရှင်တွေကို သူ့ပညာအစွမ်းနဲ့ အပြတ်ရှင်းပစ်တာ ဘယ်မီးလုံးမှ မတောက်စားဘူး။ ဆရာကြီးလည်း မရှိရော ပြန်ပြီးတောက်စားကြပြန်တယ်။ ခင်ဗျားမြင်ချင်၊ တွေ့ချင်ရင် သည်နေ့ည သည်မှာ အိပ်ပျာ'

www.burmeseclassic.com

ရသေ့ကိုရွှေထွန်း စကားဆုံးသည်နှင့် တဲထဲမှ ဆရာကြီး ပညာရွှေ ထွက်လာသည်။

'လူလေး..သွားကြရအောင်။ တောင်ပေါ်က ဆင်းကြမယ်။ ကိုရွှေထွန်း ဓာတ်ကစားတာ အတော်ဖြစ်နေပြီပဲ။ ရွှေဖြစ်ငွေဖြစ်လုပ်ရပ်ကို ရပ်လိုက်ပေတော့။ မောင်ရင့်လုပ်ရပ်နဲ့ မရသေးဘူး။ အေးလေ၊ ဝဋ်ကြွေးရှိရင်လည်း ဆပ်ပေဦးတော့'

ဆရာကြီးက ပြောပြောဆိုဆို ပါစွန်ပါတောင်မှ ဆင်းချသွားတော့သည်။ ကျွန်တော် ရသေ့ကိုရွှေထွန်းကိုပင် နှုတ်မဆက်အားတော့ ဆရာကြီးနောက်သို့ မီအောင်လိုက်ရသည်။ တောင်အောက်ရောက်ပြီး လမ်းတစ်လျှောက် ကျွန်တော်သိလိုသော အကြောင်းကို မေးရသည်။

'လူလေး.. ရသေ့ကိုရွှေထွန်းအကြောင်း မေးမလို့ မဟုတ်လား။ သူဟာ အင်္ဂရိတ်ဖိုထိုးတဲ့သူကွ။ သူ့တဲကျောင်းနောက်မှာ ဖိုရုံရှိတယ်။ သူ့ဓာတ်လုံးက အောင်မြင်နေပြီ။ သူက ရွှေဖြစ်တဲ့ စားလမ်းလိုက်နေလို့ ပညာခန်းမပွင့်တာ။ သည်ပါစွန်ပါတောင်မှာ ဘုရားတည် သာသနာပြုရမှာ။ လမ်းလွဲနေလို့ မကြာခင် ရသေ့ဝတ်ကနေ လူ ဖြစ်တော့မှာ။ လူတွေဟာ မြတ်စွာဘုရားဟောကြားတဲ့ သုညနော ဥမ္မတ္တကော ဆိုတဲ့စကား မှန်လိုက်တာ။ တစ်ခုတော့ စိတ်ကူးနဲ့ ရူးနေကြတာ'

ဆရာကြီးပညာရွှေမှာ သိသလောက်ကို စကားအတုန် မပြောပါ။ သိသင့်သလောက်သာ ပြောတတ်၏။

[မှတ်ချက်-နောက်(၆)လအကြာကာလ၌ ရှသေ့ကိုရွှေထွန်း လူထွက်ပြီး အိမ်ပြန်ရောက်နေကြောင်း ကြား၍ ဆရာကြီး အမိဋ္ဌာန်ခရီးထွက်နေစဉ် ဝင်ဒါမီယာဆတ်ပေါင်းစုံစေတီ၌ ကိုရွှေထွန်းနှင့် တွေ့ဆုံခဲ့ရသည်]

'ကိုသိန်းထွန်းရေ၊ ကျွန်တော့်ပါရမီက သည်လောက်ပဲ ပါတာ။ ကလေးတွေကို သူတို့ကြီးဒေါ်ကြီးက မစောင့်ရှောက်နိုင်ဘူး အကြောင်းကြားလာတာနဲ့ ပါစွန်ပါတောင်က ပြန်ခဲ့ရတာ။ ခင်ဗျားလို ဆရာကောင်းနဲ့ မတွေ့ခဲ့ရတော့ ကျွန်တော် ပညာမရခဲ့တာ။ သည်ဘဝမှာ ဒါလောက်နဲ့ ပြီးတာပဲ'

ဆရာကြီးထံမှ သိလိုသော အကြောင်းများ မေးလာရင်း ဝမ်းဘဲအင်းရွာ မန္တလေး-ရန်ကုန် ကားလမ်းမကြီးသို့ ရောက်လာကြသည်။

'လူလေး..ငါ နေမွန်းတည့်အမီ ပဲခူးမြို့က ကိုသိန်း ကိုးသန်းတောင်ကို အရောက်သွားရမယ်။ ကျိုက်ဇကောရွာက ဆရာကြီးဦးလှမောင်ဆီကို မင်းလည်း နေမွန်းတည့်ချိန် အရောက်သွားပေတော့။ ကျိုက်ဇကောမှာ မင်း ညအိပ်ပြီး ဆရာကြီးဦးလှမောင်ထံက ပညာနဲ့ ဆေးတော်တွေ ယူလာခဲ့။ မနက်ဖြန် နေမွန်းတည့်ချိန် ကိုးသိန်းကိုးသန်း တောင်တော်က ဆရာတော် ဦးကေတုကျောင်းမှာ ပြန်ဆုံကြမယ်'

ဆရာကြီးသည် ပြောပြောဆိုဆို ညောင်လေးပင်မြို့ဘက်က ဆင်းလာသော ကားများကို တစ်စီးပြီးတစ်စီး တားနေသည်။ ကားတစ်စီးမှ ရပ်မပေးကြပါ။ ဆရာကြီးအတွက် ကျွန်တော် စိတ်ပူနေမိသည်။ အသက်အရွယ်ကြီး၍ ကားစီးရသည်မှာ နေရာကောင်းမရလျှင် ဒုက္ခခံရသည်။ ဆရာကြီးပညာရွှေသည် ခံ့ညားထည်ဝါစွာ ဟိတ်ဟန်မရှိနေတတ်သူဖြစ်၍ ညောင်လေးပင်မှ ရန်ကုန်မြို့သို့ ပြေးဆွဲသော လိုင်းကားမှလွဲ၍ ကိုယ်ပိုင်ကားများက တင်မခေါ်သွားကြချေ။

ကားလေး,ငါးစီးတား၍ မရသည့်အဆုံး ဆရာကြီး ပညာရွှေ နှုတ်က တတွတ်တွတ် ရွတ်နေသည်ကို တွေ့ရပြီး ကိုယ်ပိုင်ဆလွန်းကားလေးတစ်စီး အမြန်မောင်းလာသည်ကို တွေ့လိုက်ရသည်။ ထိုကားလေးမှာလည်း ရပ်မပေးပါ။ ဆရာကြီးကို ကျော်သွားပြီး ဝါးတစ်ရိုက်အကွာအဝေး၌ ထိုကားလေး ထိုးရပ်သွားသည်။ ဆရာကြီးပညာရွှေ ကားနားသို့ လျှောက်သွားစဉ် ကားပေါ်မှ လူရည်သန့်တစ်ဦး ဆင်းလာပြီး ကားခေါင်းဘက်ရှိ စက်အဖုံးကို မ,တင်လိုက်သည်ကို မြင်လိုက်ရသည်။ ကားပျက်၍ ရပ်လိုက်ခြင်းဖြစ်သည်။ ဆရာကြီးပညာရွှေ ကားနားရောက်သွားပြီး ဝိုင်းပြင်ပေးလိုက်သည်နှင့် ထိုကားလေး ကောင်းသွားပြီး ဆရာကြီးကိုပါ တင်ခေါ်သွားတော့သည်။

ကျွန်တော်လည်း ရန်ကုန်-ညောင်လေးပင် လူစီးလိုင်းကား ရောက်လာ၍ ဝမ်းဘဲအင်း၌ ခရီးသည်တချို့ဆင်းကြစဉ် ကျိုက်ဇကောရွာသို့ ထိုလိုင်းကားဖြင့် လိုက်ပါခဲ့ရတော့သည်။

သိန်းထွန်းဦး



www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မပါလရှာပုံတော်

စကြာကောင်းစံ

ရွှေကြက်ဆို ညီနောင်၊ တောင်နှစ်လုံးညီညီ့ဆီက၊ မေကရမက်ကိုသယ်ဆောင်၊ ရှောင်အုန်းစို့ရယ်လို့၊ မောင်မောင်ဘုန်းတို့ ပို့ခဲ့ပါတဲ့၊ စရာရွှေဘုံ၊ အိုကွယ် အောင်တစ်နှန်း ကြီးလောက်ပါတဲ့ ဟံသာဧယျ။

တအားမန္တ့စေဖို့ ဗားမဲ့ထေရ်အဆောင်က အခါညီအောင် ပေထက်ဝယ်၊ အင်းဆံမြုပ်စေပြီးတော့ ဓမ္မညီနောင် လှေတက်ငယ်တစ်စင်း သဏ္ဌာန်လုပ်လို့ရယ် ဆင်းသုတ်သုတ်စုန်။

ဆောင်ကြားရဝေ နှဲပျော်ဖို့ မဟုတ်လေတော့ မောင်ပါးလေး ပွဲတော်အုပ်ကယ်ကြောင့် အကဲနော် မယုတ်စရာ ပဋ္ဌင်းပါစကရယ်နဲ့ မင်းဆရာဋ္ဌာန အခြေကောင်းကြို ရွှေကျောင်းဘုံကိုတော့ ငါဆောင်နှင်း။

မပျော်ပြန် ကလော်ဉာဏ် အေဂ္ဂရယ်နဲ့ ထက်လှစွာ ရှပ်ချေတဲ့ ဆေးကိုလ ရက်သတ္တအကြာ မြုပ်စေလို့ မေးမြီးတော့ ကျွန်ုပ်သေဘော အစီအစဉ်နဲ့ ညီခင်မိုက်ပုံ ပြောရရင်တော့ အတောသတ်အောင်လို့ သေရွာသွင်းလိုက်ရ ကိုရင်အောင်ရယ် ပြောစမှတ်ပေပ လောကဓာတ်ဖွဲ့ချာ အတွင်း။

ဖော်ပြပါ တေးထပ်သည် မြန်မာသက္ကရာဇ်(၁၃၈၈) ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၃)ရက်၊ အင်္ဂါနေ့က ဖွင့်လှစ်ခဲ့သော ကသာမြို့၊ ပန်းထိမ်တန်းရပ်၊ အောင်ပန်းဆီစက်ပိုင်ရှင် ဦးကိုကြီး၊ ဒေါ်ကြည်တို့၏ နေအိမ်မှ ဓာတ်ခန်း (အဘအခေါ် ဓမ္မသာလာစခန်း)တွင် အဘအောင်မင်းခေါင်က သီဆိုကာ အိမ်ရှင် ဦးကိုကြီးက မှတ်တမ်းတင်ထားသည့် တေးပင်ဖြစ်သည်။ ဤတေးက ဓမ္မစေတီ၊ ဓမ္မပါလအဘဝကို ရည်ညွှန်းသည်ဟု အဘက ဆိုသည်။

## ဓမ္မစေတီ

မြန်မာ့အမိုင်း ဟံသာဝတီ(ပဲခူး)ခေတ်တွင် ထင်ရှားသော ဓမ္မစေတီမင်းသည် (၈၃၄)ခုနှစ်မှ (၈၅၄)ခုနှစ်အထိ နှစ်ပေါင်း(၂၀)တိုင် ဟံသာဝတီနန်းကို စိုးစံအုပ်ချုပ်သည်။ ဓမ္မစေတီမင်းသည် သာသနာတော်ကို လွန်စွာကြည်ညိုသည်။ စာပေပရိယတ္တိ တတ်ကျွမ်းသည်။ သာသနာပြုရာတွင် အထင်ရှားဆုံး မင်းတစ်ပါးဖြစ်သည်။ သာသနိကအဆောက်အအုံများစွာ ဆောက်လုပ်လှူဒါန်းသည်။ ဗုဒ္ဓဂယာသို့ သံတမန်များ စေလွှတ်ခြင်း၊ သီဟိုဠ် (ယခု သီရိလင်္ကာ)ကျွန်းသို့ သံဃာတော်များကိုလွှတ်၍ ကလျာဏီမြစ်တွင် သိက္ခာသစ်တင်စေသည်။ သီဟိုဠ်သို့ လွှတ်သော သံဃာတော်များ ဟံသာဝတီကို ပြန်ရောက်လျှင် နေပြည်တော်အနောက်ဘက်၌ ကလျာဏီသိမ် သမုတ်ခြင်းပြုတော်မူသည်။ တစ်ဖန် သံဃာတော်များအား သိမ်ဝင်၍ သိက္ခာသစ်တင်စေရန် အားပေးတော်မူသည်။ ကျောက်ပြား(၁၀)ချပ်ပေါ်တွင် ကမ္ဘည်းစာတင်လျက် ကလျာဏီကျောက်စာကို ထွင်းထုပူဇော်ခဲ့ပါသည်။

နိုင်ငံတော်အရပ်ရပ်က သာသနာရေးရာ ကိစ္စများကို ကိုယ်တိုင် ဖြေရှင်းပေးတော်မူသည်။ တရားဓမ္မအား အဖြတ် မှန်ကန်မှုကြောင့် ဓမ္မစေတီမင်း၊ ဓမ္မစေတီဖြတ် ဟု ထင်ရှားကျော်ကြားခဲ့သည်။

အကယ်စင်စစ် ဓမ္မစေတီမင်းသည် ဘုရင်မ ရှင်စော ပု၏ ကယ်တင်ရှင် ရဟန်းအရှင်ဓမ္မဓရဖြစ်ပြီး လူထွက်စေကာ သမီးတော်နှင့် လက်ဆက်စေပြီးနောက် အိမ်ရှေ့ ဘဝမှ နန်းအပ်ခဲ့ခြင်း ဖြစ်သည်။

ဝိဇ္ဇာအမြွက် ရောက်ရှိရာတွင် ဓမ္မစေတီမင်းခေါ် ကျော်ကြားပြီး အဘအောင်မင်းခေါင်က ဒါလည်း ငါပဲ မကြာခဏ ပြောလေ့ရှိပါသည်။

## ဓမ္မပါလ

အရှင်ဓမ္မဓရတွင် မွေးချင်းညီ ရဟန်းတစ်ပါးရှိသ ဘွဲ့တော်က အရှင်ဓမ္မဉာဏဖြစ်ပြီး နောင်တွင် ဓမ္မ အဖြစ် ထင်ရှားသည်။ မွန်ရဟန်းညီနောင်တို့ ဟံသာ မှာရှိနေစဉ် ဟံသာဝတီနှင့် အင်းဝရှေ့ညီ မကြာ

www.burmeseclassic.com

စစ်ဖြစ်နေကြသည်။ အင်းဝမှ မြန်မာဘုရင် ကြီးကျွဲစော်ကဲ ဘုရင်မင်းခေါင်နှင့် သား တော် မင်းရဲကျော်စွာ၊ သီဟသူတို့ ဦးဆောင် သော ဟံသာဝတီဘက်မှ မွန်ဘုရင် ရာဇာဓိ ရာဇ်၊ ဗညားဓမ္မရာဇာညီတော် ဗညားကြမ်း၊ ဗညားရဲ့တို့ ဦးစီးကြသည်။

အင်းဝဘုရင်မင်းခေါင်နှင့် ရာဇာဓိရာဇ် တို့ လက်ထက် မွန်-မြန်မာစစ်ပွဲမှာ အပြင်း ထန်ဆုံးနှင့် အရှည်ကြာဆုံးစစ် ဖြစ်ခဲ့သည်။ နှစ်ပေါင်း(၄၀) ကြာရှည်၏။ သက္ကရာဇ် (၇၈၄)ခုနှစ်တွင် ဘုရင်မင်းခေါင် နတ်ရွာစံပြီး သက္ကရာဇ်(၇၈၅)ခုနှစ်တွင် ရာဇာဓိရာဇ် နတ် ရွာစံသည်။ အင်းဝတွင် သီဟသူ နန်းအောက်၍ ဟံသာဝတီတွင် ရာဇာဓိရာဇ်၏ သား တော်အကြီး ဗညားဓမ္မရာဇာ နန်းတက်သည်။

ဟံသာဝတီနေပြည်တော်တွင် ဗညားဓမ္မ ရာဇာနှင့် ညီတော် ဗညားရဲ ညီနောင်နှစ်ပါး သင့်မတင့်ဖြစ်နေချိန် အင်းဝမှ သီဟသူ စစ် ချီ၍ လာလေသည်။ ဖွဲ့ရိုမရဲဖြစ်နေသော ဟံ သာဝတီအနေဖြင့် အင်းဝဘုရင် သီဟသူကို အံတုပက်ပြိုင် အနိုင်ရအောင် ခုခံတိုက်ခိုက် နိုင်စွမ်း မရှိရကား မဟာမိတ်ဖွဲ့သည့်အနေဖြင့် နှမတော် ရှင်စောပုကို အင်းဝဘုရင်သို့ ဗညားရဲက ဆက်သသျက် မွေ့မျိုးစပ်သည့် နည်းဖြင့် စစ်ပြေငြိမ်းလိုက်သည်။

ရှင်စောပုသည် ရှေးတော်များသဘင်မကား ကိုးကွယ် ယုံကြည်ရာ မွန်ရဟန်းတော် နှစ်ပါးဖြစ်သည့် အရှင်ဓမ္မ စေနှင့် အရှင်ဉာဏတို့ကိုပါ ဘိုးသူတော် ဦးမုဆိုးနှင့်အတူ အင်းဝရွှေပြည်သို့ ဖျင့်ဆောင်သွားခဲ့လေသည်။

အင်းဝဘုရင် မိဖုရားအဖြစ် စံနေတော်မူရသော်လည်း ဟံသာဝတီထီးနန်းကို ဆွမ်းရသူ ရှင်စောပုသည် သီဟသူ ထံမှ လွတ်မြောက်ရေး လွတ်မြောက်ကြောင်း ကြံစည် ချက်ကို အရှင်ဓမ္မစေ ထိုယံတော်နှင့် တိုင်ပင်ဆောင်ရွက်ခဲ့ သည်။ ထိုအချိန်တွင် အင်းဝဘုရင်၏ မြင်းဆရာကို စားမှု တော်ကြီးဖြစ်ပြီး သဘောတူပြုမည့်သူများဖြစ်သည့် ချက်ကို ထိုမွှာတို့အဘိဓမ္မာပညာဖြင့် ပါရမီကို ဖြည့်ဆည်း ပေးခဲ့ပါသည်။


ဝတ်လုံတော်ရ ဘောမင်းခေါင်

ဗညားမဲ့အသီးရဲ့နေတော်မူကြီး ဓမ္မစေ အဓိပတိချုပ်ကိုး ထံရင်ဘာသာ ကျောင်းဆောင်တွင် အခန်းချုပ်ဘုံကပ်ပြီး ရှင်စောပု၊ ရဟန်း တော်နှစ်ပါးနှင့် ဦးအကွတို့ကို တင်ဆောင်ကာ အင်းဝရွှေ ပြည်မှ ဆရာ့ဒေါ်မြစ်ကို စုန်ဆင်းလျက် ဟံသာဝတီသို့ ထွက်ပြေးစေခဲ့သည်။ ရှင်စောပု ထွက်ပြေးသည်ကို အင်းဝ ဘုရင်သီဟသူ သိရှိခဲ့ခြင်း စစ်သည်ရဲမက်များနှင့် မြစ်ကြောင်း အတိုင်း လိုက်လံရှာဖွေ ဖမ်းဆီးစေသော်လည်း ဓမ္မစေတို့ အဘိဓမ္မာပညာဖြင့် စီမံထားရှိ၍ ရှာဖွေမရဘဲ ပြန်ခဲ့ကြရ သည်။

ရှင်စောပုသည် သက္ကရာဇ်(၈၃၄)ခုနှစ်တွင် ဟံသာ ဝတီထီးနန်းကို ဘုရင်မအဖြစ် စိုးစံတော်မူသည်။ ကျေး ဇူးရှင် ရဟန်းတော်နှစ်ပါးကို နန်းတော်သို့ပင့်ကာ ချေး ဖူးဆပ်ရန် အစီအစဉ်ပြုသည်။ ရဟန်းညီနောင်အနက် မင်း ဖြစ်ထိုက်သူကို ရွေးချယ်၍ သမီးတော်ကြီးနှင့် လက်ဆက် ထိမ်းမြားကာ အိမ်ရှေ့စံနန်းလျာအဖြစ် ထားရှိ၍ စီစဉ်

www.burmeseclassic.com

သည်။

ပွဲတော်ဆွမ်းအုပ်နှစ်ခု စီစဉ်ကာ တစ်ခုအတွင်းမှာ မင်းမြောက်တန်ဆာငါးပါးထည့်၊ ကျန်တစ်ခုမှာ ဆွမ်းထည့်ကာ မင်းချင်းများကို ရဟန်းညီနောင် ဆီကပ်လှူရန် စေခိုင်းသည်။ မင်းမြောက်တန်ဆာငါးပါးပါ ပွဲတော်အုပ်သည် အစ်ကိုရဟန်း အရှင်ဓမ္မစရ လက်ခံရကြောင်း မင်းချင်းများက လျှောက်တင်သောအခါ ဘုရင်မရှင်စောပုသည် အရှင်ဓမ္မစရကို လူဝတ်လဲစေကာ သမီးတော်ကြီးနှင့် လက်ထပ်ထိမ်းမြားစေလျက် အိမ်ရှေ့စံ အပ်နှင်းသည်။

ညီရဟန်း အရှင်ဓမ္မဉာဏကို ဓမ္မပါလဘွဲ့ဖြင့် နန်းဦးဆရာတော်အဖြစ် ကိုးကွယ်စေရာ ကျေနပ်မှုမရှိသော အရှင်ဓမ္မဉာဏသည် ဘိုးသူတော်ဦးအင်္ဂနှင့် ပူးပေါင်း၍ နောင်တော်ကို လုပ်ကြံရန် စီစဉ်သော်လည်း အထမမြောက်ခဲ့ပါချေ။ ဘုရင်မကြီး ရှင်စောပုသည် ဟံသာဝတီ ထီးနန်းစည်းစိမ်ကို အိမ်ရှေ့စံ ဓမ္မစေတီမင်းအား လွှဲအပ်ပြီး ဒဂုံသို့ ပြောင်းရွှေ့ကာ ရွှေတိဂုံဆံတော်ရှင်ကို ပြုပြင်မွမ်းမံရင်း သက်တော်(၇၈)နှစ်၌ နတ်ရွာစံခဲ့လေသည်။

အဘအောင်မင်းခေါင်သည် ဓမ္မစေတီမင်းခေါင်အဖြစ် သာသနာကို သူမတူအောင် ပြုလျက် ရွှေတိဂုံဆံတော်ရှင်ဘုရား ဒါယိကာမကြီး ရှင်စောပုတို့ကို ပါရမီဖြည့်ဆည်းခဲ့ပါလေသည်။

**အဘအောင်မင်းခေါင်၏ ကချင်ပြည်နယ်ခရီးစဉ်**

သက္ကရာဇ်(၁၂၈၀)ပြည့်နှစ်ဝန်းကျင်က အဘအောင်မင်းခေါင်သည် စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ကချင်ပြည်နယ်ကို ခေါက်တုံ့လူးလာ ကူးကာ နေထိုင်ခဲ့သည်။ မန္တလေး-မြစ်ကြီးနား ရထားလမ်းအတိုင်း မဲဇာ၊ ကသာ၊ အင်းတော်၊ နဘား၊ မော်လူး၊ နန့်စီအောင်၊ မော်ဟန်၊ မိုးညှင်း၊ နမ္မား၊ ဟိုပင်၊ မိုးကောင်း၊ မြစ်ကြီးနား၊ ဧရာဝတီမြစ်ကြောင်းအတိုင်း ထီးချိုင့်၊ ရွှေကူ၊ ဗန်းမော်၊ ဝိုင်းမော်နှင့် မြစ်ကြီးနားတို့၌ အဘခြေရာများချည်း ဖြစ်သည်။ ထိုစဉ်က နာမ်ကိုမသုံး ရုပ်ကိုသုံးသည့် အဘအောင်မင်းခေါင်သည်၊ ဖက်တဲရွာက ဒေါ်သွား၏သား ရုပ်ခွံကို ဆောင်ယူကာ သုံးစွဲခဲ့ကြောင်း တည်တောဆရာတော်ကြီးက ဂမ္ဘီရမဂ္ဂဇင်းမှာ ရေးသားခဲ့သည်။

အဘအောင်မင်းခေါင်သည် နမ္မားခရုချောင်း၌ လှည့်လည်နေထိုင်စဉ် ပါရမီဖြည့်ဖက် ဘဝအဆက်ဆက်မှ ပါရမီရှင်များကို လှည့်လည်ရှာဖွေ စုစည်းခြင်းအမှုကို လည်း ပြုခဲ့သည်။ တပည့်သာဝက အများအပြားထဲမှ အနီးကပ် လက်ပွန်းတတီးအနေဆုံးသူမှာ ဦးအပ်ကြီး (အများအခေါ် ဘအပ်ကြီး) ဖြစ်သည်။

သက္ကရာဇ်(၁၂၉၅)ခုနှစ်တွင် အဘအောင်မင်းခေါင် က ဘအပ်ကြီးကို အလုပ်တစ်ခု စေခိုင်းသည်။

"အပ်ကြီးရေ..ငါ ဓမ္မစေတီမင်းဘဝက ညီတော် ခဲ့တဲ့ ဓမ္မပါလကို မင်း တွေ့အောင်ရှာပေးရမယ်" ဟု အဘ က ခိုင်းသည်။

ယင်းကာလက ဓမ္မပါလသည် ကသာမြို့ဝန်းကျင်မှာ လူဝင်စား ဖြစ်နေသည်။ လူလတ်တန်းစား မိသားစု ပေါက်ဖွားသော သားယောကျ်ားဖြစ်သည်။ သစ်က ထရိုက်အဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသည်ဟု သည်။ အဘက ဘအပ်ကြီးကို ဓမ္မပါလ၏ ပုံပန်းသဏ္ဌာန် ကို သေသေချာချာ ပြောပြမှတ်သားစေပြီး ကသာမြို့နှင့် ကသာမြို့ပတ်ဝန်းကျင် ကျေးရွာများကို ရှာပုံတော်ခ စေလွှတ်ခဲ့သည်။

ရက်က လကိုကူးသည်၊ ဓမ္မပါလနှင့် တူတာ မတွေ့ လ,က နှစ်ကို ကူးသည်၊ မတွေ့သေးပါ။ သက္ကရာဇ် (၁၂၉၈)၊ (၁၂၉၉)သို့ရောက်သည့်တိုင် ဘအပ်ကြီးက ရှာနေဆဲ။ အဘပြောထားသည့် သွင်ပြင်လက္ခဏာနှင့် တူသူပင် မတွေ့သေး။

အဘအောင်မင်းခေါင်က ခရုချောင်းရွာကျောင်း အတွင်းမှာ ဇရပ်တစ်ဆောင်၌ စခန်းဖွင့်ထားသည်။ ဇရ က ခံ့ညားထည်ဝါမှုမရှိ။ သက်ငယ်မိုး၊ ဝါးထရံ သုံးပင်နှစ်ခန်းမျှသာရှိသော ဇရပ်ငယ်လေးသာဖြစ်သည် အဘ ဇရပ်မှာမရှိလျှင် စခန်းစောင့်ထားသည်။ ပထ စခန်းစောင့်က အဘွားမှံ၊ အဘက ဇရပ်မှာ စာရေးထာ သည်။ (ဧည့်လာဇရပ် လူမပြတ်စေနဲ့)ဟူ၏။ အဘဆီ လာ ကြသော သာဝကများအတွက် စခန်းစောင့်က စားစရ ကွမ်း၊ ဆေး လိုလေသေးမရှိ ပြုစုစောင့်ရှောက်ရသည်။

တစ်နေ့သော် အဘအောင်မင်းခေါင်သည် နဘာ ဘူတာသို့ သွားသည်။ နမ္မားနှင့် နဘားသည် မိုင်(၄၀) သော်လည်း အဘက တစ်ခဏနှင့် ရောက်သည်။ အ လမ်းလျှောက်ပုံက အရေးတကြီး ခပ်သုတ်သုတ် နဘားသို့ ရောက်လျှင် ပင်ဝယ်သို့ ဆင်းလျှော



www.burmeseclassic.com

www.burmeseclassic.com

သည်။ မီးရထားသံလမ်းတစ်လျှောက် ဆက်လျှောက်သည်။ နဘားဘူတာနှင့် ပင်ဝယ်ဘူတာကြား မီးရထားသံလမ်း တစ်နေရာသို့ရောက်လျှင် သံလမ်းကို ကန့်လန့်ဖြတ်လျက် အရှေ့ဘက်သံလမ်းကိုခေါင်းတင်၊ အနောက်ဘက်သံလမ်းပေါ် ခြေအစုံထားလျက် လဲလျောင်းအိပ်စက်နေတော့သည်။

ထိုအချိန်မှာ မန္တလေး-မြစ်ကြီးနားသွား အဆန်စာပို့ရထားသည် အရှိန်ဖြင့် ခုတ်မောင်းလာနေရာ သံလမ်းပေါ်တွင် လူတစ်ယောက် အိပ်နေသည်ကို တွေ့မြင်ရသဖြင့် ရထားကို တုံ့ခနဲ ရပ်ပစ်လိုက်ရသည်။ ရထားစက်ခေါင်းမောင်းများ၊ ဂတ်ဗိုလ်များ သွားရောက်ကြည့်ရှုသောအခါ အဘက ထိုသူတို့ကို လက်ဆွဲ၍ တံတားကျိုးနေသည်ကို ပြသည်။ ထိုတံတားသည် ညက မိုးလေကြီး၍ ကျိုးပျက်ခဲ့ခြင်းဖြစ်သည်။ အဘသာ တားဆီးမှုမပြုလျှင် ချောင်းရေစီးထက် တံတားကျိုးပျက်ပေါ် သံလမ်းများ ပြတ်တောက်နေသဖြင့် ရထားနှင့် ရထားပေါ်ပါ ခရီးသည်များ၊ ဝန်ထမ်းများ၏ ကံကြမ္မာ မတွေးဝံ့စရာပင် ဖြစ်သည်။

ရထားပေါ်တွင်ပါလာသော ဝန်ထမ်းများ၊ ခရီးသည်များက အဘအောင်မင်းခေါင်ကို ကျေးဇူးတင်မဆုံး ဖြစ်နေလေသည်။ အဘသည် ရထားပေါ်တွင် ပါလာသူများကို လိုက်လံကြည့်ရှုပြီး ချောင်းကူးတံတား ပြင်ဆင်ရန် ဆောင်ရွက်နေချိန်တွင် ထိုနေရာမှ ထွက်ခွာသွားပါသည်။

အဘအောင်မင်းခေါင်သည် သူကယ်တင်ခဲ့သော ရထားပေါ်၌ သူ ရှာဖွေစေခိုင်းခဲ့သော မမွေစေတီမင်းဘဝက ညီတော်စပ်သူ မမွေပါလ လိုက်ပါလာသည်ကို သိရှိသွားပါတော့သည်။

**စကြာကောင်းစံ**

**စာကိုးစာရင်း**

၁။ စကြာအောင်၏ အောင်မင်းခေါင်ဘဘုရား
အဌာပွဲတော်ကျင်းပစဉ်နှင့် သာသနာပြုလုပ်ငန်းများ
(မူကြမ်း)။
၂။ အရှင်ကဝိန္ဒ(ပုပ္ပား)၏ ဘိုးမင်းခေါင်။
၃။ အောင်မော်စံဆရာတော် (ကချင်ပြည်နယ်)၏
ဝိဇ္ဇာတကယ်ရှိသလား။


ဆရာဦးသိန်းဝင်း
B.A (Geog:), ဒ.ဘ.န.ဝ (တ.ဆ-၁၄၃၂)
ပြည်တော်စံ
တိုင်းရင်းဆေးကုခန်း
နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အာရုံကြော
အားနည်း၊ လေငန်း/လေဖြတ်၊
ကိုယ်ခံအားကျခြင်း၊
အကြောနှင့်ပတ်သက်သော ရောဂါများ
ကုသပေးပါသည်။
✤ လေဖြတ်ရောဂါ ဝေဒနာရှင်များ
အထူးကုသပေးပါသည် ✤

လေဖြတ်ခြင်းကို
ကြိုတင်ကာကွယ်ပါ
လေဖြတ်မည့် သင်္ကေတများ
* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိတွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ၊ လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း
စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (မိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။
၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၃၁၆၅၂၇၂၄


www.burmeseclassic.com

www.burmeseclassic.com

# (၂၀၁၇)ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း၊ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နက္ခရွှတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့်အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချီးကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဓမ္မိရှမရီသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆိုင်သော ထပ်တူကျနိုင်စေဖို့ရာ အတွေးသံစဉ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မွေးသိသူတွေ ကျော်သွားပြီး သိုသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ် အရှေ့လောင်ဂျီတွဒ်(၉၇ ဒီ ၃၂)၊ မြောက်လတ္တီတွဒ်(၁၆ ၂၃)ကို အခြေခံကာ လ,အလိုက် နေထွက်၊နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့်

ဘောတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဓမ္မိရှချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀ ၁၅၃ ၄၄၉၆ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ် သိရှိအကျိုးသက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - [illegible] | [illegible] |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| [illegible] | [illegible] |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၁၀ - ၈း၁၀ | မိန် |
| ၈း၁၀ - ၁၀း၁၀ | မိဿ |
| ၁၀း၁၀ - ၁၂း၁၀ | ပြိဿ |
| ၁၂း၁၀ - ၁၄း၁၀ | မေထုန် |
| ၁၄း၁၀ - ၁၆း၁၀ | ကရကဋ် |
| ၁၆း၁၀ - ၁၈း၁၀ | သိဟ် |
| ၁၈း၁၀ - [illegible] | [illegible] |
| ၂၀း၁၀ - ၂၂း၁၀ | တူ |
| ၂၂း၁၀ - ၂၄း၁၀ | ဗြိစ္ဆာ |
| [illegible] | [illegible] |
| ၂း၁၀ - ၄း၁၀ | မကာရ |
| ၄း၁၀ - ၆း၁၀ | ကုမ် |

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၀၅း၄၅ - ၀၇း၄၅ | မိဿ |
| ၀၇း၄၅ - ၀၉း၄၅ | ပြိဿ |
| ၀၉း၄၅ - ၁၁း၄၅ | မေထုန် |
| ၁၁း၄၅ - ၁၃း၄၅ | ကရကဋ် |
| ၁၃း၄၅ - ၁၅း၄၅ | သိဟ် |
| ၁၅း၄၅ - ၁၇း၄၅ | ကန် |
| [illegible] | တူ |
| ၁၉း၄၅ - ၂၁း၄၅ | ဗြိစ္ဆာ |
| ၂၁း၄၅ - ၂၃း၄၅ | ဓနု |
| ၂၃း၄၅ - [illegible] | မကာရ |
| ၀၁း၄၅ - ၀၃း၄၅ | ကုမ် |
| ၀၃း၄၅ - ၀၅း၄၅ | မိန် |



www.burmeseclassic.com

www.burmeseclassic.com

| မေလ (၁၄)ရက်မှ နွန်လ (၁၄)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၂၅ - ၇း၂၅ | ပြိဿ |
| ၇း၂၅ - ၉း၂၅ | မေထုန် |
| ၉း၂၅ - ၁၁း၂၅ | ကရကဋ် |
| ၁၁း၂၅ - ၁၃း၂၅ | သိဟ် |
| ၁၃း၂၅ - ၁၅း၂၅ | ကန် |
| ၁၅း၂၅ - ၁၇း၂၅ | တူ |
| ၁၇း၂၅ - ၁၉း၂၅ | ဗြိစ္ဆာ |
| ၁၉း၂၅ - ၂၁း၂၅ | ဓနု |
| ၂၁း၂၅ - ၂၃း၂၅ | မကာရ |
| ၂၃း၂၅ - ၁း၂၅ | ကုမ် |
| ၁း၂၅ - ၃း၂၅ | မိန် |
| ၃း၂၅ - ၅း၂၅ | မိဿ |

| နွန်လ (၁၅)ရက်မှ ဝါဆိုလ (၁၅)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၂၀ - ၇း၂၀ | မေထုန် |
| ၇း၂၀ - ၉း၂၀ | ကရကဋ် |
| ၉း၂၀ - ၁၁း၂၀ | သိဟ် |
| ၁၁း၂၀ - ၁၃း၂၀ | ကန် |
| ၁၃း၂၀ - ၁၅း၂၀ | တူ |
| ၁၅း၂၀ - ၁၇း၂၀ | ဗြိစ္ဆာ |
| ၁၇း၂၀ - ၁၉း၂၀ | ဓနု |
| ၁၉း၂၀ - ၂၁း၂၀ | မကာရ |
| ၂၁း၂၀ - ၂၃း၂၀ | ကုမ် |
| ၂၃း၂၀ - ၁း၂၀ | မိန် |
| ၁း၂၀ - ၃း၂၀ | မိဿ |
| ၃း၂၀ - ၅း၂၀ | ပြိဿ |

| ဝါဆိုလ (၁၆)ရက်မှ ဝါခေါင်လ (၁၆)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၃၀ - ၇း၃၀ | ကရကဋ် |
| ၇း၃၀ - ၉း၃၀ | သိဟ် |
| ၉း၃၀ - ၁၁း၃၀ | ကန် |
| ၁၁း၃၀ - ၁၃း၃၀ | တူ |
| ၁၃း၃၀ - ၁၅း၃၀ | ဗြိစ္ဆာ |
| ၁၅း၃၀ - ၁၇း၃၀ | ဓနု |
| ၁၇း၃၀ - ၁၉း၃၀ | မကာရ |
| ၁၉း၃၀ - ၂၁း၃၀ | ကုမ် |
| ၂၁း၃၀ - ၂၃း၃၀ | မိန် |
| ၂၃း၃၀ - ၁း၃၀ | မိဿ |
| ၁း၃၀ - ၃း၃၀ | ပြိဿ |
| ၃း၃၀ - ၅း၃၀ | မေထုန် |

| ဝါခေါင်လ (၁၇)ရက်မှ တော်သလင်းလ (၁၆)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၄၀ - ၇း၄၀ | သိဟ် |
| ၇း၄၀ - ၉း၄၀ | ကန် |
| ၉း၄၀ - ၁၁း၄၀ | တူ |
| ၁၁း၄၀ - ၁၃း၄၀ | ဗြိစ္ဆာ |
| ၁၃း၄၀ - ၁၅း၄၀ | ဓနု |
| ၁၅း၄၀ - ၁၇း၄၀ | မကာရ |
| ၁၇း၄၀ - ၁၉း၄၀ | ကုမ် |
| ၁၉း၄၀ - ၂၁း၄၀ | မိန် |
| ၂၁း၄၀ - ၂၃း၄၀ | မိဿ |
| ၂၃း၄၀ - ၁း၄၀ | ပြိဿ |
| ၁း၄၀ - ၃း၄၀ | မေထုန် |
| ၃း၄၀ - ၅း၄၀ | ကရကဋ် |

| တော်သလင်းလ (၁၇)ရက်မှ သီတင်းကျွတ်လ (၁၆)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၅၀ - ၇း၅၀ | ကန် |
| ၇း၅၀ - ၉း၅၀ | တူ |
| ၉း၅၀ - ၁၁း၅၀ | ဗြိစ္ဆာ |
| ၁၁း၅၀ - ၁၃း၅၀ | ဓနု |
| ၁၃း၅၀ - ၁၅း၅၀ | မကာရ |
| ၁၅း၅၀ - ၁၇း၅၀ | ကုမ် |
| ၁၇း၅၀ - ၁၉း၅၀ | မိန် |
| ၁၉း၅၀ - ၂၁း၅၀ | မိဿ |
| ၂၁း၅၀ - ၂၃း၅၀ | ပြိဿ |
| ၂၃း၅၀ - ၁း၅၀ | မေထုန် |
| ၁း၅၀ - ၃း၅၀ | ကရကဋ် |
| ၃း၅၀ - ၅း၅၀ | သိဟ် |

| သီတင်းကျွတ်လ (၁၇)ရက်မှ တန်ဆောင်မုန်းလ (၁၅)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၅၅ - ၇း၅၅ | တူ |
| ၇း၅၅ - ၉း၅၅ | ဗြိစ္ဆာ |
| ၉း၅၅ - ၁၁း၅၅ | ဓနု |
| ၁၁း၅၅ - ၁၃း၅၅ | မကာရ |
| ၁၃း၅၅ - ၁၅း၅၅ | ကုမ် |
| ၁၅း၅၅ - ၁၇း၅၅ | မိန် |
| ၁၇း၅၅ - ၁၉း၅၅ | မိဿ |
| ၁၉း၅၅ - ၂၁း၅၅ | ပြိဿ |
| ၂၁း၅၅ - ၂၃း၅၅ | မေထုန် |
| ၂၃း၅၅ - ၁း၅၅ | ကရကဋ် |
| ၁း၅၅ - ၃း၅၅ | သိဟ် |
| ၃း၅၅ - ၅း၅၅ | ကန် |

| တန်ဆောင်မုန်းလ (၁၆)ရက်မှ နတ်တော်လ (၁၅)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၅၅ - ၈း၅၅ | ဗြိစ္ဆာ |
| ၈း၅၅ - ၁၀း၅၅ | ဓနု |
| ၁၀း၅၅ - ၁၂း၅၅ | မကာရ |
| ၁၂း၅၅ - ၁၄း၅၅ | ကုမ် |
| ၁၄း၅၅ - ၁၆း၅၅ | မိန် |
| ၁၆း၅၅ - ၁၈း၅၅ | မိဿ |
| ၁၈း၅၅ - ၂၀း၅၅ | ပြိဿ |
| ၂၀း၅၅ - ၂၂း၅၅ | မေထုန် |
| ၂၂း၅၅ - ၂၄း၅၅ | ကရကဋ် |
| ၂၄း၅၅ - ၂း၅၅ | သိဟ် |
| ၂း၅၅ - ၄း၅၅ | ကန် |
| ၄း၅၅ - ၆း၅၅ | တူ |

| နတ်တော်လ (၁၆)ရက်မှ ပြာသိုလ (၁၃)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၅၅ - ၈း၅၅ | ဓနု |
| ၈း၅၅ - ၁၀း၅၅ | မကာရ |
| ၁၀း၅၅ - ၁၂း၅၅ | ကုမ် |
| ၁၂း၅၅ - ၁၄း၅၅ | မိန် |
| ၁၄း၅၅ - ၁၆း၅၅ | မိဿ |
| ၁၆း၅၅ - ၁၈း၅၅ | ပြိဿ |
| ၁၈း၅၅ - ၂၀း၅၅ | မေထုန် |
| ၂၀း၅၅ - ၂၂း၅၅ | ကရကဋ် |
| ၂၂း၅၅ - ၂၄း၅၅ | သိဟ် |
| ၂၄း၅၅ - ၂း၅၅ | ကန် |
| ၂း၅၅ - ၄း၅၅ | တူ |
| ၄း၅၅ - ၆း၅၅ | ဗြိစ္ဆာ |

## (၂၀၁၇)ခုနှစ် မတ်လအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

### မိဿလဂ် (Aries)



ကျန်းမာရေး ကောင်းမွန်နေမည်။ ရည်ရွယ်ချက်ကို အကောင်အထည် ဖော်နိုင်မည်။ ဒုတိယပတ်ကုန်ထိ ငွေကြေးကောင်းနေမည်။ တတိယပတ်ကုန်ပြီး ငွေကြေး [illegible]သုံးမည်။ အချစ်ရေးမှာ အစကောင်းပါလျက် အနှောင်းမသေချာ ဖြစ်တတ်ပါသည်။ လဝက်လောက် ရောက်မှ ပညာရေး စိတ်မဝင်စားချင် ဖြစ်လာတတ်၏။ အတိုက်အခံနှင့် အပေါင်းအသင်းများကို အထူးသတိထား ရှောင်ကြဉ်ပါ။ စုငွေ၊ စကားဟောင်း၊ ပြဿနာဟောင်းတို့များကြောင့် အိမ်ထောင်ရှင်များ ပြဿနာဖြစ်ရတတ်ပါသည်။ ဂုဏ်သိက္ခာဖြင့် ရင်းနှီးလုပ်ကိုင်သူများ အတွက်

www.burmeseclassic.com

အမြတ်ထက် အေးဥပဒ်မဖြစ်ဖို့ သတိထားပါ။ ဆွေမျိုးသားချင်း ကျန်းမာရေးကိစ္စကြောင့် မိမိအလုပ်ကို မလုပ်ချင် မကိုင်ချင် ဖြစ်နေမည်။ ဘာပဲဖြစ်ဖြစ် ဖွဲ့မလျှော့ပါနှင့်။ အားတင်းထားပါ။ အောင်မြင်လိမ့်မည်။ ပြိုင်မှမြိုင်သည်ဟု သဘောထားပြီး ပြိုင်ဆိုင်သူကို အနိုင်ယူပါ။ လကုန်ခါနီး ကပ်ပြီး ဝမ်းမြောက်စရာသတင်း သင် ကြားရလိမ့်မည်။ (၂၅၊ ၂၆၊ ၂၇) သုံးရက်အတွင်းမှာ အမှတ်တရ လက်ဆောင်ကောင်းတစ်ခု ရလိမ့်မည်။ အလုပ်မရှိသူများ အလုပ်ရမည်။ ပညာသင်လူငယ်များ ဆရာသမားကောင်း မတွေ့နိုင်၊ နည်းစနစ်ကောင်းများ မရနိုင် ဖြစ်နေတတ်၏။

ယတြာ

မွေးနေ့တိုင်းမှာ အိမ်ရှိဘုရားကို သောက်ရေသန့် ကပ်လှူပူဇော်ပါလေ။

## ပြိဿလဂ် (Taurus)



ကျန်းမာရေးရော ဝင်ငွေလာဘ်လာဘပါ (၄)ရက်နေ့ထိ အထူးကောင်းနေမည်။ (၅)ရက်နေ့မှ စပြီး ကသိကအောက် ဖြစ်နေမည်။ အလုပ်အကိုင်က သိပ်အဆင်မပြေချင်ပါ။ သစ်လုပ်ငန်းရှင်များ အထူးဝင်ငွေကောင်းနေမည်။ ရွှေ၊ ငွေ၊ ပွဲစားများ ဝင်ငွေအထူးကောင်းနေမည်။ ကျောင်းဆရာ၊ဆရာမများ၊ ပညာရေးဝန်ထမ်းများ အမှုအခင်း၊ ပြဿနာ ဖြစ်တတ်၏။ ပညာသင်လူငယ်များ (၂၇)ရက်နေ့ထိ အထူးကောင်းပါသည်။ ကျင့်ဝတ်စည်းကမ်း ကောင်းနေမည့်အပြင် ဆရာကောင်း၊ နည်းကောင်းများ ရရှိပြီး အောင်မြင်သွားမည်။ မှတ်ဉာဏ်အားနည်းနေတတ်တဲ့ ကာလမို့ အထပ်ထပ်အခါခါ လေ့ကျင့်ပေးပါ။ အရိုးအကြောနှင့်ပတ်သက်တဲ့ ဝေဒနာ ဖြစ်ပေါ်ခံစားရတတ်၍ ကိုယ်ကာယလေ့ကျင့်ခန်းများ ပုံမှန်လုပ်ပေးပါ။ ရာထူးတိုးစာမေးပွဲ ဖြေဆိုရသူများ စာမေးပွဲလည်းအောင်၊ ရာထူးလည်းတိုး၊ ပြောင်းလည်း ပြောင်းရမည်။ ဂုဏ်သိက္ခာ မြင့်မားနေမည်။ ဘာသာရေးဝန်ထမ်းများ၊ အဖွဲ့အစည်းများ ပြဿနာဖြစ်တတ်၍ လုပ်ပိုင်ခွင့်ကိုသာ လုပ်ဆောင်ပါ။ မုတ်ဆိတ်ထက် သွားမရှည်မိပါစေနှင့်။ (၁၃၊ ၁၄၊ ၁၅)နှင့် (၂၃၊ ၂၄၊ ၂၅)ရက်များကို ဆောင်၊ လဆန်းစနှင့် လကုန်ပိုင်း ရက်များကို ရှောင်ပါ။

ယတြာ

မွေးနေ့တွင် အိမ်ရှိဘုရားကို သစ်သီးဆွမ်း ဆက်ကပ်လှူဒါန်းပါ။ အညံ့အဆိုးများ ကင်းစင်ပြီး အောင်မြင်မှုရလိမ့်မည်။

## မေထုန်လဂ် (Gemini)



အလုပ်အကိုင်ရော ဝင်ငွေပါ ယခင်လထက် ထူးထူးခြားခြား ကောင်းနေမည်။ လကုန်ခါနီး နှစ်သက်စရာ လက်ဆောင်ကောင်း ရလိမ့်မည်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ပြုလိုစိတ် ပြင်းပြနေတတ်ပြီး အိမ်ထောင်ရှိသူများ အိမ်ထောင်ရေး စိတ်မချမ်းသာ ဖြစ်နေမည်။ ကုမ္ပဏီ၊ ဖက်စပ်လုပ်ငန်းများတွင် ဝန်ထမ်းလုပ်ပါက အထူးသတိထားပါ။ ပတ်ဝန်းကျင်လှုံ့ဆော်မှုကြောင့် ပြဿနာ ဖြစ်ရတတ်ပါသည်။ အိမ်ခန်းဝယ်လိုသူများ ဝယ်ဖြစ်သွားမည်။ ဝယ်ပြီးမှ စိတ်တိုင်းမကျ ဖြစ်နေတတ်၏။ ဟောပြောစည်းရုံးရေး သင်တန်းတစ်ခု တက်ရောက်ရတတ်ပါသည်။ တက်ရလျှင် ကောင်းပါသည်။ ဗေဒင်ဆရာ၊ စာရေးဆရာများ လာဘ်ရွှင်နေမည်။ စာမေးပွဲဖြေဆိုမည့်သူများ စိတ်သာချ၊ အောင်မည်။ စာပေ၊ အနုပညာရပ်ဝန်းမှ ပုဂ္ဂိုလ်များ အထူးကံကောင်းနေမည်။ အလုပ်အကိုင် မရှိသူများ အလုပ်ရမည်။ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးသားချင်းများကို သတိထား ဆက်ဆံပါ။ ရည်မှန်းချက်အတွက် (၇၊ ၈)နှင့် (၂၁၊ ၂၂)ရက်များကို ဆောင်၊ (၅၊ ၆)နှင့် (၁၈၊ ၁၉၊ ၂၀)ရက်များကို ရှောင်ပါလေ။

ယတြာ

အသံမစဲ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲများတွင် ပဋ္ဌာန်းအိုး၊ ပဋ္ဌာန်းပွဲ တစ်ခုခု လှူဒါန်းပြီး တတ်နိုင်သလောက် ဝေယျာဝစ္စ ကူညီပါ။

## ကရကဋ်လဂ် (Cancer)

ဒုတိယပတ်အတွင်းမှာ အလွန်စိတ်ချမ်းသာရသော် စိတ်ဆင်းရဲစရာလည်း ကြုံရတတ်ပါသည်။ ပန်းတိုင်မြင်နေပေမယ့် လှမ်းကိုင်ဖို့ရာ ငွေကြေးမပြည့်စုံသဖြင့် ဘဝကို

www.burmeseclassic.com

www.burmeseclassic.com



အားမလိုအားမရ ဖြစ်နေရတဲ့ ကာလဟု ဆိုရပေမည်။ တံတွေးထွေးလာသူအား နှပ်ပြန်မပစ်မိအောင် စိတ်ကို ထိန်းထားနိုင်မှ အရာရာ အောင်မြင်မည်။ ကျော်စောလိုခြင်းကို ရှေ့တန်းမတင်ပါနှင့်။ သင့်အလုပ်ကိုသာ ပုံမှန်လုပ်ပါ။ အောင်မြင်ပါလိမ့်မည်။ စက္ကူနှင့် စာရေးကိရိယာ ရောင်းဝယ်သူများ၊ ဆေးပစ္စည်း ရောင်းဝယ်သူများ၊ အခြေခံစားသုံးကုန် ရောင်းဝယ်သူများ အထူးစီးပွားဖြစ်မည်။ လောင်စာဆီ ရောင်းဝယ်ဖြန့်ချိသူများ အရောင်းအဝယ် ကောင်းနေမည်။ ပဲတောင်သူများ ဈေးကောင်း မရနိုင်ပါ။ ကျွန်တောင်သူများ ဈေးကောင်းရပြီး ပျော်ရွှင်ရလိမ့်မည်။ အုတ်၊ သဲ၊ ကျောက်နှင့် အိမ်ဆောက်ပစ္စည်း ရောင်းဝယ်သူများ ဒုတိယပတ်ကုန်ထိ ရောင်းအား ကောင်းနေမည်။ နောက်ပိုင်း အရင်းအနှီး လျှော့လိုက်ပါ။ ယခင် စိုးရိမ်စိတ်ဝင်နေတဲ့ ကျောင်းသားကျောင်းသူများ ပညာရေးအတွက် ယုံကြည်ချက် အားကောင်းလာမည်။ စိုးရိမ်စရာ မရှိတော့ပါ။ လက်ထပ်မင်္ဂလာ ပြုလိုသူများ အဆင်တပြေ အောင်မြင်သွားမည်။ ဘာအတွက်ပဲဖြစ်ဖြစ် (၇၊ ၈)နှင့် (၂၅၊ ၂၆)ရက်များကို ရှောင်ပါ။

**ယတြာ**

ပိတောက်တစ်ခက်၊ အုန်းသုံးရွက်ကို ရေစည်းပြီး မိမိမွေးနံထောင့် ဗြိုဟ်တိုင်ဘုရားတွင် လှူဒါန်းပြီး လိုရာဆုတောင်းပါ။

## သိဟ်လဂ် (Leo)



ကုမ္ပဏီ၊ အစုစပ်လုပ်ငန်း လုပ်ရန် ရည်ရွယ်ထားသူများ လုပ်ဖြစ်သွားမည်။ ကျန်းမာရေး အနည်းငယ် ညံ့နေသော်လည်း စိုးရိမ်စရာ မရှိနိုင်ပါ။ မည်သည့် အလုပ်ပဲဖြစ်ဖြစ် သင်လုပ်လိုသည်ကို နှစ်ပတ်အတွင်း လုပ်ဖြစ်အောင် လုပ်ပါ။ သို့မဟုတ်ပါက အခက်အခဲများ တစ်ခုပြီးတစ်ခု တွေ့နေတတ်ပါသည်။ ပညာသင် လူငယ်များ နီးကပ်လာမှ အနှောင့်အယှက် ပေါ်လာတတ်၏။ အပေါင်းအသင်း အထူးသတိပြုပါ။ အိမ်ထောင်ရှင်များ ကိုယ်ကျင့်တရား ဖောက်ပြန်မှားယွင်းလိုစိတ် လွှမ်းကဲနေမည်။ ချစ်သူစုံတွဲများ တကျက်ကျက်နေမည်။ အချစ်ရှာနေသူများ တွေ့ဖို့ရာ မလွယ်ပါ။ ငွေကြေးခက်ခဲမှု ရှိမည်။ သဘင်ပညာရှင်များ နာမည်ကျော်ကြား လူကြိုက်များနေမည်။ အက၊ အတီးအမှုတ်ထက် အဆိုပညာရှင်များ အောင်ပွဲခံနိုင်လိမ့်မည်။ ပါတီစည်းရုံးရေး လုပ်သူများ အဆင့်ကျော်ပြီး ရာထူးခန့်တက်သွားတတ်၏။ စနေနံသင့် ပစ္စည်း ရောင်းဝယ်သူများ သိပ်အဆင်မပြေနိုင်ပါ။ စနေသားသမီးများ ရှောင်ပါလေ။ လက်နက်ကိုင် အဖွဲ့အစည်းများဆိုပါက ရာထူးတိုးဖို့လည်း မလွယ်။ လက်ရှိအလုပ်ကိုလည်း စိတ်တိုင်းမကျ ဖြစ်နေရတတ်ပါသည်။ ဘာပဲဖြစ်ဖြစ် (၉၊ ၁၀)ရက်များကိုရှောင်၊ (၂၀၊ ၂၁)ရက်များကို ဆောင်ပါ။

**ယတြာ**

စမူဆာ(၅)ခုဝယ်ပြီး အိမ်ရှိဘုရားကို ဆွမ်းကပ်ပါ။ အညှုံ့အဆိုးများ ကင်းစင်ပြီး လိုအင်ဆန္ဒများ ပြည့်ဝရလိမ့်မည်။

## ကန်လဂ် (Virgo)



အဆင်ပြေနေတဲ့ အိမ်ထောင်ရေး ပတ်ဝန်းကျင်ကြောင့် ကသိကအောက် ဖြစ်နေရတတ်ပါသည်။ အစုမှလာပြီး ပူးပေါင်းလုပ်ဆောင်ရန် ပြောဆိုလာပါက မလုပ်ပါနှင့်။ လုပ်လျှင် အနှောင့်အယှက်၊ ပြဿနာ များလိမ့်မည်။ တစ်လလုံးလိုလို ကောင်းနေတဲ့အလုပ် လကုန်ခါနီးမှ ဘယ်လိုဖြစ်သွားမှန်းမသိ ဖြစ်သွားမည်။ စစ်ဘက်ဆိုင်ရာ၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းဆိုပါက ရာထူးကျခြင်း၊ ရပ်ဆိုင်းခံရခြင်းများ ရှိမည်။ အမြင့်ဆုံးရောက်လေ အခက်တွေ့လေ ဖြစ်နေမည်။ ခေါင်းအုံ၊ ခေါင်းကိုက်၊ ဇက်ကြောထိုးကလွဲလို့ ကျန်းမာရေး ကောင်းနေမည်။ မိမိနေအိမ်မှာ မပျော်၊ မတော်ဟုသို့ သွားချင်စိတ် ပေါက်နေတတ်၏။ သူများက အတိုက်အခံမလုပ်ခင် ကိုယ်က ဆန့်ကျင်ဘက် လုပ်ချင်နေတတ်၏။ ကိုယ်ပိုင်စည်းကမ်းလည်း ပျက်နေတတ်၏။ ဆရာသမားကောင်းကို ဆည်းကပ်လိုစိတ်လည်း ကင်းမဲ့နေတတ်၏။ ငါ့မြင်းငါစိုင်း စစ်ကိုင်းလုပ်ချင်စိတ် ပေါက်နေမည်၊ ဆင်ခြင်ပါ။ အတန်းပညာ၊ အတတ်ပညာ၊ အသိပညာ သင်ယူနေသူများ



www.burmeseclassic.com

www.burmeseclassic.com

အဆင်ပြေမည်။ သင်ယူလိုသူများ သင်ယူခွင့်ရမည်။ ငွေကြေးလည်း အလိုလို အဆင်ပြေလာလိမ့်မည်။ ရည်ရွယ်ချက်အတွက် (၁၃၊ ၁၄၊ ၁၅)ရက်များကို ဆောင်၊ (၂၈၊ ၂၉၊ ၃၀)ရက်များကို ရှောင်ပါ။ အချစ်အတွက် (၂၁၊ ၂၂)ရက်များကိုဆောင်၊ (၁၁၊ ၁၂)ရက်များကို ရှောင်ပါ။

ယတြာ

အုတ်တစ်ချပ် သဲတစ်ပွင့်ဆိုတဲ့ စကားကို သတိတရ ရွတ်ဆိုပြီး ပေါ်လာတဲ့ စိတ်ကူးအရ အိမ်မှုကိစ္စတစ်ခုခုကို ကူညီလိုက်ပါ။

## တူလဂ် (Libra)



အတိုက်အခံ အပြိုင်အဆိုင်ကြောင့် ထိခိုက်နစ်နာ ဆုံးရှုံးရတတ်တဲ့ ကာလပါ။ ပြိုင်ဆိုင်လာတော့ မိမိ အနိုင်ရမှာပါ။ စာပေအနုပညာ၊ သတင်းနှင့် စာနယ်ဇင်းသမားများ အမှတ်မထင် ပြဿနာတက်ကာ သိက္ခာကျရတတ်ပါသည်။ အထူးသတိပြုရမှာက မိမိရဲ့ တိုက်ခိုက်လိုစိတ်ပါ။ ဌာနဆိုင်ရာ အကြီးအကဲများ ကိုယ်တိုင်မသိနိုင်လောက်အောင် ကျင့်ဝတ်ပျက်နေတတ်၏။ ပါတီစည်းရုံးရေးသမားများ အထူးအောင်မြင်မည်။ အိမ်ထောင်ပြုလိုတဲ့ ချစ်သူစုံတွဲများ လက်ထပ်ဖြစ်သွားမည်။ ဆေးကုမ္ပဏီများ အထူးမြတ်စွန်းမည်။ စတိုးဆိုင်၊ ကုန်စုံဆိုင်၊ စားသောက်ဆိုင်များ ရောင်းရေးဝယ်တာ ကောင်းနေမည်။ အချစ်ရေးမှာ အဆင်ပြေနေသော်လည်း ရတက်မအေးရ၊ စိတ်မချနိုင်တဲ့ အနေအထား ရှိမည်။ ပညာရေးကတော့ ဇွဲ၊ လုံ့လကို မြှင့်တင်ပါမှ အောင်မြင်မည်။ အတတ်ပညာ၊ အသိပညာ၊ နည်းပညာ သင်ယူနေသူများ ဆရာကောင်းမတွေ့၊ နည်းကောင်းမရ ဖြစ်နေမည်။ ငယ်ရွယ်သူများ ပညာရေးမှ ဘေးထွက်ကာ လမ်းမှားနေတတ်၏။ (၇၊ ၈)နှင့် (၂၅၊ ၂၆)ရက်များကို ဆောင်၊ (၁၃၊ ၁၄၊ ၁၅)ရက်များကို ရှောင်ပါ။

ယတြာ - မွေးနေ့ မနက်ပိုင်းတွင် ဘုရားကို သစ်သီးဆွမ်းကပ်ပြီး အုန်းရည် သောက်လိုက်ပါ။ အောင်မြင်မှုတွေ ရလာလိမ့်မည်။

## ဗြိစ္ဆာလဂ် (Scorpio)

ကိုယ်စိတ်နှစ်ဖြာ ယခင်နှင့်မတူဘဲ တစ်မူထူးခြား



ကာ ပေါ့ပါးနေမည်။ ကိုယ်ပိုင်ပညာသင်ကျောင်း၊ တည်ထောင်သူများ အထူးအောင်မြင်ပြီး လက်ထဲ ငွေသီးနေမည်။ အိမ်ခန်းရောင်းဝယ်လိုသူများ (၁၄)ရက်အတွင်း ပြောဆိုပြီး တတိယပတ်လောက်တွင် ဝယ်ဖြစ်၊ ရောင်းဖြစ်သွားမည်။ အကြီးအကဲရဲ့ ကူညီမ,စမှု ကို ရရှိလိမ့်မည်။ ပညာသင်လူငယ်များ (၂၇)ရက်အတွင်း ဖြေဆိုရလျှင် ကံကောင်းမည်။ (၂၈၊ ၂၉၊ ၃၀၊ ၃၁)ရက်များအတွင်း ဖြေဆိုရပါက အခြေအနေ မကောင်းနိုင်ပါ။ ဘာသာရပ်အချို့ ဂုဏ်ထူးထွက်ပြီး အချို့ဘာသာရပ်က အောင်မှတ်မရ ဖြစ်နေတတ်ပါသည်။ အိုးမကွာ အိမ်မကွာ စီးပွားရေးလုပ်သူများ အထူးအောင်မြင်မည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေး သာယာမလိုလိုနှင့် တစ်လလုံးလုံး အဆင်မပြေ ဖြစ်နေတတ်၏။ အလှအပ ပြုပြင်ခြင်းနှင့် ဟန်ဆောင်ခြင်းကို အခြေခံကာ ပြဿနာ ဖြစ်လာတတ်၍ ဆင်ခြင်ပါလေ။ မိန်းကလေးများ သွေးနှင့်ပတ်သက်တဲ့ ဝေဒနာတစ်ခုခု ခံစားရတတ်၏။ သောကြာနံပါတဲ့ အသီးအရွက်များကို လျှော့စားပါ။ အချစ်ရေးကတော့ ဝေခွဲမရနိုင် ဖြစ်နေတတ်ပါသည်။ ချစ်သူမရှိသေးသူများ ချစ်သူရမည်။ ချစ်သူစုံတွဲများ လက်ထပ်ရန် ရည်ရွယ်ထားလည်း မဖြစ်နိုင်သေးပါ။ သစ်တောရေးရာ ဝန်ထမ်းများ ရုတ်တရက် ဖြုတ်ထုတ်ခံရတတ်၏။ သစ်လုပ်ငန်းရှင်များ အရှုံးပေါ်တတ်ပါသည်။ ပဲမျိုးစုံ သိုလှောင်သူများ၊ မှိုမျိုးစုံ ထုတ်လုပ်ဖြန့်ချိသူများ ဝင်ငွေလာဘ်လာဘ ကောင်းနေမည်။ စိတ်တိုင်းကျဈေးတော့ မရနိုင်ပါ။ (၁၈၊ ၁၉၊ ၂၀)ရက်များကို ဆောင်၊ (၂၊ ၃၊ ၄)ရက်များကို ရှောင်ပါ။

ယတြာ

လက်ဦးဆရာအား နှုတ်ခွန်းမကောင်းမှုနှင့် တတ်နိုင်သလောက် ဝယ်ကန်တော့လိုက်ပါ။ ဆိုးကျိုးကင်းပြီး ကောင်းကျိုးလာလိမ့်မည်။

## ဓနုလဂ် (Sagittarius)

(၁၅၊ ၁၆၊ ၁၇)ရက်များတွင် လက်ဆောင်ကောင်းတစ်ခု ရလိမ့်မည်။ (သို့မဟုတ်) ဆရာကောင်းထံမှ နည်းကောင်းတစ်ခု ရလိမ့်မည်။ သင့်ရဲ့ စိတ်ဆန္ဒများ တက်

www.burmeseclassic.com

www.burmeseclassic.com



နေပြီး အရာရာများ အက်တစ်ဖြစ်နေမည်။ သို့သော် ကောင်းကျိုးခံစားရသည်က နည်းပေမည်။ လူငယ်များ ရိုးသားတဲ့ အကြင်နာသံယောဇဉ်မှ တစ်ဆင့်မြင့်ကာ ချစ်သူအဖြစ် ရောက်သွားတတ်ပါသည်။ နောက်တစ်ဆင့်တက်ကာ လက်ထပ်ဖို့တော့ မဖြစ်နိုင်ပါ။ ထို့ကြောင့် ဘဝကို ပုံမအပ်မိပါစေနှင့်၊ ခွဲခြားထားပါ။ ဘာသာ၊ သာသနာဆိုင်ရာ စည်းရုံးသူများ အောင်မြင်မှုနည်းမည်။ အန္တရာယ် များမည်။ မည်သူမဆို မည်သည့်အလုပ်ပဲလုပ်လုပ် ရည်မှန်းချက်ပြည့်ဝရန် ကံကြမ္မာ မလုံလောက်ပါ။ စာရေးဆရာများ တစ်ခုမဟုတ်တစ်ခု ပြဿနာတက်တတ်၏။ အထူးအားဖြင့် လေးနက်သော စာပေများ ရေးသားပါက ပို၍သတိထားပါ။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်ရဲ့ အကြင်နာကို အပြည့်အဝ ရရှိမည်။ ပညာရေး၊ ငွေကြေး ကိစ္စများ အဆင်ပြေနေမည်။ (၂၁၊ ၂၂)နှင့် (၃၀၊ ၃၁)ရက်များကို ဆောင်၊ (၅၊ ၆)နှင့် (၉၊ ၁၀)ရက်များကို ရှောင်ပါလေ။

**ယတြာ**

အိမ်ရှိဘုရားကို ပေါင်မုန့်ထောပတ်သုပ် ဆက်ကပ်ပါ။ အနောက်တောင်ထောင့် အရပ်ကို ရှောင်ပါလေ။ ဘေးရန်ကင်းလိမ့်မည်။

## မကာရလဂ် (Capricon)



ခရီးဝေး သွားရတတ်၏။ ညာဘက်မျက်စိကို အကြောင်းပြုပြီး ဆေးရုံ၊ ဆေးခန်းသို့ ရောက်ရတတ်ပါသည်။ ဝန်ထမ်းများ နောက်ဆုံးအကြိမ် သတိပေးခံရတတ်ပါသည်။ အထည်အလိပ်ကုန်သည်များ ဆုံးရှုံးနစ်နာမှု များတတ်ပါသည်။ အရင်းအနှီး လျှော့ပါ။ ပိုက်ဆံစုဆောင်းဖို့ထက် အလုပ်မှန်ဖို့ ဝီရိယစိုက်ပါ။ တွင်းထွက်ပစ္စည်း တူးဖော်သူများ အတိုက်အခံကြားမှာ ပြဿနာ များရတတ်၏။ နေအိမ်ပိုင်ဆိုင်မှုအတွက် အငြင်းပွားရတတ်ပါသည်။ မိခင်နှင့် စကားများ၊ စိတ်ကောက်ပြီး အိမ်တွင် မပျော်၊ အိမ်တွင် မနေလိုစိတ် ပေါက်နေတတ်ပါသည်။ ယခင်က ဟုတ်သလိုလိုရှိခဲ့တဲ့ အောင်မြင်မှုများ အခု မဟုတ်သလိုလို ဂုဏ်ညှိုးနွမ်းရတတ်ပါသည်။ သို့သော် သင့်ကျန်းမာရေး ယခင်ထက် ပိုကောင်းနေမည်။ သင့် ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်လိမ့်မည်။ ပညာရေး အဆင့်အတန်းမြင့်မြင့် အောင်မြင်မည်။ အချစ်ရေး ကံကောင်းသော်လည်း ပြည်ပန်းညှိုချိုပါလျက် ဆားကမြက် ဆိုသကဲ့သို့ ကိုယ့်ရဲ့ အမူလွန်မှုကြောင့် အဆင်မပြေ ဖြစ်သွားရတတ်ပါသည်။ ငွေကြေး ရလွယ်လျက် မစုနိုင်တဲ့အပြင် အကြွေးပါ တင်သွားနိုင်ပါသည်။ ဘာပဲဖြစ်ဖြစ် (၅၊ ၆)နှင့် (၁၃၊ ၁၄၊ ၁၅)ရက်များကိုဆောင်၊ (၂၁၊ ၂၂)ရက်များကို ရှောင်ပါ။

**ယတြာ**

စနေနေ့ဖွား ဘုရားလေးဆူအား ရည်မှန်း၍ အိမ်ရှိဘုရားတွင် မုန့်လုံးရေပေါ်ဆွမ်း ဆက်ကပ်လှူဒါန်းလိုက်ပါ။ အဆင်ပြေသွားလိမ့်မည်။

## ကုမ်လဂ် (Aquarius)



အလုပ်ရှာနေသူများ (၁၄)ရက်နေ့ကို နောက်ဆုံးထားလို့ အလုပ်ရသွားမည်။ လက်နက်ကိုင် ဝန်ထမ်းများ ဆိုပါက မထင်မှတ်တဲ့ ဝင်ငွေကောင်းတွေ ရရှိပေလိမ့်မည်။ ကွဲကွာနေတဲ့ အိမ်ထောင်ရှင်များ၊ ဝေးကွာနေတဲ့ အိမ်ထောင်ရှင်များ ပြန်လည်ဆုံတွေ့ကာ ပေါင်းဖက်ရလိမ့်မည်။ ဖက်စပ်လုပ်ငန်းရှင်များ အထူးအောင်မြင်နေပြီး ဘဝနှင့်ဆန္ဒ ထပ်တူကျသွားလိမ့်မည်။ ကုမ္ပဏီတူ၊ အလုပ်တူ ချစ်သူများ လက်ထပ်ဖြစ်သွားမည်။ ကျောင်းသား/ကျောင်းသူ ပညာသင်လူငယ်များ ပညာရေးအခံနေအထား ကောင်းနေသော်လည်း စာကျက်လိုစိတ် နည်းပါးနေမည်။ မှတ်ဉာဏ်မကောင်း၊ မှတ်လို့မရ ဖြစ်နေတတ်ပါသည်။ သမထဝိပဿနာ၊ အဓိဋ္ဌာန်ဘာဝနာ ပွားများပါက တစ်ခုခုကို ထိုးထွင်းသိမြင်သွားနိုင်ပါသည်။ သရုပ်ဆောင် အနုပညာရှင်များ ကောက်ယူသကဲ့သို့ ငွေအစုလိုက် အပြုံလိုက် ရရှိလိမ့်မည်။ အလုပ်အတွက် (၁၈၊ ၁၉၊ ၂၀)ရက်များကို ဆောင်ပြီး အချစ်ရေး၊ ငွေကြေး အတွက် (၇၊ ၈)ရက်များကို ဆောင်ပါလေ။

**ယတြာ**

ရာဟုထောင့်နှင့် စနေထောင့်တွင် ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ ပါဠိကို ပုတီးကိုးပတ်စီ စိပ်ပေးပါလေ။ အဆင်



www.burmeseclassic.com

www.burmeseclassic.com

မပြေနိုင်တဲ့အရာ ပြေလည်လာလိမ့်မည်။

## မိန်လဂ် (Pisces)




ငွေကြေး အတန်အသင့် စုဆောင်းမိမည်။ သို့သော် မနာလိုသူကြောင့် ဆုံးရှုံးရတတ်၍ သတိထားပါ။ အစာအိမ်လေရောဂါ ဖြစ်တတ်၏။ အကြီးအကဲနှင့် သဟဇာတမဖြစ်နိုင်တဲ့ ကာလပါ။ အဖေရှိလျှင် အဖေ့ကျန်းမာရေး ဂရုစိုက်ပေးပါ။ သင့်လုံ့လ၊ ဝီရိယ အထွတ်အထိပ်သို့ ရောက်နေမည်။ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက် ဆိုသကဲ့သို့ အောင်မြင်လျှင် အကြီးအကျယ် အောင်မြင်ပြီး ကျရှုံးလျှင် အကြီးအကျယ် ကျရှုံးမည်။ (၉၊ ၁၀၊ ၂၈၊ ၂၉)ရက်များတွင် ဝင်ငွေကောင်းလိမ့်မည်။ (၂၃၊ ၂၄)ရက်များတွင် လက်ဆောင် (သို့မဟုတ်) ပူဇော်သက္ကာရ တစ်ခုခု ရတတ်ပါသည်။ အိမ်ထောင်ရေး သာယာမည်။ သို့သော် ခဏတာ ဝေးကွာနေရတတ်၏။ အလုပ်အကိုင် သိပ်အဆင်မပြေချင်ပါ။ လုပ်ငန်းတစ်ခုတွက် စိုးရိမ်သောက ဖြစ်နေရတတ်ပါသည်။ ပညာရေးကတော့ အနှောင့်အယှက် မရှိပါ။ အိမ်ထောင်ဖက် ကျန်းမာရေး ညံ့နေမည်။ ဘာသာရေးဆိုင်ရာ စည်းရုံးရေး လုံးဝမလုပ်ပါနှင့်။ သင့်အနားတွင် သင့်အား ချောက်တွန်းမည့်သူ ရှိနေသည်။ မနိုင်တဲ့ အလုပ်ကို တာဝန်ခံမိရာမှ လင်မယားရန်ဖြစ်ရတတ်၏။ နိုင်တဲ့ဝန်ကိုပဲ ထမ်းပါလေ။ ဇွဲ၊ လုံ့လ၊ ဝီရိယကြောင့် ရည်မှန်းချက် အောင်မြင်လိမ့်မည်။ (၁၈၊ ၁၉၊ ၂၀)ရက်များကို ဆောင်၊ (၂၅၊ ၂၆၊ ၂၇)ရက်များကို ရှောင်ပါ။

ယတြာ

စနေထောင့် ကြိုပ်တိုင်ဘုရားတွင် ထီးအဖြူ(၃)လက်လှူပြီး အင်္ဂါထောင့်တွင် အရဟံကို ပုတီးကိုးပတ် စိပ်ပါ။ လိုအင်ဆန္ဒ ပြည့်ဝလိမ့်မည်။


ရှင်လန်းချမ်းမြေ့ကြပါစေဗျာ
ဆရာကံထူး(ဝေဒသုတေသီ)
၀၉ ၄၀ ၁၅၃ ၄၄ ၉၉
၀၉ ၇၇၂ ၁၅၀ ၅၇၃






www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရပရိသတ်မေး၍

ဆရာရန်အောင်ဟိန်း ဖြေသည့်

# ဂမ္ဘီရမဂ္ဂဇင်း (ဗေဒင် အမေး-အဖြေ ကဏ္ဍ)

ဂမ္ဘီရမဂ္ဂဇင်း၏ ဗေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂမ္ဘီရ မဂ္ဂဇင်း

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- မေးသူ၏အမည် ----------------------------------------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ----------------------------------------
- မွေးဖွားရာ မြို့/ရွာ ----------------------------------------
- အချိန်နာရီ (နေ့/ည) ----------------------------------------

**မေးခွန်းများ**

(၁) ----------------------------------------

(၂) ----------------------------------------

(၃) ----------------------------------------




www.burmeseclassic.com

www.burmeseclassic.com



**ကိုစိုးချစ်သန်းဦး**
**(၈-၈-၁၉၇၈၊ နံနက် ၈း၀၀ နာရီ၊ ဘားအံမြို့)**




၁။ *အကျိုးပေးမည့်အလုပ်။*

(၁၀)တန့်သခင် ဖြကြာဂြိုဟ် (၂)တန့်ဘာဝတွင် ၂လ်ာ၊ အင်္ဂါ၊ ရာဟုဂြိုဟ်တို့နှင့် ပူး၍ စားသောက်ကုန်၊ အထည်၊ ယာဉ်ကား၊ ရေ,အရည်နှင့် ပတ်သက်သော လုပ်ငန်းများ (ဥပမာ-ရေသန့်၊ အချိုရည်၊ လက်ဖက်ရည် ဆိုင်)ထဲမှ အကျိုးပေးပါသည်။


၂။ *ဒီနှစ်ကုန်တွင် ထီပေါက်ကိန်း ရှိပါသလား။*

(၃)တန့်သခင် ဖြကြာဂြိုဟ် (၂)တန့်တွင် (၁၂)တန့် သခင် ၂လ်ာ၊ (၄၊ ၉)သခင် အင်္ဂါ၊ (၂၊ ၁၁)သခင် ၄ဟူးတို့အား ကိုယ်စားပြုထားသော ရာဟုတို့နှင့် ပူး၍ ထီပေါက်ကိန်း ရှိပါသည်။ သို့သော် (၂၀၂၀)ပြည့်နှစ် အတွင်း ရောက်မှသာ ထီကံပွင့်ပါမည်။

၃။ *မည်သည့်အသက်ပိုင်းတွင် ကြီးပွားမည်လဲ။*

ယခုလည်း ငွေကြေးကံ မညံ့လှပါ။ လက်ရှိတွင် (၁၁)တန့်ဘာဝ (၁၂-တန့်ရာသီ)ရပ်၊ (၅၊ ၈)သခင် ၅တေး ထူလဒသာ၊ (၁၂)တန့်ဘာဝရပ် (လဂ်နှင့်ပူး)၊ (၆၊ ၇)သခင် စနေဘုတ္တိဒသာ စားဝင်နေခြင်းက (၂၈-၁၀-၂၀၁၉)ထိ အဆင်မပြေလှသေးပါ။ (၂၈-၁၀-၂၀၁၉) မှ (၄-၂-၂၀၂၂)အတွင်း ၅တေး ထူလ၊ ၄ဟူး ဘုတ္တိဒသာ စားဝင်လျှင် ဘဝကြီးပွားတိုးတက်မှု ဖြစ်ပေါ်လာပါမည်။ ဘုတ္တိဒသာသခင် ၄ဟူးသည် (၂၊ ၁၁)သခင်အဖြစ် (၁၂) တန့်ဘာဝ (လဂ်နှင့်ပူး)တွင် ရပ်တည်နေ၍ တစ်ရပ်တစ် ကျေးတွင် ဘဝကြီးပွားမှု ဖြစ်ပေါ်ပေမည်။

**မဓအေးနုနုသော်**
**(၉-၁၁-၁၉၈၆၊ နံနက် ၈း၀၀ နာရီ၊ ပြည်မြို့)**




၁။ *မိဘ၊ ဘိုးဘွားများနှင့် အတူနေထိုင် မြုစုခွင့် ရ,မရ*

အသက်(၂၄)နှစ်မှ (၅၉)နှစ်ထိ (၃)တန့်ဘာဝ (၄-တန့်ရာသီ)ရပ်၊ ၅တေး ထူလနှင့် (၁၂)တန့်ရပ်၊ (၃၊ ၄) သခင် စနေထူလတို့ ဆက်တိုက်စားဝင်နေရာ မိဘ၊ ဘိုး ဘွားများနှင့် ကြာရှည်နေရခွင့် အားနည်းပါသည်။ ထောက် ပံ့အားပေးနိုင်ရန်သာ ကြိုးစားပါလေ။

၂။ *အိမ်ထောင်ရေးကံ။*

(၇)တန့်သခင် ဖြကြာဂြိုဟ် (၁၁)တန့်ဘာဝ (၁၂-တန့်ရာသီ)တွင် ရပ်တည်၍ (၃)တန့်ဘာဝရှင် (၂၊ ၅)



www.burmeseclassic.com

www.burmeseclassic.com


တန့်သခင် ၅တေး၏ (၉)တန့်အထူးမြင် ကြံ့ရ၍ အိမ်ထောင်ရေးကံ ကောင်းပါသည်။ အိမ်ထောင်မရှိသေးပါက (၂၀၁၇)ခုနှစ်မှ (၂၀၂၁)ခုနှစ်အတွင်း (၂၀၁၈)ခုနှစ်တစ်ဝိုက်တွင် အိမ်ထောင်ရေးကံ ပေါ်လိမ့်မည်။

၃။ *ဘဝတွင် အေးချမ်းစွာ နေရမည်လား။*

ဘဝကံ အလယ်တံစားဖြစ်၍ ဒုက္ခကြီးစွာ မရောက်နိုင်ပါ။ ပူပန်သောက အနည်းငယ်ကြုံ၍ နေရတတ်ပါသည်။

## မောင်လင်းဝဏ္ဏ

**(၁၁-၁၁-၁၉၉၈၊ နံနက် ၅း၄၅ နာရီ၊ ရန်ကုန်မြို့)**




၁။ *ပညာရေးကံ၊ ပညာဖြင့် အသက်မွေးရမည်လား။*

(၄)တန့်သခင် စနေဂြိုဟ် (၇)တန့်တွင်ရပ်ကာ (၄)တန့်အား ပြန်မြင်၍ ပညာရေးအထစ်အငေါ့ ကြုံရတတ်သော်လည်း ဘွဲ့ရပါမည်။ (၉)တန့်သခင် ၄ဟူး (၂)တန့်တွင် မိမိပိုင် နက္ခတ်၊ ဘုတ္တိနက္ခတ်ကို စီး၍ ရပ်တည်သောကြောင့် အခက်အခဲများကြားမှ ဘွဲ့လွန်ထိ ပြီးတတ်ပါသည်။ (၁၀)တန့်သခင် ၂လာ (၁၀)တန့်တွင်ပင် ရပ်တည်၍ တတ်သောပညာဖြင့် အသက်မွေးရတတ်ပါသည်။

၂။ *အိုးစာတာ ကောင်း/မကောင်း။*


(၂၀၅၆)ခုနှစ်နောက်ပိုင်း ရာဟု ထူလဒသာ၊ (၂၀၇၄)ခုနှစ်ထိ စားဝင်ပါမည်။ (၁၀၊ ၁၁)တန့် အကျိုးဆောင်၍ အိုးစာတာ ကောင်းပါမည်။

၃။ *ထိဆုကြီးပေါက်ကံ၊ ကာလ။*

(၁၁)တန့်သခင် ၁နွေဂြိုဟ် လဂ်တွင် ပူးကာ နိစ်ချခြင်း၊ (၃)တန့်သခင် ၅တေး (၅)တန့်တွင် မိမိပိုင်နက္ခတ်စီးကာ ရပ်တည်ခြင်းကြောင့် ထိပေါက်ကံ ရှိသော်လည်း ဆုမကြီးတတ်ပါ။ (၂၀၁၈)ခုနှစ်တွင် ထိကံ စမ်းကြည့်ပါလေ။

## ဦးကိုနီ

**(၁၆-၂-၁၉၆၂၊ နံနက် ၂း၄၀ နာရီ၊ ရန်ကုန်မြို့)**




၁။ *လက်ရှိစီးပွားရေးလုပ်ငန်း ကြီးပွားရန် အခွင့်အလမ်း။*

(၃-၁၂-၂၀၁၇)ထိ ကိတ် ထူလဒသာ ဆက်လက်စားဝင်နေပေဦးမည်။ ကိတ်ဂြိုဟ်သည် (၂)တန့်ဘာဝတွင် (၁၊ ၄)သခင် ၅တေးဂြိုဟ် (၅၊ ၁၂)သခင် အင်္ဂါဂြိုဟ်၊ (၇၊ ၁၀)သခင် ၄ဟူးဂြိုဟ်၊ (၂၊ ၃)သခင် စနေဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်နေသည်။ (၆-၁၂-၂၀၁၆)မှ (၃-၁၂-၂၀၁၇)အတွင်း (၇၊ ၁၀)သခင် (၂)တန့်ရပ် ၄ဟူးဘုတ္တိဒသာ စားဝင်မည်ဖြစ်ရာ ယင်းကာလ စီးပွားတိုးတက်ရန် ရှိနေပါသည်။

၂။ *ဘဝတွင် မည်သည့်အဆင့်အတန်းအထိ တိုးတက်အောင်မြင်မည်နည်း။*

(၂)တန့်သခင် စနေ (၂)တန့်တွင်ပင် ၄ဟူး၊ အင်္ဂါ၊ ကိတ်၊ ၅တေးဂြိုဟ်များနှင့် ပူးယှဉ်ရပ်တည်နေ၏။ လဂ်သခင် ၅တေးဂြိုဟ် (၂)တန့်တွင် ရပ်တည်၍ (၁၀)တန့်သခင် ၄ဟူးဂြိုဟ်လည်း (၂)တန့်တွင်ပင် ရပ်တည်၍ ဘဝအဆင့် တိုးတက်မြင့်မားစွာ နေရပါမည်။ ဘဝကံ အမြင့်စားတွင် ရှိသည်။

၃။ *ထိဆုကြီးပေါက်ကံ၊ ကာလ။*

(၁၁)တန့်သခင် ၆ကြာ (၃)တန့်တွင် ရပ်တည်၍ (၃)တန့်သခင် စနေ (၂)တန့်တွင် ရပ်တည်သောကြောင့် ထိဆုကြီးပေါက်ကံ ရှိပါသည်။ (၃-၁၂-၂၀၁၇)နောက်ပိုင်း (၂၀၁၈)ခုနှစ်အတွင်း ထိကံ စမ်းကြည့်ပါလေ။

## မမီးမီး


**(၃၁-၅-၂၀၀၁၊ နံနက် ၁၀း၀၀ နာရီ၊ အရာတော်မြို့)**


၁။ *ပညာရေးအခြေအနေ။*



www.burmeseclassic.com

www.burmeseclassic.com




(၄)တန့်သခင်ဂြိုဟ် ဖြကြာသည် (၉)တန့်တွင် ရပ်တည်၍ (၁၁)တန့်သခင်ဂြိုဟ်လည်း ဖြစ်သောကြောင့် ပညာရေးက ကောင်းပါသည်။ (၉)တန့်သခင် ၅တေး ဂြိုဟ် (၁၁)တန့်တွင် ရပ်တည်၍လည်း ဘွဲ့လွန်အဆင့်ထိ ပြီးမြောက်ဖို့ ရှိသည်။ (၁-၁-၂၀၁၅)မှ (၁-၁-၂၀၂၂)ထိ အင်္ဂါ ထူလဒသာ စားဝင်သည်။ အင်္ဂါသည် (၅၊ ၁၀) သခင်အဖြစ် (၅)တန့်တွင် ရပ်တည်ခြင်းက ယင်းကာလ နောက်ပိုင်း စိတ်ပေါ့ခြင်း၊ ပညာရေးဘက် ပေါ့ဆမိတတ်ခြင်းများ ဖြစ်ပေါ်စေတတ်သည်။ သို့ဖြစ်၍ စနစ်တကျ ကြပ်မတ်ပေးရန် လိုပေမည်။

၂။ *မိဘကို ပြုစုလုပ်ကျွေးနိုင်မည်လား။*

(၄)တန့်သခင် ဖြကြာဂြိုဟ် (၉)တန့်ရပ်ခြင်း၊ (၉) တန့်သခင် ၅တေးဂြိုဟ် (၁၁)တန့် ရပ်ခြင်းကြောင့် မိဘကို ပြုစုလုပ်ကျွေးခွင့် ကြုံပါမည်။

၃။ *အိုဇာတာ ကောင်း/မကောင်း။*

(၁-၁-၂၀၅၆)နောက်ပိုင်း (၁-၁-၂၀၇၅)ထိ စနေ ထူလဒသာ စားဝင်ပေမည်။ (၇၊ ၈)သခင်အဖြစ် (၁၀) တန့်ဘာဝ (၁၁-တန့်ရာသီ)တွင် (၂)တန့်သခင် ၁နွေဂြိုဟ် (၆၊ ၉)သခင် ၅တေးဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်၍ အိုဇာတာ ကောင်းပါမည်။

**မဏာလာထွန်း**

**(၂၆-၃-၂၀၀၀၊ နံနက် ၂:၀၀ နာရီ၊ အရာတော်မြို့)**

၁။ *ပညာရေးအခြေအနေ။*

(၄)တန့်သခင် ၅တေးဂြိုဟ် (၅)တန့်တွင် (၂၊ ၃) သခင် စနေ (၅၊ ၁၂)သခင် အင်္ဂါဂြိုဟ်တို့နှင့် ပူးယှဉ် ရပ်တည်သည်။ အတန်းငယ်စဉ် ထစ်ငေါ့မှု ကြုံရတတ်သော်လည်း ပညာရေး ဘွဲ့ရသည်ထိ ပြီးမြောက်ပါမည်။

(၁၂-၆-၂၀၁၇)မကျော်မီအတွင်း ပညာရေး ကောင်းပါသည်။ စာမေးပွဲ အောင်ပါမည်။

၂။ *ဘဝတွင် ကြီးပွားချမ်းသာမည်လား။*


(၂)တန့်သခင် စနေဂြိုဟ် (၅)တန့်တွင် (၁၊ ၄)သခင် စနေ (၅၊ ၁၂)သခင် အင်္ဂါဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်၍ ဘဝတွင် အလတ်စား ကြီးပွားပါမည်။

၃။ *မိဘကို လုပ်ကျွေးပြုစုနိုင်မည်လား။*

(၄)တန့်သခင် ၅တေး (၅)တန့် ရပ်ခြင်း၊ (၉)တန့် သခင် ၁နွေ (၃)တန့် ရပ်ခြင်းကြောင့် မိဘကို သင့်တင့်စွာ ထောက်ပံ့ပေးနိုင်ပါမည်။

**မသူဇာလွင်**

**(၁၀-၁၂-၁၉၉၉၊ နံနက် ၃:၀၀ နာရီ၊ အရာတော်မြို့)**




၁။ *ပညာရေးနှင့် အသက်မွေးရမည်လား။*

(၁၀)တန့်သခင် ၂လာဂြိုဟ် (၃)တန့် မနုရာသီတွင် ရပ်တည်သည်ကို (၄၊ ၅)သခင်ဂြိုဟ် စနေနှင့် ပူးယှဉ်သော (၃၊ ၆)သခင် ၅တေးဂြိုဟ် (၆)တန့်ဘာဝ (၇-တန့်ရာသီ)မှ (၉)တန့်အထူးမြင် ကြုံနေ၍ ပညာရေးဖြင့် အသက်မွေးရဖို့ ရှိနေပါသည်။

၂။ *ဘဝတွင် ချမ်းချမ်းသာသာ နေရမည်လား။*

www.burmeseclassic.com

www.burmeseclassic.com


(၂)တန့်သခင် အင်္ဂါဂြိုဟ် (၄)တန့်တွင် ရပ်တည်ပြီး (၇)တန့်၊ (၁၀)တန့်၊ (၁၁)တန့် ဘာ၀များကို အမြင်ကြံ့နေ၍ ဘ၀တွင် ချမ်းသာသည်ဟု ဆိုနိုင်သော အဆင့်သို့ ရောက်ရှိပါမည်။

၃။ *မိဘကို အလုပ်အကျွေး ပြုနိုင်မည်လား။*

(၄)တန့်သခင် စနေဂြိုဟ် (၇)တန့်တွင် ရပ်တည်ခြင်း၊ (၉)တန့်သခင် ၄ဟူး (၂)တန့်တွင် (၁၁)တန့်သခင် ၁နွေနှင့် ပူးယှဉ်ရပ်တည်ခြင်းကြောင့် မိဘကို ပြုစုလုပ်ကျွေးနိုင်ပေမည်။

**မအေးအေးနွယ်**

**(၉-၅-၁၉၉၉၊ နံနက် ၄း၀၀ နာရီ၊ အရာတော်မြို့)**




၁။ *ပညာရေးအခြေအနေ။*

(၄)တန့်သခင်ဂြိုဟ် ၂လာ (၇)တန့်ဘာ၀တွင် (၁၊ ၈)သခင် အင်္ဂါနှင့် ပူးယှဉ်ရပ်တည်ပြီး (၉၊ ၁၂)သခင် ၅တေးဂြိုဟ် (၁၀၊ ၁၁)သခင် စနေဂြိုဟ်တို့နှင့် အပြန်အလှန် အမြင်ကြံ့နေသည်။ ဘွဲ့တစ်ခုတော့ ရပေမည်။ ကြိုးစားမှုတော့ စိုက်ရမည်။

၂။ *မိဘကို အလုပ်အကျွေးပြုနိုင်မည်လား။*


(၄)တန့်သခင် ၂လာ (၇)တန့် ရပ်ခြင်း၊ (၉)တန့်သခင် ၅တေး လဂ်နှင့် ပူးခြင်းကြောင့် မိဘကို ပြုစုလုပ်ကျွေးနိုင်ပါမည်။

၃။ *အိုဇာတာ ကောင်း/မကောင်း။*

(၁၉-၆-၂၀၄၈)မှ (၁၉-၆-၂၀၆၈)ထိ ၆ကြာ ထူလဒသာ (၂၊ ၇-သခင် ၃-တန့်ရပ်) စားဝင်မည်။ (၁၉-၆-၂၀၆၈)မှ (၁၉-၆-၂၀၇၄)ထိ (၂)တန့်ရပ် ၁နွေဒသာ စားဝင်မည်။ (၁၉-၆-၂၀၇၄)မှ (၁၉-၆-၂၀၈၄)ထိ (၇)တန့်ရပ် (၄)တန့်သခင် ၂လာဒသာ စားဝင်မည်။ အိုဇာတာ ကောင်းပါသည်။

**မစန္ဒီဇော်**

**(၂၁-၈-၂၀၀၀၊ နံနက် ၁၁း၀၀ နာရီ၊ အရာတော်မြို့)**




၁။ *ဘ၀တွင် ကြီးပွားချမ်းသာနိုင်မည်လား။*

(၂)တန့်သခင် အင်္ဂါဂြိုဟ် (၁၀)တန့်တွင် ရပ်တည်၍ နိစ္စဘင်္ဂရာဇယုဂ် ရနေသည်။ သို့အတွက် ဘ၀ရှေ့ပိုင်း အခက်အခဲ ကြုံရတတ်သော်လည်း ဘ၀နောက်ပိုင်းတွင် ပြည့်စုံချမ်းသာလာမည်။

၂။ *ပညာဖြင့် အသက်မွေးရမည်လား။*

(၁၀)တန့်သခင် ၂လာ (၇)တန့်တွင် ရပ်တည်သည်ကာ အင်္ဂါနှင့် ပရိဝတ္တနသမ္ဗန္ဓ ပြုထားသည်။ (၄)တန့်သခင် စနေနှင့် ပညာရေးကာရက ၅တေး ပတ်သက်မှု မရှိ။ ပညာဖြင့် အသက်မမွေးရတတ်ပါ။

၃။ *မိဘကို အလုပ်အကျွေးပြုနိုင်မည်လား။*

(၄)တန့်သခင် စနေ (၈)တန့်တွင်ရပ်၍ (၂)တန့်ကို မြင်ခြင်း၊ (၉)တန့်သခင် ၄ဟူး (၁၁)တန့်ရပ်ခြင်းကြောင့် မိဘကို ထောက်ပံ့ကျွေးမွေးနိုင်ပါမည်။

---

**ဆရာရန်အောင်ဟိန်း(B.Sc)**

**(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ပညာရှင်)**

အမှတ်-၂၁၃(ပ-လွှာ)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆၊ ၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၅ ၄၂၀ ၃၉၄



www.burmeseclassic.com

www.burmeseclassic.com




(၂၀၁၇)ခုနှစ်၊ မတ်လအတွင်း နေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လက်နှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်များကို အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။ ယင်းအချိန်ပိုင်းများတွင် မဟာဝေဒဗ္ဗမန္တန်၊ စူဠဝေဒဗ္ဗမန္တန်၊ ရှင်သီဝလိ ပရိတ်တော်၊ ရှင်သီဝလိ(၁၀)ဂါထာ စသည်ဖြင့် လာဘ၊နေဆိုင်ရာ ဂါထာ၊မန္တန်များ ရွတ်ပွားပူဇော်ခြင်းဖြင့် အကျိုးထူးများ ကေန်မုချ ခံစားရပါလိမ့်မည်။

အထူးမှာ (၂၄-၃-၂၀၁၇) ညနေ(၅း၂၈း၂၈)နာရီမှ (၂၅-၃-၂၀၁၇) ညနေ(၅း၄၂း၀၉)နာရီအတွင်းတွင် စန်း (ခေါ်) တနင်္လာဂြိုဟ်သည် နေသိဒ္ဓိနက္ခတ် နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းဖြင့် ရောက်ရှိဖြတ်ကျော်နေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၂၅-၃-၂၀၁၇) နံနက်(၃း၃၃း၃၆)နာရီမှ (၄း၁၉း၁၇)နာရီအတွင်း၌လည်းကောင်း၊ မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၂၅-၃-၂၀၁၇) နံနက်(၉း၁၃း၁၇)နာရီမှ (၁၀း၀၄း၅၆)နာရီအတွင်း၌လည်းကောင်း လာဘ၊နေဆိုင်ရာ ဂါထာ၊မန္တန်များ ရွတ်ပွားခြင်း၊ ယတြာအစီအရင်များ ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများ ကေန်မုချ ခံစားကြရပါလိမ့်မည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**

www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၇)ခုနှစ်၊ မတ်လအတွင်း

[illegible]

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၅:၀၇:၅၈ | ၅:၅၃:၅၉ |
| ၂ | ၅:၀၄:၀၂ | ၅:၅၀:၀၃ |
| ၃ | ၅:၀၀:၀၆ | ၅:၄၆:၀၇ |
| ၄ | ၄:၅၆:၁၀ | ၅:၄၂:၁၁ |
| ၅ | ၄:၅၂:၁၄ | ၅:၃၈:၁၅ |
| ၆ | ၄:၄၈:၁၈ | ၅:၃၄:၂၀ |
| ၇ | ၄:၄၄:၂၃ | ၅:၃၀:၂၄ |
| ၈ | ၄:၄၀:၂၇ | ၅:၂၆:၂၈ |
| ၉ | ၄:၃၆:၃၁ | ၅:၂၂:၃၂ |
| ၁၀ | ၄:၃၂:၃၅ | ၅:၁၈:၃၆ |
| ၁၁ | ၄:၂၈:၃၉ | ၅:၁၄:၄၀ |
| ၁၂ | ၄:၂၄:၄၃ | ၅:၁၀:၄၄ |
| ၁၃ | ၄:၂၀:၄၇ | ၅:၀၆:၄၈ |
| ၁၄ | ၄:၁၆:၅၁ | ၅:၀၂:၅၂ |
| ၁၅ | ၄:၁၂:၅၅ | ၄:၅၈:၅၆ |
| ၁၆ | ၄:၀၈:၅၉ | ၄:၅၅:၀၀ |
| ၁၇ | ၄:၀၅:၀၄ | ၄:၅၁:၀၅ |
| ၁၈ | ၄:၀၁:၀၈ | ၄:၄၇:၀၉ |
| ၁၉ | ၃:၅၇:၁၂ | ၄:၄၃:၁၃ |
| ၂၀ | ၃:၅၃:၁၆ | ၄:၃၉:၁၇ |
| ၂၁ | ၃:၄၉:၂၀ | ၄:၃၅:၂၁ |
| ၂၂ | ၃:၄၅:၂၄ | ၄:၃၁:၂၅ |
| ၂၃ | ၃:၄၁:၂၈ | ၄:၂၇:၂၉ |
| ၂၄ | ၃:၃၇:၃၂ | ၄:၂၃:၃၃ |
| ၂၅ | ၃:၃၃:၃၆ | ၄:၁၉:၃၇ |
| ၂၆ | ၃:၂၉:၄၀ | ၄:၁၅:၄၂ |
| ၂၇ | ၃:၂၅:၄၅ | ၄:၁၁:၄၆ |
| ၂၈ | ၃:၂၁:၄၉ | ၄:၀၇:၅၀ |
| ၂၉ | ၃:၁၇:၅၃ | ၄:၀၃:၅၄ |
| ၃၀ | ၃:၁၃:၅၇ | ၃:၅၉:၅၈ |
| ၃၁ | ၃:၁၀:၀၁ | ၃:၅၆:၀၂ |

## (၂၀၁၇)ခုနှစ်၊ မတ်လအတွင်း

[illegible]

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၀:၄၇:၃၉ | ၁၁:၃၉:၁၇ |
| ၂ | ၁၀:၄၃:၄၃ | ၁၁:၃၅:၂၁ |
| ၃ | ၁၀:၃၉:၄၇ | ၁၁:၃၁:၂၅ |
| ၄ | ၁၀:၃၅:၅၁ | ၁၁:၂၇:၃၀ |
| ၅ | ၁၀:၃၁:၅၅ | ၁၁:၂၃:၃၄ |
| ၆ | ၁၀:၂၇:၅၉ | ၁၁:၁၉:၃၈ |
| ၇ | ၁၀:၂၄:၀၄ | ၁၁:၁၅:၄၂ |
| ၈ | ၁၀:၂၀:၀၈ | ၁၁:၁၁:၄၆ |
| ၉ | ၁၀:၁၆:၁၂ | ၁၁:၀၇:၅၀ |
| ၁၀ | ၁၀:၁၂:၁၆ | ၁၁:၀၃:၅၄ |
| ၁၁ | ၁၀:၀၈:၂၀ | ၁၀:၅၉:၅၈ |
| ၁၂ | ၁၀:၀၄:၂၄ | ၁၀:၅၆:၀၂ |
| ၁၃ | ၁၀:၀၀:၂၈ | ၁၀:၅၂:၀၆ |
| ၁၄ | ၉:၅၆:၃၂ | ၁၀:၄၈:၁၁ |
| ၁၅ | ၉:၅၂:၃၆ | ၁၀:၄၄:၁၅ |
| ၁၆ | ၉:၄၈:၄၀ | ၁၀:၄၀:၁၉ |
| ၁၇ | ၉:၄၄:၄၅ | ၁၀:၃၆:၂၃ |
| ၁၈ | ၉:၄၀:၄၉ | ၁၀:၃၂:၂၇ |
| ၁၉ | ၉:၃၆:၅၃ | ၁၀:၂၈:၃၁ |
| ၂၀ | ၉:၃၂:၅၇ | ၁၀:၂၄:၃၅ |
| ၂၁ | ၉:၂၉:၀၁ | ၁၀:၂၀:၃၉ |
| ၂၂ | ၉:၂၅:၀၅ | ၁၀:၁၆:၄၃ |
| ၂၃ | ၉:၂၁:၀၉ | ၁၀:၁၂:၄၇ |
| ၂၄ | ၉:၁၇:၁၃ | ၁၀:၀၈:၅၂ |
| ၂၅ | ၉:၁၃:၁၇ | ၁၀:၀၄:၅၆ |
| ၂၆ | ၉:၀၉:၂၁ | ၁၀:၀၁:၀၀ |
| ၂၇ | ၉:၀၅:၂၆ | ၉:၅၇:၀၄ |
| ၂၈ | ၉:၀၁:၃၀ | ၉:၅၃:၀၈ |
| ၂၉ | ၈:၅၇:၃၄ | ၉:၄၉:၁၂ |
| ၃၀ | ၈:၅၃:၃၈ | ၉:၄၅:၁၆ |
| ၃၁ | ၈:၄၉:၄၂ | ၉:၄၁:၂၀ |



www.burmeseclassic.com

www.burmeseclassic.com




ဆရာရန်အောင်ဟိန်း(B.Sc)

# အဆင့်မြင့်ပညာရေးနှင့် ကေ.ပီ စနစ်

ယနေ့ခေတ်သည် ပညာခေတ် ဖြစ်သည်ဟု ကမ္ဘာက ဆိုနေကြချေပြီ။ ပညာခေတ်တွင် သာမန်ဘွဲ့မျိုး ရရှိရုံသာမက အဆင့်မြင့်ဘွဲ့ (ဝါ) ဘွဲ့လွန်ပညာရေးထိ ပြီးမြောက်ရန်လည်း အရေးကြီးလာချေပြီ။ သို့ဖြစ်၍ ကေ·ပီစနစ်အရ အဆင့်မြင့်ပညာရေးကို ဆက်လက်တက်လှမ်းနိုင်ခြင်း ရှိ,မရှိ သုံးသပ်ဆုံးဖြတ်ရပုံများကို ဖော်ပြပေးသွားပါမည်။

အောက်ပါ ဇာတာရှင်သည် (၁၉-၄-၂၀၀၀) ဗုဒ္ဓဟူးနေ့၊ နံနက်(၁၁း၃၀)နာရီတွင် ကာရ်နူးရ်(အေသီ)တွင် မွေးဖွားခဲ့သည်။ ဇာတာမှာ အောက်ပါအတိုင်း ဖြစ်သည်။




ပညာရေးနှင့် ပတ်သက်သော ဘာဝများကို ကေ·ပီစနစ်အရ ပထမဆုံး ဖော်ပြပေးသွားပါမည်။

(၄)တန့်ဘာဝ၊ (၉)တန့်ဘာဝ၊ (၁၁)တန့်ဘာဝများ ဖြစ်ပါသည်။

ဇာတာတွင် (၄)တန့်ဘာဝ သန္ဓိသည် ကန်ရာသီ (၂၃ံ ၁၅' ၂၇") တွင် ကျရောက်၍ ၄ဟူးပိုင် ရာသီ၊ ၂လာပိုင် နက္ခတ်နှင့် ၁နွေပိုင် ဘုတ္တိနက္ခတ်တို့ပေါ်တွင် တည်နေသည်။

(၉)တန့်ဘာဝ သန္ဓိသည် ကုမ်ရာသီ (၂၃ံ ၁၇' ၅၈")တွင် ကျရောက်၍ ၈စနေပိုင် ရာသီ၊ ၅တေးပိုင် နက္ခတ်၊ ၅တေးပိုင် ဘုတ္တိနက္ခတ်တို့ပေါ်တွင် တည်နေပါသည်။

(၁၁)တန့်ဘာဝ သန္ဓိသည် မိသာရာသီ (၂၆ံ ၁၆' ၀၉")တွင် ကျရောက်၍ အင်္ဂါပိုင် ရာသီ၊ ၆ကြာပိုင်



www.burmeseclassic.com

www.burmeseclassic.com

နက္ခတ်၊ ကိတ်ပိုင် ဘုတ္တိနက္ခတ်တို့ပေါ် တည်နေပါသည်။

(၄)ထုန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ် ဗုဒ္ဓသည် (၃)တန့်သခင်အဖြစ် (၁၀)တန့်ဘာဝတွင် ရပ်တည်နေသည်။ ဗုဒ္ဓသည် (၇၊ ၁၀)သခင် ဂုဏ်ဂြိုဟ်၊ (၈၊ ၉)သခင် စနေဂြိုဟ်၊ (၆၊ ၁၁)သခင် အင်္ဂါဂြိုဟ်တို့နှင့်လည်း ပူးယှဉ်ရပ်တည်ထားသည်။ (၇)တန့်တွင် ရပ်၍ စနေ(မကာရ)အား ကိုယ်စားပြုထားသော ကိတ်ဂြိုဟ်ပိုင်နက္ခတ်ကို စီးထားသည်။

(၉)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ဂုဏ်ဖြစ်သည်။ ဂုဏ်သည် (၇၊ ၁၀)တန့်သခင်အဖြစ် (၁၀)တန့်တွင်ပင် ဗုဒ္ဓ (၃ တန့်သခင်)၊ စနေ (၈၊ ၉ တန့်သခင်)၊ အင်္ဂါ (၆၊ ၁၁ တန့်သခင်) ဂြိုဟ်များနှင့် ပူးယှဉ်ရပ်တည်နေသည်။ ဂုဏ်ဂြိုဟ်သည် ဇကြာပိုင်နက္ခတ်ကို စီးထားသည်။ ဇကြာဂြိုဟ်သည် (၅၊ ၁၂)တန့်သခင် ဖြစ်ပြီး (၉)တန့်ဘာဝတွင် ရပ်တည်ထားသည်။

(၁၁)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ကိတ်ဖြစ်သည်။ ကိတ်သည် (၈၊ ၉)တန့်သခင် စနေအား ကိုယ်စားပြု (မကာရရာသီတွင်ရပ်)၍ (၇)တန့်ဘာဝတွင် ရပ်တည်နေသည်။ ကိတ်သည် ဗုဒ္ဓပိုင် နက္ခတ်ကို စီးထားသည်။ ဗုဒ္ဓသည် (၁၀)တန့်တွင် ဂုဏ်၊ စနေ၊ အင်္ဂါဂြိုဟ်များနှင့် ပူးယှဉ်ရပ်တည်နေသည်။

ပညာရေး၏ ကာရကဂြိုဟ်မှာ ၄ဟူးဖြစ်သည်။ အထက်ပါ ဇာတာတွင် ၄ဟူးဂြိုဟ်သည် (၁၊ ၄)သခင်အဖြစ် (၉)တန့်ဘာဝတွင် (၅၊ ၁၂)သခင် ဇကြာဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်ထားသည်။

အထက်တွင် ရှင်းပြခဲ့သကဲ့သို့ ပညာရေးဆိုင်ရာ (၄၊ ၉၊ ၁၁)တန့်ဘာဝ သန္ဓိများ၏ ဘုတ္တိနက္ခတ် သခင်ဂြိုဟ်များအားလုံးသည် ဆက်စပ်ပတ်





သက်မှု ရှိနေကြပြီး (၄၊ ၉၊ ၆၊ ၁၁)တန့် ဘာဝများ၏ အကျိုးဆောင်နေကြ၍ ပညာရေးတွင် (၄)တန့်သန္ဓိအရ ဘွဲ့ရမည်။ (၉)တန့်သန္ဓိအရ ဘွဲ့လွန်အဆင့်ထိ တက်လှမ်းရမည်ကို ဖော်ပြနေပေသည်။

ထို့ပြင် (၃၊ ၆၊ ၉၊ ၁၂)တန့် ဘာဝများနှင့်လည်း ပတ်သက်ဆက်စပ် အကျိုးဆောင်နေပေရာ နိုင်ငံရပ်ခြား ပညာသင်ခရီး ရှိနေသည်ကို ဖော်ပြနေပါသည်။

နိုင်ငံရပ်ခြားသို့ ပညာသင် သွားရောက်ရန် အမှန်တကယ် ရှိ,မရှိ (၁၂)တန့်ဘာဝဖြင့် သုံးသပ်ရပေဦးမည်။ (၁၂)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် ဂုဏ် ဖြစ်သည်။ ဂုဏ်သည် (၇၊ ၁၀)တန့်သခင်အဖြစ် (၁၀)တန့်တွင် (၃)တန့်သခင် ဗုဒ္ဓဂြိုဟ်၊ (၈၊ ၉)သခင် စနေဂြိုဟ်၊ (၆၊ ၁၁)တန့်သခင် အင်္ဂါဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်နေပါသည်။

သို့ဖြစ်၍ နိုင်ငံခြားသို့ အဆင့်မြင့် (ဘွဲ့လွန်) ပညာသင်ခရီး သွားရပေမည်။

အထက်တွင် ပညာရေးနှင့်ပတ်သက်သော အပိုင်းကိုသာ သိလွယ်အောင် ရှင်းပြထားခြင်း ဖြစ်ပါသည်။ ပညာယူနိုင်ကြပါစေ။

**ဆရာရန်အောင်ဟိန်း(B.Sc)**

<u>ကျမ်းကိုး</u> * K.P Ezine. (June, 2015).

www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီးဦးဖေအေးထွန်း

[အကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ❖ ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- ❖ အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- ❖ လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- ❖ လေဖြတ်ခံရပြီး ပုံမှန်ခြေ၊လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ❖ ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။


တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၅၈



# သုခရတနာ

ဓမ္မစာပေဖြန့်ချိရေး




- ပဋ္ဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဓမ္မစကြာနှင့်
  အနတ္တလက္ခဏာသုတ် ပါဠိတော်
- ဓာရဏပရိတ် အဘိဏှသုတ်နှင့်
  ပရိမိတ္တဇာလသုတ် ပါဠိတော်

[illegible] ဘုရားစာအုပ်များ ရရှိနိုင်ပါသည်။

အမှတ်-၃၅၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၁ ၉၉၄၂၅ ၊ ၀၉ ၇၃၀ ၇၆၄၉၄

www.burmeseclassic.com

www.burmeseclassic.com



မင်းမပေါ်ညွှန့်

# နက္ခတ်ဗေဒ

# ရက်မြတ်ကောင်းအချိန်အခါ


## (၂၀၁၇)ခုနှစ်၊ မတ်လအတွက်

### ဈေးကွက်ခန့်မှန်းချက်

မိဿရာသီ၌ ဥဂ္ဂံဗြိုဟ် ရပ်တည်နေသဖြင့် ဆန်စပါး ပေါ်များ၍ ဝပြောစည်ပင်တတ်၏။ သန္တာကျောက်နီ ရှားပါးတတ်၏။ မင်းအစိုးရတို့ အမျက်ဒေါသ ထွက်တတ်၏။ သိဟ်ရာသီ၌ ရာဟုဂြိုဟ် တည်ရှိနေသဖြင့် ချင်းစိမ်း ရှားတတ်၏။ ဓနုရာသီ၌ စနေဂြိုဟ် တည်ရှိသဖြင့် ဆန်စပါး ပေါ်များအံ့။ ကုမ်ရာသီ၌ ကိတ်ဂြိုဟ် ရှိသဖြင့် ဂျုံ၊ စပါး၊ ချည်လျှော်တို့ ဈေးကောင်း ရရှိနိုင်မည်။

**၂-၃-၂၀၁၇ (ကြာသပတေးနေ့)**

**(၁၃၇၈)ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်**





ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ဆိုင်သစ်ဖွင့်၍ ဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသ ပြုလုပ်ရန်၊ အလှုပြင်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ ကုန်ရောင်းဝယ်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ ခရီးသွားလာရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းမောင်၊ မမျိုးပပ..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။

**၅-၃-၂၀၁၇ (တနင်္ဂနွေနေ့)**


**(၁၃၇၈)ခုနှစ်၊ တပေါင်းလဆန်း (၈)ရက်**

အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောင်းဆိုင်းဘုတ်တင်ရန်၊ ထီးတော်တင်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ ဆံရိတ်,ဆံသ ပြုလုပ်ရန်၊ အလှုပြင်ရန်၊ နာမည်မှည့်ခေါ်ရန်၊ အုတ်မြစ်ချ,တိုင်ထူရန်၊ အိမ်ပြောင်း,အိမ်သစ်တက်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ခွဲစိတ်ကုသမှု ခံယူရန်၊ စက်ပစ္စည်း ဝယ်ယူရန်၊ ငွေကြေး ချေးငှားရန်၊ မေတ္တာရေးရာစကားဆိုရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်မော်၊ မအေးချမ်းမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။




**၆-၃-၂၀၁၇ (တနင်္လာနေ့)**

**(၁၃၇၈)ခုနှစ်၊ တပေါင်းလဆန်း (၉)ရက်**




အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဆိုင်သစ်ဖွင့်၍ ဆိုင်းဘုတ်တင်ရန်၊ နာမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသ ပြုလုပ်ရန်၊ အလှူကုန်ပစ္စည်း ဖြန့်ချိရန်၊ ရတနာသစ် ဝတ်ဆင်ရန်၊ အဝတ်အထည် ချုပ်လုပ်ရန်၊




www.burmeseclassic.com

www.burmeseclassic.com

အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ အာမခံလုပ်ငန်း ဆောင်ရွက်ရန်၊ ဘာသာရေးနှင့် လူမှုရေး ပရဟိတလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ချစ်ဝင်းမောင်၊ မကြည်ဖြူမေ··ဟု ပေးနိုင်သည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

## ၇-၃-၂၀၁၇ (အင်္ဂါနေ့)

## (၁၃၇၈)ခုနှစ်၊ တပေါင်းလဆန်း (၁၀)ရက်



ကြံစည်သမျှ ပြီးသောယုဂ် ရရှိသဖြင့် ယနေ့ သာသနာ့အလံ လွှင့်ထူ၍ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ အမည်ကင်ပွန်း တပ်ရန်၊ ဆံရိတ်,ဆံသရန်၊ ရှင်ပြု,လက်ထပ်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှူပြင်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပွဲနှင့် ပါတီညစာစားပွဲ ကျင်းပရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ လယ်ယာသီးနှံများ ဆွတ်ခူး,ရိတ်သိမ်းရန်၊ ထွန်ယက်စိုက်ပျိုးရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃:၀၀)နာရီမှ (၄:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မဆွေဝင်းမော်··ဟု ပေးနိုင်သည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

## ၉-၃-၂၀၁၇ (ကြာသပတေးနေ့)

## (၁၃၇၈)ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်



မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ရန်၊ ရေတွင်း,ရေကန် တူးဖော်ရန်၊ အဝီစိတွင်း တူးဖော်ရန်၊ ဂါထာ,မန္တန် သိဒ္ဓိတင်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အလုပ်သစ်လျှောက်ရန်၊ လုပ်ကိုင်ဖက် မိတ်ဆွေနှင့် တွေ့ဆုံဆွေးနွေးရန်၊ အစုရှယ်ယာဝင်ရန်၊ မျိုးစေ့ကြဲပက်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ ပညာသင်ယူရန်၊ ဆေးခန်းဖွင့်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ အချစ်ရေးစကား ဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွား ဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်း၊ မပပမြိုင်··ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

## ၁၁-၃-၂၀၁၇ (စနေနေ့)

## (၁၃၇၈)ခုနှစ်၊ တပေါင်းလဆန်း (၁၄)ရက်



ပစ္စည်းဥစ္စာ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ဆည်မြောင်း,တာတမံနှင့် ဓာတ်သတ္တုရှာဖွေရန်၊ ဂီတအနုပညာဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်ရန်၊ ကုန်ပစ္စည်းသိုလှောင်ရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ အောင်ဘာလေထီထိုးရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ ထွန်ချ,ပျိုးကြဲရန်၊ သစ်ပင်စိုက်ရန်၊ သီးနှံရိတ်သိမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉:၀၀)နာရီမှ (၁၀:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေမျိုးမြင့်၊ မနေနန်းမော်··ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။

## ၁၂-၃-၂၀၁၇ (တနင်္ဂနွေနေ့)

## (၁၃၇၈)ခုနှစ်၊ တပေါင်းလပြည့်



မင်းချီးမြှောက်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ရှင်ပြု,ရဟန်းခံရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း,ရေကန်, အဝီစိတွင်း တူးဖော်ရန်၊ ရှူးစမ်းရှာဖွေရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ စာအုပ်ဖြန့်ချိရန်၊ စေ့စပ်,လက်ထပ်ရန်၊ ဆံရိတ်,ဆံသ,အလှူပြင်ရန်၊ အဆောက်အအုံ ပန္နက်တင်၍ တိုင်ထူရန်၊ စာပေကျမ်းဂန်များ ထုတ်ဝေရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ ပရဟိတလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွား




www.burmeseclassic.com

www.burmeseclassic.com

သော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ဝင်းမောင်၊ မအေးဝတီမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

**၁၃-၃-၂၀၁၇ (တနင်္လာနေ့)**


**(၁၃၇၈)ခုနှစ်၊ တပေါင်းလဆုတ် (၁)ရက်**




ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ် မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ပန်းချီ,ပန်းပု စသော ပန်း(၁၀)မျိုးလုပ်ငန်း စတင်ရန်၊ အိမ်တိုင်ထူရန်၊ အိမ်တက်လှေကားထောင်ရန်၊ လေကြောင်းခရီးသွားရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ ပညာသင်ကြားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်မင်းမောင်၊ မကေခိုင်မင်း..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။

**၁၄-၃-၂၀၁၇ (အင်္ဂါနေ့)**


**(၁၃၇၈)ခုနှစ်၊ တပေါင်းလဆုတ် (၂)ရက်**




ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ရန်၊ ဆံရိတ်,ဆံသပြုလုပ်ရန်၊ လက်ဝတ်ရတနာ ရောင်းဝယ်,ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း,ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေးရာ စကားပြောရန်၊ အောင်ဘာလေထီထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မဆွေဝင်းမွန်..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ဝင်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

**၁၆-၃-၂၀၁၇ (ကြာသပတေးနေ့)**


**(၁၃၇၈)ခုနှစ်၊ တပေါင်းလဆုတ် (၄)ရက်**




အဆောက်အအုံတည်ရသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ ဆံရိတ်,ဆံသပြုလုပ်ရန်၊ စေ့စပ်ပွဲ ပြုလုပ်ရန်၊ အောင်ဘာလေထီထိုးရန်၊ ကုမ္ပဏီထူထောင်ရန်၊ ကြော်ငြာဆိုင်းဘုတ် တင်ရန်၊ ကျောက်မျက်,ဓာတ်သတ္တု စူးစမ်းရှာဖွေရန်၊ ထွန်ယက်စိုက်ပျိုးရန်၊ မျိုးစေ့ချ ပျိုးကြဲရန်၊ စာပေကျမ်းဂန် ရေးသားရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ အိမ်ပြောင်း,အိမ်တက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်း၊ မပပမြိုင်..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။

**၁၇-၃-၂၀၁၇ (သောကြာနေ့)**

**(၁၃၇၈)ခုနှစ်၊ တပေါင်းလဆုတ် (၅)ရက်**




မိတ်ဆွေသင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံနှင့် ဓာတ်သတ္တု စူးစမ်းရှာဖွေရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးရန်၊ လယ်ယာဥယျာဉ်သီးနှံများ ရိတ်သိမ်းဆွတ်ခူးရန်၊ ကျမ်းဂန်စာပေ ရေးသားရန်၊ ဂီတအနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ ရှင်ပြု,ရဟန်းခံရန်၊ စေ့စပ်,လက်ထပ်ရန်၊ ဘုရားတည်,ထီးတော်တင်ရန်၊ ဘဏ်လုပ်ငန်းများ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းဆက်ညွန့်၊ မဟန်သူမြင့်..ဟု ပေးနိုင်ပါသည်။ ယနေ့




www.burmeseclassic.com

www.burmeseclassic.com

မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

**၁၈-၃-၂၀၁၇ (စနေနေ့)**


**(၁၃၇၈)ခုနှစ်၊ တပေါင်းလဆုတ် (၆)ရက်**



ဘဝအဆင့်အတန်း တိုးတက်သောယုဂ် ရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ပညာစသင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ရဟန်းခံ ,ရှင်ပြုရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသ ပြုလုပ်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပါတီပွဲ ကျင်းပရန်၊ ဆိုင်ခန်းနှင့် လုပ်ငန်း စတင်ဖွင့်လှစ်ရန်၊ အချစ်ရေးစကားဆိုရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင် နမျိုးမြင့်၊ မနေနွယ်မြင့်··ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။

**၂၀-၃-၂၀၁၇ (အင်္ဂါနေ့)**


**(၁၃၇၈)ခုနှစ်၊ တပေါင်းလဆုတ် (၉)ရက်**



မင်းချီးမြှောက်ခံရသောယုဂ် ရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရှာဖွေရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ ပန်းချီ,ပန်းပု ပန်း(၁၀)မျိုးလုပ်ငန်းနှင့် ဂီတအနုပညာလုပ်ငန်းများ စတင်ဆောင်ရွက်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ ကျင်းတူး,အုတ်မြစ်ချရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ရတနာသစ် ဝတ်ဆင်ရန်၊ အစုရှယ်ယာဝင်ရန်၊ စပါးရိတ်သိမ်း ကျီသွင်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မစန်းဝင်းမေ··ဟု ပေးနိုင်သည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ မိုးပြာရောင် ဖြစ်သည်။

**၂၃-၃-၂၀၁၇ (ကြာသပတေးနေ့)**


**(၁၃၇၈)ခုနှစ်၊ တပေါင်းလဆုတ် (၁၀)ရက်**



တိထိရက်မြတ်ယုဂ် ရှိသဖြင့် ယနေ့ ပွဲတော်ထိုး ကိုးကွယ်ရန်၊ ကန်တော့ပွဲတင်ရန်၊ သမထဘာဝနာ ပွားများရန်၊ ဂါထာ,မန္တန် မန်းမှုတ်ရန်၊ အစွမ်းထက်ဆေးဝါး ဖော်စပ်ရန်၊ ဘုရားတည်၊ ထီးတော်တင်ရန်၊ ဘုရားရုပ်တု သွန်းလောင်းရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ စေ့စပ်,လက်ထပ်ရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အချစ်ရေးစကားဆိုရန်၊ ရေလမ်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်း၊ မပပမြိုင်··ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

**၂၅-၃-၂၀၁၇ (စနေနေ့)**

**(၁၃၇၈)ခုနှစ်၊ တပေါင်းလဆုတ် (၁၃)ရက်**



ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရှိသဖြင့် ယနေ့ ရဟန်းခံ ,ရှင်ပြုရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ သာသနာ့အလံလွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ်၊ မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ ရတနာရောင်းဝယ် ဝတ်ဆင်ရန်၊ အဆောက်အအုံ ပန္နက်ချ၊ တိုင်ထူ၊ ကျောက်သွေးလောင်းရန်၊ အိမ်တက်၊ လေ့ကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ သီးနှံဆွတ်ခူး ရိတ်သိမ်းရန်၊ အပင်စိုက်ရန်၊ အထက်လူကြီးထံ အစီရင်ခံစာ တင်ရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေမျိုးမြင့်၊ မနေနွယ်မြင့်··ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင်



www.burmeseclassic.com

www.burmeseclassic.com

လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

**၂၈-၃-၂၀၁၇ (အင်္ဂါနေ့)**


**(၁၃၇၈)ခုနှစ်၊ တန်ခူးလဆန်း (၁)ရက်**



အလုံးစုံအောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင် ရဟန်းခံ၊ ရှင်ပြုရန်၊ စေ့စပ်၊ လက်ထပ်ရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ အိမ်တက်၊ အိမ်တိုင်ထူရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ပန်းချီစသော ပန်း(၁၀)မျိုးလုပ်ငန်း စတင်လုပ်ကိုင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မစန်းဝင်းမော်..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

**၃၀-၃-၂၀၁၇ (ကြာသပတေးနေ့)**

**(၁၃၇၈)ခုနှစ်၊ တန်ခူးလဆန်း (၃)ရက်**



ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ၊ ရှင်ပြုရန်၊ စေ့စပ်၊ လက်ထပ်ရန်၊ နာမည်ကင်ပွန်းတပ်ရန်၊ ဂါထာ၊ မန္တန် သိဒ္ဓိတင်ရန်၊ လယ်ယာသီးနှံများ ရိတ်သိမ်းဆွတ်ခူးရန်၊ အိမ်၊ ခြံ၊ မြေ၊ ယာဉ်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အစွမ်းထက်ဆေးဝါး ဖော်စပ်ရန်၊ ဆေးရုံ၊ ဆေးခန်း ဖွင့်ရန်၊ စက်မှုပစ္စည်းသစ်များ တီထွင်စမ်းသပ် ထုတ်လုပ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းမောင်၊ မမျိုးပပ..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။

မင်းမဟော်ညွန့်
ဖုန်း-၀၉ ၂၅၀ ၁၆၇ ၃၃၄

နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဟောသက်ရှိခဲ့သော

# ဆရာကြီးအရဟံဆရာအောင်

## အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

မော်လမြိုင်၊ ခေါင်းဆေးကျွန်း။ ပဲခူး ဒေးဝွန်ပါ။ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ (တနင်္လာနေ့ပိတ်သည်)
မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)
အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊
အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆



www.burmeseclassic.com

www.burmeseclassic.com

'အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ'

ရိန္နတုံးသံ ထွက်ပေါ်လာ၍ ရေးလက်စ ခေါင်းပါးကို ခဏရပ်ပြီး ဖုန်းကောက်ကိုင်ကာ ထုံးစံအတိုင်း နှုတ်ဆက်လိုက်ပါသည်။

'ဟဲလို..အမိန့်ရှိပါခင်ဗျာ'

'ဆရာကံထူးပါလားရှင့်'

'ဟုတ်ကဲ့၊ ဆရာကံထူးပါ'

'ဟုတ်၊ မင်္ဂလာပါ ဆရာ'

'ဟုတ်၊ မင်္ဂလာပါခင်ဗျာ'

'ဆရာ၊ ကျွန်မသမီးလေးတွက် ဗေဒင်မေးချင်လို့ပါ ဆရာ။ ဘယ်ကိုလာခဲ့ရမလဲ ဆရာ'

'ဘယ်ကိုလာခဲ့ရမလဲဆိုတော့ အခု ဘယ်က ဆက်နေတာလဲ၊ ခဏပြောပါဦး'

'ရန်ကုန်ကပါ ဆရာ'

'သြော်..အဲလိုဆို အဆင်ပြေပါတယ်။ ဆရာ (၂၄၊ ၂၅)ရက် လကုန်ခါနီး ရန်ကုန်ရောက်မှာပါ။ သန်ဘက်ခါဆို ရောက်ပြီပေါ့။ အဲတော့မှ ဖုန်းဆက်ပြီး အဆင်ပြေတဲ့ နေရာမှာ ချိန်းတွေ့ကြမယ်လေ'

'ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မတို့ အိမ်မှာဆိုရင် ဆရာ အဆင်ပြေနိုင်မလား ဆရာ'

'ပြေပါတယ်'

'ဒါဆို ဆရာရောက်တဲ့အခါ ကျွန်မကို ဖုန်းဆက်လိုက်ပါ။ ကျွန်မ လာခေါ်ပါ့မယ်'

ထိုသို့ အချိန်းအချက်လုပ်ပြီး ဖုန်းချလိုက်ကြ၏။

ရန်ကုန်ရောက်တော့ ဖုန်းဆက်လိုက်ပါသည်။ ခဏဆို... ဒေါ်ဝေ ရောက်ရှိလာ၏။ 'ကြွ..ဆရာ'ဆိုပြီး ကားတံခါး... ဖွင့်ပေးရာ စာရေးသူလည်း တက်ထိုင်ပြီး ကားလေးလည်း ငြိမ့်ခနဲ မောင်းထွက်တော့၏။ ဆယ်မိနစ်လောက်ပဲ ကြာ... မယ် ထင်ပါရဲ့။ ဒေါ်ဝေတို့အိမ် ရောက်သွားပါသည်။

ထုံးစံအတိုင်း နေရာထိုင်ခင်းပေး၊ အအေးလေး ဘာ... လေး သောက်ပြီး လုပ်ငန်းစတင်လိုက်ကြပါသည်။

'ကဲ..ပြော၊ သမီးလေး နာမည်က'

'ခင်ရတနာပါ ဆရာ'

'မွေးသက္ကရာဇ် ပြောပါဦး'

'(၇-၅-၂၀၀၀)ပါ ဆရာ'

'မွေးချိန်ကကော'

'မနက်(၇)နာရီ (၂၅)မိနစ်ပါ ဆရာ'

'ဘယ်မှာမွေးလဲ'

'မြောက်ဥက္ကလာဆေးရုံပါ ဆရာ'

အချက်အလက်များ ရိုက်ထည့်ကာ ဇာတာဖွဲ့လိုက်... ပါသည်။ ပြိဿလဂ်-မေထုန်နဝင်း၊ မေထုန်စန်း-တူနဝင်... ပါ။ ထူးခြားသည်က ရာဟုနှင့် ကိတ်ဂြိုဟ်တို့၏ တ... ဖက်ခြမ်းတွင် ဂြိုဟ်အားလုံး ရပ်တည်နေပြီး အခြားတ... ဖက်တွင် ဂြိုဟ်တစ်လုံးမှ မရှိပေ။ ဇာတာပုံကို ရှုပါ။

ဒါက ရာသီစက်ပုံ ဖြစ်ပါသည်။ စာရေးသူရဲ့ ဟော... ရိုးဟောစဉ်အတိုင်း စရိုက်လက္ခဏာ ကာရိုက်တာနှင့်... ခန္ဓာကိုယ်ဖွဲ့စည်းပုံ အကျဉ်းကို ဟောလိုက်ပါသည်... အတော်အသင့် မှန်ကန်တယ်ဆိုရင် ဇာတာအနေအထား...


**ဆရာကံထူး(ဝေဒသုတေသီ)**

# သမီး စာမေးပွဲ အောင်မလား



www.burmeseclassic.com

www.burmeseclassic.com




ကို မှန်ကန်ကြောင်း ကိုယ့်စိတ်ထဲက အတည်ပြုလိုက်ပါသည်။

ပြီးတော့ အတိတ်ဖြစ်စဉ်ကို အရေးပါတဲ့ စနေ၊ ရာဟု ပါပဂြိုဟ်များနှင့် ကြာသပတေးဂြိုဟ်ရဲ့ အနေအထားကြည့်ပြီး ဟောပြောပါသည်။

ကောဇာ စနေဂြိုဟ် အနေအထားအရ-

'(၂-၁၁-၂၀၁၄)ကနေ ယနေ့ထိ သမီးလေး ခင်ရတနာရဲ့ ဘဝရည်ရွယ်ချက်၊ ရည်မှန်းချက်များ မအောင်မြင်နိုင်ခဲ့ပါဘူး။ အထူးအားဖြင့် ပညာရေးရည်မှန်းချက် အောင်မြင်ခဲ့ဘူး။ စာမေးပွဲ ကျခဲ့လိမ့်မယ် ထင်တယ်' လို့ အစမ်းသဘော မေးရင်း ဟောလိုက်ပါသည်။

ကာယကံရှင် သမီးလေး ခင်ရတနာ ပြုံးစစ လုပ်ရင်း ဟုတ်မှန်ကြောင်း ဝန်ခံနေချိန်မှာ မိခင်ဖြစ်သူ ဒေါ်ဆတ ကြားဖြတ်ဝင်ပြောပါသည်။

'ဟုတ်ပါ့ ဆရာရယ်၊ ကျွန်မမှာလေ ငါ့သမီး အောင်ပါစေဆိုပြီး အားပြုလိုက်ရတာ ငွေလည်းကုန်၊ လူလည်းပန်းပါ ဆရာရယ်'

'အေးပေါ့လေ၊ မအေဆိုတော့ သားသမီး ပညာရေး စိတ်ပူတာပေါ့'

'ဒါပေါ့ ဆရာရယ်၊ ဆရာ့ကို ပြောပြဦးမယ်။ ဗေဒင်ဆရာအကြောင်း ဗေဒင်ဆရာရှေ့ ပြောရမှာဆိုတော့ အားတော့နာပါတယ်။ တစ်မျိုးမထင်နဲ့နော် ဆရာ။ ကျွန်မက ပွင့်ပွင့်လင်းလင်းသမားပါ'

'ဟုတ်၊ ပြောပါ၊ ရပါတယ်။ ဆရာလည်း ပွင့်လင်းတာမှ ပိုကြိုက်တယ်။ ကဲ..ပြော'

'ဒီလို ဆရာရဲ့၊ သမီးလေး စာမေးပွဲဖြေထားပြီးမှ အောင်စာရင်း မထွက်ခင် နာမည်ကြီး ဗေဒင်ဆရာဆီမှာ အခင်သွားမေးပါတယ်။ သမီးစာမေးပွဲ အောင်၊ မအောင် သိချင်ပါတယ် ဆရာလို့ မေးတော့ ဇာတာဖွဲ့ တွက်ချက်ပြီး အောင်မယ်လို့ ဟောလိုက်ပါတယ်။ ဥဏ်ပူဇော်ခ ယူတာတော့ ဆရာ့ထက် နှစ်ဆယူပါတယ်။ ယူတာယူပါ၊ ကျွန်မ ကျေနပ်လို့ သွားမေးတာပဲ အပြစ်မပြောပါဘူး။ အဖြစ်ပဲ ပြောပြတာပါ။ ဒါနဲ့ ဆရာရေ၊ အောင်စာရင်း လည်း ထွက်ပါလေရော ကျွန်မသမီး ခင်ရတနာ မအောင်ဘူး သိလား။ ကျွန်မ အရမ်းစိတ်ဓာတ်ကျသွားတယ်။ ထောက်ပံ့ပေးနေတဲ့ သူ့အစ်မဆို ပိုဆိုးတာပေါ့။ ငိုတောင်ငိုတယ်'

– 'ဩော်'

'အခု ဆရာ့ကို အဓိကမေးချင်တာလည်း အဲဒါပါပဲ။ စာမေးပွဲ အောင်၊ မအောင် သိချင်ပါတယ် ဆရာ။ အားမနာနဲ့၊ ဆရာမြင်တဲ့အတိုင်း အမှန်ပဲ ဟောပေးပါ။ ကျမယ်ဆိုလဲည်း ကျမယ်ပေါ့၊ အောင်မယ်ဆိုလည်း အောင်မယ်ပေါ့'

'ဟုတ်ကဲ့၊ ဆရာသိသလောက် အမြင်အတိုင်း ဟောပေးပါ့မယ်။ ဆရာက လိမ်ညာဖြီးဖြန်းပြီး ဟောလေ့မရှိပါဘူး'

'ဟုတ် ဆရာ'

'ပြီးခဲ့တဲ့(၂၀၁၅-၁၆)ခုနှစ် ပညာသင်နှစ်တုန်းက သမီးခင်ရတနာရဲ့ (၅)တန့် ပညာရေးဘာဝမှာ ရာဟုဂြိုဟ် ရပ်တည်နေခဲ့တယ်။ ဒသာကလည်း ရာဟုဒသာ၊ စာမေးပွဲ ဖြေစဉ်က ရာဟုထူလ၊ သောကြာအန္တရ၊ အင်္ဂါ ပြတန္တရ ဒသာ စားနေခဲ့တယ်။ သုဘာဘာဝ၊ ကမ္မဘာဝသခင် စနေ ပါပဂြိုဟ်ကလည်း ထိုင်တော့ ဗျယဘာဝမှာ ထိုင်တယ်။ လဂ်ကို (၇)တန့်မြင်ပြီး သုဘာဘာဝကို (၃)တန့် မြင်ထားတယ်။ အတန်းပညာကိုယ်စားပြု (၄)တန့်ကိုလည်း စနေက (၁၀)တန့် အထူးမြင်ထားပါတယ်။ ဘယ်လိုလုပ်ပြီး စာမေးပွဲက အောင်နိုင်တော့မှာလဲ'

'အဲလိုလား ဆရာ'

'တနုဘာဝခေါ် လဂ်ကို စနေက (၇)တန့် လှမ်းမြင်ထားကတည်းက သူ့ရည်မှန်းချက် မအောင်မြင်နိုင်အောင် (၃၀%)လောက် နှောင့်ယှက်ထားပြီးပြီ။ ပြီးတော့ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ သုဘာဘာဝကို (၃)တန့် အထူးမြင်ထားပြန်တော့ အောင်မြင်မှုဆိုတဲ့ဂုဏ် ရှိလာဖို့ရာ အခွင့်မပေးပြန်ဘူး'

'ဟုတ် ဆရာ'

'ပြီးတော့ ကောဇာ ရာဟုဂြိုဟ်က ပုတ္တဘာဝမှာ



www.burmeseclassic.com

www.burmeseclassic.com

ရပ်တည်နေပြန်တယ်။ ပညာရေးဆိုင်ရာမှာ အနှောင့်အယှက် အများအယွင်းတွေ ဖြစ်အောင် သူက လုပ်နေမှာ၊ စိတ်လေလွင့်အောင် သူက ဖန်တီးနေမှာ သေချာတာပေါ့'

'ဩော်..ဟုတ်၊ ဟုတ် ဆရာ'

'မူလရာဟုက ဓွဲ၊ လုံ့လ၊ ဝီရိယ ကိုယ်စားပြုတဲ့ သဟာဇဘာဝမှာ ရပ်တည်နေတယ်။ လက်ရှိကာလက ရာဟုထူလဒသာ စားနေတဲ့ကာလ။ စာကြိုးစားလိုစိတ်လည်း အားနည်းနေတာပေါ့'

'ဟုတ်၊ ဟုတ် ဆရာ'

'အင္ဂရဒသာ ကြည့်ပြန်တော့လည်း ဗျယမှာထိုင်တဲ့ လဂ်သခင် သောကြာ၊ ပြတင္ဂရက လဂ်နှင့်ပူးနေတဲ့ ဗျယသခင် အင်္ဂါ၊ အောင်မြင်ခါနီး ကျဆုံးရမယ့် အနေအထားကို ပြနေတာပဲ။ အောင်စာရင်း ထွက်ချိန်မှာလည်း ရာဟုထူလ၊ သောကြာအင္ဂရ၊ ရာဟုပြတင္ဂရ၊ နှောင့်ယှက်မယ့်လူပဲ ရှိတယ်၊ ကူညီမ,စမယ့်လူ မရှိဘူး။ ဘယ်လိုလုပ်အောင်မလဲ၊ အောင်ကို မအောင်နိုင်ဘူး'

'မသိဘူး၊ အဲဒီဆရာကတော့ အောင်မယ် ပြောတာပဲ။ အောင်စာရင်းထွက်တော့ ဆရာပြောသလိုပဲ မအောင်ပါဘူး။ ဒီနှစ်ကော အောင်ပါ့မလား။ အဲဒါ သိချင်လို့ ဆရာရယ်၊ လုပ်ပါဦး'

'ဒီနှစ်က အောင်မှာပါ။ ဘာလို့လဲဆိုတော့ ထူလ၊ အင္ဂရ၊ ပြတင္ဂရ ဒသာတွေ အနေအထား သိပ်ပြီးမထူးခြားပေမယ့် ကောဇာကြာသပတေးဂြိုဟ်က ခင်ရတနာရဲ့ ပညာရေးဆိုင်ရာ (၅)တန့် ပုတ္တရဘာဝမှာ ရောက်နေပါတယ်။ (၁၂-၈-၂၀၁၆)ကနေ (၁၁-၉-၂၀၁၇)အထိ နေနေမှာ ဖြစ်ပါတယ်'

'ဟုတ် ဆရာ၊ ဒါနဲ့..'

'ဒါနဲ့ဆို အဲဒီကြာသပတေးဂြိုဟ်က ပညာရေးဂြိုဟ်ပဲလေ။ သူရပ်တည်နေတာကလည်း ပညာရေးဘာဝဆိုတော့ ပညာရေးအောင်မြင်ဖို့ အကူအညီရသွားပြီပေါ့'

'ဟုတ်..ဆရာ၊ ဒါဆို အောင်ဖို့ သေချာတာပေါ့နော် ဆရာ'

'နေဦး၊ ပြောဦးမယ်။ သူ့ရည်မှန်းချက်ကို တားဆီးနှောင့်ယှက်နေတဲ့ စနေပါပဂြိုဟ်ကလည်း လာမယ့်(၂၆-၁-၂၀၁၇)ဆိုရင် ဓနုရာသီကို ပြောင်းသွားပြီလေ။ ရည်မှန်းချက်ဆိုင်ရာ တနုဘာဝကို မမြင်တော့ဘူး။ နှောင့်ယှက်မယ့်သူ ကင်းပြီး ကူညီမယ့်သူ ရောက်လာမှတော့ သေချာပေါက် အောင်တော့မှာပေါ့။ အောင်ပြီလို့သာ မှတ်လိုက်တော့'

'ဝမ်းသာလိုက်တာ ဆရာရယ်'

'ဝမ်းသာရမှာပေါ့။ အောင်စာရင်းထွက်လို့ တကယ်အောင်ပြီ ဆိုတဲ့အခါ ဆရာ့ကို ပြောဦးနော်။ သမီး အောင်တော့မှ ဆရာက ဩော်..ငါဟောလိုက်တာ မှန်တာပဲ ဆိုပြီး ဝမ်းသာရမှာ၊ သိလား'

'ဟုတ် ဆရာ၊ ဆရာ့ကို မပြောဘဲ နေပါ့မလား ဆရာရယ်။ ပြောရုံတင်မက ကန်တော့ဦးမှာ။ အောင်ဖို့သာ လိုတယ်'

'ဒါနဲ့ နေဦး၊ ဆရာ ပြောစရာရှိတာလေးတွေ ပြောဦးမယ်။ အများမရှိအောင်ပေါ့'

'ဟုတ် ဆရာ..ဆောင်ရန်၊ ရှောင်ရန်လေးတွေလည်း ပြောပါဦး ဆရာ'

'အေး..အဲဒါကိုပဲ အခုပြောမှာ။ အသေအချာ မှတ်ထားနော်'

'ဟုတ် ဆရာ'

'(၄)တန့်မှာ ရာဟုရောက်နေတော့ သံယောဇဉ်မထား သင့်တဲ့လူကို ထားမိတတ်တယ်။ မှားယွင်းတဲ့ အကြင်[illegible] သံယောဇဉ် ဆိုပါတော့။ သမီး နားလည်အောင်ပြော[illegible] ပညာရေးရဲ့ အဆိပ်ဖြစ်စေမယ့် အချစ်မျိုးနဲ့ မမျှော်လင့်[illegible] ပက်ပင်းတိုးတတ်တယ်။ အဲဒါလေး သတိထားနော်။ [illegible] ယောဇဉ်အပိုတွေကို လိုက်ပြီး အာရုံစိုက်မနေနဲ့၊ သိလား'

'ဟုတ် ဆရာ'

'အဲဒီ သံယောဇဉ်မှား မတွေ့ရအောင် သမီးမွေး[illegible] တိုင်း အိမ်ရှိဘုရားကို ဆီမီးတစ်တိုင်စီ ပူဇော်ပြီးမှ [illegible] ကျက်နော်၊ သိလား'

'ဟုတ် ဆရာ'

'နောက်တစ်ခုက ကောဇာစနေဂြိုဟ် မရဏတာ[illegible] ရောက်သွားတဲ့တွက် သမီးရဲ့ ကမ္မဘာဝကို (၃)တန့် [illegible] မြင်ထားပါတယ်။ အလုပ်အကိုင် အမှုကိစ္စကို စနိုးစ[illegible] ဖြစ်အောင် နှောင့်ယှက်လာတတ်တယ် သိလား။ မ[illegible] ယှက်ရအောင် သမီး စာမေးပွဲဖြေတဲ့အခါ ဖိနပ်[illegible] မထားလေနဲ့ သိလား။ ချွတ်ပြီး ဖိနပ်ပေါ်မှာ [illegible] ကို တင်ထားပြီး ဖြေနော်။ အဲဒါလည်း အ[illegible]



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ် ဆရာ'

'အဖြူရောင်၊ အစိမ်းရောင် ဘောပင်တွေနဲ့ ဖြေရင် ပိုကောင်းတယ်။ မင်ဆီအရောင်ကို ပြောတာ မဟုတ်ဘူး နော်။ ဘောပင်အချောင်းရဲ့ အရောင်ကို ပြောတာ'

'ဟုတ် ဆရာ'

'ပြီးတော့ စာမေးပွဲဖြေသွားခါနီး ဘုရားကို ပေါင်မုန့်ဆွမ်း ကပ်ခဲ့ပါ။ သမီးလည်း ပေါင်မုန့်တစ်လုံး စားသွား၊ သိလား'

'သမီး၊ ဆရာပြောတာ အသေအချာ မှတ်ထားနော်။ မေမေ့စေနဲ့'

'ရတယ် အမေ၊ သမီး အသံဖမ်းထားတယ်။ မေ့သွားလည်း ပြန်ဖွင့်ပြီး နားထောင်လိုက်ရုံပဲ'

'သြော်··အေးပါ၊ အေးပါ'

'ကဲ··နောက်ထပ် ဘာသိချင်သေးလဲ'

'ဟုတ်၊ ပြည့်စုံပါပြီ ဆရာ။ ကျေးဇူးတင်ပါတယ် ဆရာရယ်'

မိခင်ရော သမီးပါ အားရကျေနပ်သွားဟန်တူ၏။ မိခင်ဖြစ်သူ ဒေါ်ဝေ တစ်ယောက် အားရဝမ်းသာစွာ အားလုံးတွေကို လှည့်ကြည့်ကာ 'ဟော့··နင်တို့အလှည့် ရောက်ပြီ၊ လာ··ရှေ့တိုးကြ'ဟု လှမ်းပြောလိုက်ပါသည်။

စာရေးသူလည်း ဆက်လက်ပြီး ဟောပြန်ရာ ငါးယောက်လောက် ဟောပြီးတော့ ညနေ(၅)နာရီ ထိုးသွားပါသည်။ အချိန်မရှိတော့သဖြင့် ကျန်တဲ့လူတွေရဲ့ မွေးသက္ကရာဇ်နှင့် အချက်အလက်တွေကို ဖုန်းထဲ ရိုက်ထည့်ပြီး ခဲ့ပါသည်။

'ကွန်ပျူတာနဲ့ ဟောစာတမ်း ရေးလာပေးလည်း ရတယ် ဆရာ'ဟု ဆိုလာဖြင့် နောက်တစ်ပတ် လာပို့မည် ဟု ရက်ချိန်းပေးကာ ပြန်လာခဲ့ပါသည်။

အားစီးရင်း 'ဤအကြောင်းကို ပညာသင် လူငယ် အားလုံးသတိထားမိ၊ သိရှိထားကြရလေအောင် ဆောင်းပါးရေးသားကာ တင်ပြရရင် ကောင်းမှာပဲ'လို့ တွေးလာသည်။ ထို့ကြောင့် ရေးဖြစ်သွားပါသည်။

ကျောင်းသားလူငယ်များ ပညာရေးကိစ္စကို ဗေဒင်ဖြင့် ညှိနှိုင်းအဖြေရှာလိုလျှင် အနည်းဆုံး စာမေးပွဲ သုံးလလောက်ကပင် ကြိုတင်ကာ အဖြေရှာသင့်သည်။ သို့မှသာ ဘယ်လိုအခြေအနေရှိ၍ ဘယ်လိုဖြစ်တတ်တဲ့အတွက် ဘယ်လိုလုပ်သင့်တယ်ဆိုတာ အကြံဉာဏ် ပေးနိုင်ပေမည်။

ဘယ်ဘာသာ အားနည်းတတ်တယ်။ ဘယ်ဘာသာကတော့ ဘယ်လိုနေလိမ့်မယ်။ ဒါ့ကြောင့် ဘယ်ဘာသာကို ဘယ်လိုလုပ်လို့ အကြံပေးနိုင်သလို ပေးတဲ့ အကြံအတိုင်း လုပ်ဆောင်ဖို့ရာ အချိန်လည်း လုံလောက်ပါသည်။ သုံးလဆို ရက်ပေါင်းကိုးဆယ်။ ခြောက်ဘာသာဆိုတော့ တစ်ဘာသာ ဆယ့်ငါးရက် အချိန်ရသေး၏။ ပြုပြင်နိုင်ခွင့် ရှိပါသည်။

ဤကား စာရေးသူအမြင်ကို စကားညှပ်ကာ တင်ပြခြင်းသာ ဖြစ်ပါသည်။ အဓိကပြောလိုရင်းကား (၂၀၁၆-၁၇)ခုနှစ် ပညာသင်နှစ်တွက် စာမေးပွဲဖြေဆိုရမည့် ကျောင်းသူ/ကျောင်းသားများတွင် ပြိဿလဂ် ဇာတာရှင်များ ပါဝင်ပါက ထိုဇာတာရှင်များ အားလုံး ခင်ရတနာကဲ့သို့ပင် အောင်ပွဲဆင်နိုင်ကြလိမ့်မည်ဟု ဟောကိန်းထုတ်လိုက်ပါသည်။

ပညာရေးဘာဝကို ပါပဂြိုဟ်ကဿရှိ သင့်နေတဲ့ ဇာတာရှင်များ၊ ပုဏ္ဏရာဘာဝ၌ စနေဂြိုဟ် ရပ်တည်စဉ် မွေးဖွားလာသူများ၊ သိဟ်ရာသီတွင် ရာဟုရပ်တည်နေစဉ် မွေးဖွားလာခဲ့သူများ၊ ဓနုရာသီတွင် စနေရပ်တည်စဉ် မွေးဖွားလာခဲ့သူများ အချို့လောက်သာ အနည်းငယ် စိုးရိမ်ဖွယ်ရာ ရှိပါသည်။

ထိုမှတစ်ပါး အခြားသူတို့ကား ပြိဿလဂ် ဇာတာရှင် မှန်လျှင် (၂၀၁၆-၁၇)ခုနှစ် ပညာသင်နှစ်တွင် အတန်းတင်စာမေးပွဲကြီး အောင်မြင်လိမ့်မည်ဟု စာရေးသူ ယုံကြည်စွာ အာမခံပါသည်။

[မိမိရာသီလဂ်ကို မသိသေးတဲ့ ကျောင်းသား/သူများ ရာသီလဂ်ကို သိလိုပါက (၀၉ ၄၀၁ ၅၃၄ ၄၉၉၊ ၀၉ ၇၇၂ ၁၅၀ ၅၇၃) အဆင်ပြေရာသို့ ဆက်လိုက်ပါ။ မေတ္တာဖြင့် ပြန်လည်ဖြေကြားပေးပါမည်။]

ကျောင်းသား/သူများနှင့်တကွ မိဘ,ဆရာသမားများပါ အားလုံးပဲ ရွှင်ပြုံးနိုင်ကြပါစေဗျာ။

**ဆရာကံထူး(ဝေဒသုတေသီ)**

**ဖုန်း - ၀၉ ၄၀၁ ၅၃၄ ၄၉၉**

**၀၉ ၇၇၂ ၁၅၀ ၅၇၃**

*(မှတ်ချက်-အမည်နာမများ လွှဲထားပါသည်။)*

www.burmeseclassic.com

www.burmeseclassic.com

# နဝင်းညွှန့် ပတ်ဖျန်း လာဘ်ရွှင်လန်း

ဂမ္ဘီရ–ဆရာလှမျိုး(B.Sc)

တစ်နေ့တွင် ကျွန်ုပ်၏ ကြံတိုင်းအောင် ဟောခန်းသို့ သာကေတမြို့ (၅)ကွေ့မှ အမျိုးသမီးနှစ်ဦး ရောက်ရှိလာပါသည်။ သူတို့သည် ညီအစ်မတစ်ဝမ်းကွဲတော်သည်ဟု ဆိုကြသည်။ အစ်မကြီးဖြစ်သူ ဒေါ်အေးရီမှာ စာရေးသူထံ တစ်နှစ် သုံး,လေးကြိမ်ထက်မနည်း ရောက်ရှိလာပါသည်၊ သူမ၏ သားကိစ္စ၊ သမီးကိစ္စလာမေးခြင်း ဖြစ်သည်။ မိဘသံယောဇဉ် ဖြစ်သည်။ မိဘဆိုတာထက် မိခင်တစ်ဦး၏ သားသမီးအပေါ်ထားသော သံယောဇဉ် ဖြစ်ပါသည်။ ယခုလည်း သူမကိစ္စ မဟုတ်။ ညီမဖြစ်သူကိစ္စ ဖြစ်သည်။

သူ့ညီမက (၅)ကွေ့မှာ ဖုန်းပစ္စည်းနှင့် ဖုန်းငွေဖြည့်ကတ် အရောင်းဆိုင် ဖွင့်ထားသည်ဟု ဆိုသည်။ ယခုတလော ဈေးရောင်းပါးနေကြောင်း၊ တစ်ခါတစ်ရံ ဈေးဦးတောင် မပေါက်ကြောင်း၊ ဈေးရောင်းကောင်း လာဘ်ရွှင်ရန် ယတြာပြုလုပ်ပေးပါဟု ပြောဆိုလာပါသည်။

သမ္မာအာဇီဝနှင့် ရှာဖွေစားသောက်ကြကုန်သော (၇)နေ့သားသမီးများ အရောင်းအဝယ် အဆင်ပြေစေချင်ပါသည်။ ထို့ကြောင့် ဗေဒင်ဆရာမှ တစ်ဦးချင်းစီကို ဉာဏ်ပူဇော်ခယူ၍ တွက်ပေးသလို မဂ္ဂဇင်း၊ ဂျာနယ်များမှနေ၍လည်း (၇)နေ့သားသမီး စာဖတ်ပရိသတ်များ သိရှိစေရန် ရေးသားဖော်ပြပေးပါသည်။

အမှန်တကယ်တော့ ငွေဝင်လာဘ်ရွှင်လိုခြင်း၊ နေ့စဉ်အရောင်းအဝယ်ကောင်း၊ ပုံမှန်ဝင်ငွေဝင်၊ လာဘ်လာဘကိစ္စအရာတွင် ဗေဒင်ဆရာကိုယ်တိုင်လည်း ပါဝင်ပါသည်။ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ကြာသပတေး လေးနှစ် သက္ကတ်ညှိနေ၍ တနင်္လာနံ မကောင်း၊ ငွေကိစ္စ အဆင်မပြေ၊ ငွေဝင်ကိန်း မရှိဘူးဟု ဟောပြောမည်ဆိုပါက သဘာဝမကျပါ။ အနှာသိလျှင် ဆေးရှိရမည်။ ညှိတာကို ကောင်းအောင် ပြုလုပ်ပေးပါမည်။

ထို့ကြောင့် ဦးစွာပထမ သူမ၏ ကံဇာတာကို စစ်ဆေးလိုက်သည်။ အင်္ဂဝိဇ္ဇာတိုင်အရ ယာယီညှိနေခြင်းသာ ဖြစ်သည်။

သောကြာသားသမီး အသက်(၅၀)နှစ်၊ တနင်္ဂနွေသက်ရောက် ဖြစ်သည်။

ကျွန်ုပ်လည်း ဦးစွာပထမ သူမကို အထက်ဆောင်ပန်း အောက်နင်းကြမ်းနှင့် နဝင်းယတြာ ချပေးလိုက်ပါသည်။ ထို့နောက် သူမ၏ ကိုယ်ပိုင်အညွှန့် (ခေါ်) နဝင်းညွှန့်ကို ဆိုင်တွင် တစ်ပတ်တစ်ကြိမ် ပက်ဖျန်းပြီးမှ တင်ထားခိုင်းလိုက်သည်။ အင်္ဂဝိဇ္ဇာပညာလာ အထက်ဆောင်ပန်း အောက်နင်းကြမ်း နဝင်းယတြာများသည် လူမျိုးဘာသာ မရွေး ပြုလုပ်၍ ရပါသည်။ အဓိကမှာ တ… ရိုက်ခတ်ဆင် ပညာရပ် ဖြစ်ပါသည်။

သောကြာသားသမီး၏ နဝင်းညွှန့် (ရွက်လှ)ညွှန့်… တစ်ပတ်တစ်ကြိမ် ပြုလုပ်ခိုင်းပြီး သုံးပတ်ပြီးလျှင် အ… အကြောင်းပြောရန် မှာလိုက်ပါသည်။ တစ်လခန့်အ… တွင် သူမ လူကိုယ်တိုင်ပင် မလာရောက်တော့ပေ။ … ဆက်၍ ဆိုင်အရောင်းအဝယ် အဆင်ပြေနေကြောင်း၊ … စဉ် ဈေးဦးလည်းပေါက်၊ အမြတ်လည်းရ၍ ဆ… ကျေးဇူးတင်ကြောင်း ဖုန်းဆက်ပါသည်။

ဆရာ့ထံ လာခြင်း၊ မလာခြင်း အရေးမကြီး… အဓိကမှာ အနန္တောအနန္တငါးပါး၊ ခင်ပွန်းကြီးဆယ်… ကျေးဇူးတင် ကျေးဇူးမမေ့လျှင် ရေရှည်ကောင်းကျိုး… သည်။ သို့မဟုတ်ပါက ခေတ္တယာယီသာ ကောင်း… သည်။ စာရေးသူမှ နဝင်းညွှန့်တစ်မျိုးသာ ဆက်… နေပါဟု အကြံပေးလိုက်ပါသည်။

သူမမှ–

"ဆရာပေးတဲ့ယတြာက လွယ်ကူလို့ အစက… မကြီးဘူး။ အခုတော့ လွယ်ကူထိရောက်ပါတယ် …



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေ၏။

အမှန်ဆိုလျှင် လာဘ်ရှင်ဝင်မည့် ယတြာများမှာ အမျိုးမျိုးရှိပါသည်။ ရှင်သီဝလိရဟန္တာကိုပူဇော်၊ ဂါထာရွတ်ဆို၊ ခွေး၊ ခို၊ ငါး၊ ကျီး အစာကျွေး၊ ငွေပွဲသကူပစ်၊ ငွေနံ့ တနင်္လာနံ့နှင့် မိတ်ဖက်၊ မိတ်နံ့တွေ လှူဒါန်းသည်ဖြင့် အမျိုးမျိုးရှိပါသည်။ သို့သော် ယခု စာရေးသူ ပေးမည့် ယတြာမှာ မိမိကိုယ်တိုင် တစ်နှစ်ပတ်လုံး ဆောင်ရွက်နေသောယတြာ ဖြစ်ပါသည်။

နဝင်းညွှန့်ဆိုသည်မှာ မိမိကိုယ်ပိုင်နဝင်းတွဲမှ အညွှန့်ကို ဆိုလိုပါသည်။ ကိုယ်ပိုင်နဝင်းတွဲသိရှိရန် ဦးစွာပထမ မူလမဟာဘုတ်မှ အဖွားအမည် သိရပါမည်။ မူလမဟာဘုတ် ဆိုသည်မှာ မွေးသက္ကရာဇ်ကို (၇)ဖြင့်စားခြင်းဖြစ်သည်။

ဥပမာ - (၁၃၂၈)ခုနှစ်ဖွား၊ ဗုဒ္ဓဟူးသား

၁၃၂၈ + ၇ = ၅ ကြွင်း

အတိုကောက်ဆိုပါက နောက်ဆုံးနှစ်လုံးကို (၅) ပေါင်း၊ (၇)ဖြင့်စားပါ။

၂၈ + ၅ = ၃၃

၃၃ + ၇ = ၅ ကြွင်း ဖြစ်သည်။

အင်္ဂလိပ်ခရစ်နှစ် ဆိုပါက (၁၉၀၀ မှ ၁၉၉၉)အထိ တွက်နည်းရှိသည်။ ဇန်နဝါရီလ (၁)ရက်မှ ဧပြီလ (၁၆)ရက်အထိ (၁)ပေါင်းပါ။ ဧပြီလ (၁၇)ရက်နောက်ပိုင်း ဆိုပါက (၂)ပေါင်းပါ။

ဥပမာ - (၁၉၆၆)ခုနှစ်၊ ဧပြီလ (၂၀)ရက်
(၁၉)ကိုဖယ်. နောက်နှစ်လုံး

၆၆ + ၂ = ၆၈ + ၇ = ၅ ကြွင်း

မြန်မာခုနှစ်တွင် မွေးလ ကြည့်စရာ မလိုပါ။ (၁၃၂၈)ခုနှစ်ဖွားသည် (၁၉၆၆)ခုနှစ်ဖြစ်၍ အကြွင်း(၅) တူနေပါသည်။ အင်္ဂလိပ်+မြန်မာ နှစ်တစ်ရာပြက္ခဒိန်တွင် လွယ်ကူစွာ ရှာဖွေနိုင်ပါသည်။ (၂၀၀၀)ပြည့်နှစ်နောက်ပိုင်း ဆိုပါက (၄)ပေါင်းပါ။ ဇန်နဝါရီလ(၁)မှ ဧပြီလ (၁၆)ရက်အထိ ဆိုပါက (၃)ပေါင်းပါ။ မြန်မာသက္ကရာဇ်ကတော့ (၇)ဖြင့်သာ စားရသည်။

ဥပမာ- (၁၃၇၈)ခုနှစ်

၁၃၇၈ + ၇ = ၆ ကြွင်း

ယခု (၁၃၇၈)ခုနှစ်ဖွား ဆိုပါက နေ့နံအလိုက် ကြည့်ရပါမည်။

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

မဟာဘုတ်အိမ်အမည်

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

(၁၃၇၈)ခုနှစ် မဟာဘုတ်

တနင်္ဂနွေသားသမီး-သိုက်ဖွား၊ တနင်္လာ-မရဏဖွား၊ အင်္ဂါ-အဓိပတိဖွား၊ ဗုဒ္ဓဟူး-ရာဇဖွား၊ ကြာသပတေး-အထွန်းဖွား၊ သောကြာ-ဘင်္ဂဖွား၊ စနေ-ပုတိဖွားတို့ ဖြစ်ကြပါသည်။

နဝင်းတွဲ သုံးတွဲ ရှိပါသည်။ ၎င်းတို့မှာ-

မရဏနှင့် ရာဇဖွား - အမြစ် အညွှန့်တွဲ

ပုတိနှင့် သိုက်ဖွား - ပင်းယတွဲ

ဘင်္ဂ၊ အထွန်း၊ အဓိပတိဖွား - သစ်စိမ့်တွဲ

ဥပမာ- (၁၃၃၀)ပြည့်နှစ်၊ တနင်္ဂနွေသား

၁၃၃၀ = ၃၀ + ၅ = ၃၅ + ၇= ၀ ကြွင်း

တနင်္ဂနွေသား ပုတိဖွားသည် နဝင်းပင်းယ (၅၄) အတွဲဖြစ်၍ နဝင်းညွှန့်မှာ ကြာသပတေးနံ မေမြို့၊ ပျဉ်းမ၊ ပေါက်၊ ပိန်းပန်း၊ ပေါက်ပန်းဖြူ တစ်မျိုးမျိုးဖြစ်သည်။ ဂြိုဟ်သက်အရ (၁၉)ညွှန့်၊ (၁၉)ရွက်၊ (၁၉)ပတ် ပင်လျှ

၅ နဝင်း (ပျဉ်းမညွှန့်)
၂
၆
၁
၄
၀
၃

| | | | |
|---|---|---|---|
| | ၄ | | |
| ၆ | ၂ | ၅ | |
| ၃ | ၀ | *၁ | မွေးနံ ပုတိဖွား |

**မဟာဘုတ်အိမ်အမည်**

ရမည်။ ဖလားတစ်လုံးထဲမှာ ရေ+ရေမွှေး (အမွှေးနံ့သာ) ထည့်ပြီး ဆိုင်ရေ့မှစ၍ လက်ယာရစ် လှည့်ပတ် ပက်ဖျန်း ပေးပါ။ ဖလားထဲမှာ ရေကျန်နေပါက ဆိုင်အလယ်မှာ အရွက်ကို ခေါက်ထိုးကိုင်ပြီး ရေလောင်းချပါ။ ထို့နောက် အညွန့်ကို အမြင့်တစ်နေရာတွင် ဖန်ခွက်တစ်ခုမှာ ရေထည့်၍ တင်ထားလိုက်ပါ။ ဂါထာ၊ မန္တန် ရွတ်ဖတ်စရာ မလိုပါ။ ဤသို့ နဝင်းညွန့် ပက်ဖျန်းခြင်းကို တစ်ပတ်တစ်ခါ ဆောင်ရွက်ရပါမည်။ (၇)နေ့သားများအားလုံး ဤနည်းအတိုင်း မိမိတို့ မွေးနဝင်းအောင်ချိန် နံနက်(၉)နာရီမှ (၁၀)နာရီခွဲအတွင်းမှာ ဆောင်ရွက်ရကြပါမည်။

**(၇)နေ့သားသမီးအားလုံးအတွက် နဝင်းညွန့်များ**

**တနင်္ဂနွေ**

ပုတိနှင့် သိုက်ဖွား - ပျဉ်းမညွန့်
မရဏနှင့် ရာဇဖွား - ကံ့ကော်ညွန့်
ဘင်္ဂ + အထွန်း + အဓိပတိဖွား - သီဟိုဠ်ညွန့်

**တနင်္လာ**

ပုတိ + သိုက်ဖွား - သီဟိုဠ်ညွန့်၊ သီးညွန့်
မရဏ + ရာဇဖွား - ဇော်စိမ်း၊ ဆီးညွန့်
ဘင်္ဂ + အထွန်း + အဓိပတိ - ထန်း၊ ဒန်းညွန့်

**အင်္ဂါ**

ပုတိ + သိုက်ဖွား - ထန်း၊ ဒန်း
မရဏ + ရာဇဖွား - ရွက်လှညွန့်
ဘင်္ဂ + အထွန်း + အဓိပတိ- အုန်းညွန့်

**ဗုဒ္ဓဟူး**

ပုတိ + သိုက် - အုန်းညွန့်
မရဏ + ရာဇ - ပျဉ်းမ
ဘင်္ဂ + အဓိပတိ + အထွန်း - ကံ့ကော်

**ကြာသပတေး**

ပုတိ + သိုက် - ကံ့ကော်
မရဏ + ရာဇ - သီဟိုဠ်
ဘင်္ဂ + အထွန်း + အဓိပတိ - ဇော်စိမ်း၊ ဆီး

**သောကြာ**

ပုတိ + သိုက် - ဇော်စိမ်း၊ ဆီး
မရဏ + ရာဇ - ထန်း၊ ဒန်း
ဘင်္ဂ + အဓိပတိ + အထွန်း - ရွက်လှ၊ ဝါး

**စနေ**

ပုတိ + သိုက် - ရွက်လှ
မရဏ + ရာဇ - အုန်းညွန့်
ဘင်္ဂ + အထွန်း + အဓိပတိ - ပျဉ်းမ

အရွက်အရေအတွက်မှာ ဂြိုဟ်သက်အတိုင်း ဖြစ်ပါသည်။ တနင်္ဂနွေ(၆)၊ တနင်္လာ(၁၅)၊ အင်္ဂါ(၈)၊ ဗုဒ္ဓဟူး(၁၇)၊ ကြာသပတေး(၁၉)၊ သောကြာ(၂၁)၊ စနေ(၁၀)။ တစ်ဖန် အရွက်နေ့နံတူလည်း အစားထိုးသုံးစွဲနိုင်ပါသည်။ ဥပမာ-စနေနံဆိုပါက ထန်း၊ ဒန်း၊ ခေါ်၊ တောင်ထန်း တစ်မျိုးမျိုး အသုံးပြုရပါမည်။ စနေနှင့် အခြားနေ့နံ ... နေသော နှင်းဆီ၊ နွယ်သာကီ၊ ဒန့်ကွဲ စသည်တို့ အသုံးပြု၍ မရပါ။ သောကြာနံဆိုပါက သီဟိုဠ်၊ သီးကို ... အသုံးပြုရမည်။ သပြေသုံး၍ မရပါ။ မိမိ၏ အဖွားဖက် ... အမည်သိပါက ကိုယ်ပိုင်နဝင်းညွန့် သိရှိမည်ဖြစ်ပါသည်။

မဟာဘုတ်မှာ လူသိများ၍ အကျယ်မချဲ့ ... တော့ပါ။

ဥပမာ - တနင်္လာသား၊ ၁၃၃၁ ခုနှစ်
၁၃၃၁ ÷ ၇ = ၁ ကြွင်း
အထက်ပါ အရွက်၊ အညွန့် ကဏ္ဍတွင် တနင်္...



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ ပုတိဖွား |

မူလမဟာဘုတ်

ပုတိ+သိုက်ဖွား၊ သီဟိုဠ်ညွန့်၊ သီးညွန့်ဟု ဖော်ပြထားသည်။ ထို့ကြောင့် သီဟိုဠ်(၂၁)ရွက် (သို့မဟုတ်) သီး(၂၁)ညွန့် ပြုလုပ်ပါ။

တနင်္လာနေ့ နံနက်(၉)နာရီမှ (၁၀)နာရီခွဲအတွင်း မိမိလုပ်ငန်း၊ ဈေးဆိုင် စသည့် တစ်နေရာရာတွင် လက်ယာရစ် ပက်ဖျန်း၍ အမြင့်တစ်နေရာတွင် တင်ထားပါ။ လာဘ်ရွှင်ငွေဝင်လာမည်မှာ အမှန်ဖြစ်ပါသည်။

အထူးသိရှိစေရန်မှာ တစ်ပတ်၊ နှစ်ပတ် ပြုလုပ်ရုံဖြင့် အကျိုးမထူးတာလည်း ရှိတတ်ပါသည်။ အနည်းဆုံး သုံးပတ် ပြုလုပ်ပြီးပါက အကျိုးထူးလာပါမည်။ တင်လိုက်၊ မတင်လိုက် ပြုလုပ်၍ မရပါ။ အပတ်စဉ် တောက်လျှောက်တင်ထား၊ တစ်ပတ် တစ်ခါ ပက်ဖျန်းပေးရပါမည်။ ပက်ဖျန်းချိန်တွင် ဈေးရောင်းကောင်းပါစေ။ လာဘ်ငွေဝင်ပါစေဟု စိတ်ထဲမှ အာရုံပြု ပက်ဖျန်းပေးနိုင်ပါသည်။ နဝင်းညွန့် ပက်ဖျန်းပေးပါက နေအိမ်မှာလည်း အန္တရာယ်၊ အနှောင့်အယှက် ကင်းဝေးပါသည်။ လာဘ်ငွေများလည်း ဝင်လာစေပါသည်။

ကိုယ်တိုင်ပြုလုပ်နိုင် ပြုလုပ်၊ မပြုလုပ်နိုင်ပါက ဆပွတ်နေ့သားကို ကိုယ်စားပြုလုပ်ခိုင်းနိုင်သည်။ တနင်္ဂနွေ ဆပွတ် သောကြာ၊ တနင်္လာဆိုပါက စနေသားသမီးတို့ကို ဆိုလိုပါသည်။ မွေးနံမှ (၆)ခုမြောက်နေ့သားသမီးဖြစ်သည်။ ပုံမှန်အညွန့်ထက် ကိုယ်ပိုင်နဝင်းညွန့်က ပို၍ အစွမ်းထက်ပါသည်။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**


အဘဆရာကြီး မင်းသိင်္ခ ၏ တပည့်ရင်း

ဆရာ **မိုးသစ်ခိုင်**



Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P (Kolkata) (India)

မိတ်ဆွေ
ဘဝဆိုတာ လွင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။
ဒီတော့ သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။
ကျွန်ုပ်က သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ဟောပြောပေးရပါအံ့။

တံခွန် ဗေဒ လက္ခဏာ

အမှတ်(၁၄၀)၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၇၃၀ ၈၁၂၁၉




www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကျိုးဝေဆာ ပေးဝေပေးချေ နဝင်းတွဲယတြာ

ဇမ္ဗူရဆရာလှမျိုး (B.Sc)

ကျွန်ုပ်စာရေးသူသည် လွန်ခဲ့သော (၁၇)နှစ်ခန့်မှစ၍ မဟာဘုတ်၊ အင်္ဂဝိဇ္ဇာ၊ နဝင်းစီးပညာ ယတြာများကို စတင်လေ့လာခဲ့ပါသည်။ ထို့နောက် မိမိတတ်ထားသည့် ပညာရပ်များကို (၇)နေ့သားသမီးများ အကျိုးရှိစေရန် လက်တွေ့အသုံးချခဲ့ပါသည်။

ပညာရပ်များကို အဆက်မပြတ် လေ့လာသင်ယူပြီး လက်တွေ့ဆောင်ရွက်မှု မှတ်တမ်းများကို စုဆောင်းသုတေသနပြုပြီးသောအခါ မိမိတတ်ထားသည့် ပညာများကို မမေ့မပျောက်စေရန်လည်းကောင်း၊ ဝါသနာပါသူ၊ လေ့လာလိုသူ၊ လက်တွေ့ဆောင်ရွက်လိုသူများ မှန်မှန်ကန်ကန် ရရှိစေရန် ရည်ရွယ်၍ (၂၀၁၆)ခုနှစ်၊ စက်တင်ဘာလတွင် နဝင်းပညာသင်တန်းကို အခမဲ့ မေတ္တာစေတနာဖြင့် ပြန်လည်သင်ကြားပို့ချပေးခဲ့ပါသည်။ ထိုသို့သင်ကြားပို့ချရာတွင် သင်တန်းမှတ်စုများအပြင် ဆရာကြီးများ၏ စာအုပ်စာတမ်းများကိုလည်း မှီငြမ်းသင်ကြားရပါသည်။ အစပထမ အခြေခံမဟာဘုတ်မှ စတင်သင်ကြားရပါသည်။ နဝင်းပညာသည် မူလမဟာဘုတ်ကို အခြေခံဆောင်ရွက်ရပါသည်။

မဟာဘုတ်ဂြိုဟ်သက်ရောက်များ သင်ကြားပြီးသောအခါ အင်္ဂဝိဇ္ဇာနဝင်းတိုင်၊ နဝင်းတွဲပညာများ၊ ခေတ်ရိုက်ခေတ်ဆင်ပညာကို ဆက်လက်သင်ကြားပေးပါသည်။ ခေတ်ရိုက်ခေတ်ဆင်ပညာ အမျိုးမျိုးရှိပါသည်။ အချို့ပညာ ခေတ်ယတြာမှာ ကိုယ်တိုင် ဆောင်ရွက်ရပါသည်။ အချို့ ခေတ်ရိုက်ခေတ်ဆင်နည်းမှာ ဆရာက ဦးဆောင်ပြုလုပ်ပေးရပါသည်။ ခေတ်ယတြာတွင် အရွက်၊ အညွန့်၊ အခက်များကို တွဲဖက်အသုံးပြုရသည်။

နဝင်းပညာတွင် အထက်ဆောင်ပန်း အောက်နင်းကြမ်းကို လူသိများကြသည်။ အင်္ဂဝိဇ္ဇာ အထက်သုံးလုံးကို ဆောင် အောက်သုံးလုံးကို ရှောင်ရသည်။ ဤသည်ကို အင်္ဂဝိဇ္ဇာပညာရှင် ဆရာတော် ခင်ကြီးဖျော်က မင်းကုသကိုဆောင် စေတီယကိုရှောင်ဟု ရေးထားပါသည်။

တနင်္ဂနွေသားသမီး သူရဇ္ဇတိုင်ကို မူတည်ပြသထားခြင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ၅ | မင်း | ဆောင် |
| ၂ | ကု | |
| ၆ | သ | |
| ၁ | | |
| ၄ | ယ | ရှောင် |
| ၀ | တီ | |
| ၃ | စေ | |



www.burmeseclassic.com

www.burmeseclassic.com

မင်းကုသကိုဆောင် (အထက်ကိုဆောင်)စေတီယကို ရှောင် (အောက်ကိုရှောင်)မှ ကောင်းလင့်ရာဟု ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် နာမည်ပေးရာတွင်ပင် အထက်သုံးလုံးကို တွဲပေးလေ့ရှိကြပါသည်။

နဝင်းစီးယတြာဆောင်ရွက်ရာတွင် အထက်သုံးလုံးမှ မိမိမူလမဟာဘုတ်နှင့်ညှိ၍ အတွဲတစ်တွဲကိုသာ ယူပါသည်။ (မဟာဘုတ် ပါရဂူဆရာကြီး ဦးကြာမြင့်မှ ဖြစ်ပါသည်။) ထိုသို့ နဝင်းတွဲယူရန် မိမိမွေးသက္ကရာဇ်ကို (၇)ဖြင့်စားပြီး မူလမဟာဘုတ် အရင်ချထားရမည်။ မဟာဘုတ်အိမ် တည်ဆောက်ရမည်။ ထိုသို့တည်ဆောက်သောအခါ မရဏဖွား၊ ရာဇဖွား၊ ပုတိဖွား၊ သိုက်ဖွား၊ အဓိပတိဖွား၊ အထွန်းဖွား၊ ဘင်္ဂဖွားဟူ၍ အဖွား(၇)မျိုး ရရှိလာပါမည်။ ပုံသေနည်းဖြစ်သည်။

ဥပမာ-မွေးသက္ကရာဇ်(၁၃၂၇)ခုနှစ်၊ တနင်္ဂနွေသား

၁၃၂၇ ÷ ၇ = ၄ ကြွင်း

အတိုကောက်ဆိုပါက နောက်(၂)လုံးကို (၅)ပေါင်း

၂၇+၅ = ၃၂ ÷ ၇ = ၄ ကြွင်း ဖြစ်သည်။

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

မူလမဟာဘုတ်

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

(၁၃၀၀)မှ (၁၃၉၉)ထိ ထိုပုံစံအတိုင်း စိတ်တွက်ဖြင့်ပင် တွက်နိုင်သည်။

အဆိုပါ မဟာဘုတ်တွင် တနင်္ဂနွေသားသည် အဓိပတိဖွား ဖြစ်ပါသည်။ ဗုဒ္ဓဟူးသားသမီး-ဘင်္ဂဖွား၊ စနေ-မရဏဖွား၊ ကြာသပတေး-ပုတိဖွား၊ အင်္ဂါ-အထွန်း၊ သောကြာ-သိုက်၊ တနင်္လာ-ရာဇဖွားတို့ ဖြစ်သည်။ မဟာဘုတ်ကို (အောင်၊ လံ၊ ထူ၊ စစ်၊ သူ၊ ကြီး၊ ပွဲ) လင်္ကာဖြင့် ချရပါသည်။

နောက်ဥပမာတစ်ခု ကြည့်ကြပါစို့။

(၁၃၅၉)ခုနှစ်၊ ဗုဒ္ဓဟူးသား

၅၉ + ၅ = ၆၄ ÷ ၇ = ၁

| | | |
|---|---|---|
| | ပွဲ | |
| ထူ | စစ် | သူ |
| လံ | အောင် | ကြီး |

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

ဗုဒ္ဓဟူးသားသမီး မရဏဖွားဖြစ်မည်။ မဟာဘုတ် လူသိများ၍ အကျယ်ချဲ့ မရေးတော့ပါ။ လွယ်ကူပါသည်။

ပုတိနှင့် သိုက်ဖွားများ = ပင်းယတွဲ


မရဏနှင့် ရာဇဖွားများ = အမြစ်-အညွန့်တွဲ

ဘင်္ဂ၊ အထွန်း၊ အဓိပတိဖွားများ = သစ်စိမ့်တွဲ

(ပုံသေမှတ်ထားရပါမည်)

မူလမဟာဘုတ်မှ မိမိဘာဖွားလဲဆိုတာ ဦးစွာကြည့်ပါ။ ကျန်တိုင်များလည်း ထိုပုံစံ ဖြစ်ပါသည်။ အင်္ဂဝိဇ္ဇာပညာရပ်တွင် တနင်္ဂနွေ သူရဇ္ဇတိုင်ကို မူတည်၍ ရေးပြထားလေ့ရှိပါသည်။

www.burmeseclassic.com




တနင်္ဂနွေသားသမီး ပုတိနှင့် သိုက်ဖွား ဆိုပါက အထက်ဆောင်ပန်း ကြာသပတေး-ပျဉ်းမရွက်(၁၉)ရွက် ဆောင်ပန်း၊ ရွက်လှ(၁၇)ရွက် နင်းကြမ်းအဖြစ် အသုံးပြုရပါမည်။ ထို့အတူ သစ်စိမ့်ထဲတွင် သီဟိုဠ်ဆောင်ပန်း၊ ဇော်စိမ်းနင်းကြမ်း၊ အမြစ်-အညွန့်တွဲတွင် ကံ့ကော်ဆောင်ပန်း၊ စနေနံ ထန်း၊ ဒါန်းသည် နင်းကြမ်း ဖြစ်သွားပါမည်။

အရွက်၊ အညွန့်နှင့် ရိုက်ခြင်းကို နဝင်းယတြာချေသည်ဟု ဆိုကြသည်။ အချို့ဆရာများ အမြစ်၊ အညွန့် အလယ်တွဲ စာစ်တွဲတည်းဖြင့် (၇)နေ့သားသမီးကို အကုန်ရိုက်ပေးသည်။ ယခုနည်းမှာ မဟာဘုတ်မှ အကောင်းဆုံး နဝင်းတွဲ ယူထားခြင်း ဖြစ်သည်။ နဝင်းတွဲယတြာကဲ့သို့ အကျိုးရှိသော ယတြာမှာ ပေးဝေပေးချေယတြာ ဖြစ်ပါသည်။ နဝင်းပညာရပ်တွင် ဆရာလုပ်သူက ပေးဝေပေးချေ ပညာရပ်ကို တတ်ထားရပါမည်။ နဝင်းနှီးသည်ဟု ဆိုထားပါသည်။ စာရေးသူလည်း နဝင်းပညာယတြာ သင်တန်းပေးသောအခါ ထိုယတြာကို ပြန်လည်အသုံးချရသည်။ တစ်ခါတစ်ရံ လွယ်ကူတာကို မေ့ထားတတ်သည်။

ပေးဝေပေးချေယတြာကို အချိန်အခါ၊ နေရာဒေသ၊ လူမျိုး,ဘာသာမရွေး ပြုလုပ်နိုင်ပါသည်။ မိမိ၏ကိုယ်ပိုင် နဝင်းတွဲမှ အထက်အလုံးကို ပေးကမ်းလှူဒါန်း၊ ဒါနပြု စွန့်ကြဲပေးဝေပြီး နင်းကြမ်းအလုံးကို နင်းချေ ဝါးစားရမည် ဖြစ်ပါသည်။ ဝါးစားရာတွင် စတိသဘော ဝါးစားလျှင် ရပါသည်။

<u>ပေးဝေခြင်း၊ ပေးချေခြင်း နဝင်းတွဲယတြာ</u>

ယတြာခေတ်ရိုက်ခေတ်ဆင် မှားသောအခါ အမှားပြေခြင်း၊ ခေတ်ခိုက်ရာတွင် ခေတ်မခိုက်အောင် ဆောင်ရွက်ခြင်း၊ ပယောဂအနှောင့်အယှက်များ မဝင်ရောက်နိုင်ခြင်း၊ ကြွေးတောင်းသောကိစ္စများ၊ စာမေးပွဲဖြေသောကိစ္စများ၊ အင်တာဗျူးဖြေသောကိစ္စများ၊ အခြားယတြာများ လုပ်ပြီး မပွင့်သေးသောသူများ၊ ပြည်ပရောက်နေသူများ ဤယတြာကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

**ပေးဝေခြင်း**

မိမိ၏ အကောင်းဆုံး နဝင်းတွဲမှ ဆောင်ပန်းကို လှူလိုက်ပါ။ ပေးကမ်းစွန့်ကြဲပါ။ (သူများကို ကျွေး၍ရသည်) ဘုရား၊ ရဟန်းသံဃာ၊ မိဘ,ဆရာသမားများ၊ မိတ်ဆွေ၊ ကလေးသူငယ်၊ ပုဂ္ဂိုလ်သတ္တဝါမရွေး ပေးချင်တဲ့သူကို ပေးနိုင်သည်။

တနင်္ဂနွေသားသမီး (ပုတိ+သိုက်ဖွား) (၅၄)အတွဲ ကြာသပတေးနံ ပေါင်မုန့်၊ ပဲမုန့်၊ ပြောင်းဖူး၊ မေမြို့ပန်း၊ ပန်းသီး၊ ပဲတစ်မျိုးမျိုး၊ ဘိန်းမုန့်၊ ပေါက်ပေါက်တစ်မျိုးမျိုးကို အဆင်ပြေသလို လှူပါ။

**ပေးချေခြင်း**

မိမိနဝင်းတွဲမှ နင်းကြမ်းအလုံးကို ညက်ညက်ပါအောင် ကိုယ်က စားပစ်ရမည်။ နင်းချေရမည့်သဘောဖြစ်သည်။ နင်းကြမ်းက ကိုယ်က သုံးဆောင်ခြင်းဖြစ်သည်။ အန္တရာယ်ခေတ်မှားခြင်း လုံးဝမဖြစ်ပါ။ အထက်ပါ (၅၄) အတွဲတွင် ဗုဒ္ဓဟူးနံ လက်ဖက်၊ လက်ဖက်ရည်၊ လိမ္မော်သီး၊ ရှောက်ယို၊ ရေမုန့်၊ ဝက်သား၊ ရေခဲမုန့် တစ်မျိုးမျိုးကို စားသုံးပါ။

<u>မှတ်ချက်</u>

မိမိလှူသော အစားအစာ ပြန်မစားရ။ တစ်နေ့တာကာလအတွက် ဖြစ်သည်။ ပေါင်မုန့်လှူပြီး ပဲမုန့်စား၍ရသည်။ တူတာ မစားရပါ။ (၆+၃)အတွဲတွင် သောကြာနံ သီဟိုဠ်စေ့၊ သရက်သီး၊ သရက်ယို၊ သစ်တော်သီး၊ သကြားဆွမ်း၊ သကြားလုံး၊ သဘော်သီး၊ သံပရာသီး တစ်မျိုးမျိုးကို လှူပေးကမ်း၍ အင်္ဂါနံ ဆီးသီး၊ ဆီးယို၊ ဆန်စေ့၊ ဆား၊ စမူဆာ၊ ဆီထမင်း တစ်ခုခုစားပါ။ အမြစ်အညွန့် (၇+၂)အတွဲတွင် တနင်္လာနံတစ်မျိုးမျိုး ကြံသကာ၊ ကြံရည်၊ ကော်ဖီ၊ ကိတ်မုန့်၊ ကျောက်ကျော၊ ကြက်ကင်၊ ငါးကင်၊ ဂျယ်လီ၊ ချင်းသုပ် တစ်မျိုးမျိုးကိုလှူပါ။ ငွေပန်း၊ ကံ့ကော်ပန်း၊ ကွဲကောသီး လှူ၍လည်း ရသည်။

စနေနံ ထန်းသီး၊ ထန်းသီးမုန့်၊ နာနတ်သီး၊ နာနတ်ယို၊ နို့မုန့်၊ နွားနို့ တစ်ခုခု စားလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အစားအစာယူရာတွင် အစအကျွရာကိုသာ ဦးစား ပေးကြည့်ပါ။ အဆုံးအကုန်ကြည့်စရာ မလိုပေ။

တနင်္လာသားသမီး

(၁၃၄၀)ခုနှစ်ဖွား ၄၀+ ၅= ၄၅

၄၅ + ၇ = ၃ ကြွင်း

| | | |
|---|---|---|
| | ၀ | |
| ② | ၅ | ၁ |
| ၆ | ၃ | ၄ |

မူလမဟာဘုတ်

၆

၃

၀ စနေနံ (လှူ) ပေးဝေ

၂ မွေးနံ

၅

၁

၄ ဗုဒ္ဓဟူးနံ (စား) ပေးချေ

**တနင်္လာသားသမီး**

အထွန်းဖွား၊ ဘင်္ဂဖွား၊ အဓိပတိဖွား အတူတူဖြစ် သည်။ မရဏနှင့် ရာဇဖွား (၁+၃)အတွဲ ပုတိနှင့် သိုက် ဖွား (၆၅)အတွဲ ဖြစ်ပါသည်။

**အင်္ဂါသားသမီး**

ပုတိနှင့် သိုက်ဖွား = ၇ + ၆ အတွဲ

မရဏနှင့် ရာဇဖွား = ၂ + ၄ အတွဲ

အထွန်း၊ ဘင်္ဂ၊ အဓိပတိဖွား = ၁ + ၅ အတွဲ

**ဗုဒ္ဓဟူးသားသမီး**

ပုတိနှင့် သိုက်ဖွား = ၁ + ၇ အတွဲ

မရဏနှင့် ရာဇဖွား = ၃ + ၅ အတွဲ

အထွန်း၊ ဘင်္ဂ၊ အဓိပတိဖွား = ၂ + ၆ အတွဲ

**ကြာသပတေးသားသမီး**

ပုတိနှင့် သိုက်ဖွား = ၂ + ၁ တွဲ

မရဏနှင့် ရာဇဖွား = ၄ + ၆ တွဲ

အထွန်း၊ ဘင်္ဂ၊ အဓိပတိဖွား = ၃ + ၇ အတွဲ

**သောကြာသားသမီး**

ပုတိနှင့် သိုက်ဖွား = ၃ + ၂ တွဲ

မရဏနှင့် ရာဇဖွား = ၅ + ၇ တွဲ

**စနေသားသမီး**

ပုတိနှင့် သိုက်ဖွား = ၄ + ၃ တွဲ

မရဏနှင့် ရာဇဖွား = ၆ + ၁ တွဲ

အထွန်း၊ ဘင်္ဂ၊ အဓိပတိဖွား = ၅ + ၂ တွဲ

ဤနေရာတွင် ပုတိနှင့် သိုက်ဖွားများသည် အထက် ဆောင်ပန်းမှာ ရှေ့က ဖော်ပြထားသော ကိန်းဂဏန်း၊ နောက်မှကိန်းက နင်းကြမ်းဖြစ်သည်။ အထွန်း၊ ဘင်္ဂ၊ အဓိပတိဖွားလည်း ထို့အတူဖြစ်သည်။ မရဏနှင့် ရာဇ ဖွားများသည် ရှေ့ဂဏန်းသည် နင်းကြမ်း (ပေးချေ) နောက်ဂဏန်းသည် (ပေးဝေ)ဖြစ်ပါသည်။

စနေသားသမီး ပုတိနှင့် သိုက်ဖွား ဆိုပါက (၄၃) တွဲ အထက်ဆောင်ပန်း ဗုဒ္ဓဟူးနံ လက်ဖက်၊ လိမ္မော်သီး၊ လိမ္မော်ရည်၊ ရှောက်ယို၊ ရေမုန့်၊ ရေခဲမုန့်၊ ဝက်သားဟင်း၊ ရဲယိုသီး၊ လက်ဖက်သုပ်၊ ဝဥ၊ လမုန့် တစ်မျိုးမျိုးကို အဆင်ပြေသလိုလှူပါ။ အင်္ဂါနံကိုစားပါ။ (၆+၁)အတွဲတွင် သောကြာနံကိုစားပြီး တနင်္ဂနွေနံကို လှူရမည်။ (၅+၂) အတွဲတွင် ကြာသပတေးနံကိုလှူပြီး တနင်္လာနံကို ဝါး စားပါ။

| | | | | |
|---|---|---|---|---|
| | ၄ | ပေးဝေ | ၄ | |
| | ၁ | | ၁ | ပေးဝေ |
| | ၅ | ပေးဝေ | ၅ | |
| စနေ | ၀ | မွေးနံ | ၀ | |
| | ၃ | ပေးချေ | ၃ | |
| | ၆ | | ၆ | ပေးချေ |
| | ၂ | ပေးချေ | ၂ | |

အချိန်အခါမရွေး ပြုလုပ်နိုင်သည်။ စာမေးပွဲဖြေသည့် ကလေးများ နေ့စဉ် ဆောင်ရွက်နိုင်ပါသည်။

လွယ်ကူထိရောက် အကျိုးရှိသော ပေးဝေ ပေးချေ နည်းပညာ နဝင်းတွဲယတြာ ဖြစ်ပါသည်။

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဗေဒင်ဆရာ မဟုတ်ပါ။ ဒါပေမဲ့ ကျွန်တော်လေ့လာလိုက်စား သင်ယူထားတဲ့ ဗေဒင်ပညာဖြင့် ခုနစ်ရက်သားသမီးများကိုတော့ အကူအညီပေးနေသူတစ်ယောက် ဖြစ်ပါတယ်။ ဗေဒင်ဆရာနဲ့ ဗေဒင်ပညာဖြင့် အကူအညီပေးနေသူ ဘာကွာခြားလို့လဲလို့ မေးစရာရှိပါတယ်။ ကွာခြားပါတယ်။ ဗေဒင်ဆရာက ဗေဒင်ပညာရပ်ကို အသက်မွေးဝမ်းကျောင်းအဖြစ် သတ်မှတ်ပြီး ဉာဏ်ပူဇော်ခ သတ်မှတ်ပြီး ဗေဒင်ဟောပေးနေသူဖြစ်ပြီး ဗေဒင်ပညာရပ်ဖြင့် ခုနစ်ရက်သားသမီးများကို အကူအညီပေးသူအနေနဲ့ ဗေဒင်ပညာဟာ အသက်မွေးဝမ်းကျောင်းအလုပ် မဟုတ်သလို ဗေဒင်ဟောခ ဉာဏ်ပူဇော်ခကြေးလည်း သတ်မှတ်မထားပါဘူး။ စေတနာကြေး စေတနာယူ၊ မေတ္တာကြေး မေတ္တာယူ ဖြစ်ပါတယ်။

အထူးသဖြင့် ဗေဒင်ဆရာ အများစုဟာ ၅
နိသျှပုံသေနည်းကို သုံးစွဲသူ များပါတယ်။ ဥပမာ ၂
အားဖြင့် အင်္ဂဝိဇ္ဇာ ဗေဒင်ပညာနဲ့ ဗေဒင်ဟော ၆
နေသူ ဗေဒင်ဆရာတစ်ဦး ဆိုပါတော့။ ၁
တနင်္ဂနွေအချိန် (တနင်္ဂနွေအခါ)မှာ ၄
တနင်္ဂနွေခယား စောက်တိုင်အရ- ၀
က။ လာရောက်မေးမြန်းသူသည် ကြာ ၃
သပတေးနေ့ သားသမီး (သို့မဟုတ်) တနင်္လာနေ့
သား၊ နေ့သမီး ဖြစ်ရမည်ဆိုတဲ့ နိသျှပုံသေ
နည်း။

ခ။ လာရောက်တဲ့ အကြောင်းရင်း
ကိစ္စသည်လည်း ကြာသပတေး
အက္ခရာဖြစ်သော (ပ၊ ဖ၊ ဗ၊ ဘ
မ) ကိစ္စဝိစ္စသာ ဖြစ်သည်ဆိုတဲ့
နိသျှပုံသေနည်း။



# တံစက်မြိတ်ရေသည်
# ပုရွက်ဆိတ်တို့အတွက်
# သမုဒ္ဒရာ
# မင်းနေထွန်း (ကနဲ့သ

www.burmeseclassic.com

ဂ။ ကြာသပတေးနံရဲ့ ပရိယာယ်ဖြစ်သော အခေါ်ခြင်ပွန်းကိစ္စ၊ ယောက္ခထီးကိစ္စ၊ ပထွေးကိစ္စ လူပုဂ္ဂိုလ်များနှင့် ပတ်သက်၍လည်းကောင်း၊ တူရိယာစကားစက် စသော ကိရိယာများနှင့်ပတ်သက်၍လည်းကောင်း၊ အရှေ့မြောက်ထောင့်နှင့် ပတ်သက်သော ကိစ္စဟူ၍လည်းကောင်း ဖြစ်မည်ဆိုသော နိသျှုပုံသေနည်းတွေကို ဆွဲကိုင်ထားခြင်းပဲ ဖြစ်နေတတ်ကြပါတယ်။

ကျွန်တော့်အတွေ့အကြုံအရ တနင်္ဂနွေချိန် (တနင်္ဂနွေအခါ)မှာ တနင်္ဂနွေသားသမီးလည်း လာပါတယ်။ တနင်္လာသားသမီးလည်း လာပါတယ်။ အင်္ဂါသားသမီးလည်း လာပါတယ်။ ဆိုရရင်တော့ ခုနစ်နေ့ခုနစ်နံ သားသမီးတွေ လာတာရှိပါတယ်။

အဲဒီလိုပါပဲ၊ တနင်္ဂနွေအချိန် (တနင်္ဂနွေအခါ)ဖြစ်ပေမယ့် လာရောက်မေးမြန်းကြတဲ့ အကြောင်းကိစ္စကလည်း ကျန်းမာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေး၊ ပညာရေး စသည်ဖြင့် အထွေထွေအသောင်းသောင်း အခြေအနေ အကြောင်းကြောင်းတွေ ဖြစ်နေတတ်ကြပါတယ်။ အဲဒါတွေကြောင့်မို့ နိသျှုပုံသေနည်းကို လှေနံဓားထစ် မသုံးဘဲ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်ပြီး ဖယ်ကြဉ်သင့်တာဖယ်၊ အသစ်ထွင် (ဉာဏ်ယှဉ်)သင့်တာ ဉာဏ်ယှဉ်ပြီး ဟောပေး၊ ပြောပေး လမ်းညွှန်ပေးခဲ့မိတာတွေ ရှိသပေါ့။

ဒီတော့ ဘယ်လိုဖြစ်လာသလဲဆိုတော့ ဗေဒင်ဟောစားနေကြတဲ့ ဗေဒင်ဆရာအချို့က မေးငေါ့လာကြတော့တာပေါ့။ မင်းနေထွန်း(ကန့်ဘလူ)ဆိုတဲ့ မလောက်လေး မလောက်စားကောင်က တစ်နေ့ မနေ့ကမှ ဗေဒင်လောကဝင်လာပြီး လူတွင်ကျယ်လုပ်တယ် ဖြစ်လာကရော။ ကျွန်တော်ကတော့ ရွှေဟင်္သာဆရာတော်ကြီး (ထင်ပါတယ်) အဆုံးအမကို တစ်သဲဝေမတိမ်းလိုက်နာပြီး အများအကျိုးဆောင်သယ်ပိုးက ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း မရှုံ့မစောင်း ကိုယ့်လမ်းကြောင်းကို ကောင်းကောင်းကြီး လျှောက်လှမ်းရင်း ပြုံးနေလိုက်ပါတယ်။ တကယ့်ပညာရှင်ကြီးတွေကို ရိုကျိုးစွာ ဆည်းကပ်ပြီး မပြည့်စုံသေးတဲ့ ပညာရပ်ကို ဖူးကပ်သင်ယူနေဆဲပါပဲ။ ဗေဒင်ပညာဆိုတာ နိသျှုပုံသေနည်းမှာ ရပ်နေတာမျိုး မဟုတ်ဘဲ အလွန်ကျယ်ပါတယ်။ ရှေးဘိုးဘွားဘီဘင်တို့က လမ်းညွှန်မှုပေးရုံသာ ချန်ထားပေးခဲ့ကြတာပါ။

ကျွန်တော်ပြောချင်တဲ့ကိစ္စ အခု စပါတော့မယ်။ နာမည်ပေးကိစ္စပါပဲ။ နာမည်ပေးကိစ္စမှာ တစ်ဦးခေါင်း ... ပညာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ပေးနေကြ ... ပဲ။ အချို့ဆိုရင် ရှေးဟောင်းနည်းနိသျှုကိုတောင် ... ဖျောက်ပြီး ကိုယ်ပိုင်တီထွင်သလိုလို ဟိတ်လုပ် နာမည်ပေးနေကြတာတွေ ရှိပါတယ်။

ရှေးဟောင်းနည်းမှာ ပဉ္စပွတ်၊ ဆပွတ်လှည့်ခွေနည်းဆိုပြီး (က၊ သစ်၊ ပေါ်၊ ဥစ်၊ တူ၊ လင်္ဂ၊ စုဘ်)လို့ အခိုအမိန့်တစ်ရပ် ရှိပါတယ်။ ဒီအခိုအမိန့်ကို ဗေဒင်ဝါသနာရှင်တွေ မဆိုထားနဲ့၊ ဗေဒင်ဟောစားနေတဲ့ ဗေဒင်ဆရာတချို့တောင် မကြားဖူးကြပါဘူး၊ မသိကြပါဘူး။ သူတို့ သိနေတာက (ကြက်၊ သွန်၊ ဖြူ၊ ဥ၊ တစ်၊ လုံး၊ စု)ပဲလေ။ ဘယ်ဆရာကြီးရဲ့ နည်းနာနိသျှုဆိုပြီး အလုပ်ဖြစ်နေလေကြရဲ့။

ရှေးဟောင်းနာမည်မှည့်နည်းတွေ အများအပြားရှိတာအနက် ကျွန်တော်လက်တစ်လှမ်းအမီက နည်းနာနိသျှုတွေကို ဖော်ပြရင်း လမ်းရိုးဟောင်းမှာ ဆင့်ကာ ထွင်သင့်မထွင်သင့် တွေးချင့်ပြသွားချင်ပါတယ်။

ပထမနည်းကတော့ ပဉ္စပွတ်မှည့်နည်းလို့ ခေါ်ပါတယ်။ ဘိုးဘွားဘီဘင်တို့က လင်္ကာလေးနဲ့ တီထွင်ပေးသွားကြတာပါ။ အရင်းမွေးနံ အဖျားခံ၊ မှတ်ရန် ပဉ္စပွတ်။ သားသမီးရတနာ မည်သညာ၊ မှတ်ရာ လောကဝတ်။ ဤသို့သညာ ပြုသူမှာ၊ ချမ်း သာ မှန်မချွတ်တဲ့။

မှည့်နည်းကတော့ တနင်္ဂနွေသားသမီးဆိုရင် အောင်မင်း၊ အောင်မြင့်၊ အေးမင်း၊ အေးမောင်၊ မအေးအေးမြင့်၊ မအုန်းမေ၊ မအေးမာ စသဖြင့် ဖြစ်ပါတယ်။ တနင်္ဂနွေတိုင် နမူနာပြလိုက်ပါတယ်။

*၅ ←┐
၂ │
၆ │
(၁)┘
၄
၀
၃

တနင်္လာသားသမီးဆိုရင် မောင်ကျော်ဟိန်း၊ မောင်ခင်သန်း၊ မောင်ကျော်သန်း၊ မကြင်သန်း၊ မခင်သိန်း စသဖြင့်။

အင်္ဂါသားသမီးဆိုရင် မောင်စောထွန်း၊ မောင်ဆန်းတင်၊ မောင်ဆန်းနီ၊ မစန်းနွဲ့၊ မဆန်းတင်၊ မစုထား စသဖြင့်။

ဗုဒ္ဓဟူးသားသမီးဆိုရင် မောင်ဝင်းအောင်၊ မောင်ဝင်းဦး၊ မောင်လင်းဦး၊ မောင်လှအောင်၊ မဝင်းဝင်းအေး၊ မလှအုန်း၊ မဝင်းအိ၊ မလှလှအေး၊ မဝေ



www.burmeseclassic.com

www.burmeseclassic.com


ဝေအောင် စသဖြင့်။

ကြာသပတေးသားသမီးဆိုလျှင် မောင်မြတ်နိုင်၊ မောင်မြင့်ကျော်၊ မောင်ဖြိုးခင်၊ မဖြူဖြူကျော့၊ မပြည့်ပြည့်ဝင်း၊ မမိုးပြည့်ဝင်း စသည်ဖြင့်။


သောကြာသားသမီးဆိုလျှင် မောင်သန့်စင်၊ မောင်သိန်းစိုး၊ မောင်ဟန်စိုး၊ မသန်းသန်းစိုး၊ မသိန်းသိန်းစု စသဖြင့်။

စနေသားသမီးဆိုလျှင် မောင်နေဝင်း၊ မောင်နိုင်ဝင်း၊ မောင်နိုင်လင်း၊ မောင်တင်လင်း၊ မနွဲ့နွဲ့ဝင်း၊ မတင်တင်ဝင်း၊ မတင်တင်လှိုင် စသည့် မှည့်ခေါ်နည်းဖြစ်ပါတယ်။


မမှန်၊ မကောင်း၊ မသင့်ဟု ကျွန်တော် မဆိုလိုပါ။ သို့သော် နိဿျပုံသေနည်းကို လေ့နံ့စားထစ် မယူသင့်ပါ။ ဥပမာအားဖြင့် တနင်္ဂနွေနေ့သားသမီး တစ်ယောက်ဟာ မဟာဘုတ်အရ (၄)ကြွင်းသူ ဖြစ်ခဲ့သော် (သို့မဟုတ်) (၅)ကြွင်းသူ ဖြစ်ခဲ့သော် (သို့မဟုတ်) (၂)ကြွင်းသူ ဖြစ်ခဲ့သော် တနင်္ဂနွေနံအစ ကြာသပတေးနံအဆုံး နာမည်ပေးရန် စဉ်းစားသင့်သည်လို့ ထင်ပါတယ်။




(က)




(ခ)




(ဂ)

က။ မဟာဘုတ်(၄)ကြွင်းသမား တနင်္ဂနွေသားသမီးအဖို့ အဓိပတိ တနင်္ဂနွေနံမှ ပုတိ ကြာသပတေးနံသို့ ဖောက်ထိုး နာမည် ဖြစ်နေပါ့မယ်။

ခ။ မဟာဘုတ်(၅)ကြွင်းသမား တနင်္ဂနွေသားသမီးအဖို့ မရဏ တနင်္ဂနွေနံမှ ဘင်္ဂ ကြာသပတေးနံသို့ အနိဋ္ဌတွေချည်း နာမည်ဖြစ်နေပါ့မယ်။

ဂ။ မဟာဘုတ်(၂)ကြွင်းသမား တနင်္ဂနွေသားသမီးအဖို့ အထွန်း တနင်္ဂနွေနံမှ မရဏ ကြာသပတေးသို့ ဖောက်ထိုး နာမည် ဖြစ်နေပါ့မယ်။

ဘဝအချုပ် မဟာဘုတ်လို့ ပညာရှင်များ သမုတ်ခဲ့ကြတဲ့ မဟာဘုတ်အိမ်မှာပင် နာမည်က ဖောက်ထိုး အနိဋ္ဌဖြစ်နေပါလျှင် အဘယ်မှာ နာမည်ကောင်း၊ နာမည်သန့် ဖြစ်နိုင်ပါတော့မလဲ စဉ်းစားရင် သိနိုင်ကြပါတယ်။

နောက် ဒုတိယနည်းကို တင်ပြပါရစေ။ ဒုတိယနည်းကတော့ ဆပ္ပတ်မှည့်နည်းလို့ ခေါ်ပါတယ်။ တချို့ကလည်း ဆပ္ပတ်ခိုနည်းလို့ ခိုတစ်လုံးထည့်ပြီး ခေါ်ဝေါ်ကြပါတယ်။ ဒါကလည်း သူ့ကိုမြင့်လို့ ဆပ္ပတ်ခို၊ သူ့ကိုနိုင်လို့ ဆပ္ပတ်ခို ရာရာပွားစည်း ဆပ္ပတ်မိုး စတာတွေနဲ့ ပတ်သက်နေမယ် ထင်ပါတယ်။ ဆပ္ပတ်ခိုရင် ဆပ္ပတ်မိုးရင် အောင်မြင်မှုရတယ် ဆိုတဲ့ သဘောလက္ခဏာပဲဖြစ်မယ် ထင်ပါတယ်။




အဲဒီနည်းအရ တနင်္ဂနွေသားသမီးဆိုရင် မောင်အောင်ဟိန်း၊ မောင်အေးသိန်း၊ မောင်အုန်းသောင်း၊ မအေးအေးသန်း၊ မအိအိသွယ်၊ မအိအိဟန် စသဖြင့်။

တနင်္လာသားသမီးဆိုရင် မောင်ကျော်ထွန်း၊ မောင်ခန့်နိုင်၊ မောင်ခင်ထွန်း၊ မကြည်ငွေး၊ မခင်နိုင်၊ မကြင်ထွေး



www.burmeseclassic.com

www.burmeseclassic.com

စသဖြင့်။

အင်္ဂါသားသမီးဆိုရင် မောင်စန်းအောင်၊ မောင်စိန်အေး၊ မောင်စောအောင်၊ မစန်းစန်းအေး၊ မဆန်းနိုင်၊ မစုစုနွယ် စသဖြင့်။


ဗုဒ္ဓဟူးသားသမီးဆိုရင် မောင်လင်းကျော်၊ မောင်ဝင်းကျော်၊ မောင်ဝင်းခိုင်၊ မလင်းကြည်၊ မဝင်းကြည်၊ မဝင်းခိုင် စသဖြင့်။


ကြာသပတေးသားသမီးဆိုလျှင် မောင်မင်းစိန်၊ မောင်ပြည့်စိုး၊ မောင်ဖေဆန်း၊ မမြမြစန်း၊ မမြတ်ဆု၊ မမြင့်စိန်၊ မဖွေးဖွေးစု စသဖြင့်။


သောကြာသားသမီးဆိုရင် မောင်ဟန်ဝင်း၊ မောင်သန်းဝင်း၊ မောင်သိန်းလင်း၊ မသန်းသန်းဝင်း၊ မသန်းသန်းလှိုင်၊ မသောင်းသောင်းလွင် စသဖြင့်။

စနေသားသမီးဆိုရင် မောင်ထွန်းမြင့်၊ မောင်နီမောင်၊ မောင်တင်ပို၊ မောင်ထွန်းဗို၊ မတင်မြင့်၊ မနွယ်မြင့်၊ မနီမြင့် စသဖြင့် နာမည်ပေးရမှာ ဖြစ်ပါတယ်။

ဒီနည်းစနစ်ကိုလည်း မကောင်းမမှန်ဟု မပြောလိုပါ။ ဒါပေမဲ့ အစောပိုင်းက တင်ပြခဲ့သလို ဘဝအချုပ် မဟာဘုတ်၊ နာမက္ခရတိုင် စတာတွေနဲ့ နှိုင်းချိန်ကြည့်တဲ့အခါ




အချို့မဟာဘုတ်ကြွင်းသမားတွေအဖို့ ဒီနည်းစနစ်နဲ့ နာမည်ပေးဖို့ လက်တွန့်စရာ၊ နှုတ်ဆွံ့စရာ ဖြစ်နေပါတယ်။

ဥပမာ-မဟာဘုတ်(၃)ကြွင်း၊ မဟာဘုတ်(၅)ကြွင်းနဲ့ မဟာဘုတ်(၆)ကြွင်းတဲ့ တနင်္ဂနွေသားသမီးကို လေ့လာကြည့်စေချင်ပါတယ်။ အခြားနေ့သားများလည်း တွက်ချက်စစ်ဆေးကြည့်ရင် ရပါတယ်။

မဟာဘုတ်(၃)ကြွင်း တနင်္ဂနွေသားသမီးအဖို့ တနင်္ဂနွေနံ အက္ခရာအစ သောကြာနံ အက္ခရာအဆုံးနဲ့ နာမည်ပေးကြမယ်ဆိုရင် ရာဇ တနင်္ဂနွေကူဋ္ဌအိမ်မှ မရဏ သောကြာ အနိဋ္ဌအိမ်ကို ဖောက်ထိုးဆင်းသွားတဲ့ နာမည်ဖြစ်သလို မဟာဘုတ်(၅)ကြွင်း တနင်္ဂနွေသားသမီးတစ်ယောက်အဖို့ မရဏ တနင်္ဂနွေအိမ်မှ ပုတိ သောကြာအိမ်ကို ဆက်နွယ်တဲ့နာမည် ဖြစ်နေမှာပါပဲ။ ထိုနည်းတူစွာ မဟာဘုတ်(၆)ကြွင်းသမား တနင်္ဂနွေသားသမီးများအဖို့ သိုက် တနင်္ဂနွေမှ ဘင်္ဂ သောကြာဆီကို ဖောက်ထိုးဆင်းတဲ့ နာမည်မျိုးပဲ ဖြစ်မှာပါ။

ဒီတော့ ဒီလိုအမည်နာမမျိုးတွေကို ဘယ်ဗေဒင်ပညာရှင်က ပေးဝံ့ရဲပါ့မလဲ။ လှေနံဓားထစ်သမား ဗေဒင်ဆရာကလွဲရင် ဘယ်သူမှ နာမည်ပေးရဲမှာ မဟုတ်တာ သေချာပါတယ်။


နောက် တတိယနည်းစနစ်ကို ဆက်လက်တင်ပြပါရစေ။ တတိယနည်းကတော့ အညွှန့်မှည့်နည်းလို့ ဝိဂြိုဟ်ပြုသမုတ်ထားကြပါတယ်။ နေ့နံတစ်နံမှာ အမြစ်နံ၊ အညွှန့်နံ ရယ်လို့ ရှိပါတယ်။ အမြစ်နံ ဆိုတာကတော့ သက်ဆိုင်ရာနံ၊ မရောက်မီနံကို ခေါ်ပါတယ်။ ဥပမာ-တနင်္လာနံသားသမီးဆိုရင် တနင်္ဂနွေနံဟာ အမြစ်နံ ဖြစ်ပါတယ်။

အညွှန့်နံ ဆိုတာကျတော့ သက်ဆိုင်ရာ နံနဲ့ ရှေ့တစ်နံကို ညွှန်းတာ ဖြစ်ပါတယ်။ စောစောက တင်ပြခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com




တနင်္လာသားသမီး တစ်ယောက်ရဲ့ အညွန့်နံ ဟာ အင်္ဂါပဲ ဖြစ်ပါတယ်။ ဒီတော့ တနင်္ဂနွေသားသမီး တစ်ယောက်ရဲ့ အမြစ်နံဟာ စနေဖြစ်ပြီး အညွန့်နံဟာ တနင်္လာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ အညွန့်နာမည် မှည့်နည်း နည်းစနစ်ကို ကြည့်ရင်-


က။ တနင်္ဂနွေသားသမီးဖြစ်တယ်ဆိုရင် မောင်အောင်ကျော်၊ မောင်အောင်ခင်၊ မောင်အောင်နိုင်၊ မောင်အေးကြူ၊ မအေးကြည်၊ မအုန်းကြည်၊ မအုန်းကြင်၊ မအုန်းခင် စသဖြင့် မှည့်ခေါ်ရသလို

ခ။ တနင်္လာသားသမီးဆိုရင်လည်း မောင်ကျော်စိုး၊ မောင်ကျော်ဆန်း၊ မောင်နိုင်စိုး၊ မောင်ခင်ညွန့်၊ မကြည်ကြည်စန်း၊ မခင်ခင်စန်း၊ မကြည်ညွန့် စသဖြင့် နာမည်ပေးရမှာ ဖြစ်ပါတယ်။


တင်ပြစရာနည်းစနစ်များ ကျန်နေသေးတဲ့အတွက် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး စတဲ့နေ့သားတွေကို မိမိတို့ဘာသာ တွေးဆကြည့်စေချင်ပါတယ်။ အမြစ်၊ အညွန့်သိမှတော့ မခက်နိုင်တော့ပါဘူး။

ဒီနည်းစနစ်အတွက် သတိထားရမယ့် မဟာဘုတ်အကြွင်းတွေအနက် တနင်္လာသားသမီးကို ပြောင်းလဲတင်ပြလိုက်ပါတယ်။ လေ့လာကြည့်ကြစေလိုပါတယ်။


ဒီနည်းစနစ် ပုံသေနည်းနဲ့ တနင်္လာသားသမီးကို ဒီလို နာမည်တွေ ပေးဖို့ဆိုတာ အလွန်ခက်ခဲလှပါတယ်။ အသေးစိတ်တင်ပြစရာ လိုမယ်မထင်တော့ပါဘူး။ အခြားနေ့နံသားများကိုလည်း တွက်ချက်ကြည့်စေလိုပါတယ်။




တနင်္လာသား (၂)ကြွင်းမဟာဘုတ်




တနင်္လာသား (၃)ကြွင်းမဟာဘုတ်




တနင်္လာသား (၀)ကြွင်းမဟာဘုတ်

စတုတ္ထနည်းကတော့ မဟာဘုတ်ကို အခြေခံတဲ့ အထွန်းတွဲမှည့်နည်း ဖြစ်ပါတယ်။ မဟာဘုတ်မှာ ပုတိ၊ ဘင်္ဂ၊ မရဏ၊ အထွန်း၊ သိုက်၊ ရာဇဆိုပြီး (၇)ခွင်ရှိတာအနက် ဣန္ဒခွင်ဖြစ်တဲ့ အထွန်းနဲ့ မွေးနံ တွဲစပ်မှည့်ခေါ်တဲ့ နည်းပါပဲ။

ဥပမာ-(၁)ကြွင်းမဟာဘုတ် ဆိုပါစို့။ တနင်္ဂနွေသားသမီးများအဖို့ မောင်အောင်ထွန်း၊ မောင်အုန်းတင်၊ မောင်အေးနိုင်၊ မအိတင်၊ မအေးတင်၊ မအေးနိုင် စသဖြင့် နာမည်ပေးနိုင်ကြသလို တနင်္လာနေ့ဖွားသားသမီးများအဖို့တော့ မောင်ကျော်ထွန်း၊ မောင်ခင်ထွန်း၊ မောင်ကျော်နိုင်၊ မကြင်နု၊ မခင်နု၊ မခင်နွယ်၊ မကြူနွယ် စသဖြင့် မှည့်ခေါ်လို့ မရပါဘူး။ ဘာကြောင့်ဆိုရင် ပက္ခကိန်းမိနေလို့ပါပဲ။ ကျန်နေ့သားများအဖို့တော့ အင်္ဂါ+စနေ၊ ဗုဒ္ဓဟူး+စနေ၊ ကြာသပတေး+စနေ၊ သောကြာ+စနေနဲ့ စနေ+စနေ နာမည်များ မှည့်ခေါ်ပေးလို့ ရပါတယ်။ အကျဉ်းတင်ပြရရင်တော့ ပုတိနဲ့ အထွန်း မတွဲရတာပါဘဲ။

ဒီနေရာမှာ ခြွင်းချက်ပြောစရာရှိပါတယ်။ စော

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| | အဓိပတိ | |
| * အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

မဟာဘုတ်ခွင်အိမ်

| | | |
|---|---|---|
| | ၅ | |
| *ဝ | ၃ | ၆ |
| ၄ | ၁ | ၂ |

(၁)ကြွင်းမဟာဘုတ်

| | | |
|---|---|---|
| | ၅ | |
| ဝ | ၃ | ၆ |
| ၄ | ၁ | ၂(*) |

... တင်ပြထားတဲ့ ပုတိနဲ့ အထွန်း မတွဲစပ်ရကိစ္စပါပဲ။ ...ရှိသော ဗေဒင်ပညာရှင်ကြီးများက အဲဒီအတွဲအစပ်ကို ...ပြစ်လို့ မယူဆတတ်ကြခြင်းပါဘဲ။ ဒါကြောင့် မှည့်လို ... မှည့်လို့ရတယ်ဆိုတဲ့ သဘောပါ။ အထွန်းက ပုတိကို ...တက်ထိုးမဟုတ်တဲ့အတွက် ခွင့်ပြုထားတဲ့ သဘောပါ။

နောက် ပဉ္စမနည်းကတော့ ဖိနပ်စီး၊ ထီးဆောင်း ...မည်မှည့်နည်းပါပဲ။ နာမည်က ထူးဆန်းနေတာမို့ စိတ် ...င်စားစရာပါပဲ။ ဒါက ရှေးပညာရှင်များက ပေးခဲ့တဲ့ ...မည်ပါ။ ခေတ်သစ်ပညာရှင်များကတော့ အမြစ်၊ အညွန့် နာမည်ပေးနည်းလို့ ခေါ်ဝေါ်ကြပါတယ်။ ဒီနည်းမှာ (၂) မျိုးတွဲပေးလို့ ရပါတယ်။

ပထမတစ်နည်းကတော့ အမြစ်နံနဲ့ အညွှန့်နံ နှစ်လုံးကိုပဲ အဓိကထားပေးတဲ့နည်းဖြစ်ပြီး ဒုတိယနည်းကတော့ အမြစ် ပင်စည်၊ သက်ဆိုင်ရာနံ၊ အညွန့်ဆိုပြီး နာမည်သုံးလုံးပေးတဲ့နည်းပါပဲ။ ချုပ်ကြည့်ရင်တော့ နှစ်မျိုးစလုံးဟာ အမြစ်၊ အညွန့် နာမည်ပေးနည်းပါပဲ။

၅
*၂
၆
*(၁)
၄
*ဝ
၃

ပထမနည်းအရဆိုရင် တနင်္ဂနွေသားသမီးကို မောင်ထွန်းကြည်၊ မောင်တင်ခိုင်၊ မောင်ထွန်းကျော်၊ မောင်တင်ကျော်၊ မောင်ထွန်းခင်၊ မနုကြည်၊ မတင်ကြိုင်၊ မနီခင် စသဖြင့် ဖြစ်ပါတယ်။

ဒုတိယနည်းအရဆိုရင်တော့ တနင်္ဂနွေသားသမီးကို မောင်ထွန်းအောင်ကျော်၊ မောင်တင်အောင်ကြိုင်၊ မောင်နီအောင်ကြူ၊ မတင်အေးကြူ၊ မတင်အုန်းခိုင် စသဖြင့် နာမည်ပေးကြတာပဲ ဖြစ်ပါတယ်။ အမြစ်၊အညွန့် ဘယ်မတွန့် အခွန့်ရှည်ကြာကြီးပွားရာလို့ ဆိုပေမယ့် စောစောက တင်ပြခဲ့တဲ့ (၁) ကြွင်းမဟာဘုတ် တနင်္ဂနွေသားသမီးများအဖို့တော့ ဒီနည်းစနစ်ကို သုံးလို့မသင့်လျော်ဘူး ဖြစ်ပါတယ်။ ပက္ခဓောက်ထိုး ဖြစ်နေလို့ပါ။ အထွန်းမှ ပုတိသို့။ ကျန်နေ့သားများအဖို့လည်း ပက္ခဓောက်ထိုး မှည့်ရန် သင့်မထင်ပါ။

နောက်ဆုံးတင်ပြလိုတဲ့ နာမည်မှည့်နည်းကတော့ ပဉ္စပွတ်–ဆပွတ် လှည့်ခွေနည်းပဲ ဖြစ်ပါတယ်။ ဒီနည်းဟာ အစောပိုင်းက တင်ပြခဲ့ပြီးဖြစ်တဲ့ ရှေးရိုးဟောင်း (က၊ သစ်၊ ပေါ်၊ ဥစ်၊ တူ၊ လက်၊ စုဘ်)နည်းကို ခြေရာ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကြက် | = | ၂ | ၃ | ၄ | ၅ | ၆ | ဝ | ၁ |
| သွန် | = | ၆ | ဝ | ၁ | ၂ | ၃ | ၄ | ၅ |
| ဖြူ | = | ၅ | ၆ | ဝ | ၁ | ၂ | ၃ | ၄ |
| ဥ | = | (၁) | (၂) | (၃) | (၄) | (၅) | (၆) | (ဝ) |
| တစ် | = | ဝ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| လုံး | = | ၄ | ၅ | ၆ | ဝ | ၁ | ၂ | ၃ |
| ရ | = | ၃ | ၄ | ၅ | ၆ | ဝ | ၁ | ၂ |

နေ့နံများ



www.burmeseclassic.com

www.burmeseclassic.com

ဖျောက်ပြီး (ကြက်၊ သွန်၊ ဖြူ၊ ဥ၊ တစ်၊ လုံး၊ စု)လို့ ဆန်းသစ်လိုက်ကြတဲ့နည်းပါပဲ။

ဒီနည်းစနစ်အရ နာမည်ပေးမယ်ဆိုရင်-


က။ တနင်္ဂနွေသားသမီးဆိုရင် မင်းသိခံ၊ မောင်သန့်ကျော်၊ မောင်မြင့်သိန်းကျော်၊ မောင်မင်းသိန်းခန့်၊ မမြသန်းကြည်၊ မမြသိန်းခင်၊ မဖြိုးသွယ်ကျော် စသဖြင့်။


ခ။ တနင်္လာသားသမီးဆိုရင် မောင်သိန်းထူးစိုး၊ မောင်သစ်ထူးစံ၊ မောင်သန်းထွန်းဆွေ၊ မသက်ထူးဆွေ၊ မသန်းတင်စန်း၊ မသက်ထက်ဆန်း စသဖြင့် နာမည်မှည့်ခေါ်ကြ နာမည်ပေးတတ်ကြပါတယ်။


ကျန်နေ့သားသမီးများကို လမ်းညွှန်မြားအတိုင်း စိတ်ကြိုက် တွေးကြည့်ပါ။

ဒီနည်းစနစ်မှာလည်း စဉ်းစားရမယ့် မဟာဘုတ်ဖွားတွေ ရှိနေတာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် မဟာဘုတ်အထွန်း၊ ဘင်္ဂဖွားများဖြစ်တဲ့ တနင်္ဂနွေသားသမီးတွေဟာ ဒီစနစ်ကို မသုံးသင့်ဘူးလို့ ပြောချင်ပါတယ်။

ဘာကြောင့်လဲဆိုရင် မရဏအိမ် ကြာသပတေး နာမည်စပြီး ဘင်္ဂအိမ် တနင်္လာနာမည် အဆုံးသတ်သွားရတဲ့




အတွက် မရဏ+ဘင်္ဂ ဖြစ်နေလို့ပါပဲ။ အခြားနေ့သားများ လည်း ဤသို့ဖြစ်သော မဟာဘုတ်ကွင်းများ ရှိပါသည်။

ဒါကြောင့်မို့ ဗေဒင်ပညာနှင့် နာမည်ပေးကိစ္စမှာ စဉ်းစားချင့်ချိန် တွေးတောစရာတွေ အများကြီးဖြစ်ကြောင်း တင်ပြလိုရင်း ဖြစ်ပါတယ်။ သာမန်ဝါသနာပါရုံဖြင့်၊ တော ရုံ လေ့လာလိုက်စားထားရုံဖြင့် နာမည်ကောင်း၊ နာမည် သန့် တစ်ခုရဖို့ အတော်ခက်ပါတယ်။ ကျွန်တော်တင်ပြ ခဲ့တဲ့ စဉ်းစားစရာများပင်လျှင် တကယ်တမ်းကျတော့ အသေးအဖွဲလောက်မျှသာ ဖြစ်နေပါသေးတယ်။ တကယ့် ပညာရှင်များအနေဖြင့် သုံးသပ်ဆုံးဖြတ်ကြမည်ဆိုရင် ထို့ ထက် အပြစ်အနာအဆာများ ပေါ်လာဦးမည်ဖြစ်ပါတယ်။

တကယ်တော့ နာမည်ပေးပညာဟာ ပညာရှင်ကြီး များအတွက် မခက်မခဲ လွယ်ကူပေမယ့် ကျွန်တော်အပ အဝင် ပညာသင်များအဖို့ လွယ်ကူလှသည် မဟုတ်ပါ ပြီးပြည့်စုံနိုင်ဖို့ မလွယ်ပါ။ ဗေဒင်ကို နကန်းတစ်လုံး မသိသူ သာမန်လူတွေအဖို့ဆိုလျှင် ပြောဖွယ်ရာရှိမည် မထင်တော့ပါ။ ဒါကြောင့် ကြားဖူးနားဝ အသိပညာလော ဖြင့် မိမိတို့၏ ကလေး၊ သား၊ မြေး၊ တီ၊ တွတ်တို့ လက်လွတ်စပယ် ခပ်လွယ်လွယ်နာမည်မပေးမိဖို့ တင် လိုရင်း ဖြစ်ပါတယ်။

ပမာဆောင်ရသော် တံစက်မြိတ်ရေဟာ ဆင်ကြ တွေအတွက် အရေးမဟုတ်သော်လည်း ပုရွက်ဆိတ် အတွက်တော့ တကယ့်သမုဒ္ဒရာကြီးပါလို့ တင်ပြ စေတနာမောင်းခတ်လိုက်ရပါကြောင်းခင်ဗျာ။

**ပညာရှင်အပေါင်းကို မညောင်းသောဂါ**

**မင်းနေထွန်း(ဘ**



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဘုန်းမြတ်မင်း

နက္ခတ္တဗေဒ (ကံကြမ္မာ) အကြံပေးပညာရှင်



ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဇာတာနှင့် လက္ခဏာ စစ်ဆေး၍ ဘဝတွင် မျှော်မှန်းထားသလောက် 'အထူး' အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်နေသော ဆရာဘုန်းမြတ်မင်း

ကံပွင့်လိုသူတိုင်း ရွှေဘုန်းပွင့်ဘုရားကို ဖူးကြရတယ်။ အောင်မြင်လိုသူတိုင်း ဆရာဘုန်းမြတ်မင်းနှင့် ဆုံကြရဖြစ်ပါ ဘယ်။ ဒီတော့ ဆရာနဲ့တွေ့ရင် ဘာတွေထူးလာမလဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် စီးပွားအောင်မြင်ခဲ့တဲ့ သင်ဟာ ယခုကာလအတွင်း စီးပွားတွေ ကျလာတယ်။ မှုခင်းပြဿနာတွေ ကြုံနေခဲ့တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ သင့်လက်ထဲမှာ နိုင်ငံကူးလက်မှတ် ရှိနေမယ်။ ငွေလည်း ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံခြား ထွက်လို့ မရသေးဘူး။ အဲဒါ ဘာကြောင့်လဲ။ ငွေကြေး၊ စီးပွား အဆင်ပြေပြန်တော့ အချစ်ရေး၊ အိမ်ထောင်ရေး ကမောက်ကမ ဖြစ်ရပြန်တယ်။ ဒါဟာလည်း ဘာကြောင့်လဲ။ လုပ်တိုင်း မဖြစ်၊ ဖြစ်တိုင်း မမြဲတာက ဘာကြောင့်လဲ။ တကယ်တော့ ဒါတွေဟာ ညီမျှခြင်းတစ်ခုမျှသာ ဖြစ်တယ်။ အတိတ်အကြောင်းတရားရှိမှ ပစ္စုပ္ပန်အကျိုး ဆိုး ဖြစ်တယ်။ အနာသိမှ ဆေးရှိမယ်။ ဒီတော့ ဆရာက သင့်အကြောင်းတွေ သိနေပြီဆိုတော့ ဆရာ့မှာ ဆေးရှိနေပြီပေါ့။ ဝဋ္ဋိရသော့ကလေး တစ်ချောင်းကို လှည့်လိုက်ရုံနဲ့ သင့်အောင်မြင်ရေးလမ်းကြောင်း ပွင့်သွားရုံသာရှိမယ်။ သင် ရောက်လာဖို့ကသာ အဓိကလိုပါတယ်။ ကြော်ငြာဖတ်ရုံနဲ့တော့ လက်တွေ့ မသိ မမြင်နိုင်ပါ။ ကိုယ်တွေ့လာမှ ကိုယ်တွေ့ ခံစားခွင့် ရရှိလာမယ်။

**ဆရာနှင့် ဆွေးနွေးလိုလျှင် ကြိုတင်၍ ဖုန်းဆက်ပါ။**

ဆရာဘုန်းမြတ်မင်း၊ အမှတ်(၁၅)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၉ ၅၁ ၈၄၉၀၅

www.burmeseclassic.com

# ပုန်းသောသူ ရှာလျှင် တွေ့နိုင်ပါစေ



ဆက်သွယ်ရန် တယ်လီဖုန်းများ ပေါ်များ ခေတ်မီလာသော ယခုလို အချိန်မျိုးတွင် မြန်မာနိုင်ငံအနှံ့မှ ဇေဒင်ဝါသနာပါသူများကို မင်္ဂလာပါရှင်ဟု ပြောဆိုနှုတ်ဆက်ပြီး ထိုသူတို့၏ အခက်အခဲများ အားလုံးကို တွက်ချက်ကာ ဟောပြောအကူအညီပေးရသော လုပ်ငန်းမျိုးကို ဝါသနာ

www.burmeseclassic.com

www.burmeseclassic.com

ပါသော စာရေးသူသည် ထိုကဏ္ဍတွင် ဟောပြောနေရသည့် အချိန်မျိုးကို လွန်စွာမှ ပျော်ရွှင်မိသည်။

ခုနစ်နှေသားသမီး မြောက်မြားစွာတို့သည် ၎င်းတို့၏ အရေးပါသော ကိစ္စများစွာကို ဟောပြောသူအား မမြင်ရသော်လည်း အသံဖြင့်ပင် ရင်းနှီးစွာဖြင့် မေးမြန်းကြသူများမှာ လွန်စွာပင် များလှသည်။ ထိုသို့မေးမြန်းကြရာတွင် အမှန်တကယ် လိုလိုလားလား မေးမြန်းသူများသည် လူဦးရေ တစ်ရာတွင် ရှစ်ဆယ့်ငါးယောက်ခန့်ရှိသည်။ ကျန်တစ်ဆယ့်ငါးယောက်ခန့်သည် ဆယ်ကျော်သက်အရွယ်များဖြစ်၍ အချစ်ရေးကို စိတ်ဝင်စားသူလူငယ်များ ဖြစ်နေတတ်သည်။

ရန်ကုန်မြို့တွင်မွေး၊ ရန်ကုန်မြို့၏ မြို့လယ်ကောင်တွင် ကျောင်းတက်၊ ရန်ကုန်မြို့လယ်၌ပင် ကိုယ်ပိုင်အလုပ်ကို လုပ်သော စာရေးသူသည် ဝါသနာအရ မြန်မာနိုင်ငံတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တည်ရှိသော ဆက်သွယ်ရေးဌာနတစ်ခု၏ ဗေဒင်အမေးကဏ္ဍတွင် ဖြေကြားနေစဉ်ကာလ၌ မိမိဘဝပတ်ဝန်းကျင်တွင် မကြားဖူးသော ကိစ္စများ၊ အတွေးထဲတွင်ပင် မရှိဖူးသော အကြောင်းအရာများနှာ တွေ့ကြုံရသည့်အတွက် လွန်စွာပင်တုန်လှုပ်မိသည်။ ထိုအခါမျိုးတွင် ဗုဒ္ဓဘာသာကိုးကွယ်သူဖြစ်၍ ကံ၊ကံ၏ အကျိုးပဲဟု မှတ်ထင်ယုံကြည်မိသည်။

မြို့နေလူတန်းစားများသည် အများအားဖြင့် မွေးနေ့၊ မွေးရက်၊ မွေးသည့်အချိန်၊ မွေးသည့်နေရာကို အတိအကျ သိကြသည်။ တချို့ ဗေဒင်မေးသူများသည် မည်သည့်နေ့၊ မည်သည့်အချိန်တွင် မွေးခဲ့မှန်းမသိ၍ မိမိမွေးနေ့ကို တိတိကျကျ မသိရှိကြပေ။ ဗေဒင်ပညာတွင် မွေးနေ့အတိအကျ သိသော်လည်း ဗေဒင်မေးချိန် အခါကိုကြည့်၍ ဟောပြောနိုင်ခြင်းနည်း၊ ဗေဒင်မေးချိန်တွင် ကျရောက်နေသော ဆောဇာကို ကြည့်၍လည်းကောင်း၊ ကံကြမ္မာကို ဖတ်နိုင်သည့် ကံကြမ္မာကတ်ကို ကြည့်၍လည်းကောင်း ဟောနည်းပေါင်း များစွာဖြင့် ဟောနိုင်သည်။ ဗေဒင်ကဏ္ဍတွင် ဟောကြားနေသောသူကို နတ်၊ သိကြားလား ထင်မှတ်မှားလောက်အောင်ပင် ဟောသူ၏ စကားကို လွန်စွာယုံကြည်လွန်းကြသည်။

ပျိုးကြဲမည့်သူသည် လယ်လုပ်ငန်းခွင်အတွက် အလုပ်ချရန် မည်သည့်ရက်တွင် ပျိုးကြဲလျှင် အကျိုးကျေးဇူးများ နိုင်ကြောင်းကို အရင်မေးမြန်းပြီးမှ ပျိုးကြဲကြသည်။ မိမိဒေသ၌ အရောင်းအဝယ် ကောင်းနိုင်သည့် ပစ္စည်းများအတွက် အရောင်းအဝယ် ပြုလုပ်ရန်ကိုလည်း ဗေဒင်မေးကြသည်။ ဗေဒင်ဟောသူက မကောင်းနိုင်ဟု ပြောလျှင် ထိုလုပ်ငန်းကို လုံးဝမလုပ်လိုတော့ပေ။ ယုံကြည်လွန်းအားကြီးလှသည်ဟု ထင်မှတ်မိသည်။ သို့ဖြစ်၍ ဗေဒင်ကဏ္ဍကို ဖြေဆိုပေးနေရသူ စာရေးသူသည် စကားကို လွန်စွာမှ ဂရုတစိုက် ဖြေပေးရလေသည်။

ထိုသို့ များပြားလှသော အကြောင်းအရာတွေထဲမှ အသက်(၂၇)နှစ်အရွယ် လူငယ်တစ်ဦး၏ အကြောင်းအရာတစ်ခုမှာ အံ့ဩမိရသေးသည်။ လူပျောက်ရှာကြရာတွင် များသောအားဖြင့် ကလေးငယ်များ ပျောက်သည့်အတွက် မိခင်၊ ဖခင်မှ ရှာကြရသည်ကို တွေ့ဖူးသည်က များသည်။ ယခုမူ (၂၇)နှစ် အဂ်ါသားသည် သူ၏ မိခင်ကို ပြန်ရှာခိုင်းပြီး ယခုနှစ် တွေ့နိုင်မည်လောဟု မေးသည့် ဖုန်း ဖြစ်သည်။ ရှာသာရှာခိုင်းသည်၊ မိခင်ကို သူ မသိပေ။ ငယ်စဉ်ကာလကပင် ဖခင်ဆုံး၍ ဖခင်၏အစ်ကိုဖြစ်သူထံ မိခင်မှ ပေးခဲ့သည်ဆို၏။ ဘကြီးဖြစ်သူနှင့် နေထိုင်ရင်းပင် စစ်သားစုဆောင်းရေးဌာနသို့ ရောက်ခဲ့သည်။ မိခင်ပေးထားခဲ့သော လိပ်စာမှာ ငယ်စဉ်ကပင် ပြောင်းရွှေ့သွား၍ ရှာမတွေ့ကြောင်း မိခင်ငယ်စဉ်က ရိုက်ထားသော ဓာတ်ပုံတစ်ပုံကိုသာမြင်ဖူး၍ ရှာနေခြင်းဖြစ်ကြောင်း ပြောပြသည်။

မိခင်ဘက်မှကြည့်လျှင် ဘကြီးသည်လည်း မြို့ပြောင်းသွားခြင်းကြောင့် ရှာမတွေ့ခြင်း ဖြစ်နိုင်သည်။ ထိုလူငယ်သည် မိခင်ပျောက်ကို ရှာနေသည်မှာ အလွန်ပင် ကြာလှပြီဖြစ်သည်။ ထိုသို့ တစ်ယောက်နှင့်တစ်ယောက် လိပ်စာ မသိဘဲနှင့် ပျောက်သွားသော မိသားစုများ ရှိကြောင်းလည်း သိခဲ့ရသည်။ အသံလွှင့်ဌာနမှ လူပျောက်ကြော်ငြာကဏ္ဍတွင်လည်း အမြဲမေးမြန်းနေသူ ဖြစ်သည်ဟု သူ့အကြောင်းကို ပြောပြ၍ သိခဲ့ရသည်။

မိဘနှင့်သားသမီး ကွဲကွာပုံ၊ ကွဲကွာနည်း မျိုးစုံရှိကြသည့်အထဲတွင် ပြန်တွေ့နိုင်မည်လားဆိုသည့် မေးခွန်းအတွက် ကံကြမ္မာကတ်ဖြင့်သာ ကြည့်ရှုရတော့သည်။ ကြည့်ရှုခဲ့ချိန်မှာတော့ ကံကြမ္မာအညွှံဘက်ကို လုံးဝ ဦးတည်နေသော ကံကြမ္မာကတ်ကိုတွေ့ရ၍ လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com

မတွေ့နိုင်သေးဟုသာ ဖြေကြားလိုက်ရသည်။

နောက်တစ်ဦး၏ အမေးကား ဗေဒင်ဟောသူကို ဉာဏ်စမ်း၍ မေးသူဟု မြင်မိသည်။ ဗေဒင်မေးသူ အမျိုးသမီးသည် သူ၏ခင်ပွန်း ပျောက်သွားသည်မှာ နှစ်နှစ်ခန့် ရှိပြီဖြစ်၍ ပြန်တွေ့နိုင်မည်လားဟု မေးမြန်းလာသည်။ ရန်ကုန်သို့ အလုပ်သွားလုပ်ပြီး လုံးဝအဆက်အသွယ်မရတော့သည့်အတွက် သမီးလေးနှင့် ကျန်ခဲ့သည်ဟု ဆိုရာတွင် များစွာစိတ်မကောင်းဖြစ်မိသည်။

ရန်ကုန်မြို့သို့လည်း တစ်ခါမှ မရောက်ဖူးကြောင်း၊ သမီးကလည်း တစ်မေးတည်း မေးနေ၍ ပြန်တွေ့နိုင်မည်လားဟု အားကိုးတကြီး မေးမြန်းခြင်း ဖြစ်သည့်အတွက် ဗေဒင်ပညာဖြင့် တွက်ကြည့်ရာတွင် အမျိုးသားသည် နောက်အိမ်ထောင် ထူထောင်ဖို့ အလားအလာ အများဆုံးတွေ့ရသည်။ သို့ဖြစ်၍ ဗေဒင်မေးသူကို အသေအချာ မေးမြန်းရာတွင် သူမ၏ အမျိုးသားသည် ရန်ကုန်တွင် နှစ်နှစ်ခန့် အလုပ်သွားလုပ်ကြောင်း၊ ပြန်လာမည်ဟု အတိအကျ ပြောသည့်နေ့တွင် သူမက ခင်ပွန်းကြိုက်သည့် ဟင်းများကိုချက်ပြီး စောင့်ဆိုင်းနေကြောင်း၊ နောက်ဆုံး ပြန်လာချိန် ကျော်နေသည့်အတွက် အဝေးပြေးဂိတ်တွင် သွားစုံစမ်းကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်ခန့်က ယခုအချိန်ကာလကဲ့သို့ လက်ကိုင်ဖုန်း မများသော ကာလများ ဖြစ်သည့်အတွက် သူလုပ်ခဲ့သော ရုံးခန်းကို ဆက်သွယ်ရာတွင် သူ၏ အထက်လူကြီးက လုပ်ခလစာ ထုတ်ယူ၍ နေရပ်သို့ ပြန်သွားပြီဖြစ်ကြောင်း ပြောသည့် စကားကိုသာ လက်ခံသိရှိရသည်။

အိမ်ကိုလည်း ပြန်ရောက်မလာသည့်အတွက် လွန်စွာမှ စိတ်ပူသဖြင့် လိုက်လံစုံစမ်းသော်လည်း သတင်းမကြားရပေ။ ခရီးသွားကားတွင်လည်း သူမ၏ခင်ပွန်း ပါ၊မပါ လိုက်လံမေးမြန်းခဲ့ကြောင်း၊ ကားယာဉ်လိုင်းမှာလည်း ပုံမှန်ပဲ ပြေးဆွဲ၍ လမ်းတစ်ဝက်တွင် မတော်တဆဖြစ်မှုများလည်း လုံးဝမရှိပေ။ အသိမိတ်ဆွေ သူငယ်ချင်းများနှင့် မြို့ရွာတစ်ခုခုတွင် ဝင်လည်နေသလားဟု တွေးမိ၍ ဆက်ပြီး စောင့်ဆိုင်းနေမိကြောင်း ပြောပြနေရာတွင် သူမ၏ ဖြစ်စဉ်ထဲ၌ ကိုယ်တိုင် ဝင်ရောက်ခံစားကြည့်ပြီးချိန်တွင်ပင် လွန်စွာမှ စိတ်ပင်ပန်းမိသည်။

လွန်ခဲ့သော နှစ်နှစ်ကာလကဖြစ်၍ ဗေဒင်မေးသူ အမျိုးသမီးကို လူပျောက်တိုင်ရမယ့်ပုံ ဖြစ်နေပြီဟု ကျွန်မ ပြောမိသော စကားကို ကာယကံရှင်က တိုင်တာပေ အစ်မရယ်။ ရန်ကုန်တွင် သူမ၏ခင်ပွန်း အလုပ်လုပ်သော ကုမ္ပဏီအနားရှိ ရဲစခန်းတွင် သွားတိုင်ကြောင်း၊ ရဲက ရှာပေးလားဟု မေးမြန်းရာတွင် ရက်ချိန်း ချိန်းသည့် အတွက် ဘုန်းကြီးကျောင်းတွင် ခေတ္တနေထိုင်၍ ခဏ ခဏ သွားခဲ့ကြောင်း ပြောပြသည်။ နောက်တစ်လအကြာ တွင် ထိုအမျိုးသားသည် ရဲစခန်းသို့ ဖုန်းဆက်၍ သူ သက်ရှိထင်ရှားရှိကြောင်း၊ ရန်ကုန်မြို့ တစ်နေရာတွင်ပင် ရှိနေကြောင်း ပြောသည်။

နားထောင်လျက်နှင့် ထူးဆန်းနေသော စာရေးသူ သည် ဗေဒင်မေးသူ အမျိုးသမီးကို ခင်ပွန်းနှင့် တိုက် ရိုက်ပြောလိုက်ရလားဟု ထပ်မေးရာတွင် ရဲနှင့်သူမ အတူ ရှိနေစဉ်တွင် ခင်ပွန်းဖြစ်သူက တစ်နေရာရာမှ လှမ်းဆက် ၍ သူ နေကောင်းကြောင်း၊ ဗေဒင်မေးသူ အမျိုးသမီးထံသို့ ပြန်မလာလိုတော့၍ တစ်နေရာရာတွင်ပင် အခြေချနေမည် ဖြစ်ကြောင်း အပင်ပန်းမခံစေလို၍ ကလေးဖြစ်သူနှင့် ကိုယ့်မြို့ ကိုယ့်ရွာတွင် အလုပ်လုပ်၍ နေပါတော့။ သူကို လည်း မမျှော်ပါနှင့်တော့ဟု ပြောသည်ဟု ဆိုသည်။ နံဘေးတွင်ရှိသော ရဲများက ဘာမှမပြောဖူးလားဟု မေး မိပြန်သည်။ တာဝန်ရှိသောရဲက လင်မယားကိစ္စဖြစ်၍ ကိုယ့်ဘာသာကိုယ် ဖြေရှင်းကြစေလိုကြောင်း လူပျောက် မဖွင့်စေလိုကြောင်း ပြောသည်ဟု ဆိုသည်။

ထိုအဖြစ်အပျက်ကို နားထောင်မိသည့် အချိန်မှာ ထိုအမျိုးသမီးသည် သူမ၏ခင်ပွန်း နောက်အိမ်ထောင် ထူထောင်သွားသည်ကို လုံးဝမပြောပေ။ ခင်ပွန်း သူမဆီ ပြန်လာအောင်သာ လုပ်ပေးရန်သာ တောင်းဆိုနေသော သည်။ ရဲစခန်းတွင် နောက်ဆုံးဖြစ်သည့်ကိစ္စနှင့် နှစ်နှစ် ကြာသည်အထိပြောရလျှင် ယခုအချိန်အထိ လုံးဝအဆက် အသွယ်မလုပ်တော့ဟု သိရသည်။ သူမအနေဖြင့်လည်း လူခေါ်ဓာတ်ရိုက်ဓာတ်ဆင်မျိုးစုံကို ငွေကုန်ကြေးကျများ စွာဖြင့် အနယ်နယ်အရပ်ရပ်ကို သွားရောက်မေးမြန်းခဲ့ ကြောင်း စီးပွားရေးမှာတော့ အလယ်အလတ်အဆင့်ဖြင့် သမီးဖြစ်သူနှင့် အတူတကွနေထိုင်ကြောင်း၊ ယောက်ျား ဖြစ်သူကိုသာ ပြန်ခေါ်ပေးစေလိုကြောင်း ပြောသူအမျိုး သမီးကိုလည်း လွန်စွာသနားမိသည်။ ထိုယောက်ျားကို



www.burmeseclassic.com

www.burmeseclassic.com

လည်း ထိုအမျိုးသမီးဆီသို့ပြန်လာအောင် လုပ်ပေးချင်နေမိသည်။ သို့သော် မိမိသည်လည်း အစွမ်းထက်သော တန်ခိုးရှင်လည်း မဟုတ်ပေ။ သနားစိတ်ဖြစ်မိသည်။

အချိန်တိုင်ကို ကြည့်ရာတွင်လည်း ဘောမအခါတိုင်တွင် ပြောသူ အမျိုးသမီး တနင်္လာသည် အမြစ်တွင်ရှိနေ၍ အခါတိုင်အရ မိမိပေးနိုင်သော ယတြာသည် စွမ်းမည်မဟုတ်ဟု သိလိုက်ရသည်။ ထို့အတူ ကံကြမ္မာကတ်ကို ဆွဲထုတ်၍ ပြန်များလာနိုင်သလားဟုကြည့်၍ နိမိတ်ကောက်လျှင် ထိုအမျိုးသား အမျိုးသမီး၏ ဘဝထဲသို့ လက်ရှိအချိန်တွင် ပြန်မလာနိုင်ပေ။ အမြဲပြန်မလာနိုင်တော့ဘူးလားဟု သိလို၍ ကံကြမ္မာကတ်ကို ထပ်ယူကြည့်ရာတွင် ရေရာသေချာသော အဖြေမျိုးကို မရပေ။

လူ့လောကနှင့် ယှဉ်ကြည့်လျှင်လည်း သမီးတစ်ယောက်ရှိနေ၍ တစ်ချိန်ချိန် ပြန်လာလိမ့်မည်ဟု ထင်နိုင်သော်လည်း ဘဝတွင် တာဝန်မကျေသော ဖခင်အဖြစ် ထိုကလေး၏ ဘဝတွင် ရှိနေပေမည်။ တခြားတစ်ဖက်တွင် ထူထောင်ထားသော အိမ်ထောင်တွင် သားသမီးများရှ၍ အေးအေးဆေးဆေး နေနိုင်မည်လား၊ (သို့မဟုတ်) ခြိုနှန်ဖူးသော နွားသည် နောက်ထပ်ခုန်ရန် ဝန်မလေးတတ်သကဲ့သို့ ရှိနေမည်လား သေချာမပြောတတ်ပေ။

ဗေဒင်သဘောအရ မွေးနေ့၊ မွေးရက်သိသူ တစ်ယောက်အတွက် ထိုသူ၏ စရိုက်သဘာဝ စိတ်နေစိတ်ထားတို့ကို ခန့်မှန်းရ လွယ်ကူ တတ်သည်။ ထို့အတူ ပစ္စည်းပျောက်၊ လူပျောက်၊ တိရစ္ဆာန်ပျောက်များ ရှိခဲ့လျှင် (၂၄)နာရီ မပြည့်ခဲ့သေးလျှင် အိမ်၏ ဘုရားတွင် အလင်းတိုင်ထွန်း၊ သစ္စာဆို၍ ဆုတောင်းလျှင် ပြန်ရတတ်ကြောင်း မေတ္တာထား၍ ရေးသားလိုက်ရပါသည်။

၀
၄
၁
―
၃
―
၆
၂ အမြစ်
၅

(၇)နေ့သားသမီးများ ကျက်သရေတိုး၍ ရောဂါကင်းရှင်းကြပါစေ။

မေတ္တာဖြင့်
စောယုနန္ဒာ(မေ့ရင်ခွင်)

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"



စန်းသော်တာ
အမှတ်တံဆိပ်
ကွမ်းရွက်ဆီလိမ်းဆေး (အအေး)



- အကိုက်အခဲပျောက်လိမ်းဆေး။
- ရင်လူးဆေး။
- အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျီးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဇက်လေး၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း၊ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မဘောဘိ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၈၂
ဆိုင်ခွဲ- စန်းသော်တာဆေးတိုက်၊ R-1 (102) ယုန်းလှိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ ဝပ်ချောင်းမြို့နယ်၊ ဖုန်း-၇၄၀၀၆၆

www.burmeseclassic.com

# လူ့စရိုက်သိ အိပ်နေမှုကိုကြည့်

## စိုးယဉ်ထွန်း

လူချင်း ပေါင်းသင်းဆက်ဆံရာတွင် ဆက်နွှယ်ပတ်သက်မှု အကြောင်းတရား ပါသလို ပေါင်းသင်းဆက်ဆံရမည့်သူ၏ အမူအကျင့်စရိုက် သဘောထားသည်လည်း အရေးကြီးသည်။ လူကဲခတ်ခြင်း၊ အရိပ်အကဲနားလည်ခြင်းသည် ဆက်ဆံမှုတွင် အဆင်ပြေစေရန် အထောက်အကူပြု တိုးတက်သောခေတ်နှင့် လျော်ညီစွာ ပြောရပါလျှင် တစ်ဖက်သား၏ မျက်နှာပြင်ကို ဖတ်တတ်ခြင်း၊ ရင်ဘတ်ကို ဖောက်ထွင်းမြင်ခြင်းသည် အလွန်မှ လိုအပ်သော အကြောင်းတစ်ခုပင်ဖြစ်သည်။ မိမိနှင့် ခင်မင်စွာပေါင်းသင်းနေသောသူသည် အိပ်တတ်မှု၊ အိပ်ခြင်းကိုပဲ ကြည့်ရအောင် အဲဒီမှာပင်။

(၁) ထိုသူဟာ လောဘစရိုက် လွန်ကဲသူလား၊

(၂) ဒေါသအမျက်စရိုက် ပိုလွန်သူလား၊

(၃) မောဟစရိုက် များလွန်းသူလား ဆိုတာကို ခွဲခြားတတ်ဖို့ လိုပါတယ်။ အဲဒါဟာ ရှေးလူကြီးများရဲ့ အကဲခတ်တတ်မှု ပညာပါပဲ။

မိမိနှင့် လုပ်ဖော်ကိုင်ဖက်၊ အထက်လူကြီး၊ ဆက်နွှယ်သောပုဂ္ဂိုလ်၊ ရွယ်တူအပေါင်းအသင်း၊ အိမ်ထောင်ဖက်ရွေးမည့်သူတွေရဲ့ အိပ်တတ်တဲ့ အနေအထားကို ကြည့်ရှုလေ့လာ မှတ်သားပြီး-

(၁) ထိုသူကို ဘယ်လိုဆက်ဆံရမည်၊

(၂) ဘယ်လိုရှောင်တိမ်း ဆက်ဆံရမည်၊

(၃) နှစ်နှစ်ကာကာ ဆက်ဆံမှုပြုသင့်၊မသင့် ဆိုသည်များကို သိထားရန် လိုအပ်သလို သိထား၍ ပေါင်းသင်းဆက်ဆံရလျှင် ပို၍အဆင်ပြေမှုဖြစ်သည်။

လူတစ်ယောက်၏ အိပ်ခြင်း-

(၁) ပက်လက် အိပ်တတ်သူ၊

(၂) မှောက်လျက် အိပ်တတ်သူ၊

(၃) ဘယ်ဘက်စောင်း၍ အိပ်တတ်သူ၊





www.burmeseclassic.com

www.burmeseclassic.com

(၄) ညာဘက်စောင်း၍ အိပ်တတ်သူဟု (၄)မျိုးရှိသည်။

ဖားနေဝတ်၍ အိပ်တတ်သူက ရှားသည်။ ထိုသူသည် ဝဠ်နာကံနာ၊ ရောဂါဝေဒနာ ခံစားရ၍ အိပ်တတ်သူဖြစ်သည်။ ထိုင်လျက် အိပ်သူသည်လည်း ကျန်းမာရေးကြောင့်ဖြစ်သည်။ အိပ်ခြင်းတွင် ပက်လက်၊ မှောက်လျက်၊ ဘယ်စောင်း၊ ညာစောင်း အိပ်နည်းမျိုးသာ ရှိသည်။

## (၁) ပက်လက်အိပ်တတ်သူ

ပက်လက်အိပ်မှ အိပ်ပျော်သူ၊ ထိုသူတို့သည် ပြိတ္တာဘုံက လာသူ၊ သူ့တွင် လောဘစရိုက်လွန်ကဲမှုရှိပြီး အစားခံမင်မက်သူဖြစ်ခြင်းကြောင့် စားချင်သော အစားအစာကို ရှာ ကြိုက်နှစ်သက်သော အစားအစာကို ဝဝလင်လင် စိတ်ကြိုက်စားသောက်ရမှ စိတ်ကြည်လင်ရွှင်လန်း၍ ပြောဆိုပေါင်းသင်းမှုပြုရသည်မှ အဆင်ပြေသည်။ လောဘစရိုက် လွန်ကဲမှုအတွက် အပြောချိုပြီး အတွင်းစိတ်က မိမိရရှိရေးကိုပဲတွက်၍ လိမ်လည်လှည့်ဖြား ပြောဆိုပြီး လုတ်ကပ်ယူတတ်သူ တစ်ယောက်ဖြစ်သည်ကို သိထားသင့်သည်။

စီဇာကြောင်း၍ နေရာမရွေး၊ အကြောင်းမရွေး ပြောဆိုတတ်ပြီး သူတို့ကိုယ်သူတို့ ပွင့်လင်းသည်၊ ဟောဟောဒိုင်းဒိုင်း ပြောတတ်ဆိုတတ်သည်ဟုလည်း ဂုဏ်ယူပြောတတ်သည်။ ဒါက ပြင်ပပေါင်းအသိမိတ်ဆွေတို့၏ စရိုက်အမူအကျင့်ဖြစ်သည်။ သတိထားရန်တော့ လိုအပ်သည်။

ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်း ပြောတတ်သည်၊ ကိုယ့်ဆွေမျိုးပဲ ကိုယ်ကြည့်တတ်သူ၊ အပုန်းအလျှိုထားဘူးဟူ၍ အပြောကောင်းကောင်းနှင့် ပြောတတ်သော အိမ်ရှင်မမျိုး ဖြစ်တတ်သည်။ လင်ယောကျ်ား၏ အသွယ်ရာတွင် အစားအသောက်ကို စားတတ်ပြီး လင်ယောကျ်ားနှင့် အတူစားလျှင် လက်တွန့်၍ လင်ယောကျ်ားကို ဦးစားပေးဟန် ပြတတ်သည်။ ထို့ကြောင့် ပက်လက်အိပ်တတ်သော အသိမိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်များနှင့် အိမ်သူဇနီးမယားတို့ကိုပါ သတိထားသင့်သည်။

## (၂) မှောက်လျက် အိပ်တတ်သူ

မှောက်လျက်အိပ်ရမှ အိပ်ပျော်သူ(တချို့တွင် မှောက်လျက်အိပ်ပြီး ခြေထောက်ထောင်တတ်သည်) ထိုသူသည် တိရစ္ဆာန်ဘုံဘဝမှ လာသူ၊ ဒေါသစရိုက်လွန်ကဲသူ ဖြစ်၏။

ထိုသူသည် အပြောအဆိုတွင် မာရေကျောရေရှိပြီး ခေါင်းမာတတ်သည်။ အယုံအကြည်ကင်းမဲ့သူ။ ထိုသူများနှင့် ဆက်ဆံရာတွင် ဖြစ်မှုအမှန်ကိုပြောလျှင် သိုင်းဝိုင်းချဲ့ထွင်ပြောမှ လက်ခံကတတ်ခြင်း၊ သူကိုယ်တိုင် သိရှိနေလျှင်လည်း လျှို့ဝှက်တတ်သည်။ စကားကို သူတို့ဘက်မှ အကုန်မပြောဘဲ ချန်ထားတတ်သည်။

အလုပ်လုပ်ရာတွင် ထိုအလုပ်ပြီးမှ အနားယူတတ်သည်။ အမြှောက်အပင့် ကြိုက်သလို အချော့လည်းကြိုက်သည်။ သူ့ထံမှ ငွေကြေးပစ္စည်းဥစ္စာရရန် သိပ်မမျှော်လင့်နှင့်။ ငွေကြေးကို လွန်မင်းစွာ ကိုးကွယ်တတ်သူတို့ ဖြစ်သည်။ စည်းမျဉ်းစည်းဘောင်နှင့် မနေတတ်သလို လွတ်လပ်မှု နှစ်သက်ပြီး အပူအပင်သောက မထားတတ်သူများဖြစ်ပြီး ပြဿနာတစ်ခုကို ဖြစ်မှ ပြူးပြူးပျာပျာ ဖြစ်တတ်သည်။ အခက်အခဲကြုံခြင်း၊ ဒုက္ခသုက္ခရောက်ခြင်း၊ သောကဖြစ်မှုတို့ ကြုံတွေ့လျှင် မျှဝေခံစားခြင်း၊ ကူညီရိုင်းပင်းခြင်းမျိုး မရှိပေမယ့် အေးချမ်းသာယာလျှင် ပျော်ရွှင်တတ်သည်။ မည်သူတစ်ဦးတစ်ယောက်၏ အခက်အခဲကိုမှ ကူညီဖြေရှင်းပေးခြင်း၊ တန်းတူခံစားပေးခြင်း မရှိဘဲ ပုန်းရှောင်ဖယ်ခွာတတ်သဖြင့် ထိုသူမျိုးကို မိတ်ဆွေ အပေါင်းအသင်းဖြစ်လျှင် အထူးသတိထား၍ ပေါင်းသင်းသင့်သည်။

ဇနီးမယားသည် ထိုကဲ့သို့ မှောက်အိပ်တတ်သူဖြစ်လျှင် သတိထားပါ၊ ပြုပြင်ပါ။ စိတ်လွတ်ကိုယ်လွတ် မယုံကြည်ပါနှင့်။

## (၃) ဘယ်ဘက်စောင်း၍ အိပ်တတ်သူ

ဘယ်ဘက်ကို စောင်းအိပ်ရမှ အိပ်တတ်သူ။ ထိုသူများသည် ကိလေသာဘုံမှ လာသူများဖြစ်ပြီး မောဟစရိုက်ရှိသူ၊ ရာဂစရိုက်ရှိသူ ဖြစ်သည်။

မျက်နှာကို အမြဲပင် မှုန်မှုန်ကုပ်ကုပ် ထားတတ်ခြင်း၊ စကားပြောလျှင် ရှင်းလင်းပြတ်သားစွာ မပြောဘဲ ဗလုံးဗထွေး ပြောတတ်ပြီး သူတစ်ပါးအကြောင်းကို အလွန်မှ စပ်စုတတ်ပြီး ကပိုကရို ဖိုသီဖတ်သီ နေတတ်ထိုင်တတ်သည်။

အသက်အရွယ် ငယ်စဉ်ကပင် ဖို,မကိစ္စများ အလွန်အမင်းစိတ်ဝင်စားပြီး သူများအပြောကိုလည်း စိတ်ဝင်စားနားထောင်တတ်သည်။ ဖြစ်ပျက်မှုမျိုးကို ယုံကြည်လျှင်လည်း သာယာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆန့်ကျင်ဘက်လိင်ကို ခင်မင်နှစ်သက်ခြင်း၊ အမြဲပင် အတွေးနှင့် သာယာကြည်နူးနေတတ်သည်။ ကြီးကဲသူ၊ အထက်အရာရှိ၊ ဆရာသမားဖြစ်လျှင်လည်း ဆန့်ကျင် ဘက် တပည့်လက်အောက်သမားကို စိတ်နှင့် အမြဲပင် ဖောက်ပြန်နေတတ်သည်။

အလုပ်ကို ပေါ့ပေါ့ဆဆ လုပ်တတ်ပြီး အစတွင် ကောင်းမလိုလိုနှင့် အစပျိုးတတ်သည်။ အဆုံးသတ်တွင် ဘေးချော်ငေါ့တတ်သည်။ အလုပ်ကို ပထမအလုပ် မပြီး ခင် နောက်တစ်ခု လှမ်းတတ်သည်။ စကားအမှန်အတည် အတဲ့မပြောဘဲ ရှေ့နှင့်နောက် စကားမညီတတ်ပေ။ ထိုသူ မျိုးသည် သူတစ်ပါးအား ကူညီရိုင်းပင်းတတ်သည်။ အား နာမှုလွန်ကဲတတ်သူများလည်းဖြစ်ပြီး သနားလွယ်ခြင်း၊ ပစ္စည်းဥစ္စာတို့ကို နှမြောတွန့်တိုမှုမရှိ အညာလွယ်သည် ဟု ပြောနိုင်သူများဖြစ်သည်။ ရှေ့ရေးနောက်ရေးကို စဉ်း စားတွေးခေါ်မှုနည်းပါးသည်။ (ထိုသူများနှင့် ပေါင်းသင်း အသိမိတ်ဆွေဖြစ်လျှင် တစ်ဖက်တွင် မျက်နှာပျက် အရှက် ရတတ်သည်။) ထိုသူမျိုးကို ဆရာအတင် မမှားရန် သတိ ထားရမည်။

စစ်မှန်သော မိတ်ဆွေစစ်လည်း ဖြစ်ရန်မလွယ်။ ထို သည့်မှ မိန်းကလေးဖြစ်လျှင် အိမ်သူဇနီးမယားအဖြစ် မပြု အပ်ပါ။

## (၄) ညာဘက်ကိုစောင်းပြီး အိပ်တတ်သူ

ညာဘက်ကိုစောင်း၍ အိပ်တတ်သူသည် သူတော် ကောင်းဘဝမှ လာသူဖြစ်သည်။ ကောင်းသောဘုံဘဝမှ လာသူဟု ဆိုပါသည်။ မေတ္တာထားရှိမှု လွန်ကဲသည်။



ဘာသာတရားကို လေးစားလိုက်နာပြီး ဘိုးဘွားမိဘ၊ ဆရာသမားများကို ရိုသေသိတတ်ပြီး အပေါင်းအသင်း မိတ်ဆွေ၊ အောက်လက်ငယ်သားကို သနားငဲ့ညှာတတ်သူ ဖြစ်သည်။

အမျိုးသမီးဆိုပါလျှင် သားကိုသခင် လင်ကိုဘုရား ကဲ့သို့ သဘောထားရှိမည်။ ဆင်းရဲမှုဒဏ်ကိုလည်း လင် သားမိသားစုနှင့် မျှဝေခံစားပြီး ချမ်းသာမှုစည်းစိမ်ကို လည်း တန်းတူခံစား၍ သစ္စာ၊ ကတိ မြဲမြံစွာဖြင့် ဆက်ဆံ နေထိုင်ပြီး-

၁။ မျက်နှာပြင်က အမြဲကြည်လင်နေခြင်း၊

၂။ ဖြူစင်ဝင်းပနေခြင်း၊

၃။ အေးချမ်းသောအသွင်ကို ဆောင်ခြင်းဟူသော အသွင် အပြင်ပုံပန်းရှိခြင်း၊ မှုတသောစိတ်ဓာတ်နှင့် တရားသော အမူ၊ အပြောအဆို လုပ်ဆောင်မှုကို သက်ဆုံးတိုင် ပြုလုပ် သူ။ ထိုသူမျိုးများသည် ဆင်းရဲသော်လည်း ပြုံ့ခြင်းမရှိ၊ ချမ်းသာလျှင်လည်း မထောင်လွှား၊ စိတ်ရင်း မခြားဘဲ သာယာချောင်စွာ ပြောဆိုဆက်ဆံတတ်သူဖြစ်ခြင်း၊ ပတ် ဝန်းကျင်နှင့် အမြဲသင့်မြတ်၍ ထိုသူမျိုးကို -

၁။ ဆရာတင်ထိုက်သည်။

၂။ မိတ်ဆွေအပေါင်းအသင်းအဖြစ် ပေါင်းထိုက်သည်။

၃။ ကြီးကဲသူဖြစ်လျှင် မိဘသဖွယ် ဆည်းကပ်သင့် သည်။

၄။ အမျိုးသမီးဖြစ်လျှင် အိမ်သူသက်ထား ကြင်သူဇနီး မယားပြုသင့်သည်။

ထို့ကြောင့် လူတစ်ဦးတစ်ယောက်၏ အိပ်ခြင်း၊ နေ ခြင်းသည် အရေးပါ၍ လေ့လာမှတ်သားထိုက်သည်တို့ လောကီဓမ္မသတ်ကျမ်းတွင် ဖတ်မှတ်မိသည်ကို အမှတ် တရအဖြစ် မှတ်မိသည်တို့ကို ရေးဖွဲ့ပါသည်။

သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားနှင့် ရဟန္တာ၊ အရိယာပုဂ္ဂိုလ်များသည် ညာဘက်ကိုသာ စောင်း လျက်လျောင်းတော်မူ၊ ကိန်းစက်သည်ဟုလည်း မှတ်သား မိပါသည်။

အိပ်စားနေမှု အကျိုးပြု၍ ကောင်းကျိုးကိုယ်၌ တည် ကြပါစေ။

စိုးသဉ္ဇာထွန်း



www.burmeseclassic.com

www.burmeseclassic.com

# အရောင်များကပြောသော စိတ်နေစရိုက်

သာထက်ဇော်(မကွေး)

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟိဒ္ဓိဗေဒင်ဟောခန်းသို့ အထက်မင်းလှမြို့နယ်အတွင်းရှိ မလွန်ကျေးရွာဘက်မှ အမျိုးသမီးငယ်လေး ဆယ်ယောက် ရောက်ရှိလာလေသည်။ သူမတို့သည် ဆယ်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသဖြင့် တက္ကသိုလ်သို့ ဆက်တက်ရန် စောင့်ဆိုင်းနေကြသူများဟု သိရှိရသည်။

ကျွန်တော်သည် ဗေဒင်စာမေးပွဲရှေ့ ရောက်လာသော သူမတို့ကို တစ်ချက်ဝေ့ကြည့်လိုက်ရင်း-

'ကဲ··ဘယ်သမီး အရင်ဆုံး မေးမှာလဲပြော။ ဆယ်ယောက်လုံးကတော့ ကာလာအစုံနဲ့ ချီတက်လာကြတယ်ပေါ့။ ဟုတ်တယ်နော်'ဟု မိတ်ဆက်စကားဆိုပြီး မေးလိုက်၏။

ထိုအခါ အဖြူရောင် ဝတ်ဆင်ထားသည့် သမီးငယ်လေးက-

'အဟင်း··ဟင်း··သမီး အရင်မေးမယ် ဆရာ'ဟု ရယ်သွမ်းသွေး၍ ပြောလာသည်။

ထို့ကြောင့် ကျွန်တော်သည် ၄င်းသမီးငယ် သိလိုသမျှကို ဟောပြောပေးခဲ့၏။

ထို့နောက် အနက်ရောင် ဝတ်ဆင်ထားသော သမီးငယ်လေး၊ ထို့နောက် အပြာရောင် သမီးငယ်လေး၊ ထို့နောက် အနီရောင် သမီးငယ်လေး စသည်··စသည်ဖြင့် အသီးသီး ဟောပြောပေးခဲ့လေသည်။

အားလုံးကို ဟောပြောပြီးသောအခါ ထိုအထဲတွင် အွက်လက်ချက်ချာမှု အရှိဆုံး နီလာထက်က မေးလာသည်။

'ဟို··ဟိုလေ သမီးတို့အချင်းချင်း အငြင်းပွားနေကြလို့ ဆရာ။ အဲဒါ ဆရာ့ကိုပဲ တိုင်တည်မေးရတာမှာပဲ'

'ဟုတ်ပါပြီ သမီးရယ်၊ ဆိုစမ်းပါဦး'

'ဒီလိုပါ ဆရာ၊ သမီးက ပြောတယ်ပေါ့။ လူတစ်ယောက်ချင်းစီမှာ ကိုယ်နှစ်သက်သဘောကျတဲ့ အရောင်ဆိုတာ ရှိကြတယ်လို့။ နောက်ပြီး အဲဒီအရောင်တွေကို ဝတ်ဆင်အသုံးပြုတဲ့သူတွေရဲ့ စိတ်နေစရိုက် ဆိုတာမျိုးလည်း ဗေဒင်ပညာရပ်မှာ ဟောကိန်းရှိတယ်လို့။ ဒါကို သူတို့တစ်တွေက သိပ်ပြီးလက်မခံချင်ကြဘူးဆရာ။ သူတို့အမြင်က သက်ရှိလူသားတစ်ယောက်ကို သက်မဲ့အရောင်အဆင်းတွေက ခြယ်လှယ်စိုးမိုးနိုင်စွမ်း မရှိဘူးတဲ့။ နောက်ပြီး အဲဒီ ကိုယ်နှစ်ခြိုက်မက်မောလို့ ဝတ်ဆင်အသုံးပြုနေတဲ့ အရောင်အဆင်းတွေနဲ့ လူသားတွေရဲ့ စိတ်သဘောထားဟာ ကွဲပြားခြားနားမှု ရှိတယ်လို့ ဆိုကြပြန်တယ်။ ဆရာ့အနေနဲ့ ဘယ်လိုယူဆပါလဲ သိချင်ပါတယ်ရှင်'

'ဒါဆိုရင် ဆရာကလည်း သမီးကို ပြန်မေးပါရစေ။ သမီးရဲ့ သဘောထားကရော ဘယ်လိုရှိလဲ'

'သမီးသဘောကတော့ ရှင်းတယ် ဆရာ။ နိုင်ငံတကာရဲ့ အလံအသီးသီးမှာပဲကြည့်၊ သူ့အရောင်နဲ့သူ အဓိပ္ပာယ်ဆိုတာ ရှိတယ်လေ။ ဒီလိုပဲ အရောင်အားလုံးရဲ့ ကောင်းခြင်း၊ ဆိုးခြင်း သက်ရောက်မှုတိုင်းကိုလည်း လူသားတွေက ခံစားကြရတာပဲ မဟုတ်လား ဆရာ'

'ကဲ··ဟုတ်ပြီ၊ ဒါဆိုရင် ဟောဒီမှာ ဆရာ ကွန်ပျူတာ အသင့်စီထားတဲ့ အရောင်အလိုက် ဟောကိန်းတွေကို လေ့လာကြည့်လိုက်ကြပါဦး'

## အဖြူရောင်ကြိုက်သူများစရိုက်

သစ္စာရှိသူ၊ နူးညံ့သိမ်မွေ့သူ၊ စိတ်သဘောထားကောင်းမွန်သူ၊ စိတ်ထားမြင့်မြတ်သူ၊ ကိုယ်ကျင့်တရားကောင်းမွန်သူ၊ စည်းကမ်းကောင်းမွန်သူ၊ အလုပ်တိုင်းကို စည်းစနစ်တကျ လုပ်ကိုင်တတ်သူ၊ သန့်သန့်ရှင်းရှင်း နေထိုင်တတ်သူ၊ အရာရာကို အကောင်းဘက်ကနေ ရှုမြင်သုံးသပ်တတ်သူ၊ တရားမျှတမှုနှင့် အမှန်တရားကို တန်ဖိုးထားတတ်သူ၊ ငြိမ်းချမ်းရေးကို မြတ်နိုးတတ်သူ၊ တစ်

www.burmeseclassic.com

ကိုယ်တည်း သီးသီးသန့်သန့် နေလေ့ရှိသော်လည်း အများနဲ့ အဆင်ပြေပြေ နေတတ်သူ ဖြစ်ပါတယ်။

**<u>အနက်ရောင်ကြိုက်သူများစရိုက်</u>**

ရင့်ကျက်တည်ငြိမ်သူ၊ အတွေးအခေါ် အယူအဆကောင်းသူ၊ ဉာဏ်ပညာကြီးမားသူ၊ အတတ်ပညာများကို တစ်ဖက်ကမ်းခပ် တတ်မြောက်လေ့ရှိသူ၊ အတတ်ပညာများကို သိလွယ်တတ်လွယ်သူ၊ ဆန့်ကျင်ဘက်လိင်များကို ဆွဲဆောင်နိုင်သူ၊ လိင်အပျော်အပါးမက်မောသူ၊ တစ်ခါတလေ ရက်စက်ကြမ်းကြုတ်တတ်သူ၊ အတွေးအခေါ် အယူအဆ အစွန်းရောက်တတ်သူ၊ စကားကို ထိရောက်အောင် ပြောတတ်သူ၊ တစ်ခါတလေ စကားပြော ကြမ်းတမ်းသလို ဖြစ်သွားတတ်လေ့ရှိသူ၊ အလုပ်များကို လျှို့ဝှက်ပိရိစွာ လုပ်ကိုင်တတ်သူ ဖြစ်ပါတယ်။

**<u>အပြာရောင်ကြိုက်သူများစရိုက်</u>**

ကြင်နာသနားစိတ်ရှိသူ၊ ကြည်ဖြူသဒ္ဓါစိတ်ရှိသူ၊ ခွင့်လွှတ်သည်းခံစိတ်ရှိသူ၊ ငြိမ်းချမ်းရေးကို မြတ်နိုးသူ၊ ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်း နေလိုသူ၊ စိတ်ထားကြည်လင်သူ၊ စိတ်ခံစားမှုများကို ထိန်းချုပ်နိုင်သူ၊ လူသတ္တဝါများနှင့် လိုက်လျောညီထွေစွာ နေထိုင်တတ်သူ၊ အမှန်တရားနှင့် တရားမျှတမှုကို ချစ်မြတ်နိုးသူ၊ မေတ္တာတရား ကြီးမားသူ၊ အချစ်ကြီးသူ၊ လူအများကို ကူညီရိုင်းပင်းတတ်သူ၊ ပရဟိတစိတ်ရှိသူ ဖြစ်ပါတယ်။

**<u>အနီရောင်ကြိုက်သူများစရိုက်</u>**

ရဲရင့်ထက်မြက်သူ၊ ကိုယ်ရော စိတ်ရော သွက်လက်ဖျတ်လတ်သူ၊ သတ္တိရှိသူ၊ အနိုင်ရလိုစိတ် ပြင်းထန်သူ၊ ယှဉ်ပြိုင်တိုက်ခိုက်ရခြင်းကို နှစ်ခြိုက်သူ၊ တစ်ခါတလေ တစ်ကိုယ်ကောင်းဆန်တတ်သူ၊ ခြေမြန်လက်မြန်ရှိသူ၊ စိတ်ဆိုးလွယ်သူ၊ စိတ်ပြေလွယ်သူ၊ စကားအပြောအဆို ပြတ်သားသူ၊ စွန့်လွှတ်အနစ်နာခံတတ်သော အာဇာနည်စိတ်ဓာတ်ရှိသူ၊ အကောင်းကြိုက်တတ်သူ၊ သာမန်လူများထက် ပိုပြီးထက်ထက်မြက်မြက်ရှိသူ၊ ဘယ်အလုပ်ကိုမဆို တက်တက်ကြွကြွ လုပ်ကိုင်တတ်လေ့ရှိသူ၊ သွေးဆူလွယ် ဒေါသထွက် လွယ်သူ၊ ငြိမ်ငြိမ်မနေတတ်သူ၊ သည်းခံစိတ်နည်းသူ ဖြစ်ပါတယ်။

**<u>အစိမ်းရောင်ကြိုက်သူများစရိုက်</u>**

ကြည်လင်အေးချမ်းစွာ နေတတ်သူ၊ အမြဲတမ်း နုပျိုလန်းဆန်းနေသူ၊ သွက်လက်ပေါ့ပါး ဖျတ်လတ်သူ၊ ကရုဏာတရား ကြီးမားသူ၊ ကျန်းမာရေးကို အထူးဂရုစိုက်နေထိုင်တတ်သူ၊ လောကကြီးကို အကောင်းမြင်တတ်သူ၊ ကိုယ်ချင်းစာစိတ်ရှိသူ၊ ငြိမ်းချမ်းမှုကို မြတ်နိုးသူ၊ ဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းသွားလိုသူ၊ သဘာဝတောတောင်ရေမြေများကို နှစ်ခြိုက်တန်ဖိုးထားတတ်သူ၊ လူသတ္တဝါပတ်ဝန်းကျင်ကို အကျိုးပြုသူ၊ ငွေရှာကောင်းသူ၊ ငွေနဲ့လက်နဲ့ မပြတ်သူ ဖြစ်ပါတယ်။

**<u>အဝါရောင်ကြိုက်သူများစရိုက်</u>**

ဘာသာတရားကို ကိုင်းရှိုင်းရှိသေတတ်သူ၊ ကြီးပွားတိုးတက်လိုစိတ် အမြဲရှိသူ၊ စိတ်ကူးဉာဏ် အင်မတန်ကောင်းမွန်သူ၊ အလုပ်တိုင်းကို လက်တွေ့ဆန်စွာ လုပ်ကိုင်တတ်သူ၊ အနုပညာဓာတ်ခံရှိသူ၊ တီထွင်ဖန်တီးတတ်သူ၊ အတွေးသစ် အမြင်သစ်ရှိသူ၊ ပတ်ဝန်းကျင်နှင့် အဆင်ပြေအောင်နေတတ်သူ၊ လူအများကို မိမိဘက် ပါလာအောင် စည်းရုံးနိုင်သူ၊ ဆွဲဆောင်မှုအားကောင်းသူ၊ အများကို ကူညီတတ်သူ၊ စိတ်အပြောင်းအလဲမြန်ဆန်သူ၊ ပရိယာယ်ကြွယ်ဝသူ၊ မခံချင်စိတ်ကြီးမားသူ ဖြစ်ပါတယ်။

**<u>ပန်းရောင်ကြိုက်သူများစရိုက်</u>**

အချစ်စိတ်ပြင်းထန်သူ၊ မေတ္တာတရားကြီးမားသူ၊ သံယောဇဉ်တွယ်တာတတ်သူ၊ နှလုံးသားခံစားမှုများကို ဦးစားပေးတတ်သူ၊ ဆန့်ကျင်ဘက်လိင်ကို ဆွဲဆောင်နိုင်သူ၊ အချစ်ကို တန်ဖိုးထားသူ၊ အနုပညာဓာတ်ခံရှိသူ၊ အလှအပကိုမြတ်နိုးသူ၊ လှလှပပ ပြင်ဆင်နေထိုင်တတ်သူ၊ စိတ်နှလုံးနူးညံ့သိမ်မွေ့သူ၊ ဖွဲ၊ လုံ့လ၊ ဝီရိယကြီးမားသူ၊ သွက်လက်ပေါ့ပါးစွာ နေထိုင်တတ်သူ ဖြစ်ပါတယ်။

**<u>လိမ္မော်ရောင်ကြိုက်သူများစရိုက်</u>**

အမြဲတမ်း တက်ကြွဖျတ်လတ်နေသူ၊ အပျော်အပါးဝါသနာပါသူ၊ ထင်ပေါ်ကျော်ကြားမှုကို လိုလားသူ၊ စကားပြောကောင်းသူ၊ မာန်မာနကြီးသူ၊ ရည်မှန်းချက်ကြီးသူ၊ ဆန့်ကျင်ဘက်လိင်များကို ဆွဲဆောင်နိုင်သူ၊ တစ်ခါတလေ တစ်ကိုယ်ကောင်းဆန်တတ်သူ၊ မိမိကိုယ်ကိုမိမိ ယုံကြည်မှု အပြည့်အဝရှိသူ၊ တစ်ခါတလေ ပေါ့ပေါ့ဆဆ လုပ်တတ်သူ၊ တောက်ပတဲ့ အဝတ်အစားများကို ဝတ်ဆင်လေ့ရှိသူ၊ စိတ်ဆန္ဒပြင်းထန်သူ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

**ရေမ်းရောင်ကြိုက်သူများစရိုက်**

လူမှုဆက်ဆံရေး ကျွမ်းကျင်လိမ္မာသူ၊ စိတ်ကူးယဉ်ဆန်တဲ့ အတွေးအခေါ်များရှိသူ၊ ဂမ္ဘီရ၊ ဗေဒင်၊ လောကီပညာရပ်များကို စိတ်ဝင်စားတတ်သူ၊ လူအများနဲ့ ပတ်သက်ဆက်ဆံရတဲ့ အလုပ်တွေမှာ ထူးချွန်သူ၊ ဉာဏ်ပညာအမြော်အမြင်ပြည့်ဝသူ၊ ငြိမ်းချမ်းလိုစိတ်နဲ့ တိုက်ခိုက်လိုစိတ်နှစ်မျိုးစလုံးရှိနေသူ၊ ဝမ်းနည်းစရာများကို ခံစားနေတတ်သူ၊ ဆန့်ကျင်ဘက်လိုင်များကို ဆွဲဆောင်နိုင်သူ၊ လက်ထဲမှာ ငွေမမြဲတတ်သူ ဖြစ်ပါတယ်။

သမီးငယ်(၁၀)ယောက်တို့သည် ကျွန်တော်ကမ်းပေးလိုက်သည့် မိမိနှစ်သက်ရာအရောင်နှင့် မိမိစိတ်နေစရိုက်ဟောကိန်းများကို ဝိုင်းအုံဖတ်ရှုနေကြရင်း တခွိခွိ (သို့မဟုတ်) တခစ်ခစ် ရယ်မောနေကြလေ၏။

အားရအောင် ဖတ်ပြီးကြမှ-

'သမီးတို့အားလုံး နားလည်သဘောပေါက်ပါပြီဆရာ။ သမီးတို့နှစ်သက်တဲ့ အရောင်အဆင်းတွေဟာ သမီးတို့ရဲ့ စိတ်နေစရိုက်ကို မီးမောင်း(ဆလိုက်)ထိုးပြလိုက်သလိုပါပဲ။ ကွက်တိနီးပါး မှန်ကန်မှုရှိပါတယ် ဆရာ။ ဒါကြောင့် ဖြစ်နိုင်ရင် သမီးတို့အားလုံးကို သက်ဆိုင်သူအလိုက် ဒီဟောကိန်းလေးတွေ အမှတ်တရပေးပါလားဆရာ။ သမီးတို့ အမှတ်တရ သိမ်းထားချင်လို့ပါနော်'ဟု သမီးငယ် တစ်ဦးဖြစ်သော ထက်ထက်ဝင့်က ဆိုလာသည်။

ထို့ကြောင့် ကျွန်တော်က-

'ဆရာ့အနေနဲ့ သမီးတို့ကို မပေးနိုင်စရာ အကြောင်းမရှိပါဘူး။ အခုလို ဗေဒင်ပညာရပ်အပေါ် နှစ်နှစ်ကာကာယုံကြည်မှုရှိကြတာကိုပဲ ဆရာ ဝမ်းသာလှပါပြီ သမီးတို့ရယ်။ ရော့..ရော့..ယူသွားကြစေဗျာ'ဟု ပြောလိုက်လေ၏။

ထိုအခါ သမီးငယ်အားလုံးတို့သည် လက်ခုပ်လက်ဝါးများတီး၍ ဟေးခနဲ ဝိုင်းအော်လိုက်ကြလေတော့သတည်း။

မချော ဟာဝေ ရက္ခတိ မမ္မစာရီ
သာထက်ဇော်(မကွေး)


ကြယ်ဖြူမင်း

အမှတ်တံဆိပ်

ဆီးချို၊ သွေးချိုသောက်ဆေး



ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျုန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင်ကုန်ခန်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပင်ရင်း ကြယ်ဖြူမင်း ဆေးတိုက်

အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်မင်္ဂလာအဝေးပြေးကားဂိတ် ဘေးတောင်း (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ။

☎ ၀၉-၇၃၀၁၄၀၄၄ ၀၉-၅၀၀၁၄၃၆၊ ၀၉-၅၁၁၉၀၇၂၊ ၀၉-၅၁၉၈၇၈၅

မြန်ရှိရေး

တိုဝင်းခြင့်+ဓဓအသိ (ဆေးမျိုးစုံဆိုင်) (၀၅)လမ်း၊ သစ်မဓတော်မြို့နယ်၊ ရန်ကုန်မြို့။ (ပြည်မြို့ - ဆေးနန်းတော်ကြီးဆေးဆိုင်)၊ (တောင်ငူမြို့ - ရွှေမင်းခလောင်းဆေးဆိုင်) (ပုသိမ်မြို့ - ငြိမ်းချမ်းဆေးခန်း)၊ (ပဲခူးမြို့ - ဟသာတုန်းထူးဆေးဆိုင်၊ ဟသာတုန်းသခင်းဆိုင်)

မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃၊တအထထလ၊(၂၃၈၅)

www.burmeseclassic.com

ဟိန်း(ဘူမိ)

# ရှောက်သီး၊ သံပရာသီးများ၏ ကျန်းမာရေးအကျိုးကျေးဇူးများ



သင်၏ စားသောက်မှုတွင် ရှောက်သီး၊ သံပရာသီးများ အကြိမ်မည်မျှများများ အရည်ညှစ်ထည့်၍ စားသုံးခြင်းကား အကျိုးမယုတ်ပါချေ။ မည်မျှစားသုံးသည်ဖြစ်စေ လုံလောက်မှုမရှိ ဖြစ်နေရတတ်သည်။ အဘယ်ကြောင့်နည်း။ ယင်းရနံ့သင်းသော အချဉ်သီးများတွင် ရောဂါများစွာကို တိုက်ဖျက်ပေးနိုင်သော အာဟာရဓာတ် များစွာပါရှိ၍ ဖြစ်သည်။ ရှောက် (သို့မဟုတ်) သံပရာရည် လက်ဖက်စားဇွန်း တစ်ဇွန်းစာတွင် ဗီတာမင်(စီ)အတွက် အာရ်ဒီအေ(RDA) (၁၀)ရာခိုင်နှုန်းကျော် ပါဝင်ပေသည်။

ဗြိတိသျှ ရေတပ်မတော်မှ သင်္ဘောသားများကို မေးမြန်းကြည့်ပါက ရှောက်သီး၊ သံပရာသီးများ၏ ကျန်းမာရေးအတွက် အကျိုးရှိမှုကို ကောင်းစွာ သိရနိုင်ပေမည်။ ရာစုနှစ်ပေါင်းများစွာကတည်းက သင်္ဘောသားများသည် ဟင်းသီးဟင်းရွက်စိမ်း မစားသောက်ရ၍ ခံစားရသော စကာဗီရောဂါ(Scurvy) ဟု ခေါ်သော ဗီတာမင်(စီ) ချို့တဲ့သော ရောဂါကို ခံစားခဲ့ကြရသည်။ ရှည်လျားလှသော ရေကြောင်းခရီးစဉ်အတွင်း ဟင်းသီးဟင်းရွက်စိမ်းများကို ကာလရှည် မစားရ၍ ဤသို့ ကြုံတွေ့ခံစားရခြင်း ဖြစ်သည်။

စကော့လူမျိုး ရေတပ် ဆရာဝန် ဂျိမ်းစ်လင့်ဒ် (James Lind) က (၁၇၀၀)ပြည့်လွန်နှစ်များတွင် ယင်းရောဂါကို ရှောက်၊ သံပရာကဲ့သို့ အချဉ်သီးများဖြင့် ကုသပေးနိုင်ကြောင်း တွေ့ရှိခဲ့သည်။ ယင်းနောက်တွင် ဗြိတိသျှရေတပ်မတော်မှ သင်္ဘောသားများသည် ရေကြောင်းခရီးထွက်ရတိုင်း သင်္ဘောပေါ်တွင် အချဉ်သီးများကို သယ်ဆောင်သွားလေ့ရှိခဲ့ပေသည်။

ယနေ့အခါတွင် ရှောက်သီး၊ သံပရာသီးများကို ကယ်လီဖိုးနီးယား၊ ဖလော်ရီဒါနှင့် အာရီဇိုးနားပြည်နယ်များတွင် အကြီးအကျယ် စိုက်ပျိုးထုတ်လုပ်လျက်ရှိပေရာ နှစ်စဉ် အသီးပေါင်း သန်းချီ၍ ထွက်ရှိနေချေပြီ။ အချဉ်သီးများတွင် အန်တီအောက်စီးဒန့်များနှင့် အပင်ထွက်ဓာတ်သဘာဝများ ပါဝင်ခြင်းက နှလုံးရောဂါ၊ ကင်ဆာရောဂါများနှင့် ပိုးဝင်ခြင်းများကို တိုက်ဖျက်ပေးနိုင်စွမ်းရှိနေပေသည်။

ရှောက်သီး၊ သံပရာသီးများကို လွယ်ကူစွာ စားသုံးနိုင်ရန် ဆော်လမွန်ငါးကင်တွင် အရည်ညှစ်ဖြန်း၍ စားသုံးပေးနိုင်သလို ဟင်းသီးဟင်းရွက်သုပ်များပေါ်တွင်လည်း အရည်ညှစ်ထည့်ပေး၍ စားသုံးပေးနိုင်ပါသည်။ ရှောက်ရည်၊ သံပရာရည်အဖြစ်လည်း သောက်သုံးပေးနိုင်ပါသည်။

**<u>ကင်ဆာတိုက်ဖျက်ရန် အရသာရှိရှိ လုပ်ဆောင်နိုင်ခြင်း</u>**

ကြက်သွန်နီ (သို့မဟုတ်) ကြက်သွန်ဖြူ ပွားရည် (သို့မဟုတ်) ဆီတို့ကို သင့်တင့်မျှတစွာ ရော၍ ရှောက် (သို့မဟုတ်) သံပရာရည် ဖြည့်စွက်ရောနှောပေးသော အချဉ်ရည်သည် အရသာရှိ၍ ကင်ဆာရောဂါကို တိုက်ဖျက်ပေးနိုင်ပေသည်။

ယင်းအချက်ကို အမေရိကန် ကင်ဆာသုတေသနအင်စတီကျူမှ ဒါရိုက်တာ မယ်လန်နီပေါ့လ်ခ်(Melanie Polk) က ပြောဆိုခဲ့ခြင်း ဖြစ်ပါသည်။ အသား၊ ငါးများ ကင်ရာတွင် ကင်ဆာဖြစ်စေနိုင်သော အရာများ ထွက်ရှိတတ်ရာ ယင်းအချဉ်ရည်မျိုး ဖြန်းစားပေးခြင်းဖြင့် ချေ



www.burmeseclassic.com

www.burmeseclassic.com

ဖျက်ပေးနိုင်ကြောင်း သူက ဆိုခဲ့ပါသည်။


**ရှောက်၊ သံပရာတို့၏ ကျန်းမာရေးကို ထိန်းသိမ်းပေးခြင်း နည်းလမ်း(၃)မျိုး**

သင်၏ အရေပြားကို ကင်ဆာမဖြစ်စေရန် ကာကွယ်ပေးသည်။ သင်သောက်သုံးသော အဖျော်ယမကာထဲတွင် သံပရာသီးတစ်လွှာ ဖြည့်စွက်ပေးခြင်း (သို့မဟုတ်) သင်စားသောက်သော စားစရာထဲတွင် လတ်ဆတ်သော သံပရာရည် ညှစ်ဖြန်းပေးခြင်း ပြုပေးသင့်ကြောင်း အာရီဇိုးနား ကင်ဆာစင်တာမှ ဒေါက်တာအီမန်ဟာကင်မ် (Dr. Iman Hakim) က ဆိုခဲ့ပါသည်။ ဒေါက်တာဟာကင်မ်က လူပေါင်း(၅၀၀)ကျော်အား လေ့လာဆန်းစစ်ခဲ့ပြီးမှ ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဒေါက်တာဟာကင်မ်၏ အကြံပေးချက်အရ ရှောက် (သို့မဟုတ်) သံပရာသီး၏ ကင်ဆာတိုက်ဖျက်ရေး စွမ်းအား၏ သော့ချက်မှာ ယင်းအချဉ်သီးများ၏ ရနံ့ဖြစ်ပေါ်စေသော ဓာတ်ပစ္စည်းတွင် ပါရှိသည်ဟု ဆိုပါသည်။ ယင်းခံတွင်းမြိန်စေသော ရနံ့အတွက် ရှောက်သီး၊ သံပရာသီး၏ အပြင်ခွံကို ခွာ၍ အရောင်အသွေးပါရှိသော အပေါ်ယံ အခွံကို အသုံးပြုရမည် ဖြစ်ပါသည်။ စားမည့် အစားအစာထဲတွင် ယင်းအချဉ်သီးတို့၏ အခွံကို ထည့်ပေးခြင်းဖြင့် အနံ့၊ အရသာ ရှိစေကာ ကင်ဆာကဲ့သို့ နာတာရှည်ရောဂါမျိုးကိုပါ ကာကွယ်ပေးနိုင်ကြောင်း သိရပေသည်။ သွားဖြင့် အပိုင်းငယ်ဖြစ်အောင် ကိုက်ဖဲ့စားခြင်း (သို့မဟုတ်) ဓားထက်ထက်ဖြင့် ပိုင်းဖြတ်စားသုံးခြင်း ပြုပေးရမည်။

**နှလုံးရောဂါကို ဟန့်တားပေးခြင်း**

ဗီတာမင်(စီ)သည် အားကောင်းသော အန်တီအောက်စီးဒန့် ဖြစ်သည်။ လေ့လာချက်များအရ ဗီတာမင်(စီ)သည် အိတ်ချ်·ဒီ·အယ်လ် (ခေါ်) ကောင်းသော ကော်လက်စထရောများကို မြင့်တက်စေပြီး အယ်လ်·ဒီ·အယ်လ် (ခေါ်) မကောင်းသော ကော်လက်စထရောများကြောင့် သွေးကြောများအတွင်း အောက်စီဂျင်နှင့် ဓာတ်ပြုကာ သွေးခဲပိတ်ဆို့စေသော သွေးခဲပြားလေးများ ဖွဲ့စည်းဖြစ်ပေါ်စေနိုင်ခြင်းကို တားဆီးပေးပါသည်။ ထို့ပြင် ဗီတာမင်(စီ)သည် သွေးတိုးနှုန်းကျစေနိုင်ပြီး ဆံချည်မျှင် သွေးကြောလေးများကို အားကောင်းစေနိုင်ပါသည်။



**လက်ဖက်ရည်ကို ပိုပြီးအရသာရှိ၍ စွမ်းအားကောင်းစေခြင်း**

သံပရာရည် (သို့မဟုတ်) ရှောက်ရည် အနည်းငယ်ကို နည်းလမ်းများစွာဖြင့် အသုံးပြုပေးနိုင်သည်။ အိန္ဒိယတွင် လေ့လာဆန်းစစ်ခဲ့ချက်များအရ လက်ဖက်ရည် တစ်ခွက်ထဲတွင် သံပရာရည် ညှစ်ထည့်၍ သောက်သုံးပေးခြင်းဖြင့် ဖရီးရယ်ဒီကယ်များကို ရပ်တန့်သွားစေရန်ထိ စွမ်းအားပြည့်ဝသွားစေကြောင်း တွေ့ရှိခဲ့ကြရပါသည်။ လက်ဖက်ရည်တွင် အန်တီအောက်စီးဒန့်အား ကောင်းစွာပါဝင်သော်လည်း သံပရာရည် မဖြည့်စွက်ပေးပါက ယင်း၏ စွမ်းအားကို အပြည့်အဝ မရရှိစေနိုင်ကြောင်း တွေ့ရှိခဲ့ရပါသည်။ သံပရာရည်က လက်ဖက်ရည်အတွင်းရှိ အန်တီအောက်စီးဒန့်များကို ပြို့ကွဲစေကာ ဝမ်းဗိုက်တွင်း အပြည့်အဝ စုပ်ယူရရှိစေခြင်းကြောင့် ဖြစ်ပါသည်။

**ကောင်းကျိုးပေးဆောင်သော အချက်များ**

* ကင်ဆာကို တိုက်ဖျက်ပေးခြင်း၊
* နှလုံးကို ကာကွယ်ပေးခြင်း၊
* သွေးတိုးကို ထိန်းညှိပေးခြင်း၊
* အရေပြားကို နူးညံ့စေခြင်း၊
* ဟင်းသီးဟင်းရွက်စိမ်း မစားရ၍ဖြစ်သော ရောဂါကို ရပ်တန့်သွားစေခြင်း။

ဟိန်း(ဘူမိ)

**ကျမ်းကိုး**

* EAT and HEAL by the Editors of FC & A Medical Publishing.



www.burmeseclassic.com

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**ဆုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်

ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊

ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊အောင့်)

ဆီးပူညောင်းကျ၊ ဆီးကြောင့်မျက်စိ

မှုန်ပြာဝေခြင်း၊ သွေးတိုး၊ဇက်ကြောတက်၊

အသည်းရောင်အသားဝါ

ရောဂါများအတွက် သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်–၇၄၁၊ ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁ ၄၀၃၈၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅




www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီးရာဇာဖော်ဝင်း(LL.B)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ**



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမှုမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီ ဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေး ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဥာဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ် နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ် မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသဘော်သားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင်-အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမော သော်လည်း အဆင်ပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်၊ ခြံ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက်လျှင် သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဉာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် နောက်ဖြစ်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသာ ဆက်လိုက်ပါ။ အမှတ်-၁၀၉(A)(မြေညီထပ်)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)

☎ (01)394727, (01)399426, 09 7300 9994, 09 51 52521

Dictionary for All

# သာလွန်

အင်္ဂလိပ်-မြန်မာ

# အဘိဓာန်

THALUN
Bookstore
Yangon

**သာလွန်စာအုပ်တိုက်**

- ၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ထွန်းပတ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၃၁၈၊ ၂၄၉၂၀၈
- အမှတ်(၃၇၇/၃၇၉)၊ ဗိုလ်ထွန်းပတ်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၀၀၅၃၊ ၂၄၂၀၃၈၊ ၃၈၂၁၁
- ၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၈

www.burmeseclassic.com

ဦးနှောက်သည် ခန္ဓာကိုယ်၏ အရေးကြီးဆုံးသော အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သည်။ အမြင်၊ အကြား၊ အနံ့၊ အရသာ၊ ထိတွေ့သိရှိမှု စသည့်ခံစားမှုတို့သည် ဦးနှောက်ကို့မှီတွယ်၍သာ ဖြစ်ပေါ်လာရသည်ဟု ဆေးသိပ္ပံပညာက ဆို၏။ အကယ်၍ ဦးနှောက်သာ ပျက်စီးခြင်း၊ ယိုယွင်းခြင်းတို့နှင့် ကြုံရပါက လူ့လောကအတွင်း ရပ်တည် ရန် ခဲယဉ်းသွားမည်ဖြစ်သည်။ အထက်တွင် ဖော်ပြထား သော ခံစားမှုများကို ထင်ရှားအောင် ဖန်တီးပေးသည့် အပြင် ခန္ဓာကိုယ် တစ်ခုလုံးရှိ ကြွက်သားနှင့် သွေးသား အားလုံးကို အာရုံကြောများမှတစ်ဆင့် ထိန်းချုပ်ပေးနေ သည်မှာလည်း ဦးနှောက်ပင် ဖြစ်သည်။

ဦးနှောက်ကို အပိုင်းကြီးသုံးပိုင်းခွဲ၍ ကွဲပြားစွာ သတ်မှတ်နိုင်ပါသည်။ ၎င်းတို့မှာ (၁) ဦးနှောက်ကြီးပိုင်း၊ (၂) ဦးနှောက်ငယ်ပိုင်း (၃) ဦးနှောက်ပင်စည်ပိုင်းတို့ ဖြစ်သည်။ ဦး



# ဦးနှောက်ကို ထိခိုက်စေသော အစားအသောက်များ

တင်နိုင်ဝင်း (ထမင်းဈေးမြို့)



www.burmeseclassic.com

www.burmeseclassic.com

နှောက်၏ အရောင်အဆင်းမှာ အပေါ်ယံတွင် ပြာလဲ့သော အရောင်ရှိသော်လည်း အတွင်းပိုင်းတွင်မူ ဖြူဖွေးသော အရောင် ရှိသည်။ ပြာလဲ့သော အဆင်းရှိသည့် အပေါ်ယံ ဦးနှောက်အစိတ်အပိုင်းများသည် အလွန်သေးငယ်သော ဆဲလ်များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။

ဦးနှောက်၏ အလေးချိန်မှာ သာမန်အားဖြင့် (၃) ပေါင်မှ (၄)ပေါင်အထိ ရှိသည်။ ယောကျ်ားနှင့် မိန်းမတို့၏ ဦးနှောက်အလေးချိန်ကို နှိုင်းယှဉ်ကြည့်သော် ရာခိုင်နှုန်း အတော်များများပင် မိန်းမတို့၏ ဦးနှောက်ထက် ယောကျ်ားတို့၏ ဦးနှောက်က အလေးချိန်ပိုမိုစီးကြောင်း တွေ့ရမည် ဖြစ်သည်။

ဦးနှောက်သည် မိမိတို့ စားသုံးလိုက်သော အစားအသောက်များအပေါ် မူတည်၍ ဆောင်ရွက်ချက်များ ပြုပြင်ပြောင်းလဲတတ်သည်။ ဦးနှောက်အတွက် လတ်ဆတ်၍ အာဟာရပြည့်ဝသော အစားအသောက်များကို စားသောက်ခဲ့လျှင် ဦးနှောက်၏ လုပ်ငန်းဆောင်တာများကို သွက်လက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အကယ်၍ စားသုံးလိုက်သော အစားအသောက်များသည် ဦးနှောက်ကို ထိခိုက်စေသော အစားအသောက်များ ဖြစ်နေပါက ဦးနှောက်၏ လုပ်ငန်းဆောင်တာများ ချွတ်ချော်သွားတတ်သည်။ ဦးနှောက်သည် ထောက်ပံ့လိုက်သော အာဟာရဓာတ်များအပေါ် ရာခိုင်နှုန်းများစွာမူတည်၍ ခန္ဓာကိုယ်တစ်ခုလုံးအတွက် အလုပ်လုပ်ဆောင်ပေးသည်။ ထိုသို့စားသောက်လိုက်သော အာဟာရဓာတ်များထဲတွင် ဦးနှောက်နှင့် မတည့်သော၊ ဦးနှောက်ကို ထိခိုက်စေသော အဆိပ်အတောက်များ ပါဝင်သွားပါက ဦးနှောက်၏ အစိတ်အပိုင်းပေါ် မူတည်၍ နှလုံးခုန်မမှန်ခြင်း၊ သွေးလွှတ်ကြောနှင့် သွေးပြန်ကြောများ ဟန်ချက်မညီခြင်း၊ အာရုံတုံ့ပြန်မှု နှေးကွေးခြင်း၊ ကြွက်သားလှုပ်ရှားမှု အားနည်းခြင်း၊ အကြောဆွဲခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ခန္ဓာကိုယ်အပူချိန်ကို မထိန်းသိမ်းနိုင်ခြင်း၊ သွေးတိုးခြင်း၊ စိတ်လှုပ်ရှားခြင်း၊ ချင်ခြင်းတပ်မှု လွန်ကဲခြင်း၊ ရာဂအာရုံ လှုံ့ဆော်မှု ဖောက်ပြန်ခြင်း စသည့် ရောဂါလက္ခဏာများ ဖြစ်ပေါ်တတ်သည်။

ထိုသို့သော ဦးနှောက်နှင့်ပတ်သက်သည့် ရောဂါလက္ခဏာများ ဖြစ်ပေါ်မလာစေရန်အတွက်မူ ယေဘုယျအားဖြင့် သန့်ရှင်းလတ်ဆတ်၍ အာဟာရဓာတ် ကြွယ်ဝသည့် အစားအစာများကို စားသောက်ပေးရမည်ဖြစ်သည်။ အသီးအနှံနှင့် သားငါးအနည်းငယ်ကို ပုံမှန်စားသောက်ပေးရုံမျှဖြင့် ဦးနှောက်အတွက် အာဟာရဓာတ် လုံလောက်စွာ ရရှိနိုင်ပါသည်။ ထိုသို့ ပုံမှန်စားသောက်ပေးရုံဖြင့် ဦးနှောက်ပိုင်းဆိုင်ရာ ရောဂါလက္ခဏာများ မဖြစ်ပေါ်နိုင်သော်လည်း ဦးနှောက်နှင့် မတည့်သော၊ ဦးနှောက်ကို အဆိပ်သင့်စေမည့် အစားအစာများကို ကြာရှည်စားသုံးမိပါက ဦးနှောက်၏ အစိတ်အပိုင်းများကို ထိခိုက်ပျက်စီးစေပြီး ဦးနှောက်ဆိုင်ရာ ရောဂါလက္ခဏာများလည်း ပေါ်ပေါက်လာမည်ဖြစ်သည်။ ထို့ကြောင့် ဦးနှောက်ကို ထိခိုက်စေသော အစားအစာများကို ရှောင်လွှဲစားသောက်နိုင်ရန် ဦးနှောက်ကို ထိခိုက်စေသော အစားအစာများကို ဖော်ပြပေးလိုက်ပါသည်။

**(၁) အသွင်ပြောင်းဆီ**

အသွင်ပြောင်းဆီဆိုသည်မှာ တိရစ္ဆာန်တို့နှင့် အသီးအနှံတို့မှရရှိသော သဘာဝဆီများကို ဓာတုပစ္စည်းများ ရောနှောကာ အရောင်၊ အဆင်း၊ အနံ့၊ အရသာ ကောင်းမွန်အောင် ဖန်တီးထားသော စားသုံးဆီများအဖြစ် ပြောင်းလဲရန် ဓာတုဆေးဝါးအမျိုးမျိုးသုံးစွဲ၍ အသွင်ပြောင်းဆီများ ပြုလုပ်တတ်ကြသည်။ အချို့မှ ဝါးစေ့ဆီ၊ စားအုန်းဆီ စသည်တို့ကို ကော့စတစ်ကဲ့သို့သော အန္တရာယ်ကြီးသည့် ဓာတုပစ္စည်းများ ထည့်သွင်းဖျော်စပ်၍ အရောင်၊ အဆင်း၊ အနံ့အသက်ကောင်းသည့် စားသုံးဆီများအဖြစ် ပြုပြင်ပြောင်းလဲတတ်ကြသည်။ အချို့လည်း ဟိုက်ဒရိုဂျင်ဓာတ်များ အသုံးပြု၍ သဘာဝဆီကို ပြုပြင်ပြောင်းလဲတတ်ကြသည်။ ထိုသို့ ပြုပြင်ပြောင်းလဲထားသော စားသုံးဆီများသည် ဦးနှောက်ကို အလွန်အမင်း ထိခိုက်စေသည့်အပြင် သွေးလည်ပတ်မှုအတွက် အရေးကြီးသော နှလုံးကိုလည်း ပျက်စီးစေနိုင်ပါသည်။

အစားအသောက် အာဟာရပညာရှင် တိုရီဟိုလ်သောင်(စ်)က အသွင်ပြောင်းဆီ များပြားစွာ ပါဝင်နေတဲ့ အစားအစာက ဦးအနှောက်အတွင်း သွေးလည်ပတ်မှုကို ပိတ်ဆို့စေတတ်တာကြောင့် အယ်(လ်)ဇိုင်းမားလို့ခေါ်တဲ့ ဦးနှောက်ပုံမှန်အလုပ်မလုပ်ဘဲ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ စကားပီသစွာ မပြောနိုင်တော့ခြင်း စတဲ့ရောဂါတွေ ခံစား

www.burmeseclassic.com

ရနိုင်ပါတယ်ဟု ကျန်းမာရေးသတိပေးချက်တစ်ခု ထုတ်ပြန်ခဲ့ပါသည်။ ထို့အပြင် မသန့်ရှင်းသောဆီများ၊ ပြည့်ဝဆီများ၊ ပြန်ကြော်ဆီများ စသည်တို့သည်လည်း ဦးနှောက်နှင့် နှလုံးကို ထိခိုက်စေနိုင်ကြောင်း ဆေးပညာရှင်တို့ ထုတ်ဖော်ကြေညာထားပြီးဖြစ်သည်။ အဆိုပါဆီများသည် ခန္ဓာကိုယ်နှင့် ဦးနှောက်တွင်း သွေးလည်ပတ်မှုကို ကသိကအောက်ဖြစ်စေပြီး အထူးသဖြင့် ဦးနှောက်သွေးကြောများကို ထိခိုက်စေသဖြင့် ဦးနှောက်ပိုင်းဆိုင်ရာရောဂါများ ဖြစ်ပေါ်စေနိုင်ပြီး ဦးနှောက်သွေးကြောပေါက်ခြင်း စသည့် ပြင်းထန်သော ရောဂါလက္ခဏာများလည်း ဖြစ်ပေါ်တတ်ပါသည်။ ထို့ကြောင့် ဦးနှောက်ကို ထိခိုက်စေသော အစားအစာများအနက် ၎င်းအသွင်ပြောင်းဆီသည် အဆိုးရွားဆုံးဖြစ်၍ သတိဖြင့် ရှောင်ရှားသင့်ပါသည်။

(၂) **အချိုမှုန့်**

မြန်မာနိုင်ငံအပါအဝင် အရှေ့တိုင်း အစားအသောက်များတွင် မိုနိုဆိုဒီယမ်ဂလူမိနိတ်(MSG) ခေါ် အချိုမှုန့်ပါဝင်မှု များပြားသောကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ အထူးစိုးရိမ်စရာ ဖြစ်နေပါသည်။ ၎င်းအချိုမှုန့်ထဲတွင် ဖရီးဂလူတာမစ်အက်စစ် (၇၈)ရာခိုင်နှုန်း၊ ဆိုဒီယမ် (၂၁) ရာခိုင်နှုန်းနှင့် အခြားမသန့်ရှင်းသော ဓာတ်သတ္တု (၁) ရာခိုင်နှုန်း ပါဝင်နေပါသည်။ ၎င်းဓာတ်သတ္တုများ ပါဝင်မှုကို သုံးသပ်ခြင်းအားဖြင့် အချိုမှုန့်သည် ဓာတုအဆိပ်အတောက်တစ်မျိုးဖြစ်နေကြောင်း ထင်ရှားပါသည်။ အထူးသဖြင့် အချိုမှုန့်သည် ဦးနှောက်၏ အလုပ်လုပ်ဆောင်မှုများကို ထိခိုက်စေကြောင်း သုတေသီပညာရှင်တို့က အဆိုပြုထားပါသည်။ အချိုမှုန့်လွန်ကဲစွာ စားသုံးသူများအတွက် အလွန်အမင်း စိတ်လှုပ်ရှားစေပြီး ဦးနှောက်ဆဲ(လ်)တွေကို ပျက်စီးစေတတ်ပါသည်။ ထို့အပြင် အချိုမှုန့်တွင် ပါဝင်သော ဓာတ်ပစ္စည်းများသည် ဦးနှောက်သွေးကြောတွင်း သွေးများကို ပျစ်နှစ်စေတတ်၊ တိုက်စားစေတတ်သောကြောင့် ဦးနှောက်သွေးကြောမျှင်များကိုလည်း ထိခိုက်စေပါသည်။ ထို့ကြောင့် ရေရှည်အသုံးပြုရမည့် မိမိတို့ ဦးနှောက်ကို မထိခိုက်စေရန်အတွက် အချိုမှုန့်စားသုံးခြင်းကိုလည်း သတိထားဆင်ခြင်သင့်ပါသည်။

(၃) **သကြားအချိုသုံး အစားအစာများ**

သကြားသည် အချိုဓာတ် လွန်ကဲစွာ ပါဝင်သည့်အတွက် ဆီးချိုရောဂါနှင့် မတည့်ဟူ၍သာ လူအများလက်ခံထားကြသော်လည်း ဦးနှောက်ကို ထိခိုက်စေသည်ကိုမူ သိသူ နည်းပါးလှပါသည်။ သကြားဖျော်ရည် ပါဝင်သော သစ်သီးဖျော်ရည်မျိုးစုံ၊ ဆိုဒါ၊ အားဖြည့်အချိုရည်များ စသည်တို့သည် အမေရိကတွင် တွင်ကျယ်စွာ သောက်သုံးနေသော သကြားပါဝင်မှုများသည့် မှီဝဲစရာများ ဖြစ်ပါသည်။ ထို့အပြင် ကွတ်ကီး၊ ကိတ်မုန့်၊ ထောပတ်အဆာသွတ်မုန့်၊ အိုက်စ်ခရင်၊ သစ်သီးယို၊ ဒိန်ချဉ်(သကြားထည့်)၊ ချိုချဉ်(သကြားလုံး) စသည့် အစားအစာများသည်လည်း သကြားပါဝင်မှုများသော အစားအစာများ ဖြစ်ပါသည်။ ထိုသို့သော သကြားအချိုဓာတ်ပါဝင်မှုများသော အစားအစာများကို နေ့စဉ် တာရှည်စားသုံးပါက ဦးနှောက်ကို ထိခိုက်စေနိုင်ပါသည်။

သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ သကြားအချိုဓာတ်ပါဝင်သော အစားအစာများကို များစွာစားသုံးခြင်းကြောင့် ဦးနှောက်အတွင်းရှိ ဆဲ(လ်)များကို ထိခိုက်စေပြီး စဉ်းစားခြင်းနှင့် လေ့လာသင်ယူခြင်းဆိုင်ရာ မှတ်ဉာဏ်ကို ပျက်စီးစေတတ်ကြောင်း အဆိုပြုထားပါသည်။ သကြားဓာတ်သည် ခန္ဓာကိုယ်စွမ်းအင်ထုတ်လုပ်ရေးအတွက် မရှိမဖြစ်သော အာဟာရဓာတ်တစ်မျိုးဖြစ်သော်လည်း အလွန်အကဲ တာရှည်စားသုံးနေပါက ဦးနှောက်ကို ထိခိုက်စေသည့်အပြင် ဆီးချို၊ သွေးချိုကဲ့သို့သော ကုစားရခက်ခဲသည့် ရောဂါများကိုလည်း ဖြစ်ပွားစေတတ်သည့်အတွက် ဆင်ခြင်စွာ စားသုံးသင့်သည်။

(၄) **အဆီပြည့်ဝနေသော အစားအသောက်များ**

ပြည့်ဝဆီခေါ် ခန္ဓာကိုယ်တွင်း အစာခြေအင်္ဂါများက ချေဖျက်ရန် ခက်ခဲသော ဆီများကို အလွန်အမင်း စားသုံးခြင်းကြောင့် ယခုအခါ အမျိုးမျိုးသော ကျန်းမာရေးပြဿနာများကို ဖြစ်စေပါသည်။ ၎င်းပြည့်ဝဆီသည် မကျေညက်ဘဲ ခန္ဓာကိုယ်သွေးတွင်း၌ Free Radicals (ဖရီးရယ်ဒီကယ်) ခေါ် ဘေးထွက်အညစ်အကြေးများ ဖြစ်ပွားပြီး ဦးနှောက်တစ်ရှူးများ အပါအဝင် ဆဲ(လ်)များ၏ အပေါ်ယံ အမြှေးပါးကို ပျက်စီးသောကြောင့် ကင်ဆာကဲ့သို့သော ရောဂါများ ဖြစ်ပွားရပါသည်။ အဆိုပါ ပြည့်ဝဆီများ၏ မကျေညက်သော အညစ်အကြေးများက ဦးနှောက်သွေးကြောမျှင်ထဲ ရောက်ရှိတစ်ဆို့နေပါက ဦး



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆဲ(လ်) အပေါ်ယံအမြှေးပါးများကို ပျက်စီးစေပြီး ဦးနှောက်ကင်ဆာများလည်း ဖြစ်ပွားနိုင်ပါသည်။

Terry Davison နှင့် Camille Sample တို့ ရေးသားသည့် Fat and Suger - Heavy Diet Harms Your Brain- And Makes You Keep on Eating ဆိုသော စာအုပ်ထဲတွင် ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများကို အလွန်အမင်း စားသုံးခြင်းသည် အလွန်သောရောဂါကို ဖြစ်စေနိုင်ပါသည်။ ၄င်းသည် ခန္ဓာကိုယ် အပြင်ပိုင်းအတွက်သာ ဖြစ်ပါသည်။ ခန္ဓာကိုယ်အတွင်းပိုင်း လှုပ်ရှားမှုကို လေ့လာလျှင် စိတ်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုကိုလည်း သက်ရောက်စေသည်ကို တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ရခြင်းသည် အဆီပြည့်ဝသော အစားအသောက်များနှင့် ဦးနှောက်တို့ ဆက်စပ်နေသောကြောင့် ဖြစ်ရပါသည်ဟူ၍ ရေးသားဖော်ပြထားပါသည်။ ထို့ကြောင့် ဝက်ဆီ၊ အမဲဆီ၊ ပြန်ကြော်ဆီ၊ စားအုန်းဆီစသည့် ပြည့်ဝဆီများကို အလွန်အကျွံ မစားသုံးသင့်သည့်အပြင် သန့်ရှင်းသော ဆီများဖြင့်ပင် အစားထိုး၍ စားသုံးသင့်ပါသည်။

**(၅) သဘာဝမဟုတ်သော အစားအစာများ**

သဘာဝအလျောက်မဟုတ်ဘဲ လူတို့အမျိုးမျိုး ဖန်တီးထားသည့် စက်ရုံထုတ် အစားအစာများသည် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်သော်လည်း ယခုအခါ ၄င်းအစားအစာများသည် ကျန်းမာရေးပြဿနာများ ရှိလာပါပြီ။ အရောင်အဆင်း၊ အနံ့၊ အရသာနှင့် တာရှည်အထားခံမှုအတွက် ဓာတုဗေဒနည်းနှင့် ပြုလုပ်ထားသော အစားအစာများသည် လွန်ကဲစွာ စားသုံးမှုနှင့်အတူ ရောဂါဘယများကိုလည်း ဖြစ်ပွားစေပါသည်။ ဓာတုအရောင်ဆိုးဆေးများ ပါဝင်သော စက်ကြိတ်ငရုတ်သီးမှုန့်များ၊ ငရုတ်ဆီများ၊ မုန့်အမျိုးမျိုးနှင့် ဟင်းခတ်အမွှေးအကြိုင် စသည်တို့သည် အစာအိမ်၊ နှလုံးနှင့် ဦးနှောက်ကို ထိခိုက်စေကြောင်း သုတေသီတို့က ဆို၏။

အစားအသောက်စားသုံးရာတွင် သဘာဝသစ်တောဥယျာဉ်များမှရရှိသော လတ်ဆတ်သည့် အသီးအရွက်များသာ အကောင်းဆုံးဖြစ်သည်။ ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများ အသုံးပြုထားသော အသီးအနှံများသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေကြောင်း တွေ့ရှိလာရပြီးနောက် ယခုအခါ အော်ဂဲနစ်နည်းပညာကဲ့သို့သော သဘာဝဆန်သည့် စိုက်ပျိုးရေးနည်းပညာများဖြင့် အသီးအနှံများ ထုတ်လုပ်ရေးကို ဦးစားပေးဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်လာခဲ့ကြပါသည်။ အချို့အသီးအနှံများကိုမူ သိပ္ပံနည်းဖြင့် သီးလုံးကြီးထွားစေရန် မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသည့် စိုက်ပျိုးရေးသီးနှံများ များစွာပေါ်ထွန်းလာသည့်အတွက် သဘာဝအလျောက်ရရှိသည့် အသီးအနှံများနှင့် သဘာဝဆန်ဆန် စိုက်ပျိုးထုတ်လုပ်ထားသည့် အသီးအနှံများမှာ တစ်နေ့တခြား လျော့ပါးလာပြီ ဖြစ်သည်။ မိမိတို့အနေဖြင့် မြေလွတ် ခြံလွတ်များကို ပစ်ပယ်မထားဘဲ သဘာဝသီးနှံများ ရရှိရေးအတွက် တစ်နိုင်တစ်ပိုင် ကိုယ်တိုင်စိုက်ပျိုး စားသောက်သင့်ပေသည်။

**(၆) ကဖင်းဓာတ်**

ကဖင်းဓာတ်ကို ကော်ဖီစေ့မှထုတ်လုပ်သော ကော်ဖီမှုန့်တွင် များစွာပါဝင်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ယခုအခါ အသင့်သောက်သုံးနိုင်သော ကော်ဖီမစ်ထုတ်များကို နေရာဒေသမရွေး ပေါများစွာ ဝယ်ယူသောက်သုံးနိုင်သောကြောင့် ကော်ဖီသောက်သုံးမှုမှာ ယခင်ကထက် များစွာတိုးပွားလာလျက်ရှိသည်။ အချို့ဆိုလျှင် ကော်ဖီသောက်သုံးမှုမှာ လိုအပ်သည်ထက် ပိုမိုသောက်သုံးကြသည့်အတွက် ခန္ဓာကိုယ်အတွင်း၌ ကဖင်းဓာတ်များမြင့်တက်လျက်ရှိသည်။ ၄င်းကဖင်းဓာတ်သည် စိတ်ကို လန်းဆန်းစေသည့်အပြင် ဦးနှောက်ကိုလည်း နိုးကြားတက်ကြွစေပါသည်။ သို့သော် ကော်ဖီအသောက်များ၍ ခန္ဓာကိုယ်အတွင်း၌ ကဖင်းဓာတ် လွန်ကဲလာသောအခါ ဦးနှောက်ကို ထိခိုက်စေပြီး ညအခါ အိပ်မပျော်ခြင်း၊ စိတ်ထကြွနေခြင်း စသည်တို့ ဖြစ်တတ်ပါသည်။

အဆိုးဆုံးမှာ အသင့်ဖျော် ကော်ဖီမစ်ထုပ်ကလေးများဖြစ်သည်။ အချို့ကော်ဖီမစ်ထုပ်များသည် ကဖင်းဓာတ်လွန်ကဲစွာပါဝင်နေသည့်အတွက် တစ်နေ့တာအတွင်း သုံးလေးထုပ်မျှ သောက်သုံးမိလျှင် ကဖင်းဓာတ်လွန်ကဲလာပြီး ဦးနှောက်ကို ထိခိုက်သည့် လက္ခဏာများ ပေါ်ပေါက်တတ်ပါသည်။ ကဖင်းဓာတ်သည် ကော်ဖီထဲတွင်သာမက လက်ဖက်ခြောက်အမျိုးမျိုးနှင့် အခြားအစားအသောက်များတွင်ပါ ပါဝင်တတ်ပေရာ ကော်ဖီမသောက်သော်လည်း ခန္ဓာကိုယ်ထဲတွင် လုံလောက်သော ကဖင်းဓာတ်

www.burmeseclassic.com

www.burmeseclassic.com

များ ရရှိနေမည်ဖြစ်ရာ ကော်ဖီလုံလောက်စွာ သောက်သုံးခြင်းကို ရှောင်ရှားနိုင်လျှင် ကျန်းမာရေးကောင်းကျိုးများသာ ရရှိမည်ဖြစ်သည်။ အထူးသဖြင့် ကော်ဖီ စသည်တို့၌ ပါဝင်သော ကဖင်းဓာတ်သည် လွန်ကဲလျှင် ဦးနှောက်ကို ထိခိုက်စေနိုင်သောကြောင့် ရှောင်ရှားနိုင်လျှင် ဦးနှောက်နှင့် အာရုံကြောကို ထိခိုက်စေသော အစားအစာတစ်ခု၏ ဘေးအန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်သည်။

(၇) ဆား

ယနေ့ အဆိုးရွားဆုံးသော ကျန်းမာရေးပြဿနာများကို ဖန်တီးနေသည့်အထဲတွင် ဆိုဒီယမ်ကလိုရိုဒ် ခေါ် အိမ်သုံးဆားလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ၎င်းအိမ်သုံးဆားတွင် ဆိုဒီယမ်ဓာတ်(၄၀)ရာခိုင်နှုန်းမျှ ပါဝင်နေသည်။ ၎င်းဆိုဒီယမ်ဓာတ်သည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်တစ်မျိုးဖြစ်သော်လည်း လွန်ကဲစွာ စားသုံးမိပါက သွေးတိုးနှင့် နှလုံးရောဂါကို ဖြစ်စေတတ်သည်။ ထို့အပြင် အိမ်သုံးဆားတွင် ကလိုရင်း (ကလိုရိုဒ်) (၆၀)ရာခိုင်နှုန်း ပါဝင်နေပြန်ရာ ၎င်းကလိုရင်းဓာတ်သည်လည်း ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်တစ်မျိုး ဖြစ်သည်။ သို့သော် လွန်ကဲစွာ စားသုံးပါက ရောဂါလက္ခဏာများ ပေါ်ပေါက်တတ်သည်။

၎င်းအိမ်သုံးဆား (ဆိုဒီယမ်ကလိုရိုဒ်)သည် အစားအသောက်တိုင်းလိုလိုပင် ပါဝင်နေခြင်းကြောင့် ၎င်းဓာတ်ချို့တဲ့မှုဖြစ်ခြင်းထက် လွန်ကဲမှုဖြစ်ခြင်းကသာ ပိုမိုများပြားပါသည်။ ထိုသို့ အိမ်သုံးဆားအပါအဝင် အငန်ဓာတ်ကြွယ်ဝသော အစားအစာများကို လွန်ကဲစွာ စားသုံးမိပါက ကျန်းမာရေးကို ထိခိုက်စေမည်မှာ အမှန်ပင် ဖြစ်ပါသည်။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ ဦးနှောက်အစိတ်အပိုင်းများကို ထိခိုက်စေမှာ ဖြစ်ပါသည်။

သုတေသနပညာရှင် Mentore က ဆားကို အများအပြား စားသုံးခြင်းက သွေးကြောမျှင်၊ အသားမျှင် စသောကလာပ်စည်းများ၏ လှုပ်ရှားမှုကို အလွန်အမင်း အားကောင်းစေပြီး ခန္ဓာကိုယ်၏ သဘာဝအနားယူရမည့်အချိန်ထက် ပိုမို၍ သွက်လက်စေခြင်းကြောင့် နာ့ဗ်ကြော (ဦးနှောက်အာရုံကြော)များ ပုံမှန်လည်ပတ်မှု ပျက်ယွင်းကာ ကျန်းမာရေးကိုလည်း ထိခိုက်စေပါတယ်ဟု ထုတ်ဖော်ပြောကြားခဲ့ပါသည်။

(၈) အသင့်စား စားသောက်ဖွယ်ရာများ

Instant ဟု တံဆိပ်ခတ်နှိပ်ထားသော Fast Food ဟု ခေါ်သော အသင့်စား အစားအသောက်များကို လူအများစု နှစ်သက်သုံးစွဲနေကြပါပြီ။ အထူးသဖြင့် မြို့ကြီးပြကြီး များတွင် များစွာတွေ့ရပြီး ယခုအခါ ကျေးလက်ဒေသအထိ ပျံ့နှံ့ရောက်ရှိလာပြီဖြစ်သည်။ သို့သော် ၎င်းအသင့်စား အစားအစာများကို ပလတ်စတစ်ကဲ့သို့သော ဓာတုထုပ်ပိုးကုန်ပစ္စည်းများဖြင့် ထုပ်ပိုးထားသော မုန့်ပဲသရေစာများသည် ကျန်းမာရေးကို ထိခိုက်တတ်ကြောင်း၊ အထူးသဖြင့် ဦးနှောက်နှင့် သွေးလည်ပတ်မှုကို ထိခိုက်တတ်ကြောင်း သိရှိသူ အလွန်နည်းပါးလှသည်။

အာလူးချောင်းကြော်၊ ငါးမုန့်ကြော်နှင့် အခြားကြွပ်ကြွပ်ရွရွ ကြော်လှော်ထုပ်ပိုးထားသည့် အစားအသောက်များသည် ကျန်းမာရေးကို မည်သို့မျှအကျိုးမပြုဘဲ ကျန်းမာရေးနှင့် မညီညွတ်သော အသွင်ပြောင်းဆီ၊ ပြည့်ဝဆီ၊ မသန့်ရှင်းသော ဆီများနှင့်အတူ ဆိုဒီယမ်၊ သကြားဓာတ်များ လွန်ကဲစွာ ပါဝင်နေသည့်အတွက်လည်း ဦးနှောက်နှင့် သွေးလည်ပတ်မှုကို ထိခိုက်စေပါသည်။ ထို့အပြင် ၎င်းအသင့်စား အစားအသောက်များတွင် မပုပ်မသိုးအောင် တာရှည်ခံဓာတုဆေးဝါးများ အနည်းနှင့်အများ ထည့်သွင်းထုတ်လုပ်ရသဖြင့်လည်း ၎င်းဓာတုဆေးဝါးများကြောင့် ဦးနှောက်ဆဲ(လ်)များကို ပျက်စီးစေလျက် ကြာလာသော် ဦးနှောက်ပိုင်းဆိုင်ရာ ရောဂါများ ဖြစ်ပေါ်လာမည်မှာ အမှန်ပင် ဖြစ်သည်။

(၉) အရက်သေစာ

အယ်(လ်)ကိုဟောဓာတ်ကို အခြေပြုထုတ်လုပ်ထားသော အရက်သေစာများကို နေ့စဉ်နှင့်အမျှ သောက်စားနေခြင်းသည်လည်း ဦးနှောက်နှင့် အာရုံကြောများကို သိသိသာသာ ထိခိုက်စေပါသည်။ အရက်သေစာသည် လူကို မူးဝေစေသည့်အပြင် သွေးပေါင်ကို ရုတ်တရက် ထိုးတက်စေပြီး ဦးနှောက်သွေးကြောများကို ဖောင်းကြွပျက်စီးစေပါသည်။ အရက်သောက်ခြင်းကြောင့် ဦးနှောက်သွေးကြောပြတ်မှု၊ လေဖြတ်မှု စသည်တို့သည် အရက်သေစာကြောင့် ဦးနှောက်ကို ထိခိုက်ခြင်းဖြစ်သည်။ အရက်မူးနေသူများကို စမ်းသပ်ကြည့်ရာ နှလုံးခုန်လွန်းပြီး ဦးနှောက်သွေးကြောများအတွင်း ဖိအားများ



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အရက်သေစာများက ဦးနှောက်တွင်း အပူချိန်ကိုလည်း ရုတ်တရက် ထိုးတက်စေသည့်အတွက် ဦးနှောက်၏ လုပ်ငန်းဆောင်တာများကို အနှောင့်အယှက် ဖြစ်စေပါသည်။

အရက်သေစာသောက်သုံးမှု လွန်ကဲလာပါက ဆင်ခြင်ဉာဏ်နှင့် အသိတရားတို့ပါ အားနည်းသွားပြီး ရူးသွပ်သည်အထိ ရောဂါပြင်းထန်တတ်ပါသည်။ အရက်သေစာသည် အပျော်တမ်း နေ့စဉ် အနည်းငယ်သောက်သုံးရာမှ စွဲလမ်းသွားတတ်ပြီး နောင်အခါ ရေချိန်တက်လာကာ အရက်အလွန်အကျွံ သောက်သုံးခြင်းကို ပြုမိကြသည်သာ ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့၏ဘဝနှင့် ဦးနှောက်ကို တန်ဖိုးထားသောအားဖြင့် အရက်သေစာကို အစလုပ် သောက်သုံးမှုမပြုဘဲ ဝေးစွာရှောင်ရှားသင့်ပေသည်။

**(၁၀)<u>မူးယစ်ဆေးဝါး</u>**

ဘိန်းစိမ်း၊ ဘိန်းဆီ အပါအဝင် ဓာတုဗေဒနည်းဖြင့် ချက်လုပ်ထားသော နံပါတ်ဖိုး ဘိန်းဖြူများသည် ခန္ဓာကိုယ်နှင့် ဦးနှောက်ကို အလွန်အမင်းထိုင်းမှိုင်းစေပြီး ကျန်းမာရေးကိုလည်း ထိခိုက်စေပါသည်။ ဆေးခြောက်ကဲ့သို့ ဘိန်းလောက် မပြင်းထန်သော မူးယစ်ဆေးဝါးများပင်လျှင် တာရှည်သုံးစွဲပါက ကျန်းမာရေးထိခိုက်မည်မှာ ဧကန်ပင် ဖြစ်ပါသည်။ ဆေးရွက်ကြီးကဲ့သို့သော အပျော့စား မူးယစ်ဆေးဝါးများသည်လည်း စားသုံးသူအတွက် ပါးစောင်နှင့် လည်ချောင်းတွင် ကင်ဆာရောဂါဖြစ်ပွားစေပြီး ဦးနှောက်ကင်ဆာကိုလည်း အားပေးကြောင်း သုတေသီတို့ ဆို၏။ ထို့အပြင် ဆေးလိပ်သောက်ခြင်းသည်လည်း အဆုတ်ကင်ဆာကို ဖြစ်ပွားစေနိုင်သည့်အပြင် ဦးနှောက်၏ မှတ်ဉာဏ်ကိုလည်း ထိပါးစေပါသည်။

ထို့ထက်ဆိုးရွားသည်မှာ ဓာတုဗေဒနည်းဖြင့် ချက်လုပ်ထားသော စိတ်ကြွရူးသွပ်ဆေးဝါးများ စားသုံးနေကြခြင်းဖြစ်သည်။ ၎င်းဆေးဝါးများသည် စိတ်ကို ရူးသွပ်သည့်ဘက် ပြောင်းလဲစေတတ်ပြီး ဦးနှောက်ကို ချုပ်ကိုင်ကာ ဦးနှောက်၏ လုပ်ငန်းဆောင်တာများကို နှောင့်ယှက်ယမ်းခါပစ်တတ်သည်။ ထို့ကြောင့် ၎င်းရူးသွပ်ဆေးဝါးများ သောက်သုံးနေခြင်းက ဦးနှောက်ကို ဆိုးရွားစွာထိခိုက်ပျက်စီးစေပါသည်။

ထို့ပြင်တစ်ဝ ဓာတုဗေဒ အိမ်သုံးဆေးဝါးများ၏ အန္တရာယ်ကလည်း မသေးလှချေ။ ၎င်းအိမ်သုံးဆေးဝါးတိုင်းလိုလိုပင် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်စေတတ်ပြီး အချို့ဆေးဝါးများက ဦးနှောက်နှင့် အာရုံကြောကို ထိခိုက်စေပါသည်။ အထူးသဖြင့် နာတာရှည်ရောဂါများ ကုသရာတွင် တာရှည်သုံးစွဲနေရသည့် အိမ်သုံးဆေးဝါးများက ဦးနှောက်၏ ကျန်းမာရေးကို သိသာစွာထိခိုက်စေပါသည်။ ထို့ကြောင့် အိမ်သုံးဆေးဝါးများ ဖြစ်စေကာမူ တာရှည်အသုံးပြုမည်ဆိုပါက ကျွမ်းကျင်သူ ဆရာဝန်နှင့် တိုင်ပင်၍ သုံးစွဲသင့်ပါသည်။

◆ ◆ ◆

ထိုသို့ ဦးနှောက်ကိုထိခိုက်စေသော အစားအသောက် ဆေးဝါးများကို ယေဘုယျအားဖြင့် သုံးသပ်ကြည့်မည်ဆိုလျှင် သဘာဝအတိုင်းမဟုတ်ဘဲ လူတို့ ဖန်တီးထားသော ခေတ်ပေါ်အစားအသောက်များကိုသာ တွေ့ရမည် ဖြစ်သည်။ သို့သော် လူတို့ဖန်တီးသည့် အစားအသောက်တိုင်းတော့ ကျန်းမာရေးကို ထိခိုက်သည် မဟုတ်ချေ။ ဓာတုဗေဒဓာတ်ဆေးဝါးဆန်သော ဖန်တီးမှုမျိုးသည်သာ ကျန်းမာရေးကို အများဆုံးထိခိုက်ကြောင်း တွေ့ရှိရမည် ဖြစ်သည်။ တစ်ခါတစ်ရံတွင်မူ ဓာတုဆေးဝါးများ မပါရှိသော်လည်း ဖန်တီးမှု လွဲမှားခြင်းကြောင့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားရလေ၏။

ထို့ကြောင့် ခန္ဓာကိုယ်အတွက် အလွန်အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည့် ဦးနှောက်နှင့် ဦးနှောက်အစိတ်အပိုင်းများကို အစားအသောက်ကြောင့် မထိခိုက်စေခြင်းငှာ ပညာရှင်တို့ ရည်ညွှန်းထားသော အထက်ပါ အစားအသောက်များကို ရှောင်ရှားနိုင်လျှင် အကောင်းဆုံးပင် ဖြစ်သည်။ အချို့အစားအသောက်များသည် သင့်တင့်ရုံမျှ စားသောက်လျှင် ကျန်းမာရေးကို အထောက်အကူပြုသော်လည်း လွန်ကဲစွာ စားသုံးမိလျှင် ကျန်းမာရေးကို ထိခိုက်စေသည့်အတွက် အစားအသောက်ကို ဆင်ခြင်စားသုံးသင့်ပေသည်။

**တင်နိုင်ဝင်း(ထမင်းဈေးမြို့)**

<u>မှီငြမ်းကိုးကား</u>

(၁) ဉာဏ်မိုး၏ မိသားစုဆရာဝန်။

(၂) TZ သတင်းစုံ၊ ရောဝတီ၊ Hsu Wai Linn

(၃) နန္ဒာမိုးကြယ်၏ အစာထဲက အဆိပ်များ။




www.burmeseclassic.com

www.burmeseclassic.com

ကြာပါပြီ။ လွန်ခဲ့သော အနှစ်(၇၀)လောက်က ဖြစ်သည်။

ဝါဆိုဝါခေါင် ရေဖောင်ဖောင် ဟူသော ဆိုစမှတ်အတိုင်း ချင်းတွင်းမြစ်ကြီးက ရေဖောင်ဖောင် ပြည့်လျှံနေသည်။ မုံရွာမြို့၏ ချင်းတွင်းမြစ်ကမ်းတစ်လျှောက်တွင် ရေကြီးလျှင် မြို့ထဲ ကျော်မဝင်နိုင်အောင် ကျောက်တုံးကြီးများဆင့်၊ အခိုင်အမာမြေဖို့ကာ တာရိုးကြီး တည်ဆောက်ထား၏။





www.burmeseclassic.com

www.burmeseclassic.com

မိုးကြီးသောနှစ်တွင် ချင်းတွင်းမြစ်ရေက မြစ်ကြီးတွင် ပြည့်လာသည်။ ကမ်းစပ်တွင် သုံးပေကျော်မြင့်အောင် ဖို့ထားသည့် တာရိုး၏ အပေါ်နှုတ်ခမ်းနားရောက်အောင် ရေပြည့်သည်။ အချို့နှစ်တွင်တော့ ဤတာရိုးကို ရေကျော်၍ ရေလျှံသည်အထိ ဖြစ်ဖူးသည်။

ထိုသို့ မိုးရာသီ၌ ချင်းတွင်းမြစ် ရေကြီးပြီဆိုလျှင် မြစ်ရေစီးသံတဝေါဝေါကို မြို့နေသူမြို့နေသားတို့ ကြောက်လန့်ဖွယ် ကြားကြရသည်။ တိတ်ဆိတ်သော ညယံများဆိုလျှင် ချင်းတွင်းမြစ်ရေစီးသံသည် တဝေါဝေါမြည်ရာမှ တဟီးဟီး ညည်းသံပေါက်လာသည်။ ထို့ထက် တဟဲဟဲ ကြုံးဝါးခြိမ်းခြောက်သံကြီးမျိုးလည်း ဖြစ်လာတတ်ပေသည်။

မြစ်ကြီးထံမှ ရေစီးသံသည် ကြောက်မက်ဖွယ် အသံအဖြစ် ပြောင်းလဲဖြစ်ပေါ်လာပါက မြို့သူမြို့သားတို့သည် မြစ်ကမ်းဘေးကို ချဉ်းကပ်လျှင် အထူးသတိထား ဂရုပြုကြရသည်။ (၁၂)နှစ်အောက် ကလေးသူငယ်များကို မြစ်ကမ်းဘေးသို့ ပေးလည်းမသွားတော့၊ ခေါ်လည်း မသွားရဲတော့။ ဤလိုအချိန်မျိုးတွင် အလွန်အကျိုးပြုသော မြစ်ကြီးက မြစ်ရိုင်းကြီးအဖြစ် ပြောင်းသွားတတ်သည်။ ထိုအခါ လူစားလေ၏။ လူအချို့ ရေနစ်သေလေ၏။

ရိုးရိုးရေနစ်သေလျှင် မဆန်း။ ထူးသည်က မြစ်ကြီးက ခေါ်သံပေးပြီးမှ စားခြင်းပင် ဖြစ်သည်။

ခေါ်သံ။ ထိုမြစ်၏ ခေါ်သံသည် ကြားရသူများကြက်သီးမွေးညင်းထကုန်သည်။ ကျောချမ်းရအောင် အသံကြီးက ကြောက်ဖို့ကောင်းသည်။ ဘာသံကြီးလဲ၊ ဘယ်လို အသံကြီးလဲ မမေးနှင့်။ ဖြေရ အလွန်ခက်သည်။

အဘယ်ကြောင့်နည်း။ အလွန်ထူးဆန်းသော သဘာဝလွန် ဂမ္ဘီရဆန်းကြယ်မှုများကြောင့်ဟုသာ ဆိုပါရစေ။ နားထောင်ကြည့်လေ။

မသက်ဆိုင်သူတို့ကတော့ ကြောက်စရာ အသံကြီးများအဖြစ် ကြားကြရသည်။ သို့သော် ထိုသို့ လူစားမည့်အခါ မြစ်၏ ခေါ်သံသည် ရေစီးသံနှင့်လည်း မတူတော့။ လေတိုက်သံနှင့်လည်း မတူတော့။ ရေစီးသန်၍ ဝေါဝေါသံ၊ လှိုင်းပုတ်၍ ဝုန်းဝုန်းသံ။ ရေနှင့်အတူ မျောပါလာသော သစ်ပင်၊ သစ်တုံးနှင့် အခြားအရာဝတ္ထုတို့၏ တိုးသံ၊ တိုက်သံ။ ဝေါဝေါဝေါ‥ဝီဝီဝီ‥ရှီရှီရှီ‥ဝုန်းဝုန်းဝုန်း‥ဟီးဟီးဟီး‥ဟဲဟဲဟဲ ဟူသော အသံပေါင်းစုံ ပါဝင်သည်။ မည်သို့ပင် အသံထွက်သည်ဖြစ်စေ လူစားတော့မည့် ခေါ်သံဖြစ်၍ ကြားရသူတို့က မကောင်းဆိုးဝါးအော်သံ၊ မိစ္ဆာကြီး၏ ခေါ်သံဟု ကြားကြ ထင်ကြပြီးကြောက်ရွံ့ကြကုန်လေသည်။

ဤတွင် သက်ဆိုင်သူတို့ဟူ၍လည်း ရှိသေးသည်။

သက်ဆိုင်သူဆိုသည်မှာ ဘယ်ရှေးရေစက်၊ ဘယ်အထုံပါရမီ၊ ဘယ်ပဋ္ဌာန်းဆက်ကြောင့်ဟူ၍မူ မသိ။ မြစ်ကြီး၏ လူစားမည့် ခေါ်သံကို အစားခံရတော့မည့်သူများကမူ တစ်မျိုးတစ်ဖုံ အများနှင့်မတူ တစ်မူထူးခြားသော ခေါ်သံများကိုသာ ကြားရသည် ဟူ၏။

အဘယ်ကြောင့် ဤသို့သိသနည်း။ အဖြစ်အပျက်အတွေ့အကြုံများကြောင့် သိရသည်။ ထိုအဖြစ်အပျက်အချို့ကို ဓာတ်စုံနှော၍ ပြောပြသူများရှိခဲ့၍ မုံရွာသူမုံရွာသားများ သက်ကြီးစကား သက်ငယ်ကြား ဆိုသလိုလက်ဆင့်ကမ်း ကြားသိခဲ့ရသည်။ အခြားမြို့သားများကသိချင်ပေမည်။ ပြောပါအံ့။

◆ ◆ ◆

သန်းသန်းဝေသည် လယ်ပိုင်ရှင်သူဌေးကြီး ဦးဖြိုးဝေ၊ ဒေါ်မိမိကြီးတို့၏ သမီးငယ်ဖြစ်သည်။ ရုပ်ရည်အသင့်အတင့် ချောသည်ထက် သူဌေးသမီးဖြစ်၍ ကာလသားတွေ ဝိုင်းဝိုင်းလည်၏။ သူတွင် အစ်ကိုတစ်ယောက် ရှိသည်။ ကိုတိုးဝေ ဖြစ်သည်။ သူဌေးသားမို့ လုပ်ချင်ရာလုပ်၍ရသည်နှင့်အညီ မိုက်တိမိုက်ကန်းနှင့် ပေတေတေလျှောက်လုပ်သည်။

သူတို့နှင့် တစ်ရပ်ကွက်တည်းတွင် မောင်ဖေသန်းဟူသော လူငယ်တစ်ယောက် ရှိသည်။ မိဘမဲ့ဖြစ်၍ ဦးလေးအိမ်တွင် ကပ်နေရရှာသည်။ ဖေသန်းက ရေထမ်းပေးသည်။ အမှိုက်ပစ်ပေးသည်။ အရပ်ထဲရှိ သူဌေးများခြံတွင်မာလီလုပ်သည်။ ကူလီလုပ်သည်။ တိုလီမိုလီ တောက်တိုမည်ရ အောက်ခြေသိမ်းအလုပ်မှန်သမျှ အကုန်လုပ်ပေးသည်။ ခိုင်းလို့ အလွန်ကောင်းသည်။ ရိုကျိုးသည်။ အပိုးသေသည်။

လယ်ပိုင်ရှင်သူဌေးကြီး ဦးဖြိုးဝေက ခိုင်းကောင်းကောင်းနှင့် ခေါ်ခိုင်းလေ့ရှိသည်။ ဒေါ်မိမိကြီးကလည်းခိုင်းသည်။ ကိုတိုးဝေကလည်း ခိုင်းသည်။ သန်းသန်းဝေ

www.burmeseclassic.com

ကလည်း ခိုင်းသည်။ အဝင် အထွက်များ၌ ကြာသော် ဗလကောင်းကောင်း၊ ရုပ်ဖြောင့်ဖြောင့်နှင့် ပျံ့ကျအလုပ်သမားလေးနှင့် အိမ်မြင့်စံ သူဌေးသမီး အိုးချင်းထား အိုးချင်းထိ ကြိုးချင်းထား ကြိုးချင်းငြိလေသည်။ ကြာကြာမခံ၊ ဖုံးကွယ်မရ။ တိတ်တခိုး ချစ်ကြိုက်ရာမှ ပေါ်ကုန်သည်။

'ငါထင်သားပဲ ညီမလေး၊ ဒီကောင် ပွဲတော်အုပ်တက်နိုက်တော့မှာပဲဆိုတာ။ ဘာရမလဲ၊ ငါ့အကြောင်း ကောင်းကောင်းသိမယ်။ အခု သင်းဘယ်မှာလဲ'

'သား..ခြေလွန်လက်လွန်တော့ မလုပ်နဲ့။ မင်းနှမကိုက ညှိမြလုပ်တာကိုး။ လူတွင်ပါလို့ နွားကျားကိုက်တာပဲ'

'ဘာပဲဖြစ်ဖြစ် သားသူငယ်ချင်းတွေက ပြောကြကုန်ပြီ။ ဒီလောက် အထက်တန်းစားတွေ ဝိုင်းဝိုင်းလည်နေတဲ့ကြားထဲက ဘယ့်နှယ် ငမွဲငတေကိုမှ သွားကြိုက်ရတယ်လို့'

'အေး..အဖေတို့လည်း ဒီကလေကချေနဲ့တော့ လက်မခံနိုင်ဘူး။ ကြားလား သမီး။ နင်ဖြတ်မလား၊ အဖေတို့ ဖြတ်ပေးရမလား'

'ဟုတ်..ဟုတ်ကဲ့၊ သမီး..သမီး ဖြတ်ပါ့မယ်'

'ဒီလိုမှပေါ့။ ဖေဖေ့သမီးလေးက လိမ္မာပါတယ်ကွယ်'

မိဘမောင်ဖွားများက သန်းသန်းဝေကို ယုံခဲ့ကြသည်။ အမှန်က သန်းသန်းဝေ သူ့ချစ်သူ မောင်ဖေသန်းကို သေအတူ ရှင်မကွာ ပေါင်းဖက်ဖို့ ဆုတောင်းပြည့်ဘုရားမှာ တိုင်တည်ဆုတောင်းကြပြီးသား။

ထိုညမှာပင် သူတို့ချစ်သူနှစ်ဦး ချိန်းတွေ့၍ ထွက်ပြေးခဲ့ကြသည်။ မောင်ဖေသန်းတွင် ပြေးစရာမြေက သိပ်မရှိ။ ကျောက်ဆောင်ဆိပ်နားက ရုံးကြီးလမ်းထောင့်ရှိ စည်ပင်သာယာမြူနီစီပယ်ဝင်းထဲက အလုပ်သမားတန်းလျားတွင် သူတို့ ရောက်နေသည်။ မောင်ဖေသန်း သူငယ်ချင်း လမ်းကြိတ်စက်မောင်းသမား ထွန်းကြည်၏ အခန်းကျဉ်းထဲတွင် ခိုအောင်းနေကြသည်။ ညဦးပိုင်းတွင် သူတို့နှစ်ဦး ရောက်လာကတည်းက ရတက်မအေးသည့် ထွန်းကြည်က အပြင်ထွက် စနည်းနာခဲ့ပြီး ကိုးနာရီခွဲတွင် ပြန်လာသည်။

'ဘယ့်နှယ်လုပ်ကြမလဲကွာ။ မသန်းသန်းဝေ အစ်ကိုက သူ့အပေါင်းအသင်း လူမိုက်တွေနဲ့ မင်းတို့ကို လိုက်ရှာနေကြတယ်။ တွေ့လို့ကတော့ မင်းကို သတ်ပစ်မယ်တဲ့ ဖေသန်း'

'အို..ဟုတ်လား ကိုထွန်းကြည်'

'ဟုတ်တယ်။ ပြန်ခေါ်လို့ မလိုက်ရင် မသန်းသန်းဝေကိုလည်း အရှင်မထားဘူးတဲ့'

'ဟာ..သတ်ရဲသတ်ကြည့်ပါလား။ ငါ့ချစ်သူကို ထိလို့ကတော့ အသက်ချင်း လဲပစ်မယ်'

'ဟင်..ဒုက္ခပါပဲ။ ကျွန်မဖြင့် သေသာ သေလိုက်ချင်တော့တယ်'

'ဟုတ်တယ်။ ကိုယ်လည်းပဲ သေချင်တယ်။ ဝေနဲ့မပေါင်းရလို့ကတော့ ဝေ့အစ်ကို မသတ်လည်းဘဲ ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်မယ်။ ဒါပဲ'

မောင်ဖေသန်း စကားအဆုံး အသံတိတ် ငြိမ်သက်သွားသည်။ ပြင်းထန်လွန်းသော ခံစားချက်များကြောင့် လုံးဝငြိမ်သွားကြသည်။

'ဝေါ..ဝေါ..ဝေါ..ဟဲ..ဟဲ..ဟဲ။ ဝလုံးဝုန်းဝုန်း..ရှီ..ရှီ..ရှီ'

'ဟော..ဘာသံကြီးလဲ'

'သီသားနဲ့ ဖေသန်းရာ။ ကျောက်ဆောင်ဆိပ်မှာ မြစ်ရေ ကြီးလာရင် ဝဲဖြစ်တယ်။ အဲဒီဝဲက ည,ညဆို အသံမြည်တယ်။ တချို့ကလည်း လူခေါ်တယ်လို့ ပြောတယ်လေ'

'အင်း..တို့လည်း သတိထားမိဖူးတယ်။ အခုအသံက ငါ့နားထဲမှာ လူသံတွေလိုပဲ ကြားနေတယ်'

'ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်မလည်း လူတွေက ခေါ်နေတဲ့ အသံလိုမျိုး ကြားနေရတယ်။ ဟော..လာပါ၊ လာပါ။ လာကြ၊ လာကြ။ အတူစားကြမယ်တဲ့'

'အေး..ငါလည်း ကြားတယ်။ လာလေ..လာလေ..အတူကစားကြမယ်။ ပျော်ပါးကြမယ်။ ကကြမယ်တဲ့'

'အို..မဟုတ်ဘူး။ ခါတိုင်းလိုပဲ ဟဲဟဲ ဝေါဝေါနဲ့ မကောင်းဆိုးဝါး ခေါ်သံကြီးမျိုးပဲ ငါတော့ ကြားရတယ်'

ကိုထွန်းကြည်က သူကြားသည်နှင့် မတူဟု ဆိုနေသော သူ့ရှေ့က ချစ်သူနှစ်ယောက်ကို စိုက်ကြည့်မိသည်။ မောင်ဖေသန်းနှင့် သန်းသန်းဝေတို့ နှစ်ယောက်ကတော့



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ကိုတစ်ယောက် ငေးမောတွေဝေစွာ ကြည့်နေကြသည်။

'မောင်'

'ဘာလဲ ချစ်လေးရယ်'

'မောင်နဲ့ ဒီဘဝ မပေါင်းရမယ့်အတူတူ နောင်ဘဝမှာမှ မခွဲတမ်းပေါင်းကြဖို့ ယောဟိုက ခေါ်သံပေးနေတဲ့ ချင်းတွင်းမြစ်ကြီးရဲ့ ကျောက်ဆောင်ထိပ်က ဝဲကြီးထဲကို အတူဆင်းသွားကြမယ်'

'ကောင်းတယ်။ ခေါ်သံတွေ ကျယ်လာပြီ၊ နီးလာပြီ။ သွားကြရအောင်'

'ဒေါက်ဒေါက်ဒေါက်··ဒုန်းဒုန်းဒုန်း'

ထိုစဉ် တန်းလျားအဝင်တံခါးကို အပြင်မှ တဝုန်းဝုန်း ရိုက်ထုသံ ထွက်လာသည်။

'ဟော့··ထွန်းကြည်၊ တံခါးဖွင့်။ မင်းအိမ်မှာ ငါ့နှမနဲ့ ဟိုကောင် ရောက်နေတယ်လို့ သိရတယ်'

'ဟော··မောင်၊ အစ်ကိုကြီးတို့ လာကုန်ပြီ'

'ဟုတ်တယ်။ နောက်ပေါက်ကနေ ပြေးကြစို့။ အမှောင်ရိပ်ကနေ လမ်းဖြတ်ကူးပြီး တာရိုးပေါ်တက်ရင် ကျောက်ဆောင်ထိပ်က ဝဲကြီးဆီ တန်းရောက်မယ်။ တို့ အတူ ဝဲထဲ ခုန်ဆင်းကြစို့'

ပြောပြော်ဆိုဆို မောင်ဖေသန်းက သန်းသန်းဝေကို ထ၍ လက်မောင်းလေးဆွဲပြီး ပွင့်နေသော မီးဖိုချောင်တံခါးမှ အမှောင်ထဲ ပြေးထွက်သွားကြသည်။ ပြေးသွားသူများကို ကြောင်ကြည့်နေသော အိမ်ရှင် ကိုထွန်းကြည်က တဝုန်းဝုန်းထုနေသော တံခါးကို ခပ်ဖြည်းဖြည်း ဖွင့်ပေးလိုက်သည်။

'ဘယ်မှာတုန်း ငါ့နှမ'

'မရှိဘူးခင်ဗျ'

'ဘာမရှိဘူးလဲ။ ခုန စကားပြောသံ ကြားတယ်။ ငါ့ညီမအသံပဲ မဟုတ်လား'

ထိုစဉ် အိမ်ရှေ့မှ ကိုတိုးဝေ ခေါ်လာသည့် လူ(၆) ယောက်အနက် မဝင်ဘဲ ကျန်နေသည့် နှစ်ယောက်က အော်သည်။

'ဟိုမှာ··ဟိုမှာ။ နှစ်ယောက် ပြေးသွားကြပြီ'

သို့ဖြင့် ကိုတိုးဝေတို့ မဆိုင်းမတွ အိမ်ထဲကထွက်၍ ပြေးလိုက်ကြသည်။ သူတို့ ကမ်းနားလမ်း ဤမှာဘက်ဘေးအရောက် သန်းသန်းဝေနှင့် မောင်ဖေသန်းတို့ တာရိုးပေါ် ရောက်နှင့်ကြပြီ။

'ဟိတ်··ဟေ့၊ ညီမလေး၊ ရပ်··ရပ်··ရေထဲ ခုန်မချနဲ့'

'ဝရုန်း··ဝုန်းဝုန်း'

သန်းသန်းဝေနှင့် မောင်ဖေသန်းတို့ တစ်ယောက်လက်တစ်ယောက် မြဲမြဲဆုပ်ကာ ကျောက်ဆောင်ဆိပ်ဝဲထဲသို့ ခုန်ချသွားကြလေသည်။

'ဟဲ့··ဟဲ့··လုပ်ပါဦး။ ကယ်ကြပါဦး'

ကိုတိုးဝေ သံကုန်ဟစ်နေသည်။ ကမ်းစပ်ရောက်သွားကြသောအခါ မှောင်ရီဝိုးဝါး၌ ဝဲကြီးက တဟဲဟဲ မြည်ကာ လည်ပတ်နေသည်ကိုသာ မြင်ကြရသည်။ ဝဲစုပ်သွား၍ဖြစ်မည်။ ဟိုနှစ်ယောက်ကို လရောင်မပီတပီ၏ ရေလှိုင်းရိပ်က ဖုံးလွှမ်းထားလိုက်လေတော့သည်။

ထိုဇာတ်လမ်းသည် ထိုခေတ်က မုံရွာမြို့သူမြို့သားများ၏ ပါးစပ်ဖျားဝယ် စုတ်တသပ်သပ်နှင့် မျက်ရည်လည်စွာ ပြောဆိုသံများ ညံနေခဲ့သည်။

ကျောက်ဆောင်ဆိပ်ဝဲကြီးသည် ချင်းတွင်းမြစ်ရေကြီးတိုင်း ပေါ်လာသည်။ ထိုအချိန်မှစ၍ ခေတ်အဆက်ဆက် ထိုဝဲကြီးကို မောင်နှံနှစ်ဖော်ဝဲဟု ခေါ်သည်။ ထိုဝဲမြည်သံကို ခေါ်သံဟု ဆိုကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com

ခေါ်သံနှင့်ပတ်သက်၍ ဝိဝါဒကွဲခဲ့သည်။ လူစားမည့်အခါ ထွက်ပေါ်သည့် ခေါ်သံကို မိစ္ဆာခေါ်သံ မကောင်းဆိုးဝါးခေါ်သံဟု မသက်ဆိုင်သူတို့က ဆို၏။ သက်ဆိုင်သူတို့ကမူ ထိုခေါ်သံကို လာပါ‥လာပါ၊ လာကြ‥လာကြ အတူစားကြမယ်ဟူ၍လည်းကောင်း၊ လာလေ‥လာလေ အတူကစားကြမယ်၊ ပျော်ပါးကြမယ်၊ ကကြမယ်ဟူ၍လည်းကောင်း လူခေါ်သံမျိုး ကြားကြရသည်ဟူ၏။ မြစ်ရေကြီးစဉ် ရေနစ်သေသူအချို့ မသေခင် ပြောသွားကြသော စကားများကို ပတ်သက်သူများ ကြားသိရာမှ တစ်ဆင့်ပြန်ပြောခြင်းဖြင့် ဤသို့ သိကြရသည်။

ဤသို့ ရေစီးသံ၊ ဝဲလှည့်သံ၊ လှိုင်းခတ်သံတို့ကို တဝေါဝေါ တဟဲဟဲ မြည်သံဖြစ်ပါလျက် လူခေါ်သံဟု ပြောသွားကြပုံကို ယုတ္တိမရှိဟု ခေတ်ပညာတတ်များက ငြင်းကြသည်။ လောကဓာတ်ပညာထက် ဆန်းကြယ်သော လောကီပညာကို သိသူများကမူ ငြင်းချက်ထုတ်မည် မထင်။ ဝိဇ္ဇာပညာရပ်နှင့် စိတ်ပညာရှုထောင့်၊ အနုပညာရှုထောင့်၊ ပြင်းပြသော ခံစားချက်ရှုထောင့်မှ သိမြင်တတ်သူများကတော့ ဝဲခေါ်သံသည် လူခေါ်သံအဖြစ် ကြားနိုင်ကြောင်း ယုံကြည်သည်။

ထိုခေတ်က ထိုခေါ်သံနှင့်ပတ်သက်၍ မုံရွာမြို့တွင် အငြင်းပွားရာ လယ်ပိုင်ရှင် မြို့မျက်နှာဖုံး သူဌေးကြီး ဦးဖိုးရှိက ရှင်းပြခဲ့သည်။

'မယုံမရှိနဲ့။ ရေစီးသံ တဝေါဝေါကလည်း လူခေါ်သံတွေ ဖြစ်နိုင်တယ်။ စက်မောင်းသံ တဒုန်းဒုန်းကလည်း ကိုယ်စွဲလမ်းတဲ့ အသံတွေအဖြစ် ကြားနိုင်တယ်။ ဆည်းလည်းသံ ထလွင်လွင်ကလည်း ကိုယ့်နားထဲစွဲနေတဲ့ ဆူညံသံအဖြစ် ပြောင်းလဲ ကြားယောင်နိုင်တယ်။ ကျုပ်ကိုယ်တွေ့ ကြားဖူးကြမှာပါ။ ကျုပ်တို့ သာစည်က မဟာစေတီလှဘုရားကြီးမှာ ဝါဆိုလပြည့်နေ့ ဘုရားပွဲတော် ကျင်းပတိုင်း ကျုပ်က တစ်နယ်လုံးရှိ ကျေးရွာတွေရဲ့ ဒိုးပတ်ပြိုင်ပွဲကို တာဝန်ယူ ကျင်းပပေးတယ်။ အနည်းဆုံး ကျေးရွာ (၃၀)က ဒိုးပတ်ဝိုင်း(၃၀) ဝင်ရောက်ယှဉ်ပြိုင်နေကျ။ ငါးရက်တိုင်တိုင် ကျင်းပပြီး ပထမဆုကို ရွှေတစ်ဆယ်သားဝယ်နိုင်တဲ့ ကျပ်ငွေဆုချခဲ့တယ်။ ကျုပ်က အဓိကဒိုင်ပေါ့။ တစ်နေ့လုံး ပြိုင်ပွဲဝင် ဒိုးပတ်သံ၊ သံချပ်သံတွေကို ခံစားနားထောင်ခဲ့တာ ငါးရက်ကြာတယ်။ ပွဲပြီးတဲ့တိုင် ငါးရက်လုံးလုံး ကျုပ်နားထဲမှာ အဲဒီဒိုးပတ်သံချပ်သံတွေ ကြားနေရတယ်။ ကြားပုံက တိုက်ရှေ့က လှည်းတရျောင်းရျောင်း ဖြတ်မောင်းသွားတဲ့ အသံကိုလည်း ဒိုးပတ်သံလို့ ကြားတယ်။ မိုးရွာချသံကိုလည်း ဒိုးပတ်သံလို့ ကြားတယ်။ ကျုပ်က တချို့ညဆို မြင်းဖြူစီးပြီး ရွာတွေကို လိုက်ပတ်ခဲ့တာ ကြားဖူးကြမှာပါ။ အဲဒီလို မြင်းစီးသွားလို့ မြင်းခွာသံ ထွက်လာရင်လည်း ဒိုးပတ်သံလို့ပဲ ကြားတယ်ဗျ။ ဟား‥ဟား‥တကယ်ဖြစ်ခဲ့တာ'

ထိုအခါ လူငယ်ပိုင်းအရွယ်သာရှိသေးသော နောင်အခါ ဂီတစာဆို ဦးလေးခန့်လို့ နာမည်ကြီးလာမယ့် ကိုလေးခန့်ကလည်း ဝင်ပြောသည်။

'ဟုတ်ပါ့ဗျာ။ ကျွန်တော်လေ ပြဇာတ်တိုက်ဖို့ သီချင်းစပ်တယ်။ တေးသွားကို ဂီတာနဲ့ သံစဉ်ယူ ဆိုကြည့်လိုက်၊ ရေးစပ်လိုက်နဲ့ နေ့ရောညပါ သုံး,လေးရက်လုပ်ရတယ်။ တချို့သီချင်းဆို တစ်ပတ်,ဆယ်ရက် ကြာတယ်'

'ဘာလဲ၊ ရွှေမန်းမာလာသီချင်း ရေးစပ်တုန်းကလား'

'ဟုတ်ပါ့ဗျာ။ အဲဒီတုန်းက ဆယ်ရက်တောင် ကြာသွားတယ်။ သီချင်းလည်း စပ်ပြီးရော ဘာပြောကောင်းမလဲ ဟိုအကျ်ခြံက နွားကြီး ဘွတ်အဲနဲ့အော်တဲ့ အသံကို ဝေဆာမြူးလို့လွင်ဆိုတဲ့ တေးသွားနဲ့ ဂီတာသံလို့ ကြားနေတယ်။ ဒီဘက်ခြံက ကြက်ဖကြီးက တွန်လိုက်တယ်။ အောက်အီးအီးအွတ်လို့ မကြားဘူး။ ရှုမငြီးအောင်ပင်ဆိုတဲ့ တေးသံနဲ့ ဂီတသံစဉ်ပဲ ကြားလိုက်တယ်။ အေးဗျာ-- ခပ်ဝေးဝေးက ပန်းတဉ်းဆရာ ဦးဘမောင် ဘုရားထီးလုပ်ဖို့ နေနေတဲ့အသံကိုတောင် ဖြူဖြူပြာပြာ နီနီဝါဝါ ဝေဆာ မြူးလို့လွင်လို့သာ ကြားနေခဲ့တယ်။ အငြိမ့်သားမှိန်းပြီး နားထောင်နေမိတာပဲ'

မှန်ပါသည်။ ဤသို့လျှင် အစွဲရှိသူများ ကပ်ငြိရာ အစွဲနောက်သာ ပါလေ့ရှိသည်။

ထို့ကြောင့် မြစ်ကြီး၏ ဝဲဂယက်နှင့် စီးသံလှိုင်းသံသည် လူစားတော့မည့်အခါ ဖြစ်ပေါ်လာသည့် ခေါ်သံတို့ကြမ္မာငင်မည့်သူများအဖို့ မြစ်ရေထဲ ဆင်းသေဖြစ်အောင် လာပါ၊ လာပါ ခေါ်နေသလား ထင်ကြခြင်းမှာ ဆန်းကြယ်သော တကယ့်ဖြစ်ရပ်ပါပေသည်။

အောင်မြိုသွား



www.burmeseclassic.com

www.burmeseclassic.com




တိုင်းရင်းဆေးအမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တ၁၀၀၀၁ (တိုင်း)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တ၁၀၀၀၀ (တနယ်စည်း) ၁၃၀/၀၁၀၀၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဝိတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါ်ဒ်မခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော မိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး၊ ဝမ်း၊ လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျှော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်ပို့၊ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

မုံရွာမြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ ... မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

အင်္ဂလိပ် - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၅၂/၅၈၆ ယမကင်းလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၇၊ ၀၉-၅၁၃-...

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၀၇)၊ ၆၉၀၀၅၁ လိုင်းခွဲ (၄၅၅)

www.burmeseclassic.com



# အေးမောင်မောင်ဆန်း

## ဂမ္ဘီရဆရာကျော်နှင့် သစ္စာမြှတ်ချစ်

ဂမ္ဘီရဆရာကျော် ဓာတ်ခန်းနှင့် ဟောခန်း ဖွင့်ထားရာ တိုက်ခန်းသို့ အရစ်မနိမ့်မမြင့်၊ အသားလတ်လတ်၊ ရုပ်အသင့်အတင့် သပ်ရပ်စွာ ဝတ်ဆင်ထားသော အသက်(၃၀)ကျော် လူငယ်တစ်ဦး ဝင်ရောက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com

၏။ ထို့နောက် လူငယ်သည် ဂမ္ဘီရဆရာကျော်ထံ အကြား အမြင် မေးရန်အတွက် စောင့်ဆိုင်းနေကြသူများထံသို့ တစ်ချက်ဝေ့ကြည့်လိုက်သည်။ ဂမ္ဘီရဆရာကျော်မှာမူ အလူ မီနီယမ်နှင့် အခန်းဖွဲ့ပြီး မှန်အနက်များ တပ်ဆင်ထားသော လေအေးစက် ပေးထားသည့် အတွင်းခန်းထဲတွင်ထိုင်၍ သူ့ထံ လာကြသော ဧည့်သည်များ၏ ရှေ့ဖြစ် နောက်ဖြစ် အကောင်း၊ အဆိုးနှင့် ဆောင်ရန်၊ ရှောင်ရန်တို့ကို ဟော ပြောပေးနေ၏။

အခန်းအပြင်ဘက်တံခါးဝတွင် ဆရာကျော်၏တပည့် အသက်(၃၀)ခန့် လူငယ်တစ်ဦးက စောင့်၍ ဧည့်သည်များ ကို ခေါ်ဆောင်ကာ အခန်းအတွင်းသို့ အလှည့်ကျ အသွင်း အထုတ် ပြုလုပ်ပေးနေလေသည်။

စောစောက ဝင်လာသူသည် အခန်းဝရှိ ဆရာကျော် ၏ တပည့်ထံသို့ အသာလျှောက်သွားရာ ထိုလူငယ်က–

'ဘာအကူအညီပေးရမလဲခင်ဗျာ'

'ဆရာကျော်နဲ့ တွေ့ချင်လို့ပါ'

'ဆရာကြီးနဲ့တွေ့ဖို့ တိုကင်ယူထားလား'

ဆရာကျော်နှင့် တွေ့လိုလျှင် ဦးစွာ တိုကင်ယူထား ရ၏။ ဆရာကျော်မှာ တစ်နေ့လျှင် လူ(၉၀)သာ လက်ခံ တွေ့ဆုံ၏။ ဤသည်မှာလည်း သူ့အထက်ပုဂ္ဂိုလ်တို့၏ အမိန့်အတိုင်း လက်ခံခြင်းဖြစ်သည်ဟု သူ့တပည့်အချို့က ဆိုကြ၏။ ယခုလည်း နောက်နှစ်ရက်အထိ တိုကင်ယူ ထားသူများရှိသဖြင့် တိုကင်ကုန်နေပြီ ဖြစ်၏။

ဆရာကျော်တပည့် အမေးကြောင့် ဧည့်သည်လူငယ် မှာ မျက်ခုံးနှစ်ဖက် အပေါ်သို့ မြင့်တက်သွားပြီးနောက် ပြုံး၍ ခေါင်းကို ဖြည်းညင်းစွာ ခါပြ၏။

ထို့ကြောင့် ဆရာကျော်၏ တပည့်က–

'ဆရာကြီးနဲ့တွေ့ပြီး ဆွေးနွေးချင်ရင်၊ အကြံဉာဏ် တောင်းချင်ရင် တိုကင်ကြိုယူထားဖို့လိုမယ် အစ်ကို'

'ကျွန်တော်က ခင်ဗျားတို့ ဆရာကြီးဆီက အကြံ ဉာဏ်တောင်းချင်လို့ လာတာမဟုတ်ပါဘူး။ သူ့ဘဝရှေ့ ရေး ကောင်းသွားအောင် သတိပေး အကြံပေးချင်လို့ လာ ခဲ့တာပါ'

'ဘာဗျ'

ဧည့်သည်လူငယ်၏ စကားကြောင့် ဂမ္ဘီရဆရာကျော် ၏ တပည့်မှာ အနည်းငယ် စိတ်ထွက်သွားပုံရ၏။ စိတ် ထွက်မည်ဆိုလည်း ထွက်စရာပင်။ ဂမ္ဘီရဆရာကျော်ဆို သည်မှာ နိုင်ငံအဝှမ်း ကျော်ကြားသည့် ထိပ်တန်းအကြား အမြင်ဆရာ၊ ဂမ္ဘီရဆရာကြီးများ စာရင်းဝင်ထဲမှ တစ်ဦး ပင်ဖြစ်သည်။ သူ ကူညီဟောပြောလိုက်သဖြင့် အနာရောဂါစွဲကပ်၍ အိပ်ရာထဲ လဲနေသူများ ထူထူထောင်ထောင် ဖြစ်လာ၏။ အချို့မှာ လုံးဝ ရောဂါသက်သာ ပျောက်ကင်း သွား၏။ အသက်အန္တရာယ် တွေ့နိုင်သူတို့ကို မသွားသင့် သည့်ခရီး မသွားရန်၊ မလုပ်သင့်သည့်အလုပ် မလုပ်ရန် တားဆီးခြင်းဖြင့် ကယ်နိုင်ခဲ့သည့် အဖြစ်များ ရှိခဲ့ဖူး၏။ စီးပွားရေးကျသူများ စီးပွားတက်ရန်၊ စီးပွားတက်သူများ ပို၍စီးပွားရေးကောင်းရန် အစရှိသည့် ကိစ္စအဝဝကို အကြံ ဉာဏ်ပေး လမ်းညွှန်ခဲ့ရာ အောင်မြင်ခဲ့သဖြင့် တဖြည်း ဖြည်း လူသိများကာ တိုင်းကျော်ပြည်ကျော် ဆရာတစ်ဦး ဖြစ်လာခဲ့သည်။

ထိုသို့ နာမည်ကျော် ဆရာကြီးတစ်ဦးကို သူ့သား အရွယ် လူငယ်တစ်ဦးမှ သူ့ဘဝရှေ့ရေး ကောင်းသွား အောင် သတိပေးချင်၍၊ အကြံပေးချင်၍ လာခဲ့သည်ဆို ခြင်းမှာ နားထောင်၍မကောင်း၊ လက်ခံနိုင်စရာမရှိ။

'နေပါဦး၊ ခင်ဗျားက ဘယ်သူလဲ'

ဆရာကျော်၏ တပည့်ဖြစ်သူက လေသံမာမာဖြင့် မေးလိုက်၏။

'ကျုပ်နာမည်က မြတ်ချစ်။ သစ္စာမြတ်ချစ် ဆိုပါ တော့'

'တွေ့ချင်တဲ့ ကိစ္စက'

'ဒီမှာ ကိုယ့်ညီ၊ စောစောက မင်းကို ပြောပြီးပြီလေ'

'မဖြစ်နိုင်တာဗျာ။ ခင်ဗျား လာနှောင့်ယှက်နေတာ တော့ မဟုတ်ပါဘူးနော်'

'ငါ့ဘဝမှာ လူမှန်း သိတတ်ကတည်းက ဘယ်သူ့ကို မှ အနှောင့်အယှက်မပေးခဲ့ဘူး။ အနှောင့်အယှက်ပေးသလို ဖြစ်ခဲ့ရင် တောင်းပန်ပါတယ်။ မင်းဆရာကြီးကိုသာ ငါ ပြောတဲ့အတိုင်း သွားပြောပေးပါ။ သူ ငါ့ကို လက်ခံတွေ့ ပါလိမ့်မယ်'

'ကောင်းပြီလေ။ ဒါဆိုလည်း ကျွန်တော်ပြောကြည့် ပေးမယ်။ လောလောဆယ်တော့ အထဲမှာ ဧည့်သည်ရှိနေ သေးတယ်။ ဒီတစ်ယောက် ထွက်သွားရင် သွားပြောပေး မယ်။ ခင်ဗျား ရှေ့မှာ ထိုင်စောင့်နေပါ'

www.burmeseclassic.com

www.burmeseclassic.com

'ကျေးဇူးပါပဲ'

ဧည့်သည်လူငယ်မှာ ဆရာကျော်နှင့် တွေ့ဆုံအကြံဉာဏ်တောင်းလိုသူများနှင့် ရောနှောကာ ခုံအလွတ်တစ်ခုတွင် ထိုင်၍ စောင့်နေလိုက်၏။

ခဏကြာသောအခါ အခန်းတွင်းမှ ဧည့်သည်အမျိုးသမီးနှစ်ဦး ထွက်သွားသောအခါ ဆရာကျော်၏ တပည့်ဖြစ်သူက သစ္စာမြတ်ချစ် ဆိုသူထံသို့ လာပြီး 'အထဲဝင်လို့ ရပါပြီ' ဟု ဆိုကာ လာခေါ်လေသည်။

အခန်းထဲရောက်သည်နှင့် ဂမ္ဘီရဆရာကျော်ကို သစ္စာမြတ်ချစ် ဆိုသည့် လူငယ်က အကဲခတ်ကြည့်မိသည်။ အသက်(၆၀)ဝန်းကျင်ခန့်၊ အသားလတ်လတ်၊ မျက်လုံးမျက်ခုံးကောင်း၍ ကြံ့ခိုင်သောမေးရိုးနှင့် ဥပမိရုပ်ကောင်းသူဖြစ်သည်။ မျက်နှာဖုံးစံနှင့် လိုက်ဖက်အောင် ဆံပင်ကိုသပ်သပ်ရပ်ရပ် ဆီလိမ်း၍ ဖြီးထား၏။ ဆံပင်မှာမူ ဆေးဆိုးထားပုံရ၏။ ဂမ္ဘီရဆရာကျော် ကုလားထိုင် တစ်လုံးတွင် ထိုင်နေပြီး သူ့ရှေ့တွင် ကျွန်းစားပွဲတစ်လုံးနှင့် စားပွဲရှေ့တွင် ဧည့်သည်များ ထိုင်ရန်အတွက် ကုလားထိုင်(၄)လုံး ချထား၏။

ဂမ္ဘီရဆရာကျော်က သူ့ကို စားပွဲရှေ့ရှိခုံတွင်ထိုင်ရန် လက်ဆန့်တန်း၍ ညွှန်ပြပြီး-

'ထိုင်ပါ'

'ဟုတ်ကဲ့'

'ကဲ..ပြောပါဦး ကိစ္စက'

'စိတ်မခုဘူးဆိုရင် အန်ကယ်ရဲ့ မကြာခင်မှာ ဖြစ်လာမယ့် အနာဂတ်ကို အသိပေးတဲ့အနေနဲ့ရော သတိပေးတဲ့အနေနဲ့ပါ ပြောပြချင်ပါတယ်'

ပထမ သစ္စာမြတ်ချစ် တွေ့ဆုံလိုကြောင်း တပည့်ဖြစ်သူမှ သူ့အား ပြောပြစဉ်အခါကတည်းက ဂမ္ဘီရဆရာကျော် အနည်းငယ် စိတ်ခုသွားခဲ့သည်။ ယခု သစ္စာမြတ်ချစ်နှင့် ကိုယ်တိုင်တွေ့ဆုံရသောအခါ ပို၍စိတ်တိုစရာ ဖြစ်လာသလို နားကလောမိ၏။ အကြောင်းမှာ မိမိအား လူအများမှ ဆရာ၊ ဆရာကြီးဟု တလေးတစား ခေါ်ကြရာတွင် ယခု ထိုလူငယ်က အန်ကယ်ဟု ခေါ်ဆိုခြင်းနှင့် မိမိလို ရှေ့ဖြစ် နောက်ဖြစ် ကိစ္စများကို ဟောပြောအကြံပေးနေသော ပုဂ္ဂိုလ်တစ်ဦးကို မိမိတူအရွယ်၊ သားအရွယ်ရှိသော လူငယ်မှ မိမိအနာဂတ်ကို သတိပေး ဟောပြောပေးချင်ပါသည်ဟု ပြောလာခြင်းမှာ မိကျောင်းမင်း ရေခင်းပြသလို ဖြစ်နေသည်ဟု တွေးမိ၍ဖြစ်သည်။ ထို့ကြောင့် ဂမ္ဘီရဆရာကျော် ပြုံးလိုက်မိ၏။ ထိုအပြုံးက သရော်ပြုံး။

သရော်ပြုံးကို သတိထားမိသည့် သစ္စာမြတ်ချစ်က-

'သူတစ်ပါးရဲ့ ရောဂါဝေဒနာကို ကုသပေးနေတဲ့ ဆေးဆရာကိုယ်တိုင်လည်း တစ်ခါတစ်ရံတော့ သူတို့ကိုယ်တိုင် ရောဂါဝေဒနာ ခံစားရတတ်ပါတယ်။ အဲဒီအခါ သူ့ ရောဂါကို သူကိုယ်တိုင် မြန်မြန်ဆန်ဆန် ပျောက်ကင်းအောင် မကုနိုင်ခဲ့ရင်၊ ဒါမှမဟုတ် သူ မသိတဲ့ သူ မကုဖူးတဲ့ ရောဂါတစ်ခုခုဖြစ်ရင် သူ့ထက် အဲဒီရောဂါ အကြောင်းကို ပိုသိ ပိုတတ်တဲ့ ဆရာတစ်ဦးဦးဆီမှာ အကုအသခံရမှာပါပဲ။ လောကီပညာဆိုတာ လူတစ်ဦးတစ်ယောက်တည်းသာသိတဲ့ ပညာမျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ တတ်သိသူတိုင်းလည်း ဒီပညာနဲ့ အသက်မမွေးကြပါဘူး။ ဒီပညာနဲ့ အသက်မွေးလည်း လူတိုင်း အန်ကယ့်လို အောင်မြင်ချင်မှ အောင်မြင်မှာပါ။ ဒါကြောင့် ဘယ်သူ့ကိုမှ လျှော့လျှော့ပေါ့ပေါ့ တွက်ဆလို့ မရနိုင်ပါဘူး အန်ကယ်'

'ကောင်းပါပြီဗျာ။ ဒါဆိုရင် ကျုပ်ရဲ့ အနာဂတ်ကို ဟောပါဦး'

ဂမ္ဘီရဆရာကျော် ခပ်ပေါ့ပေါ့လေး ပြောလိုက်၏။

'ဒီနေ့ကစပြီး ရက်ပေါင်း(၈၀)အတွင်းမှာ အန်ကယ့်အတွက် ဆိုးဝါးတဲ့ ကုသိုလ်ကံတွေ အကျိုးပေးလာတော့မယ်။ ပထမဆုံး အန်ကယ့်သားနဲ့ ပတ်သက်ပြီး စိတ်သောကဖြစ်ရမယ်။ အမှုအခင်းဖြစ်မယ်။ ငွေကုန်မယ်။ သူတစ်ပါးထံမှာ ရှေ့မျက်နှာနောက်ထား အောက်ကျ နောက်ကျ တောင်းပန်ရလိမ့်မယ်။ ဒုတိယက အန်ကယ့်သမီးကိစ္စပါ။ နားနဲ့မနာ ဖဝါးနဲ့နာ၊ အန်ကယ့်သမီးဟာ အန်ကယ်တို့ သဘောမတူနိုင်တဲ့ လူတစ်ယောက်နဲ့ လိုက်သွားပါလိမ့်မယ်။ ဒီအခါမှာ အန်ကယ်တို့ မိသားစုက သူ့ကို စိတ်နာနာနဲ့ နောင်ကြဉ်အောင် ပစ်ထားပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီအခါမှာ သမီးကို ပြန်သိမ်းပြီး သူတို့နှစ်ယောက်ကို ကြည့်ရှုစောင့်ရှောက် မြေတောင်မြှောက်ပေးလိုက်ရင်တော့ အကောင်းဆုံးပါ။ တတိယအနေနဲ့ အန်ကယ့်ဇနီးဟာ သားသမီးစိတ်ကြောင့် စိတ်မချမ်းသာဖြစ်လာရာကနေ မူလကျန်းမာရေးလည်း မကောင်းတော့



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် စိတ်ထောင်းကိုယ်ကြေဆိုသလို ဖြစ်ပြီးတော့ ဆေးရုံတက် ခွဲစိတ်ကုသရပါလိမ့်မယ်။ ဒါကြောင့် သူ့အတွက်လည်း အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းနဲ့ စိတ်မချမ်းမသာ ဖြစ်ကြရမှာပါ။

အဲဒီနောက်တော့ အန်ကယ်ကိုယ်တိုင်လည်း မိသားစုအတွက် စိတ်ပင်ပန်း လူပင်ပန်းတွေဖြစ်၊ အချိန်တွေ သူတို့အတွက် ပေးလိုက်ရတော့ ဘာသာရေးဘက်မှာ အခုလို အချိန်မပေးနိုင်တော့ဘူး။ နောက် အန်ကယ် အားထုတ်တော့လည်း သောကဗျာပါဒတွေကြောင့် သမာဓိအားမကောင်းတော့ဘူး။ သမာဓိအား မကောင်းတော့ အကျိုးဆက်က အန်ကယ့်ရဲ့ ဟောပြောချက်တွေ လွဲမှားလာမယ်။ ဒီတော့ အန်ကယ့်ရဲ့ ယတြာအဆောင် အစီအမံ စတာတွေဟာလည်း အရင်လို အစွမ်းမထက်နိုင်တော့ပါဘူး။ ဒီတစ်ခါမှာတော့ အန်ကယ့်မှာ ပရိသတ်နည်းပါးလာပြီး နာမည်ကျလာလိမ့်မယ်။ နာမည်ကျတော့ စီးပွားပါ ကျလာမယ်။ နောက်ဆုံးတော့ အန်ကယ်ကိုယ်တိုင် ဟောပြောတဲ့ လုပ်ငန်းကို စွန့်လွှတ်လာပါလိမ့်မယ်။

အန်ကယ်ဟာ ဟောခ၊ ပြောခကို တော်ရုံသင့်ရုံသာ ယူပေမယ့် အန်ကယ် ကူညီပေးလို့ ရာထူးတက်သွားသူတွေ၊ စီးပွားတက်သွားသူတွေ စတဲ့ လူတွေဟာ အန်ကယ့်ကို ရိုရိုသေသေ လေးလေးစားစားနဲ့ သူတော်ကောင်းတစ်ယောက်လို သဘောထားပြီး ကန်တော့ကြတာတွေဟာ အန်ကယ်ယူတဲ့ ဟောခ၊ ပြောခထက် အများကြီးပိုတယ်ဆိုတာ အန်ကယ်လည်း သိမှာပါ။

ဒါကို ကျွန်တော် ပြောပြတာဟာ ဝန်တိုစိတ်နဲ့ ပြောနေတာလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ အန်ကယ့်မိသားစုက ဒီငွေတွေကို သူတို့ ပျော်ဖို့ပါးဖို့အတွက် တလွဲနေရာတွေမှာ သုံးဖြုန်းကြတာတွေ ရှိပါတယ်။ ဒါတွေကို အန်ကယ် သိသင့်သလောက်သိခဲ့လို့ သူတို့ကို ဆုံးမခဲ့ပေမယ့် သူတို့ဟာ အန်ကယ် ဆယ်ခွန်းပြောရင် တစ်ခွန်းလောက်သာ နားဝင်ပြီး ပြန်မပြော နားမထောင်သူတွေလို့ပဲ ပြောရတော့မှာပါပဲ။ သူတစ်ပါး အိမ်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်တယ် ထင်ရင်လည်း ခွင့်လွှတ်ပါလို့ ပြောပါရစေ။

အန်ကယ့်မိသားစုရဲ့ အနာဂတ်အဆိုးတွေ ပျောက်သွားအောင်၊ ဇာတ်ဆိုးမှုတွေ ရောက်မလာအောင် အန်ကယ့်လို ယတြာတွေ၊ အစီအမံတွေ ကျွန်တော် လုပ်မပေးတတ်ပါဘူး။ ကျွန်တော်ဟာ ကယ်တင်ရှင် မဟုတ်လို့ သူတို့ဘဝတွေကိုလည်း ကျွန်တော် မကယ်နိုင်ပါဘူး။ ပြီးတော့ အားနာနာနဲ့ အမှန်အတိုင်းပြောရရင် ဒါတွေကို ကျွန်တော် မယုံကြည်ပါဘူး။ ကိုယ့်ဘဝကိုယ် ကောင်းအောင် ကိုယ်တိုင်ကြိုးစားအားထုတ်ရမှာပါ။ အန်ကယ့်မိသားစုရဲ့ ဘာသာရေးအပေါ် ယုံကြည်မှု၊ ကိုင်းရှိုင်းမှု ဘယ်လောက်ရှိတယ်ဆိုတာ အန်ကယ် အသိဆုံးဖြစ်မှာပါ။ အားကိုးရာအစစ်ဟာ ဘာလဲဆိုတာ အန်ကယ် အသိဆုံးဖြစ်မှာပါ။ အားကိုးရာအစစ်ဟာ ဘာလဲဆိုတာကို သူတို့သိအောင် အန်ကယ် သွန်သင်ပေးရမှာပါ။ ကိုယ့်ဘဝကိုယ် ကယ်တင်တဲ့ အလုပ်ဖြစ်တဲ့ ဝိပဿနာအလုပ်ကို အန်ကယ်ကိုယ်တိုင် ဦးဆောင်လမ်းပြအနေနဲ့ ကျင့်ကြံအားထုတ်စေချင်ပါတယ်။ အန်ကယ့်လို လောကီဉာဏ်ထက်တဲ့လူဟာ ဝိပဿနာတရား အားထုတ်ရင် မြန်မြန်ဆန်ဆန် အကျိုးရှိမယ်လို့ ထင်မိပါတယ်။

ကျွန်တော်ပြောချင်တာက ဒီလောက်ပါပဲ။ အန်ကယ် ယုံတာ၊ မယုံတာကတော့ အန်ကယ့်အပိုင်းပါပဲ။ ကျွန်တော် ပြောတဲ့ စကားထဲမှာ ပြောမှားဆိုမှားရှိခဲ့ရင် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ် အန်ကယ်'

သစ္စာမြတ်ချစ် စကားအဆုံး ဂမ္ဘီရဆရာကျော် အနည်းငယ် ငူငူငိုင်ငိုင်ဖြစ်သွားသည်။ သို့သော် လက်ခံဖို့ ခက်ခဲဟန်ရှိ၏။

'ဒါနဲ့ နေပါဦး၊ မောင်ရင့်နာမည်က ခပ်ဆန်းဆန်းပါ။ ဘယ်သူ'

'ကျွန်တော့်နာမည်ရင်းက မြတ်ချစ်အောင်ပါ။ အန်ကယ့်နာမည်ရှေ့မှာ အန်ကယ် ယုံကြည်သက်ဝင်တဲ့ ဂမ္ဘီရဆိုတာကို တပ်ထားတော့ ကျွန်တော်လည်း ကျွန်တော် ယုံကြည်ပြီး ကျင့်ကြံအားထုတ်နေတဲ့ သစ္စာလေးပါးတရားကို ကျွန်တော့်နာမည် ရှေ့မှာထားပြီး သစ္စာမြတ်ချစ်လို့ ပြောလိုက်တာပါ'

'ကဲ..ထားပါတော့ မောင်မြတ်ချစ်ရယ်၊ ကိုယ်သိချင်တာက မောင်ရင် ဒီအကြောင်းတွေကို ဘာဖြစ်လို့ ကိုယ့်ကို လာဟောပြောနေရတာလဲ'

'သံသရာမှာ အမျိုးမတော်ဖူးတဲ့လူဆိုတာ မရှိဘူးဆိုတဲ့စကား အန်ကယ် ကြားဖူးမှာပေါ့။ အန်ကယ်တို့

www.burmeseclassic.com

လောကစကားနဲ့ ပြောရရင် အန်ကယ်နဲ့ကျွန်တော် ပဋ္ဌာန်း ဆက်ရှိတယ်လို့ပဲ ဆိုကြပါစို့'

'အင်း..ဟုတ်ပါပြီလေ။ ဒါနဲ့ မင်းခွင့်ပြုမယ်ဆိုရင် မင်းရဲ့ ရှေ့ရေးကိုလည်း ကိုယ်ကြည့်ပေးချင်ပါသေးတယ်'

'ဟုတ်ကဲ့၊ ရပါတယ်ခင်ဗျာ'

သစ္စာမြတ်ချစ် ပြုံး၍ ဖြေလိုက်၏။

'နာမည်က မြတ်ချစ်အောင်။ ဘာနေ့သားလဲကွယ့်'

'ကြာသပတေးသားပါ။ မွေးသက္ကရာဇ်က'

'မလိုဘူး၊ မလိုဘူး။ ရပြီ'

ဂမ္ဘီရဆရာကျော်က သူ့စကားအဆုံး မျက်စိနှစ်လုံး ပိတ်၍ အာရုံခံလိုက်၏။

ထို့နောက် တစ်မိနစ်ခန့် ကြာသောအခါ-

'ဟင်..မောင်ရင်က သူများ အန္တရာယ်ဖြစ်မှာတွေ သာ ဟောပြောနေတာ မင်းကိုယ်တိုင်တော့ ခန္ဓာပျက် ကိန်း ကြုံနေပါရောလား'

သစ္စာမြတ်ချစ် ပြုံးသဖြင့် ဂမ္ဘီရဆရာကျော်က-

'ဘာလဲ၊ မောင်ရင်က ကျုပ်ပြောတာ မယုံလို့လား။ ကျုပ်အမြင်အတိုင်း ပြောရရင် သိပ်မကြာတော့ဘူး'

သစ္စာမြတ်ချစ်က သူ့ညာဘက်ဖဝါးကို ဂမ္ဘီရဆရာ ကျော်ကို ဖြန့်ပြပြီး ပြုံး၍-

'ဒီမှာကြည့်ပါဦး အန်ကယ်ရဲ့။ ကျွန်တော့်အသက် လမ်းကြောင်းက ကောင်းလိုက်တာမှ ဘာမှ အနှောင့် အယှက်မရှိ ထင်ထင်ရှားရှား ရှည်ရှည်လျားလျားကြီး'

'အို..ဒါတော့ ကိုယ်မသိဘူး။ လက္ခဏာပညာလည်း ကိုယ်နားမလည်ဘူး။ ကိုယ်မြင်တာ ကိုယ်ဟောတာ။ မောင်ရင် ယုံချင်ယုံ မယုံချင်နေ'

ဂမ္ဘီရဆရာကျော်၏ စကားအဆုံး သစ္စာမြတ်ချစ် ဟက်ဟက်ပက်ပက် အသံထွက်အောင် ရယ်လိုက်ပြီး-

'ဒါကြောင့်လည်း အန်ကယ်က ဂမ္ဘီရဆရာကျော်.. ဂမ္ဘီရဆရာကျော်ဆိုပြီး ကျော်ကြားနေတာကိုး။ မယုံလို့ မဟုတ်ပါဘူး အန်ကယ်ရဲ့။ အန်ကယ်ဟောတာ ယုံပါ တယ်။ အန်ကယ်ဟောတာ မှန်လည်း မှန်တော့မှာပါ'

'ဟင်..မောင်ရင်က ကြိုသိထားတာလား။ အေး လေ..သူတစ်ပါး အကြောင်းတောင် ပြောနိုင်နေမှတော့ ကိုယ့်အကြောင်းလည်း ကိုယ်သိမှာပေါ့'

'ကျွန်တော့်အကြောင်း ကျွန်တော် အလုံးစုံတော့မသိ သေးပါဘူး။ သိဖို့ ကြိုးစားဆဲပါ'

'မောင်ရင်ပြောတဲ့ စကားတွေက အထူးအဆန်းတွေ ချည်းပဲ။ ကိုယ်တော့ ကောင်းကောင်းနားမရှင်းဘူး။ ထား ပါတော့လေ။ ပြောချင်တာ ဒါ မဟုတ်ဘူး။ မောင်ရင် အန္တရာယ်ကင်းအောင် ကိုယ်တတ်နိုင်တဲ့ပညာနဲ့ ဆောင် ရွက်ပေးပါရစေလား'

'ကျေးဇူးအများကြီးတင်ပါတယ် အန်ကယ်။ အများ ပြောသလို ပြောရရင် သေနေ့စေ့တဲ့အချိန် သေရမှာပေါ့။ ကျွန်တော်ကတော့ အဆိုးဆုံးကို မျှော်လင့်ပြီး အကောင်း ဆုံးကိုလည်း ပြင်ဆင်ထားပါတယ်'

'ဒါတော့ မောင်ရင့်သဘောပါလေ။ ကဲ..စကား ပြောလို့တော့ ကောင်းပါရဲ့။ အပြင်မှာ ဧည့်သည်တွေက လည်း စောင့်နေတာမို့ နောက်နောင် အေးအေးဆေးဆေး စကားပြောရအောင် ကိုယ့်အိမ်ကို လာခဲ့ပါလား။ ဒီမှာ ကိုယ့်ဖုန်းနံပါတ်နဲ့ လိပ်စာ'

ဂမ္ဘီရဆရာကျော်က သူ့လိပ်စာကတ်ပြားကို သစ္စာ မြတ်ချစ်အား အံဆွဲအတွင်းမှ ထုတ်၍ ပေးလိုက်၏။

'ဟုတ်ကဲ့ပါ အန်ကယ်၊ ရေစက်မကုန်သေးရင်တော့ တွေ့ကြရဦးမှာပေါ့'

'ဒါနဲ့ မောင်ရင့်ကို ဆက်သွယ်ချင်ရင်'

သစ္စာမြတ်ချစ် စာရွက်တစ်ရွက်တောင်း၍ သူ့လိပ် စာနှင့် ဖုန်းနံပါတ်ကို ဂမ္ဘီရဆရာကျော်အား ရေးပေး၍ နှုတ်ဆက်ကာ ပြန်သွားလေတော့သည်။

'ဒီလိုနဲ့ မောင်မြတ်ချစ်ပြန်သွားပြီး သုံးပတ်လောက် ပဲကြာမယ်။ ငါ့သားကြီး စည်သူကျော်ခေါင်နဲ့ သူငယ်ချင်း တွေဟာ နိုက်ကလပ်တစ်ခုမှာ တခြားလူငယ်အဖွဲ့နဲ့ ရန် စောင်နေကြပြီး သူတို့ အပြန်လမ်းမှာ တစ်ဖက်အုပ်စုက လိုက်လာကာ လမ်းမှာ ရန်ဖြစ်ကြတယ်။ နောက်တော့ တစ်ဖက်နဲ့တစ်ဖက် ရိုက်ကြနှက်ကြတော့ ဟိုဘက်က နှစ်ယောက် အတွင်းလူနာဖြစ်တယ်။ ငါ့သားနဲ့ သူငယ် ချင်း သုံးယောက် အချုပ်ကျတယ်။ ချုပ်ရက်ကြာတော့ အင်းစိန်အထိ ရောက်သွားတယ်။ တော်တော်နဲ့ အာမခံ မရဘူး။ ကျေအေးဖို့ တော်တော်အောက်ကျနောက်ကျ ခံရပြီး ငွေလည်း တော်တော်ကုန်သွားတယ်။ အဲဒီအချိန်မှ မောင်မြတ်ချစ်ပြောတာ သတိရပေမယ့် တိုက်ဆိုင်မှုလို့ပဲ မှတ်ယူခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

သိပ်မကြာခင်မှာပဲ မိဘ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေတာကို သနားရကောင်းမှန်းမသိတဲ့ သမီးဟာ ပညာလည်းမရှိ၊ ဥစ္စာလည်းမရှိ၊ အလုပ်လည်းမရှိတဲ့ကောင်နဲ့ ခိုးရာလိုက်ပြေးသွားခဲ့တယ်။ ကျုပ်တို့မိသားစုလည်း ခွေးထက်မိုက်တဲ့သမီးကို ကျောင်းမှန်းကန်မှန်းသိအောင် ပစ်ထားလိုက်တယ်။

အဲဒီအခါမှာတော့ မောင်မြတ်ချစ် ဟောခဲ့တာတွေ မှန်နေတယ်ဆိုတာ သိခဲ့ပြီလေ။ ဒါပေမဲ့ မှန်တဲ့အတိုင်း ပြောရရင် သူဟောပြောတာ မှန်တယ်ဆိုပြီး လက်မခံချင်ဘူး။ ကိုယ့်သားအရွယ်လောက် ကလေးတစ်ယောက်ဆီမှာ ကူညီပါဆိုပြီး အောက်ကျခံ အကူအညီ မတောင်းချင်ဘူး။ ကိုယ်လည်း ဆရာတစ်ဆူပဲဆိုတဲ့ မာနက ခံနေတယ်လေ။ ဒါကြောင့် ကိုယ့်မိန်းမအတွက် ကိုယ်တတ်တဲ့ပညာနဲ့ အကာအကွယ် အစီအရံတွေ လုပ်ပေးခဲ့တယ်။ ဒါပေမဲ့ အကုသိုလ်ဆိုတာ လာရင် အဖော်နဲ့ လာတယ်။ အလုံးအရင်းနဲ့ ဝင်လာတယ်ဆိုတဲ့ စကားအတိုင်းပဲ ငါ့မိန်းမဟာလည်း သားသမီးစိတ်ကြောင့် နဂိုကတည်းက အခံရှိတဲ့ နှလုံးရောဂါနဲ့ ဆေးရုံပေါ်ရောက် မောင်ချစ်မြတ် သတိပေးခဲ့တဲ့အတိုင်း ခွဲရစိတ်ရတော့မယ်တဲ့။ အသက်အန္တရာယ် နီးလာတာပေါ့ကွယ်။

ဒီတစ်ခါမှာတော့ ငါလည်း ရှေ့ဆက် ခေါင်းမမာနိုင်တော့ပါဘူး။ ငါ့ဇနီး အသက်ရှင်နိုင်ဖို့ မောင်မြတ်ချစ်ဆီက အကူအညီ အကြံဉာဏ်တောင်းမှ ဖြစ်တော့မယ်ဆိုပြီး သူပေးခဲ့တဲ့ ဖုန်းနံပါတ်ကို ဖုန်းဆက်ကြည့်မိတယ်။ ဒီတော့မှ ငါလည်း အတော်ကြီးကို အံ့သြတုန်လှုပ် ချောက်ချားပြီး ဝမ်းလည်းနည်းမိတယ်။ ဖုန်းလာကိုင်တဲ့ သူ့အမေက ပြောတယ်။ မောင်မြတ်ချစ် ဆုံးတာ သုံးပတ်လောက်ရှိပြီတဲ့။ အရင်တုန်းက ခန္ဓာပျက်ကိန်း ရှိတဲ့လူကို သတိပေး ဟောပြောခဲ့တာတွေ ရှိပါတယ်။ ဒါပေမဲ့ မောင်မြတ်ချစ်လို တဲ့တိုးဟောပြောခဲ့တာမျိုး မဟုတ်ဘူး။ ကာယကံရှင် စိတ်သောကဖြစ်မှာစိုးလို့ အရိပ်အမြွက်လောက်ပဲ သတိပေးပြီး အကာအကွယ် အစီအမံတွေ လုပ်ပေးခဲ့တယ်။ မောင်မြတ်ချစ်ကတော့ သူ့ကို ခန္ဓာပျက်ကိန်းမြင်တယ် ပြောတာတောင် မတုန်မလှုပ်နဲ့ သူသေမယ့်အချိန်ကို ကြိုသိနေပုံပဲ။ အစီအမံလုပ်ပေးပါရစေ ဆိုတာတောင် လက်မခံခဲ့ဘူးလေ။ တကယ့်အာဘသူငယ် တစ်ယောက်ပဲ။ ဖုန်းဆက်တော့ သူ့အမေက ဘာကိစ္စရှိလို့လဲ မေးတော့ ငါက အကြောင်းစုံ ပြောပြခဲ့တယ်။ သူ့အမေကလည်း ဒီအကြောင်း သူ မသိလို့ စိတ်ဝင်စားကြောင်းနဲ့ အေးအေးဆေးဆေး စကားပြောရအောင် အိမ်ကို လာခဲ့ပါလားလို့ ဖိတ်တာနဲ့ ငါလည်း ရောက်သွားခဲ့တယ်လေ'

ဂမ္ဘီရဆရာကျော်တစ်ဖြစ်လဲ ယောဂီဦးကျော်သည် လွန်ခဲ့သော(၁၀)နှစ်ကျော်က သူ့ဟောခန်း၊ သူ့ဓာတ်ခန်းသို့ ရောက်လာခဲ့သော လူထူးဆန်း သစ္စာမြတ်ချစ်ဆိုသော လူငယ်တစ်ယောက် အကြောင်းကို တပည့်ဖြစ်သူ ဦးအောင်မင်းအား ပြန်လည်ပြောပြနေ၏။

'ဆရာကြီး အဲဒီ ကိုမြတ်ချစ်တို့အိမ် ရောက်သွားတော့ သူ့အမေနဲ့ ဘာတွေပြောဖြစ်ကြသလဲ'

'အဲဒီတော့မှ မောင်မြတ်ချစ်ရဲ့အကြောင်း ပြည့်ပြည့်စုံစုံ သိရတော့တယ်။ တကယ်တော့ အရင်က မောင်မြတ်ချစ်ဟာ စက်မှုတက္ကသိုလ်ကျောင်းသား တစ်ယောက်ပဲကွယ့်။ (၁၉၈၈)ခုနှစ် ဒီမိုကရေစီတောင်းဆိုဆန္ဒပြပွဲမှာ အခြားတက္ကသိုလ်ကျောင်းသားတွေနဲ့အတူ ပါဝင်ခဲ့တယ်။ အဲဒီနောက် စစ်တပ်က အာဏာသိမ်းတဲ့အခါ အဖမ်းခံရမှာ စိုးတာနဲ့ ထိုင်း-မြန်မာနယ်စပ်ကို တိမ်းရှောင်သွားခဲ့တယ်။ အဲဒီနောက် တောထဲမှာရှိတဲ့ လူအချို့ကို သူ သဘောမတွေ့ခဲ့သလို လက်နက်ကိုင် လမ်းစဉ်ကိုလည်း မနှစ်သက်တာကြောင့် တောထဲကနေ ပြန်ထွက်လာခဲ့သတဲ့။ အဲဒီနောက် နယ်စပ်တစ်လျှောက်က ရွာတွေမှာ ခိုအောင်းဓာတ်မြုပ်နေခဲ့ပြန်တယ်။ အဲဒီမှာတင် သူ့ဘဝပြောင်းလဲဖို့ အကြောင်းဖန်လာတော့တယ်။

အဲဒါက တခြားမဟုတ်ပါဘူး။ တောရကျောင်း တစ်ကျောင်းမှာ သီတင်းသုံး တရားအားထုတ်နေတဲ့ ရဟန်းတစ်ပါးနဲ့ သူတွေ့ဆုံခဲ့တယ်။ အဲဒီရဟန်းကို တွေ့တော့ မောင်မြတ်ချစ်ဟာ သိပ်ကိုကြည်ညိုတာနဲ့ အဲဒီ ကျောင်းသင်္ခမ်းမှာပဲနေပြီး ဆရာတော်ကို ဝတ်ကြီးဝတ်ငယ် ပြုစုခဲ့တယ်။ နောက်တော့ ဆရာတော်ရဲ့ သွန်သင်ဆုံးမမှုနဲ့ ဝိပဿနာတရားကို စတင်အားထုတ်လာခဲ့တယ်။ ဒါတင်မကသေးဘဲ သူကိုယ်တိုင်လည်း သာသနာ့ဘောင် ဝင်ခဲ့တယ်။ မောင်မြတ်ချစ်ဟာ ရဟန်းဘဝနဲ့ (၁၁)ဝါတိုင်တိုင် ရခဲ့တယ်။ အဲဒီမှာ တရားအားထုတ်နေရင်းနဲ့ သူ့စိတ်ထဲမှာ ဖခင်ကြီး မရှိတော့ဘဲ မိခင်ကြီးလည်း ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com

မကောင်းဘူးဆိုတာ သိခဲ့ရတယ်ဆိုပြီး မိခင်ကြီးထံ ပြန်လာလိုစိတ်တွေ ဖြစ်ခဲ့တယ်။ တစ်ချိန်တည်းမှာပဲ သူတောထဲမှာနေစဉ် ရခဲ့တဲ့ ငှက်ဖျားရောဂါ ထလာခဲ့တယ်။ အဲဒီရောဂါနဲ့အတူ အစာအိမ်ရောဂါလည်း ဖြစ်လာတာကြောင့် ရဟန်း၀တ် လဲခဲ့တယ်။ နောက်ပိုင်း လက်နက်နဲ့ ငြိမ်းချမ်းရေးယူခဲ့တဲ့ခေတ်မှာ ပြန်၀င်လာခဲ့တယ်။ ခဏတစ်ဖြုတ်သာ ခေါ်ယူထိန်းသိမ်း စစ်ဆေးခံရပြီး ဥပဒေချိုးဖောက်ထားခြင်း မရှိတာကြောင့် မကြာခင် ပြန်လွှတ်လာခဲ့တယ်။ အဲဒီနောက် မိခင်ကြီးကို အနီးကပ်ပြုစုစောင့်ရှောက်ခဲ့တယ်။

သူတို့တစ်တွေဟာ မျိုးရိုးစဉ်ဆက် ချမ်းသာသူတွေပဲ။ ပြီးတော့ သူတို့သားအမိ နှစ်ယောက်ကို ဗိုလ်ချုပ်ဈေးမှာ ရတနာဆိုင်ဖွင့်ထားတဲ့ သူ့အစ်မ အပျိုကြီးက ရှာဖွေကျွေးမွေးခဲ့တယ်။ သူ့အလုပ်က သူ့အစ်မကြီးကို ဈေးထွက်ဖို့ အသွားအပြန် ကားမောင်းပို့ပေးရုံပဲ။ ဒါကြောင့် အိမ်မှာလည်း ကောင်းကောင်းတရားအားထုတ်နိုင်ခဲ့တယ်။ ဒါပေမဲ့ သူသေမယ့်အချိန်ကို သိတယ်ဆိုတာမျိုး ငါ့ကိုပြောသလို သူ့အမေကို အရိပ်အမြွက်တောင် မပြောခဲ့ဘူး။ စိတ်မကောင်းမှာစိုးလို့ ထင်ပါရဲ့။

မဆုံးခင် တစ်ရက်အလိုမှာ ဗိုက်အောင့်တယ်ဆိုတာကြောင့် သူ့အမေနဲ့ အစ်မကြီးက ဆေးခန်းကို သွားဖို့ခေါ်သွားတာကို မသွားဘဲ အလွန်ဆုံး ဗိုက်အောင့် နောက်တစ်ရက်ပေါ့ဆိုပြီး မသွားဘဲနေတာကြောင့် အိမ်ကို ဆရာ၀န်ပင့်ပြီးပြတော့ ဆရာ၀န်က ဆေးရုံတက်ခိုင်းတယ်တဲ့။ သူကလည်း မတက်ချင်ကြောင်းငြင်းပေမယ့် နောက်တော့ မိသားစု စိတ်ချမ်းသာအောင် ဆေးရုံတက်ခဲ့တယ်။ ဆေးရုံရောက်တော့လည်း စကားမပြောဘဲ တရားမှတ်နေပုံပဲ။ မျက်လုံးမှိတ်ထားတယ်။ ဒါကြောင့် သူ့အမေက သတိမှရှိသေးရဲ့လားဆိုပြီး သူ့နာမည်ကို ခေါ်ခေါ်ကြည့်တော့ သူက တရားမှတ်နေတာမို့ စိတ်မပူဖို့၊ ခဏ,ခဏ မခေါ်ဖို့ပြောသတဲ့။

နောက်တစ်နေ့မနက် သူဆုံးခါနီး သူ့အမေကို သူတရားပြခဲ့တဲ့နည်းအတိုင်း တရားဆက်လက်အားထုတ်ဖို့ ပြောခဲ့သေးတယ်တဲ့။ သူ့အမေပြောတာက သူဟာ ကျွန်မသားဆိုပေမယ့် ကျွန်မ မသိသေးတဲ့ ၀ိပဿနာတရားတွေ ဟောပြောခဲ့တဲ့သူ၊ ကျွန်မကို တရားထိုင်နည်းကို သင်ပေးခဲ့တဲ့ ကမ္မဋ္ဌာနာစရိယဆိုလည်း မမှားပါဘူးတဲ့။

မွန်းလွဲ(၁၂)နာရီကျော်တော့ သူ့အမေ အိမ်ပြန်သွားချိန် သူ့ကို စောင့်နေတဲ့ သူ့အစ်မနဲ့ သူနာပြုဆရာမကို အေးအေးဆေးဆေး တရားမှတ်ချင်လို့ နာရီ၀က်လောက် အခန်းအပြင်ထွက်ပေးဖို့ ပြောသတဲ့။ နောက်နာရီ၀က်လောက်နေလို့ အခန်းထဲ ပြန်၀င်လာတော့လည်း သူ့အစ်မ သူတရားမှတ်နေတယ် ထင်လို့ မခေါ်ဘဲနေတာတဲ့။ အဲ·· ခဏကြာလို့ သူနာပြုဆရာမလေး အခန်းထဲ ပြန်၀င်လာမှ မောင်မြတ်ချစ် အသက်မရှိတော့ဘူးဆိုတာ သိကြရသတဲ့။

ဒီအကြောင်းတွေ ငါလည်းသိရတော့ အတော်ပဲ တုန်လှုပ်ချောက်ချားသွားခဲ့ရတယ်။ မောင်မြတ်ချစ် ငါ့ကိုလာပြီး သတိပေးခဲ့တာ အကြောင်းမဲ့ မဟုတ်တန်ရာဘူး။ ဒီလိုလူမျိုးတွေဟာ အကျိုးမရှိတဲ့ စကားကို အကြောင်းမဲ့ မပြောဘူး။ သူ ငါ့ကို သတိပေးခဲ့တာတွေဟာလည်း အကုန်မှန်ခဲ့တာပဲလေ။ သူက ငါ့ကို ၀ိပဿနာတရားအားထုတ်စေချင်တယ်။ ဒါကြောင့် ငါလည်း ဟောတဲ့ပြောတဲ့ အလုပ်ကို စွန့်ပစ်ပြီး တရားအားထုတ်ဖို့ စခဲ့တယ်။ မှန်တာပြောရရင် ငါလည်း သူပြောသလို တရားအားမထုတ်ဘဲ မနေရဲတော့ဘူး။ ဒီ့ထက်ပိုပြီး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနဲ့ လောကဓံဆိုးတွေ ဖြစ်လာမှာကိုလည်း စိုးရိမ်လာတယ်။ ဒါကြောင့် ဆရာကောင်း သမားကောင်းများထံ ဆည်းကပ်ပြီး နည်းနာခံယူခဲ့ပြီး ၀ိပဿနာတရားကို အားထုတ်လာခဲ့တယ်။

တဖြည်းဖြည်းနဲ့ အရှိန်ရလာပြီး စွဲစွဲမြဲမြဲ အားထုတ်လာခဲ့ရာက အခုလို ရာသက်ပန် ယောဂီ၀တ်တဲ့အထိပဲ။ စစ်ကိုင်းမှာ နောက်ပိုင်းသွားနေပြီး အိမ်ကို အခုလို တစ်နှစ် တစ်ခါလောက်ပဲ ပြန်လာခဲ့တယ်။ အဲဒါကတော့ ငါ ဂမ္ဘီရဆရာအဖြစ်ကနေ ရာသက်ပန် ယောဂီ၀တ်ဖို့ ဖြစ်လာတဲ့ အကြောင်းပါပဲ။ ငါ အခုလို ယောဂီ၀တ်နဲ့ တရားအားထုတ်တာကတော့ မင်းထင်သလို သတ္တ၀ါတွေ ကယ်တင်ဖို့ထက် ကိုယ့်ဘ၀ကိုကိုယ် ကယ်တင်ဖို့အတွက်ပါပဲ။ ဒါကြောင့် ခုနက မင်းမေးသလို ဆရာကြီး··တရားအားထုတ်တာ အတော်ခရီးရောက်နေပြီလား။ ဘယ်အဆင့်ထိ ရောက်နေပြီလဲလို့ မေးတာကို ဖြေရရင်တော့ ကျင့်ကြံအားထုတ်ဆဲပါလို့ပဲ ပြောပါရစေ'

**အေးမောင်မောင်ဆန်း**



www.burmeseclassic.com

www.burmeseclassic.com

# ညဥ့်အမှောင်ထဲ တစ်ယောက်တည်းသွားနေသော အင်းပေါင်ပေါ်က မိန်းကလေး

မန္တလေး-မိတ္ထီလာ ပြေးဆွဲနေသော လူစီး မှန်လုံမော်တော်ယာဉ်များသည် မန္တလေးမြို့ သီရိမန္တလာ ကားကြီးကွင်းတွင် အချိန်မှန် အလှည့်ကျ ဂိတ်ထိုးကြသည်။ သတ်မှတ်အချိန်စေ့၍ တာဝန်မှူးက ခရာတူတ်သည်နှင့် ကားပေါ် ခရီးသည် ပြည့်သည်ဖြစ်စေ၊ မပြည့်သည်ဖြစ်စေ နောက်ကားတစ်စီး အစားထိုးဖို့အတွက် နေရာမှ ထွက်ခွာပေးရသည်။

ခရီးသွားအချို့လည်း အနည်းငယ်လှမ်းသော အတွင်းဘက် ကားကြီးကွင်းဂိတ်ရှိရာအထိ တကူးတက မသွားကြတော့ဘဲ ထွက်လာသော ကားကို လမ်းထိပ်မှ စောင့်၍ စီးကြသည်။ ခြေကျင်လျှောက်





www.burmeseclassic.com

www.burmeseclassic.com

ဈေးရောင်းသူတို့က ကားတစ်စီး ထွက်လာတိုင်း ခရီးသည်များအား မျက်နှာလို မျက်နှာရလုပ်ကာ နေရာဦးပေးရင်း မန္တလေးပြန် အမှတ်တရလက်ဆောင် ထိုးမုန့်နှင့် ရေသန့်ဘူး၊ ကွမ်းယာ၊ အချဉ်ပေါင်း အစရှိသည်များ ရောင်းချသည်။

မြို့တွင်းလမ်းမကြီးပေါ်တွင် မိတ္ထီလာသို့ ထွက်ခွာမည့် ကားငယ်တစ်စီး လမ်းဘေးချရပ်ကာ လူခေါ်၍ တင်နေသည်။ ခရီးသွားများသည် လက်တွင် ပစ္စည်းထုပ်မနိုင့်တနိုင်တွေဆွဲပြီး ဖိုသီဖတ်သီ ကပျာကသီ ရောက်လာကြသလို ဆိုင်ကယ်၊ ကားတို့နှင့်လည်း အလျှိုလျှိုလာနေကြသည်။ တစ်ခွင်တစ်ပြင်လုံးတွင် ခြေကျင်သွားသူများ။ ကား၊ ဆိုင်ကယ်များနှင့် မျက်စိလျှံအောင် ရှုပ်ယှက်ခတ်နေလေသည်။

ကျွန်တော်လည်း ကားမထွက်သေးသဖြင့် ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေသော မန္တလေးမြို့ကြီးကို ထိုင်နေရာ ကားပြတင်းမှ မျက်စိတစ်ဆုံးတိုင်အောင် ကြည့်နေမိသည်။ ဟိုတုန်းက မင်းနေပြည်တော်ကြီး ဖြစ်ခဲ့သော မန္တလေးသည် ယနေ့အထိ မြို့ပတ်လည် ကျုံးတော်နှင့် သာသနိကအဆောက်အအုံ အမြောက်အမြား သမိုင်းအမွေအနှစ်များ ထင်ရှားရှိလျက် ဖြစ်သည်။

မန္တလေးမြို့ကို ကုန်းဘောင်မင်း (၁၀)ဆက်မြောက် မင်းတုန်းမင်း(၁၂၁၄-၁၂၄၀)လက်ထက် မြန်မာနှစ်(၁၂၂၁)ခုနှစ်တွင် တည်ထောင်သဖြင့် အမှတ်ရ လွယ်ကူစေရန် အုတ်ကျစ်ကျော်အေး (ဝါ) အောင်ကျော်ချမ်းအေး မန္တလေးဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ နန်းတော်နှင့် ရပ်ကွက်ပေါင်း (၅၄)ခုကို လေးပြင်လေးရပ်ခွဲ၍ စနစ်တကျ တည်ဆောက်ခဲ့သည်။

(၁၉၄၇)ခုနှစ် ရောက်သောအခါ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ နိုင်ငံတော်၏ တိုင်းတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ (၁၉၆၂)ခုနှစ်တွင် မန္တလေးတိုင်းကို မန္တလေးခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် မိတ္ထီလာခရိုင် (၅)ခရိုင်တို့ဖြင့် ဖွဲ့စည်းခဲ့သည်။(၁၉၇၄)ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ မန္တလေးတိုင်းကို နိုင်ငံတော်တိုင်းတစ်တိုင်းအဖြစ် ဆက်လက်ပြဋ္ဌာန်းခဲ့သည်။

(၂၀၀၀)ပြည့်နှစ်တွင် စစ်ကိုင်းတိုင်းအတွင်းရှိ ငါန်းဇွန်မြို့နယ်ကို မန္တလေးတိုင်း၊ မြင်းခြံခရိုင်အတွင်း ထည့်သွင်းဖွဲ့စည်း၍ (၂၀၀၉)ခုနှစ်တွင် ပျဉ်းမနားခရိုင်ကို နေပြည်တော်ခရိုင်အဖြစ် ပြောင်းရွှေ့ပြင်ဆင် သတ်မှတ်ခဲ့သည်။ နေပြည်တော်မြောက်ပိုင်းခရိုင် (ဥတ္တရခရိုင်)၊ နေပြည်တော်တောင်ပိုင်းခရိုင် (ဒက္ခိဏခရိုင်၊ မန္တလေးခရိုင်၊ မိတ္ထီလာခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်၊ ပြင်ဦးလွင်ခရိုင်နှင့် ရမည်းသင်းခရိုင်)တို့ ဖြစ်ပေါ်လာလေသည်။

မန္တလေးမြို့ကား တန်ခိုးကြီး သမိုင်းဝင် မဟာမြတ်မုနိဘုရား၊ စန္ဒမုနိ၊ ကုသိုလ်တော်၊ ကျောက်တော်ကြီး အစရှိသော ဘုရားများနှင့် အလွန်ရှေးကျသော သာသနိကအဆောက်အအုံများ၊ ပရိယတ္တိစာသင်တိုက်များ တည်ရှိခြင်းကြောင့် သာသနာ့ဂုဏ်ရောင် ထွန်းပြောင်၍နေသည်။ ယဉ်ကျေးမှုထွန်းကားရာမြို့ ဖြစ်သည့်အားလျော်စွာ ပန်းချီ၊ ပန်းပု၊ ပန်းတဉ်း အစရှိသော ပန်းဆယ်မျိုးလုပ်ငန်း၊ ပိုးထည် ချည်ထည်လုပ်ငန်း၊ ကျောက်စိမ်းလုပ်ငန်း၊ ထိုးမုန့်လုပ်ငန်း စသည့်လုပ်ငန်းများ ရှေးမူမပျက် ထိန်းသိမ်းလုပ်ကိုင်လျက် ရှိကြသည်။

ကျွန်တော် လိုက်ပါလာသော မော်တော်ယာဉ်သည် ညနေသုံးနာရီ ထိုးပြီးချိန်တွင် တပွမ်ပွမ် ဟွန်းသံပေး၍ တလိမ့်လိမ့် မောင်းထွက်လာသည်။ တံခါးပေါက်တွင် တွယ်ကပ်ပါလာသော ယာဉ်နောက်လိုက်သည် ကွမ်းတံတွေး တပြွတ်ပြွတ် လက်တချတ်ချတ်ထောင်၍ ကားသွားရင်း လမ်းလူတို့ကို ခေါ်နေသည်။ မန္တလေးနှင့် မိတ္ထီလာသည် မိုင်ကိုးဆယ်ကျော်သာရှိ၍ ပုံမှန်မောင်းရုံဖြင့် သုံးနာရီ အေးအေးလောက်ပဲ ကြာသဖြင့် ညနေခြောက်နာရီခန့်ဆိုလျှင် လိုရာခရီးသို့ ရောက်ရှိသွားပေမည်။

မြို့အထွက်တွင် ယာဉ်ကို ခပ်ဖြည်းဖြည်းမောင်း၍ တစ်ယောက်တွေ့တင်၊ တစ်မြို့တစ်မ,တွေ့ ခေါ်တင်နှင့် ကားက ပြည့်ကျပ်လာသည်။ မြစ်ငယ် မြစ်ကူးတံတားကျော်သည်နှင့် စောင့်စီးမည့်ခရီးသည် သိပ်မတွေ့ရတော့ဘဲ လမ်းက ကျယ်လည်းကျယ်၊ ကောင်းလည်း ကောင်းလာသည်။

'မောင်းထား အစ်ကိုရေ၊ နောက်ကား ပါတယ်။ ခပ်မြန်မြန်လေး'

ယာဉ်နောက်လိုက်၏ စူးရှရှအော်သံနှင့်အတူ ကားများ၏

www.burmeseclassic.com

www.burmeseclassic.com

အရှိန်က တစ်မုဟုတ်ချင်း မြင့်ထက်သွားသည်။ ကတ္တရာလမ်းနှင့် တာယာပွတ်တိုက်သံတို့ တဖြောင်းဖြောင်းမြည်ပြီး ရှေ့တွင်ရှိသော ထော်လာဂျီ၊ ဆိုင်ကယ်၊ ကားအချို့တို့ကို ကျော်တက်လျက်ရှိသည်။

တန်ဆောင်မုန်းလရာသီဖြစ်၍ လမ်းဘေးဝဲယာရှိ စပါးစိုက်ခင်းများကား မြစိမ်းရောင်ကမ္ဗလာကြီး ဖြန့်ခင်းထားသဖွယ် တစ်မျှော်တစ်ခေါ် ရှိနေသည်။ လမ်းဘေး သစ်ပင်တို့လည်း ရိပ်ခနဲ လှစ်ခနဲ ရုတ်တရက် လက်ပြနှုတ်ဆက်ကြ၍ ဝေးကာ နေရစ်ခဲ့လေသည်။ လက်ဝဲဘက်တွင် သာသနိကအဆောက်အအုံတို့နှင့် ညီမျှမှိုင်းစိုပြည်လျက်ရှိသော ကျောက်ဆည်တောင်ကြီးကို အဝေးတွင် လှမ်းမြင်နေရသည်။

ကျောက်ဆည်အရောက်တွင် မတ်တတ်ရပ်ခရီးသည်များ ဆင်းကြသဖြင့် လမ်းလူ မကျန်သလောက်ဖြစ်ပြီး ကားက ချောင်ချိသွားသည်။ မြို့အထွက်တွင် ယာဉ်မောင်းလည်း ခရီးသည် ရလိုရငြား ရမယ်ရှာကာ ကားခဏရပ်၍ ကွမ်းယာဆင်းဝယ်သည်။ ထိုစဉ် ရှီးခနဲ ခရာတုတ်၍ ကွယ်ရာမှ ယာဉ်ထိန်းထွက်လာပြီး ကန့်သတ်နေရာတွင် ကားရပ်မိသဖြင့် အလျှော့အတင်း အပေးအယူ လုပ်လိုက်ရကာ နံလည်းနံ နံလည်းနံ့လိုက်သောကြောင့် ယာဉ်မောင်းခမျာ မျက်နှာရှုံ့မဲ့သွားရှာသည်။

ပိန်ရသည့်ထဲ နာတာရှည်စွဲဆိုသလို ယာဉ်မောင်းသူသည် အောင့်သက်သက်နှင့် ကားကို မောင်းထွက်ခဲ့သော်လည်း မခံချိမခံသာဖြစ်ကာ လီဗာကိုသာ တဗြင်းဗြင်း ဖိနင်းနေပါသည်။

'လျှော့ထား အစ်ကိုရေ၊ လျှော့ထား။ ရှေ့မယ် ပစ္စည်းတွေရော ပါတယ်။ လိုက်လိမ့်မယ်'

မျက်စိလျင်သော ယာဉ်နောက်လိုက်၏ အသံကြောင့် ဟံမြင့်မိုရ်အထွက်တွင် ယာဉ်၏အရှိန် တဖြည်းဖြည်းလျှော့ကာ ငြိမ့်ခနဲရပ်လိုက်သည်။ မိတ္ထီလာအထိလိုက်မည့် ကုန်သည်က သူ့ငှက်ပျောလေး,ငါးခြင်း သယ်ယူခအတွက် ယာဉ်နောက်လိုက်နှင့် စကားပြောနေသည်။ ယာဉ်နောက်လိုက်က သယ်ယူခ ပိုမိုတောင်းကောင်းရန် ငှက်ပျောခြင်းတစ်ခုကို မနိုင်ရင်ကန်ဟန်နှင့် မ,ကာ မ,ကာ လုပ်လျက်ရှိသည်။

ငှက်ပျောခြင်းများ ကားခေါင်းပေါ်တင်၍ တုပ်နှောင်ပြီး ထွက်လာရာ ယာဉ်မောင်း၏မျက်နှာကား ခပ်စောစော ကလို မဟုတ်တော့ဘဲ မှုံရထားသော မျက်နှာလိုမျိုးဖြစ် ၍ လန်းဆန်းတက်ကြွနေသည်။ ကူမဲမြို့သို့ များမကြာမီ ရောက်လာကာ ကျော်စားသောက်ဆိုင်တွင် ကားနား၍ စားကြသောက်ကြသည်။ ဆိုင်အတွင်းရှိ နံရံကပ်နာရီကား ငါးနာရီခွဲရန် အနည်းငယ်သာ လိုပါတော့သည်။

◆ ◆ ◆

ကျွန်တော်လည်း လက်ဖက်ရည်သောက်ပြီးသည် နှင့် ကားပေါ်တက်၍ နေရာတွင် ပြန်ထိုင်ကာ နံနက်ခင်းက လာခဲ့သောခရီးစဉ်ကို ပြန်လည်စားမြုံ့ပြန်ကြည့်သည်။ ကျွန်တော်နေသော မန်ကျည်းပင်စုရွာနှင့် မိတ္ထီလာမြို့ အထွက် မန္တလေးသွား ကားလမ်းပေါ်ရှိ သပြေဝမှာ ဆယ် မိုင်ခရီးမျှဝေး၍ သာစည်မြို့နယ် စည်ပင်မှ ကျောက်ခင်း မြေဖို့လမ်း လုပ်ပေးထားသည်။ ထိုလမ်းကား ပြုပြင်မှုမရှိ သလောက်ဖြစ်၍ ကျောက်ချွန်ကျောက်ငုတ်များ ထူပြော ကြမ်းတမ်းပြီး ရှောင်ကွင်းမောင်းနှင်ရသောကြောင့် လမ်း ပန်းခရီး ကြန့်ကြာဖင့်နွဲ့သည်။

ကျွန်တော်သည် ရွာတွင် စတိုးဆိုင် ဖွင့်ထားရာ ပစ္စည်းများကို မိတ္ထီလာဈေးသို့ ဆိုင်ကယ်နှင့်လိုက်၍ ရွာ ကထွက်သော ဈေးကားပေါ် ဝယ်တင်သည်။ တစ်ခါတ ရံ မိတ္ထီလာဝယ် မရနိုင်သည့် ပစ္စည်းတချို့တလေကို ယခုလို မန္တလေးသို့ နေ့ချင်းပြန်သွားပြီး ဝယ်ရလေ့လည်း ရှိသည်။ ထိုအခါ ရွာမှ နံနက်စောစော ဆိုင်ကယ်မီးနှင့် ထွက်လာ၍ သပြေဝ(ကျွန်းဖိုပင်) ဦးဝင်းမောင်ဆိုင်တွင် ဘီးထားခဲ့ကာ မိတ္ထီလာ-မန္တလေးသွား မှန်လုံလိုင်းကားနှင့် လိုက်ပါရခြင်း ဖြစ်သည်။

မိတ္ထီလာအပြန်ကားဖြစ်သဖြင့် ခရီးသည်တို့ဘက် ထည့်မတွက်ဘဲ စိတ်အေးလက်အေး ဖြည်းဖြည်းဆေးဆေး လုပ်နေပုံရသည်။ တန်ဆောင်မုန်းလ ဆောင်းဦးနေ အနောက်မိုးကုပ်စက်ဝိုင်းတွင် စုပ်စုပ်မြုပ်၍ မှောင်စပြု လျက်ရှိသည်။ ကျွန်တော်လည်း သပြေဝရောက်လျှင် ဆိုင်ကယ်ပြန်ရမည့်ခရီးကို ဆန့်ကြည့်ရင်း အလျင်လိုမှ အနှေး တွေ့နေသဖြင့် ရေနံ့အိုးဖင် တည်မရလို ဖြစ်နေသည်။

ကူမဲမြို့မှ ထွက်လာချိန်တွင် နေဝင်ဖျိုးဖျ အမှောင် ခါစဖြစ်၍ ကားမီးဖွင့်ကာ မောင်းလာသည်။ ယာဉ်မောင်း သူလည်း မျှော်လင့်စရာ လမ်းလူမရှိ။ ရေချိန်ကိုက်လာ



www.burmeseclassic.com

www.burmeseclassic.com

လားမသိ တစ်ချိုးတည်း မောင်းနေသည်။ စမုံမြစ်ကူးကိုင်း တံတားအလွန်တွင် လူချပေးပြီး ဝမ်းတွင်းမြို့အထိ မနေး မဖင့် အရှိန်ခပ်မြင့်မြင့်နှင့် မောင်းလာရာ ဘာမှုမကြာလိုက် ဘဲ မြို့ထဲ ဝင်လာသည်။

ဝမ်းတွင်းမြို့အထွက်တွင် ရက်ကန်းသုံးပစ္စည်းများနှင့် ချည်ထုပ်များ ကားခေါင်းပေါ်မှ ချပေးနေသဖြင့် အနည်း ငယ် အချိန်ကြာသွားသည်။ ယာဉ်စီးခကို မိတ္ထီလာအထိ ပေးစီးလာသော ဝမ်းတွင်းခရီးသည်များ ဆင်းသွားကြ သောအခါ ကားပေါ်တွင် လူတစ်ဆယ်၊ ကိုးယောက်ခန့် သာ ကျန်တော့သည်။ ကျွန်တော်လည်း လူဆင်းတံခါး ပေါက်နှင့် နီးရာခုံတွင် ရွှေ့ထိုင်ရင်း ဆင်းမည့်နေရာကို ယာဉ်နောက်လိုက်အား ကြိုတင်ပြောထားသည်။

ကျွန်တော်ဆင်းမည့်နေရာသို့ မကြာမီ ရောက်ရှိလာ ကာ ကားကို ခဏရပ်ပေးသည်။

'ဗျို့..ဦးဝင်းမောင်၊ အိပ်နေပြီလားဗျ။ ဆိုင်ရှေ့မီး ခွင့်ပါဦး'

ကျွန်တော်သည် ခရီးဆောင်အိတ်ကိုလွယ်၍ လက် တစ်ဖက်က ပစ္စည်းထုပ်ကြီးကိုဆွဲကာ ကားပေါ်မှ ဆင်း လာရင်း ဦးဝင်းမောင်ကို လှမ်းခေါ်သည်။

'အစ်ကို ရောက်ပြီလား။ အပြန်ကားနောက်ကျလိုက် တာ။ ဒီမှာအိပ်ပြီး မနက်အစောမှ ထပြန်ပါလား'

ဆိုင်ရှေ့မီး လင်းခနဲဖြစ်ကာ ဦးဝင်းမောင် ပြောပြော ဆိုဆို ထွက်လာသည်။

'အစ်ကိုတို့ရွာက ဈေးကားလည်း ဘီးဖာနေရလို့ဆို လား အခုမှ ရှေ့နားတင် ပြန်သွားတာ'

'ဪ..ဟုတ်လား။ အဲလိုဆို အဖော်သိပ်မဝေးသေး ဘူးဗျ။ ကျွန်တော်လည်း မအိပ်တော့ဘူး။ ဈေးကားမီ အောင် မောင်းလိုက်ပြီး သူ့နောက်က မှေးလိုက်မှပဲ။ ဦးဝင်းမောင်..ဘယ်နှစ်နာရီ ရှိသွားပြီတုံး'

'ရေဒီယိုသတင်း လာနေပြီဆိုတော့ ရှစ်နာရီထိုးပြီပဲ ရှိမှာပါ'

ကျွန်တော်လည်း သွပ်ဖိအောက်မှ ဆိုင်ကယ်ကို ခပ် သုတ်သုတ် တွန်းထုတ်၍ ဘီးလေရှိ၊မရှိ စမ်းကြည့်လိုက် ၏။ မန္တလေးဈေးချိုမှ ဝယ်လာသော ပစ္စည်းများကား ကြီးအမျိုးမျိုး၊ ကာကူလီဒါ၊ ဒစ်ဂျစ်တယ်ရေဒီယို စသည် ဖြစ်၍ ဝန်စည်စလယ် သိပ်မများပေ။ ဝန်မကျယ်သဖြင့် ကိုင်းဆွဲအိတ်ခပ်ကြီးကြီးကို နှစ်လုံးထပ်၍ ထည့်ထား သော ပစ္စည်းထုပ်ကို ဆိုင်ကယ်နောက်တွင် မြှော့ကြိုးနှင့် တုပ်လိုက်သည်။ ထို့နောက် ဦးဝင်းမောင်ကို နှုတ်ဆက်ပြီး ခပ်သွက်သွက် မောင်းထွက်လာခဲ့လေသည်။

◆◆◆

သပြေဝလမ်းဆုံမှ မြေလမ်းပေါ် ဆင်းလိုက်သည်နှင့် လမ်းမီး၊ ကားဆိုင်ကယ်မီး၊ ဈေးဆိုင်မီးများ မရှိတော့ သဖြင့် ကျွန်တော့်ဆိုင်ကယ်မီးက ပိုလင်းလာသည်မှာ ထင်ရသည်။ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံးတွင် မှောင် နှင့် မည်းမည်းဖြစ်နေပြီး ဆိတ်ငြိမ်မှုကို ဆိုင်ကယ်သံက မင်းမူနေသည်။ သပြေဝအနီးတွင် တည်ဆောက်ထားသော လျှပ်စစ်ဓာတ်အားခွဲရုံမှ မီးရောင်တို့ကို လမ်းဘေးကန္တာရ ပင်များကြားက မြင်တစ်ခါ ကွယ်တစ်လှည့် ရှိသည်။

ကျွန်တော်သည် ကျောက်ခဲကျောက်ငုတ်များသာ ကျန် တော့၍ ဆောင့်ကြီးအောင့်ကြီးနိုင်လှသောလမ်းကို မနည်း ထိန်းမောင်းနေရသည်။ မကြာခဏဆိုသလို ကျောက်ချွန် များက တာယာကို ထိုးခွဲလေ့ရှိသဖြင့် တာယာကွဲမည် စိုးရိမ်ပြီး ခပ်ဖြည်းဖြည်း ခပ်မှန်မှန် မောင်းလာသည်။

ဤလမ်းကို ပ·ထ·စ အစိုးရလက်ထက်တွင် ပါလီ မန်အမတ် ဖြစ်ခဲ့သော အမတ်ဦးငွေက သပြေဝလမ်းခွဲမှ ဟံဇားရွာအထိ လေးမိုင်ခန့်ကို ကျောက်ကြမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ခဲ့သော်လည်း တစ်ဝက်တစ်ပျက်နှင့် အပြီးမသတ်နိုင်ခဲ့ပေ။ ကြိုကြား၊ကြိုကြားခင်းခဲ့သော ယင်း ကျောက်များကား မျက်မှောက်ကာလတိုင် ရှိနေသေး၍ တပ်မတော်အစိုးရလက်ထက်တွင် သာစည်မြို့နယ်စည်ပင် မှ တစ်ဖန် ခင်းပေးပြန်သည်။

ယခုအခါ သပြေဝလမ်းခွဲမှ ဟံဇားရွာအထိရှိသော မူလလမ်းဟောင်းကို အခြေခံ၍ ဟံဇားအရှေ့ ငါးမိုင်ခန့် ရှိသည့် သာဂရရွာအထိ လမ်းပိုင်းကိုပါ တိုးချဲ့ခင်းသဖြင့် ကိုးမိုင်မျှရှည်သော သပြေဝ-သာဂရ ကျောက်ခင်းလမ်း ဖြစ်လာသည်။ ယခုလမ်းသာ ရာသီမရွေး သွားလာနိုင် သည့် ကတ္တရာခင်းလမ်း အဆင့်မြှင့်လိုက်မည်ဆိုပါက စမုံမြစ်ကိုဖြတ်၍ ခရိုင်ချင်းဆက် အမှတ်(၂)လမ်းနှင့်ဆက် မိပြီး ဒေသတစ်ခုလုံး ဖွံ့ဖြိုးသွားမည်မှာ သေချာနေပါ သည်။

သို့သော်လည်း လမ်းကား ခင်းပေးသည်ဆိုရုံ ဖြစ်က

www.burmeseclassic.com

www.burmeseclassic.com

တတ်ဆန်း ခင်းထားသောလမ်းဖြစ်၍ ပြီးပြီးပြတ်ပြတ်ဖြစ်နေသည်။ လမ်းအုကြောင်း ချိုင့်၊ ကျင်းတို့ကို ဒေသခံတို့မှ ငွေကြေးများ အကုန်အကျခံ၍ ပြုလုပ်ပေးရသည်။ ကျောက်တုံးကြီးကြီး အောက်ခံမပါဘဲ လက်သီးဆုပ်ခန့် ကျောက်တို့ကို ခပ်ပါးပါးစီခင်းပြီး စက်နှင့်ကြိတ်ကာ မြေဖြူးထားသဖြင့် ခံနိုင်ဝန်မရှိသောလမ်း ဖြစ်သည်။

ကျွန်တော်လည်း ဆိုင်ကယ်ကို တမျှဉ်းမျှဉ်း မောင်းလာရာ ထနောင်းပင်နှစ်ပင် ယှဉ်လျက်ရှိသဖြင့် ထနောင်းပင်ညီနောင်ဟု ခေါ်သောနေရာသို့ ရောက်လာသည်။ ဆိုင်ကယ်မီးရောင်တွင် ဖုန်မှုန့်များ မြင်လာရ၍ ရှေ့တွင် ဈေးကား မဝေးသေးဟု မှန်းဆကာ အားတက်လာသည်။ ကုန်အပြည့်နှင့် တအိမ့်အိမ့် မောင်းနေသော ဈေးကားနောက်မီး နီရဲရဲကို လမ်းအဲဖြောင့်တွင် လှမ်းမြင်လိုက်ရသည်။

ကျွန်တော်သည် ဈေးကားကို မီလာသော်လည်း ဖုန်မွှန်မည်စိုး၍ ခပ်ကွာကွာမှ လိုက်နေသည်။ မကြာမီ ဟံဇားအင်းအနီး ရောက်လာပြီး ကျောက်ကြမ်းကြီးများ ထူပြောသောအင်းဘက်၊ ကွေ့အတက်လိုက်တွင် ဆိုင်ကယ်နောက်ဘီး ကျောက်ငုတ်ပေါ်မှ ချော်ကျကာ ဒုတ်ခနဲ မြည်သွားသည်။ တစ်ဆက်တည်းဆိုသလို တာယာမှ တရှူးရှူး အသံထွက်လာပြီး နော့နဲ့ နော့နဲ့ လိမ်ဖယ် လိမ်ဖယ်ဖြစ်ကာ တဒုတ်ဒုတ်ဆောင့်၍ မောင်းမရတော့ပေ။

'ဟ‥ဒါမှ ဒုက္ခပဲ။ ဆိုင်ကယ်နောက်ဘီးပေါက်တာနဲ့တူတယ်'

ကျွန်တော့်ပါးစပ်က လွှတ်ခနဲ အသံထွက်ညည်းတွားလိုက်ပြီး ဆိုင်ကယ်ပေါ်မှဆင်း၍ စစ်ဆေးကြည့်ရာ ခုနက ထင်ထားသည့်အတိုင်း နောက်တာယာက ပြားချပ်နေသည်။ ခဏရပ်ပြီး စစ်ဆေးနေစဉ်မှာပင် တလှုပ်လှုပ် မောင်းလျက်ရှိသော ဈေးကားလည်း ဝေး၍ ဝေး၍ သွားလေသည်။

'မတတ်နိုင်ဘူး၊ ဟံဇားရွာထဲ ဝင်လာရုံပဲ'

ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ်ပြော၍ ဆိုင်ကယ်စက် မရပ်ဘဲ တူးဂီယာထည့်ကာ စက်ရှိန်အကူနှင့် တွန်းလာသည်။ အင်ဂျင်လည်ပတ်မှု နည်းသဖြင့် ဆိုင်ကယ်မီးကား ပြေးနေတုန်းကလောက် လင်းအားမကောင်းဘဲ လမ်းမြင်သာရုံ မှိန်ဖျော့ဖျော့ရှိသည်။ ဟံဇားမိုးကောင်းဘုရားမီးကို အဝေးတွင် လှမ်းမြင်ဖူးမြော်နေရသည်။ ဝန်းကျင်တစ်ခုလုံးကား ပိတ်ပိတ်ပိန်းမှောင်လျက်ရှိနေသည်။

'ဟိုက်‥မြွေကြီးတစ်ကောင်ပါလား'

ဆိုင်ကယ်ရှေ့ မီးရောင်တွင် တွန့်လိမ်၊ တွန့်လိမ်နှင့် မြွေတစ်ကောင် ဖြတ်ကူးနေသဖြင့် ခဏရပ်၍ စောင့်လိုက်ရသည်။ မြွေသည် လမ်းအလယ်ကောင် အရောက်တွင် ကျောက်ခဲကမူများပေါ် ကိုးလိုးကန့်လန့်လုပ်ကာ ရပ်တန့်နေသည်။ ကျွန်တော်လည်း ဂီယာဖြုတ်၍ လီဗာဆွဲပြီး မီးရောင်တင်ကြည့်ရာ ဇရာမမြွေပွေးကြီးဖြစ်ပြီး လမ်းကူးရင်း မလွတ်သာသဖြင့် ဝပ်နေဟန်တူပါသည်။

ကျွန်တော်သည် ဆိုင်ကယ်ကို ဒေါက်ထောက်ကာ ကျောက်စရစ်ခဲသေးသေးနှင့် အသာအယာ လှမ်းပေါက်၍ ခြောက်လှန့်ကြည့်သည်။ မြွေပွေးဆိုသည်ကား သူ့မထိလျှင် အသေကောင်လို နေနေပြီး ဘာမျှပြန်မလုပ်။ သူ့ထိလျှင်တော့ ယင်ကောင်လောက်လျှင်သော သတ္တဝါပင် မလွတ်ချင်ဟုဆိုသည်။ ယခုလည်း မလှုပ်မယှက် ပေကပ်ငြိမ်ခံနေရာ အတော်ခွကျနေလေသည်။

ကျွန်တော်လည်း အချိန်ကြန့်ကြာပြီး မဖြစ်ချေတော့သည်နှင့် မြွေနှင့် ခပ်ကွာကွာလောက်မှ ခဲရာခဲဆစ် တွန်းလာခဲ့သည်။ ထိုစဉ် ဆိုင်ကယ်မီးရောင်ရှေ့ မလှမ်းမကမ်းတွင် တလှုပ်လှုပ်တုပ်တုပ်သွားနေသော မိန်းမငယ်တစ်ဦးကို ထင်းခနဲ တွေ့လိုက်ရသည်။ မိန်းမငယ်သည် ပါတိတ်ထဘီ ခပ်ကျားကျား အပေါ်အင်္ကျီ ဖိုးရိုးဖားရား ဝတ်ဆင်ထားပြီး ကျောတစ်ဝက်အထိကျနေသော ဆံပင်ကို စုစည်းထားသည်။ ပခုံးတွင် အိတ်သေးသေးတစ်လုံး လွယ်ထားလျက် တစ်တစ်ရစ်ရစ်ရှိသောကြောင့် အရွယ်သိပ်မကြီးသေးဟု ခန့်မှန်းရသည်။

မိန်းကလေးသည် ဈေးကားပေါ်မှဆင်းပြီး တ‥ တပါးသွားရင်း ကျန်ခဲ့သည်လားမသိ။ တကယ်ဆို ကား ကို ခဏစောင့်ခိုင်း၍ဖြစ်စေ၊ မီအောင်ပြေးလိုက်၍ဖြစ်စေ လုပ်ဖို့ကောင်းသည်။ ညဉ့်အမှောင်ထဲ တစ်ယောက်တည်း သွားနေသော မိန်းကလေးကား မည်သူ့ကိုမျှ ဂရုစိုက်ဟန် မတူ။ ဆိုင်ကယ်သံကြား၍ မီးရောင်မြင်နေသည်ပင် လှည့်မကြည့်။ လှုပ်လီလှုပ်လဲ့နှင့် သွားမြဲတိုင်း သွားနေသည်။

ကျွန်တော်သည် ရှေ့ကသွားနေသော မိန်းကလေး တဖြည်းဖြည်းမီလာရာ ဆယ့်လေးငါးကိုက်အကွာလော



www.burmeseclassic.com

www.burmeseclassic.com

ပဲ ရှိတော့သည်။ မိန်းကလေး၏ သွားဟန်ပုံပန်းသဏ္ဍာန်ကို အကဲခတ်ကြည့်ခြင်းဖြင့် ဈေးကားပေါ်က ဆင်းကျန်ခဲ့သူ ရုပ်ဆွေရုပ်မျိုးလည်း ဟုတ်ဟန်မတူ။ ကျွန်တော့်လို အချိန်မတော် ခရီးသွားပြန်ဖြစ်၍ သူ့ရွာကို ပြန်လာစဉ် ဆိုင်ကယ်သံကြားသဖြင့် အားကိုးရှာ အမှီတကဲပြုပြီး သွားနေခြင်း ဖြစ်လိမ့်မည်။

လမ်းဖြတ်သွားသော အင်းပေါင်ဖျားတွင် အုံ့အုံ့မှိုင်းမှိုင်းနှင့် ကုက္ကိုပင်ကြီးသည် အရွက်အခက်များ ပိတ်ပိတ်သားရှိပြီး အရိပ်အာဝါသ ကောင်းမွန်လှသည်။ ခရီးသွားများ သက်သောင့်သက်သာ နားနေရန်အတွက် အလှူရှင်တစ်ဦးမှ သစ်ပင်ပင်စည်ကို ပတ်ချာလည်၍ သစ်သားခုံလုပ်ပေးထားသည်။ အုတ်ရေချမ်းစင်ထက်တွင်လည်း ခပ်စိုစို ရေအိုးနှစ်လုံးက သောက်ရေပြတ်လပ်သည် မရှိသဖြင့် နွေခင်းနွေအခါဆိုလျှင် ရေအေးအေးကိုသောက်ရင်း ထိုင်ဖြစ်ကြသည်။

မိန်းကလေးသည် ယင်းနေရာသို့ အရောက်တွင် ကုက္ကိုရိပ်အမှောင်အောက် ဝင်ရောက်၍ ထိုင်ခုံသို့သွားပြီး မကြောက်မရွံ့နှင့် ထိုင်နေလေသည်။

'ရေလေးဘာလေးသောက်ရင်းခဏတစ်ဖြုတ်လောက် နားပါဦးလားရှင့်'

ကျွန်တော့်ဘက် တစ်လျှောက်လုံး လှည့်မကြည့်ဘဲ သွားနေသော မိန်းကလေးသည် ယခုအခါကျမှ အမှောင်ရိပ်တွင်ဝင်ထိုင်ပြီး ကျွန်တော်ဖြတ်ကျော်သွားမည်အပြုတွင် လှမ်းနှုတ်ဆက်နေသည်။ ကျွန်တော်လည်း ဟံဖားထဲဝင်ပြီး ဘီးဖာရဦးမည်။ ဟိုဘက်ပြန်ရမည်ကလည်း ရှိသေးသဖြင့် စိတ်က လောလောပူနေသည်။ သို့သော်လည်း မိန်းကလေးတစ်ယောက်တည်းမှန်း သိပါလျက် ထားခဲ့ပြီး ဆက်သွားမည်ဆိုလျှင်လည်း ရိုင်းရာကျပေတော့မည်။

'တစ်ယောက်တည်း ဘယ်ကလာလို့ ဘယ်ရွာကို သွားမှာမို့လဲ။ မိန်းကလေးတန်မယ့် အခုလို ညကြီးမင်းကြီး သွားနေတာ မကြောက်ဘူးလား'

ကျွန်တော်လည်း ဆိုင်ကယ်စက်ပေါ် သော့ပိတ်လိုက်၍ ဒေါက်ထောက်ရပ်ရင်း မေးမြန်းစပ်စုကြည့်သည်။ ဆိုင်ကယ်စက်သံ တိတ်သွားပြီး မီးရောင်မရှိတော့မှ ပိုမိုဆိတ်ငြိမ်ခေါင်းပါးသွားကာ တစ်ခွင်တစ်ပြင်လုံးကလည်း မည်းမည်းမှောင်လျက်ရှိသည်။ မိန်းကလေးထံမှ စကားတုံ့ပြန်ပြောမလာဘဲ ရေအိုးလှပ်သံ ရေခွက်သံကြားသဖြင့် ရေသောက်နေဟန်တူသည်။ ကျွန်တော်လည်း စိတ်မောမောနှင့် ဆိုင်ကယ်တွန်းလာရာ အာခံတွင်းတွေခြောက်ပြီး ရေသောက်ချင်လာသည်။

မိန်းကလေးကား ရေသောက်ပြီး ထိုင်ခုံတွင် ပြန်ထိုင်နေပုံရသည်။ ရေဆာနေသော်လည်း ရေအိုးစင်က သူမအနီးတွင်ရှိနေ၍ တစ်မျိုးတစ်မည် အထင်ရခံရမည်စိုးသဖြင့် သွားမသောက်ရဲသေး။ သူထွက်လာမှပဲ ကမန်းကတန်း ရေပြေးသောက်ပြီး ခုနကလို သူမနောက်က လိုက်တော့မည်ဟု စိတ်ကူးရင်း နေရာတွင်ပင် ရပ်စောင့်နေလေသည်။

ထိုအခိုက် လာခဲ့ရာလမ်းဆီမှ မီးရောင်များ လင်းခန့် ဝင်းခန့် မြင်ရလိုက်၊ ကွယ်သွားလိုက် တွေ့နေရပြီး မကြာမီ ဆိုင်ကယ်စက်သံများကြားရ၍ ဆိုင်ကယ်သုံးစီး အနီးသို့ ရောက်လာသည်။ ကျွန်တော့်ကို မြင်သည်နှင့် ဆိုင်ကယ်များ အသီးသီးထိုးရပ်လိုက်သဖြင့် မူးယစ်ရမ်းကား ရန်စသူတွေများလားဟု ထင်မှတ်၍ သတိနှင့် နေလိုက်သည်။

'မိန်းကလေးတစ်ယောက် မတွေ့မိလိုက်ဘူးလားဗျ'

သူတို့ထဲမှ တစ်ဦးကမေး၏။ ကျွန်တော်လည်း ဆန္ဒမတူသော မိန်းကလေးနောက် အတင်းလိုက်လံ နှောင့်ယှက်သူများ ဖြစ်နေမည်လား အောက်မေ့၍ ချက်ချင်း အဖြေပေးရန် ခက်နေသည်။

'ညကြီးကျမှ လိုက်ရှာနေရအောင် ဘာဖြစ်လို့လဲဗျ'

ကျွန်တော်က တွေ့မိ မြင်မိသည်ကို မပြောဘဲ အကြောင်းခြင်းရာ သိရှိရန် စကားလွှဲ၍ မေးကြည့်သည်။

'ဒီလိုပါ၊ ကျုပ်တို့က ဟိုဘက်ကန်ကြီးရွာက မိန်းကလေးရဲ့ ဆွေမျိုးသားချင်းတွေပါ။ ကလေးမလေးက ဆယ်တန်းစာမေးပွဲကျပြီး သူ့အိမ်ကဆူတာနဲ့ ဆေးသောက်လို့ မနည်းကုထားရတာ။ အသက်မသေပေမယ့် ဦးနှောက်မကောင်းဖြစ်သွားပြီး အခုလို ခဏ,ခဏ ဟိုထွက်သွား ဒီထွက်သွား လုပ်နေတာ။ အရွယ်ကလေးက ငယ်ငယ်၊ ရုပ်ရည်ကလည်း သန့်သန့်ဆိုတော့ မတော် သူယုတ်မာတွေနဲ့ တွေ့သွားမှာစိုးလို့ဗျ'

'ဪ..ဟုတ်လား'

ကျွန်တော်လည်း ကုက္ကိုပင်အောက်က မိန်းကလေးပဲ ဖြစ်မည်ဟု တစ်ထစ်ချတွက်လိုက်သည်။ ထို့နောက် ပြော



www.burmeseclassic.com

www.burmeseclassic.com

သင့်၊မပြောသင့် ယုံကြည်လောက်သော အထောက်အထား ရရန် စောင့်ကြည့်ရင်း စကားစမြည်ပြောနေလိုက်သည်။ ထိုစဉ် ခပ်စောစောကအတိုင်း ဆိုင်ကယ်တစ်စီး အပြင်းမောင်းလာပြီး ကျွန်တော်တို့အနီး အရောက်တွင် တုံ့ခနဲ ထိုးရပ်လိုက်ကာ ဆိုင်ကယ်နောက်တွင်ပါသော အမျိုးသမီး ကသောကမျော ဆင်းလာသည်။

"မင်းတို့က အခုမှ ဒီနားရှိသေးတာလား။ သမီးလေး ဒီဘက်ထွက်သွားတယ်လို့ မြင်တဲ့သူက ပြောလိုက်သားနဲ့ မီအောင် လိုက်ကြမှပေါ့။ သမီးလေးတော့ တစ်ယောက်တည်း ညကြီးမင်းကြီး ဒုက္ခပါပဲ။ အီး..ဟီး"

မိခင်ဖြစ်သူနှင့်တူသော အမျိုးသမီးမှ အမှောင်ထဲတွင် ရှိုက်ကြီးတငင် ငိုရှိုက်သံပင် ထွက်လာလေသည်။

"အဲလိုဆို ကားရာလည်းတွေ့တယ်၊ ကားနောက်များ တကောက်ကောက် လိုက်သွားမလား မသိဘူး။ ကျုပ်တို့ ဆက်လိုက်ကြမယ်။ ဒီက မိတ်ဆွေ၊ ကျုပ်တို့ကို ခွင့်ပြုပါဦး"

"နေကြပါဦး၊ နေကြပါဦး။ ကျွန်တော်လည်း မသေချာသေးတာနဲ့ မပြောဘဲ နေနေတာ။ အခုတော့ ယုံကြည်စိတ်ချသွားလို့ ပြောပါတော့မယ်။ ကျွန်တော်လည်း အချိန်မတော်ကြီးသွားနေတဲ့ မိန်းကလေးကို နာနာဘာဝလား၊ လူကောင်းတစ်ယောက်ပဲလား သံသယထားပြီး စောင့်ကြည့်နေတာ။ အဲဒီကလေး ဖြစ်မလား မသိဘူး။ ခပ်စောစောက ဟောဟိုကုက္ကိုပင်အောက် ဝင်သွားတာပဲ"

ကျွန်တော့်စကားကြောင့် ပျာပျာသလဲဖြစ်ကုန်ကြပြီး သူတို့ဆိုင်ကယ်ခြင်းထဲတွင် ပါလာသော ဓာတ်မီးကို ရေးကြီးသုတ်ပျာ ဆွဲယူလာ၍ အားလုံး သွားကြည့်ကြသည်။ မိန်းကလေးနှင့် တူသောအရာကား ဘာအရိပ်အယောင်မျှ မရှိ။ ကျွန်တော်ပြောလည်း သူတို့ ယုံကြည်ကြတော့မည် မထင်။

စင်စစ် ကျွန်တော်တွေ့သော မိန်းကလေးကား သူတို့ပြောသော ကလေးမ၏ ပုံပန်းသဏ္ဌာန်နှင့် အနည်းငယ်ကွာနေရာ နာနာဘာဝဖြစ်နေမည်လား မပြောတတ်တော့ပါချေ။

**အာကာသ(သာစည်)**

Ph.D (Hon - Doctor of Astrology)
[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]
အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။
အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်၊
စာမေးပွဲ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်။
အခန်း(၄)၊ အနောက်ဘက်မုခ်၊ ခြသေ့နှစ်ကောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့။ ☎ ၀၉ ၅၀ ၇၅၈၂၇




Ph.D (India)., M.Sc (Chemistry)
ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့
ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ
လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်
ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...
ကြိုတင်
ရက်ချိန်းယူ
လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။
အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ တုန်ရေးတန်းလမ်း၊(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ...



www.burmeseclassic.com

www.burmeseclassic.com



# ဇော်လှယဉ် (မော်လမြိုင်) ကျွန်ုပ်နေခဲ့တဲ့ ဘုန်းတော်ကြီးကျောင်းမှ အဖြစ်ဆန်းများ

ကျွန်ုပ်ငယ်စဉ် ကျောင်းသားဘဝက နေခဲ့တဲ့ ရွာသည် ဘီလူးကျွန်းပေါ်က အိမ်ခြေခုနစ်ရာကျော် ရှစ်ရာနီးနီးရှိတဲ့ ရွာကြီးတစ်ရွာပါ။ ရွာလယ်ကောင်တွင် တောင်စွယ်တောင်တန်းတစ်ခုက ကန့်လန့်ဖြတ်ရှိနေတယ်။ သည်တောင်ပေါ်မှာ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းရှိပြီး ဆရာတော် သံဃာတော်တွေ သီတင်းသုံးနေကြတာပါ။ သည်ကျောင်းကြီး နှစ်ကျောင်း ဆောက်ခဲ့တာ နှစ်ပေါင်း နှစ်ရာနီးနီးရှိပြီးဖြစ်တဲ့ ရှေးကျောင်းကြီးတွေပါ။

မြောက်ဘက်တောင်စွယ်မှာဆိုရင် ကျွန်ုပ်တို့ နေထိုင်ရာ ကျွန်းကြီးရဲ့ ကျက်သရေဆောင် ... ဗုဒ္ဓဘုရားရှင်ရဲ့ ဆံတော်စစ်ကို ဌာပနာထားတည် ... တန်ခိုးကြီး ဆံတော်ရှင်စေတီတော်မြတ်ကြီး တ ... ဖူးတွေ့ရမှာပါ။

ကျွန်ုပ်ငယ်ငယ်က ကျောင်းသားအဖြစ် နေထို ...

www.burmeseclassic.com



ကျောင်းကြီးက နှစ်ပေါင်းနှစ်ရာနီးနီးရှိ ကျောင်းကြီး
တွေ ဆိုတော့ ဘယ်အချိန်က တည်ဆောက်ထားတဲ့ကျောင်း
ဆိုတာကို အသက်ရှစ်ဆယ်ကျော် လူကြီးတွေတောင် မသိကြပါဘူး။
ကျောင်းကြီးတွေက ထုကြီးထည်ကြီးတွေနဲ့ ဆောက်ထားတာဆိုတော့
ရှေးကျောင်းကြီးဆိုတာ သိသာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းကြီးက အုတ်တိုက်ကျောင်းကြီးဖြစ်ပြီး တစ်ပေကျော်လောက်ထူတဲ့ အုတ်ရိုးတွေနဲ့ ဆောက်ထားတာမို့ အလွန်ခိုင်ခံ့ပါတယ်။ အုတ်တိုင်တွေက နှစ်ပေလောက်ရှိပါတယ်။ အပေါ်ပိုင်း အုတ်တိုင်တွေက အလုံးဖြစ်ပြီး လူကြီးတစ်ဖက် မမီပါဘူး။ ရှေးက သစ်ပေါလို့ ထင်ပါရဲ့၊ ခင်းပျဉ်တွေက ထုနှစ်လက်မလောက်ရှိပြီး ဖြက်က တစ်ပေခွဲလောက်ရှိတဲ့ အခင်းပြားကြီးတွေပါ။

ကျွန်ုပ်တို့ ကျောင်းသားဘဝမှာ ကျောင်းထိုင်ဆရာတော်ကြီးက သည်ကျွန်းကြီးက ရွာသား။ ဓမ္မာစရိယ အောင်ထားပြီး တရားဟောကောင်းတဲ့ ဓမ္မကထိကလည်း ဖြစ်ပါတယ်။ စာတတ်ပုဂ္ဂိုလ်မို့လည်း ကျောင်းမှာ စာသင်တိုက် ဖွင့်ထားပြီး ဦးပဉ္စင်း၊ ကိုရင်ငယ်များကို စာဝါပို့ချပြီး သာသနာပြုနေတာပါ။

နေ့ခင်းပိုင်းဆို ရွာထဲမှ စေတနာရှင် ဆရာ၊ဆရာမတွေနဲ့ ကျောင်းမှ သင်ပြနိုင်တဲ့ ဦးပဉ္စင်းသုံး၊လေးပါးတို့က အလယ်တန်း အဆင့်ထိကို သင်ကြားပေးနေပါတယ်။ ယနေ့အခေါ်ဆိုတော့ ဘကကျောင်းလို့ ဆိုနိုင်ပါတယ်။ ရွာထဲက ကျောင်းသူကျောင်းသားတွေ တစ်ရာကျော် နှစ်ရာနီးနီးလောက် စာလာသင်ကြပါတယ်။

ဆရာတော်ဦးအာလောက လက်ထက်မှာ ဦးပဉ္စင်း၊ ကိုရင်တွေ နှစ်ဆယ်ကျော်လောက် လောကုတ္တရာစာပေ သင်ကြ... ပါတယ်။ ကျောင်းအိပ် ကျောင်းစား ကျောင်းသားဆို အရွယ်စုံ လူပျိုပေါက် အရွယ်ကနေ ခြောက်နှစ်၊ ခုနစ်နှစ်အရွယ်ထိ နှစ်ဆယ်ကျော်လောက်ရှိပြီး သည်ကျောင်းသားတွေက လောကီ၊လောကုတ္တရာ နှစ်မျိုးလုံးကို သင်ပေးပါတယ်။

မနက်အရုဏ်တက်ပြီး သံဃာတော်၊ ကိုရင်တို့နဲ့ ကျောင်းသားတွေ တန်းဆွမ်း ရွာရိုးကိုးပေါက် ကြွကြရင်း ဆွမ်းဒကာ၊ဒကာမတွေက ဦးပဉ္စင်း၊ ကိုရင်လေးတွေကို ကြည့်ပြီး ကြည်နူးမဆုံး လောင်းလှူကြတာပါ။ ကျွန်ုပ်တို့ ကျွန်းပေါ်မှာရှိကြတဲ့ ဘုန်းတော်ကြီးကျောင်းတွေက သံဃာတော်တွေက နံနက်အရုဏ် တန်းဆွမ်း တစ်ချိန်သာ ကြွရောက်ကြတာ များပါတယ်။ တချို့ကျောင်းအနည်းငယ်တို့ကတော့ နေ့ဆွမ်းပါဆင်းပြီး အလှူခံတာလည်း ရှိပါတယ်။

မနက် တန်းဆွမ်းတစ်ချိန်သာ အလှူခံတဲ့ ဓလေ့က ဟိုရှေးရှေးကတည်းက စခဲ့ကြပြီး နေ့ဆွမ်းဟင်းကျတော့ ကျောင်းသားတွေက ရွာထဲဆင်းပြီး ဆွမ်းဟင်းအလှူခံထွက်ကြပါတယ်။ မနက်ဆွမ်းဟင်းကျတော့ ကျောင်းမှာ ချက်ရသလို သုံးလေးအိမ်က ဆွမ်းဟင်းပို့ပေးကြပါတယ်။

ဘာသာရေးကို အလေးထား ရိုသေကိုင်းရှိုင်းကြတဲ့ မွန်လူမျိုးအများ နေထိုင်ကြတဲ့ တောရွာတွေမို့ သံဃာတော်များအတွက် ပစ္စည်းလေးပါးဖြစ်ကြတဲ့ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးတို့ကို မလစ်ဟင်းအောင် လှူဒါန်းကြတယ်။

နေ့ဆွမ်းဆိုရင်လည်း ဆရာတော်၊ သံဃာတော်၊ ကိုရင် ပိုင်းတွေမှာ ဆွမ်းဟင်းတွေက အလျှံပယ်ပါ။ ပို့ချိုင့်တွေကလည်း ရှိသေးတာမို့ သံဃာတော်တွေ သပ္ပာယ်မှုကြတဲ့အပြင် ကျွန်ုပ်တို့ ကျောင်းသားတွေလည်း စိုပြည်ဖိုက်ခွေးနမ်းကြသလို ကျောင်းရှိ ခွေးနှစ်ဆယ်လောက်လည်း အစာစားကြရတယ်။

ကျောင်းကြီးက ကြီးမားခံ့ထည်ပြီး အမိုးက မွန်အိမ်တွေလို ဓောက်မိုးထားတာမို့ နေ့လယ်တောင် မှောင်နေတယ်။ ကျောင်းခြံထဲမှာလည်း နှစ်ရှည်ပင်တွေဖြစ်တဲ့ သရက်၊ ပိန္နဲ၊ ဒူးရင်းပင်တွေကလည်း အုပ်မိုးထားတာမို့ အမှောင်ကို အမှောင်ဆင့်နေသလိုပါပဲ။

ကျွန်ုပ်က ဆယ့်သုံးနှစ်သားလောက် ရှိနေပါပြီ။ ကျောင်းမှာအိပ် ကျောင်းမှာပဲ စားပြီး စာသင်နေကာပါ။ ကျန်ကျောင်းသားတွေက ကျွန်ုပ်ထက် ငယ်ကြတာရယ်ကြောင့် ကျွန်ုပ် ကျောင်းသားခေါင်းဆောင် ဖြစ်နေတာပါ။ ကျောင်းထိုင်ဘုန်းကြီးရဲ့ အချစ်တော်ဆိုလည်း မမှားဘူးလေ။ ကျွန်ုပ်ကို ဦးပဉ္စင်းတွေနဲ့ ကိုရင်တို့က ချစ်ကြသလို ကျောင်းသားငယ်တွေကလည်း ချစ်ကြောက်ရိုသေကြတယ်။

အဲ..ကျွန်ုပ်နာမည်ကို ပြောဖို့ မေ့နေတယ်။ ကျွန်ုပ်နာမည်က မင်းသက်ဇင်ပါ။ ကျွန်ုပ်အဖေ နိုင်သော်ဇင်က ဒီကျောင်းမှာ ကျောင်းဒကာ အကြီးဆုံးပါ။ ကျောင်းဖွံ့ဖြိုးရေးကို စီမံအုပ်ချုပ် လုပ်ကိုင်ပေးနေရလို့ ကျောင်းဒကာချုပ်ဆိုလည်း မမှားဘူး။

## ချုပ်တန်းပေါ်က ဘီလူးခေါင်းရုပ်တုများ

ဘုန်းတော်ကြီးကလည်းချစ်ပြီး အရေးပေးတာရ... ကျောင်းဒကာချုပ်ရဲ့ သားဖြစ်တာမို့ အခွင့်အရေး ပိုမယူ



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး။ ကျောင်းသားညီငယ်တွေနဲ့အတူ ကျောင်းဝေယျာဝစ္စ ပြုလုပ်ပေးတယ်။ ထမင်းစားကြတော့လည်း သူတို့ကြက်သားတစ်တုံးဆို ကျွန်ုပ်လည်း တစ်တုံးပါပဲ။ ပိုမစားပါဘူး။ တစ်ခါတလေ အဝေမတည့်တော့ ဆရာတော်ဆိုသလို ကျောင်းသားတွေက များတော့ ကျွန်ုပ်ကိုယ်တာမရတော့ဘဲ ဟင်းပေါင်းနဲ့ နှစ်ပါးသွားရတဲ့တာ အခါခါပါ။

ဘုန်းကြီးကျောင်းက ဟင်းပေါင်း(ဟင်းလေးအိုးလို့လည်းဆိုတယ်) ဆိုလို့ အထင်မသေးလိုက်ပါနဲ့၊ စားဖူးသူတိုင်း နောက်ထပ် ပြန်စားချင်ကြတာပါ။ ဟင်းပေါင်းဆိုတာ နေ့ခင်း ကျောင်းသားတွေ ရွာရှိ အိမ်တွေမှာ လိုက်အလှူခံထားတဲ့ ဟင်းစုံတွေကို ဆရာတော်၊ သံဃာတော်၊ ကိုရင်တွေ ဘုဉ်းပေးပြီး ကျွန်ုပ်တို့ ကျောင်းသားတွေစားပြီး ကျန်နေတဲ့ ဟင်းတွေအားလုံးကို ပေါင်းပြီး မီးငွေ့ငွေ့နဲ့ နှပ်ထားတာပါ။ သည်ဟင်းပေါင်းထဲမှာ ငါးပိရည်လည်း ပါချင်ပါမှာဆိုတော့ ဟင်းပေါင်းရဲ့ အရသာကလေးလေးပင်ပင်ရှိပြီး နတ်သုဒ္ဓါဟင်းလို့တောင် ခေါ်နိုင်ပါရဲ့။

ကျွန်ုပ်တို့ နေထိုင်စာသင်နေကြတဲ့ ကျောင်းကြီးရဲ့ အလယ်ခန်းမကြီးရဲ့ ထောင့်လေးဖက်မှာ လူတစ်ဖက် ဖက်မမီတဲ့ တိုင်လုံးကြီးလေးလုံးက ထောင့်လေးထောင့်မှာ မတ်မတ်ကြီးထောင်ထားတယ်။ သည်တိုင် လေးတိုင်ကို နှစ်ပေ တစ်ပေခွဲထုတဲ့ ဖြက်နဲ့ ချုပ်ထားတဲ့ ချုပ်တန်းလေးဘက် အလယ်တည့်တည့်မှာ လက်နှိပ်မီးအလင်းရောင်နဲ့ သေသေချာချာ ကြည့်လိုက်ရင် အလွန်လက်ရာမြောက်တဲ့ ဘီလူးခေါင်းတစ်ခေါင်းစီကို ချုပ်တန်းအလယ်တည့်တည့်မှာ ကပ်ထားတာကို တွေ့ရမှာပါ။

ရှေးခေတ် ပန်းပုဆရာကြီးတွေရဲ့ လက်ရာမြောက်လွန်းတာမို့ အသက်ဝင်နေသလားလို့တောင် ထင်ရပါတယ်။ သည်ဘီလူးခေါင်းတွေက ကျောင်းကြီးစဆောက်ခဲ့တဲ့ လူကြီးတွေက ကျောင်းကြီးကို သူခိုးတွေရန်ကကာကွယ်ဖို့ သည်ဘီလူးခေါင်းအရုပ်တွေ ထုလုပ်ပြီးအသက်သွင်းခဲ့တာလို့ လူကြီးတွေ အဆက်ဆက် ဆိုခဲ့ပေမယ့် ကျွန်ုပ်တို့ လူငယ်တွေကတော့ မယုံကြပါဘူး။ အလှသက်သက်သာ ထုထားတာလို့သာ ထင်ပါတယ်။

အခုလက်ရှိ ကျောင်းထိုင်နေတဲ့ ဆရာတော် ဦးအာလောက မတိုင်ခင် သည်ရွာသား ဆရာတော်ကြီး ဦးပဏ္ဍဝံသ ဆရာတော်ကြီး လက်ထက်မှာတုန်းကလည်း မကြားဖူး၊ မကြုံဖူးတာတွေ မဖြစ်ခဲ့ပါဘူး။ ဆရာတော်ကြီး ဦးပဏ္ဍဝံသ လက်ထက်မှာတုန်းက ကျောင်းကြီးမှာ တစ်ပါးတည်း ကျိန်းစက်နေတာဝါ။ ဘယ်သံဃာ၊ ကိုရင်၊ ကျောင်းသားတွေမှ မရှိပါဘူး။

ရဟန်းခံရှင်ပြုလောက်သာ လက်ခံပြီး တစ်သက်လုံးနေမယ့် သံဃာ၊ ကိုရင်တွေဆို စာသင်တိုက်ပို့ပြီး စာသင်ခိုင်းတာပါ။ ကျောင်းမှာ တာရှည်မထားဘဲ တစ်ပါးတည်းသီတင်းသုံးတော်မူတယ်။ ဆရာတော်ကြီးက ကိုင်းလေးပစ်ဝိဇ္ဇာလို့လည်း သိမီသူတွေက ပြောပါတယ်။ ကိုင်းလေးပစ်ရာမှာ အလွန်လက်ဖြောင့်တယ် ဆိုပဲ။

ကိုက်နှစ်ရာကျော် အဝေးကိုပစ်ရင် လက်ဆိုလက်၊ ဖင်ဆိုဖင် ပစ်နိုင်တယ်။ ကျောင်းခြံထဲမှာကလည်း သရက်၊ ပိန္နဲ၊ မရမ်း၊ ဒူးရင်းပင်တွေ များပြားသလို သီးချိန်ကြရင်လည်း ပြွတ်ခဲနေအောင် သီးပွင့်ကြတယ်။ သည်အသီးတွေကို ဘယ်ဒကာ၊ဒကာမတွေကိုမှ မပေးခူးသလို လူငယ်လူရွယ်တွေလည်း မခိုးစားရဲကြပါဘူး။ ခိုးခူးလို့ကတော့ လူကို မမြင်ရပေမယ့် ကိုင်းလေးနဲ့ မှန်အောင်ပစ်နိုင်လို့အားလုံး ကြောက်ရွံ့ကြတယ်။

လာတောင်းစားရင်တော့ ကြည်ကြည်ဖြူဖြူ ခွင့်ပြုတော်မူပါတယ်။ ခွင့်ပြုတယ် ဆိုရာမှာလည်း မခူးစားခင်ကျောင်းဝေယျာဝစ္စတွေဖြစ်တဲ့ သစ်ရွက်ကောက်ကြရတာတို့၊ မြက်နုတ်ခိုင်းတာတို့ ပြုလုပ်စေပြီးမှ ခူးစားစေပါတယ်။ အိမ်ကို သယ်ယူခွင့်တော့ မရှိပါဘူး။

ရှေးရှေးဆရာတော်ကြီးများရဲ့ ဝိနည်းစည်းကမ်းကတင်းကျပ်တယ်ဆိုပေမယ့် ဒကာ၊ဒကာမတွေအပေါ် အပြစ်ဒဏ်မကျစေဘဲ ကျေအေးစေရန် လုပ်ဆောင်တာမို့ ဗုဒ္ဓဘာသာဝင်တွေ စံနမူနာယူဖို့ အလွန်ကောင်းမွန်တဲ့ စည်းကမ်းပါ။

ရှေးလူကြီးသူမတွေ ပြောကြတဲ့စကားက ကျောင်းပိုင်၊ သာသနာပိုင်ပစ္စည်း အစားအသောက်တွေကို ဆရာတော် သံဃာတော်တွေ ခွင့်မပြုဘဲ ယူသုံးတာ၊ စားသောက်တာကို ပြုလုပ်ရင် နောင်တစ်ချိန် ကျောင်းမှာ ခွေးလာဖြစ်ရတယ်လို့ ဆိုပါတယ်။

အခု ကျောင်းမှာ ခွေးလေခွေးလွင့်တွေ များနေတာဒီလို စည်းကမ်းမဲ့တဲ့သူတွေကြောင့်လို့ ဆိုရမလိုပါဘဲ။



www.burmeseclassic.com

www.burmeseclassic.com

**ချစ်လို့စတာလား**

ဆရာတော်ကြီး ဦးပဏ္ဍဝံသ လက်ထက်တုန်းကတော့ ဦးပဉ္ဇင်း၊ ကိုရင်၊ ကျောင်းသားတွေ တစ်ဦးတစ်ယောက်မှမရှိလို့ ဘာပြဿနာမှ မဖြစ်သော်လည်း အခုလက်ရှိ ဆရာတော် ဦးအာလောက လက်ထက်မှာ စာသင်တိုက်လည်း ဖွင့်ထားတယ်။ လောကီစာတွေလည်း သင်တာဆိုတော့ ဦးပဉ္ဇင်း၊ ကိုရင်၊ ကျောင်းသားတွေ ကျောင်းမှာ များလာတော့ ပြဿနာက စလာတာပေါ့။ သည်ပုဂ္ဂိုလ်ကြီးတွေ ချစ်လို့ စတာပဲလား၊ မျက်စိနောက်လို့ လုပ်တာပဲလားတော့ မသိပါဘူး။ မဟုတ်မခံတာတော့ အမှန်အကန်ပါပဲ။ သူတို့ ရှိနေကြောင်းကို သိအောင် ပြတာလားတော့ မသိတော့ပါဘူး။

ညဘက် ခုနစ်နာရီဆို ဦးပဉ္ဇင်း၊ ကိုရင်နဲ့ ကျွန်ုပ်တို့ ကျောင်းသားတွေ ဘုရားဝတ်တက် ပရိတ်ကြီး(၁၁)သုတ် ရွတ်ပွား၊ မေတ္တာပို့ အမျှဝေပြီးမှ စာကျက်အိပ်ကြရတာ ထုံးစံပါပဲ။

တစ်ညတော့ ကျွန်ုပ်တို့အားလုံး ဘုရားဝတ်တက်ပြီး ဦးပဉ္ဇင်းတွေက စာဝါလိုက်ကြ ကိုရင်တွေကလည်း စာအံ စာကျက်၊ ကျွန်ုပ်တို့ကလည်း နေ့လယ်က သင်ထားတဲ့ သင်္ချာတွက် ကျောင်းစာကျက်ပြီး ညဆယ်နာရီမှာ မီးစက်ပိတ်လို့ အသီးသီး အိပ်ရာဝင်ကြတယ်။

ကိုရင်တွေနဲ့ ကျွန်ုပ်တို့ ကျောင်းသားတွေက ဘုရားခန်းရှေ့က ကျောင်းအလယ်ခန်းမကြီးမှာ သူ့အုပ်စုနဲ့သူ သုံးဦး၊ လေးဦး တစ်တွဲစီ အိပ်ကြတယ်။ ကျွန်ုပ်တို့ ကျောင်းသားတွေထဲမှာ ဦးပဉ္ဇင်း၊ ကိုရင်တွေကို ဖားတတ်ပြီး လေကြီးလေကျယ် ပြောဆိုတတ်တဲ့ ကျောင်းသား သုံးယောက် ရှိတယ်။ သည်ငဖား သုံးကောင်က ကျွန်ုပ်ကိုလည်း သိပ်အမြင့်ကြည်တာ မဟုတ်ဘူး။ ဘုန်းကြီးအရေးပေးသူ၊ ကျောင်းသားတွေကို အုပ်ချုပ်ရသူမို့ မနာလိုတာပါပဲ။ တစ်ယောက်က သူကြီးရဲ့သား သာဂိလို့ ကျွန်ုပ်တို့ ခေါ်တဲ့ မင်းတင်အောင်နောင်နဲ့ ဆေးဆရာကြီးရဲ့သား ဗိုက်ဆွဲလို့ ခေါ်တဲ့ မင်းအောင်ခိုင်ဆိုတဲ့ လူရှုပ်။ နောက် ဒီကောင် နှစ်ကောင်ကို ဆရာတင်ထားပြီး ဒီကောင်တွေ လေအတိုင်း တစ်သဝေမတိမ်း ပြောတတ်တဲ့ နပ်ချီးထူ ဖိုးသားတို့ပါပဲ။

ဒီလူရှုပ် သုံးကောင်က စွာကျယ်ကျယ်လည်း ဖြစ်သေးတယ်။ အာကျယ်သလို ကျောင်းသားငယ်တွေကို ဗိုလ်ကျ ရှုပ်ပွေပေမယ့် ကျွန်ုပ်တို့ ရှိစဉ်တော့ ဒီကောင်တွေ သုံးကောင် ဗိုလ်မကျ၊ မရှုပ်ရဲဝံ့ကြပါဘူး။

တစ်ညနေ သည်ကောင်နှစ်ကောင် ရွာထဲ ဆင်းပြီး သူတို့အိမ်ကို သွားကြတယ်။ ကျောင်းပြန်ရောက်တော့ မင်းတင်အောင်နောင်ရဲ့အဖေ သူကြီး ပြောလိုက်တဲ့စကားကို ကြားလာပြီး ညဘက် ဘုရားဝတ်တက် စာကျက်ပြီး အိပ်ချိန် မအိပ်နိုင်ကြသေးဘဲ သည်ကောင်နှစ်ကောင် ကျွန်ုပ်အိပ်ရာဆီ ရောက်လာပြီး စကားလာပြောလာပါတယ်။

'အစ်ကို··တို့ ရွာထဲသွားတော့ အဖေသူကြီး ပြောလိုက်တဲ့စကား လာပြောတာကွ'

'စကားအကောင်းပြောရင်ပြော၊ မပြောရင် ငါ့လက်သီးစာမိမယ် ငရှုပ်'

'စကားအကောင်းပြောမှာပါ· အစ်ကိုရာ။ ဒီလိုဗျ။ အဖေက ပြောသား၊ မင်းတို့ ဘုန်းကြီးကျောင်း အလယ်ခန်းမကြီးထဲမှာ ချုပ်တန်းလေးဖက် ချုပ်ထားတယ် မဟုတ်လားတဲ့။ အဲဒီလေးဖက်လုံးကို ငါ့သား ကျောင်းပြန်ရောက်ပြီး မနက်လင်းလင်းထင်းထင်းမှာ သေသေချာချာကြည့်၊ တစ်ဖက်မှာ ဘီလူးခေါင်း နှစ်ခေါင်းစီ တပ်ထားတာ တွေ့ရမယ်တဲ့။ ဒီဘီလူးခေါင်းတွေကို ပေါ့သေးသေး မထင်နဲ့ကွတဲ့။ သူတို့ကို ရှေးဆရာကြီးတွေက အသက်သွင်းထားတာတဲ့ အစ်ကိုရ။ အစ်ကိုရော ယုံလားဗျ'

'ဟုတ်လား တင်အောင်နောင်။ မင်းအဖေသူကြီး ဒီလိုပဲ ပြောလိုက်တာလား။ လူကြီးတွေက အမှန်တွေ ပြောလို့ ယုံရမှာပေါ့ကွာ'

'ဟာဗျာ၊ ကျွန်တော်ကတော့ မယုံဘူးဗျာ။ အဖေ ကျွန်တော်တို့ကို တမင်ခြောက်တာလို့ပဲလို့ ကျွန်တော်ထင် တယ်ဗျ။ ကျွန်တော်ကတော့ မယုံဘူးဗျာ။ ဒီဘီလူးတွေ တွေ့ချင်စမ်းပါဘိ။ ဒီကောင်တွေ ကျွန်တော့်ဆီ လာ ကတော့ လက်သီးနဲ့ကို ထိုးမှာ'

'ဟေ့ကောင် တင်အောင်နောင်၊ ပေါက်ကရ လိုက်ပြောမနေနဲ့။ အသံကြောင့် ဖားသေတယ် ဆို မင်းကြားဖူးတယ် မဟုတ်လား။ ငါကတော့ ကြော တယ်။ တော်ပြီကွာ၊ မပြောနဲ့တော့။ အိပ်တော့မယ်'

'အစ်ကိုက ကြောက်ပဲကွ။ ဒီဘီလူးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com

တွေ့ချင်တယ်ကွာ'

တင်အောင်နောင်က ကျွန်ုပ်ကို ကြောက်လို့ မကျေမနပ်ဆိုပြီး သူ့အိပ်တဲ့နေရာကို ထွက်သွားလို့ ကျွန်ုပ်လည်း စောင်ခြုံပြီး အိပ်လိုက်ပါတော့တယ်။

ကျွန်ုပ်တို့ မနက် တုံးခေါက်တာနဲ့ ဦးပဉ္စင်းတွေက လိုက်နှိုးကြတယ်။ ကျွန်ုပ်တို့လည်း အမြန်ထ၊ မျက်နှာသစ် သွားသစ်၊ အပေါ့ဆင်းသွားသူ ဆင်းသွားနဲ့ ဆွမ်းခံဆင်းနိုင်ဖို့ တက်သုတ်ရိုက်နေကြတယ်။ ဦးပဉ္စင်းနဲ့ ကိုရင်တွေကတော့ သင်္ကန်းသပွတ်ယှက်နေကြပါပြီ။ အားလုံးပြီးစီးလို့ ဆင်းကြဖို့ ကျောင်းသားတွေစစ်တော့ တင်အောင်နောင် တစ်ယောက် ပျောက်နေပါတယ်။

ဒါနဲ့ ဦးပဉ္စင်း၊ ကိုရင်တွေနဲ့ ကျွန်ုပ်တို့ ကျောင်းသားကြီး သုံး,လေးယောက် အပူတပြင်းလိုက်ရှာကြတယ်။ ကျွန်ုပ်တို့ ကျောင်းသားကြီးတွေက ဒီကောင် ခိုးအိပ်တတ်တဲ့ နေရာတွေကို လိုက်ရှာကြတယ်။ တွေ့မယ့်တွေ့တော့ ကျောင်းမကြီးအဆင်း အရှေ့လှေကားအောက် အခန်းလေးထဲမှာ အုတ်နံရံကိုမှီပြီး တခေါခေါနဲ့ အိပ်ပျော်နေတာတွေ့ရလို့ လှုပ်နှိုးရတယ်။ တအင်းအင်းနဲ့ အိပ်မှုန်စုံမွှားနဲ့ မနည်းနှိုးယူရတယ်။

'ဟေ့ကောင် တင်အောင်နောင်၊ အိပ်စရာရှားလို့ လှေကားအောက်မှာ ဘာလို့ လာအိပ်နေတာလဲကွ'

'ဟင်..ငါ အိပ်တုန်းက အစ်ကို့အရှေ့မှာပဲ ငါ့အိပ်ရာမှာ သွားအိပ်တာလေကွာ။ ခု ဘာလို့ ဒီလှေကားအောက်မှာ ရောက်ပြီး အိပ်နေမိတာလဲဟင်'

ကျွန်ုပ်က မေးလိုက်တော့ တင်အောင်နောင်က ပြူးတူးပြဲတဲနဲ့ ပြန်ပြောလာတယ်။

'တို့ ဘယ်သိမှာလဲကွ။ မင်းပဲ သိမှာပေါ့။ ကဲ..မြန်မြန်လုပ် မျက်နှာသစ်တော့။ ဟိုမှာ ဦးပဉ္စင်းတွေ တန်းဆွမ်းဆင်းဖို့ စောင့်နေကြတယ်'

တင်အောင်နောင် မျက်နှာအမြန်သစ်ပြီး သပိတ်အလွတ်တစ်လုံးဆွဲကာ ကျွန်ုပ်တို့နောက်ကို ပြေးလိုက်လာတယ်။ ကျွန်ုပ်တို့ တန်းဆွမ်းက ပြန်လာပြီး ဆရာတော်၊ သံဃာတော်၊ ကိုရင်တွေ ဆွမ်းဘုဥ်းပေးဖို့ ခုံတွေချ၊ ဖျာတွေခင်း၊ ထွေးခံ၊ ရေတကောင်း၊ လက်ဆေးခွက်တွေကို တစ်ယောက်တစ်လက် ကျောင်းသားလက် ဆိုသလို ပြီးစီးသွားတော့တယ်။

<u>ငမိုက်သားတွေ ထိကြပြန်ပြီ</u>

အလင်းရောင် ပွင့်လာချိန်မှာ ဆွမ်းအလှူည့်ကျတဲ့ ဒကာမတွေ ရောက်လာလို့ ဆွမ်း၊ ဆွမ်းဟင်းလှယ်တာကို လက်ခံယူပြီး ဆရာတော်ဝိုင်း၊ ဦးပဉ္စင်းတွေဝိုင်း၊ ကိုရင်တွေဝိုင်းတို့ကို ဟင်းမျှပြီး ထည့်ပေးရတယ်။ ကျောင်းမှာ မီးနွေးနွေးနဲ့ နှပ်ထားတဲ့ ဟင်းလေးအိုး(ဟင်းပေါင်း)ကိုလည်း ချပေးရတယ်။ ဆရာတော် ကျက်သရေခန်းက ထွက်လာပြီး ဆွမ်းဝိုင်းမှာ ဝင်ထိုင်တော့ ဒကာမတွေက ဆရာတော်ကို ဆွမ်းကပ်ပေးပြီး ဆရာတော်၊ ဦးပဉ္စင်း၊ ကိုရင်တွေ ဆွမ်းဘုဥ်းပေးနေတုန်း ကျုပ်တို့က ဘုရားဆွမ်းတော်ကပ်ပြီး တင်အောင်နောင်ကို တိုးတိုးလေး ကပ်မေးရတယ်။

'အစ်ကို..ငါ တကယ်မသိတာကွ။ စအိပ်တုန်းက ငါ့အိပ်ရာမှာအိပ်တာ အစ်ကိုလည်း သိတာပဲ။ အစ်ကိုတို့ နှိုးလာမှ ဘယ်လိုကနေဘယ်လို လှေကားအောက်ခန်းထဲ ရောက်နေတာလဲ မသိပါဘူး အစ်ကိုရာ'

'ဘာမှမသိဘူး လုပ်မနေနဲ့၊ အသံကြောင့် ဖားသေတတ်တယ်လို့ ငါ ညက ပြောခဲ့သေးတယ်မဟုတ်လား။ မင်းအဖေက ဘီလူးတွေကို အသက်သွင်းထားတာဆိုတာ မင်းက မယုံဘဲ စော်စော်ကား‌ကား ပြောလားပြောရဲ့။ ဒါကြောင့် မင်းခံရတာပဲလို့ ငါထင်တယ်။ အပြောအဆိုဆင်ခြင်ပါ တင်အောင်နောင်ရာ။ မမြင်ရတဲ့ ပရပုဂ္ဂိုလ်တွေကို မနောက်တာ အကောင်းဆုံးပဲကွာ။ ဟိုမှာ ဆရာတော်တို့ ဆွမ်းဘုဥ်းပေးလို့ ပြီးကုန်ကြပြီ။ တို့ ဆွမ်းဝိုင်းသွားသိမ်းကြစို့'

'ငါတော့ မယုံသေးဘူး အစ်ကိုရာ။ တိုက်ဆိုင်မှုလည်း ဖြစ်နိုင်တာပဲကွ။ ဒါမှမဟုတ် ငါ အိပ်ရင်း ယောင်ပြီး အောက်မှာ သွားအိပ်မိတာ ဖြစ်မယ်ကွ'

နောက်ဖေးမီးဖိုဆောင်တွင် ကျွန်ုပ်တို့ ထမင်းစားကြတယ်။ သည်မှာ တင်အောင်နိုင်က သူ့ဘက်တော်သား ဗိုက်ဆွဲအောင်ခိုင်ကို စကားစလိုက်တယ်။

'ဟေ့..ဗိုက်ဆွဲ၊ ချုပ်တန်းပေါ်က ဘီလူးခေါင်းတွေ အသက်သွင်းထားတယ်ဆိုတာ မင်းယုံလားကွ'

'ချီးမှပဲ။ ကြောက်တဲ့သူပြောရင် ကြောက်တဲ့သူ ယုံပေါ့ကွ။ ငါကတော့ မယုံရေးချ မယုံထဲကပဲကွ။ မင်းလှေကားအောက်မှာ သွားအိပ်တာ ယောင်ပြီး ထသွားတာ



www.burmeseclassic.com

www.burmeseclassic.com

ပါကွာ။ မယုံစမ်းပါနဲ့ကွာ။ ငပေါ လူကြောက်တွေသာ ယုံကြတာပါ'

ဗိုက်ဆွဲအောင်ခိုင်က ကျွန်ုပ်ကို စွေကြည့်ပြီး ဘလိုင်းကြီး စိန်ခေါ်လာတယ်။ လူလိမ္မာအမျက် အပြင်မထွက် ဆိုသလို ကျွန်ုပ်ကို ငပေါ၊ ငကြောက်လို့ပြောတာ သိပေမယ့် ထမင်းဝိုင်းမှာကတစ်ကြောင်း၊ ဆရာတော်ရဲ့ ထားဝယ်ကြိမ်ကို မျက်စိထဲ မြင်လာလို့ မသိသလိုဘဲ ထမင်းဆက်စားနေလိုက်တယ်။ ဗိုက်ဆွဲက မရပ်သေးဘဲ အထွန့်တက်လာပြန်တယ်။

'ဟေ့··နှပ်ချီးထူ ဖိုးသား၊ မင်း ထမင်းစားတာ နှပ်က တဆွတ်ဆွတ်နဲ့ ရွံစရာကြီး။ သွားညှစ်လိုက်ကွာ။ ချီးမှပဲ၊ မင်းရော ဘီလူးကို ကြောက်တဲ့အထဲ ပါလားကွ။ ကြောက်ရော ကြောက်ရဲ့လား နှပ်ချီးထူ'

'ကြောက်မွေးမပါဘူး ဗိုက်ဆွဲရ။ ကြောက်မွေးပါရင် ဆွဲနုတ်ပစ်မယ်။ ဒီဘီလူးတွေ လာစမ်းပါစေ၊ တွေ့ချင်စမ်းတယ် အောင်ခိုင်ရာ'

ကျွန်ုပ်လည်း သည်ငမိုက်သား သုံးကောင်ရဲ့ စကားတွေကို ဆက်မကြားချင်တော့တာနဲ့ ထမင်းလက်စသတ်ပြီး ရေစင်ရှိရာကို ထသွားတော့တယ်။

ကျွန်ုပ်တို့ လောကုတ္တရာနဲ့ လောကီစာတွေ သင်ကြားပေးနေတဲ့ ဘုန်းတော်ကြီးကျောင်းကြီးသည် အစကတော့ အေးအေးချမ်းချမ်းနဲ့ ပျော်ရွှင်စရာ ကောင်းခဲ့ပါတယ်။ ဘုရားဝတ်တက်လိုက်၊ ဆွမ်းတော်ဖျို့လိုက်လိုက်၊ စာသင်လိုက်၊ စာကျက်လိုက်၊ ဆော့လိုက်၊ ကျောင်းဝေယျာဝစ္စ စုပေါင်းလုပ်လိုက်ကြနဲ့ ပျော်စရာကောင်းခဲ့ပါတယ်။ လူငယ်သဘာဝမို့ အိပ်လိုက်ရင် တုံးခနဲ ပျော်သွားပါတယ်။ ညနေပိုင်း ဟင်းပေါင်း(ဟင်းလေးအိုး)နဲ့ ထမင်းစားကြရတာလည်း မြိန်လည်းမြိန်၊ ပျော်လည်း ပျော်ကြပါတယ်။

ဝိညာဉ်ရှိသူတိုင်း၊ တစ်နည်း ပရလောကသားတိုင်းဟာ ကောင်းတာ၊မကောင်းတာကို သိနိုင်မယ် ထင်ပါတယ်။ အခုလည်း စိတ်ကောင်းမွေးကြတဲ့ ကျွန်ုပ်တို့ ဘဘောအန္တရာယ်မှ မရှိကြပေမယ့် ငမိုက်သား သုံးကောင်ဖြစ်တဲ့ သာဂိ၊ ဗိုက်ဆွဲနဲ့ နှပ်ချီးထူတို့မှာ တစ်နေ့တစ်မျိုး ဒုက္ခခံနေကြရတယ်။ ကျွန်ုပ်က ည ဘုရားဝတ်တက်ပြီးတိုင်း မြင်အပ် မမြင်အပ် ပုဂ္ဂိုလ်တွေကို မေတ္တာပို့ပေးနေသလို ကျန်ကျောင်းသားငယ်တွေကိုလည်း မေတ္တာပို့ပေးဖို့ သင်ထားလို့ပဲ ထင်ပါရဲ့။ ကျွန်ုပ်တို့ ဘာဒုက္ခတွေနဲ့မှ မကြုံရပါဘူး။

ဒင်းတို့ သုံးယောက်က ကိုယ့်စကားနဲ့ကိုယ် ခံကြရတာ အကြောင်းလား။ သူတို့ကြောင့် ဦးပဉ္စင်းတွေ၊ ကိုရင်တွေနဲ့ ကျွန်ုပ်တို့ ကျောင်းသားတွေပါ အားအားမနေရပါဘူး။ သည်ငမိုက်သား သုံးကောင်ကို မနက် တုံးခေါက်တာနဲ့ ရှာဖွေခြင်း စရပါပြီ။ သူတို့သုံးဦးကလည်း တစ်နေ့တစ်မျိုး မရိုးရအောင် အသုံးတော်ခံကြတာပါ။

လူကြီးတွေ ပြောကြတာက သည်သုံးယောက်ကို နတ်ဖမ်းဝှက်တာလို့ ပြောကြပေမယ့် ကျွန်ုပ်တို့အထင်က အသက်သွင်းထားတယ်ဆိုတဲ့ ဘီလူးခေါင်းရုပ်တွေကို မရိုမသေ ပြောဆိုနေတာမို့ ဘီလူးဝှက်တာပဲ ဖြစ်မှာပါ။

စဖြစ်တဲ့နေ့မှာ စထိတဲ့ကောင်က သာဂိလို့ခေါ်တဲ့ သူကြီးသား တင်အောင်နောင်လို့ ပြောခဲ့ပြီးပြီနော်။ နောက်သုံးရက်ခြား ထိတဲ့ကောင်က နှပ်ချီးထူဖိုးသားပါ။ ဒီကောင့်ကို ကုဋီ(အိမ်သာ)ထဲမှာ သွားထားတာပါ။ တစ်ခါနောက်နေ့မနက် ကျွန်ုပ်တို့ တန်းဆွမ်းဆင်းဖို့ ကျောင်းသားတွေ စစ်ကြည့်တော့ ဗိုက်ဆွဲအောင်ခိုင် ပျောက်နေပြန်ရော။ အောင်ခိုင့်ကိုလည်း ကုဋီထဲမှာပဲ သွားတွေ့လို့ ပြန်နှိုးပြီး ခေါ်ခဲ့ရတယ်။

အောင်ခိုင်ပြီးတော့ ဘယ်သူမှ မပျောက်ကြတာ တစ်ပတ်လောက် ကြာသွားပါတယ်။ အားလုံးပဲ အေးအေးဆေးဆေး အိပ်ကြရတယ်။

### သုံးယောက်လုံး မန်ကျည်းပင်ပေါ်မှာ စိမ်ကျနေတယ်

နောက်နှစ်ရက်ခြားလောက်မှာ သည်သုံးယောက်လုံး ထိကြပြန်ရော။ သည်တစ်ခါပျောက်တာ ထူးခြားနေလို့ ဆရာတော်ပါ သိသွားပါတော့တယ်။

ထုံးစံအတိုင်းပါပဲ။ မနက်လေးနာရီ တုံးခေါက်ပြီး တန်းဆွမ်းဆင်းဖို့ အားလုံးထကြရတယ်။ မျက်နှာသစ်ကြ ကိုယ့်သပိတ်ကိုယ်ကိုင်ပြီး လူစစ်လိုက်တော့ သာဂိတင်အောင်နောင်ရယ်၊ ဗိုက်ဆွဲအောင်ခိုင်ရယ်၊ နှပ်ချီးထူဖိုးသားရယ် သုံးကောင်ပူးကြီး ပျောက်နေကြတာပါ။

သည်သုံးယောက်က အသက်သွင်းထားတယ်ဆိုတဲ့ ဘီလူးရုပ်ခေါင်းတွေကို မထိမဲ့မြင်ပြုနေကြတဲ့ လူဆိုး သုံးဖော်လေ။ သည်တစ်ခါ ပျောက်နေတာက ဘယ်လို


www.burmeseclassic.com

www.burmeseclassic.com

ရှာလို့ကိုမရတာ။ အချိန်ကလည်း မရှိတော့လို့ အားလုံး ဆွမ်းခံဆင်းကြရတယ်။ မနက်ဆွမ်းဘုဉ်းပေးပြီးလို့ ကိုရင်ကြီး နန္ဒိယက ကုဋီအသွား မန်ကျည်းပင်ကြီးအောက် ရောက်တော့ မန်ကျည်းသီးနုနုတွေခူးဖို့ အပင်ပေါ်ကို မော့ကြည့်လိုက်တော့ တင်အောင်နောင်တို့ သုံးယောက် မန်ကျည်းကိုင်းတွေပေါ်မှာ ပင်စည်ကြီးကိုမှီပြီး အိပ်ပျော်နေတာကို သွားတွေ့လို့ ကိုရင်ကြီး ကုဋီကိုပင် မတက်နိုင်တော့ဘဲ ကျောင်းပေါ်ကိုအော်ပြီး ပြေးတက်လာတယ်။

'ကယ်ပါဦး ဆရာတော်ဘုရား၊ ဟိုကောင်သုံးကောင် မန်ကျည်းပင်ပေါ်မှာ အိပ်နေပါတယ်ဘုရား။ ကျကုန်တော့မယ်ဘုရား'

'ဟဲ့··ကိုရင်နန္ဒိယ၊ ဘာဖြစ်လာတာလဲ။ ဘယ်ကောင်သုံးကောင်က မန်ကျည်းပင်ပေါ်က ကျသေမှာလဲဟဲ့'

ဆရာတော်က ရွာထဲက ကျောင်းဒကာ သုံးယောက်နဲ့ စကားပြောနေတာမို့ အံ့သြစွာနဲ့ပဲ လှမ်းမေးလိုက်ပါတယ်။

'တင်အောင်နောင်ရယ်၊ အောင်ခိုင်ရယ်၊ ဖိုးသားရယ်ပါဘုရား။ မန်ကျည်းကိုင်းပေါ်မှာ ခွေခွေလေးအိပ်နေကြတာပါဘုရား'

'ဟေ··ဒုက္ခပါပဲ။ ဒကာတွေပါ လိုက်ခဲ့စမ်းပါ။ သွားကြည့်ရအောင်'

ဆရာတော်နဲ့ ဒကာသုံးယောက်အပြင် ဦးပဥ္စင်း၊ ကိုရင်တွေရော ကျွန်ုပ်တို့ ကျောင်းသားတွေပါ ကုဋီသွားတဲ့ လမ်းမှာရှိနေတဲ့ မန်ကျည်းပင်ဆီကို သွားကြည့်ကြပါတယ်။ မန်ကျည်းပင်အောက် ရောက်ကြလို့ အပင်ပေါ်ကို မော့ကြည့်လိုက်ကြတော့ လက်မောင်းလုံးလောက်ရှိတဲ့ မန်ကျည်းကိုင်းတွေပေါ်မှာ ပင်စည်ကြီးကိုမှီပြီး အိပ်မောကျနေတာကို အားလုံး အံ့သြစွာ တွေ့လိုက်ကြရတယ်။

'ဒကာတို့ သစ်ပင်တက်ကျွမ်းတယ် မဟုတ်လား။ ဒီကျောင်းသားသုံးယောက်ကို မန်ကျည်းပင်ပေါ်က ချပေးကြပါဦးကွယ်။ နေကြဦး ဒကာတို့၊ မင်းသက်ဇင် မင်းက ကျောင်းပေါ်က မင်းတို့ဝတ်တဲ့ လုံချည်သုံးထည်နဲ့ ပရိတ်ချည်ကြိုးရှည်ပါ အမြန်သွားယူခဲ့'

ဆရာတော် မှာတဲ့အတိုင်း ပစ္စည်းတွေကိုသွားယူပြီး ဒကာတွေကို လှမ်းပေးလိုက်တယ်။

'ကဲ··ဒကာတို့ သုံးယောက်လုံး မန်ကျည်းပင်ပေါ်တက်ကြပြီး ပရိတ်ချည်ကို အရင်ဆုံး သူတို့လည်ပင်းမှာ စွပ်ပေးပြီး လုံချည်ကို ချိုင်းကြားမှာ သိုင်းပေးလိုက်ပါ။ ပြီးမှ တစ်ယောက်ချင်း ကြိုးနဲ့ လျှော့ချကြပါကွယ်။ ကျောင်းသားတွေ လန့်ပြီး ပြုတ်ပြုတ်ကျကုန်မှာစိုးရတယ်။ ကဲ··လုပ်ကြတော့'

ဆရာတော်ရဲ့ ညွှန်ကြားချက်အတိုင်း ဒကာသုံးယောက်က တစ်သဝေမတိမ်း လိုက်လုပ်ကြလို့ တင်အောင်နောင်တို့ သုံးယောက် အောက်ကို ရှောရှောရှူရှူ ရောက်ခဲ့တော့တယ်။ သည်အချိန်ကစပြီး သည်ကောင်သုံးကောင် ပါးစပ်မချောင်ရဲတော့ပါဘူး။

နောက်ဆုံး ဆရာတော်နဲ့ ကျောင်းဒကာကြီးတွေ တိုင်ပင်ကြပြီး ဆရာကောင်း ရှာဖွေကာ ချုပ်တန်းတွေမှာ ကပ်ထားတဲ့ ဘီလူးခေါင်းတွေကို အောက်ကိုခွာချပေးပြီး အသက်တွေပါ နုတ်ပေးလိုက်လို့ နုတ်ဝှက်တာတို့၊ ဘီလူးဝှက်တာတို့ဆိုတဲ့ အန္တရာယ်က အေးချမ်းသွားပါတော့တယ်။ သည်ကောင်သုံးကောင်လည်း သည်အချိန်ကစပြီး လူလိမ္မာလေးတွေ ဖြစ်သွားကြတော့တယ်။

**သိမ်ဘေးထန်းနှစ်ပင်ပေါ်က လက်မည်းကြီး**

ဘီလူးဝှက်တဲ့ အန္တရာယ်ကနေ ကင်းလွတ်သွားလို့မှ စိတ်ချမ်းသာမယ် မကျန်သေးဘူး၊ သိမ်ပေါ်မှာ အာရကျိုက်(တောထွက်ဘုန်းကြီး) တစ်ပါး သီတင်းသုံးနေပါတယ်။ ဝါတော်က ငါးဝါလောက်ရှိပါပြီ။ ဘွဲ့တော်က ဦးတိက္ခလို့ ဘွဲ့တော်ရှိပါတယ်။

ကျွန်ုပ်တို့နေထိုင်တဲ့ ရှေးဟောင်းကျောင်းကြီးနဲ့ သိမ်တော်က ကိုက်သုံးရာလောက် ကွာဝေးပါတယ်။ တောင်ကုန်းလေးပေါ်မှာရှိတာမို့ အေးချမ်းဆိတ်ငြိမ်ပြီး တရားဘာဝနာပွားများဖို့ အလွန်သင့်လျော်တဲ့ နေရာလေးပါ။

ကျောင်းက တက်တက်ချင်း သိမ်ရဲ့ ညာဘက်မှာ ထန်းနှစ်ပင်က စီတန်းပြီး ပေါက်နေတယ်။ နှစ်ပင်လုံး ထန်းဖိုပင်တွေဖြစ်လို့ ထန်းရည်ကိုင်ရန် အလွန်ကောင်းပေမယ့် ရွာထဲက ထန်းကိုင်သမားတွေ လက်ရှောင်တဲ့ အပင်တွေပါ။ ဘာဖြစ်လို့ မကိုင်ကြတာလဲလို့ မေးကြည့်ရင် မရေမရာ ဖြေကြတာက များပါတယ်။ အားလုံးရဲ့ အဖြေက သိမ်ဘေးမှာ ရှိနေလို့ မကိုင်ရဲကြဘူးတဲ့ဗျာ။ ကောင်းရောပေါ့။

တစ်ပါးတည်း သိမ်ပေါ်မှာ သီတင်းသုံးနေတဲ့ အာရ

www.burmeseclassic.com

ကျိုက် ဦးတိက္ခကိုယ်တော်ကြီးရဲ့ လူ့ဘဝနာမည်က နိုင်သာလှိုင်ဖြစ်ပြီး သားသမီးတွေက သူ့အိုးသူ့အိမ်နဲ့ လက်လွှတ်လိုက်ရပြီးဖြစ်တယ်။ ချစ်ဇနီးက လွန်ခဲ့တဲ့ ငါးနှစ်လောက်က ကွယ်လွန်သွားပြီမို့ အမွေတွေကို သားသမီးသုံးဦးကို အညီအမျှ ခွဲဝေပေးပြီး ဘဝလွတ်မြောက်ရန် တရားရှာနိုင်ဖို့ သိမ်ပေါ်မှာ တစ်ပါးတည်း သီတင်းသုံးနေတာပါ။

လူ့ဘဝက ဆိုးခဲ့မိုက်ခဲ့တာကို သံသရာမပါဖို့ ဆရာတော်ရဲ့ ညွှန်ကြားပြသမှုနဲ့ အချိန်ရရင်ရသလို ဝိပဿနာတရားအလုပ်ကို ပွားများအားထုတ်နေပြီး သေမယ့်ရက်ကို စောင့်နေသူပါ။ အသက်ကတော့ ခုနစ်ဆယ်ကျော်လောက်ရှိပါပြီ။

ဦးတိက္ခကိုယ်တော်ကြီးက တရားထိုင်ချိန်၊ တရားရှုမှတ်ပြီး အားတဲ့အချိန်တွေမှာ သိမ်ရှေ့မြေပြင်မှာ ပက်လက်ကုလားထိုင်ချပြီး အေးအေးဆေးဆေး နားနားနေနေ တရားစာ ဖတ်ချင်ဖတ်နေတာပါ။

အရာကျိုက်ဦးတိက္ခကိုယ်တော်ကြီးဟာ နိုင်သာလှိုင်ဘဝက ဘယ်လောက်ပဲ ဆိုးခဲ့ဆိုးခဲ့ ဘုရားသားတော်ဘဝမှာ အဆိုးအားလုံးကို ခဝါချခဲ့ပြီး စိတ်အလွန်ရှည်တဲ့ ဘုန်းကြီးအိုကြီး ဖြစ်နေပြန်ရော။ ဒါကို အခွင့်ကောင်းယူပြီး ကျောင်းသားငယ်တွေက ဦးတိက္ခကို သွားသွားစကြတယ်။ အသက်ကြီးလာတော့ လူမလေးတော့သလိုပါပဲ။ လူ့ဘဝက စိတ်နဲ့သာဆို သည်ကျောင်းသားတွေ နပန်းအရိုက်ခံရမှာ မလွဲပါဘူး။

ကျွန်ုပ်ရှိနေစဉ်တော့ ကျောင်းသားငယ်တွေ သွားမစရဲကြပါဘူး။ ဂရုမစိုက်တာက ဟိုရွာကျော် သုံးကောင်လေ၊ သိတယ်မဟုတ်လား။ ဘီလူးတွေကိုတောင် မရှောင်လို့ ဘီလူးတွေက ခဏ,ခဏ ပညာပေးခဲ့ရတာ မဟုတ်လား။ သူတို့တွေကတော့ သာဂိဆိုတဲ့ သူကြီးသား တင်အောင်နောင်ရယ်၊ ဗိုက်ဆွဲ အောင်ခိုင်ရယ်၊ နပ်ချီးထူ ဖိုးသားတို့ သုံးကောင်လေ။

ဒီကောင်သုံးကောင်က စိတ်မှတ်မရှိတဲ့ကောင်တွေ။ သူများကို စရ နောက်ရ ချောက်ချရမှ စားဝင်အိပ်ပျော်ကြတာလေ။ အခုတော့ ဦးပဉ္ဇင်းကြီး ဦးတိက္ခဆီကို ခြေဦးလှည့်နေပြန်တယ်။ သူတို့သုံးကောင် ကောင်းမှုကြောင့် လက်မည်းကြီး ပေါ်လာတာပါ။ ဒီကောင်နဲ့ ပရလောကသားတွေ ဆွေမျိုးများ တော်နေကြလား မသိပါဘူး။

ကျောင်းသားလူငယ်တွေကို ပြောဆိုဆုံးမထားလို့ရပေမယ့် ကျွန်ုပ် လစ်ရင်လစ်သလို ဒီကောင်သုံးကောင် သိမ်ပေါ်ကိုသွားပြီး ဦးတိက္ခဦးပဉ္ဇင်းကြီးကို သွားနောက်ကြပါပြီ။ သည်အချိန်ဆို ဦးပဉ္ဇင်းကြီးက ဆရာတော်စန့်ထားတဲ့ ဓမ္မပဒဘာသာပြန်ကျမ်းကြီးကို စိမ်ပြေနပြေ ဖတ်နေချိန် မဟုတ်လား။ ပက်လက်ကုလားထိုင်ပေါ်မှာ အကျအနထိုင်ပြီး ဖတ်နေတာဆိုတော့ တစ်ခါတလေ ပက်လက်ကုလားထိုင်က လူကို ငိုက်မျဉ်းစေတာမို့ ဖတ်ရင်း အိပ်ပျော်ရင် အိပ်ပျော်သွားတတ်တယ်။ သည်အချိန် သည်ကောင်သုံးကောင်က စာအုပ်ဆွဲပြီး သိမ်အနောက်မှာ သွားပုန်းနေလိုက်တာ ဦးပဉ္ဇင်းကြီး ရှာပေရော့။ မရှာနိုင်တဲ့အဆုံး အသံကုန်ဟစ်အော်တော့တယ်။

'ဟေ့ကောင်တွေ..ငါ့စာအုပ် ပြန်ပေးကွ။ ဖတ်လို့မပြီးသေးဘူး'

ဦးပဉ္ဇင်းကြီး ဒီလိုအော်ပေမယ့် ဒီကောင်တွေက တုတ်တုတ်မှ မလှုပ်ပါဘူး။

'ဟေ့ကောင်တွေ၊ ငါ မုန့်ဖိုးပေးမယ်။ စာအုပ်ယူလာကွ'

သည်လိုအော်ပြောလိုက်မှ စာအုပ်ကိုင်ပြီး ရောက်လာကြတယ်။ ဦးပဉ္ဇင်းကြီးက မုန့်ဖိုးငါးမူးပေးလိုက်မှ ရှောရှောရှုရှု စာအုပ်ပြန်ပေးတော့တယ်။ သည်ကောင်သုံးကောင်က အဲဒီလို ကောင်စားတွေ။

တစ်ည ကျွန်ုပ်တို့ ဘုရားဝတ်တက်ပြီး စာကျက်ပြီးတော့ ကျွန်ုပ်က မအိပ်ပျော်သေးတာကြောင့် မောင်ကမ္ဘာကာတွန်းစာအုပ်ကို ဖတ်နေပါတယ်။ ကျွန်ုပ်တို့ လူငယ်ဘဝက ပြားခြောက်ဆယ်တန် ကာတွန်းတွေ တော်တော်များများ ထွက်ပါတယ်။ ဆရာကြီးကာတွန်းအောင်ရှိန်နဲ့ စုံထောက်ကြီးဦးရှုံစားနဲ့ ဦးဒိန်းဒေါင်၊ ဆရာကာတွန်းမောင်လွင်ရဲ့ ငတက်ပြား၊ မောင်ကမ္ဘာကာတွန်း စတာတွေက ကျွန်ုပ်တို့ရဲ့ အသည်းစွဲ ကာတွန်းတွေပါပဲ။ စာအုပ်ဖတ်ကောင်းနေတုန်း သာဂိတင်အောင်နောင်ရဲ့ အသံတိုးတိုးကို ကြားလိုက်ရလို့ ကျွန်ုပ် ကာတွန်းဖတ်နေတာကို ရပ်ပြီး နားစွင့်နေမိတယ်။

'ဟေ့ကောင် ဗိုက်ဆွဲ၊ တို့ တစ်ညလောက် မီးသေသွားချိန် သိမ်ပေါ်ကိုသွားပြီး လက်မည်းကြီးဆိုပြီး သွား



www.burmeseclassic.com

www.burmeseclassic.com

ခြောက်ရအောင်ကွ'

'ဟာ..ကြောက်စရာကြီးပါကွာ။ မှောင်ကလည်း မှောင်နေတာ။ မြွေပါးကင်းပါးကွာ'

'ဟာ..ဗိုက်ဆွဲရ၊ တို့သုံးယောက် ရှိတာပဲ။ ဘာ ကြောက်စရာလိုလို့လဲ။ ငါ့မှာ ဖယောင်းတိုင်အတို သုံး ချောင်း ဖွက်ထားတာ ရှိတယ်ကွ'

'နှပ်ချီးထုရော လိုက်မှာမို့လားကွ'

'လိုက်အောင် ငါ ခေါ်မယ်ကွာ။ မင်း မပူစမ်းပါနဲ့ ဗိုက်ဆွဲရ'

'ဒါဆို တို့လက်ကို မည်းအောင် ဘယ်လိုလုပ်ကြ မလဲကွ'

'မင်းက ဒုံးဝေးတဲ့ကောင်။ မီးဖိုထဲမှာရှိတဲ့ အိုးဖင် တွေက အိုးမဲတွေက တို့လက်ကို မဲအောင် လုပ်ပေးမှာပေါ့ ငတုံးရ'

'ဟီး..ဟီး..ဟီး..ကောင်းတယ်ကွာ။ ပျော်စရာကြီး ပဲ။ တို့ ဘယ်နေ့စကြမလဲ သာဂိရ'

'မနက်ဖြန်ည မီးပိတ်ပြီး တို့ အပေါ့်ဆင်းသွားတုန်း စကြမယ်ကွာ။ မကောင်းလား'

'အင်း..ဒီကောင်သုံးကောင် အာရာကျိုက်ကြီးကို သွားနှောင့်ယှက်ကြဦးမယ်။ မနက်ဖြန်တော့ သွားသတိ ပေးထားမှ။ တော်ကြာ အာရာကျိုက်ကြီး လန့်ဖျပ်နေဦး မယ်'

ကျွန်ုပ်က သည်လိုတွေးပြီး မကြာခင်မှာ မီးစက်ပိတ် သွားလို့ မောင်ကမ္ဘာကာတွန်း ဆက်ဖတ်လို့ မရတော့ဘဲ အိပ်လိုက်ရတော့တယ်။

နောက်နေ့မနက် ဦးပဋ္ဌင်းကြီး ဆွမ်းလာဘုဉ်းတော့ ကျွန်ုပ်က တိုးတိုးလေး ဒီကောင်သုံးကောင် လာခြောက် ကြမှာကို အသိပေးလိုက်ပါတယ်။

'အေး..ငါသိထားတော့ ရှောင်ရလွယ်တာပေါ့။ ဒီ ကောင် သုံးကောင်ကို ငါ ပညာပြန်ပေးလိုက်မယ်။ မင်း ကြည့်နေကွ'

အာရာကျိုက်ကြီးက ရယ်ရယ်မောမောပါပဲ ပြောပြီး သိမ်ပေါ် ပြန်တက်သွားပါတယ်။

ညဘက် မှောင်ရီသန်းလာပြီး ခုနစ်နာရီထိုးတော့ ဘုရားဝတ်တက်ကြပါတယ်။ ဘုရားဝတ်တက် စာဖတ် ပြီးကြတော့ သာဂိတို့သုံးယောက် အလုပ်ရှုပ်နေကြတယ်။

ညနေ ထမင်းစားတုန်းက ဝက်ဆီ ဖယ်ထားတာလည်း ကျွန်ုပ်တွေ့ထားတော့ မသိချင်ယောင်ဆောင်ပြီး ဒီကောင် တွေ အရိပ်အကဲကိုကြည့်ရင်း မောင်ကမ္ဘာကာတွန်း ဆက် ဖက်နေလိုက်တယ်။

စက်ရုံမီးက ဆယ်နာရီမှာ ပိတ်တာဆိုတော့ မီးပိတ် ပြီးတာနဲ့ သည်ကောင်တွေ အလုပ်စပါတော့တယ်။ ကျွန်ုပ် လည်း ဦးပဋ္ဌင်းကြီးကို သတိပေးထားပြီးတာမို့ စိတ်အေး စွာနဲ့ပဲ သူတို့အပြန်ကို အိပ်ရာထဲကပဲ စောင့်နေတော့ တယ်။

နာရီဝက်လောက်ကြာတော့ လူမိုက်သုံးကောင် ပြန် ရောက်လာပြီး တွတ်ထိုးနေသံကို ကြားရတယ်။

'ဟာ..အာရာကျိုက်ကြီးက မကြောက်ဘူးကွ။ တို့ ကိုတောင် ရေနွေးပူပူနဲ့ ပက်လိုက်သေးတယ်'

'အေးကွာ၊ ရေနွေးက သိပ်မပူလို့ တော်သေးတာ ပေါ့ကွာ။ အိပ်ကြစို့'

မနက် ဆွမ်းစားပြီးတော့ ဦးပဋ္ဌင်းကြီး ကျွန်ုပ်ထံလာ ပြီး တိုးတိုးလေး ကပ်ပြောသွားလို့ ကျွန်ုပ် ရယ်ရပါသေး တယ်။

'ရေနွေးသိပ်မပူလို့ပေါ့ မောင်ကျောင်းသားရ၊ နို့မို့ဆို ဒီကောင်တွေ ထွန့်ထွန့်လူးသွားမှာကွ သိလား။ နောက်ည တွေ လာနှောင့်ယှက်ရဲမှာ မဟုတ်တော့ပါဘူးကွာ'

<u>ဦးပဋ္ဌင်းကြီး တွေ့လိုက်ရတဲ့ လက်မည်းပြွတ်ကြီး</u>

မော်လမြိုင်မြို့ပေါ်က အလှူပြင့်ထားလို့ သည်နေ့ မနက်စောစောခေါက်နဲ့ ဆရာတော်နဲ့ ကျွန်ုပ် မော်လမြိုင် က အလှူကို သွားခဲ့ပါတယ်။ နှစ်ရက်ပဲ ကြာတာပါ။ တည်းခိုတဲ့ကျောင်းက မော်လမြိုင်တောင်ရိုးတန်းပေါ်က ကျောင်းမှာဆိုတော့ ညနေခင်း နေအေးချိန်မှာ ဆရာတော် ခွင့်ပြုလို့ တောင်ရိုးတန်းပေါ်မှာ တည်ထားတဲ့ စေတီ၊ ပုထိုးတွေကို လိုက်ဖူးပါတယ်။

တည်းခိုတဲ့ကျောင်းနဲ့ အနီးဆုံးဖြစ်တဲ့ ဇိနမာန်အောင် ဆံတော်ရှင် ဦးဇိနစေတီတော်ကို ဦးစွာတက်ဖူးပါတယ်။ သည်ကတစ်ဆင့် ဦးခန္တီရုပ်ရှင်တော်မြတ်ကို ဖူးမြော်ဖို့ တောင်ရိုးတန်းလမ်းအတိုင်း ဆင်းလာတော့ အဆင်းညာ ဘက်မှာ နာမည်ဆန်းနေတဲ့ ဝတ်တော်တစ်တောင်ကို တွေ့ ရလို့ ဝင်ဖူးရန် အကြံဖြစ်မိတယ်။

ဝတ်တော်နာမည်က ဆန်းပြားလို့နေပါတယ်။ ပန်း



www.burmeseclassic.com

www.burmeseclassic.com

ရန်ပျံ့ဝတ်တော်ကြီးပါတဲ့။ ပန်းရန်လုပ်တဲ့ ပုဂ္ဂိုလ်တွေဆို ပန်းရန်ပြန်လို့ပဲ ရေးရမှာပေါ့။ ဘာကြောင့် ပျံ့လို့ ရေးထားလည်းဆိုတာ သိချင်ဖူးချင်တာမို့ ဝတ်တော်ကြီးပေါ် တက်ပြီး ဝတ်တော်ကြီးမှာ သီတင်းသုံးနေတဲ့ ဦးပဉ္ဇင်းတစ်ပါးကို စပ်စုမိပါတယ်။ သည်ဦးပဉ္ဇင်း မိန့်ကြားတဲ့စကားကလည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။

'သည်ပန်းရန်ပျံ့ဝတ်တော်က လူပန်းရန်သမားတွေ တည်ဆောက်ထားတာ မဟုတ်ဘူး ဒကာလေးရဲ့။ နတ်နဂါး ဆယ့်နှစ်ပါးက ဝတ်အလှူရှင် မော်လမြိုင်မြို့က သူဌေးကြီး ဦးသာညွှင်းရဲ့ အလိုဆန္ဒကို ဖြည့်ဆည်းပေးပြီး တည်ထားခဲ့တဲ့ ဝတ်တော်ကြီးကွယ့်။ ပန်းရန်လုပ်တဲ့ လုပ်အားခတွေလည်း တစ်ပြားမှ မယူသွားသလို ထမင်းပို့ပေးတော့လည်း တစ်နပ်မှ မစားသွားဘူးကွယ့်။ သူတို့ ပြန်သွားပြီးနောက် သူဌေးကြီးဦးသာညွှင်းကို သည်ဝတ်တော်ကို နာမည်ပေးပါက ပန်းရန်ပျံ့ဝတ်တော်လို့ အိပ်မက်မှာ ပြောခဲ့လို့ သည်နာမည်ကို ပေးရတာပါပဲ။ နေလဘုရား၊ ပလ္လင်အနောက်ကဲလားမှာ ထုထားတဲ့ နတ်နဂါး ဆယ့်နှစ်ဦးပုံတွေက သူတို့ပုံ မျက်နှာပေါက်တွေနဲ့ တူအောင်ထုခဲ့ပေးတာလို့ သူဌေးကြီးဦးသာညွှင်းကို အိပ်မက်ထဲမှာ ပြောပြတယ်ကွယ့်။

သည်နေလဘုရားရဲ့ မျက်နှာတော်ကို မျက်တောင်မခတ်ဘဲ အတော်ကြာကြာ ဖူးကြည့်နေပါ ဒကာလေး။ မျက်နှာတော်က အမျိုးမျိုးပြောင်းလွဲနေတာကို တွေ့ရမယ်။ နောက်ဝတ်တော်က ကျဉ်းပေမယ့် တည်ထားတဲ့ ရုပ်ပွားတော်တွေကို ဖူးကြည့်ပါ။ ရိုးရိုးလူသာမန်တွေ မလုပ်နိုင်တဲ့ စနစ်တွေနဲ့ ထုထားတာ။ ကွယ်တာ ကာတာတွေမရှိဘဲ ရှင်းလင်းစွာ ဖူးတွေ့ရတယ်ကွယ့်။ နောက် အလယ်တည့်တည့်မှာ တည်ထားတဲ့ ပေါင်းလောင်း လျောင်းတော်မူကိုလည်း ဖူးကြည့်၊ ထူးခြားတာတွေ တွေ့လိမ့်မယ် ဒကာလေး'

ဦးပဉ္ဇင်းရဲ့ ပြောစကားကြောင့် ကျွန်ုပ် ဖူးမြော်ကြည့်မိရာ ကြက်သီးမွေးညင်းထလာပြီး ငိုချင်သလို ဖြစ်လာလို့ ဦးပဉ္ဇင်းကို လှမ်းကြည့်တော့ 'ဒကာလေး..သူတို့နဲ့ ပဋ္ဌာန်းဆက်ရှိလို့ပေါ့' လို့ မိန့်ကြားပါတယ်။

ပဋ္ဌာန်းဆက်ဆိုတာ သည်တုန်းက ကျွန်ုပ် နားမလည်သေးပါဘူး။

ဦးပဉ္ဇင်းကို ဝတ်ဖြည့်ကန်တော့ပြီး ဦးခန္တီရုပ်ပွားတော် ဖူးမြော်ရန် ထွက်ခဲ့တော့တယ်။ ကျွန်ုပ်သည် အစဉ်လိုက် ဦးခန္တီ၊ ကျိုက်သံလန်စေတီ၊ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်တို့အား တစ်ဝကြီးဖူးပြီး လာလမ်းအတိုင်း ပြန်လှည့်လာတော့ မှောင်သွားပြီး လမ်းမီးများ လင်းလာပါတော့တယ်။

လျှပ်စစ်မီးရောင်များနဲ့ နာဂစိသတောင်တန်းကြီးက ကြည့်မဝ လှပလို့နေပါတယ်။ အောက်ဘက်မှာရှိတဲ့ မော်လမြိုင်မြို့ကတော့ သစ်ပင်တွေ အုံ့ဆိုင်းနေလို့ မှောင်တစ်လှည့် မှုန်တရည်နဲ့ မလင်းတစ်လှည့် လင်းတစ်လှည့်နဲ့ ကြည့်လို့ တစ်မျိုးလှနေပါတယ်။ သံလွင်မြစ်ရဲ့ တစ်ဖက်ကမ်း ကျွန်ုပ်တို့ နေထိုင်တဲ့ ကျွန်းကြီးကတော့ အမှောင်ထုအောက်မှာ အိပ်ပျော်နေပါပြီ။

နောက်တစ်နေ့ကျတော့ ဆရာတော်နဲ့ ကျွန်ုပ်တို့ ညအိပ်ခေါက်နဲ့ ကျောင်းကို ပြန်ဆင်းလာကြပါတယ်။ ဆရာတော် ကျောင်းပေါ်ကို ရောက်ပြီးစမှာ တိုက်အုပ်ဆရာတော်က ဆရာတော်အခန်းထဲ ဝင်သွားတာကို တွေ့ရပါတယ်။ တစ်အောင့်လောက်ကြာတော့ တိုက်အုပ်ဆရာတော် အခန်းထဲက ပြန်ထွက်လာသလို ဆရာတော်ပါ ထွက်လာပါတယ်။

'အခု ဦးပဉ္ဇင်းကြီး ဘယ်မှာသီတင်းသုံးနေလဲ ကိုယ်တော်။ ဘာတွေဖြစ်ကြတာလဲ'

'အရင်တုန်းက မကြားဖူးပါဘူးဘုရား။ မနေ့ကမှ ဘယ်ကဘယ်လို ဖြစ်လာတယ် မသိပါဘူး။ လက်ပြတ်မည်းကြီး..လက်ပြတ်မည်းကြီးလို့ အော်ပြီး သတိမေ့သွားလို့ ကိုရင်တွေနဲ့ ကျောင်းသားတွေက တွဲချလာရပါတယ်ဘုရား။ သတိလစ်နေလို့ ပရိတ်ရေတောက်လည်း တောက်ပေးပြီး တိုက်လည်း တိုက်ထားပါတယ်။ ရွာက ပယောဂဆရာ သာဒင်ကိုလည်းခေါ်ပြီး ပြပေးပြီးပါပြီ။ မစိုးရိမ်ရတော့ပါဘူးဘုရား။ လန့်ဖျား,ဖျားသွားတာလို့ ပြောပါတယ်ဘုရား'

'ဟော..ဘယ်လို လက်ပြတ်မည်းကြီးလဲ ကိုယ်တော်ရဲ့။ ဘီလူးခေါင်းကိစ္စ ရှင်းပြီးလို့မှ တစ်လ မပြည့်သေးဘူး၊ လက်ပြတ်မည်းကြီးက ပေါ်လာပြန်ပြီလား။ အခု ဘယ်အခန်းမှာ သီတင်းသုံးနေသလဲ။ သက်သာရဲ့လား'

'သက်သာနေပါပြီဘုရား၊ သူ့သားသမီးတွေလာပြီး

www.burmeseclassic.com

www.burmeseclassic.com

ပေးနေပါတယ်'

'အေး··ဒါဆို ဘုန်းကြီး သတင်းသွားမေးလိုက်ဦးမယ်'

ဆရာတော်က ဦးပဋ္ဌင်းကြီး အခန်းထဲ ဝင်သွားပြီး သတင်းသွားမေးပါတယ်။ ဦးပဋ္ဌင်းကြီးလည်း သက်သာလာပေမယ့် သိမ်ပေါ်မှာ သီတင်းသုံးခြင်း မပြုတော့ဘဲ အခုနေတဲ့ အခန်းလွတ်မှာပဲ ဆက်ပြီး သီတင်းသုံးနေပါတော့တယ်။

**<u>ဦးပဋ္ဌင်းကြီးပြောပြတဲ့ လက်မည်းပြတ်ကြီး</u>**

တစ်နေ့ ဆရာတော် ချောင်းဆုံသံဃာ့အစည်းအဝေးကို မနက်ဆွမ်းဘုဉ်းပေးပြီး ထွက်သွားပါတယ်။ ဦးပဋ္ဌင်းကြီးလည်း နေပြန်ကောင်းလာပြီမို့ အပြင်ထွက်ပြီး လမ်းလျှောက်နေတယ်။ ကျောင်းသားတွေလည်း ဆွမ်းတော်ဗျို့ ဆင်းကုန်ကြတာမို့ ကျွန်ုပ် ဦးပဋ္ဌင်းကြီးနား သွားပြီး စကားသွားပြောနေလိုက်ပါတယ်။

'ဘကျိုက်··နေကောင်းသွားပြီလားဘုရား'

'အေး··နေကောင်းနေပါပြီကွယ်။ မောင်ကျောင်းသား အခု အားနေလား။ ဆွမ်းတော်ဗျို့ မဆင်းဘူးလားကွယ့်'

'မဆင်းရဘူး ဘကျိုက်။ ဆရာတော်က ဧည့်သည်စောင့်ခိုင်းထားပါတယ်'

'သြော်··ဒါဆို ဘကျိုက်ကို နည်းနည်းနှိပ်နယ်ပေးပါလားကွယ့်'

'ရပါတယ်ဘုရား။ တပည့်တော် ဝတ်ဖြည့်ပေးပါ့မယ်'

'အေး··ဒါဆို ဘကျိုက် ခုတင်ဆီ သွားရအောင်'

ဦးပဋ္ဌင်းကြီးက ရှေ့က သူ့ခုတင်ဆီ ဝင်သွားလို့ ကျွန်ုပ်လည်း ဘကျိုက်အနောက်က လိုက်ဝင်သွားတယ်။ နှိပ်ပေးရင်း လက်မည်းပြတ်ကြီး အကြောင်းကို မေးဖို့လည်း တွေးသွားပါတယ်။

သည်နေရာမှာ ဘကျိုက်အခေါ်ကို နည်းနည်းရှင်းပြစရာရှိပါတယ်။ ကျွန်ုပ်တို့နေတဲ့ရွာတ မွန်ရွာဆိုပေမယ့် မွန်စကားချည်းပဲ မပြောကြပါဘူး။ မွန်တစ်ပိုင်း မြန်မာတစ်ပိုင်း စကားပြောကြတာပါ။ သူတို့အချင်းချင်း မွန်လိုပြောနေရင်းတောင် မြန်မာစကား ညှပ်ပါလာတတ်ပါတယ်။ သူတို့ကိုယ်သူတို့ မွန်စစ်စစ်တွေပါလို့ ဆိုကြတဲ့ ဈေး၊ လမိုင်း၊ မုကာနင် ရွာတွေက ကျွန်ုပ်တို့ကျွန်းက လူတွေကို မွန်ပျက်တွေလို့ ပြောပါတယ်။ အခု ဘကျိုက်ဆိုတာကလည်း မြန်မာလို အနီးစပ်ဆုံးဆိုရလျှင် ဦးပဋ္ဌင်းဘိုးလို့ ခေါ်ရမယ် ထင်ပါတယ်။

'ဘကျိုက်ကို လက်မည်းပြတ်ကြီး ခြောက်တာကို ပြောပြပါလား ဘကျိုက်'

'မောင်ကျောင်းသားက သိချင်လို့လား။ အေး··ပြောပြမယ်။ တကယ်ခြောက်ခံထိတာကွယ့်'

ကျွန်ုပ်က နှိပ်ပေးနေရင်း လက်မည်းကြီး အခြောက်ခံရတဲ့အဖြစ်ကို မေးလိုက်တော့ ဘကျိုက်က လိုလိုလားလားပင် ပြောပြလာပါတယ်။

'အဲဒီနေ့က ဘကျိုက်တို့ နေ့စဉ် ဆွမ်းဘုဉ်းပေးပြီး သိမ်ပေါ်ကို ပြန်တယ်။ မလှဲချင်သေးတာနဲ့ ပက်လက်ကုလားထိုင်ထုတ်ပြီး သိမ်ရှေ့မှာချပြီး ဦးလှခင်(ဆန်းညွန့်ဦး) ပြုစုထားတဲ့ ဓမ္မပဒဘာသာပြန်ကို ဖတ်နေတယ်ကွယ့်။ စာဖတ်နေလို့ ဆယ်မိနစ်လောက်လည်းရောက်ရော စလာတာပဲ မောင်ကျောင်းသားရဲ့'

ဦးပဋ္ဌင်းကြီး ဦးတိက္ခ စာဖတ်လို့ ကောင်းနေတုန်းမှာပဲ စာအုပ်ကို တစ်ဦးတစ်ယောက်က လာဆွဲယူသွားတာခံလိုက်ရလို့ စာအုပ်လည်း ပါသွားတော့တယ်။

'ဟေ့··ကျောင်းသားတွေ၊ မနောက်ကျနဲ့ကွ။ ငါ စာဖတ်ပျက်တယ်။ ရေခွေးနဲ့ ပက်ခံထိတာ မမှတ်သေးဘူး။ စာအုပ်ပြန်ပေးစမ်း'

ဦးပဋ္ဌင်းကြီးက လှည့်မကြည့်ဘဲ စာအုပ်ကိုသာ တောင်းနေတယ်။ အခါတိုင်းလို ဟိုမျောက်မူးလဲ သုံးကောင် လာနှောင့်ယှက်တာပဲ ထင်တာကိုး။ လာမပေးတဲ့အဆုံး နောက်လှည့်ကြည့်လိုက်တော့ တွေ့လိုက်ရတဲ့ မြင်ကွင်းက အသည်းထိတ်စရာပါပဲ။ ဦးပဋ္ဌင်းကြီး အော်လည်းအော် ကုန်းလည်းထလိုက်ပါတယ်။

'အောင်မယ်လေး··သရဲ··သရဲ။ လက်မည်းပြတ်ကြီး၊ လုပ်ကြပါဦး'

ဦးပဋ္ဌင်းကြီး အော်လည်းအော် ထလည်း ထလိုက်တာမှာ ကုလားထိုင်ချုပ်တန်းနဲ့ ခြေထောက်ငြိပြီး လဲကျကာ မေ့သွားပါတယ်။ သတိကတော့ မလစ်သွားပါဘူး။ ငယ်ငယ်က သတ္တိရှိခဲ့တာ မဟုတ်လား။

ဦးပဋ္ဌင်းကြီးဦးတိက္ခ မြင်လိုက်ရတာက တံစေ့ောင်

www.burmeseclassic.com

ဆစ်လောက် ပြတ်နေတဲ့ လက်မည်းကြီး တစ်ချောင်းက မမွှပဒစာအုပ်ကို မထိဘဲ အပေါ်ကို ဆွဲယူသွားတာကို မြင်လိုက်ရတာပါ။ လက်မည်းပြတ်ကြီးက ထန်းလက်ကြားထဲကို ရောက်သွားရော စာအုပ်လည်း အောက်ကို ပြန်ကျလာတော့တယ်။

ဦးပဥ္စင်းကြီးနား ရောက်လာပြီး လက်မည်းပြတ်ကြီးကို သူတို့ပါ ရိပ်ခနဲမြင်လိုက်ရတယ်လို့လည်း ဆိုပါတယ်။

'ဟာ..ဘကျိုက်ကို လက်မည်းပြတ်ကြီး တကယ်လာခြောက်တာကွ။ နေ့ခင်းကြီးမှာကွာ။ သနားပါတယ်။ တို့ကျောင်းကို ပြန်တွဲသွားကြရအောင်'

သည်ကောင်သုံးကောင် စိတ်ကောင်းဝင်သွားပြီဖြစ်မယ်။ ဘကျိုက်ကို ဖေးဖေးမမ တွဲသွားကြတယ်လို့ ဘကျိုက်က ပြောပါသေးတယ်။

'ဒါပါပဲ မောင်ကျောင်းသားရေ။ ဘကျိုက်လည်း လန့်ဖျား ဖျားသွားတာပေါ့ကွ။ ဟဲ..ဟဲ..ဒီမျောက်သုံးကောင်က နောက်မယ့်သာ နောက်ကြတာ ဒုက္ခရောက်တော့လည်း ကူညီသားပဲကွယ့်'

အပြင်မှ ကျောင်းသားတွေ ပြန်လာသံကြားရလို့ ကျွန်ုပ်လည်း သူတို့ကိုဝိုင်းကူကာ ဆွမ်းဟင်းလှယ်ပေးရန် အပြင်ကို ထွက်လာပါတော့တယ်။ ကျွန်ုပ် အပြင်ရောက်တော့ ဗိုက်ဆွဲရဲ့ ဝှံကြွားသံကို ကြားလိုက်ရပြန်လို့ ကျွန်ုပ် ရယ်ရသေးတယ်။

'ဘာရမလဲ အစ်ကိုရာ၊ ဘကျိုက်ကိုခြောက်တဲ့ လက်မည်းပြတ်သရဲကို လောက်စာလုံးကို သေးပန်းပြီး လေးခွနဲ့ လေးငါးဆယ်ချက်လောက် ကျွန်တော် သွားဆော်လိုက်တာ သည်ကောင်ကြီး ပြေးပြီဗျ'

'မင်း မြင်ရလို့လား ဗိုက်ဆွဲရ။ သူ ဘယ်ကိုပြေးသွားလဲ။ မင်းတို့ အိမ်ကိုလား'

'ဟဲ..ဟဲ..အစ်ကိုကလည်းဗျာ'

**ကောင်းကျိုးလိုရာပြည့်ပါစေ**


**မောင်လှယဉ်(မော်လမြိုင်)**

*(ဤကျောင်းကြီးတွင် ကျောင်းသားလုပ်ခဲ့သော နိုင်သာဂီ ပြောပြတာကို ခံစားရေးဖွဲ့ပါသည်။)*


**ဘုရားသုံးဆူ တည်ဖို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ**

အထူးအဓိဋ္ဌာန်ဖြင့် သာသနာပြုလျက်ရှိသော

**ဆရာမကြီး အေးမိုးမိုး**



**စိတ်မနော အာရုံ အကြားအမြင်လက္ခဏာဖြင့် (၇)ရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်**

ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ မြေ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ပြုလုပ်ခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊ တတ်ရိုက်မာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ စေတနာ ရှေ့ထားပြီး အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၅ ၈၅၂ ၅၂၀ ၊ ၀၉ ၄၂၁၀၂၁၁၆၈

www.burmeseclassic.com

အဘိုးလေးသည် မနက်စောစောတွင် အိမ်ရှိ ဘုရားစင်ရှေ့သို့ ရောက်နေ၏။ ဘုရားပန်းများမှာ အသစ်လဲလှယ်ထားသည်မှာ မကြာလှသေးသဖြင့် လန်းလန်းဆန်းဆန်းရှိနေ၏။ အမြဲတစေ သန့်ရှင်းရေးလုပ်နေသဖြင့် ဘုရားစင်ကို ကြည့်ရသည်မှာ ရင်တွင်းအေးမြစေပါသည်။ သောက်တော်ရေများ လဲလှယ်ကပ်လှူလိုက်ပြီး ဆီမီးများလည်း ပူဇော်လိုက်ပါသည်။ ထို့နောက် ဘုရားဝတ်ပြုကန်တော့လိုက်သည်။ အဘိုးလေး၏ အသက်အရွယ်မှာ လာမည့် နတ်တော်လဆန်း (၉)ရက်နေ့ဆိုလျှင် (၆၈)နှစ်ပြည့်ပေတော့မည်။





www.burmeseclassic.com

www.burmeseclassic.com

မနက်စောစောအဖြစ် ဆန်ပြုတ်ပူပူလေးကို သောက်ကာ အိမ်ရှေ့ပြတင်းပေါက်အနီးရှိ ခုံတစ်လုံးတွင် ထိုင်ရင်း ပတ်ဝန်းကျင်ကို ငေးမောနေမိသည်။ မလှမ်းမကမ်းတွင် ဈေးတန်းလေးရှိသောကြောင့် ဈေးကြိုကားကြီး တစ်စီး ဆိုက်လာပြီး ဈေးသည်များက မိမိတို့နှင့် သက်ဆိုင်ရာ ဈေးကုန်မျိုးစုံတို့ကို သယ်ချနေကြလေသည်။ ပါလာသမျှ ပစ္စည်းများကို ဆိုင်ခင်းပြီး စတင်ရောင်းချကြပေတော့မည်။ ပစ္စည်းများချပြီးပြီမို့ ဈေးကြိုကားကြီးလည်း ထွက်ခွာသွားလေပြီ။ ဈေးသည်များမှာလည်း သူတို့အချင်းချင်း လှမ်း၍ အော်ဟစ်ပြောဆိုရင်း ဈေးဝယ်သူတွေကို မျှော်နေကြပေပြီ။

ရပ်ကွက်ကလေးမှာ ယခုမှ နိုးထစမို့ ဈေးတန်းအတွင်း လူသိပ်ပြီး မစည်ကားသေးပေ။ နံနက်(၇)နာရီကျော်မှစ၍ လူသွားလူလာ တစ်စထက်တစ်စ ရှုပ်ထွေးလာပေတော့မည်။

ယခုအချိန်တွင် အဘိုးလေးက သားသမီးနှင့် မြေးလေး၏ ထောက်ပံ့မှုဖြင့် အိမ်မှာပင် နားနားနေနေ ရှိနိုင်ခဲ့ပေပြီ။ ကျန်းမာရေးကတော့ ကောင်းနေသေး၏။ ရောဂါဝေဒနာ ကင်းဝေးနေပေသေးသည်။ သို့သော် အိုရမည်၊ နာရဦးမည်၊ ပြီးတော့ သေရဦးမည်ကို ကြိုတင်သိနေပါသည်။ ပုထုဇဉ်သဘာဝ ငယ်စဉ်ကတော့ ယခု လှမ်းမြင်နေရသော ဈေးတန်းလေးထဲက ဈေးသည်များနှယ်ပင် လုပ်ငန်းတွေကြားမှာ ပရိယေသနဝမ်းစာ ဖွေရှာခဲ့ရပေသည်။ ကုန်ရောင်းကုန်ဝယ်လည်း လုပ်ခဲ့ဖူးသေး၏။ ခရီးလမ်းပန်းမျိုးစုံလည်း သွားခဲ့ရ၏။

အဘိုးလေး လူရွယ်ပိုင်းဘဝက စီးပွားရှာရင်း ခရီးပြင်းနှင်ခဲ့ရာ ဒေသမှာ မြန်မာနိုင်ငံ၏ မြစ်ချောင်းအင်းအိုင်အပေါများဆုံး မြစ်ဝကျွန်းပေါ်ဒေသပင်ဖြစ်သည်။ သွားချည်လာလှည့်ဖြင့် နေရာတော်တော်များများသို့ အဘိုးလေး ရောက်ခဲ့ဖူးပေသည်။ မြစ်ကူးချောင်းဖြား ရွာသိမ်ရွာငယ်လေးများအထိပင် အဝင်အထွက်ရှိခဲ့ပြီး စီးပွားရေးလုပ်ငန်းအရ မိတ်ဆွေတွေလည်း တိုးပွားခဲ့ရပေသည်။ ထိုစဉ်က အရွယ်ပင် ငယ်သေးသော်ငြားလည်း ငွေရင်းငွေနှီးကိုကိုင်ကာ သွားလာလှုပ်ရှား စီးပွားရှာရသည်မို့ ပေါ့ပေါ့တန်တန် နေလို့မရခဲ့ပေ။ ဘယ်နေရာသွားသွား စားသတိ အိပ်သတိ အမြဲသတိတရား လက်ကိုင်ထားခဲ့ရသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက ပေါ်ပေါက်လာကြသော တောတွင်းလက်နက်ကိုင် အဖွဲ့အစည်း ပေါင်းစုံနှင့် အစိုးရတပ်များကလည်း သည်ဒေသတစ်ခွင် တိုက်ပွဲကြီး တိုက်ပွဲငယ်များ အမြဲလိုလိုပင် ရင်ဆိုင်တိုက်ခိုက်နေကြပေရာ မိမိဘဝလုံခြုံမှုကို အသက်လုပြီး ပုန်းအောင်းခဲ့ရသည်များလည်း ရှိခဲ့၏။ ထိုနည်းတူစွာ သမ္မာအာဇီဝ အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းမပြုကြဘဲ လုယက်ခိုးဆိုး ရာဇဝတ်မှုအမျိုးမျိုးကို ကျူးလွန်နေသူများ၏ ရန်ကိုလည်း သတိထား ရှောင်ရှားခဲ့ရပါသေးသည်။ ရောက်ရာဒေသ မြို့ပြကျေးရွာများတွင် လူတိုင်း၏ စိတ်နေစိတ်ထားကိုလည်း အကဲခတ်ကာ အစစအရာရာ အပြောအဆို၊ အပြုအမူ၊ အနေအထိုင်က အစ ဆင်ဆင်ခြင်ခြင်ဖြင့် လူတိုင်းက ကိုယ့်ကို ခင်အောင် မင်အောင် ထိန်းထိန်းသိမ်းသိမ်း သတိထား သွားလာခဲ့ရပေသည်။ တချို့ဒေသများတွင် လူမျိုးတစ်ရပ်တစ်ပါး မ,တစ်ထောင်သားများ ဆိုဘိသကဲ့သို့ ဓလေ့စရိုက်၊ အတွေးအခေါ်၊ အယူအဆလေးတွေကလည်း ကိုယ်စီကိုယ်င ကွဲပြားခြားနားတတ်ကြပါသေးသည်။ ယနေ့တိုင်အောင်လည်း အဆိုပါ ဖြစ်စဉ်ဖြစ်ရပ်တွေက ရှိနေဆဲပါပဲလားဟု အဘိုးလေး တွေးငေးမိသည်။

မကြာသေးမီကပင် သူ လူရွယ်ဘဝက ဖြတ်သန်းသွားလာခဲ့ဖူးရာ တွံတေးမြို့နယ်တစ်ဝိုက်၌ အယူအဆကြောင့် ဖြစ်ရသော ဖြစ်စဉ်ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့သေးသည်ကို အဘိုးလေး ကြားသိလိုက်ရပြန်ပေပြီ။

သူ့အိမ်ကို လာလည်သော တွံတေးနယ်သား မိတ်ဆွေတစ်ယောက်က ယခုလို ပြောပြသွားခဲ့၏။

'အဖြစ်ကတော့ ဆိုးပါတယ်ဗျာ။ ဒီလိုဗျ..တွံတေးဝရွာ မိုင်နှစ်ဆယ်မှာနေတဲ့ ကိုစိုးမင်း ဆိုတဲ့လူဟာ မအူပင်နယ်မှာသွားပြီး အလုပ်လုပ်နေခဲ့တာကိုး။ အဲဒီမှာ သူ အလုပ်လုပ်နေရင်းကနေပြီး ဆရာထွန်းနိုင် ဆိုတဲ့ လူနဲ့ မိတ်ဆွေဖြစ်ခဲ့ကြတယ်။ နှစ်ယောက်လုံး လူရွယ်ပိုင်းတွေပါပဲ။ ဆရာဆိုပေမယ့် ကိုထွန်းနိုင်ဟာ ကျောင်းဆရာတစ်ယောက်တော့ မဟုတ်ဘူးတဲ့ဗျ။ သူက ပယောဂကုတဲ့ ဆရာကိုးဗျ။

တစ်ရက်မှာတော့ ကိုစိုးမင်းနေတဲ့ ရွာကို ပယောဂ

www.burmeseclassic.com

ဆရာ ရောက်လာပါလေရော။ ခရီးရောက်မဆိုက်မှာပဲ ကိုစိုးမင်းတို့အိမ်ရဲ့ အခြေအနေကို သူက အကဲခတ်သတဲ့။ အိမ်ထဲမှာ သရဲတစ္ဆေတွေ ခိုအောင်းနေပါလား ဆိုပြီးတော့လည်း ပြောသတဲ့ဗျ။ သူ့ကိုလည်း ပရလောကသားတွေကို မြင်နိုင်စွမ်းရှိတဲ့သူလို့ အိမ်ရှင် ကိုစိုးမင်းတို့က ထင်နေကြပုံရပါတယ်ဗျာ။ ပယောဂဆရာက ဒါတွေအားလုံးကို သူ ရှင်းလင်းပေးမယ်ပြောတော့ ကျေးရွာသဘာဝ ယုံကြည်ကြပုံ မှတ်ရဲ့။

ဆရာကလည်း ကိုစိုးမင်းတို့နဲ့ တစ်ခြံတည်းမှာနေတဲ့ ကိုစိုးမင်းရဲ့အစ်ကို ကိုနိုင်ဝင်းရဲ့ မိသားစုဝင်ငါးယောက်၊ နောက်ထပ် အစ်ကိုတစ်ယောက်ဖြစ်တဲ့ ကိုအောင်စိုးမိုးရဲ့ မိသားစုဝင် ငါးယောက်ရယ်၊ ပြီးတော့ ကိုစိုးမင်းနဲ့ ညီတော်စပ်တဲ့ ကိုမြမင်းစိုးဆိုတာ ရှိသေးတယ်။ အဲဒီ မိသားစုဝင် လေးယောက်အပါအဝင် လူအားလုံး စုစုပေါင်း ဆယ့်ကိုးယောက်ကိုလည်း ကိုအောင်စိုးမိုးရဲ့အိမ်မှာ တစုတဝေးတည်း နေခိုင်းလိုက်သတဲ့ဗျ။

ပြီးတော့ စည်းချပြန်သတဲ့။ စည်းအပြင်ဘက် ဘယ်သူမှ ထွက်လာလို့ မရတော့ဘူးလို့ပြောရင်း သုံးနှစ်အရွယ် ကလေးတစ်ယောက်ကို သူ့အနား ခေါ်ပါလေရာ။ ကလေးက ယောကျ်ားလေးဗျ။ ကိုစိုးမင်းရဲ့ သားလေးတဲ့။ ကလေးနာမည်က မိဘများ ချစ်စနိုးနဲ့ တစ်တိုလို့လည်း ခေါ်သတဲ့။ မောင်နေလလင်းလို့လည်း ခေါ်ကြသတဲ့။ ပယောဂဆရာက ဒီကလေးခန္ဓာကိုယ်ထဲမှာ သရဲတစ္ဆေတွေ ဝင်ပူးနေတယ်ဆိုပြီး ရိုက်နှက်ထိုးကြိတ် ကန်ကျောက်ပါလေရောတဲ့ဗျ'

ဟု ပြောလေရာ အဘိုးလေးက မြေးချင်းစာနာစိတ်ဖြင့် 'အတော်ဆိုးဝါးပါလားဗျ။ ကဲ··ဆက်ပြောစမ်းပါဦး။ နောက်ထပ်ဘာတွေများ ထပ်ဖြစ်ကုန်သေးလဲဗျ' ဟု မေးလိုက်ပါသည်။

တွံ့တေးနယ်သား မိတ်ဆွေက ဆက်၍ပြောပြပြန်သည်မှာ 'ဒါက အောက်တိုဘာလ (၁၈)ရက် မနက်ပိုင်းမှာ ဖြစ်တဲ့ကိစ္စ။ ည(၁၂)နာရီကျတော့ တစ်တိုလေး ဆုံးရှာပါလေရောတဲ့ဗျာ' တဲ့။

အဘိုးလေးမှာ ပို၍ပင် တုန်လှုပ်ချောက်ချား အံ့အားသင့်သွားမိပြီး 'ဟင်··ဒီလူက လူသတ်မှု ကျူးလွန်လိုက်တာပဲ။ ရဲမတိုင်ကြဘူးတဲ့လားဗျာ' ဟု ပြောလိုက်မိ၏။

မိတ်ဆွေဖြစ်သူက လက်ဝါးကာပြရင်း 'ဆိုးတာတော့ မပြောနဲ့ဗျို့။ ဆက်နားထောင်ချဦး' ဟု ဆိုကာ အတော်ပင် ထူးဆန်းသောအ ဖြစ်အပျက်များကို နောက်ဆက်တွဲ ဆက်ပြောပြပြန်၏။

သူပြောပြပုံအရ အဘိုးလေးသိရသည်မှာ အဆိုပါ ပယောဂဆရာထွန်းနိုင်သည် သေဆုံးသွားသော တစ်တို (ခေါ်) မောင်နေလလင်းလေး၏ အလောင်းကို လှေဖြင့် တင်ကာ (၁၉-၁၀-၂၀၁၆)ရက်နေ့ မနက်(၇)နာရီခန့်တွင် တွံ့တေးတူးမြောင်းထဲသို့ သွား၍ စွန့်ပစ်ခဲ့သည် ဆို၏။ ထို့ပြင် အဆိုပါ ခြံဝင်းသို့ ပြန်လာပြန်ပြီး ကိုစိုးမင်း၏ အသက်(၂)နှစ်အရွယ် သမီးလေး မလှနှင်းရွှေ၊ အသက်(၄)နှစ်အရွယ် မသင်းသင်းစိုး၊ ကိုအောင်စိုးမိုး၏ (၈)လ အရွယ်သမီးလေး မယမင်းတို့၏ ခန္ဓာကိုယ်များတွင်လည်း သရဲတစ္ဆေများ ဝင်ပူးကပ်နေသည်ဟုဆိုကာ ရိုက်နှက်နှိပ်စက် ညှဉ်းပန်းပြန်ပါလေ၏။ ထိုသို့ပြုမူခဲ့ခြင်းအတွက် ထိုနေ့ ည(၁၀)နာရီခန့်တွင် မလှနှင်းရွှေ၊ မယမင်းတို့ အသက်ဆုံးရှုံးခဲ့ရရှာပြန်ပြီ။ ကလေးများ၏ အလောင်းကို ပယောဂဆရာက ကိုအောင်စိုးမိုး၏ အိမ်နံဘေးတွင် (၂၀-၁၀-၂၀၁၆)ရက်နေ့ နံနက်(၇)နာရီ၌ မြေမြှုပ်ခဲ့သည်ဆို၏။ ဆက်လက်၍ ရိုက်နှက်ထောင်းထု နှိပ်စက်မှုများကြောင့် မသင်းသင်းစိုးလေးခမျာ ဒဏ်ရာများ ပြင်းပြင်းထန်ထန်ရကာ တွံ့တေးမြို့နယ်ဆေးရုံ တင်လိုက်ရပြီး ထိုမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကုသမှု ခံယူနေရရှာပြီ ဖြစ်ကြောင်းများကိုပါ သိလိုက်ရပေပြီ။

'ဒီလူက ဒီလိုတွေ လုပ်နေနိုင်အောင် ခြံထဲမှာနေတဲ့ လူတွေဟာ ဘာမှမတားဆီးနိုင်ခဲ့ကြဘူးလားဗျာ။ ဒီရွာနဲ့ ဒီအိမ်ကို သူရောက်လာတဲ့ မနက်ကစလို့ (၃)ရက်ဆက်တိုက် ဒီလူဟာ ထုနှက်ရိုက်ပုတ် ကန်ကျောက်ရက်စက်မှုတွေ၊ လူသတ်အလောင်းဖျောက်မှုတွေကို ကျူးလွန်နိုင်ခဲ့တာဟာ တော်တော်ထူးဆန်းမနေပေဘူးလားဗျာ။ ဒါတော့ ရဲတွေ စစ်ဆေးမှပဲ နောက်ဆက်တွဲ ဖြစ်စဉ်တွေ ကျွန်တော်တို့ ကြားရသိရတော့မှာပဲဗျ။ အတော်ဆန်းကြယ်တယ်နော်' ဟု အဘိုးလေးက သူ့မိတ်ဆွေကို ပြောပြနေသည်။

သူ့မိတ်ဆွေကလည်း တွံ့တေးမြို့မရဲစခန်းမှ ဖမ်းဆီး ခံ ပယောဂဆရာဆိုသူ ထွန်းနိုင်အား ဖမ်းဆီးပြီး ပြစ်မှု

www.burmeseclassic.com

www.burmeseclassic.com

ပုဒ်မ(၃၀၂/၃၂၅/၂၀၁)ဖြင့် အမှုဖွင့်စစ်ဆေးနေဆဲဟု ပြောပြပါသည်။

◆◆◆

အဘိုးလေးအနေဖြင့် သူ လူရွယ်ဘဝက သွားလာနေထိုင်ခဲ့ဖူးရာ မြစ်ဝကျွန်းပေါ်ဒေသ မြောင်းမြမြို့နယ်ထဲရှိ ရှမ်းရေကျော်ကျေးရွာမှ ဖြစ်ရပ်ဆန်းအကြောင်းကိုလည်း တွေးနေမိပြန်လေသည်။ အဆိုပါရွာ အ.ထ.က(ခွဲ)ကျောင်းတွင် ကျောင်းသူလေးများအား တစ္ဆေသရဲ ပရလောကသားများ ပူးကပ်နေသည်ဟုဆိုပြီး ကလေးများအားလုံး ငိုယိုကြသည်။ အော်ဟစ်ကြသည်။ မူးဝေအော့အန်ကြသည်။ ပြီးတော့ သတိလက်လွတ် ဖြစ်ခဲ့ကြသည်။

ထိုကိစ္စ ထိုပြဿနာမှာ ရပ်တန့်သွားခြင်း မရှိခဲ့ပေ။ နောက်ဆုံးတွင် ရှမ်းရေကျော်ကျေးရွာသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အထိ ဖြေရှင်းပေးဖို့ ဖြစ်လာခဲ့ရသည်။ ထို့အတွက် (၂၅-၁၀-၂၀၁၆)ရက်နေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်တိုင် ကရင်တိုင်းရင်းသားဝန်ကြီး၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများနှင့်အတူ ကျေးရွာသို့ ရောက်လာခဲ့ကြရပေပြီ။ ခရိုင်ရဲမှူးကြီးနှင့် ဒုတိုင်းပညာရေးမှူးတို့က ကျောင်း၏ ဖြစ်စဉ်ဖြစ်ရပ်များကို ရှင်းပြကြရသည်။

ထို့ပြင် ဒုတိုင်းပညာရေးမှူးက ရှမ်းရေကျော်ရွာ အ.ထ.က(ခွဲ)ကျောင်းနှင့် သုသာန်နယ်နိမိတ်ကြား အုတ်တံတိုင်း ကာရံပေးရမည့် အခြေအနေရှိသည့်အကြောင်း ပြောပြခဲ့ရသည်။ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်တိုင် ကျောင်းပိုင်မြေနှင့် သုသာန်မြေနယ်နိမိတ်ကို ပိုင်းခြားသတ်မှတ်ပေးခဲ့ရပေပြီ။ ထို့ပြင် အမိန့်ပြန်တမ်းဖတ်ကြားကာ မြင်အပ် မမြင်အပ်သော ပရလောကသားများအား ရဲတပ်ဖွဲ့က သေနတ်(၁၈)ချက်တိတိ ပစ်ဖောက်၍ အချက်ပေး နှင်ထုတ်လိုက်ကြရပေပြီ။ ထူးခြားဆန်းကြယ်လှပါ၏။

◆◆◆

သည်နေ့မှာတော့ အဘိုးလေးက နယ်အဝေးရှိ အသိမိတ်ဆွေ တစ်ယောက်ထံမှတစ်ဆင့် သတင်းစကားတစ်ခု ကြားလိုက်ရပြန်လေသည်။

'မြောင်းမြမြို့နယ်ထဲက ရှမ်းရေကျော်ရွာ စာသင်ကျောင်းပြဿနာရဲ့ နောက်ဆက်တွဲ သတင်းလေးတွေကလည်း ထူးဆန်းနေပြန်တယ်ဗျ'

'ဆိုစမ်းပါဦးဗျာ။ ဘယ်လိုတဲ့လဲဗျ'

'အဲဒီကျောင်းမှာ သရဲတစ္ဆေ ပရလောကသားတွေ ဝင်ပြီး ပူးကပ်တာ ခံခဲ့ရတယ်ဆိုတဲ့ ကျောင်းသူလေးတွေကို ဆေးပညာရှင်တွေနဲ့ တွေ့ဖို့အတွက် သက်ဆိုင်ရာဒေသအစိုးရပိုင်းက တာဝန်ယူ စီစဉ်ပေးခဲ့တယ်ဆိုပဲ'

'ဟုတ်လား။ ဘယ်လိုဆေးပညာရှင်များပါလိမ့်ဗျာ'

'စိတ်ရောဂါ၊ မီးယပ်သားဖွားနဲ့ဆိုင်တဲ့ ဆေးပညာရှင်အဖွဲ့တဲ့ဗျ'

'ဒါနဲ့ ခင်ဗျားကြားတဲ့သတင်း ဆက်ပါဦး'

'ကလေးတွေကို ဆေးပညာရှုထောင့်ကနေပြီး စစ်ဆေးလေ့လာတဲ့အခါမှာ စိတ်ပိုင်းဆိုင်ရာ အုပ်စုဖွဲ့တုံ့ပြန်မှု စိတ်ရောဂါပြဿနာတစ်ရပ်သာ ဖြစ်တယ်ဆိုပြီး ကလေးတွေနဲ့ သူတို့ရဲ့ မိဘတွေကို ပညာရှင်တွေက ရှင်းပြကြတယ်ဆိုပဲ'

'ဒါဆိုရင် ကလေးတွေရဲ့စိတ်ကို ပုံမှန်ဖြစ်အောင် ဘယ်လိုလုပ်ရင် အဆင်ပြေမတဲ့လဲ'

'ပညာရှင်တွေ ပြောတာကတော့ ဒီကလေးတွေ စိတ်လက်ပေါ့ပါးအောင် ပျော်ပွဲရွှင်ပွဲလေးတွေ လုပ်ပေးရမယ်။ ကျောင်းအားကစားပွဲတွေ လုပ်ပေးရမယ်ဆိုပဲဗျ။ ဒါ့အပြင် အဲဒီပညာရှင်တွေကပဲ ပြောသွားသေးသတဲ့။ ဒီလိုအဖြစ်အပျက်မျိုး ရန်ကုန်က အထည်ချုပ်စက်ရုံကြီး တစ်ရုံမှာလည်း ဖြစ်ဖူးသေးတယ်တဲ့ဗျ'

'အင်း..ကျွန်တော်ကြားဖူးတာတော့ တချို့အကျဉ်းထောင်တွေထဲမှာလည်း အကျဉ်းသူ အကျဉ်းသားတွေဟာ ဒီလိုအဖြစ်မျိုး ဖြစ်ခဲ့ကြဖူးတယ်လို့လည်း ကြားဖူးထားတယ်ဗျ'

◆◆◆

မည်သို့ပင်ဖြစ်စေ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက အစရှိသည်တို့တွင် မမြင်သာသော၊ မမြင်စွမ်းနိုင်သော လောက၏မာယာများ ရှိနေတတ်ပါလားဟု အဘိုးလေး၏စိတ်တွင် အတွေးပုံရိပ်တွေ လွှမ်းခြုံနေမိပါလေ၏။

**ခေါင်းဝင်းလတ်**

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ကိုတင်ဆန်းနှင့် သိကျွမ်းနေသည်မှာ အတော်ကြာပြီ။ သို့သော်လည်း တရင်းတနှီး စကားမပြောဖူးချေ။ ဘာဖြစ်လို့လဲဆိုတော့ ကိုတင်ဆန်းဟာ အေးအေးဆေးဆေး ရိုးရိုးအအနှင့် စကားနည်းသူတစ်ယောက် ဖြစ်သောကြောင့် ဖြစ်သည်။

ကိုတင်ဆန်းက ကျွန်ုပ်တို့ အလုပ်ဌာနတွင် ကန်ထရိုက်ယူ၍ အလွန်ကြီးရင့်နေသော သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းနေသော ကန်ထရိုက်တာ တစ်ဦးနှင့်အတူ သွားလာနေတိုင်း ကျွန်ုပ်မိတ်ဆွေက လုပ်ငန်းသဘောအရ သူနှင့် စကားပြောလျှင် ကျွန်ုပ် မျက်နှာချင်းဆိုင် တွေ့နေရသောကြောင့် သူနှင့် ရင်းနှီးနေရခြင်း ဖြစ်သည်။

# မောင်မြင့်မား (ဗိုလ်ကလေး)

# ကျွန်ုပ်နှင့်-ကိုတင်ဆန်း



ကိုတင်ဆန်းသည် အရပ်ပုပု၊ အသားညိုညိုနှင့် လွယ်အိတ်တစ်လုံးလွယ်ကာ ကွမ်းတမြုံ့မြုံ့ဝါး၍ သွားလာလှုပ်ရှားနေတတ်သည်။ သူနှင့် မတွေ့ဖူးခင်၊ မသိကျွမ်းခင်ကတည်းက သူ ရိုးအပုံကို ကျွန်ုပ်တို့ သိရှိရ၍ သူ့ကို သိကျွမ်းချင်နေသည်။

တစ်နေ့မှာ ကျွန်ုပ်၏မိတ်ဆွေ ညောင်နီသား ကိုလှသန်းက ကျွန်ုပ်အား-

**ကိုလှသန်း** - ကိုတင်ဆန်းကို ခင်ဗျား သိလား။

**ကျွန်ုပ်** - မသိပါဘူးဗျာ။ ဘယ်က ကိုတင်ဆန်းပါလိမ့်။

**ကိုလှသန်း** - သစ်ပင်တွေ လိုက်ခုတ်နေတဲ့လူဗျာ။ သူ ခုတ်တာတော့ မဟုတ်ပါဘူး။ သူက ကန်ထရိုက်ယူထားပြီး အလုပ်သမား ငှားလုပ်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

**ကျွန့်ပ်** - ကြားတော့ ကြားဖူးတယ်ဗျ။

**ကိုလှသန်း** - ဒါဆိုရင် သူ့အကြောင်း ရယ်စရာလေး တစ်ခု ပြောပြရဦးမယ်။

**ကျွန့်ပ်** - ပြောဗျာ၊ ကျုပ်က ရယ်စရာဆိုရင် အရမ်းနားထောင်ချင်တာ။

**ကိုလှသန်း** - အဲဒီ ကိုတင်ဆန်းက ကန်ထရိုက်တာဆိုတော့ အလုပ်ထဲကနေ ဝင်လိုက် ထွက်လိုက် သွားလာနေတော့ ကျုပ်တပည့်တွေက သူ့ကို နောက်ပြီး လက်ဖက်ရည်တိုက်ခိုင်းတယ်။ သူတို့က ကိုတင်ဆန်းကို ကိုတင်ဆန်း‥ကျုပ်တို့ ဂိတ်ကလူတွေကို လက်ဖက်ရည်ဖိုး နှစ်ကျပ်တော့ ပေးခဲ့ဗျာဆိုတော့ ကိုတင်ဆန်းက ဆရာတို့ရယ်‥နှစ်ကျပ်တော့ နည်းပါတယ်။ ဆယ့်ငါးကျပ်တော့ယူပါဆိုပြီး ဆယ့်ငါးကျပ် ထုတ်ပေးတယ်။ အဲဒီတော့ ကျုပ်တပည့်တွေက ဗိုင်းရယ်ကြတယ်။ ရယ်တာတောင် ကိုတင်ဆန်းက သဘောမပေါက်သေးဘူး။ နောက်တော့ ကျုပ်တပည့်တွေက နှစ်ကျပ်ဆိုတာ နှစ်ရာကို ပြောတာဆိုမှ ဟုတ်လားဆိုပြီး နှစ်ရာ ထုတ်ပေးတယ်။ ကိုတင်ဆန်းက အဲဒီလို ရိုးတာဗျ။

ကျွန့်ပ်က ကိုတင်ဆန်း သစ်ပင်တွေ လိုက်ခုတ်နေတာ ကြည့်ပြီး တစ်စုံတစ်ခုကို မေးချင်နေသည်။ ၄င်းတစ်စုံတစ်ခုဆိုတာက ကျွန့်ပ်ကိုယ်ရေတွေ့ ငယ်စဉ်က တောတွင်းမှာ အမဲလိုက်ရင်း ကြုံတွေ့ရသော အဖြစ်အပျက်ကလေး တစ်ခုဖြစ်သည်။ အဲဒီနေရာမှာ ကျွန့်ပ်အကြောင်းနည်းနည်းတော့ ပြောပြချင်သည်။ ကျွန့်ပ်သည် အမဲလိုက်တောသားကောင်များကို သတ်ဖြတ်သည့်အလုပ်ကို မွေးကတည်းက ဝါသနာမပါ။ သက်ရှိသတ္တဝါ တစ်ကောင်တောင် သေးသေး ကြီးကြီး သတ်ဖို့ရာ အင်မတန်ဝန်လေးသည်။ သို့သော် ကျွန့်ပ်ငယ်စဉ်က အဘယ်ကြောင့် အမဲလိုက် ဝါသနာပါရသနည်းဆိုသော် ကျွန့်ပ်၏ ငယ်သူငယ်ချင်း ကျော်စိုးကြောင့် ဖြစ်သည်ဆိုလျှင် လွန်အံ့မထင်ပါ။

ကျော်စိုးသည် ယခု ရန်ကုန်မြို့တွင် တရားရုံးချုပ်ရှေ့နေကြီးအဖြစ် နှစ်(၃၀)ကျော် အသက်မွေးဝမ်းကျောင်းနေသူဖြစ်သည်။ သူနှင့် ကျွန့်ပ် မတွေ့သည်မှာလည်း နှစ်(၂၀)နီးပါး ရှိနေပြီ။ ကျော်စိုးသည် ငယ်စဉ်က လေသေနတ် နံပါတ်(၂) တစ်လက်ဖြင့် အမဲလိုက်သူဖြစ်သည်။ သူ၏ မွေးရာဇာတိဖြစ်သော ဘိုကလေးမြို့အောက်ဘက် အမာရွာဟုခေါ်သော ရွာကြီး၏ပတ်ဝန်းကျင် တောများအတွင်းမှာ အမဲလိုက်နေကျဖြစ်သည်။ သူ ရွာပြန်လျှင် ဘိုကလေးမြို့သားဖြစ်သော ကျွန့်ပ်အား သူ့ရွာသို့ အလည်ခေါ်သည်။ အမှန်က သူများ အသက်သတ်ရာမှာ ဝါသနာမပါသော ကျွန့်ပ်အား ဆွယ်ခြင်းဖြစ်သည်။

ကျွန့်ပ်ကလည်း သူများအသက် မသတ်သော်လည်း သူပစ်ပြီးသား တောကောင်များကို လိုက်ကောက်ရင်း အမဲလိုက်သည့် ဗဟုသုတကို လေ့လာသူဖြစ်သည်။ နောင်ကျွန့်ပ် စာရေးဝါသနာပါ၍ မဂ္ဂဇင်းများတွင် အမဲလိုက်ဝတ္ထုများ ရေးသားသော ကုန်ကြမ်းများသည် သူ့ကြောင့် အတော်များများရခဲ့သော ရေးစရာ အကြောင်းများ ဖြစ်သည်။ (ဤကားစကားချပ်)

ထားပါ။ ကျွန့်ပ် ပြောချင်သည်မှာ ကိုတင်ဆန်းအကြောင်းဖြစ်သော်လည်း ကိုတင်ဆန်းအား တွေ့ဆုံပြီး မေးချင်သော အကြောင်းသည် ကျွန့်ပ်နှင့် သူငယ်ချင်း ကျော်စိုးတို့ ငယ်စဉ်က ဘိုကလေးမြို့ အောက်ဘက် ပင်လယ်ဝအနီး အမာဟုခေါ်သည့် ရွာအနီး တောတွင်းမှ ရခဲ့သော အတွေ့အကြုံတစ်ခုကြောင့် ကိုတင်ဆန်းကို ထိုတစ်စုံတစ်ခုကိစ္စ မေးချင်နေခြင်း ဖြစ်သည်။

ကျွန့်ပ်သည် ငယ်စဉ်က မိဘနှစ်ပါး၏ မိဘများဖြစ်သော အဘိုး၊ အဘွား အစုံအလင်နှင့် အတူနေလာခဲ့ရသောကြောင့် အဖေဘက်မှ အမေဖြစ်သူ ကျွန့်ပ်အဘွားက ကျွန့်ပ်ငယ်စဉ်ကတည်းက သွန်သင်ပြသသော အကြောင်းကလေးတစ်ခု ရှိခဲ့သည်။

ဒါက ဘာလဲဆိုတော့ ကျွန့်ပ်အဘွားက-

**အဘွား** - ငါ့မြေး‥မြေးတို့က ကလေးအရွယ်ဆိုတော့ ဆော့ကစားရင်း အန္တရာယ်မလွယ်နိုင်လို့ အပေါ့အပါး သွားချင်လို့ တစ်ခါတစ်ရံ လယ်ကွင်းထဲမှာ ဖြတ်ကျော်သွားရင်း အပေါ့အပါး သွားချင်လို့ရှိရင် ပိုင်ရာဆိုင်ရာတွေကို တောင်းပန်ပြီးမှ သွားရတယ်။ ဥပမာ-တောထဲသွားရင်း သစ်ပင်အောက်မှာ သွားချင်တယ်ဆိုရင် သူ့ပိုင်ရာဆိုင်ရာတွေကို အမိုက်အမဲလေးမို့ ဗွေမယူပါနဲ့။ အမှားအယွင်းရှိရင် ခွင့်လွှတ်ပါလို့ပြောပြီး သွားရတယ်။ လယ်ကွင်းထဲမှာ သွားရင်လည်း ဒီလိုပြောပြီး သွားရတယ်။ သစ်ပင်ကြီးတို့၊ ကွင်းတို့ဆိုတာက အဘွားတို့ နားမလည်နိုင်တဲ့ သူ့ပိုင်ရာဆိုင်ရာတွေ ရှိတတ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

**ကျွန်ုပ်** - ဟုတ်ကဲ့ အဘွား၊ ပိုင်ရာဆိုင်ရာဆိုတာ ဘာလဲဟင်။

**အဘွား** - မြေးတို့နေတဲ့အိမ်ကို မြေးတို့အဖေ ပိုင်သလိုပေါ့ကွယ်။ အဲဒီအိမ်မှာ တစ်စုံတစ်ယောက် တစ်ခုခု လုပ်မယ်ဆိုရင် မြေးရဲ့အဖေကို ခွင့်တောင်းရသလိုပေါ့။

**ကျွန်ုပ်** - အဘွား..ဒါဆိုရင် သစ်ပင်ကြီးကျတော့ ဘယ်သူက ပိုင်တာမို့လို့လဲ။

**အဘွား** - ပိုင်တာ ရှိတယ်။ အဘွားတို့၊ မြေးတို့ မသိနိုင်တဲ့ ပိုင်ဆိုင်သူပေါ့ကွယ်။

ထိုစဉ်က ကျွန်ုပ်အဘွား ပြောသောစကားကို ရေးတေးတေးသာ သဘောပေါက်ခဲ့သည်။ သို့သော်လည်း ကလေးအရွယ်မို့ အလေးအနက်မထားခဲ့။ အဘွား သွန်သင်ခဲ့သော ကိစ္စကိုလည်း မှတ်တော့မှတ်ထားသည်။ ဘာသိဘာသာပင် နေခဲ့သည်။

ကျွန်ုပ် စကားကြောရှည်သွားပါသည်။ လိုရင်းဆက်ပါမည်။ ထိုကဲ့သို့ ကျွန်ုပ် ဝါသနာမပါသော အမဲလိုက်ခြင်းကိစ္စကို ကျွန်ုပ်၏သူငယ်ချင်း ကျော်စိုးက အဆွယ်ကောင်းသောကြောင့် ကျောင်းပိတ်တိုင်း အမာရွာမှာ အမဲလိုက်ထွက်ကြသည်။ လေသေနတ် နံပါတ်(၂)အပြင် ပွိုင့်တူးတူးတစ်လက်ပါ သူက ရှာထားသည်။ တစ်ကြိမ်သော အခါကဖြစ်သည်။

ကျွန်ုပ်နှင့် ကျော်စိုးတို့ နှစ်ယောက် နံနက်စောစော ဝေလီဝေလင်းတွင် ကောက်ညှင်းငချိုပ်ပေါင်းများ အဝစားကာ ငါးခြောက်များကို မီးဖုတ်၍ တောတွင်းသို့ ထွက်လာခဲ့သည်။

လမုပင်များ၊ မဒမပင်များ၊ ကနစိုပင်များ အုံ့ဆိုင်းနေသော တောတွင်းသို့ ရောက်လာသောအခါ မိုးအတော်လင်းနေပြီဖြစ်သည်။ သွားရင်းလာရင်း နံနက်စောစော အိပ်တန်းမှထသော ကြက်တူရွေး၊ ရုံးပတီနှင့် အခြားအမျိုးအမည်မသိသော ငှက်ဆယ်ကောင်ခန့် ရနေပြီဖြစ်သည်။ ကျွန်ုပ်သူငယ်ချင်း ကျော်စိုးကပစ်လိုက်၊ ကျွန်ုပ်က ပြေးကောက်လိုက် ဖြစ်သည်။ နံပါတ်(၂) လေသေနတ်သာ သုံးရသေးသည်။ ပွိုင့်တူးတူးကို တစ်ခါမှ မသုံးရသေး။

တောကလည်း နက်သည်ထက် နက်လာသည်။ ကျွန်ုပ်တို့ နှစ်ယောက်လည်း နေထန်းတစ်ဖျားခန့် အချိန်လောက်တွင် ညောင်သီးများ ပြွတ်သိပ်ကာ သီးနေသော ညောင်ပင်ကြီးအောက်ကို ရောက်လာကြသည်။

ညောင်ပင်ကြီးအောက် ပေငါးဆယ်လောက်တွင် ရှင်းနေ၍ တောတွင်းသတ္တဝါများ၏ချေး လတ်လတ်ဆတ်ဆတ်ကို တွေ့ရသောကြောင့် ကျွန်ုပ်သူငယ်ချင်းက ကျွန်ုပ်ကို လက်ကုတ်ကာ ချေတစ်ကောင်ရဲ့ ချေးများဖြစ်ကြောင်းနှင့် ညောင်ပင်အောက်က ထွက်သွားတာ မကြာသေးကြောင်း ပြောသည်။

ကျွန်ုပ်တို့နှစ်ယောက် ခြေရာခံကာ လိုက်ကြသည်။ ကျွန်ုပ်က သူ့နောက်ကဖြစ်သည်။ သူပြသော ဘာမှန်းမသိသည့် ခြေရာကို သူက ချေ၏ခြေရာ ဆိုသောကြောင့် ကျွန်ုပ်က ခေါင်းညိတ်ကာ လိုက်လာခဲ့သည်။ ကျွန်ုပ်ရှေ့ ငါးပေခန့်အကွာမှ သွားနေသော ကျွန်ုပ်သူငယ်ချင်းသည် ဖြုန်းခနဲ အပင်တစ်ပင်ဘေးတွင် ဝပ်လိုက်ကာ ကျွန်ုပ်ကိုလည်း နောက်ကိုလှည့်မကြည့်ဘဲ ဝပ်ရန် လက်နှင့် အရိပ်အခြည် ပြလိုက်သည်။ သူနှင့်လိုက်နေကျဖြစ်သော ကျွန်ုပ်ကလည်း အထာသိပြီးဖြစ်သောကြောင့် ရောက်ရာနေရာတွင် ဝပ်ချလိုက်သည်။ ကျွန်ုပ်သူငယ်ချင်းက ပွိုင့်တူးတူးကို ကြိတ်၍ မောင်းတင်လိုက်ကာ တစ်နေရာကို ချိန်လိုက်သည်။

သူချိန်သောနေရာကို ကျွန်ုပ်တွေ့လိုက်ပါသည်။ ရှေ့ကိုက်နှစ်ဆယ်ခန့်လောက်တွင် ကုန်းမို့မို့လေး တစ်ခုကို သစ်ပင်ကြို သစ်ပင်ကြားမှ လှမ်းမြင်နေရသည်။ ထိုကုန်းမို့မို့လေးပေါ် ခြေတစ်လှမ်းတက်ကာ အပင်မှ အသီးများကို စားနေသော ချေတစ်ကောင်ဖြစ်သည်။ ၎င်းချေကို ကိုယ်လုံးမမြင်ရဘဲ ခေါင်းကလေးလှုပ်လှုပ်သာ တွေ့နေရသည်။ ကျွန်ုပ်နေရာကကြည့်လျှင် သစ်ပင်များ ကွယ်နေ၍ဖြစ်သည်။ ကျွန်ုပ်သူငယ်ချင်း နေရာကကြည့်လျှင်တော့ မည်သည့်အနေအထား တွေ့မည်ကို ကျွန်ုပ်မသိ။

ဖောင်းခနဲမြည်သံကို ကျွန်ုပ်ကြားလိုက်ရသည်။ တစ်ဆက်တည်း ကျွန်ုပ်သူငယ်ချင်းထံမှ ထိပြီဟေ့ဆိုသော စကားကို ကြားလိုက်ရပြီး သူ တစ်ဟုန်ထိုး တောထဲသို့ ပြေးသွားသည်ကို မြင်လိုက်ရသည်။ ထိသွားသော ချေ နောက်ကို သူလိုက်သွားမှန်း ကျွန်ုပ် သဘောပေါက်လိုက်သည်။

ကျွန်ုပ်လည်း သူ့နောက်သို့ ပြေးလိုက်ခဲ့သည်။ ထိ ထိသွားသော သတ္တဝါနောက်သို့ လိုက်သွားသော သူ့



www.burmeseclassic.com

www.burmeseclassic.com

ကို ကျွန်ုပ် လိုက်မမီပါ။ သူက ဖောနှင့်ဖြစ်သည်။ ကျွန်ုပ်က အတွေ့အကြုံရှာသူ ဖြစ်သောကြောင့် ဖြစ်ဝါသည်။ ဒါကြောင့် သူ့ကို ကျွန်ုပ် မျက်ခြည်ပြတ်သွားသည်။ စိတ်တော့ မပူပါ။ ဒီတောများကို သူက ကျွမ်းပြီးသားဖြစ်၍ သူ ပြန်လာမည်ကို ကျွန်ုပ်သိသောကြောင့် အထုပ်အပိုးများ ချကာ တစ်နေရာတွင် ကျွန်ုပ်ထိုင်လိုက်သည်။

ချွေးများသုတ်ကာ အပန်းဖြေရင်း တော၏ သဘာဝကိုငေးကာ ကျွန်ုပ် တွေးနေမိသည်။ ငှက်သံများ ဆူညံနေအောင် ကြားရသည်။ ကြက်တူရွေးသံများက အဆူဆုံးဖြစ်သည်။ ကျွန်ုပ်ချထားသော စစ်သုံးလွယ်အိတ်အရှည်ကြီးထဲတွင် ငှက်အသေကောင်များက တစ်ပုံတစ်ပင်။

အိမ်ပြန်ရောက်လျှင် ခြေထောက်၊ ခေါင်းဖြတ် ကလီစာများထုတ်၊ နနွင်း၊ ဆားလူးကာ ကြော်စားနေကျဖြစ်သည်။ ကျွန်ုပ်သည် တော၏သဘာဝကိုငေးကာ ကြည်နူးနေစဉ်အတွင်း အပေါ့သွားချင်သောကြောင့် ခပ်လှမ်းလှမ်းရှိ မည်သည့်အပင်မှန်း မသိသော အပင်အောက်တွင်ထိုင်ကာ ကိစ္စရှင်းလိုက်သည်။ ထိုအခါကျမှ နေသာထိုင်သာရှိသွားသည်။

ဆယ့်ငါးမိနစ်ခန့်မျှ ကြာသည့်အထိ ကျွန်ုပ်သူငယ်ချင်းကို စောင့်သော်လည်း မလာသောကြောင့် အထုပ်အပိုးများကိုဆွဲကာ ထလာခဲ့သည်။ ကျွန်ုပ်ထလိုက်သည်နှင့် လေပြင်းတိုက်သလို ဝေါ..ဝေါဟူသော အသံကြီးကို ကြားလိုက်ရသည်။ ကျွန်ုပ်သည် ကြောက်တတ်သူ မဟုတ်သောကြောင့် ဘာသံလဲဟု စဉ်းစားနေမိသည်။ ထူးခြားသည်က လေပြင်းတိုက်သလို အသံကြားလိုက်သော်လည်း သစ်ပင်၊ သစ်ရွက်များက ငြိမ်နေသည်။ အကြောင်းတစ်ခုခုကြောင့်ပဲဟု ကျွန်ုပ်သဘောပေါက်ကာ ကျွန်ုပ်သူငယ်ချင်း ပြေးထွက်သွားရာဘက်သို့ လျှောက်လာခဲ့သည်။

လေးငါးလှမ်းမျှ လှမ်းမိသောအခါ စောစောကကြားလိုက်သော ဝေါ..ဝေါဟူသော အသံကြီးကို ကြားလိုက်ရပြန်သည်။ ထိုအခါ မကြောက်တတ်သော်လည်း ဘာရယ်မဟုတ် ကျွန်ုပ်လာရာ အနောက်ဘက်သို့ လှမ်းကြည့်လိုက်သောအခါ သစ်ပင်ခြေရင်းတွင် အပေါ့ထိုင်သွားခဲ့သော သစ်ပင်ကြီးသည် တဝေါဝေါမြည်ကာ မြေပေါ်သို့ တိခနဲ လဲကျသွားသည်။ ကျွန်ုပ်အပေါ်သို့ မလဲ၍သာ တော်တော့သည်။ လူနှစ်ဖက်စာနီးပါးကြီးသော သစ်ပင်ကြီးက ကျွန်ုပ်အပေါ်သာ လဲကျခဲ့လျှင် ကျွန်ုပ်၏ အဖြစ်အပျက်ကို ပြန်ရေးပြနိုင်တော့မည် မဟုတ်ပေ။

ကျွန်ုပ် အံ့သြသွားသည်။ သစ်ပင်ခုတ်သူလည်းမရှိ၊ လေလည်းမတိုက် တခြားသစ်ပင်များက ဘာမှမဖြစ်ဘဲ ထိုအပင်တစ်ပင်ပဲရွေး၍ လဲကျသွားခြင်းဟာ ဘာကြောင့်လဲဟု ကျွန်ုပ်တွေးနေချိန်အတွင်း ကျွန်ုပ်တွင် ကြက်သီးမွေးညင်းများ အလိုအလျောက်ထလာသည်။ ခေါင်းထဲကပဲ မူးလာသလို၊ မျက်လုံးထဲက ပြာလာသလို ဖြစ်လာသည်။ ကျွန်ုပ် သတိကောင်းစွာရှိနေဆဲ။ မကြောက်သော်လည်း တောကြီးထဲတွင် တစ်ယောက်တည်း ယခုလို အဖြစ်မျိုး မကြုံဖူးသောကြောင့် အားတင်းကာ ရှေ့ကို ဆက်လျှောက်လာခဲ့သည်။

သို့သော် နောက်က မလုံ။ အလိုလို ပြန်ကြည့်ချင်စိတ် ပေါ်လာသောကြောင့် နောက်ကိုပြန်လှည့်ကြည့်လိုက်သည်။ ကျွန်ုပ်မျက်စိများ မယုံနိုင်လောက်အောင် ဖြစ်သွားသည်။ သေချာအောင် မျက်လုံးကို ပွတ်ကြည့်လိုက်သည်။ သေချာပါသည်။ ကျွန်ုပ် သတိမလွတ်၊ အမြင်မမှားပါ။ စောစောက ဝုန်းခနဲ လဲကျသွားသော သစ်ပင်ကြီးသည် ယခု သွားနေရာတွင် ယခင်အတိုင်း မလှုပ်မယှက် ထောင်လျက်။ သစ်ရွက်လှုပ်သည်ကိုပင် မတွေ့ရ။ သစ်ပင်ကြီးကို ကြည့်ရင်း ကျွန်ုပ် ဇောချွေးများပြန်လာသည်။ ကြက်သီးမွေးညင်းများ ထလာသည်။ ကျွန်ုပ် နောက်လှည့်မကြည့်တော့။ တစ်ချိုးတည်း လစ်လာခဲ့သည်။

ကျွန်ုပ် မည်မျှပြေးလာခဲ့သည်မသိ၊ ချေအသေကောင်ကြီးကို ထမ်းလာသော ကျွန်ုပ်သူငယ်ချင်း ကျော်စွိုးကို တွေ့တော့မှ ရပ်တော့သည်။ ကျွန်ုပ်လည်း စကားမပြောနိုင်လောက်အောင် မောနေသည်။ ကျွန်ုပ်သူငယ်ချင်းက ကျွန်ုပ်အဖြစ်အပျက်ကို မသိ။ ချေရလာသောကြောင့် ပျော်နေသည်။

ဝမ်းသာနေသော ကျွန်ုပ်သူငယ်ချင်းက တစ်လမ်းလုံး သီချင်းဆိုကာ ချေကောင်ကြီးကို ထမ်းလာသော်လည်း ကျွန်ုပ်က ရွာပြန်ရောက်သည်အထိ စကားတစ်လုံးမျှ မပြောမိ။ ရွာထဲက ကျွန်ုပ်သူငယ်ချင်း၏ အမျိုးများကို ထိုအကြောင်း ပြောပြချင်သော်လည်း ယုံနိုင်မည် မထင်သောကြောင့် မပြောမိ။

ကျွန်ုပ်မှာ အသိတစ်ခုတော့ ရှိသည်။ ထိုအခါက



www.burmeseclassic.com

www.burmeseclassic.com

တောထဲတွင် ကျွန်ုပ် အစားတစ်ခုခု လုပ်ခဲ့၍လားဆိုသော အသိပင်ဖြစ်သည်။ ထိုအမှားက ကျွန်ုပ်ငယ်စဉ်က အဘွား ပြောခဲ့သော အန္တရာယ်မလွယ်နိုင်လို့ ကွင်းပြင်ထဲတို့၊ သစ်ပင်တွေ အောက်တို့မှာ မသန့်တာတွေ စွန့်မိခဲ့ရင် တောင်းပန်တိုးလျှိုးရတယ်ဟူသော အမှုကို ကျွန်ုပ် ဂရုမထားမိခြင်း ဖြစ်သည်။

ကျွန်ုပ် ကံကောင်းသည်ဟု ဆိုရမည်။ သတိကောင်းခြင်းကြောင့်သာ နောက်ထပ် ဘာမှမဖြစ်ခဲ့ခြင်းဟု ယုံကြည်မိသည်။

ကျွန်ုပ်တွေ့ချင်သော ကိုတင်ဆန်းနှင့် အေးအေးဆေးဆေး တွေ့ပါပြီ။ တစ်စုံတစ်ခုကို မေးချင်သောကိစ္စကို အခုမှ ကျွန်ုပ် မေးရသည်။

**ကျွန်ုပ်** – ကိုတင်ဆန်း‥ခင်ဗျားကို အေးအေးဆေးဆေးတွေ့ပြီး မေးချင်နေတာကြာပြီဗျ။

**ကိုတင်ဆန်း** – ပြောပါ ဆရာ။ ဆရာ ဘာမေးချင်လို့လဲ။

**ကျွန်ုပ်** – ခင်ဗျားက ခင်ဗျားရဲ့မိသားစု စားဝတ်နေရေးကြောင့် ခုလို ကန်ထရိုက်ယူပြီး သစ်ပင်တွေ ခုတ်နေတာ ခင်ဗျားက ကိုယ်တိုင်တက်ခုတ်တာတော့ မဟုတ်ဘူးပေါ့ဗျာ။ တပည့်တွေ ခိုင်းတဲ့အခါကျတော့ ခင်ဗျားက ဘယ် အပင်ကိုခုတ်ဆိုတာ အမိန့်ပေးရတာကိုး။ အဲဒီတော့ ခင်ဗျား သစ်ပင်ပေါင်းမြောက်မြားစွာ ခုတ်လာတာ ဘာတွေများ ထူးဆန်းတာ တွေ့မိလဲ။

**ကိုတင်ဆန်း** – ဘယ်လိုထူးဆန်းတာလဲ ဆရာ။ ကျွန်တော် နားမလည်လို့ပါ။

**ကျွန်ုပ်** – ဒီလိုဗျ၊ ကျွန်တော်လည်းဖတ်ဖူး မှတ်ဖူး ကြားဖူးတာကို ပြောတာပါ။ သစ်ပင်တိုင်းတော့ မဟုတ်ဘူးပေါ့ဗျာ။ တချို့သစ်ပင်ကြီးတွေမှာ ပိုင်ရာဆိုင်ရာတွေ ရှိတတ်ကြတယ်ပေါ့ဗျာ။ ဥပမာ–ရုက္ခစိုးတို့၊ မကောင်းဆိုးဝါးတို့ပေါ့ဗျာ။ သူတို့က အမြဲသဟဲပြုပြီးတော့ နေရတယ်ဆိုတော့ ခင်ဗျားက အဲဒီအပင်ကိုခုတ်လိုက်တော့ သူတို့မှာ နေစရာမရှိ ဖြစ်ကုန်ရော။ အဲဒီတော့ အမိန့်ပေးတဲ့ ခင်ဗျားကို တုံ့ပြန်မှုတွေ ဘာတွေများ လုပ်သလဲဆိုတာကိုပါ။

**ကိုတင်ဆန်း** – သြော်‥ဒါလား။ ဒီအလုပ် လုပ်စားတဲ့ လူက ဒါလောက်တော့ နားလည်ရမယ်ပေါ့ ဆရာရယ်။ ခုချိန်ထိ ကျွန်တော့်မှာ ဘာအနှောင့်အယှက် အခက်အခဲမှတော့ မကြုံဖူးပါဘူး။ စီးပွားရေးလုပ်ပေမယ့် ညစဉ် ဘုရားရှိခိုး အမျှအတန်းဝေပါတယ်။ ကျွန်တော့်တပည့်တွေက အလုပ်တာဝန်အရ လုပ်ရသော်လည်း တောင်းပန်တိုးလျှိုးပြီးတော့ လုပ်ကြပါတယ်။ နောက်ပြီး တစ်ပင်လုံးလည်း မခုတ်ပါဘူး။ တစ်ကိုင်းလောက်တော့ ချန်ထားတတ်ပါတယ်။ ဆရာပြောသလို ကျွန်တော်လည်း ယုံကြည်မှုရှိပါတယ်။ ဒါပေမဲ့ မယုံကြည်တဲ့ ကျွန်တော့် အဖေ ကိုယ်တွေ့ကလေး တစ်ခုတော့ ပြောပြချင်တယ်။

**ကျွန်ုပ်** – ကောင်းတယ်ဗျာ။ ကျွန်တော်လည်း အဲဒါမျိုး နားထောင်ချင်တာ။

ကျွန်ုပ် တွေ့ချင်နေသော ကိုတင်ဆန်း၏ သူပြောပြသော သူ့အဖေ ကိုယ်တွေ့အဖြစ်အပျက်ကလေးကို သူပြော ပြသည့်အတိုင်း ဆီလျော်အောင် ကျွန်ုပ်ပြင်ဆင်ရေးသား၍ တင်ပြလိုက်ပါသည်။ ကိုယ်တွေ့ကလေးနှင့်ယှဉ်၍ ဗဟုသုတရနိုင်ကြပါကုန်။

ကျွန်တော်က အောင်လံသား ဆရာရဲ့။ အောင်လံဆိုပေမယ့် မြို့ပေါ်က အောင်လံသားတော့ မဟုတ်ဘူးပေါ့ ဆရာရယ်။ အောင်လံနဲ့ (၁၂)မိုင်လောက်ဝေးတဲ့ ရွာကလေး တစ်ရွာက ကျွန်တော့်ဇာတိပေါ့။ ဆောက်လုပ်ရေးဌာနမှာ (၁၅)နှစ်ကျော်လောက် အလုပ်လုပ်ပြီးမှ ကျွန်တော် ထွက်လိုက်ပြီး ကိုယ်ပိုင်အလုပ် လုပ်တာ။ ကျွန်တော်တို့ မျိုးရိုးက သစ်ပင်ခုတ်တဲ့ မျိုးရိုးလို့ ပြောရမလား မသိဘူး။ ကျွန်တော့်အဖေလည်း အဲဒီအလုပ်ပဲလုပ်တယ်။ ဆရာမေးသလို ကျွန်တော် သစ်ပင်တွေ မရေတွက်နိုင်အောင် ခုတ်ခဲ့ပြီးပြီ။ တစ်ခါမှ ထူးထူးဆန်းဆန်း မကြုံဖူးဘူး။ ကျွန်တော်ကိုယ်နှိုက်က ဘုရားရှိခိုး အမျှအတန်းဝေပြီးမှ အလုပ်လုပ်တာမို့လို့ ဖြစ်မယ်ထင်ပါတယ်။

ကျွန်တော့်အဖေက လူရှုတ်ကြီး ဆရာရဲ့။ အယုံအကြည်မရှိဘူး။ ကုသိုလ်ကံကောင်းနေသေးတော့ ဘာမှမဖြစ်ဘူးပေါ့ ဆရာရယ်။ တစ်နေ့တော့ အလုပ်သမားတစ်ယောက်က အဖေ့ကို လာပြောတယ်။ အဲဒီအချိန်က ကျွန်တော်က ကလေးအရွယ်ပေါ့။ ကျွန်တော်တို့ရပ်ကွက်ထဲက အပင်ကြီးတစ်ပင်ကို အဖေ့ကိုခုတ်ဖို့ လူကြီးတွေက တာဝန်ပေးတဲ့အကြောင်းနဲ့ အဲဒီအပင်ကြီးမှာ နတ်စင်လည်း ရှိတဲ့အကြောင်း ပြောနေတာ ကြားရတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဖေကတော့ လုပ်နေကျအလုပ်မို့ အေးအေးဆေးဆေးပါပဲ။ နုတ်စင်တွေဖယ်ပြီး အဲဒီအပင်ကို ဘယ်လိုခုတ်ဖို့ သူ့တပည့်တွေကို တာဝန်ပေးလိုက်တယ်။ သိပ်မကြာဘူး။ အဖေ့တပည့်တွေ ပြန်လာတယ်။ အဲဒီအပင်ကြီးကို ခုတ်လို့မရကြောင်း၊ အပင်ပေါ် တက်လိုက်တိုင်း တစ်စုံတစ်ယောက်က တွန်းချနေသလိုခံရကြောင်း အဖေ့ကို ပြန်ပြောကြတယ်။

နောက်ပြီး လက်ဖက်ပွဲကလေးနဲ့တောင်းပန်ပြီး ခုတ်သင့်ကြောင်း အကြံပေးကြတယ်။ အဖေက ဒါတွေကို လုံးဝအယုံအကြည် မရှိကြောင်းနဲ့ အပင်ရှိရာကို လက်ညှိုးထိုးပြီး မင်းတို့ ခုတ်မရရင် ငါကိုယ်တိုင် ခုတ်မယ်ကွလို့ပြောပြီး လက်ညှိုးထိုးထားတဲ့လက်ကို အောက်ပြန်ချတော့ မရတော့ဘူး။

ဆွဲချလည်း မရဘူး။ လက်ကြီးက တန်းလန်းကြီးဖြစ်နေတယ်။ အဖေ့ကို ဆေးခန်းခေါ်သွားတော့လည်း အဲဒီအတိုင်း လက်ကြီးက တန်းလန်းကြီးပဲ။ ဆရာဝန်လည်း မစဉ်းစားတတ်တော့ဘူး။ အိမ်ပြန်ရောက်တော့ ပတ်ဝန်းကျင်ကလူတွေ အကြံပေးတိုက်တွန်းကြတာနဲ့ လက်ဖက်တစ်ပွဲနဲ့သွားပြီး အပင်အောက်မှာ ထိုင်ကန်တော့ တောင်းပန်လိုက်မှ အဖေ့လက်က အလိုလို အောက်ကိုချလို့ရသွားတယ်။ အဲဒီအပင်ကြီးလည်း ဘယ်သူမှ မခုတ်ရဲတော့ဘူး။ အဖေလည်း အဲဒီကစပြီး တစ်ယူသန်ကိစ္စကို စွန့်လွှတ်လိုက်တော့တယ်။ ဆေးခန်း ဆရာဝန်တောင် အဖေ့လက်ချမရတဲ့အဖြစ်ကို အံ့ဩနေတယ်။ လက်ပြန်ချလို့ရပြီး ဘယ်လိုကြောင့် လက်ပြန်ချလို့ရတယ် ဆိုတာရော ဆရာဝန်က ပိုအံ့ဩနေသေးတယ်။

အဲဒီကစပြီး အဖေ့အမွေကို လက်ခံတဲ့ ကျွန်တော်ဟာ နောက်ဆိုရင် သစ်ပင်ကြီးကြီးမားမားခုတ်ရင် တောင်းပန်ပြီးမှပဲ ခုတ်တော့တယ်။ ဘုရားရှိခိုးရင်တောင် ခုတ်မယ့်သစ်ပင်ကိုရည်စူးပြီး မေတ္တာပို့ အမျှအတန်းဝေပြီးမှ ခုတ်တော့တယ် ဆရာ။

စိတ် မပေါတူ

မောင်မြင့်မား(ဗိုလ်ကလေး)


# တောင်တွင်းကြီးမဟာတံခွန်

## နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ပညာရှင်

အမှတ်-၄၃၇(၇-လွှာ) ကျိုက္ကဆံလမ်း၊ အစွန်လွှတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
☎ ၇၀၈၆၂၀ ၊ 📱 ၀၉ ၅၀ ၆၉၇၆၄ ၊ ☎ (၀၁) ၄၀၁၁၆၅

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အကွက်ရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး)‥ စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။


www.burmeseclassic.com

www.burmeseclassic.com

'ဟော့…တို့ကိုတော့ ခပ်ပေးမယ့်သူ ရှိတယ်။ ညည်းမှာရော ရှိရဲ့လား သန်းလှရဲ့'

'ငါ့ရေအိုးကို ကိုသာဂိ ဖြည့်ပေးပြီးပြီ'

'ဟီး…ဟီး…ဒါဆို နင်လည်း ပြန်လို့ရပြီပေါ့။ စမ်းမြင့်ကြည်ရော'

'ဟော့အေးဟယ်'

'ဒါဆို နင်တစ်ယောက်တည်း ခပ်ပေးမယ့်သူကို ရေတွင်းမှာ ထိုင်စောင့်ပေတော့'

မြင့်အေးနဲ့ သန်းလှတို့အတွက် သူတို့ရည်းစား ဖိုးအေးနဲ့ သာဂိက ရေဖြည့်ပေးလိုက်လို့ ရေဖြည့်ပေးမယ့်သူ မရှိတဲ့ စမ်းမြင့်ကြည်ကို ဝိုင်းစနေကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

'မစောင့်လည်း သွားပေါ့အေ။ တို့က ညည်းတို့လို ကလေးတို့လို့တွဲလောင်းနဲ့မှ မဟုတ်တာ'

သူတို့ရွာမှာ ရေမရှား၊ အိမ်တိုင်းမှာ ရေတွင်းရှိသည်။ ပက်လက်တွင်းများသာဖြစ်၍ ရေက မသန့်။ ချိုးရေ၊ သုံးရေတော့ ရသည်။ သောက်ရေတော့ မရ။ ထို့ကြောင့် သောက်ရေအတွက် ဘုန်းကြီးကျောင်းက အုတ်စီတွင်းမှာ

# သျှင်ရဲဖွင့် (တောင်စွန်း)
# ဆန်းပြားတဲ့ ပွဲစာ





www.burmeseclassic.com

www.burmeseclassic.com

သွားခပ်ကြရသည်။ ညနေစောင်းတွင် ရွာထဲက အပျိုတွေ ဘုန်းကြီးကျောင်းဝင်းထဲမှာ သောက်ရေ လာခပ်ကြသည်။ ကာလသားတွေကလည်း နေညိုရင် ပလွေတိုတစ်ချောင်းနှင့် ရေဝိုင်းငင်ပေးသလိုလို ဘာလိုလိုနှင့် ယောင်ပေပေ လုပ်နေကြသည်။ နေ့တိုင်း သောက်ရေခပ်ရင်း ကျောင်း အတွက်လည်း သူတို့ ရေလှူဖြစ်ကြလေသည်။

'ဟဲ··သာဂီ၊ နင့်မယားသန်းလှ အိုးထဲကိုချည်း ရေ မဖြည့်နဲ့။ ငါလည်း ဘုန်းကြီးကျောင်းအုတ်ကန် ရေဖြည့်လှူမှာပဲဟာ ငါ့ကိုလည်း ဖြည့်ပေး'

'အေးပါဟ'

'သာဂီနော်၊ ကိုယ့်လူနဲ့ကိုယ်ပဲ။ စမ်းမြင့်ကြည်က နင့်ရည်းစားမို့လား။ နင် ခပ်ရဲခပ်ကြည့်၊ နင်နဲ့ငါ အပြတ်ပဲ'

သန်းလှ စကားကြောင့် သာဂီ မောင်းတက်ကို ပြန် လွှတ်ချလိုက်သဖြင့် အားလုံး ပွဲကျသွားသည်။

'သန်းလှ··မိန်းမယုတ်'

စမ်းမြင့်ကြည်ကို ရေခပ်ပေးချင်သူ မရှိ မဟုတ်၊ ရှိပါသည်။ စမ်းမြင့်ကြည်က ဤရွာတွင် အလှဆုံး အချော ဆုံး ကွမ်းတောင်ကိုင်။ သူက အရောမဝင်၍သာ ဖြစ် သည်။ သူ အရောဝင်သူ နှစ်ဦးတော့ ရှိသည်။

'ဟော··ဟိုမှာ ငါ့ကို ရေခပ်ပေးမယ့်သူတွေ လာပြီ။ နင် မခပ်ပေးလည်းနေ သာဂီ'

စမ်းမြင့်ကြည်၊ ကျော်ခိုင်၊ ဘသစ်တို့က တတွဲတွဲ အမြဲတွဲနေတဲ့ သူငယ်ချင်းတွေ။ ကျော်ခိုင်ရော ဘသစ်ပါ စမ်းမြင့်ကြည်ကို ချစ်ခွင့်ပန်ထားကြသူတွေ။ စမ်းမြင့် ကြည်ကတော့ ဘယ်သူ့ကိုမှ ရေရေရာရာ မဆုံးဖြတ်သေး။ သို့သော် တစ်ရွာလုံးသာမက အနီးအနား ရွာတွေကပါ သူ့ကို ချစ်ခွင့်ပန်ထားတဲ့ ကာလသားတွေထဲက သူတို့နှစ် ဦးက အနီးစပ်ဆုံး။ သူတို့နှစ်ဦးထဲက တစ်ဦးဦးကိုတော့ စမ်းမြင့်ကြည် ရွေးချယ်ရမှာတော့ သေချာသည်။ ဒါ ကြောင့် သူမ ရွေးချယ်မယ့် ခင်ပွန်းလောင်း ဘယ်သူဖြစ် မလဲဆိုတာကို တစ်ရွာလုံးက စိတ်ဝင်စားနေကြသည်။ သူတို့နှစ်ဦးကလည်း စမ်းမြင့်ကြည်ရဲ့အချစ်ကို မည်သူ ရသည်ဖြစ်စေ ကျေနပ်ကြမည်ဟုဆိုကာ တရားမျှတစွာ ချစ်ခွင့်ပန်ထားကြခြင်း ဖြစ်သည်။

'ဟော့ကောင် ကျော်ခိုင်၊ ရေပုံးကို ငါ အရင်ရတာကွ'

ဘသစ်က ကျော်ခိုင်ထက်အရင် ရေပုံးကို ဦးလိုက် သည်။

'ဒီမှာလေ၊ ငါက ရေအိုးကို ရထားတာ မောင်'

'နင်တို့နှစ်ယောက် အငြင်းမတည့်တာနဲ့ ဒီညနေ ငါ ရေခပ်ရမှာ မဟုတ်ဘူး။ တစ်ယောက်မှ မခပ်နဲ့။ သာဂီပဲ ခပ်ပေးတော့။ တစ်ယောက်တစ်လှည့်စီ အိမ်ရောက်အောင် နင်တို့နှစ်ယောက် ပို့တော့'

အရေးထဲ သာဂီ ဝင်နှောက်သွားလေသည်။ ရေခပ် တဲ့ ကိစ္စကို စမ်းမြင့်ကြည် ပြတ်သားစွာ ဆုံးဖြတ်နိုင် သော်လည်း အဖြေပေးကိစ္စ ပြတ်ပြတ်သားသား မဆုံး ဖြတ်နိုင်သေးချေ။ ဖူးစာဆိုတာကလည်း ဆန်းကြယ်လှ သည်။ သူတို့နှစ်ယောက်စလုံးကို တစ်လှည့်စီ ရွေးကြည့် သည်။ စိတ်တွေက ကျော်ခိုင်ဘက်ကို အလေးသာသလို လို။ ထို့ကြောင့် ကျော်ခိုင်ကိုပဲ ရွေးလိုက်တော့မည်ဟု စိတ်ထဲက ဆုံးဖြတ်ထားလိုက်မိသည်။

သို့သော် လောကမှာ ဖြစ်ချင်တာလည်း မဖြစ်ရ၊ မဖြစ်ချင်တာလည်း ဖြစ်တတ်တာမို့ ကျော်ခိုင်သည် စမ်း မြင့်ကြည်၏အချစ်ကို ရထိုက်ပေမယ့် မရလိုက်။ ကျော် ခိုင်ကို အဖြေပေးပြီး သီတင်းဝါလကျွတ်တာနှင့် ရွှေလက် တွဲပြီး ချစ်ပွဲဝင်ဖို့ ရည်စူးထားပေမယ့် စမ်းမြင့်ကြည် ကျော်ခိုင်နှင့် ချစ်ပွဲမဝင်လိုက်ရ။ စမ်းမြင့်ကြည် ကျော်ခိုင့် ဘက်ကို အနည်းငယ် အလေးသာနေတယ်ဆိုတာ ရိပ်မိ နေတဲ့ ဘသစ်ဟာ ဖြစ်ချင်တာ မဖြစ်တော့မယ့်အတူတူ မဖြစ်ဖြစ်အောင် ဖန်တီးယူတော့သည်။

ထိုနေ့က ထိန်ပင်ကုန်းရွာအလှူကို သူတို့ သွားကြ သည်။ ဖြစ်ချင်တော့ ကျော်ခိုင်မှာ နေမကောင်း၍ မလိုက် နိုင်ခဲ့။ အပြန်မှာ ဘသစ်နဲ့ ဘက်တော်သားတစ်စု ပူးပေါင်း ကာ စမ်းမြင့်ကြည်ကို လှည်းတင် ခိုးပြေးကြတော့သည်။ လှည်းဝင်ရိုး ကျိုးသလိုလို လှည်းတံကျိုးသယောင်၊ တံပိုး ကြီးတုတ် ခုတ်ဦးမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ အတူ ပါလာတဲ့ အပျိုချောတွေကို အခြားလှည်းကြုံနဲ့ ထည့်ပေး ပြီး စမ်းမြင့်ကြည်တစ်ဦးတည်း သူတို့လှည်းမှာ လှည်းမဆုံ တော့လို့ပါဆိုပြီး ချန်ထားခဲ့တယ်။ မိုးကြီးချုပ်မှ လှည်းကို အခြားရွာတစ်ရွာကို မောင်းပြေးပြီး စမ်းမြင့်ကြည်ကို သိမ်း ပိုက်လိုက်ပါတယ်။

ယခုလောက်ဆို သူတို့နှစ်ယောက် ခိုးပြေးသည့် သတင်းက ဟိုးလေးတကျော် ဖြစ်နေပြီဖြစ်၍ စမ်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

ကြည်ခဗျာ မထူးဇာတ် ခင်းလိုက်ရလေတော့သည်။

◆◆◆

ကျော်ခိုင်အဖို့ ပါးစပ်ထဲ ရောက်ခါနီး ဝက်သားတုံးကြီး ပြုတ်ကျသွားသလို နှမြောတ,သရုံမှတစ်ပါး ဘာမှ မတတ်နိုင်။ သို့သော် သဘောထားကြီးသူပီပီ ဘသစ်နှင့် စမ်းမြင့်ကြည်တို့၏ မင်္ဂလာပွဲကို မျက်နှာမပျက်စေဘဲ စိတ်အားထက်သန်စွာ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့သည်။

"နင့်အတွက် ငါ စိတ်မကောင်းပါဘူး ကျော်ခိုင်။ ငါ့ရဲ့ နှုတ်ထွက်စကားအား နောက်ကျနေတာဟာ နင့်အတွက် နစ်နာစရာမို့ လောကဓံလိုပဲ သဘောထားလိုက်ပါတော့"

"ငါ အားလုံးကို သိပြီးသားပါ။ နင်ရဲ့ နှုတ်ထွက်စကား ဘာလဲဆိုတာ နှလုံးသားချင်းသာ နားလည်လိုက်ပါတော့မယ်"

မင်္ဂလာပွဲပြီးသည့်နောက် ကျော်ခိုင်တစ်ယောက် ရွာမှ ပျောက်ခြင်းမလှ ပျောက်သွားသည်။ ရန်ကုန်တွင် ဝပ်ရှော့ ပညာ သွားသင်သည်ဟု သိရသည်။ ရွေးချယ်စရာလမ်း မရှိတော့သော အိမ်ထောင်ဘဝတွင် စမ်းမြင့်ကြည် စိတ်ကို တုံးတုံးချလိုက်သည်။ လင်ယောက်ျားတစ်ယောက် အပေါ် မယားဝတ္တရားအရ ကျေပွန်အောင် ဆောင်ရွက်ဖို့ သူ့မှာ တာဝန်ရှိလာသည်။ အိမ်ထောင်သက် တစ်လကျော် ကျော်အတွင်း အမြန်ဆုံး အသားကျအောင် ကျရာဘဝတွင် ရောင့်ရဲတင်းတိမ်ဖို့ သူ့မှာ ခွန်အားတွေရှိလာပြီ ဖြစ်လေသည်။

တစ်နေ့ လယ်ယာလုပ်ငန်းခွင် စတော့မှာမို့ ဘသစ်သည် အောင်ဖေနှင့်အတူ စစ်တောင်းမြစ်ကို လှေဖြင့် [illegible] ကျိုက်ထိုဘက်တွင် ကျွဲငှားဖို့ ထွက်ခဲ့ကြသည်။ [illegible]ခန့် ကြာသည်အထိ အိမ်ပြန်မရောက်သဖြင့် စမ်းမြင့်ကြည် တမျှော်မျှော်ဖြစ်နေသည်။ လေးရက်မြောက်တွင် သူတို့နှစ်ယောက်စလုံး ကျိုက်ထိုတွင် ဂျပန်ချွေးတပ်ဆွဲခံရကြောင်း သံဖြူဇရပ်မှ ယိုးဒယားသို့ သေမင်းတမန် မီးရထားလမ်း ဖောက်ရာတွင် အသုံးပြုရန် ဂျပန်တို့က ချွေးတပ်သားများ စုဆောင်းရာတွင် ပါသွားကြောင်း သတင်းကြားရသည်။ အချို့ဆိုလျှင် ဘာသတင်းမှ မကြားရဘဲ ပျောက်ခြင်းမလှ ပျောက်သွားကြသည်။

ယခုတော့ သူမအဖို့ အားကိုးရာမဲ့ချေပြီ။ ဘသစ်မောင်နှမတွေက အမွေခွဲပေးရမှာကြောက်၍ သူ့ကို ဆွေးဖော်ကြောဖက် သိပ်မလုပ်ကြ၊ မကူညီကြ။ ထို့ကြောင့် အဒေါ်ဖြစ်သူထံ ပြန်လည်ခိုကပ်ရပြန်သည်။ မျှော်သာ မျှော်ရသည်၊ ဘသစ်တစ်ယောက် သူ့ထံ ပြန်လာလိမ့်မည် မထင်။ သေမင်းတမန် ချွေးတပ်စခန်းသို့ ရောက်သူမှန်သမျှ ငှက်ဖျားဒဏ်ကြောင့် နေရပ်ပြန်လာနိုင်သူတစ်ဦးမှ မရှိဟု သူကြားဖူးသည်။ ကံကောင်းထောက်မ၍ လွတ်မြောက်လာသူ တစ်ဦးစ နှစ်ဦးစ ရှိသော်လည်း ငှက်ဖျားဒဏ်၊ ပင်ပန်းဆင်းရဲမှုဒဏ်၊ နှိပ်စက်ခံရမှုဒဏ်တို့ကြောင့် လူ့စဉ်မမီတော့။ ဤသို့ဖြင့် နှစ်နှစ် နှစ်မိုးပင် တိုင်ခဲ့လေပြီ။ တစ်နေ့ ဘသစ်နှင့် အတူပါသွားသော အောင်ဖေ ရွာကို ပြန်ရောက်လာသည့်သတင်း သူကြားလိုက်သည်။ ဘသစ်ကား ပါမလာ။ ဘသစ်သတင်းများ ကြားရမလားဟု သတင်းမေးရန် အပြေးအလွှား ထွက်ခဲ့သည်။ အောင်ဖေသည် ရွာလူကြီး ဦးရွှေသီးအိမ်တွင် သူ၏ အတွေ့အကြုံကို ပြန်လည်ရှင်းလင်း ပြောပြနေသည်။ ရောက်ရောက်ချင်း သူ အလျင်စလို မေးလိုက်သည်။

"အောင်ဖေ‥ ဘ‥ဘသစ် ငါ့ယောက်ျား ဘသစ် ရောဟင်"

အောင်ဖေသည် စမ်းမြင့်ကြည်အား စိတ်မကောင်းဟန်ဖြင့် ကြည့်ရင်း-

"ငါလည်း စိတ်မကောင်းပါဘူးဟယ်။ ဘသစ်တစ်ယောက် ချွေးတပ်စခန်းမှာ ငှက်ဖျားရောဂါနဲ့ ဆုံးပြီဟ"

မျှော်လင့်သည့်အတိုင်း မဖြစ်သော်လည်း နားနဲ့ဆတ်ဆတ်ကြားရပြန်တော့ မျက်ဝန်းမှမျက်ရည်တွေ ဖြိုင်ဖြိုင်ကျကာ အားပါးတရ ငိုလိုက်မိသည်။

"ကျိုက်ထိုရောက်တော့ တို့နှစ်ယောက်လည်း ဘာမှ မသိ ဘာမသိနဲ့ ဂျပန်တွေရဲ့ ချွေးတပ်ဆွဲတာ ခံလိုက်ရတယ်။ ကျိုက်ထိုမှာ နှစ်ည ကြာတယ်။ ကုန်ရထားနဲ့ မုတ္တမကို ခေါ်သွားတယ်။ ရထားတွဲထဲမှာ ပြွတ်သိပ်ကျပ်နေအောင် စီးရတယ်။ ကျွဲညီနောင်ရန် ကြောက်ရတာနဲ့ စက်ခေါင်းမီးပေါင်ကျတာနဲ့ လမ်းမှာတင် သုံး,လေးရက် ကြာတယ်။ အဲဒီကနေ မော်လမြိုင် မုပွန်ဘူတာကနေ သံဖြူဇရပ်ကို ဆယ်ရက်လောက် ကြာတယ်။ ဟိုမှာ အတော်ပင်ပန်းတယ်။ သစ်ပင်တွေ လှဲရတယ်၊ ချုံတွေခုတ်ရ မြေကြီးတွေသယ်၊ ဇလီဖားတုံးတွေ ရထားသံလမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com

သယ်ရတယ်။

ခြင်ကကိုက်၊ ငှက်ဖျားကထူတော့ အားလုံး မကြာခင် ငှက်ဖျားစွဲကုန်တာပဲ။ စားရတော့လည်း သဲနိုင်းချင်းဆန်ကြမ်းထမင်းနဲ့ ငါးပိဖုတ်လက်မလောက် တစ်တုံးပဲ။ ဒါတောင် အဝစားရတာ မဟုတ်ဘူး။ အာဟာရကလည်း မပြည့်၊ ငှက်ဖျားကလည်းမိဆိုတော့ သိပ်မကြာပါဘူး။ နှစ်ယောက်စလုံး လဲတော့တာပဲ။ ဖျားခါစတော့ ဖျားနေလျက်နဲ့ အလုပ်ဆင်းရတယ်။ မနိုင်ရင် အရိုက်အနှက်အထုအထောင်းခံရတာကိုး'

'ဘသစ်က ဖျားပြီး သေတာလားကွ'

သူကြီး ဦးရွှေသီးက ဖြတ်မေးလိုက်သည်။

အဖျားတက်ပြီး မထနိုင်တဲ့ ကျွန်တော်တို့နှစ်ယောက်ကို ဆေးရုံလို့ခေါ်တဲ့ ဝါးတန်းလျားရှည်ကြီးကို ပို့လိုက်တယ်။ ဆရာဝန် မရှိဘူး။ မြန်မာဆေးမှူး တစ်ယောက်ရှိတယ်။ ချွေးတပ်သားထဲကပဲ ကျိုက်ထိုက ကိုထွန်းအောင်တဲ့။ တစ်နေ့ ကိုထွန်းအောင် တဲတန်းလျားမှာ လူမမာတွေကို ဆေးလာတိုက်တယ်။

ကျွန်တော်လည်း ငှက်ဖျားအရှိန်နဲ့ မှိန်းနေတုန်း-

'ဟေ့ကောင် အောင်ဖေ၊ ဘသစ် ဆုံးနေပြီကွ။ ကြည့်လိုက်တော့ ကျွန်တော့်ဘေးမှာ သတိလစ်နေတဲ့ဘသစ် ငြိမ်သက်နေတယ်။ ဟုတ်ပါတယ်။ ဆုံးသွားပါပြီ။ အဲဒီနေ့က လေး,ငါးယောက် ဆုံးသွားတယ်။ တစ်ညလုံး ဒီအတိုင်း ထားသွားတယ်။ ကျွန်တော် မကြာခဏဘသစ်ကို လှုပ်နှိုးကြည့်တယ်။ လုံးဝမလှုပ်တော့ဘူး။ နောက်တစ်နေ့ညနေမှ အလောင်းတွေကို လာသယ်သွားတယ်။ အဲဒီညမှာပဲ ကျွန်တော်လည်း ထူထူထောင်ထောင်ဖြစ်သွားတာနဲ့ အဖော်တစ်ယောက်နဲ့အတူ ထွက်ပြေးခဲ့တယ်။ ကျွန်တော်တို့ နေရာမှာက သေမယ့်သူတွေကို ထားတာဖြစ်လို့ အစောင့်မရှိဘူး။ တစ်ရွာဝင် တစ်ခါနားရင်း ခုမှ ရွာကို ပြန်ရောက်တာပါ'

◆◆◆

အောင်ဖေ၏ စကားအရ ဘသစ်တစ်ယောက် သေဆုံးသွားပြီဟု တစ်ရွာလုံးက အတည်ပြုလိုက်တဲ့အတွက် ဘုန်းကြီးပင့်ကာ သပိတ်သွတ်ပေးလိုက်သည်။ စမ်းမြင့်ကြည်ကိုလည်း မုဆိုးမလေးအဖြစ် တစ်ရွာလုံးက အတည်ပြုလိုက်ပါပြီ။ လင်သေ မုဆိုးမလေးဘဝနဲ့ သုံးလအကြာမှာ ကျော်ခိုင် ရွာကို ပြန်ရောက်လာသည်။ အိမ်ထောင်ရေး ကံမကောင်းရှာတဲ့ စမ်းမြင့်ကြည်ရဲ့ သတင်းကိုကြားရ၍ စိတ်မကောင်းဖြစ်မိသည်။ ထို့ကြောင့် စမ်းမြင့်ကြည်ရှိရာ သူမ၏ အဒေါ်အိမ်မှာ သွားတွေ့သည်။

'စမ်းမြင့်ကြည်ရယ်..နှင့်သတင်းကြားရလို့ ငါစိတ်မကောင်းပါဘူး။ ငါ့ကို အခွင့်အရေးသမားလို့ မထင်ပါနဲ့။ နင်ခွင့်ပြုရင်လေ နင့်ကိုငါ တစ်သက်လုံး စောင့်ရှောက်ပါရစေဟာ'

စမ်းမြင့်ကြည် မငြင်းတော့ပါ။ ဤသို့ဖြင့် လူကြီးစုံရာရှေ့မှောက်၌ မုဆိုးမလေး စမ်းမြင့်ကြည်ကို ကျော်ခိုင်တရားဝင် လက်ထပ်ယူလိုက်လေသည်။ ယခုတော့ အရင်ဘသစ်နှင့် အတူနေခဲ့သော အိမ်လေး၌ပင် စမ်းမြင့်ကြည်သည် လူသစ်စိတ်သစ်နှင့် အိမ်ထောင်ထူထောင်ကာ ပျော်ရွှင်ချမ်းမြေ့နေပါပြီ။

တစ်နေ့ ကျော်ခိုင် အလုပ်သွားခိုက် စမ်းမြင့်ကြည်တစ်ဦးတည်း အိမ်ရှေ့တွင် စပါးလုံးရွေးနေစဉ် ဖုန်အလူးလူး ဖုတ်အလူးလူးနှင့် အရောင်မပေါ်တော့သော အဝတ်အစားကို ဝတ်ဆင်လျက် ဆံပင်၊ မုတ်ဆိတ်များ ဖားလျားကျကာ အလွန်ပိန်ညှော်ချည့်နဲ့လျက် အရိုးပေါ် အရေတင်နေသည့် သူတောင်းစားကြီးတစ်ယောက် အိမ်ရှေ့တွင်လာရပ်သည်ကို တွေ့လိုက်သည်။

'သွားပါဦးရှင်'

စမ်းမြင့်ကြည် ရုတ်တရက် ထိတ်လန့်သွားပြီး အမြန်ထွက်သွားစေရန် ပြောလိုက်သော်လည်း သူတောင်းစားကြီးက ပေ၍ ရပ်နေရင်းမှ-

'ပြောရက်လိုက်တာ မိန်းမရယ်၊ နင် ငါ့ကို မမှတ်မိတော့ဘူးလား'

'အို..ရှင် ဘာတွေလာပြောနေတာလဲ။ မသွားရင် ကျွန်မ အော်လိုက်မှာနော်'

'သေချာကြည့်ပါဦးကွာ။ ငါ နင့်ယောကျ်ား ဘသစ်လေ'

'ဘသစ်က သေပြီရှင့်'

'ငါ မသေပါဘူးကွယ်။ နင် ငါ့ကို သေသေချာချာကြည့်လိုက်စမ်းပါ'

'ဟင်..ရှင်..ရှင်..ကိုဘသစ်၊ အို..ဘယ်လိုဖြစ်ကြတာလဲ။ ရှင် သေပြီဆို။ ရှုပ်ကုန်ပြီ၊ အားလုံးရှုပ်ကုန်ပြီ။

www.burmeseclassic.com

ဒုက္ခပါပဲ'

'ဟုတ်ပါတယ်၊ ငါ ဘသစ်အစစ်ပါ။ ချွေးတပ်စခန်းက ပြန်ပြေးလာတာ။ ငှက်ဖျားရောဂါကြောင့် ရောက်တဲ့ရွာမှာ နေလိုက်၊ ကျန်းမာလာတာနဲ့ ခရီးဆက်လိုက်နဲ့ ရွာကို ခုမှပြန်ရောက်လာတာ။ ငါ အိမ်ပေါ်တက်မယ်နော်'

'အို..မတက်နဲ့၊ မတက်နဲ့။ ဒုက္ခတွေ များကုန်လိမ့်မယ်'

'ဘာ..ငါ့အိမ် ငါပြန်လာတာ ဘာဒုက္ခများရမှာလဲ။ တကယ်ဆို နင် ငါ့ကို လှိုက်လှိုက်လှဲလှဲ ဝမ်းသာအားရ ကြိုသင့်တယ် မဟုတ်လား'

'ငါ..ငါ..ဘာပြောရမှန်း မသိတော့ပါဘူးဟယ်။ အီး..ဟီး..ဟီး..ဟီး'

စမ်းမြင့်ကြည်ထိုင်၍ ရှိုက်ကြီးတငင် ငိုချလိုက်သည်။ ထိုစဉ် ကျော်ခိုင်လည်း အလုပ်မှ ပြန်ရောက်လာသည်။

'ဟေ့..ဘာဖြစ်လို့ ထိုင်ငိုနေတာတုန်း။ ဟင်..ခင်ဗျားက ဘယ်သူလဲ။ ဟေ့ကောင်..မင်း..မင်း..သူ့ကို ဘာလုပ်လိုက်သေးလဲ'

'ကျွန်တော် ဘာမှမလုပ်ရပါဘူးဗျာ။ ဒါ ကျွန်တော့်မိန်းမပါ။ ကျွန်တော့်အိမ်ကို ကျွန်တော်ပြန်လာတာပါ'

ကျော်ခိုင် ဒေါပွသွားက သူတောင်းစားကြီးကို ကုပ်မှ ဆွဲကိုင်ရင်း-

'ဘာ..မင်း..မင်းက ရာရာစစ မင်း ငါ့အိမ်ဝိုင်းထဲက အမြန်ထွက်သွားစမ်း။ ကြာရင် ငါ တစ်ခုခု လုပ်မိတော့မယ်'

ရိုက်နှက်ရန် လက်ရွယ်နေသော ကျော်ခိုင်ကို အထိတ်အလန့်နှင့် လက်ကာပြရင်း သူတောင်းစားကြီး မှတ်မိသွားသည်။

'ဟာ..ဟေ့ကောင် ကျော်ခိုင်၊ ငါ မင်းသူငယ်ချင်း ဘသစ်ပါကွ'

'ဘာဘသစ်လဲ။ အဲဒီကောင် သေပြီကွ။ လာမလိမ့်နဲ့'

'ငါ့ကို အသေအချာ ကြည့်ပါဦးကွာ။ ငါ ချွေးတပ်စခန်းက ပြန်လာတာပါ'

ထိုစဉ် အောင်ဖေလည်း ရောက်လာသည်။

အကြောင်းစုံကို မေးမြန်းရင်း သူတောင်းစားကြီးသည် ဘသစ်မှန်း အားလုံး လက်ခံလိုက်ကြကာ-

'ကဲ..ကဲ..ပတ်ဝန်းကျင်က ကြားရင် လာစပ်စုကြဦးမှာ အိမ်ပေါ် တက်ကြကွာ။ ဒီကိစ္စဖြေရှင်းဖို့ တိုင်ပင်ကြတာပေါ့'

အောင်ဖေက ဘသစ်ကို အိမ်ပေါ်သို့ တွဲခေါ်ခဲ့သည်။

'ကဲ..အခုကိစ္စကို မင်းတို့ ဘယ်လိုဖြေရှင်းကြမလဲ'

အောင်ဖေက အကြောင်းစုံရှင်းပြရင်း အားလုံးကို မေးလိုက်သည်။

'ရှင်းရှင်းလေးပါကွာ။ အခု ပိုင်ရှင်ပြန်လာပြီလေ။ ငါ့ပစ္စည်း ငါ့လက်ထဲ အပ်ပေါ့ကွာ'

ဘသစ်က ညောင်နာနာအသံနှင့် ပြောလိုက်သည်။

'ဘာကွ၊ ငါက သူများမယားခိုးတဲ့ သူခိုးမဟုတ်ဘူးကွ။ စမ်းမြင့်ကြည်ကို ငါ လူကြီးစုံရာရှေ့မှာ မိသားဖသား ပီပီ တရားဝင် လက်ထပ်ယူထားတာ ရပ်သိရွာသိ။ ငါက အခု တရားဝင် လင်ယောကျ်ား။ မင်းသာ အိမ်ပေါ်က ဆင်းသွားစမ်း ဘသစ်'

'နေကြစမ်းပါဦးကွာ။ စမ်းမြင့်ကြည်..နင်ကရော ဘယ်လိုသဘောရလဲ'

'အဟင့်..ဟင့်..ဟီး..ငါ ဘာမှမပြောတတ်ဘူး အောင်ဖေရယ်'

စမ်းမြင့်ကြည်မှာ ဘာမှမပြောဘဲ တရှုံ့ရှုံ့နှင့်သာ ငိုနေတော့သည်။ သူတို့ ငြင်းခုံနေကြသံကြောင့် အိမ်နီးနားချင်းတွေ ရောက်လာကြသည်။ တစ်စစနှင့် ထိုကိစ္စသည် တမုဟုတ်ချင်း ရပ်ကျော်ရွာကျော် ဖြစ်သွားသည်။ ကျော်ခိုင်၏ ဆွေမျိုးမောင်နှမများကလည်း ကျော်ခိုင်သာ စမ်းမြင့်ကြည်၏ တရားဝင် လင်ယောကျ်ားဟု အခိုင်အမာ ပြောဆိုကြသလို ဘသစ်၏ အမျိုးတွေကလည်း ဂီလာနကြီးကို မည်သူမျှ အိမ်ပေါ် ခေါ်မတင်လိုကြသလို ဘသစ်အမွေတွေကိုပါ ခွဲဝေယူထားကြရာ ပြန်တောင်းမှာကြောက်၍ စမ်းမြင့်ကြည်ထံ ထိုးထည့်လိုက်ကြသဖြင့် ဘသစ်သာ တရားဝင်သည်ဟု အကျောက်အကန် ငြင်းကြခုံကြရင်း နောက်ဆုံး သူကြီး ဦးရွှေသီးအိမ် ရောက်ကာ ရှင်းကြလင်းကြရသည့်အထိ ဖြစ်ကုန်လေသည်။

◆◆◆

'အခုကိစ္စမှာ မောင်ကျော်ခိုင်ဟာ မစမ်းမြင့်ကြည်ကို ခိုးယူပေါင်းသင်းခြင်း မဟုတ်။ သူမရဲ့ ခင်ပွန်းဟောင်း ဘသစ် သေဆုံးသွားပြီဆိုတဲ့ အတည်ပြုချက်နဲ့ လူကြီးစုံ

www.burmeseclassic.com

ရာရှေ့မှာ အုပ်ထိန်းသူ အဒေါ်ဖြစ်သူရဲ့ ခွင့်ပြုချက်နဲ့အညီ တရားဝင် လက်ထပ်ထားတာ ဖြစ်တဲ့အတွက် မောင်ကျော်နိုင်ဟာ မစမ်းမြင့်ကြည်ရဲ့ တရားဝင်ခင်ပွန်းဖြစ်လို့ အိမ်ပေါ်က ဆင်းဖို့ မလိုပါ'

'ဟေး..ဖြောင်း..ဖြောင်း..ဖြောင်း'

ရွာလူကြီးရဲ့ အမိန့်ချမှတ်သံ အဆုံးတွင် ကျော်ခိုင်အမျိုးများဘက်မှ လက်ခုပ်သံတွေ ဆူညံသွားသည်။

ထို့အတူ မောင်ဘသစ်ဟာလည်း ဇနီးမယားကိုပစ်ပြီး လော်လီဖောက်ပြားကာ အခြားမိန်းမတစ်ဦးနှင့် ပေါင်းသင်းသွားခြင်းမဟုတ်။ ဓမ္မိယလဒ္ဓခေါ်တဲ့ တရားသော သမ္မာအာဇီဝအလုပ်ဖြင့် ဇနီးမယားကို လုပ်ကျွေးရန် ကျွဲငှားသွားရင်း ချွေးတပ်ဆွဲခံရခြင်းဖြစ်ရာ ငှက်ဖျားရောဂါနှင့် ခရီးလမ်း အခက်အခဲကြောင့်သာ အချိန်ကာလကြာမြင့်ခဲ့သည်မှာ ထင်ရှားသည်။ သို့သော် မောင်အောင်ဖေက မောင်ဘသစ် သေဆုံးသည်ဟု အတည်ပြုပြောခဲ့သဖြင့် ထိုအတည်ပြုချက်ပျက်ပြယ်ရန် သက်သေပြရန်လိုကြောင်း ကျွန်ုပ်တို့ ယူဆသည်။

ထိုအချိန်တွင် ဘသစ်၏ ဆွေမျိုးတစ်ဦးက-

'သက်သေပြနိုင်ပါတယ် သူကြီး၊ ချွေးတပ်စခန်းမှာ ဆေးမှူးလုပ်ခဲ့တဲ့ ကိုထွန်းအောင်ကို ကျွန်တော်တို့ ခေါ်ထားပါတယ်။ သူဟာ ဘသစ် မသေကြောင်းပြမယ့် အကောင်းဆုံး၊ အခိုင်မာဆုံး သက်သေပါပဲ'

'ကိုင်း..ဒါဖြင့် မောင်ထွန်းအောင် ပြောတာ နားထောင်ရအောင်'

'ဒီလိုပါ သူကြီးမင်း၊ ဘသစ်ကို ပထမဦးဆုံး ကျွန်တော် စမ်းသပ်စဉ်က သူ တကယ်သေနေပြီလို့ ကျွန်တော် ယူဆတဲ့အတွက် အလောင်းကို နောက်တစ်နေ့ သွားသယ်ဝါတယ်။ အဲဒီအချိန်အထိ ဘသစ်ဟာ သွေးမတိုး အသက်လည်း မရှူတော့ပါဘူး။ တောင့်တင်းနေပါပြီ။ အလောင်းကို တွင်းကြီးထဲမှာ စုပြုံမြှုပ်မယ့်ဆဲဆဲမှာ ဘယ်လိုဖြစ်တယ် မသိပါဘူး ဘသစ်ဟာ ရုတ်တရက် ကုန်းထပြီး ထွက်ပြေးလွတ်မြောက်သွားတာ ကျွန်တော့်မျက်မြင်ပါပဲ၊ ဂျပန်စစ်သားတွေ သေနတ်နဲ့ ဝိုင်းပစ်တဲ့ကြားက ထွက်ပြေးသွားတာပါ'

ပရိသတ်မှာ အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်နေသည်။

'ကိုင်း..ဒါဆိုရင် မောင်ထွန်းအောင်ရဲ့ သက်သေထွက်ချက်ဟာ ခိုင်လုံနေတာကြောင့် ဘသစ် မသေဘူးလို့ ယူဆရမှာပါ။ မောင်ဘသစ်ဟာ ဇနီးဖြစ်သူနဲ့ တရားဝင် ကွာရှင်းထားသူ မဟုတ်သေးတဲ့အတွက် ယခုအချိန်ထိ မစမ်းမြင့်ကြည်ရဲ့ တရားဝင်ခင်ပွန်းဖြစ်လို့ အိမ်ပေါ်က ဆင်းဖို့ မလိုပါဘူး'

'ဟေး..ဖြောင်း..ဖြောင်း..ဖြောင်း'

ဘသစ်အမျိုးတွေ၏ လက်ခုပ်သံတွေ ဆူညံသွားပြန်သည်။

'ဤအမှုတွင် စမ်းမြင့်ကြည်မှာလည်း အပြစ်မရှိပါ။ သူမဟာ လင်ရှိလျက်နဲ့ ဖောက်ပြားခြင်းမဟုတ်ပါ။ ကွယ်လွန်ပြီးလို့ ရပ်ရွာက အတည်ပြုပြီးမှ အိမ်ထောင်သစ်ကို တရားဝင် ထူထောင်တာပါ။ ဒီအတောအတွင်း မောင်ဘသစ် မသေဘဲ ပြန်ရောက်ခဲ့တယ်။ ဒါကြောင့် အဲခုဆိုသူမဟာ လင်ယောကျ်ား နှစ်ယောက်ရဲ့ တရားဝင်ဇနီးမယား ဖြစ်နေတဲ့အတွက် စမ်းမြင့်ကြည်က ရွေးချယ်ရပါမယ်။ ဒါမှမဟုတ်ရင် တစ်ယောက်က နောက်ဆုတ်ပေးရင် ဒီပြဿနာ ပြေလည်သွားမယ်။ ရွေးစရာမလိုတော့ပါဘူး'

'ကျွန်တော်ကတော့ နောက်မဆုတ်နိုင်ပါဘူး သူကြီးမင်း'

'ကျွန်တော်လည်း နောက်မဆုတ်နိုင်ပါဘူး'

'ကိုင်း..ဒါဖြင့် စမ်းမြင့်ကြည်ရဲ့ဆန္ဒကို ပြောပါ'

'ကျွန်မ ဘာမှမပြောပါရစေနဲ့ရှင်။ အဟင့်..ဟင့်--ဟီး..ဟီး..ဟီး'

စမ်းမြင့်ကြည်က ဘာမှမပြောနိုင်ဘဲ ငိုရှိုက်သာနေတော့သည်။

'ကိုင်း..ဒါဖြင့် ကျုပ်ကပဲ ဆုံးဖြတ်ပေးမယ်။ သဘောတူရဲ့လား'

'တူပါတယ် သူကြီးမင်း'

ပရိတ်သတ်တွေအားလုံး သူကြီးမင်း၏ ဆုံးဖြတ်ချက်ကို ငံ့လင့်နေကြစဉ် သူကြီး၏ ချောင်းဟန့်သံတစ်ချက် ထွက်ပေါ်လာသည်။

'အဟမ်း..ဟမ်း..နားထောင်ကြ၊ ကာယကံရှင်ကိုယ်တိုင်က ဆုံးဖြတ်ပေးရန် သဘောတူတဲ့အ...

ဦးရွှေသီးက စကားကို ဖြတ်ချလိုက်က... ပရိ...

www.burmeseclassic.com

ကို အကဲခတ်လိုက်သည်။ ပရိသတ်အားလုံး ဦးရွှေသီးထံမှ ထွက်ပေါ်လာမည့် နောက်ဆုံးစကားကို နားဆင်ရန် အသက်အောင့်ထားကြပုံရသည်။ ကျော်ခိုင်၊ ဘသစ်နှင့် စမ်းမြင့်ကြည်တို့ သုံးဦးစလုံးလည်း ထိုကဲ့သို့ပင် စိတ်လှုပ်ရှားနေပုံရသည်။

'မစမ်းမြင့်ကြည်အနေနဲ့ မိမိ၏ တရားဝင် လင်ယောကျ်ား နှစ်ဦးစလုံးနှင့် တစ်အိမ်တည်းတွင် ပေါင်းသင်းနေထိုင်ကြရန် ဆုံးဖြတ်လိုက်ပါတယ်'

'ဟာ..ဟင်'

'ဖြစ်ပါ့မလား'

'နှစ်ယောက်တောင်တဲ့ဟ'

ပရိသတ်များထံမှ ဟာခနဲ၊ ဟင်ခနဲ ဝေဖန်ချက်များ ထွက်ပေါ်လာသည်။

'ဟို..ကျွန်မ..ကျွန်မ၊ နှစ်ယောက်စလုံးတော့ မတတ်နိုင်ပါဘူးရှင်။ အဲ့..နှစ်ယောက်စလုံးနဲ့ အတူတကွဆိုတာ မဖြစ်နိုင်ပါဘူးရှင်'

စမ်းမြင့်ကြည်က ထပြောအပြီး ကျော်ခိုင်က ထပြောပြန်သည်။

'သူပြောတာ မှန်ပါတယ် သူကြီး၊ ဟိုကောင်က ဂိလာနကြီးဆိုတော့ မလွယ်ပါဘူး။ ဒီတော့ ဝင်ငွေရှာနိုင်တဲ့ ကျွန်တော်က ဘသစ်ကို ညီရင်းအစ်ကိုလို သဘောထားပြီး ရှာကျွေးပါ့မယ်။ ဆေးဝါးလည်း ကုသပေးပါ့မယ်။ နေ့ဘက်မှာ စမ်းမြင့်ကြည်က သူ့ကိုပြုစု၊ ညဘက်မှာသာ ကျွန်တော်နဲ့ လာအိပ်ဖို့ သဘောထားကြီးစွာနဲ့ အကြံပြုလိုပါတယ်'

'ဒီလို ဘာရမလဲ။ ဒီကောင့်အကြံကို ကျွန်တော် ခွင့်မပြုနိုင်ပါဘူး။ ဒါ သက်သက်လူလည်ကျတာပါခင်ဗျ'

'ဟကောင်၊ မင်းက ဂိလာနလေကွာ။ ဘာတတ်နိုင်မှာမို့လဲ။ ငါက ရှာကျွေးရမှာ။ အိမ်မှာ အေးအေးဆေးဆေး စားစမ်းပါ'

'ငါလည်း မင်းကို ရှာကျွေးနိုင်ပါတယ်ကွ'

'အောင်မာ၊ ဒီ့ယှံ့ဟာကိုယ်တောင် ကောင်းကောင်း မတ်တတ်မရပ်နိုင်ဘဲနဲ့'

'ငါ့မှာ ငါရပိုင်ခွင့်ရှိတဲ့ အမွေတွေ ရှိပါတယ်ကွ။ သူကြီးခင်ဗျာ..ကျွန်တော်ဟာ မိသားစုမှာ အကြီးဆုံးပါ။ ကျွန်တော် မရှိတုန်းမှာ မိဘတွေ ဆုံးသွားပါတယ်။ မောင်နှမတွေ အမွေခွဲတဲ့အခါ ကျွန်တော့်အတွက် ဝေစုကိုပါ ခွဲယူလိုက်ကြပါတယ်။ ကျွန်တော်ဟာ အရွယ်ရောက်ကတည်းက မိဘနဲ့အတူ ဒိုးတူပေါင်ဖက် လယ်ထဲ ဆင်းခဲ့ရတာပါ။ အခု ကျွန်တော့်ကျန်းမာရေးအရ လိုအပ်တဲ့အချိန်မှာ ကျန်ရစ်တဲ့ မောင်နှမတွေဆီက အမွေရလိုကြောင်း တင်ပြအပ်ပါတယ်'

ဘသစ်က ကျွဲကူးရေပါဆိုသလို အမွေကိစ္စပါ တစ်ပါတည်း တင်ပြလိုက်တဲ့အတွက် ဘသစ်မောင်နှမတွေ ငြိမ်သွားသည်။

သူကြီးက-

'ဒါ မှန်တာပေါ့။ မင်းမှာ ရသင့်တဲ့အမွေ ရှိသေးတာပဲ။ မနက်ဖြန် မင်းအတွက် ရသင့်တဲ့ အမွေရဖို့ ငါစီစဉ်ပေးပါ့မယ်'

'ကျေးဇူးတင်ပါတယ်။ ကဲ..သူငယ်ချင်းကျော်ခိုင်၊ မင်းလည်း ဘာမှမလုပ်ဘဲ ထိုင်စားလို့ရပြီ။ ဟဲ..ဟဲ..ညအိပ်ရင်သာ ငါက ဂိလာနဆိုတော့ ဆေးပေးမီးယူပြုစုဖို့ စမ်းမြင့်ကြည်ကို ငါ့အနားမှာ ရှိသင့်တာပေါ့။ ကျန်းမာရေးကြောင့်ပါ။ အဟွတ်..ဟွတ်..ဟွတ်'

ဘသစ်က ရင်ဘတ်ကို လက်နှင့်ဖိကာ အမောဖောက်ပြလိုက်သည်ကို ကြည့်ရင်း ကျော်ခိုင်..ကျော်ခိုင် မကျေမနပ်နှင့် တောက်ခေါက်လိုက်သည်။

'လွယ်ပါတယ်ကွာ၊ ညပိုင်း ကျော်ခိုင်နဲ့နေ။ အရက်တက်မှ ဘသစ်ဆီသွား တစ်လှည့်စီ ပြောင်းအိပ်ပေါ့'

'အဲဒါက ရှုပ်ပါတယ်။ တစ်ယောက်တစ်ည အလှည့်ကျက ရှင်းတယ်'

ပရိသတ်တွေကြားက အသံတွေအမျိုးမျိုး၊ အကြံတွေအမျိုးမျိုး ထွက်လာကာ ဆူညံနေစဉ်-

'ဗုန်း..ဗုန်း..ဗုန်း..'

'တိတ်ကြစမ်း'

သူကြီးက စားပွဲကို လက်ဖဝါးနှင့်ပုတ်ကာ သတိပေးလိုက်သည့်အတွက် ပရိသတ်တွေဆီကအသံတွေ တိတ်သွားသည်။

'ကိုင်း..ဘာမှထပ်မပြောနဲ့တော့၊ အမိန့်ချမယ်။ စမ်းမြင့်ကြည်ဟာ ကျော်ခိုင်ရော ဘသစ်ပါ နှစ်ယောက်စလုံးနဲ့ အတူနေရမယ်'

'သူကြီး..ကျွန်မ..ကျွန်မ'



www.burmeseclassic.com

www.burmeseclassic.com

'နေပါဦးဟ၊ ငါ့စကား ဆုံးအောင် နားထောင်ဦး။ လင်နှစ်ယောက်စလုံးနဲ့ အတူပေါင်းသင်းတယ်ဆိုပေမယ့် ဘယ့်လင်နဲ့မှ ညအတူ အိပ်ခွင့်မရှိဘူး။ တစ်လှည့်စီ အိပ်ရအောင် စမ်းမြင့်ကြည်ဟာ ကိလေသာကျေးကျွန် မဟုတ်ဘူး။ မြန်မာဗုဒ္ဓဘာသာ မိန်းမကောင်းကွ။ လင်နှစ်ယောက်စလုံးအပေါ် ပြုစုလုပ်ကျွေး မယားဝတ္တရား ကျေပွန်ရမယ်။ ညအိပ်တဲ့ကိစ္စ မပါဘူး။ ဘသစ်နဲ့ ကျော်ခိုင်က အိမ်ရှေ့ခန်းမှာအိပ်၊ ကောင်မလေးက အခန်းထဲမှာအိပ်။ အဆောင်မကူးရ။ ခြေကျူး ခြေဖြတ်၊ လက်ကျူး လက်ဖြတ်ပဲ'

သူကြီးဦးရွှေသီးက ပြတ်သားသည်။

'ကျော်ခိုင်ကလည်း ရသမျှလုပ်ခ စမ်းမြင့်ကြည်ကို အကုန်အပ်ရမယ်။ ဘသစ်ကလည်း အမွေကို စမ်းမြင့်ကြည်ကို အပ်ရမယ်။ အိမ်ရဲ့ ငွေကြေးစီမံခန့်ခွဲမှုကို စမ်းမြင့်ကြည်ကသာ ဦးဆောင်မယ်။ အခုအချိန်မှာ ဘာမှ မဆုံးဖြတ်သေးဘူး။ တစ်လ စောင့်ကြည့်မယ်။ အချိန်က ဆုံးဖြတ်လိမ့်မယ်။ သဘောမတူတဲ့ကောင် အိမ်ပေါ်က ချက်ချင်းဆင်းပေတော့'

ပွဲက ပြီးသွားပါပြီ။

အားလုံး ကျေကျေနပ်နပ်နှင့် လူစုခွဲခဲ့ကြလေပြီ။

ဒီရွာမှာ တိကျပြတ်သား မှန်ကန်သည့် သူကြီးရွှေသီး၏အမိန့်ကို ဘယ်သူမှ မလွန်ဆန်ရဲကြ။ တစ်အိမ်တည်းမှာ လင်ယောက်ျား နှစ်ယောက်နဲ့အတူ မယားတစ်ယောက် နေရတာ လွယ်ကူသည်တော့မဟုတ်။ ကြိုတင်စည်းကမ်းသတ်မှတ်ချက်တွေ မထားလျှင် ငါးပါးမှောက်ရုံမက သံဃာစင်ပါ မှောက်မည်။ ကျော်ခိုင်ကလည်း ရသမျှလုပ်ခ အကုန်အပ်ရသည်။ မအပ်လျှင် သူကြီးနဲ့ တိုင်မယ် တကဲကဲဖြစ်နေတဲ့ ဘသစ်က မျက်ထောင့်နီကြီးနဲ့ စောင့်ကြည့်နေသည်။ အလုပ်က ပြန်လာတာနဲ့ စမ်းမြင့်ကြည်က မမေးရ။ သူက အိပ်ရာထဲက မထဘဲ လှမ်းမေးတတ်သည်။

'ဟေ့ကောင်··ဒီနေ့ ဘယ်လောက်ရသလဲ။ ရသမျှ အကုန်ထုတ်'

'အဲဒါ မင်းသောက်လုပ် မဟုတ်ဘူး။ လူမမာဟာ လူမမာလိုနေ။ ဟောင်ဖွာ ဟောင်ဖွာ မလုပ်နဲ့။ ငါ ပိတ်ကန်မိမယ်'

သူကြီး၏ကျေးဇူးကြောင့် ဘသစ် အမွေတွေရသွားတဲ့အတွက် သူ့ဒေါ်ဂိုက်ဖမ်းနေသည်။ သူရပိုင်ခွင့်ဖြစ်တဲ့ လယ်(၁၀)ကေတစ်ပွဲ၊ ရွှေ(၉)ကျပ်သား၊ ဥယျာဉ်ခြံတစ်ခြံ၊ ခိုင်းနွားနှစ်ကောင်၊ နို့စားနွားမ ငါးကောင် ရလိုက်သည်။ အားလုံးကို စမ်းမြင့်ကြည်ကို တရားဝင် အပ်ရသည်။ မအပ်ချင်လည်း ရသည်။ မအပ်ချင်လျှင် ထိုပစ္စည်းကို တစ်ဝက်ခွဲ၍ အိမ်ပေါ်က ဆင်းနိုင်သည်။ သို့သော် သူ မဆင်းရဲ။

စမ်းမြင့်ကြည်ကလည်း လင်ယောက်ျားကို ပြုစုလုပ်ကျွေးခြင်း ပျက်ကွက်က ပစ္စည်းဥစ္စာများ ပိုင်ဆိုင်ခွင့်ကို စွန့်လွှတ်ရန်သာ ရှိတော့သည်။

◆◆◆

'ဟေ့ကောင်၊ မင်း အဲဒါ ဘာလုပ်တာလဲ။ မင်း စမ်းမြင့်ကြည် အခန်းထဲကို ခိုးဝင်ဖို့မဟုတ်လား။ ပြောတော့ အိပ်ရာကတောင် မထနိုင်တဲ့ လူမမာဆိုပြီး ညောင်နာနာနဲ့။ ခိုးစားဖို့ကျတော့ မြန်လိုက်တာ။ တောက်·· ငါ စောစောကတည်းက သူခိုးဆိုပြီး အသေတီးလိုက်ရကောင်းသား'

စမ်းမြင့်ကြည်၏ အခန်းဝတွင် ကုပ်ချောင်းချောင်းလုပ်နေသော ဘသစ်ကို ကျော်ခိုင် ကုပ်မှဆွဲပြီး သူ၏နေရာသို့ တွန်းပို့လိုက်သည်။

'အားလား··လား··ဖြည်းဖြည်းလုပ်ပါကွ။ ငါက လူမမာဟ'

'လူမမာဆို လူမမာလို နေပါလား။ မင်း မာယာ မများနဲ့။ ငါ တီးမိတော့မယ်'

'ငါ ထမင်းဆာလို့ သူ့ကို သွားနှိုးတာပါ'

'လူမမာတဲ့။ သောက်ပင်းက လူကောင်းထက်တောင် ဆို့နိုင်သေးတယ်။ နေ့ဘက်ဆို လမ်းက ဖြတ်သမျှ ဈေးသည်ကို ခေါ်ဝယ်စားသေးတယ်။ ထမင်းစားတော့လည်း ဟင်းကောင်းမှ။ ဆာရင် ခေါ်နိုးပေါ့ကွ။ ဒါလား လူမမာ။ လူကသာ မမာတာ နှာက ထရသေးတယ်'

'ငါ မင်းကို အားနာလို့ပါကွာ'

'ဟဲ့··အို··ဘာဖြစ်နေကြပြန်တာတုံး။ နင်တို့ နှစ်ယောက်နဲ့တော့ ငါ စိတ်ညစ်ပါတယ်ဟယ်။ ညီညီညွတ်ညွတ်ကို မနေကြဘူး'

သူတို့နှစ်ယောက် အရင်က အချစ်ဆုံးသူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

တွေ ဖြစ်ကြပေမယ့် အခုတော့ အမုန်းဆုံးရန်သူတွေဖြစ်ကာ တွေ့လိုက်တာနဲ့ ခွပ်ကြတော့မယ့် တိုက်ကြက်ဖနှစ်ကောင်လို ရန်စောင်နေကြသည်။ ဘသစ်ကလည်းဘသစ်၊ ပျော့ပျော့လေးနှင့် နံတဲ့ကြောင်ချေးလို ပတ်ချွဲနှပ်ချွဲနဲ့။ စမ်းမြင့်ကြည်အနားမှာ မူရာမာယာများနေသည်မို့ လည်ပင်းကို ဝါးရင်းဗိုင်းနဲ့ချည်း မသေမချင်း ရိုက်သတ်ပစ်ချင်နေသည်။ ကြာတော့ ကျော်ခိုင်ကလည်း သင်းကို ပညာပြရတော့သည်။

တစ်နေ့ ဘသစ်သည် အိပ်ရာထဲမှ နေ၍-

'ဟီး..ဟီး..ဟီး..ချမ်းလိုက်တာ။ ငါ့ကို နောက်နားကနေ ဖက်ထားပေးစမ်းပါ စမ်းမြင့်ကြည်ရယ်'

'အို..ငါ မဖက်အားသေးဘူး။ နင့်ကို စောင်သုံးထည်တောင် ခြုံထားပေးသားပဲ'

'မနေနိုင်လို့ပါ မိန်းမရယ်။ ဟီး..ဟီး..အီး..ချမ်းလို့ သေရပါတော့မယ်'

ဘသစ် ထွင်လုံးတွေနဲ့ မာယာများနေပြီဆိုတာ ကျော်ခိုင် အတပ်သိလိုက်သည်။ စမ်းမြင့်ကြည်ကို မီးဖိုချောင်သို့ ထွက်သွားရန် မျက်စပစ်လိုက်ပြီး စမ်းမြင့်ကြည်ကိုယ်စား နောက်မှနေ၍ ဘသစ်ကိုယ်ကို အသာပွေ့ဖက်ထားလိုက်သည်။

'အား..ကောင်းလိုက်တာ။ နူးညံ့လိုက်တာ။ ခုမှ နွေးသွားတယ်။ ဖက်စမ်းပါ။ အားမနာနဲ့၊ ခပ်တင်းတင်းလေးသာ ဖက်ထားစမ်းပါ။ ဟီး..ဟီး..ဟီး'

ကျော်ခိုင်က အံကိုကြိတ်ကာ ခပ်တင်းတင်း ဖိညှပ်ကာ ဖက်လိုက်သည်။

'အစ်..အစ်..အီး..အား.. ဖြည်းဖြည်းလုပ်ပါဟ။ အွတ်..ကျိုးပါပြီ။ ငါ့နံရိုးတွေ ကျိုးပါပြီ။ အို..ဟင်..ဟေ့ကောင် ကျော်ခိုင်၊ မင်း ငါ့ကိုလွှတ်စမ်း။ အခု လွှတ်စမ်း။ အီး..မင်းကို ငါဖက်ခိုင်းတာမဟုတ်၊ အွတ်..အား'

'မင်းပဲ တင်းတင်းလေးဆို။ သူ မအားလို့ ငါ ဝိုင်းဖက်ပေးတာကွ။ တင်းဦးမလား'

'ဟင့်အင်း..တော်ပြီ၊ တော်ပြီ။ ငါဟာငါ ခေါင်းမြီးခြုံ အိပ်တော့မယ်'

ကျော်ခိုင် ကျေနပ်စွာပြုံးလိုက်သည်။ ကျော်ခိုင်ကို သူ လန့်သည်။ တစ်ခါကလည်း စမ်းမြင့်ကြည်ကို ပွေ့ထူခိုင်းသည်။ ကျော်ခိုင်က ပြေးသွားပြီး ထူပေးလိုက်သည်။

'စမ်းမြင့်ကြည် အသာနေ၊ နင်လုပ်စရာရှိတာ သွားလုပ်။ ငါ့တာဝန်ထားခဲ့။ ထူပြီကွ၊ လာ..ပလို့ဂျီ'

'အောင်မယ်လေး..မီးညှောင့်ရိုး ကျိုးပြီဗျ'

ကျော်ခိုင်က ဘသစ်ကို ချိုင်းမှဆွဲမြှောက်ကာ ခပ်ကြမ်းကြမ်းလေး ဆောင့်ချလိုက်သည့်အပြင် ခေါင်းကိုကိုင်ကာ ကုပ်ကို လေး,ငါးချက်လောက် ခပ်ဆတ်ဆတ်လေး ချိုးပေးလိုက်သည့်အတွက် နောက်တစ်ခါ ပလို့ဂျီ လုပ်မလားဆိုလျှင် လန့်နေပြီ။ ရေချိုးလျှင်လည်း ဘသစ်က စမ်းမြင့်ကြည်ကို ရေလောင်း ချေးတွန်းခိုင်းတတ်သည်။ ကျော်ခိုင်က ငါ့တာဝန်ထားဟုဆိုကာ ခေါင်းကနေ ရေကို တဗွမ်းဗွမ်းနဲ့ မွန်းအောင်လောင်းချကာ ခပ်ကြမ်းကြမ်းလေး ချေးတွန်းပေးလိုက်သည်။ ထိုအချိန်မှစ၍ ဘသစ် မည်သူ့ကိုမျှ ရေမချိုးခိုင်းရဲတော့။

တစ်လပင် ပြည့်တော့မည်။ ကျော်ခိုင်လည်း အတော်စိတ်ပျက်ကာ ဖြစ်ချင်တာဖြစ်တော့ဟုဆိုကာ အိမ်က ဆင်းတော့မည်ဖြစ်ကြောင်း စမ်းမြင့်ကြည်ကို ပြောမိသည်။

'နင် ငါ့ကို သနားပါဦးဟယ်။ ပြီးတော့ လူမမာကြီးနဲ့ ငါတစ်ယောက်တည်း'

'နင် သူ့ကို မပြတ်နိုင်ဘူး မဟုတ်လား။ နေခဲ့ပေါ့'

ငေါ့တော့တော့ ပြောလိုက်မိပေမယ့် ဘာမှမပြောဘဲ ငိုနေတဲ့ စမ်းမြင့်ကြည်ကြောင့် သူ မဆင်းဖြစ်ခဲ့။ စမ်းမြင့်ကြည် သူ့အပေါ် အကြင်နာပိုသည်ကို သူသိသည်။ မိန်းကလေးဆိုတော့ ပတ်ဝန်းကျင်ကို သူ ငဲ့နေပုံရသည်။ ဘသစ်ကတော့ အိမ်ပေါ်မှ လုံးဝဆင်းမည့်ပုံမပေါ်။ ပတ်ချွဲနှပ်ချွဲနှင့် ကြုံကြုံခဲနေဦးမည်ထင်သည်။ တစ်လပြည့်ခါနီးသော်လည်း အခြေအနေက ဘာမှမပြောင်းလဲသေး။ ဒုံရင်းအတိုင်းသာ။

ယနေ့ တစ်လပြည့်သည့်နေ့။ ထိုနေ့တွင် ပြဿနာအားလုံး ရှင်းသွားလေပြီ။ စမ်းမြင့်ကြည်တို့ အိမ်ရှေ့တွင် မင်္ဂလာမဏ္ဍပ်ကြီးကို ဟီးနေအောင် ဆောက်ထားသည်။ သတို့သားကို လူတစ်ယောက်က တွဲခေါ်ကာ ပက်လက်ကုလားထိုင်ပေါ်တွင် နေရာချပေးလိုက်သည်။ သတို့သားသည် တိုက်ပုံအင်္ကျီ မောင့်ကျက်သရေခေါင်းပေါင်းကို ဝတ်ဆင်ထားသည်။ ပရိသတ်တို့က လက်ဖွဲ့ပစ္စည်းများဖြင့် ရောက်ရှိလာကြသည်။ သတို့သားနှင့် သတို့သမီးတို့က သံဃာတော်များအား မင်္ဂလာဆွမ်းကပ်လှူကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်က မင်္ဂလာဦးတရား ဟောကြားဆုံးမ၍ ပြန်ကြွသွားသည်။ ခါတ်စက်မှ ပြည်လှဖေတို့၊ မေရှင်တို့ သီချင်းက လွှင့်ပျံ့နေသည်။ ဤမင်္ဂလာပွဲသည်ကား သတို့သား ဂီလာန မောင်ဘာသစ်နှင့် သတို့သမီး မစမ်းမြင့်ကြည်တို့၏ မင်္ဂလာပွဲဖြစ်လေတော့သတည်း။

◆◆◆

ကိစ္စဝိစ္စတွေအားလုံးပြီးတော့ မောင်ကျော်ခိုင်နှင့် စမ်းမြင့်ကြည်တို့လင်မယား သူကြီး ဦးရွှေသီးနှင့် ဆရာကြီး ဦးရှမ်းဖြူတို့ကို လာကန်တော့ကြသည်။ သတို့သား မောင်ဘာသစ်သည် မင်္ဂလာဆောင်တွင် ကုလားထိုင်ပေါ်တွင် အသက်ပျောက်သွားသဖြင့် သတို့သား အပြောင်းအလဲဖြစ်သွားရခြင်း ဖြစ်သည်။ ထို့ကြောင့် မောင်ကျော်ခိုင်နှင့် မစမ်းမြင့်ကြည်တို့ အကြင်လင်မယား ဖြစ်သွားလေသည်။

'ဒီလိုကွ၊ သေကောင်ပေါင်းလဲ ဖြစ်နေရာက ချွေးတပ်စခန်းက ရုတ်တရက် ထပြေးလွတ်မြောက်လာတယ်ဆိုကတည်းက ငါလည်း သိပ်မသင်္ကာဘူး။ အချိန်ကလည်း တစ်လံပြည့်တော့မယ်။ ဒါကြောင့် ဟောဒီက ဆရာကြီး ဦးရှမ်းဖြူဆီ သွားလည်ရင်း တိုင်ပင်ကြတယ်ကွ'

တစ်နေ့ ဦးရွှေသီးဆီ လူမမာကြည့်ရန် ဆရာကြီး ဦးရှမ်းဖြူ ရောက်လာသည်။'ရွာကိုဝင်ကတည်းက သင်္ကာမကင်း ဖြစ်မိသည်။ ထို့ကြောင့် ရွာဝင်ကတည်းက ပယောဂစက်မှန်သမျှကို ညာလက်ညှိုးဖြင့် ဖြတ်ခဲ့ပြီးဖြစ်သည်။ သူကြီးနှင့်အတူ လူမမာကြည့်ရန် မောင်ဘာသစ်တို့အိမ်သို့ လာကြရာ ခြံထဲဝင်မည်ပြုစဉ်ပင် စိတ်ထဲက ထူးခြားမှု တစ်ခုကို ခံစားရသဖြင့် ပယောဂစက်မှန်သမျှ ဖြတ်ပစ်လိုက်သည်။ အိမ်ပေါ်တက်မည်ပြုစဉ်တွင်လည်း ထို့အတူပင် ပယောဂစက်ကိုဖြတ်ပြီးမှ ဝင်သည်ဖြစ်၍ ပယောဂစက်မှန်သမျှ ပျံ့လွင့်မနေတော့ဘဲ လူနာ၏ ကိုယ်ထဲ၌သာ ရှိတော့သည်။

မောင်ဘာသစ်သည် ဦးရှမ်းဖြူကို တွေ့သည်နှင့် ရင်ဆိုင်မကြည့်ဝံ့ဘဲ မျက်နှာကို လွှဲထားလိုက်သည်။ အတွေ့အကြုံနှင့် ပညာခွင်အရ ရိုးရိုးတန်းတန်းမဟုတ်မှန်း ဦးရှမ်းဖြူ သိလိုက်ပြီ ဖြစ်လေသည်။ ထို့ကြောင့် ပညာစွမ်းဖြင့် ဖော်ထုတ်ရတော့သည်။ ပယောဂ ကိုဘာသစ်၏ ခန္ဓာကိုယ်အတွင်း၌သာ ချုပ်ထားလိုက်ပြီး သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့၏ အကူအညီဖြင့် စစ်မေးရတော့သည်။

တကယ်တော့ ဘာသစ်သည် ချွေးတပ်စခန်းမှာပင် အသက်ထွက်ခဲ့ပြီး ဖြစ်လေသည်။ အသက်ထွက်အံ့ဆဲဆဲ သေကောင်ပေါင်းလဲဖြစ်နေစဉ်တွင် ဖုတ်တစ္ဆေတစ်ကောင်၏ ဝင်ရောက်ပူးကပ်ခြင်းခံရကာ ဘာသစ်ခန္ဓာနှင့် စားသောက်နေခြင်းဖြစ်သည်။ အလောင်းများကို မြေမြှုပ်ခါနီးတွင် နေရာမှ ရုတ်တရက် ထပြေးလွတ်မြောက်ခဲ့သည်။ လမ်းတစ်လျှောက် ကြုံရာရွာများတွင် ခိုကပ်၍ တောင်းရမ်းစားသောက်ရင်း ရွာကို ပြန်ရောက်ခဲ့သည်။

အိမ်ရောက်တော့ ဇနီးဟောင်းနှင့်တွေ့၍ ပေါင်းသင်းနေထိုင်ခွင့်ရရန် ပေကပ်နေခြင်းဖြစ်သည်။ အကယ်၍သာ ကျော်ခိုင်နှင့်သာ လက်မထပ်ထားလျှင် ကလေးများရသည်အထိ ပေါင်းသင်းနေထိုင်ဦးမည် ဖြစ်သည်။ ဘာသစ်ခန္ဓာကိုယ်တွင် ဝင်ရောက်ပူးကပ်နေသောဖုတ်သည် ဖုတ်ဘုရင် ဖြစ်သည်။ သာမန်တော့မဟုတ်။ ရထားလက်မှတ်သုံးစောင် အိပ်ရာအောက်ထည့်တာမျိုး၊ ညစာရွက် ခုနစ်ရွက် ထည့်တာမျိုး၊ ရေမန်းတစ်ခွက် တိုက်တာမျိုးလောက်နှင့် နှင်ထုတ်၍မရ။ နောက်ဆုံး ကြမ်းရတော့သည်။

တိုင်နဲ့ခေါင်း ဆောင့်ခိုင်းတာမျိုး၊ ဆိုင်ရာက ရင်ဝကို ကန်ချစေတာမျိုး၊ မြင်းပိုင်က ခွာနဲ့ခုတ် စသည်တို့ လုပ်မှ ငါသွားပါ့မယ်။ ဒါပေမဲ့ မင်္ဂလာဆောင်ပြီးမှ သွားမယ်ဟု ကတိပေးတော့တယ်။

ဒါကြောင့် အေး··နင့်ကို မင်္ဂလာဆောင်ပေးမယ်။ ပြီးတာနဲ့ သွားရမယ်။ မသွားရင် ဒီ့ထက် ပိုနာမယ်လို့ ပြောပြီး သဗ္ဗာရေတိုက်ကာ နောက်တစ်နေ့တွင် တကယ့်မင်္ဂလာဆောင်နှင့်မခြား မင်္ဂလာဆောင်ပေးလိုက်သည်။

ဘာသစ်သည် ဆရာတော်ဟောကြားသော မင်္ဂလာတရားကို နာယူပြီး သာခုခေါ်ကာ ကုလားထိုင်ပေါ်တွင်ပင် အသက်ပျောက်သွားလေသည်။

ယခုတော့ ဦးကျော်ခိုင်နှင့် ဒေါ်စမ်းမြင့်ကြည်တို့ ဇနီးမောင်နှံ သားသမီးမြေးမြစ်တွေရကာ ကွယ်လွန်ရှာလေပြီ။ သို့သော် ထိုအဖြစ်အပျက်တို့သည် ယခုတိုင် မမေ့နိုင်ကြသေး။ လူကြီးသူမတွေကတော့ ဆန်းဆန်းပြားပြား ဖူးစာဆိုပြီး လက်ဆင့်ကမ်း ပြောပြနေဘုန်းပင်။

သျှင်ရဲထွဋ်(တောင်ငူ)



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

# ပုဂ္ဂိုလ်ရေးဟောကိန်းဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

**ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဂမ္ဘီရပညာ၊ ဓာတ်ရိုက်ဓာတ်ဆင်ယတြာပညာရှင်**

## အယူတော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား

ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော

အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ဝီယလာဘ်ဖွင့်

**ဂမ္ဘီရအဆောင်များ ပူဇော်ခြင်းဖြင့်**

**၁၀၀ အောင်မြင်မှုကို ရယူပါ။**

သား, သမီးရတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ရက်ချုပ်ဇာတာဖွဲ့ပေးခြင်း၊

မြန်မာ့ရိုးရာ နာမက္ခရာမင်္ဂလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊

နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊

အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်

အာမခံဖြင့် **အထူးယတြာ** စီရင်ပေးပါသည်။

**Prediction in English Language is offered.**

---

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမထွာ)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သိတာလမ်းမှတ်တိုင်အနီး)၊

ဆွေးနွေးချိန် ❖ နံနက်(၉:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com

ကြိုးစားကြိုးစား

www.burmeseclassic.com

www.burmeseclassic.com

ကျုပ် ဒီအလုပ် လုပ်ဖြစ်သွားတာက နေရာကြောင့်ပါ။ နေရာဆိုလို့ နာယကနေရာ၊ ဥက္ကဋ္ဌနေရာ၊ အတွင်းရေးမှူး ဆိုတဲ့ နေရာမျိုး မဟုတ်ပါဘူး။ ကျုပ်နဲ့ ကျုပ်မယား၊ သားသမီးတွေနေတဲ့ နေရာမို့ နေရာကို အဓိကထား ပြောလိုက်ရတာပါ။

တကယ်တော့ ဒီနေရာကလေးက နေရာကောင်းကလေး။ ကောင်းဆို အဘိုးတို့၊ အဖေတို့ ခေါင်းချသွားခဲ့တဲ့ နေရာ။ အမေဆုံးပြီးတဲ့နောက် ကျုပ်က တစ်ဦးတည်းသော သားမို့ အမွေဆက်ခံသူ ဖြစ်လာတော့ နေချင်သည်ဖြစ်စေ,မနေချင်သည်ဖြစ်စေ၊
ရချင်သည်ဖြစ်စေ,မရချင်သည်ဖြစ်စေ၊
လိုချင်သည်ဖြစ်စေ,
မလိုချင်သည်ဖြစ်စေ ရလိုက်ရ၊ နေလိုက်ရတော့တာပေါ့။

မလိုချင်ဘူးတော့ မဟုတ်ပါဘူး။ ကိုယ့်အမွေပဲ၊ ကိုယ်ငယ်ငယ်လေးကတည်းက နေခဲ့တာပဲ နေချင်တာပေါ့။ ဒါပေမဲ့ ကျုပ်က ဟိုမှာနေရတာ ပိုကြိုက်တယ်။ ဘာလို့လဲဆိုတော့ ဟိုမှာ လူစုလူဝေးရှိတယ်။ အပေါင်းအသင်းတွေနဲ့ နီးတယ်။ ဘိလိယက်ခုံရှိတယ်။ ဒီမှာက ဘာမှမရှိဘူး။ ဒါပေမဲ့ ကျုပ်တို့ မြန်မာစကားရှိတယ် မဟုတ်လား။ ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေရ ဆိုတာကိုး။

ဒီနေရာကလေးက ကောင်းပါတယ်။ သစ်ရိပ်ဝါးရိပ် ကောင်းကောင်း၊ ရွာတွေနဲ့က မနီးမဝေး။ ရေအတွက်လည်း မပူရဘူး။ မပူရဆို အဘိုးလက်ထက်ကတည်းက တူးခဲ့တဲ့ ရေကန်ကြီးက နည်းတဲ့



သတိုးချာလီဆွေ



www.burmeseclassic.com

www.burmeseclassic.com

အကျယ်ကြီးလား။ တစ်မိုးတွင်းလုံး ရွာသမျှမိုးရေ လှောင်ထားလိုက်တော့ မိုးမကုန်ခင် ဘောင်းလန်နေပြီ။ ဒီတော့ တစ်နွေလုံး သောက်လို့ မကုန်၊ ချိုးလို့ မကုန်။ နွေဆို သောက်ရေအတွက် လာပြီး တောင်းခပ်ကြတယ်။ မရှောင်းပါဘူး။ ဘာတဲ့၊ ရေအကျိုး ဆယ်ပါးဆိုတာ ရှိတယ်မဟုတ်လား။ ကိုယ်က လှူဖြစ် တန်းဖြစ်တာမှ မဟုတ်တာ။ သူတို့ ရေလာခပ်ပြီဆို လှူတယ်လို့ သဘောထားလိုက်တာပါပဲ။ ဟုတ်တယ်လေ၊ ငွေလည်း မကုန် ချွေးလည်း မထွက်။

အမေဆုံးတော့ ဒီနေရာကို ပြန်ရွှေ့ရမယ်ဆိုတော့ ကျုပ်မိန်းမ သဘောကျတယ်။ ဝမ်းမြောက်ဝမ်းသာ သဘောတူတယ်။ တူမှာပေါ့၊ ကျုပ့်အပေါင်းအသင်းတွေနဲ့ ဝေးဝေးနေချင်တာကိုး။ အရင်ကတော့ သူ့မိဘ ညီအစ်ကို မောင်နှမတွေနဲ့ နီးနီးမှာ နေရပါစေ၊ အဖေ၊အမေနဲ့ မောင်လေး၊ ညီမလေးတွေကို သနားလို့ပါ ဘာညာနဲ့ပြောတော့ ကျုပ်ကလည်း သူ့ကိုချစ်တော့ ဘာပြောနေတော့မလဲ၊ သူ့သဘောပဲပေါ့။ ဟိုရောက်တော့ ကျုပ်နဲ့ ပုလင်းတူဘူးဆို့တွေ ဆုံမိကြပြီး အသောက်အစား၊ လောင်းကစားဘက်တူ လက်ရည်တူတွေ ဖြစ်ကုန်ကြရော။

ဖြစ်တော့ ဘာဖြစ်ရမလဲ၊ ကျုပ်မိန်းမက စိတ်ညစ်တယ် လုပ်လာရော။ သူ့မိဘ၊မောင်နှမတွေက ပြောချင်ဆိုချင် ဖြစ်လာပေမယ့် ဒီကလေးနှစ်ယောက် ရလာတဲ့အထိ သူ့ဘက်က အထောက်အကူ တစ်ပြားတစ်ချပ်မှ မယူဘဲ ကျုပ်က လောက်အောင် ကျွေးထားတော့ ပြောချင်တာတွေ ဆိုချင်တာတွေ အောင့်အည်းမျိုချထားကြပုံရတယ်။

ဘယ်လောင်းကစားက ရရမှာလဲ၊ ဝေးသေး။ ရရင်လည်း ကျုပ်သောက်ပစ်တာနဲ့ ကုန်တာပါပဲ။ ရတာကတော့ ကျုပ်အတွက် အဘိုးက ပေးခဲ့တဲ့ အမွေခံလယ်တွေရှိတယ်လေ။ အဲဒီလယ်တွေက သီးစားချထားလို့ ရတာရယ်၊ အမေက သူ့မြေးတွေအတွက် ထောက်ပံ့တာရယ်၊ သူတို့ စားတာ ပိုတောင်နေသေး။ သူ့မောင်တွေတောင် တစ်လကို ဆယ့်ငါးရက်လောက် မီးဖိုချောင် ဝင်နှိုက်နေနိုင်ကြသေးတယ်။ ဟုတ်တယ်။

ကျုပ်မိသားစု ဒီအိမ်ဝိုင်းကို ပြန်ရောက်လာတော့ မိန်းမနဲ့ ကလေးတွေက အိမ်ဝိုင်း၊ လယ်ဝိုင်း၊ ခြံဝိုင်နဲ့ နေရပြီဆိုတော့ ပျော်ကြသပေါ့ဗျာ။ ကျုပ်မှာသာ ဟုတ်တယ် ပျင်းတာမှ လွတ်ပျင်းတော့တာ။ သူတို့က ရောက်ခါစမို့ ထင်ပါရဲ့ ကြောက်လို့တဲ့။ သူတို့ကြောက်တာလည်း ဖြစ်လောက်တယ်။ အိမ်နောက်ဖေးဘက်မှာရှိတဲ့ ဝါးရုံတောက လူတိုးဖို့ နေနေသာသာ၊ ခွေးတောင် တိုးမရအောင် ပိတ်ကိုနေရော။ ဒီကြားထဲ ကြခတ်ဆူးချုံတွေက ကြားထဲ ညပ်နေသေး။

အိမ်ဝိုင်းထဲမှာက လက်ခုပ်ပင်ကြီး နှစ်ပင်ရယ်၊ ကုက္ကိုပင်တွေရယ်၊ မန်ကျည်းပင်တွေရယ်က အရိပ်ကောင်းလိုက်ပုံများ နေပူပူကြာကြာ လှန်းချင်ရင် ခြံပြင်ကွင်းစပ် ထွက်လှန်းရတယ်။ အရိပ်ကောင်းလွန်းလို့ နေမစောင်းခင် မည်းမှောင်နေတတ်ပြီး ရွာနဲ့က နည်းနည်းလှမ်းတော့ တစ်ခုခုများဖြစ်ရင် ခေါ်လို့မကြား အော်လို့မကြား နေရာမျိုး။

ဒီတော့ ကျုပ်အပေါင်းအသင်းတွေဆီ သွားချင်ရင် နေ့ဘက်သွား၊ ညဘက် နေမစောင်းခင် ပြန်လာ။ တစ်ခါတလေ အပေါင်းအသင်းတွေက ကျုပ်အိမ်ဝိုင်းဆီ လိုက်လာကြတယ်။ သောက်စားပြီးပြန်၊ ဒါပဲ။ အရင်ကတော့ တစ်ခါလာရင် နှစ်ယောက်၊သုံးယောက်ထက် မပိုပါဘူး။ သူတို့ကလည်း လာရင် ဟင်းစားကလေး ဘာလေးရရင် ဆွဲလာတတ်ကြတယ်။ ရောက်တော့ ချက်ကြ မြည်းကြ သောက်ကြ စားကြ။

နောက်ပိုင်းကျတော့ သောက်ရင်းစားရင်း အပျင်းပြေ ပိုကာဝိုင်းကလေး ဖြစ်လာတယ်။ အဲဒီကစပြီး လူလည်း များလာတယ်။ ဝိုင်းလည်း ကောင်းလာတယ်။ တဖြည်းဖြည်းနဲ့ ကြေးကြီးဝိုင်းတွေပါ ပါလာတယ်။ ဒီအခါကျတော့ ကျုပ် ဝိုင်းမထိုင်တော့ဘဲ အကောက်ထိုင်ကောက်တယ်။ အဆင်တော့ပြေသား။

အိမ်စရိတ်ကလေး လောက်ငရုံမက ပိုလျှံလာတော့ ကျုပ်မယားရဲ့ သူ့အရင်က မဲ့ရွဲ့ပြီး ငယ်ပုံပေါက်နေတဲ့ နှုတ်ခမ်းဟာ ခုတော့ ပစောက်ပုံကွေးကွေးကော့ကော့ကလေးကိုဖြစ်လို့။ ဖြစ်ပေမပေါ့ဗျာ၊ စုမိဆောင်းမိထားတဲ့ ငွေစကြေးစလေးနဲ့ လုပ်ထားတဲ့ ကျောက်ဖြူခြယ်နားကပ်ကလေးက ဝင်းခနဲ လက်ခနဲ၊ နေရောင်ထိုးမိတဲ့အခါများ ပါးနှစ်ဖက်မှာ အရောင်တွေက ဖြာလို့။

ကျုပ်အပေါင်းအသင်းတွေ ကစားသမားတွေက



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ကို ချစ်စနိုးနဲ့ ခေါ်ပုံက ဒိုင်ချုပ်ကြီးတဲ့။ ကျုပ်ကလည်း သဘောတော့အကျသား။ ဟုတ်တယ်လေ၊ ကျုပ်က ဒိုင်ပဲ။ ဒို့ပြင်လည်း ဘာခေါ်စရာ ရှိသေးလို့လဲ။ ဒိုင်ဟာ ဒိုင်ပဲပေါ့။

သူတို့တွေ ကျုပ်အိမ်ဝိုင်းကို သဘောကျကြတာ တစ်ခုကတော့ ဘေးကင်းရန်ကင်း ကစားနိုင်တာကြောင့်ပဲ။ ဘာကြောင့်လဲဆိုတော့ ကျုပ်အိမ်ဝိုင်းကနေ လှမ်းကြည့်လိုက်ရင် မြို့အစွန် ရပ်ကွက်ကုက္ကိုပင်တန်းကနေ စပြီး ပတ်ချာလည်အဆုံး (၃၆၀)ဒီဂရီပြည့်တဲ့အထိ မြင်ကွင်းကြီးက ရှင်းလို့။ ဘယ်သူလာလာ ဟိုးခပ်ဝေးဝေးအထိ မြင်နိုင်တယ်။ ကဲ.. အန္တရာယ်ကင်းတယ်ဆိုတာ ယုံမလား။

တစ်နေ့သားတော့ မျိုးကျော်နဲ့ မြင့်ဦး နှစ်ယောက်ရယ်လေ၊ အရင်လာပုံနဲ့ မတူဘဲ ရောက်လာကြပါရော။ သူတို့ လက်ထဲမှာလည်း တိုက်ကြက် တစ်ယောက်တစ်ကောင်စီပိုက်လို့။ ကျုပ်ကလည်း ကြက်ဆို ဝါသနာကအကြီးသား။ ဒီတော့ မင်းတို့ ဘာလုပ်ကြမလဲပေါ့။ ကစားမယ်ဆို အိမ်ရှေ့မှာ ဝိုင်းသတ်မှတ်ပေးမယ်ပေါ့။ သူတို့ကလည်း ဘေးကင်းရာမှာ ကစားချင်ကြတာကိုး။ ကြေးကလည်း ကြေးကောင်း။ ဒီတော့ ကျုပ်က ဘာငြင်းနေစရာလိုတော့လဲ။ ဒိုင်ပဲပေါ့ဗျာ၊ ရှင်းနေတာပဲ။ အိမ်ပေါ်က ထိုင်ဝိုင်းကို ကျုပ်မိန်းမက ဝင်ဝင်ပြီး သိမ်းနေတာမို့ ကျုပ်တောင် လှည့်ကြည့်စရာ မလိုဘူး။

ဒီလိုနဲ့ ကျုပ်အိမ်မှာ ကြက်ဝိုင်း(ချိန်းဝိုင်း) မကြာ မကြာဖြစ်တယ်။ တော်တန်ရုံ ခွက်လက်ကြည့်ရုံ၊ ခွက်လက်ချရုံ ဝိုင်းကလေးမျိုးကတော့ ရောက်မလာကြပါဘူး။ ကြေးကောင်းပြီဆိုမှ ရောက်လာတတ်ကြတာမျိုး။ ကျုပ်ကတော့ ဝိုင်းဖြစ်ပြီဆိုရင် ဝိုင်းကြေး အရင်စကောက်ထားလိုက်တယ်။ ပြီးတော့မှ လောင်းကြေးကစားတဲ့ ထိုးသားတွေထဲက ကြေးညွှန့်ထပ်ကောက်တယ်။ မများပါဘူး၊ တစ်ရာမှ ငါးကျပ်လောက်ရယ်ပါ။ သူတို့ကလည်း ဆေးလိပ်ဖိုး၊ ကွမ်းဖိုးလောက်မို့ ကျေကျေနပ်နပ်နဲ့ ပေးကြပါတယ်။ တစ်ခါတလေ ကျုပ်က ရတဲ့ပိုက်ဆံနဲ့ ထမင်းတွေ၊ ဟင်းတွေ ချက်ကျွေးလိုက်သေးတာကိုး။ မကျေနပ်ရှိပါ့မလား။

ကျုပ်ကလည်း ပိုက်ဆံရတာ,မရတာထက် လူစုလူဝေးနဲ့ ခုလိုနေရတာကို လွတ်ပျော်တာ။ ရောက်ခါစက ပျင်းစရာကြီးဖြစ်နေတဲ့ ကျုပ်အိမ်ဝိုင်းဟာ ခုတော့ ပျော်စရာကြီးမှ တကယ့်ကိုပါပဲ။

ဒီလိုနဲ့ တစ်နေ့တော့ ကျုပ် မြို့ကို တက်သွားတယ်။ အကြောင်းက ကျုပ်သားအကြီးကောင် ဒီနှစ် ဆယ်တန်းဖြေရမှာမို့ ကျူရှင်ကောင်းကောင်းရှိတဲ့မြို့မှာ ကျုပ်မိန်းမအမျိုးတွေဘက်က အဒေါ်အိမ်မှာနေဖို့ သွားပို့ရတာကိုး။ ဟိုရောက်တော့ အရင်ဖဲသာကစားဖူးတဲ့ ကိုကျော့မောင်နဲ့ လက်ဖက်ရည်ဆိုင်မှာ ဆုံမိကြရာက သူကြီးပွားနေတာသိလိုက်ရတယ်။ သူဟာ အရင်လို ဖဲမရိုက်တော့ဘူးတဲ့၊ ခု သူလုပ်နေတာက ချဲဒိုင်၊ နှစ်လုံးဒိုင်တဲ့။ ကျုပ်ကိုလည်း စိတ်ဝင်စားရင်လုပ်ဖို့ ဆွယ်တရားဟောသေးတယ်။ အရင်းအနှီးမလိုဘူးဆိုတဲ့ လက်ခွဲဒိုင်က ရောင်းရုံပဲ။ ရောင်းပြီး ဒိုင်ချုပ်ဆီ တင်ပေးလိုက်၊ ကိုယ်က ကော်မရှင်စား၊ အချိုကျပေါ့။ ဒါ မဆိုးဘူး။ ရောင်းရတာလည်း မခက်ဘူး။ ဟုတ်တယ်၊ ကျုပ်ရောင်းမယ်။ ရောင်းဖို့ သဘောတူလိုက်တယ်။ ကျုပ်တစ်သက်မှာ ပထမဦးဆုံး လုပ်ဖူးတဲ့ ကျုပ်ရဲ့ စီးပွားရေးပါပဲ။

ဒီလိုနဲ့ တစ်နှစ်ကျော်တဲ့အထိ ဘာပြဿနာမှ မရှိခဲ့ပေမယ့် တစ်နေ့မှာ ကျုပ်အဖမ်းခံရတယ်။ မိတာနဲ့ အထုပ်နဲ့ အထည်နဲ့ လက်ပူးလက်ကြပ်ကြီးကို မိတာ။ ဖြစ်ချင်တော့ အဲဒီနေ့က သုံးလုံးဂဏန်းချဲပါ ထွက်မယ့်နေ့ ဖြစ်နေတယ်။ ကျုပ်မှာရှိတဲ့ နှစ်လုံးရောင်းရငွေ၊ သုံးလုံးရောင်းရငွေ အားလုံးရော၊ စာရွက်စာတမ်းတွေရော အရပ်ဝတ်နဲ့ ဝင်ဖမ်းတာဆိုတော့ ပြေးချိန်တောင် မရလိုက်ဘူး။ ခုဝင်ဖမ်းတဲ့လူက တိုင်းကဆိုလား၊ ခရိုင်ကဆိုလား။ မြို့က နယ်ခံရဲဆိုရင် ကျုပ်နဲ့ အကုန်နီးပါး ရင်းနှီးတယ်။ ရင်းနှီးဆို ရင်းနှီးအောင် ရင်းနှီးထားရသကိုးဗျ။

နောက်ဆုံးတော့ ကျုပ် ထောင်တစ်နှစ်ခွဲ ကျသွားတယ်။ ကျုပ်မိန်းမနဲ့ ကလေးနှစ်ယောက်ကို မြို့က သူ့အမေအိမ် ခဏပြောင်းပြီး နေခိုင်းလိုက်ရတယ်။ မနေလို့လည်း မဖြစ်ဘူးလေ။ ကျုပ်မှ မရှိတာ။ အသောက်အစားလောင်းကစားသမားဆိုတာက စိတ်ချရတာမျိုးမှ မဟုတ်တာကလား။

တကယ်တော့ ထောင်ဆိုတာ သူတော်စင် သူတော်မြတ်တွေ မွေ့လျော်ရာ အရပ်နဲ့ ဆန့်ကျင်ဘက်။ မတော်



www.burmeseclassic.com

www.burmeseclassic.com

ထောင်သားတို့ ဝင်ချည်,ထွက်ချည်နဲ့ မနေသင့် မနေထိုက်၊ မလာသင့် မလာအပ်တဲ့ အရပ်ကြီးပါဗျာ။ အုတ်နံ့ရုံလေး ဖက်အကြားက ဘဝစုံ စရိုက်စုံတွေ ပေါင်းစုရာ အရပ်ကြီး ဆိုတော့ လူကလည်း စုံတယ်။ ကျုပ်က လူစုလူဝေးနဲ့ ပျော်တတ်တဲ့လူမျိုးဆိုပေမယ့် ဒီမှာစုပုံမျိုးကိုတော့ မပျော်ပါဘူးဗျာ။

အထဲမှာ ကျုပ်နဲ့ရင်းနှီးတဲ့ လေးစားခဲ့တဲ့သူ တစ်ယောက် ရှိခဲ့တယ်ဗျ။ သူနဲ့ တွေ့ရတာ ကျုပ်အတွက် အမြတ်တွေ အများကြီးရလိုက်တယ်။ သူက ဟိုးအထက် အညာက ဘုရားကိုးဆူဆရာ၊ ဘိသိက်ဆရာဆိုပဲ။ ဓား ခုတ်ရာ လက်ဝင်လျှိုမိတဲ့ အမှုအတွက် အထဲကို ရောက်လာခဲ့တာတဲ့။ သူ့အကြောင်းက စိတ်ဝင်စားစရာတော့ အကောင်းသား။ ထားပါတော့လေ၊ အပြင်က အကြောင်းထက် အထဲက အကြောင်းကိုပဲ ပြောကြရအောင်။

အထဲမှာ ကရင်လူမျိုး မိတ်ဆွေနှစ်ယောက်ရယ်၊ ရခိုင်လူမျိုး မိတ်ဆွေတချို့ရယ် ကျုပ်နဲ့ တော်တော်လေး ရင်းနှီးခဲ့ကြတယ်။ ထောင်ဝင်စာ ဝေမျှစားကြတာမျိုး၊ ဆေးလိပ်မျှသောက်ကြတာမျိုးပေါ့။ သူတို့နဲ့နေရတာ ဗဟုသုတတော့ အတိုးသား။ သူတို့ ထိုးခဲ့ရတဲ့ လက်ဝှေ့ပွဲ အကြောင်းတွေ၊ ပြိုင်ဘက်အကြောင်းတွေက စိတ်ဝင်စားဖို့ ကောင်းသလို ရခိုင်အမျိုးသားတွေရဲ့ ယဉ်ကျေးမှုရိုးရာ ကျင်ကိုင်ပွဲ အကြောင်းတွေ၊ ရိုးရာသင်္ကြန်နဲ့သာသွေးပွဲ အကြောင်းတွေက ကျုပ်အတွက် ဗဟုသုတတိုးတာပေါ့။

အားတဲ့အချိန်တွေကျရင် လက်ဝှေ့ဆရာ နှစ်ယောက်က လက်မှာ ထိုးသုတ်ပြီး ပါးပုတ်တမ်း ဆေးလိပ်တစ်လိပ်ကြေး အပျော်ထိုးကြတယ်။ အဲဒီအခါကျရင် ကျုပ်က ဒိုင်လုပ်ပေးရတယ်လေ။ ထိုးချက်များများ ပါးမှာအပုတ်ခံရတဲ့သူက အရှုံးပေါ့။ နာရီမရှိပေမယ့် ပါးစပ်ကနေ တစ်ကစလို့ တစ်ရာအထိ၊ ဒါမှမဟုတ် သူတို့သတ်မှတ်တဲ့ အရေအတွက်အထိ ကိုယ်က ရေတွက်ပေးနေရတယ်။ အချိန်စေ့ရင် များများပါးပုတ်နိုင်တဲ့သူကို အနိုင်အဖြစ် ဆုက ဆေးလိပ်တစ်လိပ်ပါပဲ။ ကစားမယ့်သာ ကစားနေကြတာပါ၊ ရှုံးတဲ့သူမှာ ဆေးလိပ်မရှိတော့ရင်လည်း ပြန်မျှသောက်နေကြတာက ထုံးစံ။

ညကျတော့ ဘိသိက်ဆရာအကြီးက ကျုပ်တို့ကို ကံနဲ့ ကံရဲ့အကြောင်းတရားတွေ၊ မကောင်းမှုနဲ့ ကောင်းမှုရဲ့ အကျိုးအပြစ်တွေကို ပုံတိုပတ်စတွေ ဇာတ်နိပါတ်တွေနဲ့ ကိုးကားပြီး ပြောဆိုဆုံးမတယ်။ ဒီအချိန်ကလေးတွေဟာ ကျုပ်တို့အတွက် အဖိုးတန်ဆုံး အချိန်တွေပါပဲလေ။

နေ့တိုင်းဆိုသလို ကျုပ်ကို ပိုပြီးဆုံးမတယ်။ ကျန်တဲ့သူတွေက အလုပ်ကိုယ်စီရှိကြတယ်။ ထောင်ကထွက်ရင် သူတို့ တတ်ကျွမ်းတဲ့ ပညာနဲ့ ပြန်ပြီးအသက်မွေးနိုင်ကြတယ်။ ကျုပ်မှာသာ အလုပ်လက်မဲ့။ ဒီချရောင်းတဲ့အလုပ်ကိုလည်း မလုပ်ချင်တော့ပါဘူး။ ကျုပ်မယား၊ သားသမီးတွေနဲ့ ခုလောက်ကြာကြာ တစ်ခါမှ ခွဲမနေဖူးတာ။ နောက်တစ်ခါပြန်ဝင်ရရင်ဆိုတာ တွေးရင်းက ကျောချမ်းတယ်။ စိတ်လည်းကုန်တယ်။ နောင်ဘာဆိုတာ ဒါကိုပြောတာဖြစ်မှာပါပဲ။

ကျုပ်ကို ဆုံးမသွန်သင်ပေးတဲ့သူက ဦးတောင်ရိုးတဲ့။ ဇာတ်ထဲမှာလည်း မင်းသားကြီး လုပ်ခဲ့ဖူးသေးတယ်ဆိုပဲ။ ညညကျ ဝန်စာတွေ၊ ရှင်ဘုရင်စာတွေ၊ နတ်စာ၊ သိကြားစာ၊ မုဆိုးစာ ဟာဗျာ‥စုံတကာစေ့နေအောင်ကို ရွတ်ရွတ်ပြတတ်တာကလား။ ကျုပ်ကလည်း ဝါသနာအိုးဆိုတော့ အံကိုကိုက်နေတာပဲ။ လောကနီတိက ဘယ်ပုံ၊ ဆယ်စောင်တွဲမှာ ဘယ်သို့၊ ကိုးခန်းပျို့က ဘယ့်နှယ် ရွတ်ပြလိုက်ပုံ၊ ပြောပြလိုက်ပုံများ တကယ့်ဇာတ်ပွဲကြီးကိုကျလို့။

ဝေသန္တရာဇာတ်တော်ကြီးဆိုရင် တစ်ယောက်တည်း ဆိုလိုက်၊ ငိုလိုက်၊ ပြောလိုက်နဲ့ဗျာ။ ကျုပ်ဆို စွဲကပ်နေတော့တာ။ ခုချိန်ထိ နားထဲက မထွက်ဘူး။





www.burmeseclassic.com

www.burmeseclassic.com

အဲဒီမှာ စတာပဲ၊ ကျုပ် ပိုးဝင်တော့တာ။ ဒီတော့ သင်ပေးပါပေါ့။ ရချင်တယ်၊ တတ်ချင်တယ်လို့ ပူဆာတော့ သင်ပေးရှာပါတယ်။ ဒီလိုနဲ့ ဒိုင်လုပ်တဲ့အခါ လက်ဖွေ့ဒိုင်လုပ်လိုက်၊ ညကျ ဘကြီးဦးတောင်ရိုးဆီမှာ ကျောင်းတက်လိုက်နဲ့ တစ်နှစ်ခွဲ ထောင်သက်ဟာ လျှော့ရက်နဲ့ ပေါင်းတော့ လွတ်ရက်ရောက်ပါရောဗျို့။

သူများပြောတာ ကြားဖူးတဲ့ ထောင်ကထွက်တဲ့ရက်၊ ရှင်လိန်ပြန်တဲ့ရက်၊ မိန်းမရတဲ့ရက် အပျော်ဆုံးဆိုပေမယ့် ကျုပ်အတွက်တော့ တစ်ဝက်ပဲ မှန်လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘကြီးဦးတောင်ရိုးနဲ့ ခွဲရမှာ စိတ်မကောင်းလွန်းလို့။

ထွက်ရမယ့်နေ့ အချိန်ကျလို့ ထွက်ရတော့မယ်ဆိုတော့ ထောင်ဝါဒါ နှစ်ယောက်က ပြုံးပြုံး,ပြုံးပြုံးနဲ့ လာခေါ်တော့ ကျုပ်လည်း ကျုပ်ပစ္စည်းကလေးတွေ စုထုပ်ထားတဲ့ အထုပ်ကလေး ဘေးချပြီး ဘကြီးတောင်ရိုးကို ထိုင်ကန်တော့တော့ ကျုပ်လေ မျက်ရည်တွေတောင် ကျမိတယ်။ ဘကြီးလည်း ဆုပေးရင်းက ဆုံးမစကားတွေ ထပ်ပြီးသတိပေးလို့ မှာကြားလိုက်ပါသေးတယ်။ ဒီလိုနဲ့ ကျုပ် လွတ်ရော ဆိုပါတော့ဗျာ။

ရွာပြန်ရောက်တော့ ကိုယ့်အိမ်ဝိုင်းကလေးကိုယ် ပြန်ပြောင်းကြ၊ ကျုပ်သား အကြီးကောင်ကလည်း မိန်းမခိုးလာတာနဲ့ ကြုံနေရတော့ သားရေး,သမီးရေး လုပ်ရကိုင်ရသေးတာ။ ဒီလိုနဲ့ မင်္ဂလာဆောင်ဖို့ ရက်သတ်မှတ်လိုက်ကြတယ်။

ကျုပ်လည်း အရင်အလုပ်တွေဆို့ တစ်ခုမှကို လုပ်ဖို့တွေးကိုမတွေးတော့တာ။ လုပ်လည်း မလုပ်တော့ဘူး။ ဘကြီးတောင်ရိုးရဲ့ ဆုံးမမှုနဲ့ ဒိုင်လုပ်စရာမှန်သမျှ မလုပ်တော့ဘဲ ဒိုင်ပွဲရပ်နဲ့ အဆုံးသတ်လိုက်တယ်။ ခင်ဗျားတို့ စာရေးဆရာ ဉာဏ်မျိုးနဲ့ဆို ဒိုင်တစ်ယောက်၏ နိဂုံးလို့များ ပြောမလားနော်၊ ဟုတ်စ။

ကျုပ်သား မင်္ဂလာဆောင်တဲ့နေ့၊ စည်လိုက်တာဗျာ။ ကျုပ်အိမ်ဝိုင်းထဲမှာ လုပ်တာဆိုတော့ ဟိုဘက်ရွာ သည်ဘက်ရွာက လာသမျှဧည့်သည်တွေ ကြွလာမစဲ တသဲသဲပေါ့ဗျာ။ ကျုပ်အိမ်နဲ့ ရွာတွေရဲ့ကြား ကွင်းထဲမှာ ကူးချည်သန်းချည်နဲ့ လူပြတ်တယ်ကို မရှိဘူး။

ဒီပွဲမှာ ကျုပ်အတွက် အမြတ်တစ်ခု ထွက်လိုက်တယ်။ မနက်ပိုင်း နှစ်ဖက်မိဘတွေ ကန်တော့ကြတော့ ကျုပ်က ဩဝါဒပေးရတယ်။ ဒီတော့ တတ်သည့်ပညာမနေသာ ဆိုသလို မိုက်ကရိုဖုန်းကိုင်ပြီး ပြောရတော့ သပေါ့ဗျာ။ စပြောခါစတော့ ခြေတွေ လက်တွေ ကတုန်ကယင်နဲ့ အသံတွေတောင် တုန်နေသေးတာ။ နောက်တော့ ပြောရင်း,ပြောရင်းနဲ့ ဇာတ်သမားစကားနဲ့ ပြောရရင် လမိုင်းတယ်လာတယ် ဆိုရမလားပဲ။ လင်ကျင့်ဝတ်တွေ မယားကျင့်ဝတ်တွေ၊ သိင်္ဂလောဝါဒသုတ်တွေချီပြီး ဘကြီးဦးတောင်ရိုး သင်ပေးသမျှထဲက မှတ်မိသမျှ တွယ်လိုက်တာ တစ်နာရီကျော်ကျော်လောက်ကို ကြာရော။ ပွဲသိမ်းတော့ ဝိုင်းပြီး ချီးမွမ်းကြတယ်။ ဘိုသိက်က တယ်ကောင်းဆိုပဲ။ ကျုပ်ဗျာ မနေတတ် မထိုင်တတ်အောင်ဘဲ။ ရှက်သလိုလို ဘာလိုလိုကြီး။ ဒါပေမဲ့ ကျုပ်ကျေနပ်တယ်။

ထန်းပင်တက်လက်မှတ် ရတယ်ဆိုတာ ဒါထင်ပါရဲ့။ တစ်နေ့ ကျုပ်ရဲ့ ကြက်ဝိုင်းတော်သားကြီးသမီး မင်္ဂလာဆောင်အတွက် ကိုယ်တော်ချောက ဖိတ်စာကြီးကိုင်ပြီး အိမ်ရောက်လာတယ်။ ပြီးတော့လည်း မင်္ဂလာဩဘာစာ ဖတ်ပေးပါပေါ့ ဘာညာနဲ့ ဖိတ်တယ်။ ကျုပ် ငြင်းလို့ ကောင်းမလား။ ရက်ကတော့ တစ်ပတ်လောက်လိုသေးရဲ့။ အေးပါကွာ၊ ငါ ကြိုးစားပေးပါ့မယ်။ လာပါ့မယ်ပေါ့။

ဒါနဲ့ အိမ်ပေါ်တက်၊ ဘုရားကျောင်းဆောင်အောက်က အဖေထားခဲ့တဲ့ စာအုပ်ပုံကြီး ကျုပ်မွှေတော့တာ။ တစ်သက်လုံး လှည့်တောင်မကြည့်ဘဲ ပစ်ထားခဲ့တဲ့ စာအုပ်ပုံကြီးမှာ ပိုးဟပ်တွေ၊ ပုရွက်ဆိတ်တွေဗျာ။ တချို့ဟာတွေဆို ပေါက်လို့ဆွေးလို့ မနည်းထိန်းကိုင်ရတယ်။ အမယ်လေး..ဖြစ်မှဖြစ်ရလေခြင်းနော်။ အဖိုးတန် ရတနာသိုက်ကြီးကို ငါမို့ ပစ်ရက်တယ်ဆိုပြီး နောင်တရလို့မဆုံးဘူး။

မှတ်စရာသားစရာ ကျမ်းအစောင်စောင်ဗျာ။ မှန်နန်းရာဇဝင်ကြီးတို့လို ရာဇဝင်ကျမ်းကြီးတွေ ဆရာကြီး ရွှေတာမောင်မှိုင်းရဲ့ ဋီကာကျော်တွေ၊ လယ်တီဒီပနီပေါင်းချုပ်၊ ခံဘူးဆေးကျမ်း၊ နရသုခ်၊ နရမာလာ၊ ဒွာဒသီဆေးကျမ်းတွေ၊ ဟာ..မျိုးကိုစုံလို့။ ကျုပ် မဃဒေလက်ာသစ် စာအုပ်ကြီးကို အလျင်ဆွဲထုတ်လိုက်တယ်။

ကျုပ်လေ တစ်ပတ်လုံးလုံး ဘာလုပ်တယ် မှတ်ဗလာစာအုပ်တစ်အုပ် ဘေးချပြီး မှတ်သားသင့်တာ မှတ်သမျှ ကူးထည့်တယ်။ ဝမ်းလျားမှောက်လိုက် ထထိုင်

www.burmeseclassic.com

www.burmeseclassic.com

လိုက်၊ ချရေးလိုက်၊ ပြီးတော့လည်း အလွတ်ရအောင် ကျက်၊ သံနေသံထား၊ စဘောင်ပွဲ စကိုက်နာအောင်ရွတ် (စာပေါင်ပွဲ စာကိုက်နာ) ဘကြီးတောင်ရိုး ပြောတဲ့အတိုင်း ကြိုးစားရသဗျာ။

မင်္ဂလာဆောင်တဲ့နေ့ကျတော့ ကျုပ် ဝီရိယကောင်း ကောင်းနဲ့ အစောကြီးကတည်းက ထပြီး ရေမိုးချိုး၊ သား တော်မောင် မင်္ဂလာဆောင်ပွဲမှာတုန်းက ဝတ်ခဲ့တဲ့ ပုဆိုး တွေ၊ အင်္ကျီတွေ ထုတ်ဝတ်၊ အဖေဝတ်ခဲ့တဲ့ တိုက်ပုံအင်္ကျီ ကြီးထုတ်ဝတ်၊ ကျကျနနပြင်ဆင်နေတုန်း ကျုပ်မိန်းမလေ ပြုံးဖြီးဖြီးနဲ့ အခန်းထဲက ထွက်လာတယ်။ လက်ထဲမှာ လည်း စက္ကူဘူးကြီးကိုင်လို့။ သူကလည်း အကျအနပြင် ဆင်ထားတာ ဟန်ကိုကျလို့။ ဒါနဲ့ ကျုပ်က မေးရတယ်။ ဒါကြီးက ဘာကြီးလဲ။ လက်ဖွဲ့လား ဘာလားပေါ့။ ဘာ မှ မဟုတ်ဘူး။ မောင့်ကျက်သရေခေါင်းပေါင်းတဲ့ဗျာ။ ကျုပ်ကို ဘိသိက်ပွဲမှာ ခံ့ညားစေချင်လို့တဲ့။ မြို့တက်ပြီး တောင် သွားငှားလာရသတဲ့။ ကျုပ်မယားက ဆောင်းစေ ချင်မှတော့ ငြင်းစရာလား။ ပေးစမ်းဟာဆိုပြီး စွပ်ချလိုက် တာ ချောင်နေတော့ ချာလပတ်ကိုလည်းရော။ ချောင်တာ မချောင်တာ အပထား၊ မရှိတာထက်စာရင် ဒါလေးပါ တော့ လူရှိသေရှင်ရိုသေ ဖြစ်သပေါ့။ နော့ဗျာ။

ပါရမီဖြည့်ဖက်ဆိုတာ ကျုပ်မိန်းမလို မိန်းမမျိုးတွေ ကို ပြောတာနေမှာ။ ဟုတ်စ။ ကြည့်လေ၊ ကျုပ် ဖဲဒိုင်ခံ တော့ သူက အကောက် ကောက်တယ်။ ကျုပ် ချဲရောင်း တော့ သူက ငွေသိမ်း ငွေရှင်းတယ်။ ဟော..ကျုပ် ထောင် ကျသွားတော့ ထောင်ဝင်စာ တစ်ပတ်မှ ပျက်တယ်မရှိ ဘူး။ ခုလည်း မောင့်ကျက်သရေခေါင်းပေါင်းတဲ့။ ဒါမျိုး ကိုမှ ပါရမီဖြည့်ဖက်လို့ မခေါ်ရင် ဘယ်သူ့ သွားခေါ်ရ မလဲ။

ဟာဗျာ..အမရာကိန္နရီတို့၊ မဒ္ဒီသမ္ဘူလတို့နဲ့တော့ မနိူင်းပါဘူးဗျာ။ သူတို့က အရင့်အမာကြီးတွေ။ ကျုပ် မိန်းမလည်း မဒ္ဒီဒေဝီ မဟုတ်သလို ကျုပ်လည်း ဝေ သန္တရာမှ မဟုတ်တာ။ ကျုပ်မိန်းမက ဝေဒေဟီ မဟုတ် သလို ကျုပ်လည်း ဗိမ္ဗိသာရမဟုတ်ဘူး။ တကယ်တော့ တစ်ထောင်တန်လည်း ပိုက်ဆံ၊ တစ်ရာတန်လည်း ပိုက်ဆံ ဒီသဘော ပြောတာပါ။ ဂုဏ်ချင်းတော့ ကွာသပေါ့။ မနိူင်းရဲပါဘူး။ ဘယ့်နှယ်။

ရှေးစကား ရှိသမို့လား။ ရေမြင့်တော့ ကြာတင့် ဆိုတာလေ။ အရင်က ဖဲဒိုင်မယား၊ အရက်သမားမယား၊ ချဲဒိုင်မယား ဆိုပေသိ ခု ဘိသိက်မယားလို့ ခေါ်မဖြစ် တော့ဘူး။ ဘိသိက်ဆရာကတော် ဟုတ်ပါ့။ အခါတော် ပေးတဲ့ ပညာရှိ ဘိသိက်ဆရာကတော်။ ကဲ..ဟန်ကို ကျလို့။ ဟိုကလည်း ဆရာကတော် ဒီကိုကြွ၊ ဒီကလည်း ဆရာကတော် ဒါလေး သုံးဆောင်ပါနဲ့ ကတော်,ကတော် ချင်းကို ထပ်နေကြရော။ ကျုပ်စိတ်ထဲ ဥကျင်းရှာနေတဲ့ ကြက်မကြီးကို မြင်ယောင်မိပြီး ခွိခနဲ ရယ်မိတော့မလို ကပျာကယာ လက်ကိုင်ပဝါနဲ့ ပါးစပ်ပိတ်ပြီး ဆို့ထား လိုက်ရတယ်။ ဖြစ်ပုံများ။

မင်္ဂလာပွဲပြီးတော့ ကျုပ်ကို အံ့သြတဲ့ မျက်လုံးတွေ၊ ချီးမွမ်းတဲ့ မျက်လုံးတွေနဲ့ တာတေလန်အောင် ဆိုးပေ့ဆို တဲ့ အရက်သမား၊ ကြက်သမား၊ ဖဲသမား၊ လောင်းကစား သမားကြီးက နတ်ရေကန်ထဲ ပစ်ချလိုက်သလို ဖြစ်သွား တဲ့ ကျုပ်ကို မမြင်ဖူးတဲ့လူလို ဝိုင်းကြည့်ကုန်ကြတာဗျာ။ ကျုပ်ဖြင့် မနေတတ် မထိုင်တတ်ကိုဖြစ်ရော။ တကယ်ဆို ဒီမျက်ခွက်ကြီး ရွာနီးချုပ်စပ်က မြင်ဖူး သိဖူးပြီးသား။ မမြင်ချင်မှ အဆုံးဟာကြီးကို။

ညနေကျတော့ သတို့သားနှင့် သတို့သမီးက နွား လှည်းကလေးနဲ့ ရောက်လာကြပြီး ကန်တော့မလို့တဲ့။ ဟော..ဆန်က တစ်အိတ်၊ ငါးခြောက်က ငါးချပ်၊ ဆီက တစ်ပိဿာ၊ လက်ဖွဲ့ရတဲ့ထဲက ဓာတ်ဘူးကလေးက တစ် လုံး ကျုပ်ရှေ့မှာချပြီး ကန်တော့ကြတယ်။ ကျုပ်က ဒါ တွေ မလိုပါဘူး။ ပြန်ယူသွားကြပါကွာလို့ ပြောချင်ပေ မယ့် သဘောအကျကြီး ကျနေတဲ့ ကျုပ်မိန်းမမျက်နှာ ကြည့်ပြီး စကားတွေက လည်ချောင်းဝမှာ တစ်နေတယ်။ မထွက်ဘူးဗျ။

ကျုပ် ခုတော့ အခြေကျသွားပါပြီ။ လာဖိတ်တဲ့သူ ရှိရင် အဲဒီရွာသွားလိုက်၊ ဘိသိက်မြှောက်လိုက်။ သီတင်း ကျွတ်ပြီးကတည်းက တစ်လကို အနည်းဆုံး (၃)ခါတော့ မသွားမဖြစ် သွားခဲ့ရတာချည်းပဲ။ ရွာနီးချုပ်စပ်တွေဖြစ်တဲ့ ဗွေးပင်စု၊ တမာကုန်း၊ ညောင်ပင်သာ စတဲ့ရွာတွေကကို လေးငါးဆယ်ရွာမှ မကတာ။ တစ်ယောက်ကစ တစ်ရွာ ဆိုသလို ပန်းသတင်း လေညင်းဆောင် လူသတင်း လူ ချင်းဆောင်ပေါ့ဗျာ။ ခုဆို (၃)နှစ်လောက်တောင် ရှိရော။

www.burmeseclassic.com

ဘိသိက်လည်း အရင်ထက် တိုးတက်လာတယ်။ တိုးတက်အောင်လည်း ကြိုးစားရသပေါ့။ ကြည့်လေ၊ အနည်းဆုံး တစ်လကို ဆန်သုံးအိတ်နဲ့ ထွေရာကမာလေးတွေနဲ့ ဒိုင်အလုပ်ထက် ပိုပြီးဟန်ကျနေတာကိုးလို့။

တစ်နေ့သားတော့ ကျုပ် မြို့ကို ကိစ္စတစ်ခုရှိလို့ သွားရတယ်။ ဟိုရောက်တော့ လမ်းမှာ မိန်းကလေးတစ်ယောက်နဲ့ တွေ့တယ်။ သူ့ကို ကျုပ်မြင်ဖူးပါတယ်ပေါ့။ ဘယ်မှာပါလိမ့်ဆိုပြီး စဉ်းစားနေတုန်း သူက စပြီးနှုတ်ဆက်တယ်။ ပြုံးပြနေပေမယ့် မချိုပြုံးကြီး။ နာနေထင်ပါ့။ မျက်ခွံကြီးတစ်ဖက်နဲ့ မေးစေ့တစ်ခြမ်း ဖူးရောင်လို့။ ဟဲ့.. နင့်မျက်နှာက ဘယ့်နှယ်ဖြစ်သတုန်းဆိုတော့ သူ့လင် ထိုးတာတဲ့လေ။ ကောင်းရော။ ဒါနဲ့ ကျုပ်ကရပ်ပြီး ရှေ့ပြည်အေးတရား ဟောခဲ့ရသေးတယ်။ ဆုံးမစကားပြောပြီး နှုတ်ဆက်တော့ ကျွန်မ ဒီတစ်သက် သူ့ကို ဘယ်တော့မှ ပြန်မပေါင်းတော့ဘူးတဲ့လေ၊ ကတိပေးပုံကြီးက။ ကဲ.. သူတို့ မင်္ဂလာဆောင်မှာ ကျုပ် ဩဘာစာ ဖတ်နေတော့ ပြုံးရွှင်နေကြတဲ့ သူတို့လေးတွေရဲ့ မျက်နှာများ ဆန့်ကျင်ဘက်ပါပဲ။

ဒီလိုနဲ့ပဲ မကြာ,မကြာကြားလာလိုက်ရတဲ့ အမင်္ဂလာသတင်းတွေဗျာ။ ခဏ,ခဏပါပဲ။ ဟုတ်တယ်၊ ထိမ်းမြားလက်ထပ်တာကို မင်္ဂလာပွဲဆိုလို့ရင် ကွဲကြ ကွာကြတာကျတော့ မင်္ဂလာမရှိတဲ့ အမင်္ဂလာပွဲလို့မှ မပြောရင် ဘယ့်နှယ် ပြောရမလဲ စဉ်းစားကြည့်လေ။

အိမ်ထောင်မှု ဘုရားဟည် ဆေးမင်ရည်စုတ်ထိုးဤသုံးခု ချက်မပိုင်လျှင် နောင်ပြင်ရန် ခက်သည့်အမျိုးလို့ ဆိုရိုးစကားတွေလည်း ဂရုမထားကြတော့ဘူး။ ခုမြင် ခုကြိုက် ခုလိုက် ခုညား ခုကွဲနဲ့ လွယ်လိုက်ကြတာ။ ကျုပ်မယားဆိုကြည့် ကျုပ်လောက် ဆိုးတဲ့၊ ပေတဲ့၊ တေတဲ့၊ ပွေတဲ့ လူမျိုး။ သူက သည်းခံပေါင်းတော့ သူ့မေတ္တာ ပိုက်ကွန်ဟာ ကျုပ် ရုန်းလို့ဘယ်စွမ်းမလဲ။ ရိုက်ဖို့ နှက်ဖို့အထိ ငြင်းကြခုံကြ အော်ကြဟစ်ကြရင်း ရိုက်မယ်ဟန်ပြင်လိုက်တာနဲ့ ကျလာတဲ့ မျက်ရည်ပေါက်ကြီးတွေနဲ့ ရိုက်သာ ရိုက်စမ်းပါတော်။ ကျုပ်မိုက်လို့ ကျုပ်ခံရမှာတော့။ သေရင်လည်း သေပစီတော့ဆိုတဲ့ စကားက ကျုပ်ရဲ့လက်တွေကို နောက်ပြန်ရုပ်စေခဲ့သဗျ။ လင်နဲ့မယား လျှာနဲ့သွားဆိုသလို ခလုတ်တော့ မတိုက်မရှိ တိုက်ကြစမြဲပဲပေါ့။



ခုတော့ဗျာ တိုက်ရုံတိုက်ရသေး နင်နေ ငါသွား လုပ်တာမြန်လိုက်ကြတာ။ ပြီးတော့ ဝမ်းဂိုး တူးကမ်းတဲ့။ ကောင်းသေးရဲ့လား။

ခုမှ ကျုပ်လည်း ပြန်စဉ်းစားကြည့်မိတယ်။ ကျုပ်က ဒိုင်အလုပ် နားခဲ့ပြီ အောက်မေ့တာ ပြီးမှမပြီးသေးဘဲကိုး။ ဟုတ်တယ်၊ လက်ဝှေ့ကြိုးဝိုင်းမှာ အနီထောင့်နဲ့ အပြာထောင့်က ထိုးသတ်ကြမယ့် လက်ဝှေ့သမား နှစ်ယောက်ရဲ့ကြားက လက်ကလေး တားတားပြီး အချက်ပြလို့ လက်ကို ရုပ်လိုက်တော့ နှစ်ဖက်ထိုးကုန်ကြရော မဟုတ်ဘူးလား။ ခုလည်း မင်္ဂလာမောင်နှံနှစ်ယောက်က အနီထောင့်နဲ့ အပြာထောင့်ဖြစ်ပြီး ကျုပ်က ဒိုင်အနေနဲ့ တာလွှတ်ပေးခဲ့ရသလိုချည်း ဖြစ်နေတာ မဟုတ်ဘူးလား။ ဟုတ်ပါ့။

ဒီတစ်ခါ ဘိသိက်မြောက်ပွဲကျရင် မင်္ဂလာဩဘာစာဆုံးလို့ ရေသွန်းပြီးရင် နောက်ဆုံးစကားလေး နည်းနည်းထပ်ဖြည့်ရင် ကောင်းမလားလို့ စဉ်းစားမိတယ်။ ကြိုက်ရင် ကြိုက်တယ်၊ မကြိုက်ရင် မကြိုက်ဘူး ပြောစမ်းဗျာ။ ကဲ..ကျုပ် နောက်ဆုံးအပိုဒ် ရွတ်ပြမယ်၊ နားထောင်။

ရှေ့ဂဟော နှစ်ဖြာဆက်သလို ထားတစ်သက် သစ္စာနှံတဲ့ ချစ်သဒ္ဒါပဟုန် မောင်နှံစုံတို့ သောင်ယံနိဗ္ဗာန် ပြည်ခေမံထိ လက်တွဲမကွာ ခိုင်မြဲစွာဖြင့် ရှည်ကြာမခွဲ တည်မြဲစေသော်ဝ် မြဲစေသော်ဝ်။

ကဲ..ရယ်ဒီ၊ ဝမ်း၊ တူး၊ သရီး။

**သတိုးချာလီဆွေ**



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ကြားဖူးတာက ဘီလူးစည်း၊ လူစည်း၊
မျက်မြင်ကိုယ်တွေ့ ကြုံရတာက သရဲစည်း။

◆◆◆

## ပန်းတနော် နောင်ဆေတ်
## သရဲစည်း

www.burmeseclassic.com

ဘက်စုံသားဖွားဆရာမ ဒေါ်သဇင်နွယ်ဆိုတာ ကျွန်မ နာမည်။ ညောင်ပင်သာအုပ်စု တစ်အုပ်စုလုံးက ကျွန်မကို သိတယ်။

'ဆရာမလေး ဒေါ်သဇင်နွယ်က အသက်သာ ငယ်တယ်၊ သဘောထား သိပ်ပြည့်ဝတာ'

'ဆရာမလေး ဒေါ်သဇင်နွယ်က လူနာတွေကို စောင့်ရှောက်ပြုစုကုသတဲ့ နေရာမှာ သိပ်တော်တာ'

'ဆရာမလေးက ဘယ်တော့မှ ဆင်းရဲချမ်းသာမရွေးဘူး၊ အားလုံးကို မျှမျှတတ ဆက်ဆံတယ်'

'ဆရာမလေး ဒေါ်သဇင်နွယ်ရဲ့ တော်ချက်ကတော့ ပြောမဆုံးအောင် ကောင်းလွန်းတယ်ဗျာ'

'ညောင်ပင်သာက ကျေးလက်ကျန်းမာရေးမှူး ဆရာဦးချစ်ခိုင်က အားအကိုးရဆုံး သားဖွားဆရာမတွေထဲမှာ ဆရာမလေး ဒေါ်သဇင်နွယ်က ထိပ်ဆုံးကလို့ ပြောဖူးတယ်'

ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော် ဆိုတဲ့စကား ကျွန်မ ကြားဖူးပါတယ်။ ကြွားတာမှ မဟုတ်တာ။ မှန်တာ ပြောတာပဲ၊ ဘာရှက်စရာရှိလဲ။ ပြီးတော့ ကျွန်မက မသူတော် မဟုတ်ဘူးလေ။

ဆင်းရဲတဲ့လူတွေဆိုရင် ကိုယ်ချင်းစာပြီး အတတ်နိုင်ဆုံး ကူညီတယ်။ စောင့်ရှောက်တယ်။ ပြုစုတယ်။ ချမ်းသာတဲ့လူတွေ ဆိုရင်ရောလို့ ပြောစရာရှိတယ်။ ဆင်းရဲလည်းလူ၊ ချမ်းသာလည်းလူ အတူတူ သဘောထားတာပါ။ ဆင်းရဲတဲ့လူကိုတော့ သနားတာ ပိုတာပေါ့။

◆◆◆

'သမီး..မြို့ဆေးရုံမှာနေချင်လား၊ မေမေတို့ရအောင် ရတဲ့နည်းနဲ့ လုပ်ပေးမယ်' တဲ့။

အဲဒီလို မေမေက ပြောခဲ့ဖူးတာ။

'ဟုတ်တယ် သမီး၊ မြို့ဆေးရုံမှာ တာဝန်ကျအောင် ငွေဘယ်လောက်ကုန်ကုန် အကုန်ခံပြီး ဖေဖေတို့ ဆောင်ရွက်ပေးမယ်' လို့ ဖေဖေကလည်း ပြောခဲ့ဖူးပါတယ်။

မြို့မှာမွေးပြီး မြို့သူဖြစ်ခဲ့တဲ့ သမီးချော ကျွန်မ သဇင်နွယ်ကို ဖေဖေနဲ့မေမေက ကျေးလက်တောရွာတွေ ဆင်းပြီး ဝမ်းဆွဲဆရာမ အလုပ်မလုပ်စေချင်တာ မိဘတွေရဲ့ သားသမီးအပေါ်ထားတဲ့ ဖြူစင်တဲ့ စေတနာပါ။

ဒါပေမဲ့ ကျွန်မက မြို့သားလည်းလူ၊ တောသားလည်းလူ မြို့မှာနေနေ တောမှာနေနေ မြန်မာပြည်သားတွေဖြစ်တယ်။ မြို့ကလူတွေကို ကူညီသူတွေ များတယ်။ တောက လူတွေကိုတော့ ကူညီသူတွေ ရှားတယ်။ အထူးသဖြင့် ကျန်းမာရေးကိစ္စ။

ဒါကြောင့် သားဖွားဆရာမ ဖြစ်တာနဲ့ ကျွန်မ ညောင်ပင်သာဆိုတဲ့ ရွာကြီးက ကျေးလက်ကျန်းမာရေးဌာနကို လာတာ။ ညောင်ပင်သာအုပ်စုမှာ ရွာကြီးကြီး ရှိတာက ညောင်ပင်သာ တစ်ရွာတည်း။ ပေါက်တော၊ ကိုင်းတာ၊ သာယာကုန်း၊ အုန်းပင်စု၊ မြက်ရှည်၊ ဆင်သေ၊ ကုက္ကိုဝနဲ့ ချောင်းကောက်ဆိုတဲ့ ရွာတွေက ငယ်ငယ်လေးတွေ။ တစ်ရွာတစ်ရွာမှာ အိမ်ခြေတစ်ရာသာသာလေး။

လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းနေတဲ့ ခုလို အချိန်မှာတောင် အဲဒီရွာငယ်လေးတွေမှာ ဆိုင်ကယ်တစ်စီးမှ မရှိသေးဘူး။ ဘယ်ရှိမလဲ။ ရွာလမ်းတွေက ကောင်းမှ မကောင်းတာ။ ဒါကလည်း လူတွေကို အပြစ်တင်လို့ မဖြစ်ဘူးလေ။ သူ့အကြောင်းနဲ့သူ မဟုတ်လား။

အဲဒီရွာလေးတွေမှာ ညအခါ မီးကလေးမှိတ်တုတ် ဖြစ်နေတုန်း။

◆◆◆

'ဆရာမ..ဆရာမ..ဆရာမ'

အ,ကာလည တစ်ည။ ကျွန်မအိပ်ရာနဲ့ ကပ်နေတဲ့ အိမ်ဘေးဘက်က ခေါ်သံကြားတာနဲ့ ကမန်းကတန်း ထလိုက်တယ်။

'ဆရာမ..ဆရာမ'

ဆရာမလို့ ခေါ်သံမဆုံးခင် ကျွန်မ ပြန်မေးခဲ့တယ်။

'ဘယ်သူတွေလဲ။ ဘာဖြစ်လို့လဲ'

'ကျွန်တော်တို့ပါ ဆရာမ။ ဦးဖိုးအောင်တို့ပါ ကိုင်းတာက လာတာပါ' ဆိုတဲ့ အသံကြားတာနဲ့ အိမ်တံခါးဖွင့်ပေးပြီး အိမ်ထဲ ဝင်ခိုင်းခဲ့ပါတယ်။

'ဦးကြီးဖိုးအောင်တို့ပါလား။ အိမ်ထဲ ဝင်ထိုင်ကြပါ' ပြောရင်း ဘက်ထရီမီးချောင်းကို ဖွင့်လိုက်ပါတယ်။

မြင်ရတာက ဦးကြီးဖိုးအောင်နဲ့ လူငယ်နှစ်ယောက်။ သူတို့က အိမ်ထဲ မဝင်လာပါဘူး။

'မဝင်တော့ဘူး ဆရာမ။ ကျွန်တော့်ချွေးမ အလှလေး ဗိုက်နာနေလို့'

သိတာပေါ့။ ကိုင်းတာရွာက အလှလေးဆိုတဲ့ မအလှ

www.burmeseclassic.com

လေးကို ကျွန်မ စောင့်ရှောက်ကူညီနေတာ မအလှလေးက ရင်သွေးလွယ်ထားရတဲ့မိခင်။ သားသမီး သိပ်လိုချင်နေတဲ့ မိခင်။

နှစ်ယောက်တိတိ ဗိုက်ခွဲမွေးခဲ့ပြီးပြီ။ ဒီတစ်ခါ သားသမီး မယူသင့်တော့ဘူးလို့ ကျွန်မ ပြောထားတာတောင် နားမထောင်ဘူး။ မအလှလေး ကိုယ်ဝန်လွယ်ထားရပြန်ပြီ ဆိုတာသိတဲ့ ကျွန်မ စေတနာနဲ့ ဆူခဲ့ဖူးတယ်။

'မအလှလေးရယ်၊ ရှင် တော်တော်အပြောရခက်ပါလား။ နှစ်ကြိမ်တိတိ ခက်ခက်ခဲခဲ ဗိုက်ခွဲမွေးထားရလို့ နောက်ထပ် သားသမီးမယူသင့်ဘူး၊ မယူပါနဲ့လို့ ပြောတာ နားမထောင်ဘူး'

ဆိုတော့ ဘာပြောတယ်ထင်လဲ-

'ဟဲ..ဟဲ..ဆရာမက အပျိုဆိုတော့ ဘယ်နားလည်မလဲ။ စိတ်မဆိုးပါနဲ့နော်၊ ကန်တော့ပါရဲ့ ဆရာမရယ်။ ကျွန်မ ဘယ်ကယောကျ်ားနဲ့မှ ကမြင်းတာ မဟုတ်ပါဘူး။ ကိုယ့်ယောကျ်ားနဲ့ကိုယ် ဖြစ်တာပါ။ ဘုရားပေးတဲ့ ကလေးပါ ဆရာမရယ်။ ကျွန်မရင်သွေးလေးကို ကျွန်မ မွေးဖွားပါရစေတဲ့'

တကယ့်အာဇာနည်မ၊ အိမ်ရှင်မ မိန်းမကောင်းပီသတဲ့ မိန်းမ။

ကျွန်မ ဦးကြီးဖိုးအောင်တို့နဲ့ ကိုင်းတာရွာအထိ လိုက်သွားပြီး မအလှလေးဆိုတဲ့ အလှလေးကို ခက်ခက်ခဲခဲမွေးပေးခဲ့ရပြန်တာပေါ့။

'ဒီတစ်ခါတော့ နောက်ဆုံးပဲနော် မအလှလေး။ နောက်တစ်ခါဆို မမွေးပေးနိုင်တော့ဘူး'

လို့ စိတ်ဆိုးသလို ပြောခဲ့တော့ မအလှလေးက-

'ဟုတ်ကဲ့ပါ ဆရာမလေး'တဲ့။

မအလှလေးလို ညောင်ပင်သာအုပ်စုထဲမှာ ကျွန်မ မီးဖွားပေးခဲ့ရတဲ့ မိခင်တွေ အများကြီး။

◆◆◆

'အိပ်ရာဝင်နဲ့ အိပ်ရာထမှာ ဘုရားရှိခိုးဖို့ မမေ့နဲ့။ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကိုရွတ်၊ ပရိတ်ရွတ်၊ ပဋ္ဌာန်းရွတ်၊ ဂုဏ်တော်ကွန်ချာရွတ်၊ အလုပ်သွား အလုပ်ပြန်တိုင်း လည်းရွတ်၊ အနန္တငါးပါးကို အမြဲတမ်းရှိခိုးပူဇော်။ မမေ့နဲ့'

အဲဒီလို ဆုံးမသတိပေးခဲ့တဲ့ မေမေ့စကားကို ကျွန်မ မမေ့ပါဘူး။ တစ်နေ့မပြတ် မေမေသတိပေးခဲ့တဲ့အတိုင်း တိတိကျကျ လိုက်နာခဲ့ပါတယ်။

ပြောရရင် လူနာကို ဆေးတိုက်မယ် ဆိုပါတော့။ ရိုးရိုးရေနဲ့ တိုက်ရမယ့်အစား ကျွန်မရွတ်ဖတ်ပူဇော်ထားတဲ့ ပရိတ်ရည်နဲ့တိုက်တယ်။ မွေးလူနာကို ပြုစုတဲ့အချိန်မှာတောင် စိတ်ထဲက အင်္ဂုလိမာလသုတ်တော်ကို ရွတ်ဖတ်ပူဇော်ခဲ့တဲ့အထိ။

◆◆◆

အဲဒီလိုနေခဲ့တဲ့ကျွန်မ လသာည တစ်ညမှာ သည်းထိတ်ရင်ဖို ဖြစ်ခဲ့ရတယ်လေ။ ဖြစ်စဉ်ရဲ့အစက အုန်းပင်စုရွာသား ကိုသန့်စင်နဲ့ ကိုမြင့်သောင်း ကျွန်မအိမ်ကို ရောက်လာတာ။ သူတို့ရောက်လာတော့ မိုးချုပ်စ။ ကျွန်မ ညစာစားပြီးစ။

ဆရာမရေလို့ အစချီပြီး ကိုသန့်စင်က သူ့မိန်းမ မခင်မြင့် ကလေးမွေးတော့မလို ဖြစ်နေလို့ လာခေါ်တဲ့ အကြောင်းပြောပါတယ်။ ကိုမြင့်သောင်းက ကိုသန့်စင်ရဲ့ယောက်ဖ မခင်မြင့်ရဲ့အစ်ကို။

ကိုယ်ဝန်ရှိစဉ်ကတည်းက ကျွန်မကို မခင်မြင့်က သူ့ဗိုက် အပ်ထားတာ။ ကျွန်မပြောသလို လိုက်နာနေထိုင်စားသောက်ခဲ့တာ။ အဲဒီ မခင်မြင့် မွေးဖွားချင်နေပြီဆိုတော့ ကျွန်မ လိုက်သွားရတာပေါ့။

မခင်မြင့်ဆိုတဲ့ မိန်းမက အပျိုဗိုက်ပိုင်ရှင်။

'မခင်မြင့်..မကြောက်နဲ့နော်'လို့ အားပေးပြီး မခင်မြင့်ရဲ့ ပထမရင်သွေးကို မွေးဖွားပေးခဲ့တာ။

ကလေးမွေးရမှာကြောက်တဲ့ မခင်မြင့် မွေးဖွားသန့်စင်ပြီးတဲ့ ရင်သွေးလေးကိုမြင်တော့ ပြုံးချိုချိုနဲ့။

ဘက်စုံသားဖွားဆရာမ ဖြစ်တဲ့ ကျွန်မ မသဇင်နွယ်ကို ကလေးအဖေ ကိုသန့်စင်က လိုက်ပို့ပေးမယ် လုပ်ပါတယ်။ ကျွန်မက လက်မခံပါဘူး။ သူက လောလောလတ်လတ် ဖြစ်သွားတဲ့ ကလေးအဖေဆိုတော့ ကလေးအနားမှာ နေချင်မှာပေါ့။

ကိုသန့်စင်နဲ့အတူတူ ကျွန်မကို လာခေါ်တဲ့ ကိုမြင့်သောင်းဆိုတဲ့ သူ့ယောက်ဖကလည်း ကျွန်မတို့ အုန်းပင်စုက ကိုသန့်စင်တို့အိမ်ကို ရောက်ကတည်းက ပေါက်တောရွာကို ပြန်သွားခဲ့ပြီ။

ပေါက်တောရွာမှာကျန်ခဲ့တဲ့ သူ့မိန်းမက အိမ်မှာ တစ်ယောက်တည်း ကျန်နေရင် သိပ်ကြောက်တာဆိုပြီး

www.burmeseclassic.com

ပြန်သွားတာ။

'ဆရာမလေးရယ်··ကျွန်တော် အားနာလိုက်တာ' လို့ ကိုသန့်စင်က ပြောပါတယ်။

'ကျွန်မ မကြောက်တတ်ပါဘူးရှင်။ ဒီခရီးမှာ လူဆိုးသူခိုး အန္တရာယ်တွေ ကင်းရှင်းပါတယ်' ဆိုတော့ 'လူဆိုးသူခိုးအန္တရာယ် ကင်းရှင်းတယ်ဆိုပေမယ့် ကျွန်တော်တို့ အုန်းပင်စုရွာဖျားကနေ မြက်ရှည်ကြားမှာ မြွေတွေ ကင်းတွေ ရှိတတ်တယ် ဆရာမရဲ့' တဲ့။

ကျွန်မက 'ကျွန်မမှာ အလင်းအားကောင်းတဲ့ဓာတ်မီး ပါလာပါတယ် ကိုသန့်စင်ရဲ့။ ပြီးတော့ ကျွန်မက ကျန်းမာရေးဝန်ထမ်းလေ' လို့ ပြောလိုက်ရတာပေါ့။

◆ ◆ ◆

ကျွန်မ အုန်းပင်စုရွာဖျားကိုရောက်တော့ ရှစ်နာရီထိုးခါနီးပြီ။ ညရှစ်နာရီဆိုပေမယ့် လသာညဖြစ်လို့ လင်းနေပါတယ်။ ဒါပေမဲ့ ကျွန်မ ပြန်ရမယ့်လမ်းကတော့ ကင်းကင်းရှင်းရှင်း မလင်းပါဘူး။ မလင်းဘူးဆိုတာ လမ်းဘေးက သစ်ပင်ကြီးတွေရဲ့ အရိပ်ထိုးနေလို့။

မြေပြင်ကို သတိထားပြီး ဓာတ်မီးထိုး ပြန်လာနေတုန်း ဗုန်းဆိုတဲ့ အသံကြီးဖြစ်အောင် လမ်းဘေးသစ်ပင်ကြီး တစ်ပင်ပေါ်က မည်းမည်းကြီး ခုန်ဆင်းလာတာ တွေ့ရပါတယ်။ ကျွန်မက လန့်သွားပြီး ကြည့်လိုက်တော့ ကျွဲမည်းကြီး၊ ချိုနှစ်ချောင်းက အကြီးကြီး မျက်လုံးကြီးတွေကလည်း နီနီရဲရဲနဲ့။

အဲဒါ ကျွဲအစစ် မဟုတ်နိုင်ဘူးဆိုတာ ကျွန်မသိတယ်။ သိတာပေါ့။ ကျွဲဆို သစ်ပင်အမြင့်ကြီးအပေါ် တက်နေနိုင်မလား။ ပြီးတော့ သစ်ပင်ပေါ်က မြေကြီးပေါ် ခုန်ချနိုင်မလား။ ပေလေးငါးဆယ်လောက်မြင့်တဲ့ သစ်ပင်ပေါ်က ခုန်ချလိုက်တာနဲ့ ခြေကျိုး လက်ကျိုး ချိုကျိုးဖြစ်မှာ သေချာတယ်။ ကိုယ်လုံးကြီးကလည်း မြေကြီးပေါ် ပစ်ချခံရရင် ထလို့တောင် ရမှာမဟုတ်တော့ဘူး။ ခုတော့ အဲဒီကျွဲကြီးက မားမားကြီးရပ်လို့။ ကျွန်မကို စူးစူးစိုက်စိုက် ကြည့်လို့။

အကြည့်ချင်းဆုံတဲ့ ကျွန်မက အဲဒီကျွဲကို ကျွဲအစစ်မဟုတ်တဲ့ သရဲဆိုတာ ချက်ချင်းသိလိုက်တယ်။ ကျွန်မကို သရဲခြောက်တာပဲ။ ခြောက်တဲ့သရဲက ကျွဲ။

ဘာပြောကောင်းမလဲ။ ဂုဏ်တော်တွေဘာတွေ ရွတ်ဖို့တောင် ကျွန်မ သတိမရတော့ဘူး။ သတိရတာက တစ်ရှိန်ထိုးပြေးဖို့၊ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်သဘောမျိုးနဲ့ အားကုန်ပြေးဖို့။

ထွက်မပြေးလို့ မဖြစ်ဘူး။ ကျွဲကြီးက နှာတရှူးရှူးမှုတ်နေပြီ။ ဒီကောင်ကြီး ကျွန်မကို ရန်မူတော့မှာ သေချာတယ်။ ကျွန်မ အားကုန်ပြေးတယ်။ ထဘီဆိုတာ အနားတွေ ကွဲပြီးလန်လို့။ ဒူးပေါ် ပေါင်ပေါ်ဖြစ်လို့ ရှက်မနေအားပါဘူး။ ပြေး··ပြေး··အားကုန်ပြေးလို့ ကိုယ့်ကိုယ်ကိုယ် အားပေးပြီး ပြေးခဲ့တာ။

တကယ့်သက်ရှိ ကျွဲကြီးဆို အဲဒီနေရာမှာပဲ ကျွန်မ သေရမှာ သေချာတယ်။ သရဲဆိုတော့ ကြောက်အောင် ခြောက်လှန့်ပြီး နောက်ကလိုက်တာ။ သိပ်တော့ မပြေးလိုက်ရပါဘူး။ ကိုက်ငါးဆယ်သာသာအရောက် ရှေ့မှာ ချောက်တစ်ခုကို ရောက်တယ်။ အဲဒီချောက်က ရေမရှိတဲ့ ချောင်းရိုး။

ချောင်းရိုးက မိုးမခချောင်းရိုး၊ ချောင်းရိုးကမ်းနှစ်ဖက်မှာ မိုးမခပင်တွေ အများကြီး။ ချောင်းရိုးက ဟိုတုန်းက တော့ ရေနက်ခဲ့တယ်တဲ့။ ကျွန်မ အဲဒီအုပ်စုရောက်တော့ မြေပြင်ညီနဲ့ ရေအနက်က သုံးပေလေးပေလောက်ပဲရှိတော့တယ်။ ရေလည်း ရှိမှမရှိတော့တာ။

တဒုန်းဒုန်းအသံပေးပြီး နောက်က ပြေးလိုက်လာတဲ့ ကျွဲ အဲ··သရဲ။ ကျွဲအနေနဲ့ပဲ ပြေးလိုက်လာတာလား၊ သရဲအနေနဲ့ပဲ ပြေးလိုက်လာတာလား။ ကျွန်မ မစဉ်းစားအားဘူး။ တဒုန်းဒုန်းခြေသံတွေက ကျွန်မကို မမီဖို့သာ အဓိကဆိုပြီး မိုးမခချောင်းရိုးထဲ ခုန်ဆင်းပြီး ဆက်ပြေးတာ။

မိုးမခချောင်းရိုးအကျယ်က ဆယ်လံတောင် မရှိတော့ ကျွန်မ တစ်ဖက်ကမ်းကို ရောက်သွားတာပေါ့။ တစ်ဖက်ကမ်းဆိုတာ ကျွန်မတို့နေတဲ့ ညောင်ပင်သာရွာ။

ကျွန်မလည်း မိုးမခချောင်းရိုးရဲ့ တစ်ဖက်ကမ်းဖြစ်တဲ့ ညောင်ပင်သာရွာဘက်ကမ်းပေါ်လည်း တက်ရော နောက်က တောက်ဆိုတဲ့ အသံကြီး ကြားရတာ ကြောက်စရာ။

အဲဒီအချိန် ကျွန်မနဲ့ ငါးလံလောက်အကွာမှာ မည်းမည်းထောင့်ထောင် သရဲတစ်ကောင်ကို မြင်ရတယ်။ သရဲက မိန်းမ။ သရဲမလို့ ပြောနိုင်တာက ကန့်တော့ပါရဲ့



www.burmeseclassic.com

www.burmeseclassic.com

မိန်းမလို့ပြောနိုင်တဲ့ အမျိုးသမီးရဲ့ အပေါ်ပိုင်းပစ္စည်းကို ထင်ထင်ရှားရှား မြင်ရလို့။

မသာမ၊ ပြန်တော့လို့ အဲဒီသရဲမက လက်တစ်ဖက်က ခါးထောက် လက်တစ်ဖက်က လက်ညှိုးထိုးပြီး ပြောတာ။ ကြားစမှာတော့ ကျွန်မ တော်တော်ကြောက်တာ။ သရဲနှစ်ကောင်ကြားမှာ ပြေးမလွတ်တော့ဘူး။ သေတော့မှာပဲလို့ ထင်ခဲ့တာ။

ဒါပေမဲ့ ကျွန်မအထင် မမှန်ဘူး။ ကျွန်မနဲ့ ငါးလံအကွာလောက်မှ သရဲမက လက်ညှိုးထိုးပြီး ကျွန်မနောက်ကို လိုက်လာတဲ့သရဲ၊ အဲ··သရဲမကို ကျွဲမဟုတ်တော့တဲ့ သရဲမကို ပြန်တော့လို့ ပြောတဲ့အသံ ကြားလို့ တောက်ထပ်မခေါက်ရဲဘဲ ကျွန်မနောက်က ပြေးလိုက်လာတဲ့ သရဲမ ပြန်ပြေးတာ ခြေသံတွေ တဘုတ်ဘုတ်နဲ့။

အဲဒီတော့မှ လက်ညှိုးထိုး ပြောနေတဲ့ သရဲမက–

'ဆရာမ မကြောက်နဲ့တော့။ ဒီဘက်ကမ်းကို ဟိုသရဲမ လိုက်မလာရဲဘူး။ သူနဲ့ ကျွန်မကြားမှာ ဒီချောင်းရိုးလေးက စည်းခြားထားတယ်။ လူမှာ လူ့စည်း၊ ဘီလူးမှာ ဘီလူးစည်းရှိသလို ကျွန်မတို့ သရဲတွေမှာလည်း သရဲစည်း ရှိတယ်။ ဆရာမက ကျွန်မအပေါ် ကျေးဇူးရှိခဲ့ဖူးတယ်။ ကျွန်မတို့ မိသားစုအပေါ်မှာလည်း ကျေးဇူးရှိတယ်။ ကျွန်မ ကလေးမွေးတာ နှစ်ခါ၊ နှစ်ခါလုံး ဆရာမ ကူညီတာ။ ဆေးဖိုးတွေတောင် မယူဘူး။ ကျွန်မတို့က ဆင်းရဲတယ်၊ ရိုးသားတယ်ဆိုပြီး မယူတာ။ ကျွန်မနာမည်က မငွေမှုန်။ ဈေးတောင်း ခေါင်းရွက်ပြီး ရောင်းတဲ့ ကျွန်မ ဒီနေရာမှာ ပိုးထိပြီးသေတာ။ ပိုးထိစက လူတွေ မသိဘူး။ သိတော့ ကျွန်မ သေပြီးပြီ။ သေပြီး သရဲဖြစ်နေတာ။ ဆရာမကို ကျေးဇူးရှိလို့ ကူညီတာ'လို့ ပြောတယ်လေ။

◆◆◆

သရဲ မကြောက်တတ်တဲ့ကျွန်မ အဲဒီညက ညောင်ပင်သာရွာထဲလည်း ဝင်ရော ဦးမျိုးခွေနဲ့ ဦးစောငြိမ်းဆိုတဲ့ လူကြီးနှစ်ယောက်ကို အိမ်ရောက်အောင် လိုက်ပို့ပေးဖို့ အကူအညီ ခေါ်ခဲ့ရတဲ့အထိ။

**ပန်းတနော် နောင်လတ်**


စိတ်မနောအာရုံ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာ ဗေဒပညာ



(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက်ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမထံ မေတ္တာ၊ စေတနာ ရှေ့ထားပြီး "အထူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368




www.burmeseclassic.com

www.burmeseclassic.com



သည်ရက်ပိုင်းအတွင်း ကျွန်တော် စာမရေးဖြစ်ခဲ့ပေ။ တပည့်ဖြစ်သူ သရုပ်ဆောင် ညီထွဋ်ခေါင်အတွက် ရိုက်ကူး ပေးထားသော ဟောဝန်မြိုင်နန်းရဲ့ အကြိုတော် ဇာတ်ကားကို အပြီးသတ်လုပ်ကိုင်နေ၍ အလုပ်တွေ ရှုပ်နေလေ၏။

ဒါရိုက်တာ

# မျိုးဇော်အောင်

## ကျွန်တော်နှင့် ဂျိုရှုဂျော်ကြက်ခြေခတ်



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ကျွန်တော် ဇာတ်ကား၏ ခေါင်းစီးအမည်နာမကို ကွန်ပျူတာဖြင့် စာတန်းထိုးဖို့၊ ဇာတ်ကား၏ ဇာတ်ပို့ နောက်ခံ တေးဂီတတို့ကို အစီအစဉ်တကျ ပြုမူဆောင်ရွက်၍ တည်းဖြတ်ခန်းမှ အိမ်သို့ ပြန်ခဲ့လေ၏။ မမျှော်လင့်ဘဲ အိမ်တွင် ပုဂ္ဂိုလ်တစ်ယောက် ရောက်ရှိနေသည်။

'သုံးလေးရက်တောင် ရှိနေပြီဗျာ။ လာတိုင်း ဆရာမျိုးနဲ့ မတွေ့ဖြစ်ဘူး။ ဒီနေ့တော့ ကံထူးတာပဲ' ဟု ပြောလေ၏။

၄င်းပုဂ္ဂိုလ်မှာ ကိုညွန့်လွင် ဆိုသူ ဖြစ်လေ၏။

'လာဗျာ··ကိုညွန့်လွင်၊ အိမ်ထဲ ဝင်ပါဦး။ အေးအေးဆေးဆေး စကားပြောကြတာပေါ့' ဟု ကျွန်တော်ကဆို၍ အိမ်ရှေ့၌ မတ်တတ်ကြီးရပ်နေသော ကိုညွန့်လွင်အား အိမ်ထဲသို့ ဖိတ်ခေါ်လိုက်လေ၏။

အိမ်ထဲ ရောက်သောအခါ၌ ကျွန်တော်နှင့် ကိုညွန့်လွင်တို့ ဧည့်ခန်း၌ ထိုင်ကြလေ၏။

'ကဲ··ဆိုပါဦး ကိုညွန့်လွင်၊ ဘာအကြောင်းကိစ္စများ ထူးလို့လဲဗျာ။ ကဲပါ။ အအေးလည်း သောက်လိုက်ပါဦး' ဟု ကိုညွန့်လွင်ကို ဧည့်ခံလေသည်။

'ကျွန်တော် အလုပ်လုပ်ချင်လို့ ဆရာမျိုးဆီ လာခဲ့တာ။ ဆိုလိုတာကတော့ ကျွန်တော်ဝါသနာပါတဲ့ ဗီဒီယိုဇာတ်လမ်းလေး ရိုက်ချင်တယ်ဗျာ'

'ရိုက်တာက လွယ်ပါတယ်ဗျာ။ ဖြန့်ချိငွေရမ်းဖို့က တော်တော်ခက်နေတယ်နော်။ ခိုးကူးခွေတွေ များနေလို့ ကိုညွန့်လွင် ဒိုင်ကွဲလို့ မှိုင်ပွဲနဲ့ ယိုင်လဲသွားရင် အရင်းပါ ပြုတ်သွားဦးမယ်။ ခု ဗီဒီယိုဈေးကွက်က အရင်လို မကောင်းဘူးဗျ' ဟု ကျွန်တော်က လက်ရှိအနေအထားအမှန်အတိုင်း ဗီဒီယိုဈေးကွက်ကို ပြောပြလိုက်လေ၏။

ကိုညွန့်လွင် ဆိုသူသည် ကျွန်တော်နှင့် ရုပ်ရှင်အနုပညာ မိတ်ဆွေဟောင်းကြီးတစ်ယောက် ဖြစ်သည်။ လွန်ခဲ့သည့် (၁၀)နှစ်ကျော် (၁၅)နှစ်ခန့်က ရုပ်ရှင်ဇာတ်ကားကြီးများ၊ ဗီဒီယိုဇာတ်ကားများကို တော်တော်များများ ရိုက်ကူးထုတ်လုပ်ခဲ့သူလည်း ဖြစ်၏။ ယခင် မင်းသားကြီး ကျော်ဟိန်း၊ ကျော်သူက အစ ရဲကိုကို၊ ရှိုင်းအောင်တို့ပါ ရိုက်ကူးထုတ်လုပ်ခဲ့သူလည်း ဖြစ်သည်။ ထိုစဉ်က ကျွန်တော်က ဒါရိုက်တာအနေဖြင့် ရိုက်ကူးပေးခဲ့ရလေသည်။

ထို့နောက် နှစ်အတန်ကြာ ကိုညွန့်လွင် တစ်ယောက် ရုပ်ရှင်လောကနှင့် အဆက်ပြတ်ကာ နိုင်ငံခြားသွား အလုပ်လုပ်နေခဲ့လေ၏။ ယခုတစ်ဖန် သူက ပေါ်လာခဲ့ပြန်လေပြီ။ ဗီဒီယို၊ ရုပ်ရှင် ဇာတ်ကားများ ပြန်ရိုက်ဖို့ အနုပညာပိုးက ထလာပြန်လေ၏။ ဗီဒီယို၊ ရုပ်ရှင် အခြေအနေ မကောင်း၍ ကျွန်တော်က အခြေအနေမှန်ကို သတိပေး ဟန့်တားသော်လည်း သူက စောဒကတက်ပြန်၏။

'ကျွန်တော်လည်း ပရမ်းပတာလုပ်မယ့်လူ မဟုတ်ပါဘူး ဆရာမျိုးရယ်။ နောက်ပြီး ပါရမီရှင်လေးနဲ့ သွားတွေ့သွားမေးပြီးမှ လုပ်မှာပါ။ ပါရမီရှင်လေးက မလုပ်နဲ့၊ ကွဲမယ်လို့ အမိန့်ချရင် ကျွန်တော် လက်ရှောင်လိုက်မှာပါ ဆရာမျိုးရယ်' ဟု ကိုညွန့်လွင်က သူ့အစီအစဉ်ကို ပြောလေ၏။

ကိုညွန့်လွင်ဆီက ပါရမီရှင်လေးဟူသော အမည်စကားကို ကြားလိုက်ရသောအခါ ကျွန်တော်သည် စိတ်ဝင်စား၍သွားလေ၏။ စင်စစ် ကျွန်တော်သည် လောကီပညာရပ်များကို စိတ်ဝင်စားသူ ဖြစ်လေသည်။ ထိုလောကီပညာရပ်များနှင့် ပတ်သက်သော စာပေများကိုလည်း များစွာဖတ်ဖူး၊ လေ့လာဖူးခဲ့သူ ဖြစ်၏။ ရုပ်ရှင်ဇာတ်ကားလည်း ရေးသားရိုက်ကူးခဲ့ဖူးလေ၏။ ကျွန်တော် ငယ်စဉ်ကပင် ဖေဖေ ဒါရိုက်တာဦးသန်းကျော်ဌေးက လူလှနဲ့ရုပ၊ ကျိုက်မတ်ကော်သိုက်သမိုင်း၊ ဒေးစွန်ပါသိုက်၊ စောမြတ်မွန် စသည့် လောကီပညာရပ်များနှင့်ဆိုင်သော ဥစ္စာစောင့်၊ လူဝင်စား၊ သိုက်သမိုင်းဆန်ဆန် ဇာတ်ကားများ ရိုက်ကူးခဲ့၍လည်း ကျွန်တော့်ကို ကိုညွန့်လွင် ပြောသည့် ပါရမီရှင်လေး အကြောင်းကိုလည်း များစွာစိတ်ဝင်စားမိခြင်းပင် ဖြစ်လေ၏။

'ဒါနဲ့ ကိုညွန့်လွင်၊ ခင်ဗျားပြောတဲ့ ပါရမီရှင်လေးဆိုတာ လူကြီးလား၊ လူငယ်လား။ အသက်ရော ဘယ်လောက်ရှိပြီလဲ' ဟု ကျွန်တော်က မေးလိုက်သည်။

'ဆရာမျိုး မြင်ရင်တော့ အတော်လေးကို အံ့သြသွားလိမ့်မယ်။ အသက်က (၆)နှစ်၊ (၇)နှစ်အရွယ်ပဲ ရှိသေးတာဗျ' ဟု ကိုညွန့်လွင်က ပြုံးရွှင်စွာ ပြောကြားလေ၏။

ကျွန်တော်သည် ပါရမီရှင်လေး၏ အသက်(၆)နှစ်၊ (၇)နှစ်သာ ရှိသေးသည်ဆို၍ ပို၍ပင် စိတ်ဝင်စားမှု ရှိသွားလေတော့၏။

www.burmeseclassic.com

'ဒါနဲ့ နေစမ်းပါဦးဗျာ။ သူက ဘယ်လိုအတတ်ပညာမျိုးတွေ တတ်ကျွမ်းထားလို့လဲ' ဟု ကျွန်တော်က ဆက်၍ မေးလိုက်ပြန်ရာ ကိုညွန့်လွင်က 'သူက ပါရမီရှင်လေ။ စွယ်စုံတတ်တာဗျ' ဟု အပိတ်စကားဖြင့် အဆုံးသတ်လိုက်လေတော့၏။

'ကျွန်တော် အဲဒီပါရမီရှင်လေးကို လေ့လာချင်တယ်ဗျာ၊ တွေ့ချင်တယ်။ ခင်ဗျားကလည်း မေးစရာ မြန်းစရာလေးတွေရှိတယ်ဆိုတော့ ကျွန်တော်တို့ နှစ်ယောက်စလုံး အဆင်ပြေတာပေါ့ ကိုညွန့်လွင်' ဟု ကျွန်တော်က ပြောလိုက်ပြီးနောက် နှစ်ယောက်သား ထိုပါရမီရှင်လေးရှိရာ သမိုင်းဝင် ကျိုက္ကဆံစေတီတော်အနီးရှိ သူ နေထိုင်သော အောင်ရတနာလမ်းဆီသို့ ထွက်ခဲ့ကြလေတော့သတည်း။

♦ ♦ ♦

ကျွန်တော်တို့ ပါရမီရှင်လေးအိမ်သို့ ရောက်ကြသောအခါ ထိုပါရမီရှင်လေး၏ အိမ်အဝန်း၌ ပရိသတ်များ အုံခဲနေသည်ကို တွေ့မြင်ရလေ၏။

'ဘယ်နှယ့်ဗျာ..ကိုညွန့်လွင်၊ လူတွေကလည်း မနည်းမနောပါလား။ ဘာတွေဖြစ်နေကြတာလဲ'

ဟု ကျွန်တော်က မေးလိုက်ရာ ကိုညွန့်လွင်က-

'လူတွေဝိုင်းနေတဲ့ကိစ္စက ရောဂါမျိုးစုံ ဆေးကုဖို့ ရောက်နေကြတာလေ' ဟု ဖြေကြားလေ၏။

ကျွန်တော်တို့ နှစ်ယောက်လည်း ပရိသတ်များ ဝိုင်းအုံနေကြ၍ အိမ်ထဲ မဝင်နိုင်သေးဘဲ ခြံဝင်းထဲရှိ ကွပ်ပျစ်အလွတ်တွင်ထိုင်ပြီး အခြေအနေကို အကဲခတ်ကြည့်လျက် စောင့်ဆိုင်းနေကြရလေ၏။

များမကြာတင်မီ အချိန်မှာပင် ပရိသတ်များ တဖြည်းဖြည်း နည်းသွားကြလေတော့၏။

'ဒီပါရမီရှင်လေးရဲ့နာမည်က ဘာတဲ့လဲဗျာ။ လူတွေကတော့ သိပ်ပြီး အရင်ကလို မများတော့ဘူး'

ဟု ကျွန်တော်က ပြောလိုက်ရာ သည်တွင် ကိုညွန့်လွင်က ကျွန်တော့်ကို ကြည့်ပြီး-

'ပါရမီရှင်လေးရဲ့နာမည်က မောင်ရွှေသွေးလို့ ခေါ်တယ်။ တော်နေကြာ ကျွန်တော်တို့ သူ့အိမ်ထဲ ဝင်ကြတာပေါ့' ဟု ပြောလေ၏။

သိပ်တော့ဖြင့် မကြာလိုက်ပါလေ၊ ပရိသတ်လူများ ကုန်သလောက် ဖြစ်သွားကြလေတော့၏။

သည့်နောက် ကျွန်တော်တို့ မောင်ရွှေသွေး၏ အိမ်အတွင်းသို့ ဝင်လိုက်ကြလေတော့၏။ သည်တွင် လူတစ်ယောက်ကို ပါရမီရှင်လေး မောင်ရွှေသွေးက အိမ်ရှေ့ဘုရားစင်ရှေ့တွင် ဆေးကုသပေးနေသည်ကို မြင်တွေ့ရလေ၏။

သည်တွင် မောင်ရွှေသွေးက-

'ဘဘ..လမ်းမလျှောက်နိုင်တာ ဘယ်လောက်ကြာပြီလဲ။ ဘာဖြစ်လို့ မလျှောက်နိုင်တာလဲ'

ဟု မေးလိုက်ရာ လူမမာ အဘိုးကြီးက-

'တစ်နှစ်လောက်ရှိပြီ ဆရာလေး။ ခြေထောက်တွေ လေးပြီး မထချင် မထိုင်ချင် ဖြစ်ဖြစ်သွားတာပါပဲ ဆရာလေးရယ်။ နောက်ပြီး အောက်ပိုင်းသေသလိုဖြစ်ပြီး ခြေထောက် မလှုပ်နိုင်တော့ဘူး' ဟု ပြောကြားလေ၏။

ထိုအခါ ပါရမီရှင်လေး မောင်ရွှေသွေးက မျက်နှာပြုံးရွှင်စွာဖြင့်-

'ဘဘ..ဖျာပေါ်မှာ ပက်လက်လှန် အိပ်လိုက်ပါ။ အစ်ကိုကြီးက ကူညီပေးပါ။ နောက် ဘဘ ခြေနှစ်ချောင်း ပူးပြီး ဆန့်ထားလိုက်ပါ။ သား အပေါ်ကနေ ဖြည်းဖြည်း တက်နင်းပေးပါ့မယ်။ ဘဘ မနာစေရဘူး'

ဟု ပြောပြောဆိုဆို လူမမာအဘိုးကြီး ပက်လက်လှန်အိပ်၍ ခြေနှစ်ချောင်း ပူးကပ်ထားပြီး ဆန့်ထားသော ခြေနှစ်ချောင်းပေါ်သို့ မတက်ခင် လက်အုပ်ကလေးချီပြီး-

'ဘဘ..ကန်တော့နော်'

ဟု ဆိုပြီး-

'သား နင်းတော့မယ်။ ဘဘ ကောင်းဖို့ ပြင်ထားတော့' ဟု ဆို၍ အပေါ်တွင် တက်နင်းနေလေတော့၏။

'ဘဘ..သားနင်းတာ ဘယ့်နှယ်နေလဲ' ဟု မောင်ရွှေသွေးက ဘဘဆိုသူအား မေးလိုက်လေ၏။

ထိုအခါ အဘဆိုသူက 'ဘယ့်နှယ်မှ မနေဘူး ဆရာလေး။ နင်းရော နင်းလို့လား ဆရာလေးရယ်' ဟု မေးလေ၏။

ထိုအခါ မောင်ရွှေသွေးက ပြုံးရွှင်သောမျက်နှာဖြင့် 'သား နင်းနေတာ မသိဘူးဆိုတော့ ဘဘခံစားနေရတဲ့ ရောဂါ ပျောက်သွားပြီ။ သားက ကိုယ်ဖော့ပြီး အပူရှိန်နဲ့ သားရင်ထဲက မေတ္တာနဲ့ ကုပေးနေလို့ ဘဘ သားတက်ပြီး နင်းနေမှန်း မသိတာ'



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပြီး-

'ဘဘ··ထတော့၊ ပြီးရင် သားရှေ့မှာပဲ လမ်းလျှောက်ပြနော်'

ဟု အဘိုးအိုကိုပြောပြီး ဘေးနားမှ အဘိုးအိုနှင့်ပါလာသော လူရွယ်နှစ်ယောက်ကိုလည်း-

'အစ်ကိုတို့··အဘကို· ကူညီကိုင်မပေးပါနဲ့။ သူ့ဘာသာသူ လမ်းလျှောက်ပါစေ'

ဟု ပြောပြီး-

'ကဲ··အဘ၊ ဖြည်းဖြည်းထပြီး ပြန်လို့ရပြီ'ဟု ပြောလိုက်ပြန်၏။

အဘိုးအို ဦးဖိုးမောင်မှာလည်း မောင်ရွှေသွေး ပြော စကားအတိုင်း ဖြည်းဖြည်းချင်း အိပ်နေရာမှထပြီး ထိုင်လိုက်လေ၏။ ထို့နောက် ထိုင်ရာမှထ မတ်တတ်ရပ်လိုက်ပြန်၏။

'ဦးလေးဖိုးမောင်··ထိုင်ရာက ထပြီး ရပ်နိုင်ရုံတင် မကဘူးဟေ့။ ခု လမ်းတောင် လျှောက်နေပြီကွ။ အံ့ဩစရာပဲ။ ဝမ်းသာလိုက်တာကွာ'ဟု အဖော်ပါလာသူ တစ်ယောက်က အော်၍ ပြောလိုက်လေ၏။

'အံ့ဩစရာကောင်းလိုက်တာ ဆရာလေးရယ်။ လေးလံပြီး မထနိုင်ဘဲ လမ်းမလျှောက်နိုင်လို့ အိပ်ရာထဲ လဲနေတာ တစ်နှစ်လောက်ရှိနေပြီ။ ခုတော့ ဆရာလေးကို အထူးကျေးဇူးတင်ပါတယ်။ သိပ်ကိုလည်း ဝမ်းသာမိတယ်။ ဒုက္ခိတဘဝ မရောက်အောင် ဆရာလေး ကူညီပေးတာ၊ ဆရာလေးအစွမ်းကြောင့် လမ်းပြန်လျှောက်နိုင်တာ ကျေးဇူးတင်ပါတယ် ဆရာလေးရယ်'ဟု ဦးဖိုးမောင် ဆိုသူက ဆရာလေးချင်းထပ်အောင် အမွှမ်းတင် ပြောနေလေတော့၏။

သည့်နောက် ဦးဖိုးမောင်က အိတ်တွင်းမှ ပိုက်ဆံထုတ်ပေးသော်လည်း ဆရာလေးခေါ် မောင်ရွှေသွေးက လက်ခံယူခြင်း မရှိဘဲ-

'ဘဘကို သားက မေတ္တာနဲ့ ကုသပေးတာပါ။ ဒါကလည်း သားသားရဲ့ အဘဆရာကြီးကြောင့်ပါ။ အေးအေးချမ်းချမ်း အဘပြန်နိုင်ပါပြီ။ သြော်··ဒါထက် သားဘဘကို တစ်ခုမှာချင်တာကတော့ အနန္တောအနန္တငါးပါးနဲ့ ခင်ပွန်းကြီး(၁၀)ပါးကိုသာ မမေ့ပါနဲ့ ဘဘ။ သားက ဆရာလုပ်တာ မဟုတ်ဘူးနော်။ သားက ဘဘမေ့မှာစိုးလို့ သတိပေးတာပါ။ ကျန်းမာပါစေ။ ဘဘသွားတော့နော်'

အဘဦးဖိုးမောင် ဆိုသူလည်း ဆရာလေး မောင်ရွှေသွေးကို ကျေးဇူးတင်ကြောင်း ထပ်တလဲလဲပြောကြားပြီး နှုတ်ဆက်ကာ အဖော်ပါလာသောသူ နှစ်ယောက်၏ ဖေးမကူညီမှု မလိုဘဲ စတိုင်ကျကျ လမ်းလျှောက်၍ ပြန်သွားကြလေတော့၏။

ကျွန်ုပ်တော်သည် ဆရာလေးမောင်ရွှေသွေး ဆိုသူကို ကြည့်၍ စဉ်းစားတွေးခေါ်စရာတွေ ခေါင်းထဲ ဝင်လာလေတော့၏။ ကျွန်ုပ်တော်သည် မောင်ရွှေသွေးဆိုသော ဆရာလေး၏ ထူးကဲဆန်းပြားသောအဖြစ် အမြင်ကို စဉ်းစားတွေးခေါ်နေစဉ်မှာပင် 'ဦးဦးညွန့်လွင်တို့ ဘာအကြောင်းရှိလို့လဲ'ဟု မောင်ရွှေသွေး၏ မေးသံကို ကြားလိုက်ရသဖြင့် ကျွန်ုပ်တော် အတွေးပြတ်၍သွားလေ၏။

'အကြောင်းရှိလို့ပါကွယ်။ ဒီက ဦးရဲ့ဆရာကို ဖိတ်ခေါ်ပြီး မောင်ရွှေသွေးဆီ လာခဲ့တာ'

ဟု ကိုညွန့်လွင်က ဖြေကြားလိုက်လေရာ မောင်ရွှေသွေး ကျွန်ုပ်တော့်ကို ပြုံးရွှင်သောမျက်နှာဖြင့် ကြည့်ပြီး လက်ဝါးကာ၍-

'ဟုတ်ကဲ့၊ သားသိတယ်။ ဦးဦးညွန့်လွင်က ရုပ်ရှင်ကိစ္စပြောမယ်၊ ဆွေးနွေးမယ်။ ဟောဒီက ဦးဦးက သားကို လာလေ့လာတာ။ အဲဒါပြောမလို့ မဟုတ်လား'ဟု မောင်ရွှေသွေးက ဆိုလေ၏။

ကျွန်ုပ်တော့်လာရင်းကိစ္စကို ကျွန်ုပ်တော်ကိုယ်တိုင်ကပင် မပြောမဆိုရသေးဘဲ မောင်ရွှေသွေးက ခုလို ကြိုတင်၍ သိနေသကဲ့သို့ ပြောလိုက်သောကြောင့် ကျွန်ုပ်တော် အံ့ဩသွားမိလေ၏။

'ဦးဦးညွန့်လွင် ရုပ်ရှင်ဇာတ်လမ်းရိုက်ရင် အရင်းပြုတ်လိမ့်မယ်။ ဒီက ဦးဦးကလည်း သားပြောသလိုပဲ ပြောတယ်မဟုတ်လား။ နောက် ဟောဒီပါလာတဲ့ ဦးဦးက သားသမီးကံ မကောင်းဘူး။ ဦးဦးသားနဲ့သမီး ဒုက္ခပေးနိုပ်စက်လို့ လက်ရှိ ဦးဦးစီးနေတဲ့ကားလည်း မရှိတော့ဘူး။ ဦးဦး အိမ်ပဲ ကျန်တော့တယ်။ ဒါပေမဲ့ ဦးဦးရယ်··ဒီဒုက္ခကလည်း ခေတ္တခဏပါ။ ဦးဦးက မိဘနှစ်ပါးကို ကိုယ်ဖိရင်ဖိ စိတ်တိုင်းကျ ပြုစုလုပ်ကျွေးခဲ့ရပြီးပြီပဲ။ အဲဒါ အတွက် အချိန်အခါ လာပါလိမ့်ဦးမယ် ဦးဦး။ ကံတြားမှာနဲ့ ဝဋ်နဲ့ အတိတ်ကရှိခဲ့လို့ ဖြစ်ရတာပဲဆိုတာသာ သဘော



www.burmeseclassic.com

www.burmeseclassic.com

ထားလိုက်ပါ ဦးဦး။ ဘာသာရေးကိုတော့ လုပ်မြဲကိုင်မြဲအတိုင်း ဆက်လုပ်ပါ။ ပုတီးစိပ်ပါ။ သားမှာချင်တာကတော့ သမ္မုဒ္ဒေဂါထာတော် ဘုရားရှိခိုးကို နေ့တိုင်း ရွတ်ပါဦး။ ဦး ရုပ်ရှင်တွေ ဆက်ရိုက်ဖို့လုပ်ပါ။ ဦးအချိန်ရောက်လာပါလိမ့်မယ်'ဟု ပြောလိုက်ရာ ကျွန်တော်သည် ထိုကလေးဆရာလေး မောင်ရွှေသွေးကိုပင် ပို၍,ပို၍ အံ့ဩမိရပြန်လေ၏။

စိတ်ထဲ ရင်ထဲမှာလည်း ဒီကလေး အကြားအမြင်များ ရနေသလားဟု ထင်မိလေတော့၏။

ထိုစဉ် အသက်(၄၀)ကျော်အရွယ် အမျိုးသမီးတစ်ယောက် ဈေးဆွဲခြင်းတောင်းကို ကိုင်ဆွဲလျက် အိမ်ပေါ်သို့ တက်လာလေ၏။

'မေမေ..ဈေးက ပြန်လာပြီလား။ သားမှာတာတွေ ပါပါတယ်နော်။ ကိုရင်လေးတွေနဲ့ သီလရှင်ဆရာလေးတို့အတွက် ကော်ဖီမစ်အထုပ်၊ သကြား၊ သကြားလုံး၊ ထန်းလျက်တို့ ပါပါတယ်နော်'

'သြော်..သားရယ်၊ သား လှူဖို့တန်းဖို့ မှာတာတွေ မေမေ အကုန်မှတ်မှတ်ရရ ဝယ်လာခဲ့ပါတယ်ကွယ်။ ဘယ်မေ့ပါ့မလဲ သားရယ်'ဟု ဆို၍ ဆရာလေးမောင်ရွှေသွေး အမေမှန်း ကျွန်တော် သဘောပေါက်လိုက်မိလေ၏။

'သြော်..ကိုညွှန့်တို့လည်း ရောက်နေတာကိုး။ ညွှန့်သည်လည်း ပါလာတာပဲ။ ဖြည်းဖြည်းပေါ့နော်'ဟု လှည့်၍ ကိုညွှန့်လွင်နှင့် ကျွန်တော့်ကိုကြည့်ကာ ပြောလိုက်သဖြင့် ကိုညွှန့်လွင်နှင့် ဆရာလေးမောင်ရွှေသွေးတို့ မိသားစု ရင်းနှီးပုံရကြောင်း ကျွန်တော် နားလည်လိုက်ပါ၏။

ထို့နောက် ကိုညွှန့်လွင်က ကျွန်တော်နှင့် ၎င်းအမျိုးသမီးကို မိတ်ဆက်ပေး၍ ထိုအမျိုးသမီး၏ အမည်မှာ ဒေါ်မြသွေးဖြစ်ကြောင်း သိခဲ့ရလေသည်။

'ဆရာက ရုပ်ရှင်ဒါရိုက်တာလား'ဟု ဒေါ်မြသွေး ပြောရာ ကျွန်တော်က 'ဟုတ်ကဲ့'ဟုပင် လိုတိုရှင်း ပြန်၍ ဖြေကြားလိုက်လေ၏။

ထို့နောက် ကျွန်တော်သည် မောင်ရွှေသွေးနှင့်ပတ်သက်၍ စိတ်ဝင်စားသည့်အလျောက် စူးစမ်းမေးမြန်းချင်စိတ်များ ဖြစ်ပေါ်လာသဖြင့်-

'ကျွန်တော် ဒီကလေး မောင်ရွှေသွေးနဲ့ပတ်သက်ပြီး စိတ်ထဲမှာ အတော်ထူးဆန်းနေလို့ ဒေါ်မြသွေးကို ကျွန်တော် သိချင်တာလေးတွေ နည်းနည်းပါးပါး မေးလို့ရမလား မသိဘူး'

ဟု ပြောလိုက်ရာ ဒေါ်မြသွေးက ပြုံးရွှင်စွာပင်-

'မေးပါ ဆရာ၊.ရပါတယ်'ဟု စိတ်ရင်းကောင်းစွာဖြင့် ပြန်၍ဖြေကြားလေ၏။

'မောင်ရွှေသွေးနဲ့ပတ်သက်ပြီး သိချင်တာကလေးကို ကျေးဇူးပြုပြီး ပြောပြစေချင်ပါတယ်။ ကျွန်တော်က စာလည်း ရေးပါတယ်။ ရုပ်ရှင်ဒါရိုက်တာတစ်ယောက်ဆိုတော့ အဲဒီလို ထူးထူးခြားခြား ဆန်းဆန်းပြားပြား ကိစ္စမျိုးဆိုရင် စိတ်လည်းဝင်စားတယ်။ နောက်ပြီး အများသူငါ သိရှိအောင်လို့လည်း တစ်ဖက်တစ်လမ်းကနေပြီး စာရေးတင်ပြချင်လို့ပါ'ဟု ကျွန်တော်က ရိုးသားပွင့်လင်းစွာပင် ကိုညွှန့်လွင်ကိုကြည့်ပြီး ဒေါ်မြသွေးကို ပြောပြလိုက်လေ၏။

ဒေါ်မြသွေးကလည်း မောင်ရွှေသွေးကို တစ်ချက်လှည့်၍ ကြည့်လိုက်လေ၏။ သဘောကတော့ သား..အမေပြောပြလို့ ဖြစ်မလားဟူသော အဓိပ္ပာယ်အကြည့်မျိုးဖြစ်လေ၏။

သည်တွင် မောင်ရွှေသွေးကလည်း ဒေါ်မြသွေးကို ကြည့်ပြီး ပြုံးရွှင်သောမျက်နှာဖြင့် ခေါင်းကို ညိတ်ပြလိုက်လေ၏။ ကျွန်တော်သည် မောင်ရွှေသွေး ခေါင်းညိတ်ပြလိုက်သည်ကိုမြင်၍ လွန်စွာမှပင် ဝမ်းမြောက်ဝမ်းသာဖြစ်၍သွားလေ၏။

'သားလေးမောင်ရွှေသွေးရဲ့အကြောင်းကို ပြောရမယ်ဆိုရင်တော့ အရှည်ကြီးပါပဲ ဆရာရဲ့။ နောက်ပြီး ဆရာတို့ယုံချင်မှယုံမယ်။ ဘာဖြစ်လို့လဲဆိုတော့ မယုံနိုင်၊ မယုံကြည်လောက်အောင် ထူးဆန်းအံ့ဩဖွယ်ကောင်းတဲ့ အထူးအဆန်းတွေပါတယ် ဆရာရဲ့'

'ပြောပါ ဒေါ်မြသွေး၊ ကျွန်တော့်အနေနဲ့ကလည်း ခုလို ထူးထူးခြားခြား ဆန်းဆန်းပြားပြားပဲ ကြားချင်နေတာပါဗျာ'

'ဆရာမျိုးပြောတာ ဟုတ်ပါတယ် မမြသွေး၊ တကယ့်တကယ်တော့ သာမစဉ်က သာမစဉ်ပါပဲ။ ထူးထူးဆန်းဆန်းဆိုတော့ ဆရာ့အနေနဲ့ စာရေးရတာ၊ တွေးရတာတွေ ပိုကောင်းတာပေါ့ခင်ဗျာ'ဟု ကိုညွှန့်လွင်ကပါ မမြသွေးအား ထောက်၍ ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

'သားလေးမောင်ရွှေသွေးဟာ ဘယ်လိုပြောရမလဲ။ သူတော်စင်တွေလား၊ သိုက်ကလား၊ ဘိုးတော်တွေဆီကလား ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးရှင်'

'ကျွန်တော့်အနေနဲ့ ပိုပြီးစိတ်ဝင်စားလာမိပါတယ်။ ပြောပါ ဒေါ်မြသွေးရယ်၊ ဆက်ပြောပါဦး'ဟု ကျွန်တော်က ဒေါ်မြသွေး စကားဆက်ပြတ်သွားမည်စိုး၍ လောဆော်လိုက်လေ၏။

ထိုစဉ် မောင်ရွှေသွေးက မိခင်ဒေါ်မြသွေးကို ကြည့်ပြီး-

'သားအကြောင်းကို နောက်မှပဲပြော မေမေ။ ခုလောလောဆယ် ဒီဦးဦးနှစ်ယောက်ကို ထမင်းကျွေးဖို့ လုပ်ပါဦး မေမေရဲ့'

ဟု ရုတ်တရက်ဝင်၍ ပြောလိုက်သောကြောင့် ကျွန်တော်လည်း အားနာ၍သွားရသလို အလိုက်မသိရာလည်း ကျသလို ဖြစ်သွားမည်စိုးသဖြင့်-

'ဟာဗျာ..မောင်ရွှေသွေး ပြောမှပဲ သတိရတော့တယ်။ အားနာစရာကြီးဗျာ။ လုပ်စရာရှိတာ ဆက်လုပ်ပါ ဒေါ်မြသွေး။ ကျွန်တော်တို့အတွက်တော့ တကူးတက ဘာမှမလုပ်ပါနဲ့'

'ဟုတ်ပါတယ် ဒေါ်မြသွေး။ ကျွန်တော်တို့ အပြင်မှာ ချိန်းထားတဲ့ ကိစ္စလေးတွေရှိသေးလို့ အပြင်မှာပဲ စားလိုက်ပါ့မယ်။ ညနေလောက်ကျမှ ကျွန်တော်တို့ ပြန်လာခဲ့ပါ့မယ်'ဟု ကိုညွန့်လွင်ကလည်း အားနာပါးနာစွာဖြင့် ပြောလိုက်လေ၏။

သည်တွင် မောင်ရွှေသွေးလေးက-

'ဦးဦးတို့က အားနာလို့လား။ အားမနာနဲ့၊ ရပါတယ်။ သားတို့အိမ်မှာပဲ စားပါ'ဟု ဆိုလေ၏။

'ရပါတယ် သားရယ်။ နောက်ကြုံတော့ စားတာပေါ့'ဟု ကျွန်တော်ကဆို၍ မောင်ရွှေသွေးကိုပါ နှုတ်ဆက်ကာ ကိုညွန့်လွင်နှင့်အတူ ထွက်ခွာခဲ့ကြလေသတည်း။

◆ ◆ ◆

ကျိုက္ကဆံဘုရားအနီးရှိ ထမင်းဆိုင်တစ်ခုတွင် ကျွန်တော်နှင့် ကိုညွန့်လွင်တို့ နှစ်ယောက် ဆာဆာနှင့် ဝင်၍ စားသောက်ကြလေ၏။ ထိုနေ့အဖို့ ကျွန်တော်ကပင် ဒကာခံကာ စားသောက်၍ ပြီးသွားသော်လည်း ကျွန်တော်တို့ မောင်ရွှေသွေးအိမ်သို့ ချက်ချင်း မသွားရောက်သေးဘဲ လူရှင်းသော လက်ဖက်ရည်ဆိုင်သို့ဝင်၍ လက်ဖက်ရည် သောက်ကြရင်း စကားစမြည် ပြောကြလေ၏။ အဓိက အကြောင်းရင်းက မောင်ရွှေသွေးလေး၏ ဖြစ်စဉ်ဖြစ်ရပ် အစစ်အမှန်ကို သိရှိဖို့ အဓိကပင် ဖြစ်လေ၏။

အချိန်အတော်လေးကြာအောင် နေပြီးမှ သည်လောက်ဆိုလျှင် ဒေါ်မြသွေးတို့သားအမိ ထမင်းစားလို့ ပြီးလောက်ပြီဟု ယူဆကာ နှစ်ယောက်သား မောင်ရွှေသွေးတို့အိမ်သို့ လျှောက်လာကြလေ၏။

မောင်ရွှေသွေးတို့အိမ်သို့ ရောက်သောအခါ မောင်ရွှေသွေးတို့ သားအမိက မုန့်အချို၊ လက်ဖက်သုပ်၊ ရေနွေးအိုးခွက်များ အဆင်သင့်ပြင်ဆင်၍ တည်ခင်းဧည့်ခံဖို့ စီစဉ်ထားခဲ့ပုံရလေ၏။

'ဆရာတို့ကို စောင့်နေတာ၊ လာရင် အဆင်သင့်သုံးဆောင်နိုင်ဖို့ ကျွန်မတို့ တတ်နိုင်သလောက် ပြင်ဆင်ထားတာပါ'ဟု ဒေါ်မြသွေးက ဆို၏။

'အလကားသက်သက် ဒုက္ခရှာလို့ခင်ဗျာ။ အဲဒီလောက်လည်း မလိုပါဘူး။ ကျွန်တော်က မောင်ရွှေသွေး အကြောင်းသိရရင် ကျေနပ်ပါပြီ'

ဟု ကျွန်တော်က ပြောလိုက်ရာ ဆရာလေး မောင်ရွှေသွေးက-

'ဦးဦးတို့က ဧည့်သည်တွေပဲဟာ။ ကျွန်တော်တို့က အိမ်ရှင်လေ။ ဧည့်ခံရမှာပေါ့'ဟု သွက်သွက်လက်လက် ပြောလေ၏။

'ကျေးဇူးတင်ပါတယ်ကွယ်။ ဒါထက် ဒေါ်မြသွေး စောစောက ပြောလက်စစကား ဆက်ပြောကြရအောင်'ဟု ကျွန်တော်ကပင်စ၍ စကားလမ်းခင်းပေးလိုက်လေ၏။

ထိုအခါ ဒေါ်မြသွေးက မောင်ရွှေသွေးအကြောင်း ပြောပြရာ ကျွန်တော်က ဒေါ်မြသွေး ပြောပြသော စကားများကို ဝတ္ထုဇာတ်လမ်းဆန်ဆန် အောက်ပါအတိုင်း ရေးသားဖော်ပြလိုက်လေသတည်း။

◆ ◆ ◆

'အမေ..သားကို လက်ခံပါနော်။ သား အမေ့ဆီလာခဲ့မယ်။ အမေတို့နဲ့အတူ နေပါရစေနော် အမေ'

ဟု မောင်ရွှေသွေးက ပြောလိုက်သောအခါ ဒေါ်မြသွေးသည် မောင်ရွှေသွေးကို စေ့စေ့ကြည့်၍-

'သားက ဘယ်ကလာတာလဲ။ အမေ့ကို သိလို့လား'

www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်ရာ မောင်ရွှေသွေးက-

'သားက သိုက်ချုပ်ဘိုးဘိုးကြီး ခွင့်ပြုချက်နဲ့ သိုက်နန်းက လာတာပါ အမေ။ အမေ့ကို သား ကောင်းကောင်း သိပြီး မှတ်မိနေတာပေါ့။ အရင်ဘဝက အမေက သားရဲ့ အမေရင်းလေ။ အမေမယုံရင် အမေ့ရဲ့ ညာဘက်လက် မောင်းကို လှန်ကြည့်လိုက်ပါ အမေ။ အသားအညိုရောင် (ဝ)အက္ခရာကြီး တစ်လုံးရှိတယ်'ဟု ပြောလိုက်ရာ ဒေါ်မြသွေး အံ့ဩထိတ်လန့်သွားလေ၏။

အမှန်တကယ်လည်း မောင်ရွှေသွေး ပြောသကဲ့သို့ ညာဘက်လက်မောင်းတွင် အညိုရောင် (ဝ)အက္ခရာ စာလုံးတစ်လုံး ရှိနေသောကြောင့် ဖြစ်လေ၏။

'ဟုတ်တယ်မဟုတ်လား အမေ'ဟု မောင်ရွှေသွေးက မေးလိုက်ရာ ဒေါ်မြသွေးက 'ဟုတ်တယ်၊ ရှိတယ်'ဟု ဝန်ခံပြောဆိုလေ၏။

'သားက အမေတို့နဲ့ အတူလာနေရင် ဆင်းရဲမှာပေါ့ သားရယ်။ အမေတို့က မချမ်းသာဘူး သားရဲ့'

ဟု ဒေါ်မြသွေးက ပြောလိုက်ရာ မောင်ရွှေသွေးက-

'ဆင်းရဲအတူ ချမ်းသာအတူပေါ့ အမေရယ်။ ဒါပေမဲ့ သား အမေတို့နဲ့ အတူနေရရင် မဆင်းရဲဘူး။ ချမ်းသာမှာပါ အမေရဲ့'ဟု ပြောလေ၏။

'သား အခုပြောနေတဲ့ စကားတွေက ဟုတ်ရောဟုတ်ရဲ့လား သားရယ်။ သားအကြောင်းကို အမေတို့ မသိဘူး။ သား အမှန်အတိုင်း အမေ့ကို ပြောပြစမ်းပါကွယ်'ဟု ဒေါ်မြသွေးက မေးလိုက်ရာ မောင်ရွှေသွေးက အမှန်အတိုင်း ပြောပြလေ၏။

'ဒီလိုပါ အမေ။ အရင်ဘဝတုန်းက သားက အဘ ဆရာကြီးအောင်မင်းခေါင်ရဲ့ တပည့်ရင်းတစ်ယောက်ပါ။ အဘအောင်မင်းခေါင်ဟာ ပုပ္ပားမှာ စခန်းဖွင့်ပြီး သားကို လောကကြီးအတွင်း၌ ပေါ်ပေါက်ခဲ့ကြသော အမျိုးစုံသော လက္ခဏာကျမ်းများ၊ နိမိတ်ကျမ်း၊ နက္ခတ်ကျမ်းများ၊ မန္တရားကျမ်းများ၊ ဆေးကျမ်း၊ ဓာတ်ကျမ်း အစရှိသော လောကပညာ၊ လောကီပညာနဲ့ ဆက်နွှယ်ပတ်သက်ရာ ဂန္ဓာရီဝိဇ္ဇာပညာတွေ သင်ကြားပေးခဲ့ပါတယ်။ အဲဒီလိုနဲ့ သား လေး,ငါးနှစ်လောက်ကြာတော့ အဘအောင်မင်းခေါင်က သားကို ဂန္ဓာရီစခန်းလှည့်ဖို့ ခိုင်းခဲ့ပါတယ်။ သားက အဲဒီတုန်းက အမေ အသည်းအသန် ဖြစ်နေလို့ အမေ့ကို ပြုစုရဦးမယ်။ အမေ နေကောင်းမှပဲ သွားပါရစေ အဘလို့ ပြောတော့ မင်းက ဝိဇ္ဇာစခန်းကို သိက္ခာကန်းအောင် လုပ်တဲ့ကောင်ပဲ။ မင်းလုပ်ချင်တာ လုပ်တော့၊ သွားတော့ကွာဆိုပြီး သားကို ပုပ္ပားကနေ မောင်းထုတ်ခဲ့တယ် အမေ။ သားလည်း နောင်တတွေရပြီး အဘကို တောင်းပန်ဖို့ ပုပ္ပားကို ပြန်သွားတော့ အဘနဲ့ မတွေ့တော့ဘူး။ ချင်းတောင်ဘက်ကို ဂန္ဓာရီလှည့်သွားတယ်လို့ ကြားသိလိုက်ရတယ်။ သားလည်း စိတ်ထိခိုက် စိတ်ဓာတ်ကျပြီး ရွာကိုပြန်လာတော့ အမေရယ်··တောလမ်းတစ်နေရာမှာ သား ပိုးထိပြီး သေဆုံးခဲ့ရတယ်။ အဲဒီနောက် အဘ သားကို လာတွေ့တယ်။ မင်း သိပ်မိုက်တယ်။ လောကီထွက်ရပ်ပေါက်စခန်းမှာ (မ)ကြေရတယ်ကွ။ အထက်ကနိုင်းရင် (မ)ဖြတ်ရတယ်ကွ။ မလုပ်ဘူး၊ မသွားဘူးဆိုတာ မရှိဘူး။ လုပ်မယ်၊ သွားမယ်ပဲ ရှိတယ်။ အဲဒါကြောင့် မင်း (မ)တစ်လုံးမကြေသေးလို့ ငါ မင်းကို ဒဏ်ခတ်လိုက်တာ။ မင်း သိုက်ချုပ်ဘိုးဘိုးကြီးရဲ့ သိုက်နန်းမှာ တစ်နှစ်လောက်တော့ ခံလိုက်ဦးပေါ့ကွာ။ အဲ··တစ်နှစ်ပြည့်လို့ မင်းနဲ့ငါ ပြန်ဆုံကြတဲ့အခါ မင်းရဲ့ လက်ဝါးပြင်နှစ်ဖက်မှာ ငါ တံဆိပ်ခတ်ပေးလိုက်မယ်။ ဂမ္ဘီရမှော်ကြက်ခြေနှစ်ခုနဲ့ တံခွန်လှသားဘဝရောက်စေ ဆိုပြီးပေါ့။ အဲဒီလိုပြောပြီး အဘက ရယ်ရယ်မောမောနဲ့ ပြန်ထွက်သွားတယ်။


တစ်နှစ်ပြည့်တော့ အဘပေးခဲ့တဲ့ ကတိအတိုင်း သားနဲ့ ပြန်ဆုံဖြစ်တယ်။ အဲဒီလို ပြန်ဆုံဖြစ်တဲ့အခါမှာပဲ သားရဲ့ လက်ဝါးပြင်နှစ်ဖက်ကို သူ့လက်ဝါးနှစ်ဖက်နဲ့ရိုက်ပြီး လက္ခဏာအရေးအကြောင်းတွေ ပြောင်းပေးခဲ့တယ်။ ဟောဒီမှာ အဘအောင်မင်းခေါင် တံဆိပ်နှိပ် ရိုက်ပေးခဲ့တဲ့ လက်ဝါးပြင်နှစ်ဖက်'ဟု မောင်ရွှေသွေးက အတိတ်အကြောင်းကို ပြောပြရင်း ဒေါ်မြသွေး မြင်သာအောင် လက်ဝါးပြင်နှစ်ဖက်ကို ထောင်၍ပြလိုက်လေ၏။

မောင်ရွှေသွေး၏ ဘယ်ညာလက်ဝါးပြင်နှစ်ဖက်မှာ အောက်ပါအတိုင်း ဖြစ်လေ၏။


ဒေါ်မြသွေးလည်း မောင်ရွှေသွေး၏ လက်ဝါးပြင်နှစ်ဖက်ကို သေသေချာချာကြည့်လိုက်ရာ ရွှေရောင်အဆင်းကဲ့သို့ ဝင်းထိန်နေသည်ကို မြင်တွေ့လိုက်ရ၍ အံ့ဩမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လက်ဝါးပြင်



ညာလက်ဝါးပြင်

ထို့နောက်တော့ မောင်ရွှေသွေးသည် 'သား အမေ့ဆီ လာခဲ့မယ်။ ခုတော့ ခဏပြန်လိုက်ဦးမယ်နော် အမေ' ဟု ဆို၍ ပျောက်ကွယ်သွားလေ၏။

ဒေါ်မြသွေးလည်း အိပ်ရာမှ လန့်နိုးထလေ၏။ အိပ်မက်ရှည် မက်ခဲ့ရသောကြောင့် ဒေါ်မြသွေးမှာ ရင်တထိတ်ထိတ်ဖြင့် ရင်သပ်ရှုမော အံ့သြမဆုံး ဖြစ်နေမိတော့၏။

အထက်ပါ အကြောင်းအရာတို့မှာ မောင်ရွှေသွေး၏ ထူးခြားဆန်းပြားသော ဖြစ်ရပ်ဆန်းတစ်ခုဖြစ်ရာ မိခင်ဖြစ်သူဒေါ်မြသွေးမှ ပြောပြ၍ ကျွန်တော် ကြားသိခဲ့ရခြင်း ဖြစ်ပေ၏။

ကျွန်တော်သည် သတိတရဖြင့် ဆရာလေး မောင်ရွှေသွေးကို ကြည့်လိုက်ရာ မောင်ရွှေသွေးက ပြုံးလျက် ကျွန်တော့်ဘက်သို့လှည့်ကာ သူ့ရဲ့ လက်ဝါးပြင်နှစ်ဖက်ကို ထောင်၍ ဖြန့်ပြလေ၏။ လက်ဝဲ,လက်ယာ လက်ဝါးပြင် နှစ်ဖက်တွင် ထူးထူးဆန်းဆန်း အံ့သြဖွယ်ကောင်းသော ဂမ္ဘီရမှော်ကြက်ခြေခတ်နှစ်ခုနှင့် စနေကြိုဟ်ခုံ၌ တံခွန်အလံတိုင် နှစ်တိုင်ကို တွေ့လိုက်ရပေတော့သတည်း။

**ဒါရိုက်တာမျိုးဇော်အောင်**

www.burmeseclassic.com



# ကျတ်ငယ်များနှင့် အတူဆော့ခဲ့သော သားငယ်

( ဇေယျဝတီ )

ကိုဖိုးထောင်မှာ မိုးမကျမီတွင် အချိန်မီ အိမ်ပြန်ပြင်နိုင်ရန် လိုအပ်နေသော အခြင်ဝါးများ ရရှိရန်အတွက် ဝါးရှာခုတ်ရန် တစ်ယောက်တည်း တောတက်လာခဲ့လေသည်။ ကျေးလက်တောရွာများတွင် နေထိုင်ကြသူတို့မှာ အိမ်ကြီးအိမ်ကောင်းနှင့် နေထိုင်နိုင်ကြသူက နည်းပါးသည်။ များသောအားဖြင့် ဓနိမိုး၊ ထရံကာ ဝါးကြမ်းခင်း အိမ်များနှင့်သာ နေထိုင်ကြသူ များလေသည်။

ကိုဖိုးထောင်၏ အိမ်မှာလည်း ဓနိမိုး၊ ထရံကာ၊ ဝါးကြမ်းခင်းအိမ်ပင် ဖြစ်လေသည်။ ထိုအိမ်မျိုးနှင့် နေထိုင်ကြသူတို့မှာ တစ်နှစ် တစ်ခါ အိမ်ပြန်ပြင်ကြရ၏။ တချို့အိမ်များက တိုင်များ တောင့်တင်းခိုင်မာသော်လည်း အမိုးက ဓနိ၊ သက်ငယ်တို့နှင့် မိုးထားကြသဖြင့် တစ်မိုးကုန်သွားလျှင် ထိုဓနိ၊ သက်ငယ် အမိုးများမှာ ဆွေးမြည့်

နေပြီဖြစ်သောကြောင့် မိုးဦးပြန်မကျမီမှာ ဓနိ၊ သက်ငယ် အသစ်များ ပြန်မိုးပေးကြရသည်။ အသစ်ပြန်မမိုးခဲ့လျှင် မိုးလယ်လောက် ရောက်သည်နှင့် အမိုးများ ပေါက်ကျကာ ဟိုနားကယိုကျ၊ ဒီနားကယိုကျနှင့် အိပ်ကောင်းတိုင်း မအိပ်ရတော့ပေ။ မိုးယိုကျသည့်အောက်မှ သံပုံး၊ ခွက်၊ ပလတ်စတစ်ပုံး စသည်ဖြင့် ခံထားပေးရတော့သည်။

တချို့အိမ်သားတို့မှာ အိပ်မောကျနေခြင်းကြောင့် မိုး

www.burmeseclassic.com

သည်းသည်းရှာသည်ကို မသိကြချေ။ အိမ်ခေါင်အမိုးအပေါက်မှ မိုးယိုကျပြီး စောင်၊ ခြင်ထောင်တွေ စိုရွှဲတော့မှ နီးလာကြကာ နေရာရွှေ့ပြီး မိုးမယိုသော နေရာသို့ ရွှေ့ပြောင်းနေကြရလေသည်။

ကိုဖိုးထောင်ကတော့ ထိုအဖြစ်မျိုးနှင့် မကြုံရစေရန် မိုးမကျမီ အချိန်ကတည်းက သူ့အိမ်ကို ပြန်ပြင်ရန် ပြင်ဆင်ခဲ့လေသည်။

ငါ့အိမ်က တိုင်တွေက တောင့်တင်းခိုင်မာတော့ တိုင်တွေ ပြန်လဲစရာမလိုဘူး။ အိမ်နံရံမှာ ကပ်ထားတဲ့ ဝါးထရံတွေကလည်း တစ်နှစ်ကမှ အသစ်ပြန်လဲပြီး ကပ်ထားခဲ့တာဆိုတော့ ထရံများ ပြန်လဲပေးစရာ မလိုဘူးပဲ။ အိမ်အမိုး ဓနိကတော့ တစ်နှစ်ခံပဲ မိုးထားတာဆိုတော့ ဓနိအသစ် ပြန်မိုးပေးရမှာပဲ။

'ရှင် အိမ်အမိုး အသစ်ပြန်မိုးတော့မယ်ဆိုရင် အခြင်ဝါးတွေကိုလည်း စစ်ဆေးကြည့်ဦးလေ။ မနက်မိုးလင်းလို့ အိမ်ကြမ်းပြင်ပေါ်ကို ကြည့်လိုက်ရင် ပိုးမှုန့်တွေ ကျနေတာ တွေ့နေရတယ်လေ။ အဲဒါ အခြင်ဝါးတွေကို ပိုးထိုးထားတာ ဖြစ်မယ်'

ကိုဖိုးထောင်လည်း သူ့ဇနီး သတိပေးသဖြင့် အိမ်အခြင်ဝါးများကို စစ်ဆေးကြည့်မိရာ အခြင်ဝါး လေးငါးဆယ်လုံးမက ပိုးထိုးထားသည်ကို တွေ့ရတော့သည်။

အင်း··ငါ့မိန်းမ သတိပေးလာလို့ ကြည့်ခဲ့မိလို့သာပဲ။ အခြင်ဝါးတွေ ပြန်လဲစရာ မလိုဘူးမှတ်ပြီး အိမ်တက်မိုးကာမှ ပိုးထိုးထားတဲ့ အခြင်ဝါးက ကျိုးကျရင် ဒုက္ခရောက်တော့မလို့ပါလား။

ဒီလိုဆိုရင် ငါ အိမ်ပြန်မမိုးမီ တောတက်ပြီး အခြင်ဝါးအတွက် တစ်ခေါက် ဝါးတက်ခုတ်ရဦးမှာပါလား။

လိုအပ်သည့် အခြင်ဝါးခုတ်ယူရန်မှာ နီးနီးနားနားတွင်တော့ ခုတ်မရနိုင်တော့ပေ။ အိမ်ပြန်ပြင်ချိန်ဖြစ်၍ သူသူကိုယ်ကိုယ်က ဝါးများ ရှာဖွေခုတ်ထားပြီးကြသဖြင့် ဝါးတောကို တွေ့ရပေမယ့် အခြင်ဝါးအဖြစ် သုံးနိုင်ရန် ဝါးကောင်းဝါးဖြောင့်များက မရှိသလောက် ရှားပါးနေပြီဖြစ်သည်။

အင်း··ငါ စခန်းက အထက်ဘက် ခပ်ဝေးဝေးကို ရောက်အောင် ဝါးသွားရှာရင်တော့ အခြင်ဝါး ခုတ်ယူနိုင်မှာပါလေ။

ကိုဖိုးထောင် သူ့ရည်မှန်းချက်အတိုင်း စခန်းပေါ် ခပ်ဝေးဝေးသို့ တက်ရောက်လာကာ ဝါးတောများကို ကြည့်လာခဲ့သည်။

ဟာ··ဒီနေရာမှာတော့ ရင့်ပြီး ပြောက်ထနေတဲ့ ဝါးဖြောင့်တွေကို တွေ့ရပြီ။ ငါ ရှာခုတ်တော့မှပဲ။

ဒီနေရာက လူ့စခန်းနဲ့ ဝေးနေတော့ ဝါးလာမခုတ်ယူကြလို့ ဝါးကောင်းတွေကို တွေ့ရတာပဲ။

ကိုဖိုးထောင်လည်း ထိုဝါးတောထဲမှ ဖြောင့်ပြီး ပြောက်ထအောင် ရင့်သော ဝါးတစ်ရာကျော်လောက် ရအောင် ရှာဖွေခုတ်နေလေသည်။ ခုတ်ပြီးသားဝါးများအား တစ်နေ့ထဲ၌ စုပုံကာ ဖွတ်ဖွဲ့ခဲ့သည်။ ထိုသို့ဖွတ်ဖွဲ့ထားခဲ့မှသာ ဝါးလာဆွဲသောအခါ အံဆင်သင့်သံကြိုးပတ်ချည်၍ ဆွဲယူနိုင်မည် ဖြစ်သည်။

ဝါးခုတ်ပြီးချိန်တွင် နေ့ခင်းတစ်နာရီအချိန်လောက်ရှိနေပြီဖြစ်၍ ဗိုက်က ဆာလာသဖြင့် နေ့ခင်းစာ ထမင်းထုပ်ကို သတိရလာသည်။ ထို့ကြောင့် ရေတွေ့နိုင်ရန် မြောင်တစ်မြောင်ထဲ ဆင်းလာခဲ့ပြီး ရေစမ်းတစ်ခုကို တွေ့ရှိကာ ထိုရေစမ်းဘေး၌ အရိပ်ကောင်းသော နေရာတွင်ထိုင်၍ နေ့ခင်းစာ စားသောက်ခဲ့လေသည်။ စားပြီးလျှင် စမ်းရေကို တစ်ဝသောက်ပြီး အရိပ်ကောင်းသော သစ်ပင်ရိပ်များအောက်၌ နေခိုနေခဲ့သည်။

'အင်း··ငါခုတ်ထားတဲ့အခါ ဝါးကို ဒီနေ့ည လသာသာမှာ ငါ့သားလေးကို အဖော်ခေါ်လာခဲ့ပြီး လာဆွဲယူမှပဲ။ ညဘက် လသာသာမှာ အေးနေလေတော့ လူရော နွားတွေရော မပင်ပန်းကြတော့ဘူးပေါ့လေ'

ကိုဖိုးထောင်မှာ ထိုသို့စဉ်းစားမိခဲ့ခြင်းကြောင့် နေနည်းနည်းကျသည်နှင့် တောထဲမှ အိမ်သို့ ပြန်လာခဲ့တော့သည်။ ပြန်လာနေရင်းမှ သူ အိမ်ရောက်လျှင် နွားတွေကို အစာကျွေးကာ ရေတိုက်ပေးရမည်။ လှည်းမြီးတိုပေါ်တွင် သံကြိုးနှင့် ဖွတ်ထမ်းပိုးတုံး တင်ရမည်ကို တွေးလာခဲ့လေသည်။

◆◆◆

'သားရေ··အဖေနဲ့ တောထဲမှာ ဝါးသွားဖွတ်ဖို့ လိုက်ခဲ့နော်'

'ဟုတ်လား အဖေ၊ သားက တောထဲ တစ်ခါမှ မလိုက်ဘူးလို့ လိုက်ချင်နေတာနဲ့ အတော်ပဲ'



www.burmeseclassic.com

www.burmeseclassic.com

'ညဘက်ကြီးမှာ သားကို ခေါ်သွားလို့ ဖြစ်ပါ့မလား တော်'

'အို..ဖြစ်ပါတယ်ကွ။ ညဘက်မှာ လသာနေတာပဲ။ ပြီးတော့ ဝါးက ခုတ်ထားပြီးသားမို့ တောထဲကို ရောက်တာနဲ့ တန်းပြီး စွတ်ဆွဲချလာရမှာပဲကွ'

'ကဲ..သား၊ လှည်းပေါ်တက်။ အဖေတို့ တောထဲ သွားကြရအောင်ဟေ့'

ညနေပိုင်း နေဝင်သွားချိန်တွင် ကိုဖိုးထောင်တို့ သားအဖလည်း ဝါးသွားတိုက်ယူကြရန် လှည်းမောင်း၍ ထွက်လာခဲ့ကြလေသည်။ တောထဲတက်သော လှည်းလမ်းအတိုင်း နွားများကို ကြိမ်တို့၍ ခပ်သွက်သွက်မောင်းလာခဲ့ကြလေသည်။ သူတို့ လှည်းမောင်းလာကြစဉ်တွင် ကောင်းကင်၌ လမင်းကြီးက ထိန်ထိန်သာလျက် ရှိလေသည်။

'အဖေ..ညဘက်ဆိုတော့ နေမပူဘဲ လေကလေး တဟူးဟူး တိုက်နေတော့ လှည်းစီးသွားကြရတာ ပျော်စရာကောင်းတယ်နော်'

'ဒါပေါ့ သားရဲ့၊ လမင်းကြီး သာနေလို့ပဲ သားကို အဖေက အဖော်ခေါ်လာခဲ့တာလေကွာ။ မှောင်မိုက်နေရင် တော့ သားကို မခေါ်ပါဘူးကွာ'

'မှောင်နေလည်း ဘာဖြစ်လဲ အဖေရာ။ သား လိုက်ရဲ ပါတယ်။ ပြီးတော့ လှည်းစီးပြီး လိုက်ရတာပဲ မဟုတ် လားဗျ'

'အေးပါကွာ၊ သား ကောင်းကောင်းကိုင်ထားနော်။ ရှေ့မှာ ချောင်းအဆင်းကို ဆင်းရတော့မှာကွ'

နွားများမှာ ချောင်းအဆင်းတွင် အပြေးဆင်းသွားကြသည်။ ချောင်းထဲတွ ရေက စပ်စပ်ပဲ ရှိနေသည်။

'ကဲ..သားရေ၊ အဖေ လှည်းကို ခဏရပ်ထားပြီး နွားနှစ်ကောင်ကို အေးသွားအောင် ရေပက်ပေးဦးမယ်ကွ'

'အဖေ..နွားတွေကို ရေချိုးပေးမှာလားဟင်'

'မဟုတ်ဘူး သားရဲ့။ အခုလို လှည်းတပ်မောင်းလာတုန်း ရေပက်ပေးလိုက်တော့ နွားတွေ အားရှိသွားတာပေါ့ ကွာ'

နွားများကို ရေပက်ပေးပြီးသည်နှင့် သားအဖ နှစ်ယောက်လည်း စကားတပြောပြောနှင့် လှည်းစခန်း အရောက် ဆက်၍ မောင်းလာခဲ့ကြတော့သည်။

'ကဲ..သားရေ၊ အဖေတို့ လှည်းစခန်းကို ရောက်လာကြပြီကွ။ ဝါးခုတ်ထားတဲ့နေရာကို နွားတွေကို စွတ်ထမ်းပိုးတပ်ပြီး မောင်းတက်ကြမယ်ဟေ့'

တဖြည်းဖြည်း မောင်းတက်လာခဲ့ကြသည်။ တောင်ပေါ်သို့ အတက်တွင် လရောင်က ကွက်တိကွက်ကျားသာ အလင်းရောင် ကျရောက်နေသည်။

'သား..တောင်ပေါ်ကို တက်ရတာ မောနေပြီလား ကွ'

'မမောပါဘူး အဖေရာ။ သား တက်နိုင်ပါတယ်ဗျ'

'ဟော..ရှေ့မှာ ခုတ်ထားတဲ့ ဝါးပုံကို ရောက်ပြီကွ'

ကိုဖိုးထောင်က ဝါးပုံအား သံကြိုးသိုင်းပတ်ကာ ကျန်တစ်ဖက်မှ ချိတ်နှင့် စွတ်ထမ်းပိုးတွင်ပတ်၍ ချိတ် လိုက်၏။

'ကဲ..သားက အဖေ ဝါးစွတ်မောင်းတဲ့နောက်က လိုက်ခဲ့ဟေ့။ အဖေ မောင်းမယ်'

ဝါးစွတ်အား စွတ်လမ်းကြောင်း အကွေ့အကောက် အဆင်းများအတိုင်း တဖြည်းဖြည်းမောင်း၍ ဆင်းလာခဲ့ သဖြင့် မကြာမီတွင် လှည်းစခန်းသို့ ရောက်လာခဲ့ကြ သည်။

နွားများကို စွတ်မှဖြုတ်၍ ဝါးရုံတွင် ချည်ထားကာ ဝါးအဖျားများကို ရှေ့ဘက်မှထား၍ လှည်းပေါ်သို့ တင် သည်။ ဝါးအားလုံး တင်ပြီးသွားသောအခါ လှည်းတံနှင့် ဝါးများကို သိုင်းချည်ကာ သံကြိုးချိတ်ပြီး တင်းသွားစေ ရန် ချက်တုပ်ပေးရ၏။ ချက်တုပ်ထားမှ လှည်းအဆင်း အတက်များတွင် တင်ထားသော ဝါးများ ရှေ့နောက်သို့ မရွေ့နိုင်တော့ပေ။

'ကဲ..သား၊ လှည်းပေါ်တက်ပြီး ဝါးတွေပေါ်က တက်ထိုင်လိုက်ဟေ့။ အဖေက ဝါးလှည်းကို မောင်းတော့ မယ်ကွ။ လိမ့်မကျအောင် သေချာကိုင်ထားနော်'

'ကဲ..ဟဲ့ နွားနှစ်ကောင်၊ သွက်သွက်လှမ်းကြစမ်း ဟေ့'

သားအဖနှစ်ယောက် လှည်းစခန်းမှ စတင်၍ ဝါး လှည်းကို မောင်းထွက်လာခဲ့ကြလေသည်။

'သားရေ..မြဲမြဲကိုင်ထားနော်။ လှည်းလမ်းက ကျင်း တွေ၊ ချိုင့်တွေ ရှိနေတော့ ဟိုစောင်း ဒီစောင်းနဲ့ သား လှည်းပေါ်က ကျမယ်ကွ'



www.burmeseclassic.com

www.burmeseclassic.com

'သား အသေအချာ ကိုင်ထားပါတယ် အဖေရ'

'ဟော..ရှေ့မှာ မြောင်းတစ်မြောင်းထဲကို ဖြတ်ဆင်းတော့မယ် သားရေ၊ အဆင်းမှာ လိမ့်မကျအောင် ကိုင်ထားကွ'

တဖြည်းဖြည်းနှင့် လှည်းစခန်းမှ မောင်းထွက်လာခဲ့ကြရာ မကြာမီတွင် တောဆုံးခါနီးနေရာသို့ ရောက်ကြတော့မည် ဖြစ်သည်။

'အဖေ..အခု တိုက်လာတဲ့ ဝါးတွေက တော်တော်ကောင်းတာပဲ။ အဖေ ဘာသုံးမှာလဲဟင်'

'အဖေတို့ အိမ်ပြန်မိုးရင် ဆွေးနေတဲ့ အခြင်ဝါးတွေကို ဖြုတ်ပစ်ပြီး ဒီဝါးတွေနဲ့ အစားထိုးပေးရမှာ သားရဲ့'

'ဟော..ရှေ့မှာ ချောင်းအဆင်းတစ်ခုကို ဆင်းတော့မယ် သားရေ။ မြဲမြဲသာ ကိုင်ထားဟော့'

နွားများက ချောင်းအဆင်းဖြစ်၍ အပြေးဆင်းကြသည်။ နဖားကြိုးဆွဲပြီး ထိန်းထားသည့်ကြားက အဆင်းလမ်းဖြစ်နေ၍ တစ်ဖက်ကမ်းကုန်းပေါ်သို့ မောင်း၍တင်သည်။

'ဂျွတ်'

'ဟာ'

'လှည်းဝင်ရိုးကျိုးပြီနဲ့တူတယ် သားရေ။ ဟာ..ဟုတ်တယ်ကွ။ ဝင်ရိုးကျိုးတဲ့ဘက်က လှည်းဘီးတောင် ယိုင်နေပြီကွ။ လှည်းကို ဆက်မောင်းလို့ မရနိုင်တော့ဘူး သားရေ။ ဒုက္ခပါပဲကွာ။ လမ်းခုလတ်ကြီးမှာမှ ဝင်ရိုးက ကျိုးရတယ်လို့ကွာ'

'လှည်းဆက်မောင်းလို့ မရရင် သားတို့ ရွာကို ဘယ်လိုသွားကြမှာလဲ အဖေ'

'အင်း..လှည်းဆက်မောင်းလို့ရနိုင်အောင် ရွာကိုပြန်ပြီး လှည်းဝင်ရိုး ပြန်ထမ်းလာပြီး လှည်းမှာ တပ်ပြီးမှ လှည်းဆက်မောင်းနိုင်မှာ သားရဲ့'

'ဒီလိုဆိုရင် အဖေ ရွာကိုပြန်သွားပြီး လှည်းဝင်ရိုးသွားထမ်းလာရမှာပေါ့နော်'

'သားက ငယ်သေးတော့ လှည်းဝင်ရိုးကို ထမ်းလာနိုင်မှာမဟုတ်တော့ အဖေပဲ ပြန်ထမ်းလာရမှာပဲကွ'

'သား နွားတွေနဲ့ ဒီဝါးလှည်းကို တစ်ယောက်တည်းစောင့်နေရဲမလားကွ'

'လသာနေတာပဲ အဖေရာ။ သား စောင့်နေရဲပါတယ်'

'ဟုတ်ရဲ့လား သားရယ်။ သားတစ်ယောက်တည်း ကြောက်နေမလားပဲ'

'သားက ယောကျ်ားပဲဗျာ ဘာကိုကြောက်ရမှာလဲ။ လ,ကလည်း သာနေတယ်။ လှည်းကလည်း တောထဲက ထွက်ခါနီး ရောက်နေပြီပဲ သား မကြောက်တော့ပါဘူး။ ပြီးတော့ ဟိုတောင်ကုန်းပေါ်မှာလည်း တောရဆောက်တည်ပြီး သီတင်းသုံးနေတဲ့ ကျောင်းကလေး ရှိနေတာပဲ အဖေရယ်'

'သား မကြောက်ဘူးဆိုရင်တော့ အဖေ အိမ်ကိုပြန်သွားပြီး လှည်းဝင်ရိုးတစ်ချောင်း ခပ်မြန်မြန် သွားထမ်းလာခဲ့မယ်နော်'

ကိုဖိုးထောင်လည်း သားက လှည်းနှင့် နွားများကို စောင့်နေရဲသည်ဆို၍ ဝင်ရိုးပြန်ထမ်းရန် ထွက်လာခဲ့တော့သည်။ မသွားမီတွင် သားအား ဓားတစ်ချောင်း လိုရမည်ရ ပေးခဲ့လေသည်။

သားဖြစ်သူမှာလည်း လှည်းနားတွင်ပင်နေ၍ လှည်းနှင့် နွားများကို စောင့်ကြည့်နေလေသည်။ သူတို့အရပ်တွင် လှည်းဝင်ရိုး၊ နွားများကို လူလစ်လျှင် လစ်သလို မကြာခဏ အခိုးခံရသဖြင့် အစောင့်မရှိ၍မဖြစ်ပေ။ ထို့ကြောင့်လည်း ကိုဖိုးထောင်က သားအား လှည်းစောင့်ထားခဲ့ခြင်း ဖြစ်လေသည်။

ဖခင်ဖြစ်သူ ရွာသို့ ထွက်သွားပြီးနောက် သားဖြစ်သူမှာ လှည်းနားတွင် ထိုင်စောင့်နေ၏။

'ဝေးဟေးဟေး..လာကြဟေ့၊ ငါတို့ လသာသာမှာ ပျော်ပျော်ပါးပါး ကစားကြမယ်ဟေ့'

'ဟာ..ငါ့လိုကလေးတွေ တောထဲက ထွက်လာကြပါလား။ လသာသာထဲမှာ ဆော့ကစားကြမလို့တဲ့။ ဒီကလေးတွေဟာ ဒီတောထဲက တဲတွေမှာ နေကြတဲ့ ကလေးတွေနဲ့တူတယ်'

သူတစ်ယောက်တည်း လှည်းထိုင်စောင့်နေစဉ်တွင် ကလေးများက လသာသာထဲတွင် ဆော့ကစားနေကြခြင်းကြောင့် အဖော်ရကာ ကြောက်စရာ မလိုတော့ပေ။

'ဟေ့..မင်းတစ်ယောက်တည်း လှည်းစောင့်နေတာလားကွ။ ပျင်းနေရင် ငါတို့နဲ့ရောပြီး ဝင်ကစားလေကွာ။ လသာသာထဲမှာ အေးအေးလူလူနဲ့ ပျော်ပျော်ပါးပါး ကစား

www.burmeseclassic.com

ရတာ သိပ်ပျော်စရာကောင်းတယ်လေကွာ'

'လာပါကွာ၊ မင်းတစ်ယောက်တည်း ပျင်းနေမှာပေါ့ကွာ'

သူ့ကို ကလေးတစ်စုက အတင်းလာဆွဲခေါ်နေသဖြင့် သူတို့နှင့်အတူ ဝင်ကစားဖြစ်ခဲ့သည်။

'ငါတို့က အခုလို လသာသာမှာ ညဘက်ရောက်ရင် ထွက်ဆော့နေကျပဲကွ။ ဆော့လို့ မောကြမှ ပြန်ကြတာလေကွာ'

'ငါတို့ ပြေးတမ်းလိုက်တမ်း ကစားကြမယ်။ ခွေးရူးအဖြစ် လိုက်ရမယ့်သူကို တုတ်အကျိုးနှိုက်ပြီး ရွေးကြမယ်ဟေ့။ သဘောတူကြလား'

'တူတယ်ဟေ့ တူတယ်'

'ဟော··ငါနှိုက်လိုက်တဲ့တုတ်က အကောင်းကွ'

'ငါ့တုတ်လည်း အကျိုးမဟုတ်ဘူးဘဲ'

'ဟင်··ငါ့တုတ်ချောင်းက အလယ်က ကျိုးနေတယ်ဟ'

'ဒါဆိုရင် မင်း ခွေးရူးဖြစ်ပြီ။ ငါတို့ကို လိုက်ဖမ်းတော့ဟေ့'

'လိုက်ဖမ်းစဉ်မှာ မြေမှာထိုင်ပြီး မြေကြီးကိုကိုင်ထားရင် ဖမ်းလို့ မရဘူးနော်။ ပြေးနေသူကို ဖမ်းမိရင်တော့ ဖမ်းမိသူဟာ ခွေးရူးဖြစ်ပြီး လိုက်ဖမ်းရမယ်နော်'

ကလေးများက ပြေးသူက ပြေးသည်။ ခွေးရူးက နောက်က လိုက်ဖမ်းသည်။ လသာသာထဲတွင် ဆူညံအော်ဟစ်၍ ပျော်ပျော်ရွှင်ရွှင် ကစားနေကြလေသည်။

'ဟေ့··ခွေးရူးလေးကို မကြောက်လို့ လန်ဒန်မြေပဲယို၊ ဟို့ဟို့'

'ခွေးရူးလေး သနားပါတယ်ဟေ့၊ လိုက်ဖမ်းနေတာလည်း တစ်ယောက်မှ မမိဘူး'

'ခွေးရူးမကျွတ် ဆပ်ပြာရည်နဲ့ပွတ်··ပွတ်··ပွတ်'

ပြေးသူတို့က လသာသာထဲတွင် ဖမ်းမမိရန် ရှေ့က လွတ်အောင် ပြေးကြ၏။ တချို့ကလေးများက ခွေးရူးမကျွတ်သူကို စိတ်ဆိုးအောင်၊ မခံချင်အောင် ပြောဆိုနေကြသည်။

'ဟော··မင်းကို ဖမ်းမိပြီ'

'ဘယ်ကလာ ဖမ်းမိရမှာလဲကွ။ ငါ မြေကိုင်ထားတာ မတွေ့ဘူးလား'

'ဟုတ်တယ်၊ ဟုတ်တယ်။ ဖမ်းမမိသေးဘူး။ ဆက်လိုက်ဟေ့'

ကလေးများလည်း လသာသာအောက်တွင် လေကလေး တဟူးဟူးတိုက်နေ၍ အေးနေပြီး တပျော်တပါး ဆော့ကစားနေကြလေသည်။

'ဟော··မင်းကို မိပြီ။ မင်း ခွေးရူးဖြစ်လို့ ငါတို့ကို လိုက်ဖမ်းတော့ဟေ့'

ခွေးရူးအဖြစ်နှင့် လိုက်ဖမ်းနေစဉ်မှာပင် သူ၏အဖေဖြစ်သူက ဝင်ရိုးထမ်းပြီး ပြန်လာခဲ့ကာ လှည်းနားတွင် သူ့သားကို မတွေ့သဖြင့် စိတ်ပူသွားခဲ့လေသည်။

'ဟာ··ဟိုခပ်လှမ်းလှမ်းက လသာထဲမှာ ကလေးတွေ ဆူညံသံ ကြားရပါလား'

'သားရေ၊ အဖေ ဝင်ရိုးထမ်းပြီး ပြန်ရောက်လာပြီကွ'

သူ့ဖခင်၏ အော်ခေါ်သံကြားသဖြင့် ကစားနေရာမှ လှည်းဆီသို့ ပြန်ပြေးလာခဲ့လေသည်။ ကျန်ကလေးများကတော့ လသာထဲတွင် ဆော့မြဲဆော့ကစားနေကြလေသည်။

'သားက ဘယ်သူတွေနဲ့ သွားဆော့နေတာလဲကွ'

'သား လှည်းနားမှာ ထိုင်စောင့်နေတုန်း လသာသာထဲကို ကလေးတွေ ဆူညံအော်ဟစ်ပြီး ပြေးထွက်လာကြတာပဲ အဖေရ။ သားကိုလည်း တစ်ယောက်တည်း ပျင်းနေမှာပဲဆိုပြီး သူတို့နဲ့အတူ ရောကစားဖို့ လာခေါ်ကြတာဗျ'

'သားက လှည်းစောင့်နေရတယ်လို့ မပြောဘူးလား'

'ပြောတယ် အဖေရ၊ လှည်းဝင်ရိုး ရှာကို ပြန်ထမ်းတဲ့ မင်းအဖေက ကြာဦးမှာတဲ့။ မလာခင် သူတို့နဲ့ ဝင်ကစားဖို့ အတင်းခေါ်ကြတာနဲ့ သားလည်း ပျင်းနေတာနဲ့ ဝင်ကစားနေခဲ့တာ အဖေရ'

သားအဖနှစ်ယောက် အပြန်အလှန် အမေးအစမ်းလုပ်နေကြစဉ်မှာပင် ဆူညံအော်ဟစ်ပြီး ကစားနေကြသော ကလေးများမှာ တစ်ယောက်မှ မရှိကြတော့ဘဲ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားခဲ့ကြလေသည်။

'အဖေ··ဒီကလေးတွေဟာ ဒီတောထဲက တဲတွေမှာ လာနေကြတာ ထင်တယ်။ လကြီးထိန်ထိန်သာနေလေတော့ မအိပ်ချင်ကြသေးတာနဲ့ လသာသာမှာ ထွက်ဆော့ကြတာ ဖြစ်မယ်ဗျ'



www.burmeseclassic.com

www.burmeseclassic.com

'အင်း..ဒီတောထဲမှာ တဲတွေရှိ,မရှိ အဖေလည်း သေချာမသိပါဘူးကွာ'

'ဒီကလေးတွေဟာ လသာရက်တွေမှာ ညတိုင်း ထွက်ဆော့ကြတာပဲ ထင်တယ်'

'အေးပေါ့ သားရယ်၊ သားတို့လည်း ရွာမှာ လသာတဲ့ ရက်တွေမှာ ထွက်ဆော့ခဲ့ကြတာပဲ မဟုတ်လားကွ။ ညဉ့်နက်လို့ အိမ်ပြန်မလာသေးလို့တောင် လူကြီးမိဘတွေက ခေါ်ပြီး အိပ်ခိုင်းခဲ့ရတာပဲလေကွာ'

'ဟုတ်တယ်၊ ဟုတ်တယ်။ အခုလည်း သားတစ်ယောက်တည်း လှည်းစောင့်နေတုန်းမှာ သူတို့ လာခေါ်ကြလို့ ဝင်ကစားခဲ့တာ တော်တော်ပျော်ရတယ် အဖေရာ'

'ကဲ..ကဲ..အဖေ ဝင်ရိုးထမ်းယူလာပြီဆိုတော့ လှမ်းပေါ်က ဝါးတွေ ပြန်ဆွဲချပြီး လှည်းက ကျိုးနေတဲ့ ဝင်ရိုးကိုဖြုတ်ပြီး ဝင်ရိုးအစားလဲတပ်ကြရမယ်ဟေ့'

မကြာမီတွင် ဝင်ရိုးလဲတပ်ပြီးသော လှည်းပေါ်သို့ ဝါးများ ပြန်တင်ပြီးခဲ့သည်။

'ကဲ..သားရေ၊ အဖေတို့ ဝါးလှည်းကို ရွာကို မောင်းကြမယ်ဟေ့'

ဝင်ရိုးလဲတပ်ပြီးသော ဝါးလှည်းကို တဖြည်းဖြည်း မောင်းလာခဲ့ကြရာ ညဉ့်နှစ်နာရီအချိန်ခန့်တွင် အိမ်သို့ ပြန်ရောက်လာကြလေသည်။

'အဖေတို့ ဝါးတွေကိုတော့ မနက်လင်းမှပဲ မြင်မြင်ထင်ထင် ချတော့မယ်ကွာ။ အခုတော့ ညဉ့်နက်ပိုင်းရောက်နေလို့ အိပ်ကြစို့ သားရေ'

ခြေ၊ လက်များ ဆေးကြောသန့်စင်ကြကာ အိပ်ရာဝင်ခဲ့ကြရာ မကြာမီအချိန်မှာပင် အိပ်ပျော်သွားခဲ့ကြလေသည်။ ကိုဖိုးထောင်မှာ အိပ်ရာမှထလျှင် မျက်နှာသစ်ကာ ဝါးလှည်းဆီသို့လာ၍ လှည်းပေါ်မှ ဝါးများကို ဆွဲချနေလေသည်။ အိမ်နီးချင်း နေထိုင်သော ဦးမြအေးက ကိုဖိုးထောင် ဝါးချနေသည်ကိုကြည့်ကာ ပြောလာလေသည်။

'မင်းခုတ်လာတဲ့ ဝါးတွေက တယ်ကောင်းပါလားဟေ့'

'ဟုတ်တယ်ဗျ၊ အိမ်အခြင်ဝါးအတွက် ခုတ်လာခဲ့တာလေ။ ကျုပ်ဗျာ..ညကခုတ်ထားတဲ့ဝါးကို လသာသာမှာ ညတွင်းချင်း သွားတိုက်လာခဲ့တာမှာ ချောင်းအတက်ကုန်းပေါ်လည်းရောက်ရော လှည်းဝင်ရိုးကျိုးတာနဲ့ ကျုပ်သားငယ်ကို လှည်းစောင့်ထားခဲ့ပြီး ရွာပြန်ပြီး ဝင်ရိုးပြန်ထမ်းရသေးတယ်ဗျ။ ဝင်ရိုးလဲတပ်ပြီးမှ ဝါးလှည်းကို မောင်းလာခဲ့ရတာလေ။ ကျုပ်ဖြင့်ဗျာ..ကျုပ်သားကို တစ်ယောက်တည်း လှည်းစောင့်ထားခဲ့ရတာ ကြောက်ပြီး ပျင်းနေမှာပဲဆိုပြီး တွေးပူခဲ့ရတာဗျ။ ဒါပေမဲ့ ကျုပ် ဝင်ရိုးထမ်းပြီး ပြန်လာတော့ သားက တောထဲက ကလေးတွေနဲ့ လသာထဲမှာ တပျော်တပါး ဆော့ကစားနေတာလေ။ မနည်းကို ပြန်ခေါ်ယူရတယ်ဗျာ'

'နေစမ်းပါဦး။ မင်းလှည်းက ချောင်းအတက် ကုန်းပေါ်မှာ ဝင်ရိုးကျိုးတာဆို။ အဲဒီနေရာ ပတ်ဝန်းကျင်မှာ ဘာတဲမှ မရှိပါဘူး။ လူတွေလည်း တစ်ယောက်မှ မနေကြပါဘူးကွာ'

'ဟင်..ဟုတ်လား။ ဒါဆိုရင် ကျုပ်သားနဲ့ အတူကစားခဲ့ကြတဲ့ ကလေးတွေက ဘယ်ကလာဆော့ကြတာလဲဗျာ'

'အဲဒီချောင်းအတက် ပတ်ဝန်းကျင်မှာရှိတဲ့ ကုန်းတွေက ကျတ်ကုန်းတွေလေကွာ။ မင်း သားနဲ့ လသာသာထဲမှာ လာပြီး အတူတူဆော့ကြတဲ့ ကလေးတွေက လသာနေလို့ ကျတ်တွေ ပျော်မြူးကြပြီး လူယောင်ဆောင်လာကြပြီး လာဆော့ခဲ့ကြတာပဲ ဖြစ်မှာပေါ့ကွာ'

'ဟာ..ဟုတ်မယ် ဦးမြအေးရေ၊ ကျုပ်ဝင်ရိုးထမ်းပြီး လှည်းဆီ ပြန်လာစဉ်မှာ ခပ်ဝေးဝေးက ကလေးဆူညံသံတွေ ကြားရသေးတာဗျ။ အဲ..ကျုပ်လည်း လှည်းကိုရောက်ပြီး သားကို လှမ်းအော်ခေါ်ပြီး မေးစမ်းနေတုန်းမှာပဲ အဲဒီဆော့နေကြတဲ့ကလေးတွေ တစ်ယောက်မှမရှိတော့ဘဲ ကြက်ပျောက်ငှက်ပျောက်နဲ့ ပျောက်ကုန်ကြတာလေဗျာ'

'အေး..အဲဒါဟာ ကျတ်တွေက လူယောင်ဆောင်ပြီး လာဆော့နေကြတာပဲ။ မင်းရောက်လာတာ သိကြတော့မှ ပြန်သွားခဲ့ကြတာပဲကွ'

ကိုဖိုးထောင်လည်း ဦးမြအေး ရှင်းပြတော့မှပဲ သိခဲ့ရတော့၏။ သူ့သားနှင့်အတူ လာဆော့ခဲ့ကြပြီး သားအား အထိတ်အလန့် မလုပ်ခဲ့ကြသည်ကိုပင် ကျေးဇူးတင်မိနေလေတော့သည်။

တင့်ထူး(ဖေဖူးဝတီ)

www.burmeseclassic.com

(၂၄-၉-၁၉၆၄)ရက်နေ့။

သူ့ရဲ့သမိန့်ရွာသူ ကျွန်တော့်ချစ်သူ ညိုညိုလွင်နဲ့ ပဲခူးမြို့ (၉)ရာဘက် တရားရုံးမှာ နှစ်ဦးသဘောတူ လက်ထပ်တဲ့နေ့ပါ။

ကျွန်တော်တို့ သတင်းကြားကြားချင်းပဲ ညိုညိုလွင်ရဲ့ အစ်မနှစ်ယောက် လိုက်လာပြီး သဘောတူကြည်ဖြူကြောင်း၊ ကန့်ကွက်ရန် မရှိကြောင်း၊ သို့သော်··




# ရွှေလက်စွပ်ရဲ့ သမိုင်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com

'နှင်တို့ တရားရုံးမှာ လက်မှတ်ထိုးတာ ထိုးတာပဲ၊ မိဘတွေဆန္ဒနဲ့ ရပ်ရွာခလေ့ထုံးစံတော့ လုပ်ပေးရမယ်။ အစချီပြီး တောင်းဆိုတာကတော့ မိဘ,ဆွေမျိုးသားချင်းတွေကို ဦးချကန်တော့ တောင်းရမ်းဖို့။ ဒါကိုမှ မတတ်နိုင်ဘူးဆိုရင် သံဃာတွေပင့်ပြီး မင်္ဂလာဦးဆွမ်းကျွေးဖို့၊ တောင်ခုနစ် အိမ်၊ မြောက်ခုနစ်အိမ်ဖိတ်ပြီး လက်ဖက်ရည်တိုက်အသိအမှတ်ပြုဖို့နဲ့ နောက်ဆုံးတစ်ချက်ကတော့ ရွာဝင်ကြေး(ခဲဖိုး)ပေးဖို့ပါ'

ကျွန်တော့်ကိုင့်ပြီး အတတ်နိုင်ဆုံး ဖြေလျှော့ပေးတဲ့ တောင်းဆိုချက်ပါ။

ရွာဝင်ကြေး(ခဲဖိုး) တောင်းတာကတော့ ကျွန်တော်ဟာ သူ့ရဲသမိန်ရွာသား မဟုတ်ဘဲ ဖောင်တော်သီသားဖြစ်နေလို့ ဧည့်သည်တစ်ရွာသားအဖြစ် အသိအမှတ်ပြုထားလို့ပဲ ဖြစ်ပါတယ်။

ညိုညိုလွှင့်အစ်မနှစ်ယောက် တောင်းဆိုချက်တွေကို ကာလတိုနဲ့ လိုက်လျောဖို့ဟာ အဓိကကျတာ ငွေကြေးပါ။ ကျွန်တော့်လက်ထဲမှာ စုဆောင်းထားတဲ့ငွေ တစ်ပြားမှ မရှိပါဘူး။ အချိန်ပေးဖို့ ကျွန်တော့်ဘက်က ခွင့်တောင်းတဲ့အခါ လိုက်လျောပေးတယ်ဆိုပေမယ့် ဝမ်းမသာနိုင်ပါဘူး။ ဘာကြောင့်ဆို တရားရုံးမှာ လက်ထပ်ထားသော်လည်း လင်မယားအရာ မမြောက်သေးတဲ့ ကျွန်တော့်ဇနီးကို ပြန်ခေါ်သွားလို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်နဲ့ ညိုညိုလွှင် လက်ထပ်ဖို့ စီမံကိန်းဟာ သုံးနှစ်စီမံကိန်းပါ။ ဒါပေမဲ့ တစ်နှစ်သက်တမ်းနဲ့ မဖြစ်မနေ လက်ထပ်ယူရဖို့ အကြောင်းဖန်လာတာကြောင့် နှစ်ဦးသဘောတူ ဖုတ်ပူမီးတိုက် စီစဉ်လိုက်ရခြင်းပါ။

ကျွန်တော်ဟာ ပဲခူးခရိုင် တိုက်ခိုက်ရေး ကွန်မန်ဒိုတပ်ခွဲ(၄)က ရဲဝန်ထမ်းလေးပါ။ (၁-၁၀-၁၉၆၄)ရက်နေ့မှ တပ်မတော်အသွင်ပြောင်းပြီး စစ်အခြေခံသင်တန်းတက်ရမှာ ဖြစ်လို့ပါ။

တပ်မတော်သား ဖြစ်ပြီဆိုရင် သင်တန်းတက်ရမှာတွေ၊ စစ်ဆင်ရေးထွက်ရမှာတွေ၊ အထွေထွေတာဝန်ထမ်းဆောင်ရမှာတွေ၊ လက်ထပ်ခွင့် တောင်းခံရဦးမှာတွေနဲ့ ဘယ်နေ့ ပြန်လာမယ် ဘယ်တော့ လက်ထပ်မယ်ဆိုတာ တိကျတဲ့ကတိ ပေးနိုင်မှာမဟုတ်လို့ တရားရုံးတက် လက်မှတ်ထိုးလိုက်ရခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော် တမ်းတလွမ်းရရင်း မောရကိန်းဆိုက်နေပါပြီ။

ထောင်ဂဏန်းလောက်တောင် စိုက်ထုတ်နိုင်ခြင်းမရှိတဲ့ ကျွန်တော့်ကိုယ်ကျွန်တော် လူကြားထဲ ခေါင်းမဖော်ဝံ့အောင် ရှက်လှပါတယ်။

သင်တန်းတက်ရဖို့ ရက်နီးလာလေလေ ကျွန်တော့်ရင်ထဲက အပူမီးဟာ တစ်ကိုယ်လုံး လောင်မြိုက်သလိုတောင် ခံစားရတာကြောင့် စားမဝင် အိပ်မပျော်ဘဲ စခန်းထဲမှာ ဆောက်တည်ရာမရ ဖြစ်နေချိန်မှာ နှစ်ကျပ်သားကျော်လောက် အလေးချိန်ရှိမယ့် မောင်းလက်စွပ်ကြီးတစ်ကွင်း ကောက်ရပါတယ်။

မျက်နှာပြင်မှာ ဒိုင်းပုံသဏ္ဌာန် အဆင့်သုံးဆင့် လက်ရာမြောက်စွာ ပုံဖော်ထားတဲ့ ရွှေလက်စွပ်ကို အမှတ်အသားပြုနေဆဲမှာပဲ ဘဝတူ ရဲဝန်ထမ်းတွေရော ရဲမေတွေကပါ အားပေးစကားတွေနဲ့ ပြုံးပျော်နေကြပါတယ်။ ကျွန်တော့်ပြဿနာကို သိနေကြလို့ပါ။

ကျွန်တော့်ဘက်ကကြည့်ရင် အခက်အခဲ ဖြေရှင်းနိုင်တယ်ဆိုပေမယ့် ပျောက်ဆုံးသူဘက်ကကြည့်ရင် နှမြောတ,သခြင်းနဲ့ အခြားအခက်အခဲတွေ သေချာပေါက် ရှိနေမှာပါ။

ကျွန်တော့်ဘက်က သောင်ထွန်းပြီး ပျောက်ဆုံးသူဘက်က ကမ်းပြိုတာမျိုးတော့ မဖြစ်စေချင်တာ အမှန်ပါ။

◆◆◆

ဝေါမြို့နယ်၊ အုညာစုရွာမှ စခန်းအခြေပြုတဲ့ ပဲခူးခရိုင် တိုက်ခိုက်ရေးရဲ(ကွန်မန်ဒို) (ဃ)တပ်ခွဲရဲ့ ရဲတပ်သားလေး ကျွန်တော်ဟာ တပ်ခွဲမှာသာမက ဝေါမြို့နယ်၊ ခရိုင်ရဲတပ်ဖွဲ့ရဲ့ ဘော်လီဘောလက်ရွေးစင်ကစားသမား တစ်ယောက်ပါ။

(၁၉၆၄)ခုနှစ်၊ စက်တင်ဘာလကုန်ရက်လောက်မှာ ကျွန်တော်တို့ အုညာစုရွာတိုက်ခိုက်ရေး ရဲကွန်မန်ဒိုအသင်းနဲ့ အုပ္ပိုလ်ရွာ ဘော်လီဘောအသင်းတို့ ဘော်လီဘောချိန်းပွဲ ကစားပါတယ်။ ချစ်ကြည်ရေးပွဲလို့ ခေါင်းစဉ်တပ်ထားပေမယ့် ကြေးကြီးတဲ့ လောင်းကစားပွဲပဲ ဖြစ်ပါတယ်။

ပွဲမစခင် ကြေးထပ်ပါတယ်။ သောင်းဂဏန်းအထိ ရှိပါတယ်။

လောင်းကြေးကို ကျွန်တော်တို့အသင်း လက်ခံပါ·



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အမှန်ကတော့ ကျွန်တော့်အားကိုးနဲ့ ပွဲစီစဥ်တာ၊ လောင်းကြေးလက်ခံတာ ဆိုပေမယ့် ကျွန်တော့်အသိပေးတာ၊ ဆန္ဒခံယူတာ မဟုတ်ဘဲ တာဝန်ရှိသူတွေရဲ့ စီစဥ်မှုပဲ ဖြစ်ပါတယ်။

ပွဲစတော့မှာဖြစ်လို့ အသင်းသားတွေ ကျွန်တော့်ကို လာခေါ်ပါတယ်။ ကျွန်တော် ငြင်းပါတယ်။ ဘယ်လိုမှ ခေါ်လို့မရတာရော၊ တက်ကြွလန်းဆန်းမှုမရှိတဲ့ ကျွန်တော် ငူတူတူပုံစံကိုရောကြည့်ပြီး စိတ်တိုပြီး အဆဲမျိုးစုံနဲ့ ဝိုင်းပြီး ဆဲကြပါတယ်။

တပ်စုတပ်ကြပ်ကြီး တပ်စုမှူး လာခေါ်တာတောင် ငြင်းလွှတ်လို့၊ တပ်ခွဲမှူးကိုယ်တိုင် လာခေါ်တာတောင် ဖင်နာတယ်၊ ခေါင်းနာတယ် ဆင်ခြေပေးလို့။

'မယားတရူး'

'သေချင်းဆိုး၊ ကာလနာ'

'မယားပူ'

အပြစ်ဖို့ စကားလုံးတွေနဲ့ ကြိမ်းမောင်းပေမယ့် ကျွန်တော် နာကျင်ခြင်း မရှိပါဘူး။ စွပ်စွဲခံရသလို ကျွန်တော်ကလည်း လက်တွေ့ခံစားနေရတာ မဟုတ်လား။

'မင်း ပါရင် သေချာပေါက်နိုင်မှာ။ မင်းအားကိုးပြီး ချိန်းတာ။ လာပါကွာ၊ ပွဲစတော့မယ်။ မင်းအခက်အခဲတွေ တို့ သိပါတယ်။ နိုင်ရင် တို့တွေ ပံ့ပိုးပေးပါ့မယ်'

တပ်ခွဲမှူး မက်လုံးစကားဟာ ကျွန်တော့်ခံစားချက်ကို မလွှမ်းမိုးနိုင်ပါဘူး။ ဘယ်လိုမှ စည်းရုံးလို့မရတဲ့အဆုံး စိတ်တိုပြီး ရှိတဲ့လူနဲ့ ပွဲစပါတယ်။

ပထမပွဲစဥ်မှာ ကျွန်တော်တို့အသင်း အမှတ်ကွာနဲ့ ရှုံးပါတယ်။ ဒုတိယပွဲစဥ်မှာ အမှတ်ပြတ်နဲ့ ရှုံးတာကြောင့် ထုံးစံအတိုင်း တက်ထောင်ပြီး မခံမရပ်နိုင်တဲ့ စကားလုံးတွေနဲ့ ထိုးနှက်လာပါတယ်။

'မတူရင် မတုနဲ့'

'ဖားကိုတုပြီး ခရုလိုက်မခုန်နဲ့'

'နောက်တစ်ခါချိန်းရင် ပဲခူးတိုင်း လက်ရွေးစင်တွေ ခေါ်ထား'

'တို့တွေ စပါး မစိုက်၊ မြေပဲ မစိုက်တော့ဘူးကွာ။ အညာစုရဲတွေဆီမှာပဲ စီးပွားလာရှာတော့မယ်'

အုပ္ပိုလ်လက်ရွေးစင်တွေရော မော်တော်စင်းလုံးငှားနဲ့ လိုက်ပါအားပေးသူတွေကပါ ကျီးအာသလို ဝိုင်းအာပြီး ထိုးနှက်ချက်တွေဟာ ကျွန်တော့်အသည်း၊ ကျွန်တော့်နှလုံးသားတွေ ထိုးဆွသလိုပါပဲ။ ကျွန်တော့်ရဲ့ ပင်ကိုအဖွဲ့အစည်းစိတ်ဓာတ်တွေ နိုးကြားမှုဟာ ကျွန်တော့်ခံစားချက်တွေကို ဖုံးလွှမ်းလိုက်သလို ရှိတာကြောင့်-

'နောက်တစ်ပွဲ လောင်းကြေးထွက်'

ကျွန်တော် အဝတ်အစားလဲပြီး အသင့်ဖြစ်တာနဲ့ အသံပေးလိုက်တယ်ဆိုရင်ပဲ ကျွန်တော့်စခန်းထဲက ကလေး၊ လူကြီးမကျန် လက်ခုပ်လက်ဝါးတီး အားပေးကြိုဆိုဝါတယ်။ ကျွန်တော့်အတွက် ခွန်အားတွေပါ။

'ကွန်မန်ဒိုဘက်က ငါးထောင်'

'တို့အညာစုရဲတွေဘက်က နောက်ငါးထောင်'

ကျွန်တော်တို့ အသင်းသားချင်းအပြင် အညာစုရှာ ပွဲကြည့်ပရိသတ်ကပါ လောင်းကြေးခေါ်သမျှ အုပ္ပိုလ်အသင်းဘက်က လိုက်ပါတယ်။ ငါးကြင်းဆီနဲ့ ငါးကြင်းကျော်တာ သူ့တုတ်နဲ့ သူ့ပြန်ရိုက်တာဆိုတဲ့ လေသံတွေနဲ့ လောင်းကြေးလိုက်ပါတယ်။

ပထမပွဲစဥ်မှာ (၂၁)မှတ် (၁၉)မှတ် အမှတ်ခွာပြီး နိုင်ပါတယ်။ ဒုတိယပွဲစဥ်မှာ (၇) (၈)မှတ် အကြောပေးပြီး နောက်ကလိုက်ရင်း အနိုင်ယူလိုက်ပါတယ်။

မကျေနပ်ပွဲလို့ စိန်ခေါ်ပြီး ပွဲစတဲ့အခါ အုပ္ပိုလ်အသင်းဘက်က အမောဖောက်ပြီး ကစားအားကျနေချိန်မှာ ကျွန်တော့်အတွက် သွေးပူအဆင့်ပဲရှိပါတယ်။ ဒီတစ်ပွဲကိုတော့ ကျွန်တော် ရေကုန်ရေခန်း ကစားပါတယ်။ လောင်းကြေးကလည်း သိန်းဂဏန်းကျော်နေတာရော ကျွန်တော်အသင်းအဖွဲ့အပေါ် အပေါ်စီးက ထိုးနှက်ချက်တွေကိုပါ ချေဖျက်ချင်စိတ်နဲ့ ကစားအားမြှင့်တာကြောင့် ဆယ်မှတ်ဖြတ်ပြီး အနိုင်ယူလိုက်ပါတယ်။

အားပေးသံတွေ ခုန်ပေါက်ပျော်မြူးနေတဲ့ ကျွန်တော့်အသင်း ကျွန်တော့်ရွာသားတွေကို ကျောခိုင်းပြီး ကျွန်တော် အချစ်နာကျရာ တပ်ခွဲရုံးရှေ့ကွပ်ပျစ်ပေါ် ခြေပစ်လက်ပစ် အနားယူလိုက်ပါတယ်။

ကျွန်တော်အနားယူနေချိန်မှာ အုပ္ပိုလ်အသင်းသားတွေရော အားပေးတဲ့ ပရိသတ်ပါ ဘော်လီဘောကွင်းပတ်လည်မှာ ခြေချင်းလိမ်နေပါတယ်။ တန်ဖိုးကြီးပစ္စည်း တစ်ခုပျောက်လို့ ဝိုင်းရှာနေကြတာပါ။

'မိုးကောင်းကြီး မိုးမကောင်းဘဲ မိုးခေါင်ပြီပေါ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com

မိုးကောင်းဆိုတာ အုပ္ပိုလ်ရှာ ဘော်လီဘောအသင်းရဲ့ အဓိက ကစားသမားပါ။ မိုးခေါင်တာကတော့ စိုက်ပျိုးရေးသမားတွေ သောကရောက်စေတဲ့ သဘောဆောင်ပါတယ်။

'မိုးကောင်း မိန်းမရကိန်း ပျက်ပြီနဲ့တူတယ်'

တစ်ယောက်တစ်ပေါက် ပြောဆိုသံတွေကြောင့် စကားထဲက ဓာတ်ပြလာသလို ရှိပါတယ်။ ကိုမိုးကောင်း သီတင်းကျွတ်တာနဲ့ မင်္ဂလာဆောင်မှာဖြစ်ကြောင်း ကိုမိုးကောင်း တင်တောင်းမယ့် လက်ဝတ်ရတနာတွေထဲမှာ ပျောက်ဆုံးတဲ့ မောင်းကွင်းလက်စွပ်ကြီးဟာ အဓိကဖြစ်ကြောင်းတွေပါပဲ။

မြေလှန်ရှာလို့ မတွေ့တဲ့အဆုံး ကိုမိုးကောင်းတို့ တစ်ဖွဲ့လုံး စစ်တောင်းမြစ်ဘက် ဆင်းသွားကြပါတယ်။ စင်းလုံးငှားမော်တော်နဲ့ လာရာလမ်းကို မြွေပါလည်းဆုံး သားလည်းဆုံးတဲ့ အဖြစ်နဲ့ ပြန်ကြမှာပါ။

ကျွန်တော်တစ်ယောက်တည်း တပ်ခွဲရုံးရှေ့ ကွပ်ပျစ်ပေါ်မှာ ပက်လက်အနေအထားကနေ ဘေးစောင်း၊ ဘေးစောင်းကနေ မှောက်လျက် အနားယူတဲ့အခါ ကွပ်ပျစ်ကြမ်းကြားကနေ မြေပြင်ကို မျက်စိအမြင် ရောက်သွားတဲ့အခါ 'လက်စွပ်က ဒီမှာဟ' လို့ လွတ်ခနဲ အော်ပြောလိုက်ချိန်မှာတော့ စခန်းတွင်း ရဲဝန်ထမ်းရော ရဲမေတွေပါ စုပြုံရောက်လာကြပါတယ်။ သူတို့မျက်နှာမှာ အပြုံးတွေနဲ့ပါ။ ကျွန်တော်ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပြဿနာကို အားလုံးက သိနေကြလို့ပါပဲ။

အလေးချိန် နှစ်ကျပ်သားကျော်မယ့် လက်စွပ်ကို ကြည့်ရင်း ကျွန်တော့်စိတ်တွေ ယောက်ယက်ခတ်နေပါတယ်။ မျက်နှာပြင်မှာ ဒိုင်းပုံသုံးထပ်နဲ့ လက်ရာမြောက်တဲ့ မောင်းလက်စွပ်လေးပါ။

ရွှေလက်စွပ်ကို ကြည့်နေတဲ့ ကျွန်တော့်အမြင်ဟာ ကိုမိုးကောင်း မျက်နှာပါ။ ကျွန်တော့်အတွက် ဝမ်းသာစကား ဆိုနေပေမယ့် ကျွန်တော့်နားအကြားအာရုံမှာ ကိုမိုးကောင်း မိုးခေါင်ပြီ၊ မိန်းမရကိန်း ပျက်ပြီဆိုတဲ့ အသံတွေပဲ ကြားနေရပါတယ်။

ကျွန်တော့်ဘက်မှာ သောင်ထွန်းပေမယ့် ကိုမိုးကောင်းဘက်မှာ ကမ်းပြိုတာကို ကျွန်တော် မလိုလားပါဘူး။ ပြီးတော့ ကျွန်တော်ဟာ ရဲဝန်ထမ်းပါ။ ကျွန်တော့် ကိုယ်ကျိုးအတွက် ရဲတပ်ဖွဲ့သိက္ခာ မထိခိုက်စေချင်ပါဘူး။

ကျွန်တော် ဆုံးဖြတ်ချက်ချပြီး မော်တော်ဆိပ်ကို ပြေးပါတယ်။ ကိုမိုးကောင်းတို့မော်တော် ရေလယ်ရောက်နေလို့ ခရာရှည်မှုတ်ပြီး လှမ်းခေါ်လိုက်ပါတယ်။

ရေအဆုံး ကုန်းတစ်ဝက် ဆိုပေမယ့် ကိုမိုးကောင်း ကျွန်တော့်မျက်နှာကို အရှိန်ပေးပြီး ကျေးဇူးတင်တဲ့အကြည့်ကို ခံစားရတာကလွဲလို့ ရုပ်ဝတ္ထုပစ္စည်း ဘာတစ်ခုမှ ပေးမသွားပါဘူး။

◆◆◆

ကံဆိုးမိုးမှောင်ကျ အကုသိုလ်ဝင်ပြီဆို ဘယ်လိုအဆောင်အယောင်၊ ဘယ်လိုယတြာမျိုးမှ အစွမ်းမထက်တော့ပါဘူး။

ကျွန်တော် အမှုဖြစ်၊ အလုပ်ပြုတ်၊ ထောင်ကျနေချိန်မှာ ကျွန်တော့်ဇနီး ညိုညိုလွင်ဟာ ဗေဒင်မေး၊ နတ်မေး၊ ယတြာချေ၊ အဆောင်အယောင်တွေ စီစဉ်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အယူခံ မနိုင်ပါဘူး။ လျှော့ရက်ပိုမရပါဘူး။ ပုံမှန်လျှော့ရက်နဲ့ပဲ လွတ်တာပါ။

အသက်အာမခံကြေးထုတ်၊ ဘဏ်လက်ကျန်ငွေထုတ်ပြီး ကျွန်တော် ဆန်၊ ဆီ၊ ဆား ကုန်တွေ တောဘက်မှာ လိုက်ရောင်းပါတယ်။ အပြန် တညင်း၊ ရှောက်၊ ကျွဲကော တောထွက်ပစ္စည်းတွေပြန်သယ် အသွားကုန်၊ အပြန်ကုန် အရောင်းအဝယ် လုပ်ပါတယ်။ တစ်ခုမှ အဆင်မပြေပါဘူး။ ကျွန်တော့်အကုသိုလ်ဟာ လူ့ဘဝရဲ့ အနိမ့်ဆုံးဖြစ်တဲ့ ထောင်ထဲမှာ အကျဉ်းကျခံပြီးတာတောင် မပြီးဆုံးသေးတဲ့ သဘောလားတော့ မသိပါ။

ကျွန်တော့်ဇနီး၊ ကျွန်တော့်သမီးလေးတွေရဲ့ နားပေါက်ဟောင်းလောင်းတွေ နေ့စဉ် မြင်တွေ့ရတာလည်း စိတ်မသက်မသာ ဖြစ်ရပါတယ်။ ကျွန်တော် အရင်းအနှီး လုပ်ရင်း မမြတ်တဲ့အပြင် အရှုံးချည်းပဲဖြစ်လို့ ပြန်မရွေးပေးနိုင်လို့ပဲ ဖြစ်ပါတယ်။

အကြိမ်ကြိမ် ဂဠုန်ဆားချက် ဆိုသလို ငပ်ပန်းမယ်၊ အဖျားအနာထူပြောမယ်၊ ခြင်ကိုက်၊ ဖြုတ်ကိုက် ခံရမယ် ဆိုတဲ့ အခြေအနေဆိုးတွေ သိသိကြီးနဲ့ ရွှေကျင်တဲ့အလုပ်ကို ရွေးလိုက်ပါတယ်။

ရွှေကျင်တဲ့လုပ်ငန်းဟာ ကျွန်တော့်အတွက် အသိမ်း သက်သက်ပါ။ ဒါကြောင့် မိန်းမဘက်က ဆွေစပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အပေါင်းအသင်းငါးယောက်ရဲ့ တပည့်ခံဖြီး လုပ်ငန်းစပါ တယ်။

ကျွန်တော်တို့ရဲ့ ရွှေလုပ်ကွက်ကတော့ ရွှေကျင်မြို့နယ်နဲ့ ကျိုက်ထိုမြို့နယ်ကို ပိုင်းခြားထားတဲ့ ဝင်းကန်ချောင်း၊ ဇလုပ်ကြီးချောင်း၊ ရှမ်းစုချောင်း သုံးမည်ရ ချောဖြားတောနက်ကြီးထဲမှာပါ။

ရွှေကျင်လုပ်ငန်းဟာ ပင်ပန်းလွန်းတာကြောင့် တော်ရုံစွဲနဲ့ မလုပ်နိုင်ပါဘူး။ ကျောက်သားတွေကို သံတူရွင်းနဲ့ ထိုးကော်ရပါတယ်။ ကျောက်သားတွေကို မျောထိပ်က သံဆန်ကာပေါ် တင်ရပါတယ်။ ရေပုံးငါးဆယ်လောက် လောင်းချရပါတယ်။ ဆင်ချည်တိုင်လို့ခေါ်တဲ့ ငှက်ပျောဖတ်တွေ ကျင်ခွက်ထဲလောင်းပြီး ရေစပ်မှာ ဆန်ပြာသလို ဆန်ကောဝိုင်းထိုးသလို ထိုးရပါတယ်။ သက်သောင့်သက်သာလုပ်ရတာ ဘာတစ်ခုမှ မရှိပါဘူး။ ခန္ဓာကိုယ်က ယိုစီးကျတဲ့ချွေးဟာ ရေလောင်းခံထားရသလို ရွဲရွဲစိုနေပါတယ်။ ဒါပေမဲ့ ကျင်ခွက်ထဲက ကျောက်၊ သဲ၊ ချေးမည်းတွေ ကင်းစင်အောင် ကျင်ခွက်ကို စောင်းလိုက်တဲ့အချိန်မှာ အရောင်တဖိတ်ဖိတ်နဲ့ ဝင်းဝါနေတဲ့ ရွှေတွေ မြင်ရတဲ့အခါ ပင်ပန်းနွမ်းနယ်မှုတွေ လွင့်ပြယ်ပြီး နောက်တစ်မျောထပ်တိုက်ဖို့ အင်အားတွေ တိုးလာသလို ခံစားရပါတယ်။

လက်ရှိ ကျွန်တော်တို့ငါးယောက်မှာ ရွှေငါးမူးသားလောက် ပိုင်ဆိုင်ထားပါပြီ။ ဒီနေ့ကတော့ လုပ်ငန်းသိမ်းတော့မှာပါ။ လုပ်ငန်းသိမ်းမယ့်နေ့မှာ ရွှေတွေ မျှော်မှန်းတာထက် ပိုရနေလို့ အချိန်ကုန်လို့ ကုန်မှန်းတောင် သတိမထားမိပါဘူး။

မှောင်ရီသန်းလာတဲ့ အချိန်မှာတော့-

'တစ်ယောက်မှ မလှုပ်နဲ့'

အသံကြားရာ ကြည့်လိုက်တော့ တောတွင်းလက်နက်ကိုင်ငါးယောက် ကျွန်တော်တို့ကို သေနတ်တွေနဲ့ ချိန်ရွယ်ထားပါတယ်။

'မင်းတို့ ကျင်လို့ရတဲ့ ရွှေတွေထုတ်'

ကျွန်တော်အကျင့်က ဘယ်သူ့ပစ္စည်းမှ မတော်မတရား လိုချင်တပ်မက်တဲ့စိတ် မရှိသလို ကျွန်တော်ပိုင်ပစ္စည်းကိုလည်း ဘယ်သူ့မှ ပေးကမ်းလိုစိတ် မရှိပါဘူး။ ခုလို လက်နက်နဲ့ အနိုင်ကျင့်ပြီး ဓားပြတိုက်သလို တိုက်ယူတာမျိုးဆို ပိုပြီးခံပြင်းဒေါသ ဖြစ်မိပါတယ်။

'ကိုဘိုကြီး'

ကျွန်တော့်အဖွဲ့တွေ အသံပေးတာဟာ အားကိုးတာမဟုတ်ဘဲ ထုတ်ပေးလိုက်ပါ ဆိုတဲ့သဘောပါ။

'ကျွန်တော်တို့ရတဲ့ရွှေ ဒီမနက်ပဲ လူလွှတ် ရောင်းခိုင်းလိုက်ပါပြီ'

ကျွန်တော့်စကား အတည်ပြုဖို့ တစ်ယောက်ချင်းလှူခွဲစစ်ပါတယ်။ အရပ်သားစစ်စစ်တွေဆိုတော့ သေနတ်နဲ့ ချိန်ရွယ်စရာမလိုဘဲ ခြောက်လှန့်ရုံနဲ့ ကျွန်တော့်မှာ ရွှေတွေရှိကြောင်း ထုတ်ပြောမှာပဲဆိုတာ ကျွန်တော် ခန့်မှန်းပြီးသားပါ။

'ခင်ဗျား ငြင်းချင်သေးလား'

ကျွန်တော် ခန့်မှန်းတဲ့အတိုင်းပါပဲ။ ကျွန်တော့်ဘက်လှည့်လာပြီဖြစ်လို့ အစိုးရစစ်တပ်နဲ့ အစစ်ဆေးမခံရအောင် သိုဝှက်ထားတဲ့ စာရွက်မိုင်းလေး ထုတ်ပြလိုက်ပါတယ်။ အဲဒီစာရွက်လေးဟာ ရွှေကျင်ခွင့်ပြုတဲ့ အခွန်ဆောင်(ဆက်ကြေး) စာရွက်ပိုင်းလေးပါ။

ကျွန်တော်ပေးတဲ့ စာရွက်လေးကို စုတ်ဖြဲ၊ ကျွန်တော့်အဖော်တွေကို ပြန်လွှတ်ပြီး ကျွန်တော်တို့ ကျင်လို့ရတဲ့ရွှေတွေပါ ထုတ်ပေးရတဲ့အပြင် ကျွန်တော့်ကိုပါ လက်ပြန်ကြိုးတုပ်ပြီး ဖမ်းဆီးခေါ်ဆောင်သွားပါတယ်။

◆◆◆

ဒီနေ့ဆိုရင် ကျွန်တော့်ကို ဖမ်းဆီးထားတာ သုံးရက်မြောက်နေ့ပါ။ အချုပ်ခန်းမရှိလို့ လက်ပြန်ကြိုးတုပ်ပြီး ကနစိုပင်ကြီးမှာ ကပ်ချည်ထားပါတယ်။ ခြင်ကိုက်၊ ဖြုတ်ကိုက်လို့တောင် ယမ်းမရတဲ့ ကျွန်တော့်ဒုက္ခကို စဉ်းစားကြည့်ပါ။

လိမ်ပြောမိတာ ဒါလောက် အပြစ်ကြီးလား။ လူသားချင်း မစာနာဘဲ ဒါလောက်ပဲ ကြီးလေးတဲ့ပြစ်ဒဏ် ချမှတ်ရသလား။ ကျွန်တော့်ဘက်က စဉ်းစားတာပါ။ အင်းလေ၊ တရားဥပဒေဟာ သူတို့ သေနတ်ပြောင်းဝမှာပဲ ရှိတာကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် သေလူလို့ပဲ သတ်မှတ်ပြီး ဘုရားဂုဏ်တော်တွေပဲ ရွတ်ဆိုနေရတော့တာပါပဲ။

သုံးရက်မြောက် မိုးချုပ်စမှာ တောတွင်းလက်နက်ကိုင် အင်အားသုံးဆယ်ကျော် ထပ်ရောက်လာပါတယ်။ အဲဒီအဖွဲ့ထဲက ခေါင်းဆောင်ကို လေးလေးစားစား ဆက်ဆံကြပါတယ်။ ကျွန်တော့်ကို ဘာကြောင့်ဖမ်းဆီးရတာယ်

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ သတင်းပို့ အစီရင်ခံကြပါတယ်။

ခေါင်းဆောင်ဖြစ်သူဟာ သတင်းလက်ခံ ရယူပြီး လက်နှိပ်ဓာတ်မီးတစ်လက်နဲ့ ကျွန်တော့်ဆီလာကာ ကျွန်တော့်မျက်နှာကို လက်နှိပ်ဓာတ်မီးနဲ့ အချိန်ကြာ ထိုးကြည့်ပြီး ဘာမှမပြောဘဲ လှည့်ထွက်သွားပါတယ်။

ကျွန်တော့်ကိုသတ်ဖို့ အမိန့်ချတော့မှာလား၊ ခေါင်းဆောင်ဖြစ်တဲ့ ဒီလူကို သတင်းမပို့ရသေးလို့ မသတ်ဘဲ အချိန်ဆွဲထားတာလား။

ခေါင်းဆောင်လုပ်သူ လှည့်ပြန်ပြီး မိနစ်ပိုင်းလောက်မှာ သောင်းကျန်းသူနှစ်ယောက် ကျွန်တော့်ဆီလာ၊ တုပ်နှောင်ထားတဲ့ ကြိုးတွေဖြေပြီး ခေါင်းဆောင်ရှိရာ ရွက်ဖျင်တဲကို ဦးဆောင်ခေါ်သွားပါတယ်။

ခေါင်းဆောင်လုပ်သူဟာ သူ့မျက်နှာသူ မီးနဲ့ထိုးပြပြီး မှတ်မိလားလို့ အမေးစကားကိုတော့ ကျွန်တော် မမှတ်မိဘူးပဲ ဖြေပါတယ်။ ဘယ်တုန်းက ဘယ်နေရာမှာမှ မတွေ့ မမြင်ဘူးလို့ပါဘဲ။

ခေါင်းဆောင်လုပ်သူဟာ အမှောင်ထဲမှာပဲ သူ့လက်နှစ်ဖက်ကို လှုပ်ရှားပြီး ပစ္စည်းတစ်ခုကို လက်နှိပ်ဓာတ်မီးနဲ့ ထင်သာမြင်သာရှိအောင် ထိုးပြပါတယ်။ လက်စွပ်တစ်ကွင်းပါ။ မျက်နှာပြင်မှာ ဒိုင်းပုံသဏ္ဌာန် သုံးဆင့်ပုံဖော်ထားတဲ့ လက်ရာမြောက်တဲ့ လက်စွပ်တစ်ကွင်းပါ။

'ကိုမိုးကောင်း'

ကျွန်တော် အားရဝမ်းသာစွာနဲ့ အသံမြှင့်ပြီး ခေါ်လိုက်တယ်ဆိုရင်ပဲ ကိုမိုးကောင်းဟာ ကျွန်တော်ကို ပွေ့ဖက်ပြီး တင်းတင်းကျပ်ကျပ် ဖက်တွယ်ထားတာကြောင့် ကျွန်တော် သေဘေးက လွတ်ပြီဆိုတာ သိလိုက်ပါပြီ။

(၁၉၈၉)ခုနှစ် လွန်ခဲ့တဲ့နှစ်နှစ်ဆယ်ကျော် အုပ္ပိုလ်ရွာ ဘော်လီဘောအသင်းခေါင်းဆောင် ကိုမိုးကောင်းနဲ့ ပြန်လည်ဆုံစည်းခွင့်ရတဲ့ တောတွင်းလက်နက်ကိုင် ခေါင်းဆောင် ကိုမိုးကောင်း (ခေါ်) တပ်ခွဲမှူးအဆင့် ဗိုလ်ကြီးမိုးကောင်းပါ။

အကယ်၍သာ ထိုစဉ်က ကောက်ရတဲ့ လက်စွပ်ပိုင်ရှင်ဖြစ်တဲ့ ကိုမိုးကောင်းကို ပြန်မပေးခဲ့သည်ရှိသော်..။

ရှစ်ခွင်ကျော်(ဖောင်တော်သီ)


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **သီယိုမက်**

**နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး** **ဟိမဝန္တာ သွေးသန့်ဆေး**

# ခရုသင်း သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကာရှိုက်၊ ရေယုန်၊ မုက္ခရုနာ၊ အြွက်နို့၊ ငါးမျက်စိ၊ ခဲ၊ ရိဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို **အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**သီယိုမက်** အရေပြားရောဂါ အထူးကုဆေးတိုက်

**အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



# လူယောင်ဆောင်တဲ့ ခွေးနက်ကြီး

**ချစ်မင်းသူ**

"ဒေါင်..ဒေါင်..ဒေါင်.. ဒေါင်"

နံနက်ပိုင်း ဆွမ်းစားရန် သံချောင်းခေါက်သံ အချက်ပေးနေပြီဖြစ်၍ ဦးပဉ္စင်းကြီး ဦးပညာ ခန်းနေဆောင်မှ ဆွမ်းစားဆောင်သို့ သွားလိုက်၏။ ဘုရားကြီးတိုက်ကျောင်းရှိ သံဃာတော်များ အားလုံးလည်း ဆွမ်းစား ဆောင်သို့ ကြွလာကြကုန်၏။ ကျောင်းထိုင်ဆရာတော်ကြီး ဦးဇာဂရကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းစားဆောင်သို့ ရောက်ရှိပြီးနောက် သံဃာအားလုံး ထမင်းဝိုင်းများ၌ အသီးသီးနေရာယူကာ မကြာမီ ဆွမ်းဘုဉ်းပေးကြ၏။

ဆွမ်းကွမ်းချက်သည့် ဝေယျာဝစ္စအဖွဲ့မှ လိုအပ်သည်များကို ဖြည့်ဆည်းပေးလျက်ရှိ၏။ သံဃာအားလုံး တိတ်ဆိတ်စွာ ဆွမ်းဘုဉ်းပေးနေကြရာ ဆွမ်းစားဆောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ တစ်ခါတစ်ရံ ဖွန်းသံ၊ ပန်းကန်သံ တချို့တစ်ဝက်ကိုသာ ကြားရ၏။ မကြာမီ သံဃာအားလုံး ဆွမ်းဘုဉ်းပေးပြီးသွား၍ ဝေယျာဝစ္စအဖွဲ့က သံဃာများ ဘုဉ်းပေးပြီးသား ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းသူသိမ်း၍ တချို့က အချိုပွဲများကို ပြင်ဆင်ပေးနေကြလေ၏။ ထိုစဉ်-

'ဦးပဋ္ဌင်းကြီး‥ဦးပဋ္ဌင်းကြီး ဦးပညာ ကယ်တော်မူပါဦးဘုရား'

ဦးပဋ္ဌင်းကြီး ဦးပညာကို ခေါ်၍ အပြေးတက်လာသော လူတစ်ယောက် ကျောင်းပေါ်သို့ ဒရောသောပါး အပြေးတက်လာပြီး ဦးပဋ္ဌင်း ဦးပညာ ဘေး၌ ဝင်ထိုင်ပြီး ဦးချရင်း နှုတ်မှလည်း ကယ်တင်ပေးရန် ပြောဆိုနေ၏။ ကယ်ပါအော်ရင်း ကျောင်းပေါ် တက်လာသည့်လူမှာ အသက်လေးဆယ်ဝန်းကျင်ခန့်ရှိ ယောကျာ်းတစ်ဦးဖြစ်၏။

ထိုသူ၏ ပြောဟန်ဆိုဟန် အမူအရာများကြောင့် ဆွမ်းစားဆောင်ရှိ သံဃာအားလုံးမှာ ထိုလူကို ငေး၍ ကြည့်နေ၏။ ဦးပဋ္ဌင်း ဦးပညာကမူ ဣန္ဒြေရစွာဖြင့် သူ့အနီး လာထိုင်ပြောနေသူကို အတန်ကြာသည်ထိ စူးစိုက်ကြည့်နေ၏။ ပြီးမှ-

'အောင်ပု၊ မင်း ဘာဖြစ်လာတာလဲ။ ငါက ဘာလုပ်ပေးရမှာလဲ။ အကျိုးအကြောင်းကို သေချာရှင်းပြစမ်းပါဦးကွာ။ မင်းဟာက ကယ်ပါသာ တဆာဆာအော်နေတယ်၊ ဘယ်သူ ဘာဖြစ်မှန်း မသိဘူး'

ဦးပဋ္ဌင်း ဦးပညာ၏ စကားကြောင့် အောင်ပုဆိုသူမှာ ဘာပြန်ပြော၍ပြောရမှန်းမသိ ကြောင်သွားကာ ခေတ္တငိုင်နေပြီးမှ ဖြည်းလေးစွာပြန်ပြော၏။

'ဒီ‥ဒီလိုပါ ဦးပဋ္ဌင်းကြီး၊ တပည့်တော်မိန်းမ မငွေလှ အိမ်မှာ တက်နေလို့ပါဘုရား။ အဲဒါ ဆေးလိုက်ကုပေးပါဘုရား'

'အင်း‥မင်းမိန်းမ မငွေလှရဲ့ အတက်ရောဂါက လည်း တစ်ခါမှ ပျောက်တယ်မရှိဘူး။ အမှန်တော့ ဒီရောဂါက ကံနာဝဋ်နာပဲဖြစ်မယ်။ ကဲပါလေ၊ လာ‥လာ‥ သွားကြရအောင်။ မင်းက ငါ့အခန်းထဲက ဆေးလွယ်အိတ်ယူလာခဲ့၊ ကြားလား'

ဦးပဋ္ဌင်းကြီး ဦးပညာက ပြောဆိုပြီးနောက် အောင်ပုခေါ်ရာနောက်သို့ လိုက်ရန် ထထွက်သွားသဖြင့် အောင်ပုက ဆေးလွယ်အိတ်ယူရန် ဦးပညာ အခန်းရှိရာသို့ အပြေးသွားလိုက်၏။ ဦးပညာက ရှေ့မှဦးစွာ သွားနေသဖြင့် အောင်ပုတစ်ယောက် ဆေးလွယ်အိတ်ယူပြီးနောက် ဦးပညာနောက်သို့ အမီလိုက်ခဲ့ရလေ၏။

ဦးပဋ္ဌင်းကြီး ဦးပညာ၏ ဘွဲ့အပြည့်အစုံမှာ ဦးပညာသာရ ဖြစ်၏။ သို့ရာတွင် လူအများနှင့် သံဃာအများက ပါ အဖျားဆွတ်၍ ဦးပညာဟု ခေါ်ရင်းမှ ထိုအမည်မှာ တွင်သွားခြင်းဖြစ်၏။ ဦးပညာမှာ ငယ်ဖြူဖြစ်၏။ ဖခင် ဆေးဆရာကြီးထံမှ ဆေးကုသမှု ပညာရပ်ကို ရရှိခဲ့ပြီး ကိုယ်တိုင်လည်း သူတစ်ပါးတို့ကို ဆေးကုသပေးရန် ဝါသနာရှိသောကြောင့် အင်္ဂပိုရွာတွင် ဘုန်းကြီးဆေးဆရာတစ်ဦးအဖြစ် နာမည်ကြီးနေရရှာ၏။

ငွေအသပြာကို အဓိကမထား၊ မေတ္တာစေတနာကိုသာ အရင်းခံထား၍ ဆေးကုသပေးသောကြောင့်လည်း ဦးပဋ္ဌင်း ဦးပညာ၏ ဂုဏ်သတင်းက အင်္ဂပိုရွာပင်မက အနီးအနားဝန်းကျင်ရှိရွာများအထိ ကျော်ကြားလျက်ရှိ၏။ ဘုရားကြီးတိုက်ကျောင်း ဆရာတော် ဦးဇာဂရ၏ တူဝမ်းကွဲဖြစ်သည်မို့လည်း ဆေးကုသခွင့် ရနေခြင်းဖြစ်၏။ ထို့ပြင် ဦးပညာမှာ တရားထိုင် ပုတီးစိပ်အလုပ်ကို ပွားများအားထုတ်သူဖြစ်ရာ အကြားအမြင်ရလျက် ပယောဂကိုပါ နိုင်နိုင်နင်းနင်း ကုသပေးနိုင်၍ ပိုပြီးဂုဏ်သတင်းကျော်လေ၏။

'အောင်ပု၊ ဒီတစ်ခါ မင်းမိန်းမ တက်တာက ရိုးရိုးတက်တာ မဟုတ်ဘူးကွ။ နည်းနည်းဆန်းနေတယ်။ မင်းမိန်းမ ဘယ်မှာ ဘာသွားလုပ်တယ် မသိဘူး။ ပိုင်ရာဆိုင်ရာက မကျေနပ်လို့ လုပ်လိုက်တာလို့ ငါ့ကို လာပြောနေတယ်။ ခုတော့ ငါတောင်းပန်ပေးလိုက်မယ်။ မင်းမိန်းမ သတိပြန်ရရင် မင်းတို့ကိုယ်တိုင်လည်း အဲဒီနေရာကို သွားပြီး ပိုင်ရာဆိုင်ရာတွေကို တောင်းပန်လိုက်။ ကြားလား'

'တင်ပါ့ဘုရား'



www.burmeseclassic.com

www.burmeseclassic.com

'ကဲ..ကဲ..ပိုင်ရာဆိုင်ရာများကိုလည်း မေတ္တာရှေ့ထားပြီး ဘုန်းကြီးက သူတို့ကိုယ်စား တောင်းပန်ပါတယ်။ တမင်ရည်ရွယ်ပြီး မှားတာမဟုတ်ပါဘူး။ အမှတ်တမဲ့ဖြစ်သွားတာမို့ ခွင့်လွှတ်ပေးပါ။ သူတို့ကိုယ်တိုင်လည်း ပိုင်ရာဆိုင်ရာများကို ကိုယ်ထိလက်ရောက် လာပြီးတောင်းပန်ပါလိမ့်မယ်။ မေတ္တာထားကြ။ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲကြပါစေ။ ကဲ..အောင်ပု၊ မင်းမိန်းမ အဖျားတော့ကျသွားပြီ။ ဒါပေမဲ့ အတက်ကြောင့် ပင်ပန်းပြီး မှိန်းနေလိမ့်မယ်။ တော်ကြာ ဆေးတစ်ခွက်တိုက်လိုက်။ ငါသွားတော့မယ်'

'တင်ပါ့ဘုရား'

'ပြီးတော့ မင်းမိန်းမ ပြန်ကောင်းလာရင် သူ အပေါ့အပါးသွားခဲ့တဲ့ နေရာကိုသွားပြီး ပိုင်ရာဆိုင်ရာကို သွားတောင်းပန်လိုက်နော်။ မမေ့နဲ့။ ကြားလား'

'တင်ပါ့ဘုရား'

ဦးပဥ္ဇင်းကြီး ဦးပညာက ပြောဆိုပြီးသည်နှင့် အောင်ပုတို့အိမ်မှ ထွက်လာခဲ့သည်။ ရွာလယ်လမ်းအတိုင်း ကြွလာခဲ့ရာ လမ်းခုလတ်ရောက်သည်တွင် နောက်မှလိုက်လာသော ခြေသံကြား၍ လှည့်ကြည့်ရာ ဆွမ်းကွမ်းဒကာမ မအေးစိန် ဖြစ်နေမှန်း သိရ၏။

'ဒကာမကြီး..အမောတကောနဲ့ ဘာဖြစ်လာသတုံး'

'တပည့်တော်သားအငယ်ကောင် ဝမ်းတွေ သွားနေတာ ခုထိမရပ်သေးလို့ပါဘုရား။ အဲဒါ'

'ကဲပါ၊ ဦးပဥ္ဇင်း တစ်လက်စတည်း လိုက်ကြည့်ပေးပါ့မယ်'

'ကျေးဇူးကြီးလှပါတယ်ဘုရား'

မအေးစိန်က ပြောဆိုပြီး ဦးဆောင်၍သွားရာ နောက်သို့ ဦးပညာ လိုက်သွားရပြန်၏။ အင်္ဂပိုရွာတွင် ဆေးခန်းမရှိ။ မြို့နှင့်အတော်အတန်ဝေးသောကြောင့်လည်း ရောဂါအသေးအဖွဲ့များကို ဦးပဥ္ဇင်းကြီး ဦးပညာ၏ တိုင်းရင်းဆေးဖြင့်သာလျှင် ကုသပျောက်ကင်းနေကြရ၏။ အတော်ကြီးမားသော ရောဂါကြီးများဖြစ်မှသာလျှင် မြို့ပေါ်သို့တက်ကာ မြို့ဆရာဝန်များဖြင့် ကုသတတ်ကြ၏။

တိုင်းရင်းဆေးဖြင့်သာလျှင် ဆေးကုသမှုများသောကြောင့် မြို့ပေါ်တက်၍ ဆေးကုသရမည်ဆိုလျှင် ဆေးထိုးရမည်ကို လူတော်တော်များများ ကြောက်ကြ၏။ ရိုးသားသော လယ်သမား၊ ယာသမားများ ဖြစ်သည်ကတစ်ကြောင်း၊ မိမိတို့နေထိုင်ရာ အရပ်ဒေသ၌သာလျှင် အချိန်ကုန်လွန်ခဲ့ကြသူများဖြစ်ခြင်းကြောင့် ပြင်ပဗဟုသုတနည်းပါးကာ ဆေးပညာအသိကင်းဝေးကြသူများ ဖြစ်ကြ၏။ သို့ရာတွင် ဘိုးစဉ်ဘောင်ဆက် မြန်မာတိုင်းရင်းဆေးများဖြင့်သာ အသက်ဆက်ခဲ့ကြသည့် သာဓကများရှိရာ မြန်မာတိုင်းရင်းဆေးအပေါ် ယုံကြည်ကိုးစားမှုရှိခြင်းမှာ အဆန်းတကြယ်တော့ မဟုတ်ပေ။

◆◆◆

'ဒီကလေးမက သိုက်ဆက်က လာတာ။ သိုက်နဲ့အကြောင်းဆက်ရှိတယ်။ သိုက်က ပြန်လာခေါ်နေတယ်။ အဲဒါကြောင့် ငိုမလိုရယ်မလိုဖြစ်လိုက်၊ တော်ကြာ သတိလစ်သွားလိုက် ဖြစ်နေတာ။ ဒီကလေးမကို သိုက်ကပြန်မခေါ်အောင် ငါ တားပေးလို့တော့ရတယ်။ ဒါပေမဲ့ ငါကဘုန်းကြီးဖြစ်နေတော့ ဒီအလုပ်ကို လုပ်မပေးချင်ဘူး'

'ဒီလိုတော့ မလုပ်ပါနဲ့ ဦးပဥ္ဇင်းကြီးရယ်၊ တပည့်တော်မတို့မှာ ဒီသမီးလေးတစ်ယောက်ပဲ ရှိတာပါ။ တပည့်တော်ရဲ့သမီးကို ကယ်တင်ပေးပါဘုရား'

'အင်း..ခက်တယ်၊ ခက်တယ်။ ရခဲတဲ့လူ့အသက်တစ်ချောင်းဆိုတော့လည်း ဘာပဲဖြစ်ဖြစ် ကယ်တင်ပေးရတော့မှာပေါ့လေ။ ကဲ..ကလေးမ၊ ဒီမှာထိုင်ပြီး ဘုရားကိုအာရုံပြုထား'

ဦးပညာက ရောဂါသည် ကလေးမလေးကို လက်အုပ်ချီ ဘုရားကန်တော့ခိုင်းပြီးနောက် ဆိုင်ရာပိုင်ရာတို့ကိုပင့်ဖိတ်ကာ ညွှန်ကြားပြောဆိုနေလေရာ မကြာခင်အချိန်တိုအတွင်း၌ပင် ရောဂါသည် ကလေးမလေးမှာ ကိုယ်ကိုပစ်လှဲရင်း ဘယ်ညာလူးလိမ့်နေရှာ၏။ ဦးပညာက မေတ္တာရှေ့ထား၍ တောင်းပန်တိုးလျှိုးနေ၏။

'ကဲ..ဒီကလေးမလေးကို ဒီတစ်ကြိမ် နောက်ဆုံးနှောင့်ယှက်တာဖြစ်ပါစေ။ ဒီနေ့ကစပြီး သူ့ကို ငါ့ရဲ့မေတ္တာကြိုးနဲ့ တားဆီးချည်နှောင်ထားလိုက်ပြီမို့ ခုချိန်ကစပြီး လုပ်ထားသမျှ အရာအားလုံး ပြန်ယူပြီး အမြန်ထွက်သွားပေတော့။ ဘာမှချန်မထားခဲ့နဲ့နော်။ သူ့ရဲ့မူလပကတိအတိုင်းသာ ထားပြီး ထွက်သွားကြတော့။ သွားကြ'

ဦးပညာ စကားဆုံးသည်နှင့် ရောဂါသည်ကလေးမလေး၏ ဦးခေါင်းထိပ်သို့ လက်ဖြင့် ဖြည်းညင်းစွာရိုက်ပုတ်



www.burmeseclassic.com

www.burmeseclassic.com

၍ အမိန့်ပေးနေရာ မကြာခင် ကလေးမလေး အကောင်းပကတိ သတိပြန်ဝင်လာလေ၏။ ထိုအခါမှ ဘေးတွင် စိုးရိမ်ကြောင့်ကြစွာ ထိုင်ကြည့်နေကြသော ကလေးမလေး၏ မိခင်၊ ဖခင်တို့မှာ ဝမ်းသာလာကာ ပြုံးနိုင်ကြတော့၏။

'ကျေးဇူးကြီးပါတယ် ဦးပဥ္စင်းကြီးရယ်၊ ကျွန်မတို့ သမီးလေးဟာ ဦးပဥ္စင်းကြီး ကယ်တဲ့အသက်ပဲရှိပါတော့တယ်။ သမီး..ဦးပဥ္စင်းကြီးကို ကန်တော့လိုက်'

မိခင်၊ ဖခင်တို့၏ စကားကြောင့် ရောဂါသည် ကလေးမက ဦးပဥ္စင်းကြီး ဦးပညာကို ဦးချကန်တော့လိုက်၏။ ထို့အတူ မိခင်၊ ဖခင်တို့ကလည်း ဦးပညာကို ဦးချကန်တော့နေပြန်ရာ ဦးပညာက ဆုပေးရင်း ထိုင်ရာမှ ပြန်ရန် ထလိုက်၏။

'အင်း..ခင်ဗျားတို့အတွက် ကျုပ်က လူ့အသက်တစ်ချောင်းကို ကယ်တင်လိုက်ရပေမယ့် ကျုပ်အတွက်ကတော့ အပြစ်တစ်ခု ကျူးလွန်လိုက်ရသလို ဖြစ်နေတယ်ဆိုတာ ခင်ဗျားတို့တွေ သိကြမှာမဟုတ်ပါဘူး။ ကဲ..ကဲ..ဦးပဥ္စင်း ပြန်ကြွတော့မယ်။ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေကွယ်။ ဘေးဥပဒ်အန္တရာယ်အသွယ်သွယ် ကင်းပြီး လိုရာဆန္ဒ ပြည့်ဝကြပါစေကွယ်'

ဆုတောင်းစကား ဆုံးသည်နှင့် ဦးပညာ အိမ်ပေါ်မှ ဆင်းကာ လမ်းမအတိုင်း လျှောက်ကြွသွားလေ၏။

ညသည် မှောင်ပိန်းကာ ကိုတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ နှင်းမြူအုံ့ဆိုင်းလျက်ရှိသောကြောင့် အေးစိမ့်မှုရှိနေ၏။ ဦးပဥ္စင်းကြီး ဦးပညာတစ်ယောက် ဘုရားခန်းအတွင်း၌ ဘုရားကန်တော့ ပုတီးစိပ်ပြီး မေတ္တာပို့ အမျှဝေနေသဖြင့် ပြင်ပဝန်းကျင်ကို သတိမထားမိခဲ့ချေ။ အားလုံးကိစ္စဝိစ္စပြီး၍ ထိုင်ရာမှ ထလိုက်သည်တွင် အေးစိမ့်မှုအရသာကို ခံစားလိုက်ရ၏။

'အင်း..နည်းနည်းအေးလာပါလား။ အချိန်လည်း အတော်ညဉ့်နက်ပြီဆိုတော့ အိပ်ရာဝင်တာပဲ ကောင်းပါတယ်'

စိတ်ထဲမှာတွေးရင်း အိပ်ခန်းဆီသို့ လျှောက်လာပြီးနောက် အိပ်ရာပေါ်သို့ ကိုယ်ကိုလှဲပြီး ခြင်ထောင်ကိုပါ ဆွဲချလိုက်၏။ ပြီးနောက် မျက်စိကိုမှိတ်ကာ ထွက်လေဝင်လေကိုမှတ်၍ စိတ်ကိုအနားပေးခြင်းပြုလေ၏။

သိပ်မကြာလိုက်-

'ဦးပဥ္စင်းကြီး..ဦးပဥ္စင်းကြီး'

အခန်းအပြင်မှ ထင်ထင်ရှားရှား လှမ်းခေါ်သံကြားလိုက်ရ၏။ အသံရှင်မှာ မိန်းကလေးအသံဖြစ်မှန်း သိရ၏။ ထို့ကြောင့် ဦးပညာ အိပ်ရာမှထကာ 'အခန်းတံခါးကို ဖွင့်ပေးရန် စူးစမ်းလိုက်၏။

'ဘယ်သူများလဲကွယ့်၊ ဘာကိစ္စရှိလို့လဲ။ အချိန်လင့်နေပြီလေ'

ဦးပညာက ဓာတ်မီးအလင်းရောင်ပေးကာ လာခေါ်သူကို အကဲခတ်ရင်းမှ မေးလိုက်၏။ လာခေါ်သူ မိန်းကလေးမှာ ဆံပင်ရှည်ကို နောက်သို့ချထားပြီး ရိုးရိုးယဉ်ယဉ် အဝတ်အစားကို ဝတ်ဆင်ထား၏။ အသက်အစိတ်ခန့် ရှိမည်ဟုထင်ရ၏။ ချောမောလှပပြီး ကိုယ်သင်းရနံ့က မွှေးပျံ့နေလေ၏။

'ကလေးမ..ငါ မေးနေတယ်လေ။ အချိန်ကလည်း ညဉ့်နက် ပြီးတော့ ချမ်းကချမ်းပါဘိသနဲ့။ ဘာကိစ္စများ အရေးတကြီးရှိနေလို့လဲ။ ဖြစ်နိုင်ရင် မနက်စောစောမှ လာပါလားကွယ်။ ခုပဲ ဦးပဥ္စင်း ကျိန်းတော့မလို့'

'ဒီ..ဒီလိုပါ ဦးပဥ္စင်းကြီးရယ်၊ တပည့်တော်မရဲ့ညီမလေး အတော်အသည်းအသန် ဖြစ်နေလို့ပါ။ အဲဒါ ဒီမှာ ဆေးကုတဲ့ ဦးပဥ္စင်းကြီး ရှိတယ်ဆိုလို့ အားကိုးပြီးလာခဲ့တာပါ။ လိုက်ပြီး ကူညီပေးပါ ဦးပဥ္စင်းကြီးရယ်'

ဦးပညာက မျက်မှောင်ကြုတ်လျက်မှ လာခေါ်သူကလေးမကို သေချာစွာ ဂရုတစိုက်ကြည့်လိုက်၏။ ပြီးမှ-

'နေပါဦး၊ ညည်းကို ဒီရွာမှာ ငါ တစ်ခါမှ မမြင်ဖူးပါဘူး။ ညည်း ဘယ်ကလာတာလဲ'

ကလေးမလေးကို စေ့စေ့ကြည့်ကာ ဦးပညာက ရုတ်တရက်မေးလိုက်၏။ ထိုအခါ ကလေးမလေးမှာ ထိတ်ထိတ်ပျာပျာဖြစ်ကာ ချက်ချင်းပင် ပြန်ဖြေလိုက်၏။

'ဟို..ဟို..သမီးတို့က ခရီးသွားတွေပါ။ ဒီည အချိန်ညဉ့်နက်သွားတာနဲ့ ဘုရားကြီးရဲ့မြောက်ဘက်မုခ်အောက်က ဇရပ်ထဲမှာ ခဏတည်းခိုနေရင်း ညီမလေးရဲ့ ဝမ်းဗိုက်က အရမ်းအောင့်လာလို့ ဘေးဘီကို စုံစမ်းကြည့်တော့ ဒီကျောင်းကြီးထဲမှာ ဆေးကုတဲ့ ဦးပဥ္စင်းကြီးရှိတယ် ဆိုလို့ ဒီကိုရောက်လာတာပါဘုရား။ တပည့်တော်တို့ ညီအစ်မကို လိုက်ပါကူညီပေးတော်မူပါဘုရား။ တပည့်တော် တောင်း

www.burmeseclassic.com

ပန်ပါတယ်ဘုရား'

'အင်း…ညည်းတို့က ခရီးသွားတွေဆိုတော့လည်း လိုက်ပြီးကူညီရတော့မှာပေါ့။ ခဏစောင့်၊ ငါ ဆေးလွယ်အိတ် ယူလိုက်ဦးမယ်'

ဦးပဥ္ဇင်း ဦးပညာက ပြောဆိုပြီး အခန်းတွင်းသို့ ပြန်ဝင်၍ ဆေးလွယ်အိတ်ယူပြီးနောက် လာခေါ်သူ မိန်းကလေးနောက်သို့ ဓာတ်မီးထိုးရင်း လိုက်ပါသွားလေ၏။ အပြင်ဘက်တွင် မြူနှင်းတို့ ဝေကျနေ၍ အအေးဓာတ်က ပိုကဲကာ ချမ်းစိမ့်စိမ့်ရှိ၏။ ညဥ့်နက်သန်းခေါင်ဖြစ်သည့် အပြင် လမိုက်ရက်ဖြစ်သောကြောင့် အမှောင်ထုက ပိန်းပိတ်နေသဖြင့် ဓာတ်မီးရောင်ကို အားပြု၍ သွားနေရ၏။

ဦးပဥ္ဇင်းကြီး ဦးပညာ နေထိုင်သော ကျောင်းခန်းမှ ထွက်ပြီး အရှေ့ဘက်ချိုးကွေ့လျှင် ကျောင်းဝင်းကြီးအတွင်းရှိ (၂၇)တောင်မြင့်သော ဘုရားကြီးစေတီရှိ၏။ ထိုဘုရားကြီးစေတီရင်ပြင်ပေါ်မှလျှောက်၍ မြောက်ဘက်မုခ်မှဆင်းလျှင် လာခေါ်သူ မိန်းကလေးတို့ တည်းခိုသည့် ဇရပ်သို့ ရောက်မည်ဖြစ်၏။ လာခေါ်သူ မိန်းကလေးမှာ မှောင်မှောင်မည်းမည်းထဲတွင် မီးတိုင်မပါ၊ လက်နှိပ်ဓာတ်မီးမပါဘဲနှင့် ဦးပညာ၏ ရှေ့မှနေ၍ ဦးဆောင်လျှောက်သွားနေ၏။

ဦးပညာကမူ လက်နှိပ်ဓာတ်မီး အလင်းရောင်ကို အဖော်ပြုလျက် မိန်းကလေးနှင့် မလှမ်းမကမ်း နောက်ဘက်ဆီမှ လိုက်လာ၏။ ဘေးဘီဝဲယာတွင် မှောင်မည်းနေလေ၏။ ရှေ့မှ လျှောက်သွားနေသော လာခေါ်သူ မိန်းကလေးနှင့် အဆက်ပြတ်သွားမှာစိုး၍ ဦးပညာမှာ ဘေးဘီသို့ပင် မကြည့်နိုင်။ လာခေါ်သူ မိန်းကလေးကိုသာ တစိုက်မတ်မတ်ကြည့်၍ လျှောက်လာခဲ့ရာ ဘုရားကြီးစေတီမြောက်ဘက်မုခ် အဆင်းလှေကားထစ်အရောက်တွင် ရှေ့မှ သွားနေသည့် မိန်းကလေးကို မတွေ့ရတော့ချေ။ ရုတ်တရက်ပျောက်သွားသဖြင့် ဦးပညာ အသံပြုလိုက်၏။

'ကလေးမ…ကလေးမ၊ ရှေ့မှာ ခဏရပ်ပါဦးကွယ်'

နောက်ဘက်မှ အသံပြုရင်း ဦးပညာ ရှေ့ဘက်သို့ ခပ်သွက်သွက်လျှောက်လာလိုက်၏။ ပါလာသည့်လက်နှိပ်ဓာတ်မီးရောင်ဖြင့် အနီးဝန်းကျင်တစ်ဝိုက်သို့ ပြန့်ကြက်ကာထိုးကြည့်ရင်း မိန်းကလေးကို ရှာဖွေကြည့်၏။ မိန်းကလေး၏ အရိပ်အယောင်ကိုမျှ မတွေ့ရချေ။ ခပ်လှမ်းလှမ်းတွင် မည်းမှောင်နေသော ဇရပ်ကြီးကို တွေ့နေရ၏။ ဦးပညာ ကြက်သီးမွေးညင်းတစ်ချက်ထသွား၏။ ထိုစဉ် ဓာတ်မီးအလင်းရောင်ထဲတွင် တောက်ပသောမျက်လုံးတစ်စုံကိုပြူးလျက် ဦးပညာထံသို့ ပြေးလာနေသော ခွေးနက်ကြီးတစ်ကောင်ကို ရုတ်ခြည်းတွေ့လိုက်ရရာ ဦးပညာ နောက်ကြောင်းသို့ ခြေကုန်သုတ်ပြေးရတော့၏။

ခွေးနက်ကြီးမှာ လျင်မြန်သလောက် ဦးပညာမှာ မိမိခြေထောက်ကိုမိမိ မနည်းသယ်နေရလေရာ ဘုရားကြီးစေတီရင်ပြင်တော်အရောက် နောက်မှ ခွေးနက်ကြီး၏ ကိုက်ဆွဲမှုကို တစ်ချက်ခံရပြီးနောက် ခွေးနက်ကြီးမှာ ထိုအနီးအနားမှ ချက်ချင်းပျောက်သွားလေ၏။ ဦးပဥ္ဇင်းကြီး ဦးပညာမှာမူ ဘုရားကြီးစေတီတော်မြောက်ဘက် ရင်ပြင်တော်ပေါ်တွင် သတိမေ့မြောနေခဲ့ရာ နံနက်အရုဏ်တက် အခြားသော ဦးပဥ္ဇင်းများ ဘုရားဝတ်တက်မှ ဦးပညာမေ့မြောနေသည်ကိုတွေ့၍ ကျောင်းခန်းသို့ သယ်မ,ယူလာခဲ့ကြရ၏။

ဦးပဥ္ဇင်းကြီး ဦးပညာမှာ ပထမပိုင်း သတိကောင်းစဉ်အခါက ထိုအဖြစ်အပျက်များကို အစအဆုံး ခရေစေ့တွင်းကျ ပြန်ပြောနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် လုံးဝအသိဉာဏ်ကင်းမဲ့ကာ အရူးတစ်ပိုင်း ဖြစ်သွားရရှာ၏။ ဆေးကုရ၍လည်း မရတော့။ သူ့ကို ဆေးကုပေးမည့်သူလည်း မရှိ။

'ခွေးနက်ကြီး…ခွေးနက်ကြီး လာနေပြီ။ ကယ်ကြပါဦး…ကယ်ကြပါဦး'

တစ်ခါတစ်ရံ ယောင်ယမ်းထအော်ကာ လျှောက်ပြေးနေတတ်သည့် ဦးပညာ၏ အဖြစ်ကိုကြည့်ကာ လူတိုင်း သနားနေမိကြ၏။ တချို့က အပြစ်ပြောတတ်ကြ၏။

'အဲဒါ သိုက်က လုပ်လိုက်တာလေ။ ဦးပဥ္ဇင်းကြီးက တစ်ခါက သိုက်ကို အနိုင်တိုက်ခဲ့ဖူးတယ်လေ။ ခုတော့ သူပြန်ခံရတာပေါ့'

မည်သို့ဆိုစေကာမူ ဦးပဥ္ဇင်း ဦးပညာကား ယနေ့တိုင် အကောင်းပကတိ ပြန်မဖြစ်နိုင်သည်မှာ အမှန်ပင်ဖြစ်ပါ၏။ သို့ရာတွင် ယခုဘဝမှာပင် ဝဋ်ကြွေးကို အကျေအလည် ပေးဆပ်သွားနိုင်ခဲ့သည့်အတွက် တမလွန်ဘဝများတွင် ကောင်းကျိုးများ ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ရပေတော့၏။

ချမ်းမင်းသူ

www.burmeseclassic.com

www.burmeseclassic.com

"ဂူး..အု..ဂူး..အူး"

အချိန်ကား ညသန်းခေါင်ကျော်ပြီးနောက် နှစ်နာရီနီးနီးခန့် ရှိပေသည်။ အိပ်မောကျနေသော ဦးဘိုးချစ်ကား ဖျတ်ခနဲ လန့်နိုးသွားလေပြီ။

# ဆန်းဝင်း
(အောင်မြေ)

# စည်းရိုး



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းရင်းကား အထက်ပါ ရွာလယ်လောက်ဆီမှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြောင့်ပင် ဖြစ်လေသည်။ တစ်တစ်သံမြည်လျက် အိမ်မကြီး အလယ်တိုင်မှ တိုင်ကပ်နာရီသို့ လက်နှိပ်ဓာတ် မီး(ဓာတ်ခဲသုံးလုံးထိုး)နှင့် ထိုးကြည့်လိုက်ရာ မှန်ပါသည်၊ နှစ်နာရီနှင့် ငါးမိနစ် စွန်းနေပြီ။

'အု..အူ..ဝူး'

'ဝု..အူ..ဝူး'

ဟော..ခွေးများ စောစောကလို တစ်ကောင်တည်း မဟုတ်တော့ပေ။ ခွေးနှစ်ကောင်၊ သုံးကောင်ထက်မနည်း အူကြပြန်တော့သည်။ ဦးဘိုးချစ်စိတ်ထဲ တစ်မျိုးဖြစ်မိ၏။ ခါတိုင်းညတွေ ဘာသံမှမကြား။ မနီးလို့ မကြားတာလား။ ဒါလည်း မဖြစ်နိုင်။ မိမိကား အအိပ်ဆတ်သည်။ ခါတိုင်းညများ ခွေးမအူကြတာ သေချာသည်။ လေးပင် သုံးခန်း အဖီအဆွယ်နှင့် မီးဖိုချောင်၊ တစ်ဆောင်ပြိုင် အိမ်နောက်ဘက် စပါးကျီ၊ အိမ်ခေါင်းရင်း ကပ်လျက်ကား နွား(၈)ကောင်၊ ခပ်ချောင်ချောင် နေလောက်သော အောက်ခြေလူတစ်ရပ်မျှမြင့်သော သစ်သားခင်းစင်တင်းကုပ်ရှိသည်။ ခွေးများအူချိန် အိမ်ခေါင်းရင်းမှ နွားများလည်း လှုပ်လှုပ်ရှားရှား အသံမြည်လျက် အိပ်ရာမှ ထကြလျက် နှာမှုတ်ခွာလျက် လုပ်နေကြသည်။

ထူးခြားမှုတစ်ခုကတော့ ဖြစ်တော့မည်လားဟု ဦးဘိုးချစ် စိတ်ထဲ ထင်နေမိလေသည်။ စိတ်ထဲ ထင်လျှင်ထင်သလို ချက်ချင်း လုပ်တတ်သော ဦးဘိုးချစ်ကား အသက်(၆၀)ကျော်ပြီ ဖြစ်သော်လည်း သွက်မြန်ဖျတ်လတ်လှလေသည်။ အိပ်ရာမှ ဖျတ်ခနဲ ထ၍ သုံးတောင့်ထိုးလက်နှိပ်ဓာတ်မီးကို ခါးကြားထိုး၍ ဆေးပြင်းလိပ်အားဓာတ်ဆီမီးခြစ်နှင့် မီးညှိဖွာရှိုက်ပြီး အိမ်ရှေ့ဖိနပ်ချွတ်တံခါးကြားမှ ပိတ်ထားသော ပေ(၅၀)ခန့် အိမ်မကြီးနှင့်ဝေးသော ခြံတံခါးအပြင် ရွာလယ်ဘက်လမ်းသို့ ကဲကြည့်လိုက်လေသည်။

အိမ်ခြံမြေများထက် အနည်းငယ်နိမ့်သယောင်ရှိသော ရွာလယ်လမ်းကား ဆောင်းရာသီသရုပ်ကိုဖော်လျက် မြူနှင်းများ ဆိုင်းနေသလို ရှိလေသည်။ လဆန်းပိုင်း ခပ်စောစော ဝင်သွားသော လကြောင့် အိမ်ရှေ့လမ်းမအား ထင်းလင်းစွာ မြင်နိုင်သော်လည်း ယောက်ျား၊ မိန်းမ မကွဲပြားနိုင်သော အနေအထားဖြစ်သည်။

ခွေးများကား အူဆဲ။ တစ်ချက်၊တစ်ချက် ဟောင်သံများပါ ရောစွက်လျက် ရှိလေတော့သည်။ ခွေးခွေးချင်းဟောင်သည်လား။ မဖြစ်နိုင်ပေ၊ တစ်စုံတစ်ခုကို သဲကြီးမဲကြီး ဟောင်နေသကဲ့သို့ရှိပြီး ခွေးများ စုပေါင်းဟောင်သော အသံကား မဝေးလှတော့ပေ။

ဦးဘိုးချစ်ကား ဓာတ်မီးကို ခါးတွင်ထိုး၍ လောက်စာလုံးငါးလုံးခန့် ခါးပိုက်ဆောင်တွင်ထည့်၍ ကိုင်နေကျဖြစ်သော လင်းလေး(ရှေးလူကြီးများ ကိုင်ဆောင်တတ်သော. တစ်လံမျှရှိသော ဝါးယားကို သေချာစွာသပ်၍ နိုင်လွန်ကြိုးနှစ်ချောင်းတပ်ပြီး ကြိုး၏ အလယ်ဗဟိုနေရာတွင် လောက်စာလုံးအိမ် ရက်လုပ်တပ်ဆင်ထားသည်။ လွန်စွာပြင်းထန်သော အားအပြည့်ပါသော၊ မပစ်တတ်ပါက လက်မကိုသာ ထိမှန်သော၊ ယခုခေတ် လွန်စွာတွေ့ရခဲသော၊ အဆိုပါ လင်းလေး မြှားတပ်၍လည်း ပစ်လို့ရသော)အား ကိုင်လျက် ခြံတံခါးအနီးသို့ မှောင်ရိပ်ခို၍ ချဉ်းကပ်သွားလေသည်။

ခပ်လှမ်းလှမ်း ရွာထိပ်ဘက် အဝင်မှသည် ခွေးများအလုအယက်ဟောင်လျက် ရွာလယ်သို့ တရွေ့ရွေ့လာနေသောအရာကား တဖြည်းဖြည်း ဦးဘိုးချစ်၏ မြင်ကွင်းအတွင်းသို့ မသဲမကွဲမြင်တွေ့ရခါနီးပေပြီ။ ထိုအချိန် ဦးဘိုးချစ် နောက်ဘက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်လေသည်။ အိမ်တွင် ကျောင်းပိတ်ရက် လယ်ဝိုင်းကူလာလုပ်ပေးသော တူလည်းတော်သော မောင်ညွန့် ဦးဘိုးချစ် အနားသို့ ခပ်ရိုရိုကပ်လာပြီး သူလည်း ရွာလယ်လမ်းမသို့ ကဲကြည့်နေသည်။

ဦးဘိုးချစ်ကား မောင်ညွန့်ကို မှောင်ရိပ်ကွယ်တွင်နေစေ၍ ခြံ၏ ဟနေသော တံခါးနှစ်ခု အစပ်တည့်တည့်တွင် လင်းလေးအား လောက်စာလုံးထည့်၍ နှုတ်မှလည်း ဂါထာတစ်ခုအား ရွတ်ဖတ်နေလေသည်။ ခွေးများကား ခွာလိုက် ကပ်လိုက်နှင့် ဟောင်၍လိုက်လာကြရာ သစ်ပင်ရိပ်ကင်းသော ဦးဘိုးချစ်အိမ်ရှေ့ လမ်းမအစပ်သို့အဝင်တွင်တော့ ဦးဘိုးချစ် ဖြုန်းခနဲ ခေါင်းကြီးသွားလေသည်။

နောက်က ဟောင်၍လိုက်လာကြသော ခွေးများအားဂရုမစိုက်ဘဲ ခပ်ဖြည်းဖြည်း ခပ်တည်တည် တစ်လှမ်းချင်း ရွာလယ်လမ်းအတိုင်း ဝင်လာသော သူ့ဝါကြီး



www.burmeseclassic.com

www.burmeseclassic.com

ကား-

ဦးဘိုးချစ် မိမိမျက်စိကိုပင် မယုံနိုင်။ မဖြစ်နိုင်ဟု ထင်မိသေး၏။ သို့သော် မြင်နေရပေပြီ။ လမိုက်ညဆိုသော်လည်း တိမ်ကင်းစင်သော ကြယ်ရောင်များကြောင့် ကျင့်သားရနေသော မျက်စိက အမြင်မမှားနိုင်ပါပေ။

'အဟား‥ကြီးလိုက်တဲ့ဟာကြီးဗျာ'

ခပ်အုပ်အုပ်လေသံမျှ ထွက်လာသော မောင်ညွန့်အား အသာလေးငြိမ်နေရန် လက်ဟန်ပြလျက် ဦးဘိုးချစ် မိမိ၏ လေးတစ်ကမ်းအတွင်း ဝင်လာသော ကျွဲပေါက်ငယ်တစ်မျှ ကြီးမားလှသော၊ အရောင်က အနက်လား၊ အညိုလား ခွဲခြားမရသော၊ မည်သည့်အန္တရာယ်ကိုမျှ မမှုသောဟန်ဖြင့် ချီတက်လာသော၊ မည်သည့်နေရာကို သွားမည်မှန်းလည်း မသိရသော အနှိဝက်ကဲ့သို့သော သတ္တဝါကြီးအား လင်းလေးဖြင့် သေသေချာချာ ချိန်ထားလျက် ပေ(၅၀)ခန့် အရောက်တွင် နှာယောင် နှာနှ တည့်တည့်သို့ အားထည့်၍ လေးညို့အားဆွဲပြီး သတ္တဝါကြီး ပစ်မှတ်နေရာအား မျဉ်းဖြောင့်မှန်းလျက် ပစ်လွှတ်လိုက်လေတော့သည်။

'ဒေါင်‥ခွပ်'

'အိ‥အီး‥အူး'

ချက်ကောင်းကို ထိမှန်သွားသည် ထင်ရသော ထိုသတ္တဝါကြီးကား တစ်ချက် မသက်မသာ အော်ဟစ်၍ ပတာတ်ရပ်ပြီး နောက်ဘက်သို့ လည်ထွက်သွားလျက် ချွေးများ အကြားမှ လှစ်ခနဲ သုတ်ခြေတင်၍ ပြေးလေတော့သည်။ အကောင်နှင့်မမျှ မြန်ဆန်လှသော အပြေးနှုန်းက ခဏအတွင်း ရွာတွင်းမှ ထွက်၍ ချွေးဟောင်သံများပါ ပျောက်၍ တိတ်သွားလေတော့သည်။

◆◆◆

နေရာကား အောင်ဘော်ရွာထိပ်ရှိ ဘုန်းတော်ကြီးကျောင်း၊ အချိန်က နံနက်(၈)နာရီခန့်၊ ရွာဦးကျောင်းဆရာတော်က တစ်အိမ်တစ်ယောက် တစ်ရွာလုံး အရေးပေါ်ဟု ကျောင်းသားများအား အခေါ်လွှတ် အကြောင်းကြားသောကြောင့် ဆရာတော်၏ အမိန့်အတိုင်း မိမိတို့၏ အရေးကြီးကိစ္စများ ရှိစေကာမူ ထားခဲ့ကြပြီး လာရောက်စုရုံးလျက် ရှိကြသဖြင့် လူကြီး၊ လူငယ်၊ လူရွယ်လူလတ် (၇၀)ကျော်ခန့် ရောက်ရှိနေချေပြီ။ ဘာအကြောင်းများ အမိန့်ရှိမည်နည်း ငံ့လင့်လျက် စကားမပြော တိတ်ဆိတ်နေ၏။

ဆရာတော်ကား ကုလားထိုင်ကြီးပေါ်တွင် ထိုင်ပြီးနောက်-

'ဒကာကြီး ဦးဘိုးချစ်'

'အရှင်ဘုရား'

'လူစုံလောက်ပြီလား'

ဦးဘိုးချစ် ပရိသတ်အား တစ်ချက်ဝေ့ကြည့်လျက် စစ်ဆေးလိုက်ပြီးနောက်-

'မှန်ပါဘုရား၊ ခရီးလွန်နေသူ တချို့ကလွဲရင် အားလုံး လူစုံပါပြီ အရှင်ဘုရား'

'အေး‥အေး‥ကဲ‥ဒါဆို နားထောင်ကြ ဒကာတို့၊ ညနှစ်နာရီလောက် အချိန်က ရွာထဲ ဘာများဖြစ်သလဲ ကွယ့်၊ သိတဲ့လူ ရှိလား။ ကျောင်းက ညောင်ပင်က ကျီးတွေက လဲပြိုတယ်။ (ကျီးများ အော်မြည်လျက် အုပ်လိုက်ပျံသန်း၍ အော်ခြင်း၊ အချိန်မဟုတ် ညဥ့်နက်သန်းခေါင် ဖြစ်ခြင်းများကို ကျီးပြိုသည်ဟု ခေါ်ဝေါ်၏) အဲဒါ ချွေးတွေလည်း တော်တော်များများ အူလည်း အူတယ်၊ ဟောင်တာ ဆူတာတော့ မပြောနဲ့တော့။ ဘုန်းကြီး တရားထိုင်ပြီး မအိပ်သေးဘူး။ ဒါနဲ့ ခဏနားပြီး ရွာထဲဘက် ကျောင်းအပေါ်ထပ်ကနေ လှေ့လာတော့ ရွာထဲကို တစ်ခုခုဝင်လာတယ်လို့ ယူဆမိတယ်။ အာရုံပြုကြည့်တော့ အင်း‥သိပ်ပြီးတော့ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး။ ပြီးတော့ မကြာလှဘူး ရွာထိပ်ဘက်ကို ချွေးဟောင်သံတွေ ပြန်ထွက်သွားတယ်။ ကဲ‥အဲဒါ ဘယ်သူများ တွေ့မိကြည့်မိကြသလဲ ပြောကြစမ်းပါဦး'

ဆရာတော်ကား ရှည်လျားစွာ မိန့်ကြားပြီး ရေတစ်ဖန်ခွက် ငုံ့သောက်ပြီးနောက် ယာထားသော ကွမ်းအား ပါးစပ်ထဲ ထည့်၍ ဝါးလိုက်လေသည်။

ထိုအခါ ဦးဘိုးချစ်က အနည်းငယ် နေရာပြင်၍ထိုင်လျက် ရှေ့သို့လည်း အနည်းငယ်တိုး၍-

'မှန်ပါ။ ညက တပည့်တော် တွေ့ရပါတယ်ဘုရား'

'အဲ‥ဟုတ်ပဟ။ လုပ်စမ်းပါ ဒကာချစ်ရယ်၊ ပြောစမ်းပါဦး'

'ချွေးအူသံတွေ၊ ဟောင်သံတွေ ကြားလို့ ရွာလယ်လမ်းကို ထွက်ကြည့်တော့ ဝက်လိုလိုဘာလိုလို ခပ်မည်းမည်း အကောင်ကြီးတစ်ကောင် ဝင်လာတယ်ဘုရား။ တပည့်တော်တူ မောင်ညွန့်လည်း မြင်ပါတယ်ဘုရား'



www.burmeseclassic.com

www.burmeseclassic.com

'အေး··အဲဒါနဲ့ ဆက်စမ်းပါဦးဗျာ'

'မှန်ပါ၊ အဲဒီအကောင်ကြီး တစ်ကောင်ပါဘုရား။ ကျွဲပေါက်နီးနီး ရှိမယ်ထင်ပါတယ်။ ဒါပေမဲ့ ဝက်လိုရှိပုံပဲ ဘုရား'

'ဟုတ်လား ဒကာကြီး၊ ဟုတ်လား။ အင်း··အဲဒါနဲ့'

'တပည့်တော်အိမ် မျက်စောင်းထိုးလောက်လည်း ရောက်ရော တပည့်တော် လင်းလေးနဲ့ မျက်နှာတည့်တည့် ပစ်ထည့်လိုက်တာ တစ်ခါတည်း အူးခနဲအော်ပြီး နောက်ကျွမ်း တစ်ပတ်ပြန်သွားတာပဲဘုရား'

'အေး··ဒကာချစ်၊ ဟုတ်ပြီ။ ဆက်ပါဦး'

'မှန်ပါ၊ တော်တော်အထိနာသွားပုံပါပဲဘုရား။ နောက်ကြောင်းပြန်လှည့်ပြီး တစ်ချိုးတည်း လစ်တော့တာပဲ ဘုရား'

'အင်း··အဲဒါကြောင့် ခွေးဟောင်သံ ဝေးပြီးနောက် ပျောက်သွားတာကိုးဗျ။ ကဲ··အဲဒါ ကောင်းတဲ့အခြေအနေ မဟုတ်ဘူး။ ရွာမှာ ဒကာတို့ အပြင်စည်းရိုးလည်း မကာကြဘူး၊ ရွာဝင်တံခါးလည်း မရှိဘူး။ ဒကာတို့ရွာထဲ နာနာဘာဝတွေတောင် ဝင်လာပြီ။ ရွာပျက်တော့မှာပဲ။ ကဲ··ဒါဖြင့် ဒီလိုလုပ်ကြစို့။ ကဲ··ရှေ့တိုးကြစမ်း၊ ရှေ့တိုးကြစမ်း'

သို့နှင့် ထိုကိစ္စအား ဆရာတော်မှ ဦးဆောင်ညွှန်ကြားလျက် ရွာစည်းရိုးများ အမြန်ကာစေခြင်း၊ ရွာလယ်လမ်း တစ်လမ်းတည်းသာရှိပြီး ရွာဟိုဘက် ဒီဘက် တိုးလျှိုပေါက် ဖြစ်လေသည်။ အခြားရွာနှင့် မတူသော အချက်တစ်ခုကား ထိုရွာဝင် ရွာထွက် လမ်းဘေးတွင် တောက်လျှောက် ချောင်းလည်း ရှိနေသေး၏။ အနည်းငယ် ကျဉ်းမြောင်းသော်လည်း မိုးဦးကျ တောင်ကျရေ အရှိန်ပြင်းစွာ စီးဆင်းသော လေးမျက်နှာမြို့ထိ ပေါက်ရောက်သော ချောင်းလည်း ရွာလယ်တစ်လျှောက် ရှိနေသည်။ ထို့ကြောင့် ရွာထိပ်တံခါးများ ပြုလုပ်လျက် စည်းရိုးအတွင်းမှ ကင်းစောင့်တဲကိုလည်းကောင်း အမြန်ဆောက်လုပ်ကြပြီး ကားဘီးသံခွေဟောင်းကြီး တစ်ခုစီ ချိတ်ဆွဲစေလျက် ခေါက်ရန် သံချောင်းကိုပါ ထားရှိရ၏။

မိုးတွင်းအခါ ရခိုင်ရိုးမမှ ဆင်းသက်လာသော အဆိုပါ ချောင်းရေကား တောင်ပေါ်မှ လာသောကြောင့် ပြင်းထန်အေးစက်သော ရေအဟုန်ဖြင့် လေးမျက်နှာ ဝန်းမြစ်အတွင်း စီးဝင်သောချောင်း ဖြစ်သည်။ ထိုချောင်းကြောင့် ရွာသည် အလိုလိုပင် အရှေ့ခြမ်း၊ အနောက်ခြမ်း နှစ်ခြမ်း ဖြစ်နေလေသည်။ ရွာဦးကျောင်းကား အနောက်ခြမ်းဘက်တွင် ပါဝင်နေသည်။ နွေဘက်တွင် ထိုချောင်းအား အမှီပြု၍ ငါး,ဖားမရှားလှပေ။ ဤကား ရွာ၏ တစ်စိတ်တစ်ဒေသ အခြေအနေတည်း။

ရွာဦးကျောင်းဆရာတော်ကား အမြော်အမြင်ရှိပေစွ။ တစ်ရွာလုံးအပေါ် သြဇာလည်းရှိလှသည်။ တစ်မိနစ်၊ တစ်သံတည်း၊ တစ်နေ့တည်း ခြံစည်းရိုးကာခြင်းကို ရွာပတ်ပတ်လည် ပြီးအောင်ခိုင်းသည်။ ရွာသားများလည်း အခြားအရေးကြီးအလုပ်များ ရပ်ထား၍ ဘာမှန်းမသိသော အန္တရာယ်ကို ကြောက်လန့်ကြသဖြင့် အလုပ်လုပ်နိုင်သူ အမျိုးသမီးကြီးငယ်များပါမကျန် အားလုံး ဝိုင်းလုပ်ကြသဖြင့် ညနေမိုးချုပ်ချိန်တွင် အောင်ဘော်ရွာ တစ်ရွာလုံး ဝါးကပ်များ ကာပြီးလျှင် ရွာဝင်တံခါးပါ ပြီးစီး၍သွားလေတော့သည်။ ဒကာ ရွာသားများပင် ယခုအချိန်၌ အပြင်မှ ရွာအတွင်းသို့ တံခါးဖွင့်မပေးလျှင် ဝင်၍ မရတော့ပေ။

ရွာလယ် ဦးဘိုးချစ်အိမ်တွင် ရွာဦးကျောင်း ဆရာတော်သည် ကြိမ်ကုလားထိုင်မြင့်ဖြင့် သီတင်းသုံးလျက် ဆရာတော်၏ရှေ့ မြေကွက်လပ်တွင်ကား ရွာသားများ စုဝေးရောက်ရှိနေပေပြီ။

'ကဲ··ဒကာကြီးတို့၊ ဒကာမကြီးတို့ တော်တော်လေး ပင်ပန်းသွားကြပြီလား'

'မှန်ပါ၊ မပင်ပန်းပါဘူးဘုရား'

'အေး··သည်းခံကြ၊ သည်းခံကြ။ ကိုယ့်မိသားစု၊ ကိုယ့်ရွာသား အားလုံးအတွက်ပဲလေ။ ဒါလောက်တော့ ရှိရမှာပေါ့။ နောက်နှစ်တွေလည်း ခြံစည်းရိုးနဲ့ ရွာတံခါးကို ယခုလိုပဲ ဆက်လက်ဆောင်ရွက်ကြ။ အလှည့်ကျကင်းကို သေသေချာချာ စောင့်ကြ။ ညီညီညွတ်ညွတ်ရှိဖို့က အဓိက အရေးကြီးတယ်။ အဓိကပြောချင်တာက မနေ့က ရွာထဲ ဝင်လာတဲ့ အကောင်ကြီးက နာနာဘာဝလား၊ ရိုးရိုး သတ္တဝါလားဆိုတာ ဘယ်သူမှ သေသေချာချာ မသိရသေးဘူး။ တကယ်လို့ နာနာဘာဝဆိုရင်တော့ အဲဒါ ဒီနေ့ည စိတ်မချသေးနဲ့၊ လာကို လာဦးမှာ။ ရွာထိပ်မှာ အလှည့်ကျ ကင်းစောင့်တဲ့ အလုပ်ကို ဒီညက စလုပ်ကြပေတော့။ တစ်ညကို နှစ်ယောက်နှုန်းနဲ့ စောင့်ကြ။ ကြားကြရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com

'မှန်ပါ။ အမိန့်တော်မြတ်အတိုင်းပါဘုရား'

'အင်း..ခုမှပဲ အောင်ဘော်ရွာလည်း ရွာနဲ့တူသွားပေတော့တယ်။ ကဲ..ကဲ..မိုးလည်းချုပ်ပြီ။ ဘုန်းကြီးပြန်ကြွတော့မယ်'

'မှန်ပါ အရှင်ဘုရား'

ရွာဦးကျောင်း ဆရာတော်လည်း ယနေ့ တော်တော်ပင်ပန်းရှာလေသည်။ ဒကာကြီး ဦးဘိုးချစ်အိမ်တွင် ကပ်လှူသောဆွမ်း (ဟိုအိမ်ဒီအိမ် များစွာကလည်း ဟင်းများလာရောက်ပို့လှူကြလေသည်)အား ဘုဉ်းပေး၍ တစ်နေ့လုံး သင်္ကန်း ခေါင်းပေါ်တင်၍ တစ်ရွာလုံးပတ်လျက် လှည့်လည်ကြပ်မတ်သဖြင့် ခြံစည်းရိုးကိစ္စ ပြီးသွားခြင်းဖြစ်လေသည်။ ဆရာတော် ဖြစ်စေချင်သော စည်းကိစ္စအောင်မြင်သွားပေပြီ။

ရွာအတွက် လုံးပန်းဆောင်ရွက်၍ စည်းရိုးတံခါးများ နေ့ချင်း ပြီးသွားသည်မှာ ရွာသားများ မမြင်ရသောအန္တရာယ်အား လွန်စွာကြောက်သောကြောင့် ၄င်းတွန်းအား ပါဝင်၍ ရွာစည်းရိုးတံခါးများ ပြီးဆုံးသွားသော်လည်း ဆရာတော်၏ ကျောင်းတွင် အုတ်တိုင်များသာလောင်းထားပြီး အုတ်တံတိုင်းစည်းရိုးကား တန်းလန်း၊ သုံးဖက်လုံး မပြီးသေး။

ဆရာတော်ကား နောက်ပါ ကျောင်းသားနှင့် အောင်ဘော်ရွာတောင်ဘက် ရွာထိပ် တစ်ဖာလုံခန့်တွင် ဝါးနက်ဝါးများအား ချောင်းဘက်(အရှေ့)ခြမ်းတွင် တန်းစီ၍ ခြံစည်းသဖွယ် စိုက်ထားပြီး ငါးကောခန့် ကျယ်ဝန်းပြီး ခွဲ့မြှမ်း,ကွမ်းပေါ်များသောကျောင်း ဖြစ်သကဲ့သို့ ရွာ၏ကျက်သရေဆောင်ကျောင်းလည်း ဖြစ်လေသည်။ ကျောင်းတွင် အမြဲတမ်း ဟင်းပေါင်းအိုး တည်ထားရခြင်းမှာဟင်းပေါ်လွန်း၍ ဖြစ်၏။

ဆရာတော်သည် ကြီးမားခိုင်ခံ့သော၊ ယခုမှ အသစ်ပြီးသွားသော တံခါး(ရွာတံခါး)မှ ကင်းတဲသစ်ကို ပြုံးသောမျက်နှာဖြင့် ကြည့်ရှုလျက် ရွာထဲမှ ထွက်ခဲ့လေတော့သည်။ ရွာထဲမှ မိုးချုပ်မှ ပြန်ကြွလာသော ဆရာတော်အား ကျောင်းမုခ်ဦးအဝင်မှ ကျောင်းသားကြီး တာတီးနှင့် ကိုရင်သုမနတို့က စောင့်ကြို၍ သင်္ကန်းများအား သယ်ဆောင်ကြလျက် ဆရာတော်နောက်က တိတ်ဆိတ်စွာ လိုက်ပါသွားကြလေသည်။

စောင့်ကြိုနေသော ကျောင်းသား တာတီးနှင့် ကိုရင်သုမနတို့ကား မျက်နှာက မကောင်းကြ။ ဤသည်ကို ဆရာတော် အကဲခတ်မိလေသည်။

'ဟဲ့..တာတီးနဲ့ သုမန၊ မင်းတို့မျက်နှာတွေက မသာမယာနဲ့ ငါ မရှိတုန်း ကျောင်းမှာ ဘာများဖြစ်ကြသေးလဲ။ မြန်မြန်လျှောက်စမ်း'

'မှန်ပါ။ ဟို..အို..အိ..ဟိ..အီး'

'ဟာ..ဒီကိုရင် ဘာဖြစ်တာလဲ။ အာ..ခက်တော့တာပဲ။ ကဲ..တာတီး၊ မင်း ပြောစမ်း'

'မှန်ပါဘုရား။ တိုးမောင်ကြီး သူ့အိပ်ရာထဲက မထလာလို့ တပည့်တော်တို့ မသင်္ကာလို့ သွားပြီး သေသေချာချာကြည့်တော့မှ ဟို..ဟို..အသက် မ..မရှိတော့ဘူးဘုရား'

'ဟေ'

ဆရာတော်ကား ဟေတစ်လုံးသာ အော်လိုက်နိုင်သည်။ အံ့သြဟန်၊ ဝမ်းနည်းဟန်၊ သံဝေဂရဟန်လည်း ဖြစ်လေသည်။ တာတီးတို့ ဦးဆောင်၍သွားသော တိုးမောင်ကြီး အိပ်ရာအခန်းသို့ အရောက်တွင်တော့ ဆရာတော်သည် အသက်ဓိဝိန် ကင်းမဲ့သွားပြီဖြစ်သော တိုးမောင်၏ အတ္တဘောကြီးအား ပွတ်သပ်လျက် 'အင်း..သတ္တဝါတစ်ခု ကံတစ်ခုပေါ့လေ။ အင်း..အင်း'ဟု မတိုးမကျယ်ပြောလျက် ဦးခေါင်းတညိတ်ညိတ်ဖြင့် တစ်ဆက်တည်းမှာပင်-

'တိုးမောင်..တိုးမောင်၊ အောင်ဘော်ရွာကြီးကို လှုပ်ရှားအောင်၊ ရွာနဲ့တူအောင်လုပ်တာ အမှန်တော့ မင်းကောင်းမှုပဲပေါ့။ ကောင်းရာသုဂတိ လားပါစေကွယ်'ဟု နှုတ်မှ တဖွဖွ။

သွေးစသွေးနများ စီးကျနေသော တိုးမောင်၏ နှာခေါင်းနေရာအားလည်း ပွတ်လျက်။

တိုးမောင်ကား အမှန်တော့ ဆရာတော်ကျောင်းတွင် တစ်နှစ်ကျော် နှစ်နှစ်နီးနီး သက်လွှတ်မွေးထားသော လွန်စွာ ကြီးမားဝဖြိုးသည့် ဝက်နက်အထီးကြီးပင် ဖြစ်လေတော့သတည်း။

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ

ဆန်းဝင်း(အောင်မြ)



www.burmeseclassic.com

www.burmeseclassic.com

လောကတွင် လူအမျိုးမျိုး စိတ်အထွေထွေ ရှိကြသည်။ လူချင်းတူပါလျက် သာမန်လူထက် ထူးခြားသော လူများလည်း ရှိတတ်သည်။ ပစ္စည်းဥစ္စာမဲ့တောပြီး အလွန်ဆင်းရဲသော လူတန်းစားဘဝမှ ကြီးကျယ်မြင့်မြတ်သောပုဂ္ဂိုလ် ဖြစ်လာသည်ဟု ကြားဖူးပါသည်။ စာတစ်လုံးမှ မတတ်ဘဲ ပညာဉာဏ်ခေါင်းပါးသူ ဖြစ်ပါလျက် နောင်တစ်ချိန် ဝိဇ္ဇာအတတ်နှင့် ထွက်ရပ်ပေါက်သူများ အကြောင်းကိုလည်း ကြားဖူးပါသည်။

ကျွန်တော်ကိုယ်တိုင် တွေ့ကြုံခဲ့သော လူထူးလူဆန်းမှာ ဥစ္စာစနေကြွယ်ဝသူ မိသားစုဘဝမှ ဆင်းသက်လာသူဖြစ်ပြီး တက္ကသိုလ်ကျောင်းသားတစ်ဦး ဖြစ်ပါသည်။ သူနှင့် ကျွန်တော် တွေ့ဆုံခဲ့သည့် နေရာမှာလည်း ပန်းချီ၊ ကဗျာထက်လှတဲ့ သီလာတက္ကရဲ့ ကျွန်းညို့မြဟု






www.burmeseclassic.com

www.burmeseclassic.com

တင်စားခေါ်ကြသော ရန်ကုန်တက္ကသိုလ်တွင်ဖြစ်ပါသည်။

ကျွန်တော် (၁၉၆၂)ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ခဲ့သည်။ နယ်မှလာသော ကျောင်းသားများအတွက် အဆောင်နေခွင့်ပေးသဖြင့် အင်းဝဆောင်တွင် နေခွင့်ရခဲ့သည်။ ထိုအချိန်က ကျောင်းသားဦးရေများပြီး အဆောင်က နည်းသဖြင့် တစ်ခန်းတွင် ကျောင်းသားနှစ်ဦး နေခဲ့ရသည်။ တက္ကသိုလ်နယ်မြေတွင် ပိတောက်၊ စိန်ပန်း၊ ကံ့ကော်တို့ဖြင့် ဝေဆာနေပြီး အလွန်အေးချမ်းလှပါသည်။ ကျွန်တော်၏ အကျင့်မှာ နံနက်စောစော နိုးတတ်သည့် အကျင့်ရှိပါသည်။

နံနက်ငါးနာရီ အိပ်ရာကထချိန် ကျောင်းသားများ အိပ်ကောင်းနေဆဲ ဖြစ်သည်။ တက္ကသိုလ်တစ်ပိုက် လမ်းလျှောက်ပြီး ပြန်လာချိန် (၇)နာရီခန့်ရှိသည့်တိုင် ကျောင်းသားများ အိပ်နေကြဆဲ ဖြစ်ပါသည်။ အခန်းတိုင်း တံခါးပိတ်၍ အိပ်မောကျနေကြသည်။ စာကြိုးစားသော ကျောင်းသားများကလည်း စာကျက်နေပုံရပါသည်။ အိပ်ရာက နိုးသော်လည်း စကားပြောဖော်မရှိ၍ အဖော်မဲ့သဖွယ် ဖြစ်နေပါသည်။

ကျွန်တော် ဝါသနာပါသည့် လမ်းလျှောက်ခြင်းကို နေ့စဉ် ပြုလုပ်သည်။ တက္ကသိုလ်ထဲအနှံ့ လမ်းလျှောက်သည်။ အင်းလျားကန်ပေါင်တွင် လမ်းလျှောက်သည်။ နံနက်စောစော အင်းလျားရေပြင်ကို ဖြတ်သန်းလာသော လေကို ရှူရသည်မှာ အားအင်ဖြစ်စေပါသည်။ ထိုသို့ လမ်းလျှောက်ရင်း မိတ်ဆွေတစ်ဦး ရခဲ့သည်။ သူ့အမည်မှာ ကိုအုံ့မောင် ဖြစ်သည်။ ကိုအုံ့မောင်သည် မြိတ်ဇာတိ ဖြစ်သည်။ အင်းဝဆောင်တွင် အတူနေကြပြီး နေ့စဉ် တွေ့ကြုံနေကြသော်လည်း ရင်းနှီးမှု မရှိခဲ့ပါ။ အင်းလျားသို့ တစ်နေ့ လမ်းလျှောက်ရင်း သူနှင့်ဆုံတွေ့ရာ သူက စတင်နှုတ်ဆက်ပါသည်။

'ကိုချစ်ဆွေ‥နေ့တိုင်း လမ်းလျှောက်တာ တွေ့နေရပါတယ်။ ကျွန်တော်က နံနက်ငါးနာရီဆို အိပ်ရာနိုးတယ်။ ကျွန်တော် နိုးတဲ့အချိန် ဘယ်သူမှ မနိုးသေးတော့ တစ်ယောက်တည်း အဖော်မဲ့နေခဲ့ရတာ'

'ကျွန်တော်လည်း ကိုအုံ့မောင်လိုပါပဲဗျာ။ နယ်မှာ နေစဉ်ကတည်းက စောစောထတတ်တဲ့ အကျင့်ရှိနေတော့ မိုးလင်းအောင် မအိပ်တတ်ဘူး။ ဒီနေ့ ကိုအုံ့မောင်နဲ့ မိတ်ဆွေဖြစ်ပြီဆိုတော့ နေ့တိုင်း ငါးနာရီခွဲမှာ လမ်းအတူ လျှောက်ကြရအောင်ဗျာ'

'သိပ်ကောင်းတဲ့ အကြံပဲဗျာ။ သဘောတူပါတယ်။ မနက်ဖြန်ကစပြီး အတူလမ်းလျှောက်ကြရအောင်'

ထိုနေ့မှစကာ ကိုအုံ့မောင်နှင့် မနက်တိုင်း လမ်းလျှောက်ဖြစ်ခဲ့ကြပါသည်။ ကိုအုံ့မောင်နှင့် နေ့စဉ် လမ်းလျှောက်ရင်း လူချင်း ရင်းနှီးမှ သူ့အကြောင်းကို သိခွင့်ရသည်။ ကိုအုံ့မောင်မှာ သာမန်လူသားတစ်ဦးမဟုတ်ဘဲ အလွန်ထူးဆန်းသော အံ့ဖွယ်လူသားတစ်ဦး ဖြစ်နေပါသည်။ သူတို့ဒေသက လာသော သူ့သူငယ်ချင်းများက သူ့ကို ကိုအံ့ဖွယ်ဟု ခေါ်ကြသည်ကို လူပေါင်းကြည့်မှ သိလာသဖြင့် နောင်တွင် ကျွန်တော်ကလည်း သူ့ကို ကိုအံ့ဖွယ်ဟုပင် ခေါ်ခဲ့မိပါတော့သည်။

အင်းလျားသို့ လမ်းလျှောက်ကြရင်း သူ၏ ထူးခြားမှုကို တစ်နေ့တွင် တွေ့မြင်ရတော့သည်။

တစ်နေ့ လမ်းလျှောက်ရန် အဆောင်အပြင်သို့ ထွက်ခဲ့ရာ ကိုအံ့ဖွယ်က အသင့်စောင့်နေသည်ကို တွေ့ရ၍ သူ့ဆီသို့သွားရာ သူက ထူးဆန်းစွာ ပြောပါသည်။

'ဒီနေ့ မိုးရွာမယ်၊ ခင်ဗျား ထီးယူခဲ့ဖို့ ပြောမလို့ပါ'

'ကိုအံ့ဖွယ်ကတော့ နာမည်နဲ့လိုက်အောင် ပြောပြန်ပြီ။ ဒါလောက် နေသာနေတာ ဘယ်မိုးက ရွာမှာလဲ။ ဘာလဲ၊ မိုးလေဝသက အထူးသတင်း ကြားရလို့လား'

'မဟုတ်ဘူးဗျ။ အချို့သတ္တဝါတွေတောင် မိုးရွာမယ်ဆိုရင် ကြိုတင်သိကြတယ်။ ဥပမာ-ဖားအော်ရင် မိုးရွာတတ်တယ်။ ပုရွက်ဆိတ်တွေ နေရာပြောင်းရင်လည်း မိုးရွာတတ်တယ်။ ကျုပ်လည်း ဒီလိုပဲ ဒီနေ့ မိုးရွာမှာကို ကြိုတင်သိနေခဲ့တယ်'

'မဖြစ်နိုင်ဘူး ထင်ပါတယ်။ တကယ်လို့ မိုးရွာခဲ့ရင်လည်း ခင်ဗျားမှာ ထီးပါသားပဲ။ ထီးတစ်ချောင်း နှစ်ယောက်. ဆောင်းကြတာပေါ့'

'ကဲ‥ဒါဆို သွားကြရအောင်'

နှစ်ယောက်သား အင်းဝဆောင်က ထွက်ခဲ့ကြသည်။ ခါတိုင်းသွားနေကျ စစ်ကိုင်းလမ်းမှထွက်ကာ အင်းလျားဆောင်ရှေ့မှ ဖြတ်လျှောက်ရန် ဦးတည်လိုက်သည်နှင့် ကိုအံ့ဖွယ်က ကျွန်တော့်လက်ကို ဆွဲထားလိုက်သည်။

'ဒီနေ့ ဒီလမ်းက သွားလို့မဖြစ်ဘူး။ ဘုံရှင်းသဘောင်

www.burmeseclassic.com

www.burmeseclassic.com

အနောက်က ထွက်ကြရအောင်'

'ဘာပြုလို့လဲဗျ။ နေ့တိုင်း ဒီလမ်းအတိုင်း သွားနေတာပဲ'

'ပုဂံလမ်းထိပ် သစ်ပင်ကြီးက သစ်ကိုင်းကျိုးကျလိမ့်မယ်'

'လေမတိုက်ဘဲ သစ်ကိုင်းမကျိုးနိုင်ပါဘူးဗျာ။ လာပါ၊ ဒီလမ်းကပဲ သွားရအောင်'

'သစ်ကိုင်းကျိုးမှာကို သိပါလျက် မသွားချင်ပါနဲ့ဗျာ။ လာပါ၊ ဘွဲ့နှင်းသဘင် အနောက်လမ်းကို ချိတက်ကြပါစို့'

မဖြစ်နိုင်သည့် ကိစ္စအတွက် ကြိုတင်ပူပန်နေသည့် ကိုအံ့ဖွယ်ကို အငြင်းပွားမနေတော့ဘဲ သူနောက်က လိုက်ခဲ့ရသည်။ ဘွဲ့နှင်းသဘင် အနောက်ပေါက်မှ ထွက်လိုက်သည်နှင့် အင်းလျားလမ်းမကြီးပေါ်သို့ ရောက်ပါသည်။ ထိုမှ ပြည်လမ်းနှင့်ယှဉ်၍ ကန်ပေါင်ပေါ်မှ လျှောက်ခဲ့ကြသည်။ ကန်ပေါင်အဆုံး နောက်သို့ ပြန်လှည့်နေကြစဉ် ကိုအံ့ဖွယ်က ရုတ်တရက် ပြောလိုက်သည်။

'မကြာခင် မိုးရွာတော့မယ်။ ကျုပ်တို့ အမြန်ပြန်ကြရအောင်။ မိုးတော့ လွတ်နိုင်ပုံ မပေါ်ဘူးဗျ'

ကိုအံ့ဖွယ်ပြောမှ ကောင်းကင်ကို ကြည့်လိုက်ရာ ကောင်းကင်မှာ ရုတ်တရက် အုံ့မှိုင်းညို့ဆိုင်းနေသည်ကို မြင်ရသည်။ မကြာမီ မိုးဖွဲလေးများ ကျလာသဖြင့် ကိုအံ့ဖွယ်က ထီးဖွင့်လိုက်သည်နှင့် နှစ်ယောက်အတူ ထီးဆောင်း၍ ပြန်ခဲ့ကြသည်။ မိုးရွာသည်နှင့် လေပါ ပါလာသည်။ လေထန်သဖြင့် ထီးတစ်ချောင်းနှင့် နှစ်ယောက်လုံး ရွှဲခဲ့ကြသည်။ အင်းလျားကန်ထိပ် သရက်ပင်ရိပ်တွင် ခဏမိုးခိုခဲ့ကြသည်။ မိုးနည်းနည်းစဲသည်နှင့် အင်းလျားလမ်းကို ဖြတ်ကျော်ကာ ဘွဲ့နှင်းသဘင်အောက်သို့ ရောက်ခဲ့ကြသည်။ မိုးစဲသွားမှ အဆောင်သို့ ပြန်ခဲ့ကြသည်။

အဆောင်ရှေ့သို့ ရောက်သည်နှင့် အံ့သြဖွယ်ရာ မြင်ကွင်းတစ်ရပ်ကို မြင်လိုက်ကြရသည်။ စစ်ကိုင်းလမ်းနှင့် ပုဂံလမ်းဆုံရာတွင် သစ်ကိုင်းများ ကျိုးကျကာ လမ်းကို ပိတ်သွားသည်အထိ သစ်ကိုင်းပုံကြီးကို တွေ့ရပါသည်။

ထိုနေ့ကစ၍ ကိုအံ့ဖွယ်၏ ကြိုတင်ပြောဆိုနိုင်ခြင်းကို သိလိုက်ရပါသည်။

ဒုတိယအကြိမ် ကြုံရသည်မှာလည်း ထူးခြားလှပါသည်။ ကျွန်တော်နှင့် ကိုအံ့ဖွယ်မှာ လမ်းလျှောက်ဝါသနာအပြင် ဘာသာရေးကို အထူးလေးစားမှုတွင်လည်း တူညီနေကြပြန်သည်။ တနင်္ဂနွေနေ့တိုင်း ရွှေတိဂုံဘုရားသို့ မပျက်မကွက်သွားရောက်ပြီး ပုတီးစိပ်လေ့ရှိကြသည်။ ထိုအချိန်က ကြည့်မြင်တိုင်ဘက်မှလာသော အမှတ်(၇) ဘတ်(စ်)ကားသည် လှည်းတန်းကို ဖြတ်ကျော်ကာ တက္ကသိုလ်စာတိုက်အနီး အဝိုင်းလေးမှတ်တိုင်တွင် ရပ်လေ့ရှိပါသည်။ ထိုစဉ် ကျောင်းသားများသည် အဝိုင်းလေး (မှတ်ချက်-ယခု မရှိတော့ပါ) မှတ်တိုင်မှ ကားစီးပြီး သိမ်ကြီးဈေးအထိ သွားနိုင်ပါသည်။ ရွှေတိဂုံဘုရားသို့ သွားရာတွင် အဝိုင်းလေးမှတ်တိုင်မှ ကားစီး၍ တက္ကသိုလ်ရိပ်သာလမ်း၊ ကမ္ဘာအေးဘုရားလမ်းအတိုင်း ကားစီး၍ ဗဟန်း ရေခဲဆိုင်မှတ်တိုင်တွင် ဆင်းကာ ကြားတောရလမ်းအတိုင်း လမ်းလျှောက်၍ အရှေ့မုခ်မှ ဘုရားပေါ်တက်ရပါသည်။

ထိုနေ့က နံနက်စောစော အဆောင်မှ ထွက်ခဲ့ကြရာ အဝိုင်းလေးမှတ်တိုင်တွင် ကားစောင့်သူ မရှိဘဲ ကျွန်တော်တို့ နှစ်ဦးသာ ရှိနေပါသည်။ ထိုစဉ် လှည်းတန်းဘက်က အမှတ်(၇)ဘတ်(စ်)ကား လာနေသည်ကို မြင်လိုက်ရသည်။ ကားရပ်လိုက်သည်။ ကျွန်တော်က အရင်တက်ကာ ကိုအံ့ဖွယ်အတွက်ပါ နေရာယူထားလိုက်သည်။ ကိုအံ့ဖွယ်မှာ ကားပေါ်သို့ ချက်ချင်းမတက်သေးဘဲ ကားကို စူးစိုက်ကြည့်နေသည်ကို တွေ့ရသည်။

'ကိုအံ့ဖွယ်..လာလေဗျာ။ ကားထွက်တော့မယ်'

'ကိုချစ်ဆွေ..မလိုက်နဲ့၊ ပြန်ဆင်းခဲ့။ နောက်ကားလာမှ လိုက်ကြမယ်'

ကိုအံ့ဖွယ်ကို နားမလည်သဖြင့် ကားပေါ်က မဆင်းသေးဘဲနေခဲ့ရာ ကိုအံ့ဖွယ် အတင်းခေါ်နေသဖြင့် ဆင်းခဲ့ရတော့သည်။

'ကိုချစ်ဆွေ..ဆင်းခဲ့ပါ။ ဟိုမှာ နောက်ကား လာနေပြီ'

ကားပေါ်က ဆင်းခဲ့ရ၍ မကျေမနပ် မေးမိပါသည်။

'ဘာပြုလို့လဲဗျာ။ ဘုရားကို စောစောရောက်ရင် ပိုမကောင်းဘူးလား'

'အဲဒီကားမှာ အန္တရာယ်ရှိတာ မြင်လိုက်ရလို့ဗျ'

'ဘယ်လိုအန္တရာယ်လဲ'

'ဒီကားက ဘုရားထိ မရောက်နိုင်ဘူး။ လမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com

အနှံ့ရာယ်နဲ့တွေ့မှာ'

ကျွန်တော် ဘာမှပြန်မပြောတော့ပါ။ ကိုအံ့ဖွယ် စိတ်ကျေနပ်စေရန် နောက်ကားနှင့် လိုက်ခဲ့ရသည်။ နောက်ကားတွင် လူအပြည့် ပါလာသဖြင့် ကျွန်တော်တို့နှစ်ယောက် ထိုင်ရန်နေရာမရ၍ မတ်တတ်လိုက်ခဲ့ရသည်။ နေရာရသည့်ကားနှင့် မလိုက်ရဘဲ နေရာမရသည့်ကားနှင့် လိုက်ရသဖြင့် ကိုအံ့ဖွယ်ကို မကျေနပ်မိသော်လည်း ဘာမှမပြောတော့ဘဲ စိတ်လျှော့ထားလိုက်ရသည်။

ဘတ်(စ်)ကား ကုက္ကိုင်းလမ်းဆုံတွင် ရပ်လိုက်သည်နှင့် ဆင်းသူများ၍ နေရာရလိုက်ပါသည်။ ကားသည် ကမ္ဘာ့အေးဘုရားလမ်းအတိုင်း ထွက်ခဲ့ရာ ရွှေဂုံတိုင်ကို ကျော်လိုက်သည်နှင့် ရဲစခန်းကွေ့တွင် ရှေ့ကကားကို တွေ့လိုက်ရသည်။ ကားလမ်းအကွေ့တွင် ရန်ကုန်ဘက်က လာသောကားနှင့် ခေါင်းချင်းဆိုင်၍ တိုက်ထားသည်ကို တွေ့ရသည်။ ကားနှစ်စီးလုံး၏ ကိုယ်ထည်တွင် ပိန်ချိုင့်လျက် မီးလုံးများနှင့် မှန်များ ကွဲလျက်ရှိပါသည်။ ကားပေါ် ပါလာသူအချို့ ဒဏ်ရာရသူများကို ဆေးရုံပို့ရန် ကားထဲမှ ဆွဲထုတ်နေသည်ကို မြင်ရသည်။ ကားတိုက်ရာသို့ လူများအုံ၍ ကြည့်နေသဖြင့် လမ်းပိတ်နေသောကြောင့် ရှေ့ဆက်သွား၍ မရနိုင်တော့ပါ။ ကျွန်တော်တို့စီးလာသော ဘတ်(စ်)ကားမှာ နောက်သို့ ပြန်ဆုတ်ပြီး ဗဟန်းဈေးဘက်ကို မောင်းခဲ့သည်။ ဗဟန်းဈေးရှေ့တွင် ကားရပ်ပေးသဖြင့် ကျွန်တော်တို့နှစ်ယောက် ကားပေါ်က ဆင်းခဲ့သည်။ အရှေ့မုခ်အတိုင်း ဘုရားပေါ်သို့ တက်ခဲ့ကြပါသည်။ ထိုနေ့က အဖြစ်အပျက်ကို ယနေ့တိုင် မမေ့နိုင်အောင် ရှိနေပါသည်။ ကိုအံ့ဖွယ်ကို နှုတ်က ဖွင့်မမေးမိသော်လည်း သူ့တွင် အနာဂတ်ကို ကြိုတင်မြင်နိုင်စွမ်းသည့် ပညာတစ်ရပ် တတ်မြောက်ထားကြောင်း သိခွင့်ရလိုက်ပါသည်။

ကျွန်တော်တို့နှစ်ယောက်မှာ တစ်ခါတစ်ရံ မြေနီကုန်း ဆန်းသီရိရုပ်ရှင်ရုံတွင် ညဘက်ပြလေ့ရှိသော နိုင်ငံခြားကားကောင်းများကို သွားရောက်ကြည့်ရှုလေ့ရှိပါသည်။ ရုပ်ရှင်ပြီးသည်နှင့် မြေနီကုန်းက စကားပြောရင်း လမ်းလျှောက်၍ ပြန်ကြပါသည်။ ထိုစဉ်က ယခုလို ကားများ ရှုပ်ထွေးခြင်း မရှိသေးဘဲ ကားရှင်းသဖြင့် ပြည်လမ်းမကြီးပေါ်တွင် လွတ်လပ်စွာ လမ်းလျှောက်ရသည်မှာ ညလေသွေး၍ အေးသည့် အရသာကို ခံစားရပါသည်။ ဆန်းသီရိရုပ်ရှင်ရုံနှင့် မျက်နှာချင်းဆိုင်တွင် နာမည်ကျော် ပုရောဟိတ်ဆရာကြီး ဆရာစန္ဒြရဟောခန်း ရှိပါသည်။

'ကိုအံ့ဖွယ်..ကျွန်တော်တို့ တစ်ခါလောက် ဆရာကြီးဆီမှာ ဗေဒင်မေးရအောင်'

ကျွန်တော်က ကိုအံ့ဖွယ်ကို ပြောလိုက်ရာ သူက ချက်ချင်း ပြန်၍မေးပါသည်။

'ဘာလဲ၊ ခင်ဗျားက ဗေဒင်ကို ယုံလို့လား'

'ဆရာကြီးက ဗေဒင်ဟော လက္ခဏာပါ သိပ်တော်တယ် ကြားလို့ပါ'

'ဆရာကြီး တော်တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ရှေ့ဘာဖြစ်မယ် ဆိုတာလောက်တော့ ကျွန်တော်လည်း မှန်အောင် ကြည့်တတ်ပါတယ်'

'ဟုတ်ကဲ့၊ ကိုအံ့ဖွယ်ရဲ့ စကားကို ယုံပါတယ်။ ကိုအံ့ဖွယ်မှာ အနာဂတ်ကို ကြိုတင်သိနိုင်တဲ့ အတတ်ပညာရှိကြောင်း ခန့်မှန်းမိပါတယ်။ ကျွန်တော့်ကိုလည်း တစ်ခါလောက် ဟောပေးပါဦး။ အကြားအမြင်ပညာကို ဘယ်လိုတတ်မြောက်ခဲ့တယ်ဆိုတာလည်း သိချင်ပါတယ်'

'ဒီပညာက သင်ယူလို့ရခဲ့တဲ့ပညာ မဟုတ်ပါဘူး'

'ဒါဆို ခင်ဗျား ဒီပညာကို ဘယ်လိုတတ်မြောက်ခဲ့တာလဲ'

'ဒါလည်း ပြောဖို့ခက်ပါတယ်။ ကျွန်တော်က ငယ်ငယ်ကတည်းက ရှေ့ဘာဖြစ်တော့မယ်ဆိုတာ ကြိုတင်သိနေတာ။ ဘယ်ဆရာဆီကမှ သင်ယူခဲ့တာ မဟုတ်သလို ဘယ်သူ့ကိုမှလည်း သင်ပေးလို့ မရဘူး။ သိချင်လို့မေးတဲ့လူရှိရင် မြင်တဲ့အတိုင်း ဟောလိုက်တာပဲ'

'ဒီပညာက သိပ်အံ့သြဖို့ ကောင်းတယ်နော်။ ဒီပညာကို မသင်ရဘဲ တတ်ထားတာ အလွန်ကုသိုလ်ကောင်းတာပေါ့။ ဘယ်တော့ ဘာဖြစ်မယ်ဆိုတာလည်း သိနေတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ရှေ့ဘာဖြစ်မယ်ဆိုတာ ကြိုတင်သိနေတော့ ဆင်ခြင်နိုင်တာပေါ့ဗျာ။ မကောင်းတဲ့လမ်း မသွားဘဲ နေနိုင်တာပေါ့။ ဟိုနေ့က ဘတ်(စ်)ကားလိုပေါ့။ ခင်ဗျားသာ မတားလို့ ကျွန်တော်ပါသွားရင် ဒဏ်ရာတော့ရမှာ သေချာတယ်'

'မကောင်းဘူး ကိုချစ်ဆွေ၊ ဒီပညာက နေရာတိုင်း ကောင်းတာ မဟုတ်ဘူး။ အနာဂတ်ကို ကြိုတင်သိထား

www.burmeseclassic.com

တော့ အမြဲပူပန်နေရတယ်။ ကြိုတင်စိတ်ညစ်နေရတာပေါ့။ ဖြစ်နိုင်ရင် ဒီပညာကို ကိုယ်ထဲကနုတ်ပြီး စွန့်လွှတ်လိုက်ချင်ပါတယ်။ စွန့်လွှတ်လို့မရလို့ ခက်နေရတယ်'

'ကျွန်တော်သာဆိုရင် ဒီပညာကို အသက်မွေးဝမ်းကျောင်းအတွက် အသုံးချဖြစ်မှာပဲ။ ဒီခေတ်မှာ တွက်ချက်စရာမလိုဘဲ အကြားအမြင်နဲ့ ရာနှုန်းပြည့်မှန်အောင် ဟောနိုင်ရင် ရလိုက်မယ့် ဟောခတွေ။ ချက်ချင်း သူဌေးဖြစ်မှာဗျို့'

'အေးလေ၊ ခင်ဗျားက ကိုယ်တိုင် မခံစားရဖူးတော့ ကောင်းမယ် ထင်မှာပေါ့။ ကဲပါလေ၊ ဒီအကြောင်း ဒီမှာ ရပ်ကြရအောင်။ ခင်ဗျားက မေးချင်တယ်ဆိုတော့ ဟောပေးပါ့မယ်။ တနင်္ဂနွေနေ့ ရွှေတိဂုံဘုရားမှာ ဟောမယ်ဗျာ။ ဘုရားရှိခိုးပြီး ဟောရတော့ ပိုအဆင်ပြေတာပေါ့။ ခင်ဗျား သိချင်တာတွေ စဉ်းစားထားပေါ့'

ထိုညကလည်း အခန်းသို့ ပြန်ရောက်သည့်တိုင် ကိုအံ့ဖွယ်၏အကြောင်းကို စဉ်းစားနေမိသည်။ ကိုအံ့ဖွယ်သည် အမည်နှင့် လိုက်ဖက်လှသည်ဟု ထင်ပါသည်။

တနင်္ဂနွေနေ့ ရွှေတိဂုံသို့ ရောက်ခဲ့ကြသည်။ နှစ်ယောက်သား ဘုရားရှိခိုး ပုတီးစိပ်ပြီးကြသည်နှင့် တန်ဆောင်းတစ်ခုတွင်ထိုင်ရင်း ကိုအံ့ဖွယ် ကျွန်တော်၏ အနာဂတ်အတွက် သိလိုရာ မေးနိုင်ပြီဖြစ်ကြောင်း ပြောပါသည်။

'ကဲ··ခင်ဗျား ဘာသိချင်သလဲ။ ဘာမေးမလဲ'

'ကျောင်းသားဆိုတော့ ပညာရေးက အဓိကပဲလေ။ ပထမဆုံး မေးချင်တာက စာမေးပွဲအောင်,မအောင် သိချင်တာပေါ့'

'ခင်ဗျားမှာ ဘာအခက်အခဲမှ မတွေ့ရဘူး။ ဒီနှစ်လည်း အောင်မယ်၊ နောင်နှစ်တွေလည်း နှစ်စဉ် အောင်ပြီး လေးနှစ်ကြာရင် ဘွဲ့တစ်ခုရမှာ သေချာတယ်'

'ဒုတိယမေးခွန်းက ဘွဲ့ရပြီးရင် ဘယ်အလုပ်မျိုး လုပ်ရမှာလဲ'

'စီးပွားရေးဆိုင်ရာ ရုံးကြီးတစ်ရုံးမှာ အလုပ်ရမယ်။ ရာထူးတွေ တစ်ဆင့်ပြီးတစ်ဆင့် လေးကြိမ်တက်မယ်'

'ကျန်းမာရေးရော'

'အားလုံးကောင်းပါတယ်။ အသက်ရှည်မယ်'

'ကျေးဇူးတင်တယ်ဗျာ။ အကောင်းတွေချည်း ကြားရတော့ ဝမ်းသာတာပေါ့။ နောက်ဆုံး မေးခွန်းတစ်ခုပဲ မေးပါတော့မယ်။ နယ်မှာရှိတဲ့ ကျွန်တော့်မိဘနှစ်ပါးရဲ့ ကျန်းမာရေးအခြေအနေအရ ကျွန်တော်ပြုစုခွင့် ရနိုင်၊ မရနိုင် သိချင်ပါတယ်'

'ခင်ဗျားမိဘတွေက ခုအချိန်ထိ ကျန်းမာရေးကောင်းနေကြဆဲပဲဗျာ။ ခင်ဗျား အလုပ်ရတဲ့အထိ သူတို့ အသက်ရှင်မယ်။ အဖေက အရင်ကွယ်လွန်မယ်။ အမေက အသက်ကိုးဆယ်အထိ နေရမယ်။ ခင်ဗျား မိဘကို ပြုစုခွင့်ရမှာပါ'

'ကိုအံ့ဖွယ်ရဲ့ ဟောပြောချက်အရတော့ အားလုံး အကောင်းချည်းပဲ။ ဘာမှစိတ်ပူစရာ အခက်အခဲ မရှိသလိုဘဲ'

'ကိုချစ်ဆွေက အတိတ်ကံက ကောင်းခဲ့တာကိုး။ ဒါကြောင့် ဒီဘဝမှာ ဖြောင့်ဖြူးတာပေါ့။ ဒါပေမဲ့ လောကဓံတရား ရှစ်ပါးကတော့ ဘယ်သူမှ ရှောင်လို့မရဘူး။ အကောင်းရှိသလို အဆိုးလည်း ရှိမှာပါ။ ကုသိုလ်အားက အားသာတော့ ခံစရာရှိတာတောင် သိပ်မခံစားရဘူးပေါ့ဗျာ'

'ကျွန်တော့်အတွက် အခုလိုဟောပေးတာ သိပ်ကျေးဇူးတင်တယ်ဗျာ။ ကိုအံ့ဖွယ်လို ဟောနိုင် ပြောနိုင်တဲ့ ပညာ ရချင်တယ်။ ဘယ်လိုကျင့်ကြံ ကြိုးစားရမယ်ဆိုတာ သိချင်တယ်။ နည်းလမ်းရှိရင် ပြောပြပါလား'

'ဒါတော့ ကျုပ်မတတ်နိုင်ဘူး။ ဒါပေမဲ့ အကူအညီတော့ ပေးပါ့မယ်။ အောင်မင်းခေါင်ဓာတ်ပေါင်းစုံဘုရားမှာ ကျုပ်ဆရာ ဘရသေ့ရှိတယ်။ သူ့ဆီသွားပြီး ခင်ဗျားနဲ့ မိတ်ဆက်ပေးမယ်။ ဘရသေ့က နည်းပေးနိုင်ပါလိမ့်မယ်'

ထိုနေ့က ဝမ်းသာစွာ ပြန်ခဲ့ရသည်။ ကိုအံ့ဖွယ်၏ ဟောပြောချက်များအရ ဝမ်းသာရသလို အကြားအမြင် ရရှိရေးအတွက် ဘရသေ့နှင့် တွေ့ခွင့်ရတော့မည်ဖြစ်၍ ကျေနပ်ရပါသည်။ ဘရသေ့နှင့် တွေ့ရမည်ကို တွေးရင်း ဝမ်းသာနေရပါသည်။

ကျောင်းပိတ်ရက် တစ်ရက်တွင် ဝင်ဒါမီယာဓာတ်ပေါင်းစုံဘုရားသို့ အဆောင်မှ နှစ်ယောက်အတူ လမ်းလျှောက်သွားကြသည်။ ဘရသေ့ကို အသင့်တွေ့ရပါသည်။ ဘရသေ့မှာ အသက်(၇၀)အထက်တွင် ရှိမည်ဖြစ်ပြီး ယောဂီရောင်ဝတ်စုံနှင့် ဖြစ်ပါသည်။ ဘရသေ့၏ရှေ့

www.burmeseclassic.com

www.burmeseclassic.com

တွင် နှစ်ယောက်သား ထိုင်၍ကန်တော့လိုက်ကြသည်။ ဘရသေ့က ကျွန်တော့်ကို စူးစိုက်ကြည့်နေသဖြင့် ကိုအံ့ဖွယ်က မိတ်ဆက်ပေးပါသည်။

'အဘ..ဒါက ကျွန်တော်နဲ့ တစ်ဆောင်တည်းနေတဲ့ ကိုချစ်ဆွေပါ။ သူက ကျွန်တော့်လို အနာဂတ်ကို ကြိုတင်သိနိုင်တဲ့ပညာကို လိုချင်နေလို့ အဘဆီ ခေါ်လာခဲ့တာပါ။ အဘ နည်းလမ်းပေးနိုင်ရင် ပေးပေးပါ အဘရယ်'

အဘသည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ကျွန်တော့်ကို ပြောပါသည်။

'သူက ပါရမီရှင်တစ်ဦးပါ။ မွေးရာပါ ပညာတစ်မျိုးပေါ့။ သူလို ပညာမျိုးရဖို့က လူတစ်သိန်းမှာ တစ်ယောက်ရဖို့ မလွယ်ဘူး။ ဒါပေမဲ့ ကျင့်စဉ်အတိုင်း ကြိုးစားရင် ရှေ့ဖြစ်လောက်တော့ မြင်နိုင်ပါတယ်။ စရဏအားကောင်းရင် သာမန်လောက်တော့ ရှေ့ဖြစ်ကို ကြိုတင်မြင်နိုင်ပါတယ်'

'ကျွန်တော် ကြိုးစားပါ့မယ် အဘရယ်'

'ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်တာပဲ။ အကြားအမြင်လောက်က ရဖို့ မခက်ခဲပါဘူး။ မောင်ရင် ပုတီးစိပ်ဖူးလား'

'အရင်က ပုတီးစိပ်ပါတယ် အဘ။ အခုနောက်ပိုင်းတော့ ဝိပဿနာတရားကို ကျင့်နေပါတယ်'

'အေး..ကောင်းတယ်။ ဝိပဿနာအားထုတ်မှုကို လက်ရှိထက် မလျှော့ဘဲ ပုတီးနဲ့ ဂုဏ်တော်ကွန်ချာကို အနည်းဆုံး မနက်ကိုးပတ် ညကိုးပတ်စိပ်ပါ။ ကြိုးစားနိုင်ရင် နှစ်ဆ၊ သုံးဆစိပ်ပေါ့။ ကြိုးစားမှုရှိရင် တစ်နေ့ အောင်မြင်မှုရမှာပေါ့။ ကဲ..မောင်ရင်လေး မောင်အံ့မောင်ကရော တိုးတက်မှုရှိရဲ့လားဆိုတာ ပြောပါဦး'

ကျွန်တော့်ကိုပြောပြီး ကိုအံ့ဖွယ်ဘက်လှည့်၍ မေးလိုက်ခြင်း ဖြစ်ပါသည်။

'ကျွန်တော် ကြိုးစားပါတယ် အဘ။ ဒါပေမဲ့ မျှော်လင့်တဲ့ အဆင့်အထိတော့ ရောက်ဖို့ လိုပါသေးတယ်'

'ဆက်ကြိုးစားပါ။ မောင်ရင့်အတွက် အချိန်က သိပ်မကျန်တော့ဘူး။ အားထုတ်မှုကို မလျော့စေနဲ့။ အချိန်ရှိတုန်း ကြိုးစားရတာ'

'ကြိုးစားပါ့မယ် အဘ'

ထို့နောက် ဘရသေ့ကို ကန်တော့ပြီး ကျွန်တော်တို့ ပြန်ခဲ့ကြပါသည်။ ဘရသေ့ထံမှ ပြန်လာပြီး အကြားအမြင်ရချင်သောကြောင့် ပုတီးစိပ်ကို ကြိုးစားစိပ်ခဲ့ပါသည်။ ကျွန်တော်တို့နှစ်ယောက်မှာ မနက်စောစော ပုံမှန်လမ်းလျှောက်ခဲ့ကြပါသည်။ တနင်္ဂနွေနေ့တိုင်း မပျက်မကွက် ဘုရားသို့ သွားခဲ့ကြသည်။ အဘမှာသည့်အတိုင်း ရည်ရွယ်ချက်ကိုယ်စီနှင့် ကြိုးစားအားထုတ်ခဲ့ကြပါသည်။

ပထမနှစ် စာမေးပွဲပြီးသည်နှင့် ကျွန်တော်က နယ်ရှိမိဘများထံ ပြန်ခဲ့ပါသည်။ ကိုအံ့ဖွယ်က ရန်ကုန်တွင် ဆက်နေပြီး မဟာစည်တွင် ဒုလ္လဘရဟန်းဝတ်နှင့် ဝိပဿနာတရားကျင့်နေကြောင်း သိရသည်။ ကျွန်တော် နယ်ပြန်မည့်နေ့က ဘူတာရုံသို့ ကိုအံ့ဖွယ် လိုက်ပို့ပါသည်။ ရထားထွက်ရန် ခရာမှုတ်သည်နှင့် ကိုအံ့ဖွယ်က လက်ဆွဲနှုတ်ဆက်ပါသည်။

'ကိုချစ်ဆွေ..ခင်ဗျားကို ကျွန်တော် နောက်ဆုံးနှုတ်ဆက်ပါတယ်'

ကိုအံ့ဖွယ်၏စကားမှာ အဓိပ္ပာယ်တစ်မျိုးပေါက်၍ သူ့ကို ပြန်ပြောလိုက်ရသည်။

'ကိုအံ့ဖွယ်..ခင်ဗျားစကားကလည်း ဘယ်လိုလဲဗျ။ နောက်နှစ်ကျောင်း ပြန်ဖွင့်ရင် ပြန်တွေ့ကြမှာပဲ၊ ရိုးရိုးနှုတ်ဆက်တယ်ဆိုရင် လုံလောက်နေပြီပဲဗျာ'

'လူဆိုတာ ကွေးသောလက်ကို မဆန့်ခင်ဆိုတဲ့ စကားရှိတယ်လေ။ အချိန်ကာလ ဒါလောက်ကြာတော့ ဘယ်အတပ်ပြောနိုင်မလဲ။ ဒါကြောင့် အပြီးနှုတ်ဆက်ရတာ'

'ကျွန်တော်ကတော့ ကျောင်းပြန်ဖွင့်ရင် ခင်ဗျားနဲ့ တွေ့ရမယ်လို့ ယုံကြည်နေပါတယ်။ နယ်ရောက်ရင် စာရေးပါဗျာ။ ကျွန်တော့်လိပ်စာ ခင်ဗျားသိနေပြီပဲ'

'အခုချိန်ကစပြီး မိုးကုတ်ဝိပဿနာတရားကို မဟာစည်မှာ အချိန်ပြည့်အားထုတ်ဖို့ စီစဉ်ထားပါတယ်'

ထို့နောက် ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်ပြီး လမ်းခွဲခဲ့ကြသည်။ နယ်ပြန်ရောက်သော်လည်း ကိုအံ့ဖွယ်ကို အမှတ်ရနေသည်။ မကြာခင် အောင်စာရင်းများ ထွက်လာသည်။ ကျွန်တော်ရော ကိုအံ့ဖွယ်ပါ စာမေးပွဲအောင်မြင်ကြပါသည်။ အောင်စာရင်းတွင် ရမှတ်အများ အနည်းအလိုက် တန်းစီပြီး ဖော်ပြရာတွင် ကိုအံ့ဖွယ်က ကျွန်တော့်ထက် အမှတ်များစွာ ကျော်ဖြတ်ခဲ့ကြောင်း သိရသည်။ အောင်စာရင်းထွက်ပြီး မကြာခင် ကျောင်းများ ပြန်ဖွင့်သည်



www.burmeseclassic.com

www.burmeseclassic.com

ဖွင့်တော့မည်ဖြစ်၍ ရန်ကုန်သို့သွားရန် ပြင်ဆင်ရတော့သည်။ ကိုအုံ့ဖွယ်နှင့် တွေ့ရတော့မည်မို့ ကျောင်းမဖွင့်မီ တစ်ပတ်ခန့်စော၍ လာခဲ့သည်။

အင်းဝဆောင်တွင် ပြန်လည်ရရှိမည်ဖြစ်၍ အခန်းတစ်ခန်းတွင် နေရာယူပြီး နေခဲ့သည်။ ကျောင်းမဖွင့်မီရက်ပိုင်းအလိုတွင် အင်းဝဆောင်တွင်ပင် အခန်းရသဖြင့် ပြောင်းရွှေ့နေခဲ့သည်။ ကိုအုံ့ဖွယ်ကို နေ့စဉ် စောင့်မျှော်သော်လည်း ကျောင်းဖွင့်သည့်တိုင် ကိုအုံ့ဖွယ် ရောက်မလာသေးပါ။ မြိတ်က သူငယ်ချင်းများထံတွင် စုံစမ်းသော်လည်း သူ၏ သတင်းအစအနပင် မရခဲ့ပါ။ တစ်လနေလည်း သူ ရောက်မလာ၊ နှစ်လနေလည်း ရောက်မလာ။ ပထမအစမ်းစာမေးပွဲ ဖြေခါနီးမှ မမျှော်လင့်ဘဲ ကိုအုံ့မောင်ထံမှ စာတစ်စောင် ရောက်လာသည်။

*ကိုချစ်ဆွေ..*

*ခင်ဗျား အနာဂတ်ကို ကြိုတင်သိဖို့ ကြိုးစားနေတာ အောင်မြင်ရဲ့လား။ ကျုပ်က အနာဂတ်ကို ကြိုတင်သိခဲ့ရလို့ ဘဝတစ်လျှောက်လုံး စိတ်ဒုက္ခခံစားခဲ့ရတယ်။ တကယ်တော့ ကျွန်တော်ဟာ လူပြည်ကို ခေတ္တရောက်လာတဲ့ အကျဉ်းသားဧည့်သည်ပါ။ ဘယ်နေ့ ပြန်ရမယ်ဆိုတာ ကြိုတင်သိနေရတော့ အချိန်တိုင်း ရင်မချိအောင် ခံစားနေရတာပေါ့။ နေရာဟောင်းကို မပြန်ခင် ရန်ကုန်ကို လာခဲ့တာပါ။ ရန်ကုန်ကို လာရကျိုးနပ်ပါတယ်။ အလွန်လှပပြီး ပျော်စရာကောင်းတဲ့ တက္ကသိုလ်မှာ နေရတာရယ်၊ ခင်ဗျားလို မိတ်ဆွေကောင်းနဲ့ တွေ့ရတာရယ်၊ ဝိပဿနာတရားအားထုတ်ဖို့ နေရာကောင်းတွေ တွေ့ရတာ မမေ့ရက်စရာပါဗျာ။ အဲဒီလို မမေ့ရက်စရာတွေနဲ့ တွေ့လေ ဘဝဟောင်းကို မပြန် ်လေပေါ့။ ဒါပေမဲ့ ပြန်ရမယ့်အချိန်ကို ကြိုတင်သိနေရတော့ မပျော်နိုင်ဘဲ စိတ်ဒုက္ခရောက်ရတာပေါ့။ ပြန်ရမယ့်ရက်ကို ကျော်လွှားလွန်ဆန်လို့မရတော့ ပြန်ရတော့မှာပါ။ ဒါကြောင့် ကိုချစ်ဆွေကို အပြီးနှုတ်ဆက်လိုက်မိတာပါ။ အခုထပ်ပြီး နှုတ်ဆက်ပါတယ်။ အချိန်သိပ်မကျန်တော့ဘူး။ သံသရာဆိုတာ ရှည်ပါတယ်။ သံသရာတစ်ကွေ့မှာ ပြန်တွေ့ကြတာပေါ့'*

*ခင်ဗျားရဲ့ အုံ့မောင် (ဝါ) အုံ့ဖွယ်*

ကိုအုံ့ဖွယ်၏စာကိုဖတ်ပြီး စိတ်မကောင်းဖြစ်ရသည်။ သူသည် သူသေရမည့်ရက်ကို ကြိုတင်သိနေသဖြင့် စိတ်ဒုက္ခရောက်ခဲ့ရသည်ဟု ခန့်မှန်းရသည်။ လူ့ဘဝရောက်ခိုက် သူနေချင်သော်လည်း နေခွင့်မရသည့်အတွက် အလွန်ခံစားသွားရပုံရသည်။ စာမေးပွဲဖြေပြီးသည်နှင့် ဘရသေ့ထံ သွားရောက်ခဲ့ပါသည်။ ဘရသေ့က ကျွန်တော့်ကို တွေ့လိုက်သည်နှင့် ကျင့်ကြံအားထုတ်မှုကို မေးပါသည်။

'မောင်ရင်..တိုးတက်မှုရှိရဲ့လား'

'ကြိုးစားဆဲပါ အဘရယ်။ ဒါထက် ကိုအုံ့မောင်အကြောင်း ဘာကြားသေးသလဲ အဘ'

'သူ ဒီလပြည့်နေ့က သူ့ရဲ့ဘဝဟောင်းကို ပြန်ရောက်သွားပါပြီ'

'သူက ဘယ်ကိုပြန်ရောက်တာလဲ အဘ'

'သူ့ရဲ့ အသိုင်းအဝိုင်းမိသားစုက ဘဝတစ်ခုမှာ ရှိနေတယ်လေ။ သူက လူ့ပြည်ကို လာချင်လွန်းလို့ ခွင့်ပန်ပြီး ခဏလာတဲ့ ဧည့်သည်ပါ။ သူ့ကတိပြုတဲ့ရက်ရောက်တော့ သူ့ကတိအတိုင်း သူပြန်ရတာပေါ့'

'သူပြန်ရမယ့်ရက်ကို သူကြိုတင်သိသလား အဘ'

'သိတာပေါ့။ ဒီလပြည့်မှာ ပြန်ရမယ်ဆိုတာသိလို့ စိတ်ဒုက္ခရောက်နေတာပေါ့'

'လူ့ပြည်မှာ တရားအားထုတ်ပြီး မပြန်ရအောင် ကြိုးစားရင် မရနိုင်ဘူးလား'

'သူ ကြိုးစားအားထုတ်မှုက နောင်ဘဝတွေအတွက် သူ့ပါရမီကို အထောက်အပံ့တော့ ဖြစ်မှာပါ။ ဘဝဟောင်းကို မပြန်ရအောင်တော့ ဘယ်သူမှလည်း ကူညီနိုင်မှာ မဟုတ်ပါဘူး'

'သူ ဘယ်ဘဝကလာပြီး ဘယ်ဘဝကို ပြန်ရတာလဲ အဘ'

'ဘဝတစ်ခုကပဲလို့ပဲ သိထားပါ။ သူ့အတွက် ဘာမှ စိတ်မကောင်းမဖြစ်နဲ့။ မင်းတို့ ငါတို့လည်း ဘာထူးသလဲ။ တစ်နေ့ ပြန်ကြရမှာပဲ။ သူ့လို ကြိုတင်သိမနေလို့သာ သူ့လို စိတ်မပူကြရတာ။ သေမယ့်ရက်ကို သူလိုသာ ကြိုတင်သိထားရင် သူ့လိုတောင် နေနိုင်မှာ မဟုတ်ပါဘူး။ သူ့ထက် ပိုပြီးခံစားရမယ့် လူတွေချည်းပါကွာ'

လူတိုင်း လူ့ဘဝသို့ ဧည့်သည်အဖြစ် ရောက်လာကြရပါသည်။ ပြန်ရမည့်ရက်ကို ကြိုတင်သိထားရသူမှာ ဧည့်အကျဉ်းသားဟု ခေါ်ထိုက်လှပေတော့သည်။

**ကောင်းသော်**



www.burmeseclassic.com

www.burmeseclassic.com

# သာဝရငွေပဒေသာပင်များလှူဒါန်းနိုင်ပါသည်




ဆဌသံဃာယနာ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး တည်ထောင်၍ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုတိပိဋက မင်းကွန်းဆရာတော်ဘုရားကြီးနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပြည်ဆရာတော်ကြီးတို့ စီမံဆောင်ရွက်တော်မူခဲ့ကြသော အစိုးရတိပိဋကဓရ၊ တိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ ( D.Litt,Ph.D.) ဒေါက်တာဘွဲ့ရ ဆရာတော်ကြီးများ၏ ဩဝါဒခံ နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီးသည် နိကာယ်ငါးရပ် စာလျှောက်မေးပွဲကြီးကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ အမျိုးသာနေ့မှစ၍ ခြောက်ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သည်မှာ (၄၁)ကြိမ် ရှိပြီးဖြစ်ပါသည်။

အစိုးရတိပိဋကဘွဲ့တော်များကို ဆွတ်ခူးရရှိတော်မူသွားကြသော သုတဗုဒ္ဓ သာသနာ့အာဇာနည် အရှင်သူမြတ်များဖြစ်ကြသည့် ယောဆရာတော်ကြီးမှစ၍ ယခုသက်တော်ထင်ရှားရှိကြသော တိပိဋကအရှင်သူမြတ် (၁၆)ပါးတို့သည် နိုင်ငံတော်အစိုးရ၏ တိပိဋကရွေးချယ်ရေးစာမေးပွဲကို ပေါင်းကူးတံတားသဖွယ် တိုက်ရိုက်အထောက်အကူပြုနေသော နိကာယ်သာသနာတော်ထွန်းကားရေး အသင်းကြီး၏ စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ကာ အစိုးရတိပိဋက ပန်းတိုင်ကို လှမ်းကိုင် ဆွတ်ခူး အောင်ပွဲထူးကြီးကို ရရှိတော်မူသွားကြသော အရှင်မြတ်များချည်း ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ နိကာယ်ငါးရပ်စာလျှောက်မေးပွဲနှင့် စာအောင်သံဃာ ပူဇော်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပူဇော်နိုင်ရန်-

(၁) ငွေရတုပဒေသာပင် ကျပ်တစ်သိန်း / တစ်သိန်းနှင့်အထက် ပဒေသာပင်၊
(၂) ထောင်စုနှစ် ပဒေသာပင် ( ၅၀၀၀/- ကျပ်တန် တစ်ပင်နှင့်အထက် )၊
(၃) စာအောင်ဆုနှင်း အလှူတော်ငွေ
(၄) စာလျှောက်မေးပွဲ အလှူတော်ငွေ
(၅) ဆွမ်း / ကွမ်း /ဆေး အလှူတော်ငွေ

လူပင်သေသော်လည်း အလှူမသေသည့် ပညာဒါနထာဝရပဒေသာပင်များကို သားစဉ် မြေးဆက် သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် စိုက်ထူလှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**နိကာယ်သာသနာတော်ထွန်းကားရေးအသင်း**

ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ကန်ဘဲ့ဘုတာရုံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-(ရုံး) ၀၉-၇၃၀၂၂၀၉၃၊ (ဥက္ကဋ္ဌ) ၀၁-၅၄၂၅၉၈၊ (အတွင်းရေးမှူး) ၀၁-၅၇၇၄၃၇၊



www.burmeseclassic.com

www.burmeseclassic.com

အယ်လစ္စတာဟု(ချ်)သည် အတိတ်က အဟောင်း အမြင်းတို့ကို စိတ်ဝင်စားသူဖြစ်သည်။ ရှေးရှေးကာလက ထူးခြားသောအရာများ၊ ခေတ်ဟောင်းက လူအများနှစ်သက်ခဲ့သည့် အလေ့အကျင့်များ စသည်တို့အပေါ် တလေးတစား နှစ်သက်သဘောကျသူဖြစ်သည်။

တစ်ခါတစ်ရံတွင် သူ နှလုံးသားပေါ် လက်တင်လျက် 'ခုခေတ်ကြီးမှာ အားလုံးဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အနေအထားတွေ ပျောက်ဆုံးကုန်ပြီ' ဟု ကြေကြေကွဲကွဲပြောတတ်ပါသည်။

လီနာဒင်းကလဲဆိုသည့် အမျိုးသမီးကို သူ ချစ်ခင်စွဲလမ်းမိခြင်းမှာလည်း ထိုအကြောင်းကြောင့်ပင်ဖြစ်သည်။ လီနာဒင်းသည် အသက်အရွယ်ရနေသောကြောင့်လား။ မဟုတ်ပါ။ အသက်ငယ်ပါသေးသည်။ အရွယ်ကောင်းပါသေးသည်။ ထို့ပြင် လှလည်းအလွန်လှပါသည်။ ကုန်လွန်ခဲ့သော ကာလများတွင် ဆွဲဆောင်မှုရှိသော အလှရှင်မိန်းကလေးများ၏ ပြယုဂ်အဖြစ် လီနာဒင်းကို သူ စွဲမှတ်ထားပါသည်။

အမျိုးသမီး၏အလှမှာ ကြွေရုပ်တစ်ခုအလားဟု ဆိုနိုင်၏။ ရွှေရောင်ဖျော့ဖျော့ဆံပင်များကို ခပ်ရိုးရိုးစတိုင်ညှပ်ထား





www.burmeseclassic.com

www.burmeseclassic.com

သည်။ နွေစဉ် နွေခင်းပိုင်းသုံးနာရီတိတိတွင် လက်ဖက်ရည်သောက်လေ့ရှိသည်။ စိတ်ဆင်းရဲစရာမျိုးကြုံလျှင် သတိလစ်တတ်ခံစားတတ်သူဟု ဆိုသည်။

တနင်္ဂနွေနေ့ခင်းအချိန်တိုင်းတွင် အယ်လစ္စတာ သူ့ကိုလာတွေ့မြဲဖြစ်သည်။ လသာဆောင်တွင် လက်ဖက်ရည်သောက်ရင်း သိမ်မွေ့သောအကြောင်းကိစ္စများကို ဆွေးနွေးပြောဆိုတတ်ကြပါသည်။

သူ မကြာခဏပင် အမျိုးသမီးကို ပန်းခိုင်ပန်းစည်းများ လက်ဆောင်ပေးလေ့ရှိပါသည်။ တစ်ကြိမ်တွင် အမျိုးသမီးက ခေတ်ဟောင်းပုံစံ ကြိုးတပ်တူရိယာတစ်လက်ကို တီးခတ်လျက် ငွေဝန်းသော်တာအမည်ရှိ တေးသွားတစ်ပုဒ်သီဆိုပြခဲ့ရာ သူအတော်ပင် လှိုက်လှိုက်လှဲလှဲနှင့် ရှူးရှူးနစ်နစ်ခံစားလိုက်ရပါသည်။

သူကလည်း 'ဆင်စွယ်ရောင်ရွှန်းပ၊ လက်အလှပိုင်ရှင်' ဟူသည့် ရေးလက်ာကြီးကို ရွတ်ဆိုပြလိုက်သည်။ အမျိုးသမီးကို ရည်ညွှန်းလျက် သီဆိုခြင်းဖြစ်ပါ၏။

ထိုသို့လျှင် အဆင်ပြေပြေနှင့် ချောချောမောမော ရှိခဲ့ပါသည်။ အမျိုးသမီးက သူ့ကို ဂုဏ်သိက္ခာရှိရှိ တည်ငြိမ်သောနွေးအပြည့်နှင့် လက်ခံတွေ့ဆုံမြဲဖြစ်ပါသည်။ သူတို့နှစ်ဦး၏ နွေးထွေးသိမ်မွေ့သော ဆက်ဆံရေးမှာ ညက်ညက်ညောညောကရသည့် (၁၇)ရာစုကပွဲလို ယဉ်ယဉ်ကျေးကျေးနှင့် တိုးတက်မှုရှိနေပါ၏။ အယ်လစ္စတာ လွန်စွာပျော်ရွှင်ရပါသည်။ နောက်ဆုံးတွင် အမျိုးသမီးကို သူပိုင်ဆိုင်ခွင့်ရလိမ့်မည်ဟု သူ ယုံကြည်ထားပါသည်။ နှစ်ပေါင်းများစွာ သူစုဆောင်းခဲ့သော ရှေးဟောင်းအဖိုးထိုက်အဖိုးတန်တို့အထဲတွင် အမြင့်မားဆုံးဆုလာဘ် ဖြစ်ပေလိမ့်မည်။

သာသာယာယာရှိသည့် တစ်နေ့လယ်ခင်းတွင် လသာဆောင်ပေါ်၌ သူတို့ လက်ဖက်ရည်သောက်ရင်း စကားလက်ဆုံ ပြောမကုန်ရှိနေသည်မှာ အတော်ပင်ကြာမြင့်နေပါပြီ။ သူ့ရည်ရွယ်ချက်တို့ကို ထုတ်ဖော်ဖွင့်ဟရန် အကောင်းဆုံးအချိန်သည် ယခုပင်ဖြစ်သည်ဟု အယ်လစ္စတာ ဆုံးဖြတ်ချက်ချလိုက်ပါသည်။

လေညင်းလေးက ညင်ညင်သာသာတိုက်ခတ်နေသည်။ ပူလေနွေးအေးလေးထဲတွင် ဥယျာဉ်ထဲမှ ပန်းပေါင်းစုံတို့၏ရနံ့ကလည်း သင်းသင်းပျံ့ပျံ့ရှိလှပါ၏။ လီနာဒင်း၏ ထိုင်ခုံဘေးတွင် အယ်လစ္စတာ ဒူးထောက်ထိုင်ချလိုက်တော့သည်။

'လီနာဒင်း' ဟု သူ တိုးတိတ်ညင်သာစွာ ခေါ်လိုက်သည်။ ပင်လယ်ပြင်လို စိမ်းပြာပြာနှင့်တောက်ပနေသော အမျိုးသမီး၏ မျက်လုံးတို့ကို သူချစ်ခင်နှစ်လိုစွာ စိုက်ကြည့်နေပါသည်။

'လီနာဒင်း··ကိုယ်လေ မင်းကိုစွဲလမ်းရလွန်းလို့ ရူးမတတ်ဖြစ်နေရပါပြီ။ ကိုယ့်ရဲ့ကြင်ဖက်သက်လျှာအဖြစ် ကိုယ့်ဘဝထဲ 'ဝင်လာခဲ့ပါတော့လားကွယ်'

'အိုး··အယ်လစ္စတာရယ်'

အမျိုးသမီး စိတ်လှုပ်ရှားမှုကြောင့် အသံတုန်တုန်နှင့် ပြန်ပြောပါသည်။

'ရှင့်ရဲ့အသည်းနှလုံး ကျွန်မကို ဘယ်တော့ပေးလာမှာလဲလို့ ဟိုး··အကြာကြီးကတည်းက ကျွန်မမျှော်လင့်စောင့်စားနေခဲ့တာပါရှင်'

'ကိုယ့်အသည်းနှလုံး၊ 'ဟုတ်လား'

သူက ပီတိများဖြင့် ရင်ခုန်လှုပ်ရှားလျက် ပြန်ပြောပါသည်။

'ကိုယ့်အသည်းနှလုံး၊ ကိုယ့်ဝိညာဉ်၊ ကိုယ့်ဘဝ အားလုံး မင်းခြေရင်းမှာ ဝပ်စင်းနေပါပြီကွာ'

သူတို့လက်ထပ်လိုက်ကြပါသည်။ ရိုးရှင်း၍ အေးဆေးတည်ငြိမ်သော မင်္ဂလာပွဲဖြစ်ပါ၏။ သူတို့ သိုသိုသိပ်သိပ်စီစဉ်သည့် ပျားရည်ဆမ်းခရီးမှာ နိုင်အာဂရာရေတံခွန်သို့ဖြစ်သည်။ ထိုမှပြန်လာသောအခါ လီနာဒင်း၏ ပထမခင်ပွန်းထံမှ အမွေရခဲ့သော ရှေးဟောင်းအိမ်ကြီးရှိ်ခိုင်တွင် အသစ်စက်စက်ဇနီးမောင်နှံ အခြေချနေထိုင်ကြတော့သည်။

လီနာဒင်းသည် သူမျှော်မှန်းထားသည့် အမျိုးသမီးတစ်ယောက်၏ အရည်အသွေးများ လုံးဝကုံလုံပြည့်စုံပေသည်ဟု အယ်လစ္စတာ ကျေနပ်စွာတွေ့ရှိရလေသည်။ သူတို့နေထိုင်ရာ အိမ်ဟောင်းကြီးသည်လည်း သူ နှစ်ခြိုက်သဘောကျသော အတိတ်ခေတ်ဟောင်းက အကြွင်းအကျန်တို့ဖြင့် ပြည့်နှက်နေပါပေ၏။ သို့ဖြစ်ရကား ဘာမှပြောစရာမလိုအောင် စိတ်တိုင်းကျဖြစ်သည်ဟု ဆိုဖို့သာရှိပါတော့သည်။ သို့ရာတွင် ပြောစရာတစ်ချက်တော့ရှိပါသည်။ အယ်လစ္စတာသည် သူ့ဝါသနာဖြစ်သော ရှေးဟောင်းပစ္စည်း စုဆောင်းခြင်းအလုပ်ကို သူ့ချစ်ဇနီးလီနာဒင်း စိတ်ဝင်စားလာအောင်တော့ ဆွဲဆောင်နိုင်ခြင်းမရှိပါ။ ထိုသို့စိတ်ဝင်စားလာစေချင်သည့် သူ့ဆန္ဒကိုယ်၌က လက်တွေ့မဆန်ဟု ဆိုနိုင်ပါလိမ့်မည်။ တစ်စိတ်တစ်ပိုင်းမျှသာဖြစ်သည့် စုဆောင်းထားသောပစ္စည်းတို့ကို မည်သူမဆို စိတ်ဝင်စားမှုရှိလိမ့်မည်ဟု မျှော်လင့်

www.burmeseclassic.com



နိုင်ပါမည်လား။ မည်သို့ပင်ဖြစ်စေ အယ်လစ္စတာအနေဖြင့် သူရှာဖွေလေ့လာစုဆောင်းထားသမျှတို့ကို မျှဝေခံစားတတ်စေချင်သည်မှာတော့ အမှန်ပင်ဖြစ်သည်။

တစ်ရက်တွင် သူက ဇနီးဖြစ်သူကို ပြော၏။

'လီနာဒင်း··အချစ်ရေ၊ ကိုယ်စုဆောင်းထားတဲ့ ရှေးဟောင်းပစ္စည်းတွေကို စိတ်မဝင်စားဘူးဆိုတာတော့ ရှိပါစေတော့။ မင်းမှာ ဝါသနာတစ်ခုခုတော့ ရှိမှာပေါ့ကွာ။ မဟုတ်ဘူးလား'

လီနာဒင်း အပြုံးချိုချိုလွေးနှင့် တုံ့ပြန်ပါသည်။ ထိုအပြုံးချိုချိုလေးကို သူ အမြဲပြလေ့ရှိ၏။ အယ်လစ္စတာ စွဲလမ်းရသည်တို့တွင် ထိုအပြုံးလည်း ပါဝင်ပါသည်။

'ဝါသနာဆိုတာကတော့ အမျိုးမျိုးရှိကြတာပေါ့ရှင်'

သူက ကျီစယ်ဟန်နှင့်ပြန်ဖြေပါ၏။ သို့ရာတွင် ထိုအကြောင်းအရာကို ထပ်မဆွက်တော့ပါ။

အမျိုးသမီးတို့တွင် ကြုံကြုံဖန်ဖန် စိတ်ကူးပေါက်တာမျိုး ရှိတတ်သည်ဟု အယ်လစ္စတာတွေးမိသည်။ မိန်းမဆိုသည်မှာ ကြိုတင်တွက်ဆရန်ခက်သည့် သတ္တဝါအမျိုးအစားမဟုတ်လား။ ဒီကိစ္စ ဒီတွင်ဖြတ်ပြီး သူ နောက်ထပ်မမေးတော့ပါ။

တစ်ရက်တွင် သော့ခတ်ပိတ်ဆို့ထားသော အခန်းတစ်ခုကို သူတွေ့ရသည်။ တံခါးမှာ အတော်ထူသည်။ မင်းတုပ်မှာလည်း အခိုင်အခံ့ပြုလုပ်ထားပေရာ အတော်တော့ထူးခြားနေပေသည်။ သူ သိချင်စိတ်တို့ များလာ၏။ ထိုအကြောင်း လီနာဒင်းကို သူ မေးကြည့်လိုက်သည်။

အမျိုးသမီးက မရေမရာအဖြေပေးပါသည်။ သူ သိချင်စိတ်တို့ ပို၍ထက်သန်လာ၏။ ထို့ကြောင့် ထပ်၍ ထပ်၍ မေးပါသည်။ လီနာဒင်း ငိုကြွေးရသည်အထိဖြစ်သည်။

ထို့နောက်တွင် သူဆက်မမေးတော့ပါ။ သူ့သိလိုစိတ်မှာမူ လုံးဝလျော့မသွားပါ။ အခန်းထဲတွင် ဘာတွေရှိနေသည်ကိုသိနိုင်ရန် အခန်းတံခါးကိုဖျက်ဖွင့်ဝင်ဖို့အထိ သူစိတ်ပိုင်းဖြတ်ထားပြီးဖြစ်သည်။ ထိုညမှာပင် သူ့အကြံကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်သည်။ လီနာဒင်းနှင့် အိမ်စေများ အိပ်သွားချိန်ကို သူစောင့်မည်။

ထိုညနေခင်းတွင် လီနာဒင်းကို သူ ပို၍ဂရုစိုက်အလေးထားနေပါသည်။ ညဘက်တွင် သူလုပ်ရန်ကြံစည်ထားသော လျှို့လျှို့ဝှက်ဝှက် ကိစ္စအတွက် သူရှက်သလိုဖြစ်နေသောကြောင့်ပင်။ လီနာဒင်းမှာမူ ခါတိုင်းထက်ပို၍ အေးဆေးငြိမ်သက်နေပါ၏။

'ဟော့··အချစ်ကလေး'

သူ့မိန်းမကို သူချော့ချော့မော့မော့လေး ခေါ်လိုက်ပါသည်။

'ကိုယ့်ချစ်ချစ်၊ ဒီညနေမှာ ငြိမ်လှချည်လား။ ဘာစိတ်ညစ်စရာရှိလို့လဲ'

'ကျွန်မ ပြောချင်စိတ်မရှိဘူး'

သူ ခပ်တိုးတိုးပြော၏။

'ဒါပေမဲ့ ရှင်သိချင်မှာပဲမဟုတ်လား။ အဲဒါကြောင့် ကျွန်မပြောပါ့မယ်။ ဒီည··ဒီညပဲလေ၊ ကျွန်မရဲ့ အရင်ယောကျ်ား··'

ပြောရင်းနှင့် ငိုရှိုက်သံတို့ ပါလာ၏။ ဆက်မပြောနိုင်တော့ဘဲ သူ့လက်ကိုင်ပဝါဖြင့်အုပ်လျက် ရှိုက်နေပါတော့သည်။

'ဩော်··အချစ်ရယ်'

အယ်လစ္စတာ ကရုဏာကြီးစွာ ပြောလိုက်၏။ သူ့ခင်ပွန်းဟောင်းမှာ ဝမ်းနည်းကြေကွဲစရာ အနိစ္စရောက်ခဲ့ကြောင်း သူကြားသိခဲ့ပြီးဖြစ်ပါသည်။

'အေးပါလေ၊ ခုလိုအချိန်မှာ သူ့အကြောင်းတွေးမိမယ်ဆိုတာ ကိုယ်နားလည်နိုင်ပါတယ်။ သဘာဝကျပါတယ်။ ကိုယ်စိတ်အနှောင့်အယှက်မဖြစ်ပါဘူး။ ကဲ··ကဲ··အနားယူလိုက်တော့။ ဘာမှပြန်မတွေးဘဲ စိတ်သက်သက်သာသာထားပြီး ပျော်အောင်အိပ်လိုက်၊ ဟုတ်လား'

လီနာဒင်း အေးချမ်းစွာပြုံး၍ သူ့ပါးပြင်ကို အနမ်းတစ်ချက်ပေးပြီး အိပ်ခန်းထဲ ဝင်သွားတော့သည်။

ယခုအခါ လျှို့ဝှက်သောအခန်းတံခါးကိုဖွင့်ရန် အယ်လစ္စတာအတွက် အခွင့်အရေးရသွားပါသည်။ ဖယောင်းတိုင်တစ်ချောင်း သူရှာယူလိုက်သည်။ လက်နှိပ်ဓာတ်မီးထက်

www.burmeseclassic.com

ဖယောင်းတိုင်ကို သူ ပို၍သဘောကျပါသည်။ လျှို့ဝှက်အခန်းတံခါးဆီသို့ သူသွားလိုက်၏။

တံခါးကို ရအောင်ဖွင့်ရသည်မှာ အတော်ကြာပါသည်။ သော့မှာ ခိုင်ခံ့လွန်းလှသည်။ အသံမထွက်အောင် သော့တံအမျိုးမျိုးသုံး၍ ဖွင့်ရခြင်းဖြစ်ရာ လွယ်လွယ်နှင့်မရပါ။ နောက်ဆုံးတွင် တံခါးပွင့်သွားပါ၏။ အယ်လစ္စတာအခန်းထဲသို့ ဝင်လိုက်သည်။

ဖယောင်းတိုင်ကို မီးညှို၍ကိုင်လျက် သူရူးစမ်းကြည့်ရှုနေစဉ် တံခါးဖြည်းဖြည်းပြန်ပိတ်သွားသည်။ ဖယောင်းတိုင်မီးမှာ မှိတ်တုတ်,မှိတ်တုတ် လင်းနေသော်လည်း ထူးခြားသည့် ယမ်ပလ္လင်လို ကျောက်ခုံတစ်ခုကို မြင်နိုင်နေပါသည်။ ထိုခုံပေါ်တွင် ညိုမည်းမည်းအကွက်များလည်း ရှိနေ၏။ စင်တစ်ခုပေါ်တွင်မူ ပုံဆန်းဆန်းဖန်ချိုင့်ဝိုင်းဝိုင်းတို့ကို အတန်းလိုက်စီလျက် တင်ထားသည်။ ဖန်ချိုင့်များထဲတွင် အရည်တစ်မျိုး ဖြည့်ထားပြီး ဘာဟူ၍ သဲသဲကွဲကွဲ မသိရသော အရာတစ်ခု ဆီအရည်ထဲတွင် မြုပ်နေပါသည်။

စိတ်ထဲတွင် ထိတ်လန့်မှု ခံစားလာရသော်လည်း ဖယောင်းတိုင်ကိုမြှောက်ကိုင်လျက် အယ်လစ္စတာ ရှေ့တစ်လှမ်းတိုး၍ ကြည့်လိုက်ပါသည်။

ဖယောင်းတိုင်မီးသည် ငြိမ်းသွားတော့မလောက် လှုပ်လှုပ်ယမ်းယမ်း ဖြစ်လာပါသည်။ တစ်ယောက်ယောက်က တံခါးဖွင့်လိုက်သလို လေဝင်လာသောကြောင့်ဖြစ်သည်။ သို့ရာတွင် ဖယောင်းတိုင်မီးငြိမ်းမသွားမီ ဖန်ချိုင့်များထဲရှိ ပစ္စည်းတို့ကို အယ်လစ္စတာ ရှင်းရှင်းလင်းလင်း မြင်လိုက်ရပါသည်။

မီးငြိမ်းသွားပြီး ကြောက်စရာကောင်းလောက်အောင် ပိန်းပိတ်မှောင်သွားချိန်တွင် တစ်ခါက လသာဆောင်ပေါ် ထိုင်ရင်း လီနာဒင်း သူ့ကိုပြောခဲ့သည့်စကားကို သူ့မှတ်ဉာဏ်ထဲတွင် ပေါ်လာပါတော့သည်။

'အိုး..အယ်လစ္စတာရယ်၊ ရှင့်ရဲ့အသည်းနှလုံး ကျွန်မကို ဘယ်တော့ပေးလာမှာလဲလို့။ ဟိုး..အကြာကြီးကတည်းက ကျွန်မ မျှော်လင့်စောင့်စားနေခဲ့တာပါရှင်'

ကျော်ကျော်

50 More Mysteries စာအုပ်မှ Patricia A. Matthews ရေးသားသော The Collector ဝတ္ထုတိုကို ဘာသာပြန်ခြင်း ဖြစ်ပါသည်။


နယ်လှည့်သာသနာပြု ဖိုးမမွှသိဒ္ဓိ၏တပည့်

ဆရာမပွင့်သစ္စာထင် (Eco.)



(မွေးရာပါ အကြားအမြင်)

သင့်ရဲ့ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင် ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်တိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊ ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ လမ်းညွှန်ပေးပါသည်။

လိုအပ်ပါက ယတြာကို အခမဲ့ဆောင်ရွက်ပေးပါသည်။

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလေးမြို့။ ☎ ၀၉၄၂၈၃၁၇၂၉၉

www.burmeseclassic.com

လွန်ခဲ့သော ဆယ်နှစ်ခန့်က ဖြစ်သည်။

ထူးဆန်းအံ့သြဖွယ်ကောင်းလှသော ဖြစ်စဉ်နှင့် ကျွန်ုပ်ကြုံတွေ့ခဲ့ရလေသည်။ ကျွန်ုပ်နေထိုင်သောမြို့သည် နွေရာသီတွင် လွန်စွာမှပင် ပူပြင်းလှသည်။ ထို့ကြောင့် အေးချမ်းသော တောနယ်ကျေးလက်ဘက်သို့ သွားလိုစိတ်ပေါ်ခဲ့ရသည်။ တောအုပ်ထဲတွင်လည်း လမ်းလျှောက်ရင်း စိမ်းလန်းသာယာလှပသော ရှုခင်းများကို ကြည့်လိုသည့်ဆန္ဒကလည်း တားဆီးမရခဲ့ပေ။

ဤသို့ဖြင့် အလုပ်အားရက် တစ်ညနေခင်းတွင် ကျွန်ုပ်၏ အနီရောင်ကားကလေးဖြင့် စတင်ထွက်ခဲ့မိသည်။ မြေပုံ

ကျော်ဇော(တာကုန်)

# ချစ်စိတ်ဇောဖြင့်

# ဖြိုတ္တာတောသို့တိုးသွားသူ





www.burmeseclassic.com

www.burmeseclassic.com

တစ်ရွက်ကိုလည်း အသင့်ယူဆောင်လာခဲ့သည်။ ကျွန်ုပ်သည် ညလုံးပေါက် မနားတမ်း ကားကို မောင်းသွားခဲ့သည်။ ပင်ပန်းရကောင်းမှန်းမသိ။ စိတ်ရွှင်လန်းတက်ကြွနေခဲ့သည်။ ဤနှစ်နေ့ရာသီက နေရထိုင်ရကောင်းသားဟုလည်း တွေးမိပြန်လေသည်။

ကျေးလက်ဒေသ၏ နံနက်ခင်းက သာယာလှပလွန်းနေသည်။ နေခြည်များဖြာကျကာ ကောင်းကင်ပြာတစ်ပြင်လုံး ကြည်လင်လျက်ရှိသည်။ ကျွန်ုပ်သည် ကျေးငှက်ပေါင်းစုံ၏ သာယာသော တွန်ကျူးသံများကို နားစွင့်ရင်း ကားကို မှန်မှန်မောင်းလာခဲ့သည်။ ထိုစဉ်တွင်ပင် ကားက ရုတ်တရက် ထိုးရပ်သွားတော့သည်။ ဓာတ်ဆီကုန်သွားခြင်းဖြစ်ကြောင်းလည်း ချက်ချင်းသိလိုက်လေသည်။

စိတ်စောစွာ ထွက်လာခဲ့သဖြင့် ဓာတ်ဆီအပိုဆောင်လာရန် သတိမရခဲ့။ လမ်းဆင်းလျှောက်၍ ဓာတ်ဆီဆိုင်ကို ရှာရတော့မည့်ကိန်း။ မြေပုံကို ထုတ်ကြည့်လိုက်မိသည်။ သို့သော် မည်သည့်နေရာသို့ ရောက်နေမှန်းမသိ။ ကျေးလက်ဒေသ တစ်နေရာတွင် လမ်းစပျောက်နေရလေပြီ။

ကျွန်ုပ်သည် ကားပေါ်တွင် ငူငူကြီးထိုင်လျက် ကြံရာမရ ဖြစ်နေခဲ့သည်။ ထိုအခိုက်တွင်ပင် မျက်နှာချင်းဆိုင်ဘက်မှ လမ်းအတိုင်း လျှောက်လာနေသော မိန်းမပျိုကလေးတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ သူမသည် ပန်းတစ်စည်းကိုကိုင်လျက် စိတ်အေးလက်အေးလျှောက်လှမ်းလာခြင်း ဖြစ်သည်။ ခြေမျက်စိဖုံးလုနီးပါး ရှည်လျားသည့် သူမ၏ဝတ်စုံကြောင့် အမြင်တစ်မျိုးဆန်းနေခဲ့သည်။ ထို့အတူ သူမ၏ ဆံပင်များကလည်း ရှည်လျားလှသည်။ ရှည်ရှုံ့မျှသာမက နံနက်ခင်းနေခြည်အောက်တွင် နက်မှောင်ပြောင်လက်နေလေသည်။

တဖြည်းဖြည်း နီးလာသောအခါ လွန်စွာလှပသော မိန်းမပျိုတစ်ယောက်ဖြစ်မှန်း တွေ့လိုက်ရသည်။ သူမကို စကားပြောလိုစိတ်က တားမရဆီးမနိုင် ဖြစ်လာခဲ့သည်။ သို့ဖြင့် ကားအောက်သို့ အမြန်ဆင်းရပ်လိုက်မိသည်။ ထို့နောက် အနီးသို့ရောက်လာသည့် သူမကို လှမ်းနှုတ်ဆက်ရင်း ပြောလိုက်သည်။

'ဟဲလို..မျက်စိလည်နေလို့ပါ။ ဘယ်နေရာ ရောက်နေမှန်းလဲ မသိဘူး'

မိန်းမချောကလေးက ရုတ်တရက် လန့်သွားခဲ့သည်။ သို့ဖြင့် ညင်သာစွာ ဆက်ပြောလိုက်ရသည်။

'ဒီလိုလေ။ ကားက ဓာတ်ဆီကုန်သွားလို့။ အပိုလည်း ပါမလာခဲ့ဘူး။ အဲဒီအနီးအနားမှာများ ရနိုင်မလားလို့'

သူမက မျက်လုံးပြာကြီးများဖြင့် ကျွန်ုပ်ကို လှမ်းကြည့်လာသည်။ ထို့နောက် ပြုံးလိုက်သည်။ ထိုသို့ပြုံးလိုက်ကာမှ သူမက ပို၍ချောမောလှပသွားသည်။ ချစ်စရာလည်း ပိုကောင်းသွားလေသည်။

'အဲဒါတော့ ကျွန်မ မသိဘူးရှင့်။ ရွာထဲ လိုက်ခဲ့ပါလား။ ကျွန်မတို့ တစ်နည်းနည်းနဲ့ ကူညီနိုင်တာပေါ့'

အသံကလေးကလည်း သာလိုက်ပါဘိ။ ကျွန်ုပ်မည်သို့ငြင်းပယ်နိုင်ပါအံ့နည်း။ ကျွန်ုပ်ကို ကူညီရန် နတ်မိမယ်ကလေးတစ်ပါး လူယောင်ဖန်ဆင်းလာလေသလားဟုပင် ထင်လိုက်မိသေးသည်။ သို့ဖြင့် အပျော်စိတ်များဖြင့် သူမနောက်သို့ လိုက်သွားခဲ့တော့သည်။ သူမတို့ရွာက ကားလမ်းနှင့် အတန်ပင်လှမ်းပုံရသည်။ အတော်ကြာအောင် လျှောက်သွားခဲ့ရလေသည်။

'မြေပုံပေါ်မှာ ဘာရွာမှ မရှိပါဘူး။ ဟုတ်မှဟုတ်ရဲ့လား။ ရွာသိမ်ကလေးဖြစ်လို့ နေမှာပေါ့လေ'

သူမနောက်က လိုက်သွားရင်း အတွေးများ ပွားခဲ့မိတော့သည်။

◆◆◆

ထူးထွေသည့် အံ့ရာသော်ပင်တည်း။

ထိုနေရာတွင် ရွာတစ်ရွာက အမှန်ပင် ရှိနေခဲ့သည်။ ကြည့်ရသည်မှာ ရွာဟောင်းတစ်ခု ဖြစ်ပုံရသည်။ သို့သော် အေးချမ်းသာယာ၍ နေချင်စဖွယ်ရှိသည်ကတော့ အမှန်ပင်။ အိမ်များကို ခပ်သေးသေးပင် ဆောက်ထားကြသည်။ အိမ်တိုင်းလိုလို ဆေးအဖြူနှင့် အမည်းရောင်သုတ်ထားသည်မှာလည်း တစ်ပုံစံတည်းဖြစ်သည်။ ကျေးလက်ဒေသတွင် မြင်တွေ့နေကျ တိရစ္ဆာန်များကလည်း လွတ်လပ်စွာ သွားလာလျက် ရှိကြလေသည်။

မိန်းမချောကလေးသည် အိမ်တစ်လုံးရှေ့ အရောက်တွင် ရပ်လိုက်သည်။ ကျုပ်ဘက်သို့လှည့်၍ ပြုံးရင်း ပြောလာခဲ့သည်။

'အိမ်ထဲ ဝင်ပါဦးရှင့်'



www.burmeseclassic.com

www.burmeseclassic.com

ပြောပြောဆိုဆို လှည့်ဝင်သွားသည့် သူမနောက်သို့ လိုက်သွားခဲ့သည်။ အိမ်က သေးငယ်သော်ငြား အတွင်းပိုင်းတွင် လွန်စွာမှပင် သန့်ရှင်းသပ်ရပ်နေသည်။ ထိုစဉ်တွင် မြင်ကွင်းဆန်းတစ်ခုကို သတိထားလိုက်မိသည်။ မီးဖိုပေါ်တွင် တင်ထားသည့် ဟင်းအိုးတစ်လုံး။ မွှေးကြိုင်သော ဟင်းနံ့ကြောင့် ချက်ချင်းလိုပင် ဆာလောင်စိတ်ပေါ်လာခဲ့ရသည်။ ထိုကြားထဲတွင်ပင် တွေးဖြစ်အောင်တွေးလိုက်မိသေးသည်။

'အင်း..အခဆန်းပဲ။ ထင်းမီးဖိုနဲ့ ချက်ပြုတ်ကြပုံရတယ်။ ဆင်းရဲရှာကြတယ် ထင်ပါရဲ့'

ထိုစဉ်တွင်ပင် အိမ်အတွင်းဘက်မှ သူမ၏မိဘနှစ်ပါး ထွက်လာခဲ့ကြသည်။ မည်သို့ဖြစ်ရသည်မသိ၊ မြင်မြင်ချင်းပင် ခင်မင်သွားခဲ့မိသည်။ ၎င်းတို့ကို အကဲခတ်ရသည်မှာ စိတ်သဘောထား ကောင်းပုံရကြသည်။ သို့ရာတွင် အဝတ်အစားများကတော့ အမြင်ဆန်းနေပြန်သည်။ ထိုစဉ် အဘိုးကြီးက စကားစပြောလာခဲ့သည်။

'ထိုင်လေကွာ၊ လမ်းလျှောက်လာရတော့ ရေဆာနေမှာပေါ့။ ရော့..ဒါလေး သောက်လိုက်'

'ကျေးဇူးပါပဲ'

ကျွန်ုပ်လည်း ကမ်းပေးလာသော မတ်ခွက်ကို လှမ်းယူ၍ မော့ချလိုက်မိသည်။ ထူးဆန်းမှုကို ထပ်ကြုံလိုက်ရပြန်သည်။ ရေဟု ထင်ခဲ့သော်လည်း အညိုရောင်ရင့်ရင့်ပြင်းရှသောအရည်တစ်မျိုးဖြစ်နေသည်။ တစ်ခဏအတွင်း၌ပင် တစ်ကိုယ်လုံး လန်းဆန်းသွားရသည်။ စိတ်လည်း ရွှင်မြူးတက်ကြွလာခဲ့သည်။ သို့ဖြင့် လိုရာကို မေးလိုက်မိသည်။

'ဒီမှာ ဓာတ်ဆီရနိုင်မလားခင်ဗျ'

ပဟေဠိပုစ္ဆာ အမေးခံလိုက်ရသကဲ့သို့ အဘိုးကြီး အံ့သြသွားပုံရသည်။ မျက်မှောင်ကြုတ်လျက် ပြန်မေးလာတော့သည်။

'ဓာတ်ဆီ ဟုတ်လား။ အဲဒါ ဘာကိုခေါ်တာလဲကွ'

ဤတစ်ကြိမ်တွင် ပါးစပ်အဟောင်းသား ဖြစ်သွားရသူက ကျွန်ုပ်ပင် ဖြစ်သည်။ အူကြောင်ကြောင်ပုံစံဖြင့် ပြန်မေးလိုက်မိသည်။

'ဦးလေးတို့က နေ့တိုင်း ခြေကျင်လျှောက်သွားနေကြတာလား'

အဘိုးကြီးက နှစ်မြို့က်စွာ ပြုံးလိုက်ပြီးမှ ပြန်ဖြေလာခဲ့သည်။

'မဟုတ်ဘူးကွ၊ မြင်းတွေကို သုံးတယ်လေ'

'ဟာဗျာ၊ မြင်းတွေက ကားလောက် ဘယ်မြန်ပါ့မလဲ။ ဘာလို့ ကားတွေမသုံးကြတာလဲ'

အနှီစကားကို ကျွန်ုပ်ရင်တွင်းကသာ ပြောလိုက်ခြင်းဖြစ်ပေတော့သည်။

◆◆◆

ဓာတ်ဆီရှာရန်ကို ကျွန်ုပ်မေ့သွားရသည်။

ထိုရွာသို့ စတင်ရောက်ကတည်းက ကျွန်ုပ်၏စိတ်များ ရွှင်လန်းတက်ကြွနေခဲ့သည်။ ၎င်းတို့နှင့် နေရသည်ကိုလည်း လွန်စွာမှနှောခွေ့နေမိသည်။ အဘယ်ကြောင့် ထိုသို့ဖြစ်ရမှန်း မသိပေ။

တစ်နေကုန်လိုလို ထိုမိသားစုနှင့် စကားလက်ဆုံကျခဲ့သည်။ ညစာကိုလည်း အတူစားဖြစ်ခဲ့ပြန်သည်။ စားသောက်ပြီးသည်နှင့် မိန်းမချောကလေးနှင့် နှစ်ယောက်သား အိမ်ဘေးရှိ ပန်းခြံကလေးအတွင်းသို့ ထွက်ခဲ့ကြသည်။ သူမ၏အမည်က မေရီဟု သိခဲ့ရသည်။ ပန်းခြံအတွင်းရှိ ခုံတန်းလျားကလေးတစ်ခုပေါ်တွင် ဝင်ထိုင်ရင်း မေရီက စကားစလိုက်သည်။

'အစ်ကိုရောက်လာတာ တကယ်ကို အခန့်သင့်ပဲ။ ကျွန်မတို့က ငြီးငွေ့နေကြတာရှင့်။ ဒီကို ရောက်လာတဲ့သူကလည်း မရှိသလောက်ပါဘဲ'

နှစ်ယောက်သား စကားလက်ဆုံ ပြော၍မကုန်အောင်ဖြစ်ခဲ့ရသည်။ ကျွန်ုပ်၏ဘဝတွင် အပျော်ဆုံးအချိန်ကလေးလည်း ဖြစ်ပေသည်။ အတန်ကြာလာသောအခါ သူမ၏အသံက တဖြည်းဖြည်း တိုးသွားခဲ့သည်။ ပြောနေရင်း ဝမ်းနည်းကြေကွဲဟန် ပြောင်းလာသည်။ ကျွန်ုပ်၏ ရင်ထဲတွင်လည်း ကတုန်ကယင်ကြီး ဖြစ်လာသဖြင့် ခပ်တိုးတိုး မေးလိုက်မိသည်။

'အစ်ကိုနဲ့ စကားပြောရတာ မပျော်လို့လား။ ညီမကို ကြည့်ရတာ တစ်မျိုးကြီးပဲ'

မေရီက ခေါင်းကလေး အသာယမ်းရင်း လေသံကလေးဖြင့် ပြန်ပြောခဲ့သည်။

'ညီမပြောပြလို့ မဖြစ်ဘူးရှင့်။ အစ်ကိုက ငြီးငွေ့သည်လေ။ ဒီညပဲ နှုတ်ဆက်ပြီး လမ်းခွဲကြရမှာ။ ခရျက်ချင်း

www.burmeseclassic.com

အစ်ကို ပြန်မှဖြစ်လိမ့်မယ်'

သူမကို မည်သို့နားလည်ရမှန်း မသိတော့။ ကျွန်ုပ်ကတော့ သူမကို ချစ်မိနေလေပြီ။ တွယ်တာစွဲလမ်းနေမိလေပြီ။ သူမအနီးမှ တစ်ဖဝါးမျှပင် မခွာလိုတော့။ ကြေကွဲဆို့နင့်စွာဖြင့် မေးလိုက်မိသည်။

'အစ်ကိုက ဘာကြောင့်ပြန်ရမှာတဲ့တုန်းကွာ'

မေရီ၏ ချစ်စဖွယ်မျက်နှာကလေးက ပြုံးတော့မည့်မိုးနှယ် ရုတ်ခြည်းညှိုးမှောင်သွားသည်။ ထို့နောက် ဝမ်းနည်းသံဖြင့် ပြောလာခဲ့သည်။

'သြော်··အစ်ကိုရယ်။ မပြန်လို့ မဖြစ်ဘူးရှင့်။ ဒီမှာဆက်နေရင် အသက်အန္တရာယ်နဲ့ ကြုံရလိမ့်မယ်'

ကျွန်ုပ်က အလျှော့မပေးလိုဟန်ဖြင့် အထွန့်တက်လိုက်မိသည်။

'ကဲ··ဒါဆိုရင် အနီးအနားက မြို့ကိုသွားပြီး ခဏဆိုရှာလိုက်ဦးမယ်။ ပြီးရင် ပြန်လာခဲ့မှာနော်'

သူမက နှုတ်ဆိတ်နေခဲ့သည်။ ကျွန်ုပ်လည်း အားမလို အားမရဖြင့် ရင်ဖွင့်လိုက်မိတော့သည်။

'ကိုယ်၊ မင်းကိုချစ်တယ် မေရီ၊ မဖြစ်မနေ ပြန်လာခဲ့မယ်။ ကိုယ့်ကို မတားနဲ့တော့'

မေရီသည် တံခါးဝအနီးထိ လိုက်ပို့ခဲ့သည်။ ငိုချင်စိတ်ကို ထိန်းထားသည့်ဟန်က အထင်းသားပေါ်နေသည်။ ကျွန်ုပ်အတွက်မူကား ဆိုဖွယ်ရာမရှိတော့။ မခွဲနိုင်မခွာရက် ခံစားချက်က ခြေလှမ်းများကို တုံ့နှေးနေစေခဲ့တော့သည်။

◆◆◆

ညသန်းခေါင်ယံအချိန်။

ဝန်းကျင်တစ်ခွင်လုံး မှောင်အတိ ဖုံးလွှမ်းနေခဲ့သည်။ စမ်းတဝါးဝါးဖြင့် ခြေဦးတည့်ရာ ထွက်လာခဲ့မိသည်။ အချိန်မည်မျှကြာသွားမှန်းလည်း မသိတော့။ လျှောက်ပြီးရင်း ဆက်လျှောက်ရာက မောပန်းလာခဲ့သည်။ ထိုစဉ်တွင်ပင် မီးရောင်အချို့ကို လှမ်းတွေ့လိုက်ရသဖြင့် အားတက်သွားရသည်။ မြို့ငယ်ကလေးတစ်မြို့ပင် ဖြစ်လေသည်။

ညဉ့်နက်သည့်တိုင် အသွားအလာက မပြတ်သေးပေ။ တဖြည်းဖြည်းလျှောက်သွားရင်း ဆိုဖြည့်ပန့်တစ်ခုကို တွေ့သဖြင့် ခဏဆိုဝင်ဝယ်လိုက်သည်။ ကျသင့်ငွေ ပေးချေရင်း ဆိုင်အတွင်းကလူကို စပ်စုလိုက်မိသည်။

'ဟိုနားက ရွာနာမည်က ဘာတဲ့လဲဗျ'

ထိုသူ၏ မျက်ခုံးအစုံက ပင့်တက်သွားသည်။ ဂြိုဟ်သားတစ်ယောက်ကို တွေ့လိုက်ရသည့်အလား ကျွန်ုပ်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီးမှ ပြန်မေးလာခဲ့သည်။

'ဘယ်က ရွာလဲဗျ'

'ဒီမြို့မရောက်ခင် လမ်းညာဘက်ခြမ်းမှာရှိတဲ့ ရွာလေ'

ထိုသူက ပြန်မပြောဘဲ မျက်မှောင်ကြုတ်၍ ဆက်ကြည့်နေခဲ့သည်။ သို့ဖြင့် ပူပူနွေးနွေး ကျွန်ုပ် တွေ့ကြုံခဲ့ရပုံကို ချုံ့ပြောပြလိုက်မိသည်။

'အဲဒီရွာက ကားလမ်းမနဲ့ နည်းနည်းလှမ်းတယ်။ အိမ်တွေကလည်း ဟောင်းနေပြီ။ ပြီးတော့ ရွာသူရွာသားတွေက ဝတ်စားထားကြပုံကလည်း တစ်မျိုးပဲ။ ဟို··ဒိတ်အောက်နေသလိုပဲဗျ'

ထိုသူက ယခုတိုင် မည်သို့မျှ ပြန်ပြောမလာသေးပေ။ ကျွန်ုပ်ကို လူထူးလူဆန်းတစ်ယောက်ဟုလည်း ထင်မြင်နေသေးပုံရသည်။ သူသည် ခေတ္တစဉ်းစားလိုက်ပြီးမှ တွေးတွေးဆဆ ပြောလာခဲ့သည်။

'အင်း··အဲဒီမှာ ရွာတစ်ရွာ ရှိခဲ့ဖူးတယ်လို့ ပြောသံကြားဖူးတယ်။ လွန်ခဲ့တဲ့ မျိုးဆက်သုံးဆက်လောက်ကလို့ ပြောတာပဲ။ ခု မရှိတော့ပါဘူး။ အဲဒီရွာရဲ့ သမိုင်းကိုလည်း အမျိုးမျိုး ပြောနေကြတာ။ ထူးဆန်းတာတွေချည်းပဲ'

'ဘာတွေများ ပြောကြတာလဲဗျ'



www.burmeseclassic.com

www.burmeseclassic.com

သူက စိတ်လိုလက်ရ ပြောပြချင်ပုံမရပေ။ ချီတုံချတုံ ဖြစ်နေပြီးမှ မပွင့်တပွင့် ပြောလာခဲ့သည်။

'အဲဒီရွာမှာ မီးအကြီးအကျယ် လောင်ခဲ့တယ်တဲ့။ လူတွေ သေကုန်ကြတာလည်း ရွာလုံးကျွတ်ဆိုပဲ။ ခုဆိုရင် အဲဒီမှာ လူမပြောနဲ့၊ ခွေးတစ်ကောင် ကြောင်တစ်မြီး တောင် မရှိဘူး။ အိမ်နဲ့တူတာဆိုလို့ တိုင်ငုတ်တစ်ချောင်း တောင် တွေ့ရမှာ မဟုတ်ဘူး'

ကျွန်ုပ်သည် ကိုယ့်နားကိုယ် မယုံနိုင်အောင်ပင် ဖြစ်သွားရသည်။ သို့သော် အလျှော့မပေးလိုသဖြင့် ဆက်မေးလိုက်သည်။

'အဲဒါက ဘယ်လိုဖြစ်ရတာလဲဗျ'

'အိုလီဗာခရွမ်းဝဲ(လ်) လက်ချက်လေ။ စစ်ဖြစ်ကြတုန်းက အဲဒီတစ်ရွာလုံး ဘုရင့်ဘက်တော်သား လုပ်ခဲ့ကြတာကိုး။ လက်တုံ့ပြန်ပြီး ရွာလုံးကျွတ် အပြတ်ရှင်းပစ်လိုက်တာ'

ဤတစ်ကြိမ် မျက်လုံးပြူးသွားရသည်က ကျွန်ုပ်ဖြစ်သည်။ မည်သို့ဆက်ပြောရမှန်းလည်း မသိတော့။ ဒီလူ မဖြစ်နိုင်တာတွေ လျှောက်ပြောနေတာပဲဟု စိတ်ထဲက ပြောလိုက်မိသည်။ အဘယ်ကြောင့်ဟူမူ အနီစစ်ပွဲသည် လွန်ခဲ့သည့်နှစ်ပေါင်း(၃၅၀)ခန့်က ဖြစ်ပွားခဲ့သောကြောင့်ပင်တည်း။

ကျွန်ုပ်၏အတွေးအာရုံထဲတွင် ထူးဆန်းသော အဝတ်အစားများ၊ ရှည်လျားနက်မှောင်သော ဆံပင်များ၊ ထင်းမီးဖိုပေါ်က ဟင်းအိုးနှင့် ပေါင်းနွမ်းနေသည့် အိမ်များ၏ ပုံရိပ်များ အစီအရီပေါ်လာတော့သည်။ မေရီ၏ဖခင် ပြောခဲ့သော မြင်းများအကြောင်းကိုလည်း ပြန်လည်သတိရလာခဲ့သည်။ ထို့နောက် ကတုန်ကယင်ဖြင့် ညည်းတွားလိုက်မိသည်။

'ဘာတွေဖြစ်ကုန်တာလဲ မသိဘူး။ ရွာနဲ့ လူတွေကို ပီပီပြင်ပြင် တွေ့ခဲ့ရတာပဲ။ ရွာသားတချို့နဲ့ စကားတောင် ပြောခဲ့သေးတာ'

ဆိုင်အတွင်းကလူသည် ကျွန်ုပ်ကို ဖျတ်ခနဲ လှမ်းကြည့်ရင်း စကားဆက်လာခဲ့သည်။

'ခင်ဗျားကို အဲဒီရွာရဲ့ လျှို့ဝှက်ချက်နဲ့ ထူးဆန်းပုံကို ဖွင့်ပြောမှ ဖြစ်တော့မယ် ထင်တယ်။ သူတို့က ဆယ်နှစ်မှာတစ်ကြိမ် ပြန်ပေါ်လာတတ်တယ်တဲ့။ ဒါပေမဲ့ တစ်ရက်တည်းပဲနော်။ ရွာလုံးကျွတ် သုတ်သင်ခံရတဲ့ရက်မှာပေါ့။ ပြီးရင် နောက်ဆယ်နှစ်အထိ ဈာန်းစုန်းမြုပ် ပျောက်သွားပြန်ရော။ အဲဒီလို ပြန်ပေါ်တတ်တဲ့ရက်နဲ့ ကြုံကြိုက်ပြီး ခင်ဗျားရောက်သွားခဲ့တာနေမှာ။ ညတွင်းချင်း ပြန်ထွက်လာနိုင်တာ ခင်ဗျား သိပ်ကံကောင်းတယ်။ အဲဒီမှာ မိုးလင်းတဲ့အထိ နေခဲ့ရင် ခင်ဗျားဘဝ ဆုံးပြီမှတ်တော့။ တစ်သက်လုံး ပြန်မလာနိုင်တော့ဘူးလို့ လူကြီးသူမတွေ သတိပေးတာ ကြားဖူးတယ်ဗျ'

ကျွန်ုပ်၏ ကျောရိုးတစ်လျှောက် စိမ့်သွားရသည်။ ကြက်သီးများလည်း ထလာခဲ့သည်။ မေရီ၏ စကားသံကိုလည်း ပြန်လည်ကြားယောင်လာမိလေသည်။

'အစ်ကို ပြန်မှဖြစ်မယ်။ ကျွန်မတို့ နှုတ်ဆက်လိုက်ကြရအောင်'

ကျွန်ုပ် ကောင်းစွာသဘောပေါက်သွားရသည်။ မေရီသည် ကျွန်ုပ် အန္တရာယ်ကြုံရမည်ကို စိုးရိမ်ပူပန်သောကြောင့် အတင်းပြန်ခိုင်းခဲ့ခြင်းပင်ဖြစ်သည်။ ထို့ပြင်တစ်ဝ ကျွန်ုပ်ကို ချစ်သောစိတ်ဖြင့် ဖွတ်မိတ်၍ ပြောခဲ့ခြင်းသာ ဖြစ်ပေမည်။ အဘယ်ကြောင့်ဟူမူ သူမ၏ မျက်ဝန်းအစုံ၌ ချစ်ရောင်ခြည်များ ဖြာလျက်ရှိသည်ကို ကောင်းစွာသတိပြုမိခဲ့သောကြောင့်ပင် ဖြစ်တော့သည်။

◆◆◆

နောက်တစ်နေ့ နံနက်ခင်း။

ကျွန်ုပ်သည် ရင်တထိတ်ထိတ်ဖြင့် မေရီတို့ရွာဘက်သို့ ပြန်သွားခဲ့သည်။ ဖုန်းဆိုးတောကြီးကသာ ဆီးကြိုနေလေသည်။ ရင်ထဲတွင် ပူလောင်လာကာ အရူးတစ်ပိုင်း ဖြစ်သွားရသည်။ ထိုနေရာတစ်ဝိုက်တွင် အကြိမ်ကြိမ် လှည့်ပတ်ရှာဖွေမိခဲ့သည်။ ချုံပုတ်နှင့် သစ်ပင်များကိုသာ တွေ့ရသည်။ ဝန်းကျင်တစ်ခွင်လုံး ကျေးငှက်သံနှင့် လေတိုးသံများကသာ လွှမ်းမိုးလျက်ရှိသည်။ လူသံသူသံ စဉ်းငယ်မျှမကြားရ။ ရွာရိပ်ရွာခြေက နတ္ထိ။

ကြေကွဲဝမ်းနည်းမှု လှိုင်းလုံးကြီးက ရင်ထဲတွင် လှိမ့်တက်လာသည်။ သည်းခံနိုင်စွမ်းတာရိုး ကျိုးသွားခဲ့သည်။ ကျွန်ုပ်သည် မြေကြီးပေါ် ထိုင်ချကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိလေတော့သည်။

◆◆◆

အသက်ရှင်နေသမျှ မေ့ဖျောက်၍မရသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com

မေရီတို့ ရွာကလေးသို့ ရောက်ခဲ့ရသည့်နေ့။ ကျွန်ုပ်သည် ဆယ်နှစ်နီးပါးကာလအတွင်း မေရီကို မေ့မရခဲ့ပေ။ နေ့စဉ်လိုလို သတိရနေမိသည်။ သူမကို ချစ်မိသည့်စိတ်ကလည်း အမြဲစိမ်းသစ်ပင်ပမာ ထာဝရရှင်သန်နေမည်သာ ဖြစ်သည်။

မေရီနှင့် ဆုံခဲ့ရသည်မှာ ဆယ်နှစ်ပြည့်ရန် နှစ်လမျှသာ လိုပေတော့သည်။ သူမတို့ရွာကလေး ပြန်ပေါ်လာမည့်အချိန် နီးကပ်လာလေပြီ။ ထိုနေ့ကို ပြက္ခဒိန်ပေါ်တွင် မင်နီဝိုင်း၍ တေးမှတ်ထားခဲ့သည်။ အချိန်ကျပါက ထိုနေရာသို့ အရောက်သွားရပေမည်။ နက်မှောင်ရှည်လျားသည့် ဆံကေသာနှင့် မျက်ဝန်းပြာများပိုင်ရှင် ကျွန်ုပ်၏ အချစ်ကလေးကို မတွေ့တွေ့အောင် သွားရှာရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

ထိုမျှသာမက ဤတစ်ကြိမ်တွင် မိုးမလင်းမီ ပြန်ထွက်မလာတော့။ မေရီ၏ရင်ခွင်တွင် ထာဝရနားခိုသွားရန်လည်း ခိုင်မာစွာ သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပေတော့သည်။

◆◆◆

နောက်နှစ်လကျော်ခန့် အကြာတွင် ဖြစ်သည်။

နေ့စဉ်ထုတ် သတင်းစာတစ်စောင်တွင် ထူးဆန်းသော နယ်သတင်းတစ်ပုဒ် ပေါ်လာလေသည်။

<u>ကားနီကလေးတစ်စီး၏ပိုင်ရှင် ပျောက်ဆုံးနေ</u>

အီဒင်ဗရာတောင်ဘက် မိုင်ငါးဆယ်ခန့်အကွာ လမ်းဘေးတောစပ် တစ်နေရာတွင် အနီရောင်ဆလွန်းကားကလေးတစ်စီး ရပ်တန့်ထားသည်မှာ တစ်ပတ်ခန့် ကြာပြီဖြစ်ကြောင်း၊ သက်ဆိုင်ရာ နယ်မြေရဲစခန်း၏ စုံစမ်းချက်အရ ကားပိုင်ရှင်သည် ကောလိပ်ကျောင်းဆရာ တစ်ဦးဖြစ်ပြီး ယနေ့တိုင် စုံစမ်းရှာဖွေ၍ မတွေ့ကြောင်း သိရသည်။

ဤသို့ဖြင့် ပိုင်ရှင်ရှာမတွေ့သော အနီရောင်ဆလွန်းကားကလေးအား နောက်တစ်နှစ်ခန့်အကြာတွင် သက်ဆိုင်ရာ ရဲစခန်းမှနေ၍ လေလံကုမ္ပဏီတစ်ခုသို့ လွှဲပြောင်းပေးလိုက်လေတော့သည်။

**ကျော်ဇော(စားကုန်)**

Ref : Jan Carew ၏ Lost Love.


ပဉ္စဂုဏ် အဟံ ဝန္ဒာမိ

**ဂမ္ဘီရ ဆရာလှမျိုး (B.Sc)**

**အေအင်ကျောင်းမြ(သာကေတ)**

**ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်**

✤ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။

✤ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။

✤ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်,လုပ်ငန်း အမည်ပေးခြင်း။

✤ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

မြောက်ဒဂုံမြို့နယ်၊ ပြည်ထောင်စုလမ်းမကြီး၊ တောင်-မြောက်လမ်းဆုံအနီး၊ ပြည်လုံးချမ်းသာ မြို့ဦးစေတီတော်၊ တောင်ဘက်မုခ်။ (တိုးကြောင်ကလေး ဘူတာအနီး) [၆၁၊ ၆၇၊ ၁၇၄၊ ၁၈၇၊ ၂၁၃၊ ရွှေရန်ကုန်၊ အမြဲစိမ်း၊ အဓိပတိ(အစိမ်း) ကားများစီး၍ တောင်-မြောက် လမ်းဆုံမှတ်တိုင်တွင် ဆင်းပါ။]

နံနက်(၁၀:၀၀)နာရီမှ ညနေ(၄:၀၀)နာရီ။

ရုပ်ဝေးမှ လာမည့်သူများ ဖုန်း ၀၉ ၄၂၀ ၀၄၇ ၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေနိုင်ပါသည်။




www.burmeseclassic.com


www.burmeseclassic.com

(၁)

ကျွန်တော်သည် စင်ကာပူနိုင်ငံတွင် သုံးနှစ်ကြာမျှ အလုပ်လုပ်ခဲ့ဖူးပါသည်။ ကျွန်တော်ရရှိထားသော ဘွဲ့မှာလည်း စက်မှုအင်ဂျင်နီယာဘွဲ့ ဖြစ်သည့်အတွက် စင်ကာပူဆိပ်ကမ်းဝင်းထဲတွင် ကန်ထရိုက်

# မျိုးဝေကြွယ်

## စင်ကာပူညမျှားရဲ့ ဘာယာနကာရသ



www.burmeseclassic.com

www.burmeseclassic.com

ယူထားသည့် ကုမ္ပဏီတစ်ခုတွင် အအေးခန်းအင်ဂျင်နီယာ အဖြစ် အလုပ်လုပ်ခဲ့ပါသည်။ (Reefer) ရီဖားဟု ခေါ်ဆိုသည့် အအေးခန်း ကွန်တိန်နာကြီးများအား ပြုပြင်မြင် ဆင်သည့် လုပ်ငန်းကို ကျွန်တော်တို့ ကုမ္ပဏီက ဝန်ဆောင်မှုပေးခြင်းပင်ဖြစ်သည်။ ကုမ္ပဏီဟု ဆိုသော်လည်း အကြီးစားမဟုတ်ဘဲ စုစုပေါင်းဝန်ထမ်း နှစ်ဆယ်မျှသာ ရှိပါသည်။ ထိုဝန်ထမ်း နှစ်ဆယ်ကိုလည်း နေ့ဆိုင်းနှင့် ညဆိုင်းဟူ၍ ထပ်မံခွဲခြားထားပြန်ရာ တစ်ဆိုင်း,တစ်ဆိုင်းတွင် ဝန်ထမ်းဆယ်ယောက်ခန့်သာ ရှိပါသည်။

ကျွန်တော့်ကို ရောက်ရောက်ချင်းမှာပင် သူဌေးက ညဆိုင်းတွင် ထားသည်။ နေ့ဆိုင်းတွင် သူဌေးအပါအဝင် ကုမ္ပဏီလူကြီးများ ရှိသဖြင့် လွတ်လပ်မှု သိပ်မရှိပေ။ ညဆိုင်းကတော့ သူဌေးမရှိသဖြင့် အလုပ်လုပ်ရသည်မှာ အနည်းငယ် လွတ်လပ်သည်ဟု ဆိုနိုင်သည်။ သို့သော်လည်း သဘာဝကို ဆန့်ကျင်သောဖြစ်ရပ် ဖြစ်သဖြင့်လည်း အချိန်ကြာလာပါက ကျန်းမာရေးအတွက် မကောင်းနိုင်။ လောလောဆယ်အနေအထားတွင် ညဆိုင်းဆင်းရသည်မှာ ကံကောင်းသည်ဟုပင် ဆိုနိုင်သည်။ အကြောင်းကတော့ မြန်မာအများစု ရှိသောကြောင့်ပင် ဖြစ်သည်။ နေ့ဆိုင်းမှာက မြန်မာတွေက နည်းပါးလှပြီး စင်ကာပူရီယန်း တရုတ်များ၊ မလေးတရုတ်များ ရှိသောကြောင့်ပင် ဖြစ်ပါသည်။

နေစရာအတွက်ကတော့ ကုမ္ပဏီက မပေးပါ။ ကျွန်တော်တို့ ကုမ္ပဏီရှိ အခြားဝန်ထမ်း သုံးယောက်နှင့် အတူစုပြီး တိုက်ခန်းတစ်ခန်းငှားကာ ကျွန်တော်တို့ နေထိုင်သည်။ အိမ်ငှားခက စုစုပေါင်း စင်ကာပူဒေါ်လာ တစ်ထောင့်ငါးရာဖြစ်သဖြင့် ထောင့်ငါးရာကို လေးနှင့်စားပြီး အိမ်လခအတွက် ကျွန်တော်တို့ ပေးရ၏။ ကျွန်တော်နှင့် အတူနေ ကျန်သောသူ သုံးယောက်ကလည်း ညဆိုင်းသမားများပင်ဖြစ်သောကြောင့် ကျွန်တော့်ပိတ်ရက် စနေ နေ့ ညဆိုလျှင် ထိုတိုက်ခန်းထဲမှာ တစ်ယောက်တည်းဖြစ်သည်။ ပိတ်ရက်များတွင် ကျွန်တော်သည် ပင်နင်ဆူလာ ပလာဇာသို့သွားပြီး ဖုန်းကတ်ဝယ်၊ လစဉ်ထုတ် မဂ္ဂဇင်းများအနက် နှစ်သက်ရာ တစ်စောင်စောင်ကိုဝယ်၊ စားစရာ အခြောက်အခြမ်းအချို့ဝယ်ပြီး ပြန်လေ့ရှိပါသည်။ အခြားသောသူများကဲ့သို့ ဖျော်ဖြေမှုပေးသည့် နေရာများသို့ သွားရောက်လည်ပတ်ခြင်းမျိုး လုပ်လေ့လုပ်ထ ကျွန်တော့်မှာ အတော်နည်းသည်။ ထို့နောက် တိုက်ခန်းသို့ ပြန်ရောက်သောအခါ တစ်ယောက်တည်း စာအုပ်ဖတ်၊ အင်တာနက် ကြည့်ပြီး ညနှစ်နာရီခန့်တွင် ကျွန်တော် အိပ်လေ့ရှိပါသည်။ ထိုကဲ့သို့ ဖြတ်သန်းမှုများဖြင့် နေထိုင်ခဲ့ရာ အစပိုင်းတွင် ပြဿနာမရှိသော်လည်း နောက်ပိုင်း၌ ကျွန်တော် အိပ်ရမှာကိုတောင် ကြောက်ရွံ့လာသော အခြေအနေမျိုး ကြုံတွေ့လာပါသည်။

(၂)

ကျွန်တော်အိပ်သည့်ခုတင်က တစ်ယောက်အိပ် သစ်သားခုတင်လေး ဖြစ်ပါသည်။ အခန်းထဲတွင် အဲယားကွန်း ရှိသော်လည်း အဲယားကွန်းဖွင့်ပြီး အိပ်ခဲ့လျှင် မနက်ဘက် အိပ်ရာက နိုးသောအခါ ဖိန်းတိန်းရှိန်းတိန်း ဖြစ်တတ်သဖြင့် ကျွန်တော် မဖွင့်ပါ။ ခေါင်းရင်းဘက်ရှိ ပြတင်းပေါက် တံခါးလေးကိုသာ အပြည့်မဟုတ်ဘဲ ခပ်ဟဟဖွင့်ထားပြီး အိပ်လေ့ရှိပါသည်။

ကျွန်တော် အိပ်ရာဝင်ပြီး နာရီဝက်အတော်အတွင်း အိပ်ပျော်သလိုလို ဖြစ်သွားသည့်အချိန်အတွင်းတွင် ခန္ဓာကိုယ်အပေါ်သို့ လေးလံသော အရာဝတ္ထုတစ်ခုက တက်ဖိသလို ခံစားရသည်။ ထိုအရာဝတ္ထုသည် ပုံမှန်ဖိရုံမျှမဟုတ်ဘဲ အပေါ်ကနေ ကျွန်တော့်အား လည်ပင်းကို ညှစ်ပါသည်။ တက်ဖိသည့်အပြင် လည်ပင်းကိုပါ ညှစ်ထားသဖြင့် ထိုအရာကြီးကို ခါချသော်လည်း မရပေ။ အသိစိတ်ကလည်း လုံးဝပျောက်နေသည့် အနေအထားမျိုး မဟုတ်သဖြင့် ကျွန်တော်သည် ရသမျှ ဘုရားစာများကို ရွတ်သည်။ ထိုအခြေအနေမှ လွန်မြောက်ရန် အတတ်နိုင်ဆုံး အားထုတ်ပြီး အိပ်မပျော်တပျော် အနေအထားမှ နိုးလာအောင် ကြိုးပမ်းအားထုတ်ရသည်။ ကံအားလျော်စွာ ကျွန်တော် နိုးလာသောအခါ တစ်ကိုယ်လုံး ချွေးတွေ ပြန်ပြီး မောပန်းနွမ်းနယ်နေသည်။

ထိုသို့ဖြစ်သည်မှာ တစ်ကြိမ်တည်းနှင့် ရပ်တန့်၍ မသွားပေ။ နောက်တစ်ပတ် စနေနေ့ရောက်ပြန်တော့လည်း အလားတူ ဖြစ်ရပ်ကို ကျွန်တော် ကြုံတွေ့ရပြန်သည်။ သည်တစ်ကြိမ် လည်ပင်းညှစ်သည်က အရင်တစ်ခါ ထက် ပိုပြီးပြင်းထန်သည်။ ကျွန်တော် ဘုရားစာများကို ရွတ်လေလေ လည်ပင်းညှစ်မှုက ပိုမိုပြင်းထန်လာလေလေဖြစ်၏။ ထို့ကြောင့် ကျွန်တော်သည် ကြံရာမရသည့် အဆုံးတွင်

www.burmeseclassic.com

ကျန်းမာပါစေ၊ ချမ်းသာပါစေဟု မေတ္တာပို့လွှတ်လိုက်တော့မှ လည်ပင်းကို ရစ်ပတ်ထားသည့် အင်အားတွေက တဖြည်းဖြည်း ယုတ်လျော့သွားသည်။

သည့်နောက် ကျွန်တော် အိပ်ရာက နိုးလာခဲ့သည်။ သည်တိုက်ခန်းမှာ စနေနေ့ညတိုင်း ကျွန်တော်တစ်ယောက်တည်း အိပ်သည်မှာ အထူးအဆန်းမဟုတ်တော့။ တစ်နှစ်နီးပါး ရှိပြီဖြစ်သည်။ အစပိုင်းတွင် ပြဿနာမကြုံဘဲ နောက်ပိုင်းမှ ဘာဖြစ်လို့ ကြုံတွေ့ရပါလိမ့်ဟုလည်း ကျွန်တော် တွေးမိသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး အခန်းဖော် ကိုအောင်ဘိုကို ပြောပြတော့ သူက-

'မင်း အဲသည်လို တစ်ခုခုဖြစ်ပြီး လန့်နိုးသွားရင် ငါ့ဆီကိုသာ ဖုန်းဆက်လိုက်။ တစ်ယောက်ယောက်နဲ့ ဖုန်းပြောလိုက်လို့ရှိရင် မင်း ကြောက်စိတ်နည်းနည်းသက်သာသွားလိမ့်မယ်'ဟု ဆိုသည်။

'ဒါဆိုရင် အစ်ကို၊ ကျွန်တော်တို့ တိုက်ခန်းမှာ မကျွတ်မလွတ်တဲ့သူတွေများ ရှိနေလို့လား'ဟု ကျွန်တော်က သူ့ကို မေးလိုက်သည်။

'အဲဒါတော့ ငါလည်း အတိအကျ မပြောတတ်ဘူးကွ။ ဒါပေမဲ့ မင်းပြောသလိုမျိုးတော့ ငါ မဖြစ်ဖူးဘူး။ ငါသိတာ တစ်ခုကတော့ တို့နေတဲ့ အခန်းမှာ လက်ရှိအိမ်ရှင် အဒမ်ရဲ့အဖေ တရုတ်အဘိုးကြီးတစ်ယောက် ဆုံးသွားတယ်လို့ ကြားဖူးတယ်'

ကိုအောင်ဘိုက ပြောတော့ ကျွန်တော့်မျက်လုံးတွေ ပြူးသွားသည်။

'ဒါဆို အစ်ကို ကျွန်တော့်ကို နှောင့်ယှက်နေတာ အဲဒီအဘိုးကြီးရဲ့ မကျွတ်မလွတ်တဲ့ ဝိညာဉ်ကများလား'

'အဲဒီလိုတော့ ယတိပြတ်ပြောလို့ မရပါဘူးကွာ။ မင်းသာ သတိ,ဝီရိယနဲ့အိပ်ပေါ့။ သိပ်ပြီးအကြောက်လွန်ရင်သာ ငါ့ဆီကို ဖုန်းဆက်လိုက်'ဟု ဆို၏။

ထို့နောက် နောက်တစ်ပတ် စနေနေ့ ညသို့အရောက်တွင်လည်း အလားပုံစံမျိုး ထပ်တူထပ်မျှ ကျွန်တော် ဖြစ်ပွားတော့သည်။ ထိုအခါ ပုံသေနည်းကို ကျွန်တော် သိရှိသွားပြီဖြစ်သဖြင့် ကျန်းမာပါစေ၊ ချမ်းသာပါစေဟု ဆုတောင်းမေတ္တာ ပို့သလိုက်တော့မှ ကျွန်တော့်အား ချုပ်နှောင်ထားသည့် လက်အစုံက ပြေလျော့သွားလေ၏။

ကျွန်တော်သည်လည်း နိုးထခြင်းအဆင့်သို့ မရောက်ဘဲ ဆက်လက်အိပ်ပျော်သွားတော့သည်။ သည့်နောက်ပိုင်းတွင် ကျွန်တော်သည် မအိပ်ခင်၌ အရပ်ရှစ်မျက်နှာ ပတ်ဝန်းကျင် တစ်ခုလုံးကို ဆုတောင်းမေတ္တာပို့သပြီး အိပ်တော့မှ ထိုကဲ့သို့သော သရဲစီးသည့်အဖြစ်မျိုး ထပ်မံမကြုံတွေ့တော့ပါ။

(၃)

စင်ကာပူဆိပ်ကမ်းဝင်းထဲတွင် အစိမ်းသေသော ဖြစ်ရပ်များကိုလည်း ကြုံတွေ့နေရ၏။ ဆိပ်ကမ်းဝင်းထဲတွင် သင်္ဘောဝမ်းထဲက ကွန်တိန်နာများကို ကွန်တိန်နာကားများအပေါ်သို့ ကရိန်းဖြင့်ချသည်။ ထို့နောက် ဆိပ်ကမ်းထဲရှိ သတ်မှတ်ထားသည့်နေရာသို့ ကရိန်းဖြင့် ချ၍ထားသည်။ ထိုအခါ သင်္ဘောပေါ်က အချုတွင် ဖြုတ်ထားသည့် ပလပ်များကို ပြန်တပ်ရသော ပလပ်သမားများ ရှိသည်။ သူတို့ကို ပလပ်အင် ပလပ်အောက် တက်ကနေရှင်များဟု ခေါ်သည်။ ကွန်တိန်များကို စီရာတွင်လည်း ငါးထပ်၊ ခြောက်ထပ်အထိ စီထားပြီး ပလပ်ထိုးဖို့နှင့် ကွန်တိန်များကို လိုက်လံစစ်ဆေးဖို့ သံလှေကားများကို တပ်ဆင်ပေးထား၏။

တစ်ညတွင် ထိုပလပ်သမား တရုတ်ကြီး တစ်ယောက် ငါးထပ်သို့ တက်ပြီး ပလပ်ထိုးသည်။

ထို့နောက် နောက်တစ်တန်းရှိ ကွန်တိန်နာတစ်လုံးကို ပလပ်ထိုးဖို့အရေး ပြန်ဆင်း ပြန်တက်ရမည်ကို မလုပ်ချင်သောကြောင့်လားမသိ ကွန်တိန်နာများ၏ အမိုးပေါ်ကနေ ဖြတ်သန်းရင်း တစ်ဖက်သို့ အသွားလမ်းမှာ ခြေချော်ပြီး ပြုတ်ကျတော့၏။ ငါးထပ်ကနေ ပြုတ်ကျခြင်းမျိုးဖြစ်သဖြင့် တစ်ခါတည်း ပွဲချင်းပြီးတော့သည်။ ထိုကိစ္စဖြစ်ပြီးကတည်းက စင်ကာပူဆိပ်ကမ်း အာဏာပိုင်များက လုံခြုံရေးကို ပိုမိုတင်းကျပ်တော့လေ၏။

ကျွန်တော်တို့ ညဆိုင်းသည် အလုပ်များသည့်အခါ ညလုံးပေါက် မရပ်မနား အလုပ်လုပ်ကြရသော်လည်း အလုပ်အားလပ်သော အခါမျိုးနှင့် ကြုံကြိုက်ခဲ့ပါက အလုပ်ထဲမှာ ခိုးအိပ်လို့ရသည်။ သို့သော်လည်း ဆော်ပရေးရှင်းက လိုအပ်၍ အချိန်မရွေး ဖုန်းဆက်လျှင် ဖုန်းချက်ချင်း ကိုင်နိုင်ရန်တော့ သတိ,ဝီရိယရှိရ၏။ ဆိပ်ကမ်းသို့ သင်္ဘောအဝင်မရှိသည့် ညမျိုးဆိုလျှင် ပုံမှန်ညမှုးထက်



www.burmeseclassic.com

www.burmeseclassic.com

ပို၍အားတတ်သည်။ ထိုကဲ့သို့သော ညများတွင် အလုပ်ထဲရှိ ကျွန်တော်တို့ ရွှေမြန်မာတွေ နာရီဝက်တစ်ခါ ဖုန်းအလန်းပေးပြီး အိပ်ကြသည်။ တော်တော်များများကတော့ အလုပ်သမား နားနေခန်းကလေးထဲတွင် မီးဖွင့်၊ အဲယားကွန်းဖွင့်ပြီး အိပ်ကြသော်လည်း ကျွန်တော်ကတော့ ကားပါကင်ရှိ ကားခေါင်းခန်းထဲတွင်သာ ကျွန်တော်အိပ်တတ်၏။ ပြဿနာပေါ်သော ကွန်တိန်နာများဆီသို့ သွားပြင်ရသည့် အလုပ်ဖြစ်သဖြင့် ကုမ္ပဏီက ကျွန်တော်တို့ကို ကားတစ်ယောက်တစ်စီးစီ ပေးထားသည်။ ကွန်တိန်နာများ၏ စက်ပိုင်းဆိုင်ရာ ချို့ယွင်းပျက်စီးမှုများ ရှိခဲ့လျှင် ပြင်ဆင်နိုင်ရန် ကိုယ့်ကိရိယာတန်ဆာပလာများကို ကိုယ့်ကားထဲ၌ အဆင်သင့် ထားရ၏။

တစ်ညတွင် အလုပ်တွေက ညသုံးနာရီထိုးကတည်းက ပြီးစီးသွားသည်။ အလုပ်ထွက်ချိန်က မနက်ရှစ်နာရီဖြစ်သဖြင့် မိုးမလင်းခင် ခိုးအိပ်၍ရသည်။ ကျွန်တော်မောင်းသောကားက ဒိုင်နာဖြစ်သဖြင့် ကားခေါင်းခန်းထဲမှာ အိပ်ရသည်မှာ တော်တော်လေး အဆင်ပြေသည်။ ကားမှန်တွေကို အလုံပိတ်ထားခဲ့လျှင် မွန်းကျပ်သဖြင့် လူပါ အသက်ရှူမရ ဒုက္ခရောက်သွားနိုင်သည်။ ထို့ကြောင့် ကျွန်တော်သည် ကားမှန်များကို အပြည့်မဟုတ်သည့်တိုင် သုံးချိုးနှစ်ချိုးလောက် ပိတ်ထားပြီးတော့မှ အိပ်သည်။ လုံးဝအပြည့်ဖွင့်ထားပြန်လျှင်လည်း ဆိပ်ကမ်းက လေတိုက်လွန်းသဖြင့် လူမခံနိုင်ပေ။

ကျွန်တော်တို့လို ညဆိုင်းအလုပ်သမားများသည် လွန်စွာအအိပ်ဆတ်တတ်သည်။ အနား တစ်ယောက်ယောက်ရောက်လာသည်နှင့် ချက်ချင်းသတိရှိသည်။ ထိုညတွင် ကျွန်တော်သည် ဒိုင်နာကားခေါင်းထဲတွင် မှေးနေတုန်း တရုတ်ကြီး တစ်ယောက်က ကျွန်တော့်ကို မှန်တံခါးဝအနားသို့လာပြီး ပြုံးပြသဖြင့် ကျွန်တော် ငေါက်ခနဲ ထထိုင်လိုက်သည်။ တစ်ခါတလေတွင် ကရိန်းက ပလပ်မဖြုတ်ခင် ကွန်တိန်နာကို ဆွဲသွားသည့်အခါ ပလပ်ကြိုးပြတ်သွားပြီး သင်္ဘောပေါ်တွင် ပြန်တပ်စရာ ပလပ်မရှိသည့် အနေအထားမျိုးနှင့် ကြုံတွေ့ပြီဆိုလျှင် ပလပ်အင်သမားတွေ၏ တာဝန်ပဲဖြစ်သည်။ သူတို့တွင်လည်း ကြိုးဆက်ပြီး ပလပ်ပြန်တပ်စရာ ကိရိယာတစ်စုံတစ်ခု မရှိသဖြင့် ကျွန်တော်တို့ တက်ကနေရှင်များကိုသာ လာရောက်ပြီး အကူအညီ တောင်းခံရသည်။ ထို့ကြောင့် ထိုကဲ့သို့သော ဖြစ်ရပ်ကြုံသဖြင့် ပလပ်အင်သမားကြီး ကျွန်တော့်ဆီသို့ လာရောက်အကူအညီတောင်းခြင်းများလားဟု တွေးမိသည်။

ခင်ဗျား ကျွန်တော့်အကူအညီ လိုလို့လားဟု မေးရန် ဟန်ပြင်နေဆဲမှာပင် ထိုပလပ်အင်သမားကြီးက မြင်ကွင်းက ပျောက်ကွယ်သွားချေပြီ။ ကျွန်တော်သည် အိပ်ချင်စိတ်များ ပျောက်သွားပြီး ကားတံခါးကို ဖွင့်လိုက်ကာ အနီးအနား ပတ်ဝန်းကျင်တွင် လှည့်ပတ်ကြည့်လိုက်သော်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့။ စင်ကာပူညက ပကတိတိတ်ဆိတ်နေ၏။ စောစောက မြင်တွေ့လိုက်ရသည့် ပလပ်အင်သမားကြီးကို ကျွန်တော် မှတ်မိသွားသည်။ ငါးထပ်က ပလပ်တပ်ရင်း ကျသေသွားသည့် လူကြီးပင် မဟုတ်ပါလား။ အရပ်ပုပု၊ နဖူးပြောင်ပြောင် ခပ်ပိန်ပိန် လူကြီး။ သည်တော့မှ ကျွန်တော် ကြက်သီးတွေ တဖြန်းဖြန်းထသွားသည်။ ည၏ ကျန်ရှိနေသော အချိန်များကိုလည်း ဆက်လက်၍ အိပ်မရတော့ချေ။ ထိုညမှစပြီး အလုပ်အားသောညပင် ဖြစ်စေကာမူ ကားပါကင်ရှိ ကားခေါင်းခန်းထဲတွင် ကျွန်တော်တစ်ယောက်တည်း မနေတော့။ ဘဝတူ ဝန်ထမ်းများနှင့်သာ နားနေဆောင်ထဲတွင် နေတော့၏။

(၄)

တစ်ခါတစ်ရံတွင် ကျွန်တော်သည် စင်ကာပူဆိပ်ကမ်းသစ်ဖြစ်သော ပါဆီပါချန်း ဆိပ်ကမ်းထဲတွင် တာဝန်ကျဖူးသည်။ ပါဆီပါချန်း ဆိပ်ကမ်းကြီးက တော်တော်ကြီးသည်။ ကွန်တိန်နာများကို (အေ)ကနေ (ဝိုင်)အထိ အပိုင်းများ ခွဲပြီးထားသည်။ အထူးသဖြင့် အစွန်ပိုင်းများဖြစ်သော (အေ၊ ဘီ၊ စီ၊ ဒီ) လေးခုသည် တခြားနေရာများထက် ပိုပြီး လူပြတ်ကာ တိတ်ဆိတ်သည်။ လိုကေးရှင်းအေသည် သရဲခြောက်သည်ဟုပင် နာမည်ကြီးသည်။ ကျွန်တော်သည် လိုကေးရှင်းအေတွင် ကွန်တိန်နာပြုပြင်ခြင်းများကို တစ်ယောက်တည်း ညဘက် လုပ်ကိုင်ဖူးသော်လည်း ထူးထူးခြားခြားဖြစ်စဉ်များ မကြုံတွေ့ခဲ့ပါ။

အလုပ်ဖော် မောင်မောင်ကျော်က ပြောပြဖူးသည်။

'အစ်ကိုရာ..ကျွန်တော် အဲဒီ(အေ)ကိုသွားပြီး ကွန်ပ ရေဆာ တစ်လုံး သွားလဲနေတာ။ အဲဒီအချိန်မှာ တစ်

www.burmeseclassic.com

ယောက်ယောက်က ကျွန်တော့်ကို ချောင်းကြည့်နေသလိုကို ခံစားနေရတယ်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လို့ ခွေးတစ်ကောင် ကြောင်တစ်မြီးမှတောင် မရှိဘူး။ ဒါပေမဲ့ ကျွန်တော့် မသိစိတ်က ကျွန်တော့်ကို တစ်ယောက်ယောက်က ချောင်းကြည့်နေတယ်လို့ကို ခံစားနေရတာ။ အဲဒါနဲ့ ကွန်ပရေဆာ ဆက်မလဲရဲတော့ဘဲ ကိုမြင့်ကို ပြန်ခေါ်ရတယ်။ အစ်ကို‥ကျွန်တော့်ကို လိုက်ကူပါဦးဆိုပြီးတော့ ကိုမြင့် ပါလာတော့မှ နစ်ယောက်ဆိုတော့ နည်းနည်းအားရှိသွားတာ'

ကျွန်တော်ကတော့ မောင်မောင်ကျော်ကဲ့သို့ (အေ)တွင် မကြုံဖူးပါ။ သို့သော်လည်း (ဒီ)တွင်တော့ ကြုံခဲ့ဖူးပါသည်။ ကျွန်တော်နှင့် မောင်ဇော်တို့ ဖြစ်ပါသည်။ ကျွန်တော်တို့ နစ်ယောက်သည် ထိုလိုကေးရှင်း(ဒီ) လေးထပ်တွင်ရှိသော ကွန်တိန်နာတစ်လုံးကို စစ်ဆေးရန် ဒိုင်နာကားဖြင့် ထွက်လာခဲ့ကြပါသည်။ မောင်ဇော်က ကားမောင်းပြီး ကျွန်တော်က သူ့ဘေးတွင် လိုက်ပါလာခဲ့ပါသည်။

သို့ဖြင့် လိုကေးရှင်း(ဒီ)ရှိ စစ်ဆေးရမည့် ကွန်တိန်နာသို့ ရောက်သောအခါ ကျွန်တော်က မောင်ဇော့်ကို–

'ညီလေး‥မင်း ကားထဲကပဲ စောင့်နေ။ အစ်ကို ဒီယူနစ်ကို တက်ပြီး စစ်လိုက်ဦးမယ်'

ဟု ပြောတော့–

'ဟုတ်ကဲ့ အစ်ကို' ဟု သူက ပြန်ပြောသည်။

ထို့နောက် ကျွန်တော်သည် သက်ဆိုင်ရာ ကိရိယာများကို ယူဆောင်ပြီး လေးထပ်သို့ သံလှေကားများမှ တစ်ဆင့် တက်ရောက်ခဲ့ပါသည်။ ကျွန်တော် လေးထပ်သို့ ရောက်သောအခါ ဒုတိယထပ်တွင် လူရိပ်တစ်ခုကို မြင်လိုက်သဖြင့် ကြည့်လိုက်ရာ လူကို သဲသဲကွဲကွဲ မမြင်ရဘဲ ဝတ်စုံကိုသာ မြင်လိုက်ရပါသည်။ ဝတ်စုံက လိမ္မော်ရောင်ဖြစ်သဖြင့် ဒုတိယထပ်ကို မောင်ဇော် ဘာတက်လုပ်တာများပါလိမ့်ဟု စိတ်ထဲက တွေးထင်လိုက်ပါသည်။ ဆိပ်ကမ်းထဲတွင် လိမ္မော်ရောင်ဝတ်စုံဆိုလို့ ကျွန်တော်တို့ ကုမ္ပဏီရှိ ဝန်ထမ်းများတွင်ပဲ ရှိပါသည်။ ကျွန်တော်သည် လေးထပ်ရှိ ကွန်တိန်နာကို လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်ပြီးသည့်နောက် အောက်ထပ်သို့ ပြန်ဆင်းခဲ့သည်။ ကားအနားသို့ ရောက်သောအခါ မောင်ဇော်သည် ကားထဲတွင် ဆေးလိပ်သောက်နေသည်ကို တွေ့လိုက်ရသည်။

သူက ကျွန်တော့်ကို လှမ်းမေးသည်။

'အစ်ကို‥အဆင်ပြေရဲ့လား'

'အီးအက်ဖ်မော်တာ ကြွသွားတာပါကွာ။ ယူနစ်ကို ဂရောင်းတောင်းပြီးမှပဲ မော်တာလဲရမှာ'

ဂရောင်းတောင်းသည် ဆိုသည်မှာ အထပ်မြင့်များတွင် တည်ရှိနေသော ကွန်တိန်နာယူနစ်များကို ပြင်ဆင်မှု တစ်စုံတစ်ရာ လုပ်ပါက အထပ်မြင့်တွင် လုပ်၍မရသဖြင့် မြေညီထပ်သို့ရောက်အောင် အော်ပရေးရှင်းသို့ လှမ်းအကူအညီ တောင်းခြင်းကို ဆိုလိုပါသည်။ စောစောက လိမ္မော်ရောင် ဝတ်စုံနှင့် လူရိပ်ကို သတိရလိုက်သဖြင့် ကျွန်တော် မေးလိုက်သည်။

'ဒါနဲ့‥ညီလေး၊ မင်း ဒုတိယထပ်ကို တက်သေးလား'

မောင်ဇော် ရုတ်တရက် အံ့အားသင့်သွားသည်။

'မတက်ဘူး အစ်ကို၊ ဘာဖြစ်လို့လဲ'

'ဘာမှမဟုတ်ပါဘူးကွာ၊ မေးကြည့်တာပါ။ မင်းမတက်ရင် အခြားတစ်ယောက်များ တက်တာကိုရော တွေ့မိသေးလား'

'ဘယ်သူမှ မလာပါဘူး။ ကျွန်တော် တစ်ချိန်လုံး ကားထဲမှာ ရှိတာကို။ အစ်ကိုကလည်း ကျွန်တော့်ကို ကြောက်အောင် လုပ်နေပါပြီ' ဟု သူက ဆိုသည်။

မောင်ဇော်သည် အလုပ်၌ စကားပြောရာတွင် လိုအပ်သည့် စကားကိုသာ ပြောသည်။ မဟုတ်မမှန် ပေါက်ပန်းဆေး ပြောတတ်သူမျိုးလည်း မဟုတ်။ အချင်းချင်း စနောက်ခြင်းမျိုးလည်း မရှိ။ ထို့ကြောင့် သူ ဒုတိယထပ်သို့ မတက်ဘူး ဆိုသောစကားကို ကျွန်တော် ခြွင်းချက်မရှိ ယုံကြည်မိသည်။ ထို့ပြင် သူ့လက်ထဲရှိ သောက်လက်စ ဆေးလိပ်တွင်လည်း ပြာက အတော်အတန် ပမာဏလောက် အတောင့်လိုက်ဖြစ်နေသဖြင့် သူ ကားခေါင်းခန်းထဲမှာ ငြိမ်ငြိမ်သက်သက် ထိုင်နေခြင်းကို သက်သေခံလျက်ရှိ၏။

အပြန်လမ်းတွင် ကျွန်တော်မြင်တွေ့ခဲ့ရသည့် လိမ္မော်ရောင်ဝတ်စုံနှင့်သူသည် ဘယ်သူဘယ်ဝါများပါလိမ့် ဆိုသည်ကို ဆက်လက်မတွေးတော့ရဲတော့ဘဲ မောင်ဇော့်ဘေးကသာ ကျွန်တော် လိုက်ပါလာခဲ့သည်။

**မျိုးထက်နန္ဒ**



www.burmeseclassic.com